မဟာစည်ဆရာတော်၏

ဝိပဿနာအလေ့ခံတရားတော်

ရန်ကုန်မြို့ သာသနာ့ရိပ်သာ

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်က

ပဋိပတ္တိသာသနာ့ပြုံ့ မဟာစည်ရုံပုံဌေဖြင့်

ပုံနှိပ်ဖြန့်ချိသော

မဟာစည်ကျမ်းစာ ၁၈-မျိုး အုပ်ရေ(၂၄)အုပ်တို့ကို

၁၃၇၃-ခုနှစ် ဝါဆိုလပြည့်ကျော် ၃-ရက်

(၁၀-၇-၇၁)နေ့၌

ဆရာတော်ဘုရားကြီး၏ သက်တော်(၆၇)နှစ်ပြည့်

အထိမ်းအမှတ်အဖြစ်ဖြင့်

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ထားရှိရန်

သက်ဆိုင်ရာအရာရှိများအား

ပေးအပ်လှူဒါန်းသည်။



အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
အခြေခံနိဒါန်း	၈မှ-၁၀အထိ
စကားပလ္လင်	၁
သမထကမ္မဋ္ဌာန်း (၄၀)	၄
ဥပါဒါနက္ခန္ဓာဝင်းပါး	၈
ကွေးတာခန္ဓာဝင်းပါး	၉
လက်ကိုကွေးဆဉ် စဲလမ်းပုံ	၁၁
မြင်ဆဉ် စဲလမ်းပုံ	၁၄
စာဆိုတာ မူရှိမှ ရေးရတယ်	၁၆
တရားစည်းမျဉ်းနှင့် ညီစေရတယ်	၁၆
ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်	၁၈
သီလဝန္တသုတ်	၂၀
ရှုလျှင် သောတာပန်ဖြစ်မည်	၂၄
ရဟန္တာအထိ ဖြစ်နိုင်တယ်	၂၆
ရဟန္တာလဲ ရှုရတယ်	၂၇
ရဟန္တာမှာ ရှုရခြင်း၏ အကျိုး	၂၈
ဒုါရ ၆-ပါးက စဲလမ်းပုံ	၃၁
ရှုနည်းမှန်မှ ဝိပဿနာ	၃၂
ရှုပုံ အကျဉ်းချုပ်	၃၃
အာဃာတဝတ်ခါစ ရှုပုံရှုနည်း	၃၄
ဝါယောဓာတ်၏ လက္ခဏာစသည်	၃၅

အကြောင်းအရာ	စာမျက်နှာ
ဝေဒနာကို လက်တွေ့ ရှုမှတ် ကြည့်ရန်	၄၉
စိတ်ကို ရှုမှတ်ရန်	၅၁
ပစ္စက္ခဇ္ဈာန် အနုမာန	၅၈
အတိတ်ကို စဉ် မရှုရ	၆၀
အနာဂတ်ကို စဉ် မရှုရ	၆၁
ကာလဝိမုတ်ကို မရှုရ	၆၁
ပစ္စုပ္ပန်ကို စဉ် ရှုရသည်	၆၂
အသောကကျောက်စာ	၆၄
မှန်ကန်သော စံလမ်းမှု	၆၆
ကုသိုလ်အကျိုးလဲ ဒုက္ခဘဲ	၆၇
အကုသိုလ်အကျိုးက သာပြီး ကြောက်စရာ ကောင်းတယ်	၇၀
မှားယွင်းသော စံလမ်းမှု	၇၁
ဒုဿီမာရ်နတ် ဝတ္ထု	၇၂
ကိုယ်တွေ့နဲ့ စဉ်းစားကြည့်ရန်	၇၄
ဘုရား မေးခွန်းတော်များ	၇၈
အပြည့်အစုံ အားထုတ်ပုံ	၉၅
နာမရူပ ကွဲပုံ ဥပမာ	၉၉
အနိစ္စာနုပဿနာဉာဏ်	၁၀၁၊၁၁၂
အနိစ္စလက္ခဏာ	၁၀၅
ပညတ်ဆိုတာ ထင်ရှားမရှိဘူး	၁၀၇
ပစ္စုပ္ပန်ဝတ္ထု အကျဉ်းချုပ်	၁၂)

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
မြင်တိုင်း ကြားတိုင်း အာသစ်ချည်း	၁၂၃
ဒုက္ခ ထင်ပုံ	၁၂၈
အနတ္တ ထင်ပုံ	၁၂၉
မဂ်လမ်းပေါက်ပုံ	၁၃၂
တရားအရသာတွေ့	၁၃၅
တရားက ငှာယ် ရလွယ်တယ်	၁၅၅
ယက္ကန်းသည်မ ဝတ္ထု	၁၅၇
တရုပ်ဒကာကြီးဝတ္ထု	၁၇၀
ဗမာတွေ နိုင်ငံခြားဖြစ်မှာ စိုးရိမ်တယ်	၁၇၃
သဒ္ဓါတရား ခိုင်မြဲဘို့လိုတယ်	၁၇၄
ဥပေါသထာ နတ်သမီး ဝတ္ထု	၁၇၇
သရဏဂုံကို ဆောက်တည်ပုံ	၁၈၀
အရိယာတို့၏ တရား	၁၉၁
မူလရင်း ဆောင်ပုဒ်များ	၂၁၀
နိဂုံး ဆုတောင်း	၂၁၁

မာတိကာ ပြီး၏။

အခေါ်ခံနိဒါန်း

ဤစာအုပ်

ဤ"ဝိပဿနာအခေါ်တရားတော်" စာအုပ် ထုတ်ပေါ်လာခြင်း၏ အကြောင်းမှာ....လွန်ခဲ့သော ၁၃၂၀--ပြည့်နှစ် သင်္ကြန် အခါတော်တွင်းက အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ရုန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယဉ်ခမ္မာရုံတော်ကြီး၌ မျှားစွာသော ရဟန်း ရှင် လူ ပရိသတ်တို့အား "ဝိပဿနာအခေါ်တရားတော်"ဟူသော အမည်ဖြင့် ဤစာအုပ်ပါ ဝိပဿနာတရားကို ဟောကြားတော်မူခဲ့လေသည်။ ထိုစဉ်အခါက တရားတော်ကို နာယူမှတ်သားကြရသော ရဟန်း ရှင် လူအပေါင်း သူတော်ကောင်းတို့သည် နှစ်ထောင်းအားရ အလွန်ပင် သဘောကျကြလေသည်။ထို့ပြင် ထိုအခါက တိပ်ရကော်ဒါ အသံဖမ်းစက်ဖြင့် ဖမ်းယူထားသော ထိုတရားတော်ကို နာကြားကြရသော သူတော်စင်အပေါင်းတို့သည်လည်း နှစ်ထောင်းအားရ အလားတူပင် သဘောကျကြလေသည်။ ထို့သို့ သဘောကျကြသောကြောင့် ထိုတရားတော်ကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရန် ကမ္မဋ္ဌာနာစရိယဆရာတော်တို့အား လျှောက်ထား တောင်းပန်ကြလေသည်။

ထို့သို့ လူရှင်အများ လျှောက်ထား တောင်းပန်သောကြောင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ လက်ထောက် ကမ္မဋ္ဌာနာစရိယနာယကဆရာတော်တပါး ဖြစ်သော ဦးဝဏ္ဏိတ အရှင်သူမြတ်သည် ၁၃၂၂-ခုနှစ် ဝါတွင်း၌ တရားအားထုတ်၍ ပြီးဆုံးကြ

အခြေခံနိဒါန်း

ပြီးသော တပည့် ရဟန်းတော်များအား တိပ်ရကော်ဒါ အသံဖမ်းစက်မှ ထို့တရားကို ဖွင့်ထုတ်နာကြား ရေးသား ကူးယူစေခဲ့ပေသည်၊ ထိုစာမူကို ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးထံ ဟင်ပြ၍ ပုံနှိပ်ရန် ခွင့်ပန်ကြလေသည်၊ ဆရာတော်ဘုရားကြီးက ကြည့်ရှုစစ်ဆေး၍ အခွင့်ပြုတော်မူသဖြင့် ၁၃၂၂-ခုနှစ် နတ်တော်လတွင် ကျင်းပမည့် ၁၁-ကြိမ်မြောက် သာသနာ့ရိပ်သာ နှစ်ပတ်လည် ဩဝါဒခံယူ ပူဇော်ပွဲတွင် စမ္မဒါနအဖြစ်ဖြင့် ဝေငှပူဇော်နိုင်ရန် စီမံအားထုတ်ခဲ့ကြလေသည်။

သို့ရာတွင် ထို့စဉ်အခါက ပုံနှိပ်စက္ကူချောများ ရရန် မလွယ်ကူခြင်း၊ အချိန် အနည်းငယ် နှောင်းသွားခြင်း ဟူသော အကြောင်းများကြောင့် ဤတရားတော်သည် ပုံနှိပ်စာအုပ် အဖြစ်သို့ မရောက်နိုင်ဘဲ ဖိုင်တွဲမူချော အဖြစ်ဖြင့်သာ တည်လျက် ရှိခဲ့လေသည်။

ဆရာတော်ဘုရားကြီး၏ မွေးနေ့

ယခု တဖန် ပုံနှိပ်ဝေငှရန် အကြောင်းပေါ်လာပြန်သည်မှာ-ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၂၆၆-ခုနှစ် ဒုတိယ ဝါဆိုလပြည့်ကျော် ၃-ရက်(၂၉၊၇၊၁၉၀၄) သောကြာနေ့တွင် ဖွားမြင်တော်မူခဲ့သောကြောင့် ထိုရက်ကို အမှတ်အသားပြု၍ ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ဆရာတော်ဘုရားကြီးအတွက် မွေးနေ့မင်္ဂလာ ပူဇော်ဒါနသဘင်ကို နှစ်စဉ်နှစ်တိုင်းပင် တပည့်ဒါယကာ ဒါယိကာမ အပေါင်းတို့က အလှိုအလျောက် ဖြန့်ပေါ်သော သဒ္ဓါဆန္ဒဖြင့် ကျင်းပဆင်ယင်မြဲ

ဖြစ်ပေသည်။ သို့ဖြစ်၍ ယခုလာမည့် ၁၃၂၃-ခုနှစ် ဒုတိယ ဝါဆိုလပြည့်ကျော် ၃-ရက်နေ့၌ ဆရာတော် ဘုရားကြီး၏ သက်တော် ၅၇-နှစ် ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ်ဖြင့် ကျင်းပမည် ဖြစ်သော အဆိုပါ မွန်နမဂ်လာပွဲ တွင် ဤ ဝိပဿနာအခြေခံတရားတော်ကို စာအုပ်အဖြစ်ဖြင့် ဝေငှပူဇော် နိုင်ရန် ရည်သန်မျှော်လင့်၍ တပည့်တို့ ဒါယကာ ဒါယိကာမ အပေါင်းတို့က ထပ်လောင်း ဆောင်ရွက်ကြပြန်သောကြောင့် အဆိုပါ ဝိပဿနာတရားတော်သည် စာအုပ်ကလေးအသွင် အားဖြင့် ထင်ရှား ထွက်ပေါ်လာခဲ့ပေသည်။

အရသာပေါ်အောင် ဖတ်နည်း

ဤစာအုပ်ကလေးမှာ ကျမ်းစာတခုအဖြစ်ဖြင့် တမဂ်လာ စီစဉ် ရေးသားထားအပ်သည် မဟုတ်ပေ၊ ဖေါ်ပြခဲ့သည့် အတိုင်း ပရိသတ်အများအား တထိုင်အတွင်း၌ပင် ဟော ကြားထားသော တရားအစဉ်မျှသာ ဖြစ်ပေသည်။ သို့ဖြစ်၍ ဤစာအုပ်ကို ဖတ်ရှုသူတို့သည် ကျမ်းစာအုပ်အနေအားဖြင့် ဖတ်သွားလျှင် တရားအရသာ ပေါ်သင့်သလောက် ပေါ်မည် မဟုတ်ပေ၊ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ဟောပြော နေသည်ကို နာယူနေသကဲ့သို့ နှလုံးသွင်းလျက် ဖတ်ရှုသွားမှ သာလျှင် တရားအရသာ အပြည့်အစုံ ပေါ်နိုင်မည် ဖြစ်ကြောင်း အထူး သတိပြုစေလိုပါသည်။

ဇယ်သော်လည်း အနှစ်အပြည့်

ထိုပြင် ဤစာအုပ်တွင် ဝိပဿနာဆိုင်ရာ သိသင့် သိထိုက်သော အခြေအမြစ်များနှင့် တကွ မဂ်ဖိုလ်နိဗ္ဗာန်အထိ ဉာဏ်

အခြေခံနိဒါန်း

အဆင့်ဆင့် တိုးတက်ဆိုက်ရောက်သွားပုံမျှားကိုအပြည့်အစုံဖေါ်ပြထားသည့်ပြင် ဒါန သီလ ဆိုင်ရာ တရားမျှားကိုလည်း အခွင့်သင့်သည်အားလျော်စွာ ဖေါ်ပြထားပေသေးသည်။ သို့ဖြစ်၍ ဤစာအုပ်မှာ ငယ်ပင့် ငယ်သော်လည်း ဗုဒ္ဓဘာသာဝင်တိုင်းလိုက်နာ ကျင့်သုံးရမည့် ဒါန သီလ ဘာဝနာ အနှစ်သာရတို့နှင့် ပြည့်ဝနေကြောင်းကို ဖတ်ရှုသူတိုင်း တွေ့မြင်ကြပါလိမ့်မည်။ တိုပြင် ဤစာအုပ်ပါ တရားတော်တွင် သီလ သမာဓိ ပညာတို့နှင့် စပ်၍ ညွှန်ပြခြင်း, အားပေးခြင်း, တိုက်တွန်းခြင်းမျှားကို မိမိ၏ ကိုယ်တွေ့အနေအားဖြင့်ဂုဏ်၊ တပည့်ယောဂီတို့၏ ကိုယ်တွေ့အနေအားဖြင့်ဂုဏ် ရဲရင့် ခိုင်လုံစွာ ဖေါ်ပြထားသည့်ပြင်၊ သီလ သမာဓိ ပညာ တည်းဟုသော ဗုဒ္ဓသာသနာတော်၏ အနှောင့်အယှက် အနှောင်ရယ်မျှားကိုလည်း အရာအားလျော်စွာပယ်ရှားဖြေရှင်းထားသေးသောကြောင့်ဤစာအုပ်ငယ်သည် သူ့အင်အားအလျောက် အစုံမ်းကုန် ခွန်းမြောက်ကာ သာသနာ ပြုသွားမည့် စာအုပ်တခုဖြစ်ကြောင်းကိုလည်း သူတော်ကောင်း ပညာရှိတို့ မြင်သိတော်မူကြပါလိမ့်မည်။

အထူးသတိပြုစွယ်

ဝိပဿနာ လုပ်ငန်းတရားကို ဟောလျှင် ဖြစ်စေ၊ ကျမ်းရေးလျှင် ဖြစ်စေ ထိုဆရာသည် မိမိ ဟောပြော ရေးသားသော ထိုဝိပဿနာလုပ်ငန်းကို ထိထိရောက်ရောက် အားထုတ်ဘူးသူ ဖြစ်ဘို့ ရှေးဦးစွာ အရေးတကြီး လိုပါသည်။ ထိုပြင် ထိုနည်းအရ အားထုတ်သူ တပည့်မျှားစွာတို့ ပေါက်ရောက်အောင်မြင်၍ ထောက်ခံချက် မျှားစွာ ရရှိထားသော နည်း

ဖြစ်ဘို့လည်း ဒုတိယ အရေးတကြီး လိုပါသည်။ ဤအရာ၌ မင်္ဂလမပဏ္ဏာသ (၁၅၇) မဟာဝစ္ဆသုတ်မှ သာဓက တခုကို အကျဉ်းချုပ် ထုတ်ပြလိုပါသည်။

ထိုသုတ်တွင်၊ ဝစ္ဆပရိဗိုဇ်က "မြတ်စွာဘုရားမှ တပါး တရားထူးကို ရသော အခြား ပုဂ္ဂိုလ်များ ရှိပါ၏လော"ဟု မေးလျှောက်သဖြင့် မြတ်စွာဘုဂုရားက-

"ရဟန္တာ ဖြစ်ကြသော ငါ၏ တပည့် ရဟန်းပေါင်းများ, ရဟန်းမိန်းမတို့သည် တရာ နှစ်ရာ သုံး လေး ငါးရာမက များစွာပင် ရှိကြသည်၊ အနာဂါမ် သကဒါဂါမ် သောတာပန် ဖြစ်ကြသော ငါ၏ တပည့် လူ ဥပါသကာ, ဥပါသိကာမတို့သည်လည်း တရာ နှစ်ရာ သုံး လေး ငါးရာမကများစွာပင် ရှိကြသည်" ဟု ဖြေကြားတော်မူလေသည်။ ထိုစကားကို ကြား၍ ဝစ္ဆပရိဗိုဇ်က-

"အရှင်ဂေါတမ၊ အကယ်၍ အရှင်ဂေါတမ ဟောပြသော ဤတရားသည် အရှင်ဂေါတမ တပါးသာ ပြီးစီး ပေါက်ရောက်၍ အခြားသူတို့ မပေါက်ရောက်ခဲ့ပါလျှင်၊ အရှင် ဂေါတမ ဟောပြသော ဤအကျင့်မြတ်သည် မပြည့်စုံဘဲ ရှိရာ ပါသည်၊ ယခုမူကား ထိုသို့ မဟုတ်ပါဘဲ အရှင်ဂေါတမ လည်း ပေါက်ရောက်ပေသည်၊ တပည့် ရဟန်းယောကျ်ား, ရဟန်းမိန်းမ, လူ ဥပါသကာ, ဥပါသိကာမတို့လည်း ပေါက် ရောက်ကြပေသည်။ သို့ဖြစ်၍ အရှင်ဂေါတမ ဟောပြသော ဤအကျင့်မြတ်သည် ပြည့်စုံလှပါပေသည်" ဟု ချီးကျူး လျှောက်ထားလေသည်။

အခြေခံနိဒါန်း

ဤဝိပဿနာ အခြေခံ တရားတော်ကို ဖတ်ရှုသူတို့သည် လည်း ဤစာအုပ်တွင် ထိုသို့သော ချီးကျူးဘွယ် အချက်များကို နေရာပေါင်း များစွာ၌ တွေ့မြင်ကြရပါလိမ့်မည်၊ အောက်ပါ စကားတရပ်မှာ ထိုသို့သော ချီးကျူးဘွယ် အချက် တခု ဖြစ်ပေသည်။

"ဘုန်းကြီးက မိမိ တုဦးတည်း ထင်မြင် သဘောကျတာ တွေ့ကို လျှောက် ဟောနေတာ မဟုတ်ပါဘူး၊ တပည့်တော်ဂီ လေး ငါး ဆယ်ယောက်လောက် တွေ့မြင်ရုံနဲ့လဲ ဟောနေတာ မဟုတ်ပါဘူး၊ **ယောဂိတွေ ရာပေါင်း များစွာ** ဒီအတိုင်း တွေ့ မြင်နေပြီ၊ ယခုလဲ တချို့က တွေ့မြင်နေဆဲ ဖြစ်နေကြတယ်။ ဒါကြောင့် ဟောနေတာပါ" (ဤစာအုပ် နံပါတ် ၁၁၄၊ စာ ကြောင်း ၁၄)

အားတက်ဖွယ်

အထက်ပါ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ မိန့်ခွန်း ထဲတွင် "**ယောဂိတွေ ရာပေါင်းများစွာ**" ဟူရာ၌ ရာပေါင်း မည်မျှ များသည်ကို တင်ပြလိုပါသည်။ ၁၃၂၀-ပြည့်နှစ် နတ်တော် လဆန်း ၁၁-ရက် (၂၁၊ ၁၂၊ ၅၈) တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ သာသနာ့ ရိပ်သာ၌ ကျင်းပသော ၉-ကြိမ်မြောက် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ သြဝါဒခံယူ ပူဇော်ပဲ့တင် တင်ပြသော ယောဂီစာရင်းကို အောက်ပါအတိုင်း တွေ့ရသည်။

ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးသည် သာသနာ့ရိပ်သာ အတွင်း၌ ဝိပဿနာတရား စတင် ပြတော် မူသည့်၊ ၁၃၁၁-ခုနှစ် နတ်တော်လမှ စ၍ ၁၃၂၀-ပြည့်နှစ် တန်

ဆောင်မုန်း လကုန် အထိ ရန်ကုန်မြို့ သာသနာ့ ရိပ်သာတွင် တရားအားထုတ်ပြီးသော ယောဂီ ဦးရေမှာ-

၁။ ရဟန်းတော်ယောဂီ .... ၂၄၁၉-ပါး။
၂။ အမျိုးသား ယောဂီ .... ၂၀၄၆-ဦး။
၃။ အမျိုးသမီးနှင့်
သီလရှင် ယောဂီ .... ၅၃၃၅-ဦး။
အစုစုပေါင်း ၉၈၀၀-ဦးရှိခဲ့ပါသည်။

ထိုပြင် မြန်မာပြည် အရပ်ရပ်၌ ကျေးငှားရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ဩဝါဒခံ ကမ္မဋ္ဌာန်း ဌာနခဲ့ပေါင်း ၁၅၀ ကျော် ရှိရာ ထိုဌာနများမှ ရရှိသော ယောဂီဦးရေ စာရင်းမှာ ၁၄၂၅၀-ဦး ရှိ၍ အားလုံးပေါင်း မြန်မာပြည်တွင်း ယောဂီဦးရေမှာ ၁၅၇၃၀-ဦး (တသိန်း ငါးသောင်း ခုနစ်ထောင့် သုံးရာ့ ရှစ်ဆယ့် တဦး) ရှိပါသည်။

ထိုပြင် **ယိုးဒယားနိုင်ငံ**၌လည်း ကျေးငှားရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ တပည့် ကမ္မဋ္ဌာနာစရိယ ဦး**အာသဘ**နှင့် ဦး**ဇုန္ဒ**စံသတို့ ကြီးမှူး၍ ၁၃၁၄-ခုနှစ်မှ အစပြုကာ သတိပဋ္ဌာန် အမှတ်တရားကို ညွှန်ကြား ပြသခဲ့ရာ ကမ္မဋ္ဌာန်း ဌာနခဲ့ပေါင်း ၃၀၀ ကျော် ရှိ၍ အားထုတ်ပြီးသော ယောဂီပေါင်းမှာ တသိန်းကျော် ရှိပြီဟု ကြားသိရပါသည်။ ထိုပြင် သီဟိုဠ် အိန္ဒိယ ဥရောပ အစရှိသော အခြားနိုင်ငံတို့၌လည်း ကျေးငှားရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ဩဝါဒအရ အားထုတ် ပြီးသော ယောဂီများမှာလည်း ရာပေါင်းများစွာပင် ရှိပါ၌သားသည်။

အခြေခံနိဒါန်း

အထက်ပါစာရင်းများအရ တပည့်ယောဂီ နှစ်သိန်း ငါးသောင်းကျော်တို့တွင် ရုပ်နာမ် အဖြစ်အပျက်ကို တွေ့မြင်၍ အနိစ္စာ နုပဿနာညာဏ် ကောင်းကောင်း ဖြစ်ဘူးသော ယောဂီများမှာ တသိန်းထက် နည်းမည် မဟုတ်ပေ။ ဤမျှ များပြားစွာသော တပည့် ယောဂီတို့ကို ရည်ရွယ်၍ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးက ယောဂီတွေ့ ရာပေါင်း များစွာ ဟု မိန့်ဆိုတော်မူပါသည်။ အလွန်ပင် အားတက်ဖွယ် ကောင်းပါပေစွ။

ယောဂီများ ၃-သိန်းကျော်

လွန်ခဲ့သော ၁၃၂၂-ခုနှစ် နတ်တော်လက နှစ်ပတ်လည် စာရင်းအရ ဆိုလျှင် သာ၍ပင် အားတက်ဖွယ် ကောင်းပေသည်။ ထို စာရင်းကို အောက်ပါအတိုင်း တွေ့ရပေသည်။

၁။ ရုဟန်းတော်ယောဂီ .... ၂၉၇၁-ပါး။
၂။ အမျိုးသားယောဂီ .... ၂၃၈၈-ဦး။
၃။ အမျိုးသမီးနှင့်
သီလရှင် ယောဂီ .... ၆၁၇၄-ဦး။

ရန်ကုန် သာသနာ့ရိပ်သာ ယောဂီပေါင်း ၁၀၅၃၃-ဦး ရှိခဲ့ပါသည်။

ထို့ပြင် မြန်မာပြည် အရပ်ရပ် ဌာနခဲ့များမှ ယောဂီပေါင်း ၂၃၄၁၅-ဦး ရှိပါသည်။ ၂-ရပ်ပေါင်းလျှင် မြန်မာပြည်တွင်း ယောဂီပေါင်း ၂၄၅၆၉-ဦး (နှစ်သိန်း လေးသောင်း ငါးထောင် ခြောက်ရာ ရှစ်ဆယ် ကိုး ဦး) ရှိပါသည်။ ယိုးဒယားစသော နိုင်ငံခြား ယောဂီများပါ ပေါင်းလိုက်လျှင် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ သြဝါဒခံ ယောဂီ

ပေါင်းမှာ သုံးသိန်းကျော် လေးသန်းခန့် ရှိကြောင်း သိရပါသည်။ ထို သုံး လေးသိန်းခန့် ယောဂီတို့တွင် ရုပ်နာမ် အဖြစ် အပျက်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့မြင်၍ အနိစ္စဒုက္ခအနတ္တာဉာဏ် ကောင်းကောင်း ဖြစ်ဘူးသော ယောဂီများမှာလည်း တသိန်း ခွဲထက် နည်းမည် မဟုတ်ပေ။ ထိုကြောင့် "ယောဂီတွေ ရာပေါင်း များစွာ ဒီအတိုင်း တွေ့မြင်နေပြီ၊ ယခုလဲတချို့ကတွေ့မြင်ဆဲ ဖြစ်နေတယ်၊ ဒါကြောင့် ဟောနေတာပါ" ဟုရဲရဲရင့်ရင့်ဝန်ခံ၍ မိန့်မြွက် အားပေးတော် မူသော ဆရာတော် ဘုရားကြီး၏ မိန့်ခွန်း တော်သည် အလွန်အလွန်ပင် အားတက်ဖွယ် ကောင်းလှပါပေသည်။

ပညာရှိများသို့

ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးသည် ဘုရား ဟော ပါဠိတော်ကို အထူးသဖြင့် ရိုသေ လေးစားလျက် အနက် အဓိပ္ပါယ်ကို ယူဆ ဟောပြော လေ့ရှိပါသည်။ ထို့ကြောင့် ပါဠိ တစုံတခု၌ တိုက်ရိုက် ဖြောင့်ဖြောင့် ရနေသော အနက်သည် အခြား ပါဠိတော်များနှင့် ဆန့်ကျင်ခြင်းမရှိဘဲ ညီညွတ်နေလျှင် ထိုအနက်ကိုပင် ရိုသေ လေးစားသောအားဖြင့် အတိအကျ ယူဆ ဟောပြော ရေးသားတော် မူပေသည်။ အဘယ့်ကြောင့် နည်းဟူမူ-

"သုတ္တံ အပ္ပဋိဗာဟိယံ၊ တံ ပဋိဗာဟန္တေန ဗုဒ္ဓါဝ ပဋိဗာဟိတော ဟောတိ- ပိဋကသုံးပုံပါဠိတော် ဟူသော သုတ်ကို မမြစ်ပယ်အပ်၊ ၎င်းပါဠိတော်သုတ်ကို မြစ်ပယ်လျှင် မြတ်စွာဘုရားကိုပင် မြစ်ပယ်ရာ ရောက်လေတော့၏" (ဒီဋ္ဌ ၂-၁၅၇) ဟူသော အဋ္ဌကထာ သြဝါဒအရ အညီ အခြေး ပါဠိတော် များနှင့်လည်း

မဆန့်ကျင်, အပြစ်လည်း မရှိ, သင့်လည်း သင့်လျော်သော ပါဠိ၏ အနက်ကို လျှော့၍ ဖြစ်စေ၊ တမျိုး ပြင်၍ ဖြစ်စေ ယူလျှင် မြတ်စွာဘုရားကို မြစ်ပယ်ရာ ရောက်မည် စိုးရိမ်သောကြောင့် ဟု၏။

သို့ ဖြစ်၍ ဝိပဿနာ အခြေခံ တရားတော်၌ ဖြစ်စေ၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရား ရေးသား ဟောပြောထားသော အခြားစာအုပ် စာတမ်းများ၌ ဖြစ်စေ ပါဠိအနက် တစုံတရာတွင် မိမိတို့ ဉာဏ် မသက်ဝင်နိုင်လျှင် အခြားပါဠိတော်များနှင့် နှိုးနှော၍ ယူသင့်ပါကြောင်း သူတော်ကောင်း ပညာရှိတို့အား အမြဲက်အားဖြင့် ညွှန်ကြားလိုပါသည်။

နိဂုံးချုပ်

နိဂုံးချုပ်အနေအားဖြင့် ဤဝိပဿနာ အခြေခံတရားတော်မှာ **လက်တွေ့ဆန်**ဖြစ်ဖြင့် ဟောထားသောတရားတော် ဖြစ်သောကြောင့် ဤတရားတော်ကို **စာတွေ့မှု**ဖြင့် မဝေဘန် မဆုံးဖြတ်ဘဲ လက်တွေ့ ကျင့်သုံးကာ ဝေဘန် သုံးသပ် ဆုံးဖြတ်နိုင်ကြပါစေဟူသော ဆုတောင်း ပတ္ထနာ မင်္ဂလာစကားဖြင့် ဤအခြေခံနိဒါန်းကို အပြီးသတ်အပ် ပါသတည်း။

၁၃၂၃-ခုနှစ် အရှင်ပညာဇောတ
နယုန်လဆန်း ၁၂-ရက်။ (နာယကဆရာတော်)
သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်။
ပဲခူးမြို့။



မဟာစည်ဆရာတော်၏

ဝိပဿနာအခြေခံတရားတော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

စကား ပလွင့်

ဝိပဿနာ ရှုတာ, ဝိပဿနာ တရား အားထုတ်တာကို "ကောင်းတယ်"လို့ ယခုနေအခါမှာ အထူးပြောဟောနေဘို့ မလိုပါဘူး၊ အမျှားဘဲ သဘောပေါက် နားလည်နေကြပါပြီ။ ဟို ရှေးတုန်းက လွန်ခဲ့တဲ့ အနှစ် ၂၀-ကျော်လောက်ဆီတုန်းက ဆိုယင်တော့ "ဝိပဿနာကို လူတိုင်း လူတိုင်း အားထုတ် ကောင်းတယ်"လို့ မယူဆကြသေးဘူး၊ "ဝိပဿနာ အလုပ် ဟာ မထေရ်ကြီးများ, ရဟန်းတော်များ, စာတတ်ပုဂ္ဂိုလ်များ နှင့်သာ ဆိုင်တယ်၊ ငါတို့နှင့် မဆိုင်ဘူး"လို့ ထင်မှတ်ပြီးတော့ အဲဒီတုန်းက လူတွေဟာ ဝိပဿနာမှာ သိပ်ပြီး စိတ်မဝင်စား ကြသေးဘူး၊ ဝိပဿနာ လုပ်ငန်းတရားကို ဟောလို့ရှိယင် လူတွေနှင့် မထိုက်မတန်တာကို ဟောသလို ဖြစ်ပြီးနေတယ်။

အဲဒီတုန်းက ဘုန်းကြီးတို့ကလဲ ဝိပဿနာကိုစပြီး ဟောခါစ ရှိသေးတယ်။ ဒါကြောင့် အဲဒီတုန်းကဆိုယင် တော်တော်ကို တိုက်တွန်းပြီး ပွောရပါတယ်။

ဒါပေမယ့် ယခုတဲ့ာ့ "ဝိပဿနာအလုပ် ဆိုတာဟာ လူတိုင်းလူတိုင်း အားထုတ်ကောင်းတယ်၊ တရားအားထုတ်ယင် ဝိပဿနာ အလုပ်ဟာ အကောင်းဆုံးဘဲ"လို့ လူတွေက ဒီလို သဘောပေါက်နေကြပါပြီ။ ဒါကြောင့် တရားဟောမယ်ဆိုယင် တရားနာမည့်လူတွေက "ဝိပဿနာတရားကို ဟောပါဘုရား" လို့ ဒီလိုတောင် လျှောက်ထားတတ်ကြသေးတယ်။ ဒါပေမယ့် ဝိပဿနာ လုပ်ငန်းစဉ် ရိုးရိုးကလေး ဟောယင် တချို့က ကောင်းကောင်း မနာတတ်ကြဘူး၊ တရားနာနေယင်းကတောင် တချို့က ထ သွားတတ်ကြသေးတယ်။ အဲဒီလို ထသွားတဲ့ သူတွေကိုလဲ အပြစ်တင်စရာတော့ မရှိပါဘူး၊ ဘာကြောင့်လဲ ဆိုယင် သူတို့မှာ နားလည်နိုင်တဲ့ အသိညာဏ် အခြေခံကမှ မရှိ သေးဘဲဟာကိုး။

တချို့က သမထကို ဝိပဿနာအနေနဲ့ ယုံကြည် ပြောဟော နေကြတယ်၊ တချို့ကလဲ ဝိပဿနာအစစ်ကို သမထလို့ဘဲ ထင်နေကြတယ်၊ ဘာမျှ မဟုတ်ဘူးလို့လဲ တချို့က ပြောဆို နေကြတယ်။ တချို့ ဟောတဲ့ဝိပဿနာက စာသံပေသံ ပြောင် သော်လဲ တကယ်အားထုတ်ပြီး ကိုယ်တိုင်တွေ့ သိဘို့ကျတော့ မဖြစ်နိုင်တဲ့လုပ်ငန်းစဉ်တွေ့ ဖြစ်နေတယ်။ ဒါကြောင့် တချို့ ပုဂ္ဂိုလ်တွေ့မှာ ဝိပဿနာနှင့်စပ်ပြီး မဝေခွဲနိုင်ဘဲ ရှိနေကြတယ်။ ဒါကြောင့် ဒီဟာနဲ့ ဝိပဿနာအကြောင်း ကောင်းကောင်း

သဘောပေါက်သွားအောင် **ဝိပဿနာအခြေခံတရား**ကို ဟော ရမယ်။ ယခုဟောမည့် ဝိပဿနာ အခြေခံတရားဟာ တိုတို ကလေးနဲ့ ပြည့်လဲ ပြည့်စုံတယ်၊ ရှင်းလဲ ရှင်း, ကောင်းလဲ ကောင်းတယ်။

ဒီတရားထဲမှာ ဝိပဿနာ၏ အခြေခံတွေကို လှယ်လှယ်ကူကူ နှင့် မှတ်သား ထားရအောင် ခွဲခြင်းစဉ် ဆောင်ပုဒ်ကလေး တွေပါ စီစဉ်ထားတယ်၊ ဒါကလဲ ယခုမှ စီစဉ်တာ မဟုတ် ပါဘူး၊ ဟိုလွန်ခဲ့တဲ့ ၁၅-နှစ်လောက်ကတည်းကဘဲ စီစဉ်ပြီး ဟောနေပါတယ်၊ ဒီတရားကို ဟောဘူးတာလဲ အကြိမ်ပေါင်း တော်တော် များပါပြီ။ **ဒီ သာသနာ့ရိပ်သာ**မှာလဲ အယင်က ဟောဘူးပါပြီ။ ဒါကြောင့် ရှေးက နာကြားဘူးတဲ့ ပုဂ္ဂိုလ် တွေမှာတော့ "နာဘူး ထပ်မံ" ဆိုတဲ့ အတိုင်း "ထပ်ပြီး ဟောတယ်, ထပ်ပြီး နာရတယ်"လို့ မှတ်ကြပေတော့။ ဒီလို ဟောဘူးတာတွေကိုထပ်ပြီးမဟောတော့ဘဲ အသစ်အသစ်ချည်း လျှောက် ဟောနေလို့ရှိယင် ဒီတရားကို မကြားဘူးသေးတဲ့ လူသစ်တွေမှာ အလွန် အရေးကြီးတဲ့ ဒီလိုတရားမျိုးကို မနာရ တော့ဘဲ ဖြစ်နေမှာပေါ့။ ဒါကြောင့် အရေးကြီးတဲ့ ဒီလို တရားတွေဟာ ထပ်ခါထပ်ခါ မကြာမကြာ ဟောသင့်တဲ့ တရားတွေပါဘဲ။

ဒီကနေ့အတွက် ထူးတာကတော့ သင်းကြွန်အခါတွင်း ဖြစ် တဲ့အတွက် ပရိသတ်တွေကလဲ စုံလင်နေတယ်။ ပြီးတော့ ရက် အနည်းငယ်လောက်သာ တရားအားထုတ်ခွင့်ရတဲ့ယောဂီအသစ် တွေကလဲ တော်တော်များ နေတယ်။ ဒါကြောင့်လဲ ဒီကနေ့

ဒီ ဝိပဿနာအခြေခံတရား ကို ဟောတာပါဘဲ။ပဌမခေါင်းစဉ် ဆောင်ပုဒ်က-

ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ ဖြစ်သနည်း တဲ့။ ကဲ ဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

ဝိပဿနာ၊ ညဉ်ဏ်ဆိုတာ၊ ဘယ်ဟာရှု၍ ဖြစ် သ နည်း။ (ဆို ၃-ခေါက်)

"ဝိပဿနာ ဉာဏ် ဆိုတာဟာ ဘယ်လိုဟာကို ရှုရသလဲ၊ ဘယ်လိုဟာကို ရှုပြီးတော့ ဝိပဿနာ ဉာဏ် ဖြစ်သလဲ" လို့ ဒီ မေးခွန်း က မေးထား တယ်။ ဒီအချက်ဟာ အင်မတန် အရေးကြီးပါတယ်။ ဘာကြောင့်လဲ ဆိုတော့-

သမထ ကမ္မဋ္ဌာန်း (၄၀)

"ကမ္မဋ္ဌာန်း ဘာဝနာ အနေနှင့် ရှုတယ်" ဆိုတာက သမာဓိ ဖြစ်အောင်လို့ ရှုတာက တမျိုး၊ ဝိပဿနာဉာဏ် ဖြစ်အောင်လို့ ရှုတာက တမျိုး၊ ဒီလို နှစ်မျိုး ရှိတယ်။ ပထဝီ-မြေကသိုဏ်း၊ အာပေါ- ရေကသိုဏ်း၊ တေဇော-မီးကသိုဏ်း၊ ဝါယော-လေကသိုဏ်း အစရှိတဲ့ ကသိုဏ်းအာရုံဝ၀-မျိုးကိုရှုယင် သမာဓိ သာ ဖြစ်တယ်၊ အဲဒါဟာ ဝိပဿနာ မဟုတ်ဘူး။

ပြီးတော့ ဥဒ္ဓုမာတက-ဖူးဖူးယောင်နေတဲ့ သူသေကောင်ကြီး၊ ဝိနီလက- ညိုမဲနေတဲ့ သူသေကောင်ကြီး အစရှိတဲ့ အသုဘအာရုံ ၁၀-မျိုးကို ရှုယင်လဲ သမာဓိသာ ဖြစ်တယ်၊ အဲဒါလဲ ဝိပဿနာ မဟုတ်ဘူး။

ပြီးတော့ အနုဿတိ ၁၀-ပါးထဲက ဗုဒ္ဓါနုဿတိ-မြတ်စွာဘုရား၏ ဂုဏ်တော်ဟေ့ကို နှလုံးသွင်း ဆင်ခြင်တာ၊ ဓမ္မာနုဿတိ-တရားတော်၏ ဂုဏ်တော်တွေ့ကို နှလုံးသွင်း ဆင်ခြင်တာ၊ သံဃာ နုဿတိ- သံဃာထော်၏ ဂုဏ်တော်တွေ့ကို နှလုံးသွင်း ဆင်ခြင်တာ၊ သီလာနုဿတိ-မိမိ၏ သီလဂုဏ်ကို နှလုံးသွင်းဆင်ခြင်တာ၊ စာဂါနုဿတိ- မိမိစွန့်ကြဲပေးလှူဘူးတဲ့ ဒါနဂုဏ်ကို နှလုံးသွင်းဆင်ခြင်တာ၊ ဒေဝတာနုဿတိ-နတ်တို့၏ သဒ္ဓါ သီလ စသော ဂုဏ်နှင့် ညပမာပြုပြီးတော့ မိမိ၏ သဒ္ဓါ သီလ စသော ဂုဏ်တွေ့ကို နှလုံးသွင်းဆင်ခြင်တာ၊ ညပသမာနုဿတိ- နိဗ္ဗာန်၏ဂုဏ်ကို နှလုံးသွင်း ဆင်ခြင်တာ၊ မရဏာနုဿတိ- သေခြင်းတရား သေခြင်းအကြောင်းကို နှလုံးသွင်း ဆင်ခြင်တာ၊ ဒါတွေဟာ သမာဓိ ဖြစ်တဲ့ အလုပ်တွေဘဲ၊ ဝိပဿနာဉာဏ် ဖြစ်တဲ့ အလုပ် မဟုတ်ဘူး။

ပြီးတော့ ကာယဂတာသတိ- ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညှို့ စသည်ဖြင့် ကိုယ်ထဲမှာ ရှိနေတဲ့ ၃၂-မျိုးသော အဘိုအစုတွေ့ကို နှလုံးသွင်း ဆင်ခြင်ပြီး ရှုနေတာလဲ သမာဓိ ဖြစ်တဲ့ အလုပ်ပဲ၊ ဝိပဿနာဉာဏ် ဖြစ်တဲ့ အလုပ် မဟုတ်ဘူး။

ပြီးတော့ ထုတ်သက်ဝင်သက်ကို ရှုရတဲ့ အာနာပါနသတိ ဆိုတာလဲ သမာဓိကမ္မဋ္ဌာန်းဘဲ။ သို့ပေမယ့် ဒီအာနာပါန ကမ္မဋ္ဌာန်းမှာတော့ ဝိပဿနာဉာဏ်ဖြစ်အောင် ရှုတဲ့နည်းလဲ ရှိပါတယ်။ ဒါပေမယ့် ဝိသုဒ္ဓိမဂ်က သမာဓိကမ္မဋ္ဌာန်းထဲမှာ

ပြထားလို့ ဒီမှာလဲ သမာဓိကမ္မဋ္ဌာန်းလို့ အမည်ပေးလိုက်ရ တာဘဲ။

ပြီးတော့ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းက ၄-ပါး၊ အရူပစျာန်တွေကို ရအောင် အားထုတ်ရတဲ့ အရူပကမ္မဋ္ဌာန်းက ၄-ပါး၊ ဒီ ၈-ပါးလဲ သမာဓိကမ္မဋ္ဌာန်းချည်းဘဲ။

ပြီးတော့ စားသောက်တဲ့ အစာအာဟာရဘွဲ့ကို စက်ဆုပ် ဖွယ် ထင်အောင် ဆင်ခြင်ရတာက အာဟာရေ ပဋိကူလ သညာတဲ့၊ အဲဒါလဲ သမာဓိကမ္မဋ္ဌာန်းဘဲ။

ပြီးတော့ မိမိ ကိုယ်ထဲမှာ ရှိနေတဲ့ ဓာတ် ၄-ပါးကိုခွဲခြားပြီး ရှုတာက စတုဓာတု ဝဝတ္ထာန်ကမ္မဋ္ဌာန်းတဲ့၊ ဒါကတော့ သမာဓိ ကမ္မဋ္ဌာန်း ဖြစ်ပေမယ့်လို့ ဝိပဿနာ၏ အခြေခံ ဖြစ်တဲ့အတွက် ဝိပဿနာနှင့်လဲ ဆိုင်ပါတယ်။

အဲ ယခု ပြောခဲ့တာတွေဟာ အရေအတွက်အားဖြင့် အမျိုး ပေါင်း (၄၀) ရှိပါတယ်။ သမာဓိ ကမ္မဋ္ဌာန်း တွေချည်း ဘဲ။ ဒါတွေထဲက ဝိပဿနာနှင့် ဆိုင်တဲ့ အာနာပါန တစိတ်တပိုင်းနဲ့ စတုဓာတုဝဝတ္ထာန်မှ တပါး ကျန်တဲ့ ကမ္မဋ္ဌာန်းအာရုံတွေကို ရှုယင် သမာဓိသာ ဖြစ်တယ်၊ ဝိပဿနာတော့ မဖြစ်ဘူး။ ဝိပဿနာ ဖြစ်စေချင်ယင် အဲဒီ သမာဓိကို ထပ်ပြီး ရှုမှ ဖြစ် နိုင်တယ်။ ဒါကြောင့် "ဝိပဿနာ ဉာဏ်ဖြစ်အောင် ဘယ်လို တရားတွေကို ရှုရသလဲ" လို့ မေးခွန်း ထုတ်ပြထားတာ။

ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ ဖြစ်သနည်းတဲ့၊ ဒီ မေးခွန်းကို ယခု အဖြေ ပေးလိမ့်မယ်။

စွဲလမ်းနှိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှု၍ ဖြစ်သတည်း။

အဲဒါက အဖြေဘဲ။ စွဲလမ်းနှိုင်တဲ့ ခန္ဓာငါးပါးကို အမှန် အတိုင်း ရှုပြီးတော့ ဝိပဿနာဉာဏ် ဖြစ်ပါတယ်တဲ့။ သတ္တဝါ တို့၏ သန္တာန်မှာ ရှိတဲ့ လောကီ ရုပ်နာမ်တွေကို ပါဠိလို ဥပါဒါနက္ခန္ဓလို့ ခေါ်တယ်၊ အဲဒါကို ဗမာလို ဥပါဒါနက္ခန္ဓာ လို့ ဘာသာ ပြန် ဆိုထားကြ တယ်။ ဥပါဒါန - က စွဲလမ်းတာ၊ ခန္ဓာ-ကတော့ ရုပ်နာမ်အစု၊ "စွဲလမ်းနှိုင်တဲ့ ရုပ်နာမ်အစု တရား တွေ" လို့ ဆိုလိုတယ်။ အဲဒါ တွေကို ကာမုပါဒါန်ခေါ်တဲ့ တဏှာနဲ့လဲ သာယာပြီး စွဲလမ်းနှိုင်တယ်၊ ဒိဋ္ဌုပါဒါန် ခေါ်တဲ့ ဒိဋ္ဌိနဲ့လဲ အထင်မှားပြီးတော့ စွဲလမ်း နှိုင်တယ်။ ဒီလို တဏှာ, ဒိဋ္ဌိနဲ့ စွဲလမ်းနှိုင်တဲ့ ခန္ဓာငါးပါး တရားတွေဟာ ဥပါဒါနက္ခန္ဓာတွေဘဲ။ ဒီ ခန္ဓာငါးပါး တရား တွေကို အမှန်အတိုင်း သိအောင် ရှုရတယ်။ အဲဒါတွေကို မရှုလို့ အမှန်အတိုင်း မသိယင် တဏှာ, ဒိဋ္ဌိနဲ့ စွဲလမ်းနှိုင်တယ်၊ ရှုလို့ အမှန်အတိုင်း သိသွားယင်တော့ မစွဲလမ်းနှိုင်ဘူး၊ အစွဲ အလမ်း ကင်းသွားတယ်။ ဒါကြောင့် မစွဲလမ်းနှိုင်အောင် အစွဲလမ်း ကင်းအောင်လို့ အဲဒါတွေကို အမှန်အတိုင်း သိဘို့ ရှုရတယ်၊ အဲဒါတွေကို အမှန်အတိုင်း ရှုသိပြီးတော့ ဝိပဿနာ ဉာဏ် ဖြစ်ပါတယ် တဲ့။ အဲဒီ ခန္ဓာငါးပါးကိုသိနားလည်အောင် လို့ တဖြည်းဖြည်း ရှင်းပြီးတော့ ပြောရမယ်။ ကဲ ယခု ပဌမ ဆောင်ပုဒ်ကလေးက စပြီး ဆိုကြဦးစို့။

ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာ ရှု၍ ဖြစ်သနည်း။ (ဆို)

အဲဒါက အုမေး၊ အဖြေကတော့-

စဲ့လမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ ဖြစ်သတည်း။ (ဆို)

စဲ့လမ်းနိုင်တဲ့ ခန္ဓာငါးပါးကို အမှန်အတိုင်း ရှုပြီးတော့ ဖြစ်ပါတယ် တဲ့။ ဝိပဿနာဉာဏ် ဆိုတာ ခုနက ပြောခဲ့တဲ့ ကသိုဏ်းအာရုံကို ရှုလို့လဲ မဖြစ်ဘူး၊ အသုဘအာရုံကို ရှုလို့လဲ မဖြစ်ဘူး၊ အနုဿတိ, မေတ္တာ စသည်အရ ရှုလို့လဲ မဖြစ်ဘူး။ ဒါဖြင့် ဘာကို ရှုရမလဲ ဆိုယင် စဲ့လမ်းနိုင်တဲ့ ခန္ဓာငါးပါးကို ရှုရမယ် တဲ့။

ဥပါဒါနက္ခန္ဓာ ငါးပါး

စဲ့လမ်းနိုင်တဲ့ ခန္ဓာငါးပါး ဆိုတာ-ရုပ်ခန္ဓာ, ဝေဒနာခန္ဓာ, သညာခန္ဓာ, သင်္ခါရခန္ဓာ, ဝိညာဏ်ခန္ဓာ ဆိုတဲ့ ဒီငါးပါးဘဲ။ ဒီ"ခန္ဓာငါးပါး"ဆိုတဲ့အမည်ကတော့ ဗမာပြည်မှာ လူတိုင်း လိုလို နှုတ်တက်နေတာပါ၊ အဲဒီခန္ဓာ ငါးပါးတွေကို အမှန်အတိုင်း သိအောင် ရှုရမယ်၊ ဒီလို ရှုပြီး အမှန်အတိုင်း သိယင် ဝိပဿနာဉာဏ်ပါဘဲ။ဒီ ခန္ဓာငါးပါးတွေကို အမှန်အတိုင်း မသိယင်တော့ ဥပါဒါန်လို့ ခေါ်တဲ့ တဏှာနဲ့ ဒိဋ္ဌိက စဲ့လမ်းသွားတယ်၊ တဏှာက သာယာပြီးတော့ စဲ့လမ်းတယ်၊ ဒိဋ္ဌိက အထင်မှားပြီးတော့ စဲ့လမ်းတယ်။

အဲဒီ ဥပါဒါနက္ခန္ဓာတွေက ဘယ်ဟာတွေလဲ ဆိုယင် ယခု လူတွေ အမြဲမပြတ် တွေ့နေကြရတဲ့ တရားတွေပါဘဲ၊ တခြား

သွားပြီးတော့ရှာယူရမည့် တရားတွေ မဟုတ်ပါဘူး၊ကိုယ့်ကိုယ် ထဲမှာထင်ရှားတွေ့နေရတာတွေပါဘဲ။ဘယ်လိုလဲ ဆိုယင်-မြင်တဲ့ အခါမှာ မြင်ရာက ထင်ရှားတွေ့ရတယ်၊ ကြားတဲ့အခါမှာ ကြားရာက တွေ့ရတယ်၊ အနံ့ နံ့တဲ့အခါမှာ နံ့ရာက တွေ့ရတယ်၊ အရသာကို စားသိတဲ့ အခါမှာ အဲဒီ သိရာက တွေ့ရတယ်၊ ကိုယ်က တွေ့ထိတဲ့အခါမှာ တွေ့ထိရာက တွေ့ရတယ်၊ စိတ်ကူး စဉ်းစား ကြံစည်နေတဲ့ အခါမှာ ကြံသိရာက တွေ့ရတယ်။ လက် ခြေကို ကွေးလိုက်ယင် ဆန့်လိုက်ယင် လှုပ်ရှားလိုက်ယင် အဲဒီ ကွေးရာ ဆန့်ရာ လှုပ်ရှားရာက ဒီ ခန္ဓာငါးပါးကို တွေ့ရတယ်၊ ခန္ဓာငါးပါး သဘောတရားမှန်း မသိရတာ လောက်ပဲ လိုတယ်၊ အဲဒါကလဲ သိအောင် မရှုတဲ့အတွက် အမှန်အတိုင်း မသိဘဲရှိနေတာပါဘဲ။ မရှုလို့ မသိကြတဲ့အတွက် အဲဒါတွေကိုဘဲ တဏှာနဲ့ ဒိဋ္ဌိနဲ့ စွဲလမ်းပြီးနေကြတာဘဲ။

ကွေးတာ ခန္ဓာငါးပါး

ကဲ ယခုလက် ခြေ ကွေးတာကလေးက စပြီး ပုံစံထုတ်ပြောမယ်။ ကွေးတဲ့အခါ ဘာတွေဖြစ်သလဲ? ကွေးမယ်လို့ ကြံတဲ့စိတ်ကလေးက စပြီး ဖြစ်လာတယ်၊ ပြီးတော့မှ ကွေးတဲ့ရုပ်ကလေးတွေ တရွေ့ချင်း တရွေ့ချင်း ဖြစ်လာတယ်။ ဒီလို ဖြစ်လာရာမှာ ကွေးမယ် ကြံတဲ့စိတ်ကလေးထဲ ဘာတွေပါသလဲ ဆိုယင် နာမ်ခန္ဓာ ၄-ပါး ပါတယ်၊ ပါပုံကတော့- ကွေးမယ်လို့ ကြံသိတဲ့စိတ်က ဝိညာဏက္ခန္ဓာဘဲ၊ ကွေးမယ် ကြံပြီး ကွေးရာမှာ ဝမ်းမြောက်ဝမ်းသာနဲ့ ကွေးတာလဲရှိတယ်၊ စိတ်နှလုံးမသာ ဖြစ်ပြီး ကွေးတာလဲ ရှိတယ်၊ စိတ်မရှင်မည်း

ရိုးရိုးအနေအထားနဲ့ ကွေးတာလဲ ရှိတယ်၊ဒီလို ၃-မျိုးရှိတယ်၊ ဒီ ၃-မျိုးထဲမှာ ဝမ်းမြောက်ဝမ်းသာနဲ့ ကွေးယင် အဲဒီဝမ်းသာတာကို **သောမနဿဝေဒနာ**လို့ခေါ်တယ်၊ ဝေဒနာကွန်ဒဲ့။ စိတ်နှလုံးမသာ ဖြစ်ပြီး စိတ်ဆိုး စိတ်ပျက်ပြီး ကွေးယင် အဲဒီ စိတ်နှလုံးမသာတာကို **ဒေါမနဿဝေဒနာ**လို့ခေါ်တယ်၊ ဝေဒနာကွန်ဒဲ့။ မရှင်မည်း ရိုးမိုးစိတ်အဒုနအထားနဲ့ကွေးယင် အဲဒီ ရိုးရိုးစိတ်အနေအထားကို **ဥပေက္ခာဝေဒနာ**လို့ ခေါ်တယ်၊ ဝေဒနာကွန်ဒဲ့။ ဒါကြောင့် ကွေးမယ်လို့ ကြံရာမှာ ဝေဒနာကွန်ဒလဲ ပါတယ်။

ပြီးတော့ ကွေးမယ်လို့ မှတ်သားတဲ့ သညာလဲ ပါတယ်၊ အဲဒါက သညာကွန်ဒဲ့။ ပြီးတော့ ကွေးဘို့ရာ စေ့ဆော်တိုက်တွန်းပေးတဲ့ သင်္ခေါကလေးလဲ ပါတယ်၊ သူကတော့ "ကွေးလိုက်, ကွေးလိုက်"လို့ မဆိုသော်လဲ ဆိုဘိသကဲ့သို့ စိတ်ထဲက နေပြီး တိုက်တွန်းနေတဲ့ သင်္ခေါပါဘဲ၊အဲဒီလို စိတ်ထဲက တိုက်တွန်းနေတဲ့ သင်္ခေါ ကလေးဟာ သင်္ခါရကွန်ဒဲ့။ ဒါကြောင့် ကွေးမယ်ကြံတဲ့ သင်္ခေါကလေးထဲမှာ ဝေဒနာလဲ ပါတယ်၊ သညာလဲ ပါတယ်၊ သင်္ခါရလဲ ပါတယ်၊ ဝိညာဏ်လဲ ပါတယ်၊နာမ်ခန္ဓာ ၄-ပါးလုံး ပါတယ်။ "ကွေးတယ်"ဆိုတဲ့လှုပ်ရှားမှုထဲမှာတော့ ရုပ်တရားချည်းဘဲ၊ သူကတော့ ရုပ်ခန္ဓာ သက်သက်ပဲ။ အဲဒီတော့ ကွေးချင်တာနဲ့, ကွေးတာ ဒီနှစ်ခု ပေါင်းလိုက်ယင် ခန္ဓာငါးပါးဘဲ။ ဒါကြောင့် လက်ကလေး တကွေးထဲမှာ ခန္ဓာငါးပါး ပါနေတယ်။ တရွေ့ရွေ့လိုက်ယင် ခန္ဓာငါးပါးဘဲ၊ နောက်တရွေ့ ရွေ့လိုက်ယင်လဲ ခန္ဓာငါးပါးဘဲ၊

ရှေ့တိုင်း ရှေ့တိုင်းခန္ဓာငါးပါးတွေချည်း အဆင့်ဆင့် ဖြစ်နေတယ်။ အဲဒါတွေကို မှန်မှန်ကန်ကန် မရှုမိလို့ မှန်မှန်ကန်ကန် မသိဘူးဆိုယင် ဘယ်လိုထင်မှတ်သွားသလဲ ဆိုတော့ ဒါကိုတော့ ဘုန်းကြီးတို့ကတောင် ဖြေပြနေစရာ မလိုပါဘူး၊ လက်ကို ကွေးနေကြတဲ့ ပုဂ္ဂိုလ်တွေက ကိုယ့်ဟာကိုယ်စဲ့ စဉ်းစားပြီး ဖြေနိုင်ပါတယ်။

လက်ကို ကွေးရာ၌ ဖွဲ့လမ်းပုံ

ဘယ်လို ထင်မှတ်သလဲ ဆိုတော့ "ကွေးမယ်ကြံတာလဲ ငါဘဲ၊ လက်ကို ကွေးလိုက်တာလဲ ငါဘဲ" လို့ ဒီလို ထင်နေကြတယ် မဟုတ်လား။ အဲ လူတိုင်း ဒီလိုဘဲ ထင်နေကြပါတယ်။ ကလေးတွေကို မေးကြည့်ပါ ဒီအတိုင်းပြောမှာဘဲ။ စာမတတ်တဲ့ လူကြီးတွေကို မေးကြည့်ယင်လဲ ဒီအတိုင်း ပြောမှာဘဲ၊ စာတတ်တဲ့ ပုဂ္ဂိုလ် မေးကြည့်ယင်လဲ ပကတိ စိတ်အထင်ကို ပြောယင် ဒီအတိုင်း ပြောမှာဘဲ။ သို့သော်လဲ သူကတော့ စာတတ်တာနဲ့ စာနဲ့ကိုက်အောင် "ရုပ်တရား နာမ်တရားတွေဘဲ" လို့ ဒီလိုလဲ ပြောချင်ပြောမယ်၊ အဲဒါက သူ့ဉာဏ်ထဲ ထင်တာ မဟုတ်ဘူး၊ သူကိုယ်တိုင် သိတာ မဟုတ်ဘူး၊ စာပေ ကျမ်းဂန်ထဲက ပါတဲ့ အတိုင်း စာနဲ့ ပေနဲ့ ကိုက်ညီအောင်လို့ ကြံဆပြီး ပြောတာဘဲ ဖြစ်မယ်။

လက် ခြေကို ကွေးတိုင်းဆန့်တိုင်း သူ့စိတ်ထဲ တကယ်ထင်နေတာကတော့ "ကွေးမယ် ဆန့်မယ် ကြံတာလဲငါဘဲ၊ ကွေးတာ ဆန့်တာလဲ ငါဘဲ၊ လှုပ်ရှားဘို့ ကြံတာလဲ ငါဘဲ၊ လှုပ်ရှား

တာလဲငါဘဲ''လို့ ဒီလိုဘဲ ထင်မှတ်နေပါတယ်။ ဒီ ငါဟာ ရွှေးကလဲ ရှိနေတယ်၊ ယခုလဲ ရှိနေတယ်၊ နောင်လဲ ရှိဦးမယ်၊ အစဉ်တာဝရ ရှိနေတယ်''လို့ ဒီလိုလဲ ထင်နေပါတယ်။ အဲဒါကို နိစ္စသညာလို့ ခေါ်တယ်။

''ကွေးမယ် ကြံတဲ့ စိတ်ကလေးက ယခုမှ ဖြစ်လာတယ်''လို့ ဒီလိုကတော့ ပကတိ ပုဂ္ဂိုလ်ဘဝမှာ မထင်ကြပါဘူး၊ ''ဒီစိတ်ကလေးဟာ ရွှေးကတည်းက ရှိနေတယ်၊ အယင်က ရှိနေတဲ့ ငါကဘဲ ကွေးမယ်လို့ ယခု ကြံတယ်''လို့ ဒီလို ထင်မှတ်နေကြပါတယ် ''အဲဒီ ကြံတဲ့ ငါဟာ ယခုလဲ ရှိနေတယ်၊ နောင်လဲ ရှိဦးမှာဘဲ''လို့ ဒီလိုလဲ ထင်နေကြပါတယ်။

လက်တို့ ခြေတို့ ကွေးလိုက်ဆန့်လိုက်ပြန်တော့လဲ အယင်က ရှိနေတဲ့ လက် ခြေ အယင်က ရှိနေတဲ့ ငါကဘဲ ရွှေသွားတယ်လို့ ဒီလို ထင်ပြန်တယ်၊ ရွှေပြီးတဲ့ နောက်လဲ ''ဒီလက် ဒီခြေ ဒီငါဟာ အစဉ်မပြတ် ရှိမြဲရှိနေတယ်''လို့ဘဲ ထင်တယ်၊ ပျောက်သွားတယ်လို့တော့ မထင်ဘူး။ အဲဒါလဲ နိစ္စသညာဘဲ။ အဲဒါဟာ မမြဲတဲ့တရားကို မြဲတယ်လို့ စွဲလမ်းတာဘဲ၊ ပုဂ္ဂိုလ် သတ္တဝါ ငါကောင်မဲ့ဟုတ်တဲ့ သဘောတရားကို ငါကောင် သတ္တဝါကောင် အနေနဲ့ စွဲလမ်းတာဘဲ။

ဒီအထဲမှာ ကိုယ့်သဘောက္ခ ကွေးလိုက်ရ ဆန့်လိုက်ရတဲ့ အတွက် အဲဒီ ကွေးလိုက်ရ ဆန့်လိုက်ရတာကိုဘဲ ကောင်းတယ်လို့လဲ ထင်သွားတော်သေးတယ်။ ဥပမာ....ညောင်းနေရာက လက်ကလေးကို ရွှေလိုက်ရပြင်လိုက်ခလို့ရှိယင်အညောင်းပြေပြီးနေသာ ထိုင်သာ ဖြစ်သွားတတ်တယ်၊ အဲဒါကို ကောင်းတယ်လို့

ထင်လိုက်သေးတယ်၊ အဲဒါဟာ ချမ်းသာလို့ ထင်တာပါဘဲ။ ကချေသည်တို့အပျော်တမ်း ကတဲ့သူတို့ ဒီလို လူတွေဟာ ကွေး လိုက် ဆန့်လိုက်လုပ်ပြီး က-နေတဲ့အခါမှာ သိပ်ကောင်းတယ်လို့ ထင်နေတယ်၊ ကိုယ့်ဟာ ကိုယ် သိပ် သာယာပြီး သဘောကျနေ တယ်။ အချင်းချင်း စကားပြောတဲ့ အခါမျိုးမှာလဲ လက်တွေ့ ခေါင်းတွေ့လုပ်ပြီး အားရဝမ်းသာနဲ့ ပြောနေတာတွေ့ရှိတတ်ပါ တယ်၊ အဲဒီလိုပြောနေတဲ့ သူက အဲဒီလို လှုပ်ရှားပြီးပြောနေရ တာကိုဘဲ သာယာနေတယ်၊ သဘောကျနေတယ်၊ ဒါတွေ့လဲ ချမ်းသာလို့ထင်နေတာတွေ့ဘဲ။ပြီးတော့ ကိုယ်လုပ်ချင်တဲ့ အလုပ် ကလေးလုပ်လိုက်ရလို့ ပြီးမြောက် အောင်မြင်သွားယင် အဲဒါကို ကောင်းတယ်, ချမ်းသာတယ်လို့ ထင်နေတယ်၊ အဲဒါဟာ တဏှာနဲ့သာယာပြီးတော့ စွဲလမ်းနေတာ တဲ့၊ မမြဲတဲ့တရားကို မြဲတဲ့အနေနဲ့လဲ သာယာတယ်၊ ချမ်းသာမဟုတ်တာကို ချမ်း သာအနေ, ကောင်းတဲ့ အနေနဲ့လဲ သာယာတယ်၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်တဲ့ ရုပ်နာမ်အစုကို ပုဂ္ဂိုလ် သတ္တဝါအနေ နဲ့လဲ သာယာတယ်၊ သာယာပြီး စွဲလမ်းနေတယ်။ ငါကောင် သတ္တဝါကောင်အနေနဲ့ ထင်မှားပြီးတော့လဲ စွဲလမ်းနေတယ်။

ဒါကြောင့် လက် ခြေကို ကွေး ဆန့် လှုပ်ရှားရာမှာ "ကွေးမယ်"လို့ ကြံတာလဲ ဥပါဒါနက္ခန္ဓာဘဲ၊ကွေးလိုက်တာလဲ ဥပါဒါနက္ခန္ဓာဘဲ။ "ဆန့်မယ်"လို့ ကြံတာလဲ ဥပါဒါနက္ခန္ဓာဘဲ၊ ဆန့်တာလဲ ဥပါဒါနက္ခန္ဓာဘဲ။ "လှုပ်ရှားမယ်" လို့ ကြံတာလဲ ဥပါဒါနက္ခန္ဓာဘဲ၊ လှုပ်ရှားတာတွေ့လဲ ဥပါဒါ နက္ခန္ဓာတွေ့ဘဲ။ ဝိပဿနာရှုရမည့် ဥပါဒါနက္ခန္ဓာ ဆိုတာ ဒါမျိုး တွေ့ကို ပြောတာဘဲ။

မြင်ရာဌိန္ဓိလမ်းပုံ

ထိုအတူ မြင်ရာ ကြားရာ စသည်မှာလဲ အကုန်လုံး ဒီနည်း ချည်းပါဘဲ။ မြင်တဲ့အခါမှာ မြင်မှုဏ်၏ တည်ရာဌာန မျက်စိ ဆိုတာလဲ ထင်ရှားတယ်၊ မြင်ရတဲ့ အဆင်းဆိုတာလဲ ထင်ရှား တယ်။ သူတို့ နှစ်မျိုးက ရုပ်တရားဘဲ၊ သူတို့ကတော့ ဘာမှ မသိတတ်ဘူး။ ဒါပေမယ့် မြင်ခိုက်မှာ မရှုမိယင် သူတို့ကိုလဲ စဲလမ်းသွားတာဘဲ။ မျက်စိနှင့်တကွ တကိုယ်လုံးကို မြဲတဲ့ အနေ ချမ်းသာတဲ့အနေ ပဂ္ဂိုလ် သတ္တဝါအနေနဲ့ ထင်မှတ် စဲလမ်းသွားတယ်၊ မြင်ရတဲ့ အဆင်းနှင့် တကွ အထည်ဝတ္ထု ကြီး တခုလုံးကိုလဲ မြဲတဲ့အနေ လှုပတင့်တယ်ဘဲ့အနေ ကောင်း တဲ့ ချမ်းသာတဲ့အနေ ပဂ္ဂိုလ် သတ္တဝါအနေနဲ့ ထင်မြင် စဲလမ်း သွားတယ်။ ဒါကြောင့် အဲဒီ မျက်စိရုပ်နှင့် အဆင်းရုပ်ကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်။

ပြီးတော့ အဲဒီ မြင်တဲ့အခါမှာ "မြင်တယ်" ဆိုတာကလဲ ထင်ရှားတယ်၊အဲဒါကတော့ နာမ်ခန္ဓာ ၄-ပါး အပေါင်းဘဲ။ မြင်သိရုံမျှစိတ်ကလေးက ဝိညာဏက္ခန္ဓာ ခေါ်တယ်။ မြင်လို့ ကောင်းတာ, မကောင်းတာက ဝေဒနာက္ခန္ဓာ ခေါ်တယ်၊ မြင်ရတဲ့အာရုံကို မှတ်သားလိုက်တာက သညာက္ခန္ဓာခေါ်တယ်။ မြင်အောင်လို့ စူးစိုက်နှလုံးသွင်းတာက သင်္ခါရက္ခန္ဓာခေါ်တယ်။ အဲဒါဟာနာမ်ခန္ဓာ ၄-ပါးဘဲ။ မြင်ခိုက်မှာမရှုမိယင် အဲဒီမြင်တာ ကို "အယင်ကလဲ ရှိနေတယ်၊ ယခုလဲ ရှိနေတယ်" လို့ မြဲတဲ့အနေနဲ့ ထင်မှတ်သွားတယ်။ ကောင်းကောင်းကလေးတွေ့ကို မြင်ရတဲ့ အခါမှာ "မြင်ရတာ ကောင်းတယ်လို့" ဒီလိုလဲ ထင်မှတ်သွား

တယ်၊ဒီလို ထင်တဲ့အတွက် အမြင်ကောင်းတွေကိုမြင်ရအောင်လို့ ထူးထူးဆန်းဆန်းတွေ အကောင်းတွေကို လိုက်ပြီး ကြည့်ရှုနေကြတာ။ပဲ့တွေရုပ်ရှင်ဘွဲ့ကို စရိတ်စက အကုန်ခံ အိုပ်ရေးအပျက်ခံ ကိုယ်အပင်ပန်း ခံပြီးတော့ သွားကြည့် နေကြတာဟာ ကောင်းတယ်ထင်လို့ လုပ်နေကြတာပါဘဲ၊ ကောင်းတယ် မထင်ယင်တော့ ဒီလို စရိတ်ကုန် ကျုပန်းခံပြီးဘယ်သူမှ သွားပြီးကြည့်ကြမှာ မဟုတ်ပါဘူး။ ဒါကြောင့် မြင်နေရတာ ခံစားနေရတာကို "ငါဘဲ၊ငါကောင်းနေတာဘဲ" လို့ထင်မှတ်နေတာဟာတဏှာဒိဋ္ဌိနဲ့စဲ့လမ်းနေတာတဲ့။ဒီလို စဲ့လမ်းနိုင်လို့ မြင်ခိုက်မှာ ထင်ရှားတဲ့ရုပ် နာမ်တွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်ရတယ်။

အဲဒီ မြင်ရာမှာ စဲ့လမ်း သလိုဘဲ ကြားရာ, နံရာ, စားရာ, တွေ့ ထိရာ, ကြံဆိရာတွေမှာ အကုန်လုံး နည်းတူဘဲ စဲ့လမ်းနေတယ်၊ စိတ်ကူး စဉ်းစား ကြံစည်နေဲ့ စိတ်ကလေးကိုတော့ ငါကောင် သတ္တဝါကောင်အနေနဲ့ သာပြီးတော့တောင် စဲ့လမ်းတတ်သေးတယ်။ ဒါကြောင့် "စဲ့လမ်းနိုင်ရာ ငါးခန္ဓာ" ဆိုတဲ့ ဆောင်ပုဒ်အရ "စဲ့လမ်းနိုင်တဲ့ ခန္ဓာငါးပါး၊ ဥပါဒါနက္ခန္ဓာငါးပါး" ဆိုတာဟာ တခြားက မဟုတ်ဘူး၊ ကိုယ့်ကိုယ်ထဲက မြင်တိုင်းကြားတိုင်း ဗျာတိုင်း သိတိုင်း ဒုဂုဏ-ပါးမှာထင်ရှားနေတဲ့ သဘောတရားတွေဘဲ၊ အဲဒီ ထင်ရှားနေတာတွေဟာ ဥပါဒါနက္ခန္ဓာတွေဘဲ၊ အဲဒီဥပါဒါနက္ခန္ဓာတွေကို အမှန်အတိုင်း သိအောင် ရှုရမယ်။**အမှန်အတိုင်း ရှုလို့အမှန်အတိုင်း သိတာဟာ ဝိပဿနာဉာဏ်**ပါဘဲ။ ဒါကြောင့် ဆောင်ပုဒ်မှာ....

"ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ ဖြစ်သနည်း။ စွဲလမ်းနှိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ ဖြစ်သတည်း" ။ လို့ ဆိုထားတာ။

ကဲဒီဆောင်ပုဒ်ကုလေးတွေကို တခေါက်စီ ဆိုကြဦး။

ဝိပဿနာ'ဉာဏ်ဆိုတာ၊ဘယ်ဟာ ရှု၍ ဖြစ်သနည်း။(ဆို)
စွဲလမ်းနှိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှု၍ ဖြစ်သတည်း။(ဆို)

စာဆိုတာ မူရှိမှ ရေးရတယ်

"ဝိပဿနာ ဆိုတာ ဘယ်တရားကို ရှုရသလဲ၊ စွဲလမ်းနှိုင်တဲ့ ဥပါဒါနက္ခန္ဓာငါးပါးကို ရှုရတယ်" ဆိုတဲ့ ဒီဆောင်ပုဒ်တွေဟာ ကိုယ့်စိတ်ကူးနဲ့ကိုယ် ရေးချင်ရာကို ရေးထားတာ မဟုတ်ဘူး၊ ပါဠိဋီ အဋ္ဌကထာတွေအရ အတိုချုံးပြီး ရေးထားတာ။ **စာဆိုတာ မိုရာ မူ အဆောက်အထားရှိမှ ရေးရတယ်**၊မြတ်စွာဘုရား ဟောထားတဲ့ ပါဠိဋီ ဖြစ်စေ၊ ရဟန္တာမထေရ်မြတ်ကြီးတွေ ဟောထားတဲ့ ပါဠိဋီ ဖြစ်စေ၊ အဋ္ဌကထာဖြစ်စေ၊ ဒီလိုခိုင်လုံတဲ့ ကျမ်းဂန်သာဓက ရှိရတယ်၊ အဲဒီလို သာဓကတွေကို မှီငြမ်းပြုပြီး ရေးရတယ်၊ တရားဟောယင်လဲ ဒီလိုကျမ်းဂန်တွေကို အမှီပြုပြီး ဟောရတယ်၊ တရား ကျင့်ကြံ အားထုတ်ယင်လဲ ဒီလို ကျမ်းဂန်တွေကို အမှီပြုပြီး ကျင့်ရတယ်။

တရားစည်းမျဉ်း နှင့် ညီစေရတယ်

မြတ်စွာဘုရား ဟောထားတဲ့ ဒေသနာတရားတော်တွေကို လက်သမားဆရာတို့၏ "သုတ္တ" ခေါ်မျဉ်းကြိုး နှင့် တူလို့ သုတ္တ လို့ ခေါ်ပါတယ် တဲ့။ တူပုံကတော့.... လက်သမား ဆရာများဟာ

သစ်လုံးမျှားကို ရွေတော့မယ် ခွဲတော့မယ် စိတ်တော့မယ် ဆို ယင် ရှေးဦးစွာ မျှင်း ချရတယ်၊ မျှင်း မချဘဲ မျက်မှန်းရမ်းပြီး တော့ ခုတ်လိုက် ခွဲလိုက် စိတ်လိုက်ယင် မလိုရာလဲ ရောက်သွား တတ်တယ်၊ လိုတဲ့ အစိတ်အပိုင်း သစ်သားတွေလဲ ပျက်စီးသွား တတ်တယ်၊ ဖြောင့်ဖြောင့်မတ်မတ် မသွားနိုင်ဘူး၊ ဒါကြောင့် မျှင်းကလေး ချပြီးတော့မှ အဲဒီ မျှင်းကြောင်းကလေးအတိုင်း ခုတ်ရ ခွဲစိတ်ရတယ်၊ ပြုပြင်ရတယ်။ အဲဒါလိုပါဘဲ တဲ့၊ မြတ်စွာ ဘုရား သာသနာတော်မှာလဲ "သီလ သမာဓိ ပညာ" ဆိုတဲ့ သိက္ခာ ၃-ပါး အကျင့်တရားတွေကို ကျင့်ချင်တဲ့ သူတော် ကောင်းတွေ, မြတ်စွာဘုရား၏ တပည့်သားတွေဟာ မြတ်စွာ ဘုရားဟောထားတဲ့ တရားတော်ကို မျှင်းကြောင်းကလေးလို သဘောထားပြီးတော့ ကျင့်ခဲတယ်။

မြတ်စွာဘုရားက တရားမျှင်းကြောင်း တရားစည်းကမ်းတွေ ကို ချထားပါတယ်၊ "သီလကို ဘယ်လို ကျင့်ရမယ်၊ သမာဓိကို ဘယ်လို ပွားစေရမယ်၊ ပညာကို ဘယ်လို ဖြစ်စေရမယ်"လို့ မြတ်စွာဘုရားက ဟောကြား ထားပါတယ်၊ အဲဒါတွေဟာ တရားစည်းမျှင်းတွေပါဘဲ။အဲဒီ တရားမျှင်းကြောင်း စည်းကမ်း နည်းလမ်းကလေးမျှားအတိုင်း ကျင့်ရတယ်။ စာတွေ ကျမ်းတွေ ရေးယင်လဲ အဲဒီ စည်းမျှင်းအတိုင်း ရေးရတယ်၊ တရားဟော ယင်လဲ အဲဒီစည်းမျှင်းအတိုင်း ဟောရတယ်။ကိုယ့်စိတ်ကူးရှိတိုင်း ထင်ရာတွေကို လျှောက်ပြီးရေးရတာ မဟုတ်ဘူး။ တချို့ကတော့ တရားကျမ်းဂန်ရယ်လို့ မရှိပေမယ့် သူ ထင်တဲ့အတိုင်း သူတွေ့တဲ့ အတိုင်း လျှောက်ပြီး ရေးသား ဟောကြားတော့တာပါဘဲ။ အဲဒါမျိုးကိုတော့ စာကြည့်ပုဂ္ဂိုလ် တရားနာ ပုဂ္ဂိုလ်တွေက

စဉ်းစား ဆင်ခြင်တတ်ဘို့ လိုပါတယ်။ တရားဆိုတာ စည်းကမ်း ရှိရတယ်၊ ဘုရားဟောဒေသနာမှ မလွှတ်စေရဘူး၊ ခေတ်လူတွေ နားလည်အောင် ခေတ်ကာလသုံး ဝေါဟာရ လောက်သာ ပြောင်းလဲပြီးဟောရတယ်၊ အနက်အဓိပ္ပါယ်ကိုတော့ မပြောင်း လဲရဘူး၊ ဘုရားဟော ဒေသနာတော်အတိုင်းဘဲ ဖြစ်စေရတယ်။ ဒါကြောင့် ယခု ပေးထားတဲ့ ဆောင်ပုဒ်အရ "စဲလမ်းနိုင်တဲ့ ဥပါဒါနကွန်ရှင်းပါးကို ရှုရတယ်" ဆိုတဲ့ အနက်အဓိပ္ပါယ်ဟာ ဘယ်ကရသလဲလို့ဆိုယင်၊ မြတ်စွာဘုရား ဟောထားတဲ့ ခန္ဓာ ငါးပါးဆိုင်ရာ ဒေသနာတော်တွေက ရပါတယ်။ တသုတ် နှစ်သုတ်လောက်ကို အကျဉ်းချုပ် ထုတ်ပြဦးမယ်။

ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် (သံ ၂ -- ၁၉)

ရူပံ ဘိက္ခဝေ အနိစ္စံ - ရဟန်းတို့ ရုပ်သည်မမြဲ။ ယဒနိစ္စံ၊ တံ ဒုက္ခံ-မမြဲသောတရားသည် ဆင်းရဲပေတည်း။ ယံ ဒုက္ခံ၊ တဒနတ္တာ- ဆင်းရဲတရားသည် အတ္တကောင် မဟုတ်ပေ။

ယဒနတ္တာ၊ တံ "နေတံ မမ၊ နေသောဟမသ္မိ၊န မေသော အတ္တာ" တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ယံ၊ အကြင်တရားသည်။ အနတ္တာ၊ အတ္တကောင်မဟုတ်။ တံ၊ ထို အတ္တကောင်မဟုတ်သော သဘောကို။ နံ ဧတံ မမ၊ ဤသည်ကား ငါ့ဥစ္စာ မဟုတ်၊ ငါ့ဥစ္စာအနေအားဖြင့် သာယာ သိမ်းပိုက်ထိုက်သော တရားမဟုတ်။ နံ ဧသော အဟံ အသ္မိ၊ ဤသည်ကား ငါ မဟုတ်၊ ငါဟု မာန်မာနထောင်လွှားထိုက်

သော တရားမဟုတ်။ နှ မေ ဧသော အတ္တာ၊ ဤသည်ကား ငါ၏ အတ္တ မဟုတ်၊ အတ္တကောင် ငါကောင် အနေအား‌ဖြင့် ထင်မှား‌ထိုက်သော တရားမဟုတ်။ ဣတိ၊ ဤသို့။ ဧတံ၊ ဤ မမြဲ, ဆင်း‌ရဲ, အတ္တကောင်မဟုတ်သော ရုပ်သဘောကို။ သမ္မပ္ပညာယ၊ မှန်ကန်စွာသိသော ဝိပဿနာပညာ, မဂ်ဖလာဖြင့်။ယထာဘူတံ၊ ဟုတ်တိုင်း‌မှန်စွာ။ ဒဋ္ဌဗ္ဗံ၊ ရှုမြင်အပ်၏။

အဲဒီ အနိစ္စ ဒုက္ခ အနတ္တ•မည်ဘဲ့ ရုပ်တရား‌ကို မမြဲတဲ့ အနေ အား‌ဖြင့် သိအောင်, ကြောက်ဖွယ်ကောင်း‌တဲ့ ဆင်း‌ရဲအနေအား‌ဖြင့် သိအောင်, အတ္တကောင် ငါကောင် မဟုတ်တဲ့ သဘော တရား‌မျှ အနေအား‌ဖြင့် သိအောင် ရှုရမယ် တဲ့။ ယခု ထုတ်ပြ ခဲ့တဲ့ပါဠိတော့ ရုပ်ကိုရှုဘို့ ညွှန်ပြတဲ့ ဒေသနာပါဠိ တစိတ်ပဲ။ ထိုအတူ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ရှုဘို့အတွက်လဲ ဝေဒနာ အနိစ္စာ၊ သညာ အနိစ္စာ စသည်ဖြင့် နည်း‌တူဘဲ ညွှန် ပြထား‌ပါတယ်။

ဒီ ရုပ် ဝေဒနာသညာသင်္ခါရ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါး‌ပါး‌ကို ယခု ညွှန်ပြခဲ့တဲ့အတိုင်း အနိစ္စ ဒုက္ခ အနတ္တ သဘောမျှဘဲလို့ သိမြင်ယင် ဘယ်လို အကျိုး‌ရှိပါသလဲ လို့ ဆိုတော့....

“ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံ‌ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ”၊ စသည်ဖြင့် ဟောတော်မူပါ တယ်။

ခန္ဓာငါး‌ပါး‌ကို အဲဒီလို ဒုနိစ္စ ဒုက္ခ အနတ္တဘဲလို့ သိမြင်တဲ့ ပုဂ္ဂိုလ်ဟာ ရုပ်အပေါ်မှာလဲ ငြီးငွေ့သွား‌တော့တာဘဲ၊ ဝေဒ နာ သညာ သင်္ခါရ ဝိညာဏ်တွေ အပေါ်မှာလဲ ငြီးငွေ့သွား တော့တာဘဲ တဲ့။

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ-ငြိုးငွေ့ခေတဉ္စ ထိုခန္ဓာတွေအပေါ်မှာ တပ်မက် ကင်းသွားတယ်၊ တပ်မက်တယ်တာမျိုးကင်းတဲ့ အရိယမဂ်ကို ရောက်သွားတယ်လို့ ဆိုလိုပါတယ်။

ဝိရာဂါ ဝိမုစ္စတိ- တပ်မက်မှုကင်းတဲ့ အရိယမဂ် ကိုရောက်သွားလျှင် ကိလေသာမှ လွတ်မြောက်တဲ့ ဖိုလ် ၄-ပါးကိုလဲ ရောက်သွားတော့တာဘဲ တဲ့။

"ဝိမုတ္တာသ္မိ ဝိမုတ္တာမိတိ ဉာဏံ ဟောတိ"။

ဝိမုတ္တာသ္မိ၊ လွတ်မြောက်သွားသည် ရှိသော်။ ဝိမုတ္တံ ဣတိ၊ ငါ၏ စိတ် လွတ်မြောက်သွားပြီဟု။ ဉာဏံ၊ ပြန်လှည့်၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ဖြစ်ပေါ်လာ၏။

လွတ်မြောက်သွားယင် လွတ်မြောက်သွားမှန်း အလိုလိုဘဲ ဆင်ခြင်ပြီး သိသွားပါတယ် တဲ့၊ အထူးအားဖြင့် ဆိုယင်တော့၊ ရဟန္တာ ဖြစ်ပြီး ကိလေသာငြိမ်းသွားယင် ကိလေသာငြိမ်းသွားတာကို ကိုယ်တိုင်ဘဲ သိသွားပါတယ် တဲ့။

ယခု ပြောခဲ့တာတွေဟာ မြတ်စွာဘုရား ဟောထားတဲ့ ယဒနိစ္စသုတ် ဒေသနာတော်က တရားတွေဘဲ၊ ဒီလိုသုတ်တွေဟာ အများကြီးဘဲရှိပါတယ်၊ ခန္ဓဝဂ္ဂသံယုတ် တကျမ်းလုံးမှာ ဒီသုတ် များတွေချည်းဘဲ ဟောထားပါတယ်။

သီလဝန္တသုတ် (သံ ၂-၁၃၆)

အဲဒီသုတ်တွေထဲက ဒီနေရာမှာ အထူး မှတ်ဖွယ်ကောင်းတဲ့ သီလဝန္တသုတ်နှင့် သုတဝန္တသုတ်ဆိုတာတွေရှိတယ်။အဲဒီသုတ် ၂-ခုဟာ အရှင်မဟာကောဋ္ဌိက- က မေးလို့ အရှင်သာရိပုတြာ

မထေရ်မြတ်-က ဖြေရှင်း ဟောကြားထားတဲ့ သုတ်တွေ တဲ့။ တိုတိုကလေးနဲ့ အလွန်ရှင်း အလွန်ကောင်းတဲ့ သုတ်တွေပါဘဲ။ အဲဒီမှာ အရှင်မဟာကောဋ္ဌိကမထေရ်က ဒီလို စပြီး မေးတယ်။

သီလဝတာ ဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိကာတဗ္ဗာ တဲ့။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတ္တြာ။ သီလဝတာ၊ သီလနှင့်ပြည့်စုံသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ကတမေ ဓမ္မာ၊ အဘယ်တရားတို့ကို။ ယောနိသော၊ နည်းမှန်လမ်းမှန်အားဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ် ရှုအပ်ပါကုန်သနည်းတဲ့။

သီလကို ဆောက်တည်ကျင့်သုံးလို့ သီလပြည့်စုံ စင်ကြယ်နေပြီ ဆိုယင် ဒဲ့ဒီလို သီလပြည့်စုံ စင်ကြယ်နေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တရားကို ရှုရပါသလဲ တဲ့။ အဲဒီ အမေးထဲမှာ "သီလဝတာ၊ သီလပြည့်စုံလျှင်" ဆိုတဲ့ ဂုဏ်ပုဒ်ကလေးပါတာကို သတိပြုရမယ်၊ မဂ်ဖိုလ် နိဗ္ဗာန်ရောက်အောင် တရားအားထုတ်မယ် ဆိုယင် "အောက်ထစ်ဆုံးဖြစ်တဲ့ သီလကိုတော့ စင်ကြယ်အောင် သုခ်သင်ရတယ်၊ သီလလောက်မှ မပြည့်စုံယင် သမာဓိ ပညာ ဆိုတဲ့ အထက်တရားထူးတွေကို မရနိုင်ဘူး။ ဒါကြောင့် "သီလနှင့် ပြည့်စုံနေတဲ့သူဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်အောင် ဘယ်တရားကို ရှုရပါသလဲ" လို့ အရှင်မဟာကောဋ္ဌိကမထေရ်က မေးပါတယ်။ ဒီတော့ အရှင်သာရိပုတ္တြာ မထေရ်မြတ်က ဒီလို ဖြေထားတယ်။

သီလဝတာ ဝုသော ကောဋ္ဌိက ဘိက္ခုနာ ပဋ္ဌပါဒါ နက္ခန္ဒာ အာနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော

သလွတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိကာတဗ္ဗာ တဲ့။

အာဝုဇ္ဇသော ကောဋ္ဌိက၊ ငါ့ရှင် ကောဋ္ဌိက။ သီလဝတာ၊ သီလနှင့် ပြည့်စုံသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ပဥ္စုပါဒါနက္ခန္ဓာ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို။ ဝါ၊ တဏှာဒိဋ္ဌိဖြင့် စွဲလမ်းနိုင်သော ခန္ဓာငါးပါးတို့ကို။ ယောနိသော၊ နည်းမှန် လမ်းမှန်အားဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ် ရှုအပ်ကုန်၏ တဲ့။

သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ချင်တဲ့ ပုဂ္ဂိုလ်, မဂ်ဖိုလ်နိဗ္ဗာန်ကို ရချင်တဲ့ပုဂ္ဂိုလ်ဟာ သီလနှင့်ပြည့်စုံလို့ရှိယင် တဏှာဒိဋ္ဌိဖြင့် စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါး, ဥပါဒါနက္ခန္ဓာငါးပါးကို ရှုရမယ် တဲ့။ ဒါကြောင့် ဒီမထေရ်မြတ်နှစ်ပါးတို့၏ အမေးအဖြေကို ယူပြီးတော့....

"ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာ ရှု၍ ဖြစ်သနည်း။
စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှု၍ ဖြစ်သတည်း။"

လို့ဆောင်ပုဒ်က ဆိုထားတာ။ဒီဆောင်ပုဒ်ထဲမှာ "စွဲလမ်းနိုင်ရာ ငါးခန္ဓာ"လို့ ဆိုတာဟာ ဥပါဒါနက္ခန္ဓာ ငါးပါးပါဘဲ။ ဒီဥပါဒါနက္ခန္ဓာငါးပါးကို ရှုတဲ့အခါမှာ ဘယ်လို့ရှုရမှာလဲ ဆိုယင်....

အနိစ္စတော၊ မမြဲဟု။ ဒုက္ခတော၊ ဆင်းရဲဟု။ အနတ္တတော၊ အတ္တကောင်မဟုတ် ဟု။ ယောနိသော၊ နည်းမှန် လမ်းမှန်အားဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ် ရှုအပ်ကုန်၏ တဲ့။

အနိစ္စ-မမြဲဘူးလို့လဲ ရှုရမယ်၊ ဒုက္ခ-ဆင်းရဲလို့လဲ ရှုရမယ်၊ အနတ္တ-အတ္တကောင်မဟုတ်တဲ့ သဘောတရားမျှဘဲလို့လဲ ရှုရမယ် တဲ့။ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ ဒီ ၃-ပုဒ်နှင့် ဝေဟာရ မျှသာ ကွဲပြီး အနက်တူတဲ့ ပရိယာယ်ပုဒ်တွေကလဲ ဒီသုတ် ပါဠိမှာ အခြံအရံအဖြစ်နဲ့ဟောထားတာ ရှစ်ပုဒ်တောင် ရှိသေး တယ်။ ဘယ်လိုလဲ ဆိုတော့...

ရောဂ-အနာရောဂါနှင့် တူတယ်လို့လဲ ရှုရမယ် တဲ့၊ ကိုယ်ထဲမှာ အမြဲမပြတ်စဲကပ်ပြီး တရှောင်ရှောင်နဲ့ ဘိစီးနှိပ်စက်နေတဲ့ နာတာရှည်ရောဂါမျိုးလိုဘဲ အမြဲမပြတ် နှိပ်စက်နေတယ်လို့ ထင်မြင်အောင် ရှုဘို့ပါဘဲ။ ခဏမစဲ မပြတ်ဖြစ်ပျက်နေတဲ့ရုပ်နာမ်တွေကိုရှုနေရတဲ့ယောဂီမှာ အဲဒီ နာတာရှည်ရောဂါလိုဘဲ အမြဲနှိပ်စက်နေတယ်လို့ ရုပ်နာမ် တရားတွေကို အပြစ်မြင်ပြီး ရှုမှတ်ပါတယ်၊ အဲဒီလို ရှုမြင် ပုံမျိုးကို ဆိုလိုပါတယ်။ ပြီးတော့ ဂဏ္ဍ-အိုင်းအမာ အဖုး အလုံး အနာစိမ်းကြီးမျှားနှင့် တူတယ်လို့လဲ ရှုရမယ်၊ သလ္လ-ငြောင့်စူးနေတာနဲ့ တူတယ်လို့လဲ ရှုရမယ်၊ အဃ-အကျိုးမဲ့ကို ဖြစ်စေတတ်တဲ့ မကောင်းမှုနဲ့ တူတယ်လို့လဲ ရှုရမယ်၊ အာဗာဓ- တရုတ်ခါဖြစ်လာတဲ့ အဖျားရောဂါနဲ့ တူတယ် လို့လဲ ရှုရမယ်၊ ပရ-ကိုယ်စိမ်းဘဲ့အတိုင်း မဖြစ်လို့ သူတစိမ်း နဲ့ တူတယ်လို့လဲ ရှုရမယ်၊ ဝုည- မူလက ထင်မြင်တဲ့အတိုင်း မဟုတ်ပဲ အသက်ကောင် သတ္တဝါကောင်အနေမှ ဆိတ် သုဉ်းနေတယ်လို့လဲ ရှုရမယ်၊ ပလောက-ခဏမစဲ အလွန် ပျက်စီးလွယ်တယ်လို့လဲ ရှုရမယ် တဲ့။

ဒီ ရှစ်ပုဒ်ကတော့ အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ မူလ ၃-ပုဒ် ထဲမှာ ပါဝင်နေပါတယ်။ ဘယ်လိုလဲ ဆိုယင်- ပဓေလာက-ခဏမစဲ အလွန်ပျက်လွယ်တယ် ဆိုတာဟာ မမြဲတဲ့သဘောပါဘဲ၊ ဒဲ့ါကြောင့် အနိစ္စလက္ခဏာ ထဲမှာ ပါဝင်နေပါတယ်။ ပရ-သူတစိမ်းနဲ့ တူတယ်၊ သုည-အသက်ကောင် ငါကောင်မှ ဆိတ်သုဉ်းနေတယ် ဆိုတာတော့ဟာ အစိုးမပိုင်တဲ့ ငါကောင်မဟုတ်တဲ့ သဘောပါဘဲ။ ဒါကြောင့် အဲဒီ ၂-ပုဒ်က **အနတ္တလက္ခဏာ** ထဲမှာ ပါဝင်နေပါတယ်။ ကျန်တဲ့ (ရောဂ၊ ဂဏ္ဍ၊ သလ္လ၊အဃ၊ အာဗာဓ ဆိုတဲ့) ငါးပုဒ်ကတော့ ကြောက်စရာကောင်းတဲ့ ဆင်းရဲသဘောတွေချည်းပါဘဲ။ ဒါကြောင့် အဲဒီ ငါးပုဒ်က **ဒုက္ခလက္ခဏာ** ထဲမှာ ပါဝင်နေပါတယ်။ ဒါကြောင့် လို့ရင်း အတိုချုပ် ရှုစရာကတော့ အနိစ္စ ဒုက္ခ အနတ္တ ဒီ ၃-ပုဒ်ပါဘဲ။ ဒီ ၃-ပုဒ်အရ **လက္ခဏာ ၃-ပါး** ကို ပိုင်ပိုင်နိုင်နိုင် သိလျှင် ဝိပဿနာက်စ္စ ပြီးစီးပြည့်စုံပါတယ်။ အခြား ဝိပဿနာဆိုင်ရာ သုတ်ဒေသနာတော်တွေမှာလဲ အများအားဖြင့် အနိစ္စ ဒုက္ခ အနတ္တ ဒီ ၃-ပုဒ်ကိုသာ ဟောတော်မူပါတယ်။ ဒါကြောင့် ဥပါဒါနက္ခန္ဓာ ငါးပါး တရားတွေကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုမြင်ရတယ်လို့ အတိုချုပ် မှတ်တားကြရမယ်။

ရှုလျှင် ဓသဘာပန် ဖြစ်မည်

ဒဲ့ဒီလို ရှုတော့ ဘာအကျိုးရှိသလဲလို့ မေးစရာ ရှိတယ်၊ ဒါကြောင့် အခွင့်သာရိုပုတြာ မထေရ်မြတ်က ဆက်လက်ပြီး ဒီလို ဖေါ်ပြသွားတယ်။

ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ ယံ သိလဝါ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော။ပ။ အနတ္တတော ယောနိသော မနသိကရောန္တော သောတာပတ္တိဖလံ သစ္ဆိကရေယျ။

အာဝုသော ကောဋ္ဌိက၊ ငါ့ရှင်ကောဋ္ဌိက။ သီလဝါ၊ သီလနှင့် ပြည့်စုံသော။ •ဘိက္ခု၊ •ရဟန်းသည်။ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ၊ ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲဟု။ ဒုက္ခတော၊ ဆင်းရဲဟု။ အနတ္တတော၊ အတ္တကောင်မဟုတ်ဟု။ ယောနိသော၊ နည်းမှန်လမ်းမှန် အားဖြင့်။ မနသိကရောန္တော၊ နှလုံးသွင်းသည် ရှုသည် ရှိသော်။ ဝါ၊ နှလုံးသွင်းနေသော ရှုနေသော။ ဘိက္ခု၊ ရဟန်းသည်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်ကို။ ဝါ၊ သောတာပန်အဖြစ်ကို။ ယံ သစ္ဆိကရေယျ၊ အကြင် မျက်မှောက်ပြုရာ၏။ တေံ ဌာနံ၊ ဤသို့ မျက်မှောက်ပြုနိုင်သော အကြောင်း အခွင့်အရေးသည်။ ခေါ၊ စင်စစ်ကောန် အမှန်အားဖြင့်။ ဝိဇ္ဇတိ၊ ရှိပါပေ၏ တဲ့၊

အဲဒီလို ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို အနိစ္စ ဒုက္ခ အနတ္တ ထင်အောင် ရှုနေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ အဲဒီလို ရှုနေ ယင်းပင် ပုထုဇဉ်အဖြစ်က စသောတာပန် ဖြစ်သွားနိုင်တယ်၊ ဒီလို ဖြစ်နိုင်တဲ့ အကြောင်း အခွင့်အရေး ရှိပါတယ် တဲ့။ "သောတာပတ္တိမဂ်ဖိုလ်ဉာဏ်ကို ရောက်နိုင်လောက်အောင် ပြည့် ပြည့်စုံစုံ ရှိသွားယင် သောတာပန် ဖြစ်သွားမယ်" လို့ ဆိုလိုပါ တယ်။ ဒီတော့ သောတာပန် ဖြစ်ပြီး အပါယ် ၄-ပါးက

အစဉ်ထာဝရ လုတ်မြောက်ချင်ယင် ဥပါဒါနက္ခန္ဓာ ငါးပါး တရားတွေကို အနိစ္စ ဒုက္ခ အနတ္တ ထင်မြင်အောင် ရှုကြရုံဘဲ၊ အပြည့်အစုံ ရှယင် အရှင်သာရိပုတြာ မထေရ်မြတ် မိန့်တော် မူတဲ့အတိုင်း သောတာပန် ဖြစ်သွားမှာကတော့ သေချာနေ တာဘာ။

ရဟန္တာအထိ ဖြစ်နိုင်တယ်

ဒါလောက်တွင်လဲ မကသေးပါဘူး၊ အလိုရှိယင် ရဟန္တာ အထိလဲဖြစ်နိုင်ပါသေးတယ်။ ဒါကြောင့်ဘရှင်မဟာကောဋ္ဌိက-က ဆက်ပြီးတော့ မေးပြန်တယ်။

"အရှင်သာရိပုတြာ တဲ့၊ သောတာပန် ဖြစ်ပြီးလျှင် အဲဒီ သောတာပန်ပုဂ္ဂိုလ်ကတော့ ဘယ်တရားကို ရှုရပါသလဲ" လို့ မေးပြန်ပါတယ်။ ဒီတော့ အရှင်သာရိပုတြာက ဒီလို ဖြေကြား တော်မူပြန်ပါတယ်။ သောတာပန်ပုဂ္ဂိုလ်လဲဘဲ ဒီဥပါဒါနက္ခန္ဓာ ငါးပါးကိုဘဲ အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် ရှုရပါတယ် တဲ့။ ဒီလို ရှုတော့ ဘာ ဖြစ်သွားတုံး ဆိုယင်၊ သောတာပန်အဖြစ် က **သကဒါဂါမ်** ဖြစ်သွားနိုင်ပါတယ် တဲ့။

အဲဒီ သကဒါဂါမ်ကကော ဘာကို ရှုရသလဲ လို့ ဆိုတော့- သကဒါဂါမ်ကလဲ ဒီဥပါဒါနက္ခန္ဓာ ငါးပါးကိုဘဲ အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ရှုရပါတယ် တဲ့။ ဒီလို ရှယင် **အနာဂါမ်** ဖြစ်-သွားနိုင်ပါတယ် တဲ့။ အနာဂါမ်ကကော ဘာကို ရှုရပါသလဲ လို့ ဆိုတော့- အနာဂါမ်ကလဲ ဒီဥပါဒါနက္ခန္ဓာငါးပါးကိုဘဲ အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ရှုရပါတယ် တဲ့။ ဒီလို ရှုတော့ **ရဟန္တာ** ဖြစ်သွားနိုင်ပါတယ် တဲ့။

ရဟန္တာလဲ ရူရတယ်

ရဟန္တာဖြစ်သွားတော့ ဘာကိုရူရသေးသလဲ လို့ အရှင်မဟာကောဋ္ဌိက-က မေးပြန်တယ်။ ဒီတော့ အရှင်သာရိပုတြာမထေရ်မြတ်က "ရဟန္တာလဲ ဒီဥပါဒါနက္ခန္ဓာငါးပါးကိုဘဲ အနိစ္စ ဒုက္ခ အနတ္တအားဖြင့် မှန်စွာ ရူရတယ်" လို့ ဖြေကြားပါတယ်။ ဒီဖြေကြားချက်ကို ထောက်ပြီးတော့ "ဥပါဒါနက္ခန္ဓာ တရားတွေဟာ ရဟန္တာ ဖြစ်ပြီးသည့်တိုင်အောင် ရူရတဲ့ တရားကွဲဘဲ" လို့ သန္နိဋ္ဌာန်ကျ ခိုင်မြဲစွာ မှတ်ထားကြရမယ်။

ဒီလို ရူတော့ ရဟန္တာပုဂ္ဂိုလ်မှာ ဘယ်လို အကျိုးကို ရပါသေးသလဲ၊ ပစ္စေကဗုဒ္ဓါ ဖြစ်သွားဦးမှာလား သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်သွားဦးမှာလား လို့ ဒီလို တွေးစရာ မေးစရာ တွေရှိပါတယ်။ အဲဒီလို ဘုရား, ပစ္စေကဗုဒ္ဓါတော့ မဖြစ်ပါဘူး၊ ရဟန္တာပုဂ္ဂိုလ်ဟာ ရဟန္တာအဖြစ်နဲ့ဘဲ သံသရာဘဝဇာတ် ချုပ်ငြိမ်းပြီးပရိနိဗ္ဗာန် ဝင်စံသွားရပါတယ်။

ဘာကြောင့်လဲ ဆိုယင် ရဟန္တာမှာ မပယ်ရသေးတဲ့ ကိလေသာ, မငြိမ်းသေးတဲ့ ကိလေသာရယ်လို့ မရှိတော့ဘူး၊ ကိလေသာတွေ အားလုံး ပယ်ပြီးသား ငြိမ်းပြီးသားချည်း ဖြစ်နေတယ်။ဒါကြောင့် မပယ်ရသေးတဲ့ ကိလေသာကို ပယ်နိုင်အောင်၊ မငြိမ်းသေးတဲ့ ကိလေသာ ကင်းငြိမ်းရအောင် ကျင့်စရာ မရှိတော့ပါဘူး။ ပြီးတော့ ရဟန္တာမှာ မပြည့်စုံသေးတဲ့ သီလ သမာဓိ ပညာရယ်လို့လဲ မရှိတော့၊ ပြည့်စုံသင့်တဲ့ သီလ သမာဓိ ပညာတွေဟာ အားလုံး ပြည့်စုံပြီးသားချည်း ဖြစ်နေတယ်။

ဒါကြောင့် မပြည့်စုံသေးတဲ့တရားကို ပြည့်စုံအောင် အားထုတ်ဘို့ ဆိုတာလဲ မလိုတော့ပါဘူး။ ပြီးတော့ ရပြီးဖြစ်တဲ့ တရားတွေ တိုးတက်အောင်လို့ ကျင့်စရာလဲ မလိုတော့ပါဘူး။ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်မှာ ဂိုပဿနာရှုတဲ့အတွက် မပြည့်စုံသေးတဲ့ တရားအသစ် တိုးတက်ခြင်း အကျိုးလဲ မရှိပါဘူး၊ ပြည့်စုံပြီး တရားဟောင်း တိုးပွါးခြင်းလဲ မရှိပါဘူးတဲ့။

ရဟန္တာမှာ ရှုခြင်း၏ အကျိုး

ရဟန္တာပုဂ္ဂိုလ်မှာ ဥပါဒါနက္ခန္ဓာငါးပါးကို ရှုတဲ့အတွက် ရရှိတဲ့အကျိုးကတော့- "ဒိဋ္ဌဓမ္မသုခဝိဟာရ" ခေါ်တဲ့ မျက်မှောက်ဘဝမှာ ချမ်းသာစွာနေရခြင်း အကျိုးလဲ ရှိပါတယ်တဲ့။ ချမ်းသာစွာ နေရပုံကတော့- ရဟန္တာပုဂ္ဂိုလ်ပေမယ့်လို့ ဝိပဿနာမရှုဘဲ အလုတ်နေလို့ရှိယင် အာရုံ ၆-ပါးတွေက ဟိုကပေါ်လိုက် ဒီကပေါ်လိုက်နဲ့ မချမ်းမြေ့စရာ စိတ်မသက်သာစရာ ဖြစ်နေပါတယ်တဲ့၊ ဒီနေရာမှာ စိတ်မချမ်းမြေ့စရာဆိုပေမယ့်လို့ စိတ်နှလုံးမသာ ဖြစ်တာတော့ မဟုတ်ပါဘူး၊အလို မရှိပါဘဲနဲ့ အာရုံအမျိုးမျိုးတွေကို မပြတ်တွေ့နေရတဲ့အတွက် စိတ်သက်သာရာ. မရတာကိုသာ ဆိုလိုပါတယ်။ ရဟန္တာကို မပြောနဲ့တော့ တရားထဲမှာ စိတ်ဝင်စားနေတဲ့ ယခုကာလ ယောဂီပုဂ္ဂိုလ် အချို့တောင်မှ ဒီလို အာရုံအမျိုးမျိုးတွေကို တွေ့နေရတာဟာ စိတ်မသက်သာဘဲ ဖြစ်နေတတ်သေးတယ်။ ဒါကြောင့် အချို့ယောဂီ ဒကာ ဒကာမတွေဟာ ကမ္မဋ္ဌာန်းကျောင်းက အိမ်ပြန်သွားတဲ့ အခါမှာ အရပ်ထဲရောက်သွားတော့ ဟိုအာရုံ မြင်ရ၊ ဒီအာရုံ ကြားရ၊ အလုပ်အကိုင်အမျိုး

မျိုးနဲ့စပ်ပြီး ပြောဆို လုပ်ကိုင်နေတာတွေကို တွေ့ရနဲ့ စိတ်မအေးချမ်းဘဲ မနေတတ်ဘဲ ဖြစ်နေတတ်တယ်၊ ဒါကြောင့် တချို့က ကမ္မဋ္ဌာန်းကျောင်းကို ပြန်လာတတ်ကြတယ်။ တချို့ကတော့လဲ ဒီလို အိမ်မှာ မနေတတ် မထိုင်တတ် ဖြစ်တယ် ဆိုတာဟာ တယ်မကြာပါဘူး၊ လေး ငါး ဆယ်ရက်လောက်ပါဘဲ၊ တော်တော်ကြာတော့ အိမ်စိတ်ဝင်ပြီး ရှေးကလိုဘဲ ကိုယ့်အိမ် ကိုယ့်အလုပ်နဲ့ ပျော်ပြီး နေတတ်သွားတာပါဘဲ။ ရဟန္တာပုဂ္ဂိုလ်ကတော့ အဲဒီလို မူလမဖြန် တော့ဘူး၊ ဒါကြောင့် အာရုံအမျိုးမျိုးတွေကို ဝိပဿနာမရှုဘဲ တွေ့နေရယင် စိတ်မသက်သာဘဲ ဖြစ်နေတယ်၊ ပေါ်လာသမျှကို မပြတ်ရှုပြီး နေမှ ဝိပဿနာသုခကို ရပြီး ချမ်းသာနေပါတယ် တဲ့။ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်မှာ ဒီဥပါဒါနက္ခန္ဓာငါးပါးကို ရှုနေတဲ့အတွက် မျက်မှောက်ဘဝမှာ ချမ်းသာစွာနေရခြင်း ဆိုတဲ့အကျိုးကိုလဲ ရပါတယ် တဲ့။

ပြီးတော့ အမြဲမပြတ် နှလုံးသွင်း ရှုမှတ် လေ့လာနေတဲ့အတွက် အမှတ်ရတဲ့ သတိ နှင့် အနိစ္စ ဒုက္ခအနတ္တာသဘောတွေကို အမှန်အတိုင်း မျက်မှောက်သိတဲ့ သမ္မာဉဏ်ဥာဏ် ဆိုတာတွေဟာ မပြတ်ဖြစ်ပွားနေတယ်။ အဲဒီလို သတိသမ္မာဉဏ် မပြတ်ဖြစ်ပွားနေခြင်းအကျိုးလဲ ရှိပါတယ် တဲ့။ ဒီလို မပြတ်ရှုပြီး သတိသမ္မာဉဏ် မပြတ်ပွားနေတဲ့ ရဟန္တာပုဂ္ဂိုလ်ကို သတတဝိဟာရီပုဂ္ဂိုလ် လို့လဲ ခေါ်တယ်။ ဒီလိုပုဂ္ဂိုလ်မှာ ဖလသမာပတ်ကို အလိုရှိတဲ့အခါ အချိန်မရွေး ဝင်စားနိုင်တယ်၊ ကာလအပိုင်းအခြားအားဖြင့်လဲ အလိုရှိသလောက် တည်ဘုံစေနိုင်တယ်။ ယခုပြောခဲ့တဲ့ ဒိဋ္ဌဓမ္မ

သုခဒိဟာရ နှင့် သတိသမ္ပဇဉ် ဆိုတဲ့ ဒီအကျိုး နှစ်ပါးအတွက် ရဟန္တာပုဂ္ဂိုလ်မှာ ဝိပဿနာ ရှုရပါတယ် တဲ့။

ယခုပြောခဲ့တာတွေဟာ သိလဝန္တ သုတ်မှာအရှင်သာရိပုတြာ ဖြေကြားထားပုံတွေပဲဗျ။ သုတဝန္တ သုတ် မှာလဲ ဒီနည်းအတိုင်းပဲ ဖြေထားပါတယ်။ ထူးတာကတော့ သီလဝန္တ-သီလ ပြည့်စုံတဲ့ ရဟန်းဆိုတာနဲ့ သုတဝန္တ-သုတ ပြည့်စုံတဲ့ ရဟန်းလို့ ဆိုတာလောက်ပဲ ထူးပါတယ်။ ကျန်တဲ့ စကားရပ်တွေကတော့ အကုန်လုံး တထပ်တည်း တူနေပါတယ်။ ဒါကြောင့် ဒီသီလဝန္တ သုတ်, သုတဝန္တသုတ်များနှင့်တကွ ခန္ဓဝင်းပါးဆိုင်ရာ အခြားဆုတ်များကိုပါ အမှီပြုပြီးတော့-

"ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာ ရှု၍ ဖြစ်သနည်း။ စွဲလမ်းနိုင်ရာ၊ ဝင်းခန္ဓာ၊ မှန်စွာ ရှု၍ ဖြစ်သတည်း" ဆိုတဲ့ ဒီဆောင်ပုဒ်ကလေးတွေကို ရေးထားတယ်၊ အဲဒါကို အထူးသတိပြုပြီးတော့ မှတ်ထားကြပါ။ ဆောင်ပုဒ်ထဲမှာ "စွဲလမ်းနိုင်ရာဝင်းခန္ဓာ"လို့ ဆိုတာဟာ ဥပါဒါနက္ခန္ဓာဝင်းပါးဘဲ ဆိုတာလဲ ခုနကပြောခဲ့ပြီ၊ မမြဲတာကို မြဲတဲ့အနေနဲ့ စွဲလမ်းတယ်၊ ဆင်းရဲကို ချမ်းသာအနေနဲ့ စွဲလမ်းတယ်၊ ပုဂ္ဂိုလ် သတ္တဝါ ငါကောင် မဟုတ်တာတွေကို ပုဂ္ဂိုလ် သတ္တဝါ ငါကောင် အနေနဲ့ စွဲလမ်းတယ်၊ ဒီလို စွဲလမ်းနိုင်တဲ့ ရုပ်နာမ်တွေကို "ဥပါဒါနက္ခန္ဓာ"ခေါ်တယ် ဆိုတဲ့ အကြောင်းလဲ အတော်အတန် ပြောခဲ့ပါပြီ။ ဒါပေမယ့် သာဓကပါဦးတော့ ထုတ်ပြနေတာနဲ့ အဆက်ပြတ်သွားသလို ဖြစ်သွားတယ်၊ ဒါကြောင့် ဒုါရ ၆-ပါးက စွဲလမ်းနေကြပုံကို ယခု ထပ်ပြီးတော့ ပြောဦးမယ်။

ဒုဂါရ ၆-ပါးက စွဲလမ်းပုံ

ယခု လူတွေဟာ မြင်ရာကလဲ ကိုယ့်ကိုယ်ရော, သူများကိုယ်ရော မြဲတဲ့အနေအားဖြင့်လဲ ထင်မြင်စွဲလမ်းနေကြတယ်၊ ရှေးကလဲ ရှိ, ယခုလဲ ရှိ, နောင်လဲ ရှိ, အမြဲတမ်းရှိနေတယ်လို့ ထင်နေကြတယ်၊ ချမ်းသာတယ်, ကောင်းတယ်, လှပတင့်တယ်တယ်လို့လဲ ထင်နေကြတယ်၊ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်သတ္တဝါကောင်တွေဘဲလို့လဲ ထင်နေကြတယ်။ အဲဒီ မြင်ရာကလိုဘဲ ကြားရာကလဲ ဒီနည်းအတိုင်းဘဲ ထင်မြင်စွဲလမ်းနေကြတယ်၊ အနံ့ကို နံရာကလဲ ဒီအတိုင်းဘဲ ထင်မြင်စွဲလမ်းနေကြတယ်။ အရသာကို စားသိရာကလဲ ဒီအတိုင်းဘဲ ထင်မြင်စွဲလမ်းနေကြတယ်။ တွေ့ထိရာကလဲ ဒီအတိုင်းဘဲ ထင်မြင်စွဲလမ်းနေကြတယ်၊ တွေ့ထိတာတွေကတော့ တကိုယ်လုံးမှာ အနှံ့အပြားအင်မတန် ကျယ်ပြန့်ပါတယ်၊ အသွေးအသား စိုနေတဲ့ နေရာတိုင်းက အတွေ့အထိ ဖြစ်ပေါ်နိုင်တယ်၊ ဖြစ်ပေါ်လာတဲ့ အတွေ့အထိတိုင်းက စွဲလမ်းမှု ဖြစ်နိုင်တယ်။ ခုနက ပြောခဲ့တဲ့ လက် ခြေ ကွေးတာ ဆန့်တာ လှုပ်ရှားတာတွေလဲ အကုန်လုံး အတွေ့အထိတွေချည်းဘဲ။ မိုက်ထဲက ဖောင်းလိုက် ဝန်လိုက်နဲ့ တောင့်တင်း လှုပ်ရှားနေတာတွေ လဲ အတွေ့အထိတွေ ဘဲ။ တော်တော်ကြာမှ အဲဒါတွေကို အသေးစိတ် ရှင်းပြီး ပြောရဦးမယ်။

ပြီးတော့ စိတ်ကူး စဉ်းစား ကြံစည်နေရတာကိုလဲ "အယင်က ရှိနေတဲ့ငါကဘဲ ယခု ကြံစည်တယ်၊ ကြံပြီးတော့လဲ ရှိမြဲရှိနေတယ်" လို့ မြဲတဲ့အနေနဲ့လဲ ထင်မှတ်နေကြတယ်၊ ငါကောင်

အနေနဲ့လဲ ထင်မှတ်နေကြတယ်။ အဲဒီလို စိတ်ကူး စဉ်းစား ကြံစည် နေရတာကို ပျော်စရာကောင်းတယ်၊ သာယာစရာ ကောင်းတယ်လို့လဲ ထင်မှတ်နေကြတယ်၊ အဲဒါဟာ ချမ်းသာလို့ ထင်နေတာပါဘဲ။ ဒါကြောင့် ဒီလို စိတ်ကူး စဉ်းစား ကြံစည် နေရတာတွေ အကုန်လုံးပျောက်သွားမယ် ဆိုယင် လက်မခံနိုင် ကြဘူး၊ သဘောမကျနိုင်ကြဘူး၊အဲဒါဟာ သာယာစဲ့လမ်းနေ လို့ပေါ့။

ယခု ပြောခဲ့တဲ့အတိုင်း ဒုါရ ၆--ပါးက ယင်ပေါ်လာတဲ့ တရားတွေကို မြဲတဲ့အနေ၊ ချမ်းသာတဲ့အနေ၊ ငါ့ကောင် သတ္တ ဝါကောင်အနေနဲ့ စဲ့လမ်းနေတယ်၊ တဏှာနဲ့လဲ သာယာပြီး စဲ့လမ်းတယ်၊ ဒိဋ္ဌိနဲ့လဲ အထင်မှားပြီး စဲ့လမ်းတယ်။ အဲဒီလို စဲ့လမ်းနိုင်တဲ့ ခန္ဓာငါးပါး တရားတွေကို ရှုရတာပါဘဲ။

ရှုနည်းမှန်မှ ဝိပဿနာ

ရှုတော့လဲ "ယောနိသော မနသိကာတဗ္ဗာ" လို့ ဆိုထား တဲ့အတိုင်း နည်းမှန်လမ်းမှန်အတိုင်း ရှုဘို့ လိုပါတယ်။ ရှုပုံက နည်းလမ်း မှန်ပါမှ ဝိပဿနာ ဖြစ်တယ်၊ မမှန်ယင်တော့ ဝိပဿနာ မဖြစ်ဘူး၊ ဟုတ်လား။ မြဲတဲ့အနေနဲ့ ရှုနေလျှင် ဘယ်မှာ ဝိပဿနာ ဖြစ်မှာလဲ။ ချမ်းသာတဲ့အနေ၊ လှုပ တင့်တယ်တဲ့အနေ၊ အသက်ကောင် သတ္တဝါကောင်အနေနဲ့ ရှုနေလျှင် ဘယ်မှာ ဝိပဿနာ ဖြစ်မှာလဲ။ နည်းလမ်းမှန် အတိုင်း ရှုမှ ဝိပဿနာဉာဏ်က ဖြစ်တာ။

ရုပ်နာမ်တရားတွေ ဆိုတာက မမြဲတဲ့တရားတွေဘဲ၊ အဲဒီ မမြဲတာတွေကို မမြဲတဲ့အနေနဲ့ အမှန်အတိုင်းသိအောင်လို့ ရှုရ

တယ်။ ပြီးတော့ အဲဒီ ရုပ်နာမ်တရားတွေက ဖြစ်လိုက် ပျက်လိုက်နဲ့ မပြတ်နှိပ်စက်နေလို့ ကြောက်စရာကောင်းတဲ့ ဆင်းရဲချည်းဘဲ၊ အဲဒီ ကြောက်စရာကောင်းတဲ့ ဆင်းရဲတွေကို ကြောက်စရာကောင်းတဲ့ ဆင်းရဲအနေနဲ့လဲ အမှန်အတိုင်း သိအောင်လို့ ရှုရတယ်။ ပြီးတော့ အဲဒီ .တရားတွေက ပုဂ္ဂိုလ် သတ္တဝါကောင် ငါကောင် မဟုတ်တဲ့ သဘောတရားတွေချည်းဘဲ၊ အဲဒါတွေကို ပုဂ္ဂိုလ် သတ္တဝါကောင် ငါကောင် မဟုတ်တဲ့ သဘောတရားအနေနဲ့လဲ အမှန်အတိုင်း သိအောင်လို့ ရှုရတယ်။ ဒါကြောင့် "စဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှု၍ ဖြစ်သတည်း" လို့ ဆောင်ပုဒ်က ဆိုထားတာ။ "မှန်ကန်စွာ ရှုရမယ်၊ မှန်ကန်စွာ ရှုမှ ဝိပဿနာဉာဏ် ဖြစ်တယ်" လို့ ဆိုလိုပါတယ်။

ရှုပုံ အကျဉ်းချုပ်

ဒါကြောင့် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဒုဂ္ဂဝေဒနာတွေလဲ ဖြစ်-ပါးက ထင်ရှားပေါ်လာတဲ့ ရုပ်နာမ်တွေကို အမှန်အတိုင်း ရှုရတယ်။ မြင်ယင် မြင်တာဟာ မှန်နေတာဘဲ၊ အဲဒါကို "မြင်တယ်, မြင်တယ်" လို့ ရှုရတယ်။ ထိုအတူ ကြားယင်လဲ "ကြားတယ်" လို့ ရှုရတယ်၊ နံယင်လဲ "နံတယ်" လို့ ရှုရတယ်၊ အရသာကို စားသိယင်လဲ "သိတယ်" လို့ ရှုရတယ်၊ ကိုယ်ထဲက တွေ့ထိယင်လဲ "ထိတယ်" လို့ ရှုရတယ်၊ ညောင်းတာ ပူထာ နာကျင် ကိုက်ခဲတာ-ဒီလို အခံခက်တဲ့ ဒုက္ခဝေဒနာတွေလဲ တွေ့ထိရာက ဖြစ်ပေါ်လာတာတွေဘဲ၊ အဲဒါတွေလဲ "ညောင်းတယ်၊ ပူတယ်၊ နာတယ်" စသည်ဖြင့် ရှုရတယ်။ စိတ်ကူး စဉ်းစားတာတွေ ဖြစ်ပေါ်လာယင်လဲ "စိတ်ကူးတယ်၊ စဉ်းစား

တယ်၊ လိုချင်တယ်၊ နှစ်သက်တယ်၊ သာယာတယ်" စသည်ဖြင့် သူဖြစ်ပေါ်လာတဲ့အတိုင်းဘဲ ရှုရတယ်။ ဒါပေမယ်လို့ ပဌမ ရှုခါစ ပုဂ္ဂိုလ်ကတော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဒဋ္ဌရ ဖြ-ပါးက ဖြစ်ပေါ်လာသမျှကို အကုန်လုံး စေ့ငုအောင် လိုက်ပြီး မရှုနိုင်သေးဘူး။ ဒါကြောင့် နည်းနည်းက စပြီးတော့ ရှုရတယ်။

အာဃးထုတ်ခါစရှုပုံရှုနည်း

ရှုပုံကတော့-အသက်ရှူတိုင်း နှိုက်တိုင်း ဝမ်းဗိုက်က ဖေါင်း လိုက် ပိန်လိုက်နဲ့ လှုပ်ရှားနေတဲ့ရုပ်ဟာ အထူးသဖြင့် ထင်ရှား နေတယ်၊ အဲဒီ လှုပ်ရှားရုပ်ကလေးက စပြီး ရှုရတယ်၊ ဖေါင်း တက်လာတဲ့ လှုပ်ရှားရုပ်ကလေးကို "ဖေါင်းတယ်"လို့ ရှုရ တယ်၊ ပန်ကျသွားတဲ့ လှုပ်ရှားရုပ်ကလေးကို "ပန်တယ်"လို့ ရှုရတယ်။ ဒီ "ဖေါင်းတယ်၊ ပိန်တယ်" ဆိုတဲ့ ရှုပုံကလေးက စာသံ ပေသံ မပါတဲ့အတွက် ဘာမှ မဟုတ်သလိုလဲ ထင်နေ တတ်ကြတယ်၊ ဝိပဿနာအကြောင်း ကောင်းကောင်း မသိ သေးတဲ့ ဒာရိုပုဂ္ဂိုလ်တွေက "ဖေါင်းတာ ပိန်တာဟာ စာနဲ့ ပေနဲ့ မဆိုင်ပါဘူး၊ ဘာမှ မဟုတ်ပါဘူး" လို့လဲ ပစ်ပယ်ပြီး ပြောနေကြတယ်။ ဟုတ်တယ် သူ့ဥစ္စာ စာသံ ပေသံက မပါ တော "ဘာမမဟတ်ဘး"လို ထင်မယ်ဆိုယင်လဲ ထင်စရာပါဘဲ။

ဒါပေမယ့် သဘောတရား အနေနဲ့ကတော့ တကယ့်ကို ဟုတ်နေတာ၊ ဖေါင်း တက်လာတာလဲ တကယ်ကို ဟုတ်နေ တာဘဲ၊ ပိန်ကျသွားတာလဲ တကယ်ကို ဟုတ်နေတာဘဲ၊ လှုပ် ရှားတဲ့ ဝါယောရုပ်သဘော တကယ်ကို ဟုတ်နေတာဘဲ။

"ဖေါင်းတယ်၊ ပိန်တယ်" ဆိုတဲ့ အမည်ကတော့ ခေါ်လို့ပြောလို့ လွယ်အောင် အရပ်သုံးစကားအတိုင်း ဘုန်းကြီးတို့က ညွှန်ကြားပြသနေတာဘဲ။ အမှန်ကတော့ ကျမ်းဂန်စကားနဲ့ပြောရယင် ဖေါင်းတာ ဓါတုဟာ ဝါယောဓာတ်ပဲ။ ဖေါင်းတိုင်း ပိန်တိုင်း ဗိုက်ကို ဉာဏ်နဲ့ စိုက်ပြီး ကြည့်နေယင် ဘာထင်ရှားသလဲ လို့ ဆိုတော့-တောင့်တင်းတဲ့သဘောလဲထင်ရှားတယ်၊လှုပ်ရှားတဲ့သဘောလဲထင်ရှားတယ်၊ တနေရာက တနေရာကို ရွှေ့ဆောင်နေတဲ့သဘောလဲ ထင်ရှားတယ်။

ဝါယောဓာတ်၏ လက္ခဏာစသည်

ဒီအထဲမှာ တောင့်တင်းတဲ့သဘောက ဝါယောဓာတ်ရဲ့ ဓာတုမနသိကာရဘဲ၊ လှုပ်ရှားတဲ့သဘောက ဝါယောဓာတ်ရဲ့ သမုဒီရဏရသ ဘဲ၊ တနေရာက တနေရာကို ရွှေ့ဆောင်နေသလို ထင်တာက ဝါယောဓာတ်ရဲ့ အဘိနီဟာရပစ္စုပဋ္ဌာန်ဘဲ။ ဝါယောဓာတ်ကို အမှန်အတိုင်း သိယင် ဒီလက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်တွေနဲ့ သိရတယ်၊ ဒါကြောင့် အဲဒီ လက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်နဲ့ အမှန်အတိုင်း သိရအောင်လို့ ရှုရတာဘဲ။ **ဝိပဿနာ** ဆိုတာ ရုပ်တရား နာမ်တရားတွေကို သဘောမှန်အတိုင်းသိတဲ့ **နာမရူပပရိစ္ဆေဒဉာဏ်**က စပြီး အားထုတ်ရတယ်၊ ရုပ်နာမ် ဒွစ်ပါးထဲကလဲ (ဝိပဿနာသက်သက်က စပြီးရှုတဲ့)**ဝိပဿနာယာနိကပုဂ္ဂိုလ်**မှာ ရုပ်တရားက စပြီး ရှုရတယ်။ ရှုတော့ ဘယ်လို ရှုရသလဲ ဆိုယင်....

"**လက္ခဏရသာဒိဝေသန** ပရိဂ္ဂဟောတ္ဘာ" လို့ (ဝိသုဒ္ဓိ၂-၂၂၂) ဝိသုဒ္ဓိမဂ်က မိန့်ဆိုထားပါတယ်။

လက္ခဏရသာဒီပဒေသနာ၊ သဘာဝလက္ခဏာ,ရသ စသည်တို့၏ အလိုအားဖြင့်။ ပရိဂ္ဂဟေတဗ္ဗာ၊ သိမ်းဆည်းအပ်ရှုအပ်ကုန်၏ တဲ့။

ရုပ်တရားဘဲ ဖြစ်ဖြစ်၊ နာမ်တရားဘဲ ဖြစ်ဖြစ် ဝိပဿနာစပြီးရှုလျှင် သဘောလက္ခဏာနဲ့ယင်လဲ ရှုရမယ်၊ ရသနဲ့ယင်လဲ ရှုရမဲ့ယ်၊ ပြီးတော့ "အာဒေ-စသည်" ဆိုတဲ့ စကားအရ ပစ္စုပဋ္ဌာန်နဲ့ယင်လဲ ရှုရမယ် တဲ့။ ဒီနေရာမှာ အာဘိဓမ္မတ္ထသင်္ဂဟကျမ်းက ပြဆိုထားတာလဲ တိုတိုကလေးနဲ့ အင်မတန် ရှင်းပါတယ်။ ဘယ်လိုလဲ ဆိုတော့....

လက္ခဏာရသပစ္စုပဋ္ဌာနပဒဋ္ဌာနဝေသန နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိ နာမ တဲ့။

လက္ခဏရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝေသန၊ လက္ခဏာအလို ရသအလို ပစ္စုပဋ္ဌာန်အလို ပဒဋ္ဌာန်အလိုအားဖြင့်။ နာမရူပပရိဂ္ဂဟော၊ နာမ်ရုပ်တို့ကို သိမ်းဆည်းခြင်း ရှုခြင်းသည်။ ဒိဋ္ဌိဝိသုဒ္ဓိ နာမ၊ ဒိဋ္ဌိဝိသုဒ္ဓိ မည်ပါတယ် တဲ့။

ဆိုလိုတာကတော့ ဝိပဿနာဆိုတာ အခြေခံအဖြစ်ဖြင့် (နာမ်ရုပ်ကို သိမ်းဆည်းတဲ့) နာမရူပပရိစ္ဆေဒဉာဏ်က စရတယ်၊ ဝိသုဒ္ဓိ (၇)ပါးထဲမှာလဲ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ ပြည့်စုံပြီးတဲ့နောက် ဒိဋ္ဌိဝိသုဒ္ဓိကဘဲ စရတယ်၊ အဲဒီ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိ ပြည့်စုံအောင် နာမ်တရား ရုပ်တရားတွေကို လက္ခဏာအလိုအားဖြင့်လဲ သိမ်းဆည်း ရှုမှတ်ပြီး သိရတယ်၊ ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့အလိုအားဖြင့်လဲ သိရတယ်။ ဒီလို သိမ်းဆည်း ရှုမှတ်ပြီးတော့ နာမ်ရုပ်နှစ်ပါးကို ပိုင်းခြားပြီး,

သိတာဟာ "နာမရူပပရိစ္ဆေဒဉာဏ်" ခေါ်တယ်၊ အဲဒီဉာဏ် ရင့်ကျက်တဲ့အခါမှာ ဒီဌိဝိသုဒ္ဓိ ဖြစ်တယ်လို့ ဒီလို ဆိုလိုပါတယ်။

ဒီအထဲမှာ "လက္ခဏာအလိုအားဖြင့် သိတယ်" ဆိုတာဟာ ရူပ်နာမ်တို့၏ အထည်ကိုယ်ဖြစ်တဲ့ သဘောလက္ခဏာကို သိတာပါဘဲ၊ "ရသ, ပစ္စုပဋ္ဌာန်တို့အလိုအားဖြင့် သိတယ်" ဆိုတာလဲ ထိုရူပ်နာမ်တို့၏ ကိစ္စရသကို ဆိတာ, ထင်ပေါ်သော ပစ္စုပဋ္ဌာန်ကို သိတာတော့ပါဘဲ။ ပဒဋ္ဌာန်ကိုသိဘို့ကတော့ ဝိပဿနာရှုခါစမှာ မလိုလှသေးပါဘူး။ ဒါကြောင့် ဒီမှာ လက္ခဏာရယ်, ရသရယ်, ပစ္စုပဋ္ဌာန်ရယ် ဒီ ၃-မျိုးနဲ့ သိပုံကိုသာ ရှင်းပြသွားမယ်။

ယခု ထုတ်ပြခဲ့တဲ့ ဝိသုဒ္ဓိမဂ်မှာရော အာဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာရော နာမ်ရူပ်တို့ကို အမည်နာမနှင့် ရှုရမယ်လို့လဲ မပြဘူး၊ အရေအတွက်ဂဏန်းသင်္ချာနှင့် ရှုရမယ်လို့လဲ မပြဘူး၊ အမှန့်အမှန့် အထည်ခြင်္ဂါနှင့် ရှုရမယ်လို့လဲ မပြဘူး၊ ဖွဲးဖွဲး ဖွဲးဖွဲး ဖြစ်နေပုံနှင့် ရှုရမယ်လို့လဲ မပြဘူး၊ အမှန်ပြတာကတော့ လက္ခဏာ, ရသစသည်တို့နှင့်သာ ရှုရမယ်လို့ ပြထားတယ်။ အဲဒါကို အထူးသတိပြုကြရမယ်၊ အဲဒါကို သတိမပြုယင် ဖွဲးဖွဲး ဖွဲးဖွဲး ပညတ်၊ အမှန့်အမှန့်ပညတ်၊ အရေအတွက်ပညတ်၊ အမည်နာမပညတ်တွေ ရောက်ကုန်တတ်တယ်။

နာမ်ဘာရား ရူပ်တရားတွေကို လက္ခဏာ, ရသစသည်နဲ့ ရှုရမယ်လို့ အဋ္ဌကထာများက ပြဆိုထားတဲ့အတိုင်း၊ ဝါယောဓာတ်ရူပ်ကို ရှုလျှင် သူ့လက္ခဏာ၊ သူ့ရသ၊ သူ့ပစ္စုပဋ္ဌာန်

မျှားနဲ့ ရှုရလိမ့်မယ်။ အဲဒီတော့ "ဝါယောဓာတ်ရဲ့ လက္ခဏာက ဘာလဲ"လို့ ဆိုယင်၊ "ဝိတ္ထမ္ဘနလက္ခဏာ ဝါယောဓာတု" တဲ့။ ဝါယောဓာတု၊ ဝါယောဓာတ်သည်။ ဝိတ္ထမ္ဘနလက္ခဏာ၊ ထောက်ကန် တောင့်တင်းခြင်း လက္ခဏာရှိပါတယ် တဲ့။ လက္ခဏာ ဆိုတာ အထည်ကိုယ်သဘောရင်းဘဲ။ ဒါကြောင့် ထောက်ကန်တာ တောင့်တာ တင်းတာဟာ ဝါယောဓာတ်ရဲ့ အထည်ကိုယ်ဘဲ၊ အဲဒီ ထောက်ကန်တာ တောင့်တာ တင်းတာသည် ပင်လျှင် ဝါယောဓာတ်ပဲလို့ မှတ်ရမယ်။

ဝါယောဓာက်ရဲ့ ရသ-က ဘာလဲ ဆိုယင်၊ "သမ္ပဋိစ္ဆနရသာ"လို့ မိန့်ဆိုထားတဲ့အတိုင်း လှုပ်ရှားခြင်းဟာ သူ့ရသ သူ့ကိစ္စပါဘဲ တဲ့။ ဝါယောဓာတ်ရဲ့ ပစ္စုပဋ္ဌာန်က ဘာလဲ ဆိုယင်၊ "အဘိနိဟာရပစ္စုပဋ္ဌာနာ"လို့ မိန့်ဆိုထားတဲ့အတိုင်း ရှေးရှုဆောင်ခြင်းဟာ သူ့ပစ္စုပဋ္ဌာန်ပါဘဲ၊ ပစ္စုပဋ္ဌာန် ဆိုတာ ရှုနေတဲ့ယောဂီရဲ့ ဉာဏ်ထဲမှာ ထင်ပေါ်လာတဲ့ အခြင်းအရာပါဘဲ၊ ဝါယောဓာတ်ကို ရှုနေယင် "တနေရာမှ တနေရာကို ရွှေ့ဆောင်နေတယ်၊ တွန်းဆောင်နေတယ်၊ ဆွဲဆောင်နေတယ်" လို့ ယောဂီ၏ ဉာဏ်ထဲမှာ ထင်ပေါ်လာတတ်ပါတယ်၊ အဲဒါဟာ ဝါယောဓာတ်ရဲ့ ပစ္စုပဋ္ဌာန်ပါဘဲ။

ဝမ်းပိုက်က ဖေါင်းတာ, ပိန်တာကို ရှုမှတ်နေယင်၊ ငုံက်ထဲက တောင့်တင်းတာ လှုပ်ရှားတာတွေ, တရွေ့တရွှေ့ချင်း ရွှေ့ဆောင်နေတာတွေ၊ ဒါတွေကို ထင်ရှားသိနေတာဘဲ၊ ဟုတ်လား။ အဲဒါတွေဟာ ဝါယောဓာတ်ရဲ့ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်တွေဘဲ။ ဒီ ဝါယောဓာတ်က အရေးကြီးတယ်၊ သတိ

ပဋ္ဌာန်းဒေသနာ ကာယာနုပဿနာ ဣရိယာပထပိုင်းနဲ့သမ္မဇညပိုင်းမှာ အဋ္ဌကထာဆရာက ဒီ ဝါယောဓာတ်ကိုချည်း ပခာန အားဖြင့် ဖွင့်ပြထားတယ်။ ဖွင့်ပုံကို ပါဠိတော်က စပြီး ထုတ်ပြမယ်။

ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊ ဒါက ဘုရားဟော ပါဠိတော်။

ဂစ္ဆန္တော. ဝါ၊ သ့ဘးသည် ရှိသော်လည်း။ ဝါ၊ သ့ဘးလျှင်လည်း။ ဂစ္ဆာမီတိ၊ သ့ဘးသည်ဟူ၍။ ပဇာနာတိ၊ သိ၏တဲ့။ သ့ဘးတိုင်း သ့ဘးတိုင်း သ့ဘးတဲ့အမှုအရာရုပ်ကို "သ့ဘးတယ်၊ သ့ဘးတယ်" လို့ မပြတ်ရှုပြီး သိဘို့ညွှန်ကြားထားပါတယ်၊ အဲဒီလို ရှုတော့ ညာဏ်ဖြင့် ပိုင်းခြားပြီးသိပုံကို အဋ္ဌကထာမှာ ဒီလို ဖွင့်ပြထားတယ်။

ဂစ္ဆာမီတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ၊ ဝါယောဝိညတ္တိံ ဇနေတိ၊ စိတ္တကိရိယ- ဝါယောဓာတုဝိပ္ဖါရေန သကလကာယဿ ပုရတော အဘိနိဟာရော ဂမနန္တိ ဝုစ္စတိတဲ့။

ဂစ္ဆာမီတိ စိတ္တံ၊ သ့ဘးမည်ကြံသောစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ တံ၊ ထိုစိတ်သည်၊ ဝါယံ၊ တောင့်တင်းလှုပ်ရှား လေရုပ်ကို။ ဇနေတိ၊ ဖြစ်ပေါ်စေ၏။ ဝါယော၊ လေရုပ်သည်။ ဝိညတ္တိံ၊ တုန်းကန်မှုသတ္တိအထူး ဟူသော ဝိညတ်ရုပ်ကို။ ဇနေတိ၊ ဖြစ်ပေါ်စေ၏။ စိတ္တကိရိယာဝါယောဓာတု ဝိပ္ဖါရေန၊ စိတ်ကပြုအပ်သော (ဝါ၊ စိတ်ကြောင့် ဖြစ်သော) တောင့်ထင်း လှုပ်ရှားမှု၏ ပြန့်နှံ့ လှုပ်ရှခြင်းကြောင့်။ သကလ

ကာယဿ၊ တကိုယ်လုံး၏။ ပုရတော အဘိနီဟာရော၊ ရှေ့ဘက်သို့ ရှေးရှုဆောင်သွားခြင်းကို။ ဂမနန္တိ ဝုစ္စတိ၊ သွားခြင်းဟု ခေါ်ဆိုအပ်၏။ ဒီလိုသိပါသတဲ့။

ဆိုလိုတာကတော့– သွားတိုင်း သွားတိုင်း "သွားတယ်, သွားတယ်"လို့ မပြတ်ရှုနေတဲ့ ယောဂီက ဒီလို သိပါတယ် တဲ့၊ "သွားမယ်"ကြံတဲ့စိတ်ကုလေးက ရှေးဦးစွာဖြစ်ပေါ်လာတယ်၊ အဲဒီ စိတ်ကြောင့် တောင့်တင်း လှုပ်ရှားမှုတွေ ကိုယ်ထဲမှာ အနှံ့အပြား ဖြစ်ပေါ်လာတယ်၊ အဲဒီ တောင့်တင်း လှုပ်ရှားမှုတွေ ကိုယ်ထဲမှာ အနှံ့အပြားဖြစ်ပေါ်ပြီး လှုပ်ရှားတွန်းကန်သောကြောင့်ရုပ်ကိုယ်ကြီးတရွေ့ချင်း ရွေ့.ရွေ့.သွားတာကို "ငါသွားတယ်၊သူ သွားတယ်"လို့ ခေါ်ရတာဘဲ။ အမှန်မှာတော့ သွားတတ်တဲ့ ငါကောင်, သူကောင်ရယ်လို့ ရှိတာမဟုတ်ဘူး၊ သွားချင်တဲ့စိတ်နဲ့ လှုပ်ရှားရုပ် ဒီနှစ်မျိုးဘဲ ရှိတယ်လို့ ဒီလို သိသွားပါသတဲ့။ အဲဒါဟာ အဋ္ဌကထာက ဖွင့်ပြထားပုံပါဘဲ။ ဒီ အဋ္ဌကထာစကားထဲမှာ တောင့်တင်း လှုပ်ရှားမှု ဝါယောဓာတ်သိပုံကို ပခာနပြုပြီး ပြထားပါတယ်။ ဒါကြောင့် ဒီဝါယောဓာတ်ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်နဲ့ ကျကျနန နားလည်ထားယင် မိမိတို့ ရှုနေတာ သဘာဝ ကျ, မကျကို ဆုံးဖြတ်နိုင်ပါတယ်။ ဒါကြောင့် ဒီဝါယောဓာတ်ကို တိုတိုနဲ့ မှတ်ရအောင် ဆောင်ပုဒ်ကလေး ပေးဦးမယ်၊ ဒီဆောင်ပုဒ်ကလဲ အသစ်အဆန်းတော့ မဟုတ်ပါဘူး၊ မကြာ မကြာ ဟောနေကျ ဆောင်ပုဒ်အဟောင်းပါဘဲ။ အဲဒီဆောင်ပုဒ်က–

ထောက်ကန် တောင့်တင်း လျော့ခြင်း တမည်၊
ယိမ်း ယိုင် လှုပ်ရှား ရွေ့.သွားတတ်သည်။

သူ လိုရာဘက် တွန်းလျက် ဆောင်သည်၊
ဝါယောဓာတ် သိမ့်တ် မြတ်ယောဂီ တဲ့၊ ဒါပါဘဲ။

ဒီ ဆောင်ပုဒ်ထဲမှာ "ထောက်ကန် တောင့်တင်း လျှော့ခြင်း တမည်" ဆိုတဲ့ ပဌမအပိုဒ်က "ဝိဇ္ဇာနလက္ခဏာ ဝါယောဓာတု" ဆိုတဲ့ အဋ္ဌကထာအရ စီကုံးထားတာပါဘဲ။ အဲဒီမှာ ထောက်ကန်တယ် ဆိုတာကံ စာပေကျမ်းဂန်ထဲမှာ သုံးစွဲစာသုံးစကားဘဲ၊ အရပ်ထဲမှာတော့ သုံးလေ့မရှိဘူး။ ဘော့လုံးထဲမှာ အတွင်းက လေတွေက ပြည့်ပြီး တောင့်ခံထားတော့ အဲဒီဘောလုံးဟာ ဘေးကိုကားပြီး တောင့်တင်း နေတယ်။ အဲဒါကို စာသုံးနဲ့ပြောရယင် ထောက်ကန်ထားတယ်လို့ ပြောရတယ်၊ အရပ်သုံးစကားနဲ့ ဆိုယင်တော့ အဲဒါဟာ တောင့်တင်း နေတာပါဘဲ။ လက်ကို ဒီလို ဆန့်တမ်းထားလိုက်ယင်၊ လက်ထဲမှာ တောင့်တင်းတာတွေ ထင်ရှားနေတယ်၊ အဲဒါတွေဟာ ဝါယောဓာတ်ရဲ့ ထောက်ကန်မှုတွေပါဘဲ။ ထောက်ကန်ဝါယောတွေလို့လဲ ခေါ်ရပါတယ်။

ဥပမာ-လေခေါင်းအုံးပေါ်လေမွှေ့ရာပေါ်မှာ လူက ခေါင်းနဲ့ ကိုယ်နဲ့ ဘီပြီးနေယင် အဲဒီ ခေါင်းတို့ ကိုယ်တို့ဟာ အောက်ကို ကျွန်ကျမသွားဘဲ အပေါ်မှာ မြင့်ပြီး တည်နေတယ်၊ အဲဒါဟာ ခေါင်းအုံးထဲမွှေ့ရာထဲက တောင့်တင်းမှု ဝါယောဓာတ်လေရုပ်တွေက တောင့်ခံပြီး ထမ်းထားလို့ဘဲ။ အုံ့ခဲပုံကြီးတွေ မြင့်တက်နေတာလဲ အောက် အောက်အုံ့ခဲတွေထဲမှာ ရှိတဲ့ တောင့်တင်းမှု ဝါယောဓာတ်တွေက တောင့်ခံပြီး ထမ်းထားလို့ပါဘဲ၊ အကယ်၍သာ အောက်အောက်အုံ့ခဲတွေက တောင့်

ခံမထားယင်တော့ အပေါ်ကအုဉ်ခဲတွေဟာ အောက်ကိုကျ ပြီး နိမ့်ကျသွားကုန်မှာဘဲ။ လူ့ကိုယ်ထဲမှာလဲ ဒီနည်းအတိုင်းဘဲ၊ ထောက်ကန် တောင့်တင်းတဲ့ ဝါယောဓာတ် ဆိုတာတွေက ရုပ်ကိုယ်ကြီးထဲမှာ အနှံ့အပြည့် ရှိနေလို့ ဒီကိုယ်ကြီးဟာ အတုံး အခဲကြီး အထည်ဖြစ်ကြီးအနေနဲ့ ထူထောင်နေနိုင်တာ။ အဲဒီ ထောက်ကန် ထောင့်တင်းတာဟာ ဝါယောဓာတ်ရဲ့ အထည် ကိုယ်ပါဘဲ။ ဒီနေရာမှာ "တောင့်တင်းတယ်" ဆိုတာကလဲ သူ့ လောက် မတောင့်တင်းတာကို ထောက်ဆပြီး ခေါ်ရတာဘဲ၊ သူ့ထက် တောင့်တင်းတာနဲ့ ထောက်ဆလို့က်ယင်တော့ သူ့ကို လျော့တယ်လို့ဘဲ ခေါ်ရပြန်တယ်၊ ထို့အတူ "လျော့တယ်" ဆိုတာကလဲ သူ့ထက် တင်းတာကို ထောက်ဆပြီး ခေါ်ရတာ ဘဲ၊ သူ့ထက် လျော့တာနဲ့ ထောက်ဆလို့က်ယင်တော့ သူ့ကို တောင့်တင်းတယ်လို့ ခေါ်ရပြန်တယ်။ ဒါကြောင့် လျော့တယ် ဆိုတာလဲ ဝါယောဓာတ်ပါဘဲ။ ဒါကြောင့် "ထောက်ကန် တောင့်တင်း လျော့ခြင်း တမည်"လို့ ဆောင်ပုဒ်ထဲမှာ အပြည့် အစုံ ဖေါ်ပြထားတယ်။ ကဲ အဲဒီ ဆောင်ပုဒ်ကို ဆိုရမယ်။

ထောက်ကန် တောင့်တင်း လျော့ခြင်း တမည်၊ (ဆို)
ယဒိမ်း ယိုင် လှုပ်ရှား ရှေ့သွားတတ်သည်၊ (ဆို)

ဒါကတော့ သမုဒီရဏာရသာ လို့ မိန့်ဆိုထားတဲ့ အဋ္ဌ ကထာအရ ဝါယောဓာတ်ရဲ့ **ကိစ္စရသ**ကိုပြတဲ့ဆောင်ပုဒ်စာပိုဒ်ပဲ။ ရွေ့ရှားတာလှုပ်ရှားတာဟာ ဝါယောဓာတ်ရဲ့အလုပ်ပဲ၊ ဝါယော ဓာတ်ဟာသူ အားကောင်းယင် တနေရာမှ တနေရာကို ရွှေ့ရွှေ့ သွားတယ်။ ကိုယ်ထဲမှာ ကွေးလိုက် ဆန့်လိုက် ထိုင်လိုက် ထလိုက် သွားလိုက် လာလိုက်နဲ့ လှုပ်ရှားနေတာတွေဟာ ဝါယောဓာတ်

ချည်းဘဲ၊ အဲဒါဟာ သူ့ကိုစ္စ သူ့အလုပ်နဲ့ ထင်ရှားနေတာတွေ့ ဘဲ။ ဝိပဿနာကို ကောင်းကောင်းအားမထုတ်ဘူးတဲ့ အချို့ ပုဂ္ဂိုလ်တွေက "ကွေးတယ်၊ ဆန့်တယ်လို့ မှတ်ယင် လက်ခြေ ပုံသဏ္ဌာန်ပညတ်တွေ့ ထင်နေမှာပေါ့၊ ညာလှမ်းတယ်၊ ဗယ် လှမ်းတယ်လို့ မှတ်ယင် ခြေကားယား သဏ္ဌာန်ပညတ် ထင်နေ မှာပေါ့၊ ဖေါင်းတယ် ပိန်တယ်လို့ မှတ်ယင် ဧကံဒုသဏ္ဌာန် ပညတ်ကြီး ထင်နေမှာပေါ့" လို့ ဒီလို သူတို့ခဲ့ ထင်မြင်ချက်ကို ပြောကြတယ်။ အဲဒီလို ပြောတာဟာ ရှုခါဝ ပုဂ္ဂိုလ်အတွက် တော့ မှန်သင့်သလောက် မှန်မှာပါဘဲ။ သို့ပေမယ့် သူတို့ ထင်ဘဲ့ အတိုင်း ပညတ်ချည်း ထင်နေမယ် ဆိုတာကတော့ မမှန်ပါဘူး၊ ရှုခါစမှာ ပညတ်လဲ ထင်ပါတယ်၊ ပရမတ် လှုပ်ရှားမှုလဲ ထင် ပါတယ်။ တချို့ကလဲ ပရမတ် လှုပ်ရှားမှု သဘောကိုသာ ရှုရှု မယ်လို့ ညွှန်ပြကြတယ်၊ အဲဒါကလဲ အားထုတ်ခါစ ပုဂ္ဂိုလ် အတွက် မဖြစ်နိုင်တဲ့ အလုပ်ပါဘဲ။ အားထုတ်ခါစမှာ ပညတ် ကို လုံးလုံးမေ့ပျောက်ထားဘို့ ဆိုတာဟာ လက်တွေ့မှာတော့ မဖြစ်နိုင်တဲ့ အလုပ်ပါဘဲ။

ဖြစ်နိုင်တာကတော့ လောကဝေါဟာရအတိုင်း ပညတ်နဲ့ တွဲပြီး ရှုမှာဘဲ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားကို က "ဇန္ဆာမိတိ ပဇာနာတိ-သွားသည်ဟု သိ၏၊ သမိန္ဇတေ-ကွေး သည်ရှိသော်၊ ပသာရိတေ- ဆန့်သည်ရှိသော်" ဤသို့ စသည် ဖြင့် ပညတ်ဝေါဟာရနဲ့ဘဲ ဟောထားပါတယ်၊ "ဒိဃံ အဿသန္တော တိ ပဇာနာတိ-တောင့်တင်းသည်ဟု သိ၏၊ သမုဒိရတိတိ ပဇာ နာတိ- ရွှေ့ရှားသည်ဟု သိ၏" ဤသို့စသည် ပရမတ်ဝေါဟာရ သက်သက်နဲ့ မဟောခဲ့ပါဘူး။ ဒီမှာမှာတော့ မြတ်စွာဘုရား

ဟောတဲ့အတိုင်း "သွားတယ်၊ကွေးတယ်၊ဆန့်တယ်" စသည်ဖြင့် ပညတ်ဝေါဟာရနဲ့ ရှုနေပေမယ်လို့ သတိ သမာဓိက ရင့်ကျက်လာတဲ့အခါမှာ ပုံသဏ္ဌာန်ပညတ်တွေ အကုန်ပျောက်ပြီးတော့ တောင့်တင်း လှုပ်ရှားတဲ့ သဘာဝသက်သက်သာ ထင်ပါတယ်။ ဘုဉ်ဇွာဏ်အာဆင့် ရောက်တဲ့အခါမှာ "သွားတယ် သွားတယ်" လို့ ရှုနေပေမယ်လို့ ခြေထောက်တွေလဲ မထင်ဘူး၊ ကိုယ်ကြီးလဲ မထင်ဘူး။ တရိပ်ရိပ်နဲ့ မြဲ့ရှားမှုအာဆင့်ဆင့်သာ ထင်နေတယ်။ "ကွေးတယ် ကွေးတယ်" လို့ ရှုနေပေမယ်လို့ လက်ခြေပုံသဏ္ဌာန် မထင်တော့ဘူး၊ တရွေ့ရွေ့ လှုပ်ရှားနေတဲ့သဘောသာ ထင်တယ်။ "ဖေါင်းတယ်၊ ပိန်တယ်" လို့ ရှုမှတ်နေပေမယ်လို့ ဗိုက်ပုံသဏ္ဌာန်လဲ မထင်ဘူး၊ ကိုယ်ကြီးလဲ မထင်ဘူး၊ အပြင်ဘက် ရှေ့သွားလိုက်၊ အတွင်းဘက် ရွှေ့လာလိုက်နဲ့ တရိပ်ရိပ် ရွှေ့ရှားနေတဲ့သဘောသာ ထင်နေတယ်။ အဲဒါတွေဟာ ဝိပဿနာဉာဏ်ရဲ့ သမုဒီရဏရသပါဘဲ။ ပြီးတော့ ယိမ်းတယ် ယိုင် တယ် ဆိုတာတွေကလဲ လှုပ်ရှားတာတွေ ချည်းပါဘဲ။ ဒါကြောင့် "ယိမ်း ယိုင် လှုပ်ရှား ရှိသွားတတ်သည်" လို့ ဆောင်ပုဒ်က ဆိုထားတယ်။

ပြီးတော့ "အာဘိနိဟာရပစ္စုပဋ္ဌာနာ" လို့ မိန့်ဆိုထားတဲ့ အတိုင်း အလိုရှိရာဘက်ကို တွန်းပို့နေသလို့ ဆဲ့ဆောင်နေသလို့ ယောဂီရဲ့ ဉာဏ်ထဲ ထင်ပေါ်နေတာဟာ ဝါ ယောဂဝတ်ရဲ့ ပစ္စုပဋ္ဌာန်ဘဲ။ လက်ကို ကွေးတဲ့ ဆန့်တဲ့အခါမှာ အတွင်းဘက်ကို ဆဲ့ဆဲ့ယူလာသလို့၊ အပြင်ဘက်ကို တွန်းတွန်း ပို့နေသလို ထင်ရှားတယ်။လမ်းလျှောက်နေတဲ့အခါမှာ သာပြီး ထင်ရှားတတ်တယ်။ ညာလှမ်းတယ်၊ ဗယ်လှမ်းတယ်၊ ကြွတယ်၊

လှမ်းတယ်၊ ချတယ်လို့ ရှုမှတ်ပြီး လမ်းလျှောက်နေတဲ့ယောဂီ မှာ သမာဓိ ဉာဏ်က အားကောင်းလာတဲ့အခါကျတော့ နောက် ကနေပြီး တွန်းတွန်းပို့နေသလို တရွေ့ချင်း ရွေ့ရွေ့ပြီး သွား လိုက်တာကလေးတွေဟာ အင်မတန်ကို ထင်ရှားပါတယ်၊ ခြေ ထောက်တွေက သူ့အလိုလို တွန်းတွန်းပြီးတော့ ပို့နေသလို၊ ဆဲ့ဆဲ့ပြီးတော့ ယူသွားသလို ဖြစ်နေတယ်၊ ယောဂီက ဘာမျှ အားမထုတ်ရဘဲ သူ့သဘောအတိုင်း ရွေ့ရွေ့သွားနေတာကလေးတွေဟာ သိပ် ထင်ရှားတာဘဲ။ တချို့များ ဒီလို ရှုမှတ်ပြီး သွားနေရတာကကောင်းတာနဲ့အချိန်တွေတောင် လွန်သွားတတ်သေးတယ်။ ယခု ဒီမှာ တရားအားထုတ်နေတဲ့ ယောဂီတွေထဲမှာ ဒီလို တွေ့နေတဲ့ပုဂ္ဂိုလ်တွေ တော်တော်များများ ရှိနေပါတယ်၊ မတွေ့ရသေးတဲ့ပုဂ္ဂိုလ်တွေလဲ ဆက်လက် အားထုတ်သွားယင် ဒီလို တွေ့သွားကြမှာပါဘဲ။

ဒါကြောင့် "သူလိုရာဘက် တွန်းလျက်ဆောင်သည်" လို့ ဆောင်ပုဒ်က ဆိုထားတယ်။ စိတ်အလိုရှိရာဘက်ကို တွန်းပို့ ဆဲ့ဆောင်နေသလို ထင်ရတာဟာ ဝါယောဓာတ်ရဲ့ ပစ္စုပဋ္ဌာန်ဘဲ့လို့ ဆိုလိုတယ်။ ဥပဒ္ဒာနာကာရော၊ ယောဂီ၏ ဉာဏ်ထဲ၌ ထင်ပေါ်သော အခြင်း အရာသည်။ **ပစ္စုပဋ္ဌာနံ နာမ၊** ပစ္စုပဋ္ဌာန်မည်တယ် လို့ ဆိုထားတဲ့အတိုင်း လှုပ်ရှားမှုကို ရှုမှတ်တဲ့ ယောဂီမှာ တွန်းပို့နေသလို ဆဲ့ဆောင်နေသလို ဉာဏ်ထဲ ထင်ပေါ်လာတဲ့ အခြင်းအရာဟာ ဝါယောဓာတ်ရဲ့ ပစ္စုပဋ္ဌာန်ဘဲ့။ ကဲ ဆောင်ပုဒ်ကို ဆိုရမယ်။

သူ လိုရာဘက် တွန်းလျက်ဆောင်သည်၊ (ဆို)
ဝါယောဓာတ် သိမှတ် မြတ်ယောဂီ။ (ဆို)

ဒီ နောက်ဆုံး အပိုဒ်ကတော့ "ဝါယောဓာတ်ကို ရှုယင် ဒီ ဆောင်ပုဒ်ထဲမှာ ပါတဲ့အတိုင်း ထောက်ကန် တောင့်တင်းတဲ့ လက္ခဏာနဲ့ယင်လဲ သိရမယ်၊ သို့မဟုတ် လှုပ်ရှား ရွေ့သွားတဲ့ ရသနဲ့ယင်လဲ သိရမယ်၊ သို့မဟုတ် လုံရာဘက်သို့ ရှေးရှုဆောင်တဲ့ ပစ္စုပဋ္ဌာန်နဲ့ယင်လဲ သိရမယ်။ ဒီ ၃-နည်းထဲက တနည်းနည်းနဲ့ သိရမယ်၊ ဒီလို သိမှ သဘာဝ ကျတယ်၊ အသိ မှန်တယ်" လို့ ဆိုလိုပါတယ်။

ဒါဖြင့်၊ ဒီ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန် ဆိုတာတွေကို ရှေးဦးစွာ ကျက်မှတ်ပြီး ရှုမှ ဖြစ်မှာလား လို့ မေးစရာ ရှိပါတယ်။ ဒီလို မဟုတ်ပါဘူး၊ ကျက်မှတ်နေဘို့တော့ မလိုပါဘူး။ ဖြစ်ခိုက်ရုပ်နာမ်ကို စူးစိုက်ပြီး ရှုမှတ်နေယင် အဲဒီ ရုပ်နာမ်၏ လက္ခဏာကိုလဲ သိနိုင်ပါတယ်၊ ရသကိုလဲ သိနိုင်ပါတယ်၊ ပစ္စုပဋ္ဌာန်ကိုလဲ သိနိုင်ပါတယ်။ ဖြစ်ခိုက်ရုပ်နာမ်ကို ရှုပြီး သိယင် လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်နဲ့ မသိဘဲ တခြားနည်းဖြင့် သိလို့ကို မဖြစ်နိုင်ပါဘူး။

ဥပမာ- မိုးယံးရွာနေတဲ့အခါ ကောင်းကင်မှာ လျှပ်စီးလက်တယ်၊ အဲဒီ လျှပ်စီးလက်နေတုန်း ကြည့်မိလို့ မြင်တဲ့သူဟာ ဝင်းကနဲ လက်သွားတာကို မြင်ရတယ်၊ အဲဒီ ဝင်းကနဲ လက်သွားတာဟာ လျှပ်စီးရဲ့ လက္ခဏာဘဲ၊ လျှပ်ဆိုတာ ဝင်းလက် သွားတာချည်းဘဲ။ ပြီးတော့ လျှပ်လက်လို့က်တဲ့ အခါ အမှောင်တွေ ပျောက်သွားတယ်၊ အဲဒါကိုလဲ တွေ့ရတယ်။ လျှပ်စီးက အမှောင်ကို ပယ်ဖျောက်တယ် ဆိုတာဟာ လျှပ်စီးရဲ့ရသဘဲ၊ လျှပ်စီးရဲ့ ကိန္ဓ လျှပ်စီးရဲ့ အလုပ်ပဲ၊

အလင်းရောင် ဆိုတာ အမှောင်ကို ပယ်ဖျောက်တာချည်းဘဲ။ ဒါကြောင့် လျှပ် လက်နေတုန်း ကြည့်မိတဲ့သူဟာ လျှပ်ရောင်က အမှောင်ကို ပယ်ဖျောက်တတ်တယ် ဆိုတဲ့ လျှပ်ရဲ့ ရသကိုလဲ သိသွားတာဘဲ။ ပြီးတော့ လျှပ် လက်ပုံအခြင်းအရာကိုလဲ အဲဒီကြည့်မိတဲ့သူက သိသွားပါတယ်။ လျှပ်စီးက ရှည်ရှည်ဘဲ၊ တိုတိုဘဲ၊ ကောက်ကောက်ပဲ၊ ဝိုင်းဝိုင်းဘဲ၊ ဖြောင့်ဖြောင့်ဘဲ၊ ပြန့်ကျယ်ကြီးဘဲ စသည်ဖြင့် လျှပ်လက်ပုံ အခြင်းအရာကိုလဲ သိသွားပါတယ်။ ဘယ်သူဘဲ ဖြစ်ဖြစ် လျှပ်စီး လက်နေတုန်း ကြည့်မိယင် အဲဒီလျှပ်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်တွေကို ဖော်မြင်သွားတာချည်းဘဲ၊ ကျက်မှတ်နေဘို့ မလိုပါဘူး၊ သို့သော် ကျက်မှတ်ထားတာ မဟုတ်တဲ့အတွက် "ဝင်းလက်တာက လက္ခဏာ ခေါ်တယ်၊ အမှောင်ကို ဖျောက်တာက ရသ ခေါ်တယ်၊ ပုံသဏ္ဌာန်အခြင်းအရာက ပစ္စုပဋ္ဌာန် ခေါ်တယ် လို့ ဒီလိုတော့ ခဲခြားပြီး မပြောတတ်ပေဘူး။ အဲဒါလောက်သာ လို့ပါတယ်၊ သိမြင်ရာမှာတော့ ဘာမှ မလိုပါဘူး၊ အကုန်လုံးဘဲ သိမြင်သွားပါတယ်။

အဲဒါလိုပါဘဲ၊ရူပ်တရား နာမ်တရားတွေကိုဖြစ်ခိုက် ဖြစ်ခိုက်မှာ ရှုနေလျှင် သူ့လက္ခဏာနဲ့ သူ့ရသနဲ့ သူ့ပစ္စုပဋ္ဌာန်နဲ့ အကုန်လုံးဘဲ သိသွားပါတယ်၊ ကျက်နေဘို့ မလိုပါဘူး။ ဒါပေမယ့် စာပေကျမ်းဂန် ဗဟုသုတရှိတဲ့ အချို့ပုဂ္ဂိုလ်တွေကတော့ "ဒီလက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်တွေကို ကျက်မှတ်ပြီး ရှုရမယ်" လို့ ထင်နေကြတယ်။ ဒီလို မဟုတ်ပါဘူး၊ ကျက်ထားလို့ မှတ်မိနေတာတွေက သညာ၏ အာရုံ အမည်ပညတ်တွေဘဲ၊ ကိုယ်ထဲက သဘောတရား အစစ်တွေကို မရောက်ပါဘူး။ ဖြစ်ခိုက်

ရုပ်နာမ်တွေကို ရှုနေတဲ့ ယောဂီမှာတော့ ကိုယ်ထဲက တကယ် ဖြစ်နေတဲ့ သဘောတရား အစစ်ဘွေကို လက်နဲ့ကိုင်ကြည့်သလို သေသေချာချာတွေ့ပြီး သိနေပါတယ်၊ ဒါကြောင့် ကျက်မှတ် နေဘို့ မလိုပါဘူး။ ဥပမာအားဖြင့် ဆင်ကောင်ကြီးကို တွေ့၊ နေယင် ဆင်ရုပ်ကို ကြည့်နေဘို့ မလိုတာလိုပါဘဲ။

ဒါကြောင့် ဝမ်းပိုက်ထဲက ဖေါင်းတာ, ပိန်တာကို ဖေါင်း ခိုက် ပိန်ခိုက်မှာ ရှုနေတဲ့ ယောဂီဟာ ဝမ်းပိုက်ထဲက တောင့် တင်းတာ လျော့တာကိုလဲ သိရတယ်၊ အဲဒါဟာ ဝါယော ဓာတ်၏ ဝိတ္ထမ္ဘနလက္ခဏာဘဲ။ ပြီးတော့ အပြင်ဘက်ကို ရွှေ့ သွားလိုက်၊ အတွင်းဘက်ကို ရွှေ့လာလိုက်နဲ့ တရိပ်ရိပ် ရွှေ့ ရှားနေတာကိုလဲ သိရတယ်၊ အဲဒါက သမုဒီရဏရသဘဲ။ ပြီးတော့ တနေရာက တနေရာကို တွန်းပို့နေသလို ဆဲ့ဆောင် နေသလို အခြင်းအရာကိုလဲ သိရတယ်၊ အဲဒါက အာဘိဓိဟာရ ပစ္စုပဋ္ဌာန်ဘဲ။ ဒီလို ဖြစ်ခိုက်မှာ ရှုရုံနဲ့ လက္ခဏာစသည်ကို အမှန်အတိုင်း သိနေယင် ကျက်မှတ်ဘို့ လိုပါဦးမလား၊ ကိုယ် တိုင် ရှုဘို့အတွက်ဆိုယင်တော့ မလိုပါဘူး၊ သူတပါးကို ဟော ပြောဘို့ ဆိုယင်တော့ လိုပါလိမ့်မယ်။ ပြီးတော့ "ဘယ်လှမ်း တယ်, ညာလှမ်းတယ်"လို့ ရှုမှတ်နေယင်လဲ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းမှာ တောင့်တင်းတာကိုလဲ သိရတယ်၊ ဝိတ္ထမ္ဘန လက္ခဏာဘဲ။ ရွှေ့ရွှေ့သွားတာကိုလဲ သိရတယ်၊ သမုဒီရဏ ရသဘဲ။ တွန်းတွန်းပို့နေသလို အခြင်းအရာကိုလဲ သိရတယ်၊ အာဘိဓိဟာရပစ္စုပဋ္ဌာန်ဘဲ။ ဒီလို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်နဲ့ သိနေတာဟာ သဘာဝ ကျတဲ့အသိ, မှန်ကန်တဲ့အသိဘဲ။

ဝေဒနာကိုလက်တွေ့ရှုမှတ်ကြည့်ရန်

ဒီနေရာမှာ "ဖြစ်ခိုက်ကို ရှုမှတ်ရုံနဲ့ လက္ခဏာ စသည်ကို သိနိုင်တယ်" ဆိုတာကို ကိုယ်တိုင်တွေ့ မှတ်သားနိုင်အောင် လက်တွေ့ ရှုမှတ်ကြည့်ပါ။ ယခုအနေမှာဆိုယောင် ကိုယ်ထဲက ပူတာ ဖြစ်စေ၊ နာတာ ဖြစ်စေ၊ ညောင်းတာ ဖြစ်စေ၊ ကျဉ်တာ ဖြစ်စေ တခုခုတော့ ထင်ရှားတွေ့နေကြပါလိမ့်မယ်။ အဲဒါတွေဟာ အခံခက်တဲ့ ဒုက္ခဝေဒနာတွေဘဲ။ အဲဒီ အခံခက်နေတဲ့ သဘောကလေးကို ဉာဏ်နဲ့ စူးစိုက်ပြီးတော့ "ပူတယ် ပူတယ်၊ နာတယ် နာတယ်" စသည်ဖြင့် ရှုမှတ်ကြည့်ပါ။ မကောင်းတဲ့ အတွေ့တွေနဲ့ တွေ့ပြီးတော့ ဆင်းရဲခံနေရတာကို တွေ့ပါလိမ့်မယ်၊ အဲဒါဟာ "အနိဋ္ဌဖေဋ္ဌဗ္ဗာနုဘဝနလက္ခဏံ ဒုက္ခံ" လို့ မိန့်ဆိုထားတဲ့အတိုင်း အတွေ့ဆိုးကို ခံစားနေရတဲ့ သဘာဝ လက္ခဏာဘဲ။ အဲဒါကို တိုတိုနဲ့ မှတ်သားနိုင်အောင်လို့ ဆောင် ပုဒ်ကလေး စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

အတွေ့ဆိုးများ ခံစားတတ်သည်။ (ဆို)

အတွေ့ဆိုးတွေကိုခံစားနေရတာဟာ ဒုက္ခဝေဒနာရဲ့လက္ခဏာဘဲ၊ အဲဒါကို ရှုနေရုံနဲ့ သိနိုင်ပါတယ်။ ပြီးတော့ ဒီအခံခက်တဲ့ ဒုက္ခဝေဒနာဟာ သူ ဖြစ်လာယင် စိတ်အားကို လျော့သွားစေ တတ်တယ်၊ ဒုက္ခက နဲနဲ ဖြစ်ယင် စိတ်အားဟာလဲ နဲနဲလျော့ သွားတယ်၊ ဒုက္ခက အပြင်းအထန် အများကြီး ဖြစ်လာယင် တော့ စိတ်အားတွေဟာလဲ အများကြီး လျော့ဆင်းသွားတယ်။ ဘယ်လို စိတ်အားထက်သန်နေတဲ့ သူပေမယ်လို့ ကိုယ်ထဲမှာ နာကျင်ခံခက်တဲ့ ဒုက္ခဝေဒနာတွေက အပြင်းအထန် ဖြစ်လာ

ယင်းစိတ်ဓာတ်ဟာ ကျဆင်းသွားတာဘဲ၊ အလွန်ပင်ပန်းလာတော့ လှုပ်တောင် မလှုပ်နိုင်တော့ဘူး။ အဲဒီလို စိတ်အားငယ်ကို လျှော့စေတာဟာ "သမ္မယုတ္တာနံ မိလာပနရသံ" လို့ မိန့်ဆိုထားတဲ့ ဋီကာအရ ဒုက္ခဝေဒနာရဲ့ ရသ ပါဘဲ။ အဲဒါကိုလဲ "စိတ်အား ကုန်ခန်း ညှိုးနွမ်းစေသည်" လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

စိတ်အား ကုန်ခန်း ညှိုးနွမ်းစေသည်။ (ဆို)

ဒီဆောင်ပုဒ်မှာ စိတ်ကိုသာ ပဓာနပြုပြီး ပြုထားပါတယ်၊ ဒါကြောင့် "စိတ်အားကုန်တယ်, ညှိုးနွမ်းတယ်" ဆိုမှတော့ သူ့ယှဉ်ဘော် ယှဉ်ဘက် စေတသိက်တွေလဲ အားကုန်တယ် ညှိုးနွမ်းတယ်လို့ ယူဘို့ပါဘဲ။ ပြီးတော့ ဒုက္ခဝေဒနာရဲ့ ပစ္စုပဋ္ဌာန်ကတော့ "ကာယိကာဗာဓပစ္စုပဋ္ဌာနံ" ကိုယ်ထဲက နှိပ်စက်နေတဲ့သဘော အခံခက်နေတဲ့သဘောအနေအားဖြင့် ယောဂီ၏ ဉာဏ်ထဲမှာ ရှေးရှုထင်ပါတယ် တဲ့။ "ပူတယ် ပူတယ်၊ နာတယ် နာတယ်" စသည်ဖြင့် ရှုမှတ်နေယင် အဲဒီ ဒုက္ခဝေဒနာကလေးဟာ ကိုယ်ထဲက မပြတ်နှိပ်စက်နေတယ်လို့လဲ ထင်ပါတယ်၊အခံခက်တဲ့သဘောဘဲလို့လဲ ထင်ပါတယ်။ အဲဒါကတော့ ထင်ရှားလွန်းအားကြီးလို့ ညည်းတောင်မှ ညည်းနေကြရသေးတယ်။ အဲဒါကိုလဲ "ကိုယ်ထဲ နှိပ်စက် ခံခက် ထင်သည်" လို့ ဆောင်ပုဒ် စီထားတယ်။ ဆိုကြရမယ်။

ကိုယ်ထဲ နှိပ်စက် ခံခက် ထင်သည်၊ (ဆို)
ကိုယ်ဆင်းရဲ သိမြဲ မြတ်ယောဂီ။ (ဆို)

ကိုယ်ထဲက အခံခက်နေတဲ့ ဒုက္ခဝေဒနာကို ဖြစ်ခိုက်မှာ ရှုမှတ်နေယင် အတွေ့ဆိုးတွေနဲ့ တွေ့ပြီး ဆင်းဆင်းရဲရဲ ခံစားနေရ

တယ် ဆိုတဲ့ သူ့လက္ခဏာကိုလဲ သိတယ်၊ စိတ်အားကို လျှော့ စေတယ်ဆိုတဲ့ သူ့ရသကိုလဲ သိတယ်၊ ကိုယ်ထဲက မစံသာအောင် နှိပ်စက်နေတဲ့ အခံရခက်တာကလေးဘဲလို့ သူ့ပစ္စုပဋ္ဌာန်ကိုလဲ သိတယ်။ အဲဒါဟာယောဂီတွေ သိမြဲ လမ်းမှန်ဘဲ၊ ဒီအတိုင်းဘဲ သိရမယ်လို့ ဆိုလိုပါတယ်။

စိတ်ကို ရှုမှတ်ရန်

စိတ်ကိုလဲ လက်တွေ့ ရှုမှတ်ကြည့်နိုင်ပါတယ်။ စိတ်ဆိုတာ အာရုံကို သိတတ်တယ်၊ ကြုံစည်တတ်တယ်။ဒါကြောင့် စိတ်ကူး စဉ်းစား ကြုံစည်နေတာတွေဟာ စိတ်ပဲ။ အဲဒီစိတ်ကို ဖြစ်တိုင်း ဖြစ်တိုင်း စိတ်ကူးတယ် စဉ်းစားတယ် ကြုံတယ် သိတယ် စသည် ဖြင့်ရှုမှတ်ကြည့်ပါ။ အာရုံဆီကို သွားတဲ့သဘော အာရုံကို သိတဲ့ သဘောဘဲလို့ တွေ့ရပါလိမ့်မယ်။ အဲဒါဟာ "စိတ္တာနုပဿနာ စိတ္တံ" လို့ မိန့်ဆိုချက်အရ စိတ်ရဲ့ လက္ခဏာပါဘဲ။ စိတ်တိုင်း စိတ်တိုင်း အာရုံကို သိတတ်တာချည်းဘဲ။မြင်တဲ့စိတ်လဲ အာရုံကို သိတာဘဲ၊ ကြားတဲ့စိတ် နံတဲ့စိတ် စားသိတဲ့စိတ် ထိသိတဲ့ စိတ် ကြုံသိတဲ့စိတ် အဲဒါတွေလဲ အာရုံကို သိတာချည်းဘဲ။စိတ် ဆိုယင် အာရုံကို သိခြင်းသဘောရှိတာချည်းဘဲ။ ဒါကြောင့် "အာရုံသိသော သဘော ရှိသည်" လို့ ဆောင်ပုဒ် စီထားတယ်။ က ဆိုကြရမယ်၊

အာရုံသိသော သဘောရှိသည်။ (ဆို)
ခေါင်းဆောင်အလား ရှေ့ဆွားတတ်သည်။ (ဆို)

လူစုလူဝေးနဲ့ အလုပ် လုပ်ရာမှာ ခေါင်းဆောင် ပုဂ္ဂိုလ်က ရှေဆောင်ပြီး လုပ်ရတယ်၊ စိတ်ကလဲ အဲဒီ ခေါင်းဆောင်လိုဘဲ

ဒုဂါရမှာ ထင်လာတဲ့အာရုံကို ရှေ့ဆောင်ပြီး သိသိသွားတယ်၊ မျက်စိမှာ အဆင်း ထင်လာယင် စိတ်က ရှေးဦးစွာ မြင်သိသွားတယ်၊ ပြီးတော့မှ နောက်လိုက်အနေနဲ့ ခံစားမှု မှတ်သားမှု တပ်မက်မှု နှစ်သက်မှု ပြစ်မှားမှု ကြည်ညိုမှု အစရှိတဲ့ သဘောတရား တွေကထိုက်သည်အားလျော်စွာ ထင်ရှားဖြစ်ပေါ်လာကြတယ်။ နားမှာ အသံထင်လို့ ကြားသိရာ စသည်မှာလဲ ဒီအတိုင်းပါဘဲ။ စိတ်က ရှေ့သွားအနေနဲ့ သိသိ သွားတာချည်းပါဘဲ၊ စိတ်ကူးကြံစည်ရာမှာ ဆိုယင် သာပြီး ထင်ရှားပါတယ်။ ယောဂီက "ဖေါင်းတယ်, ပိန်တယ်" စသည်ဖြင့် မပြတ် ရှုမှတ်နေစဉ်မှာ စိတ်ကူး ကြံစည်မှု ဖြစ်ပေါ်လာယင် အဲဒီစိတ်ကိုလဲ ရှုမှတ်ရတယ်။ ဖြစ် ဖြစ်ချင်း ရှုမိယင်, တကြိမ်တည်းနဲ့ အဲဒီစိတ်ကူးဟာ ပြတ်စဲသွားတယ်။ဖြစ် ဖြစ်ချင်း မရှုမိယင်တော့ နှစ်သက်မှု လိုချင်မှု အစရှိတဲ့ နောက်လိုက်သဘောတရားတွေ့ တော်တော်များများ ဆက်ပြီး ဖြစ်သွားတာကို တွေ့ရတယ်။ ဒါကြောင့် ယောဂီက "စိတ်ဟာ ခေါင်းဆောင်ရှေ့သွား လုပ်တတ်တယ်" လို့ သိရတယ်။အဲဒီလို သိတာဟာ စိတ်ကို ပုဗ္ဗင်္ဂမရသနဲ့ သိသွားတာပါဘဲ။ ဓမ္မပဒပါဠိတော်မှာလဲ စိတ်ကို-

"မနောပုဗ္ဗင်္ဂမာ ဓမ္မာ" လို့ ဟောထားပါတယ်။

ဓမ္မာ၊ အသိနာမ်တရားတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ စိတ်လျှင် ရှေ့သွားရှိကြပါတယ် တဲ့။ဒါကြောင့် စိတ်ကို ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ပြီး ရှုမှတ်နေယင် ဟိုအာရုံဆီ ဖြုတ်ကနဲ ရောက်သွားလိုက်၊ ဒီအာရုံဆီ ဖြုတ်ကနဲ ရောက်လာလိုက်နဲ့ စိတ်ကလေး ရှေ့ဆောင် ရှေ့သွားဖြစ်နေတာကို ထင်ရှား တွေ့ရပါတယ်။ ပြီးတော့ "သန္ဒဟနပစ္စုပ္ပန္နာနံ- အစဉ်မပြတ် ဆက်စပ်သည့်

အနေအားဖြင့် ထင်သောအခြင်းအရာ ရှိတယ်”လို့ မိန့်ဆိုတဲ့ အဋ္ဌကထာစကားအရ စိတ်ရဲ့ ပစ္စုပဋ္ဌာန်ကိုလဲ ထင်ရှား သိရတယ်။ သိပုံကတော့ “ဖေါင်းတယ်, ပိန်တယ်” စသည်ဖြင့် မပြတ် ရှုမှတ်နေယင်း တခါတရံ စိတ်က အပြင်ထွက်သွားတယ်၊ အဲဒီစိတ်ကို ရှုမှတ်လိုက်တော့ သူက ပျောက်သွားတယ်၊ ပြီးတော့လဲ အခြားစိတ်တခုက ဆက်ပြီး ပေါ်လာပြန်တယ်။ အဲဒီစိတ်ကိုလဲ မှတ်လိုက်တော့ ပျောက်သွားပြန်တယ်၊ ပြီးတော့လဲ နောက်စိတ်တခုက ပေါ်လာပြန်တယ်၊ ဒီလို စိတ်အဆင့်ဆင့် ဆက်ပြီး ဖြစ်နေတာတွေကို တခါတရံမှာ တော်တော်များများဘဲ ရှုမှတ်ရပါတယ်၊ ဒီတော့ ယောဂီက ဒီလို သဘောကျသွားတတ်ပါတယ်၊ “စိတ်ဆိုတာဟာ တခုချင်း ဆက်ခါ ဆက်ခါ မပြတ် ဖြစ်နေတဲ့ သဘောတရားဘဲ၊ ရှေးစိတ် တခုတခု ပျောက်သွားယင် နောက်စိတ် တခုတခု ချက်ခြင်း ဆက်စပ်ပြီး မပြတ် ဖြစ်နေတာဘဲ” လို့ ဒီလို သဘောကျသွားတတ်ပါတယ်၊ အဲဒါဟာ စိတ်ရဲ့ သန္ဒဟနုပဿနာ ကို ကိုယ်တိုင်တွေ့ သိတာပါဘဲ။ ဒီလို သိတဲ့ယောဂီဟာ စုတိ, ပဋိသန္ဓေ အကြောင်းကိုလဲ သဘောပေါက်သွားတယ်။ “ဓမ္မတယ် ဆိုတာလဲ ဘာမှ မထူးဆန်းဘူး၊ ယခု မှတ်သိရတဲ့ စိတ်ကလေး တခုတခု ချုပ်ပျောက်သွားတာမျိုးဘဲ၊ ဘဝအသစ် ဖြစ်တယ် ဆိုတာလဲ ယခု မှတ်သိရတဲ့ စိတ်ကလေး တခုတခု ရှေးစိတ်နဲ့ ဆက်စပ်ပြီး ဖြစ်ပေါ်လာတာမျိုးဘဲ”လို့ ဒီလို သဘောပေါက်သွားပါတယ်၊ အဲဒီ သန္ဒဟနုပဿနာကိုလဲ တိုတိုနဲ့ မှတ်ရအောင် “ရှေးစိတ်နဲ့ စပ် အထပ်ထပ်ဖြစ်သည်”လို့ ဆောင်ပုဒ်ကလေး စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

ရှေးစိတ်နှင့် စပ် အထပ်ထပ် ဖြစ်သည်၊ (ဆို)
စိတ်တရား မှတ်သား မြတ်ယောဂီ။ (ဆို)

"စိတ်ဆိုတာ လက္ခဏာ အားဖြင့် အာရုံကို သိတတ်တဲ့ သဘောဘဲ၊ ရသအားဖြင့် ခေါင်းဆောင် ရှေသွားတတ်တဲ့ သဘောဘဲ၊ ပစ္စုပဋ္ဌာန်အားဖြင့် ရှေးနောက်မပြတ် ဆက်စပ်ပြီး ဖြစ်နေတဲ့သဘောဘဲ" လို့၊ ဒီလို မှတ်သားထားရမယ်လို့ ဆိုလို ပါတယ်။

ဖြစ်ခိုက်ရုပ်နာမ်ကို စူးစိုက်ပြီး ရှုနေလျှင် ကျက်မှတ်မထား သော်လဲ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်နဲ့ သဘောမှန်ကို သိနိုင် ကြောင်း ရုပ်တရားထဲက ဝါယောဓာတ်ကို ပုံစံထုတ်ပြီး ရှင်းပြခဲ့ပြီ၊ နာမ်ထဲကလဲ ဒုက္ခဝေဒနာနဲ့ စိတ်ကို ပုံစံထုတ်ပြီး ရှင်းပြခဲ့ပြီ။ အဲဒီ ပုံစံထုတ်ပြခဲ့တဲ့ ဝါယောရုပ်, ဒုက္ခဝေဒနာနှင့် စိတ် လိုဘဲ ကျန်တဲ့ ရုပ်တရား နာမ်တရားတွေကိုလဲ ဖြစ်ခိုက်မှာ စူး စိုက်ပြီး ရှုယင် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်နဲ့ သဘောမှန်ကို သိနိုင်တာချည်းပါဘဲ။ ရှုခါစ အားထုတ်ခါစ ယောဂီကတော့ ဒီရုပ်နာမ် ဥပါဒါနက္ခန္ဓာတရားတွေကို ယခု ပြောခဲ့တဲ့ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်နဲ့လောက်သာ ရှုနိုင် သိနိုင်သေးတယ်၊ ဝိပဿနာ၏ အခြေမူလ ဖြစ်တဲ့ နာမရူပပရိစ္ဆေဒ, ပစ္စယပရိဂ္ဂဟ ဉာဏ်အဆင့်မှာတော့ ဒါလောက်ပဲ သိဘို့ လိုပါတယ်။ အစဉ် အတိုင်း ရှုလို့ သမ္မသနဉာဏ် အစရှိတဲ့ ဝိပဿနာဉာဏ်အစဉ်တွေ ရောက်တဲ့အခါကျတော့ အနိစ္စ, ဒုက္ခ, အနတ္တသဘောတွေကိုလဲ အမှန်အတိုင်း သိရပါတယ်၊ သိဘို့လဲ လိုပါတယ်။ အဲဒီလို သူ့အဆင့်အတန်းအလိုက် ဒီ ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ် တရားတွေကို ရှုရမယ် ဆိုတာကို ရည်ရွယ်ပြီးတော့-

"စဲလမ်းနိုင်ရာ၊ငါးခန္ဓာ၊ မှန်စွာ ရှု၍ ဖြစ်သတည်း"လို့ ဆောင်ပုဒ်မှာ ဆိုထားတယ်။ ဒါကအရေးကြီးတယ်နော်၊ ပေါ့ပေါ့ကလေး မအောက်မေ့နဲ့။ "ဝိပဿနာဉာဏ် ဖြစ်အောင် ရှုယင် ဥပါဒါနက္ခန္ဓာငါးပါး ရှုရတယ်"ဆိုတာကို မြဲမြဲမှတ်ထား ကြ။ "ဥပါဒါနက္ခန္ဓာငါးပါး ရှုရတယ်"ဆိုတာကတော့ နား လည်လောက်ပါပြီ။ ဒီတော့ မေးစရာက ပေါ်လာပြန်တယ်၊ အဲဒီ ဥပါဒါန်ကွန္ဓာတွေကို ရှုရတာဟာ ဘယ်အကျိုး ရအောင် လို့ ရှုရတာလဲ၊ ပြီးတော့ ကာလအားဖြင့် အတိတ်ကို ရှုရတာ လား၊ အနာဂတ်ကို ရှုရတာလား၊ ပစ္စုပ္ပန်ကို ရှုရတာလား၊ ကာလ ၃-ပါးမှ အလွတ် ကာလဝိမုတ်ကို ရှုရတာလား၊ ဘယ် အခါ ရှုရတာလဲလို့ ဒီလို မေးစရာရှိပါတယ်။ ဒါကြောင့် ဒီ အချက်တွေကို သရုပ်ဖော်ရအောင်-

"ဘယ်အကျိုးငှါ၊ ထိုခန္ဓာ၊ ဘယ်ခါ ရှုရပါသနည်း" လို့ မေးခွန်း တခု ထုတ်ထားတယ်။ အဲဒါကို ဆိုကြရမယ်။

ဘယ်အကျိုးငှါ၊ထိုခန္ဓာ၊ ဘယ်ခါ ရှုရပါသနည်း။(ဆို)

ဒီ ဆောင်ပုဒ်ထဲမှာ "ဘယ်အကျိုးငှါ ရှုရပါသလဲ၊ ဘယ် အခါမှာ ရှုရပါသလဲ" လို့ အမေး ၂-ချက် ပါဝင်နေတယ်။ ပဌမအမေးရဲ့ အလိုက- အဲဒီ ဥပါဒါနက္ခန္ဓာတွေကို ဝိပဿနာ ရှုတာဟာ လောက ကြီးပွါး ချမ်းသာရေး အတွက်လား၊ ရော ဂါဝေဒနာ ပျောက်အောင်လို့ ရှုရတာလား၊ အကြားအမြင် ပေါက်အောင်လို့ ရှုရတာလား၊ကောင်းကင်ပျံ မြေလျှိုး တန်ခိုး ဣဒ္ဓိပါဒ်တွေနဲ့ ပြည့်စုံအောင်လို့ ရှုရတာလား၊ ဘယ်အကျိုး အတွက်လဲလို့ ဒီလို မေးလိုပါတယ်။ ဝိပဿနာရဲ့ မူလ ရည်ရွယ် ချက်ကတော့ ယခု ထုတ်ဖော်ပြီး မေးခဲ့တဲ့ အကျိုးတွေထဲမှာ

ဘယ်အကျိုးအတွက်မှ မရည်ရွယ်ပါဘူး။ ဒါပေမယ့် တချို့ပုဂ္ဂိုလ်တွေမှာ ဝိပဿနာရှုတာနဲ့ အကြီးအကျယ် ရောဂါဝေဒနာတွေ ပျောက်သွားတာလဲ ရှိပါတယ်၊ ဘုရားလက်ထက်တော် ကာလဆီကဆိုလျှင် ဝိပဿနာရှုတာနဲ့ မဂ်ဖိုလ်ရောက်သွားတဲ့အခါမှာ မဂ်ဖြင့်ပြီးတဲ့ အဘိညာဉ်တွေနဲ့ ပြည့်စုံသွားကြတာတွေလဲ ရှိခဲ့ပါတယ်၊ အဲဒီ အဘိညာဉ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေမှာ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ အဘိညာဉ်အစုံမ်းဖြင့် အကြားအမြင်လဲ ပေါက်နေပါတယ်၊ ဣဒ္ဓိဝိဓအဘိညာဉ် အစုံမ်းဖြင့် ကောင်းကင်ပျံ့ မြေလျှိုး တန်ခိုး ဣဒ္ဓိပါဒ်တွေနဲ့လဲ ပြည့်စုံနေပါတယ်။ယခု ကာလမှာလဲ ပါရမီထူးသူတွေမှာ အဲဒီလို ပြည့်စုံဘွယ်အကြောင်းတော့ ရှိပါတယ်။ ဒါပေမယ့် ဝိပဿနာရဲ့ မူလရည်ရွယ်ချက်ကတော့ ယခုပြောခဲ့တဲ့ အကျိုးတွေကို မရည်ရွယ်ပါဘူး၊ လိုရင်း မူလရည်ရွယ်ချက်အကျိုးကတော့ အဖြေဆောင်ပုဒ်ကျတော့ ပေါ်လာပါလိမ့်မယ်။

ဒုတိယအမေးရဲ့ အလိုကတော့- ခုနက ပြောခဲ့တဲ့ အတိုင်းပါဘဲ၊ ဖြစ်ပြီး ချုပ်ပြီး အတိတ်တရားဟောင်းတွေကို ပြန်လည် စဉ်းစားပြီး ရှုရမှာလား၊ မဖြစ်သေးတဲ့ အနာဂတ်တရားတွေကိုမျှော်တွေးပြီး ရှုရမှာလား၊ ဖြစ်ဆဲပစ္စုပ္ပန်တရားကို ရှုရမှာလား၊တကယ် ဖြစ်ဘူးတာလဲ မဟုတ်၊ ဖြစ်ဆဲလဲ မဟုတ်၊ ဖြစ်လတ်လဲ မဟုတ်ပါဘဲ စာပေကျမ်းဂန်အရ မှတ်သားထားဘူးတဲ့ ရုပ်နာမ်သဘောတရားတွေကို မှန်းဆတွေးတောပြီး ရှုရမှာလား လို့ ဆိုလိုပါတယ်။ အဲဒီ အမေး ၂-ရပ်ကို-

"မစ္စဲဘို့ရာ၊ ဖြစ်ဆဲမှာ၊ မှန်စ္စာ ရှုရပါသတည်း" လို့ ဖြေထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

မစ္စဲဘို့ထု၊ ဖြစ်ဆဲမှာ၊ မှန်စွာ ရှုရပါသတည်း။ (ဆို)

ဒီ အဖြေဆောင်ပုဒ်ထဲမှာလဲ ဖြေရှင်းချက် ၂-ခုပါနေတယ်။ အမေးဆောင်ပုဒ်က "ဘယ်အကျိုးငှါ ရှုရပါသလဲ" ဆိုတဲ့ ပဌမအမေးကို ဒီအဖြေဆောင်ပုဒ်မှာ "မစ္စဲဘို့ထု ရှုရပါတယ်" လို့ ဖြေထားတယ်။ ဟုတ်တယ်၊ ဝိပဿနာ ကင်းနေတဲ့ပုဂ္ဂိုလ်တွေမှာ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ပေါ်လာသမျှ ရုပ်နာမ်တွေကို တဏှာနဲ့လဲ သာယာပြီးစွဲလမ်းနေကြတယ်၊ ဒိဋ္ဌိနဲ့လဲ အထင်မှားပြီး စွဲလမ်းနေကြတယ်၊ မြဲတဲ့အနေ ချမ်းသာတဲ့အနေ ငါကောင် သတ္တဝါကောင်အနေနဲ့ စွဲလမ်းနေကြတယ်၊ အဲဒီလို စွဲလမ်းမှုတွေ ဖြစ်ခွင့်မရဘဲ ကင်းငြိမ်း သွားအောင်လို့ ဝိပဿနာ ရှုရတာဘဲ။ ဒါဟာ ဝိပဿနာရဲ့ မူလရည်ရွယ်ချက်ပဲ။ မရှုမိယင် စွဲလမ်းပုံ, ရှုမိယင် အစွဲအလမ်း ကင်းသွားပုံတွေကိုတော့ နောက် ဆောင်ပုဒ်များ ကျမှ ရှင်းပြီးပြောမယ်။

ပြီးတော့ အမေးဆောင်ပုဒ်က "ဘယ်အခါ ရှုရပါသလဲ" ဆိုတဲ့ ဒုတိယအမေးကို ဒီအဖြေဆောင်ပုဒ်မှာ "ဖြစ်ဆဲမှာရှုရပါတယ်"လို့ ဖြေထားတယ်။ ဒီအဖြေစကားဖြင့် "အတိတ်ကိုလဲ မရှုရဘူး၊ အနာဂတ်ကိုလဲ မရှုရဘူး၊ ကာလဝိမုတ်ကိုလဲ မရှုရဘူး၊ ဖြစ်ဆဲ ပစ္စုပ္ပန်တရားကိုသာ ရှုရတယ်" လို့ ဆိုလိုပါတယ်။ ဒါကလဲ ပစ္စက္ခဝိပဿနာကိုသာ ရည်ရွယ်ပါတယ်၊ အနုမာနဝိပဿနာအရာမှာတော့ အတိတ် အနာဂတ် ကာလဝိမုတ်တွေကိုလဲ ရှုရပါတယ်။

ပစ္စက္ခနှင့် အနုမာန

ယခု အဲဒါကို ရှင်းပြဦးမယ်။ ဝိပဿနာ ဆိုတာ **ပစ္စက္ခ** နှင့် **အနုမာန**အားဖြင့် ၂-မျိုး ရှိတယ်။ တကယ်ဖြစ်ပေါ်လာတဲ့ ရုပ်တရား နာမ်တရားကို သဘာဝလက္ခဏာ, အနိစ္စလက္ခဏာ စသည်ဖြင့် ရှုပြီး မျက်မှောက်တွေ့ သိဘဲ့ဉာဏ်ကို **ပစ္စက္ခ**ဝိပဿနာ ခေါ်တယ်။ အဲဒီလို မျက်မှောက်၎တ့ သိပြီးတဲ့အခါမှာ မျက်မှောက်မတွေ့ရတဲ့ အတိတ် အနာဂတ် အလုံးစုံသော တရားတွေလဲ ဒီလို အနိစ္စ ဒုက္ခ အနတ္တသဘောတွေချည်းဘဲလို့ နည်းမှီးပြီး မှန်းဆ ရှုတာကို **အနုမာန**ဝိပဿနာ ခေါ်တယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ ''**အာရမ္မဏအန္ဓယေန ဥစ္ဆေဒေ ဇေဝဝတ္ထုနာ**'' ဆိုတဲ့ ပဋိသမ္ဘိဒါမဂ် ပါဠိကို ဒီလို ဖွင့်ပြထားပါတယ်။

ပစ္စက္ခတော ဒိဋ္ဌဿ အာရမ္မဏဿ၊ မျက်မှောက်မြင်အပ်ပြီးသော ပစ္စုပ္ပန်အာရုံသို့။ အန္ဓယေန အနုဂမနေန၊ အစဉ်လိုက်သဖြင့်။ ယထာ ဣဒံ၊ (မျက်မှောက်တွေ့ရသော) ဤသန်းရကဲ့သို့။ တထာ၊ ထိုအတူ။အတိတေပိ သန်းရဂတံ ဘိဇ္ဇတ္ထ၊ အတိတ်ကာလ၌လဲ သန်းရတရားအပေါင်းသည် ပျက်ခဲ့လေပြီ။ အနာဂတေပိ ဘိဇ္ဇိဿတီတိ၊ အနာဂတ်ကာလ၌လဲ ပျက်လတ့ံဟူ၍။ ဧဝံ၊ ဤသို့။ ဉဘိန္နံ၊ မျက်မှောက်တွေ့ရ, မတွေ့ရသော အာရုံ နှစ်မျိုးတို့ကို။ ကေဿဘာဝေနေဝ ဝဝတ္ထာပနံ၊ ပျက်ခြင်းသဘော တူသောအားဖြင့်သာလျှင် ပိုင်းခြားခြင်းဘဲလို့ ဖွင့်ပြထားပါတယ်။

ဒီ ဝိသုဒ္ဓိမဂ် စကားရပ်ထဲမှာ **ပစ္စက္ခ**တော ဒိဋ္ဌဿ-မျက်မှောက်မြင်တယ်လို့ ဆိုတဲ့အတွက် အဲဒီလို မျက်မှောက်မြင်တဲ့

ဉာဏ်ကို ပစ္စက္ခဝိပဿနာလို့ ခေါ်ရတယ်။ ပြီးတော့ အဲဒီ မျက်မှောက်မြင်ပြီးသို့ အစဉ်လိုက်ပြီးတော့ အတိတ် အနာဂတ် သန္ဓါရက်ို နည်းဂျိုင်းခြားတယ် ဆိုတာဟာ အနုမာနအားဖြင့် မှန်းဆပြီး ရှုတာဘဲ၊ ဒါကြောင့် အဲဒီလို ရှုတဲ့ ဝိပဿနာကို အနုမာနဝိပဿနာလို့ ခေါ်ရတယ်။ ဒီနေရာမှာ အထူး သတိပြုစရာကတော့ ဒီ အနုမာနဝိပဿနာဆိုတာ ပစ္စက္ခအားဖြင့်မျက်မှောက်မြင်ပြီးမှ ဖြစ်နိုင်တယ်၊ မျက်မှောက်မမြင်သေးပါဘဲနဲ့ မှန်းဆရလို့တော့ မဖြစ်နိုင်ဘူး ဆိုတာကို အထူးသတိပြု ထားကြရမယ်။ ပစ္စက္ခအားဖြင့် မျက်မှောက်မြင်ပြီးမှ အနုမာနဉာဏ်အစစ် ဖြစ်နိုင်တယ် ဆိုတာကို ကထာဝတ္ထုအဋ္ဌကထာစကားဖြင့်လဲ ထင်ရှား သိရပါတယ်။

ကောသန်ဓါရဿာပိ၊ တခုသော သန်ဓါရ၏သော်လည်း။ အနိစ္စတာယ၊ မမြဲသည်၏အဖြစ်ကို။ ဒိဋ္ဌာယ၊ မြင်အပ်ပြီးသည် ရှိသော်။ သဗ္ဗေ သန်ဓါရာ အနိစ္စာတိ၊ အလုံးစုံသော သန်ဓါရတို့ မမြဲကုန်ဟူ၍။ အဝသေသေသု၊ ကြွင်းသော-မမြင်ရသော သန်ဓါရတို့၌။ နယတော မနသိကာရော၊ နည်းမှီးသောအားဖြင့် နှလုံးသွင်းခြင်း ရှိခြင်းသည်။ ဟောတိ၊ ဖြစ်ပါတယ် တဲ့။ ဒါကာ ကထာဝတ္ထုအဋ္ဌကထာဘဲ (၂၅၁)။ ခုနကပြောခဲ့တဲ့ အနုမာန ဝိပဿနာနဲ့ ဒီက နယမနသိကာရ ဆိုတာဟာ သဘောအားဖြင့်အတူတူဘဲ။

ပစ္စက္ခ, အနုမာန အကြောင်းကို ပြောရတာနဲ့ စကားက အဆက်ပြတ်သွားတယ်။ ကဲ ယခု အတိတ် အနာဂတ် ကာလ ဝိမုတ်ကို မရှုရဘူး ဆိုတဲ့ မူလစကားကို ပြန်ရှင်းကြဦးစို့။

အတိတ် အနာဂတ်ကို ဘာကြောင့် မရှုရသလဲ လို့ ဆိုတော့ အတိတ် အနာဂတ် တရားကို ရှုယင် သဘောမှန် အတိုင်းလဲ မသိနိုင်ဘူး၊ ရှုသော်လဲ ကိလေသာ ငြိမ်းမှု မရှိဘူး၊ အဲဒါကြောင့် မရှုရတာပဲ၊ဘဲ့။ ထပ်ပြီးတော့ ရှင်းပြဦးမယ်။

အတိတ်ကိုစ၍ မရှုရ

အတိတ်တရား ဆိုတာ ရှေးရှေးဘဝတွေက ဖြစ်ခဲ့ဘူးတာတွေကို ဆိုယင် လုံးလုံးကို မသိနိုင်တော့ပါဘူး၊ ယခုဘဝမှာလဲ ငယ်ရွယ်စဉ်က ဖြစ်ခဲ့တာတွေဆိုယင် မသိတာကဘဲ များပါတယ်။ အဲဒီတော့ အဲဒီလို အတိတ်တရားတွေကိုရှုလို့ သဘာဝလက္ခဏာအားဖြင့် အမှန်အတိုင်း ဘယ်လိုလုပ်ပြီး သိနိုင်ပါမည်လဲ၊ မသိနိုင်ပါဘူး။ မကြာမီက မြင်ခဲ့ ကြားခဲ့ သိခဲ့တာကလေးတွေကိုတော့ ပြန်ပြီးဆင်ခြင်လိုက်ယင် ပေါ်လာနိုင်ပါတယ်၊ ဒါပေမယ့် အဲဒီလိုဟာတွေကလဲ "ငါမြင်ခဲ့တယ်၊ ငါကြားခဲ့တယ်၊ ငါကြုံခဲ့တယ်၊ ဟိုတုန်းက မြင်ခဲ့တာလဲ ငါဘဲ၊ ယခုဆင်ခြင်နေတာလဲ ငါဘဲ" စသည်ဖြင့် ငါကောင်အနေအားဖြင့်လဲ စွဲလမ်းပြီး, မှတ်ပုံတင်ပြီး ဖြစ်နေကြပါတယ်။ မြဲတဲ့အနေ, ချမ်းသာတဲ့အနေအားဖြင့်လဲ စွဲလမ်းပြီး, မှတ်ပုံတင်ပြီး ဖြစ်နေကြပါတယ်။ ဒါကြောင့် အဲဒါတွေကို ယခုမှ ပြန် ရှုပေမယ်လို့ သဘောတရားအနေနဲ့ မထင်တော့ပါဘူး၊ စွဲလမ်းပြီး ဖြစ်နေတဲ့အတွက် အဲဒီအစွဲဟာလဲ မပျောက်နိုင်တော့ပါဘူး။ သုတမယစိန္တာမယညာဏ်ဖြင့် ရုပ်နာမ်သဘောတရားမျှဘဲလို့ ရှုနေပေမယ်လို့ တဖက်က မူလစွဲလမ်းချက်အတိုင်း "ငါဘဲ ငါဘဲ" စသည်ဖြင့် ထင်မှတ်လျက်ပဲ ရှိနေတယ်၊ ဒီတော့ မမြဲဘူးလို့ ရှုလိုက်ယင်း,

တဖက်က မြဲတယ်လို့ ပေါ်လာယင်း၊ ဆင်းရဲလို့ ရှုလိုက်ယင်း, တဖက်က ချမ်းသာတယ်လို့ ပေါ်လာယင်း၊ အနတ္တလို့ ရှုလိုက်ယင်း, တဖက်က အတ္တပါလို့ ပေါ်လာယင်းနဲ့ ကိုယ့်တယောက်ထဲ အခြင်းအခဲတွေ ဖြစ်နေတတ်တယ်။ နောက်ဆုံးကျတော့ ရှုတာက အနိုင်မရဘဲ၊ မူလက စဲ့လမ်းပြီးသား အတိုင်းသာ အတည်ဖြစ်နေတတ်ပါတယ်။ ယခုပြောခဲ့တဲ့အတိုင်း စဲ့လမ်းပြီး အတိတ်တရားတွေကို ရှုခြင်းဖြင့် သဘောမှန်လဲ မသိနိုင်ဘူး၊ အစဲ့အလမ်း ကိလေသာကိုလဲ မငြိမ်းစေနိုင်ဘူး၊ ဒါကြောင့် အတိတ်တရားကို မရှုရဟာ တဲ့။

အနာဂတ်ကို စ၍ မရှုရ

အနာဂတ်တရား ဆိုတာကတော့ မဖြစ်ပေါ်လာသေးလို့ "ဘယ်တော့ ဖြစ်မယ်" လို့လဲ အတိအကျ မသိနိုင်ဘူး၊ ဘယ်လို ဖြစ်မယ် ဆိုတာကိုလဲ အတိအကျ မသိနိုင်ဘူး၊ ပြီးတော့ နောင်အခါမှ ဖြစ်မည့်တရားတွေကို စောစောက ကြိုတင်ပြီး ရှုထားပေမယ်လို့ နောင် တကယ်ဖြစ်ပေါ်လာတဲ့ အခါကျတော့ မရှုမိယင် တကျော်ဒိဋ္ဌိကိလေသာက စဲ့လမ်းဦးမှာဘဲ။ ဒါကြောင့် အနာဂတ်ကို သုတမယ စိန္တာမယဖြင့် မှန်းဆပြီး ရှုတာဟာ သဘောမှန်လဲ မသိနိုင်ဘူး၊ အစဲ့အလမ်း ကိလေသာကိုလဲ မငြိမ်းစေနိုင်ဘူး။ ဒီလို အမှန်လဲ မသိ၊ ကိလေသာကိုလဲ မငြိမ်းစေနိုင်တဲ့အတွက် အနာဂတ်တရားကိုလဲ မရှုရဟု တဲ့။

ကာလဝိမုတ်ကို မရှုရ

ကာလဝိမုတ် ဆိုတာကတော့ မိမိသန္တာန်, သူတပါးသန္တာန်မှာ ဖြစ်ခဲ့ပြီးလဲ မဟုတ်၊ ဖြစ်ဆဲလဲ မဟုတ်၊ တကယ် ဖြစ်လတ့်

လဲ မဟုတ်ပါဘဲ, သုတ စိန္တာမျှဖြင့် ဆင်ခြင်တွေးဆပြီး ရှုနေတဲ့ တရားတွေပါဘဲ။ အဲဒါကို သေသေချာချာ စဉ်းစားကြည့်ယင် စာသံ ပေသံပါ၍ ခဲ့ခဲ့ညားညား ရှိသော်လဲ **အမည်ပညတ်, အာကာရပညတ်, သဏ္ဌာနပညတ်** တွေမျှ ဖြစ်နေကြောင်း ထင် ရှားတွေ့ရပါတယ်။ ယခုဘဲ စဉ်းစားကြည့်ပါ၊ လူတယောက်က "ရုပ် အနိစ္စ, ရုပ် အနိစ္စ" လို့ဘဲ ဖြစ်ဖြစ်၊ "ရုပ်တရားသည် ခဏမစဲတဖဲ့ဖဲ့ ဖြစ်ပျက်နေသည်၊ ခဏမစဲ တဖဲ့ဖဲ့ ဖြစ်ပျက်နေ သောကြောင့် မမြဲ မမြဲ" လို့ဘဲ ဖြစ်ဖြစ် ဆင်ခြင်ပြီး ရှုနေတယ် ဆိုပါတော့၊ အဲဒီလို ရှုနေတဲ့ရုပ်ဟာ ဘယ်က ရုပ်လဲ၊ တကယ် ဖြစ်ဘူးတဲ့ ရုပ်လား၊ တကယ် ဖြစ်နေဆဲ ရုပ်လား၊ တကယ် ဖြစ်မည့် ရုပ်လား၊ မိမိသန္တာန်က ရုပ်လား၊ သူတပါးသန္တာန်က ရုပ်လား၊ မိမိသန္တာန်က ဆိုလျှင်, ခေါင်းထဲက ရုပ်လား၊ ကိုယ်ထဲက ရုပ်လား၊ လက်ထဲက ရုပ်လား၊ ခြေထဲက ရုပ်လား၊ စက္ခုဒ္ဒါရက ရုပ်လား၊ သောတဒ္ဒါရက ရုပ်လား စသည်ဖြင့် စစ်ဆေးကြည့်ပါ၊ ဘယ်က ရုပ်မျှ ,မဟုတ်ဘဲ၊ **အမည်ပညတ်** စသော စိတ်ကူးအာရုံမျှ ဖြစ်နေကြောင်း ထင်ရှားပါလိမ့်မည်။ ဒါကြောင့် ကာလဝိမုတ်ကိုလဲ မရှုရတာပါဘဲ။

ပစ္စုပ္ပန်ကို စ၍ ရှုရသည်

ပစ္စုပ္ပန်ကိုတော့ဘာကြောင့်ရှုရပါသလဲ လို့ ဆိုယင်၊ **ပစ္စုပ္ပန်တရား** ဆိုတာ ယခုမှ ဒဿရ ၆-ပါးမှာ ထင်ပေါ်လာတယ်၊ အဲဒါကို ဘယ်ကိလေသာနဲ့မှ မစွဲလမ်းရသေးဘူး၊ အဝတ်သစ်များမှာ အညစ်အကြေး မတင်သေးတာလို့, စက္ကူအသစ်များမှာ မှင်စာလုံး မထင်သေးတာလို့ အသစ်စက်စက် စင်ကြယ်

နေတယ်။ အဲဒါကို ဝိပဿနာက ဦးအောင်ရှုမိလို့ အမှန်အတိုင်း သိသွားယင် အဲဒီတရားအပေါ်မှာ ကိလေသာ အညစ်အကြေးတွေမကပ်ငြို့ မစဲလမ်းနိုင်တော့ဘူး၊ မရှုမိယင်တော့ အဲဒီတရားကို ကိလေသာက စဲလမ်းသွားတယ်၊ စဲစေမ်းပြီးမှတော့လဲ ခုနကပြောခဲ့တဲ့အတိုင်း ပြုပြင်လို့ မရတော့ဘူး။ ဒါကြောင့် ဒီသဘောကို နားလည်အောင်လို့ "ဖြစ်ခိုက် မရှု၊ ရုပ်နာမ်စု၊ စဲမှု ဝင်ရောက်သည်"လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဖြစ်ခိုက် မရှု၊ ရုပ်နာမ်စု၊ စဲမှု ဝင်ရောက်သည်။ (ဆို)

ဖြစ်ခိုက်မှာ, ဖြစ်တုန်း ဖြစ်ဆဲမှာ မရှုမိလို့ရှိယင် အဲဒီရုပ်နာမ်အပေါ်မှာ စဲလမ်းမှု ဝင်ရောက်ပါတယ် တဲ့။ ကာမုပါဒါန် ခေါ်တဲ့ တဏှာနဲ့လဲ စဲလမ်းတယ်၊ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် ခေါ်တဲ့ ဒိဋ္ဌိနဲ့လဲ စဲလမ်းတယ်။ အဲဒီ စဲလမ်း ဆိုတာဟာ ဥပါဒါန်ဘဲ၊ ဥပါဒါန် ဖြစ်ယင် ဘာတွေ ဖြစ်သွားသလဲ ဆိုတော့-

"တဿုပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊ (မ ၁-၃၃၃၊ သံ ၂-၁၂)" ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် အတိုင်း ဆင်းရဲ တရားတွေ ချည်း ဖြစ်သွားတယ်။ ဒါကြောင့် "စဲလမ်းတယ်" ဆိုတာဟာ သေးသေးကွေးကွေး-တရားမဟုတ်ဘူး၊ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် ဆိုတဲ့ အင်မတန်

ကြီးကျယ်တဲ့ ဥပဒါန်တရားကြီးဘဲ။ အဲဒီ စုံလမ်းမှု ဥပဒါန် ဖြစ်တော့ကမှဘဝ ခေါ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေ ဖြစ် မြောက်လာတယ်။ ဖြစ်ပုံကတော့- စုံလမ်းမိတဲ့သူဟာ "ဘယ်လို လုပ်ယင် ကောင်းစားချမ်းသာလိမ့်မယ်လို့ ကိုယ့်ထင်မြင်စုံလမ်း ချက်ရှိတဲ့အတိုင်း ကိုယ်အလိုရှိတာတွေ့ ပြီးစီးအောင် တခုခုကို သူလုပ်တော့တာဘဲ၊ သူထင်ရာ သူ လုပ်တာပါဘဲ။ ယခု လူတွေ့ လုပ်ကိုင်နေကြတာတွေ့ဟာ ကောင်းတာလဲ ရှိတယ်၊ ဆိုးတာ လဲ ရှိတယ်၊ အဲဒါတွေ့ဟာ သူ့အထင်နဲ့သူ ကောင်းတယ် ထင် ရာတွေ့ကို လျှောက် လုပ်နေကြတာပါဘဲ။ အဲဒီလို ကောင်း တယ်ထင်တာက ဘာလဲ ဆိုယင်? ဥပဒါန်ဘဲ။ ဒီလို လုပ်လျှင် ကောင်းမယ်၊ ဟိုလို လုပ်လျှင် ကောင်းမယ်လို့ ထင်နေကြတာ တွေ့ဟာ ဥပဒါန်အစုံအလမ်းတွေ့ဘဲ၊ ကောင်းမယ်လို့ ထင် တဲ့ ဒီအစုံတွေ့နဲ့ လုပ်နေကြတာပါဘဲ။ ဘေးက ပုဂ္ဂိုလ် အမြင်နဲ့ မကောင်းပေမယ့်၊ လုပ်တဲ့ပုဂ္ဂိုလ် အမြင်နဲ့ကတော့ သူ့ဟာသူ ကောင်းနေတာချည်းဘဲ။ ဘယ်အလုပ်ပဲ ဖြစ်ဖြစ်၊ လုပ်တဲ့ပုဂ္ဂိုလ် ကိုမေးယင် "ကောင်းတယ်" လို့ချည်းပြောမှာဘဲ။ ကောင်းတယ် ထင်လို့ လုပ်တာပေါ့၊ မကောင်ဘူး ထင်ယင် ဘယ် လုပ်မှာလဲ။

အသောကကျောက်စာ

သီရိဓမ္မာသောက မင်းတရားကြီးက သူ့ကျောက်စာထဲမှာ ရေးထားတဲ့ စာပိုဒ်တခု ရှိတယ်၊ သူ့ဟာ အင်မတန် မှတ်သား စရာကောင်းပါတယ်။ ဘယ်လို ရေးထားသလဲဆိုတော့-

ကယာနံမေဝ ဒေခတိ- လူတွေ့ဟာ ကိုယ်လုပ်တဲ့ဟာ ဆိုယင် အကောင်းချည်း ထင်ကြတယ်။

နော မိန ပါပံ ဒေခတိ- ကိုယ်လုပ်တဲ့ ဥစ္စာကို မကောင်း ဘူးလို့တော့ နဲနဲကလေးမှ မထင်ကြဘူး တဲ့။

ဒီလို အသောကကျောက်စာက ဆိုထား့တယ်။သူ့ဟာ တယ် ဟုတ်တာဘဲ၊ ဘာဘဲဖြစ်ဖြစ် လူတွေဟာ ကောင်းတယ် ထင်လို့ လုပ်နေကြတာဘဲ။သူ့ခိုးက သူဘပါး ဥစ္စာကို ခိုးတယ် အဲဒါ သူ့အနေနဲ့တော့ ကောင်းတယ် ထင်လို့ ခိုးတာဘဲ။ဒမြက လုယက်တိုက်ခိုက်တယ်၊ အဲဒါလဲ သူ ကောင်းတယ် ထင်လို့ လုပ်တာဘဲ။ သတ်တဲ့သူက မည္သာမတာ ရက်ရက်စက်စက် သတ်တယ်၊ အဲဒါလဲ သူ ကောင်းတယ်ထင်လို့ လုပ်တာဘဲ။ **အဇာတသတ်မင်းက** သူ့ဘခင် **မိဖွိသာရမင်းကို** သတ်တယ်၊ သူ ကောင်းတယ် ထင်လို့ လုပ်တာဘဲ။ **ဒေဝဒတ်က** မြတ်စွာဘုရား ကို ကျောက်တုံးနဲ့ လှိမ့်ချပြီး သေကြောင်းကြံတယ်၊ အဲဒါလဲ သူကောင်းတယ် ထင်လို့ လုပ်တာဘဲ။ အဆိပ်သောက်ပြီး သေ တဲ့လူဟာလဲ သူကောင်းတယ် ထင်လို့ လုပ်တာဘဲ။ ညအခါ မီးထဲ ဝင်တိုးတဲ့ ပိုးကောင်ကလေးတွေလဲ ကောင်းတယ်ထင်လို့ တိုးကြတာဘဲ။ ဒီလိုချည်းပါဘဲ၊ သတ္တဝါတွေဟာ ဘာမဆို ကောင်းတယ် ထင်လို့ လုပ်နေကြတာတွေချည်းပါဘဲ။ "ဒီအာ မှုကို လုပ်ယင် ကောင်းစားချမ်းသာသွားမယ်၊ ဒီလို လုပ်မှဘဲ ကောင်းစား ချမ်းသာနိုင်မယ်" လို့ ထင်ကြတဲ့အတွက် လုပ် နေကြတာဘဲ။ ဒါကြောင့် အသောက မင်းတရားကြီးက "လူတွေဟာ ကိုယ်လုပ်တာဆိုယင် အကောင်းချည်း ထင်နေ ကြတာဘဲ၊ မကောင်းဘူးလို့တော့ နဲနဲကလေးမှ မထင်ကြဘူး" လို့ သူ့အမိန့်တော် ကျောက်စာထဲမှာ ရေးထားခဲ့ပေတာဘဲ။ တကယ့်ကို မှတ်သားလောက်တဲ့ စကားဘဲ။ ယခု လောကမှာ

လူတွေဟာ ကိုယ့်ဟာကိုယ် အကောင်းချည်း ထင်နေကြတဲ့ အတွက် မတော်တာတွေလဲ လျှောက် လုပ်နေကြတာဘဲ။ အင်မတန်ဘဲ ကြောက်စရာကောင်းပါတယ်။

"ဘယ်လို လုပ်ဖင် ငါ ကောင်းစား ချမ်းသာမယ်၊ ငါနှင့် စပ်တဲ့သူတွေ ကောင်းစား ချမ်းသာမယ်"လို့ ထင်တာတွေဟာ စဲလမ်းမှု ဥပါဒါန်ဘဲ။ တကယ် စဲလမ်းမိမှတော့ အဲဒီစဲလမ်းတဲ့အတိုင်း လုပ်တော့တာဘဲ။ လုပ်တော့ ဘာဖြစ်သလဲ၊ **ကမ္မဘဝ**လို့ ခေါ်တဲ့ ကုသိုလ်ကံ, အကုသိုလ်ကံ ဖြစ်တယ်။

မှန်ကန်သော စွဲလမ်းမှု

"သူတပါး ကိုယ် စိတ် ဆင်းရဲအောင် အကျိုးမဲ့ကို မပြုလုပ်ဘဲ ရှောင်ကြဉ်လျှင် ကုသိုလ် ဖြစ်တယ်၊ သူတဲ့ပါးအကျိုးကို ရွက်ဆောင်လျှင် ကုသိုလ် ဖြစ်တယ်၊ ပေးလှူလျှင် ကုသိုလ် ဖြစ်တယ်၊ ရိုသေထိုက်တဲ့သူတွေကို ရိုသေလျှင် ကုသိုလ် ဖြစ်တယ်၊ ကုသိုလ် ဖြစ်လျှင် ယခု ဘဝမှာလဲ ဘေးရန်အန္တရာယ် ကင်းခြင်း, အသက်ရှည်ခြင်း, အနာကင်းရှင်း ကျန်းမာခြင်း စသော ကောင်းကျိုးတွေကို ရနိုင်တယ်၊ နောင် သံသရာဘဝတွေမှာလဲ ကောင်းကျိုးချမ်းသာတွေကို ရသွားနိုင်တယ်"လို့ ဒီလို စဲလမ်းတာမျိုးကတော့ မှန်ကန်သော စဲလမ်းမှုဘဲ။ အဲဒီလို အမှန်အတိုင်း စဲလမ်းတဲ့ပုဂ္ဂိုလ်က လောကကြီးပွါး ချမ်းသာရေးတွေကို ရည်ရွယ်ပြီး ဒါန, သီလ အစရှိတဲ့ ကောင်းမှုတွေကို ပြုတယ်။ ပြုတော့ ကမ္မဘဝ ခေါ်တဲ့ ကုသိုလ်ကံတွေ ဖြစ်သွားတယ်။ အဲဒီတော့ ဘာ ဖြစ်သလဲ လို့ ဆိုယင်၊ **"ဘဝပစ္စယာ ဇာတိ"**လို့ ဆိုတဲ့အတိုင်း လက်ရှိဘဝက သေတဲ့အခါမှာ အဲဒီကုသိုလ်ကံကြောင့် ဘဝအသစ် ဖြစ်ရတယ်။ ဘယ်

မှာ ဖြစ်ရသလဲ ဆိုယင်၊ လူ့လောက နတ်လောက ဆိုတဲ့ သုဂတိဘဝ ကောင်းမြတ်တဲ့ ဘဝတွေမှာဘဲ ဖြစ်ရပါတယ်။ လူ့ပြည်မှာ ဖြစ်ယင် အသက်ရှည်းခြင်း, အဆင်းလှခြင်း, ကျန်းမာခြင်း အစရှိတဲ့ ကိုယ်တွင်းဂုဏ်အင်္ဂါတွေနဲ့လဲ ပြည့်စုံနေမယ်၊ အမျိုးမြတ်ခြင်း, အခြေအရံများခြင်း, ပစ္စည်းဥစ္စာပေါများခြင်း အစရှိတဲ့ အပြင်ပဂုဏ်အင်္ဂါတွေနဲ့လဲ ပြည့်စုံနေမယ်။လူချမ်းသာကြီး ဖြစ်နေတယ်လို့ ဆိုရမှာပေါ့။ နတ်ပြည်မှာဖြစ်ယင်လဲ နတ်သား နတ်သီး အခြေအရံ ပရိသတ်တွေ, ဘုံဗိမာန်ကြီးတွေနဲ့ တခမ်းတနားကြီး ဖြစ်နေမှာပေါ့။ ဒါကြောင့် အဲဒီပုဂ္ဂိုလ်ဟာ "ချမ်းသာကောင်းစားလိမ့်မယ်" လို့ စဲ့လမ်းခဲ့တဲ့ မူလရည်ရွယ်ချက်အတိုင်း ကောင်းစားချမ်းသာနေတယ်လို့ဘဲ လောကအလိုအားဖြင့် ဆိုရပါတယ်။

ကုသိုလ်အကျိုးလဲ ဒုက္ခဘဲ

ဒါပေမယ့် မြတ်စွာဘုရား၏ ဒေသနာတော်အရ ဆိုယင်တော့ အဲဒီလူချမ်းသာကြီး, နတ်ချမ်းသာကြီး ဖြစ်နေရတာလဲ ဆင်းရဲ မကင်းသေးဘူး။ ဇာတိပစ္စယာ ဇရာမရဏံ-ဘဝအသစ်ဖြစ်တဲ့အတွက် အိုရခြင်း, သေရခြင်းလဲ ပေါ်လာပါတယ် တဲ့။ သူ့ခမျာ အဲဒီဘဝမှာ ဖြစ်မိတဲ့အတွက် လူချမ်းသာကြီးဖြစ်နေပေမယ်လို့ အဲဒီ လူချမ်းသာကြီးအဖြစ်နဲ့ဘဲ အိုရဉီးမယ်။ ယခုလောကမှာရှိတဲ့ လူချမ်းသာကြီးတွေကို လျှောက်ကြည့်ပါ၊ အသက် (၇၀) ကျော် (၈၀) ဆိုယင် ဘာမှ နေရာမကျဘူး၊ ဆံပင်တွေက ဖြူ, သွားတွေက ကျိုး, မျက်စိက မှုန်, နားကထိုင်း, ခါးက ကိုင်း, အရေတွေက တွန့်,အားအင်တွေက ဆုတ်

ယုတ်ပြီး အသုံးမကျတဲ့အနေ ရောက်နေကြတာဘဲ မျှားပါ
တယ်။ အဲဒီ အဘိုးအို အဖွါးအိုကြီးတွေဟာ ပစ္စည်းဥစ္စာ
တွေက ဘယ်လိုဘဲ ပြည့်စုံနေပေမယ်လို့၊ ဂုဏ်သိရ်တွေက ဘယ်
လိုဘဲ ကြီးနေပေမယ်လို့ ပျော်နိုင်ကြပါဦးမလား။ ပြီးတော့
အိုနာတမျိုးမျိုးကလဲ စွဲကပ်နေတတ်သေးတယ်၊ အဲဒါကြောင့်
လဲ အဲဒီလို အဘိုးအို အဖွါးအို ကြီးတွေမှာ ကောင်း
ကောင်းလဲ မအိပ်နိုင်ကြဘူး၊ ကောင်းကောင်းလဲ မစားနိုင်ကြ
ဘူး၊အထိုင် အထ အသွား အလာမှာလဲ ပေါ့ပေါ့ပါးပါးမရှိကြ
တော့ဘူး။ နောက်ဆုံးတန့ေကျတော့ အဲဒီ လူချမ်းသာကြီးလို့
ခေါ်ရတဲ့ အဘိုးအို အဖွါးအိုကြီးတွေဟာ သေရဦးမှာဘဲ၊
သူ့ဌေးဘဲ ဖြစ်ဖြစ်၊မင်းဘဲ ဖြစ်ဖြစ်၊ ဘယ်လောက် အထက်တန်း
ကျတဲ့ ပုဂ္ဂိုလ်ကြီးဘဲ ဖြစ်ဖြစ် တန့ေကျတော့ သေရပြန်တာဘဲ။
အဲဒီလိုအခါမှာ ဘာမှ အားကိုးစရာ မရှိတော့ဘူး၊ ဆွေးမျိုး
တွေ မိတ်ဆွေတွေ အခြေအရံတွေက အနီးအပါးမှာ ဝိုင်းပြီး
ပြုစုနေကြမယ်၊ အဲဒီလို ပြုစုနေယင်းဘဲ မျက်စိကလေး မှိတ်ပြီး
တော့ စုတိစိတ် ကျပြီး သေသွားရမှာဘဲ။ သေပြီးတော့လဲ
ကံအားလျော်စွာ ဘဝတပါးကို တယောက်ထည်း ခဲ့ခဲ့ရသွားရ
မယ်။ အဲဒီလိုအခါမှာ လက်ရှိ စည်းစိမ် အခြေအရံတွေကို
စွန့်သွားဘို့လဲ တော်တော်ကို ခက်မှာပါဘဲ၊ ကုသိုလ်ကံ မပြည့်
စုံတဲ့ သူတွေမှာဆိုယင် သွားရမည့် နောက်ဘဝ အတွက်လဲ
တော်တော်ကို စိတ်ပူမှာပါဘဲ။

ထို့အတူ နတ်ချမ်းသာကြီးလဲ သေရမှာဘဲ။ နတ်လဲ မသက်
သာပါဘူး။ နတ်များမှာ စုတေခါနီး လူ့ပြည်က ဈက်နဲ့
(၇) ရက်လောက်အတွင်းမှာ ပုဗ္ဗနိမိတ်ငါးပါး ထင်သတဲ့၊

ပန်ဆင်ထားတဲ့ နတ်ပန်းတွေက ဘယ်တော့မှ မညှိုးဘူးဘဲနဲ့ အဲဒီ အခါမှာ ညှိုးကုန်သတဲ့၊ နတ်ဝတ်တန်ဆာတွေကလဲ ဘယ် တော့မှ မညစ်နွမ်းဘူးဘဲနဲ့ ညစ်နွမ်းကုန်သတဲ့၊ လက်ကတီး ကြားကလဲ ချွေးတွေ မကျစဘူးဘဲ ကျလာသတဲ့၊ ကိုယ်မှာလဲ တသက်လုံး ပျံ့ပျံ့ရွှယ်ရွှယ်နဲ့ ရှိလာခဲ့ပါလျက် 'အဲဒီအခါကျမှ အိုရုပ်တွေပေါ်လာသတဲ့၊ နတ်တသက်လုံး ဘယ်တော့မှ မပျင်း ခဲ့ဘူးပါဘဲနဲ့ အဲဒီအခါမှာ နတ်ပြည်တွင် ဘယ်မှာမှ မပျော် တော့ဘဲ ပျင်းလာပါသတဲ့၊ အဲဒီလို ပုဗ္ဗနိမိတ်ငါးပါး ထင်လာ တဲ့အခါ "မကြာခင် သေရတော့မယ်" ဆိုတာကို သိနေတော့ အဲဒီနတ်မှာ အကြီးအကျယ် စိုးရိမ်ပူပန်ရပါသတဲ့။ မြတ်စွာ ဘုရားလက်ထက်တော်ကာလက သိကြားမင်းကြီးမှာ အဲဒီလို ပုဗ္ဗနိမိတ်တွေ ထင်ပေါ်လာတော့ "သေရတော့မယ်" ဆိုတာ ကို သိရတဲ့အတွက် သောကပရိဒေဝမီးတွေ အကြီးအကျယ် တောက်လောင်ရှာသတဲ့။ "ငါ သေရတော့မယ်၊ လက်ရှိအခြေ အရုံစည်းစိမ်တွေနဲ့ ခွဲရတော့မယ်၊ သိကြားစည်းစိမ် ဆုံးရှုံးရ တော့မယ်"လို့ တွေးတောပူပန်ပြီး ကြောက်ရွှာလွန်းလို့ မြတ် စွာဘုရားထံ အမြန်လာပြီး တရားနာရတယ်။အဲဒီ အကြောင်း တွေကတော့ တနေ့က အကျယ်ဟောပြီးပါပြီ။ အဲဒီလို မြတ် စွာဘုရားထံမှာ တရားနာတော့ တရားနာနေယင်းဘဲ သော တာပန်လဲ ဖြစ်သွားတယ်၊ ဘဝဟောင်း သိကြားအဖြစ်က စုတေပြီး သိကြားအသစ်လဲ ပြန် ဖြစ်သွားတယ်။သူ့မှာ လက်ရှိ စည်းစိမ်တွေ ဆုံးရှုံးမသွားသေးလို့ တော်ပါသေးရဲ့။ အဲဒီ တုန်းက မြတ်စွာဘုရားက ထင်ရှားရှိနေပေလို့ဘဲ၊ အကယ်၍ သာ မြတ်စွာဘုရားက မရှိဘူးဆိုယင် ဒီသိကြားမင်းဟာ ဘယ်

အထိ ဒုက္ခရောက်သွားမယ် ဆိုတာ မပြောနိုင်ဘူး။ ဒါကြောင့် နတ်ချမ်းသာကြီးဖြစ်ရတယ် ဆိုတာလဲ မသက်သာလှပါဘူး။

ပြီးတော့ လူချမ်းသာ နတ်ချမ်းသာဘဝမှာ အိုရ သေရ ရုံတွင်မကသေးဘူး၊ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာသမှ ဝန်္တိ-အကြောင်းအားလျော်စွာ စိုးရိမ်ပူဆွေးရတာတွေ့, ငိုကြွေးရတာတွေ့, ကိုယ်ဆင်းရဲအမျိုးမျိုးတွေ့, စိတ်ဆင်းရဲအမျိုးမျိုးတွေ့, စိတ်နှလုံးပြင်းစွာ ပူပန်ရတာတွေလဲ ဖြစ်ပေါ်လာကြပါသေးတယ် တဲ့။ ဒါတွေဟာ အကုန်လုံး မလိုလားအပ်တဲ့ ဆင်းရဲတွေချည်းဘဲ။ ဒါကြောင့် ဧဝံ၊ ဤဆိုခဲ့သောနည်းဖြင့်။ ကေဝလဿ၊ ချမ်းသာနှင့် မရောမယှက် သက်သက်သော။ ဇာတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစုဟု။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်ပါတယ် တဲ့။ ဒီ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် အရအားဖြင့် စဲလမ်းမှု ညပါဒါနိကြောင့် ကုသိုလ် ကမ္မဘဝ ဖြစ်ပေါ်လာတာလဲ ကြောက်စရာကောင်းတဲ့ ဆင်းရဲဘဲ၊ အဲဒီ ကမ္မဘဝကြောင့် လူချမ်းသာ, နတ်ချမ်းသာ ဖြစ်ရတယ် ဆိုတာလဲ ဖြစ်ရ အိုရ သေရ စိုးရိမ်ပူဆွေးရ ငိုကြွေးရ ကိုယ်စိတ်ဆင်းရဲရ အစရှိတဲ့ဒုက္ခတွေ့ကြောင့် ကြောက်စရာကောင်းတဲ့ ဆင်းရဲတွေချည်းဘဲ၊ အကုန်လုံး ဆင်းရဲချည်းဘဲ လို့သာ ဆိုရတယ်။

အကုသိုလ်အကျိုးက သာဗြီး ကြောက်စရာကောင်းတယ်

ကုသိုလ်၏ အကျိုးဖြစ်တဲ့ လူ့ဘဝ နတ်ဘဝတွေလဲ ဆင်းရဲဘဲ ဆိုယင်၊ အဲဒီ ကုသိုလ်ကို မပြုဘဲ နေတာက ကောင်းမယ်

မဟုတ်လားလို့ ဒီလို မေးစရာ ရှိပါတယ်။အဲဒီလိုလဲ မမှတ်ရဘူး၊ ကုသိုလ်ကိုမပြုယင် အကုသိုလ်တော့ချည်း ဖြစ်ပွါးနေမယ်၊ဒီတော့ အဲဒီ အကုသိုလ် ကံကြောင့် ငရဲကိုလဲ ကျရောက်သွားမယ်၊ တိရစ္ဆာန်ဘုံလဲ ရောက်သွားမယ်၊ပြိတ္တာဘုံလဲ ရောက်သွားမယ်၊ အသုရကာယ်ဘုံလဲ ရောက်သွားမယ်။အဲဒီ အပါယ် ၄-ဘုံရောက် သွားမှ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေနဲ့ မပြတ်တွေ့ပြီး မပြဟ် ဒုက္ခရောက်သွားမှာ၊ အဲဒါကမှ သာပြီး ကြောက်စရာကောင်းတာ။ လူ့ဘဝ နတ်ဘဝကို ဆင်းရဲတယ်လို့ ဆိုရတာကတော့ နိဗ္ဗာန်လို အိုခြင်း သေခြင်း အစရှိတဲ့ ဆင်းရဲတွေ မကင်းသေးတဲ့အတွက် နိဗ္ဗာန်နဲ့ နှိုင်းစာပြီးတော့သာ ဆင်းရဲတယ်လို့ ဆိုရတာ။ အကုသိုလ်အကျိုး အပါယ်ဘဝတွေနဲ့ နှိုင်းစာကြည့်ယင်တော့ လူ့ဘဝ နတ်ဘဝတွေကို ချမ်းသာတယ်လို့ဘဲ ဆိုရပါတယ်။

မှားယွင်းသော စွဲလမ်းမှု

မှန်ကန်တဲ့ အစဲအလမ်းကြောင့် ကုသိုလ်ကမ္မဘဝ ဖြစ်ပုံ စသည်ကိုတော့ နားလည်လောက်ပါပြီ။ ယခု မှားယွင်းတဲ့ အစဲအလမ်းကြောင့် အကုသိုလ်ကမ္မဘဝ စသည် ဖြစ်ပြီး အတိုင်းထက်အလွန် ဆင်းရဲပုံကို ပြောမယ်။ တချို့က "ဒီလို လုပ်မှဘဲ ကောင်းစား ချမ်းသာမယ်"လို့ ထင်မှတ်စဲလမ်းပြီး တော့ သူတပါးကို ရက်ရက်စက်စက် သတ်တယ်၊ သူတပါး ဥစ္စာကို မညှာမတာ ခိုးတယ်၊ လုယက်တယ်၊ သူတပါး အကျိုးမဲ့ကို မတော်မတရား ပြုတယ်၊ အဲဒီလို ပြုတာဟာ အကုသိုလ် ကမ္မဘဝတွေဘဲ။ အဲဒီ အကုသိုလ်ကမ္မဘဝတွေကို ပြုထား

တဲ့သူမှာ တနေ့ကျတော့ အဲဒီ အကုသိုလ်ကံတွေက တန်ပြန်ပြီးတော့ မကောင်းကျိုးတွေကို ပေးတော့တာဘဲ၊ အဲဒီတော့ ကိုယ်ထင်တဲ့အတိုင်းချမ်းသာမဟုတ်ဘဲ ဆင်းရဲတွေနဲ့သာ တွေ့နေရတော့တာဘဲ။ အထူးအားဖြင့် အကျိုးပေးပုံကတော့ လက်ရှိဘဝက သေသွားတဲ့အခါမှာ မိမိပြုထားတဲ့ အကုသိုလ်ကမ္မဘဝကြောင့် ဘဝအသစ် ဖြစ်ရတဲ့ယ်၊ ဖြစ်ရတော့လဲ ဘဝကောင်းတွေမှာ ဖြစ်ရတာ မဟုတ်ဘူး၊ ငရဲ တိရိစ္ဆာန် ပြိတ္တာ အသုရကာယ် ဆိုတဲ့ အပါယ် ၄-ဘုံမှာ ဖြစ်ရတယ်။ အဲဒီ အပါယ်ဘုံတွေမှာ ဖြစ်ရတယ်ဆိုတော့ ဖြစ်ကတည်းက ချက်ခြင်း ဆင်းရဲဒုက္ခနဲ့ တွေ့ရတော့တာဘဲ၊ ငရဲကို ကျရောက်သွားတယ် ဆိုယင်၊ မီးပုံကြီးထဲ ခုန်ချလိုက်ရသလို တခါထဲ အကြီးအကျယ် ဒုက္ခရောက်တော့တာဘဲ။ လူ့ဘဝက ဆွေမျိုးတွေက မျက်ရည်စက်လက်နဲ့ ငိုကျွေးနေကြတုန်းမှာဘဲ စုတိစိတ်ကလေး ကျလိုက်တာနဲ့ တပြိုင်နက် ငရဲမီးထဲ ခုန်ချလိုက်ရ သလိုဘဲ ဖြုတ်ကနဲ ကျရောက်သွားတယ်၊ သိပ် ကြောက်စရာကောင်းတာဘဲ။ အဲဒီလို ငရဲကျရောက်သွားပြီ ဆိုမှတော့ လူမပြောနဲ့တော့ အင်မတန် တန်ခိုးကြီးတဲ့ မာရ်နတ်ကြီးတောင် ဘာမှ ထောက်တည်ရာ မရတော့ဘူး။

ဒုဿီမာနတ်ဝတ္ထု

ကကုသန်မြတ်စွာဘုရား လက်ထက်ဘုန်းက ဒုဿီဆိုတဲ့ မာရ်နတ်ကြီးဟာ အင်မတန် မာန်မာန ထောင်လွှားနေသတဲ့၊ သူက မြတ်စွာဘုရားကိုရော, ရဟန်းသံဃာတော်တွေကိုရော အကျိုးမဲ့ဖြစ်အောင် အမျိုးမျိုး အနှောင့် အယှက်တွေ ပြုနေသတဲ့။

အဲဒီလိုအမျိုးမျိုး နှောင့်ယှက်ရုံနဲ့ အားမရတဲ့အတွက် နောက်ဆုံးကျတော့ သူက လူတယောက်ကို ပူးကပ်ပြီးတော့ မြတ်စွာဘုရား နောက်တော်က လိုက်ပါလာတဲ့ အဂ္ဂသာဝက ရဟန္တာ မထေရ် မြတ်ကို ခဲနဲ့ ပေါက် တံယ်၊ ရဟန္တာမထေရ်မှာ သူပေါက်တဲ့ ခဲဒဏ်ကြောင့် ပရိနိဗ္ဗာန် စံသွားရှာတယ်။ ဒီတော့ အဲဒီမာရ်နတ်ကြီးလဲ အလွန်ကြမ်းကြုတ်တဲ့ မကောင်းမှုကို ပြုမိတဲ့အတွက် ချက်ခြင်းဘဲ ကံကုန်ပြီး မာရ်နတ်အဖြစ်က စုတေသွားတယ်၊ စုတေပြီးတော့လဲ ချက်ခြင်းဘဲ အဝီစိငရဲ ကျရောက်သွားတယ်။ ငရဲထိန်းတွေ လက်အောက် တခါတည်း ရောက်သွားတော့တာဘဲ၊ အဲဒီလို ရောက်သွားတော့ သူ့ခမျာ ဘာမှ မလှုပ်နိုင်ရှာဘူး၊ မာရ်နတ်ဘဝတုန်းက တော့ နတ်ပြည် ၆-ထပ်မှာ သူက အင်မတန် စွာနေတယ်၊ အခြားနတ်တွေအပေါ်မှာ သူက မင်းမူနေတယ်၊ နတ်အများက သူ့ကို ကြောက်နေကြရတယ်။ ငရဲ ကျရောက်သွားတဲ့အခါကျတော့ ငရဲ ထိန်းတွေရဲ့ ခြေဖဝါးအောက်မှာ နင်းပြားဖြစ်လို့ ဘာမှ အစွမ်းသတ္တိ မရှိရှာတော့ဘူး၊ တခါထဲ ချက်ခြင်း ဒုက္ခရောက်သွားရှာတော့တာဘဲ။

ယခု လူ့လောကမှာ အနှိုင်ကျင့်ပြီး စွာနေတဲ့လူတွေလဲ တနေ့ကျတော့ အဲဒီ မာရ်နတ်ကြီးလို ငရဲထိန်းတွေရဲ့ ခြေဖဝါး အောက် ရောက်ပြီး အကြီးအကျယ် ဒုက္ခရောက်ကြရဦးမယ်။ အဲဒီငရဲက လွတ်ပြန်လျှင် ပြိတ္တာ ဖြစ်လိုက်, တိရစ္ဆာန် ဖြစ်လိုက်နဲ့ အမျှားကြီး ဆင်းရဲဒုက္ခ ရောက်သွားကြဦးမယ်။ အဲဒါဘာကြောင့် ဖြစ်ရတာလဲလို့ အရှင်းကို စစ်ကြည့်ယင် စဲ့လမ်းမှု ဥပါဒါန်ကြောင့်ဘဲ။ "သူတပါးတွေကို ညှဉ်းပန်းနှိပ်စက်ရုံမှ

ကောင်းစား ချမ်းသာမယ်”လို့ စဲလမ်းတဲ့ ဥပါဒါန်ကြောင့် အကုသိုလ် ကမ္မဘဝတွေ ဖြစ်တယ်၊ အဲဒီဘဝကြောင့် ဇာတိ ခေါ်တဲ့ အပါယ်ဘဝတွေ ဖြစ်ပြီးတော့ အနှစ်သိန်းသန်း မရေမတွက်နိုင်အောင်အပါယ်ဆင်းရဲတွေကို ခံစားသွားရတယ်။ ဇရာမရဏ စသည်အင်တွက် ဒုက္ခရောက်ရတာကိုတော့ အထူး ပြောစရာ မလိုတော့ပါဘူး။

ဒါကြောင့် ဥပါဒါန်ဆိုတာ အင်မတန် ကြောက်စရာ ကောင်းပါတယ်၊ အင်မတန်လဲ အရေးကြီးပါတယ်။ ဝိပဿနာ ရှုရတယ် ဆိုတာ ဒီဥပါဒါန် မဖြစ်နိုင်အောင်, ဥပါဒါန် ငြိမ်း သွားအောင်လို့ ရှုရတာဘဲ၊ ဒါကြောင့် ဆောင်ပုဒ်ထဲမှာ “မစဲ ဘို့ရာ ရှုရပါတယ်”ဆိုတာကို ဖေါ်ပြထားတာဘဲ။ တဏှာနဲ့ သာယာပြီး မစဲလမ်းဘို့၊ ဒိဋ္ဌိနဲ့ အထင်မှားပြီး မစဲလမ်းဘို့၊ မြဲတဲ့အနေ ချမ်းသာ တဲ့အနေအားဖြင့် သာယာပြီး မစဲလမ်း ဘို့၊ အသက်ကောင် သတ္တဝါကောင် ငါကောင်အနေအားဖြင့် ထင်မှားပြီး မစဲလမ်းဘို့ ရှုရတာတဲ့။ ဒီလို မရှုနိုင်တဲ့သူတွေမှာ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း အဲဒီလိုဘဲ စဲလမ်း နေကြတယ်၊ စဲသလား မစဲဘူးလား ဆိုတာ ကိုယ်တွေ့နဲ့ ကိုယ်ဟာ ကိုယ်ဘဲ စဉ်းစားကြည့်ကြပေါ့လေ၊ သူ့ဟာသူ အဖြေထွက်လာပါလိမ့်မယ်။

ကိုယ်တွေ့နဲ့ စဉ်းစားကြည့်ရန်

မြင်ရုပ်က စပြီးတော့ စဉ်းစားကြည့်ပါ၊ လှပ တင့်တယ် ရှုချင်ဘွယ် အဆင်းကို မြင်ရတဲ့အခါမှာ ဘယ်နှယ်အောက်မေ့ သလဲ၊ နှစ်သက်သာယာနေတယ်, သဘောကျနေတယ် မဟုတ်

လား၊ မကြည့်ချင်ပါဘူး, မမြင်ချင်ပါဘူး လို့တော့ ညည်းမှာ မဟုတ်ပါဘူး။ အမှန်ကတော့ အဲဒီ မြင်ရတာကလေးကို "လှုပ် တင့်တယ်လိုက်တာ, ချစ်စရာကလေးဘဲ" လို့ စိတ်ထဲမှာ စွဲနေ တယ်၊ ပြုံးပြုံးပြုံးပြုံးနဲ့ အဲဒါကလေးကို သိပ် သဘောကျနေ တယ်။ ပြီးတော့ မြဲတယ်လို့လဲ ထင်နေတယ်၊ မြင်ရတဲ့အာရုံ ဝတ္ထုဟာ လူပုဂ္ဂိုလ်ဘဲ ဖြစ်ဖြစ်၊အသုံးအဆောင် ဝတ္ထုပစ္စည်းဘဲ ဖြစ်ဖြစ်၊ အဲဒါကို "အယင်ကလဲ ရှိ၊ ယခုလဲ ရှိ၊ နောင်လဲ ရှိ၊ အမြဲတမ်း တံ့ည်ရှိနေတယ်" လို့လဲ ထင်တယ်၊ ကိုယ်ပိုင်ဥစ္စာ မဟုတ်သေးပေမယ့် အဲဒါကလေးကို ကိုယ်ပိုင်အနေနဲ့ သိမ်းပိုက် ပြီးတော့လဲ သာယာနေတယ်၊ အဝတ်ဆိုယင်လဲ စိတ်ကူးနဲ့ ဝတ်ဆင်ကြည့်လို့၊ ဘိုနပ်ဆိုယင်လဲ စိတ်ကူးနဲ့ စီးကြည့်လို့ ကိုယ် ပိုင်အနေနဲ့ နှစ်သက် သာယာနေတယ်၊ လူပုဂ္ဂိုလ်ဆိုယင်လဲ အဲဒီလိုပါဘဲ, စိတ်ကူးနဲ့ အသုံးချပြီး နှစ်သက် သာယာသွား တာပါဘဲ။

ထိုအတူ ကြားရာကလဲ ကြားရတဲ့ အသံ ကလေးကို အကြောင်းပြုပြီးတော့ အသံရှင်ကိုပါ သာယာ သွားတယ်၊ အနံ့ နံရာကလဲ ထိုအတူ သာယာသွားတယ်၊ အရသာကို စားသိရာကလဲ ချက်ပြုတ် ပြုပြင်ပေးတဲ့သူကိုပါ သာယာ သွားတယ်။ တွေ့ထိရာကလဲ ကောင်းယင် နှစ်သက် သာယာ တာဘဲ။ ကြုံသိရာကတော့ နှစ်သက်သာယာပုံက အလွန်ကျယ် ပြန့်ပါတယ်၊ ကိုယ်ပိုင် မဟုတ်တာတွေကိုလဲ စိတ်ကူးကြံ စည်ပြီးတော့ နှစ်သက် သာယာနေတယ်၊ လိုချင် တောင့်တ နေတယ်၊ စိတ်ကူးထဲမှာတော့ ကိုယ်ပိုင်လိုဘဲ သဘောထားပြီး

သာယာနေတယ်။ ကိုယ်ပိုင် ဥစ္စာ ကလေးတွေ အာတုက်တော့ အထူးပြောစရာ မလိုပါဘူး၊ တစိမ့်စိမ့်နဲ့ ကြုံစည်စဉ်းစားပြီး သာယာ သဘောကျနေတော့တာပါဘဲ။ အဲဒီလို သာယာပြီး စဲလမ်းမှုတွေ မဖြစ်ရအောင်လို့လဲ ရှုရတာ တဲ့။

ပြီးတော့ ဒိဋ္ဌိနဲ့လဲ အထင်မှားပြီး စဲလမ်းတာဘဲ။ သူက တော့ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ ထင်မှတ်ပြီး စဲလမ်းတယ်။ မြင်ရာက ဘယ်လို စဲလမ်းသလဲဆိုတော့ မြင်ရတဲ့ဟာကိုလဲပုဂ္ဂိုလ် သတ္တဝါဘဲ လို့ ထင်တယ်၊ မြင်သိတဲ့စိတ်ကိုလဲ ငါကောင်ဘဲ သတ္တဝါကောင်ဘဲ လို့ ထင်တယ်။ ဝိပဿနာဉာဏ်နဲ့ ပိုင်ပိုင် နိုင်နိုင် မသိသေးယင် မြင်ရာကနေပြီး ဒီအတိုင်းဘဲ စဲလမ်း နေကြပါတယ်။လူတိုင်း လူတိုင်း ကိုယ်ဟာကိုယ် စဉ်းစားကြည့် ယင် ဒီအတိုင်း စဲလမ်းမှု ရှိနေတယ် ဆိုတာကို ကိုယ့်ဟာကိုယ် ဘဲ ထင်ရှားသိနိုင်ပါတယ်။တသက်လုံး တဘဝလုံး အသက်ရှင် နေတဲ့ သတ္တဝါကောင်ကလေးအနေနဲ့ ကိုယ့်ကိုယ်ကိုလဲ ထင်နေ တယ်၊ သူများတွေကိုလဲ ထင်နေတယ်။ အမှန်ကတော့ တသက် လုံး တဘဝလုံး အသက်ရှင်ပြီး တည်နေတဲ့ အသက်ကောင် သတ္တဝါကောင် ဆိုတာ ရှိတာကို မဟုတ်ဘူး၊ တခုပြီး တခု ဆက်ခါ ဆက်ခါ မပြတ်ဖြစ်နေတဲ့ စိတ်ကလေးတွေနဲ့ ရုပ်က လေးတွေ ဒီရုပ်နာမ် ၂-မျိုးသာရှိတာဘဲ။ ဒီရုပ်နာမ်တွေကိုဘဲ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ ထင်မှတ် စဲလမ်းနေကြတာဘဲ။မြင်ရာက စဲလမ်းသလိုဘဲ ထိုအတူ ကြားရာကလဲ စဲလမ်းတယ်၊ နံရာ, စားရာ, တွေ့ထိရာတွေကလဲ စဲလမ်းတယ်၊ စိတ်ကူးစဉ်းစား ကြုံသိရာကတော့ ငါကောင် သတ္တဝါကောင်အနေနဲ့ အစဲ လမ်းဆုံးပါဘဲ။ ဒီလို ဒုဂ္ဂရ ၆-ပါးက ဒိဋ္ဌိနဲ့လဲ အထင်မှားပြီး

စဲ့လမ်းနေကြတယ်။ ဒါကြောင့် အဲဒီလို အထင်မှားပြီး စဲ့လမ်းမှုတွေ့ မဖြစ်ရအောင်လို့လဲ ရှုရတာတဲ့။

ဒါကြောင့် ဆောင်ပုဒ်က "မစဲ့ဘို့ရာ ရှုရပါတယ်" လို့ ဆိုထားတယ်။ အဲဒီလို ရှုတော့လဲ ဖြစ်ဆဲ ဖြစ်ခိုက်မှာ ရှုပါမှ စဲ့လမ်းမှုက ကင်းငြိမ်းနိုင်တယ်။ ဒါကြောင့် ဖြစ်ဆဲမှာ ရှုရပါတယ်လို့လဲ ဆိုထားပြန်တယ်။ အဲဒီလို ဖြစ်ဆဲ ဖြစ်ခိုက်မှာ မရှုယင် ဘာ ဖြစ်သလဲ ဆိုတော့....စဲ့လမ်းမှုတွေ့ ဖြစ်တယ်။ ဒါကြောင့်-

"ဖြစ်ခိုက် မရှု၊ ရုပနာမ်စု၊ စဲ့မှုဝင်ရောက်သည်" လို့ ဆောင်ပုဒ်က ဆိုထားတာ။ "**ဖြစ်ခိုက်**" ဆိုတာ မြင်ခိုက်, ကြားခိုက်, နံခိုက်, စားသိခိုက်, တွေ့ထိခိုက်, ကွေးခိုက်, ဆန့်ခိုက်, လှုပ်ရှားခိုက်, ကြံသိခိုက် အဲဒါတွေပါဘဲ။အဲဒီ မြင်ခိုက် ကြားခိုက် စသည်မှာ မရှုမိလို့ရှိယင်၊ အဲဒီ ရုပ်နာမ်တရားတွေအပေါ်မှာ မြဲတဲ့အနေနဲ့ စဲ့လမ်းမှု၊ ချမ်းသာတဲ့အနေနဲ့ စဲ့လမ်းမှု၊ ပုဂ္ဂိုလ် သတ္တဝါကောင် အနေနဲ့ စဲ့လမ်းမှု-ဒီလို စဲ့လမ်းမှုတွေက ဝင်ရောက်လာတယ်။

အဲဒါ ဟုတ်, မဟုတ် သိရအောင် စဉ်းစားကြည့်ကြပေါ့။ "မြဲတယ်လို့ ငါတို့ထင်နေတာဟာ ဘယ်ကလာသလဲ" လို့စဉ်းစားကြည့်ပါ။ မြင်ရာကလဲ လာတယ်၊ ကြားရာကလဲ လာတယ်၊ နံရာကလဲ လာတယ်၊ စားသိရာကလဲ လာတယ်၊ တွေ့ထိရာကလဲ လာတယ်၊စိတ်ကူးစဉ်းစားကြံသိရာကလဲ လာတယ်၊ဒီ ၆-ဌာနက လာနေတာဘဲ၊ အဲဒီ ၆-ဌာနဟာ စဲ့လမ်းမှုတွေ့ ဝင်လာဘို့ တံခါးကြီး ၆-ပေါက်ပေါ့။ မမြင်ရတဲ့အာရုံကို စဲ့လမ်းလို့ ဖြစ်

ပါမည်လား၊ မဖြစ်နိုင်ဘူး။ မကြားရတဲ့အာရုံ မသိရတဲ့အာရုံ တွေကိုလဲ စဲလမ်းလို့ ဖြစ်ပါမည်လား၊ မဖြစ်နိုင်ဘူး။ ဒီအနက် သဘောတွေကို နားလည်အောင်လို့ မြတ်စွာဘုရားကိုယ်တော် တိုင် ထုတ်ဟောတဲ့ မေးခွန်းတော်တွေ ရှိတယ်၊ အဲဒါတွေကို အာကျဉ်းချုပ် ပြောဦးမယ်။

ဘုရားမေးခွန်းတော်များ

မာလုက္ကပုတ္တာ၊မာလုက္ကဿသားဖြစ်သောရဟန်း။တံ၊ ငါမေး မည့် ထိုစကားကို။ ကိံ မညသိ၊ သင် ဘယ်လို ထင်ပါသနည်း၊ ဘယ်လိုသဘောကျပါသနည်း။စက္ခုဝိညေယျာ၊မျက်စိဖြင့် မြင် နိုင်ကုန်သော။ယေ ရူပါ၊အကြင် အဆင်းတို့ကို။တေ၊ သင်သည်။ အဒိဋ္ဌာ၊ မမြင်ဘူးသေး။ အဒိဋ္ဌပုဗ္ဗာ၊ ရှေးက မမြင်ဘူးသေး။ (ဘယ်တော့ကမျှ မမြင်ဘူးသေးဘူးလို့ ဆိုလိုတယ်)နု စ ပသဿိ၊ ယခုလဲ မြင်ဆဲမဟုတ်။ နု စ တေ ဟောတိ ပသေယျန္တိ၊မြင်နိုင် သည်ဟု စိတ်ကူးလဲ သင်မှာ မဖြစ်သေး။ တတ္ထ၊ ထို့ပို့ လုံးလုံး မမြင်ရ မသိရသော အဆင်းတို့၌။ တေ၊ သင်အား။ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါ၊ လိုချင်ခြင်း,တပ်မက်ခြင်း, ချစ်ခြင်း သည်။ အတ္ထိ၊ ဖြစ်နိုင်ပါသလော တဲ့။ ဒီလို မြတ်စွာဘုရားက မာလုက္ကပုတ္တရဟန်းကို မေးတော်မူပါတယ်။ (သံ ၂-၂၉၅)

ဆိုလိုတာကတော့- မျက်စိဖြင့် မြင်နိုင်တဲ့အဆင်းတွေ ရှိပါ တယ် တဲ့၊ အဲဒီ အဆင်းတွေကို ရှေးကလဲ မမြင်ဘူးဘူး၊ ယခုလဲ မြင်ဆဲမဟုတ်ဘူး၊ တနေ့ကျတော့ ဒီလိုအဆင်းတွေကို မြင် တွေ့ရလိမ့်မယ်လို့တောင် စိတ်ကူး စဉ်းစားမှု မဖြစ်သေးဘူးဆို တော့၊ အဲဒီလို အဆင်းမျိုးကို လိုချင်မှု တပ်မက်မှု ချင်မ

ဖြစ်နိုင်ပါမည်လား တဲ့။ဒီလို အဆင်းတွေက ဘယ်လိုဟာတွေလဲ ဆိုယင်၊ မိမိတို့ မရောက်ဘူးတဲ့ အခြားမြို့ရွာတွေ အခြားနိုင်ငံတွေမှာ ရှိနေကြတဲ့ မိန်းမ ယောကျ်ားတွေ သန္တာန်က အဆင်းမျိုးတွေပါဘဲ၊ တဲ့တဲ့ ပြောရယင် အဲဒီလို မိန်းမတွေ ယောကျ်ားတွေပါဘဲ။ အဲဒီလို မမြင်ဘူး မသိဘူးတဲ့မိန်းမတွေ ယောကျ်ားတွေကို အကြောင်းပြုပြီးတော့ ဘယ်သူက ချစ်နေမလဲ၊ "ချစ်စရာကောင်းတယ်"လို့ ဘယ်သူက စဲလမ်းနေမလဲ။ မစဲလမ်းနိုင်ပါဘူး၊ စဲလမ်းလို့ကို မဖြစ်နိုင်ပါဘူး။ ဒီလို မိန်းမ ဒီလို ယောကျ်ား ရှိနေတယ်လို့တောင်မှ မသိပါဘဲနဲ့ စဲလမ်းလို့ ဘယ် ဖြစ်နိုင်မှာလဲ။ ဒါကြောင့် မာလုက္ကပုတ္တရဟန်းက-

> နော ဟေတံ ဘန္တေ၊ အဲဒီလို အဆင်း အဲဒီလို ပုဂ္ဂိုလ်ကို လိုချင် တပ်မက် ချစ်ခင်ခြင်း မဖြစ်နိုင်ပါ အရှင် ဘုရားလို့ ဖြေဆို လျှောက်ထားပါတယ်။

ဒီမေးခွန်းဖြင့်သိစေလိုတာကတော့ "မမြင်ရတဲ့အာရုံမှာလိုချင် တပ်မက်ချစ်ခင်မှု အစရှိသောကိလေသာတွေစဲလမ်းမှုတွေ မဖြစ်နိုင်ဘူး၊ဒါကြောင့် အဲဒီလို မမြင်ရတဲ့အာရုံတွေကိုတော့ ဆင်ခြင်ပြီး ရှုနေဘို့ မလိုတော့ဘူး။ မြင်ရယင်တော့ အဲဒီ မြင်ရတဲ့ အာရုံမှာ ကိလေသာဖြစ်နိုင်တယ်၊ ဒါကြောင့် မရှုယင် အဲဒီ မြင်ရတဲ့အာရုံကို အကြောင်းပြုပြီး ကိလေသာတွေ ဖြစ်လိမ့်မယ်၊ အဲဒီကိလေသာတွေ မဖြစ်နိုင်အောင် ရှုဘို့ လိုတယ်၊ အဲဒီမြင်ရတာတွေကို မမြင်ရတာတွေလိုဘဲ ချစ်ဘွယ်စသည် မထင်အောင် ရှုရမယ်"ဆိုတဲ့ ဒီအနက်သဘောတွေကို မြတ်စွာဘုရားကသိစေလိုပါတယ်။ဒါကြောင့် ဒီမေးခွန်းနဲ့စပ်ပြီးတော့လဲ ဆောင်ပုဒ်ကလေးတွေ စီထားတယ်။

မမြင်ရရာ၊ ကိုလေသာ၊ သူဟာ သူ ငြိမ်းသည်တဲ့။

မမြင်ရတဲ့အာရုံနဲ့ စပ်ပြီးတော့ ကိုလေသာ ငြိမ်းအောင် အားထုတ်စရာ မလိုဘူး၊ သူ့အလိုလိုဘဲ ကိုလေသာတွေ ငြိမ်းနေတယ်လို့ ဆိုလိုပါတယ်။ အဲဒါကို ဆိုကြရမယ်။

(၁) မမြင်ရရာ၊ ကိုလေသာ၊ သူ့ဟာ သူ ငြိမ်းသည်။ (ဆို)

"မကြားရရာ၊ ကိုလေသာ၊ သူ့ဟာ သူ ငြိမ်းသည်။ မနံရရာ၊ ကိုလေသာ၊ သူ့ဟာ သူ ငြိမ်းသည်။ မစားရရာ....မထိရရာ....မသိရရာ၊ ကိုလေသာ၊ သူ့ဟာ သူ ငြိမ်းသည်" လို့ အခြားဒွါရများအတွက် ဆောင်ပုဒ်များကိုလဲ မှတ်သားနိုင်ပါတယ်။ "မမြင်ရရာမှာ အလိုလို ငြိမ်းသည်" လို့ဆိုတော့၊ မြင်ရရာမှာတော့ မငြိမ်းဘူး၊ ကိန်းပြီး ဖြစ်နိုင်တယ် ဆိုတဲ့အနက်သဘောဟာ ပေါ်ထွက်လာပါတယ်။ ဒါကြောင့် "မြင်ရရာမှာ၊ ကိုလေသာ၊ ကိန်းကာ ဖြစ်နိုင်သည်" လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

(၂) မြင်ရရာမှာ၊ ကိုလေသာ၊ ကိန်းကာ ဖြစ်နိုင်သည်။ (ဆို)

မြင်ရတဲ့အာရုံကို မရှုမိလို့ အနိစ္စ ဒုက္ခ အနတ္တသဘောမှန်ကို မသိယင် အဲဒီအာရုံမှာ ပြန်လည်စဉ်းစားပြီး ကိုလေသာဖြစ်နိုင်တယ်။ အဲဒီလို ဖြစ်နိုင်တာ, ဖြစ်ခွင့်ရှိနေတာကို ကိုလေသာကိန်းနေတယ်လို့ ဆိုရတယ်၊ အာရုံအပေါ်မှာ ကိန်းတဲ့အတွက် အဲဒါကို "**အာရမ္မဏာနုသယ**" လို့ ခေါ်တယ်။ ယခုလူတွေက ဘယ်လိုဟာကို စွဲလမ်းနေကြသလဲ၊ ဘာကြောင့် စွဲလမ်းနေကြသလဲ ဆိုယင်၊ မြင်ဘူး တွေ့ဘူးတဲ့လူတွေကို မြင်ဘူး တွေ့ဘူး

လို့ဘဲ စဲ့လမ်းနေကြတယ်။ တွေ့ဘူးတဲ့လူတွေ့ကို "ချစ်စရာကောင်းတယ်" ထင်ယင် ချစ်စရာအနေနဲ့ စဲ့လမ်းတယ်၊ "မုန်းစရာကောင်းတယ်" ထင်ယင် မုန်းစရာအနေနဲ့ စဲ့လမ်းတယ်။ မြင်မိယင်တော့ မရှုလဲ မရှုမိယင် တနည်းနည်းနဲ့ စဲ့လမ်းတော့တာဘဲ။ ဒါကြောင့်"မြင်ရရာမှာ၊ ကိလေသာ၊ကိန်းကာ ဖြစ်နိုင်သည်" လို့ဆိုထားတာ။ ကြားရတဲ့အာရုံ စသည်တို့အတွက်လဲ "ကြားရရာမှာ၊ ကိလေသာ၊ ကိန်းကာ ဖြစ်နိုင်သည်" စသည်ဖြင့် ဆောင်ပုဒ်ကို မှတ်သားနိုင်ပါတယ်။

ဒီလို မြင်ရာစသည်မှာ စဲ့လမ်းမှု ကိလေသာတွေ့ ဖြစ်နိုင်တာကလဲ မရှုလို့ပါဘဲ၊ ရှုယင်တော့ မဖြစ်နိုင်ပါဘူး။ မြင်တိုင်း ကြားတိုင်း သိတိုင်း"မြင်တယ်၊ ကြားတယ်၊ သိတယ်" စသည်ဖြင့် ဖြစ်တိုင်း ဖြစ်တိုင်းကို ရှုနေယင် မြင်ပြီးပျောက်၊ ကြားပြီးပျောက်နဲ့ ချက်ခြင်းဘဲ ပျောက်ပျောက် သွားတာတွေ့ကို တွေ့ရတယ်၊ ဒီလိုတွေ့ပြီး အမှန်အတိုင်းသိယင် ချစ်စရာလဲ မရှိဘူး၊ မုန်းစရာလဲ မရှိဘူး၊ ဘာမှ စဲ့လမ်းစရာ မရှိတော့ဘူး၊ စဲ့လမ်းစရာ မရှိယင် စဲ့လမ်းမှု မဖြစ်နိုင်တော့ဘူးပေါ့။ဒါကြောင့် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ကိလေသာ ကိန်းမှု စဲ့လမ်းမှု မဖြစ်နိုင်အောင် ရှုဘို့ လိုပါတယ်။ အဲဒီအချက်ကိုလဲ တိုတိုနဲ့ မှတ်ရအောင် "မြင်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ ကိန်းမှု ပယ်သင့်သည်"လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

(၃) မြင်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ ကိန်းမှုပယ်သင့်သည်။ (ဆို)

ကြားမှုစသည်အတွက်လဲ "ကြားတိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ ကိန်းမှုပယ်သင့်သည်" စသည်ဖြင့် နည်းမြီးပြီး မှတ်ဘို့ပါဘဲ။ ယခု ပြောခဲ့တဲ့ ဆောင်ပုဒ် ၃-မျိုးအရ အနက်သဘောတွေ ဟာ ဘယ်ကရသလဲ ဆိုယင်၊ မာလုက္ကပုတ္တရဟန်းအား မြတ်စွာဘုရား မေးတဲ့ မေးခွန်းတော်မှ ရပါတယ်။ ဒါကြောင့် "မေးခွန်းဖြင့်ပင်၊ လုပ်ငန်းစဉ်၊ ပေါ်လွင်စေခဲ့သည်" လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

(၄) မေးခွန်းဖြင့်ပင်၊ လုပ်ငန်းစဉ်၊ ပေါ်လွင်စေခဲ့သည်။ (ဆို)

"မမြင်ရတဲ့အာရုံမှာ ကိလေသာ မဖြစ်နိုင်ဘူး။ ဒါကြောင့် မမြင်ရတဲ့အာရုံကို ရှုဘို့မလိုဘူး" ဆိုတာကိုလဲ မေးခွန်းတော် ဖြင့်ပင် သိနားလည်စေပါတယ်။ "မြင်ရယင်တော့ ကိလေသာ ဖြစ်နိုင်တယ်၊ ဒါကြောင့် မြင်တိုင်း မြင်တိုင်း ရှုပြီး ကိလေသာကို ပယ်ရမယ်" ဆိုတာကိုလဲ မေးခွန်းဖြင့်ပင် သိစေပါတယ်။ ဒါကြောင့် ဝိပဿနာလုပ်ငန်းစဉ်ကို မေးခွန်းဖြင့်ပင် မြတ်စွာဘုရားက ဖေါ်ပြခဲ့တယ်လို့ ဆိုလိုပါတယ်။

မြင်ရတဲ့အဆင်းနှင့် စပ်ပြီး မေးတော်မူသလိုဘဲ၊ ကြားရတဲ့အသံ စသည်နှင့် စပ်ပြီးတော့လဲ နည်းတူဘဲ မေးတော်မူပါတယ်။အဲဒါတွေကိုတော့ ကျယ်သွားမှာစိုးလို့ ဒီမှာ မပြောတော့ပါဘူး။ နည်းမြီးပြီးတော့ ယူနိုင်ပါပြီ။ ယခု ပြောခဲ့တဲ့အတိုင်း မြင်ရ ကြားရ သိရတဲ့အာရုံတွေကို ဖြစ်ပေါ်ခိုက်မှာ မရှုမိယင် စဲလမ်းမှ ကိလေသာတွေ ၆-ဌာန ၆-ဒွါရက ဝင်ရောက်လာတယ်။ ဒါကြောင့် "ဖြစ်ခိုက်မရှု၊ ရုပ်နာမ်စု၊စဲမှု

ဝင်ရောက်သည်” လို့ ဆောင်ပုဒ်က ဆိုထားတာဘဲ။ “စဲ့မှု ဝင်ရောက်တယ်” ဆိုတာ ဘယ်လို စဲ့တာလဲ ဆိုတော့-

မြဲတယ်, ကောင်းတယ်၊ ငါကောင်နှယ်၊ တကယ် ထင်တတ်သည် တဲ့။

မြဲတယ်လို့ ထင်တာလဲ စဲ့လမ်းတာဘဲ၊ ကောင်းတယ်, ချမ်းသာတယ်လို့ ထင်တာလဲ စဲ့လမ်းတာဘဲ၊ ငါကောင်, သတ္တဝါကောင်လို့ ထင်တာလဲ စဲ့လမ်းတာဘဲ၊ “စဲ့လမ်း” ဆိုတာ ဒီလို ထင်တာတော့ပါဘဲ။ ကဲဆိုကြရမယ်။

မြဲတယ်, ကောင်းတယ်၊ ငါကောင်နှယ်၊ တကယ် ထင်တတ်သည်။ (ဆို)

“သုခ”ဆိုတဲ့ပါဠိကို ချမ်းသာလို့ ပြန်ဆိုကြတယ်၊ အဲဒါ ကတော့ စာပေလောကမှာ သုံးတဲ့ စာသုံးစကားဘဲ၊ ရပ်ထဲရွာထဲမှာတော့ “ချမ်းသာတယ်”ဆိုတာကို ပြောခဲပါတယ်၊ အများအားဖြင့်တော့ “ကောင်းတယ်” လို့သာ ပြောနေကြပါတယ်၊ ဒါကြောင့် ဆောင်ပုဒ်ထဲမှာ “ချမ်းသာတယ်”လို့ ဆိုရမည့်အစား “ကောင်းတယ်”လို့ ဆိုထားတယ်။ တင့်တယ်တယ်, လှပတယ်လို့ ထင်တဲ့ သုဘသညာ ဟာလဲ “ချမ်းသာတယ်, ကောင်းတယ်”လို့ ထင်တဲ့ သုခသညာထဲမှာ အတွင်းဝင်နေတယ်။ ပြီးတော့ “ငါကောင်နှယ်”ဆိုတာက ငါကောင် မဟုတ်ပါဘဲနဲ့ ငါကောင် အနေအားဖြင့် ထင်တာကို ပြောတာဘဲ။

မြင်ရာက ဘယ်လို ထင်မြင်စဲ့လမ်းသလဲ ဆိုတော့-အတွင်းဘက်က မြင်တဲ့သဘောကိုလဲ “အယင်ကလဲ ရှိ၊ ယခုလဲ ရှိ၊ မြဲတယ်” လို့လဲ ထင်တယ်၊ “ကောင်းတယ်” လို့လဲ ထင်တယ်၊

"တသက်လုံး တဘဝလုံး အသက်ရှင်နေတဲ့ ငါကောင်ဘဲ" လို့လဲ ထင်တယ်။ အပြင်ဘက်က အမြင်ခံရတဲ့သဘောကိုလဲ "အစဉ် ထာဝရ တည်ရှိနေတယ်၊ မြဲနေတယ်" လို့ဘဲ ထင်တယ်၊ ကိုယ့် အလိုနဲ့ ကိုက်လျင် အဲဒီမြင်ရတာကို "ကောင်းတယ်၊လှတယ်" လို့လဲ ထင်တယ်၊ သက်ရှိဝတ္ထု ဖြစ်လျင် "ပုဂ္ဂိုလ် သတ္တဝါ ကောင်ဘဲ" လို့လဲ ထင်တယ်။ ဒါက မြင်ရုပ်ကနေပြီးတော့ "မြဲတယ်, ကောင်းတယ်, ငါကောင်နှယ်" တကယ် ထင်မှတ် စွဲလမ်းနေပုံဘဲ။ ထိုအတူ ကြားရုပ်ကလဲ အတွင်း အပြင် နှစ်ဘက်လုံး ဒီလိုဘဲ ထင်မှတ် စွဲလမ်းနေတယ်။ နံရု, စား ရာ, တွေ့ထိရာ, ကြုံသိရာတွေ့ကလဲ အကုန်လုံး ဒီလိုဘဲ ထင်မှတ် စွဲလမ်းနေတယ်။ အဲဒီလို ထင်မှတ်စွဲလမ်းတာကလဲ ဘာကြောင့် တုံး လို့ ဆိုယင်၊ ဖြစ်တိုင်း ဖြစ်တိုင်း ဖြစ်ပြီးလျင် ပြီးချင်း မရှုမိလို့ပါဘဲ။ ဒါကြောင့် "ဖြစ်ခိုက် မရှု၊ ရုပ်နာမ်စု၊ စွဲမှု ဝင်ရောက်သည်" လို့ မှုလဆောင်ပုဒ်က ဆိုထားတာ။ ဒီတော့ အဲဒီလို စွဲလမ်းမှု မဖြစ်စေချင်လျင် ဖြစ်တိုင်း ဖြစ်တိုင်း ချက် ခြင်း ရှုရမယ်၊ ဒီလို ရှုသွားယင်တော့ စွဲလမ်းမှုတွေ ဖြစ်ခွင့် မရဘဲ ကင်းပျောက်သွားပါလိမ့်မယ်။ ဒါကြောင့် ဒီနေရာမှာ မှတ်ဘို့ဆောင်ပုဒ်က-

ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှု ကင်းပျောက် သည်တဲ့။

"ဖြစ်တိုင်း မှတ်ရှု" ဆိုတာ မြင်တိုင်း,ကြားတိုင်း, နံတိုင်း, စားသိတိုင်း, တွေ့ထိတိုင်း, ကြုံးတိုင်း, ဆန့်တိုင်း, လှုပ်ရှား တိုင်း, စိတ်ကူး စဉ်းစား ကြံစည်တိုင်း အဲဒါတွေကို ချက်ခြင်း ရှုရမယ်လို့ ဆိုလိုတယ်။

ဝိပဿနာက အကြီးမရဘူး

ဒါကြောင့် မြင်တိုင်း မြင်တိုင်း ယခု မြင်ပါင် ယခု ရှု၊ ယခု မြင်ယင် ယခု ရှု၊ ဒီလို ချက်ခြင်း ချက်ခြင်း ရှုရှုသွားရတယ်၊ အကြီး မထားရဘူး၊ ဝိပဿနာက အကြီး မရဘူး။ စွေးဝယ်ရာမှာ အကြီး ရသလို ဝိပဿနာ ရှုရာမှာတော့ "နောက်မှ ရှုမယ်"လို့ ဒီလို အကြီးထားလို့ မရဘူး၊ ချက်ခြင်း လက်ငင်း. ရှုရှုသွားမှ ရတယ်၊ ဒါမှ စွဲလမ်းမှုက မဝင်ရောက်နိုင်တာ။ ဒီလို လက်ငင်း မရှုနိုင်ဘဲ အကြီး ကျန်သွားယင်တော့ အဲဒီအာရုံမှာ စွဲလမ်းမှုတွေက ဝင်ရောက်သွားတယ်။ အဲဒီလို စွဲလမ်းပြီးမှတော့ ပြန်ပြီးရှုပေမယ့်လို့ မူလအစွဲအလမ်းက မပျောက်တော့ဘူး၊ဒီအနက်သဘောတွေကို ခုနက အတိတ် မရှုရကြောင်းထဲမှာလဲ ပြောခဲ့ပါပြီ။

ဒိဌိစိတ်ဖြစ်စဉ်

ဒီနေရာမှာ "ချက်ခြင်း ရှုရမယ်" ဆိုတာက မြင်ပြီးလျှင်ပြီးချင်း လက်ငင်း ရှုဘို့ပါဘဲ။ ကျမ်းဂန်စကားဖြင့် ပြောရလျှင်စက္ခုဒ္ဒါရဝီထိ ဆုံးသွားလျှင် သွားချင်း တဒနုဝတ္တကမနောဒ္ဒါရဝီထိတွေ့ မဖြစ်သေးခင် ဦးအောင် ရှုရမယ်လို့ ဆိုလိုပါတယ်။ အဆင်းကို မြင်ရာမှာ **ဒိဌိစိတ်ဖြစ်**ရှိုးဖြစ်စဉ်က ဒီလို ရှိပါတယ်။ ပဌမ ထင်ပေါ်လာတဲ့ အဆင်းကို မြင်တယ်၊ အဲဒါကို **မြင်စိတ်**လို့ မှတ်ထားပါ။ပြီးတော့ အဲဒီမြင်ပြီးအဆင်းကို ပြန်လည်ဆင်ခြင်တယ်၊ အဲဒါကို **ဆင်ခြင်စိတ်**လို့ မှတ်ထားပါ။ ပြီးတော့ မြင်ရတဲ့အဆင်းတွေကို ပေါင်းစပ်ပြီးတော့ ပုံသဏ္ဌာန်အထည်ဒြပ်အနေနဲ့ ထင်မြင်သွားတယ်၊အဲဒါ

ကို ဒြဗ္ဗဓိဆိုလို့ မှတ်ထားပါ။ ပြီးတော့မှ အမည်ပညတ်ကို သိသွားတယ်၊ အဲဒါကို အာမညဓိဆိုလို့ မှတ်ထားပါ။ မတွေ့ဘူးလို့ အမည်မခေါ်တတ်တဲ့ ဝတ္ထုမျိုးဆိုယင်တော့ ဒီအမည်ဝိထိမဖြစ်နိုင်တော့ပါဘူး။ အဲဒီ ၄-ဝိထိထဲမှာ ပဌမ မြင်ဓိဆိ ဖြစ်စဉ်က ဖြစ်ဆဲပစ္စုပ္ပန်အဆင်း ပရမတ်ရုပ်ကို မြင်သိသွားတယ်၊ ဒုတိယ ဆင်ခြင်ဝိထိမှာ မြင်ပြီး အတိတ်အဆင်း ပရမတ်ရုပ်ကို ဘဲ ပြန်ဆင်ခြင်တယ်။ ဒီဝိထိ ၂-ခုလုံး အဆင်း ပရမတ်ရုပ်ကို ချည်း အာရုံပြုကြတယ်၊ ပညတ်ကို မရောက်သေးဘူး။ ထူးတာကတော့ ပစ္စုပ္ပန်နဲ့ အတိတ် ဒါလောက်ပဲ ထူးခြားတယ်၊ ပရမတ်အာရုံချင်းကတော့ အတူတူပါဘဲ။ တတိယ ဒြဗ္ဗဝိထိကျတော့ ပုံသဏ္ဌာန် အထည်ဒြဗ္ဗပညတ်ကို ရောက်သွားပြီ၊ စတုတ္ထ အမည်ဝထကျတော့ အမည်ပညတ်ကုတောင် ရောက်သွားပြီ။ ဒီကနောက် ဆက်ပြီး ဖြစ်တဲ့ဝိထိတွေကျတော့ အဲဒီ အထည်ဒြဗ္ဗ အမည်တွေနဲ့ စပ်ဆိုင်တဲ့ ပညတ်အမျိုးမျိုးတွေကို ရောက်သွားတယ်။ ဒီစိတ်အစဉ်တွေက ဝီပဿနာ မရှုတဲ့သူတွေမှာ ဖြစ်ရိုးဖြစ်စဉ်တွေဘဲ။ အဲဒီ ဖြစ်စဉ်တွေကို တိုတိုနဲ့ မှတ်ဘို့ဆောင်ပုဒ်ကတော့-

ထင်ဆဲ ဆင်းဓာတ် မြင်လတ် စစ္ဓာ၊
မြင်ပြီးတရား၊ စဉ်းစားပြန်ရာ၊
သဏ္ဌာန်ဒြဗ္ဗ ပညတ် ပေါ်ကာ၊
မည်နာမ သိရ နောက်ဆုံးမှာ တဲ့။

အဲဒါကို တပိုဒ်ချင်း ဆိုကြရမယ်။
ထင်ဆဲ ဆင်းဓာက် မြင်လတ် စစ္ဓာ၊ (ဆို)

ထင်ဆဲပေါ်လာဆဲဖြစ်တဲ့ အဆင်း ရူပါရုံကို ရှုးဦးစွာ မြင်ပါတယ် တဲ့၊ အဲဒါကို မြင်ဝီထိလို့ ခုနက အမည်ပေးခဲ့တယ်။ အဲဒီ မြင်ဝီထိ စိတ်အစဉ်ထဲမှာ စိတ်အကြိမ်ပေါင်း ၁၄-ကြိမ် ပါဝင်တယ်။ အဲဒါတွေကိုလဲ တိုတိုနဲ့ မှတ်နိုင်အောင် လို့ ဆောင်ပုဒ်ကလေးတွေ ပေးထားတယ်၊ တချို့က နှုတ် တက်တောင်ရနေကြပါလိမ့်မယ်။

(၁) ဘဝင် ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထိုပြင် လက်ခံတုံ။
(၂) စုံစမ်း ဆုံးဖြတ်၊ ဇောစိတ်သတ်၊ ၂-ရပ် တဒါရုံ။
(၃) အဆင်း မြင်လျှင်၊ ဖြစ်ရိုးပင်၊ စိတ်စဉ် မှတ်ပါကုန်။
(၄) ကြား, နံ, စား,ထိ၊ မြင် တူ၏၊ မှတ်ဘိ စိတ်ဖြစ်ပုံ တဲ့။

ပဌမဆောင်ပုဒ်ထဲက ဘဝင်ဆိုတာ ပဋိသန္ဓေစိတ်နှင့် အမျိုးတူပါဘဲ၊ မြင်တဲ့စိတ် ကြားတဲ့စိတ် ကြုံသိတဲ့စိတ် ဒီလိုအသိစိတ်တွေ့ မရှိတဲ့အခိုက်မှာ ဒီ ဘဝင်စိတ်ချည်း မပြတ်ဖြစ်နေတယ်၊ အိပ်မောကျနေတဲ့အခါမှာ ဒီ ဘဝင်စိတ်ချည်း သန့်သန့်ဖြစ်နေတယ်။ မြင်စရာစသည် ပေါ်လာတဲ့ အခါမှာ အဲဒီဘဝင်စိတ်အစဉ်က ရပ်တန့်သွားတယ်၊ မြင်သိတဲ့စိတ်စသည်က ဖြစ်ပေါ်လာတယ်။ ဒါကြောင့် ဘဝင်စိတ်အစဉ် ဖြစ်နေဆဲမှာ မျက်စိထဲ အဆင်းထင်ပေါ်လာယင်, အဲဒီဘဝင်စိတ်အစဉ်က ရပ်စဲပြီးတော့ မျက်စိထဲကျလာတဲ့အဆင်းကို နှလုံးသွင်းဆင်ခြင်တဲ့စိတ် ဖြစ်ပေါ်လာတယ်၊ အဲဒီစိတ် ချုပ်သွားတော့ မြင်တဲ့စိတ် ဖြစ်ပေါ်လာတယ်၊ အဲဒါပြီးတော့ မြင်ရတဲ့အာရုံကို လက်ခံနှလုံးသွင်းတဲ့စိတ် ဖြစ်ပေါ်လာတယ်၊ အဲဒါပြီးတော့ မြင်ရတဲ့အဆင်းကို စုံစမ်းတဲ့စိတ် ဖြစ်ပေါ်လာတယ်၊ အဲဒါ

ပြီးတော့ မြင်ရတာကလေးကို "ကောင်းတယ်,မကောင်းဘူး" စသည်ဖြင့် ပိုင်းခြားဆုံးဖြတ်တဲ့စိတ် ဖြစ်ပေါ်လာတယ်၊ အဲဒါ ပြီးတော့ အဲဒီဆုံးဖြတ်ချက်အားလျော်စွာ ကုသိုလ် အကုသိုလ် ဇောစိတ်တွေ ပြင်းကန်သောအဟုန်နဲ့ ခုနစ်ကြိမ်တိုင်တိုင် ထပ်ခါ ထပ်ခါ ဖြစ်ပေါ်ကြတယ်၊အဲဒါကို ဆောင်ပုဒ်မှာ "**ဇောစိတ် သတ်**"လို့ ဆိုထားတယ်၊ "**သတ်**"ဆိုတာ ပါဠိ သတ္တ-ပုဒ်မှ ဖြစ်လာတဲ့ ပါဠိပျက် မြန်မာစကားဘဲ၊ ခုနစ်ခု လို့ ဆိုလို ပါတယ်။ အဲဒီဇောစိတ်တွေ ဆုံးသွားတော့ သူတို့၏ အာရုံကိုဘဲ နောက်ယောင်လိုက်ပြီး အာရုံပြုတဲ့စိတ် နှစ်ကြိမ် ဖြစ်ပေါ်လာပြန်တယ်၊ အဲဒါကို တဒါရုံစိတ်လို့ ခေါ်တယ်။ အဲဒီ တဒါရုံစိတ် နှစ်ကြိမ် ပြီးသွားတဲ့အခါ အိပ်မောကျသလိုဘဲ ဘဝင်စိတ်တွေ ပြန်ပေါ်လာပြန်တယ်။ အဲဒီမှာ ဆင်ခြင်တဲ့ စိတ်က စပြီး တဒါရုံတိုင်အောင် စိတ် ၁၄-ကြိမ် ရှိတယ်။ဒါတွေ အားလုံးကို မြင်တဲ့စိတ် တခုတည်းအနေဖြင့်သာ ထင်ရှား တွေ့နိုင်ပါတယ်။ အဲဒါဟာ မြင်ဝီထိ ဖြစ်ပုံပါဘဲ။ ဝိပဿနာ ရှုမှု အချိုးကျလာတဲ့အခါမှာ ဒီမြင်ဝီထိနောင် ဘဝင်စိတ်များ ဖြစ်ပြီးတဲ့နောက်မှာ "မြင်တယ်"လို့ ပြန်ပြီးရှုတဲ့ ဝိပဿနာ စိတ် ဖြစ်ပေါ်လာတယ်၊ အဲဒီလို ချက်ခြင်း ရှုနိုင်အောင် အား ထုတ်ရတယ်။ ဒီလိုရှုနိုင်ယင် မြင်တုန်း မြင်ဆဲ ဖြစ်ဆဲ ပျက်ဆဲမှာရှု မြင်ရသလိုဘဲ ယောဂီ၏ ဉာဏ်ထဲမှာ ထင်ရတယ်။ ဒါကြောင့် ဒီလို ရှုတာကိုပင် "**ပစ္စုပ္ပန်ကိုရှုတယ်**" လို့ သုတ္တန်ဒေသနာ တော်တွေမှာ ဟောထားပါတယ်။

ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊တတ္ထ တတ္ထ ဝိပဿတိ။(မ ၃-၂၂၇)
ဒါက ဥပရိပဏ္ဏာသပါဠိတော် ဘဒ္ဒေကရတ္တသုတ် တဲ့။

ယော၊ အကြင် ယောဂီရဟန်းသည်။ ပစ္စုပ္ပန္နဥ္စ ဓမ္မံ၊ ပစ္စုပ္ပန် တရားကိုလည်း။ တတ္ထ တတ္ထ၊ ထိုထို ဖြစ်ရာဌာန ဖြစ်ခိုက်ခဏ၌။ ဝိပဿတိ၊ အနိစ္စာနုပဿနာ စသည် တို့ဖြင့် ရှု၏ တဲ့။

ပစ္စုပ္ပန္နဉ္စ ဓမ္မံ ဝိပရိဏာမာနုပဿနေ ပညာ ဉဒယဗ္ဗယာနုပဿနေ ဉာဏံ။(ပဋိသံ ၁)ဒါက ပဋိသမ္ဘိဒါမဂ်ပါဠိတော်ဘဲ။

ပစ္စုပ္ပန္နဉ္စ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ဓမ္မဉ္စ၊ ရုပ်နာမ် တရားတို့၏။ ဝိပရိဏာမာနုပဿနေ ပညာ၊ ဖေါက်ပြန် ပျက်စီးခြင်းကို ရှုမြင်သော ပညာသည်။ ဉဒယဗ္ဗယာနုပဿနေ ဉာဏံ၊ ဉဒယဗ္ဗယဉာဏ်မည်၏ တဲ့။ ဒီသုတ္တန်ပါဠိတော်တော့ဟာ ပစ္စုပ္ပန်ကို ရှုရကြောင်း တိုက်ရိုက်ပြထားတဲ့ ဒေသနာတော်တော့ပါဘဲ။

ဒီလို ပစ္စုပ္ပန်ကျအောင် မရှုနိုင်ယင်တော့ ဘဝင်က ထပြီး **ဆင်ခြင်စိတ်** ဖြစ်ပေါ်လာတယ်၊ အဲဒီ ဝိထိစိတ်စဉ်ကတော့ ခုနက မြင်ခဲ့တာကို ပြန် ဆင်ခြင်တဲ့အနေနဲ့ ဖြစ်လာတယ်။ အဲဒီမှာ ပါဝင်တဲ့စိတ်တွေကတော့ ဆင်ခြင်တဲ့စိတ်က တကြိမ်၊ ဇောစိတ်က ခုနစ်ကြိမ်၊ တဒါရုံစိတ်က ၂-ကြိမ်၊ အာဝဇ္ဇန်းပေါင်း ၁၀-ကြိမ် ပါဝင်ပါတယ်။ အဲဒီ စိတ်စဉ်အတွက် ဆောင်ပုဒ်ကတော့-

ဆင်ခြင်ပြီးခါ၊ ဇော တဒါ၊ ကြံရာ စိတ် ဖြစ်ပုံ တဲ့။

မနောဒ္ဒါရက စိတ်ကူး စဉ်းစား ကြံစည်တိုင်း ရှုမှတ် ဆင်ခြင်တိုင်း ဒီစိတ် ၃-မျိုး, အကြိမ်အာဝဇ္ဇန်းဖြင့် ၁၀-ကြိမ်ဟာ ဖြစ်ရိုး ဖြစ်

စဉ်ဘဲ။ဒါပေမယ့် ယောဂီ၏ ဉာဏ်ထဲမှာတော့ စိတ်တကြိမ်တည်း အနေနဲ့သာ ထင်မြင်နိုင်ပါတယ်။ ဒီလို တဒီထိ တဒီထိလုံးကို စိတ် တကြိမ်တည်း တကြိမ်တည်း အနေနဲ့ ထင်မြင်တာ သိတာဟာ ဘင်္ဂဉာဏ် အရာမှာ ပြဆိုထားတဲ့ ပဋိသမ္ဘိဒါမဂ် ဝိသုဒ္ဓိမဂ်တို့နှင့် ညီညွတ်ပါတယ်။ ယခု ပြောခဲ့တဲ့ ဆင်ခြင် ဝီထိ၏ အခြားမဲ့မှာ ရှုနိုင်ယင်လဲ ပညတ်ကို မရောက်ဘဲ ပရမတ် အဆင်း ရုပ်တွင် တဲ့ည်ဘုံ နိုင်ပါသေးတယ်။ အားထုတ်ခါစ ပုဂ္ဂိုလ်မှာတော့ ဒီလို တည်တုံဘို့ရာဟာ မလွယ်လှသေးပါဘူး။

အဲဒီ ဆင်ခြင်ဝီထိကိုတောင် မရှုနိုင်ယင်တော့ ဒြင်ဝီထိ အမည် ဝီထိတွေကို ရောက်သွားပါရော။ အဲဒီအခါကျတော့ စဲလမ်းမှု တွေလဲ ဝင်ရောက်လာကြတော့တာဘဲ။ အဲဒီလို စဲလမ်းပြီးမှတော့ ရှုပေမယ့်လို့ မူလအစဲအလမ်းက မပျောက်တော့ဘူး။ ဒါကြောင့် အဲဒီပညတ်ဝီထိ စဲလမ်းမှုတွေ မရောက်ခင် ရှုနိုင်အောင်လို့ "မြင်ပြီးလျှင် ပြီးချင်း လက်ငင်း ရှုရမယ်"လို့ ညွှန်ကြားရတာဘဲ။ ကဲ ဖြစ်စဉ်ဆောင်ပုဒ်ကို ဆိုကြရမယ်။

ထင်ဆဲ ဆင်းဓာတ် မြင်လတ် စစ္ဓာ၊ (ဆို)
ဒါက စက္ခုဒ္ဒါရဝီထိ မြင်ဝီထိ ဖြစ်ပုံဘဲ။
မြင်ပြီးတရား စဉ်းစားပြန်ရာ၊ (ဆို)
ဒါက တဒနုဝတ္တက မနောဒ္ဒါရဝီထိ ဆင်ခြင်ဝီထိ ဖြစ်ပုံဘဲ။
သဏ္ဌာန်ဒြင် ပညတ်ပေါ်ကာ၊ (ဆို)
မည်နာမ သိရ နောက်ဆုံးမှာ။ (ဆို)

ဒီ ၂-ပိုဒ်ကတော့ ဒြင်ဝီထိ အမည်ဝီထိ ၂-ခု ဖြစ်ပုံတွေပါဘဲ၊ ဒါတွေကိုလဲ တဒနုဝတ္တက မနောဒ္ဒါရဝီထိတွေလို့ဘဲ ခေါ်ရပါ

တယ်။ မြင်တဲ့ ဝီထိနောက်က အစဉ်လိုက်ပြီး ဖြစ်တဲ့ စိတ်အစဉ်တွေလို့ ဆိုလိုပါတယ်။

ကြားရာ နံရာ စားသိရာ ထိသိရာတွေမှာလဲ မြင်ရာမှာလိုဘဲ ဝီထိစိတ်စဉ်တွေ ဖြစ်သွားပါဘယ်။ထူးခြားစာကတော့ "ဘဝင် ဆင်ခြင် မြင် ပြီးလျှင်" ဆိုရာမှာ "ဘဝင်ဆင်ခြင် ကြား ပြီးလျှင်" စသည်ဖြင့် သူ့ဒွါရ သူ့ဝိညာဏ်အားလျော်စွာ ပြင်ပြီးယူရမယ်၊ ပြီးတော့ "မြင် လတ် စစ္ဆာ"၊ "မြင် ပြီးတရား" လို့ ဆိုရာတွေမှာလဲ "ကြား လတ် စစ္ဆာ"၊ "ကြား ပြီးတရား" စသည်ဖြင့် ပြင်ပြီးယူရမယ်။ ပြီးတော့ စကားသံကို ကြားရာမှာ အမည်ပညတ်က အယင် ပေါ်တယ်။ အနက်ဒြဗ်က နောက်မှ ပေါ်တယ်။ ဒါကြောင့် အဲဒီစကားသံကို ကြားရာမှာ တတိယနဲ့ စတုတ္ထစာပိုဒ်များကို "အမည်ပညတ် ပေါ်လတ်ပြီးခါ"၊ "အနက်ဒြဗ် သိလတ် နောက်ဆုံးမှာ" လို့ ရွှေနောက်ပြန်ပြီး ယူရမယ်။ ဒါလောက်ပဲ ထူးခြားပါတယ်။ ဒါကြောင့်-

ကြား နံ စား ထိ၊ မြင် တူ၏၊ မှတ်ဘိ စိတ် ဖြစ်ပုံ လို့-
ဆောင်ပုဒ်မှာ ညွှန်ပြထားခဲ့တယ်။ ဒါကြောင့် အဲဒီ ကြားရာ စသည်မှာလဲ ကြားပြီးလျှင် ပြီးချင်း၊ နံပြီးလျှင် ပြီးချင်း၊စားသိ ပြီးလျှင် ပြီးချင်း၊ ထိသိပြီးလျှင် ပြီးချင်း လက်ငင်းဘဲ ရှုရှုသွားရမယ်။

ပြီးတော့ မနောဒွါရဖြင့် စိတ်ကူး ကြံစည်မိရာမှာလဲ ချက်ခြင်း မရှုမိလျှင် အဲဒီ စိတ်ကူးနောက်ကို လိုက်ပြီး စဉ်းစားဆင်ခြင်တဲ့ အနုဝတ္တကဝီထိတွေ (နောက်လိုက် စိတ်အစဉ်တွေ) တသီတတန်းကြီး ဖြစ်ပေါ်လာမယ်။ ဒါကြောင့် အဲဒီ နောက်လိုက် ကြံစည်မှုတွေ မဖြစ်ရအောင် အဲဒီ ကြံသိရာမှာလဲ ချက်ခြင်းဘဲ

ရှုရှုသွားရမယ်။ အဲဒါကတော့ အင်မတန် ထင်ရှားပါတယ်။ တခါတရံမှာ "ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်"လို့ ဒီလို ရှုမှတ်နေယင်း ကြားထဲက စိတ်ကူးကလေး တခု ဖြစ်ပေါ်လာတယ်၊ အဲဒါက့လေးကို ဖြစ်သည်နှင့် တပြိုင်နက် ချက်ခြင်း မှတ်လိုက်မိတယ်၊ ဒီလို မှတ်မိတာနဲ့ နောက်ထပ် စိတ်ကူး မဖြစ်တော့ဘဲ ပြတ်စဲသွားတယ်။ တခါတရံမှာတော့ အပြင် ထွက်ဘို့ မသေမချာ စိတ်ကလေး ဖြစ်လာတယ်။ အဲဒါကလေးကို မှတ်လိုက်တာနဲ့ အလွတ်စိတ်ကူး မဖြစ်နိုင်တော့ဘဲ ငြိမ်းသွားတာကိုလဲ တွေ့ရတယ်။ ဒီလို တွေ့ရတဲ့ယောဂီက "ကလေးသူငယ်များ ဆော့နေတာကို လူကြီးက 'ဟဲ့' လို့ မန်လိုက်တာနဲ့ ငြိမ်းသွားတာနဲ့ တူတယ်"လို့တောင် ဥပမာတင်ပြီး ပြောတတ်သေးတယ်။

ဒါကြောင့် မြင်ထိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ချက်ခြင်း လက်ငင်း ရှုရှုသွားယင် ဆင်ခြင် စဉ်းစားပြီး စဲလမ်းမည့် နောက်လိုက်စိတ်တွေ့ မဖြစ်ရတော့ဘူး။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ-မြင်သည်၌ မြင်ရုံမျှ ဖြစ်လတ့်။
သုတေ သုတမတ္တံ ဘဝိဿတိ - ကြားသည်၌ ကြားရုံမျှ ဖြစ်လတ့်။
မုတေ မုတမတ္တံ ဘဝိဿတိ - ရောက်သည်၌ ရောက်ရုံမျှ ဖြစ်လတ့်။

ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ-သိသည်၌ သိရုံမျှ ဖြစ်လတ့်လို့ ဒီလိုဟောတော်မူတဲ့ မာလုက္ကပုတ္တသုတ် ဒေသနာတော်နှင့် အညီ မြင်ရုံမျှ ကြားရုံမျှ တွေ့ရုံမျှ သိရုံမျှ သဘော မှန်တင်သာတည် နေတော့တယ်။ပြန်ပြီး ဆင်ခြင် စဉ်းစား ကြည့်ယင်လဲ

မူလက သိခဲ့တဲ့အတိုင်း သဘောမှန်သာ ပြန်ပြီး ပေါ်နိုင်တယ်။ စဲ့လမ်းမှုတွေကတော့ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့်-

ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ စဲ့မှု ကင်းပျောက်သည် လို-ဆောင်ပုဒ်က ဆိုထားတာဘဲ။ ဒီလို စဲ့မှု ကွင်းပျောက်တာဟာ ဘာကြောင့်လဲ ဆိုရင်-

မမြဲ, ဆင်းရဲ၊ သဘောဘဲ၊ ဉာဏ်ထဲ ရှင်းတော့သည် တဲ့။

"စဲ့လမ်းမှု ကင်းပျောက်သွားတယ်" ဆိုတာဟာ သဘောမှန် အတိုင်း သိသွားလို့ပါဘဲ တဲ့။ ဖြစ်တိုင်း ဖြစ်တိုင်း ဖြစ်ခိုက် ဖြစ်ခိုက်မှာ လိုက်ပြီး ချက်ခြင်း ချက်ခြင်း ရှုနေတဲ့ယောဂီမှာ မပြတ် ဖြစ်ပျက်နေတဲ့ တရားတွေကိုချည်း တွေ့နေတယ်၊ ဒါကြောင့် "မမြဲတဲ့တရားဘဲ၊ ဆင်းရဲဘဲ၊ သဘောတရားမျှဘဲ" ဆိုတာ ယောဂီ၏ ဉာဏ်ထဲမှာ မှတ်ယင်း မှတ်ယင်း သူ့အလိုလို ရှင်းသွားတယ်၊ အဲဒါဟာ ဆရာများက ဟောပေးလို့ ရှင်းသွားတာ မဟုတ်ဘူး၊ ရှုယင်း ရှုယင်း မျက်စိလည် ပြေသွားသလို သူ့ဟာ သူဘဲ ရှင်းသွားတာ၊ ဒီလို ရှင်းပြီး သိမြင် သဘောကျသွားမှ ဉာဏ်အစစ်လို့ ဆိုရတာ။ ကဲ ဆိုကြရမယ်။

မမြဲ,ဆင်းရဲ၊သဘောဘဲ၊ ဉာဏ်ထဲ ရှင်းတော့သည်။(ဆို)

ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်နေရုံနဲ့ "မမြဲတဲ့တရားဘဲ၊ ဆင်းရဲဘဲ၊ အနတ္တ သဘောတရားဘဲ" လို့ ဒီလို ဉာဏ်ထဲမှာ အလိုလို ရှင်းပြီးသိလာတယ် ဆိုတာကလဲ သိလောက်အောင် အပြည့် အစုံ ရှုမှသိနိုင်တာ၊ တအောင့် တခဏလောက် တထိုင်လောက်နဲ့ကတော့ သိပါလိမ့်မယ်လို့ တာဝန် မခံနိုင်ဘူး။ လူပေါင်း ရာ ထောင် သိန်း သောင်းထဲမှာ တဦးတလေတော့လဲ ရှိချင် ရှိပေလိမ့်မယ်။ မြတ်

စွဘဉာဏ်ထက်တော် ကာလတုန်းကတော့ ဂါထာ တပုဒ် လောက် တရားနာရုံနဲ့ တထိုင် အတွင်း တခဏကလေး အတွင်း မှာဘဲ မဂ်ဖိုလ် ရသွားကြတဲ့သူတွေ အများကြီးဘဲ ရှိခဲ့ပါတယ်။ ဒါပေမယ့် အဲဒီခေတ်နဲ့ ယခုခေတ်ကို နှိုင်းစာလို့တော့ မဖြစ်ပေဘူး၊ ဘာကြောင့်လဲ ဆိုယင်–အဲဒီတုန်းက ဟောတဲ့ပုဂ္ဂိုလ်ကလဲ မြတ်စွဘဉာဏ် ဖြစ်နေတယ်၊ ပြီးတော့ တရားနာသူတွေ၏ အဋ္ဌာသယကိုလဲ သိပြီး ဟောတော်မူတယ်၊ နာတဲ့သူတွေကလဲ ပါရမီထူးရှိတဲ့သူတွေဘဲ။ ယခုနေအခါမှာတော့ ဟောတဲ့သူကလဲ မိမိတတ်သိသမျှ ဟောရတဲ့ တော်ရုံသင့်ရုံ ပုဂ္ဂိုလ်မျှ ဖြစ်နေတယ်၊ တရားနာသူတို့၏ အလိုအဋ္ဌာသယကိုလဲ သိကြတာမဟုတ်ဘူး၊ နာသူတွေကလဲ "ပါရမီထူးတယ်"လို့ ဆိုဘို့ ခက်ပါတယ်၊ပါရမီထူးယင် ဘုရားလက်ထက်ကတည်းက ပါသွားဘို့ ရှိနေပါတယ်။ ဒါကြောင့် ယခုခေတ်မှာတော့ "တခဏ အတွင်းမှာဘဲ ထူးထူးခြားခြား အသိဉာဏ်တွေ ဖြစ်လာပါလိမ့်မယ်"လို့တော့ ဝန်မခံနိုင်ဘူး။ ပြည့်ပြည့်စုံစုံ အားထုတ်ယင် ဖြစ်မယ်လို့ ဒါလောက်သာ ဝန်ခံနိုင်ပါတယ်။

ဘယ်လောက်ကြာအောင် အားထုတ်မှ ပြည့်စုံနိုင်မှာလဲ ဆိုယင်–အနိစ္စ ဒုက္ခ အနတ္တသဘောကို ရှင်းပြီးသိတာက သမ္မသနဉာဏ်က စပြီး ဖြစ်တယ်၊ ဒီဉာဏ်ကလဲ စစချင်း ဖြစ်တာမဟုတ်ဘူး၊ ဓိတ္ထိဝသုဒ္ဓိ, ဒိဋ္ဌိဝသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ ဆိုတဲ့ ဒီဝိသုဒ္ဓိ ၃-ပါးကို ကျော်လွန်ပြီးမှ ဖြစ်တယ်။ ဒါကြောင့် ယခု အများ ယောဂီတို့၏ စံချိန်အရဆိုယင် အလွန် ထူးခြားတဲ့သူမှာ ၂-ရက် ၃-ရက်အတွင်း ဒီသမ္မသနဉာဏ်ကို ရောက်တတ်ပါတယ်၊ အများ အားဖြင့်တော့ လေး ငါး ခြောက်ရက် ခုနစ်ရက်အတွင်း ရောက်

တတ်ပါတယ်။ ဒါကလဲ ပြည့်ပြည့်စုံစုံ တင်းတင်းရင်းရင်း အားထုတ်တဲ့သူတွေကို ပြောတာ၊ လျော့လျည်းလျည်း အားထုတ်နေတဲ့ သူတွေမှာတော့ ၁၅-ရက် အရက် ၂၀-တိုင်အောင် ဒီဉာဏ်ကို မရောက်တာလဲ ရှိတာပါဘဲ။ ဒါကြောင့် အားထုတ်ခါစမှာ တင်းတင်းရင်းရင်း အပြည့်အစုံ အားထုတ်ဖို့ကို ပြန် ပြောဦးမယ်။

အပြည့်အစုံ အားထုတ်ပုံ

ခုနက ဆောင်ပုဒ်ထဲမှာ "ဖြစ်တိုင်း မှတ်ရှု"လို့ ဆိုထားတဲ့ အတိုင်း ဝိပဿနာဆိုတာ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကြုံသိတိုင်း မလွတ်ရအောင် မပြတ်ရှုသွားရတယ်။ ဒါပေမယ့် အားထုတ်ခါစမှာတော့ အကုန်လုံးကို စေ့ငုအောင် လိုက်ပြီး မရှုနိုင်သေးလို့ နဲနဲက စပြီး ရှုရတယ်။ ဝမ်းဗိုက်က ဖောင်းလိုက် ပိန်လိုက်နဲ့ လှုပ်ရှားနေတဲ့ ရုပ်ဟာ အများအားဖြင့် ရှုလို့ လွယ်ကူတတ်ပါတယ်။ ဒါကြောင့် အဲဒီ ဖောင်းတာ ပိန်တာက စပြီး ရှုဘို့ ရွေးနားက ရှင်းပြီး ပြောခဲ့ပါပြီ။ အဲဒီလို ပြောခဲ့တဲ့အတိုင်း "ဖောင်းတယ်၊ ပိန်တယ်၊ ဖောင်းတယ် ပိန်တယ်"လို့ မပြတ်ရှုမှတ်နေရတယ်။ နောက် - သတိ, သမာဓိ အားကောင်းလာတဲ့အခါကျတော့ ထိုင်တာထိတာပါ ထည့်ပြီးတော့ "ဖောင်းတယ်, ပိန်တယ်, ထိုင်တယ်, ထိတယ်"လို့ မပြတ် မှတ်နေရတယ်။ ဒီလို မှတ်နေယင်းထဲက စိတ်ကူး ကြုံစည်မှုတွေ ပေါ်လာယင် အဲဒါတွေကိုလဲ ဖြစ်တိုင်း ဖြစ်တိုင်း "စိတ်ကူးတယ်၊ ကြုံစည်တယ်၊ သိတယ်" စသည်ဖြင့် အကုန်လုံး လိုက်ပြီး မှတ်ရတယ်။ အဲဒီစိတ်ကူးတွေဟာ အများအားဖြင့် နိဝရဏတရား တွေဘဲ။ ဒါကြောင့် အဲဒီလို စိတ်ကူးတွေ မကင်းစင်

သေးယင် စိတ္တဇသုဒ္ဓိ မဖြစ်သေးတဲ့အတွက် ရုပ်နာမ် တရားတွေကို ရှင်းရှင်းလင်းလင်း မသိနိုင်သေးဘူး။ အဲဒါတွေ ကင်းစင်သွားမှ စိတ္တဇသုဒ္ဓိ ဖြစ်ပြီး ရှင်းရှင်းလင်းလင်း သိနိုင်တယ်။ ဒါကြောင့် အဲဒီလို စိတ်ကူးတွေကို လက်မခံဘဲ ရှုမှတ် ရှုမှတ်ပြီး ပယ်ရတယ်။

ကိုယ်ထဲက ညောင်းတာ ပူတာ နာတာ ယားတာ-ဒီလို အခံခက်တဲ့ ဝေဒနာတွေ ပေါ်လာယင်လဲ အဲဒါကို စူးစိုက်ပြီးတော့ "ညောင်းတယ် ညောင်းတယ်၊ ပူတယ် ပူတယ်" စသည်ဖြင့် သူ ဖြစ်ပေါ်တဲ့အတိုင်းဘဲ လိုက် မှတ်ရတယ်။ ဒီအထဲက လက် ခြေကို ကွေးချင် ဆန့်ချင် ရွှေ့ချင်တဲ့စိတ် ဖြစ်ပေါ်လာယင် အဲဒီစိတ်ကို "ကွေးချင်တယ်၊ ဆန့်ချင်တယ်" စသည်ဖြင့် ဖြစ်တိုင်း ဖြစ်တိုင်း မှတ်ရတယ်။ ကွေးပြန် ဆန့်ပြန် ရွှေ့ပြန်တော့လဲ "ကွေးတယ် ကွေးတယ်၊ ဆန့်တယ် ဆန့်တယ်" စသည်ဖြင့် အစဉ်မပြတ် လိုက် မှတ်ရတယ်။ ဒီနည်းဖြင့် ထိုင်ရာက ထယင်လဲ မပြတ် လိုက် မှတ်ရတယ်၊ လမ်းလျှောက်ယင်လဲ ခြေလှမ်းတိုင်း မပြတ် မှတ်သွားရတယ်၊ သွားရာက ထိုင်ယင်လဲ မှတ်ရတာဘဲ၊ ထိုင်ရာက လှဲအိပ် လိုက်ယင်လဲ မပြတ် မှတ်သွားရတာဘဲ။

ကိုယ်အမူအရာ လှုပ်ရှား ပြုပြင်တိုင်း၊ စိတ်ကူး ဖြစ်တိုင်း၊ ဝေဒနာ ပေါ်လာတိုင်း အကုန်လုံး လိုက် မှတ်ရတယ်။ ဘာမျှ အထူးမှတ်စရာ မရှိတဲ့အခါ "ဖေါင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ်" လို့ မပြတ် ရှုမှတ်နေရတယ်။ စားသောက်ရာ ရေချိုးရာတွေမှာလဲ မှတ်ရတာဘဲ။ အထူး မြင်တာ ကြားတာတွေ ရှိယင်လဲ မှတ်ရတာဘဲ။အိပ်ပျော်နေတဲ့အချိန် လေး ငါး ခြောက် နာရီလောက်မှ တပါး၊တခြားအချိန်တွေမှာ ဆိုယင် ဒီလို မပြတ် မစဲ ရှုမှတ်နေရတယ်။ အနည်းဆုံး တစ်စက္ကန့်လောက်မှာ တကြိမ်

တကြိမ် ထက်မနည်း ရှုနိုင်အောင် မပြတ် လုံ့လပြုပြီး ရှုမှတ်နေရတယ်။

ဒီလို ရိုရိုသေသေ မပြတ် ရှုနေယင် ၂-ရက် ၃-ရက်လောက် ကြာတဲ့အခါမှာ သတိ သမာဓိ တော်တော်ကောင်းလာတာကို တွေ့ရတတ်ပါတယ်၊ ၂-ရက်၃-ရက်နဲ့မတွေ့သေးယင်လဲ လေးငါး ခြောက်ရက်အတွင်း တွေ့မှာပေါ့။သတိ သမာဓိက အားကောင်း လာတော့ ပို့လွှင့်ပြေးသွားတဲ့ စိတ်တွေဟာ မရှိသလောက်ပဲ နည်းသွားတယ်၊ ဖြစ်ပေါ်လာပြန်ယင်လဲ အဲဒီစိတ်ကို ဖြစ်လျှင် ဖြစ်ချင်း ရှုမှတ်နိုင်တယ်၊ ရှုမှတ်လိုက်တော့လဲ တခါထဲ ပြတ်စဲသွားတယ်၊ ဖေါင်းမှု ပိန်မှု စသော မှတ်စရာအာရုံနဲ့ မှတ်စိတ်ဟာ ချိန်းထားသလို ကပ်ခနဲ ကပ်ခနဲ အံကျကိုက်ပြီး လွယ်လွယ်ကူကူနဲ့ ရှုမှတ်နိုင်နေတယ်၊ အဲဒီလို ထူးခြားတာတွေ့ဟာ သတိ သမာဓိ အားကောင်းလာတဲ့ အထိမ်းအမှတ် တွေ့ပါဘဲ။ အဲဒါဟာ **စိတ္တဒိသုဒ္ဓိ** ဖြစ်တဲ့သဘောပါဘဲ။

အဲဒီလိုအခါက စပြီး မှတ်တိုင်း မှတ်တိုင်း မှတ်ရတဲ့ရုပ်အာရုံနဲ့ မှတ်စိတ်ဟာ တခြားစီ ကဲ့လာတယ်၊ ဖေါင်းမှု ပိန်မှု စသော ရုပ်တရားက တခြား၊ မှတ်သိတဲ့ နာမ်တရားက တခြား ကဲ့ပြားပြီး သိလာတယ်။ ပကတိအနေက ဆိုယင် ကိုယ်ရုပ်နဲ့ သိဘဲ့စိတ်ကို မခွဲခြားနိုင်ဘူး၊ တပေါင်းတည်း တယောက်တည်း အနေနဲ့ ထင်နေခဲ့တယ်၊ စာသိအရက ကဲ့နေပေမယ်လို့ ကိုယ်တိုင် သိအနေကတော့ တလုံးထဲ ဖြစ်နေတယ်၊ ယခု လက်တွေ့ သိရှအောင် လက်ညှိုးကလေးကို လှုပ်ကြည့်စမ်းပါ၊လှုပ်ချင်တဲ့စိတ်ကို ထင်ရှား တွေ့ရှိလား၊ အဲဒီစိတ်နဲ့ လှုပ်တာ ကဲ့ရှိလား၊ ရိုးရိုး ဖြေယင် မကဲ့ဘူးလို့ ဖြေရမှာဘဲ။ ခုနက ပြောခဲ့တဲ့အတိုင်း သတိ

သမာဓိ အားကောင်းနေတဲ့ ယောဂီမှာတော့ "ခဲနဲ့ ပေါက်လိုက်လို နံရံကို ထိမှန်သွားရာမှာ နံရံက တခြား, ခဲက တခြား ကွဲပြားနေသလို" အာရုံရုပ်နဲ့ မှတ်သိစိတ်ဟာ တခြားစီ ကွဲနေတယ်။ ဒီနေရာမှာ မြတ်စွာဘုရားက ပတ္တမြားနဲ့ အဲဒီမှာ သီထားတဲ့ကြိုး ကွဲနေပုံနှင့် ဥပမာ ပြထားတယ်။ (ဒီ ၁-၇၂)

နာမ်ရုပ်ကွဲပုံ ဥပမာ

ဥပမာ ပြထားပုံကတော့ - ဝေဠုရိယ ခေါ်တဲ့ ကြောင်မျက်ရဲ့ ပတ္တမြားထဲမှာ ကြိုးညို ကြိုးဝါ ကြိုးနီ စသည်ကို သီထားလျှင်၊ မျက်စိမြင်တဲ့သူက ကြည့်လိုက်တဲ့အခါ "ပတ္တမြားထဲမှာ ကြိုးကို သီထားတယ်၊ ဒီဟာက ပတ္တမြားဘဲ၊ ဒီဟာက ပတ္တမြားမှာ သီထားတဲ့ ကြိုးဘဲ" လို ခွဲခြားပြီး မြင်သိသွားသလိုဘဲ၊ ထိုအတူပင် ယောဂီရဟန်းကလဲ "ဒီဟာက ရုပ်ကိုယ်ဘဲ၊ ဒီရှုသိတဲ့ စိတ်ဝိညာဏ်က ဒီရုပ်ကိုယ်မှာဘဲ မှီနေတယ်၊ ဒီရုပ်ကိုယ်နှင့် စပ်နေတယ်" လို သိပါတယ် တဲ့။ ဒီနေရာမှာ အဋ္ဌကထာက **စိတ်ဝိညာဏ်** ဆိုတာ ရုပ်ကိုယ်ကို ရှုတဲ့ ဝိပဿနာစိတ် ဝိပဿနာဉာဏ် ဖြစ်ကြောင်း ဖွင့်ပြထားပါတယ်။

ဒီ ဥပမာထဲမှာ ပတ္တမြားနဲ့ ရုပ်ကိုယ် တူပါတယ်၊ ကြိုးနဲ့ ဝိပဿနာစိတ် ရှုတဲ့စိတ် တူပါတယ်။ ကြိုးက ပတ္တမြားထဲ ဝင်နေတာနဲ့ ရှုတဲ့ဝိပဿနာစိတ်က ရုပ်ကိုယ်ဆီ ရောက်ပြီး သိနေတာ တူပါတယ်။

တို့ယောဂီတွေမှာလဲ "ဖေါင်းတယ်လို့ မှတ်တဲ့အခါမှာ ဖေါင်းတာကလေးက တခု၊ သိတာကလေးက တခု၊ ဒါကလေး ၂-ခုဘဲ ရှိတယ်၊ ပိန်တယ်လို့ မှတ်တဲ့အခါမှာလဲ ပိန်တာကလေး

က တခု၊ သိတာကလေးက တခု၊ ဒါကလေး ၂-ခုဘဲရှိတယ်” စသည်ဖြင့် သူ့ဟာ သူဘဲ အသိ ရှင်းလာပါတယ်။ ဒါကြောင့် “ဝမ်းဗိုက်က ဖောင်းတက်လာတဲ့အခါ ဖောင်းတာနဲ့ မှတ်သိတာ၊ ဒါကလေး ၂-ခုဘဲ ရှိတယ်၊ ပိန်ကျသွားတဲ့ အခါမှာလဲ ပိန်တာနဲ့ မှတ်သိတာ၊ ဒါကလေး ၂-ခုဘဲ ရှိတယ်၊ သွားနေ ခိုက်မှာလဲ ကြွတဲ့အခါ ကြွတာနဲ့ မှတ်သိတာ၊ လှုပ်းတဲ့အခါ လှုပ်းတာနဲ့ မှတ်သိတာ၊ နင်းချတဲ့အခါ ချတာနဲ့ မှတ်သိတာ၊ ဒါဘဲ ရှိတယ်၊ ရုပ်နဲ့ အသိ, ရုပ်နဲ့ အသိ တစုံတစုံ ဒါကလေး ၂-ခုဘဲ ရှိတယ်၊ ဒီပြင် ဘာမှ မရှိဘူး ဆိုတာ တချို့ယောဂီက ရှင်းရှင်းလင်းလင်း ပြောတတ်ကြပါတယ်။

ဒါထက် သမာဓိ ဉာဏ် တိုးတက်လာတဲ့ အခါကျတော့ အဲဒီ မှတ်သိရတဲ့ ရုပ်နာမ်ကလေးတွေ သူ့အခိုက်အတန့်နှင့် သူ့ တပိုင်းစီ တပိုင်းစီ ပျောက်ပျောက်သွားတာကို သိလာတယ်။ ဖောင်းတယ်လို့ မှတ်ခိုက်မှာ ဖောင်းတာကလေးက တရိပ်ရိပ်နဲ့ ပေါ်ပြီးတော့ ပျောက်သွားတယ်၊ ပိန်တယ်လို့ မှတ်ခိုက်မှာ ပိန်တာကလေးကလဲ တရိပ်ရိပ်နဲ့ ပေါ်ပြီးတော့ ပျောက်သွားတယ်၊ ဖောင်းတယ်လို့ မှတ်ယင် ဖောင်းတာရော သိတာရော ပျောက်သွားတာကို တွေ့ရတယ်။ ပိန်ကယ်လို့ မှတ်ယင်လဲ ပိန်တာရော သိတာရော ပျောက်သွားတာကို တွေ့ရတယ်။ မှတ်တိုင်း မှတ်တိုင်း ဒီလို ပေါ်ပေါ်ပြီး ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတယ်။

ကွေးတယ် ကွေးတယ်လို့ မှတ်တိုင်း တကွေးနဲ့ တကွေးဟာ မထောဘူး၊ ကွေးလိုက်ယင်း ပျောက်သွားယင်း၊ ကွေးလိုက်ယင်း ပျောက်သွားယင်းနဲ့ ကွေးချင်တဲ့စိတ်ရော ကွေးတဲ့ရုပ်ရော

မှတ်သိတဲ့စိတ်ရော တပိုင်းစီ တပိုင်းစီ ပေါ်လိုက် ပျောက်လိုက်နဲ့ ရှင်းပြီးတော့ ထင်ရှားနေတယ်။ ညောင်းတာ ပူတာ နာတာတွေကို မှတ်ယင်လဲ ညောင်းတာ ပူတာ နာတာတွေက မှတ်ယင်း မှတ်ယင်းဘဲ ပျောက်ပျောက်သွားတယ်။

ဒီတော့ ယောဂီရဲ့ဉာဏ်ထဲမှာ "ပေါ်လာပြီးတော့ ပျောက်ပျောက်သွားလို့ မမြဲတာတွေချည်းဘဲ" လို့ ဒီလို ရှင်းပြီး သဘောကျလာတယ်။

"ဟုတ္တာ အဘာဝတော အနိစ္စာ"။ ဟုတ္တာ၊ ဖြစ်ပေါ်ပြီး၍။ အဘာဝတော၊ မရှိသောကြောင့်။ အနိစ္စာ၊ မမြဲတာတွေဘဲ" လို့ အဋ္ဌကထာများမှာ မိန့်ဆိုထားတဲ့ အတိုင်း "ဖြစ်ပေါ်ပြီး ပျောက်သွားလို့ မမြဲဘူး" ဆိုတာကို ယောဂီက ကိုယ်တိုင် ဉာဏ်နဲ့ တွေ့ပြီး သိသွားတာဘဲ။ အဲဒါ ကျမ်းဂန်တွေအရ မှန်းဆပြီးယူတာလဲ မဟုတ်ဘူး၊ ဆရာတွေက ပြောလို့ အားနာရိုသေပြီး ယုံကြည်ရတာလဲ မဟုတ်ဘူး၊ သူ့ဉာဏ်ထဲမှာ သူ့ဟာ သူ ရှင်းလာတာ။ ဒီလို ကိုယ့်ဟာကိုယ် တွေ့ပြီး သိမှ **ဉာဏ်အစစ်** ဖြစ်တာ။ သူများ ပြောတာကို ယုံကြည်တာက **သဒ္ဓါတရား** ဘဲ၊ ယုံကြည်လို့ မှတ်ထားတာက **သညာသိ**ဘဲ၊ ဉာဏ်ပညာသိ မဟုတ်သေးဘူး၊ ကိုယ်တိုင် သိမှ **ဉာဏ်သိ** ဖြစ်တယ်။ ဒါကြောင့် ကိုယ်တိုင် သိဘို့က အရေးကြီးတယ်၊ ဝိပဿနာ ဆိုတာဟာ ကိုယ်တိုင် သိအောင်လို့ ရှုရတာဘဲ။ ရှုနေယင်း ကိုယ်တိုင်တွေ့ပြီး သိလာမှ ဝိပဿနာဉာဏ်အစစ် ဖြစ်တာ။

ယောဂီဟာ "ဖေါင်းတယ် ပိန်တယ်" စသည်ဖြင့် ဖြစ်ခိုက် ရုပ်နာမ်ကို မှတ်ယင်းမှတ်ယင်းနဲ့ ဖေါင်းတာကလေးလဲ ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူး၊ ပိန်တာကလေးလဲဖြစ်ပြီး ပျောက်

သွားလို့ မမြဲဘူး၊ စိတ်ကူး စဉ်းစား ကြံစည်တာကလေးတွေလဲ ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူး၊ ညောင်းတာ ပူတာ နာတာ ကျဉ်တာ ကိုက်ခဲတာ ယားတာကလေးတွေလဲ ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူး၊ ကွေးချင်တာ ကွေးတာ, ဆန့်ချင်တာ ဆန့်တာကလေးတွေလဲ ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူး၊ ကြွတာ လှုပ်တာ ချတာ လှုပ်ရှားတာ ကလေးတွေလဲ တရှိန်ချင်း ဖြစ် ဖြစ်ပြီး ပျောက်ပျောက်သွားလို့ မမြဲဘူး၊ မှတ်သိတဲ့ စိတ်ကလေး တွေလဲ သိသိပြီး ပျောက်ပျောက်သွားလို့ မမြဲဘူးလို့ ဒီလို သူ့ အခိုက်အတန့်နဲ့ သူ ဖြစ်ပေါ်ပြီး ပျောက်ပျောက်သွားလို့ မမြဲတဲ့ တရားတွေကို ကိုယ်တွေ့ သိရတယ်။ ဒီတော့ မမြဲတဲ့ တရားတွေ ချည်းဘဲ ဆိုတာ သူ့ဟာ သူ အသိရှင်းသွားတယ်။ ဒီလို အသိ ရှင်းမှ အနိစ္စဝေနုပဿနာဉာဏ်အစစ် ဖြစ်တယ်။ ဒီဉာဏ်အစစ်ဖြစ် အောင်လို့ အားထုတ်ရတာ တဲ့။

အနိစ္စဝေနုပဿနာဉာဏ်

ဒီ အနိစ္စဝေနုပဿနာ အရာမှာ အဋ္ဌကထာက ဒီလို ခွဲခြားပြထားတယ်။ (ဝိသုဒ္ဓိ ၁-၂၀၁)

အနိစ္စံ ဝေဒိတဗ္ဗံ- အနိစ္စကိုလဲ သိရမယ် တဲ့။

အနိစ္စတာ ဝေဒိတဗ္ဗာ- မမြဲသည့်အဖြစ် အနိစ္စလက္ခဏာကိုလဲ သိရမယ် တဲ့။

အနိစ္စဝေနုပဿနာ ဝေဒိတဗ္ဗာ-မမြဲဟု ရှုမြင်တဲ့ အနိစ္စဝေနုပဿနာကိုလဲ သိရမယ် တဲ့။

ဒီလို အကျဉ်းချုပ် ပြပြီးတော့ "အနိစ္စဆိုတာ ဘာလဲ၊ အနိစ္စဆိုတာ ခန္ဓာငါးပါးဘဲ" စသည်ဖြင့် အကျယ်လဲ ရှင်းပြသွား

ပါတယ်။ ဒါကြောင့် ခန္ဓာငါးပါးဟာ အနိစ္စ-မမြဲတဲ့တရားဘဲလို့ ဒါကို သိထားရမယ်၊ ကိုယ့်ဉာဏ်နဲ့ မထင်သေး မသိသေးပေမယ်လို့ ဒါလောက်တော့ သိထားရမယ်၊ သိထားဘို့လဲ လိုပါတယ်။ ဒါလောက်တွင်လဲ မကသေးဘူး၊ ဒုက္ခ-ဆင်းရဲ တရားချည်းဘဲ၊ အနတ္တ--အတ္တမဟုတ် ငါကောင်မဟုတ်တဲ့ သဘောတရားချည်းဘဲလို့ ဒီလိုလဲ သိထားဘို့ လိုပါသေးတယ်။ဒီလို အနိစ္စ ဒုက္ခ အနတ္တတရားချည်းဘဲလို့ ကြားနာဘူး သိဘူးယင် ဝိပဿနာအလုပ်ကို အားထုတ်နိုင်ပါပြီ။ ဒါကြောင့် **ဗုဒ္ဓတဏှာသန်ယသုတ်**မှာ သုတမယဉာဏ် ပြည့်စုံပုံနဲ့ ဝိပဿနာရှုပုံကို အကျဉ်းချုပ် ဒီလို ဟောထားပါတယ်။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ သပ္ပေ ဓမ္မာ၊ အလုံးစုံသောတရားတို့သည်။ အဘိနိဝေသာယ၊ မြဲသည် ချမ်းသာသည် အတ္တကောင်ဟု တဏှာဒိဋ္ဌိဖြင့် စွဲလမ်းခြင်းငှါ။ န အလံ ဣတိ၊ မထိုက်တန်ကုန်ဟူ၍။ ဧဝံ၊ ဤသို့။ ဧတံ၊ ဤသဘောကို။ ဘိက္ခုနော၊ ရဟန်းသည်။ သုတံ၊ ကြားနာဘူးသည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။(ဧဝံ သတိ၊ ဤသို့ ဖြစ်လျှင်။)သော၊ ထိုသို့ကြားနာဘူးသော ရဟန်းသည်။ သပ္ပံ ဓမ္မံ၊ ဒုဋ္ဌရ ၆-ပါးဌ် ထင်ရှားသော တရားအလုံးစုံကို။ အဘိဇာနာတိ၊ ရှေးရှုသိ၏ တဲ့။ (မ ၁-၃၁၈)

"ရှေးရှုသိတယ်"ဆိုတာ ရှုရမည့်ရုပ်နာမ်ဆိုကိုဉာဏ်ဖြင့် မျက်နှာမူပြီး စူးစိုက်ပြီး ရှုတာ သိတာကို ဆိုလိုတယ်။ ပြီးတော့ ဒီအသိကလဲ **နာမရူပပရိစ္ဆေဒဉာဏ်,ပစ္စယပရိဂ္ဂဟဉာဏ်** ဆိုတဲ့ ဒီအစဆုံး အခြေခံ ဝိပဿနာ အသိကို ဆိုလိုပါတယ်။ ဒီတော့

"ရုပ်နာမ်တရား အားလုံးဟာ အနိစ္စ ဒုက္ခ အနတ္တချည်းဘဲ" လို့ ဒါလောက် ကြားဘူးယင် နာမရူပပရိစ္ဆေဒဉာဏ်က စပြီး ရှုနိုင်တယ် ဆိုတာ ထင်ရှားသိရပါတယ်။ ပြီးတော့ ဒါတွင် မကသေးဘူး၊ ရှေးရှုသိတဲ့ ဒီဉာဏ် ၂-ပါးပြီးထော့ သမ္မသန အစရှိတဲ့ အထက်ဝိပဿနာဉာဏ်တွေ ဆက်ပြီး ဖြစ်သွားပုံကိုလဲ-

သော၊ ထိုရဟန်းသည်။ သင်္ခံ ဓမ္မံ၊ တရားအလုံးစုံကို။ အဘိဇာနိတ္ဝာ၊ ရှေးရှုသိပြီး၍။ သင်္ခံ ဓမ္မံ၊ တရားအလုံးစုံကို။ ပရိဇာနာတိ၊ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ဖြင့် ပိုင်းခြားသိ၏ စသည်ဖြင့် ဆက်ပြီး ဖေါ်ပြသွားပါတယ်။

ဒါကြောင့် ဝိပဿနာရှုရမည့်ပုဂ္ဂိုလ်ဟာ အောက်ထစ်ဆုံးအားဖြင့် "ရုပ်နာမ်တရားအားလုံး အနိစ္စ ဒုက္ခ အနတ္တချည်းဘဲ" ဆိုတာကိုတော့ ကြားနာဘူး မှတ်သားဘူးရမယ်။ ဒါလောက် ကြားနာဘူးယင်လဲ အကျဉ်းချုပ်အားဖြင့် သုတမယဉာဏ် ပြည့်စုံပြီလို့ ယူရပါတယ်။ ယခု ဗမာပြည်က ဗုဒ္ဓဘာသာဝင်တွေကတော့ ဒီလို သုတမျိုးနဲ့ ပြည့်စုံနေတာ ကြာလှပါပြီ၊ ကလေးဘဝကတည်းက ပြည့်စုံလာကြမှာချည်းပါဘဲ။

ပြီးတော့ "ဟုတ္ဝာ အဘာဝေါဝါ (အနိစ္စတာ)-ဖြစ်ပေါ်ပြီးမရှိဘဲ ဖြစ်သွားတာ ကွယ်ပျောက်သွားတာဟာ မမြဲသည့်အဖြစ် အနိစ္စလက္ခဏာပါဘဲတဲ့။ ရုပ်နာမ်တရားတွေဟာ အစဉ်ထာဝရ ရှိနေတာ မဟုတ်ဘူး၊ အကြောင်း ညီညွတ်တဲ့အခါမှ အသစ်အသစ် ဖြစ်ပေါ်လာကြတာ၊ အဲဒါဟာ မူလကမရှိတဲ့အနေမှ အရှိသဘောကို ရောက်လာတာဘဲ၊ ဒါကြောင့် "ဟုတ္ဝာ-ဖြစ်ပြီး၍ ရှိလာပြီး၍" လို့ ဆိုထားပါတယ်။ အဲဒီလို ဖြစ်လာ

ရှိလာပြီးတော့လဲ အမြဲတည်နေတာ မဟုတ်ဘူး၊ တခဏချင်းဘဲ မရှိဘဲ ဖြစ်သွားပြန်တယ်၊ ကွယ်ပျောက်သွားပြန်တယ်။ ဒါကြောင့် "အဘာဝေါ-မရှိခြင်း ကွယ်ပျောက်သွားခြင်းဟာ **အနိစ္စတာ, အနိစ္စလက္ခဏာဘဲလို့** ဆိုထားပါတယ်။ အဲဒီလို ဖြစ်ပေါ်လာပြီး ကွယ်ပျောက် ကွယ်ပျောက်သွားလို့ဘဲ ရုပ်နာမ်တရားတွေကို "အနိစ္စ--မမြဲဘူး" လို့ အသိအမှတ်ပြုရတယ်။ ဒါကြောင့် ဖြစ်ပေါ်ပြီး ကွယ်ပျောက်သွားခြင်းဟာ အနိစ္စလက္ခဏာမည်ပါတယ် တဲ့။ အထူးအားဖြင့် ကွယ်ပျောက်သွားတာကို "**အနိစ္စလက္ခဏာ**" လို့ ဆိုလိုပါတယ်။ မမြဲဘူးလို့ ခေါ်ရခြင်း၏ အထိမ်းအမှတ်ပေါ့။

ပြီးတော့ "တဿာ အနိစ္စတာယ ဝသေန အနိစ္စန္တိ အနုပဿနာ- ထိုကွယ်ပျောက်သွားခြင်း အနိစ္စလက္ခဏာအလိုအားဖြင့် မမြဲဘူးလို့ ရှုမြင်တာ သိတာဟာ အနိစ္စာနုပဿနာမည်ပါတယ် တဲ့။ ပေါ်လာတဲ့ရုပ်နာမ်ကို ရှုနေယင်း ပေါ်လာပြီးတော့ ပျောက်သွားတာကို တွေ့ရတဲ့အတွက် မမြဲဘူးလို့ သဘောကျသွားတာ သိမြင်သွားတာဟာ အနိစ္စာနုပဿနာဉာဏ်ဘဲ လို့ ဆိုလိုပါတယ်။ ကဲ ဒါကလေးတွေကို ဆိုကြဦးစို့။

အနိစ္စကို သိရမည်၊ အနိစ္စလက္ခဏာကို သိရမည်၊ အနိစ္စာနုပဿနာကို သိရမည်။ (ဆို)

ဒါကတော့ ခုနက ပြောပြခဲ့တဲ့ အဋ္ဌကထာရဲ့ ဘာသာပြန်ဘဲ။ **အနိစ္စ** ဆိုတာက ဘယ်ဟာလဲ ဆိုယင် "မပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာက အနိစ္စတရား" ကဲ့။ အနိစ္စ-မမြဲတဲ့တရား ဆိုတာ မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာတွေဘဲ၊ မပြတ်ဖြစ်ပျက်နေတဲ့ သဘောတရားတွေဘဲ။ ဖြစ်ခိုက်ဖြစ်ခိုက်မှာ လိုက်ပြီးရှုနေတဲ့

ယောဂီမှာ မပြတ်ဖြစ်ပျက်နေတဲ့ တရားတွေကိုချည်း တွေ့နေရတယ်၊ မြင်ရာကလဲမြင်တိုင်းမြင်ထိုင်းမြင်မြင်ပြီး ပျောက်ပျောက်သွားတယ်၊ ထိုအတူ ကြားရာ စသည်ကလဲ ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကွေးတိုင်း ဆန့်တိုင်း လှုပ်ရှားတိုင်း စိတ်ကူးကြံစည်တိုင်း သိသိပြီး ပျောက်ပျောက်သွားတယ်။ မိနစ်စက္ကန့်မလပ် ရှုမှတ်တိုင်း မပြတ်ဖြစ်ပျက်နေတာတွေချည်း တွေ့ရတယ်။ အိပ်ပျော်နေတဲ့အခါမှာလဲ ဒီရုပ်နာမ်ခန္ဓာတွေကတော့ မပြတ်ဖြစ်ပျက်နေတာဘဲ၊ မရှုနိုင်တဲ့အတွက် မသိရတာတမည် လောက်ပဲ ရှိတယ်၊ သူတို့ကတော့ မပြတ်ဖြစ်ပျက်နေတာဘဲ။

အနိစ္စ–မမြဲတဲ့တရား ဆိုတာ ဒီလို မပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာတွေပါဘဲ၊ "စဲလမ်းနိုင်ရာ ငါးခန္ဓာ" ဆိုတာလဲ **ဒီ**မပြတ်ဖြစ်ပျက်နေတဲ့ တရားတွေပါဘဲ။ "အနိစ္စကို သိရမည်" ဆိုတာလဲ ဒီတရားတွေကို ဆိုတာပါဘဲ၊ တရားအားမထုတ်မီကတော့ သုတမယညာဏ်ဖြင့် ကြားနာမှတ်သားပြီး သိထားဘို့ပါဘဲ၊ ရှုမှတ်အားထုတ်နေတဲ့အခါမှာတော့ ခဏမစဲ ဖြစ်ပျက်နေတာတွေကို ကိုယ်တိုင်ညာဏ်နဲ့ တွေ့ပြီး သိဘို့ပါဘဲ။ ကဲ ဆိုကြရမယ်။

မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာက အနိစ္စတရား။(ဆို)

အနိစ္စလက္ခဏာ

အနိစ္စလက္ခဏာ ဆိုတာကတော့ ရှုမှတ်ရတဲ့ ရုပ်နာမ်တရားတွေ ဖြစ်ပေါ်လာပြီးတော့ ပျောက်ပျောက်သွားတဲ့ အခြင်းအရာပါဘဲ။ ဒါကြောင့် "ဖြစ်ပေါ်ပြီးနောက် ကုယ်ပျောက်သွားတာက အနိစ္စလက္ခဏာ" တဲ့။ အဲဒါကို ဆိုကြရမယ်။

ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက အနိစ္စ လက္ခဏာ။ (ဆို)

ရုပ်နာမ်တရားတွေကို "အနိစ္စ-မမြဲဘူး" လို့ ဆိုရတာဟာ ဘာကြောင့်လဲ ဆိုယင်၊ ဖြစ်ပေါ်လာပြီးတော့ မရှိတော့ဘဲ ပျောက်ပျောက် သွားလို့ပါဘဲ ၊ဒါကြောင့် အဲဒီ ကွယ်ပျောက်သွားတာဟာ မမြဲဘူးလို့ခေါ်ရခြင်း၏ **အထိမ်းအမှတ်လက္ခဏာ** ပါဘဲ။

ဥပမာ လူတွေမှာ လူတိုင်း လူတိုင်း ထူးခြားတဲ့ အထိမ်း အမှတ်လက္ခဏာ ဆိုတာ ရှိတယ်၊ အဲဒီ အထိမ်းအမှတ် လက္ခဏာကဘယ်မှာရှိတတ်သလဲဆိုယင်၊အမျှားအားဖြင့် မျက်နှာ မှာ ရှိတတ်ပါတယ်။ မျက်ခုံး မျက်လုံးနေပုံ နှာတန်နေပုံ ပါး စပ်နေပုံ နဖူးနေပုံ မဲ့စသည်နှင့် အသွေးအရောင် ဒီလို အထိမ်း အမှတ်တွေ ရှိတတ်ပါတယ်။ ဒါကြောင့် တွေ့ဘူးသိဘူးတဲ့ လူတ ဦးနဲ့ တဦး တွေ့ကြယင် အဲဒီ အထိမ်းအမှတ်ကလေးတွေကို ကြည့်ပြီးတော့ ဘယ်သူဘဲ ဆိုတာ သိကြရတယ်။

အဲဒါလိုပါဘဲ "အနိစ္စ-မမြဲဘူး" လို့ ဆိုရတဲ့ ဒီရုပ်နာမ်ခန္ဓာ တွေမှာလဲ "အနိစ္စ-မမြဲဘူး" လို့ မှတ်သားဘို့ရာ အထိမ်းအမှတ် လက္ခဏာ ရှိတယ်၊ အဲဒါက ဘာလဲ ဆိုယင်၊ ဖြစ်ပေါ်ပြီးတော့ ပျောက်သွားခြင်းသဘောပါဘဲ။ ဟုတ်တယ် ဖြစ်ပေါ်လာပြီး တော့ ကွယ်ပျောက်သွားတာကိုမှ "မမြဲဘူး" လို့ ဆိုရတယ်၊ အစကတည်းက လုံးလုံး ဖြစ်ပေါ်လာခြင်း မရှိတဲ့ တရားကို တော့ မရှိပေမယ့် "အနိစ္စ-မမြဲဘူး" လို့ မဆိုရဘူး၊ ဟုတ်လား။ အဲဒီလို လုံးလုံး မဖြစ်ပေါ်လာတဲ့တရားက ဘယ်လိုတရားလဲ ဆိုယင် ပညတ်တရားပေါ့။

ပညတ်ဆိုတာ ထင်ရှားမရှိဘူး

ပညတ်ဆိုတာ ဖြစ်လဲ မဖြစ်ပေါ်ဘူး၊ တကယ်လဲ ထင်ရှားမရှိဘူး၊ လူ့နာမည်မျိုးပေါ့။ လူ့နာမည်ဟာ အမည်မှည့်တဲ့အချိန်က စပြီး ထင်ရှားလာတယ်၊ ဒါကြောင့် အဲဒီအချိန်က စပြီး ဖြစ်ပေါ်လာသလိုလို ထင်ရတယ်။ ဒါပေမယ့် အဲဒီနာမည်ဟာ အမှတ်အသား ပြုရုံမျှ ခေါ်ဝေါ်ရရုံမျှပါဘဲ၊ အဲဒီအချိန်က စပြီး ဖြစ်လာတာလဲ မဟုတ်ပါဘူး၊ တကယ်လဲ ထင်ရှားရှိတာ မဟုတ်ပါဘူး။ တကယ် ရှိတယ် ထင်ယင် ရှာကြည့်ပေါ့။

လောကမှာ သားကလေး သမီးကလေး တဦးတယောက် ရလာယင် မိဘများက အဲဒီ သားသမီးကို ခေါ်ဝေါ်ပြောဆိုလို့ ဖြစ်အောင် နာမည်ပေးထားကြတယ်။ ဒါကြောင့် မိဘဖြစ်သူတွေက မမွေးတို့ ရလာတဲ့ သားကလေးကို ကင်ပွန်းတပ်မိလာပြုပြီး "မောင်နို" လို့ အမည်ပေးလိုက်တယ် ဆိုပါတော့၊ အဲဒီ "မောင်နို" ဆိုတဲ့ နာမည်ဟာ အမည်မပေးခင်ကတော့ ဘယ်သူကမှ ခေါ်ရမှန်း မသိသေးဘူး၊ အမည်ပေးလိုက်တဲ့ အချိန်က စပြီး အဲဒီကလေးကို "မောင်နို" လို့ဘဲ လူတွေက အသိအမှတ်ပြုကြတယ်။ သို့ပေမယ့် "မောင်နို" ဆိုတဲ့ အဲဒီအမည်ဟာ အမည်ပေးတဲ့အချိန်က စပြီး ဖြစ်လာတယ်လို့တော့ မဆိုရဘူး၊ ဘာကြောင့်လဲ ဆိုယင် "မောင်နို" ဆိုတဲ့ အဲဒီအမည်ပညတ်ကိုက ထင်ရှားမရှိလို့ပါဘဲ။ တကယ် ထင်ရှားရှိ, မရှိ စဉ်းစားကြည့်ကြဦး။

"မောင်နို" ဆိုတဲ့ အဲဒီအမည်ဟာ မောင်နဲ့ကဲ့ ကိုယ်ထဲမှာ ရှိနေပါသလား၊ ခေါင်းပေါ်မှာ ရှိနေပါသလား၊ ဘေးနားမှာ

ရှိနေပါသလား၊ မျက်နှာမှာ ကပ်နေပါသလား။ ဘယ်မှာမျှ မရှိပါဘူး၊ ပတ်ဝန်းကျင် လူအများက အသိအမှတ်ပြုထားလို့ "မောင်မ" ဆိုတာ ထင်ရှားသိရရုံမျှသာ ရှိပါတယ်။အဲဒီမောင်မ် သေဆုံးသွားယင်ဂကာ အဲဒီအမည်လဲ ပျောက်ပျက်သွားပါ သလား၊ ပျောက်မသွားပါဘူး၊လူအများက မမေ့သေးသမျှ ကာလပတ်လုံး မောင်မ်ဆိုတဲ့ အဲဒီအမည်ပညတ်ကတော့ ထင် ရှားနေတာပါဘဲ။ ဒါကြောင့် "နာမရေါတ္တံ နဇီရတိ" တဲ့၊ အမည်နှင့် အနှယ်ဟာ ဘယ်တော့မှ ဆွေးမြည့်အိုမင်းခြင်း ပျက်စီးခြင်း မရှိပါဘူး တဲ့။လူတွေအားလုံက အဲဒီ မောင်မ်ဆို တဲ့ အမည်ကို အသိအမှတ် မပြုကြဘဲ မေ့ပျောက်လိုက်တဲ့ အခါကျတော့ အဲဒီအမည်ဟာ မထင်ရှားတော့ဘူး၊ ဒါပေ မယ့် ပျောက်ပျက် သွားတာတော့လဲ မဟုတ်ပါဘူး၊ ဘာ ကြောင့်လဲ ဆိုယင် နောင်အခါ အဲဒီအမည်ကို ထုတ်ဖေါ် နိုင်တဲ့သူက ထုတ်ဖေါ်လိုက်ယင် ပြန်ပြီးတော့ ပေါ်လာပြန် ပါတယ်။

ဇာတ်နိပါတ်တော်ထဲက ဘုရားအလောင်းတော်၏ အမည် တွေကို စဉ်းစားကြည့်ပါ၊ ဝေဿန္တရာ, မဟောသဓ, မဟာ ဇနက, ဝိဓုရ,တေမိ,နေမိအစရှိတဲ့ အမည်တွေဟာ အဲဒီဇာတ် နိပါတ် ဖြစ်စဉ် ဘဝကာလတုန်းကတော့ ထင်ရှားနေခဲ့တယ်၊ အဲဒီကနောက် အနှစ် သိန်းသန်းများစွာ ကာလပတ်လုံး ကွယ်ပျောက်နေခဲ့တယ်။ ဒါပေမယ်လို့ ငါတို့ မြတ်စွာဘုရားက ပြန်ပြီးထုတ်ဖေါ်လိုက်တော့ အဲဒီအမည်တွေဟာ ယခု ထင် ရှားပေါ်နေပြန်တယ်။

လေးအသခ်ၤန့ဉ် ကပ္ပါတသိန်းထက်က ဒီပင်္ကရာ မြတ်စွာဘုရား ဆိုတဲ့အမည်၊ သုမေဓာရသေ့ ဆိုတဲ့အမည်တွေဟာ အဲဒီခေတ်ကာလကနောက် လေးအသခ်ၤန့ဉ် ကပ္ပါတသိန်းကာလပတ်လုံး မထင်ရှားဘဲ ရှိနေခဲ့တယ်၊ ဒါပေမယ့် ငါတို့ မြတ်စွာဘုရားက ပြန်ပြီး ထုတ်ဖေါ်လိုက်တဲ့ အတွက် အဲဒီအမည်တွေဟာ ယခု ပြန်ပြီး ထင်ရှား ပေါ်နေပြန်တယ်၊ ဒါကလဲ ယခု ဗုဒ္ဓသာသနာတော် ထွန်းကားနေတုန်းလောက်ပါဘဲ၊ ဘုရားသာသနာခေတ် ကုန်သွားတဲ့အခါကျတော့ အဲဒီအမည်တွေကို ဘယ်သူမှ အာသိအမှတ်ပြုကြမှာ မဟုတ်တော့ဘူး၊ ဒီတော့ ဒီပင်္ကရာ ဆိုတဲ့ အမည် သုမေဓာဆိုတဲ့ အမည်တွေဟာ ကွယ်ပျောက်သွားကြဦးမှာဘဲ။ ဒါပေမယ့် နောက်ဘုရား တဆူက ထုတ်ဖေါ်ပြီး ဟောလိုက်ယင်တော့ ပြန်ပြီး ပေါ်လာဦးမှာဘဲ။ ဒါကြောင့် အမည်ပညတ်ဆိုတာဟာ လူအများက အသိအမှတ်ပြုထားလို့ သမုတ်ထားလို့ ထင်ရှား သိရုံမျှပါဘဲ၊ တကယ်အားဖြင့် ဘယ်မှာမျှ ထင်ရှားရှိတာလဲ မဟုတ်ဘူး၊ အစကလဲ မရှိဘူး၊ နောင်လဲ ရှိတာ မဟုတ်ဘူး၊ ဖြစ်ပေါ်လာတာလဲ မဟုတ်ဘူး၊ ဖြစ်ပေါ်လာတဲ့တရားမဟုတ်တဲ့အတွက် "ပျောက်ပျက်သွားတယ်" လို့လဲ မဆိုရဘူး၊ "မမြဲဘူး" လို့လဲ မဆိုရဲဘူး။ ပညတ်ဆိုယင် ဘာပညတ်ပဲ ဖြစ်ဖြစ် ဒါမျိုးချည်းပါဘဲ၊ ထင်ရှားရှိတာလဲ မဟုတ်ဘူး၊ ဖြစ်ပေါ်လာတာလဲ မဟုတ်ဘူး၊ ပျက်သွားတာလဲ မဟုတ်ဘူး၊ ဒါကြောင့် ပညတ်တရားကို "မမြဲဘူး" လို့လဲ မဆိုရဘူး။

နိဗ္ဗာန်တရား ဆိုတာလဲ သဘောအားဖြင့် ထင်ရှားရှိပေမယ့် ဖြစ်ခြင်း ပျက်ခြင်း မရှိတဲ့အတွက် "မမြဲဘူး" လို့

မဆိုရဘူး၊ အငြိမ်းမဝတ်အနေအား‌ဖြင့် အစဉ်ထာဝရ တည်ရှိနေတဲ့အတွက် နိဗ္ဗာန်ကို "နိစ္စတရား" လို့သာ မှတ်ရတယ်။

နိဗ္ဗာန်မှ တပါးသော ပရမတ်ရုပ်နာမ်တရားတွေကတော့ အစပဋ္ဌမက မရှိသေးပါဘဲနဲ့ အကြောင်းညီညွတ်တဲ့အခါမှာ အသစ်အသစ် ဖြစ်ပေါ်လာတယ်၊ ဖြစ်ပေါ် ပြီးတော့လဲ ပျောက်ပျောက်သွားတယ်။ ဒါကြောင့် အဲဒီပရမတ်ရုပ်နာမ်တွေကို "မမြဲဘူး" လို့ ဆိုရတယ်။ "မြင်တာ" ဆိုပါတော့--မမြင်ခင် အစပဋ္ဌမတုန်းကတော့ "မြင်တယ်" ဆိုတာဟာ မရှိသေးဘူး၊ မျက်စိကလဲ ကြည်တယ်၊ အဆင်းကလဲ ထင်တယ်၊အလင်းကလဲ ရှိတယ်၊ နှလုံးလဲ သွင်းမိတယ် ဆိုယင်တော့ အဲဒီအကြောင်း ၄-ပါး ညီညွတ်တဲ့အခါမှာ မြင်မှုက ပေါ်လာတယ်၊ ပေါ်ပြီးတော့လဲ ချက်ခြင်း ပျက်သွားတာဘဲ၊ မရှိတော့ဘူး၊ ဒါကြောင့် အဲဒီမြင်တာကို "မမြဲဘူး" လို့ ဆိုရတာ။ သာမန်ပုဂ္ဂိုလ်တွေအနေနဲ့တော့ မြင်တာကို "မမြဲဘူး" လို့ သိဘို့ရာ မလွယ်လှပါဘူး။ ကြားတာက ပိုပြီး သိလွယ်ပါတယ်။ ကြားတာလဲ မကြားခင်က မရှိသေးဘူး၊ နားကလဲ ကြည်တယ်၊ အသံကလဲ ထင်တယ်၊ အဝေါက်အကြားကလဲ ရှိတယ်၊ နှလုံးလဲ သွင်းမိတယ် ဆိုယင်တော့ အဲဒီအကြောင်း ၄-ပါး ညီညွတ်တဲ့အခါမှာ ကြားမှုက ပေါ်လာတယ်၊ပေါ်ပြီးတော့လဲ ချက်ခြင်း ပျောက်သွားတာဘဲ၊ မရှိတော့ဘူး။ ဒါကြောင့် အဲဒီကြားတာကို "မမြဲဘူး" လို့ ဆိုရတာ။ ဒါကတော့ လူတိုင်းဘဲ ထင်ရှား သိလွယ်ပါတယ်။ယခု ဘုန်းကြီးပြောတဲ့စကားသံကလေးတွေကို တလုံးပြီးတလုံးကြားနေတယ်၊ကြားပြီးလျှင် ပြီးချင်း ပျောက်ပျောက်လိုက်နေတာဘဲ။ နားထောင်၊

အ-သံ အ-သံ အ-သံ။ အ-လို့ ဘုန်းကြီးက ဆိုလိုက်တဲ့အခါ အဲဒါကို ကြားသွားတယ်၊ ပြီးတော့ အဲဒီကြားတာကလေးဟာ မရှိတော့ဘူး။ သံ-လို့ ဘုန်းကြီးက ဆိုလိုက်တဲ့အခါမှာလဲ အဲဒါကို ကြားသွားတယ်၊ ပြီးတော့ အဲဒီကြားတာကလေးဟာ ပျောက်သွားတယ် မဟုတ်လား။ အဲဒါဟာ ဖြစ်ပေါ်ပြီး ပျောက်သွားတာပေါ့။ ဒီပြင် ရုပ်နာမ်တွေလဲ ဒီလိုချည်းပါဘဲ၊ ဖြစ်ပြီးယင် ချက်ခြင်း ပျောက်သွားတာချည်းပါဘဲ။ ဒါကြောင့် မြင်တာ ကြားတာ နံတာ စားတာ ထိတာ စိတ်ကူးကြံစည်တာ ကွေးတာ ဆန့်တာ လှုပ်ရှားတာ-ဒီလိုရုပ်နာမ်တွေဟာ သမျှဟာ ဖြစ်ပေါ်ပြီး ပျောက်သွားတာချည်းဘဲ၊ အဲဒီလို ပျောက်ပျောက်သွားလို့ "မမြဲဘူး" ဆိုရတာ တဲ့။

ဒီအထဲမှာ စိတ်ကလေး ပျောက်သွားတာကလဲ အလွန် ထင်ရှားပါတယ်။ "ဖောင်းတယ် ပိန်တယ်"လို့ မှတ်နေတုန်း စိတ်က တခြားထွက်သွားယင် "သွားတယ်"လို့ မှတ်လိုက်ရတယ်၊ ဒီလို မှတ်လိုက်ယင် အဲဒီ ထွက်တဲ့စိတ်ကလေးဟာ မရှိတော့ဘူး၊ ပျောက်သွားပြီ၊ အဲဒီစိတ်ကလေးဟာ အစကလဲ မရှိသေးဘူး၊ အဲဒီအခိုက်မှာဘဲ ဖြစ်ပေါ်လာတယ်၊ မှတ်လိုက်တော့လဲ ချက်ခြင်းဘဲ ပျောက်သွားတယ်၊ ဒါကြောင့် "မမြဲဘူး"လို့ ဆိုရတာ။ ပြီးတော့ ဒုက္ခဝေဒနာကလေးတွေ ပျောက်သွားပုံလဲ ထင်ရှားပါတယ်။ "ဖောင်းတယ် ပိန်တယ်"လို့ မှတ်နေယင်း ကိုယ်ထဲမှာ တနေရာရာက ညောင်းတာပူတာ နာကျဉ်တာကလေးတွေ ပေါ်လာတယ်၊ အဲဒါကလေးတွေကို စူးစိုက်ပြီး "ညောင်းတယ် ညောင်းတယ်" စသည်ဖြင့် မှတ်လိုက်ယင် လုံးလုံး ပျောက်သွားတာလဲ ရှိတယ်၊

လုံးလုံး မပျောက်တောင် တချက်မှတ် တချက်မှတ်မှာ တခါ တခါလဲ ပျောက်ပျောက်သွားတတ်တယ်။ အဲဒါလဲ အစက မရှိသေးဘဲ အသစ် ဖြစ်ပေါ်လာပြီး ပျောက်သွားတာဘဲ။ ဒါကြောင့် "ဖြစ်ပေါ်ပြီး ပျောက်သွားလို့ မမြဲဘူး"လို့ ဆိုရတာ တဲ့။ ဒီတော့ ဖြစ်ပေါ်ပြီး ပျောက်သွားတာဟာ "မမြဲဘူး" လို့ ဆိုရခြင်းရဲ့ အထိမ်းအမှတ် အနိစ္စလက္ခဏာပေါ့။ အဲဒီ အဲထိမ်းအမှတ် အနိစ္စလက္ခဏာကို ယောဂီက ရှုယင်း ရှုယင်း ထင်ရှား တွေ့ရတယ်။

အနိစ္စာနုပဿနာဉာဏ်

အဲဒီလို ရှုမှတ်နေယင်း ပေါ်ပြီး ပျောက်သွားတဲ့ အနိစ္စ လက္ခဏာကို တွေ့ယင်၊ အဲဒီ ပျောက်သွားတဲ့ သဘောကို "မမြဲဘူး"လို့ နှစ်နှစ်ခြိုက်ခြိုက် သဘောကျသွားတယ်။အဲဒီလို သဘောကျ သိမြင်သွားတာကို အနိစ္စာနုပဿနာ ခေါ်တယ်။ ဒါကြောင့်, ဆောင်ပုဒ်က "ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွား တာကို တွေ့ရ၍ မမြဲဟု သိတာက အနိစ္စာနုပဿနာဉာဏ်"လို့ ဆိုထားတယ်။

"ဖောင်းတယ်၊ ပိန်တယ်၊ ကြွဲချင်တယ်၊ ကြွဲတယ်၊ မြင်တယ်၊ ကြားတယ်" စသည်ဖြင့် ရှုမှတ်နေဆဲမှာ အဲဒီ မှတ် သိရတဲ့ "ဖောင်းမှု၊ ပိန်မှု၊ ကြွဲချင်မှု၊ ကြွဲမှု၊ မြင်မှု၊ ကြားမှု" အစရှိတဲ့ ရုပ်နာမ်တွေ ပေါ်ပေါ်ပြီး ပျောက် ပျောက်သွားတာကို တွေ့ရတဲ့အတွက် ယောဂီက "မမြဲတဲ့ တရားတွေဘဲ"လို့ သိသိသွားတယ်။ အဲဒီလို သိသွားမှ အနိစ္စာ နုပဿနာဉာဏ် အစစ် ဖြစ်တာ။ ဒီလို ရှုမှတ်ပြီး ကိုယ်တိုင်

တွေ့မြင်ခြင်း မရှိပါဘဲနဲ့ "ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူး" လို့ အလွတ်သက်သက် ဆင်ခြင်နေရုံမျှနှင့်တော့ ဝိပဿနာဉာဏ် အစစ် မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲ ဆိုယင်၊ အဲဒီလို ဆင်ခြင်နေခိုက်မှာ ဘယ်ကဟာတွေ ဖြစ်တာမှန်းလဲ သူ မသိဘူး၊ ဘယ်ကဟာတွေ ပျက်တာမှန်းလဲ သူ မသိဘူး၊ ကျမ်းဂန်ထဲက "ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူး" ဆိုတဲ့စကားအတိုင်း ကျက်မှတ်ပြီး အလွတ်ဆင်ခြင်နေရုံမျှဘဲ ဖြစ်နေတယ်၊ အဲဒါ မျိုးကတော့ ကုသိုလ်ဖြစ် ပါရမီဖြစ်လောက်ပါဘဲ။ ဝိပဿနာဉာဏ်အစစ်လို့တော့ မဆိုနိုင်ပါဘူး။

ဝိပဿနာဉာဏ်အစစ် ဆိုတာကတော့ တကယ်ဖြစ်ပေါ်လာတဲ့ တရားကလေးတွေကို ရှုယင်း မှတ်ယင်းနဲ့ အဲဒါကလေးတွေ ပျောက်ပျောက်သွားတာကို တွေ့ရလို့ "မမြဲဘူး" ဆိုတာကို ကိုယ့်ဟာ ကိုယ် အလိုလိုသဘောပေါက်ပြီး သိသိသွားတာဘဲ၊ "ဖေါင်းတယ်" မှတ်ယင် ဖေါင်းတာကလေး ပျောက်သွားတာကို တွေ့ရလို့ "မမြဲဘူး"လို့ သိသွားတယ်၊ "ပိန်တယ်" မှတ်ယင် ပိန်တာကလေး ပျောက်သွားတာကို တွေ့ရလို့ "မမြဲဘူး"လို့ သိသွားတယ်၊ ကွေးချင်တယ် ကွေးတယ်လို့ မှတ်ယင်း ကွေးချင်တာနဲ့ ကွေးတာ အဆင့်ဆင့် ပျောက် ပျောက် သွားတာကို တွေ့ရလို့ "မမြဲဘူး" လို့ သိသိသွားတယ်၊ ကြွတယ် လှုပ်းတယ် ချတယ်လို့ မှတ်ယင်း တနေရာက တနေရာကို မရောက်ဘဲ တရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားတာကို တွေ့ရလို့ "မမြဲဘူး"လို့ သိသိသွားတယ်၊ ညောင်းတာ ပူတာကလေးတွေကို မှတ်နေယင်း ညောင်းလိုက် ပျောက်လိုက်၊ ပူလိုက် ပျောက်လိုက်နဲ့ ပျောက်ပျောက်သွားတာကို တွေ့ရလို့

"မမြဲဘူး"လို့ သိသိသာသာတယ်။ ဒီလို မှတ်ယင်း ပျောက်ယင်း မှတ်ယင်း ပျောက်ယင်းနဲ့ ပျောက်ပျောက်သွားတာကို ကိုယ်တိုင် တွေ့ပြီးတော့ "မမြဲတဲ့တရားဘဲ"လို့ ရှင်းရှင်းလင်းလင်း သိသိ သွားတာကိုမှ အနိစ္စာနုပဿနာဉာဏ် ခေါ်တယ်။ ဒါကြောင့် ဆောင်ပုဒ်က-

ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲ ဟု သိတာက အနိစ္စာနုပဿနာဉာဏ် တဲ့။ ကဲ ဒါကို ဆိုကြရမယ်။

ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲ ဟု သိတာက အနိစ္စာနုပဿနာဉာဏ်။ (ဆို)

ဖြစ်ခိုက် ဖြစ်ခိုက်မှာ ဖြစ်တိုင်း ဖြစ်တိုင်း မပြတ် လိုက်ရှုနေတဲ့ ယောဂီမှာ ယခု ပြောခဲ့တဲ့အတိုင်း ပေါ်လာပြီးတော့ ပျောက်ပျောက်သွားတာကို ရှုမှတ်နေယင်းဘဲ ထင်ရှားတွေ့ရပါတယ်။ ယခု တရားနာ ပရိသတ်ထဲမှာ ဒီလို တွေ့နေတဲ့ ယောဂီတွေလဲ အများကြီး ရှိနေပါတယ်။ ဘုန်းကြီးက မိမိတဦးတည်း ထင်မြင်သဘောကျတာတွေကို လျှောက်ဟောနေတာ မဟုတ်ပါဘူး၊ တပည့်ယောဂီ လေး ငါး ဆယ်ယောက်လောက် တွေ့မြင်ရုံနဲ့လဲ ဟောနေတာ မဟုတ်ပါဘူး၊ ယောဂီတွေ ရာပေါင်းများစွာ အဖြာတိုင်း တွေ့မြင်နေပြီ၊ ယခုလဲ တချို့က တွေ့မြင်ဆဲ ဖြစ်နေကြတယ်။ ဒါကြောင့် ဟောနေတာပါ။ ဒါပေမယ့် ယခုမှ အားထုတ်ခါစ တချို့ယောဂီတွေကတော့ ယခု ဘုန်းကြီး ပြောတာလို ရှင်းရှင်းလင်းလင်း မတွေ့ကြသေးပေဘူး။ ယခုပြောနေတဲ့ တွေ့ပုံ သိပုံတွေက အားထုတ်ခါစမှာ လွယ်လွယ် ကလေးနဲ့ တွေ့နိုင် သိနိုင်တာတွေ

မဟုတ်ဘူး၊ ဒီလို သိဘို့ရာက သိပ်တော့လဲ မလွယ်လှဘူး။ ဒါပေမယ့် မဖြစ်နိုင်လောက်အောင် သိပ်ခက်တာလဲ မဟုတ်ပါဘူး၊ ဘုန်းကြီးတို့ ညွှန်ကြားတဲ့အတိုင်း တင်းတင်းရင်းရင်း အားထုတ်ယင် ဖြစ်လဲ ဖြစ်နိုင်ပါတယ်။ အားမထုတ်ယင်တော့ မဖြစ်ဘူးပေါ့၊ အားထုတ်မှ ဖြစ်မှာ။ အားမထုတ်ယင် ဘယ်ဟာမှ မဖြစ်ဘူး။ ယခု လောကမှာ ပညာသင်ကြားနေတဲ့ သူတွေထဲက ထူးထူးခြန်ခြန် ပညာတွေ တတ်မြောက်ကြတယ်၊ ဘွဲ့တံဆိပ်တွေ ဂုဏ်ထူးတွေ ရနေကြတယ် ဆိုတာဟာ သူတို့ဟာ သူတို့ ကြိုးစားအားထုတ်လို့ တတ်မြောက်ကြ, ရကြတာဘဲ၊ မကြိုးစားဘဲနဲ့ အလကားနေတဲ့သူတွေမှာ အဲဒီ ဂုဏ်ထူးတွေ ဘွဲ့တံဆိပ်တွေ ရပါမလား၊ မရနိုင်ပါဘူး၊ ဘာပညာမှ မတတ်မြောက်နိုင်ဘူး။ တကယ် သင်ကြားလေ့လာမှဘဲ တတ်မြောက်ပြီး အဲဒီ ဘွဲ့ထူး ဂုဏ်ထူးတွေကို ရနိုင်တယ်၊ မြတ်စွာဘုရား၏ ဝိပဿနာပညာကလဲ ဒီလိုပါဘဲ၊ တကယ်တမ်း အားထုတ်မှဘဲ ထူးထူးခြားခြား ဖြစ်နိုင်ပါတယ်။

ဖြစ်ခိုက်ရုပ်နာမ်တွေကို မပြတ်ရှုမှတ်သွားယင် သမာဓိညာဏ် အားကောင်းလာတဲ့ အခါကျတော့ လက် ခြေ တကွေး တဆန့် အတွင်းမှာဘဲ စိတ်ကလေးတွေ အကြိမ်ပေါင်း များစွာ ဖြစ်ပျက်သွားတာကို သိနိုင်ပါတယ်။ ကွေးခါနိုး ဆန့်ခါနိုးမှာ ကွေးမယ် ကွေးမယ်၊ ဆန့်မယ် ဆန့်မယ်လို့ ကြံတဲ့စိတ်ကလေးတွေ ဆင့်ခါ ဆင့်ခါ တော်တော်များများ ဖြစ်ပေါ်လာတာကို တွေ့ရတယ်၊ ခြေတလှမ်း တလှမ်းအတွင်းမှာလဲ ဒီလိုဘဲ တော်တော်များများ ဖြစ်ပေါ်လာတာကို တွေ့ရတယ်၊ မျက်စိတမှိတ်အတွင်းမှာလဲ စိတ်ကလေးတွေ ဖြစ်လာတာကို တွေ့နိုင်ပါတယ်။

အဲဒီလို လျင်လျင်မြန်မြန် ဖြစ်နေတဲ့ စိတ်ကလေးတွေကို ဖြစ်တိုင်း ဖြစ်တိုင်း အစဉ်မပြတ် လိုက်ပြီးတော့ ရှုနေရတယ်။ အမည်အထူး မတပ်နိုင်ယင် သိတယ် သိတယ်လို့ဘဲ မှတ်ရတယ်၊ သိတယ်လို့ တကြိမ်မှတ်ခိုက်မှာ စိတ် လေး ငါး ဆယ်ကြိမ် အဆင့်ဆင့် ဖြစ်ပျက်သွားတာကိုလဲ တွေ့မြင်နိုင်ပါတယ်၊ တခါတရံ အလွန် လျင်မြန်စွာ သိနေတဲ့အခါကျတော့ သိတယ်ဆိုတဲ့ အမည်ဝံတောင် မလိုပါဘူး၊ ဉာဏ်နဲ့ သိရုံ သိရုံကလေးသာ အစဉ်လိုက်နေဘို့ လိုပါတယ်။

အဲဒီလိုအခါမှာ ဟိုက အလိုအလျောက် စိတ်တခုက ဖြစ်လိုက်၊ ဒီက ရှုမှတ်တဲ့စိတ်တခုက သိလိုက်၊ ဟိုက စိတ်တခုက ဖြစ်လိုက်၊ ဒီက သိလိုက်နဲ့ ထမင်းတလုပ် ဒုတ်တချက် ဆိုတာလိုဘဲ အလိုအလျောက် စိတ်တခုတခု ဖြစ်တိုင်း ရှုတဲ့စိတ်တခုတခုကလဲ လိုက်ပြီး သိသိနေတယ်။ဒီလို အစဉ်မပြတ် လိုက်ပြီး သိနေတော့ ဖြစ်ပေါ်ပြီး ပျောက်သွားတာဟာ ထင်ရှားရောပေါ့။ ဖေါင်းတယ် ပိန်တယ်လို့ မှတ်နေယင်း အလွတ်စိတ်ကလေးတခု ဖြစ်လိုက်ယင် ဒီက ရှုမှတ်လိုက်တဲ့စိတ်နဲ့ မိနေတာဘဲ၊ ထောင်ထားတဲ့ ကျောက်ဆင်းထဲ ဝင်တိုးမိသလိုပါဘဲ။ ခဲနဲ့ပစ်လိုက်တော့ ရည်ရွယ်တဲ့ဝတ္ထုကို ဖတ်ကနဲ ထိမှန်သွားတာလို အဲဒီစိတ်ကို သိသွားတယ်။ အဲဒီလို သိလိုက်တာနဲ့ ဟိုစိတ်ကလေးဟာ မရှိတော့ဘူး၊ ပျောက်သွားပြီ။ အဲဒါကို လက်နဲ့ကိုင်ကြည့်ရသလိုဘဲ ထင်ရှားတွေ့ရတယ်၊ စိတ် ဖြစ်တိုင်း ဖြစ်တိုင်း ဒီလိုချည်းဘဲ တွေ့သွားတယ်။

ညောင်းတာကလေး ပေါ်လာယင် "ညောင်းတယ်"လို့ မှတ်လိုက်တာနဲ့ ပျောက်သွားတယ်၊ ပြီးတော့ တခါညောင်း

ပြန်ယင်လဲ "ညောင်းတယ်"လို့ မှတ်လိုက်ပြန်ယင် ပျောက်သွားပြန်တာဘဲ။ ဒီလို ပျောက်ပျောက်သွားပုံကတော့ အထက်ပိုင်း ဝိပဿနာ ကျမှ ပိုပြီး ရှင်းတယ်။ ညောင်းလိုက် မှတ်လိုက် ပျောက်လိုက်၊ ညောင်းလိုက် မှတ်လိုက် ပျောက်လိုက်နဲ့ တညောင်းချင်း ပျောက်ပျောက် သွားတယ်၊ တညောင်းနဲ့ တညောင်း ဘာမျှ မစပ်ဘူး၊ နာတာကလေးတွေလဲ အတူတူဘဲ၊ နာလိုက် မှတ်လိုက် ပျောက်လိုက်၊ နာလိုက် မှတ်လိုက် ပျောက်လိုက်နဲ့ တမှတ်တမှတ် တနာတနာ ပျောက်ပျောက်သွားတယ်၊ တနာနဲ့ တနာ ဘာမျှ မရောဘူး၊ တပိုင်းစီ တပိုင်းစီ ပြတ်ပြီး ထင်တယ်။

ပကတိပုဂ္ဂိုလ်တွေမှာတော့ ညောင်းတာ နာတာတွေဟာ အပြတ်အခြား မရှိဘူး၊ "တဆက်တည်း အကြာကြီး ညောင်းနေတယ်၊ အကြာကြီး နာနေတယ်"လို့ဘဲ ထင်ရတယ်။ အကြာကြီး ညောင်း, အကြာကြီး နာနေတာ မဟုတ်ပါဘူး၊ တညောင်းချင်း တညောင်းချင်း၊ တနာချင်း တနာချင်း အပြတ် အပြတ် ကလေးတွေ အတို့ အတို့ ကလေးတွေပါဘဲ၊ အဲဒါကလေးတွေကို ယောဂီက မှတ်ယင်း မှတ်ယင်း ကိုယ်တိုင် တွေ့ရပါတယ်။

ဖောင်းတယ်လို့ မှတ်ခိုက်မှာလဲ ဖောင်းတက်လာတာကလေးဟာ ရိပ်ရိပ် ရိပ်ရိပ်နဲ့ ဖောင်းလိုက် ပျောက်လိုက်၊ ဖောင်းလိုက် ပျောက်လိုက် အဆင့်ဆင့်ပျောက်ပျောက်သွားတာကို ထင်ရှားတွေ့ရတယ်၊ ဗိန်တယ်လို့ မှတ်ခိုက်မှာလဲ ပိန်လိုက် ပျောက်လိုက်၊ ပိန်လိုက်ပျောက်လိုက်နဲ့ အဆင့်ဆင့် ပျောက်ပျောက်သွားတာကို ထင်ရှားတွေ့ရတယ်။ ဒီလို မသိနိုင်သေးတဲ့ ပကတိပုဂ္ဂိုလ်တွေကတော့ ဖောင်းတာ ပိန်တာကို ဗိုက်ပုံသဏ္ဌာန်ကြီးအလိုက်ပဲ

တွေ့နေကြတယ်၊ ဒါကြောင့် မိမိတို့ အတွေ့နဲ့ နှိုင်းပြီးတော့ "ရှုမှတ်နေတဲ့ယောဂီတွေလဲ ငိုက်ပုံသဏ္ဌာန်ကြီးကိုသာ တွေ့နေလိမ့်မယ်" လို့ ထင်နေကြတယ်၊ ထင်တဲ့အတိုင်းလဲ တချို့က စွပ်စွဲပြောဆိုနေကြတယ်။ အဲဒီလို ကိုယ့်အထင်နဲ့တော့ ပြောမနေကြပါနဲ့၊ ထိထိရောက်ရောက် တကယ် အားထုတ်ကြည့်ပါလို့သာ သတိပေးလိုပါတယ်။ တကယ်အားထုတ်ယင် ယခု ပြောခဲ့တဲ့အတိုင်း ကိုယ်တိုင်တွေ့မယ် ဆိုတာ ရဲရဲကြီးတာဝန်ခံပါတယ်။

ကွေးတယ် ကွေးတယ်လို့ မှတ်ခိုက်မှာလဲ တရွေ့ချင်း တရွေ့ချင်း ရွေ့လိုက် ပျောက်လိုက်၊ ရွေ့လိုက် ပျောက်လိုက်နဲ့ တပိုင်းစီ တပိုင်းစီ ပျောက်ပျောက်သွားတာကို ထင်ရှား တွေ့ရတယ်။ ပရမတ်ရုပ်နာမ်တရားတွေဟာ **တနေရာက တနေရာကို** ရွှေ့ချင်း **မရှိဘူး** ဆိုတဲ့ ကျမ်းဂန်အဆိုကို ကိုယ်ပိုင်ဉာဏ်နဲ့ဘဲ တွေ့ရပါတယ်။ ပကတိပုဂ္ဂိုလ်တွေမှာတော့ မကွေးခင်ကလဲ ဒိလက်ပါ၊ ကွေးနေတာလဲ ဒိလက်ပဲ၊ ကွေးပြီးတော့လဲ ဒိလက်ပဲ၊ ဟို အပြင်ဘက်က ဒီအတွင်းဘက် ရောက်လာတယ်, ဒိလက်ပဲ" လို့ တည်မြဲနေတဲ့ လက်ပုံသဏ္ဌာန်ကြီးအနေနဲ့ဘဲ ထင်နေကြတယ်။ အဲဒါဟာ ဘာကြောင့်လဲ ဆိုယင် ရှေးနောက် ဆက်စပ်ပြီး မပြတ်ဖြစ်နေတဲ့ **ရူပအစဉ် သန္တာန်**ကို မပိုင်းခြားနိုင်လို့, ပိုင်းခြားနိုင်အောင် လျင်လျင်မြန်မြန် သိနိုင်တဲ့ ဉာဏ်မရှိသေးလို့ပါဘဲ။ အနိစ္စကို သန္ဋတိက ဖုံးကွယ်ထားတယ် တဲ့၊ ဒီလို ဖုံးကွယ်နိုင်တာကလဲ ခဏမစဲ ဖြစ်ပျက်နေတာကို မရှုလို့ပါဘဲ။ ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ....

ဥဒယဗ္ဗယဉာနံ၊ ဖြစ်ခြင်းပျက်ခြင်းတို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်း မရှုခြင်းကြောင့်။ သန္ဋတိယာ

ပဋိစ္စသမုပ္ပါဒ၊ ရုပ်နာမ်အစဉ် သန္ဓတိုက ဖုံးကွယ်အပ်သည်၏ အဖြစ်ကြောင့်။အနိစ္စလက္ခဏာ၊ဖြစ်ပေါ်ပြီးကွယ်ပျောက်ခြင်း အနိစ္စလက္ခဏာသည်။ နဉပဒ္ဒါတိ၊ မထင်ပေါ်ဘဲ ရှိနေပါတယ် လို့ ဆိုထားပါတယ်။ (ဝိသုဒ္ဓိ ၂-၂၇၆)

ယောဂီမှာတော့ ဖြစ်တိုင်း ဖြစ်တိုင်း မပြတ် စောင့်ပြီး ရှုနေတဲ့အတွက် ရုပ်နာမ်ကလေးတွေဟာ တခုချင်း တခုချင်း တပိုင်းစီ ပြတ်ပြတ်ပြီး ထင်တယ်၊ တဆက်တည်း တခုတည်း အနေနဲ့ မထင်တော့ဘူး၊ဥပမာအားဖြင့်ခြေတန်းမျှားဟာ အဝေးက ကြည့်ယင် တဆက်တည်း ထင်ရသော်လဲ အနီးမှာ ကပ်ပြီး ကြည့်တော့ တကောင်စီ တကောင်စီ ပြတ်ပြီး ထင်သလိုပါဘဲ။ အဲဒီလို အပြတ်အပြတ် တပိုင်းစီ ထင်နေတော့ သန္ဓတိုက မဖုံးကွယ်နိုင်တော့ဘူး။ ဒါကြောင့် ယောဂီမှာ ဖြစ်ပေါ်ပြီး ကွယ်ပျောက်သွားတဲ့ အနိစ္စလက္ခဏာဟာ သူ့အလိုလိုဘဲ ထင်ပေါ်နေပါတယ်။ ခက်ခက်ခဲခဲ ကြံဆပြီး ရှုနေဘို့ မလိုတော့ဘူး။ ဒီလို အနိစ္စလက္ခဏာက ထင်နေတော့ ဖြစ်ပေါ်ပြီး ပျောက်သွားလို့ မမြဲဘူး ဆိုတာ ရှင်းပြီးတော့ သိလာပါတယ်၊ အဲဒါဟာ မျက်စိလည် ပြေသွားသလိုဘဲ"တို့ထင်နေတဲ့အတိုင်း မြဲနေတာ မဟုတ်ဘူး၊ မမြဲတာတွေချည်းဘဲ"လို့ ရှင်းရှင်းကြီး သဘောကျသွားပါတယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ....

ဥဒယဗ္ဗယံ၊ ဖြစ်ခြင်း ပျက်ခြင်းကို။ ပရိဂ္ဂဟေတွေ့၊ သိမ်းဆည်း ရှုမှတ်၍။ သန္ဓတိယာ၊ ရုပ်နာမ်အစဉ်သန္ဓတိကို။ ဝိကောပိတာယ၊ ဖျက်အပ်ပြီးသည် ရှိသော်။ ဝါ၊ ဖျက်လိုက်လျှင်။ အနိစ္စလက္ခဏံ၊ ဖြစ်ပေါ်ပြီး ကွယ်ပျောက်ခြင်းဟူသော အနိစ္စလက္ခဏာသည်။ ယာထာဝသရသတော၊

ဟုတ်မှန်သော သဘောအားဖြင့်။ ဝါ၊ သဘောမှန်အတိုင်း။ ဥပဒ္ဒဝတိ၊ ထင်ပါတယ် လို့ ဆိုထားပါတယ်။ (ဝိသုဒ္ဓိ ၂-၂၇၆)

"ဖြစ်တိုင်း ပျက်တိုင်း ရှုယင် သန္ဓတိ ပျက်တယ်၊သန္ဓတိ ပျက်ယင် ဖြစ်ပေါ်ပြီး ကွယ်ပျောက်သွားခြင်း အနိစ္စလက္ခဏာ ထင်တယ်"လို့ ဆိုလိုပါတယ်။ ဒါကြောင့် ဆောင်ပုဒ်က "ရှုမှတ်ဆဲမှာ"လို့ ဆိုထားတာ၊ ရှုမှတ်နေဆဲမှာ ဖြစ်ပေါ်ပြီး ပျောက်သွားတာကို တွေ့ပြီးတော့ မမြဲဘူးလို့ သိမှ အနိစ္စာနုပဿနာဉာဏ် ဖြစ်တယ်၊ ရှုမှတ်ခြင်း မရှိပါဘဲ သက်သက် ဆင်ခြင်နေရုံနဲ့တော့ ဒီဉာဏ်က မဖြစ်ဘူး။ ရှုမှတ်နေယင်း အဲဒီ ရှုမှတ်ရတဲ့ ရုပ်နာမ်တရားကလေးတွေ တိုကနဲ ပြတ်ပြတ်သွားတာကို တွေ့မြင်ရမှ မမြဲဘူးလို့ ရှင်းရှင်းလင်းလင်း သိသိသွားတာ။ ဒါကြောင့်-

"ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲဟု သိတာက အနိစ္စာနုပဿနာဉာဏ်"လို့ ဆောင်ပုဒ်က ဆိုထားတာ။ ယခု ဖြစ်ပေါ်တိုင်း ရုပ်နာမ်တွေကို မပြတ်ရှုနေရတာဟာ ဒီအနိစ္စာနုပဿနာဉာဏ် ဖြစ်အောင်လို့ ရှုနေရတာ ဘဲ။ ဒီ အနိစ္စဉာဏ် ဖြစ်ယင် ဒုက္ခဉာဏ်, အနတ္တဉာဏ်တွေလဲ ဖြစ်နိုင်တော့တာဘဲ။ ဒါကြောင့်-

"အနိစ္စသညီနော မေဃိယ အနတ္တသညာ သဏ္ဌာတိ" လို့ ဟောထားပါတယ်။ (အံ ၃-၁၆၉)

မေဃိယ၊ မေဃိယရဟန်း။ အနိစ္စသညီနော၊ မမြဲဟု အမှတ်ရှိသော သူအား။ အနတ္တသညာ၊ အနတ္တဟူသော်

အမှတ် အတွေ့မဟုတ်ဟူသော အသိညာဏ်သည်။ သဇ္ဈာတိ၊ သူ့အလိုလိုပင် တည်လေတော့, ထင်လေတော့၏ တဲ့။

"ဖြစ်ပေါ်ပြီး ကွယ်ပျောက်သွားလို့ မမြဲဘဲ့တရားဘဲ" လို့ သိရတဲ့တရားကို အတွေ့ကောင် ငါကောင်ဘဲ့ သတ္တဝါကောင် ဘဲလို့ ဘယ်မှာ ထင်တော့မှာလဲ၊ ဖြစ်ပြီး ပျောက်သွားတဲ့ သဘောတရားမျှဘဲလို့သာ အသိညာဏ်ဆဲ ရှင်းပြီး ထင်နေ ပါတယ်။ ယခုလူတွေက အတွေ့ကောင်လို့ ထင်မှတ် စဲ့လမ်း နေတာဟာ "တသက်လုံး တဘဝလုံး တယောက်တည်း တကြိ့တည်း တည်နေတယ်" ထင်လို့ စဲ့လမ်းနေကြတာဘဲ့။ ခဏမစဲ့ ပျက်နေတဲ့ တရားချည်းဘဲလို့ ကိုယ်တွေ့နဲ့ ရှင်းပြီး သိနေယင် အဲဒီခဏမစဲ့ ပျက်နေတာတွေကို အတွေ့ကောင်လို့ မစဲ့လမ်းနိုင်တော့ပါဘူး၊ သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ သဘောတရားဘဲလို့ ပိုင်ပိုင်နိုင်နိုင်ကြီး သိသွားနိုင်ပါတယ်။ ဒါကြောင့် "အနတ္တသညာ သဇ္ဈာတိ" လို့ ဟောတော်မူ တာဘဲ့။

တချို့က "ဒီသုတ်ဟာ မေဃိယ တဦးတည်းအတွက် ဟောထားတဲ့သုတ်ပဲ" လို့ ကတ်တီးကတ်တတ် ပြောကြသေး တယ်။ အဲဒါကတော့ မပြောကောင်းတဲ့ စကားပါဘဲ၊ ဘာ ကြောင့်လဲ ဆိုယင်၊ "မြတ်စွာဘုရား ဟောထားတဲ့ တရား တွေဟာ ဘုရားမျက်မှောက်မှာ နာယူတဲ့သူတွေနဲ့သာ ဆိုင် တယ်၊ ယခု လူတွေနဲ့ မဆိုင်ဘူး" လို့ ပြောမည့် နောက်ပညာရှိ တဦး ပေါ်လာမှာ စိုးရိမ်ရလို့ပါဘဲ့။ ပြီးတော့ ဒီလိုဟော တာက ဒီသုတ်မှာသာ မဟုတ်ပါဘူး၊ သမ္မောခိသုတ်မှာလဲ "အနိစ္စသညိနော ဘိက္ခဝေ အနတ္တသညာ သဇ္ဈာတိ" လို့

(အံ ၃-၁၆၅) ရဟန်းအများအား ဘိက္ခဝေနဲ့ ဟောထား တာလဲ ရှိပါသေးတယ်။ ပြီးတော့ အနိစ္စလက္ခဏာ ထင်ယင် ဒုက္ခလက္ခဏာလဲ ထင်နိုင်ပါတယ်။ ဘာကြောင့်လဲ ဆိုယင် ခဏမစဲ ဖြစ်ပျက်နေတာကို တွေ့တဲ့ယောဂီဟာ "**ဖြစ်ပျက်နှစ်ရပ်က မပြတ်နှိပ်စက်နေတယ်**" ဆိုတဲ့ ဒုက္ခလက္ခဏာကို သိမြင်နိုင်လို့ပါဘဲ။ ဒါကြောင့် အဲဒီ သမ္မောဓိသုတ်အဖွင့် အဋ္ဌကထာမှာ-

"အနိစ္စလက္ခဏေ၊ အနိစ္စလက္ခဏာကို။ ဒိဋ္ဌေ၊ မြင်ပြီးလတ်သော်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ ဒိဋ္ဌမေဝ ဟောတိ၊ မြင်အပ်ပြီးသာလျှင် ဖြစ်လေတော့၏။ ဟိ၊ မှန်ပေ၏။ တေသု တီသု လက္ခဏေသု၊ ကြွင်း အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ ဟူသော လက္ခဏာ ၃-ပါး တို့တွင်။ ကေသံ ဒိဋ္ဌေ၊ တပါးကို မြင်လတ်သော်။ ဣတရဒွယံ၊ ကြွင်းမှတပါးသော လက္ခဏာ ၂-ခုသည်။ ဒိဋ္ဌမေဝ ဟောတိ၊ မြင်အပ်ပြီးသာလျှင် ဖြစ်လေတော့၏" လို့ ဖွင့်ဆို ထားပါတယ်။

ဒါကြောင့် အနိစ္စလက္ခဏာ တခုကို ပိုင်ပိုင်နိုင်နိုင် သိဘို့ရာ အရေးကြီးပါတယ်။ အဲဒါကို ပိုင်ပိုင်နိုင်နိုင် သိရအောင်လို့ ဒုါရ ၆-ပါးက ဖြစ်တိုင်း ဖြစ်တိုင်း ရှုပ်နာမ်တွေကို လိုက်ပြီး ရှုနေရတာဘဲ။ ဒီလိုရှုလို့ အနိစ္စလက္ခဏာကို ပိုင်ပိုင်နိုင်နိုင် သိသွားယင်တော့ ဒုက္ခ အနတ္တလက္ခဏာတွေကိုလဲ သိသွားမယ်၊ အဲဒီတော့ "မမြဲတာတွေချည်းဘဲ ဆင်းရဲတွေချည်းဘဲ အနတ္တ သဘောတရားတွေချည်းဘဲ" လို့ ဉာဏ်ထဲမှာ ရှင်းပြီးသိသွား

မယ်။ ဒီလိုသိတော့ အစဲ့အလမ်းတွေ့ကင်းသွားမယ်။ ဒါကြောင့် ဆောင်ပုဒ်တွေက-

ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ စဲ့မှု ကင်းပျောက်သည်။
မမြဲ ဆင်းရဲ၊ သဘောဘဲ၊ ဉာဏ်ထဲ ရှင်းတော့သည်"
လို ဆိုထားတာ။

အဲဒီလိုအခါကျတော့ ယောဂီမှာ မှတ်တိုင်း မှတ်တိုင်း ဖြစ်ပြီးပျောက် ဖြစ်ပြီးပျောက်နဲ့ ပျောက်ပျောက်သွားတာကိုချည်း မပြတ်တွေ့နေရတယ်၊ ဒါကြောင့် မမြဲတဲ့တရားချည်းဘဲလို့ သိတဲ့ အနိစ္စာနုပဿနာဉာဏ်ဟာ သန့်သန့်ရှင်းရှင်းကြီး ဖြစ်လာတယ်။ ဘာမှ အကြောင်းယုတ္တိတွေ့ ရှာကြံ နေစရာလဲ မလိုဘူး၊ ဘာမှ ယုံမှားတွေးတောနေစရာလဲ မရှိဘူး၊ အသစ် အသစ် ပေါ်ပေါ်ပြီး တခဏချင်း ပျောက်ပျောက်သွားတာ ကလေးတွေ့ဟာ မမြဲတာတွေ့ချည်းဘဲလို့ ယောဂီရဲ့ ဉာဏ်ထဲမှာ သူ့အလိုလိုဘဲ ရှင်းနေပါတယ်။

ပစ္စုပ္ပန်ဝဏ္ဏ အကျဉ်းချုပ်

ဒီလို အသိရှင်းပုံနှင့် စပ်ပြီး ပစ္စုပ္ပန်ဝတ္ထုတခုကို တနေ့က သီတင်းပတ်ကဘဲ ပြောရသေးတယ်။ ဘုန်းကြီးရဲ့ ဇာတိအရပ် ရွှေဘိုမြို့ ဆိပ်ခွန်ရွာက ယောဂီတယောက် အကြောင်းပါဘဲ။ အဲဒီပုဂ္ဂိုလ်ဟာ တခြားလူ မဟုတ်ပါဘူး၊ ဘုန်းကြီးရဲ့ ဝမ်းကွဲ အစ်ကိုလဲ တော်ပါတယ်၊ ဆိပ်ခွန်ရွာမှာ ပဌမဆုံး စပြီး တရားအားထုတ်တဲ့ ပုဂ္ဂိုလ် ၃-ယောက်ထဲက တယောက်အပါအဝင်လဲ ဖြစ်ပါတယ်။ သူတို့ ၃-ယောက်က တိုင်ပင်ပြီး ပဌမတပတ်မှာ (၇)ရက် အားထုတ်ကြတယ်။ တော်တော်လဲ ပြင်း

ပြင်းထန်ထန် အားထုတ်ကြပါတယ်၊ တနေ့ကို ကွမ်းတရာနှင့် ဆေးတလိပ်သောက်ဘို့ ကမ္မဋ္ဌာန်းကျောင်းကို ယူလာခဲ့ကြတာ တော့ဟာ မစားဖြစ်မသောက်ဖြစ်တာနဲ့ကွမ်းရာ(၇)ခုနဲ့ ဆေးလိပ် (၇)လိပ်ဟာ (၇)ရက်စေ့လို့ ကမ္မဋ္ဌာန်းကျောင်းက ပြန်လာတဲ့ အခါမှာ အထုပ်အတိုင်းဘဲ ပြန်ပါလာကြတယ်။ ဘယ် လောက် ပြင်းပြင်းထန်ထန် အားထုတ်တယ်ဆိုတာ အဲဒါကို ထောက်ဆကြည့်ယင် သိနိုင်လောက်ပါတယ်။

အဲဒီလို ပြင်းပြင်းထန်ထန် အားထုတ်ကြတဲ့အတွက် သူတို့ဟာ ၃-ရက်ကြာတဲ့အခါမှာ ရုပ်နာမ်အဖြစ်အပျက်ကို မြင်တဲ့ ဥဒယဗ္ဗယဉာဏ်ကို ရောက်ပြီးတော့ အရောင်အလင်းတွေ ပီတိ ပဿဒ္ဓိတွေကို တွေ့ရလို့ အလွန်အမင်း ဝမ်းသာနေကြတယ်၊ "ဒီအသက်ဒီအရွယ်ရောက်မှ ဒီတရားကို တွေ့ရတယ်" ဆိုပြီး ဝမ်းသာအားရနဲ့ သူတို့ တွေ့ပုံတွေကို ပြောကြတယ်။ သူတို့က ပဌမဆုံး အားထုတ်တဲ့လူတွေ ဖြစ်တဲ့အတွက် ဝမ်းသာနေ ချင်လဲ နေကြပေစေလို့ နှုလုံးသွင်းပြီးတော့ မှတ်မြဲဘဲ မှတ်နေ ကြဘို့ ဘုန်းကြီးက ညွှန်ကြားထားခဲ့တယ်၊ ဝမ်းသာတာတွေ မှတ်ဘို့တော့ မပြောခဲ့ဘူး။ ဒါကြောင့် သူတို့လဲ နောက် ၄-ရက်ဆက်ပြီး အားထုတ်ပေမယ့် ဝမ်းသာတဲ့စခန်းက မတက် ကြပါဘူး၊

ရက်အနည်းငယ် နားပြီးတော့ နောက်တပတ် ဝင်ပြီး အားထုတ်ဘဲ့အခါမှာ ခုနက ပြောခဲ့တဲ့ ဝမ်းကဲ့အစ်ကို ဖြစ်တဲ့ သူဟာ ဘင်္ဂဉာဏ်အဆင့်ကို ရောက်လာတယ်၊ အဲဒီတော့ သူ့မှာ "ဖောင်းတယ် ပိန်တယ် ထိုင်တယ်"လို့သာ မှတ်နေရ တယ်၊ ဝမ်းဗိုက်ပုံသဏ္ဌာန်ကိုလဲ မတွေ့ရ၊ ကိုယ်ကြီးလဲပျောက်

နေလို့ ရှိမှ ရှိသေးရဲ့လား လို့ လက်နဲ့တောင် စမ်းကြည့်မိသေးသတဲ့။ ပြီးတော့ မြင်တိုင်း တွေ့တိုင်းလဲ တရှုရှုနဲ့ ပျက်နေတာကိုချည်း တွေ့နေတယ်၊ မြေကြီးကို ကြည့်လိုက်ယင်လဲ တရှုရှုနဲ့ ပျက်နေတာကိုသာ တွေ့ရတယ်၊ သစ်ပင်တွေ ကြည့်လိုက်ယင်လဲ တရှုရှုနဲ့ ပျက်နေတာကိုသာ တွေ့ရတယ်။ အဲဒီလို အာကုန်လုံး တရှုရှုနဲ့ ပျက်နေတာချည်း တွေ့နေရတော့ သူ မူလက ထင်မှတ်ထားတာနဲ့ မကိုက်ဘဲ ဖြစ်နေလို့ သူက စဉ်းစားလာတယ်။

ဘယ်လိုလဲ ဆိုတော့- သူက မြေကြီး သစ်ပင် တုံး တိုင် အစရှိတဲ့ ဗဟိဒ္ဓ ဥတုဇရုပ်ကြမ်းတွေကို ဒီလို ခဏမစဲ ပျက်နေတယ်လို့ မထင်ခဲ့ဘူး၊ အင်မတန်ကြာမှသာ ပျက်တယ်၊ တော် တော်ကြာအောင် တည်တံ့နေတဲ့ အရာဝတ္ထုတွေဘဲလို့ သူက ဒီလို ယူဆထားသတဲ့။ ဒီလို အယူအဆရှိနေရာထဲက ဝိပဿနာ ရှုလို့ ဉာဏ်က လျင်မြန်ပြီး မှီလာတဲ့အခါကျတော့ ဖြစ်ပြီး ပျက်၊ ဖြစ်ပြီး ပျက်နဲ့ မပြတ်ဖြစ်ပျက်နေတာကလေးတွေက သူ့မှာ အထူးမရှုရ မဆင်ခြင်ရဘဲနဲ့ အလိုလို ထင်ရှားနေတယ်၊ တရိပ်ရိပ်နဲ့ ပျက်နေတာကလေးတွေကို သူ့အလိုလို လိုက်ပြီး သိနေတယ်။ ဒီလို အလျင်အမြန် ပျက်ပြီး မမြဲတဲ့ သဘောတွေ ထင်လာတော့ သူ့စိတ်ထဲမှာ မူလက ယူဆထားတာနဲ့ ပြောင်းပြန် ဖြစ်နေတာပေါ့။ ဒါနဲ့ သူ့စိတ်ထဲမှာ "လောလောဆယ် ဝိပဿနာရှုနေယင်းထင်တာတွေက မှားနေလေသလား၊ သို့မဟုတ်၊ မျက်စိကဘဲ ဝိုးတိုးဝါးတား ဖြစ်နေလေသလား" လို့ သံသယ ဖြစ်လာတယ်။

ဒါကြောင့် အဲဒီယောဂီက ဘုန်းကြီးကို မေးမြန်း လျှောက်ထားတယ်။ ဒီတော့ ဘုန်းကြီးက ဖြေရှင်းပြီး ပြောပြရတယ်၊ အဲဒီလို တွေ့တိုင်း မြင်တိုင်း တရှုရှု တရိပ်ရိပ်နဲ့ ထင်နေတာဟာ ဒုမှုန်တွေချည်းပါဘဲ၊ အသိဉာဏ်တွေက မြန်လာတဲ့အခါကျတော့ အထူးမရှုရဘဲနဲ့ တွေ့တိုင်း မြင်တိုင်းကို ဖြစ်လိုက် ပျောက်လိုက်၊ ဖြစ်လိုက် ပျောက်လိုက်နဲ့ ဒီလိုဘဲ ပိုင်းခြားပြီး သိလာတာပါဘဲ၊ ဒီလို ထင်တာ သိတာတွေဟာ အကုန်လုံး အမှုန်တွေချည်းပါဘဲလို့ ပြောရတယ်။ အဲဒီပုဂ္ဂိုလ်ဟာ နောက်မကြာခင်ဘဲ ဝိပဿနာဉာဏ်တွေ ပြည့်စုံတဲ့အခြေအနေကို သူတွေ့ပုံအတိုင်း ပြောပြပါတယ်။ ယခုတော့ သူ မရှိရှာပါဘူး၊ ကွယ်လွန်သွားပါပြီ။ "တကယ် အသိမြန်ပြီး ဉာဏ်မှီလာတဲ့အခါမှာ ခဏမစဲ ဖြစ်ပျက်နေတာတွေကို မတွေ့မဆရဘဲနဲ့ ရှုမှတ်နေရုံမျှနဲ့ အလိုလို သိလာနိုင်တယ်" ဆိုတာ ဒီပစ္စုပ္ပန်ဝတ္ထုဖြင့် ထင်ရှားပါတယ်။ ဉာဏ်က တကယ် ထက်သန်လာပြီ ဆိုတော့ မူလက ယူဆထားတဲ့ အထင်မှား အသိမှားတွေကို လွှမ်းမိုးပြီး အမှန်အတိုင်း သိသွားတာဘဲ။

ဉာဏ်က ဒီလိုသာ သိနိုင်တဲ့ အစွမ်းသတ္တိ မရှိဘူး ဆိုယင် အနိစ္စ ဒုက္ခ အနတ္တ အမှုန်တွေကို သိဘို့ရာ ယခု လူတွေမှာ အင်မတန်ဘဲ ခက်နေမှာပေါ့။ ဘာကြောင့်လဲ ဆိုယင်–ပကတိ လူတွေက မြင်တာကိုလဲ "တဆက်တည်း အမြဲ မြင်နေတယ်"လို့ ထင်နေကြတယ်၊ ကြားတာကိုလဲ "တဆက်တည်း အမြဲ ကြားနေတယ်"လို့ ထင်နေကြတယ်၊ သိတာကိုလဲ "အစဉ် ထာဝရသိနေတယ်"လို့ ထင်နေကြတယ်။ မြင်ရ ကြားရ သိရ

တာတွေကိုလဲ "အစဉ်ထာဝရ တကြွံ့တည်း တည်နေတယ်" လို့ ထင်နေကြတယ်။

မြင်တိုင်း ကြားတိုင်း အသစ်ချည်း

အမှန်ကတော့ ဒီလို မဟုတ်ဘူး၊ မြင်တဲ့ာတွေဟာ မြင်ပြီးယင် ပျောက်သွားတာချည်းဘဲ၊ နောက်ထပ် မြင်ယင်လဲ အသစ်ပဲ၊ နောက်ထပ် မြင်တိုင်း မြင်တိုင်း အသစ်ချည်းဘဲ၊ တစက္ကန့်လောက်တောင် တည်ဘဲ့နေတာ မရှိဘူး၊ ချက်ခြင်း ပျောက်သွားတာချည်းဘဲ။ ကြားတာ သိတာတွေလဲ ကြားတိုင်း သိတိုင်း အသစ်အသစ်ချည်းဘဲ။ အဲဒါတွေကို ပကတိစိတ် ပကတိဉာဏ်နဲ့ ဆင်ခြင်လို့တော့ နှစ်နှစ်ခြိုက်ခြိုက် သဘောကျဘို့ ခက်ပါတယ်။

ဒါပေမယ့် ဖြစ်တိုင်း ဖြစ်တိုင်းကို ရှုမှတ်ပြီး သိတဲ့ ဝိပဿနာဉာဏ်ကတော့ သတ္တိကောင်းပါတယ်၊ မူလက ရှိနေတဲ့ အာထင်မှား အသိမှားတွေကို သူ့အလိုလို ခြေဖျက်ပြီးတော့ အမှန်အတိုင်း သိလာပါတယ်။ခုနကပြောခဲ့တဲ့အတိုင်း မြင်တာတွေကို မရှုမှတ်ရဘဲနဲ့လဲ တရိပ်ရိပ်နဲ့ ပျက်နေတာကို သူ့အလိုလို သိလာတတ်တယ်၊ စိုက်ပြီး ရှုမှတ်နေယင်လဲ တမြင်ချင်း ပျက်ပျက်သွားတာကို သိနိုင်တယ်။ မြင်တာထက် ကြားတာက ပိုပြီး သိလွယ်တတ်တယ်၊ ကျီးတွေ ခွေးတွေ မြည်နေယင် ပကတိလူတွေမှာတော့ အသံရှည်ကြီးလို့ ထင်ရတယ်၊ အမှတ်အသိဉာဏ် ရှင်းနေတဲ့ ယောဂီမှာတော့ တပိုင်းစီ တပိုင်းစီ ပြတ်ပြီးတော့ ထင်တယ်၊ တသံနဲ့တသံ, တကြွားနဲ့ တကြွား မရောဘူး၊ အပြတ် အပြတ် အတို အတိုကလေးတွေ ဖြစ်ပြီး ထင်တယ်။ သူတပါး စကားပြောတာတွေ သီချင်းသံတွေကို စူးစိုက်ပြီး

မှက်နေယင်၊ အဲဒီအသံတွေဟာ အပြတ် အပြတ်တွေ ဖြစ်ပြီးတော့ ထင်တယ်၊ ဒါကြောင့် ဘာမှ အနက်အဓိပ္ပါယ် မရဘူး၊ သာယာစရာလဲ မထင်ဘူး၊ မုန်းစရာလဲ မထင်ဘူး၊ ကြားလိုက် ပျောက်လိုက်၊ ကြားလိုက် ပျောက်လိုက်နဲ့ ပျောက်ပျောက် သွားတဲ့သဘောချည်း ထင်နေတယ်။ ဒါကြောင့် မမြဲတဲ့ သဘောဘဲလို့ သူ့ဟာ သူ ရှင်းပြီး သိသိသွားပါတယ်။

ဒုက္ခထင်ပုံ

"မမြဲတာတွေချည်းဘဲ" လို့ ရှင်းပြီးသိမှတော့ ဖြစ်လိုက် ပျက်လိုက်နဲ့ မပြတ်နှိပ်စက်နေတယ်၊ နှစ်သက် သာယာဘွယ် မရှိဘူး၊ အားကိုးစရာ မရှိဘူး၊ ဘယ်အချိန်မဆို သေနိုင်ပျက် နိုင်လို့ ကြောက်စရာဘဲ၊ ဆင်းရဲတွေဘဲလို့လဲ သိမြင်သဘောကျ သွားပါတယ်။

"ဘယဒွန် ဒုက္ခံ"။ ဘယဒွန်၊ ကြောက်စရာကောင်းသော အနက်သဘောကြောင့်။ ဒုက္ခံ၊ ဆင်းရဲဘဲ တဲ့။ ခဏမစဲ ဖြစ်ပျက်နေလို့ ကြောက်စရာကောင်းပါတယ် တဲ့။

"ဒီကိုယ်ကြီးဟာ တော်တော်နဲ့ မသေနိုင် မပျက်နိုင်ဘူး၊ အကြာကြီး အသက်ရှင်ပြီး တည်နေတဲ့ အခိုင်အမာကြီးဘဲ" လို့ အယင်က ထင်ခဲ့တယ်၊ ဒါကြောင့် ဒီကိုယ်ကြီးကို အားကိုးစရာကြီးအနေနဲ့ ထင်ခဲ့တယ်။ ယခု ဝိပဿနာ ရှုယင်း ရှုယင်းတွေ့ရတာကတော့ ခဏမစဲ ဖြစ်ပျက်နေတာတွေချည်း ဖြစ်နေတယ်၊ ဒီတော့ "ပျက်ပျက်သွားတဲ့ ရုပ်နာမ်တွေအတွက် အသစ် အသစ် ထပ်ပြီး မဖြစ်လာယင် ဘယ်အချိန်မဆို သေနိုင်တယ်" ဆိုတာကို တွေ့ရတယ်၊ ဒါကြောင့် ဘယ်အချိန်မဆို သေနိုင်တဲ့

ဒီရုပ်နာမ်တွေကို ငါကောင်ကြီး အထည်ကိုယ်ကြီး လုပ်ပြီး အားကိုးနေရတာဟာ ဆွေးမြည့်နေတဲ့ တိုက်အို ကြီးထဲ ဝင်နေရတာလိုဘဲ သိပ်ကြောက်စရာကောင်းတာပေါ့။

ဒါကြောင့် ဘယဌေန၊ ကြောက်စရာဏောင်းသော အနက် သဘောကြောင့်။ ဒုက္ခ၊ ဆင်းရဲဘဲလို့ ဒီလို အသိဉာဏ်တွေလဲ ဖြစ်ပေါ်လာပါတယ် တဲ့။ "ခဏမစဲ ဖြစ်ပျက်နေတဲ့ တရားတွေဟာ ဘာမှ နှစ်သက်စရာ သာယာစရာ အားကိုးစရာ မရှိဘူး၊ မကောင်းတဲ့တရားတွေ ဆင်းရဲတွေချည်းဘဲ" လို့ ဒီလို ထင်မြင်သဘောပေါက်လာတယ်လို့ ဆိုလိုပါတယ်။

အနတ္တ ထင်ပုံ

ပြီးတော့ ကိုယ့်အလိုအတိုင်း မဖြစ်ဘဲ သူ့သဘောအတိုင်း သူ ဖြစ်နေတာတွေကိုသာ တွေ့ရတယ်၊ အယင်တုန်းကတော့ ကိုယ်သွားချင်ယင် သွား၊ ကိုယ် ထိုင်ချင်ယင် ထိုင်၊ ကိုယ် ထချင်ယင်ထ၊ ကိုယ် မြင်ချင်ယင် မြင်၊ ကိုယ် ကြားချင်ယင် ကြား၊ ကိုယ် လုပ်ချင်ရာ လုပ်လို့ ကိုယ့်သဘောအတိုင်း ဖြစ်နေတယ်လို့ ထင်နေတယ်။ ယခု ရှုနေယင်း တွေ့ရတာက ဒီလိုမှ မဟုတ်ဘဲ၊ ရုပ်နှင့်နာမ် သူတို့နှစ်ခုဟာ အတဲ့လိုက် အတဲ့လိုက် သူ့ဟာ သူ ဖြစ်နေတာကိုလဲ တွေ့ရတယ်။ ပြီးတော့ ကွေးချင်တဲ့စိတ်ရှိမှ ကွေးရုပ် ဖြစ်လာတယ်၊ ဆန့်ချင်တဲ့စိတ်ရှိမှ ဆန့်ရုပ် ဖြစ်လာတယ်၊ ဒီလို သူ့အကြောင်းရှိမှ သူ ဖြစ်လာတာကိုလဲ တွေ့ရတယ်။ ပြီးတော့ မြင်စရာရှိမှ မြင်တယ်၊ မြင်စရာရှိယင်တော့ မမြင်ချင်လို့ကို မရဘူး၊ မြင်သွားတော့တာဘဲ၊ ကြားစရာရှိမှ ကြားတယ်၊ ဝမ်းသာစရာရှိယင် ဝမ်းသာ

တယ်၊ စိတ်ပူစရာရှိယင် စိတ်ပူတယ်၊ အဲဒါတွေလဲ သူတို့ဆိုင်ရာ အကြောင်းက ရှိနေယင် ဖြစ်သွားကြတော့တာဘဲ၊ မဖြစ်အောင် ဘာမျှ မတတ်နိုင်ဘူး၊ အဲဒါတွေကိုလဲ တွေ့ရတယ်။ ဒါကြောင့် "သူ့အကြောင်းနှင့် သူ ဖြစ်ပျက်နေတဲ့ သဘောတရားကလေး တွေ့ဘဲ၊ ကိုယ့်အလိုအတိုင်း ဖြစ်တာရယ်လို့ ဘာမျှ မရှိဘူး၊ ကိုယ့်အလိုအတိုင်း ဖြစ်ပြီး အစဉ်ထာဝရ အသက်ရှင်နေတဲ့ အသက်ကောင် အတ္တကောင် ငါကောင် ဆိုတာ ဘာမျှ မရှိဘူး၊ သူ့အခိုက်အတန့်နဲ့ သူ ဖြစ်ပျက်နေတဲ့ သဘောတရား ချည်းဘဲ" ဆိုတာကို ရှုယင်း ရှုယင်း အလိုလို သဘောကျလာတယ်။ ဒါကြောင့်....

"မမြဲ ဆင်းရဲ၊ သဘောဘဲ၊ ဉာဏ်ထဲ ရှင်းတော့သည်" လို့ ဆိုထားတာ။

ဒီလို အသိရှင်းအောင်လို့ဘဲ ရှုရတာ၊ ဝိပဿနာ ရှုရာမှာ ဒါတွေက လိုရင်းဘဲ၊ ဟုတ်လား။ ဒီပြင် ပိတိ ပဿဒ္ဓိတွေ အာရောင်အလင်းတွေ ဒီလို ဝမ်းသာစရာတွေကိုလဲ သူ့နေရာနဲ့သူ တော့ တွေ့သွားရမှာပါဘဲ။ ဒါပေမယ့် အဲဒါတွေကတော့ လိုရင်းမဟုတ်ပါဘူး။ ရှုတိုင်း ရှုတိုင်း ဖြစ်လိုက် ပျက်လိုက်နဲ့ မမြဲဘူးဆိုတာကို သိဘို့ရယ်၊ ဖြစ်ခြင်း ပျက်ခြင်းက မပြတ်နိုပ်စက်နေလို့ ဆင်းရဲချည်းဘဲ ဆိုတာကို သိဘို့ရယ်၊ သူ့သဘောအတိုင်း သူ ဖြစ်ပျက်နေလို့ အနတ္တဘဲ ဆိုတာကို သိဘို့ရယ် ဒါတွေက လိုရင်းတွေဘဲ။ အဲဒီ လိုရင်းဖြစ်တဲ့ အနိစ္စ ဒုက္ခ အနတ္တ အသိ ဉာဏ်တွေဟာ ရှုနေရုံနဲ့ဘဲ ရှင်းသွားတယ်လို့ ဆိုလိုပါတယ်။

ဖြစ်တိုင်း မှတ်ရှု၊ ရှုပ်နာမ်စု၊ စဲ့မှု ကင်းပျောက်သည်။
မမြဲ ဆင်းရဲ၊ သဘောဘဲ၊ ဉာဏ်ထဲ ရှင်းတော့သည် တဲ့။

ဉာဏ်ထဲ ကိုယ့်ဟာ ကိုယ်ဘဲ ရှင်းသွားရမှာနော်၊ သူမျှား ပြောလို့ဟောလို့ သဘောကျရတာ ယုံကြည်တာကို ပြောတာ မဟုတ်ဘူး။ ယခု အာဒုတ်ခါစ ပုဂ္ဂိုလ်တွေက ကိုယ့်မှာ ဒီလို မရှင်းသေးလို့ရှိယင် "ငါဟာ ဒီဉာဏ်အဆင့်ကို မရောက် သေးလို့ဘဲ" လို့သာ အောက်မေ့ပေတော့၊ ရှင်းအောင်လဲ အာဒုတ်ပေါ့၊ သူမျှား ရှင်းယင် ကိုယ်လဲ ရှင်းရမှာပေါ့၊ အာဒုယ်စရာ မရှိပါဘူး။ တကယ် အာဒုတ်လို့က်ယင် မကြာပါဘူး၊ ရှုနေယင်းဘဲ "ခဏမစဲ ဖြစ်ပျက်နေလို့ မမြဲဘူး၊ ဆင်းရဲဘဲ၊ သဘောတရားမျှဘဲ" လို့ ဒီလို ရှင်းလာပါလိမ့်မယ်။ ဒီလို မမြဲဘူး၊ ဆင်းရဲဘဲ၊ သဘောတရားမျှဘဲ" လို့ အသိဉာဏ်ရှင်းသွားတော့ ရှမှတ်မိသမျှအာရုံတွေကို မြဲတယ်လို့လဲ မစဲလမ်းတော့ဘူး၊ ချမ်းသာတယ်၊ တင့်တယ် လှပတယ် ကောင်းတယ်လို့လဲ မစဲလမ်းတော့ဘူး၊ အဟွာကောင် အသက်ကောင် ငါကောင်ဘဲလို့လဲ မစဲလမ်းတော့ဘူး၊ အစဲအလမ်းတွေ အကုန်ကင်းသွားတယ်။ ဒီလို အစဲအလမ်း ကင်းသွားတော့ ဘာ ဖြစ်သလဲ ဆိုယင်၊ အရိယမဂ်ဖြင့် ကိလေသာငြိမ်းပြီး နိဗ္ဗာန်ကို ဆိုက်ရောက်သွားတယ်။ ဒါကြောင့်....

အနုပါဒိယံ၊ မစဲလမ်းလျှင်။ နပရိတဿတိ၊ မဆာလောင်မတောင့်တ။ အပရိတဿံ၊ မဆာလောင်မတောင့်တလျှင်။ ပစ္စတ္တညေဝ ပရိနိဗ္ဗာယတိ၊ အလိုလိုပင် ကိလေသာငြိမ်းသဖြင့် အေးငြိမ်းလေတော့၏ လို့- (မ ၁-၃၁၈) မြတ်စွာဘုရားက ဟောကြားထားပါတယ်။ ဒါကြောင့်....

စဲမှု ကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည် လို့- ဆောင်ပုဒ်က ဆိုထားတယ်။ ရှုတိုင်း ရှုတိုင်း ရှုမိတဲ့

အာရုံမှာ အနုသယ မကိန်းဘူး၊ ဒါကြောင့် စွဲလမ်းမှု ကင်းတယ်၊ မြင်ရာမှာလဲ စွဲလမ်းမှု မရှိဘူး၊ ကြားရာမှာလဲ စွဲလမ်းမှု မရှိဘူး၊ နံရာ စားရာ တွေ့ထိရာ ကြုံသိရာတွေမှာလဲ စွဲလမ်းမှု မရှိဘူး၊ သူ့အခိုက်အတန့်နှင့် သူ ဖြစ်ပေါ်ပြီး ပျောက်ပျောက် သွားလို့မမြဲဘူးလို့သာ ထင်တယ်၊ မြဲတယ်လို့ စွဲလမ်းစရာ မရှိဘူး။ ဖြစ်လိုက်ပျက်လိုက်နဲ့ ဖြစ်မှု ပျက်မှုက မပြတ်နိုပ်စက်နေလို့ ဆင်းရဲချည်းဘဲလို့သာ ထင်တယ်၊ ချမ်းသာတယ် ကောင်းတယ် လှပတယ် တင့်တယ်တယ်လို့ စွဲလမ်းစရာ မရှိဘူး။ "သူ့သဘော အတိုင်း သူ ဖြစ်ပျက်နေတဲ့ သဘောတရားချည်းဘဲ" လို့သာ ထင်တယ်၊ တသက်လုံး တဘဝလုံး အသက်ရှင်ပြီး တည်နေတဲ့ အတ္တကောင် အသက်ကောင် ငါကောင်ဘဲလို့ စွဲလမ်းစရာ မရှိဘူး၊ ဒီလို အသိညာဏ်ထဲမှာ ရှင်းသွားတယ်။ ဒီလို အသိညာဏ် ရှင်းတော့ စွဲလမ်းမှုတွေလဲ ကင်းသွားတယ်၊ စွဲလမ်းမှုကင်းတော့ အရိယာမဂ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတာပေါ့။ အဲဒါကို ပဋိစ္စသမုပ္ပါဒ်ဒေသနာ, ခန္ဓဒေသနာတွေနဲ့ အကျယ်ရှင်းပြဦးမယ်။

မဂ်လမ်းပေါက်ပုံ

တဿ နဒ္ဒီနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ဇာတိနိရောဓာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။
(မ ၁-၃၇၇၊ သံ ၂-၁၃)

တဿ၊ မနှစ်သက်သော ထိုပုဂ္ဂိုလ်အား။ နဒ္ဒိနိုရောဓော၊ နှစ်သက်မှု ချုပ်ခြင်းကြောင့်။ ဥပါဒါန နိုရောဓော၊ စွဲလမ်းမှု ဥပါဒါန်၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဥပါဒါနနိုရောဓော၊ စွဲလမ်းမှု ဥပါဒါန် ချုပ်ခြင်းကြောင့်၊ စွဲလမ်းမှု ဥပါဒါန် ချုပ်သွားလျှင်။ ဘဝနိုရောဓော၊ ကမ္မဘဝ ဖြစ်ကြောင်းကံ ချုပ်ပါတယ်၊ တဖန် ဘဝသစ် ဖြစ်ဘို့ ကံ မဖြစ်တော့ပါဘူးဘဲ့။ ဘဝနိုရောဓော၊ ကမ္မဘာဝဖြစ်ကြောင်းကံချုပ်ခြင်းကြောင့်၊ တဖန် ဘဝသစ် ဖြစ်ဘို့ ကံ မရှိလျှင်။ ဇာတိနိုရောဓော၊ ဘဝသစ်ဖြစ်ခြင်း ချုပ်ပါတယ်၊ တဖန် ဘဝသစ် မဖြစ်တော့ပါဘူးတဲ့။ ဇာတိနိုရောဓော၊ ဘဝသစ်ဖြစ်မှု ချုပ်ခြင်းကြောင့်၊ တဖန်ဘဝသစ် မဖြစ်ရလျှင်။ ဇရာမရဏံ၊ အိုရခြင်း သေရခြင်းသည်ဌင်း။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ စိုးရိမ်ပူဆွေးရခြင်း ငိုကြွေးရခြင်း ကိုယ်ဆင်းရဲခြင်း စိတ်နှလုံး မသာခြင်း ပြင်းစွာစိတ်ပူပန်ခြင်းတို့သည်ဌင်း။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်ပါတယ် ကင်းကုန်ပါတယ် တဲ့။ ဧဝံ၊ ဤပြဆိုခဲ့သော နည်းဖြင့်။ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ၊ ဆင်းရဲအစုအပုံ သက်သက် ချုပ်သွားပါတယ် တဲ့။

ဒုါရ ၆-ပါးက ထင်ရှားတဲ့ ရုပ်နာမ်အာရုံတွေကို ရှုပြီး အနိစ္စ ဒုက္ခ အနတ္တ သဘောမှန်ကို သိတဲ့ပုဂ္ဂိုလ်မှာ အဲဒီအာရုံတွေကို နှစ်သက်ခြင်း စွဲလမ်းခြင်းမရှိတော့ဘူး၊ မစွဲလမ်းတဲ့အတွက် ကောင်းစားချမ်းသာအောင် အားမထုတ်ဘူး၊ အားမထုတ်တော့ ကမ္မဘဝခေါ်တဲ့ ကံ မဖြစ်ဘူး၊ ကံ မဖြစ်လျှင် ဘဝ

သစ် မဖြစ်ရဘူး၊ ဘဝသစ်မဖြစ်တော့ အိုရခြင်း သေရခြင်း စိုးရိမ် ပူဆွေးရခြင်း အစရှိတဲ့ ဆင်းရဲတွေ အကုန်လုံး ဖြစ်ခွင့်မရှိဘဲ ကင်းငြိမ်းကုန်တယ်။ အဲဒါက ဝိပဿနာမဂ်ဖြင့် မှတ်တိုင်း မှတ် တိုင်း ဆင်းရဲငြိမ်းတဲ့ တဒင်္ဂနိဗ္ဗာန်ကို ဆိုက်ရောက်နေပုံဘဲ။ အာရိ ယာမဂ်နဲ့ ဆိုက်ရောက်ပုံကိုတော့ တော်တော်ကြာမှ စုပေါင်းပြီး ပြောရမယ်။ ဒါကြောင့်-

"စဲ့မှ ကင်းပျောက်၊ မင်္ဂလာပေါက်၊ ဆိုက်ရောက် နိဗ္ဗာန် ပြည်"လို့-

ဆိုထားတာ။ ပြီးတော့ "အနိစ္စ ဒုက္ခ အနတ္တာ သဘောမှန်ကို သိပြီးတော့ နိစ္စ သုခ အတ္တ အစဲ့အလမ်း ကင်းသွားယင် အရိယမဂ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်" ဆိုတာဟာ ခုနက ထုတ်ပြခဲ့တဲ့သီလဝန္တသုတ်အရအားဖြင့်လဲ ထင်ရှားပါ တယ်။

အဲဒီ သီလဝန္တသုတ်မှာ "သီလပြည့်စုံတဲ့ရဟန်းက ဥပါဒါ နက္ခန္ဓာငါးပါးကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ရှုယင် သော တာပတ္တိဖိုလ် ရောက်ပြီး သောတာပန် ဖြစ်နိုင်တယ်၊ သောတာ ပန်က ရှုယင် သကဒါဂါမ် ဖြစ်နိုင်တယ်၊ သကဒါဂါမ်က ရှုယင် အနာဂါမ် ဖြစ်နိုင်တယ်၊ အနာဂါမ်က ရှုယင် ရဟန္တာ ဖြစ်နိုင် တယ်" လို့ အရှင်သာရိပုတြာက ဟောကြားထားပုံကို ခုနက ကြားပြီးကြပြီ မဟုတ်လား။ အဲဒီမှာ သောတာပတ္တိဖိုလ် သက ဒါဂါမ်ဖိုလ် အနာဂါမိဖိုလ် အရဟတ္တာဖိုလ် ဆိုတဲ့ ဒီအာရိယဓိလ် ၄-ပါးကို မျက်မှောက်ပြုတယ် ဆိုတာဟာ အာရိယမဂ် ၄-ပါး ဖြင့် နိဗ္ဗာန်ကို ဆိုက်ရောက်ပြီးတော့ မျက်မှောက်ပြုသွားတာ ဘဲ။ ဒါကြောင့်-

"စဲ့မှု ကင်းပျောက်၊ မင်္ဂလာ ပေါက်၊ ဆိုက်ရောက် နိဗ္ဗာန် ပြည်" လို-

ဆိုထား တယ်။ အဲဒီ အာရိယာ မဂ်လမ်း ပေါက်ဘို့ရာ ဟာ ဝိပဿနာမဂ်လမ်းက စပြီး ပေါက်ရတယ်၊ ဝိပဿနာ မဂ်လမ်း ဆိုတာလဲ ရုပ်နာမ်တို့၏ ပင်ကိုရင်းသဘောမှန်ကို ပိုင်းခြားပြီး သိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်က စပြီး ပေါက်ရ တယ်။ အဲဒီကနောက် အကြောင်းနှင့် အကျိုးကို သိမ်းဆည်း ပြီး သိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ် စခန်းကို ရောက်လာတယ်။အဲဒီ-ကနောက် ဆက်ပြီး ရှုပြန်တော့ ရှုတိုင်း ရှုတိုင်း ဖြစ်ပေါ် လာပြီး ပျောက်ပျောက်သွားတာတွေ့ကို တွေ့ရတဲ့အတွက် ရှယင်း ရှယင်းဘဲ "မမြဲဘူး၊ ဆင်းရဲဘဲ၊ အနတ္တသဘော တရားဘဲ" လို သုံးသပ် ဆင်ခြင်တဲ့ သမ္မသနဉာဏ် စခန်းကို ရောက်လာတယ်။အဲဒီ စခန်းမှာတော့ ဆင်ခြင်လို့ကလဲ ကောင်း ကောင်းနဲ့ ဗဟုသုတအတော်အတန်ရှိတဲ့ အချို့ပုဂ္ဂိုလ်တွေက နည်းအမျိုးမျိုးနဲ့ သုံးသပ် ဆင်ခြင် ကြည့်နေတတ်တယ်၊ ဒါကြောင့် ဒီစခန်းမှာ အချိန် ကြာနေတတ်တယ်။ မသုံးသပ် မဆင်ခြင်ဘဲ ရှုမှတ်ရုံကလေး ရှုမှတ်သွားယင်တော့ အသိ ကလေးတွေက ပေါ့ပေါ့ပါးပါး လျင်လျင်မြန်မြန် ဖြစ်လာ တယ်၊ မှတ်ရတဲ့ အာရုံကိုလဲ အစအဆုံးနဲ့ အဖြစ် အပျက်နဲ့ ပိုင်းခြားသိတဲ့ ဥဒယဗ္ဗယဉာဏ် စခန်းကို ရောက်လာတယ်။

တရားအရသာတွေ

ဒီစခန်းမှာတော့ ရှုမှတ်ရတာကလဲ လွယ်တယ်၊ အာရောင် အလင်းတို့ ပီတိ ပဿဒ္ဓိတို့ ဒီလို အထူးတွေ့ကလဲ ဖြစ်ပေါ်

လာတယ်၊ ဘယ်တော့ကမှ မဖြစ်ဘူး မတွေ့ဘူးတာတွေ့ ဝမ်းသာစရာတွေ့ ဖြစ်ပေါ်လာတာပါဘဲ။ ဒီတော့ ယောဂီမှာ ဝမ်းသာတက်ကြွပြီး တရားအရသာတွေ့ သိပ်ပေါ်နေတာပေါ့။ ပဌမ အားထုတ်ခါစကတော့ စိတ် မပြေး မသွားအောင်ကို အင်မတန် ကြောင့်ကြစိုက်ရတယ်၊ ဒါပေမယ့် စိတ်က ဟိုပြေး လိုက် ဒီပြေးလိုက်နဲ့ မမှတ်နိုင်တာတွေ့ကဘဲ များနေတတ်တယ်၊ အချိုး မကျတာတွေ့ကဘဲ များနေတတ်တယ်။ တချို့ပုဂ္ဂိုလ်မှာ တော်တော်ဘဲ ပင်ပင်ပန်းပန်း အားထုတ်ရပါတယ်၊ မလွယ်လှပါဘူး။ ဒါပေမယ့် ဆရာသမားတွေ့ကို ယုံကြည်တဲ့ သဒ္ဓါတရားနှင့် မိမိ၏ သမ္မာဆန္ဒကလဲ ကောင်းကောင်းနှင့် နောက်မဆုတ်ပဲ "မဖြစ် ဖြစ်အောင် အားထုတ်မယ်" ဆိုတဲ့ ဇွဲနှင့် အားထုတ်လာတဲ့ ပုဂ္ဂိုလ်တွေ့ကတော့ အဒ ခဏတယ် ဆိုတဲ့ အောက်ခြေစခန်းတွေ့ကို ကျော်လွန်လာတာပါဘဲ။

အဲဒီလို ကျော်လွန်လာတော့ ဒီ ဥဒယဗ္ဗယဉာဏ် စခန်းကို ရောက်လာတယ်၊ဒီ ဉာဏ်စခန်းကတော့ တယ် နေရာကျတယ်၊ ရှုမှတ်ရတာလဲ တယ် သက်သာလွယ်ကူတယ်၊ မှတ်လို့က ကောင်းတဲ့ပြင် အရောင်အလင်းတွေ့ကလဲပေါ်လာတတ်တယ်၊ ပီတိတွေ့ကလဲ ကိုယ်ထဲမှာ ဖြိုးဖြိုးဖျဉ်းဖျဉ်းနဲ့ တစမ့်စိမ့် တညိမ့်ညိမ့်နဲ့ ဖြစ်နေတယ်၊ ကိုယ်ရော စိတ်ရော ပေါ့ပါးပြီး နေလို့ထိုင်လို့ကလဲ သိပ် ကောင်းနေတယ်။ မှတ်စရာအာရုံကလဲ အမှတ်သတိပေါ်မှာ သူ့ဟာ သူ လာပြီး ကျကျနေသလို ထင်ပေါ်နေတယ်။ အမှတ်သတိကလဲ မှတ်စရာအာရုံပေါ်မှာ သူ့အလိုလို ကျနေသလိုဘဲ မှတ်လျက် မှတ်လျက် ဖြစ်နေတယ်။ ဒီအခါမှာ မမှတ်နိုင်တာ မေ့သွားတာရယ်လို့လဲ မရှိ

ဘူး။ အသိကလဲ မှတ်တိုင်း မှတ်တိုင်း ရှင်းနေတယ်၊ နှလုံးသွင်း ဆင်ခြင်လိုက်ယင်လဲ လွယ်လွယ်ကလေးနဲ့ ရှင်းရှင်းလင်းလင်း သိသိသွားတယ်၊ ရှေးက ကြားနာမှတ်သားဘူးတဲ့ အတိုင်း ရုပ် နာမ် အနိစ္စ ဒုက္ခ အနတ္တ ဆိုတာတွေကို လျှောက်ပြီး ဆင်ခြင်လိုက်ယင် အကုန်လုံး ရှင်းပြီးတော့ သဘောကျကျသွားတတ်တယ်။ ဒါကြောင့် တရားဟောချင်တဲ့စိတ်တွေလဲ ဖြစ်ပေါ်လာတတ်တယ်၊ သူ ဟောလိုက်ရယင် သိပ် ကောင်းမယ်လို့လဲ ထင်နေတတ်တယ်။ ဒါပေမယ့် မူလကတည်းက ဗဟုသုတမရှိတဲ့သူ ဆိုယင် တကယ်တော့လဲ သူ မဟောတတ်ပါဘူး၊ ဗဟုသုတ မရှိဘဲနဲ့ ဟောယင် အချိုးလဲ မကျတတ်ပါဘူး၊ သို့ပေမယ့် သူ့စိတ်ထဲမှာတော့ စဉ်းစားတိုင်း စဉ်းစားတိုင်း သိပ်ပြီးရှင်းနေတယ်။ ဒါကြောင့်အင်မတန် ဟောချင်ပြောချင်နဲ့ စိတ် တက်ကြွနေတယ်။ ဝမ်းသာတက်ကြွပြီး စကားတွေလဲ တော်တော်များများ ပြောနေတတ်တယ်။ အဲဒါဟာ ယောဂီပုဂ္ဂိုလ်တွေ့ ဖြတ်ရတဲ့ အမြဲက်နိဗ္ဗာန် တဲ့၊ အရိယာတွေ့ တွေ့ရတဲ့ နိဗ္ဗာန်အစစ်တော့ မဟုတ်သေးဘူး၊ နိဗ္ဗာန်အတုလို့ ဆိုရမှာပေါ့။

"အမတံ တံ ဝိဇာနတံ" တဲ့ ။တံ၊ ထိုပီတိပါမုဇ္ဇသည်။ဝိဇာနတံ၊ ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်အပျက်ကို သိမြင်သောယောဂီပုဂ္ဂိုလ်တို့၏။ အမတံ၊ အမြိုက်နိဗ္ဗာန်ကြီးပါပေတည်း တဲ့။

ဥဒယဗ္ဗယဉာဏ် ရောက်တဲ့ ယောဂီပုဂ္ဂိုလ်မျှား တွေ့ရတဲ့ အမြိုက်နိဗ္ဗာန်ဘဲ တဲ့။ ဟုတ်တယ်၊ ဒီ ပီတိ ပါမုဇ္ဇ အတွေ့တွေက "အမြိုက်နိဗ္ဗာန်"လို့ ခေါ်စရာ ကောင်းပါပေ

တယ်၊တယ် သက်သာတာဘဲ၊ အားထုတ်စက ပင်ပန်းလာခဲ့တာ တွေ့ဟာ ဒီနေရာ ကျတော့ အပန်းပြေပြီး သက်သာသွားတယ်။ တရား အားထုတ်ရတာက တောင်ပေါ် တက်ရတာနဲ့ တူတယ်၊ တောင်ပေါ်တက်တဲ့ လူဟာ တောင်ခြေက စပြီး မောကြီး ပန်းကြီးနဲ့ တက်လာခဲ့ရတယ်၊ တောင်ပေါ်က ဆင်းလာတဲ့ လူတွေကို မေးကြည့်ယင် ရောက်လုပါပြီလို့ချည်း အားပေး သွားကြတယ်၊ ဒါနဲ့ "ရောက်တော့မယ် ရောက်တော့မယ်"လို့ အားပေးပြီး ပင်ပင်ပန်းပန်းဘဲ တက်သွားရတယ်၊ ဒီလို တက်သွားယင်း လမ်းခုလတ်မှာ ဇရပ်ကလေး ထိုင်ခုံကလေး သစ်ပင်ရိပ်ကလေးမျှားနဲ့ နားစရာ စခန်းကို ရောက်သွား တယ်။ အဲဒီစခန်းကျတော့ အေးမြတဲ့အရိပ်မှာ လေညှင်း ကလေးခံပြီး နားနေရတဲ့အခါမှာ အစက မောပန်းလာခဲ့ တာတွေဟာ တခါတည်း ပြေငြိမ်းသွားတယ်၊ အရိပ်ထဲမှာ နေရလို့လဲ ချမ်းသာတယ်၊ လေအေးကလေးက တိုက်နေလို့လဲ အပူအအိုက် ပြေသွားတယ်၊ စိမ်းလန်းစိုပြေတဲ့ သစ်ပင် တော တောင်တွေ ကြည့်ရှုရလို့လဲ မျက်စိမှာ အေးချမ်းသွားတယ်။ ဒါကြောင့် တောင်ထိပ်အရောက် တက်ဘို့ရာ အင်အားတွေ ပြန် ပြည့်သွားတယ်။

ဝိပဿနာအလုပ် အားထုတ်ရတာကလဲ အဲဒါလိုပါဘဲ၊ ပဌမ အားထုတ်ခါစမှာ တော်တော်ပင်ပင်ပန်းပန်းနဲ့ အား ထုတ်ခဲ့ရပါတယ်၊ ကမ္မဋ္ဌာန်းဆရာတွေကရော ယောဂီဟောင်း တွေကရော အားပေးတာနဲ့ "ရောက်တော့မယ် ရောက်တော့ မယ်"လို့ အားတက်ပြီး ပြင်းပြင်းထန်ထန်ဘဲ အားထုတ် လာခဲ့ရပါတယ်။ အဲဒီလို အားထုတ်လာလို့ ဒီ ဥဒယဗ္ဗယဉာဏ်

ရောက်တဲ့အခါကျတော့ အရောင်အလင်းတွေ ပီတိ ပဿဒ္ဓိတွေ သုခ သဒ္ဓါတွေ အစရှိတဲ့ တရားအရသာထူးတွေကို တွေ့ရမှာ ဘဲ အယင်က ပင်ပန်းခဲ့တာတွေ ပြေငြိမ်းသွားတယ်။ ဒီတော့ မှာဘဲ နေသာထိုင်သာရှိပြီး စိတ်လဲ ပျော်ရွှင်လာတယ်၊ ရှေ့ကို ဆက်ပြီးအားထုတ်ဘို့ထုလဲ စိတ်အားတွေ ပြန် ပြည့်လာတယ်၊ ဒီ စခန်းကလေးက တော်တော်ကို နေထုကျပါတယ်၊ ဒီ စခန်း သာ မရှိဘဲ တဆက်တည်း ပင်ပင်ပန်းပန်းချည်း အားထုတ် သွားရမယ် ဆိုယင်တော့ လမ်းဆုံးထောက်အောင် အားထုတ် သွားဘို့ အင်မတန်ဘဲ ခဲယဉ်းပါလိမ့်မယ်၊ ဒီစခန်းကလေး ကြောင့်သာ ရှေ့ကို လှယ်လှယ်ကူကူနဲ့ အားထုတ်ပြီး နိဗ္ဗာန် အစစ်ကို ထောက်သွားနိုင်ကြတာဘဲ။ ဒါကြောင့် ဒီ ဝမ်းသာစရာ အတွေ့ထူးတွေကို အမြိုက်နိဗ္ဗာန်လို့ ခေါ်သင့်ပါပေတယ်။

ဒီလို တရားအရသာတွေကို မတွေ့ရသေးတဲ့ ယောဂီမှာ တော့ အားတက်စရာ မရှိလှသေးဘူးပေါ့၊ တချို့မှာ အား ထုတ်တဲ့ရက်ကလဲ တော်တော် ကြာလာပြီ၊ ဒီလို တရားအရသာ ထူးကလဲ မတွေ့ရသေးဘူး ဆိုယင် စိတ်အားတွေ လျော့ကျ သွားတတ်တယ်။ တချို့များ ကမ္မဋ္ဌာန်းက ထွက်သည်တိုင် အောင် ဘာမျှ တရားအရသာကို မတွေ့ရတာနဲ့ တရားအား ထုတ်ရတာကို ဘာမှ မကောင်းဘူးလို့လဲ ထင်သွားတတ်တယ်၊ သဒ္ဓါတရားတွေ ပျက်ပြီး ကမ္မဋ္ဌာန်းကိုလဲ ကြောက်သွားတတ် တယ်။ အဲဒါဟာ ဒီ ယောဂိနိဗ္ဗာန်ကို တွေ့မသွားရှာလို့ပါဘဲ။

ဒါကြောင့် ဘုန်းကြီးတို့ ကမ္မဋ္ဌာန်းဆရာတွေက ကမ္မဋ္ဌာန်း ကျောင်း ရောက်လာတဲ့ ယောဂီပုဂ္ဂိုလ်ကို အောက်ထစ်ဆုံးအား ဖြင့် ဒီ တရားအရသာထူးကလေးလောက်တော့ တွေ့သွားပါ

စေလို့ မျှော်လင့်ပြီး အားပေးနေကြရတာဘဲ၊ ဒါကလေးကို မြန်မြန်တွေ့အောင်လို့လဲ တိုက်တွန်းနေကြရတယ်။ တိုက်တွန်းတဲ့အတိုင်း ဒီနေ့ဆုကို မကြာခင်ဘဲ ရောက်တတ်ကြပါတယ်၊ ဒီနေ့ရောက်လာတော့ ကမ္မဋ္ဌာန်းဆရာတွေမှာ တော်တော်သက်သာသွားပြီ၊ သိပ် အားမပေးရတော့ဘူး၊ တရားလမ်းဆုံးအထိ အားထုတ်သွားဘို့ရာ ယောဂီမှာ သဒ္ဓါဆန္ဒတွေ့ တိုးတက်ပြီးတော့ စိတ်အားတွေ ပြည့်သွားပြီ။ဒါကြောင့် ဒီတရားအရသာထူးတွေကို ယောဂီရဲ့အမြိုက်နိဗ္ဗာန်လို့ ဟောတော်မူတာ တဲ့။ ဒါဟာ နိဗ္ဗာန်အစစ် မဟုတ်သေးပေမယ့်လို့ နိဗ္ဗာန်အစစ်ကို ရဘို့ရာ အကြောင်း အထောက်အပံ့ ဖြစ်ပါတယ်လို့ အဋ္ဌကထာမှာလဲ ပြဆိုထားပါတယ်။

ပြီးတော့ ဒီတရားအရသာထူးကို "အမာနုသိရတိ–လူတို့၏ ပျော်မွေ့မှုဟူသမျှထက် လွန်ကဲသော ပျော်မွေ့မှု"လို့လဲ ချီးမွမ်းထားပါတယ်။ လူ့လောကမှာ ပျော်မှုတွေ အမျိုးမျိုး ရှိပါတယ်၊ ပညာနဲ့ ပျော်ရတာတွေ၊ စီးပွါးဥစ္စာနဲ့ ပျော်ရတာတွေ၊ အိမ်ထောင်ရေးနဲ့ ပျော်ရတာတွေ၊ သားရေး သမီးရေးနဲ့ ပျော်ရတာတွေ ဒီလိုဟာတွေ အများကြီး ရှိပါတယ်။ အဲဒီ အပျော်တွေထက် ပိုပြီး ပျော်စရာကောင်းတယ်လို့ ဆိုပါတယ်။ တခါက ယောဂီတဦးက ပြောဘူးပါတယ်၊ သူဟာ လူ့လောက အပျော်တွေတော့ တော်တော်များများဘဲ တွေ့ဘူး ခံစားဘူးပါပြီ တဲ့၊ ဒီတရားအရသာမျိုးကိုတော့ ဘယ်ဟာမှ မမှီပါဘူး တဲ့၊ ဘယ်လို ကောင်းနည်း ကောင်းနေတယ်လို့ကို မပြောနိုင်အောင် ကောင်းနေတယ် ဆိုတဲ့အကြောင်း ပြောဘူးပါတယ်။

ဒီတော့ ဒီလို တရားအရသာကလေးကို မတွေ့ဘူးသေးတဲ့ သူတွေက တွေ့အောင် အားထုတ်ကြည့်ဘို့ ကောင်းပါတယ်။ တွေ့ပြီးယင် တော်လောက်ပြီလားလို့ မေးစရာရှိတယ်၊ အဲဒါကို တွေ့ရုံနဲ့လဲ မပြည့်စုံသေးပါဘူး၊ အဲဒီ အရသာကို တွေ့တော့လဲ အဲဒါကို လွန်မြောက်သွားအောင် ရှုမြဲ ရှုသွားရပြန်တာပါဘဲ။ အဲဒီလို ဆက်ပြီး ရှုမှတ်လို့ ဒီအဆင့်က ရွှေကို တိုးတက်သွားတဲ့ အခါမှာ ပုံသဏ္ဌာန် အထည်ဒြပ်တွေ မထင်တော့ဘဲ ပျောက်-ပျောက်သွားတာကိုချည်း တွေ့ရတယ်၊ ပေါ်လာတာကလေး တွေဟာ မှတ်လိုက်ယင်း ပျောက်သွားယင်း၊ မှတ်လိုက်ယင်း ပျောက်သွားယင်းနဲ့ ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတယ်၊ မြင်တာကို မှတ်လိုက်ယင်လဲ ရိပ်ရိပ် ရိပ်ရိပ်နဲ့ ပျောက်သွားတာဘဲ၊ ကြားတာကို မှတ်လိုက်ယင်လဲ ပျောက်သွားတာဘဲ၊ ကွေးတာ ဆန့်တာကို မှတ်နေယင်လဲ တရိပ်ရိပ်နဲ့ ပျောက်သွားတာဘဲ။ ပေါ်လာတဲ့အာရုံတွင် မဟုတ်သေးဘူး၊ အာရုံရော မှတ်သိတဲ့စိတ်ရော အတဲ့လိုက် အတဲ့လိုက် ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်။ အဲဒီလို သိနေတာက **ဘင်္ဂဉာဏ်** တဲ့။

အဲဒီလို မှတ်တိုင်း မှတ်တိုင်း တရိပ်ရိပ်နဲ့ ပျက်နေတာကိုချည်း တွေ့ဘန်မျှားလာတော့ အဲဒါတွေကို ကြောက်စရာ အနေနဲ့ ထင်လာတယ်၊ **ဘယဉာဏ်** ပါဘဲ။ အဲဒီလို တပျက်ထဲ ပျက်နေတာ တွေ့ကို မကောင်းဘူးလို့လဲ အပြစ်မြင်လာတယ်၊ **အာဒီနဝဉာဏ်** ပါဘဲ။ အဲဒါတွေကို ရှုနေယင်း ငြီးငွေ့လာတယ်။ **နိဗ္ဗိန္ဒဉာဏ်** ပါဘဲ။ ဒါကြောင့်-

"ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပဿိမိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ" စသည်ဖြင့် ဟောထားပါတယ်။

ဘိက္ခဝေါ၊ ရဟုန်းတို့။ ဧဝံ ပဿံ၊ ဤဆိုခဲ့သည့်အတိုင်း ခန္ဓာငါးပါး၏ အနိစ္စ ဒုက္ခ အနတ္တ သဘောကို တွေ့မြင်သော အရိယသာဝကော၊ မြတ်စွာဘုရား၏ တပည့်ဖြစ်သော ယောဂီပုဂ္ဂိုလ်သည်။ ရူပဿိမိ၊ ရုပ်တရား အပေါ်၌လည်း။ နိဗ္ဗိန္ဒတိ၊ မပျော်မမွေ့ ငြီးငွေ့လေတော့၏။

အယင်တုန်းကတော့ မိမိရုပ်ကိုယ်ဟာ ပျော်စရာကောင်းနေခဲ့ပါတယ်၊ ထိုင်ရ ထရ တာလဲ ကောင်း၊ သွားရ လာရ တာလဲ ကောင်း၊ ကွေးရ ဆန့်ရတာလဲ ကောင်း၊ ပြောဆို လုပ်ကိုင်နေရတာလဲ ကောင်း၊ အကုန်လုံး အကောင်းချည်းဘဲ ထင်နေခဲ့တယ်၊ ကိုယ့်ရုပ်နဲ့ ကိုယ်ဟာ အားကိုးစရာ ပျော်စရာ လို့ဘဲ ထင်နေခဲ့တယ်။ ယခု ဝိပဿနာရှုလို့ တရိပ်ရိပ်နဲ့ ပျက်နေတာကိုချည်း တွေ့ရတဲ့အခါကျတော့ ကိုယ့်ရုပ်ကိုယ်ကြီးမှာ ဘာမှ အားကိုးစရာ မမြင်ဘူး၊ ပျော်စရာမကောင်းတော့ဘူး၊ ခြောက်သွေ့ကြီး ငြီးငွေ့စရာကြီး ဖြစ်ပြီးတော့ ထင်နေပါတယ် တဲ့။

ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ ခံစားမှု ဝေဒနာ အပေါ်၌လည်း ငြီးငွေ့လေတော့၏။

အယင်တုန်းကတော့ ကိုယ်ထဲက တွေ့ထိပြီး ကောင်းနေတဲ့ သုခဝေဒနာတွေ၊ စိတ်ထဲက ဝမ်းသာနေတဲ့ သောမနဿ ဝေဒနာတွေ၊ ဒီလို ဝေဒနာတွေကို သိပ်ပြီး နှစ်သက်သဘောကျခဲ့တယ်၊ အဲဒီလို ဝေဒနာတွေကိုဘဲ "ငါ ကောင်းစားနေတယ်၊ ငါ

ချမ်းသာနေတယ်''လို့ ထင်ပြီး သိပ် သဘောကျခဲ့တယ်။ ချစ်စရာ အာရုံကလေးတွေကို မြင်ရ ကြားရ တွေ့ရလို့ ဝမ်းသာနေရ တာကို ''အင်မတန် အရသာရှိတယ်''လို့ ထင်ခဲ့တယ်။ယခုတော့ အဲဒီ ဝေဒနာကလေးတွေလဲ သာယာစရာ မကောင်းတော့ပါ ဘူး တဲ့၊ အဲဒီ ဝေဒနာကလေးတွေဟာ ရှုလိုက် ပျောက်လိုက်နဲ့ ဘာမျှ နှစ်သက်ဖွယ်မရှိတဲ့ တရားတွေ ဖြစ်နေတယ်၊ ဘာမျှ အားမကိုးလောက်တဲ့ တရားတွေ, ဘာမှ ကြက်သရေမရှိတဲ့ တရားတွေ ဖြစ်နေတယ်။ ဒါကြောင့် ရှယင်း မှတ်ယင်းဘဲ ဒီ ဝေဒနာကလေးတွေကိုလဲ ခြောက်သွေ့ကြီး ထင်ပြီး မပျော် မမွေ့ ငြီးငွေ့နေပါတယ် တဲ့။

သညာယဝိ နိဗ္ဗိန္ဒတိ၊ မှတ်သားမှု သညာအပေါ်၌လည်း ငြီးငွေ့လေတော့၏။

အယင်ဘုန်းကတော့ ဟိုဟာ မှတ်ထား ဒီဟာ မှတ်ထားနဲ့ မမွေ့ဘဲ မှတ်မိနေတာကလေးတွေက သာယာစရာဖြစ်နေတယ်၊ ''ငါ အမှတ်ကောင်းတယ်၊ မှတ်ဉာဏ် ကောင်းတယ်''လို့ ဒီလို ဂုဏ်တောင် ယူနေခဲ့သေးတယ်။ ယခုတော့ အဲဒီ မှတ်သားမှု ကလေးတွေကလဲ ရှုတိုင်း ရှုတိုင်း ပျက် ပျက် သွားတာချည်း တွေ့နေရလို့ သာယာစရာ မထင်တော့ဘူး၊ မှတ်ရ သားရနဲ့ အလုပ်များနေတာဟာ ပျင်းစရာ အလုပ်ပိုတွေအနေနဲ့သာ ထင်နေတယ်။ဒါကြောင့် မှတ်သားမှုသညာအပေါ်မှာလဲ ငြီးငွေ့ နေပါတယ် တဲ့။

သင်္ခါရေသုဝိ နိဗ္ဗိန္ဒတိ၊ ပြုပြင် အားထုတ်မှု သင်္ခါရတို့ အပေါ်၌လည်း ငြီးငွေ့လေတော့၏။

သခ်ၤါရ ဆိုတာ "ကေ့းမယ်၊ ဆန့်မယ်၊ ထိုင်မယ်၊ ထမယ်၊ ဘာလုပ်မယ်၊ ညာလုပ်မယ်" စသည်ဖြင့် ကြံစည် နေတာတွေပေါ့၊ အဲဒီ ကြံစည်အားထုတ်နေတာတွေဟာ သခ်ၤါရတွေဘဲ။ အမှုအရာဟူသမျှကို သူကဘဲ လုပ်နေတယ်၊ ကိုယ်အမှုအရာတွေ နှုတ်အမှုအရာတွေ စိတ်အမှုအရာတွေ အမျိုးမျိုးဟာ ဒီသခ်ၤါရတွေကြောင့် ဖြစ်နေတာဘဲ။ "ငါထိုင်တယ်, ငါထတယ်, ငါသွားတယ်, ငါက လုပ်တယ်" လို့ ဒီလို ထင်နေတာဟာ ဒီသခ်ၤါရတွေကို ထင်မှတ်စွဲလမ်းနေတာဘဲ။ အမှန်ကတော့ ငါ မဟုတ်ပါဘူး၊ ပြုလုပ်နေတာတွေဟာ သခ်ၤါရ ဆိုတဲ့ ပြုပြင်မှုတရားတွေချည်းပါဘဲ၊ တရားကိုယ်အားဖြင့်တော့ ဖဿစေတနာ မနသိကာရ အစရှိတဲ့တရားတွေ၊ လောဘ ဒေါသ မောဟ၊ အလောဘ အဒေါသ အမောဟ အစရှိတဲ့တရားတွေဟာ သခ်ၤါရတွေပါဘဲ၊ ဒီတရားတွေ စုပေါင်းပြီး လုပ်နေတာကို "ငါ လုပ်တယ်" လို့ ထင်နေတာပါဘဲ။

အဲဒီ သခ်ၤါရတွေကိုလဲ အယင်တုန်းကတော့ ပျော်စရာတွေလို့ ထင်နေခဲ့တယ်၊ ကိုယ်ကြိုက်တာတွေကို ကြောင့်ကြဗျာပါရစိုက်ပြီး အားထုတ် လုပ်ကိုင်နေရတာကို ကောင်းတယ်လိုဘဲ ထင်နေတယ်၊ ပျော်စရာလို့ဘဲ ထင်နေတယ်၊ ဘာကိုဘဲ လုပ်ရ လုပ်ရ၊ အဲဒီအလုပ်ကို ကြံစည် အားထုတ်နေရတာဟာ "ကောင်းတယ်, ပျော်စရာဘဲ" လို့ ထင်နေခဲ့တယ်။ ယခုတော့ အားထုတ်တိုင်း အားထုတ်တိုင်း ဘာမျှ အနှစ်အသား မကျန်ဘဲ ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတဲ့အတွက် "ဘာမျှ မကောင်းဘူး၊ ခြောက်သွေ့သွေ့ကြီး ပျင်းရိ ငြီးငွေ့စရာကြီးဘဲ" လို့သာ ထင်နေပါတယ် တဲ့။

ဒိညာဏသမ္ပယုတ္တ နိဒ္ဒိဿတိ၊ စိတ်ဝိညာဏ်အပေါ်၌လည်း ငြိုးငွေ့လေတော့၏။။

အယင်တုန်းကတော့ ဟိုဟာ ကြံရ, ဒီဟာ ကြံရ၊ ဟိုဟာ စဉ်းစားရ, ဒီဟာ စဉ်းစားရနဲ့ ဒီလို ကြံစည်•စဉ်းစားနေရတာဘဲ့ကို "အင်မတန် အရသာရှိတယ်"လို့ ထင်ခဲ့တယ်၊ "ပျော်စရာ ကောင်းတယ်" လို့ ထင်ခဲ့တယ်။ ကမ္မဋ္ဌာန်းကျောင်းရောက်ခါစ တချို့ ပုဂ္ဂိုလ်များ "စိတ်ကူး ကြံစည်မနေရဘူး၊ မပြတ် မှတ်နေရမယ်"လို့ ဆရာများက ပြောတော့ တယ်မကြိုက်ချင်ကြဘူး၊ "အဘိုးတန်တဲ့ အရသာရှိတဲ့ စိတ်ကူး ကြံစည်မှုတွေမှ ဆုံးရှုံးသွားတယ်"လို့ သူတို့က ထင်နေတယ်။ ပြီးတော့ ကြည့်ချင်တာတွေကို ကြည့်ပြီး မြင်ချင်တာတွေကို မြင်သိနေရတာတွေ၊ ကြားချင်တာတွေကို ကြားသိနေရတာတွေ၊ အဲဒီလို ဟာတွေလဲ "အင်မတန် အရသာရှိတယ်၊ ပျော်စရာကောင်းတယ်"လို့ ထင်ခဲ့တယ်။ ယခုတော့ မြင်တာ ကြားတာ စိတ်ကူး ကြံစည်ဘာ ကလေးတွေဟာ ဖြစ်ပြီးလျှင် ပြီးခြင်း ပျောက်ပျောက် သွားတာကိုချည်း တွေ့နေရတယ်၊ ဘာမျှလဲ အနှစ်အသား မကျန်ရစ်ဘူး၊ "မျက်လှည့်ပြသလို အိပ်မက် မက်သလိုဘဲ၊ ပြီးယင် ဘာမျှ မရှိတော့ဘူး" ဆိုတာကို ထင်ရှားသိရတဲ့အတွက် ခြောက်သွေ့ကြီးထင်ပြီး အဲဒီ စိတ်ကူးကြံသိမှုတွေ အပေါ်မှာလဲ ငြီးငွေ့နေပါတယ် တဲ့။ ဥပမာ.... ဒွေခါင်ခါင်ကြီးမှာ နေကလဲပူ၊ ခြောက်လဲ ခြောက်သွေ့နေတဲ့ ကွင်းပြင်ကြီးကို လျှောက်ပြီး ကြည့်လိုက်ယင် မျက်စိထဲမှာ ခြောက်သွေ့သွေ့ကြီးဖြစ်ပြီး နေချင်စရာမကောင်းဘူး၊ ပျင်းစရာကြီးသာ ဖြစ်နေတယ်။ ယောဂီမှာလဲ အဲဒါလိုဘဲ စိတ်ကူး

ကြံသိမ္ဘုတ္တနဲ့စပ်ပြီး ခြောက်သွေ့သွေ့ကြီး ပျင်းရိငြီးငွေ့စရာကြီး ထင်နေပါတယ် တဲ့။

ယခု ငပြောခဲ့တာကတော့ ခန္ဓဒေသနာတော်အရ ငြီးငွေ့ပုံဘဲ။ အာယတနဒေသနာတော်အရ ဆိုယင်တော့ ဒုဂါရ ၆-ပါးက သိရတာတွေ့ အပေါ်မှာ ခြောက်သွေ့သွေ့ကြီး ဖြစ်ပြီးတော့ ငြီးငွေ့နေပါတယ်။ အယင်ကတော့ မြင်ရတာ ကြားရတာတွေ့ဟာ ပျော်စရာကောင်းခဲ့တယ်၊ ယခုတော့ မြင်တိုင်း ကြားတိုင်း ချက်ခြင်း ပျောက်ပျောက်သွားတာကိုချည်း တွေ့ရတဲ့အတွက် မြင်ရာမှာလဲ ပျော်စရာ မကောင်းတော့ဘူး၊ ကြားရာမှာလဲ ပျော်စရာမကောင်းတော့ဘူး၊ ဘယ်လို ထူးထူးဆန်းဆန်းတွေ့ကိုမှ ကြည့်လို ကြားလိုတဲ့စိတ် မရှိဘူး၊ နံရာမှာလဲ ပျော်စရာမကောင်းဘူး၊ စားရာမှာဆိုယင် "အရသာကောင်းကလေးတွေ့ကု စားရတာဟာ အင်မတန် ကောင်းတယ် အရသာရှိတယ် လို့ ထင်ခဲ့တယ်။ ယခု ဒီဉာဏ်ရောက်လာတဲ့အခါကျတော့ အဲဒီလို အစာကောင်းတွေ့ကို စားရပေမယ့် "ဘာမျှ အရသာမရှိဘူး၊ ဘာမျှ မကောင်းဘူး" လို့သာ ထင်ရတယ်။ "ရှုမှတ်ပြီး စားနေရတာ ဘာမျှ အရသာမရှိဘူး၊ မမှတ်ဘဲနဲ့ လှတ်လှတ်လပ်လပ် စားလိုက်ရယင် သိပ်ကောင်းမှာဘဲ" လို့ ဒီလိုလဲ ထင်တတ်တယ်၊ အဲဒါ ဟုတ်ပေတယ်၊ မရှုမမှတ်ဘဲ အလှတ်စားနေတဲ့ လူတွေ့မှာ လျှာပေါ် ထင်ပေါ်ဆဲအရသာကို သိတဲ့ စားသိဝိထိ ဖြစ်ပြီးတဲ့နောက် အဲဒီအရသာကို ပြန်လည်စဉ်းစားတဲ့ မနောဒွါရဝိထိလဲ ဖြစ်တယ်၊ "ချိုတယ် ချဉ်တယ် ကောင်းတယ်" စသည်ဖြင့် စဉ်းစားပြီး အရသာခံတဲ့ ဝိထိတွေ့လဲ ဆက်ပြီး ဖြစ်တယ်၊ အရသာ၏ အမည်ပညတ်တွေ့ကို ဆင်ခြင်တဲ့ ဝိထိတွေ့လဲ ဖြစ်

တယ်၊ ဒါကြောင့် စားရတာဟာ မြိန်ရှက်ပြီး အရသာ ပေါ်နေတယ်။ အဲဒီ ဝိသိစိတ်စဉ် ဆောင်ပုဒ်ကတော့-

ထင်ဆဲ ရသ သိရ စစ္ဓာ၊ (စားသိဝိထိ)
သိပြီးတရား စဉ်းစားပြန်ရာ၊ (ဆင်ခြင်ဝိထိ)
သဏ္ဌာန်ဒြဗ် ပညတ် ပေါ်ကာ၊ (ဒြဗ်ဝိထိ)
မည်နာမ သိရ နောက်ဆုံးမှာ တဲ့။ (အမည်ဝိထိ)

ရှုမှတ်ပြီး စားနေတဲ့ ယောဂီမှာ တော့ ဒီ ဉာဏ်စခန်း ရောက်လာတဲ့အခါမှာ ပဌမ စားသိဝိထိ ဆုံးသွားတဲ့နောက် ရှုမှတ်တဲ့ဝိထိက ဖြစ်ပေါ်လာပြီးတော့၊ စားသိရတဲ့အရသာ ရော စားသိတဲ့စိတ်ရော ပျောက်သွားတာကို သိသွားတယ်၊ ဒါကြောင့် ဆင်ခြင်စဉ်းစားပြီး အရသာခံတဲ့ ဝိထိစိတ်တွေက ဖြစ်ခွင့်မရတော့ဘူး။ ဒီလို အရသာခံဘဲ့ ဝိထိစိတ်တွေ ဖြစ်ခွင့် မရတဲ့အတွက် အရသာမပေါ်ဘဲ့ မမြိန်ရှက်ဘဲ့ ဖြစ်နေတာ တဲ့။ ဒါကြောင့် ယောဂီမှာ မလဲ့သာလို့သာ စားနေရတယ်၊ သာယာ စရာကတော့ ဘာမျှ မပေါ်ဘဲ့ ဖြစ်နေတယ်။ အဲဒါဟာ ငြီးငွေ့ဘွယ် ထင်နေတာပါဘဲ့၊ တချို့များ စားယင်း စားယင်း ဒုက္ခတွေ့ ထင်လာလို့ အလိုလို မစားချင်တဲ့စိတ် ဖြစ်လာတာနဲ့ စားနေကျအတိုင်း အပြည့်အစုံ မစားတော့ဘဲ့ အပြီးသတ် လိုက်တာတွေ့တောင် ရှိပါသေးတယ်။

ပြီးတော့ တွေ့ထိရာမှာလဲ ပျော်စရာ မကောင်းတော့ဘူး၊ စိတ်ကူး ကြံစည်ရာမှာလဲ ခုနက ပြောခဲ့တဲ့အတိုင်း ပျော်စရာ မကောင်းတော့ဘူး၊ အားလုံး ဒုဂရု ၆-ပါးက ပေါ်လာသမျှ တွေ့ဟာ ပျင်းစရာ ငြီးငွေ့စရာတွေ့ချည်း ဖြစ်ပြီးထင်နေတယ်။

ယခု ပြောခဲ့တာတွေဟာ နိဗ္ဗိန္ဒာဏ်မှာ ဖြစ်တတ်တဲ့ သဘောတွေပါဘဲ။ ဒီ ငြိုးငွေ့ပုံတွေက အချို့ပုဂ္ဂိုလ်မှာ လွန်လွန် ကဲကဲတော် တော် များး များး ဖြစ် နေ တတ် တယ်၊ အချို့မှာတော့ အတော်အဆယ်ငှဉ်လောက်ပဲ ဖြစ်တတ်ပါတယ်။

အဲဒီလို ငြိုးငွေ့နေရောက လွတ်မြောက်ချင်တဲ့ စိတ်တွေလဲ ပေါ်လာတတ်တယ်၊ ငြိုးငွေ့မှတော့ လွတ်ချင်တော့တာပေါ့။ "ခဏမစဲ ဖြစ်ပျက်နေတာတွေချည်းဘဲ၊ ဘာမှ မကောင်းဘူး၊ ဒါတွေ အကုန်လုံး ချုပ်ငြိမ်းသွားမှ ကောင်းမယ်"လို့ ဒီလိုလဲ သဘောကျလာတတ်တယ်၊ အဲဒါဟာ **မုဒိုတုကမျတာဉာဏ်** ပါဘဲ။ အဲဒီမှာ "အကုန်လုံး ချုပ်ငြိမ်းတယ်" ဆိုတာဟာ နိဗ္ဗာန်တရားဘဲ၊ ဒါကြောင့် အဲဒီလို သဘောကျပြီး လွတ်မြောက်ချင်တာဟာ နိဗ္ဗာန် အစစ်ကို တကယ် ရောက်ချင်တဲ့ သဘောပါဘဲ။ နိဗ္ဗာန်ကို ရောက်ချင်တော့ ဘယ်လို လုပ်ရပြန်သလဲဆိုယင်၊ ရောက်အောင်လို့ အထူးအားထုတ်ပြီး တဖန် ရှုရပြန်တာပါဘဲ။ အဲဒါကို **ပဋိသင်္ခါဉာဏ်** ခေါ်တယ်။ အဲဒီလို အထူးအားထုတ်ပြီး ရှုကဲ့အခါမှာ အနိစ္စ ဒုက္ခ အနတ္တ သဘောတွေက ပိုပြီး ထင်ရှားလာတယ်။ အထူးအားဖြင့် ဒုက္ခသဘောတွေက ပိုပြီး ထင်ရှားတတ်တယ်။

ဒီ ပဋိသင်္ခါဉာဏ်ကို လွန်သွားယင်တော့ **သင်္ခါရုပေက္ခာ** ဉာဏ်ကို ရောက်သွားတယ်၊ ဒီဉာဏ်ရောက်တော့ ယောဂီမှာ အင်မတန် သက်သာပါတယ်၊ အထူး ကြောင့်ကြ မစိုက်ရဘဲနဲ့ အမှတ်အသိ ကလေးတွေက သိမ်သိမ်မွေ့မွေ့ ဖြစ်ပြီး အထူး ကောင်းနေတယ်။ ကောင်းနေပုံကတော့-ထိုင်ပြီး မှတ်နေတယ် ဆိုယင် အစပိုင်း နည်းနည်းလောက်ပဲ ကြောင့်ကြ စိုက်ပေးလိုက်

ရတယ်၊အဲဒီက နောက်တော့ သူ့အရှိန်နဲ့ သူ သိသိပြီး သွားနေတယ်၊ နာရီစက်ကလေးမျှား သေ့ပေးထားလိုက်တော့ သူ့ဟာ သူ သွားနေတာလိုပါဘဲ။တနာရီလောက် အတွင်းမှာတော့ အနေအထိုင်လဲ မပြင်ရဘူး၊ အမှတ်လဲ ပျက်မသွားဘူး၊ ကောင်းမြဲ ကောင်းနေတယ်။

ဒီဉာဏ်မရောက်ခင် ရှေးရှေးဉာဏ်တွေတုန်းကတော့ ကောင်းနေရာထဲကပေမယ့် အနှောင့်အယှက်တမျိုးမျိုးကြောင့် တယ်မကြာခင် အခြေ ပျက်ပျက် သွားတတ်တယ်၊ အသံကြားရာဆီ စိတ်က ရောက်ပြီးတော့လဲ အခြေ ပျက်သွားတတ်တယ်၊ သက် သက် စိတ်ကူးတွေ အပြင် ထွက်ပြီးတော့လဲ အခြေ ပျက်သွားတတ်တယ်၊ ညောင်းတာ ပူတာ နာတာ ယားတာ ချောင်းဆိုးတာ ဒီလို ဒုက္ခဝေဒနာတွေ ပေါ်လာလို့လဲ အခြေ ပျက်သွားတတ်တယ်၊ အဲဒီလို အခြေ ပျက်ပျက်သွားလို့ ပြန်ပြန်ပြီး အခြေတည် မှတ်ရတာတွေကဘဲ များခဲ့ပါတယ်။ ယခု ဒီဉာဏ်ကျတော့ သိပ်မနေရာကျတာဘဲ၊ အဲဒီလို အပျက်တွေ မရှိတော့ဘူး၊ အသံကြားယင်လဲ အဲဒီ အသံကို ဂရုမစိုက်ဘူး၊မှတ်ရုံကလေးဘဲ မှတ်သွားတယ်၊ ပြီးတော့လဲ ပေါ်ရာပေါ်ရာကို အခြေမပျက် မှတ်မြဲမှတ်သွားပြန်တာဘဲ။ ပြီးတော့ အပြင်ထွက်တဲ့ အလွတ်စိတ်ကူးဆိုတာလဲ လုံးလုံး မရှိဘူး၊ကောင်းတဲ့ အာရုံတွေကို တွေ့ရလို့လဲ နှစ်သက်ခြင်း ဝမ်းမြောက် ဝမ်းသာခြင်း မရှိဘူး၊ မကောင်းတဲ့ အာရုံတွေကိုတွေ့ရလို့လဲ စိတ်ပျက်ခြင်း နှလုံးမသာခြင်း ကြောက်ခြင်း မရှိဘူး၊ ညောင်းတာ ပူတာနာတာ ဒီလို ဒုက္ခဝေဒနာတွေကတော့ ပေါ်လာတယ်လို့ မရှိပါဘူး၊ ပေါ်လာပြန်ယင်လဲ မနေသာအောင် မဆိုးဘူး၊ မှတ်လို့ နိုင်ပါတယ်။ ယားနာတို့

ချောင်းဆိုးတို့ ဒီလို ရောဂါ ဝေဒနာတွေကတော့ မူလက ရှိနေ တောင်မှ ဒီသခ်ါရုပေကွာ အမှတ် ကောင်းနေတဲ့ အခါမှာ ပျောက်နေတယ်၊ တချို့မှာ တော်တော်ကြီးကျယ်တဲ့ ရောဂါ တွေတောင်၊ ဒီဉာဏ်ရောက်တော့ ပျောက်သွားတတ်ပါသေး တယ်၊ လုံးလုံး မပျောက်တောင် အဲဒီလို အမှတ်ကောင်းနေခိုက် မှာတော့ သက်သာခွင့် ရနေပါတယ်။ ဒါကြောင့် အမှတ်ကလေး .တွေက တနာရီလောက်တော့ အခြေမပျက်ဘဲ သူ့အရှိန်နဲ့ သူ သိ သိပြီး သွားနေပါတယ်၊တချို့ ပုဂ္ဂိုလ်မှာ နှစ်နာရီ သုံးနာရီလဲ တသမတ်တည်း အရှိန်မပျက် သွားနေတတ်ပါတယ်။ အဲဒီလို နှစ်နာရီ သုံးနာရီ ကြာတော့လဲ ကိုယ်မှာ ပင်ပန်းခြင်းလဲ မရှိဘူး၊ အချိန်ဟာလဲ ကုန်မှန်း မသိ ကုန်သွားတတ်တယ်။ "တယ်မကြာ သေးဘူး" လို့ တောင် ထင်တတ်ပါသေးတယ်။

ယခုလို နှေ့ညတု ပူအိုက်တဲ့အခါ ဆိုယင် ဒီဉာဏ်နဲ့ ဒီအမှတ် ရောက်နေယင် ဘိပ်ကောင်းတာပေါ့!သူများတွေက "ပူတယ် အိုက်တယ်"လို့ ညည်းညူနေကြပေမယ့်၊ ဒီဉာဏ်နဲ့ ဒီလို အမှတ် ကောင်းနေတဲ့ ပုဂ္ဂိုလ်မှာတော့ ပူမှုန်း အိုက်မှုန်း မသိရဘဲ ရှိနေ တတ်တယ်၊ တနေ့လုံး အချိန်ဟာလဲ မကြာခင် ကုန်သွားသလို ထင်ရတတ်တယ်။ ဒီဉာဏ်က အင်မတန်ကောင်းတဲ့ ဝိပဿနာ ဉာဏ်ပါဘဲ။ ဒါပေမယ့် ဒီဉာဏ် အဆင့်မှာလဲ ကြောင့်ကြမှု တောင့်တမှု လွန်နေတာ၊ နှစ်သက်သာယာနေတာ အစရှိတဲ့ အန္တရာယ် ကလေးတွေကတော့ ရှိသေးတာပါဘဲ၊ အဲဒါကလေး တွေကို မပယ်နိုင်ယင် ရွှေကို မတိုးတက်နိုင်ဘဲ ရှိနေတတ်ပါ တယ်။ အဲဒါကလေးတွေကို ပယ်ရှားပြီး ရှုမှတ်သွားယင်တော့ အရိယမဂ်ဉာဏ် ရောက်သွားဘို့ဘဲ ရှိပါတော့တယ်။ဒါကြောင့်-

စဲ့မှကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည်လို့-

ဒေါဆောင်ပုဒ်က ဆိုထားတာ။ နာမရူပ ပရိစ္ဆေဒဉာဏ်က စပြီး သခ်ၤါရုပေက္ခာဉာဏ်အထိ ယခုပြောလာခဲ့တာတွေဟာ စဲ့လမ်းကင်းပျောက်ပြီး အဲဒီ မဂ်လမ်း ပေါက်ပုံတွေပါဘဲ။ ဘယ်လိုလဲ ဆိုတော့-

"ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ မြင်တယ်၊ ကြားဘယ်၊ ကွေးတယ်၊ ဆန့်တယ်" စသည်ဖြင့် ရူပမ္မတ်တိုင်း ရူပမ္မတ်တိုင်း ရူပမ္မတ်မိအောင် ကြောင့်ကြ စိုက်ပေးနေတဲ့ အားထုတ်မှု ဆိုတာ ပါတယ်၊ အဲဒါဟာ မဂ္ဂင်ရှစ်ပါးထဲမှာ **သမ္မာဝါယာမ** ခေါ်တဲ့ မဂ္ဂင်တရားဘဲ။ ပြီးတော့ အာမုံတရဲ့ သတိလဲ ပါတယ်၊ အဲဒါက **သမ္မာသတိ** မဂ္ဂင်ဘဲ။ ပြီးတော့ ရူပမ္မတ်မိတဲ့ အာရုံထဲ ဝင်ဝင်သွားသလို အာရုံမှာ ကပ်ကပ်ပြီး တည်တည် နေတဲ့ သမာဓိလဲ ပါတယ်၊ အဲဒါက **သမ္မာသမာဓိ** မဂ္ဂင်ဘဲ။ အဲဒီ သုံးပါးကို **သမာဓိမဂ္ဂင်** သုံးပါး လို့ခေါ်တယ်။ ပြီးတော့ အဲ့ဒီ သမာဓိနဲ့ ကပ်ကပ်ပြီး စူးစိုက်မိရာ အာရုံကို "တောင့်တင်း လှုပ်ရှားတဲ့ သဘောမျှဘဲ၊ မြင်သိတဲ့ သဘောမျှဘဲ၊ ဖြစ်ပြီး ပျက်သွားတဲ့ သဘောမျှဘဲ၊မမြဲတဲ့သဘောဘဲ" စသည်ဖြင့် ကြံစည်မိတဲ့ဝိတက် ဆိုတာလဲ ပါတယ်၊ အဲဒါက **သမ္မာသင်္ကပ္ပ** မဂ္ဂင်ဘဲ။ ဒီနေရာမှာ "ကြံစည်မိတယ်" ဆိုပေမယ့်လို့ တစိမ့်စိမ့်နဲ့ အကြောကြီး တွေးတော နေရတာတော့ မဟုတ်ပါဘူး၊ ရူပမ္မတ်လိုက်သည်နှင့် တပြိုင်နက် အဲဒီ ရူပမ္မတ်မိတဲ့ အာရုံပေါ် လှမ်းတက် သွားသလိုစိတ်ဦးကလေး တက်တက်သွားတဲ့ သဘောပါဘဲ၊ သူ့ကို အကြောင်း ပြုပြီးတော့ သူနဲ့ယှဉ်ဘက် နာမ်တရားတွေ

ကလဲ့အဲဒီ အာရုံကို တက်ရောက်ပြီး အာရုံပြုရတဲ့အတွက် သူ့ကို "အဘိနိုရောပနလက္ခဏာ-ယှဉ်ဘက် တရားတွေကို အာရုံပေါ်တင်ပေးခြင်း သဘောရှိတယ်"လို့ အဋ္ဌကထာမှာ မိန့်ဆိုထားပါတယ်။ ပြီးတော့ အဲဒီ တက်ရောက်မိတဲ့ အာရုံကို တောင့်တင်းလှုပ်ရှားတဲ့ သဘောမျှဘဲ၊ အာရုံကို မသိတတ်တဲ့ သဘောမျှဘဲ၊ မြင်သိတဲ့သဘောမျှဘဲ၊ အာရုံကို သိတတ်တဲ့ သဘောမျှဘဲ၊ ဖြစ်ပြီး ပျက်သွားတဲ့ သဘောမျှဘဲ၊ မမြဲတဲ့ သဘောဘဲ" စသည်ဖြင့် အမှန်အတိုင်း သိမြင်သဘောကျသွားတဲ့ အသိဉာဏ်လဲ ပါတယ်၊ အဲဒါက သမ္မာဒိဋ္ဌိ မဂ္ဂင်ဘဲ။ ဒီ သမ္မာသင်္ကပ္ပနှင့် သမ္မာဒိဋ္ဌိကို ပညာမဂ္ဂင် လို့ ခေါ်တယ်။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင် သုံးပါးကတော့ ဝိပဿနာမရှုမီ ရှေးအဘို့ သီလဆောက်တည်ကတည်းက ပြည့်စုံခဲ့တယ်။ တနည်းအားဖြင့် ရှုမိတဲ့ အာရုံနှင့် စပ်ပြီး မ်စ္ဆာဝါစာလဲ့ မဖြစ်နိုင်ဘူး၊ မိစ္ဆာကမ္မန္တလဲ့ မဖြစ်နိုင်ဘူး၊ မိစ္ဆာအာဇီဝလဲ့ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ရှုတိုင်း ရှုတိုင်း သီလမဂ္ဂင် ကိစ္စတွေလဲ့ ပြီးနေပါတယ်။

ယခု ပြောခဲ့တဲ့အတိုင်း မဂ္ဂင် ရှစ်ပါး တရားတွေဟာ ရှုမှတ်တဲ့ စိတ်တိုင်းမှာ ပါဝင်နေတယ်၊ အဲဒီ မဂ္ဂင်တရားတွေဟာ စံမှုကင်းပျောက်ပြီး ပေါ်ပေါက်လာတဲ့ **ဝိပဿနာမဂ်လမ်း** ပါဘဲ။ ဒီဝိပဿနာ မဂ်လမ်းက ခုနက ပြောခဲ့တဲ့အတိုင်း သန်းါရုပေကွာဉာဏ်တိုင်အောင် အစဉ်အတိုင်း တည်ဖေါက်လာရတယ်။ဒီလို တည်ဖေါက်လာလို့ သန်းါရုပေကွာဉာဏ်က ရင့်ကျက်လာတဲ့အခါမှာ သူ့ဖြစ်ရိုး ဖြစ်စဉ်အတိုင်း အရိယမဂ်ကို ဆိုက်ရောက်သွားတော့ တာပါဘဲ။ ဆိုက်ရောက်သွားပုံကတော့-ဒီ သန်းါရုပေကွာဉာဏ်က ရင့်ကျက်ပြီး အားပြည့်လာတဲ့အခါမှာ

အမှတ်အသိတွေက ထူးခြားပြီး လျင်မြန်လာတယ်၊ အဲဒီလို လျင်လျင် မြန်မြန် သိယင်း သိယင်းနဲ့ အငြိမ်းဓာတ် နိဗ္ဗာန်ထဲကို ဖြုတ်ကနဲ ကျရောက်သွားတယ်။ ဒီလို ကျရောက်သွားပုံကလဲ အဆန်းသားဘဲ၊ မရောက်ခင် စောစောက ကြိုတင်ပြီး သိထားတာလဲ မဟုတ်ဘူး၊ ရောက်နေတုန်းလဲ ဆင်ခြင်နိုင်တာမဟုတ်ဘူး၊ ရောက်ပြီးမှ ပြန်ဆင်ခြင်နိုင်တယ်၊ ထူးထူးခြားခြား တွေ့ရတော့ ပြန်ဆင်ခြင်မိတာပေါ့၊ အဲဒါကို **ပစ္စဝေက္ခဏာဉာဏ်**လို့ ခေါ်တယ်။အဲဒီလို ပြန်ဆင်ခြင်တဲ့ အခါကျမှ အမှတ်အသိကလေးတွေ မြန်လာရာက ငြိမ်းရာကို ရောက်သွားပုံရော ငြိမ်းနေဖုံရော အဲဒါတွေကို ထင်ရှားတွေ့ရတယ်။ ဒီအထဲမှာ ငြိမ်းနေပုံက နိဗ္ဗာန်ဘဲ၊ ငြိမ်းရာ ရောက်သွားတာက အရိယမဂ်ပဲ။ အဲဒါတွေဟာ မဂ်လမ်းပေါက်ပြီး နိဗ္ဗာန်ဆိုက်ရောက်သွားပုံတွေပါဘဲ။ ဒါကြောင့်-

စဲ့မှု ကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည်လို့-

ဆောင်ပုဒ်က ဆိုထားတယ်။ အဲဒါကို ဆိုကြရမယ်။

စဲ့မှု ကင်းပျောက်၊ မဂ်လမ်း ပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည်။ (ဆို)

ဒီတော့ နိဗ္ဗာန် ရောက်ချင်ယင် အရေးတကြီး လိုတာက ဘာလဲ ဆိုယင်၊ စဲ့လမ်းမှု ကင်းပျောက်အောင် အားထုတ်ဘို့ပါဘဲ။ပကတိလူတွေမှာ နေရာတကာက စဲ့လမ်းမှုတွေ ရှိနေတယ်၊ မြင်ရာကလဲ စဲ့လမ်းနေတယ်၊ ကြားရာ တွေ့ရာ သိရာတွေကလဲ စဲ့လမ်းနေတယ်၊ မြဲတယ်လို့လဲ စဲ့လမ်းနေတယ်၊ ချမ်းသာတယ် ကောင်းတယ်လို့လဲ စဲ့လမ်းနေတယ်၊ အသက်ကောင် ငါကောင် သတ္တဝါကောင်ဘဲလို့လဲ စဲ့လမ်းနေတယ်၊ အဲဒီ အစဲ့ အလမ်းတွေ

လုံးလုံး ကင်းသွားအောင် အားထုတ်ဘို့ပါဘဲ။ အဲဒီလို အားထုတ်တယ် ဆိုတာလဲ ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်နေရတာပါဘဲ၊ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မပြတ် ရှုမှတ်နေရတာပ၊ါဘဲ၊ အဲဒီလို ရှုမှတ်နေယင် စဲ့လမ်းမှုတွေ အကုန်လုံး ကင်းပျောက်သွားမယ်၊ အဲဒီလို စဲ့လမ်းမှုကင်းတော့ အရိယမဂ် ဖြစ်ပေါ်ပြီး နိဗ္ဗာန် ရောက်သွားမယ်။ ဒါဟာ ဖြစ်ရိုး ဖြစ်စဉ် ပါဘဲ။ ဒါကြောင့်-

> ဖြစ်တိုင်း မှတ်ရှု၊ရုပ်နာမ်စု၊ စဲ့မှု ကင်းပျောက်သည်။
> စဲ့မှု ကင်းပျောက်၊ မဂ်လမ်း ပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည် လို့-

ဆောင်ပုဒ်က ဆိုထားတယ်၊ ယခု ဟောခဲ့တဲ့ ဆောင်ပုဒ်တွေဟာ အရင်းခံကတော့ ၉-ပုဒ်ပဲ ရှိပါတယ်။

(၁) ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာ ရှု၍ ဖြစ်သနည်း။
(၂) စဲ့လမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှု၍ ဖြစ်သတည်း။
(၃) ဘယ်အကျိုးငှါ၊ ထိုခန္ဓာ၊ ဘယ်ခါ ရှုရပါသနည်း။
(၄) မစဲ့ဘို့ရာ၊ ဖြစ်ဆဲမှာ၊ မှန်စွာရှုရပါသတည်း။
(၅) ဖြစ်ခိုက် မရှု၊ ရုပ်နာမ်စု၊ စဲ့မှု ဝင်ရောက်သည်။
(၆) မြဲတယ် ကောင်းတယ်၊ ငါကောင်နှယ်၊ တကယ် ထင် တတ်သည်။
(၇) ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ စဲ့မှု ကင်းပျောက်သည်။
(၈) မမြဲ ဆင်းရဲ၊ သဘောဘဲ၊ ဉာဏ်ထဲ ရှင်းတော့သည်။
(၉) စဲ့မှု ကင်းပျောက်၊ မဂ်လမ်း ပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည် တဲ့။

ဒီ ဆောင်ပုဒ် ၉-ပုဒ်ဟာ ဝိပဿနာအခြေခံတရား မှာ မူရင်းတွေပါဘဲ။ ဒီ မူရင်း ညွှန်ကြားချက်တွေဟာ ဝိပဿနာ ၏ **မူသေစည်းတွေ** ဘဲ၊ ဝိပဿနာ ဆိုယင် ဒီ မူသေ စည်းနှင့် ညီညွတ်ရမယ်၊ ဒီ မူသေစည်းနှင့် မညီယင် ဝိပဿနာအစစ် မဖြစ် နိုင်ဘူး။ ဒါကြောင့် ဒီ ညွှန်ကြားချက်တွေကို "ဝိပဿနာ ရှုနည်းမူသေစည်း" လို့ အမည် ပေးထားတယ်။ အဲဒါကို မှတ် သား သိမ်းဆည်းထားရမယ်လို့ နိဂုံးချုပ် အနေနဲ့ နောက်ဆုံး ဆောင်ပုဒ် တခုလဲ ပေးထားပါတယ်။

(၁၀) ဝိပဿနာရှုနည်း၊ မူသေစည်း၊ သိမ်းဆည်းထားရ
မည် တဲ့။

ဒါကတော့ အမှာစကားကလေးပါဘဲ။ ကဲ အဲဒီမှာတမ်းက လေး ဆိုကြရမယ်။

ဝိပဿနာရှုနည်း၊ မူသေစည်း၊ သိမ်းစည်းထားရမည်။
(ဆို)။

ဝိပဿနာ အခြေခံတရားကတော့ စုံသွားပါပြီ။အားပေး စကားလောက်ပဲ လို့ပါတော့တယ်။

တရားက တယ်ရလွယ်တယ်

မြတ်စွာဘုရား တရားဟောတော်မူတဲ့အခါ တရားနာပရိတ် သတ်တွေဟာ တရားနာယင်းဘဲ နှလုံးသွင်းရှုမှတ်ပြီး တရား ထူးတွေကို ရရပြီးသွားကြတယ်၊ အဲဒီလို တရားရသွားတာ တွေဟာ တရားတပဲ့တပဲ့မှာကို အင်မတန်မျှားပါတယ်။ဂါထာ ကလေး တပုဒ်လောက် ဟောတဲ့အခါမှာလဲ ဂါထာအဆုံးမှာ

တရား့ထူးရသွားတဲ့ဦးရေဟာ မနည်းဘူး၊ အဲဒါကို အဋ္ဌက ထောက-

ဒေ့သနာ ပရိယောသာနေ၊ဒေသနာတော်၏ အဆုံး၌။ စတုရာသီဘိယာ ပါဏသဟဿာနံ၊ ရှစ်သောင်းလေး ထောင်သော သတ္တဝါတို့အား။ ဓမ္မာဘိသမယော၊တရားထူးကို ရခြင်းသိခြင်းသည်။ အဟောသိ၊ ဖြစ်လေပြီလို့-

ဒီလို ဖေါ်ပြထားတတ်ပါတယ်။ အဲဒါကို တွေ့ရတော့ တချို့က ပြောကြတယ်.... "တရားထူးက တယ်ရလွယ်ပါကလား။ ဒီအတိုင်းဆိုရင် တယ်လွယ်တာဘဲ၊ ယခုတော့ အင်မတန် အားထုတ်နေတာတောင် မရှနိုင်ဘူး၊ ဘာကြောင့် ဒါလောက် ကွာခြားနေရသလဲ" စသည်ဖြင့် သံသယမကင်းတဲ့ အနေနဲ့ ပြောတတ်ကြတယ်။

ဒီနေရာမှာ သတ်ပြုစရာကတော့၊အဲဒီလို ပြတဲ့အဋ္ဌကထာဟာ ဝတ္ထုကြောင်းလောက်သာ ပဓာနပြုပြီး ပြနေတဲ့အရာဌာန ဖြစ်နေတယ်ဆိုတာရယ်၊ဝတ္ထုကြောင်းသက်သက် ပြနေရာမှာ တရားထူး ရသူတွေ့၏ အခြေခံ အကြောင်းရင်းတွေ့ ဖေါ်ပြရန် မဖြစ်နိုင်ဘူး ဆိုတာရယ်၊ ဟောတဲ့ဘုရားရော နာတဲ့သူတွေ့ရော ပုဂ္ဂိုလ်ထူးတွေ့ဖြစ်ကြတယ် ဆိုတာရယ်- အဲဒါတွေ့ကို သတိပြုဘို့လိုပါတယ်။

ဓမ္မပဒအဋ္ဌကထာလို ဝတ္ထုကြောင်းလောက်ကိုသာ ပဓာနပြုပြီးတော့ ပြဆိုနေတဲ့အခင်းမှာ တရားအားထုတ်ပုံတွေ့ကို ထည့်သွင်းပြဆိုနေယင် ကျယ်လဲ အလွန်ကျယ်သွားမယ်၊ ကြည့်ရှု

သူတို့မှာလဲ တာဝန်လေးသွားမယ်။ ဒါကြောင့် အဲဒီ ဂါထာ စသည်မှ ထုတ်နှုတ်ပြီး တရားနာသူတို့ နှလုံးသွင်းပုံကို မပြတော့ဘဲ ထိုဒေသနာနှင့် သင့်လျော်တဲ့ ပုဂ္ဂိုလ်တွေမှာ အကျိုးရသွားပုံကိုသာ ပြသွားတယ်လို့လဲ မှတ်သင့်ပါတယ်။ အမှန်ကတော့ အဲဒီလို တရားနာယင်း တရားထူး ရသွားကြတဲ့ပုဂ္ဂိုလ်တွေဟာ တချို့က ရှေးဘဝတွေက ပါရမီထူးပါလာတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်၊ အဲဒီလိုပုဂ္ဂိုလ်တွေဟာ လူချည်းသက်သက်လဲ မဟုတ်ဘူး၊နတ်တွေ ဗြဟ္မာတွေလဲ ပါတယ်။ တချို့ကတော့ ယခုဘဝတွင် ရှေးအဖို့ကတည်းက တရားနာဘူးပြီး တရားအားထုတ်နေကြတဲ့သူတွေ ဖြစ်တယ်။ အဲဒါဟာ ရက်ကန်းသည် မကလေးဝတ္ထုကို ထောက်ဆပြီး သိနိုင်ပါတယ်။

ရုက်ကန်းသည်မ ဝတ္ထု

တချိန်တုန်းက မြတ်စွာဘုရားသခင်ဟာ ယခု "အလာဟဗတ်" ခေါ်တဲ့ အာဋဝိပြည်ကို ကွဲရောက်တော်မူပြီး မရဏသတိကမ္မဋ္ဌာန်းတရား ဟောကြားတော်မူပါသတဲ့။ ဟောကြားပုံကတော့....

အဒ္ဓုံ မေ ဇီဝိတံ-ငါ၏ အသက်သည် မခိုင်မြဲပါတကား။

ဓုံ မေ မရဏံ-ငါ၏ သေခြင်းကား ခိုင်မြဲလှချေ၏။

အဝသံ မယာ မရိတဗ္ဗမေဝ-ငါသည် မချွတ်သေရမှာပါတကား။

မရဏပရိယောသာနံ မေ ဇီဝိတံ-ငါ၏ အသက်သည် သေခြင်းလျှင် အဆုံးရှိချေသည်။

ဇီဝိတမေဝ အနိယတံ-အသက်သာလျှင် မည်၍မည်မျှ ရှည်မည်ဟု ကိန်းမသေဘဲရှိခဖြသည်။ မရဏံ နိယတံ-သေရခြင်းမှာမူ ကိန်းသေပါတကား-ဟူ၍....

မရဏာသတိကို ပွါးများကြရန် ဟောကြားတော်မူခဲ့ပြီးလျှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူခဲ့ပါသဘဲ့။ထိုစဉ်အခါက အာဋဋိပြည်တရားနာပရိသတ်ထဲမှာ ၁၆-နှစ် အယ့ယ် ရက်ကန်းသည်သမီး ကလေးမတယောက် ပါရှိပါသတဲ့။ အဲဒီသူငယ်မကလေးဟာ ထိုကာလမှစ၍ မရဏာသတိကမ္မဋ္ဌာန်းကို ၃-နှစ်ပတ်လုံး ပွါးများ အားထုတ်နေပါတယ် တဲ့။ ၃-နှစ်ကြာတဲ့အခါကျတော့ မြတ်စွာဘုရားက အာဋဋိပြည်ကို တခါကြွလာတော်မူပြန်တယ်။

ဒဲ့ဒီအခါမှာ မရဏာသတိကို ပွါးများနေတဲ့ အဲဒီ အမျိုးသမီးကလေးကလဲ "ငါ့ဘခင် ရက္ကန်းအလုပ်ဌာနကို ရက်ဖေါက်သွားပြီမယ်၊အပြန်မှ မြတ်စွာဘုရားထံ သွားရောက်ပြီး တရားနာမယ်"လို့ ဒီလို ရည်ရွယ်ပြီး အိမ်က ထွက်လာခဲ့တယ်၊ မြတ်စွာဘုရားထံမှာ တရားနာကြဘို့ အသင့်စုဝေးနေတဲ့ ပရိသတ်အစုန်က သူ့ဘခင်ထံ ဖြတ်သွားတဲ့အခါမှာ မြတ်စွာဘုရားဆီကို အဝေးက မျှော်ပြီး ကြည့်မိတယ်၊ မြတ်စွာဘုရားကလဲ တရားကို ရှေးဦးစွာ လာရောက်ပြီး နာစေလိုတဲ့အတွက် မျှော်ပြီး ကြည့်တော်မူလိုက်တယ်၊ အဲဒါလို မြင်ရတော့ "မြတ်စွာဘုရားက လာစေလိုတယ်" ဆိုတာကို ရိပ်မိတာနဲ့ တရားနာပရိသတ်ထဲ ဝင်သွားတယ်၊ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီး သင့်လျော်တဲ့အရပ်မှာ တည်နေပါတယ် တဲ့။

ဒီအခါမှာ မြွတ်စွာဘုရားက "ကလေးမကလေး သင် ဘယ်က လာသလဲ"လို့ မေးတော်မူပါတယ်၊ မသိပါ ဘုရားလို့ ဖြေပါတယ်။ ဘယ် သွားမလဲ လို့လဲ မေးတော်မူပါတယ်၊ မသိပါ ဘုရားလို့ဘဲ ဖြေပါတယ်။ မသိဘူးလား လို့ မေးတော်မူပြန်ပါတယ်၊ သိပါတယ် ဘုရားလို့ ဖြေပါတယ်။ သိသလား လို့ မေးပြန်ပါတယ်၊ မသိပါ ဘုရားလို့ ဖြေပါတယ်။ ဒီတော့ လူထုပရိသတ်က ကလေးမကလေးအပေါ်မှာ အထင်လွဲကုန်တယ်။ "ဒီကောင်မကလေးဟာ မြွတ်စွာဘုရား မေးတာကို ပြောင်ချောင်ချောင်လုပ်ပြီး ဖြေတယ်၊ ဘယ်က လာသလဲလို့ မေးတာကို အိမ်ကလာတယ်လို့ ဖြေရောပေါ့၊ ဘယ် သွားမလို့လဲ မေးတာကိုလဲ ရက်ကန်းအလုပ်ရုံ သွားမယ်လို့ ဖြေရောပေါ့၊ အဲဒါတွေ သူသိပါလျက်နဲ့ မသိဘူးချည်း ဖြေတယ်။ ပြီးတော့ မသိဘူးလား ဆိုတော့လဲ သိပါတယ်လို့ ဖြေပြန်တယ်၊ သိသလား လို့ မေးပြန်တော့လဲ မသိဘူးလို့ ဖြေပြန်တယ်။ ဒီကောင်မကလေးဟာ ထင်ရာတွေ လျှောက်ပြောနေတယ်"လို့ အထင်လွဲပြီး ကဲ့ရဲ့စကား ပြောကြသတဲ့။

ဒီတော့ မြွတ်စွာဘုရားက ကလေးမကလေးကိုဘဲ ထပ်ပြီး မေးတော်မူပြန်တယ်။ ကလေးမကလေး သင် ဘယ်က လာသလဲလို့ ငါမေးတာကို မသိပါဘုရားလို့ သင်က ဘာကြောင့်ဖြေရသလဲ စသည်ဖြင့် ထပ်ပြီးမေးတော်မူပါတယ်။ ဒီတော့ ရက်ကန်းသည်မကလေးက ဖြေကြား လျှောက်ထားပါတယ်။ လျှောက်ပုံကတော့....

"မြွတ်စွာဘုရား၊ တပည့်တော်မ အိမ်က လာတယ် ဆိုတာကတော့ အမျှားသိနေပါတယ်၊ အကျိုးရှိစကားကိုသာ ဆိုလေ့

ရှိတဲ့ မြတ်စွာဘုရားက မေးသင့်တဲ့အရာဟု မထင်ပါ။ ဒါ ကြောင့် "ဘယ်ကလာသလဲ"လို့ မေးတာဟာ ဘယ်ဘဝက လာခဲ့သလဲလို့ မေးလိုရင်း ထင်ပါသည်။ ဘယ်ဘဝက လာခဲ့ တယ် ဆိုတာကို တပည့်တော်မက မသိနိုင်ပါ။ ဒါကြောင့် မသိ ပါဘုရားဟု ဖြေရပါသည်။ ထိုပြင် ရက်ကန်းအလုပ်ရုံ ဘခင်ထံ သွားမယ် ဆိုတာကလဲ အမျှား သိနေပါတယ်၊ အဲဒါကိုလဲ မေးမည် မထင်ပါ။ ဒါကြောင့် "ဘယ်သွားမလဲ"ဆိုတာဟာ ဘယ်ဘဝကို သွားရမလဲလို့ မေးလိုရင်း ထင်ပါသည်။ ဘယ် ဘဝ သွားရမည်ကို တပည့်တော်မက မသိနိုင်ပါ၊ ဒါကြောင့် မသိပါ ဘုရားလို့ ဖြေရပါသည်။ ထိုပြင် မသိဘူးလားလို့ မေး တာကတော့ သေရမည်ကို မသိဘူးလားလို့ မေးလိုရင်း ထင်ပါ သည်၊ တနေ့နေ့ တချိန်ချိန်မှာ ကေန်သေရမည် ဆိုတာ တပည့် တော်မက သိမြင်နေပါသည်။ ဒါကြောင့် "မသိဘူးလား" ဆိုတဲ့ အမေးကို သိပါသည် ဘုရားလို့ ဖြေပါသည်။ ထိုပြင် သိသလား ဆိုတဲ့ အမေးကတော့ မည်သည့်အချိန်မှာ သေရ မည်ကို အတိအကျ သိသလားလို့ မေးလိုရင်း ထင်ပါသည်၊ အဲဒါကို တပည့်တော်မက အတိအကျ မသိနိုင်ပါ။ ဒါကြောင့် အဲဒီ နောက်ဆုံးအမေးကို မသိပါဘုရားလို့ဘဲ ဖြေရပါသည်ဟု အသီးအသီး ဖြေရှင်းပြီး လျှောက်ပါတယ်။ ဒီတော့ မြတ်စွာ ဘုရားက အဖြေ ၄-ခုလုံးကို အသီးအသီး သာဓုခေါ်တော် မူပါတယ်။ လူထုပရိသတ်ကလဲ မိမိတို့ အထင်မှားကြောင်း သိ သွားကြပါတယ်။

အဲဒီ မေးခွန်း ၄-ခုထဲမှာ တတိယမေးခွန်းအရ တနေ့ကျ သေမှာကတော့ အလွန်သေချာနေပါတယ်၊ စတုတ္ထမေးခွန်း

အရ ဘယ်အချိန်သေရမယ် ဆိုတာလဲ ဘယ်သူမှ အတပ်မသိ နိုင်ဘူး၊ တော်တော်နဲ့ မသေသေးဘူးလို့ ထင်နေယင်းဘဲ ရုတ်တရက် မမျှော်လင့်ဘဲ သေသေသွားကြရပါတယ်။ ဒီတော့ "သေပြီးယင် ဘယ် သွားမလဲ" ဆိုတဲ့ ဒုတိယမေးခွန်းနဲ့ ကိုယ့် ကိုယ်ကို လူတိုင်းလူတိုင်း ရှင်တိုင်း ရဟန်းတိုင်း မေးကြည့်ဘို့ ကောင်းပါတယ်။ယခုဘဲ စိတ်နဲ့ ကိုယ့်ကိုယ်ကို မေးကြည့်စမ်းပါ၊ **ဆရာကြီး** ဘယ်သွားမလဲ၊ **ဘကြီး** ဘယ်သွားမလဲ၊ **အဒေါ်ကြီး** ဘယ်သွားမလဲ၊ အင်း.... အဖြေရခက်တယ်နော်။ **အရှင်ဘုရား** ဘယ်သွားမလဲ၊ အင်း....ဒါကလဲ အဖြေရ ခက်တာဘဲ။ အဖြေရ မခက်အောင် လုပ်စရာ နည်းတွေကတော့ ရှိပါတယ်၊ မိမိရဲ့ ကာယကံ-ကိုယ်အမှုတွေကို စဉ်းစားကြည့်ပါ၊ ဝစီကံ-နှုတ် အမှုတွေကို စဉ်းစားကြည့်ပါ၊ မနောကံ-စိတ်ကူးကြံစည်မှု တွေကို စဉ်းစားကြည့်ပါ။ ကောင်းတာက မျှားသလား၊ မကောင်းတာက မျှားသလား၊ "**ကောင်း**"ဆိုပေမယ့် ကိုယ့် ဟာကိုယ် ကောင်းနေရုံနဲ့ မပြီးသေးဘူး၊ သူတပါးအကျိုး ကို မထိခိုက်တဲ့အမှုကိုမှ "ကောင်းတယ်"လို့ ဆိုရတယ်။ ကောင်း တာက မျှားယင် ကောင်းတဲ့ဘဝ ရောက်မှာဘဲ၊မကောင်းတာ က မျှားယင်တော့ မကောင်းတဲ့ဘဝထဲ ရောက်သွားမှာဘဲ။ ဒါကြောင့် ကောင်းတဲ့ ဖြူစင်တဲ့ စေတနာနဲ့ ကောင်းတဲ့အလုပ် ကောင်းတဲ့အပြော ကောင်းတဲ့အကြံမျှားကိုသာ ပြုလုပ် ပြောဆို ကြံစည်မိအောင် အားထုတ်ဘို့ လိုပါတယ်။ သေသေချာချာ ကောင်းတာကတော့ အပါယ်လေးပါးမှ လုံးဝ လွတ်မြောက်တဲ့ တရားအဆင့်ကို ရောက်အောင် ဝိပဿနာဘာဝနာအလုပ်ကို

အပြည့်အစုံ အားထုတ်တာဟာ အကောင်းဆုံး အသေချာဆုံးပါဘဲ။ဒါကြောင့် ဘုန်းကြီးက ဒီလိုသြဝါဒပေး နေပါတယ်။

အပါယ်ဘေး ငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့် ရောက်ပါစေ တဲ့။

အပါယ်ဘေးငြိမ်းတဲ့ ဉာဏ်အဆင့် ဆိုတာ သောတာပတ္တိမဂ်ဖိုလ်ဉာဏ် အဆင့်ပါဘဲ၊အဲဒီ ဉာဏ်လောက်ဆိုယင် တော်လောက်ပြီလားလို့လဲ မေးစရာ ရှိပါတယ်။ဘုန်းကြီး အနေနဲ့တော့ အဲဒီလောက်ဆိုယင် ဝမ်းမြောက်လှပါပြီ၊ ဒါပေမယ့် မြတ်စွာဘုရားကတော့ အရဟတ္တဖိုလ် မရောက်မချင်း၊ ရဟန္တာမဖြစ်သေး မချင်း စိတ်ချပြီး အားရ မနေပါနဲ့ဦးတဲ့၊ ဆင်းရဲဒုက္ခ လုံးဝငြိမ်းတဲ့ အရဟတ္တဖိုလ်ရောက်အောင် အားထုတ်ပါတဲ့။ ဒါကြောင့်-

ထိုဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲ ငြိမ်းပါစေ လို့-မြတ်စွာဘုရားအလိုတော်အရ ဒုတိယ သြဝါဒလဲ ပေးပါတယ်။ ဒါပေမယ့် ပါရမီဉာဏ်က မရင့်သေးယင်တော့ အားထုတ်သော်လဲ အပြည့်အစုံ ဖြစ်မှာ မဟုတ်ဘူး။ဒီတော့ ဒီလို မဖြစ်နိုင်ယင် ကြမ်းတန်းတဲ့ လောဘ ဒေါသ အစရှိတဲ့ ကိလေသာတွေ ဖြစ်လာတဲ့အခါမှာ အဲဒါတွေကို မြန်မြန်ငြိမ်းသွားအောင် ရှုမှတ်ပြီး ပယ်ပါလို့ နောက်ဆုံး သြဝါဒကိုလဲ ပေးနေပါတယ်။

ဖြစ်ပေါ်လာငြား၊စိတ်ကြမ်းများ၊ပယ်ရှားနိုင်ပါစေတဲ့။

အဲဒီ သြဝါဒတွေအတိုင်း ရိုရိုသေသေ လိုက်နာကျင့်သုံးနေမယ် ဆိုယင်တော့ "ဘယ် သွားမလဲ"ဆိုတဲ့ မေးခွန်းကို "ကောင်းရာ သွားမယ်"လို့ ရဲရဲရင့်ရင့် ဖြေနိုင်ပါတယ်။

ခုနက ရက်ကန်းသည်မကလေး အကြောင်း ပြန်ဆက်ကြဦးစို့။ မြတ်စွာဘုရားက ကလေးမကလေးရဲ့ အဖြေမျှားကို သာခုခေါ် တော်မူပြီးတော့ လူထုပရိသတ်ကို "သင်တို့ဟာ ဒီကလေးမ ကလေးပြောတဲ့ ဒီအနက်အဓိပ္ပါယ်လောက်တောင် မသိကြနားမလည်ကြဘူး၊ ကဲ့ရဲ့ရုံသာ ကဲ့ရဲ့တတ်ကြတယ်။ ပညာမျက်စိမရှိတဲ့သူတွေဟာ အကန်းတွေမည်တယ်၊ပညာမျက်စိရှိမှ မျက်စိမြင်သူမည်တယ်"လို့ မိန့်တော်မူပြီး ဂါထာတပုဒ် တရားကို ဟော်ကြားတော် မူပါတယ်။

အန္ဓဘူတော အယံ လောကော၊ တနုကော္ထ ဝိပဿတိ။
သကုဏော ဇာလမုတ္တော၀၊အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ တဲ့။

အယံ လောကော၊ ဤလူအပေါင်းသည်။ အန္ဓဘူတော၊ ပညာမျက်စိမရှိသဖြင့် အကန်းသဖွယ်ဖြစ်ချေ၏။ ဧတ္ထ၊ ဤလူအများထဲ၌။ တနုကော၊ ဦးရေမများလှ မပြောပဘူယ် အနည်းငယ်သောသူသည်သာလျှင်။ ဝိပဿတိ၊ အနိစ္စစသည်ဖြင့် ရှုမြင်နိုင်ပေ၏။ ဇာလမုတ္တော၊ ငှက်မုဆိုး၏ ပိုက်အတွင်းမှ လွတ်မြောက်သွားသော။ သကုဏော၊ ငှက်သည်။ အပ္ပေါ ဣ၀၊ နည်းပါးဘိသကဲ့သို့။ အပ္ပေါ၊ အနည်းငယ်သော သူသည် သာလျှင်။သဂ္ဂါယ၊ လူ့ပြည် နတ်ပြည် နိဗ္ဗာန်ဆိသို့။ ဂစ္ဆတိ၊ သွားရောက်နိုင်ပေ၏ တဲ့။

ဒီနေရာမှာ အဋ္ဌကထာက "ဒေသနာ၀သာနေ၊ ဒေသနာတော်၏ အဆုံး၌။ ကုမာရိကာ၊ ရက်ကန်းသည်မအမျိုးသမီးကလေးသည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်လေပြီ-သောတာပန် ဖြစ်သွားပါတယ်"တဲ့။ ဒီရက်ကန်း

သည်မကလေး တရားနာယင်း တရားထူး ရသွားတာဟာ ရှေးအာဘို ၃-နှစ်လောက်ကတည်းက မရဏာသတိဘာဝနာကို ပွါးများလာခဲ့လို့ဘဲ ဆိုတာ ဆင်ချွေးပါတယ်။ ဒီအကြောင်းအဋ္ဌုပ္ပတ္တိကို ထောက်ပြီးတော့ အလားတူ ပုဂ္ဂိုလ်တွေလဲ များစွာပင် ရှိတယ်လို့လဲ ခန့်မှန်းနိုင်ပါတယ်။

အခြား အကြောင်းတခုကတော့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူတဲ့ အခါမှာ နွေစဉ် နွေတိုင်း တရားပဲ့ ရှိနေတယ်။ ဒါကြောင့် ညနေပိုင်းကျယင် သာဝတ္ထိမြို့က လူတွေဟာ သန့်ရှင်းစင်ကြယ်တဲ့ အဝတ်တွေကို ဝတ်ဆင်ပြီးတော့ ပူဇော်စရာ ပန်းနဲ့ သာတွေကိုလဲ ယူဆောင်ပြီးတော့ ဇေတဝန်ကျောင်းတော်သို့ လာရောက်ပြီးတော့ တရားနာကြသတဲ့။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော် စသည်မှာ သီတင်းသုံးတော်မူတဲ့ အခါတွေမှာလဲ ဒီနည်းအတိုင်း နေမှာပါဘဲ။ ဒီတော့ ရှေးရှေး နေ့တွေ ရှေးရှေး လတွေ နှစ်တွေက တရားနာထားတဲ့သူတွေဟာ မိမိ နာယူထားတဲ့ တရားအဆုံးအမတော်များအတိုင်း သီလကို ကျင့်နေကြသလို သမထဝိပဿနာအလုပ်တွေလဲ ထိုက်သည်အားလျော်စွာ အားထုတ်နေကြမယ်ဆိုတာ သိနိုင်ပါတယ်။ ဘာကြောင့်လဲ ဆိုယင် ယခုနေအခါမှာကမ္ဘဉာန်းဆရာတဦးဦးက ဟောကြားနေတာကိုတောင်မှ နာကြားရတဲ့သူတွေက လိုက်နာပြီး အားထုတ်ကြသေးတာဘဲ၊ဟိုတုန်းက မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတဲ့တရားကို နာရတဲ့သူတွေဟာ ဘယ်မှာ အားမထုတ်ဘဲ ရှိပါမလဲ၊ အားထုတ်ကြမှာပါဘဲ။ ဒီတော့ ရှေးရှေး နေ့ရက်တွေ လတွေ နှစ်တွေက တရား

နာပြီး အားထုတ်လာခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ နောက်နောက် တရားပဲ့တွေမှာ တရားနာယင်း မဂ်ဖိုလ်တရားထူးကို ရဘို့ ပါရမီ အထောက်အပံ့တွေ ပြည့်စုံနေတယ်လို့ ဆိုနိုင်ပါတယ်။

ပြီးတော့ ဇေတဝန်ကျောင်းတော် စသည်မှာ တရား ဟောတော်မူတဲ့ အခါ တရားနာပရိသတ်တွေက ရဟန်းပရိ သတ်လဲ ရှိတယ်၊ ရဟန်းမိန်းမပရိသတ်လဲ ရှိတယ်၊ လူဥပါသ ကာယောကျ်ားလဲရှိတယ်၊ဥပါသိကာမိန်းမလဲ ရှိတယ်၊ပရိသတ် ၄-ပါးလုံး အစုံဘဲ ရှိနေပါတယ်။ အဲဒီလို ဘုရားကိုယ်တော် တိုင် ဟောတဲ့တရားကို မျက်မှောက်ထင်ရှား ဖူးမျှော်ပြီး နာကြားရတဲ့ ပုဂ္ဂိုလ်တွေဟာလဲ ဆုတောင်းပါရမီထူး ရှိတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်စရာအကြောင်း ရှိပါတယ်။မြတ်စွာဘုရားက တရားဟောတဲ့ အခါမှာလဲ အဲဒီတရားနာပုဂ္ဂိုလ်တွေရဲ့ အလို အကြိုက် အဇ္ဈာသယကို ကြည့်ရှုပြီး သင့်လျော်တဲ့တရားကို ဟောတော်မူတယ်။

"အလိုအဇ္ဈာသယနှင့် ကိုက်အောင် ဟောတယ်" ဆိုတာက အင်မတန်အရေးပါအရောက်ပါတယ်။ မြတ်စွာဘုရားလက်ထက် တော်ကာလတုန်းက အရှင်စူဠပန္ထက ဆိုတာ ရှိတယ်၊အကွာရာ ၃၂-လုံးသာရှိတဲ့ ဂါထာကလေးတပုဒ်ကို လေးလပတ်လုံး သင် လို့တောင် မရနိုင်ဘူးတဲ့။ ဒါကြောင့် သူ့ အစ်ကိုယ်ဖြစ်သူ မဟာပန္ထကမထေရ်က နှင်ထုတ်လိုက်တယ်၊မြတ်စွာဘုရားက မိမိ ထံ ခေါ်ယူလာပြီးတော့ သင့်လျော်တဲ့ကမ္မဋ္ဌာန်းကို ပေးတယ်။ အဝတ်ပိုင်းကလေးတခုကို ရဇောဟရဏံ-မြှုအညစ်အကြေးကို ဆောင်တတ်သည်၊ ရဇောဟရဏံ-မြှုအညစ်အကြေးကို ဆောင်

တတ်သည်လို ရွတ်ဆိုပြီး လက်နဲ့ ဆုပ်နယ်နေရုန် ညှန်ကြား တော်မူတယ်၊ အဲဒီ ညှန်ကြားချက်အတိုင်း "ရဇောဟရဏံ ရဇောဟရဏံ"လို ဆိုပြီး အဝတ်ပိုင်းကို ဆုပ်နယ်နေယင်း မိမိသန္တာန်က ရုပ်နာမ်တွေရဲ့သဘောကို သိမြင်ပြီး ရဟန္တာ ဖြစ်သွားတယ်၊ အဲဒါဟာ ဘာမျှမကြာဘူး၊ အလွန်ဆုံး ၂-နာရီ ၃-နာရီလောက် ရှိမှာပေါ့။ဒီလို လွယ်လွယ်နဲ့ တရားရ သွားတာဟာ အဇ္ဈာသယနှင့် ကိုက်အောင် ဟောကြားညှန်ပြ ပေးလို့ပါဘဲ။

အရှင်သာရိပုတြာ၏ တပည့်ရဟန်းတပါးဟာလဲ အရှင် သာရိပုတြာပေးတဲ့ အသုဘကမ္မဋ္ဌာန်းကို ၄-လပတ်လုံး အား ထုတ်သော်လဲ ဘာမျှ ခရီးမရောက်ဘဲ ရှိနေသတဲ့။ ဒါနဲ့ အရှင် သာရိပုတြာက အဲဒီရဟန်းကို မြတ်စွာဘုရားထံ အပ်တယ်၊ မြတ်စွာဘုရားက ရှေပဒုမ္မာကြာပန်းကို ဖန်ဆင်းပြီး ပေးတယ်။ အဲဒီရဟန်းက ဘဝပေါင်းငါးရာတိုင်တိုင် တဆက်တည်း ရှေပန်း ထိမ်ဆရာချည်း ဖြစ်လာခဲ့သတဲ့၊ ဒါကြောင့် သူက အသန့် အပြန့်ကြိုက်နေတဲ့အတွက် အသုဘကမ္မဋ္ဌာန်းမှာ စိတ်မဝင် စားဘဲ ရှေကြာပန်းကျတော့ မြင်လျှင် မြင်ချင်း စိတ်ကြည်လင် ပြီး အဲဒီကြာပန်းကို ကြည့်ရှုနေယင်း စျာန်ကိုလဲ ရတယ်၊ အဲဒီကြာပန်းကို မြတ်စွာဘုရားက သိုးအောင် ဖန်ဆင်းလိုက် တော့ ရှေကြာပန်းသိုးတာကို မြင်ရာမှ စပြီး အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို သိမြင်သွားသတဲ့၊ အဲဒီအခါမှာ မြတ် စွာဘုရားက သင့်လျော်တဲ့ ဂါထာကလေးတပုဒ်ကို ဟောကြား တော်မူတယ်၊ ထိုဂါထာကို ကြားနာရသည့်အဆုံးမှာ အဲဒီ ရဟန်းဟာ ရဟန္တာ ဖြစ်သွားပါတယ် တဲ့။

အာရုံဆန္ဒမဇေရှိဟာ တရားအားထုတ်ယင်း အချို့မက္ခ နိုင်ဘဲ ဖြစ်နေတဲ့အတွက် အရှင်အာနန္ဒာထံမှာ သြဝါဒခံယူ တယ်။ ဒီတော့ အရှင်အာနန္ဒာက အရှင်ဆန္နကို "အရှင်ဟာ တရားကို သိထိုက်တဲ့ ဘဗ္ဗပုဂ္ဂိုလ် ဖြစ်ပါတယ်"လို့ အားပေး စကား ပြောကြားတယ်။ အဲဒီ အားပေးစကားကို ကြားရ တာနဲ့ အရှင်ဆန္နမှာ အားတက်ပြီး ပီတိပါမုဇ္ဇတွေ့ ဖြစ်သွား တယ်၊ အရှင်အာနန္ဒာဟောတဲ့ တရားကိုလဲ နာကြားပြီး တရားထူးကို ရသွားသတဲ့။ ဒါတွေ့ဟာ သင့်လျော်တဲ့ညွှန်ကြား ချက် တရားစကားကို ကြားနာရလို့ တရားထူးရသွားကြပုံတွေ့ ပါဘဲ။ ဒါကြောင့် အဋ္ဌာသယနှင့် ကိုက်ညီတဲ့တရားကို ဟော တာဟာ အလွန်ဘဲ အရေးပါအရာရောက်ပါတယ်။

ယခု ကာလမှာလဲ အချို့ကမ္မဋ္ဌာန်းဆရာတွေ့က ယောဂီ တွေ့ရဲ့ အလိုအကြိုက်ကျအောင် မဟောတတ် မပြောတတ်ဘူး၊ မသင့်တော်တဲ့စကားတွေ့ကို ပြောတတ်တယ်။ ဒါကြောင့် တချို့ယောဂီတွေ့က စိတ်ပျက်ပြီး ပြန်သွားတတ်ကြတယ်။ အချို့ ကမ္မဋ္ဌာန်းဆရာတွေ့ကတော့ ယောဂီတွေ့ရဲ့ အလို့ အကြိုက်ကို လိုက်လျောညီအောင် ပြောတတ်တယ်။ ဒါကြောင့် တချို့ယောဂီတွေ့ဟာ ရက်အနည်းငယ်လောက် မှန်းပြီးလာ ရာက တရားပြည့်စုံသည်အထိ အားတက်ပြီး အားထုတ်သွား နိုင်ကြတယ်။ အဋ္ဌာသယနှင့် လျော်အောင် ဟောနိုင်တာဟာ အင်မတန် ကျေးဇူးများပါတယ်။

မြတ်စွာဘုရားမှာတော့ သတ္တဝါတို့၏ အဋ္ဌာသယကို အကြွင်းမဲ့ သိမြင်တော်မူတဲ့အတွက် တရားဟောတော်မူယင်းပင်

တရားနာသူတို့၏ အဇ္ဈာသယကို ကြည့်ကြည့်ပြီး သင့်လျော်တဲ့တရားတွေကို ဟောကြားတော်မူပါတယ်။ ဒီတော့ "အနာနဲ့ဆေး၊ကိုက်အောင်ပေး၊ ပျောက်ရေး မခက်ပါ"ဆိုတဲ့ မြန်မာပရိဘာသာနှင့်အညီ မိမိတို့၏ အဇ္ဈာသယနှင့် လျော်တဲ့တရားကို နာကြရတဲ့အတွက်လဲ တရားနာယင်း တရားထူးကို ရရသွားကြပါတယ်။

ဒီလို အမျိုးမျိုးသော အကြောင်းတွေကြောင့် တရားနာယင်း တရားထူး ရသွားကြတာတွေကို စုပေါင်းပြီးတော့ အဋ္ဌကထာမှာ "ဒေသနာတော်၏အဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတွေ တရားထူးကို ရသွားကြတယ်"စသည်ဖြင့် ဖေါ်ပြထားတယ်လို့ မှတ်ရမယ်။

ယခုပြောခဲ့တဲ့ အတိုင်း တရားနာယင်း တရားထူးရသွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက အများကြီးဘဲ ရှိပါတယ်၊တရားအားထုတ်ယင်း တရားရသွားကြတာတွေလဲ အများကြီးဘဲ ရှိပါတယ်။ အဲဒီလို တရားထူးရသွားကြတာတွေဟာ လူဝတ်ကြောင်ပုဂ္ဂိုလ်တွေလဲ အများကြီးပါဘဲ၊သောတာပန်ဖြစ်သွားကြတဲ့ဥပါသကာ ဥပါသိကာမတွေလဲ အများကြီးပါဘဲ၊ သကဒါဂါမ် ဖြစ်သူတွေလဲ မနည်းလှပါဘူး။ အနာဂါမ် ဖြစ်တဲ့သူတွေလဲ ရှိတာဘဲ။ ရဟန္တာဖြစ်ပြီး လူဝတ်နှင့် ပရိနိဗ္ဗာန်ပြုသွားတဲ့ ပုဂ္ဂိုလ်တွေတောင် ရှိပါသေးတယ်။ အနာဂါမ်ပုဂ္ဂိုလ်တွေကတော့ သုဒ္ဓါဝါသဗြဟ္မာ့ဘုံမှာ ဖြစ်ကြတယ်။ သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်တွေကတော့ တချို့က စတုမဟာရာဇ်နတ်ပြည်မှာ ဖြစ်နေ

ကြတယ်၊ တချို့က တဝတိံသာနတ်ပြည်မှာ ဖြစ်နေကြတယ်။ တချို့က ယာမာနတ်ပြည်မှာ တချို့က တုသိတာနတ်ပြည်မှာ တချို့က နိမ္မာနရတိနတ်ပြည်မှာ တချို့က ပရနိမ္မိတဝသဝတ္တီနတ်ပြည်မှာ ဖြစ်နေကြတယ်။ နတ်ပြည် ၈-ထပ်မှာ ဘုရားလက်ထက်တော် ကာလက အရိယာ ဒကာ, ဒကာမတွေ အများကြီး ရှိနေကြပါတယ်။

ယခု တရားနာနေကြတဲ့ ပရိသတ်ထဲမှာလဲ ဘုရား ၄ က် ထက်ကပုဂ္ဂိုလ်တွေလို ပါရမီထူးသူ တဦးတလေတော့ ပါချင်လဲ ပါမယ်၊ ရှေးရှေး ရက်တွေ လတွေက အားထုတ်လာလို့ ဤဇွန်ရှင့်ကျက်နေတဲ့ သူလဲ တဦးတလေတော့ ပါနိုင်ပါတယ်၊ အဲဒီလို တဦးတလေကတော့ ယခု တရားနာနေယင်းလဲ တရားထူး ရနိုင်စရာအကြောင်း ရှိပါတယ်။ ဒီလို မရတောင်မှ အားထုတ်ဆဲပုဂ္ဂိုလ်တွေမှာ အားတက်ပြီး ကြိုးစားအားထုတ်တာနဲ့ မကြာခင်ဘဲ တရားထူးကို ရသွားနိုင်ပါတယ်။ အားမထုတ်ဘူးသေးတဲ့ သူတွေမှာလဲ တရားအားထုတ်ဘို့ နည်းမှန်လမ်းမှန်ကို ရတဲ့အတွက် အခွင့်သင့်တဲ့အခါမှာ အားထုတ်ပြီး တရားထူးကို ရသွားနိုင်ပါတယ်။ အဲဒီလို တရားထူးကို ရသွားတဲ့ သူတွေဘဲ ဖြစ်ဖြစ်၊ ယခုလို တရားနာပြီး ကုသိုလ်ကောင်းမှုတွေကိုပြုနေတဲ့သူတွေဘဲ ဖြစ်ဖြစ်၊ ဒီလိုပုဂ္ဂိုလ်တွေ အားလုံးဟာ ယခုဘဝက စုတိပြတ်ကြွေ သေကြရတဲ့အခါ နတ်ပြည် ၆-ထပ်မှာ အလိုရှိရာ ရောက်သွားကြမယ်၊ အဲဒီနတ်ပြည်ရောက်သွားဟဲ့အခါမှာ ဘုရားလက်ထက်က ရောက်နေနှင့်ကြတဲ့ အရိယာနတ်တွေနဲ့ တွေ့ကြမှာပေါ့။ အနာထပိဏ်, ဝိသာခါ အစရှိတဲ့ နတ်သား နတ်သီးတွေနဲ့ တွေ့ကြမယ်၊ တွေ့တဲ့အခါ

ကျတော့ မြတ်စွာဘုရားထံမှ သူတို့ နာကြား အားထုတ်လာခဲ့တဲ့ တရားတွေကို မေးမြန်း ဆွေးနွေးနိုင်ကြပါလိမ့်မယ်၊ အဲဒီလို နတ်ပြည်လောကမှာ သူတော်ကောင်းတွေ အချင်းချင်း တရားဆွေးနွေးရတာဟာ အင်မတန်ကို ကြည်နူးစရာကောင်းမှာဘဲ။

ဒါပေမယ့် ယခုတရားနာပရိသတ်ထဲက "နတ်ပြည်တော့ မရောက်ချင်ပါဘူး၊ ကိုယ့်လူ့ပြည်လောကမှာဘဲ ဖြစ်ချင်ပါတယ်"ဆိုယင်၊ မိမိတို့အလိုရှိတဲ့အတိုင်း လူ့ပြည်မှာဘဲ ဖြစ်နိုင်ပါတယ်။ ဒီလို ပြောရတာကလဲ တခြားကြောင့် မဟုတ်ဘူး၊ တချို့က ကိုယ့်ရပ်ရွာ ကိုယ့်ဒေသမှာဘဲ ဖြစ်ချင်တတ်ကြတဲ့ အတွက် ပြောရတာဘဲ။

တရုပ်ဒကာကြီးတဦး၀ယ်၊

တချိန်တုန်းက (တချိန်ဆိုတာ လွန်ခဲ့တဲ့ ၂၅-နှစ် အနှစ် ၃၀-လောက်ကပါဘဲ၊ အဲဒီတုန်းက) မော်လမြိုင်မှာ တရုပ်ဒကာကြီး တဦးက သူ့အိမ်ကို ပင့်ပြီး သံဃာတော်တွေကို ဆွမ်းကျွေးလှူဒါန်းတယ်၊ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါမှာ နာယကဆရာတော်ကြီးက ဆွမ်းအနုမောဒနာတရား ဟောတယ်၊ ဆွမ်းအလှူဒါနကုသိုလ်ကြောင့် လူ့ပြည်မှာဘဲ ဖြစ်ဖြစ်, နတ်ပြည်မှာဘဲ ဖြစ်ဖြစ် အသက်ရှည်ခြင်း, အဆင်းလှခြင်း, ခွန်အားကြီးခြင်း, ချမ်းသာများခြင်း, ပညာကြီးခြင်း, အခြေအရံများခြင်း အစရှိတဲ့ ကောင်းကျိုးချမ်းသာတွေကို ရသွားမည် ဖြစ်ကြောင်း၊ စတုမဟာရာဇ် နတ်ပြည်လဲ ရောက်နိုင်တယ်၊ တာဝတိံသာနတ်ပြည်လဲ ရောက်နိုင်တယ်၊ နတ်ပြည်ဆိုတာ

ကိုယ်ရောင်ကိုယ်ဝါတွေနဲ့ တောက်ပပြီး ဘုံငိုမာန်တွေနဲ့ ဥယျာဉ် ရေကန်တွေနဲ့ အင်မတန်ပျော်စရာကောင်းကြောင်း စသည်ဖြင့် ဟောကြားတယ်။ ဒီလိုဟောပြီးတော့ ဆရာတော်ကြီးက ဆွမ်းဒကာ တရုပ်ကြီးကို "ဘယ့်နှယ်လဲ ဒကာကြီး နတ်ပြည်မျှား မရောက်ချင်ဘူးလား" လို့ မေးတယ်။

ဒီတော့ ဆွမ်းဒကာ တရုပ် ကြီးက ပြန်လျှောက်တယ် "တပည့်တော်က နတ်ပြည်ကို မရောက်ချင်ဘူး ဘုရား" တဲ့။ ဒီတော့ ဆရာတော်ကြီးက အံ့အားသင့်ပြီး "ဟင်....ဒကာကြီးက နတ်ပြည်ကို မရောက်ချင်ယင် ဘယ်မျှား ရောက်ချင်တုံး" လို့ ထပ်ပြီး မေးမြန်းပြန်တယ်။ "တပည့်တော်က ဘယ်မှ မရောက်ချင်ပါဘူး၊ ကိုယ့်အိမ်နဲ့ ကိုယ့်ဝင်း ကိုယ့်ခြံနဲ့ ဒီမှာဘဲ ဖြစ်ချင်ပါတယ်" လို့ တရုပ် ဒကာကြီးက ပြန်လျှောက်တယ်။ ဒီတော့ ဆရာတော်ကြီးက "အင်း .... ဒီလိုဆိုယင် ဒကာကြီးအလို ရှိတဲ့ အတိုင်း ဒီဝင်း ဒီခြံထဲ ဖြစ်မှာပါဘဲ" လို့ နှိုးဆွပ်လိုက်ပါတယ်၊ အဲဒါဟာ သူ့အစ္စာသယလိုက်ပြီး အနုမောနာ ပြုလိုက်တာပါဘဲ။ ဒါပေမယ့် အဲဒီလို ဟောတာဟာ မှန်လဲ မှန်ပါတယ်၊ ကုသိုလ်ရှိတဲ့သူဟာ ကိုယ်ဖြစ်ချင်ရာမှာ ဖြစ်နိုင်ပါတယ်။ ဆွမ်းဒကာက သူ့ခြံထဲမှာ ဖြစ်ချင်ယင် သူ့ကုသိုလ်က သူ့ခြံထဲမှာဘဲ ပစ်ချပေးမှာပေါ့။

"ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ" တဲ့(အံ ၃-၂၁)

ဘိက္ခဝေ၊ ရဟန်းတို့။ သီလဝတော၊ သီလရှိသော သူ၏။ စေတောပဏိဓိ၊ စိတ်ကို ဆောက်တည်ထားခြင်း တောင့်တ

ခြင်းသည်။ ဣဋ္ဌတိ၊ တောင့်တသည့်အတိုင်းပင် ပြည့်စုံတတ်ပါတယ် တဲ့။

ကိုယ်က ဒီလို ဖြစ်ချင်ယင် ဒီလို ဖြစ်မယ်၊ ဟိုလို ဖြစ်ချင်ယင်လဲ ဟိုလိုဘဲ ဖြစ်မယ်၊ ကိုယ်အလိုရှိတဲ့အတိုင်း ပြီးစီးပြည့်စုံနိုင်ပါတယ် တဲ့။ ဘာကြောင့်လဲ ဆိုယင်၊ **ဓိသုဒ္ဓတ္တာ၊ သီလစင်ကြယ်လို့**ပါဘဲ တဲ့။ သီလစင်ကြယ်ဘို့ကလဲ လိုပါသေးတယ်၊ သီလ မစင်ကြယ်ယင်တော့ ကိုယ်အလိုရှိတဲ့အတိုင်းချည်း ဖြစ်လိမ့်မယ်လို့ စိတ်မချရသေးဘူး၊ သီလကလဲ စင်ကြယ်နေယင်တော့ စိတ်ချရပါတယ်။

ဒါကြောင့် ယခု တရားနာပရိတ်သတ်တွေမှာ သီလကလဲ အထူးစင်ကြယ်နေတယ်၊ ဒီလို သင်းကြန်တွင်း ကာလကြီးဆိုတာ ဗမာပြည်မှာ ဗမာ့ထုံးစံ အတိုင်း အင်မတန်ပျော်နေနေကြတဲ့ ကာလကြီးဘဲ၊ အထူးအားဖြင့် ဆိုတော့ ဒီ ရန်ကုန်မြို့ကြီးမှာ လူငယ် သူငယ်တွေဟာ အပျော်ကြဆုံးပါဘဲ။ ဒီလို သူများတွေက အပျော်ကြီး ပျော်နေကြတဲ့ အခါကာလထဲမှာ ဘဲဒီအပျော်တွေကို စိတ်မဝင်စားဘဲ စွန့်လွှတ်ပြီးတော့ ကုသိုလ်ကောင်းမှုတွေ သူတော်ကောင်း တရားတွေမှာသာ စိတ်ဝင်စားလို့ တချို့က ရှင်ရဟန်းပြုပြီး တရားအားထုတ်နေကြတယ်၊ ဘချို့ကလဲ ဥပုသ်သီတင်းသီလ ဆောက်တည်ပြီး ဟရားအားထုတ်နေကြတယ်၊ ဒါကြောင့် ယခု တရားနာနေကြတဲ့ ပုဂ္ဂိုလ်တွေမှာသီလက အထူးစင်ကြယ်နေပါတယ်။ ဒီလို သီလက အထူး စင်ကြယ်နေတဲ့ အတွက် ဒီပုဂ္ဂိုလ်တွေဟာ နတ်ပြည်မှာ ဖြစ်ချင်ယင် မိမိတို့ အလိုရှိတဲ့အတိုင်း နတ်ပြည်မှာ ဖြစ်ကြ

မယ်၊ လူ့ပြည်တွင်ဘဲ ဖြစ်ချင်လို့ရှိရင်လဲ လူ့ပြည်တွင်ဘဲ ဖြစ်ကြမယ်။ဗမာပြည်တွင်ဘဲ ဖြစ်ချင်ယင် ဗမာပြည်တွင်ဘဲ ဖြစ်ကြမယ်။ ဒီနေရာမှာ ကုသိုလ် အကျိုးပေးပုံနှင့် စပ်ပြီး ဘုန်းကြီးက စိုးရိမ်တာ တခုရှိတယ်။

ဗမာတွေနိုင်ငံခြားဖြစ်မှာ စိုးရိမ်တယ်

အဲဒါက ဘာလဲဆိုယင်-ယခုနေ အခါမှာ ဟို ဥရောပ, အမေရိက အစရှိတဲ့ အခြားနိုင်ငံတွေက တိုးတက်ထွန်းကားနေတယ်၊ ဗမာနိုင်ငံက ကောင်းမှုရှင်ဘေ့က အဲဒီ အခြားနိုင်ငံတွေ စိတ်ညှတ်ပြီး အဲဒီနိုင်ငံတွေ သွား ဖြစ်ကုန်မှာ ဘုန်းကြီးက စိုးရိမ်မိတယ်၊ အဲဒီလို ဖြစ်နေကြတယ်လို့လဲ ဘုန်းကြီးက ယူဆထားတယ်။ တချို့က မေးကြတယ် "ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေဟာ ကုသိုလ်ကောင်းမှုတွေကို ပြုနေကြပါလျက်နဲ့ ဗုဒ္ဓဘာသာနိုင်ငံဟာ ဘာကြောင့် မတိုးတက်မကြီးပွါးရသလဲ" လို့ မေးကြတယ်။ သူတို့က "ဗမာပြည်က သေယင် ဗမာပြည်မှာဘဲ ဖြစ်တယ်" လို့ ဒီလို ထင်နေကြပုံရပါတယ်။ အမှန်ကတော့ အဲဒီလိုမှ မဟုတ်ဘဲ၊ ကုသိုလ်ကံနှင့် ပြည့်စုံနေတဲ့ သူဟာ သူ အလိုရှိယင် ဘယ်မှာ မဆို ဖြစ်နိုင်တာချည်းဘဲ။ဗမာပြည်ကကုသိုလ်ကံရှိနေတဲ့ ပုဂ္ဂိုလ်တွေဟာ တိုးတက် ကြီးပွါးနေတဲ့ ဟိုနိုင်ငံတွေမှာ ဖြစ်ချင်ယင် အဲဒီနိုင်ငံတွေမှာ သွားပြီး ဖြစ်နိုင်ပါတယ်။

ဒါကြောင့် အခြားနိုင်ငံတွေက ယခုနေအခါမှာ ကြီးကျယ်ခမ်းနားနေတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ ဒီဗမာပြည်က ဗုဒ္ဓဘာသာဝင် ကောင်းမှုရှင်တွေလဲ ဖြစ်နိုင်တာဘဲ။ ဗမာပြည်က ယခုနေအခါမှာ သန့်ရှင်း စင်ကြယ်တဲ့ ကောင်းမှု အကြီး အကျယ်တွေ

ကို ပြုလုပ်နေတဲ့ ပုဂ္ဂိုလ်တွေ အလွန်ဘဲ များပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေမှာ သူတို့ပြုထားတဲ့ ကုသိုလ်အားလျော်စွာ အကြီးအကျယ် အကျိုးပေးခွင့်ရအောင် သူတို့ရဲ့ မိဘဖြစ်မည့် သူတွေဟာလဲ အင်မတန် ပေါများပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ရလိမ့်မယ်။ ဗမာပြည်မှာတော့ ဒီလို ပေါများပြည့်စုံတဲ့ ပုဂ္ဂိုလ်ဦးရေက တယ်များများ မရှိဘူး၊ အခြားနိုင်ငံတွေမှာမှ ဒီလိုပုဂ္ဂိုလ်တွေက များတယ်။ ဒီတော့ ဗမာပြည်က မိဘလောင်းတွေ မလုံလောက်တာကြောင့်လဲဘဲ ဗမာပြည်က ကောင်းမှုရှင်တွေဟာ တခြားနိုင်ငံ ရောက်သွားဘို့ရာ အကြောင်း ရှိနေပါတယ်။ အဲဒီလို တနည်းနည်းဖြင့် နိုင်ငံခြား ဘာသာခြားတွေထဲမှာ သွားဖြစ်တယ်ဆိုယင် ယခုဘဝက ဗုဒ္ဓဘာသာဝင် သူတော်စင်ကြီး ဖြစ်နေပေမယ်လို့၊ ဘုရားဒါယကာ ကျောင်းဒါယကာကြီး ဖြစ်နေပေမယ်လို့ အဲဒီဘာသာခြားတွေထဲ သွားဖြစ်တဲ့သူက ပုထုဇဉ်ဘဝနဲ့ဆိုယင် အဲဒီက မိဘအသစ်တွေရဲ့ ဘာသာအသစ်ကို လက်ခံယုံကြည်သွားမှာဘဲ၊ လက်မခံဘဲနဲ့ ဖြစ်နိုင်ပါမည်လား။ အဲဒါဟာ အလွန်ဘဲ အရေးကြီးပါတယ်။

သဒ္ဓါတရားနိုင်မြို့လိုတယ်

ဒါကြောင့် အဲဒီလို ဘာသာတရားတွေ ပျက်မသွားရအောင် ဗုဒ္ဓဘာသာတရားတွေကို နက်နက်နဲနဲသိနေတဲ့ ယခုနေအခါကတည်းက သဒ္ဓါတရားခိုင်မြဲအောင်အားထုတ်ထားဘို့ လိုပါတယ်၊ ဘုရား၌ ယုံကြည်တဲ့သဒ္ဓါတရား, တရား၌ ယုံကြည်တဲ့သဒ္ဓါတရား, သံဃာ၌ ယုံကြည်တဲ့သဒ္ဓါတရား- ဒီရတနာ ၃-ပါးမှာ ယုံကြည်တဲ့သဒ္ဓါတရားတွေ မပျက်နိုင်အောင်,မပျက်

နှိုင်တဲ့အဆင့်အတန်း ရောက်အောင် အားထုတ်ဘို့ အလွန်ဘဲ အရေးကြီးပါတယ်။ အဲဒီ မပျက်နိုင်တဲ့အဆင့်အတန်း ဆိုတာ၊ ကလဲ သောတာပန်ဖြစ်မှ ပြည့်စုံတယ်၊ ယခုဘဝက တရား အားထုတ်လို့ မဂ် ဖိုလ် နိဗ္ဗာန် တရားကို သိမြင်ပြီး သောတာပန် ဖြစ်သွားယင်တော့ ရတနာ ၃-ပါးကို ယုံကြည်တဲ့သဒ္ဓါတရားက မပျက်တော့ဘူး၊ အဲဒီလို ဆိုယင်တော့ ဘယ်နှိုင်ငံ ရောက်ရောက်, ဘယ်လူမျိုးထဲမှာ ဖြစ်ဖြစ် ကိစ္စမရှိဘူး၊ စိတ်ချရပါပြီ။ ယခု ပြောနေတဲ့ သတိပေးစကားတွေကတော့ ကုသိုလ်ရှိတဲ့ပုဂ္ဂိုလ်တွေမှာ ဖြစ်ချင်ရာ ဖြစ်နိုင်တဲ့အတွက် တို့ ဒကာ ဒကာမတွေ တခြား ရောက်သွားယင် အင်မတန် ရခဲတဲ့ ဗုဒ္ဓဘာသာဝင်အဖြစ်မှ ဆုံးရှုံးသွားမှာကို စိုးရိမ်လို့ အထူး သတိပေးနေတာတွေပါဘဲ။

ယခုနေအခါ လူ့ပြည်မှာ ထပ်ဖြစ်ဘို့ရာတော့ တယ် မကောင်းလှပါဘူး။ အသက်ကလဲ တိုတယ်၊ အနာရောဂါ တွေကလဲ များတယ်၊ ဝါဒတွေကလဲ ရှုပ်ထွေးတယ်၊ ဘေးရန် အန္တရာယ်တွေကလဲ များတယ်၊ဒါကြောင့် "လူ့ပြည်မှာတော့ မဖြစ်ချင်ပါဘူး၊ နတ်ပြည်မှာဘဲ ဖြစ်ချင်ပါတယ်" လို့ဆိုယင်တော့ တို့ဒကာ ဒကာမတွေဟာ နတ်ပြည်မှာ ဖြစ်ကြမှာပါဘဲ။ စတုမဟာရာဇ်မှာလဲ ဖြစ်နိုင်တယ်၊ တာဝတိံသာ ယာမာ စသည်မှာလဲ ဖြစ်နိုင်တယ်၊ ဟုတ်လား။ အဲဒါဟာ မဂ်ဖိုလ် မရသေးပေမယ့် မိမိတို့ ပြုထားတဲ့ ဒါန သီလကုသိုလ်တွေ့ရဲ့ အစွမ်းကြောင့် မိမိတို့အလိုရှိရာ ဖြစ်နိုင်ပါတယ်၊ မဂ်ဖိုလ် ရတဲ့ ပုဂ္ဂိုလ်အတွက်တော့ အထူးပြောစရာ မလိုပါဘူး။

"နတ်ပြည်" ဆိုတာ သိပ်ပြီးတော့ ထူးဆန်းလှတာလဲ မဟုတ်ပါဘူး၊ ရောက်နိုင်ကြပါတယ်။ ရာဇဂြိုဟ်မြို့က ဇီဝကဆိုတဲ့ လူတယောက်ဟာ ဆွမ်းတဇွန်းမျှ လောင်းတာ လှူတာနဲ့ ဖောဝင် ဗာဝတိံသာနတ်ပြည် ရောက်သေးတာဘဲ၊ ယခု ဗမာပြည်က တို့ဒကာ ဒကာမတွေမှာ ကုသိုလ်ကောင်းမှုတွေက အများကြီး ရှိနေကြတာဘဲ၊ ဆွမ်းတဇွန်း ဘယ်ကမလဲ၊ ပေးလှူလိုက်ကြတဲ့ ဒါနကုသိုလ်တွေ မနဲဘူး၊ မနဲဘူး၊ အများကြီး ရှိနေကြတာဘဲ။ သီလဘက်က ဆိုလျှင် တချို့မှာ ခဏတဖြုတ် လောက် ဆောက်တည်တာနဲ့တောင် နတ်ပြည် ရောက်ကြသေးတာဘဲ၊ နေ့ဝက်လောက် ဥပုသ်စောင့်တာနဲ့တောင်မှ နတ်ပြည်လောက ဖြစ်သေးတာဘဲ၊ ယခု တို့ဒကာ ဒကာမတွေမှာ ဥပုသ်သီတင်းသီလတွေ ဆိုယင်လဲ အများကြီးဘဲ စောင့်သုံးနေကြတယ်၊ ဝိပဿနာ ဘာဝနာတရားကိုလဲ အများကြီးဘဲ ပွါးများနေကြတယ်၊ ဒီတော့ နတ်ပြည်ရောက်ချင်ယင် လွယ်လွယ်ကလေးနဲ့ ရောက်မှာပေါ့၊ ဘာ့ကြောင့် မရောက်ဘဲ ရှိရမလဲ။ ဒါကြောင့် တို့ဒကာ ဒကာမတွေဟာ နတ်ပြည်ရောက်ချင်ယင် ရောက်ဘို့ကတော့ သေချာနေပါပြီ။ အဲဒီကို ရောက်သွားတဲ့အခါမှာ နတ်ပြည်မှာ ရောက်နေနှင့်တဲ့ အရိယာနတ်တွေကို "မြတ်စွာဘုရားဟောတဲ့ တရားကို ဘယ်လို နာခဲ့ရသလဲ၊ ဘယ်လို တရားတွေကို အားထုတ်လာခဲ့သလဲ" ဆိုတာ မေးမြန်းစုံစမ်းကြည့်ကြပေါ့။ အဲဒီလို မေးမြန်းပြီးတော့ မိမိတို့ သိလာတဲ့တရားနဲ့ နှိုးနှောဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးကြည့်ဘို့ရာ ယခုကကတည်းက မှာကြားထားလိုက်ပါတယ်။

ဥပေါသထာနတ်သမီးဝတ္ထု

မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက သာကေတ မြို့မှာ ဥပေါသထာ ဆိုတဲ့ အမျိုးသမီး တယောက် ရှိတယ်။ သာကေတမြို့ ဆိုတာ ဣန္ဒိယပြည်အလယ်ပိုင်း ကောသလ တိုင်းထဲမှာ ရှိတယ်။ ဟိုတုန်းက ဧတဝန်ကျောင်းတော်၏ တည်ရာ သာဝတ္ထိမြို့တော်ကြီး၏ လက်တက်မြို့ တခုပေါ့။ သာဝတ္ထိနဲ့ ၆-ယူဇနာ ဝေးကွာတယ်လို့ ဆိုတယ်၊ တယူဇနာမှာ ရှစ်မိုင်လောက် ရှိတယ်လို့ ယခုခေတ် သုတေသနပညာရှိတွေက ခန့်မှန်းထားကြတယ်၊ အဲဒီလို ခန့်မှန်းကြတာကလဲ အဋ္ဌကထာများမှာ ပြထားတဲ့ ရွှေဝေါဟာရ ယူဇနာတွေကို ယခုလက်တွေ့ တိုင်းထွာပြီး ကြည့်တဲ့အခါမှာ ရှစ်မိုင်လောက်ပဲ ရှိတာကို အများအားဖြင့် တွေ့ရလို့ ခန့်မှန်းထားကြတာပါ ဘဲ။ ဒါကြောင့် ရှစ်မိုင် ၆-လီဆိုတော့ လေးဆယ့်ရှစ်မိုင် လောက် ရှိမှာပေါ့။ အဲဒီ သာကေတမြို့ကို အယုဇ္ဈ(အယောဓျ) လို့လဲ ခေါ်တယ်၊ အဲဒီမြို့ဟာ ဝိသာခါ၏ ဘခင် ဓနဉ္ဇယ သူဋ္ဌေးကြီး၏ နေရာမြို့လဲ ဖြစ်တယ်။

အဲဒီ သာကေတမြို့မှာ ဥပေါသထာ ခေါ်တဲ့ အမျိုးသမီး ဟာ မြတ်စွာဘုရားဟောတော်မူတဲ့ တရားတော်တွေကို ကျင့် သုံးပြီးတော့ သောတာပန် ဖြစ်သွားတယ်၊ ယခု တရား အားထုတ်ကြတဲ့ ဒကာ ဒကာမတွေလိုဘဲ ဖြစ်မှာပေါ့၊ဟိုတုန်း ကလဲ တရားက ဒီလို အားထုတ်ရတာပါဘဲ။ သူ့ကျင့်စဉ်တွေ့ ကိုတော့ သူ့ဟာသူဘဲ ဖေါ်ပြထားပါတယ်၊ နောက်ပိုင်းကျ တော့ ကြားရပါလိမ့်မယ်။ အဲဒီ အမျိုးသမီးဟာ အသက်တမ်း အတိုင်းနေပြီး စုတေသွားတဲ့အခါ တာဝတိံသာနတ်ပြည်ကို

ရောက်သွားပါတယ် တဲ့။ အဲဒီမှာ ကြီးကျယ်ခမ်းနားတဲ့ နတ်ဗိမာန်ကြီးနဲ့တင့်တင့်တယ်တယ်ကြီး ဖြစ်နေပါတယ် တဲ့။ တနေ့သောအခါမှာ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်က တာဝတိံသာနတ်ပြည် ခရီးဒေသစာရီ ကြွချီတော်မူယင်း အဲဒီနတ်သမီးကို တွေ့လာခဲ့တယ်။ ဟိုတုန်းက မထေရ်မြတ်တွေမှာ အဘိညာဉ်တန်းခိုးတွေနဲ့ ပြည့်စုံတော့ တယ် နေရာကျတယ်၊ နတ်ပြည်ကို ကိုယ်တိုင် သွားရောက်ပြီးတော့လဲ ကြည့်ရှုနိုင်တယ်၊ ကိုယ်တိုင်မသွားဘဲ ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ လူ့ပြည်ကနေပြီး ကြည့်ယင်လဲ နတ်တွေကို မြင်နိုင်တယ်၊ ဒိဗ္ဗသောတအဘိညာဉ်နဲ့ နတ်တို့၏ အသံကိုလဲ ကြားနိုင်တယ်၊ တယ် နေရာကျတာဘဲ။

ယခုနေ အခါမှာတော့ ဒီလို အဘိညာဉ်ရပုဂ္ဂိုလ်ရယ်လို့ ထင်ထင်ရှားရှား မရှိတဲ့ အတွက် နတ်ပြည်လောကကို သွားလဲ မသွားနိုင်ကြဘူး၊ တနည်းနည်းနဲ့ သွားနိုင်လို့ ရောက်သွားတောင် ဟိုက နတ်တွေကို မြင်နိုင်ကြမှာလဲ မဟုတ်ဘူး။ ဟို အထက်နတ်ပြည်က နတ်တွေကို မပြောနဲ့ဦးတော့ လူ့ပြည်တွင်ဘဲရှိတဲ့ ရုက္ခဇိုးတွေ ဥစ္စာစောင့်တွေကိုတောင် မမြင်နိုင်ဘဲ ရှိနေကြတာဘဲ။ ဟိုတုန်းက အဘိညာဉ်ရပုဂ္ဂိုလ်တွေကတော့ ဘယ်ကနေ ကြည့်ကြည့် နတ်တွေကို အဘိညာဉ်မျက်စိနဲ့ မြင်နိုင်တယ်၊ နတ်တွေပြောဆိုနေကြတဲ့ စကားသံကိုလဲ အဘိညာဉ်နားနဲ့ ကြားနိုင်တယ်၊ ယခုကာလလို ရေဒီယိုတွေ တယ်လီဖုံးတွေ ဝါယာလက်တွေ ဘာမှ မလိုဘူး၊ ကိုယ်တိုင် သွားကြည့်ချင်ယင်လဲ စိတ်ညွတ်လိုက်တာနဲ့ တခဏကလေးအတွင်းမှာဘဲ လိုရာကို ရောက်သွားတယ်။ ယာဉ်

ရထားတွေ လေယာဉ်ပျံတွေ ဒုံးပျံတွေ ဘာမှ မလိုဘူး၊ တယ် လွယ်ကူတာဘဲ။

ဒါကြောင့် အရှင်မဟာမောဂ္ဂလာန်ဟာ အဘိညာဉ်တန်ခိုးနဲ့ နတ်ပြည်ကို မကြာမကြာ ကူသွားလေ့ရှိပါတယ်၊ ဒီလို ကူ သွားတာကလဲ တခြားကြောင့် မဟုတ်ပါဘူး၊ သူကိုယ်တိုင် မျက် မြင်ကြည့်ရှုပြီးတော့ မည်သည့်နတ်သား နတ်သမီးဟာ ဘယ်လို ကုသိုလ်တွေကို ပြုခဲ့လို့ နတ်ပြည်ရောက်ပြီး ဘယ်လိုစည်းစိမ် ချမ်းသာတွေကို ခံစားနေရတယ် ဆိုတာကို သက်သေခံအဖြာ်ဖြာ လိုချင်လို့ သွားတာပါဘဲ။ ဒီလို မသွားဘဲ လူ့ပြည်ကနေပြီး ဆင်ခြင်ရုံနဲ့လဲ သိတော့ သိနိုင်ပါတယ်၊ ဒါပေမယ့် ကိုယ့်ဟာ ကိုယ် သိရုံနဲ့ ပြောတာကတော့ တယ်ပြီး မခိုင်မာလှဘူး၊ ဟိုက နတ်တွေကိုယ်တိုင်က ပြောလိုက်ပါတယ် ဆိုတဲ့ သက်သေခံနဲ့ ပြောတာကမှ ပိုပြီး ခိုင်လဲ့ ခိုင်မာတယ်၊ လူအများမှာလဲ သဒ္ဓါတရား တိုးပွါးတက်ကြစေနိုင်တယ်။

ဒါကြောင့် မိမိပြောတဲ့စကားကို လူတွေက လေးလေး စားစား ယုံကြည်ပြီး သဒ္ဓါတရား တိုးပွါးသွားအောင်လို့ အရှင်မဟာမောဂ္ဂလာန်က နတ်ပြည်လောကကို ဒေသစာရီ ကြွချီတော်မူပါတယ် တဲ့။ အဲဒီလို ကြွချီတော်မူတဲ့အခါမှာ ခုနက ပြောခဲ့တဲ့ ဥပေါသထာ နတ်သမီးကလေး၏ ဘုံဗိမာန် အနီးကို ရောက်သွားတော့ အဲဒီနတ်သမီးလေးက ဘုံဗိမာန် ပေါ်က ဆင်းပြီးတော့ အရှင်မဟာမောဂ္ဂလာန်ကို ရိုသေစွာ ရှိခိုးပြီး ရပ်တည်နေပါတယ် တဲ့၊ အဲဒီတော့ အရှင်မဟာ မောဂ္ဂလာန် မထေရ်က ဒီလို မေးတော်မူပါတယ်။

နတ်သမီးကလေး၊ သင့်ကိုယ်က အရောင်အဝါတွေဟာ သောကြာကြယ်က အရောင်တွေလိုဘဲ အလွန် တောက်ပ တင့်တယ်ပါပေတယ်၊ ဒီလို အဆင်းအရောင်တွေနဲ့ ဒီလို နတ်စည်းစိမ်တွေကို ရတာဟာ ဘယ်လို ကုသိုလ်ကောင်းမှုကြောင့်ပါလဲ လို့ မေးတော်မူပါတယ်။ ဒီတော့ နတ်သမီးကလေးက ဖြေကြား လျှောက်ထားပါတယ်။

တပည့်တော်မဟာ ရှေးဘဝတုန်းက လူ့ပြည်လောကမှာ ကောသလတိုင်းထဲက **သာဂေတ** ခေါ်တဲ့မြို့မှာ အမျိုးသမီးတဦး ဖြစ်ခဲ့ပါတယ်၊ အမည်ကတော့ **ဥပေါသထာ**လို့ ခေါ်ပါတယ်၊ တပည့်တော်မဟာ တရားတော်တွေကို ကြားနာပြီးတော့ မြတ်စွာဘုရား၏ သာသနာတော်မှာ ယုံကြည်တဲ့ကြည်ညိုတဲ့ သဒ္ဓါတရားနဲ့လဲ ပြည့်စုံခဲ့ပါတယ်၊ ဘုရား တရား သံဃာ ရတနာမြတ် ၃-ပါးကို ကိုးကွယ် ဆည်းကပ်ပြီး **သရဏဂုံ**တည်တဲ့ **ဥပါသိကာမ** ဖြစ်ခဲ့ပါတယ် တဲ့။

သဒ္ဓါ၊ ယုံကြည်မှု ကြည်ညိုမှု သဒ္ဓါတရားနှင့် ပြည့်စုံသော။ ဥပါသိကာ၊ ရတနာ ၃-ရပ်ကို ဆည်းကပ် ကိုးကွယ်သော ဥပါသိကာမသည်။ အာသီ၊ ဖြစ်ခဲ့ပါသည် အရှင်ဘုရား တဲ့။

သရဏဂုံဆောက်တည်ပုံ

ဘုရား တရား သံဃာ ရတနာမြတ် ၃-ပါးကို ဆည်းကပ် ကိုးကွယ်တာကို **သရဏဂုံ** လို့ ခေါ်တယ်။ ယခု "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" လို့ ဆိုရတာတွေဟာ သရဏဂုံတွေပါဘဲ။ အဲဒီ ၃-ပုဒ်ထဲက "ဗုဒ္ဓံ

သရဏံ ဂစ္ဆာမိ-မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါတယ်''လို့ ဆိုဘဲ့စကားရဲ့ အဓိပ္ပါယ်ကတော့-''မြတ်စွာဘုရားဟာ တရားအလုံးစုံကို အကုန် သိတော်မူတယ်၊ အိုခြင်းနာခြင်း သေခြင်းအစရှိသော ဆင်းရဲခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်တရားကို ကိုယ်တိုင်တွေ့ပြီးတော့ အဲဒီ နိဗ္ဗာန်ချမ်းသာကို သတ္တဝါအများ ရရှိခံစားနိုင်အောင်လို့ တရားတော်တွေကို ဟောကြားတော်မူတယ်၊ မြတ်စွာဘုရား ဟောတဲ့အတိုင်း လိုက်နာပြီး အတိုင်း လိုက်နာပြီး ကျင့်ယင် အပါယ် ၄-ပါးမှ လွတ်မြောက်သွားမယ်၊ ဆင်းရဲခပ်သိမ်းမှလဲ လွတ်မြောက်သွားမယ်''လို့ ဒီလို ယုံကြည်ပြီးတော့ မြတ်စွာဘုရားကို အားကိုးပါတယ်လို့ ဆိုလိုပါတယ်။

ယခုကာလမှာ နေမကောင်း မကျန်းမမာ ဖြစ်တဲ့အခါ ဆေးဆရာများ အားကိုးရသလိုပါဘဲ။ ''ဒီ ဒေါက်တာ ဆရာဝန်ကြီးဟာ, ဆေးဆရာကြီးဟာ ဆေးပညာမှာ ကောင်းကောင်းတတ်ကျွမ်းတယ်၊ ဒီ ဆရာကြီးကို ပင့်ဆောင်ပြီး အပ်နှံရ ကိုးကွယ်ရယင် မိမိတို့ရောဂါဟာ ပျောက်ကင်းသွားမယ်'' လို့ ဒီလို ယုံကြည်ပြီးတော့ အားကိုးအားထားပြုရပါတယ်။ အဲဒါလိုပါဘဲ ''ငါတို့မှာ အပါယ်ဆင်းရဲတွေကလဲ ကြောက်စရာကောင်းတယ်၊ အိုခြင်း နာခြင်း သေခြင်း အစရှိသော သံသရာဝဋ်ဆင်းရဲတွေကလဲ ကြောက်စရာကောင်းတယ်၊ မြတ်စွာဘုရား ဟောကြားညွှန်ပြတော်မူသည့်အတိုင်း လိုက်နာပြီး ကျင့်ယင် အပါယ်ဆင်းရဲကလဲ လွတ်မြောက်သွားမယ်၊ သံသရာဝဋ်ဆင်းရဲတွေကလဲ လွတ်မြောက်သွားမယ်''လို့ ဒီလို ယုံကြည်ပြီးတော့ ''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-မြတ်စွာဘုရားကို ကိုးကွယ်

ရာဟူ၍ ဆည်းကပ်ပါ၏''လို့ ဒီလို လျှောက်ထားပြီး ဆောက် တည်ရတယ်။

ယခုကာလမှာတော့ တချို့က ဒီအနက်အဓိပ္ပါယ်တွေကို သိပုံလဲ မရဲပါဘူး၊ မ်ဘဆရာတွေက ခိုင်းလို့ ဆိုနေတဲ့အနေမျိုး လောက် ဖြစ်နေကြပါတယ်။ ပြီးတော့ သိရသလောက် အနက် အဓိပ္ပါယ်လဲ ဘာမှ နှလုံးသွင်းကြပုံမရပါဘူး၊ အပြေးအလွှား အမြန်ချည်း ရွတ်ဆိုနေကြတာဘဲ၊ ဆရာက ''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ မမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ'' လို့ ခပ်မြန်မြန် ရွက ချပေးတော့ တပည့်တွေကလဲ ခပ်မြန်မြန် အပြေးအလွှားဘဲ လိုက် ဆိုနေကြတယ်၊ ဘာမှတော့ နှလုံးသွင်း နိုင်ကြဟန် မတူပါဘူး၊ ဒီနည်းစနစ်ကတော့ တယ်မကောင်း လှဘူး၊ ဖြေးဖြေးချင်း အာရုံပြုပြီး ဆိုနိုင်ယင်တော့ သာပြီး ကောင်းပါတယ်။ တချို့ကတော့ မပီ တပီနဲ့ ဗလုံးဗထွေးတောင် ဆိုသွားလိုက်သေးတယ်၊ အဲဒါကတော့ သာပြီး နေရာမကျ တာဘဲ။ အမှန်ကတော့ သိသမျှ အနက်အဓိပ္ပါယ်ကို အာရုံပြုပြီး တော့ ''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'' လို့ ဖြေးဖြေး မှန်မှန် ဆိုဘို့ရာဘဲ၊ အခါခပ်သိမ်း မဟုတ်တောင် အနည်းဆုံး တကြိမ်တခါလောက် ကတော့ အဲဒီလို လေးလေးနက်နက် အာရုံပြုပြီး ဆောက်တည် ထားဘို့ လိုပါတယ်။ ဒါက **ဗုဒ္ဓသရဏံ** ရုံ နှင့် စပ်ပြီး သတိပြု စရာအချက်ပဲ။ ထိုအတူ **ဓမ္မသရဏံ**ရုံ **သံဃသရဏံ**ရုံ တွေကို ဆောက် တည် တဲ့ အခါမှာလဲ သိသမျှ အနက်အဓိပ္ပါယ်ကို လေးလေးနက်နက် အာရုံပြုပြီး ဆောက်တည်ဘို့ပါဘဲ။

အဲဒီမှာ ''မမ္မံ သရဏံ ဂစ္ဆာမိ–တရားတော်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါတယ်'' လို့ ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်

ကတော့ မြတ်စွာဘုရား ဟောကြားထားတဲ့ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား ဒေသနာတရား ဆိုတဲ့ ဒီတရားတွေကို အားကိုးအားထားပြုပါတယ်လို့ ဆောက်တည်တာပါဘဲ၊ အဲဒီတရားတော်တွေနဲ့ ပြည့်စုံအောင်, အဲဒီ တရားတော်တွေအရ လိုက်နာ ကျင့်သုံးသွားယင် အပါယ် ဆင်းရဲမှုလဲ လွတ်မယ်၊ သံသရာဝဋ်ဆင်းရဲမှုလဲ လွတ်မြောက်မယ်လို့ ယုံကြည် အားကိုးတဲ့အကြောင်း လျှောက်ထား ပြောဆိုတာပါဘဲ။

"သံဃံ သရဏံ ဂစ္ဆာမိ- သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါတယ်" လို့ ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်ကတော့- မြတ်စွာဘုရား၏ သာသနာတော်မှာ တရားကျင့်သုံးပြီး မဂ်ဖိုလ် ရောက်ဆဲ ရောက်ပြီး ဖြစ်တဲ့ အရိယာ သံဃာတော်တွေကို အပါယ်ဆင်းရဲ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ရန်အတွက် အားကိုးအားထား ပြုပါတယ် လို့ ဆောက်တည်တာပါဘဲ၊ သံဃာတော်ကို အရိုအသေပြုခြင်း, သံဃာတော်၏အဆုံးအမကို လိုက်နာ ကျင့်သုံးခြင်းဖြင့် အပါယ်ဆင်းရဲ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်မယ်လို့ ယုံကြည်အားကိုးတဲ့အကြောင်း လျှောက်ထား ပြောဆိုတာပါဘဲ။

ယခု ပြောခဲ့တဲ့အတိုင်း ဘုရား တရား သံဃာ ရတနာမြတ် ၃-ပါးကို လေးလေးစားစား အားကိုး အားထား ပြုပြီး ဆည်းကပ်ကိုးကွယ်တာကို သရဏံ လို့ ခေါ်တယ်။ ဒီသရဏံ ၃-ပါးနှင့် ပြည့်စုံပြီး ရတနာ သုံးပါးကို ဆည်းကပ် ကိုးကွယ်နေတဲ့သူကို ပါဠိလို့ "ဥပါသက"၊ ဗမာလို့ကတော့ "ဥပါသကာ" လို့ ခေါ်တယ်၊ အမျိုးသမီးကိုတော့ "ဥပါသိကာ" လို့ ခေါ်

တယ်၊ တချို့ ရှေးမြန်မာစာတွေမှာတော့ "ဥပါသကီ"လို့လဲ ရေးထားတာကို တွေ့ရတယ်၊ အဲဒါက ပါဠိနည်းတော့ မကျဘူး၊ မြန်မာအသုံးလို့ ဆိုရမှာပေါ့။ ဒါကြောင့် ဥပေါသထာနတ်သမီးက "သူဟာ ရှေးဘဝက ဘုရား တရား သံဃာရတနာ သုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသိကာမ ဖြစ်ခဲ့ပါတယ်"လို့ လျှောက်ထားတယ်။ ဒီလို သရဏဂုံတည် ဥပါသိကာ ဖြစ်တာဟာလဲ နတ်ပြည်ရောက်ကြောင်း ကောင်းမှုဘဲ။

ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။
(ဒီ ၂- ၂၀၄၊ သံ ၁- ၂၅)

ယေ ကေစိ၊ အမှတ်မရှိသော အကြင်သူတို့သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတာ ဧသေ၊ ဆည်းကပ်ကုန်၏။ တေ၊ ဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်သော ထိုသူတို့သည်။ အပါယဘူမိံ၊ အပါယ်ဘုံသို့။ န ဂမိဿန္တိ၊ မလားမရောက်ကြကုန်လတ့ံ။ မာနုသံ ဒေဟံ၊ လူ့ဘဝခန္ဓာကိုယ်ကို။ ပဟာယ၊ စွန့်ပြီး၍။ ဝါ၊ စွန့်ရကုန်လတ်သော်။ ဒေဝကာယံ၊ နတ်မျိုးအပေါင်းကို။ ပရိပူရေဿန္တိ၊ ပြည့်စေကြကုန်လတ့ံ။ ဝါ၊ ပြည့်စေလျက်နတ်လောကၽ ဖြစ်ကြကုန်လတ့ံ တဲ့။

ဒီ ဒေသနာတော်အရ သရဏဂုံတည်ရုံနဲ့ နတ်ပြည် ရောက်နိုင်ကြောင်း ထင်ရှားပါတယ်။ ဥပေါသထာ နတ်သမီးမှာဇတော့ ဒါလောက် မကသေးဘူး၊ နတ်ပြည်ရောက်ကြောင်း အခြား

ကုသိုလ်တွေလဲ မျှားစ့ဉ်ဘဲ ရှိပါသေးတယ်။ ဒါကြောင့် ဟဒါတွေကိုလဲ ဆက်လက်ပြီး လျှောက်ပြန်ပါတယ်။

တပည့်တော်မဟာ "သီလေန သမ္မန္နာ၊ သီလနှင့်လဲ ပြည့်စုံခဲ့ပါတယ်"တဲ့။ ဒါလဲ နတ်ပြည်ရောက်ကြောင်းကုသိုလ်ဘဲ။ ပြီးတော့ "အဝတ်သက်န်းတို့ ဆွမ်းတို့ ကျောင်းအိပ်ရာ နေရာတို့ ဆီမီးတို့ ဒီလို ဒါနဝတ္ထုတွေကိုလဲ ကြည်ညိုတဲ့စိတ်နဲ့ ပေးလှူခဲ့ပါတယ်" တဲ့၊ ဒါတွေလဲ နတ်ပြည်ရောက်ကြောင်း ကုသိုလ်တွေဘဲ။ပြီးတော့ လဆန်း လဆုတ် ၁၄-ရက်နေ့,၁၅-ရက်နေ့, ၈-ရက်နေ့ ဒီဥပုသ်နေ့မျှားမှာ ရှစ်ပါးသီလ ဥပုသ်မျှားလဲ စောင့်သုံးခဲ့ပါတယ်။ ဥပုသ်နေ့ရဲ့ ရှေးတရက်, နောက်တရက် နေ့မျှားမှာ စောင့်ရတဲ့ "ပါဋိဟာရိယ" ခေါ်တဲ့ ဥပုသ်မျှားလဲ စောင့်ခဲ့ပါတယ်" တဲ့။ ဒါတွေလဲ နတ်ပြည်ရောက်ကြောင်း တွေဘဲ။

ဗုဒ္ဓဘာသာတရားကို နာခံမလည်တဲ့သူတွေက "ဥပုသ်စောင့်ယင် ထမင်းဆာတာဘဲ အကျိုးရတယ်"လို့ မရိုမသေ ပြောတတ်ကြတယ်။ သူတို့က ကုသိုလ် အကုသိုလ်ဆိုတာတွေကို ဘာမှ မသိကြဘူး၊ ထမင်းစားလိုတဲ့ လောဘစိတ်တွေကို ပယ်ရှားပြီး ကုသိုလ်တွေ ဖြစ်ပွါးနေတာကို သူတို့က မသိကြဘူး။ သူတို့သိတာကတော့ "အဖျားရောဂါရှိတဲ့သူမျှားမှာ ထမင်းမကျွေးဘဲ ထားယင် ရောဂါ ပျောက်တတ်တယ်" ဆိုတာမျိုး ကျတော့ သူတို့က သိကြတယ်၊ အဲဒီမှာလဲ စားချင်လျက်နဲ့ မစားရတော့ ထမင်းဆာတာပါဘဲ၊ ဒါပေမဲ့ အဲဒီလို ဆာတာကတော့ ရောဂါပျောက်ခြင်းအကျိုး ရှိတယ် ဆိုတာကို ယုံကြည်ပြီးတော့ မကဲ့ရဲ့ကြဘူး၊ ချီးမွမ်းတောင် ချီးမွမ်းကြသေးတယ်။ သူတို့က

မျက်မှောက်ရုပ်ခန္ဓာဖြစ်ပုံလောက် နား လည် ကြ တာ ကိုး၊ နောင်တမလွန်နဲ့ နာမ်ခန္ဓာအကြောင်းတော့ လုံးလုံး နားမလည် ရှာကြဘဲဟာကိုး၊ ဒီတော့ ဒီလို ပြောကြပေမှာဘဲ။ အမှန်ကတော့ ဥပုသ်စောင့်တယ် ဆိုတာဟာ ဖြစ်ပေါ်လာမည့် အကုသိုလ်တွေကို ပယ်စွန့်ပြီး ရှောင်ကြဉ်ခြင်း, သည်းခံခြင်း အစရှိတဲ့ ကုသိုလ်တရားတွေကို နေ့ရော ညဉ့်ပါ မပြတ်ပွါးနေတာဘဲ၊ "ရဟန္တာသခင် အရှင်မြတ်တွေဟာ 'သတ်ခြင်း ခိုးခြင်း မေထုန်မှီဝဲခြင်း လိမ်ခြင်း သေရည်အရက်သောက်ခြင်း နေလဲ့ညစာ စားခြင်း, အစရှိတဲ့ အကုသိုလ် တရားတွေကို တသက်ပတ်လုံး ပယ်ရှားပြီး သီတင်းသုံးတော်မူကြပါပေတယ်၊ ငါ့မှာ ဒီကနေ့ တရက်မျှ ဒီ သူတော်ကောင်း တရားတွေကို ကျင့်သုံးနေရပေတယ်၊ ဒီအကျင့် တစိတ်တဒေသဖြင့် ရဟန္တာ အရှင်မြတ်တို့အား အတုလိုက်၍ ပူဇော်ရပါပေတယ်"လို့ ဒီလို နှလုံးသွင်းပြီး အရိယာ သူတော်ကောင်းတွေက ဥပုသ် စောင့်သုံးကြတာဘဲ၊ ဒီလို စောင့်နေတဲ့အခါ ထမင်းဆာတာကို သည်းခံပြီး စားချင်တဲ့ ကိလေသာတွေကို ပယ်နေရုတာဟာ အင်မတန် မှန်မြတ်ပါတယ်။ ဒီလို မှန်မြတ်တဲ့တရားတွေ မိမိ စိတ်သန္တာန်မှာ ဖြစ်ပေါ်သွားတော့ စိတ်သန္တာန်ဟာ စင်ကြယ် သွားတယ်၊ ဖျားနေတဲ့လူမှာအစာဖြတ်လိုက်တာနဲ့ အစာအိမ် စင်ကြယ်ပြီး ရောဂါပျောက်သွားသလိုပါဘဲ။ အဲဒီလို စိတ် သန္တာန် စိတ်အစဉ်က စင်ကြယ်သွားတဲ့အတွက် ဒီဘဝက သေတဲ့ အခါမှာ စင်ကြယ်ကောင်းမြတ်တဲ့ လူနတ်တို့၏ စိတ်အစဉ် ဆက်ပြီး ဖြစ်သွားတယ်။ အဲဒါကို "လူ ဖြစ်သွားတယ်၊ နတ် ဖြစ်သွားတယ်"လို့ ပြောကြရတာဘဲ။

ဥပေါသထဘာနတ်သမီးက ဆက်ပြီး လျှောက်ပြန်ပါတယ်။ "သံယမာ စ၊ ကိုယ်နှုတ်နှလုံးကို စောင့်သုံးခြင်းကြောင့်ဂုဏ်း။ သံဝိဘာဂါ စ၊ ဝေဘန်ပေးကမ်း လှူဒါန်းခြင်းကြောင့်ဂုဏ်း။ အဟံ၊ တပည့်တော်မသည်။ ဝိမာနံ၊ နတ်ဗိမာန်ကို။ အာဝသာမိ၊ အပိုင်ရလျက် နေရပါတယ်" လို့လဲ လျှောက်ပါတယ်။ အဲဒီမှာ "**ကိုယ် နှုတ် နှလုံး စောင့်သုံးခြင်း**" ဆိုတာ အလွန် အရေးကြီးပါတယ်။ ယခုလောကမှာတောင်မှ စောင့်စည်းခြင်းမရှိဘဲ စိတ်ထင်တိုင်း သုံးဖြုန်းပစ်ယင် မကြာခင်ဘဲ မဲ့သွားနိုင်ပါတယ်၊ ဒါတွင်မကသေးဘူး၊ မတော်တာတွေကို ကျူးကျူးလွန်လွန် လျှောက်လုပ်ယင် ရောဂါဝေဒနာတွေလဲ စုံကပ်ပြီး ဒုက္ခရောက်တတ်တယ်၊ ရာဇဝတ်မှု ပြစ်ဒဏ်တွေလဲ သင့်တတ်တယ်။ နောင် တမလွန်အတွက်ကျတော့ စောင့်စည်းမှုက ခုနက ပြောခဲ့တဲ့ အတိုင်း စိတ်သန္တာန်ကို စင်ကြယ်စေနိုင်တဲ့အတွက် ပိုပြီး အရေးကြီးပါတယ်။ လှူဒါန်းပေးကမ်းမှုကြောင့် နတ်ပြည် ရောက်တယ် ဆိုတာကတော့ ဗုဒ္ဓဘာသာဝင်တွေမှာ အလွန် ထင်ရှားနေပါပြီ။ ပြီးတော့ တဖန်ဆက်ပြီး လျှောက်တာကတော့-

အရိယသစ္စာန ကောဝိဒါ- အရိယသစ္စာတွေမှာလဲ သူဟာ ကျွမ်းကျင် လိမ္မာခဲ့ပါတယ် တဲ့။ "အရိယသစ္စာ" ဆိုတာ အရိယာတို့ သိအပ် သိထိုက်တဲ့ အမှန်တရားတွေ၊ အရိယာတို့ သိထားတဲ့ အမှန်တရားတွေဘဲ၊ အဲဒီ အမှန်တရားတွေကို ကိုယ်ပိုင်ဉာဏ်နဲ့တွေ့ပြီး သိယင် အရိယာပုဂ္ဂိုလ် ဖြစ်တော့တာဘဲ။ အဲဒါတွေက ဘာတွေလဲ ဆိုယင်၊ (၁) ဒုက္ခသစ္စာ- ဆင်းရဲအစစ်အမှန်တရား၊ (၂) သမုဒယသစ္စာ- ဆင်းရဲဖြစ်ပွါးကြောင်း အစစ်အမှန်တရား။ (၃) နိရောဓသစ္စာ- ဆင်းရဲ

ချုပ်ငြိမ်းရာ အစစ်အမှန်တရား။ (၄) မဂ္ဂသစ္စာ- ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်လမ်းကောင်း လမ်းမှန်တရား၊ ဒီ ၄-ပါးပါဘဲ။ ဒီသစ္စာ ၄-ပါးကိုလဲ သူသိမြင်နားလည်ခဲ့ပါတယ် တဲ့။ ဒါကဒတော့ အရေးအကြီးဆုံးအချက်ပါဘဲ။ ဒါကြောင့် ဒီအချက်ကို ရှင်းလင်း ပြောကြားရလိမ့်မယ်။

"အရိယသစ္စာတွေမှာ ကျမ်းကျင် သိနားလည်တယ်" ဆိုတာ ကြား နာ ကျက်မှတ်ပြီး တတ်သိတာကို ဆိုလိုတာမဟုတ်ဘူး၊ ကိုယ်တိုင်တွေ့ပြီးတော့ သိသင့်တဲ့အတိုင်း သိပြီး နားလည်တာကိုသာ ဆိုလိုတယ်။ အဲဒါက ဘယ်လို တွေ့ပြီး သိရမှာလဲ ဆိုယင် .... ပရိညာပဟာနသစ္ဆိကိရိယာဘာဝနာဘိသမယဝသေန၊ (၁) ပိုင်းခြားရှု သိသဖြင့် သိခြင်း၊ (၂) ပယ်သောအားဖြင့် သိခြင်း၊ (၃) မျက်မှောက်တွေ့သဖြင့် သိခြင်း၊ (၄) မိမိသန္တာန်၌ ဖြစ်ပွါးစေသဖြင့် သိခြင်းတို့ အလိုအားဖြင့်။ ဒုက္ခသမုဒယ နိရောဓ မဂ္ဂသံ၄်ါတေသု စတူသု အရိယသစ္စေသု၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ ဟု ဆိုအပ်သော အရိယသစ္စာ ၄-ပါးတို့၌။ ကုသလာ နိပုဏာ၊ ကျမ်းကျင် လိမ္မာပါသည်။ "ပဋိဝိဒ္ဓစတုသစ္စာ၊ သိအပ်ပြီးသော သစ္စာရှိပါသည်၊ သစ္စာကို သိပြီး ဖြစ်ပါသည်" လို့ ဆိုလိုပါသတဲ့။ ဒဲဒါက သူ့အဋ္ဌကထာမှာ ပုဒ်ပြထားပုံပါဘဲ။

ယခုဟောခဲ့ဘဲ့ ဝိပဿနာ အခြေခံတရားထဲမှာ "စဲ့လမ်းနိုင်တဲ့ ခန္ဓာငါးပါး- ဥပါဒါနက္ခန္ဓာငါးပါး" ဆိုတာတွေဟာ ဒုက္ခသစ္စာတရားတွေဘဲ။ ဒါကြောင့် အဲဒီ ခန္ဓာတရားတွေကို ရှုပြီးတော့ သိနေတာဟာ ဒုက္ခသစ္စာကို သိနေတာပါဘဲ။ ယခု ရှုမှတ်

နေတဲ့ယောဂီတွေဟာ ရှုတိုင်းရှုတိုင်း, ဖြစ်လိုက် ပျက်လိုက်နဲ့ ဆင်းရဲတွေဘဲလို့ ပိုင်းခြားပြီး သိသိနေတာဟာ ပရိညာဘိသမယ အလိုအားဖြင့် သိသွားတာပါဘဲ၊ ဒါကဝိပဿနာ အဓိုက်မှာသိပုံတဲ့။ အရိယမဂ် ရောက်တဲ့ အခါကျတော့ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို တွေ့လိုက်ကာနဲ့ "ဖြစ်ချည်ပျက်ချည်နဲ့ မချုပ်ငြိမ်းတဲ့ သင်္ခေါတွေဟာ ဆင်းရဲချည်းဘဲ" လို့ ပြန်ပြီး ဆင်ခြင်တဲ့အခါမှာ သိနိုင်ပါတယ်။ အဲဒါကတော့ မဂ်ခဏမှာ ဒုက္ခကို ပိုင်းခြားပြီး သိပုံဘဲ၊ ဒီသိပုံကတော့ အာရုံပြုပြီးသိတာ မဟုတ်ဘူး၊ သိခြင်းကိစ္စပြီးသွားရုံပါဘဲ။ ဒါကြောင့် အဋ္ဌကထာများမှာ ဒီလိုသိပုံကို **အာရုမ္မဏတော** - အာရုံပြုသိတယ်လို့ မဆိုဘူး၊ **ကိစ္စတော**- သိခြင်းကိစ္စ ပြီးသောအားဖြင့် သိတယ်လို့သာ ဆိုထားတာဘဲ။ သမုဒယသစ္စာ, မဂ္ဂသစ္စာတို့ကို သိရာမှာလဲ ဒီနည်းအတိုင်းဘဲ။ အာရုံပြုပြီးသိတာ မဟုတ်ဘူး၊ ကိစ္စအားဖြင့် သိတာချည်းဘဲ။

ရှုတိုင်း ရှုတိုင်း, ရှုမိတဲ့အာရုံမှာ တပ်မက်သာယာမှု တဏှာ **မဖြစ်နိုင်ဘူး၊** အဲဒါကို **ပဟာနာဘိသမယ** လို့ ခေါ်တယ်၊ ပယ်တာကိုဘဲ သိတယ်လို့ ဆိုလိုတယ်။ ပြန်လည် ဆင်ခြင်ကြည့်မယ်ဆိုယင်, ရှုမိလို့ အနိစ္စ ဒုက္ခ အနတ္တမျှဘဲလို့ သိရတဲ့ အဲဒီအာရုံတွေမှာ တဏှာ **မဖြစ်နိုင်ဘူး** ငြိမ်းနေတယ် ဆိုတာကို သိနိုင်ပါတယ်၊ ဒါကြောင့် သိခြင်း ကိစ္စပြီးနေလို့ သိတယ်လို့ဘဲ ဆိုရပါတယ်။ ဒါက ဝိပဿနာနဲ့ သိပုံဘဲ။ အရိယမဂ်နဲ့ နိဗ္ဗာန်ကို သိတဲ့သူမှာ ဖြစ်ပေါ်တဲ့ မဂ်နဲ့ဆိုင်ရာ တဏှာဟာ **မဖြစ်နိုင်တော့ဘူး၊ သောတာပတ္တိမဂ်** ဆိုယင် **အပါယ်** ကျလောက်အောင် ကြမ်းတန်းတဲ့တဏှာ ငြိမ်းတယ်၊ **အနာဂါမိမဂ်** ဆိုယင် ကာမရာဂ တဏှာ **အကုန်** ငြိမ်းတယ်၊ **အရဟတ္တမဂ်** ဆိုယင် တဏှာဟူသမျှ

အကုန်လုံး ငြိမ်းတယ်၊ အဲဒီလို သူ့မင်္ဂလာနဲ့ သူ တဏှာငြိမ်းသွားတာဟာ ပဟာနာဘိသမယပါဘဲ။ ပြန်ပြီး ဆင်ခြင်ကြည့်ယင် မိမိမှာ ဘယ်လို တဏှာတွေ့ ငြိမ်းသွားတယ် ဆိုတာ သိနိုင်ပါတယ်။ အဲဒါ ပဟာနာဘိသမယပါဘဲ။

ရူတိုင်း ရူတိုင်း,ရူမိတဲ့ အာရုံနဲ့စပ်ပြီး ကိလေသာတွေ့ ကံတွေ ဘဝဆင်းရဲတွေ့ မဖြစ်နိုင်တော့ဘူး၊ ငြိမ်းသွားကြတယ်၊ ဒီလို ဆင်းရဲ ငြိမ်းခြင်းဟာ ရူတိုင်း ရူတိုင်း မိမိကိုယ်တွေ့အားဖြင့် ပြီးစီးနေတယ်၊ဒါဟာ ဝိပဿနာနဲ့ သန္ဆိုကိရိယာဘိသမယပြီးစီး ပုံပါဘဲ။ အရိယမဂ်ခဏမှာတော့ နိဗ္ဗာန်ကို အာရုံပြုပြီး မျက်မှောက် သိသွားပါတယ်။ အဲဒါ ကတော့ ထင်ရှားနေပါပြီ။

ရူတိုင် ရူတိုင်း, ရုပ်နာမ်၏ သဘောမှန်ကို သိမြင်တဲ့ သမ္မာဒိဋ္ဌိ ဖြစ်တယ်၊အနိစ္စစသည်ဖြင့်သိမြင်တဲ့ သမ္မာဒိဋ္ဌိဖြစ်တယ်၊သမ္မာဒိဋ္ဌိ ဖြစ်ယင် သူ့ယှဉ်ဘော်ယှဉ်ဘက် သမ္မာသင်္ကပ္ပစသည်လဲဖြစ်တော့ တာဘဲ။ အဲဒီဖြစ်ပုံတွေ့ကတော့ "မဂ်လမ်းပေါက်ပုံ" အခန်းမှာ အကျယ်ပြောခဲ့ပြီ။အဲဒီမဂ္ဂင်ရှစ်ပါး တရားတွေ့ ရူတိုင်းရူတိုင်း မိမိ သန္တာန်ဖြစ်ပွါးနေတာဟာ ဘာဝနာကိစ္စပြီးစီးနေတာဘဲ၊အဲဒါ ဟာဘာဝနာဘိသမယ ပါဘဲ။ဒါက ဝိပဿနာ အခိုက်မှာ သိပုံဘဲ။ အရိယမဂ် ခဏမှာတော့ အရိယမဂ္ဂင်ရှစ်ပါး ဖြစ်ပေါ်ပြီး နိဗ္ဗာန်ကို သိမြင်သွားပါတယ်၊အဲဒါဟာလဲ ဘာဝနာဘိသမယ ပါဘဲ။ မဂ်ဖိုလ်ရောက်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ ပြန်ပြီးဆင်ခြင်ကြည့်ယင် အဲဒီအရိယမဂ် ဖြာ်သွားပုံကို သိနိုင်ပါတယ်။ ဒါကြောင့် မဂ်ခဏမှာ သိတယ်လို့ဘဲ ဆိုရပါတယ်။ဖြောင့်ဖြောင့် ပြောရမယ် ဆိုယင် သိခြင်းကိစ္စ ပြီးသွားရုံပါဘဲ။ ဒါကြောင့် ဒီလိုသိတာ ကိုလဲ ကိစ္စဇာလို့သာ ပြဆိုထားပေတာဘဲ။

ယခုပြောခဲ့တဲ့ အတိုင်း ဒုက္ခသစ္စာ ထိုက်တဲ့ ရုပ်နာမ်တရား တွေကို ဆင်းရဲအနေအားဖြင့် ပိုင်းခြားသိလျှင်၊ သမုဒယ သစ္စာ ထိုက်တဲ့ တဏှာကို ပယ်လျှင်၊ နိရောဓသစ္စာကိုမျက်မှောက်ပြုလျှင်၊ မဂ္ဂသစ္စာထိုက်တဲ့ မဂ္ဂင်ရှစ်ပါးကို မိမိသန္တာန်မှာ ဖြစ်ပွါးစေလျှင် သစ္စာ ၄-ပါးကို သိတယ် ကျွမ်းကျင်တယ်လို့ ဆိုရပါတယ်။ ဒါကြောင့် ဥပေါသထာ နတ်သမီးက "အရိယသစ္စာ ၄-ပါးမှာ သူ ကျွမ်းကျင်ပါတယ်"လို့ ဆိုတာဟာ ဝိပဿနာမင်္ဂ အရိယ မင်္ဂနဲ့ သူကိုယ်တိုင်တွေ့ပြီး သစ္စာ ၄-ပါးကို သိခဲ့ပါတယ်၊ အဲဒီလို သိပြီး သောတာပန် ဖြစ်ခဲ့ပါတယ်လို့ ဆိုလိုပါတယ်။

သစ္စာ ၄-ပါးကို သိယင် အရိယဓမ္မ--အရိယာ ဖြစ်ကြောင်း တရားတွေလဲ သိတော့တာဘဲ။ အဲဒီ အရိယဓမ္မတွေကို ဒီဝိမာန ဝတ္ထုမှာ ဖေါ်ပြမထားပေမယ်လို့ သိသင့် သိထိုက်တဲ့အတွက် တခြားသုတ်တွေက ဆောင်ပြီး ဖေါ်ပြဦးမယ်။

အရိယာတို့၏တရား

အရိယာတို့၏ တရား, အရိယာဖြစ်ကြောင်း တရား ဆိုတာ "သုတဝါ အရိယသာဝကော အရိယာနံ ဒဿာဝီ အရိယဓမ္မဿ ကောဝိဒေါ" ဆိုတဲ့ ဒေသနာမျှားမှာ ဟောထားပါတယ်။

သုတဝါ၊ အကြား အမြင်နှင့် ပြည့်စုံသော။ အရိယသာဝကော၊မြတ်စွာဘုရား၏ တပည့်တော်သည်။အရိယာနံ ဒဿာဝီ၊ အရိယာတို့ကို ဉာဏ်မျက်စိဖြင့် သိမြင်သည် ဖြစ်၍။ မိမိက အရိယာ မဟုတ်သေးယင် "အရိယာ"ဆိုတာ "ဘယ်လို ပုဂ္ဂိုလ်ဘဲ"လို့ ဉာဏ်နဲ့ မသိနိုင်သေးဘူး၊ မိမိက အရိယာ ဖြစ်နေယင်

တော့ "အရိယာ"ဆိုတာ "ငါလို ပုဂ္ဂိုလ်ဘဲ"လို့ သိနိုင်ပါတယ်။ အဲဒီလို သိတာကို ဉာဏ်မျက်စိဖြင့် သိမြင်တယ်လို့ ဆိုပါတယ်။ ဥပမာ....ရှင်ရဟန်း မပြုဘူးသေးတဲ့ သူတွေက "ရှင်ရဟန်း" ဆို တာ ဘယ်လိုကျင့်, ဘယ်လို နေထိုင် ရတယ် ဆိုတာကို ကိုယ် တိုင်တွေ့အားဖြင့် မသိရသေးဘူး၊ ရှင်ရဟန်း ပြုဘူးတဲ့သူကတော့ "ဒီလိုကိုး" ဆိုတာ တိတိကျကျ သိရတယ်။ တနည်းအားဖြင့် ယောဂီအဖြစ်နဲ့ တရားအားမထုတ်ဘူးတဲ့ သူတွေက "ယောဂီ" ဆိုတာ "ဘယ်လိုကျင့်, ဘယ်လို နေထိုင်ရတယ်"ဆိုတာ ကိုယ် တိုင်တွေ့အားဖြင့် မသိရသေးဘူး၊ ယောဂီအဖြစ်နဲ့ အားထုတ် ဘူးတဲ့သူကတော့ အဲဒါကို သေသေချာချာ သိရတယ်။ ဒါလို ပါဘဲ အရိယာ ဖြစ်သွားတော့ "အရိယာ"ဆိုတာ "ဒီလိုစိတ် အနေအထားရှိတဲ့ ပုဂ္ဂိုလ်ဘဲ"လို့ ကိုယ်တိုင် တွေ့အားဖြင့် သိသွားတယ်၊ ဒါကြောင့်-

အရိယာနံ ဒဿာဝီ၊ အရိယာတို့ကို ဉာဏ်မျက်စိဖြင့် သိမြင် သည် ဖြစ်၍။ အရိယမမ္မဿ ကောဝိဒေါ၊ အရိယာတို့၏ တရား၌ ကျွမ်းကျင် လိမ္မာသည် ဖြစ်၍။ (အတ္တတော နု သမနုပဿတိ၊ အတ္တဟု မရှုမထင်မှတ်တဲ့) အရိယာတို့၏ တရား ဆိုတာ "**သတိပဋ္ဌာနာဒိဘေဒေ အရိယဓမ္မေ**"လို့ ဖွင့်ပြထားတဲ့ အဋ္ဌ ကထာအရ သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါး ဆိုတဲ့ ဒီဗောဓိပက္ခိယ တရားတွေပါဘဲ။ အမျိုး အစား အားဖြင့် ၇-မျိုးရှိပါတယ်။ဒီ၇-မျိုးထဲက တမျိုးမျိုးကို ကောင်း ကောင်းနားလည်ယင် ကျန် ၆-မျိုးကိုလဲ အကုန်လုံး နားလည် တော့တာပါဘဲ၊ ဒါကြောင့် သစ္စာ ၄-ပါးကို သိယင် အရိယဓမ္မ

ကိုလဲ သိတယ်လို့ ပြောခဲ့တာ။ဘာကြောင့်လဲဆိုယင် သစ္စာ၄-ပါး ထဲမှာ မဂ္ဂင် ရှစ်ပါး ဆိုတဲ့ အရိယာမဂ္ဂင်က ပါဝင်နေလို့ပါဘဲ။

နားလည်ကျွမ်းကျင်ပုံကတော့- သတိပဋ္ဌာန် အစရှိတဲ့ အဲဒီတရား ၇-မျိုးကို မိမိသန္တာန်မှာ ဖြစ်ပွါးအောင် အားထုတ်လို့ ဖြစ်နေယင် အဲဒါကို ကိုယ်တိုင်တွေ့အားဖြင့် နားလည်ကျွမ်းကျင်တော့တာပါဘဲ၊ ဒီလို နားလည်တာကို ဆိုလိုပါတယ်၊ ကျက်မှတ်လေ့လာပြီး သဘောကျရုံမျှကိုတော့ ဆိုလိုတာ မဟုတ်ပါဘူး၊ ကိုယ်တွေ့ နားလည်တာကိုသာ ဆိုလိုပါတယ်။

အရိယာဖြစ်မည့်ယောဂီဟာ "ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ" ဆိုတဲ့ ဒေသနာတော်အရ သွားတဲ့အခါမှာ "သွားတယ်၊ သွားတယ်" လို့ဘဲ ဖြစ်ဖြစ်၊ "ကြွတယ်၊ လှမ်းတယ်၊ ချတယ်" လို့ဘဲ ဖြစ်ဖြစ်၊ ဒီလို မပြတ်ရှုမှတ်ပြီး သွားရတယ်။ ဒီလို ရှုမှတ်ပြီး သွားတော့ ရှုတိုင်း ရှုတိုင်း အမှတ်ရတဲ့ **သတိ** ဖြစ်တယ်၊ အဲဒီ ရှုမိတဲ့အာရုံကို **သိတဲ့ဉာဏ်**လဲ ဖြစ်တယ်၊ သွားချင်တဲ့စိတ်နဲ့ သွားရပ်ကလေးတွေရော ရှုမှတ်တဲ့စိတ်ရော ဖြစ်လို့က် ပျောက်လို့က်နဲ့ ဖြစ်ပျက်နေတာကို သိသိသွားတဲ့ဉာဏ်ပါဘဲ။ အဲဒီလို ရှုတိုင်း ရှုတိုင်း ဖြစ်ပေါ်နေတဲ့ အမှတ်သတိနဲ့ အသိဉာဏ်ဟာ **ကာယာနုပဿနာသတိပဋ္ဌာန်** ဘဲ။

ပြီးတော့ "ဒုက္ခံ ဝေဒနံ ဝေဒယာမိတိ ပဇာနာတိ" ဆိုတဲ့ ဒေသနာတော်အရ ပူမှု နာမှု စသည် ဖြစ်တိုင်း ဖြစ်တိုင်း "ပူတယ်၊ ပူတယ်" "နာတယ်၊ နာတယ်" စသည်ဖြင့် ရှုမှတ်ပြန်တော့လဲ အဲဒီဝေဒနာကလေးတွေ ဖြစ်လို့က် ပျောက်လို့က်နဲ့ ဖြစ်ပျက်နေတာကို အမှတ်ရပြီး သိသိသွားတယ်။ အဲဒါက **ဝေဒနာနုပဿနာသတိပဋ္ဌာန်** ဘဲ။

ပြီးတော့ "သရုဂံ ဝါ စိတ္တံ သရုဂံ စိတ္တန္တိ ပဇာနာတိ" အစရှိတဲ့ ဒေသနာတော်အရ စိတ်ကူး ကြံသိမှုကလေးတွေ ဖြစ်တိုင်း "တပ်မက်တယ်၊ နှစ်သက်တယ်" စသည်ဖြင့် ရှုမှတ်ပြန်တော့လဲ စိတ်ကလေးတွေ ဖြစ်လိုက် ပျောက်လိုက်နဲ့ ဖြစ်ပျက်နေတာကို အမှတ်ရပြီး သိသိသွားတယ်။ အဲဒါက စိဇ္ဈာနုပဿနာသတိပဋ္ဌာန် ဘဲ။

ပြီးတော့ "သန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ" အစရှိတဲ့ ဒေသနာတော်အရ "လိုချင်တယ်၊ နှစ်သက်တယ်" စသည်ဖြင့် ရှုမှတ်ပြန်တော့လဲ ကာမစ္ဆန္ဒ အစရှိတဲ့ သဘောတရားတွေ ဖြစ်လိုက် ပျောက်လိုက်နဲ့ ဖြစ်ပျက်နေတာကို အမှတ်ရပြီး သိသိသွားတယ်။ အဲဒါက ဓမ္မာနုပဿနာသတိပဋ္ဌာန် ဘဲ။

ယခု ဒီသာသနာ့ရိပ်သာမှာ တရားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ယခုပြောခဲ့တဲ့အတိုင်း အကုန်လုံးဘဲ ရှုမှတ်ပြီး ကိုယ်တိုင်တွေ့ သိနေကြတယ် မဟုတ်လား၊ ဒီလို သိနေတာဟာ အရိယဓမ္မဿ ကောဝိဒေါ- သတိပဋ္ဌာန် ၄-ပါးဆိုတဲ့ အရိယာတို့၏ တရားမှာ ကျမ်းကျင် နားလည်နေတာပါဘဲ၊ ရှုတိုင်း မှတ်တိုင်း အရိယဓမ္မကို နားလည်နေတယ်၊ အင်မတန် အဘိုးတန်တဲ့ အလုပ်ပဲ။ သတိပဋ္ဌာန် ၄-ပါး ဖြစ်ပွါးနေလျှင် သမ္မပ္ပဓာန် ၄-ပါးလဲ ဖြစ်ပွါးနေတော့တာပါဘဲ။

ဖြစ်ပုံကတော့-ရှုတိုင်း ရှုတိုင်း ရှေးက ဖြစ်ဘူးတဲ့ အကုသိုလ်တွေကို ပယ်နိုင်အောင် အားထုတ်နေတာလဲ ဟုတ်တယ်၊ မဖြစ်ဘူးသေးတဲ့ အကုသိုလ်တွေ ဖြစ်ခွင့်မရအောင် မဖြစ်နိုင်

အောင် အားထုတ်နေတာလဲ ဟုတ်တယ်၊ မဖြစ်ဘူးသေးတဲ့ ဝိပဿနာကုသိုလ် မဂ်ကုသိုလ်တွေ ဖြစ်အောင် အားထုတ်နေတာလဲ ဟုတ်တယ်၊ ဖြစ်ပြီး ဝိပဿနာဉာဏ်တွေ, တိုးတက်ပြည့်စုံသွားအောင် အားထုတ်နေတာလဲ ဟုတ်တယ်။ ဒါကြောင့် ရှုတိုင်း မှတ်တိုင်း သမ္မပ္ပဓာန် ၄-ပါးလဲ အလိုလို ပါဝင်ပြည့်စုံနေပါတတ်။

ပြီးတော့ ဣဒ္ဓိပါဒ် ၄-ပါး ဆိုတာလဲ ထိုက်သည့်အားလျော်စွာ ပါဝင်ပြည့်စုံနေပါတယ်။ တရားအားထုတ်တယ် ဆိုယင် လိုလားတဲ့ဆန္ဒကို အားကိုးပြီး ထက်သန်တဲ့ဆန္ဒနဲ့ အားထုတ်တာယင်လဲ ဖြစ်ရမယ်၊ လုံ့လဝီရိယကို အားကိုးပြီး ထက်သန်တဲ့ ဝီရိယနဲ့ အားထုတ်တာယင်လဲ ဖြစ်ရမယ်၊ စိတ်ဓာတ်ကို အားကိုးပြီး ထက်သန်တဲ့စိတ်နဲ့ အားထုတ်တာယင်လဲ ဖြစ်ရမယ်၊ အသိဉာဏ်ကို အားကိုးပြီး ထက်မြက်တဲ့ အသိဉာဏ်နဲ့ အားထုတ်တာယင်လဲ ဖြစ်ရမယ်။ မဂ်ရောက် ဖိုလ်ရောက် တကယ်တမ်း အားထုတ်ယင် ဒီဆန္ဒ, ဝီရိယ, စိတ်, ဝီမံသ ဆိုတဲ့ ၄-မျိုးထဲက တမျိုးမျိုးကတော့ ထက်သန်ရမယ်၊ ထက်သန်မှလဲ ပြည့်စုံနိုင်တယ်။ ဒါကြောင့် ရှုတိုင်း မှတ်တိုင်း ဣဒ္ဓိပါဒ် ၄-ပါး ထဲက တပါးပါးတော့ ပါဝင်နေပါတယ်။

ပြီးတော့ ရှုတိုင်း မှတ်တိုင်း "သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ" ဆိုတဲ့ ဒီငါးန္ဒြေငါးပါးကလဲ ပါဝင်နေတာဘဲ။ တရားအားထုတ်တယ် ဆိုတာဟာ "ဒီလိုရှုယင် ဝိပဿနာဉာဏ် ဖြစ်တယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်တယ်" လို့ ယုံကြည်လို့ အားထုတ်တာဘဲ၊ မယုံကြည်ယင် ဘယ်မှာ

အားထုတ်မလဲ၊ ဒါကြောင့် ရှုတိုင်း မှတ်တိုင်း ယုံကြည်မှု သဒ္ဓါတရား ပါဝင်နေတယ်။ အထူးအားဖြင့် ဥဒယဗ္ဗယဉာဏ်, သန်းရှုပေဋ္ဌာဉာဏ် စခန်းမျှားမှာ စိတ်ကလေးဟာ တခါတရံ ဘာကြည်တာနဲ့မှ မတူဘဲ အထူးသဖြင့် ကြည်လင်နေတာကို ယောဂီအမျှားဘဲ တွေ့ကြရပါတယ်။ အဲဒါဟာ ထက်သန်တဲ့ သဒ္ဓါတရားပေါ့။ အားထုတ်မှု ဝီရိယ၊ အမှတ်ရမှု သတိ၊ စူးစိုက်တည်ကြည်မှု သမာဓိနဲ့ အသိဉာဏ် ပညာတွေ ပါဝင်နေတာကတော့ ထင်ရှားနေပါပြီ။

ပြီးတော့ ဣန္ဒြေငါးပါး ပါဝင်ယင် ဗိုလ်ငါးပါးလဲ ပါဝင်တော့တာဘဲ၊ **ဒုစရိုက်** နဲ့ **ဗိလ** ဆိုတာဟာ အမည်လောက်သာ ကွဲပါတယ်၊ တရားကိုယ်ကတော့ အတူတူပါဘဲ။

ပြီးတော့ ဗောဇ္ဈင် ၇-ပါး ဆိုတာလဲ ထိုက်သည်အားလျော်စွာ ပါဝင်နေပါတယ်။ ရှုတိုင်း ရှုတိုင်း အမှတ်ရတဲ့ သတိက **သတိသမ္ဗောဇ္ဈင်** ဘဲ၊ သိတဲ့ဉာဏ်ပညာက **ဓမ္မဝိစယသမ္ဗောဇ္ဈင်** ဘဲ၊ အားထုတ်တာက **ဝီရိယသမ္ဗောဇ္ဈင်** ဟဲ၊ တခါတရံမှာ ဖြစ်ပေါ်လာတဲ့ နှစ်သိမ့်အားရမှုက **ပီတိသမ္ဗောဇ္ဈင်** ဘဲ၊ တခါတရံ ကြောင့်ကြဗျာပါရ အေးငြိမ်းပြီး သက်သာနေတာက **ပဿဒ္ဓိသမ္ဗောဇ္ဈင်** ဘဲ၊ စူးစိုက်တည်ကြည်တာက **သမာဓိသမ္ဗောဇ္ဈင်** ဘဲ၊ မယုတ်မလွန် အညီအမျှဖြစ်နေတဲ့သဘောက **ဥပေက္ခာသမ္ဗောဇ္ဈင်** ဘဲ၊ အဲဒီလိုအခါမှာ အထူးကြောင့်ကြ မစိုက်ရဘဲနဲ့ မှတ်သိမှုက သူ့အလိုလို သွားနေသလိုဘဲ ဖြစ်နေတတ်ပါတယ်။ ဒါကြောင့် ဒီဗောဇ္ဈင် ၇-ပါးလဲ ထိုက်သည်အားလျော်စွာ ပါဝင်နေပါတယ်။ မဂ္ဂင်၅စ်ပါး ပါဝင်တဲ့

အကြောင်းကတော့ ဒီနေရာမှာ ထပ်ပြောဘို့ မလိုပါဘူး။ ဒါကြောင့် အရိယာပုဂ္ဂိုလ်၏ ဂုဏ်ကိုပြတဲ့ ဒေသနာတော်မှာ-

"အရိယဓမ္မသ ကောဝိဒေါ- အရိယာတို့၏ တရားမှာ ကျွမ်းကျင်လိမ္မာတယ်"လို့ ချီးကျူးထားပါတယ်။အဲဒီဂုဏ်ပုဒ်နဲ့ ညပေါသထာနတ်သမီးက ပြောတဲ့ အရိယသစ္စကောဝိဒ ဆိုတဲ့ ဂုဏ်ပုဒ်ဟာ အနက်အဓိပ္ပါယ်အရအားဖြင့် တူညီနေပါတယ်။ ဒါကြောင့် ဗဟုသုတအဖြစ် မှတ်သား နားလည် ရအောင်လို့ အဲဒီ အရိယဓမ္မကောဝိဒ ဆိုတဲ့ ဂုဏ်ပုဒ်ကို ဒီမှာ ယူပြီး ဖေါ်ပြလိုက်တာ တဲ့။ ကဲ ညပေါသထာနတ်သမီးအကြောင်း ပြန်ဆက်ကြဦးစို့။

ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ဘုရား။ အဟုံ၊ အကျွန်ုပ်သည်။ပဥ္စသိက္ခာပဒေရတာ၊ငါးပါးသီလ သိက္ခာပုဒ်ကို စောင့်ရှောက်မှု၌ မေ့လျော့သော။ အရိယသစ္စာန ကောဝိဒါ၊ အရိယာသစ္စာ ၄-ပါးတို့၌ ကျွမ်းကျင်လိမ္မာသော။ညပါသိကာ၊ ဆည်းကပ်သော ညပါသိကာမသည်။ အာသိ၊ ဖြစ်ခဲ့ပါသည် အရှင်ဘုရား။ဘယ်ဘုရား၏ တပည့် ညပါသိကာမလဲလို့ ဆိုတော့- စက္ခုမတော၊ မျက်စိငါးမျိုးနှင့် ပြည့်စုံတော်မူသော။ ယသဿိနော၊ များသော အခြံအရံ အကျော်အစော ရှိတော်မူသော။ ဂေါတမဿ၊ ဂေါတမအနွယ်တော်ဘွား ရှင်တော်မြတ်ဘုရား၏။ ညပါသိကာ၊ ဆည်းကပ်ကိုးကွယ်သူ တပည့်မသည်။အာသိ၊ ဖြစ်ခဲ့ပါသည် အရှင်ဘုရား တဲ့။

တေန၊ယခု လျှောက်ထားခဲ့သော ထိုကောင်းမှုအပေါင်းကြောင့်။ မေ၊တပည့်တော်မအား။တောဒိသော ဝဏ္ဏော၊ထိုကဲ့

သို့ တဆဲ့နှစ်ယူဇနာတိုင်တိုင် တောက်ပသောကိုယ်ရောင်ကိုယ်ဝါ တင့်တယ်စွာသော အဆင်းသည်။ဇာတော၊ ဖြစ်ပေါ်နေပါသည် အရှင်ဘုရား။ တေန၊ ယခု လျှောက်ထားခဲ့သော ထိုကောင်းမှု အပေါင်းငါ့ကြောင့်။ဣမ၊ ဤနှတ်ပြည်လောကဌ်။မေ၊တပည့်တော် မအား။ ဣဋ္ဌတိ၊ ကောင်းကျိုးအဖုံဖုံ ပြည့်စုံပြီးစီးနေပါသည် အရှင်ဘုရား။မနသော ပိယာ၊စိတ်ဖြင့်ချစ်အပ် လိုလားအပ်ကုန် သော။ယေ ကေစိ ဘောဂါ စ၊အလုံးစုံသော အသုံးအဆောင် နတ်စည်းစိမ်တို့သည်လည်း။ဥပဓ္ဓိန္တိ၊အပြည့်အစုံ ဖြစ်ပေါ်လျက် ရှိပါကုန်သည် အရှင်ဘုရား လို့ ဒီလို လျှောက်ထားပါတယ်။ အဲဒီလို လျှောက်ထားပြီးတော့ သူ့စိတ်ထဲမှာ အားမရ မကျေ မနပ်ဖြစ်ပြီး စိတ်ပူပန်နေပုံကလေးကိုလဲ ဆက်ပြီးတော့ လျှောက် ပြန်ပါတယ်။

အဘိက္ခဏံ နန္ဒနံ သုတ္တာ၊ဆန္ဒော ဧမေ ဥဒပဒ္ဒထ။
တတ္ထ စိတ္တံ ပဏိဓေယ၊ဥပပန္နာမ့ိ နန္ဒနံ တဲ့။

နန္ဒနံ၊တာဝတိံသာ နတ်ပြည်က နန္ဒဝန်ဥယျာဉ်အကြောင်း ကို့။အဘိက္ခဏံ သုတ္တာ၊မကြာခဏ ကြားနာရသောကြောင့်။မေ၊ တပည့်တော်မအား။ ဆန္ဒော၊တာဝတိံသာနတ်ပြည်၌ ဖြစ်လို သော ဆန္ဒသည်။ ဥဒပဒ္ဒထ၊ ဖြစ်ပေါ်ခဲ့ပါသည်။ တတ္ထ၊ထို တာဝတိံသာနတ်ပြည်၌။စိတ္တံ ပဏိဓေယ၊စိတ်ညွတ်မိ တောင့်တ မိသောကြောင့်။ နန္ဒနံ၊ နန္ဒဝန်ဥယျာဉ်ရှိရာ တာဝတိံသာနတ် ပြည်၌။ဥပပန္နာ အမှိ၊ဖြစ်နေရပါသည် အရှင်ဘုရား တဲ့။

နန္ဒဝန်ဥယျာဉ်အကြောင်း တာဝတိံသာနတ်ပြည်အကြောင်း ကို ခဏခဏ ကြားရပါတယ် တဲ့။ဟိုတုန်းက မြတ်စွာဘုရားကလဲ

နတ်ပြည်လောကအကြောင်းဘဲကို ကိုယ်တော်တိုင်တွေ့မြင်ပြီး ဟောနေတယ်၊အရှင်မဟာမောဂ္ဂလာန် အစရှိတဲ့ မထေရ်မြတ် တွေကလဲ နတ်ပြည်လောကကို ကိုယ်တိုင်သွားရောက်ပြီး တွေ့ခဲ့ တဲ့အကြောင်းအရာတွေကို ပြောဟောနေတယ်။ဒီတော့ တာ ဝတိံသာအကြောင်း နန္ဒဝန်ဥယျာဉ်အကြောင်းတွေကတော့ အဲဒီတုန်းက အင်မတန် ထင်ရှားနေမှာပါ၊ယခုနေအခါမှာ ဥရောပအကြောင်း အမေရိကအကြောင်းတွေကို လူအများက ထင်ရှား သိနေကြရသလိုနေမှာပါဘဲ။ ဒီလို နတ်စည်းစိမ်တွေ ကောင်းကြောင်း ချမ်းသာကြောင်းတွေကို ခဏခဏ ကြားနေ ရတော့ အဲဒီတာဝတိံသာနတ်ပြည်မှာ ဖြစ်ချင်တဲ့စိတ်တွေ သူ့ မှာ ဖြစ်လာပါတယ် တဲ့၊ဒါကြောင့် သူဟာ သောတာပန် အဖြစ်လောက်နဲ့ အားရကျေနပ်ပြီး, တာဝတိံသာမှာ ဖြစ်ချင် တဲ့စိတ်ရှိတဲ့အတွက် အထက်မဂ်ဖိုလ်တွေရဖို့အောင် အားမထုတ် ဘဲ နေခဲ့လို့ အဲဒီ လူ့ဘဝက စုတေတဲ့အခါ တာဝတိံသာ မှာဘဲ ဖြစ်နေရပါတယ် တဲ့။

အဲဒါကို ယခု လူတွေ့ အမြင်နဲ့ ကြည့်ယင် "အဲဒီ နတ် ပြည်မှာ ဖြစ်တာ အကောင်းသားဘဲ၊ဒါကတော့ မကျေနပ်စရာ မရှိပါဘူး" လို့ ထင်စရာရှိပါတယ်။ ကိုယ့်မျှော်လင့်ချက်နဲ့ မကိုက် ယင် မကျေနပ်စရာရှိတာပါဘဲ။နတ်ပြည် မရောက်ခင်တုန်းက တော့ "နတ်ပြည်ဆိုတာ သိပ်ကောင်းတယ်"လို့ သူ ထင်ထား ဟန် တူပါတယ်၊တကယ် ရောက်တဲ့အခါကျတော့ သူ ထင် သလောက်က မကောင်းတော့ သူ့ စိတ်မှာ မကျေမနပ် ဖြစ်နေ ဟန် တူပါတယ်။ဟုတ်တယ်၊ယခု လူ့ပြည်မှာလဲ ကိုယ်မရောက် ဘူးတဲ့မြို့ရွာတွေ နိုင်ငံခြားတွေများ သွား ကြည့်လိုက်ရယင်

သိပ်ကောင်းလိမ့်မယ်လို့ ထင်ထားတတ်ကြတယ်၊တကယ် သွားကြည့်တဲ့အခါကျတော့ ဘာမှ မထူးလှပါဘူး၊လူတွေဟာ စားဝတ်နေရေးတွေနဲ့ အမြဲမပြတ် ကြောင့်ကြစိုက် လုပ်ကိုင်နေကြတာကိုတွေ့ရတာပါဘဲ၊ထင်သလောက် မထူးလှပါဘူး။

လူတွေက "နတ်ပြည်ရောက်ယင် ကြောင့်ကြမှု တောင့်တမှုတွေ့ မရှိတော့ဘဲ အင်မတန် ချမ်းသာလိမ့်မယ်"လို့ မျှော်လင့်နေတတ်ကြတယ်။နတ်ပြည် ဆိုတာ လူ့ပြည်နဲ့ စာကြည့်ယင်တော့ "အမျှားကြီးဘဲ ချမ်းသာတယ်၊ကောင်းတယ်"ဘို့ ဆိုရမှာပါဘဲ၊ဒါပေမယ့် မကောင်းတာကလေးတွေကလဲ ရှိသေးတာဘဲ။ဘယ်လိုဟာတွေလဲ ဆိုယင်၊ တဏှာအလိုအတိုင်း မပြည့်နိုင်တာရယ်၊အမြဲမတည်တာရယ် ဒီလိုဟာ တွေပါဘဲ။နတ်ပြည်မှာ "မိမိကံအားလျော်စွာ ပြည့်စုံနေတယ်"လို့ ဆိုရမှာပါဘဲ၊သို့ပေမယ့် ကာမဂုဏ်ဆိုတာ သုံးဆောင်ခံစားလို့ အားရဆောင့်ရဲတယ်လို့လဲ မရှိဘူး၊ သူတပါးနဲ့လဲ စပ်ဆိုင်နေလို့ ကိုယ့်အလိုအတိုင်း ဘယ်တော့မှ မပြည့်စုံနိုင်ဘူး၊ ရောက်ရာနတ်ပြည်မှာ ကိုယ့်ထက် ကံကြီးမားပြီး အဆင့်အတန်းမြင့်နေတာတွေကလဲ ရှိနေဦးမယ်၊သူမျှားလို အဆင့်အတန်းမြင့်ချင် ပြည့်စုံချင်တာတွေကလဲ ရှိဦးမယ်။ဥပမာအားဖြင့် တောရွာက လူတယောက် ဒီရန်ကုန်မြို့မှာ လာနေတယ် ဆိုယင်၊မူလရွာမှာနေရတာထက်တော့ ကောင်းတယ်လို့ ဆိုရမှာပါဘဲ၊ဒါပေမယ့် ကိုယ့်ထက်မြင့်တဲ့လူတွေကို ကြည့်ပြီး ကိုယ့်အခြေအနေကို အားမရစရာ ဖြစ်နိုင်ပါတယ်။နတ်ပြည်မှာလဲ အဲဒါလို ဖြစ်နိုင်ပါတယ်။သိကြားမင်းကြီးတောင်မှ သူ့ထက်သာတဲ့ နတ်သားကြီးတွေက ရှိနေလို့ စိတ်ဆင်းရဲရသေးတယ် ဆိုဘဲ။ပြီးတော့ တရားဘက်က နေ

ကြည့်လိုက်ယင် အဲဒီနတ်စည်းစိမ်က အမြဲတည်ဲနေတာလဲ မဟုတ်ဘူး၊ တနေ့ကျတော့ နတ်ဘဝက စုတေပြီး မိမိလက်ရှိစည်းစိမ်တွေကို စွန့်သွားရဦးမယ်။ ပြီးတော့ နတ်ကာမဂုဏ်တွေက ဘယ်လိုဘဲ ပြည့်စုံတယ် ကောင်းတယ် ဆိုပေမယ့်လို့ ခံစားပြီးယင် ဘာမှ အနှစ်သာရ ကျန်ရစ်တာမဟုတ်ဘူး၊ အိပ်မက်သဖွယ် ဖြစ်နေပါတယ်၊ မျက်လှည့်ပြတာနဲ့လဲ တူနေပါတယ်။ ဒါကြောင့် ဥပေါသထနတ်သမီးက တရားသဘောနဲ့ ဆင်ခြင်ပြီး မကျေနပ်တာလဲ ဖြစ်နိုင်ပါတယ်။ဒါကြောင့် သူ မကျေနပ်ပုံကို ဆက်ပြီး လျှောက်ထားပြန်ပါတယ်။

နာကာသိ သတ္ထု ဝစနံ၊ ဗုဒ္ဓဿ ဒိစ္စ ဗန္ဓုနော။
ဟိနေ စိတ္တံ ပဏိဓာယ၊ သာမို့ ပစ္ဆာနုတာပိနီ တဲ့။

ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်မသည်။ အာဒိစ္စ ဗန္ဓုနော၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ သတ္ထု ဗုဒ္ဓဿ၊ ဆရာသခင် ဘုရားရှင်၏။ ဝစနံ၊ အဆုံးအမ စကားတော်ကို။ နာ အကာသိ၊ အပြည့် အစုံလိုက်နာ၍ မကျင့်မိခဲ့ပါ။ ဟိနေ၊ ယုတ်ညံ့သော နတ်ပြည်လောကဌ်။ စိတ္တံ ပဏိဓာယ၊ စိတ်ညွတ်မိ တောင့်တမိသောကြောင့်။ သာ၊ ထို တပည့်တော်မသည်။ ပစ္ဆာနုတာပိနီ၊ နောင်တ တဖန် ပူပန်ရသည်။ အမို့၊ ဖြစ်နေပါသည် အရှင်ဘုရား တဲ့။

မြတ်စွာဘုရားကတော့ “ဘဝ ဆိုယင် ဘယ်ဘဝမှ မကောင်းဘူး၊ ဘဝ ရှိယင် အိုရမယ်၊ နာရမယ်၊ သေရမယ်၊ စိုးရိမ်ပူဆွေးရမယ်၊ ငိုကြွေးရမယ်၊ ကိုယ်ပင်ပန်း ဆင်းရဲရမယ်၊ စိတ်နှလုံး

မသာ ဆင်းရဲ ပင်ပန်းရမယ်။ ဒါကြောင့် ဘဝ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို အရဟာတ္တဖိုလ်ဖြင့် ရောက်အောင် အားထုတ်ရမယ်" လို့ချည်း ဆုံးမညွှန်ကြားနေပါတယ်၊ သို့သော်လဲ ဥပေါသထာ ကတော့ နတ်ဘဝ ဆိုယင် သက်သာရာရပြီး ချမ်းသာပါပြီ လို့ နှလုံး သွင်းပြီးတော့ တာဝတိံသာ နတ်ပြည်လောက်သာ စိတ် ညွှတ် လာခဲ့တယ်၊အရဟာတ္တ မဂ်ဖိုလ်ရောက်အောင် အားမထုတ် ခဲ့မိဘူး တဲ့။ မူလကတော့ နတ်ပြည် ဆိုယင် မြင့်မြတ်လှပြီလို့ထင် ပြီး တောင့်တခဲ့သော်လဲ ယခု နတ်ပြည်ရောက်တဲ့ အခါကျတော့ တရားနဲ့ဆင်ခြင်ကြည့်လိုက်တဲ့ အခါမှာ မူလက ထင်သလောက် မမြင့်မြတ်ဘဲ ဖြစ်နေလို့ "ဟီနန-ယုတ်ညံ့တဲ့ နတ်ပြည် လောက" လို့ရွတ်ချပြီး လျှောက်ထားပါတယ်။ အဘိုးတန်ပစ္စည်း ထင်ပြီး ဝယ်ယူလာခဲ့ရာမှာ အိမ်ရောက်လို့ ဖြေဖြန့်ကြည့်တော့မှ အဘိုး တန်မဟုတ်တာကို သိရလို့ စိတ်ပျက်ရတာနဲ့ တူနေပါတယ်" ဒီတော့ ဘုရားသာသနာမှာ စျေးဝယ်မမှားဘို့လဲ အရေးကြီး ပါတယ်၊ အဝယ် မှားသွားယင် ဟိုနတ်ပြည် ရောက်တော့မှ ဥပေါသထာ နတ်သမီးလို နောင်တပူပန် နေကြရဦးမယ်။ အဲဒါ ကိုလဲ သတိပြုကြပေါ့။

ဒီနေရာမှာ "ဒီနတ်သမီးကလဲ ဘာကြောင့် ဒါလောက် ကြီးကြီးကျယ်ကျယ် ခဲ့ပြီး ပြောနေရတာလဲ၊ လူ့ဘဝတုန်းက အားမထုတ်ခဲ့မိယင် နတ်ဘဝမှာ အားထုတ်လိုက်ရောပေါ့" လို့ ဒီလိုလဲ စဉ်းစားစရာ ပြောစရာ ရှိပါတယ်။ အဲဒါကတော့ လူ့ပြည် အခြေ အနေ မျိုးနဲ့ စဉ်းစားတာဘဲ၊ နည်ပြည် မှာ အားထုတ်ဘို့က မလွယ်ပါဘူး၊ နတ်ပြည်မှာ နတ်တွေ အများက တီးလိုက် မှုတ်လိုက် ကလိုက် ခုန်လိုက် သီချင်းဆိုလိုက်

နဲ့ တအုံးအုံး တရုံးရုံးနဲ့ ဘာမှအလုပ်မရှိဘဲ တပျော်တည်း ပျော်နေကြပါတယ်၊ အဲဒီလို ဆူဆူညံညံတွေထဲမှာ ကိုယ့်တယောက်ထည်း တရားအားထုတ်လို့ကတော့ မဖြစ်နိုင်ပါဘူး၊ လူ့ပြည်မှာလို ဆိတ်ငြိမ်တဲ့ အရပ်ရယ်လို့လဲ မရှိဘူး၊ ကိုယ်က ဆိတ်ဆိတ်ငြိမ်ငြိမ် နေချင်ပေမယ်လို့ ကိုယ့်အခြေအရံ အပေါင်း အဖေါ်မိတ်ဆွေ နတ်သား နတ်သမီးတွေက လာကြဦးမယ်။ ယခုလူ့ပြည်မှာတောင်မှ တချို့ယောဂီတွေဟာ ကမ္မဋ္ဌာန်းကျောင်းက အိမ်ပြန်ရောက်တဲ့အခါ ဘာမှ ကောင်းကောင်း အားမထုတ်နိုင်ကြဘူး၊ အဲဒါကိုသာ ကြည့်ပေတော့။ ဒါကြောင့် ဥပေါသထာက "လူ့ဘဝတုန်းက မြတ်စွာဘုရား အဆုံးအမ အတိုင်းအပြည့်အစုံ လိုက်နာပြီး အားမထုတ်ခဲ့ရလို့ သူ စိတ်ပူပန်တယ်" ဆိုတာကို လျှောက်ထားတာဘဲ။ တို့ဒကာ ဒကာမတွေလဲ အဲဒီဥပေါသထာလို နောင်တ တဖန် မပူပန်ရအောင် ယခုလို အခွင့်ကောင်း ရနေတုန်းက ကြိုးစားအားထုတ်ကြရမယ်။

အဲဒီလို ဥပေါသထာက လျှောက်တော့ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်က ဒီလို အားပေးတရား ဟောကြားခဲ့ပါတယ်။

မာ တုံ ဥပေါသထေ ဘာယိ၊ သမ္ဗုဒ္ဓေနာသိဗျာကတာ။
သောတာပန္နော ဝိသေသယိ၊ ပဟီနာ တဝ ဒုဂ္ဂတိ တဲ့။

ဥပေါသထေ၊ ဥပေါသထာမည်သော နတ်သမီးကလေး။ တုံ၊သင်သည်။ မာ ဘာယိ၊ မစိုးရိမ်ပါနဲ့တော့။ ပူစရာမရှိတော့ပါဘူးလို့ ဆိုလိုပါတယ်။ ဘာကြောင့်လဲ ဆိုယင်-

သမ္မုဒ္ဓေန၊ မြတ်စွာဘုရား ကိုယ်တော်တိုင်ကပင်လျှင်။ ဗျာကတာ၊ ဗျာဒိတ်စကား ပြောကြားအပ်ပြီးသည်။ အသိ၊ဖြစ်နေ

ပါပြီ တဲ့။ မြတ်စွာဘုရားကိုက သင့်ကို ဗျာဒိတ်စကား ပြော ကြားပြီး ဖြစ်နေပါပြီ တဲ့။ ဟိုတုန်းကတော့ မြတ်စွာဘုရားက စုတေသွားတဲ့ ပုဂ္ဂိုလ်တွေ့ရဲ့ အကြောင်းကို မေးမြန်းလျှောက် ထားလို့ ပြောကြားတော်မူတာလဲ ရှိတယ်၊ အကြောင်းအား လျော်စွာ အမေးအမြန်းမရှိဘဲ ပြောကြားတော်မူတာလဲ ရှိ တယ်။ ယခုညပေါသထာရဲ့အကြောင်းကိုပြောကြားတာကတော့ မေးလို့လား၊ မမေးဘဲနဲ့လား ဆိုတာ မထင်ရှားဘူး။ "ပြော ကြားတယ်" ဆိုတာလောက်ပဲ ဒီ ဝိမာနဝတ္ထု ဒေသနာအရ ထင်ရှားပါတယ်။ ဘယ်လိုပြောကြားတော်မူသလဲဆိုတော့-

ညပေါသထာ၊ ညပေါသထာ အမည်ရှိတဲ့ အမျိုးသမီးသည်။ ဝိသေသယိ၊ ထူးသော မင်္ဂိုလ်တရားကို ရောက်သည် ရသည် ဖြစ်၍။ သောတာပန္နာ၊ သောတာပန် ညပါသိကာမ ပေတာည်း။ ဣတိ၊ ဤသို့။ သမ္မုဒ္ဓေန၊ မြတ်ဘုရားက။ ဗျာကတာ၊ ပြော ကြားအပ်ပြီးသည်။ အသိ၊ ဖြစ်ပါပေ၏။ တသ္မာ၊ ထို့သို့မြတ်စွာ ဘုရားက သောတာပန်ဟု ပြောကြားထားသောကြောင့်။ တဝ၊ သင်မှာ။ ဒုဂ္ဂတိ၊ အပါယ်သို့ လားရခြင်းကို။ ပဟီနာ၊ ပယ်အပ် ပြီးဖြစ်ပါလေပြီ။ တသ္မာ၊ ထို့ကြောင့်။ မာ ဘာယိ၊ မစိုးရိမ်ပါနဲ့ တော့ လို့ အရှင်မဟာမောဂ္ဂလာန်က အားပေးတရား ဟော ကြားတော်မူခဲ့ပါတယ်။

ဆိုလိုတာကတော့-သင့်မှာ လူ့ဘဝက အရဟာတ္တမင်္ဂိုလ် ရောက်အောင် အားမထုတ်ခဲ့ရပေမယ်လို့ စိုးရိမ်စရာကတော့ မရှိပါဘူး၊ သောတာပန် ဖြစ်နေပြီလို့ မြတ်စွာဘုရားက ပြော ကြားထားတဲ့အတွက် သောတာပန် ဖြစ်တာကတော့ သေချာ

နေပါပြီ၊ သောတာပန် ဆိုတော့ အပါယ် ၄-ပါးကို မကျနိုင်တော့ပါဘူး၊ မိမိ အလိုရှိရာ နတ်ပြည်မှာဘဲ ဖြစ်ဖြစ်၊ လူ့ပြည်မှာဘဲ ဖြစ်ဖြစ် အလိုအတိုင်း ဖြစ်သွားဘို့ဘဲ ရှိပါတော့တယ်၊ အဲဒီလို သုဂတိမှာချည်း ဖြစ်ပြီး နိဗ္ဗာန်ဝင်ရုံဘဲ ရှိပါတော့တယ်။ ဒါကြောင့် ကြောက်ရှံစိုးရိမ်စရာ မရှိတော့ပါဘူး လို့ ဆိုလိုပါတယ်။

အဲဒီ နတ်သမီးဟာ တာဝတိံသာ နတ်ပြည်မှာ ယခုလဲ ရှိနေပါတယ်။ တာဝတိံသာနတ်ပြည်က ရက်-လ-နှစ်အရေအတွက်နဲ့ ဆိုယင် အဲဒီနတ်သမီးကလေး နတ်ပြည်ရောက်တာဟာ ဘာမှ မကြာသေးဘူး၊ လူ့ပြည်က နှစ်ပေါင်းတရာမှ တာဝတိံသာမှာ တရက်သာ ရှိတယ်။ မြတ်စွာဘုရား လက်ထက်က ယခုအထိ နှစ်ပေါင်းက ၂၅၀၀-ကျော်ဘဲ ရှိသေးတော့ အဲဒီနတ်သမီးရဲ့ အသက်ဟာ တာဝတိံသာရက်နဲ့ ၂၅-ရက်ကျော်ကျော်လောက်ပဲ ရှိသေးတယ်၊ တလသမီးတောင် မရှိသေးဘူး။ ယခု ဒီက တို့ဒကာ ဒကာမတွေဟာ တရားအားထုတ်ပြီး တရားထူးကို ရသွားမယ် ဆိုယင် နောက် နှစ်ပေါင်း လေး ငါး ခြောက်ဆယ်အတွင်း အဲဒီနတ်ပြည်ရောက်ပြီးတော့ အဲဒီ နတ်သမီးနဲ့ တွေ့တဲ့ အခါမှာ တရားအဆင့်အတန်းတူ အနေနဲ့ တရားဆွေးနွေး ကြရမှာပေါ့။

ယခု အားထုတ်လို့ တရားထူး မရသေးလဲ အားတော့ငယ်စရာ မရှိပါဘူး၊ အဲဒီနတ်ပြည်ကတော့ ရောက်ကြမှာပါဘဲ၊ ရောက်တဲ့အခါကျတော့ အဲဒီက အရိယာနတ်တွေထံမှာ စုံစမ်းမေးမြန်းပြီးတော့ ဖြစ်စေ၊ အရိယာနတ်တွေဟောတဲ့ တရားကို ကြားနာပြီးတော့ ဖြစ်စေ တရားနှလုံးသွင်းလိုက်

ယင် မင်္ဂဖိုလ်တရားကို ရဘို့ရာအကြောင်း ရှိပါတယ်။ နတ်ဆိုတာ ရုပ်တွေကလဲ သန့်ရှင်းစင်ကြယ်တယ်၊ အဲဒီစင်ကြယ်တဲ့ရုပ်ကို အမှီပြုပြီး ဖြစ်ရတဲ့ အသိဉာဏ်ကလဲ ထက်မြက်လျင်မြန်တယ်။ ဒါကြောင့် လူ့ဘဝက အားထုတ်ခဲ့တဲ့တရားကို ပြန်ပြီး သတိရလိုက်ယင် တခဏချင်းဘဲ ရုပ်နာမ် အဖြစ်အပျက်တွေကို မြင်ပြီး အရိယမင်္ဂဖိုလ်ကို ရောက်သွားတတ်ပါတယ် တဲ့။

တဿ တတ္ထ သုခိနော ဓမ္မပဒါ ပ္လဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထ သော သတ္တော ခိပ္ပံယေဝ ဝိသေသဂါမိ ဟောတိ။ (ဒံ ၁-၅၀၅)

တဿ၊ ထိုရွေးဘဝက တရားတော်ကို ကြားနာမှတ်သား အားထုတ်ဘူးသော ပုဂ္ဂိုလ်အား။ တတ္ထ၊ ထိုနတ်ပြည်၌။ သုခိနော၊ ချမ်းသာနှင့်ပြည့်စုံသည် ဖြစ်၍။ ဓမ္မပဒါ၊ ရွေးဘဝက လေ့လာခဲ့သော တရားအစုတို့သည်။ ပ္လဝန္တိ၊ ထင်ရှားပေါ်လာကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သတုပ္ပါဒေါ၊ ဤသို့သော တရားကို ရွေးဘဝက လေ့လာအားထုတ်ခဲ့ဘူးသည်ဟု သတိ ဖြစ်ခြင်း, သတိရခြင်းသည်။ ဒန္ဓော၊ နှေးသော် နှေးရာသေး၏။ အထ၊ ထိုသို့သတိရသော အခါ၌မူကား။ သော သတ္တော၊ ထိုသတ္တဝါထိုပုဂ္ဂိုလ်သည်။ ခိပ္ပံယေဝ၊ သတိရလျှင်ရခြင်း လျင်မြန်စွာသာလျှင်။ ဝိသေသဂါမိ၊ မင်္ဂဖိုလ်နိဗ္ဗာန်တရားထူးသို့ ရောက်သည်။ ဟောတိ၊ ဖြစ်ပေ၏ တဲ့။

ဒီလို နတ်ပြည်ရောက်တော့ လွယ်လွယ်နဲ့ တရားထူး ရတတ်တဲ့အကြောင်းကတော့ ဇေါဒိကာဝတ္ထု၊ ဖြင့် ထင်ရှားပါတယ်။

ကပိလဝတ်ပြည်က ဂေါဒကာဆိုတဲ့ သာကီဝင် အမျိုးသမီး တဦးဟာ ရတနာ ၃-ပါးကို ကိုးကွယ်ဆည်းကပ်ပြီး တရား ကျင့်သုံးလို သောတာပန်ဖြစ်ပြီးတာ့ စုတိပြတ်ကြွေ့ သေသွား တဲ့အခါ ကာလမှာ တာဝတိံသာနတ်ပြည် သိကြားမင်း၏ သားဂေတာ်အဖြစ် ရောက်သွားတယ်။ နတ်သားဖြစ်သွားတော့ သူ့ကို ဂေါပကလို့ ခေါ်ကြတယ်။ အဲဒီအခါမှာ သိကြား မင်းထံ လာရောက်ပြီး ကပြကြတဲ့ ဂန္ဓဗ္ဗနတ်တွေထဲက ထူး ခြားတဲ့ နတ်သား ၃-ယောက်ကို တွေ့မြင်ရတဲ့အတွက် ဂေါ ပက နတ်သားက ဆင်ခြင်ကြည့်လိုက်တယ်။ ဒီတော့ အဲဒီနတ် သား ၃-ယောက်ဟာ သူ ရှေးဘဝတုန်းက ကိုးကွယ်ခဲ့တဲ့ ရဟန်းတွေ ဖြစ်နေကြောင်း သိရတယ်။ ဒါကြောင့် ဂေါပက နတ်သားက အဲဒီ ဂန္ဓဗ္ဗနတ်သား ၃-ယောက်ကို သတိပေး စကား ပြေားကြားတယ်။ ဒီတော့ အဲဒီ နတ်သား ၃-ယောက်ထဲက ၂-ယောက်က သတိရပြီး ရှေးဘဝက လေ့လာ ခဲ့တဲ့ တရားတွေကို ပြန်ပြီး နှုလုံးသွင်းလိုက်တဲ့အခါ ရှေးက ရဘူးတဲ့စျာန်တွေကိုလဲ ချက်ခြင်းဘဲ ပြန်ရတယ်၊ အနာဂါမိ မဂ်ဖိုလ် ရောက်ပြီး အနာဂါမ်လဲ ဖြစ်သွားကြတယ်၊ တာဝတိံ သာနတ်တွေရဲ့ မျက်မှောက်မှာဘဲ ဒြဟ္မပုရောဟိတာဒြဟ္မာလဲ ဖြစ်ပြီး ဗြဟ္မာ့ပြည်ကို ပုံတက်သွားကြပါတယ် တဲ့။ အဲဒါဟာ ရှေးဘဝက လေ့လာခဲ့တဲ့ တရားကို သတိရယင် နတ်ပြည်မှာ ချက်ခြင်းဘဲ တရားထူး ရတတ်တယ် ဆိုရာမှာ သက်သေ သာဓကပါဘဲ။

ပဌမက ပြောလာခဲ့တဲ့ ဥပေါသထာနတ်သမီးလိုဘဲ ဘုရား လက်ထက်က တရားကျင့်သုံး အားထုတ်ပြီး နတ်ပြည်ရောက်

နေတဲ့ နတ်သား နတ်သိမ်းတွေဟာ အမျှားကြီးဘဲ ရှိနေပါ
တယ်၊ ပြီးတော့ ယခု ပြောတဲ့ ဂေါပကနတ်သားလို မိန်းမ
အဖြစ်က နတ်သားအဖြစ် ရောက်နေတဲ့ပုဂ္ဂိုလ်တွေလဲ ရှိနေကြ
ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေလဲ ယခု ဒကာ ဒကာမတွေလို
ကျွင့်သုံး အားထုတ်သွားကြတာတွေဘဲ။ ဒါကြောင့် အဲဒီ
ပုဂ္ဂိုလ်တွေရဲ့ ကျင့်ပုံ ဖြစ်ပုံတွေကို ဆင်ခြင်ကြည့်လိုက်ယင်
ယခု တရားအားထုတ်နေကြတဲ့ ယောဂီတွေဟာ အမျှားကြီး
ဘဲ အားတက်စရာ ဝမ်းမြောက်ဝမ်းသာစရာ ကောင်းပါ
တယ်။ ဒီလို တရားအားထုတ်နေရတာဟာ ရှေးရှေးသူတော်
ကောင်းတွေ သွားထားတဲ့လမ်းဘဲ၊ မြတ်စွာဘုရား အဆုံးအမ
ကို လိုက်နာပြီး ကျင့်သုံးကြတဲ့ အရိယာပုဂ္ဂိုလ်တွေ သွားထား
တဲ့လမ်းဘဲ။ ဒီ လမ်းကောင်း လမ်းမကြီးကို ငါတို့တတွေ လိုက်
နေကြရတာဘဲလို့ အောက်မေ့ကြရမယ်။ ရှုမှတ်တိုင်း ရှုမှတ်တိုင်း
ဒီလမ်းကို သွားနေကြတာပေါ့၊ ခရီးသွားတဲ့လူဟာ ခြေလှမ်း
တိုင်း ခြေလှမ်းတိုင်း ရောက်လိုတဲ့ဌာနဘက် နီးနီးသွားသလို
ဘဲ ရှုမှတ်တိုင်း ရှုမှတ်တိုင်း နိဗ္ဗာန်ဆီကို တထောက် တထောက်
နီးနီးသွားတယ်၊ သိပ် အားတက်ဘို့ ကောင်းတာဘဲ။

ဥပမာ–"ဒီလမ်းက ရှေတည့်တည့်သွားယင် အင်မတန်
သာယာတဲ့ ဥယျာဉ်ကြီးထဲ ရောက်သွားမယ်၊ သို့မဟုတ် ဘေး
ရန်အန္တရာယ်ကင်းတဲ့ အင်မတန် ပျော်စရာကောင်းတဲ့ မြို့ကြီး
ထဲ ရောက်သွားမယ်"လို့ ဆိုယင်၊ အဲဒီလမ်းကို သွားနေရတဲ့
သူဟာ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ချမ်းသာနဲ့ နီးနီးသွား
တယ်။ ဒါကြောင့် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ဝမ်းမြောက်
ဝမ်းသာစရာချည်းဘဲ။ အဲဒါလိုပါဘဲ ယခု ရှုမှတ်နေရတာက

ကောင်းစားချမ်းသာမည့်နေရာဆီကို သွားနေရသလိုဘဲ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဘေးရန်ကင်းတဲ့ အင်မတန် ချမ်းသာတဲ့ နိဗ္ဗာန်ဆီကို ချဉ်းကပ်နေတာဘဲ၊ အင်မတန်ကို ဝမ်းမြောက် ဝမ်းသာစရာ ကောင်းပါတယ်။

သွားတယ် သွားတယ်လို့ မှတ်တိုင်း ကာယာနုပဿနာသတိပဋ္ဌာန်ဖြစ်ပွါးနေတယ်၊ထိုအတူ "ဖေါင်းတယ်ပိန်တယ်"လို့ မှတ်တိုင်း မှတ်တိုင်းလဲ ကာယာနုပဿနာသတိပဋ္ဌာန်ဖြစ်နေတာဘဲ၊ ညောင်းတယ် ပူတယ် စသည်ဖြင့် မှတ်တိုင်း မှတ်တိုင်းလဲ ဝေဒနာနုပဿနာသတိပဋ္ဌာန် ဖြစ်နေတယ်။ စိတ်ကူးတယ် ကြံစည်တယ် စသည်ဖြင့် မှတ်တိုင်း မှတ်တိုင်းလဲ စိတ္တာနုပဿနာသတိပဋ္ဌာန် ဖြစ်နေတယ်။ နှစ်သက်တယ် စိတ်ပျက်တယ် စသည်ဖြင့် မှတ်တိုင်း မှတ်တိုင်းလဲ ဓမ္မာနုပဿနာသတိပဋ္ဌာန် ဖြစ်နေတယ်။ အဲဒီသတိပဋ္ဌာန် ၄-ပါး ဖြစ်တိုင်းဖြစ်တိုင်း သမ္မပ္ပဓာန် ၄-ပါးလဲ ဖြစ်နေတယ်။ ဇာန်ပါဒ်, ဇာန်နွေး, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင် ဆိုတဲ့ အရိယဓမ္မတွေလဲ ဖြစ်နေတယ်။ အဲဒါတွေဟာ အရိယာအဖြစ်ကို ရောက်စေနိုင်တဲ့ တရားတွေဘဲ။ ဒါကြောင့် ဒီလို့ရှုမှတ်ရတဲ့လမ်းဟာ အရိယာတွေ သွားထားတဲ့ လမ်းဘဲ၊ တမှတ် မှတ်လိုက်ယင်း, အရိယာစခန်းမှာ တလှမ်း တိုးသွားယင်း၊ တမှတ် မှတ်လိုက်ယင်း, တလှမ်းတိုးသွားယင်းနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ဆီကို နီးကပ် နီးကပ် သွားတယ်၊ အမှတ်ပေါင်းတသောင်းနဲ့ မဂ်ဖိုလ်ကို ရောက်မယ်ဆိုယင်၊အမှတ်ကလဲ တထောင်လောက်သာ ရသေးယင် ကိုးထောင်လောက် လိုသေးတယ်လို့ ဆိုရမှာပေါ့၊ အမှတ်ပေါင်း ကိုးထောင်လောက် ရနေယင်တော့ နောက်ထပ် တထောင်သာ လိုတော့

တယ် ဆိုရမှာပေါ့၊ အမှတ်ပေါင်း ၉၉၉၉-ရှိနေယင်တော့ နောက်တမှတ်မှာ မင်္ဂဇိ ရောက်သွားတော့မှာဘဲ။ ဒါကြောင့် မှတ်တိုင်း မှတ်တိုင်း နီးနီးသွားပြီလို့ နှလုံးသွင်းပြီး ကြိုးစား အားထုတ်ကြဘို့ဘဲ။

ဒီလို အားထုတ်ရခြင်း၏ အကြောင်းကို အခြေခံအဖြစ်နဲ့ မှတ်သားထားကြဘို့၊ ဝိပဿနာရှုနည်း မူသေစည်း အဖြစ်နဲ့ မှတ်သားထားကြဘို့ ဒီကနေ့ ဒီဝိပဿနာအခြေခံတရားကို ဟောလာခဲ့တာဟာ ၂-နာရီက ယခု ငါးနာရီ ဆိုတော့ ၃-နာရီ ကြာသွားပြီ၊ စုံလဲ တော်တော်စုံသွားပါပြီ၊ တရားသိမ်းဘို့ အချိန်တန်ပါပြီ။ ကဲ ကဲ ဝိပဿနာအခြေခံတရားတော်ရဲ့ မူလ ရင်း ဆောင်ပုဒ်ကလေးတွေကို အစက စပြီး ဆိုကြဦးစို့။

မူလရင်း ဆောင်ပုဒ်များ

(၁) ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ဘယ်ဟာ ရှု၍ ဖြစ်သနည်း။ (ဆို)

(၂) စဲ့လမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စ့ာ ရှု၍ ဖြစ်သတည်း။ (ဆို)

(၃) ဘယ်အကျိုးငှါ၊ ထိုခန္ဓာ၊ ဘယ်ခါ ရှုရပါသနည်း။ (ဆို)

(၄) မစဲ့ဘို့ရာ၊ဖြစ်ဆဲမှာ၊ မှန်စ့ာ ရှုရပါသတည်း။(ဆို)

(၅) ဖြစ်ခိုက် မရှု၊ ရုပ်နာမ်စု၊စဲ့မှ ဝင်ရောက်သည်။(ဆို)

(၆) မြဲတယ်, ကောင်းတယ်၊ ငါ၊ကောင်နှယ်၊တကယ် ထင်တတ်သည်။ (ဆို)

(၇) ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊စဲ့မှ ကင်းပျောက်သည်။ (ဆို)

(၈) မမြဲ, ဆင်းရဲ၊ သဘောဘဲ၊ ဉာဏ်ထဲ ရှင်းတော့သည်။ (ဆို)

(၉) စုံမှု ကင်းပျောက်၊ မဂ်လမ်း ပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည်။ (ဆို)

(၁၀) ဝိပဿနာရှုနည်း၊ မူသေစည်း၊ သိမ်းဆည်းထား ရမည်။ (ဆို)

နိဂုံးဆုတောင်း

ဝိပဿနာရှုနည်း မူသေစည်း မည်တဲ့ ဒီ ဝိပဿနာအခြေခံတရားတော်ကို ရိုသေစွာ နာယူမှတ်သားကြရတဲ့ ဓမ္မသဝန ကုသိုလ်စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ဘေးရန်ကင်းကွာလျက် ကိုယ်စိတ်နှစ်ဖြာချမ်းသာကြ၍ ဒုဂ္ဂရ ဖြစ်-ပါး၌ ထင်ရှား ပေါ်လာသော ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် တည်းဟူသော ဥပါဒါနက္ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့ကို ဖြစ်တိုင်း ဖြစ်တိုင်း ရှုနိုင် မှတ်နိုင်ကြ၍ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာအားဖြင့် မှန်ကန်စွာ သိမြင်နိုင်ကြ၍ ဝိပဿနာ ဉာဏ်စဉ်အတိုင်း တိုးတက်ကြပြီးလျှင် ရုပ်နာမ်သင်္ခါရ ဆင်းရဲဟူသမျှတို့၏ ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု....

ဝိပဿနာအခြေခံတရားတော် ပြီးပြီ။

မဟာစည်ဆရာတော်ဘုရား၏
ဓမ္မဒေသနာ ဆောင်ပုဒ်များ

စာတုမနုသိကာရ ဆောင်ပုဒ်များ

၁။ ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ။
အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို။
နှလုံး၊ အသည်း၊အမြွေး၊ အပြင်၊ အဆုပ်၊
အူမ၊ အူသိမ်၊ အစာသစ်၊အစာဟောင်း၊ ဦးနှောက်။
(ပထဝီဓာတ် ၂၀)

၂။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွဲ၊အဆီခဲ။
မျက်ရည်၊ ဆီကြည်၊ တံထွေး၊နှပ်၊ အစေး၊ ကျင်ငယ်။
(အာပေါဓာတ် ၁၂)

၃။ သန္တာပနှ၊ ဇီရဏ၊ ဒါဟ, ပါစကာ၊
ပူလောင်, ရင့်စေ၊ လောင်ကျွမ်းပေ၊ စာကြေ မီး
လေးဖြာ။

၄။ ဆန့်, စုန့်, ဝမ်း, အူ၊ လှုပ်ပြုမှု၊ သက်ရှူ လေ
ခြောက်ဖြာ။

၅။ ကြမ်းတန်း မာခက် ချေညှက် တမည်၊ (လက္ခဏာ)
တည်ရာကိစ္စ သူက ပြုသည်၊ (ရသ)
ခံလင့် ဆောင်ရေး ပေါ်လေး ထင်သည်၊(ပစ္စုပဋ္ဌာန်)
ပထဝီဓာတ် သိမှတ် မြတ်ယောဂီ။

၆။ အရည် တနည်း ယိုစီး တမည်၊
စိုထိုင်း ဖုံထွား တိုးပွါးစေသည်၊
စေးကပ် ပူးတွဲ လုံးခဲ ထင်သည်၊
အာပေါဓာတ် သိမှတ် မြတ်ယောဂီ။

၇။ အပူ အနွေး အအေး တမည်၊
ပူငွေ့ ပေးလျက် ရင့်ကျက်စေသည်၊
နူးညံ့ ပြေ့ပျော်း ဆင့်လောင်းပေးသည်၊
တေဇောဓာတ် သိမှတ် မြတ်ယောဂီ။

၈။ (ဝါယောဓာတ် ဆောင်ပုဒ်ကို စာမျက်နှာ ၄၀-မှာ ပြန်ကြည့်ပါ။)

ခန္ဓဓမ္မာနုပဿနာ ဆောင်ပုဒ်မျှား

၁။ ပထဝီ, အာပေါ, တေဇော, ဝါယော- မဟာဘုတ် ၄-ပါး။
၂။ မျက်စိ, နား, နှာ,လျှာ, ကိုယ်-အကြည်ရုပ် ၅-ပါး။
၃။ အဆင်း, အသံ, အနံ့, အရသာ, အတွေ့-အာရုံရုပ် ၅-ပါး။
အတွေ့ ဆိုတာ၊ ပ, တေ, ဝါ၊ မဟာဘုတ်ပင်တည်း။
၄။ မိန်းမဖြစ်ကြောင်း, ယောကျ်ားဖြစ်ကြောင်း-ဘာဝ ရုပ် ၂-ပါး။
၅။ အသက်, နှလုံး, အာဟာရ-သီးခြားရုပ် ၃-ပါး။
၆။ ဘုတ် လေး, ကြည် ၈၊ အာရုံ ၈၊ နှစ်ပါး ဘာဝမည်။
၇။ သီးခြား သုံး ပါ၊ ဆဲရှစ်ဖြာ၊ သဘာဝ ရုပ်မည်။

၈။ သဘာဝ ရုပ်ဓာတ်၊ ပရမတ်၊ ဝိပဿ် ရှုရသည်။
၉။ ကြွင်းရုပ် ဆယ်ဖြာ၊ ပညတ်သာ၊ ရှုစရာ မလိုပြီ။
၁၀။ အာကာသဓာတ်၊ နှစ်ဝိညတ်၊ ပေါ့လတ် နူ့ခွံသည်။
၁၁။ ဖြစ်,ပွါး, ရင့်လတ်၊ သေပျက် မှတ်၊ ပညတ် ရုပ်ဆယ်မည်။

ကလာပ်နှံပုံ

၁။ ဆင်း, နံ့, ရသာ၊ ဘုတ် လေးဖြာ၊ သြဇာ အဋ္ဌကလာပ်။
၂။ အသက်နှင့် တကွ၊ ထို အဋ္ဌ၊ နဝ ရုပ်ကလာပ်။
၃။ အကြည်,ဘာဝ၊ ဟဒယ၊ ဒသ ရုပ်ကလာပ်။
၄။ အသံနှင့် တကွ၊ ကို အဋ္ဌ၊ နဝ ရုပ်ကလာပ်။

ကလာပ်နှင့်ရုပ် အရေအတွက်

၁။ နှုပ်, တံထွေး, ချေး, မျက်ရည်, စိတ် ဥတုကြောင့် ဖြစ်သည်၊ အဋ္ဌကလာပ်ရုပ် ၂-ခုစီ၊ ရုပ်ပေါင်း ၆၄-ရသည်။ (၆၄)
၂။ အစာသစ်, အစာဟောင်း, ကျင်ငယ်, ပြည့်, ဥတု ကြောင့် ဖြစ်သည်၊အဋ္ဌကလာပ်ရုပ် ၁-ခုစီ၊ရုပ်ပေါင်း ၃၂-ရသည်။ (၆၄+၃၂=၉၆)
၃။ ကြွင်းသော ပထဝီ, အာပေါ အဖို့အစု ၂၄-မည်၊ ကံ, စိတ်, ဥ, ဟာ,ကြောင့် ဖြစ်သည်၊ ကာယနှင့် ဘာဝ ဒသကကလာပ် ၂-ခုစီ၊ ကံကြောင့် ဖြစ်သည်။ အဋ္ဌကလာပ် ၃-ခုစီ၊စိတ်, ဥ,ဟာ, ကြောင့် ဖြစ်သည်။ ရုပ်ပေါင်း ၁၀၅၆-ရသည်။ (၉၆+၁၀၅၆=၁၁၅၂)

၄။ သုံးဆယ့်နှစ်ကောင္ဘာ၊ ကလာပ်မှာ၊ တရာ သုံး ဆယ့်နှစ်။ (၁၃၂)

၅။ ရုပ်ပေါင်း သခ္ခါ၊ ထောင့် တရာ၊ စွန်းသာ ငါး ဆယ့်နှစ်။ (၁၁၅၂)

၆။ ပါစကတေဇော ကံကြောင့် ဖြစ်သည်၊ ဇီဝိတနဝက ကလာပ်သာ ရသည်။ (၉)

၇။ ထွက်သက်ဝင်သက် လေ စိတ်ကြောင့် ဖြစ်သည်၊ သဒ္ဒနဝက ကလာပ်သာ ရသည်။ (၉)

၈။ ကြွင်းသော တေဇော ဝါယော အဖို့အစု ရှစ်မည် ကံ့ စိတ်, ဥ,ဟာ,ကြောင့် ဖြစ်သည်။
ဇီဝိတနဝကနှင့် အဋ္ဌကလာပ် ၃-ခုစီ၊ရုပ်ပေါင်း ၂၆၄-ရသည်။(၉+၉+၂၆၄=၂၀၂)

၉။ မီး, လေ, ဆယ်ရပ်၊ ရုပ်ကလာပ်၊ သိအပ် သုံးဆယ့် လေး။ (၃၄)

၁၀။ နှစ်ရာ့ ရှစ်ဆယ်၊ နှစ်ခု ကယ်၊ မှတ်ဖွယ် ရုပ်သခ္ခါး။ (၉+၉+၂၆၄=၂၀၂)

၁၁။ ဒွါရ ၆-ဝယ်၊ ရုပ် ၆၀၊ ၆-သွယ် ကလာပ်ပေါင်း။ (ကလာပ် ၆၊ ရုပ် ၆၀)

၁၂။ တရာ့ ခုနစ်ဆယ်၊ နှစ်ခု ကယ်၊ ကိုယ်ဝယ် ကလာပ် ပေါင်း။ (၁၃၂+၃၄+၆=၁၇၂)

၁၃။ ကိုးဆယ့်လေး စွန်းသာ၊ ထောင့် လေးရာ၊ ကိုယ်မှာ ရုပ်အပေါင်း။ (၁၁၅၂+၂၀၂+၆၀=၁၄၉၄)

၁၄။ ဝိဿုဒ္ဓိမဂ်၊ ထုတ်ဖေါ် မြွက်၊ ရေတွက် သိစကောင်း။

၁၅။ သံခိပ် တလီ၊ မဟာဋီ၊ ပြင်ပြီ ရွှေးနည်းဟောင်း။

(သစ္စသံခိပ်နှင့် မဟာဋ္ဌိကာ ပ-၄၆၆-၌ ထိုနည်း ဟောင်းကို အောက်ပါအတိုင်း ပြင်သည် ဟူလို)

၁၆။ ကိုယ်ဒွါရ ထွက်၊ မတိုးတက်၊ ဝင်ထွက် သံ မပေါင်း။
(ဒွါရ ၆-ဝယ်၊ ရုပ် ၆၀-ဆိုရာ၌ ကာယဒွါရအတွက် ထပ်၍ မတိုးဘဲ ရုပ် ၅၀-သာ ယူသည်၊ ဝင်ထွက်သက်၌ အသံမပါဘဲ အင်္ဂကလာပ် ရုပ် ၅၅-ခုသာ ယူသည်။ ထိုကြောင့် ရုပ် ၁၁ ခု လျော့ သွားသည် ဟူလို)

၁၇။ သဒ္ဒနဝက၊ စိတ် ဥဇ၊ နှစ်ဝ တိုးဆင့်လောင်း။
(စိတ္တဇ ဥတုဇ သဒ္ဒါနဝက ကလာပ် ၂-ခု။ ရုပ် ၁၈-ခု တိုးလာသည် ဟူလို)

၁၈။ တရာ့ ခုနစ်ဆယ်၊ သုံးခု ကယ်၊ ကိုယ်ဝယ် ကလာပ် ပေါင်း။ (၁၇၃)

၁၉။ တခု စွန်းသာ၊ ထောင့် ငါးရာ၊ ကိုယ်မှာ ရုပ် အပေါင်း။ (၁၅၀၁)

၂၀။ သံခိပ်မိန့်မှာ၊ ဋ္ဌီ မဟာ၊ သေချာလှပေတောင်း။

ဝိညာဏကွန်ရှာဆောင်ပုဒ်များ

၁။ ဘဝင်, ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထိုပြင် လက်ခံတုံ။
(ဘဝင်အစဉ် ပြတ်၍ ဆင်ခြင်သောအာဝဇ္ဇန်းစိတ် ဖြစ်သည်၊ ထိုနောင် မြင်သော စက္ခုဝိညာဏ်စိတ်၊ ထိုနောင် လက်ခံသောသမ္ပဋိစ္ဆိန်းစိတ် ဖြစ်သည် ဟု ဆိုလိုသည်)

၂။ စုံစမ်း, ဆုံးဖြတ်၊ ဇောစိတ် သတ်၊ ၂-ရပ် တဒါရုံ။
(ထိုနောင် စုံစမ်းသော သန္တီရဏစိတ်၊ ထိုနောင် ဆုံးဖြတ်သော ဝုဋ္ဌောစိတ်၊ ထိုနောင် ဇောစိတ်

ခုနစ်ကြိမ်၊ ထိုနောင် ထိုဇော၏ အာရုံကိုပင် ဆက်လက်အာရုံပြုသော တဒါရုံစိတ် ၂-ကြိမ် ဖြစ်ပြီးနောက် အိပ်ပျော်သွားသကဲ့သို့ ဘဝင်စိတ်စဉ် ပြန် ဖြစ်သွားသည် ဟု ဆိုလိုသည်)

၃။ အဆင်းမြင်လျှင်၊ ဖြစ်ရိုးပင်၊ စိတ်စဉ် မှတ်ပါကုန်။
(မြင်လျှင် ဤစိတ်အစဉ်အတိုင်း ဖြစ်သည်)

၄။ ကြား,နံ, စား, ထိ၊ မြင် တူ၏၊ မှတ်ဘိ စိတ်ဖြစ်ပုံ။
(ကြားလျှင်၊ နံလျှင်၊ စားသိလျှင်၊ ထိသိလျှင် မြင်ခိုက် စိတ်အစဉ်နှင့် တူသည်၊ မြင်ပြီးလျှင်ဟူသော နေရာ၌ ကြားပြီးလျှင်၊နံပြီးလျှင်၊စားပြီးလျှင်၊ထိပြီးလျှင်ဟု ပြင်ဆိုရုံ ယူရုံမျှသာ ထူးသည် ဟု ဆိုလိုသည်)

၅။ ဆင်ခြင်ပြီးခါ၊ ဇော တဒါ၊ ကုံရာ စိတ် ဖြစ်ပုံ။
(ဘဝင်အစဉ် ပြတ်၍ ဆင်ခြင်သောအာဝဇ္ဇန်းစိတ်၊ ထိုနောင် ဇော ခုနစ်ကြိမ်၊ ထိုနောင် တဒါရုံ ၂ ကြိမ် ဤစိတ်အစဉ်အတိုင်း ကြီသိ ရှုမှတ်သောအခါ ဖြစ်သည် ဟု ဆိုလိုသည်)

စိတ်၏ သရုပ်

၁။ အကုသိုလ်နှစ်၊ ကုသိုလ်ရှစ်၊ အပြစ် ကောင်းကျိုး ပေး။
၂။ ရဟန္တာမှာ၊ ကိရိယာ၊ ကိုးဖြာ ကျိုး မပေး။
၃။ ကာမဇောမျိုး၊ နှစ်ဆဲ့ကိုး၊ ဖြစ်ရိုး ကျယ်လှသေး။

အကုသိုလ်စိတ် ၁၂-ပါး

၁။ လောရှစ်၊ ဒေါနှစ်၊ မောလည်း နှစ်၊ ဆဲ့နှစ် အကုသိုလ်။
၂။ ဝမ်းသာ, မသာ၊ ဒိဋ္ဌိနှင့် ယှဉ်, မယှဉ်, တိုက်တွန်းမှု ရှိ, မရှိ၊ ခွဲလေဘိ၊ ဖြစ်၏ လော ရှစ်မည်။

၃။ တိုက်တွန်း ရှိတာ၊ မရှိတာ၊ နှစ်ဖြာ ဒေါစိတ်မည်။
၄။ ပို့လွှင့်, ယုံမှား၊ စိတ် ၂-ပါး၊ မှတ်သားမောစိတ်မည်။

သဟိတ် ကာမကုသိုလ် ဝိပါက်ကြိယာ ၂၄-ပါး

၄။ ဝမ်းသာ, မသာ၊ ဉာဏ်ယှဉ်, မယှဉ်၊ တိုက်တွန်းမှု ရှိ, မရှိ၊ ခဲ့လေဘိ၊ ဖြစ်၏ ကု ရှစ်မည်။
၂။ ဝိပါက်, ကြိယာ၊ နည်းတူသာ၊ မှတ်ပါ ရှစ်ခုစီ။

အဟိတ်စိတ် ၁၈-ပါး

၁။ စုံစမ်း, လက်ခံ၊ ငါး ဝိညာဏ်၊ နှစ်တန် ဝိပါက်စိတ်။ (ကုသလ ဝိပါက်, အကုသလ ဝိပါက် ၂-ခုစီ)။
၂။ ဆင်ခြင် နှစ်ဖြာ၊ ရဟန္တာ၊ ပြုံးတာ ကြိယာစိတ်။
၃။ ဤ ဆဲ့ရှစ်မှာ၊ ဟိတ်မပါ၊ မှတ်ပါ အဟိတ်စိတ်။
၁။ စုံစမ်း ၃-ချက်၊ ရှစ်ဝိပါက်၊ ရေတွက် တဒါစိတ်။ (တဒါရုံ ၁၁)။
၁။ စျာန်ကုသိုလ် ၉၊ ဝိပါက် ၉၊ ကြိယာ ၉၊ ပေါင်း မဟဂ္ဂုတ်စိတ် ၂၇-ပါး။
၂။ မဂ်စိတ် ၄၊ ဖိုလ်စိတ် ၄၊ ပေါင်း လောကုတ္တရာစိတ် (၈) ပါး။
၃။ ကာမစိတ် ၅၄၊ မဟဂ္ဂုတ် စိတ် ၂၇၊ လောကုတ္တရာစိတ် ၈၊ ပေါင်း စိတ် ၈၉-ပါး။

စေတသိက်ခန္ဓာ ဆောင်ပုဒ်များ

စိတ်နှင့် တပေါင်းတည်း ဖြစ်သော နာမ်တရားများကို စေတသိက် ဟုခေါ်သည်။

၁။ အာရုံကို တွေ့တာက ဖဿ။
၂။ အကောင်း အဆိုးကို ခံစားတာက ဝေဒနာ။
၃။ အာရုံကို မှတ်သားတာက သညာ။
၄။ စေ့ဆော် တိုက်တွန်းတာက ဝေါတနာ။
၅။ စူးစိုက် တည်ကြည်တာက ဧကဂ္ဂတာ။
၆။ အသက်ရှင်နေတာက ဇီဝိတိန္ဒြေ။
၇။ နှလုံးသွင်းတာက မနသိကာရ။
ဤ ၇-ပါးမှာ စိတ်တိုင်းနှင့် ယှဉ်သည်။)
၁။ ကြံစည်တာက ဝိတက်။ (စိတ် ၅၅ နှင့် ယှဉ်သည်)
၂။ ဆင်ခြင်တာက ဝိစာရ။ (စိတ် ၆၆ နှင့်)
၃။ နှစ်သိမ့် ဝမ်းမြောက်တာက ဒိတိ။ (စိတ် ၅၁ နှင့်)
၄။ အာဃာတ်တာက စိရိယ။ (စိတ် ၇၃နှင့်)
၅။ လိုလားတာက ဆန္ဒ။ (အဟိတ် မောဟ မူတို့နှင့် မယှဉ်)
၆။ ဆုံးဖြတ်တာက အဓိမောက္ခ။ (ပဉ္စဝိညာဏ် ဝိစိကိစ္ဆာ တို့နှင့် မယှဉ်)
ဤ ၆-ပါးမှာ စိတ်အမျိုးမျိုးနှင့် ဖြိုးဖြိုး ယှဉ်သည်။
၁။ အမှန်ကို မသိတာက မောဟ။
၂။ မကောင်းမှုမှ မရှက်တာက အဟိရိက ။
၃။ မကောင်းမှုမှ မကြောက်တာက အနောတ္တပ္ပ။
၄။ ပုံလွှင့်တာက ဥဒ္ဓစ္စ။
ဤ ၄-ပါးမှာ အကုသိလ်စိတ်တိုင်း နှင့် ယှဉ်သည်။
၁။ တပ်မက် လိုချင်တာက လောဘ။ (စိတ် ၈-ပါးနှင့် ယှဉ်သည်)

၂။ အယူမှားတာက ဒိဋ္ဌိ။ (ဒိဋ္ဌိသမ္ပယုတ် ၄-ပါးနှင့်)
၃။ အထင်ကြီးတာက မာန။ (ဒိဋ္ဌိဝိပ္ပယုတ် ၄-ပါးနှင့်)
ဤ ၃-ပါးမှာ လောဘစိတ်တို့ နှင့် ယှဉ်သည်။
၁။ စိတ်ဆိုး ပြစ်မှားတာက ဒေါသ။
၂။ မနာလိုတာက ဣဿာ။
၃။ ဝန်တိုတာက မစ္ဆရိယ။
၄။ နောင်တ ပူပန်တာက ကုက္ကုစ္စ။
ဤ ၄-ပါးမှာ ဒေါသစိတ်တို့နှင့် ယှဉ်သည်။
၁၊၂။ ထိုင်း-မိုင်း ပျင်းရိတာက ထိန-မိဒ္ဓ။
ဤ ၂-ပါးမှာ လျှံလျှည်းသော လောဘစိတ်,
ဒေါသစိတ်တို့နှင့် ယှဉ်သည်။
၁။ ယုံမှားတာက ဝိစိကိစ္ဆာ။
ဝိစိကိစ္ဆာစိတ်နှင့်သာယှဉ်သည်၊
၁။ ယုံကြည်ဘာ ကြည်ညိုတာက သဒ္ဓါ။
၂။ အာမှတ်ရတာက သတိ။
၃။ မကောင်းမှုမှ ရှက်တာက ဟိရီ။
၄။ မကောင်းမှုမှ ကြောက်တာက ဩတ္တပ္ပ။
၅။ မတပ်မက် မလိုချင်တာက အလောဘ။
၆။ စိတ်မဆိုး မပြစ်မှားတာက အဒေါသ။
၇။ အညီအမျှ ဖြစ်နေတာက တတြမဇ္ဈတ္တတာ။
၈၊၉။ ငြိမ်းအေးတာက ပဿဒ္ဓိ။
၁၀၊၁၁။ ပေါ့ပါးတာက လဟုတာ။
၁၂၊၁၃။ နူးညံ့တာက မုဒုတာ။
၁၄၊၁၅။ ပြုရန်ခဲ့တာက ကမ္မညတာ။

၁၆၊၁၇။ သန်စွမ်းတာက ပါဂုညတာ။
၁၈၊၁၉။ ဖြောင့်မတ်တာက ဥဇုကတာ။
ဤ ၁၉-ပါးမှာ တင့်တယ်သော စိတ်ဝိုင်းနှင့် ယှဉ်သည်။
+အကုသိုလ်စိတ်, အဟိတ်စိတ်တို့ကို မတင့်တယ်သော စိတ်ဟု ခေါ်သည်။
+ကုသိုလ်စိတ်, ဟိတ်ရှိသော ဝိပါက်, ကြိယာစိတ်တို့ကို တင့်တယ်သောစိတ်ဟု ခေါ်သည်။
၂၀။ အမှန်ကို သိတာက အမောဟ၊ ဥာဏ် ပညာဟူ၍ လည်း ခေါ်သည်။ တင့်တယ်သော စိတ်တို့နှင့် ယှဉ်သည်။

၁။ သနားတာက ကရုဏာ။
၂။ သူတပါး ကောင်းစားသည်ကို ကြည်ဖြူ ဝမ်းမြောက်တာက မုဒိတာ။
ဤ ၂-ပါးကို အပ္ပမညာ ဟု ခေါ်သည်၊ သနားခိုက် ဝမ်းမြောက်ခိုက် ၌ ဖြစ်သည်။
၁။ မကောင်းသောစကားကို ကြဉ်ရှောင်တာက သမ္မာဝါစာ။
၂။ မကောင်းသော အမှုကို ကြဉ်ရှောင်တာက သမ္မာကမ္မန္တ။
၃။ မတရား စီးပွါး ရှာမှုကို ကြဉ်ရှောင်တာက သမ္မာအာဇီဝ။
ဤ ၃-ပါးကို ဝိရတီ ဟု ခေါ်သည်၊ ရှောင်လိုသော စိတ်၊ မင်္ဂုလ်စိတ်တို့နှင့်သာ ယှဉ်သည်။

ဤ စေတသိက် ၅၂-ပါးတို့ တွင် ဝေဒနာက ဝေဒနာကွန္ဓာ၊ သညာက သညာကွန္ဓာ၊ ကျန် ငါးဆယ်က သင်္ခါရကွန္ဓာ။
(ပဿဒ္ဓိ စသည်တို့၌ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ ဤသို့ စသည်ဖြင့် ၂-ပါးစီ ခွဲ၍ ယူလေ။)

သြဃတရကာသုတ်တရားတော်

က။ သြဃရေယျဉ်၊ ဘယ်သို့လျှင်၊ အရှင် ကူးမြောက်ပါသနည်း။

ခ။ မရပ်တည်ဘဲ၊ အားမခဲ၊ ဤနဲ့ ဖြင့်ပင် ကူးမြောက်သည်။

ကူးမြောက်ပုံ (၇)နည်း

၁။ တဏှာအလိုဖြင့်၊ ရပ်တည်နေလျှင် နစ်မြုပ်မည်။
ဒိဋ္ဌိအလိုဖြင့် အားထုတ်လျှင် မျောသွားမည်။
ထိုနှစ်မျိုးကို ပယ်၍ ကူးမြောက်သည်။

၂။ ကိလေသာအလိုဖြင့် ရပ်တည်နေလျှင် နစ်မြုပ်မည်။
အဘိသင်္ခါရအလိုဖြင့် အားထုတ်လျှင် မျောသွားမည်။
ထိုနှစ်မျိုးကို ပယ်၍ ကူးမြောက်သည်။

၃။ တဏှာ, ဒိဋ္ဌိတို့အလိုဖြင့် ရပ်တည်နေလျှင် နစ်မြုပ်မည်။
အခြား ကိလေသာ, အဘိသင်္ခါရတို့အလိုဖြင့် အားထုတ်လျှင် မျောသွားမည်။ ထိုနှစ်မျိုးကို ပယ်၍....

၄။ သဿတဒိဋ္ဌိအလိုဖြင့် ရပ်တည်နေလျှင် နစ်မြုပ်မည်။
ဥစ္ဆေဒဒိဋ္ဌိအလိုဖြင့် အားထုတ်လျှင် မျောသွားမည်။
ထိုနှစ်မျိုးကို ပယ်၍....

၅။ တွန့်ဆုတ်သည့်အလိုဖြင့် ရပ်တည်နေလျှင် နစ်မြုပ်မည်။

ပံ့လှုံသည့်အလိုဖြင့် အားထုတ်လျှင် မျောသွားမည်။
ထိုနှစ်မျိုးကို ပယ်၍....

၆။ ကာမသုခလွှဲကအလိုဖြင့် ရပ်တည်နေလျှင် နစ်မြုပ်မည်။

အတ္တကိလမထအလိုဖြင့် အားထုတ်လျှင် မျောသွားမည်။ ထို နှစ်မျိုးကိုပယ်၍....

၇။ အကုသိုလ်အလိုဖြင့် ရပ်တည်နေလျှင် နစ်မြုပ်မည်။
ဝဋ္ဋနိဿိတ ကုသိုလ်အလိုဖြင့် အားထုတ်လျှင် မျော
သွားမည်။
ထိုနှစ်မျိုးကို ပယ်၍ ကူးမြောက်သည်။

(၂၂-ခု တပို့တဲ့ လပြည့်နေ့ ဟောသည်)

မဂ်ဖိုလ်နိဗ္ဗာန်သို့ အမြန် ရောက်စေနိုင်ခဲသော

မဟာသတိပဋ္ဌာန်

ဝိပဿနာဘာဝနာ ညွှန်း

အကျဉ်းချုပ်၊

အဂ္ဂမဟာပဏ္ဍိတ

မဟာဓမ္မဆရာဒဂုတ်ဘုရား

ရေးသားစီရင်တော်မူသည်။

ပုံနှိပ်သူ –

ဦးစိန်တင်

(ပ/ဝဂ၇၄)

သုခဝတီစာပုံနှိပ်တိုက်

၁၄၊၃၁-လမ်း၊ မန္တလေးမြို့၊ ရိုက်နှိပ်၍

ထုတ်ဝေသူ –

ဦးစိန်တင်


(ထ/မြ–ဝ၆၄၂)

သုခဝတီစာပေတိုက်

၁၄၊၃၁-လမ်း၊ မန္တလေးမှ ထုတ်ဝေသည်။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၂၃၂၆)

၁၃၃၈-ခု၊ ဝါဆိုလ အုပ်ရေ–၁၀,၀၀၀၊



အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်

ဥဒေယျဘောဇဉ်

ဤကျမ်းစာအုပ်ငယ်သည် ရတနာစစ် ရတနာဝံမှန် အဘိုး တန် ရတနာဘို့ကို အပြည့်အကြွပ် စုပေါင်း၍ ထည့်သွင်း ထားသော ရတနာရွှေကြုတ်သဖွယ် တူသုပါပေသည်။ ဤ စာအုပ်ကို လက်ဝယ်ရရှိထားသော သူတို့သည် အစ အလယ် အဆုံး အကုန်လုံး သေချာစွာ ကြည့်ရှုပြီးလျှင် ဤကျမ်းပြု ဆရာ့ထံ၌ ဖြစ်စေ၊ ဤကျမ်း၌ ပြထားသော နည်းနိဿယကို လက်ဆုပ်လက်ကိုင် ရရှိထားသော ဆရာ့ထံ၌ ဖြစ်စေ၊ ဤ ကျမ်းကိုပင် ဆရာတင်၍ ဖြစ်စေ ထက်သန်သော သဒ္ဓါဆန္ဒ ဝီရိယဖြင့် မနစ်မဆုတ် အားထုတ်ကြည့်ပါမူ ဘုရားဟော ပါဠိစတင် အဋ္ဌကထာ ဋီကာကျမ်းဂန်တို့နှင့် အညီ ဝိသုဒ္ဓိ (၇)ပါးနှင့် နာမရူပ ပရိစ္ဆေဒဉာဏ်မှ စ၍ မင်္ဂဖိုလ် ပစ္စဝေက္ခဏာဉာဏ်တိုင်အောင် တရားထူးမျိုးကို အစဉ်အတိုင်း ဆိုက်ရောက်ကြလျက် နိဗ္ဗာန်၏ အရသာကို ကိုယ်တိုင်တွေ့ ခံစားကြရမည်မှာ ကောန်မလဲ ဖြစ်ပ်လိမ့်မည်။

ထိုသို့မဟုတ်ပါဘဲ စာအုပ်ကို ကြည့်ရှု၍ ဆင်ခြင်ရုံမျှဖြင့် မူကား— ဤစာအုပ်၏ အနှစ်အရသာ ဖြစ်သော အဆိုပါ တရား အရသာထူးမျိုးကို ခံစားကြရလိမ့်မည် မဟုတ်ပေ။ ဥပမာ—အထူး ပြုပြင်ချက်ပြုတ်ထားသော ဟင်းကောင်းကို မျက်စိနှင့် ကြည့်ရုံမျှ နှာခေါင်းနှင့် နမ်းရုံမျှဖြင့် ကောင်းမွန်

ဥယျောဇဉ်

လှစ္စာဆော ထိုဟင်း၏ အရသာထူးကို အမှန်အတိုင်း မသိရ
မခံစားရသကဲ့သို့ပင် ဖြစ်ပါလိမ့်မည်။ စင်စစ်မှာမူ ထိုဟင်းကို
ပါးစပ်ထဲထည့်၍ လျှာပေါ် တင်ကြည့်မှသာလျှင် ထိုဟင်း၏
ကောင်းမြတ်သော အရသာထူးကို အတိအကျ မှန်ကန်စွာ
သိရသည့်ပြင် အသားအရေတို့ကိုလည်း စိုပျို ဝဖြိုးစေကာ
ကာယဗလခွန်အားကိုလည်း တိုးပွားစေဆကဲ့သို့ ဤစာအုပ်
ကို ကြည့်ရှုပြီးလျှင် အထက်၌ညွှန်ပြခဲ့သည့်အတိုင်း ၁၅-ရက်
တလစသည်ဖြင့် ကိုယ်တိုင်တွေ့ တကယ်တမ်းအားထုတ်ကြည့်
ပါမူသာလျှင် ဖော်ဖြခဲ့သည့်အတိုင်း တရားထူး တရားမြတ်၏
လမ်းမှန် အစစ်ကိုလည်း ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိ၍ တရား
လမ်းမှန်အစစ်ကိုလည်း ကိုယ်ပိုင်ရရှိသဖြင့် ယခုခေတ်ကာလ
တွင် နည်းအမျိုးမျိုး တမ္မဌာန်း အဝုံဖုံ ဆရာမျိုးစုံ တို့၏
ဟောပြော ညွှန်ပြ ချက်တို့ကိုလည်း မှားသည် မှန်သည် ဟု
အတည်တကျ မုချကောန် ဝေဘန်ဆုံးဖြတ်နိုင်ပါလိမ့်မည်။

သတ်ပဋ္ဌာန်ဆရာတော် (ဦးပဏ္ဍိတ)
မဟာသတိပဋ္ဌာန်ဝိပဿနာကျောင်း
မော်လမြိုင်မြို့။

နိဒါန်း

ဤ ဝိပဿနာရှုနည်း အကျဉ်းချုပ် ကျမ်းစာအုပ်ငယ်ဖြစ်ပေါ်လာရခြင်း အကြောင်းမှာ—ဧမော်လမြိုင်မြို့-မြို့ပေါက်ဝ မဟာသတိပဋ္ဌာန်ဝိပဿနာကျောင်းတိုက် နာယကဆရာတော်နှင့် တကွ မော်လမြိုင်မြို့ မဟာသတိပဋ္ဌာန် ဝိပဿနာဖြန့်ဖြူးရေးအဖွဲ့သူ အဖွဲ့သားတို့က ကျွေးဇူးရှင် မဟာစည်ဆရာတော် ဘုရား ရေးသား စီရင်တော်မူသည့် ဝိပဿနာရှုနည်းကျမ်း ကြီးဦ့ အခန်း(၁)မှ အခန်း(၇) အထိ (၇)ပိုင်း ရှိဆုတွင် ယောဂီပုဂ္ဂိုလ်တို့အတွက် လက်တွေ့အားထုတ်ပုံ ဥာဏ်ဦးထင်မြင်မှု မဂ်ဖိုလ်သို့ ရောက်ပုံ နိဗ္ဗာန်ကို မျက်မှောက်ပြုပုံ ဤလိုရင်းအချက် အလုံးစုံတို့ကို အရပ်သုံး မြန်မာစကား သက်သက်ဖြင့် အခန်း(၅)ဦးသာလျှင် တိတိကျကျ အပြည့်အစုံပင် ပြဆိုထားသောကြောင့် ယင်းအခန်း (၅) သည်သာလျှင် သုတနည်းသူ စာကြည့်ရန် ဝန်းလေးသူတို့အတွက် အထူး ကျွေးဇူးများပေလိမ့်မည်ဟု ထင်မြင်သဘောပေါက်ကြသဖြင့် ထိုအခန်း(၅)ကို သီးသန့်ထုတ်၍ ပုံနှိပ်ခွင့်ပြုပါရန် ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ သီတင်းသုံးလျက် ရှိသော ဝိပဿနာရှုနည်းကျမ်းပြု အာဠဝကဘဒ္ဒိယ မဟာစည် ဆရာတော် ဘုရားအား လျှောက်ထားတောင်းပန်ပြီးလျှင် ယင်းကျမ်းပြု

ဆရာတော်ဘုရား၏ ခွင့်ပြုချက်အရဖြင့် အဆိုပါ"ဝိပဿနာ ရှုနည်းကျမ်းကြီး" မှ အခန်း (၅) ကို သီးသန့်ထုတ်နှုတ်၍ ပုံနှိပ်ထားသော ကျမ်းငယ်ကလေးမျှသာ ဖြစ်ပါသည်။

ထိုပြင် စာမျက်နှာ ၁၊၀၆၆ ဂါထာမှစ၍ စာမျက်နှာ ၃၀-အထူးမှာထားချက် အဆုံးတိုင်းအောင်သော စကားများမှာလည်း ဤစာအုပ်ကို ကြည့်ရှုသူနှင့် တရားအားထုတ်သူတို့ အတွက် အထောက်အပံ့ရစေရန် ထိုဝိပဿနာရှုနည်းကျမ်းကြီးမှပင် ထုတ်ဆောင်၍ ပြထားသော စကားများ ဖြစ်ပါသည်၊ ထိုပြင် စာမျက်နှာ ၁၁၆-၌ ပြထားသော နိဂုံး၀ါထာ ၂-ပုဒ် မှာလည်း ထို ဝိပဿနာရှုနည်းကျမ်းကြီးမှ ထုတ်ဆောင်ပြသော ဂါထာများပင် ဖြစ်ပါသည်။

သို့ဖြစ်၍ အဆိုပါ ဝိပဿနာရှုနည်းကျမ်းကြီးကို အရေလည်အောင် မကြည့်ရှုနိုင်ကြသော သူတော်ကောင်းတို့သည် ဤ ကျမ်းစာအုပ်ငယ်ကို ကြည့်ရှုကာ မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် သဘောပေါက်လျက် နှစ်သက် ယုံကြည်ကြပြီး လျှင် မပင်မပန်း ရှင်လန်းကြည်လင်စွာ နှင့် ဝိပဿနာ ဘာ၀နာ အလုပ်ကို အားထုတ်ကြ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်စသော်၊ သို့ လျင်မြန်စွာ တက်လှမ်းဆိုက်ရောက်နိုင်ကြပါစေ၊

ဤကျမ်းငယ်ကို ကြည့်ရှုရုံမျှ ဖြင့် သဘောဥာဏ်မပေါက်ပဲ သံသယ မကင်းမရှင်း ဖြစ်နေကြလျှင်လည်း မူရင်းဖြစ်သော ဝိပဿနာရှုနည်းကျမ်းကြီးကို ကြည့်ရှု၍ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင်ကြပါစေ။

နိဂုံးချုပ်အနေအား ဖြင့် မှာထားလိုသည်မှာ အာထက်တွင် ညွှန်ပြခဲ့ပြီးသည်မှ ကြွင်းသော သြဝါဒသံပေါက် နောက်ဆက်တဲ့ ဝိသုဒ္ဓိနှင့်ဥာဏ်စဉ်အကျဉ်းချုပ် ဉာဏ်စဉ်ဆောင်ပုဒ်စသည် တို့မှာ အာလိုရှိသူဘို့ အလွယ်ဘကူ မှတ်ယူနိုင်ကြစေရန် အတွက် သတိပဋ္ဌာန်ဆရာတော်၏ ညွှန်ကြားချက်အရဖြင့် ထည့်သွင်းဖော်ပြထားပါသည်၊ ဒင်းတို့မှာ သတိပဋ္ဌာန်ဆရာတော် ရေးသားခဲ့သော၊ သို့မဟုတ် မဟာစည် ဆရာတော်ခန်းသားခဲ့သော၊ သို့မဟုတ် အခြားဆရာတော် ရေးသားသော သြဝါဒကထာစသည်တို့ ဖြစ်ပါသည်။ ထိုထိုအထူး သက်ဆိုင်ရာ ဆရာတော်တို့၏ ဘဲ့အမည်များကိုလည်း ဖော်ပြထားပါသည်။

မဟာသတိပဋ္ဌာန် ဖြန့်ဖြူးရေးအဖဲ့၊ မော်လမြိုင်မြို့။



မဟာသတိပဋ္ဌာန်

ဝိပဿနာရှုနည်းအကျဉ်းချုပ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဂန္ထာရမ္ဘ-ကျမ်းဦးစကား။

အဟော ဗုဒ္ဓေါ အဟော ဓမ္မော၊
အဟော သံဃော အနုတ္တရော။
ဣတိ စိတ္တံ ပဟံသေတ္ဝာ၊
ဝိပဿိတ္ဝာ တဒါဂတော။
ဝိပဿနာနယံ ကဿံ၊ သိဿ မဂ္ဂါဒိပါပကံ။
ဒိဋ္ဌေ ဓမ္မေ ဝ သာဓုနံ၊ ယထာ ဝုတ္တံ ဝိပဿတန္တိ။

အနုတ္တရော၊ အရဟာတာ အစရှိသော ဂုဏ်တော်တို့ဖြင့် အလွန် အကဲ မရှိ အမြတ်ဆုံး ဖြစ်တော်မူပေသော။ ဗုဒ္ဓေါ။ တရားအလုံးစုံကို အကုန်သိတော်မူသော မြတ်စွာဘုရားသည်၊

အဟော၊ သြော်....ပြောပြ၍ မပြီးအောင်အံ့ချီးဘွယ် ကြည်ညို ဘွယ် ကောင်းပါပေစွတကား။ အနုတ္တရော၊ သုဘကွာတဇာ အစရှိသော ဂုဏ်တော်တို့ကြောင့် အလွန်အကဲမရှိ အမြတ်ဆုံး ဖြစ်တော်မူပေသော။ ဓမ္မော၊မဂ်လေးပါး ဖိုလ်လေးပါးနိဗ္ဗာန် ပရိယတ်အားဖြင့် ၁၀-ပါးသော တရားတော်မြတ်သည်။ အဟော့၊ သြော်....ပြောပြ၍ မပြီးအောင်အံ့ချီးဘွယ် ကြည်ညို ဘွယ် ကောင်းပါပေစွတကား။ အနုတ္တရော၊ သုပွဋိပန္နတာ အစရှိသော ဂုဏ်တော်တို့ကြောင့် အလွန်အကဲမရှိ အမြတ်ဆုံး ဖြစ်တော်မူပေသော။ သံဃော၊ မဂ်ပုဂ္ဂိုလ်လေးပါး၊ဖိုလ်ပုဂ္ဂိုလ် လေးဖါးအပေါင်းတည်းဟူသော သံဃာတော်သည်။ အဟော၊ သြော် .... ပြောပြ၍ မပြီးအောင် အံ့ချီးဘွယ် ကြည်ညိုဘွယ် ကောင်းပါပေစွတကား။ ဤတိ၊ ဤသို့ ဆင်ခြင်အောက်မေ့ လျက်။ စိတ်ဆံ၊ စိတ်ကို။ ပဟံသေတ္ဘာ၊ အထူးကြည်လင်ရွှင်လန်း စေပြီး၍။ တဒါဂတေ၊ ထိုအခိုက်၌ ဖြစ်ကုန်သော၊အောက်မေ့ ဆင်ခြင် ကြည်လင်-ရွှင်လန်းသော စိတ်နှင့်တကွ ၎င်း၏မှီရာရွယ် တရားတို့ကို။ဝိပဿီတ္ဘာ၊ ရှုမှတ်ပြီး၍။

ယထာဝုတ်တံ၊ဤကျမ်း၌ ပြဆိုအပ်သည့်အတိုင်း။ ဝိပဿနာတံ၊ ရှုမှတ်ကြလျှင်။ ဝါ၊ ရှုမှတ်ကုန်သော။ သာဓူနံ၊သူတော်ကောင်း တို့ကို။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်ဘဝ၌ပင်လျှင်။ သီဃံ၊ ၇-ရက် ၁၅-ရက် ဇာလ-စသည်အတွင်း လက်ငင်းလျင်မြန်စွာ။ မဂ္ဂါဒိ-

ပါပကံ၊ မဂ်, ဖိုလ်, နိဗ္ဗာန်သို့ ရောက်စေနိုင်သော။ ဝိပဿနာ-
နယံ၊ ဝိပဿနာ ရှုနည်းကျမ်းကို။ အဟံ၊ ငါသည်။ ကဿံ၊
ရေးသားစီရင်ပါအံ့သတည်း။ ဣတိ၊ ကျမ်းဦးစကားပြီး၏။

သတိပေး စကား နာမ်ရုပ်အစစ်, အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ အစစ်, သစ္စာ ၄ – ပါး အစစ်တို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်စေနိုင်သော ဝိပဿနာ ရှုနည်းများသည် ဘုရားအလိုတော်ကျ ဖြစ်၍ ဘုရား၏ အဆုံး အမတော်ချည်း ဖြစ်ကြ ပသည်။ ထိုသို့သောနည်းကို ပယ်မြစ် မိလျှင် ဘုရားအဆုံးအမတော်ကို ပယ်မြစ်ရာရောက်၏၊ ယုံကြည် လိုလားသော သူတို့၏ သဒ္ဓါဆန္ဒကို ဖျက်ဆီးရာ ရောက်၏။ အားထုတ်လိုသောသူတို့အား ဖြစ်ထိုက်သည့်ဝိပဿနာမဂ်ဖိုလ် တို့မှ ဆုံးရှုံးခြော်လှဲစရာ ရောက်၏။ မည်မျှ အပြစ် ကြီးမား သည်ကို အောက်ပါ ဓမ္မပဒ ဂါထာဖြင့် သိရာ၏။

ယော သာသနံ အရဟတံ၊ အရိယာနံ ဓမ္မဇီဝိနံ။
ပဋိက္ကောသတိ ဒုမ္မေဓော၊ ဒိဋ္ဌိ နိဿာယ ပါပိကံ။
ဖလာနိ ကဋ္ဌကဿေဝ၊ အတ္တဃာတာယ ဖလ္လတိ။

ယော ဒုမ္မေဓော၊ အကြင် ပညာမဲ့သော သူသည်။ ပါပိကံ ဒိဋ္ဌိ၊ ယုတ်ညံ့သော အယူကို။ နိဿာယ၊ အမှီပြု၍။ အရိယာနံ၊ ကိလေသာ ကင်းကုန်သော။ ဓမ္မဇီဝိနံ၊ တရားဖြင့် အသက်မွေး

ကုန်သော။ အရဟာတံ၊ ပူဇော်အထူးကို ခံထိုက်သော မြတ်စွာ
ဘုရား တို့၏။ သာသနံ၊ အဆုံး အမတော်ကို။ ပဋိဝေဓသတိ၊
တားမြစ်၏။ တဿ၊ ထိုသူ၏။ တံ ပဋိဝေဓသနံ စ၊ ထိုတား
မြစ်မှုသည်ဝင်း။ သာ ဒီဋ္ဌိ စ၊ မှိုခိုအားကိုးအပ်သော ထိုအယူ
သည်ဝင်း။ ကဋ္ဌကဿ၊ ဝါးပင်၏။ ဖလာနိ ဣဝ၊ မှိုဆုအပင်ကို
သတ်တတ်သော ဝါးသီးတို့နှင့် တူကုန်၏။ သော၊ ထိုဘားမြစ်
သောသူသည်။ တာဒိသံ ဖလံ၊ တားမြစ်မှုနှင့် ဒီဋ္ဌိ တည်းဟူ
သော ထို အသီး မျိုးကို။ အတ္တာ ဃာတာယ၊ မိမိ ကိုယ်ကို
သတ်ခြင်းငှါ။ ဖလတိ၊ သီးသည်မည်၏။ (သေသီး သီးသည်၊
သေပန်းပွင့်သည်...ဟု ဆိုလို၏။)

ဆေခွင့်ကောင်း နှင့် အဘိုးတန်တရား

ယခုအခါတွင် ဘုရား၏ အဆုံးအမ
ကို မှန်ကန်စွာရသော လူဘိုင်းပင်
အလွန် ကောင်းသော အခါအခွင့်
ကြီးကို ရနေသည်ဟု ဆိုရပေမည်။ အဘယ့်ကြောင့် ဆိုခဲသော်
လျှင် အခါ အခွင့် ကောင်းကြီးထဲမှ ထုတ်ယူနိုင်ပါလျှင် အဘိုး
အတန်ဆုံးဖြစ်သော မဂ် ဖိုလ် နိဗ္ဗာန်—ကို ရနိုင်သောကြောင့်
ပေတည်း။

အမြဲတန်းကား မဟုတ်

သို့ဆော် လျှင် အခါ ကောင်းကြီးမှာ
အမြဲတန်းတည်နေမည်ကား မဟုတ်
လူတို့၏ အသက်တမ်း ကာလဆည်

မကြာမီပင် ကုန်ၫြိသွားကာက်၏၊ အသက်ဘမ်းပင် မကုန်သေးသော်လဲ မည်သည့်အခါမှာ သေမည်ဟု အတပ်မသိနိုင်ချေ၊ မသေသေးသော်လဲ အိုမင်းမစွမ်း ဖြစ်သောအခါ, မကျန်းမာသောအခါ, ဘေးရန်အနှောင့် အယှက် ဟမျိုးမျိုးနှင့် တွေ့ကြုံနေသောအခါတို့၌ အလိုရှိဘိုင်း ခရီးဆောက်ခအောင် အားထုတ်နိုင်မည် မဟုတ်ချေ။

အခြိန်ကိုအလဲသုံးစား မပြုအပ်

ဤကျမ်းကိုကြည့်ရှုပြီးလျှင် အဆိုပါ အခွင့်ကောင်းကြီးကို ရဆဲဖြစ်ပါက အခွင့်ကောင်းကြီးကို ဘယ်လို အသုံး ပြုမည်နည်း၊ တဘ်သိနားလည်သမျှကို ပြောဟောနေရုံမျှဖြင့် အားရဆောင့်ရဲနနှန် သင့်ပါမည်လော၊ သို့မဟုတ် မပြီးဆုံးနိုင်သောကာမကိစ္စတို့၌ကြောင့်ကြစိုက်မှုဖြင့် သာလျှင် အမှတ်မဲ့ အချိန်ပြုန်း နေနှန်လဲ သင့်ပါမည်လော အမှန်အားဖြင့်ဆိုလျှင် သေရမည့်ညောင်းစာင်းခြင်တဖန်မထာ၊ လျောင်းရမည့် အခါတွင် တဆုံးလက်မဲ့ မဟုတ်မှု၍ အားကိုးလောက်သော လက်ကိုင်တဆုံး အသင့်ရှိစရန် အားထုတ်ဘို့ အခြိန်တန်နေမည် မဟုတ်ပါလော။ အခြိန်မှီကြိုးတင်၍ ထိထိရောက်ရောက် အားထုတ်ဖြစ်အောင် အောက်ပါ ဘုရားအမိန့်တော်ဖြင့် ကိုယ်တိုင်မပြတ် နှိုးဆော်ပေးပါ။

အင်္ဂေဝ ကိစ္စ မာတပ်ပံ၊ ကောဇညာ မရဏံ သုဓေဝ။
နဟိ နော သင်္ကိ်တေန၊ မဟာသေနေန မစ္စုနာ။

(ဥပရိပဏ္ဏာ-ဘဒ္ဒေကရတ္တသုတ်)

သုဓေဝ၊ နက်ဖြန်ခါ၌။ ဇီဝိတံ ဝါ၊ အသက်ရှင်နေဦးမည်
ကိုဂုဏ်း။ မရဏံဝါ၊ သေရမည်ကိုဂုဏ်း။ ကောဇညာ၊ အဘယ်သူ
သိနိုင်ပါအံ့နည်း။ (ဇီဝိတံ ဝါ မရဏံ ဝါ ကောဇာနာဘိ-အဋ္ဌ
ကထာဖွင့်)။ ဤတိ၊ ဤသို့နှလုံးသွင်း၍။ အာတပ်ပံ၊ ကိလေသာ
တို့ကို ပူလောင်စေတတ်သော ဝိပဿနာ အားထုတ်မှုကို။ အဇ္ဇ
ဓေဝ၊ နက်ဖြန် သန်ဘက် နေ့ရက်မရွေ့ ယနေ့ပင်လျှင်။ ကိစ္စံ၊
မဆိုင်းမရပ် ပြုလုပ်အပ်၏။ ဟိ၊ နက်ဖြန်သေမည် ရှင်မည်ဟု
မသိနိုင်ခြင်း၏ အကြောင်းကား။ မဟာသေနေန၊ ရေမီးအဆိပ်
လက်နက်ရောဂါစသည်ဖြင့်ဆေးစနိုင်ကြောင်းစသည်ပေါင်း
များစွာရှိသော။ တေန မစ္စုနာ၊ သေမင်းဟုခေါ်သော ထိုသေ
ခြင်းတရားနှင့်။ နော၊ ငါတို့အား။ သင်္ကံရံ၊ ရက်ချိန်း ပေးထား
ခြင်း, တံစိုးလက်ဆောင်ပေးထားခြင်း, ခုခံနိုင်အောင် စစ်သည်
ဗိုလ်ပါ စုဆောင်းထားခြင်းသည်။ နအတ္ထိ၊ မရှိချေ။ တသ္မာ၊
ကြောင့်။ သုဓေဝ မရဏံ၊ နက်ဖြန်ရှင်ဦးမည် သေမည်ကို။ ကော
ဇညာ၊ ကောန် တိတိ ဘယ်သူသိနိုင်အံ့နည်း။

မှားပြီးမှ မှားမှန်းသိ၍
ဖားကျိုး မမျှား

အခွင့် သာစဉ်ကအားမထုတ်
မိလျှင်နောင်မကျန်းမာသော
အခါ, အိုမင်းမစွမ်းဖြစ်သော
အခါ,သေရမည့်ညောင်စောင်း၌ လျောင်း၍ နေရသောအခါ
အပါယ်လေးပါးတွင်ကျရောက်နေသည့်အခါမျှား၌ "ဟိုတုန်း
က အားမထုတ်ခဲ့မိသည်မှာ မှားလေစ မှုားလေစ" ဟုကြိမ်စွာ
နှောင်တ ရတတ်၏။ မှားပြီးမှ မှားမှန်း သိလျက်ပူပန်သော.
ဤနောင်တ ရခြင်းမျိုးနှင့် မတွေ့ရလေအောင် အောက်ပါ
ဘုရားအဆုံးအမတော်ကို နာယူနိုင်ပါစေ။

စျာယထ ဘိက္ခဝေ၊ မာ ပမာဒတ္ထ။
မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ။
အယံ ဝေါ အမှာကံ အနုသာသနီ။

ဘိက္ခဝေ၊ ရဟန်းတို့။ စျာယထ၊ ရှုကြကုန်လော့, မှတ်ကြ
ကုန်ဇလော့, သဗ္ဗထဝိပသ္သနာ အလုပ်ကို အားထုတ်ကြကုန်
လော့။ မာ ပမာဒတ္ထ၊ မမေ့ကြကုန်လင့်၊မရှု မမှတ်ဘဲမနေ
ကြကုန်လင့်။ ပစ္ဆာ၊အခွင့်ကောင်းလွန်ပြီးသော နောင်အခါ၌
ဝိပ္ပဋိသာရိနော၊ မရှုမှတ်မိခဲ့သည်မှာ မှားလေစဟု နောင်တ
ရကာ နှလုံးမသာကုန်သည်။ မာအဟုဝတ္ထ၊ မဖြစ်ကြပါစေ
ကုန်လင့်။ အယံ၊ ဤသတိပေးစကားသည်းဝေါ၊သင်တို့အား။
အမှာကံ၊ ငါဘုရားတို့၏။ အနုသာသနီ၊ အဖန်ဖန်အထပ်ထပ်
ပေးတော်မူအပ်သော အဆုံးအမတော်ပေတည်း။

ကိုယ်တိုင်သိပြီလား မြတ်စွာဘုရား၏ တရားတော်သည် ကောင်းမှုန် မှုန်ကန်စွာ ဟောထား၊ ဆုပ်သည့် သွာကွာတဂုဏ်နှင့်လဲ ပြည့်စုံပါပေသည်၊ ကိုယ်တိုင် တွေ့မြင်နိုင်သည့် သန္ဒိဋ္ဌိကဂုဏ်နှင့်လဲ ပြည့်စုံပါပေသည်၊ အချိန်အခါ မဆိုင်းလင့်ဘဲ ချက်ခြင်း အကျိုးပေးတတ်သည့် အကာလိက ဂုဏ်နှင့်လဲ ပြည့်စုံပါပေသည်၊ လာစမ်းပါ အားထုတ်ကြည့်စမ်းပါ ကောင်းမှန်း သိလာပါလိမ့်မည်ဟု တိုက်တွန်းထိုက်သည့် ဟေါပနေယျိကဂုဏ် စသည်တို့နှင့်လဲ ပြည့်စုံပါပေသည်ဟု ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်ဆုံးဖြတ်နိုင်ပါပြီလော။

အားမငယ်နှင့် တပါးသော နည်းတော်ဖြင့် အားထုတ်၍ ကျေနပ်လောက်အောင် မပေါက်ရောက်နိုင်သေးသော်လဲ အားငယ်၍မနေလင့်။ ဤကျမ်းဌ်ပြထားသော နည်းဖြင့် ၇-ရက်ဖြစ်စေ၊ ၁၅-ရက်ဖြစ်စေ၊ တလ ဖြစ်စေ ဆရာ ဆမားထဲ၌ နည်းခံ၍ ကျကျနန အားထုတ်ကြည့်ပါဦး၊ ကျေနပ်လောက်အောင် ဉာဏ်အထူးများ ဖြစ်ပေါ်လာသည်ကို ဒိဋ္ဌတွေ့မြင်ရပါလိမ့်မည်၊ တရားတော်၏ ဆိုခဲ့ပြီးသော ဂုဏ်တို့နှင့် ပြည့်စုံကြောင်းကိုလဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်ဆုံးဖြတ်နိုင်ပါလိမ့်မည်။

အပါယ်ဘေးကို ဆင်ခြင်ပါ ငရဲ၌ ဖြစ်ရသော သတ္တဝါတို့၏ ကိုယ်သည် ၃-ဂါဝုတ်ပမာဏရှိ၏။ မြန်မာတိုင်အားဖြင့် ၄=တိုင်နှင့် တာ ၈၀၀

ရှိ၏။ ငရဲထိန်းတို့သည် ထိုမျှ ကိုယ်ခန္ဓာ ကြီးမားသော ငရဲသားကို အလျှံတပြောင်ပြောင် မီးဇုံလောင်သော သံမြေပြင်ပေါ်၌ ပက်လက် အိပ်စေကုန်၏၊ ထိုနောက် ညာဘက်လဲက်ဝါး၌ ထန်းလုံးခန့်ရှိ ရဲရဲတောက်သော သံစို့ကြီးကို ရိုက်နှက်သွင်းကုန်၏၊ ဗယ်ဘက်လက်ဝါး၌လဲ နည်းတူပင် ရိုက်နှက်သွင်းကုန်၏၊ ညာဘက်ခြေ ဗယ်ဘက်ခြေ ခါးလယ်တို့၌လဲ နည်းတူပင် ရိုက်နှက်သွင်းကုန်၏။ ထိုအတူ မေှာက်လျက် အိပ်စေ၍၎င်း, စောင်းလျက်အိပ်စေ၍၎င်း ငါးပါးသောဒဏ်တို့ဖြင့် သံစို့ကြီးမျှားကိုရိုက်နှက်၍ ညှဉ်းဆဲနှိပ်စက်ကုန်၏။အကုသိုလ်က် မကုန်သေးမချင်း ငရဲသားကား မသေနိုင်။ ဤသို့ အညှဉ်းဆဲခံရသော ငရဲသားဆည် ရဲရဲတောက်သော သံမြေပြင်ကို မြင်ရုံမျှဖြင့်လဲ မျှားစွာ စိတ်ဆင်းရဲရ၏၊ အလွန်ကြမ်းတန်းရက်စက်စွာ ကြိမ်းမောင်း ပြောဆိုသော ငရဲထိန်းတို့၏ အသံကို ကြားရ၍လဲ စိတ်ဆင်းရဲရ၏၊ သံမြေပြင်ပေါ်၌ အတင်းတွန်းလှဲ၍ သိပ်ခြင်း, မီးလောင်ခံရခြင်း, သံစို့ကြီးမျှားဖြင့် ရိုက်နှက်မည်ကို မြင်ရခြင်း,ရက်စက်စွာ သံစို့ရိုက်နှက်ခံရခြင်းတို့ကြောင့်လဲ အတိုင်းမသိ ကြီးစွာသော ကိုယ်ဆင်းရဲစိတ်ဆင်းရဲတို့ကို ခံစားရ၏။ ထိုသို့သော ကာလ၌ ကယ်ပါ, သနားပါ, ချမ်းသာပေးပါစသည်ဖြင့် မျက်ရည်စီးယို ငိုကြွေးမြည်တမ်းလျက် တောင်းပန်သော်လဲ မည်သူကမျှ မကယ်, မသနား, ချမ်းသာမပေးချေ၊ မိမဲ့. ဘမဲ့. ဆွေမျိုးမဲ့. အဆွေ

ခင်ဗျန်းမဲ့၍ တကိုယ်တည်းသာ ဖြစ်လျက် ညှိုးငယ်စွာနှင့် အလွန်ကြီးမားသော ဆင်းရဲတွေကို အော်မြည်ယောင်ယမ်းလျက် မိနစ်စကွန့်မျှ မခြားဘဲခံစား၍ နေရရှာလေးတာ့၏။ ထိုသို့သော ကာလ ၌ဝိပဿနာအလုပ်ကို အားထုတ်ခွင့် မရနိုင်တော့ချေ။

ထိုပြင် သံစိုင်းခွက်နှက်၍ မသေသေးသော ငရဲသားကို ငရဲထိန်းတို့သည် အိမ်မိုးတာဘက်ခန့်ရှိသော တံစည်း ပေါက်ပြားကြီးတို့ဖြင့် ရှစ်မြောင့်ပုံ ခြောက်မြောင့်ပုံ စသည်ဖြစ်အောင် မျဉ်းပစ်၍ ရွေခုတ်ကြပြန်၏။ သွေးတို့သည်မြစ်ဖြစ်၍ စီးလေကုန်၏၊ ထိုသွေးတို့မှ မီးတောက်ထပြန်၍ ရွေခုတ်ထုကိုယ်၌ စွဲလောင်လေ၏၊ အတိုင်းမသိသော ဆင်းရဲကို ခံစားရလေ၏၊ ထိုစဉ်အခါ၌ ဝိပဿနာအလုပ်ကို အားထုတ်ခွင့် မရနိုင်တော့ချေ။ ထိုမျှဖြင့် မသေသေးလျှင် စောက်ထိုးတွဲလဲဆွဲထား၍ ဗန်းကြီးခန့်ရှိ ပဲဂွပ်တို့ဖြင့် ပါးပါး ပါးပါးလှာလျက် ရွေခုတ်ကြပြန်၏။ ထိုမျှဖြင့်လဲ မသေသေးလျှင် မီးလျှံငရဲတောက်သော သံရထား၌ နွား မြင်း တို့ကဲ့သို့ တပ်၍ မီးကြီးခဲ တောင်ကြီးပေါ်သို့ တက်စေကုန်၏၊ မတက်ဘဲနေလျှင် ရဲရဲတောက်သော သံဒုတ်ကြီးများဖြင့် အပြင်းရိုက်၍ တက်စေကုန်၏၊ တောင်ထိပ်သို့ ရောက်လျှင် တဖန် ဆင်းစေကုန်၏၊ ဤသို့ တက်ချည် ဆင်းချည် အဖန်ဖန် ပြုစေကုန်၏။ ထိုမျှဖြင့်လဲ မသေသေးလျှင် ကျိုက်ကျိုက်ဆူပွက်လျက် ရဲရဲ

တောက်သော လောဟကုမ္ဘီခေါ် သံရည်ပုက် အိုးကြီးထဲသို့ ပစ်ချလိုက်ကုန်၏၊ ထိုင်ရဲသားသည် သံရည်ပုက်ထဲ၌ ရှဲ–ကနဲ ကျဲ၍ အမြုပ်တစီစီထလျက် နှစ်မြုပ်သွားရှာလေ၏၊ အနှစ် သုံးသောင်းကြာမှ ငရဲအိုး၏ အောက်စသို့ ရောက်၏၊ တဖန် အနှစ်သုံးသောင်းကြာမှ ငရဲအိုး၏ အထက်နခမ်းဝသို့ ရောက်လျက် ပေါ်လာ၏၊ ဘေးအရပ် မျက်နှာမျှားသို့လဲ ဖံလာသွား၏၊ ထမင်းအိုးပုက်သော အခါ၌ ဆန်စေ့ကလေးမျှားကဲ့သို့ပင်တည်း။ အတိုင်း မသိသော ဆင်းရဲနွင့် ရင်ဆိုင်တွေ့နေရလေ၏။ ထိုစဉ်အခါ၌ အားတုတ်ခွင့်ကိုကား မရနိုင်တော့ချေ။

ကံမကုန်သေး၍ ထိုမျှဖြင့် မသေပြန်လျှင် သံရည်ပုက်ထဲမှ ငရဲသားကို ထုတ်ယူ၍ ငရဲထိန်းတို့သည် မီးတဟုန်းဟုန်း အမြဲတောက်လောင်လျက်ရှိသော ငရဲကြီး ထဲသို့ ပစ်သွင်းလိုက်ကြပြန်၏။ ထိုငရဲကြီးသည်ကား အလျား အနံ အမြင့် ယူဇနာတထုစီရှိ၏၊ လေးထောင့်ညီသော သံသေတ္တာကြီးနှင့်တူ၏၊ အရှေ့ဘက်နံရံမှ မီးလျှံသည် အနောက်နံရံကို ဖောက်ပြီးလျှင် အပြင်ဘက်၌ ယူဇနာတထုတိုင်အောင် ပူလောင်၏၊ အနောက်နံရံ တောင်နံရံ မြောက်နံရံ အထက်သံမိုး အောက်သံမြေပြင်တို့မှ မီးလျှံတို့သည်လည်း နည်းတူချည်းသာတည်း။ ထိုငရဲကြီးအတွင်း၌ ထိုမှကျိမှ ပြေးလွှားလူးလိမ့် ဟစ်အော်မြည်တမ်းလျက် ကြီးစွာသော ဆင်းရဲ ဒုက္ခတို့ကို ခံစားရ

လေ၏။ နှစ်ပေါင်းများစွာကြာသော် တရုံတခါ၌ ထိုငရဲကြီး၏ တံခါးတခုခုသည် ပွင့်၏၊ ထိုအခါ၌ ငရဲသားတို့သည် ထွက်ရန် ထိုတံခါးဆီသို့ အတင်းပြေးကြ၏၊ အချို့မှာ လမ်းခရီးတွင်ပင် မောပန်းလူးလိမ့်လျက် ရှိကုန်၏၊ အချို့မှာ တံခါးဝသို့ရောက်ကုန်၏၊ အနှစ်သိန်းပေါင်းများစွာကြာလျှင် ထိုတံခါးကြီးသည် ပိတ်သွားလေ၏။ ထွက်နိုင်ခဲသော ငရဲသားသည်လည်း အပြင်သို့ရောက်သည်နှင့် တပို့ိင်နက် ဘင်ပုပ်ငရဲထဲသို့ ကျသွားလေ၏၊ မစင်ဘင်ပုပ်ထဲ၌ နှစ်မြုပ်နေစဉ် ဆင်၏လည်ပင်းခန့် လှလုံးခန့်ရှိသော ပိုးလောက်တို့က ကိုက်ခဲစားကြလေ၏။

ထိုဘင်ပုပ်ငရဲမှ လွတ်ပြန်လျှင် ပြာပူငရဲသို့ကျရောက်သွားပြန်၏။ ထိုငရဲ၌ အိမ်ထွတ်ခန့်ရှိသော မီးကျီးခဲ, ရဲရဲတောက်သော ပြာပူတို့ဖြင့် လောင်ကျွမ်း၍ ဆင်းရဲကြီးစွာကို ခံစားရပြန်၏။ ထိုငရဲမှလွတ်ပြန်လျှင် လက်ပံတောငရဲသို့ ရောက်ပြန်၏၊ လက်ပံပင်တို့မှာ ၁၆ လက်မ ရှည်သော ဆူးရှိကုန်၏၊ ငရဲထိန်းတို့က ရိုက်နှက်၍ ထိုလက်ပုံပင်တို့၌ တက်ချည် ဆင်းချည် ပြုစေကုန်၏၊ လက်ပံဆူးဘို့သည် တက်သောအခါ၌ အောက်ဘက်သို့ လှည့်၍ နေကုန်၏၊ ဆင်းသောအခါ၌ အထက်သို့ လှည့်၍နေကုန်၏၊ ကြောက်လန့်တကြား လျှင်စွာ တက်ရ ဆင်းရသော ငရဲသား၏ ကိုယ်သည် ထိုလက်ပံဆူးတို့ဖြင့် ထိုးမိ၍ စုတ်ပြတ်ပေါက်ပြဲလျက်ရှိလေ၏။ ထိုငရဲမှလွတ်

ပြန်လျှင် သံလျက်ခတာငရဲသို့ ထောက်ပြန်လေ၏၊ ထောက်သည့် နှင့်တပြိုင်နက် သံလျက်နှင့်တူစွာ နှစ်ဘက်သွားရှိသော အရွက် တို့သည် ကြွေမျှ ငရဲသား၏ကိုယ်ပေါ်၌ ကျလေကုန်၏၊ လက်, ခြေ, နား, နှာ, ကိုယ်အင်္ဂါတို့သည် အပိုင်းအပိုင်း ပြတ်လေ ကုန်၏၊ ထမျှပြေးပြန်လျှင် သံမြေပြင်၌ သင်ခုန်းသွားတို့သည် ထွက်ပေါ်လျက် ရှိကုန်၏၊ ဤ.မှ သံတံတိုင်းလဲ ကာရံလျက် ခဲ့လေ၏။ ထိုအခါ၌ အားထုတ်ခွင့်ကို မရနိုင်တော့ချေ။

ထိုငရဲမှ လွတ်ပြန်လျှင် ဝေတ်ဆရုကီမည်ဒဏ္ဍာ ကြိမ်ချောင်း ငရဲသို့ ကျရောက်ပြန်လေ၏။ ထိုငရဲမှာ ကျိုက်ကျိုက်ဆူသော သံရည်အတိ ပြည့်၏၊ သင်ခုန်းသွားနှင့် တူသော နွယ်မျှား ကြာရှက်မျှားရှိ၏၊ အောက်မြေပြင်၌ သင်ခုန်းသွားခင်းလျက် ရှိ၏၊ ကမ်းပါးတို့၌လဲ သင်ခုန်းသွားကဲ့သို့ ထက်သော ကြိမ် နွယ်မျှား သမန်းမြက်မျှားရှိကြ၏။ ငရဲသားသည်ထိုချောင်းကို ဆင်းမိလျှင် မြေပြင်မှ သင်ခုန်းဘွား ရှသောကြောင့်၎င်း၊ သံရည်ပူဖြင့် လောင်ခြင်း စပ်ခြင်းကြောင့်၎င်း ဗိုင်းကန် လဲရှာလေ၏၊ လဲလျှင် ကျိုက်ကျိုက်ဆူလျက် ပူစပ်သော သံရည်ထဲ၌ စုန်ချည် ဆန်ချည် မျောနေလေ၏၊ ကမ်းပါး၌ ရှိသော ကြိမ်သမန်းမြက်တို့ဖြင့်လဲ ရှု၏၊ ချောင်းထဲ၌ရှိသော နွယ်နှင့် ကြာရှက်တို့ဖြင့်လဲ ရှု၏၊ ငရဲသား၏ကိုယ်သည် အစုတ် စုတ် အပြတ်ပြတ် ဖြစ်လေ၏။ ထိုစဉ်အခါ၌ အားထုတ်ခွင့်ကို မရနိုင်ဘော့ချေ။

စုန့်ချည် ဆန်ချည် မျောလျက် အတိဒုက္ခ ရောက်နေသော ထိုငရဲသားကို ငရဲထိန်းတို့တွေ့လျှင် သံငါးမျှားချိတ်ကြီးဖြင့် ဆယ်တင်၍ "ဈာအလိုရှိသလဲ" ဟုမေးကုန်၏။ ထမင်းဆာသည် ဟု ဆိုလျှင် ရဲရဲတောက်သော သံတုံး သံခဲတို့ဖြင့် ပြည့်သော သံခြင်းတောင်းကြီးကို ယူလာကုန်၏၊ ငရဲသားသည် ကြောက်လှသောကြောင့် ပါးစပ်ကို အတင်းပိတ်၍ ထားရှာလေ၏။ ထိုအခါ ငရဲထိန်းတယောက်က ပေါက်ချွန်းကြီးဖြင့် အတင်း ပေါက်၍ ပါးစပ်ကို ဖွင့်၏၊ အခြားငရဲထိန်း တယောက်ကလဲ နည်းတူပင် တဘက်မှ ပေါက်၍ ဖွင့်၏။ ထိုသို့ဖွင့်၍ ပါးစပ်ဟင်းလင်းပွင့်နေသောအခါ၌ ရဲရဲတောက်သော ထိုသံတုံး သံခဲတို့ကို တခုပြီးတခု ပစ်ထည့်၍ ကျွေးကြလေ၏။ ထိုသံတုံး သံခဲတို့သည် နှုတ်ခမ်း လျှာ အာခေါင် လည်ချောင်း အူတို့ကို လောင်ကျွမ်းပြီးလျှင် ဇအာက်ဒွါရမှ ထွက်သွားကုန်၏။ ရေငတ်သည်ဟုဆိုပြန်လျှင် ကျိုက်ကျိုက်ဆူပွက်သော သံရည်တို့ကို လောင်းထည့်၍ ပေးကုန်၏။ ထိုသံရည်ပူတို့သည်လည်း နည်းတူပင် လောင်၍ အောက်ဒွါရမှ ထွက်သွားကုန်၏။ ငရဲသားသည် မလွှဲနိုင်ဘဲ ဆင်းရဲကြီးစွာကို ခံစားရလေ၏။ ကံမကုန်၍ မသေသေးပြန်လျှင် ထိုငရဲသားကို ငရဲကြီးထဲသို့ တဖန်ပစ်သွင်းလိုက်ကြပြန်၏။ ဤငရဲဒုက္ခတို့ကို ဥပရိပဏ္ဏာသ ဇာလပဏ္ဍိတသုတ် ဒေဝဒူတသုတ် စသည်တို့၌ ကျယ်ဝန်းစွာ ဟောတော်မူ၏၊ ထိုသုတ်တို့မှ ယူ၍ ဤ၌ အကျဉ်းမျှ ပြဆိုခြင်း

ဖြစ်သည်။ ဤသို့ ငရဲ၌ ဖြစ်၍ ဆင်းရဲကြီးစွာတို့နှင့် ရင်ဆိုင်တွေ့နေရသောသူသည် ဝိပဿနာအလုပ်ကို အားထုတ်ခွင့်မရနိုင်ရာချေ။ သို့ဖြစ်၍ မိမိ၏စိတ်ကို ဤသို့ဆုံးမအားပေးအပ်၏။

ဝိပဿနာရှုနေသော အို—သူတော်ကောင်း၊ သင်မမေ့နဲ့၊ မပျင်းနဲ့၊ မေ့လျော့ ပျင်းရိနေလျှင် သင်သည် သံသရာမှ ထွက်မြောက်နိုင်လိမ့်မည် မဟုတ်၊ မထွက်မြောက်နိုင်လျှင် တရုံတခါ၌ ငရဲသို့ ကျရောက်လိမ့်ဦးမည်၊ ကြီးစွာသော ငရဲဆင်းရဲတွေကို သင်ခံစားရလိမ့်ဦးမည်၊ ရှေးကလဲ ခံစားခဲ့ရလှလေပြီ ငရဲဒုက္ခနှင့် ကြုံတွေ့နေစဉ်မှာ မျက်ရည်ကြီးငယ်ကျ၍ ဘယ်လိုပင် ငိုကြွေးတောင့်တ နေသော်လဲ သင်သည် ဤဝိပဿနာအလုပ်ကို အားထုတ်ခွင့် ရမည်မဟုတ်ပေ၊ ယခုလို အခါသည်သာလျှင် အားထုတ်ခွင့်ရသော အခါပေတည်း။ သို့ဖြစ်၍ သင် မပျင်းပါနဲ့၊ မမေ့ပါနဲ့၊ ဝိပဿနာအလုပ်ကို ထက်သန်စွာ အားထုတ်ပါလော့—ဤသို့သော အဓိပ္ပါယ်ကို ပင် ရည်၍ ပေးတော်မူခဲ့သော အောက်ပါ ဘုရားအဆုံးအမတော်ကို ရှိသေစွာ လိုက်နာပါလော့။

စျာယ (တုဝံ) ဘိက္ခု မာ ပမာဒေါ၊

မာ တေ ကာမဂုဏေ ရမေသု စိတ္တံ။

မာ လောဟဂုဠ် ဂိလီ ပမတ္တော
မာ ဏန္ဒိ ဒုခ မိဒန္တိ ဒယ္ဟမာနော။
(ဓမ္မပဒ ၃၇၁-ဂါထာ)

ဘိက္ခု၊ ရဟန်း။ တုဝံ၊ သင်သည်။ စျာယ၊ မနုဿမဆုတ် အားထုတ်ညီညာ ရှုမှတ်ပါလော့။ မာပမာဒေါ၊ မေ့လျှမနေ လေလင့်။ တေ စိတ္တံ၊ သင်၏စိတ်ကို။ ကာမဂုဏေ၊ ငါးပါးအာရုံ ကာမဂုဏ်ထဲ၌။ မာ ရမေဃ၊ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်၍ မနေစေလင့်။ ပမတ္တော၊ မေ့မေ့လျော့လျော့ ပေါ့တော့တော့ နေမိသောကြောင့်။ နိရယံ ပတ္တော၊ တရံတခါ ငရဲရွာသို့ ရောက် လတ်၍။ လောဟဂုဠံ၊ မီးလျှံတဟုန်းဟုန်းနှင့် သံတုံးသံခဲကို။ မာ ဂိလီ၊ အလိုမကျဘဲ မမျိုရမိပါစေလင့်။ ဒယ္ဟမာနော၊ ငရဲမီးတပြောင်ပြောင် အပူလောင်ခံရသည်ဖြစ်၍။ ကွဲဒံ ဒုက္ခန္တိ၊ ဧဟာက ဆင်းရဲလှပါတကား ဟူ၍။ မာ ကန္ဒိ၊ ဟစ်အော် ငေါင်ယမ်းလျက် မမြည်တမ်း မငိုကြွေးရပါစေလင့်။

တိရစ္ဆာန်ဘုံတွင် ပိုက်ကွန် မြှုံးစသည်ဖြင့် မိနေစဉ်ကာလ ဥ်္လဲ အားထုတ်ခွင့် မရနိုင်။ အဖျားဌ သံချွန်တပ်သောနှင်တံ ရှိုးရိုး နှင်တံတို့ဖြင့် ထိုးဆွရိုက်နှက်ခံရလျက် ငုထားဝန် လှည်း စနဲတို့ကို ရုန်းဆောင်နေရသော ခြင်းခွေး ကျဲ ဖြစ်စဉ်ဌဲလဲ အားထုတ်ခွင့်မရနိုင်။ ပြိတ္တာဘုံတွင် အနှစ်သိန်းပေါင်းများစွာ ဆာလပတ်လုံး ဆာလောင်ငတ်မွတ်နေစဉ်ဌဲလဲ အားထုတ်ခွင့် မရနိုင်။ ကာလကဏ္ဏိက အသုရကာယ်ဘုံတွင် အရိုး အရေ

မျှဖြင့် အတောင် ခုနစ်ဆယ် ရှစ်ဆယ် ပမာဏ ခန္ဓာကိုယ် ရှိလျက် **မစားရ** မသောက်ရဘဲ လေ နေပူစသည်တို့ဖြင့် ပင်ပန်း ဆင်းရဲ နေစဉ်ဌာလဲ အားထုတ်ခွင့် မရနိုင်။ ထို တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ကိုသည် အားထုတ်သော်လဲ ဝိပဿနာဉာဏ် မဂ်ဖိုလ်ဉာဏ်တို့ကို မရနိုင်ကုန်။ အိုသူတော် ကောင်း—လူဖြစ်နေစဉ် ယခုအခါသည်သာလျှင် ဝိပဿနာ အလုပ်ကို အားထုတ်နိုင်သည့် အခါပေတည်း။ သို့ဖြစ်၍ သင် မပျင်းနဲ့၊ မမေ့နဲ့၊ အားထုတ်ပါလော့။ ဤသည်ကားအပါယ် ဘေးကို ဆင်ခြင်၍ စိတ်ကို အားပေးပုံပေတည်း။

အကျိုးကိုဆင်ခြင်ပါ ဤဝိပဿနာ အလုပ်ဖြင့် မဂ်ဖိုလ် နိဗ္ဗာန်ကို ရ၏၊ အပါယ်ဆင်းရဲ သံသရာဆင်းရဲတို့မှ လွတ်ကင်း ထွက်မြောက်၏။ ဤမျှကြီး ကျယ်သောအကျိုးကို ပေါ့လျော့ပျင်းရိစွာ အားထုတ်၍ ဘယ်မှာ ရနိုင်ပါမည်နည်း။ လောကဌ္ဌေတရာ တထောင် ရဘို့ ဆိုလျှင်ပင် ခဲယဉ်းစွာ အားထုတ်ရသည် မဟုတ်ပါလော၊ ၇-ရက် ၁၅—ရက် တလစသည်ဖြင့် ပြည့်စုံစွာ အားထုတ်၍ ဆင်းရဲခပ်သိမ်း ငြိမ်းမည့်လုပ်ငန်းကို အဘယ်ကြောင့် အား တက်သရော မလုပ်နိုင်ပါဘဲနည်း၊ တနေ့အပန်းခံ၍ လုပ်သည့် အတွက် တနှစ်လုံး ချမ်းသာမည် ဆိုလျှင် ထိုအလုပ်ကို စိတ် ပါ လက်ပါ လုပ်ထိုက်၏၊ တလ အပန်းခံ၍ တသက်လုံး ချမ်းသာမည်ဆိုလျှင် သာ၍ပင် စိတ်ပါ လက်ပါ လုပ်ထိုက်၏၊

၁၅-ရက် တလ-စသည်အပန်းခံ၍ အားထုတ်ခြင်းဖြင့် သံသရာတလျှောက်လုံးတွင် တွေ့ကြုံသွားရမည့် ဆင်းရဲဟူသမျှမှ လွတ်ကင်း ထွက်မြောက်စေနိုင်သည့် ဝိပဿနာ အလုပ်ကို အဘယ်ကြောင့် လောကီအလုပ်ထက် အပန်းခံ၍ အားမထုတ်နိုင်ဘဲ ရှိအံ့နည်း။ အို သူဇာတ်ဆောင်း-မင်္ဂိုလ် နိဗ္ဗာန်ဟူသော အလွန်ကြီးမားတဲ့ အကျိုးကို ရစေနိုင်တဲ့ ဝိပဿနာ အလုပ်ကို ပြင်းထန်စွာ အားထုတ်ပါလော့။ (အကျိုးကို ဆင်ခြင်၍ အားပေးပုံ)

အာကျင့်လမ်းကို ဆင်ခြင်ပါ

ဤ ဝိပဿနာသည် သာမန် ပုဂ္ဂိုလ်တို့ သွားနိုင်သော လမ်းခရီး မဟုတ်ပေ၊ ခပ်သိမ်းသော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့သာ သွားနိုင်သော လမ်းဖြစ်ပေသည်။ ပျင်းရိသော လူညံ့တို့သည် ဤလမ်းကို မသွားနိုင်ကုန်၊ ဤလမ်းကို သွားသောသူသည် ဘုရားပစ္စေကဗုဒ္ဓါ အရိယာတို့၏ ဂုဏ်ထူး အကျင့်ထူးနှင့် တစိတ် တပိုင်းအားဖြင့် ပြည့်စုံနေပေ၏။ အို-သူတော်ကောင်း-ဘုရားစသော ပုဂ္ဂိုလ်မြတ်တို့၏ ဂုဏ်အာကျင့်ကိုယူဆောင်၍ အဘယ်ကြောင့် ပေါ့လျော့နေပါသနည်း၊ ထိုပုဂ္ဂိုလ်မြတ်တို့၏ သွားရိုးလမ်းကို ခရီးတွင် အောင် ထက်သန်စွာနှင့် ကြိုးစား၍သာ သွားပါလော့။ (သွားရိုးလမ်းဖြင့် ဆောင်းပေးပုံ)

သထိပဋ္ဌာန်၏ ဂုဏ်ကျေးဇူး

သတိပဋ္ဌာန်ဒေသနာထော်နှင့် အညီ အာဒီးထုတ်၍ မဂ် ၄-ပါး, ဖိုလ် ၄-ပါးသို့ ရောက်ပြီးသောပုဂ္ဂိုလ်သည် ထုဂ ဒေါသ မောဟ အစရှိသော ကိလေသာ အညစ်အကြေး ဟူသမျှမှလွဲ သန့်ရှင်းစင်ကြယ်၏၊ စိုးရိမ်ပူဆွေးမှုဟူသော သောက, ငိုကြွေးတမ်းတမှုဟူသော ပရိဒေဝတို့ကိုလဲ လွန်မြောက်၏၊ ကိုယ်ထဲ၌ ပင်ပန်းဆင်းရဲခြင်းဟူသော ဒုက္ခ, စိတ်ထဲ၌ ပင်ပန်းဆင်းရဲခြင်းဟူသော ဒေါမနဿတို့လဲ ချုပ်ငြိမ်းကင်းပျောက်ကုန်၏၊ (ပရိနိဗ္ဗာန်စုတိမှ နောက်၌ ကိုယ်ဆင်းရဲ မဖြစ်ထိုက်ပြီ၊ အရဟတ္တမဂ်သို့ ရောက်သည်မှ စ၍ စိတ်ဆင်းရဲ မဖြစ်ထိုက်ပြီဟု ဆိုလို၏။) ဥာဃ မည်သော မဂ်ဥာဏ် ၄-ပါးကိုလဲ ရပြီး သိပြီး ဖြစ်၏၊ ဆင်းရဲဟူသမျှတို့၏ ကင်းပြတ်ချုပ်ငြိမ်းရာ နိဗ္ဗာန်တရားကိုလဲ မျက်မှောက်ထင်ထင် သိမြင်ရ၏။ ထိုကြောင့် မြတ်စွာဘုရားသခင်က သတိပဋ္ဌာန် ၄-ပါးကို အောက်ပါအတိုင်း ချီးမွမ်းတော်မူလေပြီ။

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိ-
ယာ, သောကပရိဒေဝါနံ သမတိက္ကမာယ, ဒုက္ခ-
ဒေါမနဿာနံ အတ္ထင်္ဂမာယ, ဉာယဿ အဓိဂမာယ,
နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိ-
ပဋ္ဌာနာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယဒိဒံ-ယေ ကုမေ စတ္တာရော သတိ-ပဋ္ဌာနာ၊ အကြင် လေးပါးသော သတိပဋ္ဌာန်တို့သည်။ သန္တိ၊ ရှိကုန်၏။ အယံ မဂ္ဂေါ၊ သတိပဋ္ဌာန်တည်းဟူသော ဤ ခရီး လမ်းသည်။ သတ္တာနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝက အလောင်းဖြစ်သော ခပ်သိမ်းသော သတ္တဝါတို့၏။ ဝိသုဒ္ဓိ-ယာ၊ စိတ်၏ အညစ်အကြေးဖြင့်သော ကိလေသာတို့မှ စင်ကြယ်ခြင်းငှါ။ ဧကာယနော၊ တခုတည်း တကြောင်း တည်းသော ခရီးလမ်းပေတည်း။ သောကပရိဒေဝါနံ၊ စိုးရိမ် ပူဆွေးမှု, ငိုကြွေးတမ်းတမှုတို့ကို။ သမတိက္ကမာယ၊ လွန်မြောက် ခြင်း-ပယ်စွန့်ခြင်းငှါ။ ဧကာယနော၊ တခုတည်း တကြောင်း တည်းသော ခရီးလမ်းပေတည်း။ ဒုက္ခဒေါမနဿာနံ၊ ကိုယ် ဆင်းရဲ, စိတ်ဆင်းရဲတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ငြိမ်း ကွယ်ပျောက်ခြင်းငှါ။ ဧကာယနော၊ တခုတည်း တကြောင်း တည်းသော ခရီးလမ်းပေတည်း။ ဉာယဿ အဓိဂမာယ၊ လေးပါးသော မဂ်ဉာဏ်ကို သိခြင်း-ရခြင်းငှါ။ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် သိမြင် ခြင်းငှါ။ ဧကာယနော၊ တခုတည်း တကြောင်းတည်းသော ခရီးလမ်းပေတည်း။

ဤမိန့်ခွန်းတော်၌ သတိပဋ္ဌာန်ဘာဝနာကို "ကိလေသာမှ စင်ကြယ်ရန် နိဗ္ဗာန်ကို သိမြင်ရန် တခုတည်း တကြောင်း တည်းသော ခရီးလမ်း" ဟု တိုက်ရိုက်ဟောတော်မူ၏။ ထိုကြောင့်

ပရမတ် အစစ် ဖြစ်သော ကာယ, ဝေဒနာ, စိတ္တ, ဓမ္မတို့ကို မှတ်သိလျက် ပွါးစေအပ်သော သတိပဋ္ဌာန်ဘာဝနာကို သာလျှင် စတုသစ္စကမ္မဋ္ဌာန်း ဟူ၍ဂုဏ်း, ဝိပဿနာဘာဝနာ ဟူ၍ဂုဏ်း, "ကောယနုပဿနာ ဝိစ္စတိ ပုဗ္ဗဘာဂသတိပဋ္ဌာန မဂ္ဂါ" ဟူသော ပါဠိနှင့်အညီ ပုဗ္ဗဘာဂမဂ် ဟူ၍ဂုဏ်း ခေါ် သည်ဟု ယုံမှားမရှိ မှတ်အပ်၏။ ထိုပြင် သမ္မပ္ပဓာနဘာဝနာ, ဣန္ဒြိယဘာဝနာ, ဗောဇ္ဈင်္ဘာဝနာ, မဂ္ဂင်္ဘာဝနာ-ဤသို့ အစရှိသော နိဗ္ဗာန်ရောက်ကြောင်း ဘာဝနာဟူသမျှသည်လည်း ဤသတိပဋ္ဌာနဘာဝနာ၌ အတွင်းဝင်သည်ဟူ၍သာ မှတ်အပ်၏။ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မတို့ကို မှတ်သိမှု ဟူသော သတိပဋ္ဌာန်မှ ကင်းလျှင် နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သော အသိးအခြားဘာဝနာရှိသေးသည်ဟူ၍ကား မထင် မှတ်အပ်သည်သာတည်း။ ထိုကြောင့် အဋ္ဌကထာ၌ ဤသို့ ဖွင့်ပြတော်မူ၏။

> ကောယနော အယံ ဘိက္ခဝေ မဂ္ဂါတိ ဧတ္ထ ကေ-
> မဂ္ဂါ အယံ ဘိက္ခဝေ မဂ္ဂါ။ နဒ္ဒိဓာပထဘူတောတိ
> အတ္ထော။ (ဒီ-ဋ္ဌ ၂-၃၇၅)

ကောယနော အယံ ဘိက္ခဝေ မဂ္ဂါတိ ဧတ္ထ၊ မဂ္ဂါ ဟူသော ဤစကားဌာ၌။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံမဂ္ဂါ၊ ဤသတိပဋ္ဌာန်ခရီးလမ်းသည်။ ကေမဂ္ဂါ၊ တခုတည်းသောခရီး,

တကြောင်းတည်းသော လမ်းပေတည်း။ နှ ဒိဋ္ဌဓာပထဘူတော၊ နှစ်သွယ်နှစ်ခွဖြစ်သော ခရီးလမ်းမဟုတ်။ ဣတိ ဧဝံ၊ ဤသို့။ အတ္ထော၊ အနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ကေမဂ္ဂေါတိ ကောဧဝ မဂ္ဂေါ၊ နှ ဟိ နိဗ္ဗာနဂါမိ-
မဂ္ဂေါ အညော အတ္ထိတိ။ နနု သတိပဋ္ဌာနံ ဣမ
မဂ္ဂေါတိ အဓိပ္ပေတံ၊ တာဒညေ စ ဗဟူ မဂ္ဂဓမ္မာ
အတ္ထိတိ။ သစ္စံ အတ္ထိ၊ ဧတ ပန သတိပဋ္ဌာနဂ္ဂဟဏေ-
နေဝ ဂဟိတာ တာဒိနာဘာဝတော။ ဥဇ္ဇေသေ ပန
သတိယာ ဧဝ ဂဟဏံ ဝေနေယျဗျာသယဝသေနာတိ
ဒဋ္ဌဗ္ဗံ။ နှ ဒိဋ္ဌဓာပထဘူတောတိ ဣမိနာ ဣမဿ မဂ္ဂဿ
အနေကမဂ္ဂဘာဝဓါဘာဝံ ဝိယ အနိဗ္ဗာနဂါမိဘာဝဓါ-
ဘာဝဉ္စ ဒဿေတိ။ (ဎင်း၏အဖွင့်ဋီကာ ၂၇၉)

ကေမဂ္ဂေါတိ၊ ကေမဂ္ဂေါဟူသည်ကား။ ကောဧဝ၊ တခုတည်း တကြောင်းတည်းသာ ဖြစ်သော။ မဂ္ဂေါ၊ ခရီးတည်း။ ဟိ-သစ္စံ၊ မှန်၏။ အညော၊သတိပဋ္ဌာန်မှတပါးသော။ နိဗ္ဗာနဂါမိမဂ္ဂေါ၊ နိဗ္ဗာန်သို့သွားကြောင်းခရီးသည်။ နှ အတ္ထိ၊ မရှိချေ။ ဣတိ၊ ဤသို့ဆိုလို၏။ နနု၊ စောဒနာဉီးအံ့။ ဣဒံ၊ ဤသုတ်၌။ သတိပဋ္ဌာနံ၊ သတိပဋ္ဌာန်ကို။ မဂ္ဂေါတိ၊ မဂ်ဟူ၍။ အဓိပ္ပေတံ၊အလိုရှိအပ်၏၊တာဒညေ၊ထိုသတိမှတပါးကုန်သော။ ဗဟူ မဂ္ဂဓမ္မာ စ၊ များစွာသော မဂ်တရား တို့သည်လည်း။

အတ္ထိ နဲ့၊ ရှိကြသည် မဟုတ်လော။ ဣတိ၊ ဤသို့ စောဒနာ ငြားအံ့။ သစ္စံ အတ္ထိ၊ ရှိကြသည်ကား မှန်ပေ၏။ ပန၊ သို့သော်လဲ။ တဒဝိနာဘာဝတော၊ ထိုသတိနှင့်ကင်းခြင်း မဖြစ်ကြသောကြောင့်။ တေ၊ ထိုတပါးသော မင်္ဂလာတို့ကို။ သတိပဋ္ဌာန်ဂုဟာဏေနေဝ၊ သတိပဋ္ဌာန်ကို ယူခြင်းဆိုခြင်းဖြင့်ပင်လျှင်။ ဂဟိတာ၊ ယူအပ်ကုန်ပြီ။ ဓာတာ ဟိ၊ ထိုသို့သတိကို ဆိုထားခြင်း အားဖြင့်လျှင် ယူပြီးဖြစ်ကြသောကြောင့်ပင်လျှင်။ နိဒ္ဒေသေ၊ အကျယ် ဝေဘန်ထုပါဦးခြင်း။ ဥဒ္ဓေသေ၊ အကျဉ်းပြထုပါဦးခြင်း။ ဥဒ္ဓေသဝိရိယာဒယော၊ ဥဒ္ဓေသ်ဝိရိယစသော မင်္ဂလာတို့ကို။ ဂဟိတာ၊ ယူအပ်ဟောပြအပ်ကုန်၏။ ဥဒ္ဒေသေ၊ အကျဉ်းပြထုပါဦးခြင်း။ သဘိယာဒေ ဂဟာဏံ ပန၊ သတိကိုသာ ဟောခြင်းကိုကား။ ဝေဒနာယဿ္ပိသယဝသေနာတိ၊ ဝေဒနာယျတို့၏ အလို၏အစွမ်းအားဖြင့် ဟောခြင်းဟူ၏။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ နဒ္ဒိဓဝပထဘူတောတိ ဣမိနာ၊ နဒ္ဒိဓဝပထဘူတောဟူသော ဤဗျတိရေကသံဝဏ္ဏနာစကားဖြင့်။ ဣမဿာ မဂ္ဂဿ၊ ဤသတိပဋ္ဌာန်ခရီး၏။ အနေက မဂ္ဂင်္ဂဘာဝါဘာဝံ ဝိယ၊ တပါးမက မျှားသောခရီးအဖြစ်၏ မရှိခြင်းကို ပြသကဲ့သို့။ အနိဗ္ဗာနဂါမိဘာဝါဘာဝဥ္စ၊ နိဗ္ဗာန်သို့ မရောက်စေတတ်သည့်၏ အဖြစ်မရှိခြင်းကိုလဲ။ ဒဿေတိ၊ ပြ၏။

ဤဋီကာ၌ နောက်ဆုံး ဝါကျစကားရပ်ဖြင့် "နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ခရီးသည် သတိပဋ္ဌာန် တမျိုးတည်းသာ ရှိသည်၊ ထိုသတိပဋ္ဌာန်ခရီးသည် နိဗ္ဗာန်သို့ ဧကန်

ရောက်စေတတ်သည်သာ၊ မရောက်စေတတ်သည်ဟူ၍ မရှိ"ဟု ပြဆို၏။

ထိုပြင် ကပ္ပါပေါင်း လေးအသင်္ချေနှင့် တာသိန်းအတွင်း၌ ပွင့်ဘော်မူကြွပြီးသော မျှားစ့ဉာသော သမ္မာသမ္ဗုဒ္ဓ-မြတ်စွာဘုရားမျှား, ရာပေါင်းမျှားစ့ဉာသော ပစ္စေကဗုဒ္ဓါမျှား, မရေမတွက်နိုင်အောင် မျှားစ့ဉာသော အရိယာ သာဝကမျှားဟူသော ဤပဂ္ဂိုလ် အလုံးစုံတို့သည် ကိလေသာ အညစ်အကြေးတို့ကို သတိပဋ္ဌာန်မဂ်ဖြင့်သာလျှင် လျော်ဆေးသုတ်သင်၍ စင်စစ် စင်ကြယ်ခြင်းသို့ ရောက်တော်မူကြသည် ဟူ၍ ၎င်း၊ ကာယ ဝေဒနာ စိတ် ဓမ္မတို့တွင် တစုံတခုကိုမျှ မရှုမူ၍ ပညာဘာဝနာ မဖြစ်နိုင်၊ ထို့ကြောင့် ဂါထာတပုဒ်ကို ကြားနာရ၍ မဂ်ဖိုလ်သို့ ရောက်သော သူတို့သည်လည်း သတိပဋ္ဌာန်မဂ်ဖြင့်သာ အရိယာဖိုလ်သို့ ရောက်၍ သောက ပရိဒေဝတို့ကို လွန်မြောက်ကြသည် ဟူ၍၎င်း အဋ္ဌကထာတို့၌ မိန့်ဆို၏။, ထို့ကြောင့် မဂ်ဖိုလ်သို့ ရောက်ကြောင်းဖြစ်သော ဝိပဿနာဘာဝနာ ဟူသည်မှာ သတိပဋ္ဌာန်ဒေသနာတော်နှင့် အညီ ပရမတ်အစစ်ဖြစ်သော ကာယ ဝေဒနာ စိတ် ဓမ္မတို့ကို ရှုမှတ်လျက် ပွားစေအပ်သော သတိပဋ္ဌာန်ဘာဝနာသာလျှင် ဖြစ်သည်၊ ၎င်းသတိပဋ္ဌာန်ဘာဝနာမှတပါး အသီးအခြား ဖြစ်သော မဂ်ဖိုလ်ရောက်ကြောင်း ဝိပဿနာဘာဝနာမည်သည် မရှိတော့ပြီဟူ၍ မြဲမြံစွာ မှတ်အပ်၏။

ဘုရားရှင်၏ ဝန်ခံစကားမူချက်

ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယော ဟိ ကောစိ၊ အမှတ်မရှိ တစုံတယောက်သော ရဟန်း,ရှင်,လူ, ယောကျား, မိန်းမ ပုဂ္ဂိုလ်သည်။ ဣမေ စတ္တာရော သတိပဋ္ဌာနေ၊ ဤလေးပါးသော သတိပဋ္ဌာန်တို့ကို။ ဧဝံ၊ အာနာပါနပိုင်းအစရှိသော ၂၁-ပိုင်းတို့ဥ ဟောတော်မူခဲ့သော ဤနည်းဖြင့်။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဘာဝေယျ၊ ပွါးစေငြားအံ့။ တဿ၊ ထိုပွါးစေသောပုဂ္ဂိုလ်အား။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ဘဝ၌ပင်လျှင်။ အညာ ဝါ၊ အရဟတ္တဖိုလ်ကို ဖြစ်စေ။ သတိ ဥပါဒိသေသေ၊ စဲလမ်းမှကြွင်းကျန်သေးလျှင်။ အနာဂါမိတာ ဝါ၊ အနာဂါမိဖိုလ်ကိုဖြစ်စေ။ ဒွိန္နံ ဖလာနံ၊ ၂-ပါးသော ဖိုလ်တို့တွင်။ အညတရံ၊ တပါးပါးသော ဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ ဝါ၊ မချွတ်ကောန် အာမှန်ပင် ဖြစ်မည်ဟု ယုံကြည်အပ်၏။

မဇ္ဈိမပဏ္ဏာသ ဗောဓိရာဇကုမာရ သုတ်၌ကား တိက္ခပညာနေယျ ပုဂ္ဂိုလ်ကို ရည်၍ တည့်စွာအတွင်း, တနေ့အတွင်းမှာပင် တရားထူးကို ရနိုင်သည်ဟူ၍လဲ ဝန်ခံတော်မူသေး၏။ ဝန်ခံဘော်မူပုံမှာ အောက်ပါအတိုင်းပင်တည်း။

ဤမေဟိ ပဋ္ဌာဟိ ပဓာနိယင်္ဂံဟိ သမန္နာဂတော ဘိက္ခု တထာဂတံ နာယကံ လဘမာနော သာယမနုသိဋ္ဌော ပါဓေတာ ဝိသေသံ အဓိဂမိဿတိ၊ ပါဓေတာ အနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ။ (မ ၂–၃၀၀)

ဤမေဟိ ပဋ္ဌာဟိ ပဓာနိယင်္ဂေဟိ၊ ကျွဲငါးပါးသော တရား အားထုတ်ခြင်းအင်္ဂါတို့နှင့်။ သမန္နာဂတော ဘိက္ခု၊ ပြည့်စုံသောရဟန်းသည်၊ တထာဂတံ နာယကံ၊ မြတ်စွာဘုရား တည်းဟူသော နည်းပေးညွှန်ပြသည့် ဆရာကို။ လဘမာနော၊ ရပါမူ။ သာယံ အနုသိဋ္ဌော၊ ညနေချမ်း၌ ဆုံးမခံ၍ အားထုတ်လျှင်။ ပါဓေတာ၊ နံနက်လင်းသောအခါ၌။ ဝိသေသံ၊ မဂ်ဖိုလ် နိဗ္ဗာန်တရားထူးကို။ အဓိဂမိဿတိ၊ သိလတံ့၊ ရလတံ့။ ပါဓေတာ အနုသိဋ္ဌော၊ နံနက်ကာလ၌ ဆုံးမခံ၍ အားထုတ်လျှင်။ သာယံ၊ ညနေချမ်းအခါ၌။ ဝိသေသံ၊ မဂ် ဖိုလ် နိဗ္ဗာန် တရားထူးကို။ အဓိဂမိဿတိ၊ သိလတံ့၊ ရလတံ့။

ပဓာနိယင်္ဂငါးပါး ဟူသည်မှာ (၁) ဘုရား, တရား, သံဃာ, ကမ္မဋ္ဌာန်းပေးသော ဆရာ, ရှုမှတ်နည်းတို့ကို ကောင်းစွာ သက်ဝင်လျက် ယုံကြည်သော သဒ္ဓါတရား။ (၂) စား သောက်သမျှအစာကို အညီအမျှ ကြေစေနိုင်သော ပါစကဝမ်းမီးနှင့် ပြည့်စုံ၍ ကောင်းစွာ ကျန်းမာခြင်း။ (၃) မိမိ၌

မရှိသော ဂုဏ်ကျေးဇူးကို မဖေါ်ပြတတ်သည့်အပြင်, ရှိသော အပြစ်ကိုလဲ မဖုံးကွယ်မူ၍ ဖြစ်ပေါ် သည့်အတိုင်း အမှန်ကိုသာ ဆရာသမား, သီတင်းသုံးဘော်တို့အား ပြောပြတတ်ခြင်း။ (၄) အသား အသွေး ခန်းခြောက်လိုက ခန်းခြောက်ပျက်စီးပေစေ၊ အရေ အကြော အရိုးမျှသာ ကျန်လိုက ကျန်ပေစေ တရားဒုဏ်ကို မရမချင်း မပြတ်အားထုတ်မည်ဟု ဆောက်တည်လျက် စတုယဉ်စီရိယဖြင့် ပြင်းထန်စွာ အားထုတ်ခြင်း။ (၅) ရုပ် နာမ် ခန္ဓာတို့၏ အဖြစ် အပျက်ကို သိမြင်သော ဉဒယဗ္ဗယဉာဏ် ဖြစ်ပေါ်ခြင်း။ ဤ အင်္ဂါ ငါးပါး တို့ ပင်တည်း။

၇-နှစ်စသည်အတွင်း, ၇၊ရက်အတွင်း, တညဉ့်အတွင်း, ဘနေအတွင်း မင်္ဂုလ နိဗ္ဗာန်တရားထူးကို သိနိုင်သည် ရနိုင်သည်ဟု ဆိုသော စကားမျှားသည် သာမန်ပုဂ္ဂိုလ်၏ စကား မဟုတ်ကုန်၊ တရားအလုံးစုံကို ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန် အတိုင်း သိပြီးသောကြောင့် သမ္မာသမ္ဗုဒ္ဓ မည်တော်မူသော မြတ်စွာဘုရား၏ စကားတော်မျှားသာ ဖြစ်ကုန်၏။ ဟုတ်မှန်၍ အကျိုးရှိသော စကားကိုသာ ဆိုတော်မူတတ်သောကြောင့် သုဂတ မည်တော်မူသော မြတ်စွာဘုရား၏ စကားတော်မျှား သာ ဖြစ်ကုန်၏။ သို့ဖြစ်၍ ယုံကြည်မှု-သဒ္ဓါတရားနှင့် ပြည့်စုံ၍ ဝင့်ဆင်းရဲမှ ထုတ်မြောက်လိုသော သမ္မာဆန္ဒနှင့်လဲ ပြည့်စုံသော သူတော်ကောင်းတို့သည်—

"အဒ္ဓေဗ္ဗဝစနာ ဗုဒ္ဓါ၊ အမောဃဝစနာ ဇိနာ-ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ အဒ္ဓေဗ္ဗဝစနာ၊ နှစ်သွယ် နှစ်ခွ ဖြစ်သော စကားမရှိကုန်။ ဝါ၊ နှစ်သွယ်နှစ်ခွ မဟုတ်မူ၍ မချွတ်ကေန် မှန်သောစကားကိုသာ မိန့်ဆိုလေ့ရှိကုန်၏။ ဇိနာ၊ ငါးမာရ်အောင်မြင် ဘုရားရှင်တို့သည်။ အမောဃ-ဝစနာ၊ အချည်းနှီး မဟုတ်သော စကားရှိကုန်၏။ ဝါ၊ အချည်းနှီးမဟုတ်မူ၍ ကေန် အကျိုးများသော စကား ကိုသာ မိန့်ဆိုလေ့ရှိကုန်၏" ။ ဟူသော– ဤ ဗုဒ္ဓဝင် ပါဠိတော် နှင့် အညီ ပြခဲ့သော ဝန်ခံတော်မူချက် စကား ၂-ရပ်ကို မချွတ်ကေန် မှန်သောစကား, မချွတ်ကေန် အကျိုး များသောစကားဟု ယုံကြည်ကြပြီးလျှင်....

"ငါသည် တိကွာဒါသည် နေယျပုဂ္ဂိုလ်ဖြစ်လျှင် တည်ဋ္ဌ အာတုံး, တနေ့အာတုံးမှာပင် တရားထူးကို သိရပေလိမ့် မည်၊ မဋ္ဌိမပညာ နေယျ ပုဂ္ဂိုလ်ထိ ဖြစ်လျှင် အမြန်ဆုံး ၇-ရက်အတွင်းမှာ, အလတ်စားအားဖြင့် ၁၅-ရက်အတွင်း စသည်မှာ, အနှေးဆုံးအားဖြင့် ၇-နှစ်အတွင်းမှာ တရား အထူးကို သိရပေလိမ့်မည် " ဟု မြွေလင့်လျက်....

သတိပဋ္ဌာန်ဘာဝနာကို ပွားများအားထုတ်နိုင်ကုန်ထား၏၊ အားထုတ်နိုင်ကြပါစေ။

အထူးမှာထားချက်

သတိပဋ္ဌာန်ပါဠိအဋ္ဌကထာတို့၌ အာနာပါနပိုင်း စသော ၂၁-ပိုင်းတို့တွင် တခုခုသောအပိုင်းဖြင့်ပင် အရဟတ္တဖိုလ်သို့ ရောက်နိုင်ကြောင်းကို ပြတော်မူကြ၏။ သို့သော်လဲ " အပိုင်း တခုဖြင့်သာလျှင် အားထုတ်မှ မဂ်ဖိုလ်သို့ ရောက်နိုင်သည်၊ အပိုင်းများစွာ ရောပြွမ်း၍ အားထုတ်လျှင်ကား မဂ်ဖိုလ်သို့ မရောက်နိုင် " ဟု ဤသို့ကား ဆိုလိုသည် မဟုတ်ပေ။ ထိုသို့ မဆိုလိုသောကြောင့် ပင်လျှင် ကမ္မဋ္ဌာန်း တောင်းသော ဥတ္တိယရဟန်း သည်တို့အား မြတ်စွာဘုရားသခင် ကိုယ်တော်တိုင်ပင် စတွာရော သတိပဋ္ဌာန သုတ်စသည်ဖြင့် သတိပဋ္ဌာန် လေးပါးလုံး ရောပြွမ်း၍ ကမ္မဋ္ဌာန်း ပေးတော်မူခဲ့ပေသည်။ ပေးသည့်အတိုင်းလဲ အားထုတ်ကြ၍ ရဟန္တာဖြစ်တော်မူကြလေသည်။ " ထိုပြင် တခုခုသောအပိုင်း ဖြင့်ပင် အရဟတ္တဖိုလ်သို့ ရောက်နိုင်သည် " ဟူရာ၌လဲ ထို အပိုင်းတခုခုကို အမြဲတမ်း နှလုံးသွင်းသော မူလကမ္မဋ္ဌာန်း အဖြစ် ယူထားခြင်းကိုသာ ဆိုလိုပေသည်။ " တပါးသော အပိုင်းများနှင့် ဆိုင်သော ရုပ်နာမ်များ ထင်ရှားပါလျက် ထိုရုပ်နာမ်များကို မရှုရ " ဟူ၍ကား မဆိုလိုပေ။ အကယ်၍ ထင်ရှားသော ထိုရုပ်နာမ်များကို မရှုငြားအံ့၊ သို့ဖြစ်လျှင် ထိုရုပ်နာမ်များအပေါ်၌ နိစ္စ, သုခ, အတ္တ, သုဘဟု စွဲလမ်းလျက် ကိလေသာများ ဖြစ်ပေါ်လေရာ၏။

ထိုပြင် ယခုကာလ၌ အားထုတ်မည့် ပုဂ္ဂိုလ်များတွင် "မည်သူသည် မည်သည့်အပိုင်းနှင့်သာ သင့်လျော်သည်"ဟု ကောန် တပ်အပ် မဆုံးဖြတ်နိုင်ခေ။ သို့သော်လဲ လက်တွေ့ အားဖြင့်ကား ကာယာနုပဿနာကို အရင်းခံပြု၍ ရှုလျှင် ယခုကာလ ပုဂ္ဂိုလ်တို့အား သင့်လျော်သည်ကို သာလျှင် အများအားဖြင့် တွေ့ရပေသည်။ သို့ဖြစ်၍ ဤ ဝိပဿနာ ရှုနည်းကျမ်းအဇ္ဈာ (၅) ၌ ပဋိကူလမနသိကာရပိုင်း, သိဝထိကပိုင်းတို့မှ သမထကမ္မဋ္ဌာန်းဆိုင်ရာ ဗာဖို့များကို ချန်လှပ်ထားပြီးလျှင် ကာယာနုပဿနာကိုပင် အရင်းခံပြု၍ သတိပဋ္ဌာန် ၄-ပါးလုံး, ၂၁-ပိုင်းလုံးတို့ နှင့် သက်ဆိုင်သော ရှုမှတ်ပုံများကို ဒေသနာစဉ်မဖက် သက်သက်ကျင့်စဉ်အတိုင်း ညွှန်ပြပေအံ့။ယင်းသို့ ညွှန်ပြခြင်းကြောင့် ညွှန်ပြသည့်အတိုင်း လိုက်နာ၍ အားထုတ်သော ယောဂီတို့သည် မိမိ မိမိ၏ အစွမ်းသတ္တိနှင့် စရိုက်အားလျော်စွာ တခုခုသော အနုပဿနာ အပိုင်းနှင့်ဖြစ်စေ၊ များစွာသော အနုပဿနာ အပိုင်းတို့နှင့် ဖြစ်စေ သက်ဆိုင်သော ရုပ်နာမ်တို့ကို ကောင်းစွာ ရှုမှတ်နိုင်သိနိုင်ကြသည် ဖြစ်၍ ဝိပဿနာဉာဏ်အစဉ်ဖြင့် မဂ် ဖိုလ် နိဗ္ဗာန်သို့ လျင်မြန်စွာ ဆိုက်ရောက် နိုင်ကြပေလိမ့်မည်ဟု ဧည့်ရှယ်မြော်လင့်ပါသတည်း။

သတိပဋ္ဌာန် ဆရာတော်၏ ဩဝါဒ

တရားတောင်း အရှင်ဘုရား၊ တပည့်တော် တို့သည် အနုမတဂ္ဂ သံသရာကစ၍ ယခုနေ့ ယခု အခါနိ်အထိ ဘုရားအနံ့၌, တရားအနံ့၌, သံဃာတော် အနံ့၌ ပစ္စက္ခဗုဒ္ဓါအနံ့၌ ဆရာသမား မိဘ ဘိုးဘွား တရား ကျင့်ဘူးသော ပုဂ္ဂိုလ် မိမိထက် တရက် တနာရီ အသက် သိက္ခာ ကြီးသော သူတို့၏ အပေါ်၌ ကာယကံ ဝစီကံ မနောကံတို့ဖြင့် အကယ်၍ ပြစ်မှားလွန်ကျူးမိသည် ရှိသော် ခွင့်ပြု သည်းခံတော်မူကြပါကုန်၊ အကျွန်ုပ်တို့ကလည်း ခွင့်ပြု သည်းခံပါကုန်၏။ အကျွန်ုပ်တို့ အဲ့ဒါးထုတ် ကျင့်ကြံသော တရားတော်မြတ်ကို အနှောင့်အယှက် အဖျက်အဆီး မရှိဘဲ ချောချောမောမော ချမ်းချမ်းသာသာနှင့် ထင်မြင်ပေါက် ရောက် ပါစေသတည်း။

ဘုရားတပည့်တော် တို့ကို သနားသောအားဖြင့် မေတ္တာ ကရုဏာ ကြီးကြီးရှေ့ထား၍ ဂင်္ဂါသဲလုံးနှင့်အမျှ ပွင့်တော် မူကြကုန်သော ဘုရားရှင်အနန္တတို့သည် အမြဲတမ်းလေ့ကျက် ပွားများအားထုတ်လေ့ ရှိကြပေကုန်သော မဟာသတိပဋ္ဌာန် ဝိပဿနာကိုယ်ကျင့် တရားကို ပေးသနားတော်မူပါ၊ မင်္ဂလာ ဖိုလ်လာ နိဗ္ဗာန်လာကို မတိမ်းမစောင်း ဖြောင့် ဖြောင့် တန်းတန်း ညွှန်ပြ ဆိုဆုံးမတော်မူပါ အရှင်ဘုရား၊

ဆရာသမား ညွှန်ပြဆိုဆုံးမသည့်အတိုင်း ဘုရားတပည့်တော်တို့သည် တသဝေမတိမ်း လိုက်နာကျင့်ကြံ ရှုမှတ်ပွားများပါကုန်အံ့ ဘုရား။

ခန္ဓာကိုယ်ကို အပ်နှင်းလွှဲနှံခြင်း

ဘုရားတပည့်တော်တို့၏ ခန္ဓာကိုယ်ကို မြတ်စွာဘုရားအား ဆက်ကပ်အပ်နှင်း လှူဒါန်းပါကုန်၏၊ တရားတော်အား ဆက်ကပ်အပ်နှင်း လှူဒါန်းပါကုန်၏၊သံဃာတော်အား ဆက်ကပ်အပ်နှင်း လှူဒါန်းပါကုန်၏၊ ဆရာသမားတို့အား ဆိုဆုံးမနိုင်ရန် ဆက်ကပ်အပ်နှင်းလှူဒါန်းပါကုန်၏။

စတုရာရက္ခ ကမ္မဋ္ဌာန်း စီးပြန်း ပွားများရန်

(၁) ကိလေသာ တို့မှ ကင်းဝေးသန့်ရှင်း ဖြူဝင်းစင်ကြယ်တော်မူပေသော မြတ်စွာဘုရား(၃-ခေါက်ဆို)

(၂) သုံးဆဲ့တဘုံ အလုံးစုံဦးရှိကြသော ဒုက္ခိတ, သုခိတ သတ္တဝါ အနန္တတို့အား အကျွန်ုပ်တို့ ပြုပြု သမျှ ကုသိုလ်ကောင်းမှု၏ အဘိုဘာဂကို အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏။ အမျှရ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

(၃) ဆံပင် မွေးညှင်း ခြေသည်း လက်သည်း အစရှိသော ၃၂-ပါးသော ကောဋ္ဌာသ အစုအပုံသည် စက်ဆုပ်ဘွယ် ရွံမုန်းဘွယ် မနှစ်သက်ဘွယ် ဖြစ်ချေ၏တကား။ ထိုမှတပါး

စားသောက်သမျှ ခဲဘွယ်ဘောဇဉ်ဘို့သည် မိမိ၏ ကိုယ်တွင်းသို့ ရောက်သောအခါ ကိုးပေါက်ဆေးဒါ ဒုါရဘို့နှင့်တကွ မမှုးညှင်း ပေါက်ဘို့မှ တသွင်သွင် ယိုစီးထွက်ကျ၍ နေသဖြင့် စက် ဆုပ်ဘွယ် ရွံမုန်းဘွယ် မနှစ်သက်ဘွယ် ဖြစ်ခြင်းတကား။

(၄) အကျွန်ုပ်တို့သည် ဆေးဘို့ရန်သာ ကောန်မြိ၏၊ နေဘို့ ရန်ကား မမြဲခြေ။ (၃—ခေါက်ဆို)

တနေ့ကျွတ်မှ မုချဆက်ဆက် ကောန်သေရဲမည်ပါတကား။ (၃—ခေါက်ဆို)

မအိုခင်, မနာခင်, မသေခင်, ဆိုဆုံးမသော ဆရာသမား တို့နှင့် သေကွဲရှင်ကွဲ ထိုနှစ်ကွဲဖြင့် မကွဲခင် မခွဲခင်, တရားက အလျင်ဦးအောင် ကြိုးစားအားထုတ်။ (၃—ခေါက်ဆို)

မမေ့မလျော့နှင့် သတိကြပ်ကြပ်ထား၍ မိမိကိုယ်တွင်း၌ ဖြစ်ပေါ်လာသမျှ မျက်စိက အဆင်းကို မြင်မှု ရုပ်နာမ်သင်္ခါရ၊ နားက အသံကို ကြားမှု ရုပ်နာမ်သင်္ခါရ၊ နှာခေါင်းက အနံ့ကို နံမှု ရုပ်နာမ်သင်္ခါရ၊ လျာက အရသာကို စားသိမှု ရုပ်နာမ်သင်္ခါရ၊ ကိုယ်က အတွေ့ကို ထိသိမှု ရုပ်နာမ် သင်္ခါရ၊ မနောက သဘောကို ကြံသိမှု ရုပ်နာမ်သင်္ခါရ၊ ကွေးချင်မှု ကွေးမှု, ဆန့်ချင်မှု ဆန့်မှု, ဖောင်းမှု ပိန်မှု အစရှိသော ရုပ် နာမ်သင်္ခါရတို့ကို ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း မလွတ်လပ် ရအောင် စူးစူးစိုက်စိုက် လေးလေးနက်နက် ယုံယုံကြည်ကြည် ရိုရိုသေသေနှင့် မပြတ်မစဲ အာမြဲရှုမှတ်သေး။

(ၾကားတရားတောင်းအဓိပ္ပါယ်ကို မိမိဉာဏ်စွမ်းရှိသမျှ ခွဲ၍ ဆိုဆုံးမပါလေ။)

ဝိဖဿနာဉာဏ်ဖြစ်ပွားစေရန်

(၁) ယုံကြည်မှု—သဒ္ဓါတရား၊
(၂) မမေ့မလျော့ အာမှတ်ရမှု—သတိတရား၊
(၃) မပြတ် ရှုမှတ်နိုင်စေအောင် ကြောင့်ကြစိုက်မှု ဝီရိယတရား၊
(၄) ရိုးသေးလေးစားမှု—သက္ကစ္စ ဂါရဝတရား— ဟူသော ဤတရား ၄—ပါးကို အမြဲလက်ကိုင်ထား၍ အားထုတ်ကျင့်ကြံ ရှုမှတ်ပွားများရမည်၊

သူတော်ကောင်း အစစ်အမှန်ဖြစ်စေရန်

(၁) သည်းခံခြင်း ခွန်အားဟု၊
(၂) မေတ္တာထားခြင်း ခွန်အားဟု၊

ဤ တရားနှစ်ပါးကို အမြဲလက်ကိုင်ထား၍ မွေးမြူတည် ထောင်ရမည်။

သတိပဋ္ဌာန်ဆရာတော်
မြို့ဝ မဟာသတိပဋ္ဌာန်ဝိပဿနာကျောင်း
မော်လမြိုင်။

ဝမ်းပိုက်၏ ဖောင်းမှု ပိန်မှုကို ရှုမှတ်အပ်ကြောင်း
(မဟာစည်ဆရာတော်)

ဝမ်းပိုက်၏ ဖောင်းခိုက် ပိန်ခိုက်၌ ထင်ရှားသော တောင့်တင်းမှု လှုပ်ရှားမှုမျှားသည် ဝါယောဓာတ်, ဖောဋ္ဌဗ္ဗရုပ် ဖြစ်သောကြောင့် "ဖောင်းတယ် ပိန်တယ်" ဟု ရှုမှတ်လျက် ထိုဘောင့်တင်းမှု လှုပ်ရှားမှုဘို့ကို မှန်ကန်စွာ သိခြင်းသည်

"ရူပံ ဘိက္ခဝေ ယောနိသော မနသိကာရော၀ထ၊ ရူပါ-နိစ္စတ္တ ယထာဘူတံ သမနုပဿထ – ရဟန်းတို့ ရုပ်ကို သင့်လျော်မှန်ကန်စွာ နှလုံးသွင်းကြ ရှုကြကုန်ဟု၎လော့၊ ရုပ်၏ မမြဲခြင်း ကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုကြကုန်လော့" ။

"အနိစ္စညော ဘိက္ခဝေ ဘိက္ခု ရူပံ အနိစ္စန္တိ ပဿတိ၊ သာဿ ဟောတိ သမ္မာဒိဋ္ဌိ–ရဟန်းတို့ ရဟန်းသည် မမြဲသည်သာလျှင် ဖြစ်သောရုပ်ကို မမြဲဟု ရှုမြင်၏။ ထိုရဟန်း၏ ထို ရှုမြင်ခြင်းသည် သမ္မာဒိဋ္ဌိ-အမြင်မှန်ပေတည်း"။ (သံ- ၂၊၄၂)

ဤသို့အစရှိသော ဒေသနာတော်တို့နှင့်လည်း ညီညွတ်၏၊ မဟာသတိပဋ္ဌာနသုတ်လာ ခန္ဓဓမ္မာနုပဿနာ၌လည်း အတူတင်း၀င်၏။

ထိုပြင် " ဖောဋ္ဌဗ္ဗေ ဘိက္ခဝေ ယောနိသော မနသိ-ကရောထ၊ ဖောဋ္ဌဗ္ဗာနိစ္စတ္တ ယထာဘူတံ သမနုပဿထ-ရဟန်းတို့ တွေ့ထိရသော အာရုံတို့ကို သင့်လျော်မှန်ကန်စွာ နှလုံးသွင်းကြ ရှုကြကုန်လော့၊ တွေ့ထိရသော အာရုံတို့၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုကြကုန်လော့"

" အနိစ္စယော ဘိက္ခဝေ ဘိက္ခု ဖောဋ္ဌပ္ပေ အနိစ္စာတိ ပဿတိ၊ သုဿ ဟောတိ သမ္မာဒိဋ္ဌိ—ရဟန်းတို့ ရဟန်းသည် မမြဲသည်သာလျှင် ဖြစ်ကုန်သော တွေ့ထိရသော အာရုံတို့ကို မမြဲကုန်ဟု ရှုမြင်၏၊ ထိုရဟန်း၏ ထိုရှုမြင်ခြင်းသည် သမ္မာဒိဋ္ဌိ—အမြင်မှန်ပေတည်း "။ (သံ ၂၊ ၃၅)

" ဖောဋ္ဌပ္ပေ အာဘိဉာနံ ပရိဉာနံ ဝိရာဂဉယံ ပဇဟံ ဘဗ္ဗော ဒုက္ခက္ခယာယ—တွေ့ထိရသော အာရုံတို့ကို ရှေးရှု သိလျှင် ပိုင်းခြားသိလျှင် တပ်မက်ပြယ်စေလျှင် ပယ်စွန့်လျှင် ဆင်းရဲကုန်ခြင်းငှာ (ဆင်းရဲကုန်ရာ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ) ထိုက်ပေ၏ "။ (သံ ၂-၂၅၀)

" ဖောဋ္ဌပ္ပေ အနိစ္စံတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ—တွေ့ထိရသော အာရုံတို့ကို မမြဲဟု သိမြင်သောသူအား အဝိဇ္ဇာကို ပယ်အပ်၏။ (အဝိဇ္ဇာ ကင်းပျောက်၏)။ ဝိဇ္ဇာဥာဏ်ဖြစ်ပေါ်၏ "။ (သံ ၂-၂၅၉)

ဤသို့ အစရှိသော သဋ္ဌာယတန သံယုတ် ဒေသနာပါဠိတော်နှင့်လည်း ညီညွတ်၏၊ မဟာသတိပဋ္ဌာနသုတ်လာ အာယတန ဓမ္မာနုပဿနာဌာနလည်း အတွင်းဝင်၏။

ထိုပြင် "ယာ စေဝ ခေါ ပန အဇ္ဈတ္တိကာ ဝါယောဓာတု ယာ စ ဗာဟိရာ ဝါယောဓာတု၊ ဝါယောဓာတုရေဝေသာ၊

တံ နေတံ မမ, နေသောဟမသို့, နမေသော အတ္တာတို့ ဧဝ-
မေတံ ယာထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ—အကြင်ကိုယ်တွင်း
စဝါယောဓာတ်သည်ရင်း၊ အကြင်ကိုယ်ပဝါယောဓာတ်သည်
ရင်းရှိ၏၊ ၎င်းသည် ဝါယောဓာတ်ချည်းသာတည်း၊ ၎င်းဝါ
ယောဓာတ်ကို "ဤသည်ကား ငါ့ဥစ္စာမဟုတ်၊ ဤသည်
ကား ငါမဟုတ်၊ ဤ သည်ကား ငါ၏ အတ္တ မဟုတ်" ဟု
ဤသို့အမှန်သိသောပညာဖြင့် ဟုတ်တိုင်းမှန်စွာ ရှုမြင်အပ်၏"။
(မ ၂-၈၅၊ မ ၃—၂၈၅)

ဤသို့အစရှိသော ဓာတုဒေသနံ့ ပါဠိတော်တို့နှင့်လည်း
ညီညွတ်၏။ မဟာသတိပဋ္ဌာနသုတ်လာ ဓာတုမနသိကာရ
ကာယာနုပဿနာဌ်သည်း အတွင်းဝင်၏။

ထိုပြင်ဝမ်းဗိုက်၏ ဖေါင်းမူ ပိန်မူ ဝါယောရုပ်သည် ရုပ်
ဥပါဒါနက္ခန္ဓာ ဒုက္ခသစ္စာတရားဖြစ်သောကြောင့်...

"ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ပဉ္စုပါဒါ-
နက္ခန္ဓာတိသာ ဝစနီယံ—ရဟန်းတို့ ဒုက္ခအရိယ သစ္စာဟူသည်
အဘယ်နည်း၊ ဥပါဒါနက္ခန္ဓာ ငါးပါးပင်ဟူ၍ ဖြေဆိုအပ်၏။
(သံ ၃-၃၃၃)

"ဒုက္ခံ ဘိက္ခဝေ အရိယသစ္စံ ပရိညေယျံ—ရဟန်းတို့ ဒုက္ခ
အရိယသစ္စာကို ပိုင်းခြားရ သိအပ်၏"။ (သံ ၃-၃၀၂)

ဤသို့အစရှိသော သစ္စဒေသနာ ပါဠိတော်တို့နှင့်လည်း ညီညွတ်၏၊ မဟာသတိပဋ္ဌာနသုတ်လာ အရိယသစ္စ ဓမ္မာနုပဿနာဌာနလည်းအတွင်းဝင်၏။

ဤမျှဖြင့်ထုတ်ပြလတံ့သော အခန်း(၅) မှည့်နှန်ပြဿက်နှင့်အညီ "ဖေါင်းတယ်,ပိန်တယ်"—ဟု ရှုမှတ်လျက် တောင့်တင်းလှုပ်ရှားမှုကို မှန်ကန်စွာ သိခြင်းသည် ဘုရားဟောဒေသနာပါဠိတော်တို့၌ အတွင်းဝင်၍ ဘုရားအလိုတော်နှင့် ညီညွတ်ကြောင်း သိသာထင်ရှားလေပြီ။

အခန်း (၅) အားထုတ်ပုံ

(ဤအခန်းဌ ရှုမှတ်ပုံနှင့် ညာဏ်ဖြင့် တွေ့မြင်ပုံဘို့ကို ပဋိပတ္တိက္ကမ - ကျင့်စဉ်အတိုင်း ရှင်းလင်းစွာပြအံ့၊ သုဘာနည်းသူများအား လဲ အလွယ်တကူ နားလည်စေရန်အရပ် သုံးစကားနှင့် အသံမှန်အတိုင်း ရေးသားချက်တို့လဲ များစွာ ပါဝင်လတံ့၊ သာဓကပါဠိနှင့် အသင့်ယူတွဲကိုလဲ အနည်းငယ်သာပြအံ့၊ယုံမှားဘွယ်ကိုတွေ့ခဲ့လျှင် ဝိပဿနာရှုနည်းကျမ်းကြီးတွင် တပါးသောအခန်းတို့ဌ ပြထားသော ဆိုင်ရာ ဆိုင်ရာ ပါဠိနှင့် ဝိနိစ္ဆယတို့ကို ကြည့်ရှု၍ ယုံမှားကို ပယ်နိုင်ပါစေ။)

ဝိပဿနာ၏ ပရိကံ ယခုဘဝမှာပင် မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆိုက်ရောက်အောင် တကယ်ဘန်း အားထုတ်လိုသောသူသည် အားထုတ်မည့်ကာလအတွင်းဌ ပလိဗောဓကြောင့်ကြမှုဟူသမျှကို ပြတ်စဲစေအပ်၏၊ (ဝိပဿနာရှုနည်းကျမ်း) အခန်း (၁)၏ အဆုံးဌ ပြခဲ့သည့်အတိုင်း သီလကို စင်ကြယ်စေအပ်၏၊ ဤသီလသည် မဂ်ဉာဏ်အား ကျေးဇူးပြုပါဒစဟု စိတ်ကို ညွတ်စေအပ်၏။ တရားအားထုတ်ဘူးသော ပုဂ္ဂိုလ်ကိုကဲ့ရဲ့ပြစ်မှားဘူးတဲ့အတွက် အရိယူပဝါဒကံဌ ယုံမှားရှိလျှင် ပြစ်မှားဘူးသော ထိုပုဂ္ဂိုလ်အား သည်းခံပါဟု ကန်တော့တောင်းပန်အပ်၏။ထိုပုဂ္ဂိုလ်အထံသို့ မသွားနိုင်လျှင် ဆရာသမားထံဌ ကန်တော့တောင်းပန်အပ်၏။ မိမိ ကိုယ်ကို

ဘုရားအား စွန့်လှူ အပ်နှင်း ထားလျှင် "အားထုတ်ဆဲ၌ ကြောက်ဖွယ်အာရုံ ထင်ပေါ်လာသော်လဲ အကြောက်ကင်းခြင်း အကျိုးရှိသည်" ဟူ၍၎င်း၊ ဆရာသမားအား အပ်နှင်း ထားလျှင် "ဆရာက အားမနာဘဲ ဆုံးမသွန်သင် ပြုပြင်ပေးနိုင်ခြင်း အကျိုးရှိသည်" ဟူ၍၎င်း အဋ္ဌကထာ၌ မိန့်ဆိုသောကြောင့် အားထုတ်မည့် ကာလအတွင်း၌ မိမိကိုယ်ကို ဘုရားအား စွန့်လှူအပ်နှင်းထားခြင်း၊ အားမနာဘဲ ဆုံးမသွန်သင်ပါဟု ဆရာအား အပ်နှင်းထားခြင်းသည် ကောင်း၏။ ထိုသို့မအပ်နှင်းသော်လဲ ဆရာ့စကားကို လိုက်နာ၍ မဆုတ်မနစ် အားထုတ်သွားလျှင်ကား ရသင့်ရထိုက်သော ဥာဏ်ထူးတရားထူးမျာ်းကို ရနိုင်သည်သာတည်း။ ရုပ်နာမ်ခန္ဓာ ဟူသောဆင်းရဲခပ်သိမ်း၏ ငြိမ်းရာနိဗ္ဗာန်သည် ကောင်းမြတ်၏၊ ထိုနိဗ္ဗာန်ကို မျက်မှောက်သိမြင်လျက် ကိလေသာတို့ကို ကင်းစေနိုင်သော မဂ်တရားသည်လဲည်း ကောင်းမြတ်၏၊ ထိုမဂ်တရားနိဗ္ဗာန်တရားထူးမျာ်းကို ဤဝိပဿနာအကျင့်ဖြင့် ကောန်မုချကွဲမြင်ရပေတော့မည်ဟု စိတ်ကို ညွှတ်စေအပ်၏။ ဘုရားရဟန္တာအရိယာသူမြတ်တို့၏ သွားမြဲလမ်းဖြစ်သော ဝိပဿနာအလုပ်ကို အားထုတ်ရပေတော့မည်ဟု ဆင်ခြင်လျက် စိတ်ကို တက်ကြွစေအပ်၏။ ထိုနောင် မြတ်စွာဘုရား၏ ဂုဏ်တော်မျာ်းကို တတ်သိသမျှ နှလုံးသွင်း၍ ရှိခိုးကန်တော့အပ်၏၊ ကျောင်းစောင့်နတ်မျာ်းမှ စ၍ ခပ်သိမ်းသော သတ္တဝါတို့ကို "ချမ်းသာကြပါစေ, ချမ်းသာကြပါစေ" ဟု မေတ္တာပို့အပ်၏၊

အသုဘနှင့် သေခြင်းတရားတို့ကိုလဲ စွမ်းနိုင်ပါက တခဏမျှ နှလုံးသွင်း ဆင်ခြင်အာပ်၏။ ထိုနောင် ထက်ဝယ်ဖွဲ့ခွေ၍ ဖြစ်စေ၊ တပါးသောဆိုင်နည်းဖြင့် ဖြစ်စေ ထိုင်နေပြီးလျှင် အောက်ပါအတိုင်း ရွတ်အားထုတ်ပါလေ။ ခြေအချင်းချင်း မဖိမညှပ်စေဘဲ ချောင်ချိစွာ ထိုင်လျှင် သာ၍ သင့်လျော်တတ်၏။

အခြေခံရွတ်ပုံ

စ၍-အားထုတ်ပုံ မိမိ၏ ဝမ်းဗိုက်ကို စိတ်ဖြင့် စူးစိုက်၍ ကြည့်နေပါ၊ ဖေါင်းကြွလာတာ, ပိန်ကျသွားတာကို တွေ့ရလိမ့်မည်။ ဖေါင်းတာ ပိန်တာကို ထင်ရှားမတွေ့ရပါက ဗိုက်မှာ လက်ကို ကပ်ထားကြည့်ပါ။ တဒအာင့်လောက်ကြာ၍ ဖေါင်းတိုင်းပိန်တိုင်း ထင်ရှားပေါ်လာလျှင် ဝင်္ဂသက်ရှူခိုက်၌ ဝမ်းဗိုက် ဖေါင်းကြွရွှေ့ရှားလာသည်ကို "ဖေါင်းတယ်" ဟု မှတ်။ ထွက်သက် ရှိုက်ခိုက်၌ ဝမ်းဗိုက်ပိန်ကျ ရွှေ့ရှားသွားသည်ကို "ပိန်တယ်" ဟုမှတ်။ ဖေါင်းခိုက်၌ ဝမ်းဗိုက် ဖေါင်းတက်လာတာကို ထင်ရှားသိရမည်။ ပိန်ခိုက်၌ ဝမ်းဗိုက် ပိန်ကျသွားဘာကို ထင်ရှားသိရမည်။ သို့ဖြစ်လျှင်ဝမ်းဗိုက်သဘောန် ပညာကိုလဲ သိရာမရောက်ဒလာဟု တွေးတော၍ မယုံမှားလေလင့်။ အားထုတ်ခါစ၌ ပညတ်ကိုလုံးလုံးဖျောက်၍ ရှုရန် မဖြစ်နိုင်။ ပညတ်ရော ထင်ရှားသိ၍ ရွှမှတ်မှသာ သမာဓိ သတိ ဉာဏ်ရင့်သန်

လွယ်ပေသည်။ ဥာဏ်ရင့်ခသာ အခါ၌ကား ပညတ်အာရုံ အလုံးစုံကွယ်ပျောက်၍ ပရမတ်သဘောဌ်သာ အသိဉာဏ် ထောက်လျက် ထောက်လျက်ရှိလိမ့်မည်။ ထို့ပြင် ဒုဒါရ ၆-ပါးဌ် ထင်ရှားစွာဖြစ်ပေါ်သော ရုပ်နာမ်တို့ကို အစဉ်အတိုင်း မှတ်သိခြင်းသည်သာလျင် ဝိပဿနာ၏ ပြည့်စုံသော အလုပ်သဘောမှန် ဖြစ်ပေသည်။ ဥိသော်လဲ အားထုတ်ခါစဌ် သတိသမာဓိ အားမရှိသေးသေး၊ကြာင့် ဖြစ်စဉ်အတိုင်း လိုက်၍ ရှုမှတ်ရန် ခဲယဉ်း၏၊ မမှတ်တတ်ဘဲသော်လဲ ရှိတတ်၏။ မှတ်စရာကို ရှာကြံလျက် အချိန်များစွာလဲ ကုန်တတ်၏။ ထို့ကြောင့် အစဉ်ထာဝရလဲရှိ၍ မှတ်သိရန်လဲ အလွန်လွယ်ကူထင်ရှားသော ဖောင်းမှု ပိန်မှုတို့ကို အစအရင်းခံပြု၍ ရှုမှတ်ရန် ဤဌ် ညွှန်ပြအပ်ပေသည်။ ဥာဏ်ရင့်သော အခါ၌ ဖြစ်စဉ်အတိုင်း လိုက်၍ မှတ်ပုံကို နောက်၌ တွေ့ရလတံ့။ သို့ဖြစ်၍ ဖောင်းတိုင်း ပိန်တိုင်း ဖြစ်ပေါ်ဆဲ အခိုက်အတန့် ကျအောင် "ဖောင်းတယ် ပိန်တယ်၊ ဖောင်းတယ် ပိန်တယ်" ဟု မပြတ်မစဲ မှတ်လေ့စိတ်ဖြင့်သာ မှတ်ရမည်၊ နှုတ်က ရွတ်ဆိုရန်ကား မလိုပါ။ ဖောင်းမှု ပိန်မှု ထင်ရှားဧရန် အားထုတ်၍ ပြင်းပြင်းရှားရှိကြောင်းကိုလဲ မပြုရ။ အသက် ရှူရှိုက်မှုကို နှေးအောင်မြန်အောင်လဲ မပြင်ရ၊ ပြင်လျှင် မကြာမီ မောပန်း၍ မမှတ်နိုင်ဘဲ ရှိတတ်သည်။ သို့ဖြစ်၍ ပကတိရှူနေကျသာ မှန်မှန်ရှူလျက် အခိုက်အတန့်ကမူအောင် မှတ်ပါလေ။ ဖောင်းတယ်

ပိန်တယ်ဟု မပြတ်မှတ်နေစဉ် အကြား အကြား၌ စိတ်ကူး ကြံသည်မှုမျိုး ဖြစ်ပေါ်လာလိမ့်မည်။ ထိုစိတ်ကူးမျိုးကို ခေါ်နေကျ အတိုင်းသာမှတ်လေ။

ပုံကား...စိတ်ကူးလျှင် စိတ်ကူးတယ်ဟု မှတ်။ ကြံလျှင် ကြံတယ်ဟု မှတ်။ တွေးလျှင် တွေးတယ်ဟု မှတ်။ စဉ်းစားလျှင် စဉ်းစားတယ်ဟု မှတ်။ ဆင်ခြင်လျှင် ဆင်ခြင်တယ်ဟု မှတ်။ စိတ်သွားလျှင် သွားတယ် မှတ်။ တနေရာရာသို့ စိတ်ရောက်လျှင် ရောက်တယ်ဟု မှတ်။ စိတ်ကူးထဲ၌ တစုံတယောက်နှင့် တွေ့လျှင် တွေ့တယ်ဟု မှတ်။ စိတ်ထဲ၌ပေါ်လာ၍ တစုံတရာကို မြင်လျှင် "မြင်တယ် မြင်တယ်"ဟု မှတ်။ ထိုအမြင် ပျောက်သွားအောင် အထပ်ထပ် မှတ်လေ။ စိတ်ကူးထဲ၌ တစုံတယောက်နှင့် စကား ပြောနေလျှင် ပြောတယ်ဟု မှတ်။ ဤသို့မှတ်ပြီးလျှင် ဖောင်းတယ် ပိန်တယ်ဟု မှတ်နေကျကို သာ ပြန်၍ မပြတ်မှတ်လေ။ ဤသို့မှတ်နေစဉ် တံထွေးမျိုချင်လျှင် မျိုချင်တယ်ဟုမှတ်။ မျိုလျှင်မျိုတယ်ဟုမှတ်။ ထွေးချင်လျှင် ထွေးချင်တယ်ဟုမှတ်။ ထွေးလျှင် ထွေးတယ်ဟု မှတ်။ ပြီးလျှင်"ဖောင်းတယ် ပိန်တယ်"ဟု မှတ်နေကျကိုသာ ပြန်၍ မပြတ်မှတ်လေ။ခေါင်းငုံ့လိုလျှင် ငုံ့ချင်တယ်ဟု မှတ်။ငုံ့ဆဲ၌ ရွှံ့တိုင်း ရွှံ့တိုင်း ငုံ့တယ် ငုံ့တယ်ဟု မှတ်။ မမြန်စေနဲ့! ဖြေးဖြေးငုံ့လေ။ခေါင်းမော့လိုလျှင် မော့ချင်တယ်ဟု မှတ်။ မော့ဆဲ၌ ရွှံ့တိုင်းရွှံ့တိုင်း"မော့တယ် မော့တယ်"ဟု မှတ်။

ဖြေးဖြေး မော့လေ။ ပြီးလျှင် ဖောင်းတယ် ပိန်တယ်ဟု မှတ်နေကျကိုသာ ပြန်၍ မှတ်လေ။

တနေရာရာမှ ညောင်းမှု လွန်ကဲ ထင်ရှားလာလျှင် ထို ညောင်းမှုကိုသာ စူးစိုက်၍ "ညောင်းတယ် ညောင်းတယ်" ဟု မနှုတ် မမြန် မှန်မှန် ပိုင်း၍ မပြတ်မှတ်လေ။ ထိုညောင်းမှုသည် မှတ်နေစဉ်မှာပင် တဖြေးဖြေး သေးသိမ်ကာ ကွယ်ပျောက်၍လဲ သွားတတ်၏၊ မခံသာအောင် လွန်ကဲ၍လဲ လာတတ်၏။ မခံသာ၍ ပြုပြင်လိုလျှင် ထိုစိတ်ကို " ပြင်ချင်တယ် "ဟု မှတ်၍ ပြင်သော ကိုယ်အမူအရာမျှားကိုလဲ ခေါ်နေကျအတိုင်းပင် ဆက်၍မှတ်လေ။ ပုံကား....ခြေလက်တို့ကို ကြွလိုလျှင် ကြွချင်တယ်ဟု မှတ်၊ ကြွလျှင် ရွှေ့တိုင်းရွှေ့တိုင်း ကြွတယ် ကြွတယ် ဟု မှတ်၊ ဆန့်လျှင် ဆန့်တယ် ဆန့်တယ် ဟု မှတ်၊ ကွေးလျှင် ကွေးတယ် ကွေးတယ် ဟု မှတ်၊ချလျှင် ချတယ် ချတယ် ဟု မှတ်၊ မမြန်စေနဲ့၊ ဖြေးဖြေး ပြင်လေ။ တနေရာ၌ ထိလျှင် ထိတယ် ဟု မှတ်၊ ဤသို့ ပြုပြင်ပြီးသော အခါမှာ ဖြစ်စေ မှတ်နေရင်း အလိုလို အညောင်း ပျောက်သွားသော အခါမှာ ဖြစ်စေ၊ " ဖောင်းတယ် ပိန်တယ် " ဟု မှတ်နေကျကိုသာ ပြန်၍ မပြတ်မှတ်လေ။ တနေရာရာမှ ပူမှု ထင်ရှား လာလျှင်လဲ ထို ပူမှုကိုသာ စူးစိုက်၍ " ပူတယ် ပူတယ် " ဟု မနှုးမမြန် မှန်မှန် ပိုင်း၍ ပိုင်း၍ မပြတ်မှတ်လေ။ မှတ်နေရင်း ပူမှု ကွယ်ပျောက် သွားလျှင် " ဖောင်းတယ်

ပိန်တယ်”ဟု မှတ်နေကျကိုသာ ပြန်၍ မှတ်။ပုဒ္မ လွန်ကဲလာ၍ ပြုပြင်လိုလျှင် ပြင်ချင်တယ်ဟု မှတ်၍ ပြင်သော ကိုယ်အမှု အရာများကိုလဲ “ ကြွချင်တယ် ကြွတယ် ကြွတယ် ”စသည် ဖြင့် ရှေးနည်းအတိုင်းပင် မလစ်လပ်ရအောင် မှတ်လျက် ဖြေး ဖြေး ပြင်လေ၊ ပြီးဆုံးသွားလျှင် “ဖောင်းတယ် ပိန်တယ်”ဟု မှတ်နေကျကိုသာ ပြန်၍ မပြတ် မှတ်လေ၊ အရပ် အဆိုင်း မရှိရ။

တနေရာရာ၌ ယားမှုဖြစ်ပေါ်လာလျှင် ထိုယားမှုကိုသာ စူးစိုက်၍ ယားတယ် ယားတယ်ဟု မနှေးမမြန် မှန်မှန် ပိုင်း၍ ပိုင်း၍ မပြတ်မှတ်လေ၊ မှတ်နေရင်း အယားပျောက်သွားလျှင် ဖောင်းမှု ပိန်မှုကိုသာ ပြန်၍ မှတ်လေ။ မခံသာ၍ အယား ဖျောက်လိုလျှင် ဖျောက်ချင်တယ်ဟု ဖြစ်စေ, ကုပ်ချင်တယ်ဟု ဖြစ်စေ မှတ်၊ လက်ကိုကြွလိုလျှင် ကြွချင်တယ်ဟုမှတ်၊ ကြွလျှင် ကြွဘယ် ကြွတယ် ဟု မှတ်၊ ဖြေးဖြေး ကြွလေ။ ယားတဲ့ နေရာနှင့် ထိလျှင် ထိတယ်ဟု မှတ်၊ အယားဖျောက်သော အခါ ဆဲတိုင်း တွန်းတိုင်း “ ဖျောက်တယ် ဖျောက်တယ် ”ဟု ဖြစ်စေ၊ “ကုပ်တယ် ကုပ်တယ် ”ဟု ဖြစ်စေ မှတ်၊ တော်ချင်လျှင် တော်ချင်တယ်ဟု မှတ်၊ လက်ကို ပြန်ချလိုလျှင် ချချင်တယ်ဟု မှတ်၊ ချသောအခါ “ ချတယ် ချတယ် ”ဟု မှတ်၊ အောက်၌ထိလျှင် ထိတယ် ဟု မှတ်၊ ပြီးလျှင် “ ဖောင်းတယ် ပိန်တယ် ”ဟု မှတ်နေကျကိုသာ ပြန်၍ မပြတ်မှတ်လေ။

ကိုယ်ထဲမှာ နာကျဉ်မှု စသော မခံသာတဲ့ ဝေဒနာ တမျိုးမျိုး ထင်ရှားပေါ်လာလျှင် ထိုမခံသာမှုကိုသာ စူးစိုက်၍ နာဟယ် နာတယ်၊ ကျဉ်ဘယ် ကျဉ်တယ်၊ ကိုက်တယ် ကိုက်တယ်၊ အောင့်တယ် အောင့်တယ်၊ မေးတယ် မောတယ်၊ မူးတယ် မူးတယ် စသည်ဖြင့် ခေါ်နေကျအတိုင်း မနှေးမမြန် မှန်မှန် ပိုင်း၍ ပိုင်း၍ မှတ်လေ၊ ထိုဝေဒနာသည် မှတ်နေရင်း ပျောက်၍လဲ သွားတတ်၏။ တိုး၍လဲ လာတတ်၏။ မလျှော့ဘဲ အတင်း မှတ်နေလျှင် ပျောက်တတ်သည်သာ များပါ၏။ သို့သော် မမှတ်နိုင်လောက်အောင် မခံသာမှုလွန်ကဲလာလျှင် ကား ထိုဝေဒနာကို နှလုံးမသွင်းနှင့်တော့၊ မှတ်နေကျဖောင့်မှု ပိန်မှုကိုသာ အထူးဂရုစိုက်၍ မပြတ်မှတ်ပါလေ၊ အချို့သော သူမှာ သမာဓိ အရှိန်တက်လျက် အမှတ်ကောင်း နေခိုက်၌ အလွန် မခံသာသော ဝေဒနာ ပေါ်လာတတ်၏၊ ရင်ဝ၌ လေလုံးကြီး ဆောင့်တက်လာသလို ထင်ရတတ်၏၊ အသား ထဲ၌ ထားချုန်နှင့် ထိုးလိုက်သလို နာတတ်၏၊ တကိုယ်လုံး ပူလောင် နေသလိုလဲ ထင်ရတတ်၏၊ အပ်ဖျားနှင့် ထိုးဆွနေသလို မြို့းမြို့းမြက်မြက်လဲ ဖြစ်တတ်၏၊ ပိုးကောင်ကလေးများ အနှံ့အပြားတက်နေသလို ရိုးရိုးရွရွလဲ ဖြစ်နေတတ်၏၊ အလွန် ယားခြင်း ကိုက်ခြင်း ချမ်းအေးခြင်း များလဲ ဖြစ်တတ်၏၊ ကြောက်သောကြောင့် မမှတ်ဘဲ ရပ်နားလိုက်လျှင် ချက်ခြင်း ပင် ထိုဝေဒနာ ပျောက်သွားတတ်၏၊ တဖန်မှတ်၍ အရှိန်

ကောင်းလာပြန်လျှင် ထိုဝေဒနာ ပေါ်မြဲပင် ပေါ်လာပြန်၏။ ဤလို ဝေဒနာမျိုးကို တွေ့လျှင် မကြောက်နဲ့၊ ရောဂါလဲ မဟုတ်ပါ၊ ကြီးကျယ်တဲ့ ဝေဒနာလဲ မဟုတ်ပါ၊ ကိုယ်ထဲ၌ ရှေးကပင် ဖြစ်လျက်ရှိနေသော သာမန်ဝေဒနာမျှသာ ဖြစ်သည်။ မမှတ်ဘဲနေစဉ်မှာ သူ့ထက်ထင်ရှားသော အာရုံတွေ့ရှိနေတဲ့အတွက် သူက မထင်ပေါ်ဘဲ မြုပ်ကွယ်နေပေသည်၊ အမှတ်ကောင်းစဉ်မှာ မြုပ်ကွယ်နေခဲ့သော ထိုဝေဒနာသည် သမာဓိ တည်ကြည်မှုကြောင့် တရားသဘောအတိုင်း ထင်ရှားပေါ်လာပေသည်၊ ထိုဝေဒနာကိုသာ စူးစိုက်၍ လွန်မြောက်အောင် မှတ်ပါလေ၊ မှတ်တဲ့အတွက် တစုံဘရာ ဘာမျှနစ်နာခြင်း မဖြစ်နိုင်ပါ။ မမှတ်ဘဲ ရပ်နား ရပ်နား နေလျှင်ကား နောင်အခါ၌လဲ မှတ်တိုင်း မှာ်တိုင်း ထိုမျှလောက် သမာဓိကောင်းလာလျှင် ထိုဝေဒနာမျိုးနှင့် တွေ့၍ တွေ့၍သာ နေတတ်၏။ မလျှော့သော လုံ့လဖြင့် အတင်းမှတ်နေလျှင်ကား မကြာမီအတွင်းမှာ ယူပစ်လိုက်သလိုပင် ထိုဝေဒနာ ပျောက်ကင်းသွားသည်ကို တွေ့ရပါလိမ့်မည်၊ ထိုအခါမှ စ၍ ထို ဝေဒနာမျိုး တဖန် မဖြစ်ပေါ်ဘဲ ငြိမ်းသွားတော်၏။

ကိုယ်ကို ယိမ်းချင်လျှင် 'ယိမ်းချင်တယ်' ဟုမှတ်၊ ယိမ်းဆဲ၌ 'ယိမ်းတယ် ယိမ်းတယ်' ဟု မှတ်။အချို့မှာ မှတ်နေကျအတိုင်းမှတ်နေစဉ်တွင် အလိုလိုယိမ်းနေတတ်၏၊ မကြောက်နဲ့၊ ယိမ်းအောင်လဲ စိတ်ကို အားမပေးနဲ့။မှတ်လျှင် ပျောက်သွား

မှာဘဲဟု ယုံကြည်စိတ်ချပြီးလျှင် ထိုယိမ်းမှုကိုအထူး စူးစိုက်၍ ယိမ်းတယ် ယိမ်းတယ်ဟု မနှေးမမြန် မှန်မှန် ပိုင်း၍ ပိုင်း၍ မှတ်။ အလွန်ယိမ်းလာလျှင်ကား တိုင်နံရံစသည်ကို မှီ၍ ဖြစ်စေ၊ အိပ်၍ ဖြစ်စေ မှတ်ခဲသေး။ မကြာမီပင် ထိုယိမ်းမှုသည် အရှင်း ပျောက်သွားပါလိမ့်မည်။ တုန်မှု ဖြစ်လာလျှင်လဲ နည်းတူပင် မှတ်ပါလေ။ အမှတ်ကောင်းနေစဉ်မှာ ဖျဉ်းကနဲ ဖျဉ်းကနဲ ကြက်သီး ထစာဘ်၏၊ မကြာက်နဲ့ တထူးသဘော အတိုင်း ပီတိ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ တစုံတရာ အသံကလေးကို ကြားရသောခဏလဲ ဖျတ်ကနဲ လန့်တတ်၏၊ မကြောက်နဲ့၊ သမာဓိအရှိန်ကောင်းလာတဲ့အတွက် ဖယဒဏ် ပြင်းပျပုံကို ထင်ရှားသိလာခြင်းပင်တည်း။ လက် ခြေ ကိုယ် အင်္ဂါတို့ကို ပြုပြင်လိုတိုင်း ပြင်လိုဘဲစိတ်ကို မှတ်၊ ပြင်တဲ့ကိုယ် အမူအရာ ဟူသမျှကိုလဲ ခေါ်နေကျအဘိုင်း ပိုင်း၍ ပိုင်း၍ မှတ်လေ၊ မမြန်စေနဲ့၊ ဖြေးဖြေး ပြင်ပါ။

ရေသောက်ချင်လျှင် 'သောက်ချင်တယ်' ဟု မှတ်။ ထရန် ကြံလျှင် ထချင်တယ်ဟုမှတ်၊ ထရန်ပြုပြင်သော ခြေ လက် ကိုယ်အမူအရာများကို ခေါ်နေကျအဘိုင်း မှတ်၊ တရွေ့ချင်း ပေါ့ပေါ့ပြီး ကြွတက်လာသော ကိုယ်ကို စူးစိုက်၍ 'ထတယ် ထတယ်' ဟု မှတ်လျက် ဖြေးဖြေး ထပါ၊ စန့်စန့်ရပ်မိသော အခါ၌ 'ရပ်တယ် ရပ်တယ်'ဟု မှတ်၊ လှမ်းကြည့်လျှင် 'ကြည့်တယ် မြင်တယ်'ဟု မှတ်၊ သွားလိုလျှင် 'သွားချင်တယ်' ဟု

မှတ်၊ သွားဆဲ၌ ခြေလှမ်းတိုင်း ခြေသှမ်းဘိုင်း 'လှမ်းတယ် လှမ်းတယ်' ဟု ဖြစ်စေ၊ 'ညာလှမ်းတယ် ဗယ်လှမ်းတယ်'ဟု ဖြစ်စေ မှတ်၊ ခြေ ကြွသည်မှ စ၍ ချသည်ဘိုင်အောင် ခြေ လှမ်းဆုမှာ သိလျက် ရှိပါ၏။ ဖြေးဖြေး သွားတဲ့အခါ စကြံ့ သွားတဲ့အခါမျှားဌ် ခြေ တလှမ်း တလှမ်းမှာ 'ကြွတယ် လှမ်း တယ်' ဟု ဖြစ်စေ, 'ကြွဘယ် ချဘယ်' ဟု ဖြစ်စေ, 'လှမ်းတယ် ချတယ်' ဟု ဖြစ်စေ,နှစ်ချက်ခံ နှစ်ချက်ဗီ မှတ်သွားပါ။ထိုနှစ် ချက်မှတ်ကို နိုင်နင်းသောအခါဌ် တလှမ်းတလှမ်းမှာ'ကြွတယ် လှမ်းတယ် ချတယ်'ဟု သုံးချက် သုံးချက်စီမှတ်ပါလေ။ရေအိုး စသည်ကို ကြည့်လျှင်'ကြည့်တယ် မြင်တယ်' ဟု မှတ်၊ ရပ်လျှင် 'ရပ်တယ်' ဟု မှတ်၊ ရေခွက်ဆီသို့ လက်လှမ်းလျှင်'လှမ်းတယ် လှမ်းတယ်ဟု မှတ်၊ ခွက်နှင့်ထိလျှင် 'ထိတယ်'ဟုမှတ်၊ကိုင်လျှင် ကိုင်ဘယ်ဟု မှဘ်၊ ရေခပ်လျှင် ခပ်တယ်ဟု မှတ်၊ ယူလာဆဲ၌ 'ယူတယ် ယူတယ်'ဟု မှတ်၊ နှုတ်ခမ်းဌ် ထိလျှင် ထိတယ်ဟု မှတ်၊ အေးလျှင် အေးတယ်ဟု မှတ်၊ သောက်ဆဲ၌ 'သောက် ထယ် မျိုတယ် သောက်တယ် မျိုတယ်' ဟု မှတ်၊ လယ် ချောင်းထဲ ဝမ်းထဲဌ် အေးအေး သွားသည်ကို 'အေးတယ် အေးတယ်' ဟု မှတ်၊ ရေခွက်ကို ပြန်ထားဆဲ၌ 'ထားတယ် ထားတယ်'ဟု မှတ်၊ လက်ကို အောက်သို့ ချလျှင် 'ချတယ် ချတယ်' ဟု မှတ်၊ ကိုယ်၌ ထိလျှင် ထိတယ်ဟု မှတ်၊ ပြန်၍ လှဲ့လိုလျှင် လှဲ့ချင်တယ်ဟု မှတ်၊ လှဲ့လျှင် လှဲ့တယ်ဟုမှတ်၊ သွားပြန်လျှင် မှတ်မြဲပင် မှတ်၍သွားလေ။ ရပ်လိုလျှင် ရပ်

ချင်တယ်ဟု မှတ်၊ အတန်ကြာကြာရပ်နေလျှင် 'ဖောင်းတယ် ပိန်တယ် ရပ်တယ်' ဟု မှတ်၊ ထိုင်ရန်ကြံလျှင် ထိုင်ချင်တယ်ဟု မှတ်၊ ထိုင်မည့်နေရာသို့သွားလျှင် မှတ်မြဲပင်မှတ်လေ၊ ထောက်လျှင် ထောက်တယ်ဟုမှတ်၊လွဲလျှင်'လွဲ့ဟယ် လွဲတယ်'ဟု မှတ်၊ ထိုင်မည်ဟု ကြံလျှင် ထိုင်ချင်တယ်ဟု မှတ်၊ ထိုင်ဆဲ၌ တရွေ့ တရွေ့ချင်း လေးလေးပြီး ကျသွားသော ကိုယ်ကို စူးစိုက်၍ 'ထိုင်တယ် ထိုင်တယ်'ဟု မှတ်လေ။ ဖြေးဖြေးထိုင်၊ ထိုင်ခါစ၌ ခြေလက် ပြုပြင်မှုများ ရှိမည်၊ ၎င်းတို့ကို ခေါ်နေကျအတိုင်း မှတ်၊ အထူးမှတ်ရန် မရှိလျှင် 'ဖောင်းတယ် ပိန်တယ်' ဟု မှတ်နေကျကိုသာ မပြတ်မှတ်ပါလေ။

လွဲအိပ်လိုလျှင် လွဲချင်တယ်ဟု ဖြစ်စေ, အိပ်ချင်တယ်ဟု ဖြစ်စေ မှတ်၊ လွဲရန်ပြုပြင်သော လက်ခြေကိုယ်အမူအရာတို့ကို 'ကြွတယ် ဆန့်တယ် ထောက်တယ်' စသည်ဖြင့် မှတ်၊ လွဲအိပ်လိုက်သောအခါ၌ တရွေ့ရွေ့ လဲကျသွားသော ကိုယ်ကို စူးစိုက်၍ 'လွဲတယ် လွဲတယ်'ဟု ဖြစ်စေ,'အိပ်တယ် အိပ်တယ်' ဟု ဖြစ်စေ မှတ်၊ ခေါင်းအုံးအိပ်ရာတို့၌ ထိမှုကို 'ထိတယ် ထိတယ်' ဟု မှတ်၊ လွဲခါစ၌ လက် ခြေ ကိုယ် ရွေ့ရှားပြုပြင်မှုများကိုလဲ မှတ်လျက် ဖြေးဖြေး ပြုပြင်ပါ၊ မှတ်ရန် အထူးမရှိသောအခါ၌ ဖောင်းမှု ပိန်မှုကိုသာ စူးစိုက်၍'ဖောင်းတယ် ပိန်တယ်' ဟု မပြတ်မှတ်လေ။ ဤသို့မှတ်နေစဉ်မှာ ညောင်းမှု ပူမှု နာကျင်မှု ယားမှုစသော ဝေဒနာအထူးများ ဖြစ်ပေါ်

လောလျှင် ထိုဒဝဒနာကို စူးစိုက်၍ ဆိုင်စဉ်ကနည်းအဘိုင်းပင် မှတ်လေ။ တံထွေးမျိုမှု, ထွေးမှု, စိတ်ကြုံစည်မှု, စဉ်းစားမှုတို့ကိုလဲ နည်းဟူပင် မှတ်လေ၊ ဗယ်ညာတစောင်း ပြောင်းလိုသောအခါ လက် ခြေ ကွေးဆန့်လိုသောအခါ စသည်၌လဲ ဖြစ်ပေါ်သော ထိုထိုစိတ်အကြုံကို မှတ်၍၊ ပြုပြင်မှုမျှားကိုလဲ မလစ်လပ်ရအောင် မှတ်လေ။ မှတ်ရန်အထူး မရှိသောအခါ မျှား၌'ဖောင်းတယ် ပုန်ဘယ်' ဟု မှတ်နေကျကိုသာ မပြတ် မှတ်ရမည်။ အိပ်ချင်လာလျှင် 'အိပ်ချင်တယ် အိပ်ချင်တယ်'ဟု မှတ်၊ မှေးလာလျှင်'မှေးဘယ် မှေးတယ်'ဟု မှတ်၊ ဘာဝနာရင့်သောအခါ၌ ဤသို့ မှတ်သိုက်လျှင် အိပ်ချင်မှု ကင်းလျက် စာဖန်ကြည်လင်လာတတ်၏။ ထိုအခါ'ကြည်ဘယ် ကြည်တယ်' ဟု မှတ်ပြီးလျှင် 'ဖောင်းတယ် ပိန်တယ်'ဟု မှတ်နေကျကိုသာ ပြန်၍မှတ်လေ။ အိပ်ချင်စိတ်မပြေသော်လဲ အမှတ်ကို လွှတ်၍ကား မအိပ်ရ၊ မအိပ်တော့ဘဲ တမှတ်ထဲ မှတ်နေမည်ဟု ရည်ရွယ်လျက်၊ ဖောင်းမှု ပိန်မှုစသော မှတ်နေကျကို မပြတ် မှတ်လျက်သာ နေရမည်။ ကိုယ်ပင်ပန်းလာလျှင် ဤသို့ မှတ်နေဆဲမှာပင် တဖြေးဖြေး မှေးလျက် အိပ်ပျော် သွား လိမ့်မည်။

အိပ်ပျော် ဟူသည်မှာ ဘဝင်စိတ်သက်သက်မျှ ကြာမြင့်စွာဖြစ်နေခြင်းပင်ဘည်း။ ဘဝင်စိတ် ဟူသည်မှာလဲ ဘဝ၌ အာရုံစွာ ဖြစ်ခဲ့ပေါ်ခဲ့သော စိတ်, နောက်ဆုံးသေသောစုတိစိတ်

တို့နှင့် အလားတူသော စိတ်ပေတည်း။ ထို့ကြောင့် အလွန် သိမ်မွေ့၏။ ဘာကို အာရုံပြုနေသည်ဟူ၍ပင် မသိနိုင်ချေ။ နိုးနေစဉ်မှာလဲ မြင်မှုနှင့် စိတ်ကူးမှု ကြားမှုနှင့် စိတ်ကူးမှု စသည်တို့၏ အကြားအကြား၌ ထိုဘဝင်စိတ်ဖြစ်ပေါ်သေး၏။ သို့သော်လဲ ကြာမြင့်စွာ မဖြစ်ရသောကြောင့် ယင်းဘဝင်စိတ် ဖြစ်သည်ကို ထင်ရှားမသိရ၊ အိပ်ပျော်ဆဲ၌ကား ကြာမြင့်စွာ ဖြစ်ရသောကြောင့် ထင်ရှား သိရပေသည်။ သို့သော်လဲ "ဘာကို အာရုံပြုနေသည်၊ ဘယ်လိုဖြစ်နေသည်" ဟူ၍ကား မသိရချေ။ ထို့ကြောင့် အိပ်ပျော်ခိုက်၌ မမှတ်ရပြီ၊ မှတ်ရန်လဲ မစွမ်းနိုင်ပြီ။

နိုးသောအခါ၌ကား ၎င်းနိုးသော်စိတ်ကို 'နိုးတယ်' ဟု မှတ်အပ်၏။ လို့သော်လဲ အားထုတ်စဉ် ရှေးဦးစွာ နိုးတဲ့စိတ်ကို မှတ်သိနိုင်ခဲ၏။ နိုးစိတ်ကို မမှတ်နိုင်သေးလျှင် သတိရသော အခါမှ စ၍ပေါ်ရာ ပေါ်ရာကို မပြတ် မှတ်လေ။ စဉ်းစား နေလျှင် 'စဉ်းစားတယ်' ဟု မှတ်ပြီးနောက် ဖောင်းမှု ပိန်မှုကို ဆက်၍ မှတ်၊ ကြားလျက် နိုးလာလျှင် 'ကြားတယ်' ဟု မှတ်ပြီးနောက် ဖောင်းမှု ပိန်မှုကို ဆက်၍ မှတ်။ ဘာမျှအထူး မထင်ရှားလျှင် 'ဖောင်းတယ် ပိန်တယ်' ဟု မှတ်နေကျကိုသာ မပြတ်မှတ်လေ။ စောင်းခြင်း လွဲခြင်း ကွေးခြင်း ဆန့်ခြင်း ပြုပြင်ခြင်းများကိုလဲ ခေါ်နေကျအတိုင်းမှတ်လျက် ဖြေးဖြေး ပြုပြင်ပါ။ ဘယ်အချိန်ရှိပြီလဲ စသည်ဖြင့် စဉ်းစားလျှင် 'စဉ်း

စားတယ်’ ဟု မှတ်။ ထလိုလျှင် ထချင်တယ်ဟု မှတ်၊ ထရန် ပြုပြင်မှုများကိုလဲ ဖေါ်လင်ရအောင် မှတ်ပါ၊ ထို့ဆဲ့၌ ကြွတက်လာတဲ့ ကိုယ်အမူအရာကို စူးစိုက်၍‘ထတယ် ထတယ်’ဟု မှတ်၊ ထိုင်မိလျှင်‘ထိုင်တယ် ထိုင်တယ်’ ဟု မှတ်၊ ထိုနောင် ‘ဖေါင်းတယ် ပိန်တယ်’ဟု မှတ်နေကျကိုသာ မပြတ်မှတ်လေ။

မျက်နှာ သစ်သော အခါ, ရေချိုးသော အခါများ၌၊ ကြည့်ခြင်း မြင်ခြင်း လက်လှမ်းခြင်း ကိုင်ခြင်း ခပ်ခြင်း ယူခြင်း လောင်းခြင်း အေးခြင်း ပွတ်တိုက်ခြင်း စသည် တို့ကို မလစ်လပ်ရအောင် အစဉ်အတိုင်း မှတ်လေ။ဒေဝတ်ကို ပြင်၍ ဝတ်မှု, အိပ်ရာကို ပြင်မှု, တံခါးကို ဖွင့်မှု ပိတ်မှု, တစုံတခုကို ကိုင်မှု ယူမှု စသည်တို့ကိုလဲ မလစ်လပ်ရအောင် မှတ်လေ။ ထမင်းစားသောအခါ ကြည့်လျှင် ‘ကြည့်တယ် မြင်တယ်’ ဟု မှတ်။ထမင်းလုပ် ပြင်ဆဲ့၌ လက်ပြုပြင်မှုများကို ‘ပြင်တယ် ပြင်တယ်’ ဟု မှတ်၊ ထမင်းလုပ်ကို ယူလာလျှင် ‘ယူတယ် ယူတယ်’ ဟုမှတ်၊ ခေါင်းငုံ့လျှင် ‘ငုံတယ်’ဟုမှတ်၊ ပါးစပ်၌ ထိလျှင်‘ထိတယ်’ဟုမှတ်၊ ပါးစပ် ဖွင့်လျှင် ‘ဖွင့်တယ်’ ဟု မှတ်၊ ခုံ့လျှင်‘ခုံ့တယ်’ ဟု မှတ်၊ ပါးစပ် ပြန်ပိတ်လျှင် ‘ပိတ်တယ်’ ဟု မှတ်၊ လက်ကို အောက်သို့ချလျှင် ‘ချတယ် ချတယ်’ဟု မှတ်၊ ပန်းကန်ပြားနှင့် ထိလျှင်‘ထိတယ်’ဟု မှတ်၊ ခေါင်းပြန်မော့လျှင်‘မော့တယ်’ဟု မှတ်၊ ထို့နောက်မှ ဝါးတိုင်း ဝါးတိုင်း‘ဝါးတယ် ဝါးတယ်’ ဟု မှတ်လျက်စားလေ၊

အရသာကို သိလျှင် 'သိဘယ် သိတယ်' ဟု မှတ်၊ မျိုလျှင် 'မျိုတယ်'ဟု မှတ်၊ လည်ခေါင်းထဲ အူထဲ၌ ထိလျက် ဆင်းသွားသည်ကို 'ထိဘယ် ထိဘယ်' ဟုမှတ်။ ဤနည်းဖြင့် ထမင်းလုပ်တိုင်း, ဟင်းရည် သောက်ဘိုင်း စေ့စေ့စပ်စပ် မှတ်ခဲလ။ အားထုတ်ခါစ၌ အစဉ် ကျအောင် မမှတ်နိုင်ဘဲ လစ်လပ်သောအရာ များစွာပင် ရှိလိမ့်မည်။ ပြုပြင်လိုသော စိတ်များကိုလဲ .မမှတ်နိုင်ဘဲ မသိနိုင်ဘဲ ရှိတတ်သည်၊ စိတ်မပျက်လင့်၊ "စေ့စေ့ စပ်စပ် မှတ်မည်"ဟု သဘောထား၍ ရှိရှိသေသေ စူးစိုက် မှတ်နေလျှင် မှတ်သိနိုင်တာက များ၍ လာဖါလိမ့်မည်၊ ဥာဏ်ရင့်သော အခါ၌ကား ဤ၌ ပြထားသော အစဉ်ထက် ပိုမို၍ အလွန်များစွာပင် အလွယ်တကူ မှတ်သိနိုင်ပါလိမ့်မည်။

အမှတ်တိုးခြင်း....တည်ခန့် တရက်ခန့် စသည်ရှိသော အခါ၌ အသက် တကြိမ်တကြိမ် ရှူရှိုက်ရာတွင် 'ဖောင်းတယ် ပိန်တယ်' ဟု ၂-ချက် ၂-ချက်မျှ မှတ်ရတာကို လွယ်ကူချောင်ချိသည်ဟု ထင်ရ၏၊ ထိုအခါ၌ ထိုင်နေသော ကိုယ်အမူအရာကိုလဲ ထည့်၍ "ဖောင်းတယ် ပိန်တယ် ထိုင်တယ်၊ ဖောင်းတယ် ပိန်တယ် ထိုင်တယ်" ဟု ၃-ချက် ၃-ချက် မှတ်လေ၊ ဖောင်းတာ ပိန်တာကို သိသက့်သို့ ထိုင်တယ်ဟု မှတ်ခိုက်၌ ကိုယ် ထိုင်နေတဲ့အတိုင်း သိစေရမည်။ အိပ်ဆဲ၌လဲ 'ဖောင်းတယ် ပိန်တယ် အိပ်တယ်" ဟု ၃-ချက် ၃-ချက်

မှတ်လေ။ ထို၃—ချက်မှတ်ကိုလဲ ကဲ့နေသည်ဟု ထင်ရပြန်လျှင် "ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ်"ဟု တနေရာရာက ထင်ရှားထိမှုကိုလဲ ထည့်၍ ၄-ခွက် ၄-ချက် မှတ်လေ။ ထို ၄စည်ဖြင့် မှတ်၍ မကောင်းလျှင် ထိုင်မှုကို ၂—ကြိမ်ထည့်၍ "ဖောင်းတယ် ထိုင်တယ်၊ ပိန်တယ် ထိုင်တယ်"ဟု မှတ်လေ၊ အိပ်ဆဲဌာလဲ "ဖောင်းတယ် ပိန်တယ်၊ အိပ်တယ် ထိတယ်"ဟု ဖြစ်စေ, "ဖောင်းတယ် အိပ်တယ်၊ ပိန်တယ် အိပ်တယ်" ဟု ဖြစ်စေ ၄—ချက် ၄—ချက် မှတ်လေ။

ဖောင်းတယ် ပိန်တယ် စသည်ဖြင့် ကိုယ်တွင်း အမှုအရာ များကို ဂရုစိုက်၍ မှတ်နေဆဲမှာ၊ ရိုးရိုး မြင်မှု ကြားမှုများကို မှတ်ရန်မလိုပြီ။ ဖောင်းမှု ပိန်မှု စသည်ကို စူးစူး စိုက်စိုက် မှတ်ခြင်းဖြင့်ပင်၊ ထိုမြင်မှု ကြားမှုတို့ကိုလဲ မှတ်သိမှုပြီးစီး၏။ မြင်ရုံမျှ ကြားရုံမျှဌာသာ တည်၏။ သို့သော် တမင် ကြည့်မိ လျှင်ကား "ကြည့်တယ် မြင်တယ်" ဟု မှတ်၍ ဖောင်းမှု စဒသာ မှတ်နေကျကိုသာ ဆက်လက်၍ မှတ်သွားပါ။တမင် မကြည့်သော်လဲ မိန်းမ ယောကျ်ား စသော အာရုံအထူးကို မြင်သောအခါ "မြင်တယ် မြင်တယ်" ဟု နှစ်ချက် သုံးချက် မှတ်၍ မှတ်နေကျကိုသာ ဆက်မှတ်ပါလေ။ တမင်နားထောင် မိလျှင်"နားထောင်တယ် ကြားတယ်" ဟု မှတ်၍ မှတ်နေကျ ကိုသာ ဆက်မှတ်ပါ။ စကားသံ သီချင်းသံ ပြင်းထန်သော အသံ, ခွေး ငှက် ကြက်သံ စသည်ကို ထင်ရှားစွာ ကြားရ

သောအခါ၌ " ကြားတယ် ကြားတယ် "ဟု နှစ်ချက်သုံးချက် မှတ်၍၊ မှတ်နေကျကိုသာ ဆက်မှတ်ပါလေ။ ဤအမြင်ထူး အကြားထူးတို့ကို မမှတ်မိလျှင် မှတ်နေကျဖြစ်သော ဖောင်းမှု ပိန်မှု စသည်ကို ထင်ရှားမသိနိုင်ဘဲ ရှိတတ်၏။ စဉ်းစားလျက် ကိုလဲသာလဲ ဖြစ်တတ်၏။ ထိုသို့ ဖြစ်ခဲ့လျှင် စဉ်းစားတယ် ဟူ၍လဲ မှတ်၍ မှတ်နေကျကိုသာ ဆက်လက် မှတ်ပါလေ။ ကိုယ်အမူအရာနှင့် ကြံစည်မှုဘို့ကို မမှတ်မိဘဲလွှတ်သွားလျှင် မေ့တယ်ဟု မှတ်၍၊မှတ်နေကျကိုသာ ဆက်လက် မှတ်ပါလေ။ ထွက်သက် ဝင်သက် သိမ်မွေ့၍ ဖောင်းမှု ပိန်မှုမထင်ရှားလျှင် ထိုင်မှု အိပ်မှုဘို့နှင့် ကွေ့ထိမှုမျှားကို မှတ်ပါလေ၊ ဤသို့မှတ်ရာ၌ ထိမှုကိုကား လေး ငါး ခြောက် နေရာ ၌၍၊ ၌၍၊ မှတ်ပါလေ။

ကြာမြင့်သော အခါ၌ဌင်း, မတိုးဘူးဟု ထင်ရသော အခါ၌ဌင်း ပျင်းရိမှု ဖြစ်တာ်၏။ ဌင်း.ကို "ပျင်းတယ် ပျင်းတယ်" ဟု မှတ်။ သတိ သမာဓိ ဉာဏ် အထူးမျှား မဖြစ်သေးမီ၌ "မှတ်နေရဘာ ဘာမျှ မထူးဘူး" ဟု ထင်ရ၏။ ထို့ကြောင့် "ဟုတ်မှ ဟုတ်ပါလေလား—ဖြစ်မှဖြစ်ပါတော့မလား" ဟု ယုံမှားမှု ဖြစ်တတ်၏။ ဌင်းကို "ယုံမှားတယ် ယုံမှားတယ်" ဟု မှတ်။ အမှတ်ကောင်းမည် တရားထူးဖြစ်ပေါ်မည်ကို မြော်လင့်တတ်၏။ဌင်းကို" မြော်တယ် တောင့်တတယ် လိုချင်တယ်"ဟု မှတ်။ ယခင်က မှတ်ခဲ့သည်ကို ပြန်၍

ဆင်ခြင် တတ်၏။ ၎င်းကို "ဆင်ခြင်တယ်"ဟု မှတ်။ မှတ်ရတဲ့ အာဝရုံကို ရုပ်လား နာမ်လား စသည်ဖြင့် ဆင်ခြင်မိတတ်၏။ ၎င်းကို "ဆင်ခြင်တယ်" ဟု မှတ်။ အမှတ် မကောင်းလျှင် စိတ်ပျက်တတ်၏။ ၎င်းကို "စိတ်ပျက်ဘယ် စိတ်ပျက်တယ်" ဟု မှတ်။ ကောင်းလျှင်လဲ ဝမ်းသာတတ်၏။ ၎င်းကို "ဝမ်းသာတယ် ဝမ်းသာတယ်" ဟု မှတ်။ ဤနည်းဖြင့် စိတ်အမှုအရာများကို ပေါ်တိုင်း ပေါ်တိုင်းမှတ်ပြီးလျှင် ဖောင်းမှု ပိန်မှု စသော မှတ်နေကျကိုသာဆက်၍ ဆက်၍ မှတ်သွားပါလေ။ မှတ်ရမည့်အချိန်ကား အိပ်ရာက နိုးတဲ့စိတ်မှ စ၍ မှတ်နေရင်း အလိုလို အိပ်ပျော် သွားသည့်တိုင်အောင် နေ့ရော ည၌ပါ မျက်စိ တမှိတ်ခန့်မျှ မနားမရပ်ဘဲ တမှတ်ထဲ မှတ်နေရမည့် အချိန်ချည်းသာတည်း။ အားထုတ်ခါစ၌ "မအိပ်တော့ဘဲ တမှတ်ထဲ မှတ်နေမည်" ဟု နှလုံးသွင်း၍ မပြတ်မှတ်ပါဇလ။ ဉာဏ်ရင့်သော အခါ၌ကား အလိုလိုပင် မအိပ်ချင်ဘဲ အမြဲကြည်လျက် ရှိလိမ့်မည်။

မှတ်ပုံအကျဉ်းချုပ်.... ကောင်းသည် ဖြစ်စေ, ဆိုးသည် ဖြစ်စေ စိတ်ကူး ကြံစည်တိုင်း စဉ်းစားဆင်ခြင်တိုင်း စိတ်အမှုအရာကို မှတ်။ ငယ်သည်ဖြစ်စေ, ကြီးသည်ဖြစ်စေ ပြုပြင် လှုပ်ရှားတိုင်း ကိုယ်အမှုအရာကို မှတ်။ ကိုယ်ထဲ စိတ်ထဲ၌ ကောင်းသည် ခံသာသည် ဖြစ်စေ, ဆိုးသည် မခံသာသည် ဖြစ်ခဲစေ ဝေဒနာဟူသမျှကို ဖြစ်ပေါ်လာတိုင်း မှတ်။ ကောင်း

သည်ဖြစ်စေ, ဆိုးသည်ဖြစ်စေ စိတ်ထဲ၌ ထင်ပေါ်လာသော အာရုံဟူသမျှကို မှတ်။ ဤသို့သော မှတ်ဖွယ် အထူးများ မရှိသောအခါ ဖောင်းမှု ပိန်မှု ထိုင်မှုစသော မှတ်နေကျ ကိုသာ မပြတ်မှတ်လေ။ သွားဆဲ၌လဲ ကြွမှု လှုပ်းမှု ချမှုဘို့ ကိုသာ မပြတ်မှတ်လေ။ ဤနည်းဖြင့် အိပ်ပျော်ခိုက်ကို ချန်လှပ်၍ နေ့ရောညဉ့်ပါ မပြတ်မစဲ တမှတ်ထဲ မှတ်နေလျှင် မကြာမီပင် ဖြစ်ပျက်တိုင်းသော ရုပ် နာမ်- အလုံးစုံကို ပစ္စုပ္ပန်ကျအောင် မှတ်သိနိုင်၍ ဥဒယဗ္ဗယဉာဏ်စသော ဝိပဿနာဉာဏ်ထူးများ အစဉ်အတိုင်း ဖြစ်ပေါ်လာသည်ကို ကိုယ်ဘိုင်ဒိဋ္ဌ တွေ့ရမှာလတံ့။

အခြေခံရှုမှတ်ပုံ ဤတွင်ပြီးပြီ။

ပြခဲ့သည့်အတိုင်း မှတ်၍ သတိ သမာဓိ ဉာဏ် ထက်သန်အားပြည့်လျှင် ဖောင်းတဲ့ရုပ် နှင့် ဖောင်းတယ်ဟု မှတ်တဲ့စိတ်၊ ပိန်တဲ့ရုပ်နှင့် မှတ်တဲ့စိတ်၊ ထိုင်တဲ့ရုပ်နှင့် မှတ်တဲ့ စိတ်၊ ကွေးရုပ်နှင့် မှတ်စိတ်၊ ဆန့်ရုပ်နဲ့ မှတ်စိတ်၊ ကြွရုပ်နှင့်မှတ်စိတ်၊ လှုပ်းရုပ်နှင့် မှတ်စိတ်၊ ချရုပ်နှင့် မှတ်စိတ်—ဤသို့ ဖောသော အာရုံနှင့် မှတ်မှုတို့သည် အတဲ့လိုက် အတဲ့လိုက် ကပ်နေသကဲ့သို့ အံကျလျက် ရှိနေသည်ကို တွေ့ရလတံ့။ အထူးကောင်းသော မှတ်ချက်များ၌ "ဖောင်းတာက တခြား+

မှတ်တာက တခြား၊ပိန်တာက တခြား+မှတ်တာက တခြား”
ဤသို့စသည်ဖြင့် ရုပ်နှင့်နာမ်တို့ကို ကဲ့ပြားစွာ သိလတံ့။
မှတ်သိမှုက ဖောင်းမှု ပိန်မှုစသော အာရုံများဆီသို့ ပြေး၍
ပြေး၍ ကပ်ကပ်သွားသလိုပင် ထင်ပေါ်လတံ့။ ဤသို့ ထင်
ပေါ်ခြင်းသည် နာမ်တရား၏ နမနလက္ခဏာ – အာရုံဆီသို့
ညွတ်ခြင်းသဘော ထင်ပေါ်ခြင်းပင်တည်း။ ဤသို့ ရုပ်ကို
မှတ်သိမှု သန့်ရှင်းလေလေ နာမ်တရားတို့ အလိုလို ထင်ပေါ်
လေလေ ဖြစ်တတ်ကြောင်းကို ဝိသုဒ္ဓိမဂ်၌ အောက်ပါ
အကိုင်း မိန့်ဆိုတော်မူ၏။

ယထာ ယထာ ဟိဿ ရူပံ သုဝိက္ခာလိတံ ဟောတိ
နိဋ္ဌဒ္ဒ သုပရိသုဒ္ဓံ၊ တထာ တထာ တဒါရမ္မဏာ
အရူပဓမ္မာ သယမေဝ ပါကဋာ ဟောန္တိ။ (၂·၂၂၅)

ဟိ၊ နာမ်ထင်ပေါ်စေရန် ရုပ်ကိုသာ အဖန်ဖန်ရှုအပ်သည်
မှန်ပေ၏။ အဿ၊ထိုယောဂိအား။ ဝါ၊ထိုယောဂိသည်။ ယထာ
ယထာ၊ အကြင်အကြင်ရှုမှတ်သော အခြင်းအရာဖြင့်။ ရူပံ၊
ရုပ်သည်။သုဝိက္ခာလိတံ၊ကောင်းစွာ ဆေးကြောသုတ်သင်အပ်
ပြီးသည်။ ဟောတိ၊ဖြစ်၏။ နိဋ္ဌဒ္ဒ၊ အရှုပ်အထွေးမရှိ။ သုပရိ-
သုဒ္ဓံ၊ကောင်းစွာ ထက်ဝန်းကျင် စင်ကြယ်၏။ တထာ တထာ၊
ထိုထို ရုပ် ကို ရှုမှတ်မှု စင်ကြယ်တိုင်း စင်ကြယ်တိုင်း။ တဒါ-
ရမ္မဏာ၊ ထိုရုပ်ကို အာရုံပြုကုန်သော။ အရူပဓမ္မာ၊နာမ်ဘဆုး

တို့သည်။ သယမေဝ၊ အာလိုလိုပင်လျှင်။ ပါကဋ္ဌာ ဟောန္တီ၊ ထင်ရှားကုန်၏။

ရုပ် နာမ် ၂–ပါး တခြားစီ ကဲ့ပြားလျက် ထင်ရှားသော အာခါဠ် သုတ နဲသူ ဖြစ်လျှင် ဤသို့ သဘောကျတတ်၏။ “ဖောင်းတာနှင့် မှတ်တာ, ပိန်တာနှင့် မှတ်တာ, ထိုင်တာနှင့် မှတ်တာ, ကွေးတာနှင့် မှတ်တာ” ဤသို့ စသည်ဖြင့် ၂–ခု ၂–ခု ရှိတာဘဲ။ သည်ဟာ ၂–ခုအပြင် ဘာမျှမရှိတော့ဘူး။ လူဆိုတာလဲ သည်ဟာ ၂–ခုဘဲ၊ မိန်းမ ယောကျ်ားဆိုတာလဲ သည်ဟာ ၂–ခုဘဲ။ သည်ဟာ ၂–ခုမှတပါး ပုဂ္ဂိုလ်သတ္တဝါ ကောင်ရယ်လို့ အသီး အခြား မရှိတော့ဘူး” ဟူ၍ မှတ်နေ ဆဲမှာပင် သဘောကျလျက် ဆင်ခြင် ဆုံးဖြတ်တတ်၏။ သုတ ရှိသူဖြစ်လျှင်ကား အာရုံရုပ် မိုရုရုပ်နှင့် မှတ်မှုနာမ်တို့ကိုသာ မှတ်တိုင်း တွေ့မြင်ရသောကြောင့် ဤသို့ သဘောကျလျက် ဆင်ခြင် ဆုံးဖြတ်တတ်၏၊ “ရုပ် နာမ် ၂–ပါး မျှသာ ရှိတာ ဟုတ်မှန်ပါပေသည်။ ဤ ရုပ် နာမ် ၂-မျိုးမှ တပါး မိန်းမ ယောကျ်ားဆိုတာလဲ သည်ဟာ ၂–ခုဘဲ။ သည်ဟာ ၂–ခုမှတပါး ပုဂ္ဂိုလ် သတ္တဝါကောင် ဟူ၍ အသီး အခြာ မရှိပြီ၊ မှတ်ခိုက်မှာ မှတ်သိရတဲ့ ရုပ်နှင့် မှတ်သိမှု နာမ်–ဤ နှစ်မျိုးသာရှိသည်၊ မမှတ်ဘဲနေခိုက်မှာလဲ အတူတူဘဲ။ ဖြစ်ဆဲ မိုရာ ရုပ်နှင့် ကြုံမှုစသော နာမ် ဤနှစ်မျိုးသာ ရှိသည်။ ဤ ရုပ် နာမ် ၂-မျိုးကိုပင် ပုဂ္ဂိုလ် သတ္တဝါ မိန်းမ ယောကျ်ားဟု ခေါ်ဝေါ်နေကြရပေသည်၊ ခေါ်ဝေါ်ငုံမျှသာဘဲ၊ အမှန်မှာ

စောဒ ပုဂ္ဂိုလ် သင်တွေ့ဝါ မိန်းမယောကျ်ားဟူ၍ အသိုးအခြား မရှိတော့ပြီ၊ ယခု မှတ်သိုရတဲ့ ရုပ် နာမ် သဘောမျိုး မျှသာ ရှိသည်”ဟု ဤသို့စသည်ဖြင့် သဘောကျလျက် ဆင်ခြင်ဆုံးဖြတ်တတ်၏။ ထိုသို့သော ဆင်ခြင်မှုမျှားကိုလဲ ပေါ်တိုင်း ပေါ်တိုင်း “ဆင်ခြင်တယ် ဆင်ခြင်တယ်”ဟု မှတ်ပြီးလျှင် ဖောင်းမှု ပိန်မှု စသော မှတ်နေကျကိုသာ ဆက်၍ မပြတ် မှတ်ပါလေ။

ထိုထက် ဘာဝနာ ရင့်သန်သော အခါ၌၊ ကိုယ်အမူအရာ တစုံဘခုကို ပြုလိုလျှင် ပြုရန်ကြံသော ထိုစိတ်သည် အလိုလိုပင် ထင်ရှားပေါ်၏။ ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် ထိုစိတ်ကို လှုယ်ကူစွာပင် မှတ်သိနိုင်၏။ အားထုတ်ခါစကမူကား ကွေးမည် ကြံစဉ်မှာ “ကွေးချင်တယ်”ဟု မှတ်ခဲ့သော်လဲ ထို ကွေးချင်တဲ့ စိတ်ကို ရှင်းလင်းစွာ မသိနိုင်ခဲ့သေး။ ဘာဝနာ ရင့်သန်သော ထိုကာလ၌ကား ကွေးချင်တဲ့စိတ်ကို ဘယ်အရာ နှင့်မျှ မရောဘဲ ရှင်းလင်း ထင်ရှားစွာ သိနိုင်၏။ ထို့ကြောင့် ကိုယ်အမူအရာ ပြုပြင်လိုတိုင်း ပြုပြင်ရန် ကြံတဲ့စိတ်ကိုရှေးဦးစွာ မှတ်ရ၏၊ ထိုနောင်မှ ပြုပြင်တဲ့ ကိုယ်အမူအရာကို ဆက်၍ မှတ်ရ၏။ အားထုတ်ခါစမှာ မမှတ်မိဘဲ ပြုပြင်မိတာကသာ များသောကြောင့် “ကိုယ်ရုင်က မြန်သည်၊ မှတ်စိတ်က နှေးသည်”ဟု ထင်ရ၏။ ဘာဝနာဉာဏ် ရင့်သော ကာလ၌ကား မှတ်တဲ့စိတ်က ရှေ့မှ ဆီးကြိုနေနှင့်သကဲ့သို့ ဖြစ်၏။ ကွေး

မည် ဆန့်မည် ထိုင်မည် ထမည် သွားမည် စသည်ဖြင့် ကြံတဲ့ စိတ်ကိုလဲ မှတ်မိ၏၊ ကွေးတဲ့ အမူအရာစသည်ကိုလဲ ပိုင်ပိုင်ကြီး မှတ်နိုင်၏။ ထို့ကြောင့် "ကိုယ်ရုပ်က နေးသည်၊ မှတ်စိတ်က မြန်သည်" ဟု အမှန်အတိုင်း သိရ၏။ ပြုပြင်လိုတဲ့ စိတ်များ ဖြစ်ပေါ်ပြီးမှ ထိုစိတ်အား လျော်စွာ ကွေးမှု ဆန့်မှု ထိုင်မှု စသော ကိုယ်အမူအရာ ရုပ်များဖြစ်ပေါ်နိုင်သည်ကိုလဲ မျက်မှောက်တွေ့ရ၏။ ဘပူအအေးတို့နှင့် တွေ့ရ၍ "ပူတယ် ပူတယ်၊ အေးတယ် အေးတယ်" ဟု မှတ်နေစဉ်မှာပင် အပူအအေးများ တိုးပွား ဖြစ်ပေါ် လာသည်ကိုလဲ မျက်မှောက် တွေ့ရ၏။ အဖောင်း အပိန် စသော မှတ်နေကျ အာရုံများတွင်လဲ၊ တခု တခုကို မှတ်ပြီးလျှင် အခြား တခု တခုက အဆင်သင့် ပေါ် ပေါ်လာသဖြင့် ပေါ်ရာ ပေါ်ရာ အာရုံကို လိုက်၍ လိုက်၍ မပြတ်မှတ်နေရ၏။ ထို့ပြင် ဘုရား ရဟန္တာ သဏ္ဌာန် စသော အဆင်းအာရုံ အမျိုးမျိုးနှင့် ကိုယ်ထဲက ယားမှု ပူမှု နာကျင် ကိုက်ခဲမှု စသော ဝေဒနာအမျိုးမျိုးတို့ကို မှတ်နေရာမှာလဲ တခု တခုကို မှတ်လို့မှ မပျောက်သေးမီ အခြား တမျိုး တမျိုးက ပေါ် ပေါ် လာသဖြင့် ပေါ်ရာ ပေါ်ရာကို ပြောင်း၍ ပြောင်း၍ မပြတ် မှတ်နေရတော်၏။ ဤသို့အာရုံ ပေါ်တိုင်း မှတ်နေရသောကြောင့် အာရုံ ရှိ၍ မှတ်သိမှု ဖြစ်ရသည်ကိုလဲ မျက်မှောက် တွေ့၍ သိမြင်သဘောကွဲတတ်၏။ ထို့ပြင် တရံတခါ၌ အဖောင်း အပိန်က သိမ်မွေ့ ကွယ်

ပျောက်နေသောကြောင့် မှတ်စရာ မရှိတဲ့အတွက် မမှတ်ဘဲ နေရတတ်၏။ ထိုအခါမှာ "မှတ်စရာ အာရုံမရှိလျှင် မှတ်သိမှု မဖြစ်နိုင်" ဟူ၍ သဘောကျတတ်၏။ ဤသို့ အဖောင်း အပိန် ပျောက်နေတဲ့ အခါမှာ "ထိုင်တယ် ထိတယ်၊ အိပ်တယ် ထိတယ်" ဟု မှတ်လေ။ အထိုက်ိုကား ပြောင်း၍ ပြောင်း၍ မှတ်၊ ပုံကား....ထိုင်တယ်ဟု မှတ်ပြီးလျှင် ညာဘက် ခြေထိတာကို ထိတယ်ဟု မှတ်၊ တဖန် ထိုင်တယ်ဟု မှတ်ပြီးလျှင် ဗယ်ဘက်ခြေထိ ထိဘာကို ထိတယ်ဟု မှတ်၊ ဤနည်းဖြင့် အထိမျှားကို လေး-ငါး-ခြောက်ခန့ရှာ ရှာ၍ မှတ်လေ။ ထို့ပြင် မြင်မှု ကြားမှု စသည်ဘို့ကို မှတ်ရာမှာလဲ၊ မျက်စိနဲ့ အဆင်းရှိ၍ မြင်ရသည်၊ နားနဲ့ အသံရှိ၍ ကြားရသည်။ ဤသို့ စသည်ဖြင့် မှတ်ခိုက်မှာပင် ရှင်းလင်းစွာ သိမြင် သဘောကျ၏။

ထို့ကြောင့် "ကွေးမည် ဆန့်မည် စသည်ဖြင့် ကြံတဲ့ စိတ် အမျိုးမျိုးရှိလို့ ကွေးမှု ဆန့်မှု စသော ကိုယ်အမူအရာ ရုပ် အမျိုးမျိုး ဖြစ်ပေါ်နေသည်"ဟူ၍လဲ မှတ်ဆဲမှာပင် သဘော ကျလျက် ဆင်ခြင်ဆုံးဖြတ်မိ၏။ ထို့ပြင် "အအေးဓာတ် အပူ ဓာတ်ကြောင့်၊ အေးရုပ် ပူရုပ် အမျိုးမျိုး ဖြစ်ပေါ် နေသည် ဟူ၍ဌင်း၊ စားသောက်တဲ့ အစာအဟာရ ရှိလို့၊ ဤကိုယ်ရုပ် များ တည်ဘို့လျက် ဖြစ်နေသည် ဟူ၍ဌင်း၊ ဖောင်းမှု ပိန်မှု စသော မှတ်စရာတွေရှိလို့၊ မှတ်သိမှုများ ဖြစ်ပေါ်နေသည်

ဟူ၍၎င်း၊ မြင်စရာ အဆင်း, ကြားစရာ အသံစသော အာရုံတွေ့ရှိလို့၊ မြင်မှု ကြားမှု စသော စိတ်များ ဖြစ်ပေါ်နေသည် ဟူ၍၎င်း၊ မျက်စိ နားစသော မိုရုရုပ်ရှိလို့ မြင်မှု ကြားမှု စသော စိတ်များ ဖြစ်ပေါ် နေသည် ဟူ၍၎င်း၊ ရှေးရှေး နှလုံးသွင်းမှု ဆင်ခြင်မှုရှိလို့၊ နောက်နောက်မှတ်သိမှု ကြံစည်မှု များ ဖြစ်ပေါ်သည်ဟူ၍၎င်း၊ ရှေးကံကြောင့် ဤလိုဝေဒနာ တွေဖြစ်ရသည် ဟူ၍၎င်း၊ ရှေးကံအကြောင်းရှိလို့၊ ဤရုပ် ဤနာမ်တွေ ပဋိသန္ဓေမှစ၍ မပြတ်ဖြစ်နေသည် ဟူ၍၎င်း၊ ဤရုပ်နာမ်တွေကို ဖြစ်ပေါ်အောင် ဖန်ဆင်း ပြုလုပ်ပေး သူကား မရှိပြီ၊ သူတို့၏ ဆိုင်ရာ အကြောင်းများကြောင့်သာ ဖြစ်ပေါ်သည် ဟူ၍၎င်း – ဤသို့ စသည်ဖြင့်လဲ သဘော ကျလျက် ဆင်ခြင် ဆုံးဖြတ်တတ်၏။ ဤသို့သောဆုံးဖြတ်မှုမှာ၊ ရှုမှတ်မှုကို ရပ်ဆိုင်း၍ ကြာမြင့်စွာ စဉ်းစားလျက် ဖြစ်ရသည် ကား မဟုတ်ပေ၊ မှတ်ရင်း မှတ်ရင်းပင် ရှင်းလင်းစွာ အလိုလို သိသိသွားသည်ဟု ထင်ရလောက်အောင် လျင်မြန်စွာ ဖြစ် ပေါ်လာသော သိမှုသာတည်း။ ဤ ဆင်ခြင်မှုမျိုးကိုလဲ “ဆင်ခြင်တယ် သဘောကျတယ် သိတယ်” ဟု မှတ်ပြီ လျှင် မှတ်နေကျကိုသာ ဆက်၍ ဆက်၍ မပြတ်မှတ်ပါလေ။

လောလောဆယ် မှတ်သိရသော ရုပ် နာမ် တို့ကို၊ “အကြောင်း နာမ်ရုပ်များကြောင့် ဖြစ်ကြသည်”ဟု သဘော ကျပြီးသော အခါ၌၊ “ ရှေးဘဝ ရှေးကာလ များကလဲ၊

သည်လို အကြောင်းများကြောင့် သည်လို ရုပ်နာမ်များသာ ဖြစ်ခဲ့သည်" ဟူ၍၎င်း၊ "နောက်ဘဝ နောက်ကာလများ မှာလဲ၊ သည်လို အကြောင်းများကြောင့် သည်လို ရုပ်နာမ် များသာ ဖြစ်သွားမှာဘဲ" ဟူ၍၎င်း၊ "ပုဂ္ဂိုလ် သတ္တဝါ ကောင်လဲ မရှိ၊ ဖန်ဆင်း သူလဲ မရှိ၊ အကြောင်းတရား အကျိုး တရားမျှ ရှိသည်" ဟူ၍၎င်း—ဤသို့လဲ ဆင်ခြင် ဆုံးဖြတ်မိ တတ်၏။ ဤလိုဆင်ခြင်မှုများကိုလဲ မှတ်ပြီးလျှင်၊မှတ်နေကျ ကိုသာ မပြက် မှတ်သွားပါလေ။ ဤသို့သော ဆင်ခြင်မှုမှာ၊ ပင်ကိုယ်ဉာဏ်လဲ့ မထက်၊ သုတလဲ နဲသောသူအား နဲနဲ ကျဉ်းကျဉ်းသာ ဖြစ်ဟတ်သည်။ ပင်ကိုယ်ဉာဏ် ထက်မြက်သူ သုတများသောသူတို့မှာကား များပြား ကျယ်ဝန်းစွာ ဖြစ် တတ်၏။ သို့သော်လဲ ဆင်ခြင်မှုကို အလေးမပြုဘဲ မှတ်မှုကိုသာ အလေးပြု၍ အဘင်း မှတ်နေလျှင်ကား ထိုသူ့ဘို့မှာလဲ နဲနဲ ကျဉ်းကျဉ်းသာဖြစ်၍ ဉာဏ် အတက် မြန်တတ်၏။ ဤအရာ၌ အနည်းငယ် ဆင်ခြင်ခွံမျှဖြင့်လဲ ကိစ္စပြီးသည်သာ ဟူ၍ တထစ်ချ ယုံကြည်ထားပါလေ။

သမာဓိအား အထူး ကောင်းလာလျှင် များစွာသော ယောဂီတို့မှာ၊ ယားမှု ပူမှု နာကျင်ကိုက်ခဲမှု လေးလံမှု တင်း ကြပ်မှု စသော မခံသာတဲ့ ဝေဒနာ အမျိုးမျိုးကို ထင်ရှား တွေ့ရတတ်ကုန်၏။ မမှတ်ဘဲ ရင်နားလိုက်လျှင် ထိုဝေဒနာမှာ ခွက်ခြင်းပင် ပျောက်သွား၏။ မှတ်မြဲမှတ်ပြန်လျှင် တဖန်

ပေါ်လာပြန်၏၊ ဤလို ဝေဒနာမှာ ဇောဂါ မဟုတ်၊ တရား သဘောအတိုင်း ထင်ရှား ပေါ်လာတဲ့ ဝေဒနာသာ ဖြစ်သည်။ မကြောက်နဲ့၊ ထိုဝေဒနာကိုသာ စူးစိုက်၍ အာဘင်းမှတ်နေပါ၊ တဖြေးဖြေး သေးငယ်၍ ပျောက်ကင်း သွားပါလိမ့်မည်။

ထို့ပြင် အမျိုးမျိုးသော အဆင်းသဏ္ဌာန် အာရုံများကိုလဲ ရှု့နားတွင် မျက်စိနဲ့ မြင်ရသလိုပင် ,အထင်အရှား တွေ့မြင်ရတတ်၏။ ရောင်ခြည်ဒေတာ်များနှင့် တကွ အလွန် သပ္ပါယ်သော ဘုရားသခင် ကြွလာသကဲ့သို့ရင်း၊ ကောင်းကင်မှ သံဃာတော်များ ကြွလာသကဲ့သို့ရင်း၊ ဆင်းတုတော် စေတီတော်များ မျက်မှောက်မှာ ရှိနေသကဲ့သို့ရင်း၊ ကြည်ညို ခင်မင်သော ပုဂ္ဂိုလ်များ ရောက်လာသကဲ့သို့ရင်း၊ သစ်ပင် တောတောင် ဥယျာဉ် တိမ်တိုက်များကို တွေ့နေရသကဲ့သို့ရင်း၊ ဖူးဖူးယောင်သော သူသေကောင်, အရိုးစုကောင်ကြီးများ အနီးမှာ ရှိနေသကဲ့သို့ရင်း၊ အိမ် တိုက် ကျောင်းဆောင် လူကောင်ကြီးများ ရှု့နားတွင် ဖရိုဖရဲ ကြမ္မ ပျက်စီးသွားသကဲ့သို့ရင်း၊ မိမိ၏ ကိုယ်မှာ ဖောင်းပွလျက် သွေးသံ ရဲရဲ ဖြစ်လျက် နှစ်ပိုင်း သုံးပိုင်းပြတ်လျက် အရိုးစုမျှ ဖြစ်လျက် တမျိုးတမည် ဖောက်ပြန်သွားသကဲ့သို့ရင်း၊ ကိုယ်ထဲက အရိုးအသား အကြော အူ အသဲ ပိုးကောင်များကို တကယ် မြင်ရသကဲ့သို့ရင်း၊ ငရဲဘုံ နတ်ဘုံများ ငရဲသူ ငရဲသားများ ပြိတ္တာများ၊ နတ်သမီး နတ်သားများကို တကယ် တွေ့နေရ

သကဲ့သို့ဝင်း၊ ဤသို့စသည်ဖြင့် ဆန်းဆန်း ရိုးရိုး အမျိုးမျိုး သော အဆင်းသဏ္ဌာန် အာရုံမျာ်းကို ထင်ရှား တွေ့ရတတ်၏။ သမာဓိ အဟုန်ကြောင့် စိတ်ညွတ်မိတိုင်း ထင်ပေါ်လာသော ဗညတ် အာရုံမျာ်းသာတည်း။ ဝမ်းသာစရာလဲ မဟုတ်ပါ၊ ကြောက်စရာလဲ မဟုတ်ပါ၊ အိပ်မက် အာရုံနှင့် အတူတူပင် ဟု ဆုံးဖြတ်ပါလေ။ သို့သော်လဲ ထိုအာရုံမျာ်းကို တွေ့မြင်သော မနောဝိညာဉ်ကား ထင်ရှားရှိသော ပရမတ် တရားပေတည်း။ ထို့ကြောင့် ရှုမှတ်ရမည်၊ ရှုမှတ်သော် မထင်ရှားသော စိတ်ကို ပဓာနပြု၍ ရှုမှတ်ခြင်းငှာ မစွမ်းနိုင်ပေ၊ ထင်ရှားသော အာရုံ ကို ပဓာနပြု၍သာလျှင် ရှုမှတ်နိုင်ပေသည်။ သို့ဖြစ်၍ ဘယ်လို အာရုံဘဲဖြစ်ဖြစ် မြင်ရတဲ့ ထိုအာရုံကိုသာ စူးစိုက်၍ မြင်တယ် မြင်တယ် ဟု မပျောက် မချင်း မှတ်ပါလေ။ ရွှေ့ရွှေ့သွား ပြီးလျှင် ဖြစ်စေ၊ သေးသိမ်၍ မှေးမှိန်၍ ဖြစ်စေ၊ ဖရိုဖရဲ ကျဲ၍ ဖြစ်စေ ကွယ်ပျောက် ကွယ်ပျောက် သွားပါလိမ့်မည်။ တွေ့ခါစမှာ လေး—ငါး—ဆယ်ချက် မှတ်မှလဲ ပျောက်သွား တတ်၏။ ဥာဏ်အားကောင်းလာလျှင် တချက် နှစ်ချက်မျှဖြင့် ပျောက်သွားလိမ့်မည်။ မိမိက ထိုအာရုံမျိုးကို ကြည့်လို စုံစမ်း လိုတဲ့ စိတ်, ကြောက်တဲ့စိတ် ရှိနေလျှင်ကား ရုတ်တရက် မပျောက်ဘဲ ကြာ နေတတ်၏၊ တမင် စိတ်ညွတ်၍ ယူမိသော အာရုံဖြစ်လျှင်လဲ သာယာမှု ရှိပြီးဖြစ်သောကြောင့် မပျောက် နိုင်ဘဲ ကြာနေတတ်၏။ သို့ဖြစ်၍ သမာဓိအရှိန် ကောင်းနေစဉ်

ဌ္ဌ အခြေးတပါးကို စိတ်မကူးမိ မည်တ်မိစေရန် အထူးသတိပြု ပါလေ၊ စိတ်ကူးမိလျှင်လဲ ထိုစိတ်ကူးကို ချက်ချင်းပင်မှတ်၍ ပယ်ဖျောက်ပါလေ။ အချို့ ပုဂ္ဂိုလ်မှာကား အာရုံ အထူး, ဝေဒနာ အထူးမျှားကို မတွေ့ရဘဲ မှတ်နေကျကိုသာ မှတ်နေ ရသောကြောင့် ပျင်းရိမှုဖြစ်တတ်၏၊ ထိုပျင်းရိမှုကို ပျင်းတယ် ပျင်းတယ် ဟု မပျောက်မချင်း မှတ်၍ ပယ်ဖျောက်ပါလေ။ ဤဥာဏ် အဆင့်၌ အာရုံ အထူး ဝေဒနာ အထူးမျှားကို တွေ့ရသောသူမှာ ဖြစ်စေ၊ မတွေ့ရသောသူမှာ ဖြစ်စေ မှတ် တိုင်း မှတ်တိုင်း မှတ်ရသော အာရုံ၏ အစ အလယ် အဆုံး တို့ကို ရှင်းလင်းစွာ သိ၏။ ရှေးကတော့ အာရုံတခုကို မှတ်နေ စဉ်မှာ၊ ပေါ်လာသော တခြား တခြား အာရုံကို ပြောင်း၍ ပြောင်း၍ မှတ်သွားရ၏၊ မူလ အာရုံပျောက်ဆုံးသွားသည် ကိုကား ရှင်းလင်းစွာ မသိခဲ့ရချေ၊ ယခုမူကား မှတ်နေဆဲ အာရုံ တခု တခု ပျောက်ဆုံးသွားသည်ကို သိရပြီးမှသာလျှင် အသစ် အသစ် ပေါ်လာသော တခြားအာရုံကို မှတ်ရ၏။ ထို့ကြောင့် မှတ်ရတဲ့ အာရုံ၏ အစ အလယ် အဆုံးတို့ကို ရှင်းလင်းစွာ သိရ၏။

ထိုအခါမှာ အထူး ကောင်းသော မှာဘ်ချက်မျှး၌ မှတ် တိုင်း မှတ်ဘိုင်း ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်လာ၍ ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျောက် သွားသည်ကို ရှင်းလင်းစွာ သိရသောကြောင့် "အနိစ္စံ ခယဋ္ဌေန–ကုန်သွားသော အနက်သဘောကြောင့်

မမြဲ၊ ဟုတ္ဝာ အဘ့ဝ၀တော ဒအနိစ္စာ—ဖြစ်ခပါပြီးလျှင် မရှိ ခြင်း-ကွယ်ပျောက်သွားခြင်းကြောင့်မမြဲကုန်”ဟု ဖြဆိုသော ပါဠိ အဋ္ဌကထာတို့နှင့် အညီ “ကုန်ဆုံးသွားတာချည်းဘဲ၊ ကွယ်ပျောက် သွားတာချည်းဘဲ၊ မမြဲပါတကား၊ မမြဲတာမှန်ပါပေသည်” ဟူ၍လဲ သုံးသပ်ဆင်ခြင်မိ၏။ “ယံ အနိစ္စံ တံ ဒုက္ခံ—မမြဲတဲ့တရားဟာ ဆင်းရဲပင်တည်း။ဒုက္ခံ ဘယဋ္ဌေန၊ ကြောက်စရာကောင်းသော အနက်သဘောကြောင့် ဆင်းရဲပင်တည်း။ဉဒယဗ္ဗယပပ္ပဋိပီဠနတော ဒုက္ခာ—ဖြစ်ခြင်း၊ ပျက်ခြင်းက မပြတ် နှိပ်စက်အပ်သောကြောင့် ဆင်းရဲတို့ပင်တည်း” ဟု ပြဆိုသော ပါဠို အဋ္ဌကထာတို့နှင့် အညီ“မသိလို့သာ သာယာခဲ့မှေ့နေနိုင်ကြတာဘဲ၊ ဘာမျှ သာယာဘွယ် မရှိပါတကား၊ ပေါ်ပြီးတော့ ပျောက်ပျက်သွားတာချည်းဘဲ၊ ဖြစ်ချည် ပျက်ချည်နဲ့ မပြတ်နှိပ်စက် နေတာချည်းဘဲ၊ကြောက်စရာတွေချည်းဘဲ၊ဘယ်အချိန်မဆို သေနိုင်အောင် ခဏမစဲ ပျောက်ပျက်ပြီး မမြဲတဲ့အတွက် ဆင်းရဲချည်းဘဲ၊ မကောင်းတာချည်းဘဲ” ဟူ၍လဲ သုံးသပ် ဆင်ခြင်မိ၏။ ဒုက္ခမဒက္ခိသလ္လတော၊ ဒုက္ခဝတ္ထုတာယ စ ဒုက္ခတော၊ ရောဂတော ဂဏ္ဍတော သလ္လတော-စသော ပါဠို အဋ္ဌကထာတို့နှင့် အညီ မခံသာမှု ဒုက္ခ ဝေဒနာ အမျိုးမျိုးကို ထင်ရှား တွေ့ရသောကြောင့်“ဆင်းရဲတာချည်းဘဲ၊ မကောင်းတာချည်းဘဲ ” ဟူ၍လဲ သုံးသပ် ဆင်ခြင်မိတတ်၏။ “ယံ ဒုက္ခံ တဒနတ္တာ—ဆင်းရဲတဲ့ တရားဟာ

အစိုးရတဲ့ အတ္တကောင်မဟုတ်၊ အနတ္တာ အသားရကင်္ခနေ-အနှစ်မဲ့သော အနက်သဘောကြောင့် အတ္တကောင် ငါကောင်မဟုတ် အဝသဝတ္တနတော အနတ္တာ—အလိုအတိုင်း မဖြစ်ခြင်းကြောင့် ငါကောင် မဟုတ်ကုန်" ဟု ပြဆိုသော ပါဠိ အဋ္ဌကထာတို့နှင့် အညီ "မဆင်းရဲအောင် မတတ်နိုင်တဲ့ ဆင်းရဲအစုမျှသာ ဖြစ်၍ အစိုးမရတာချည်းဘဲ၊ ဖြစ်ပြီးလျှင် ချက်ခြင်း ပျောက်သွားတာချည်းဘဲ၊ ဘာမျှ ခိုင်မာတဲ့ အနှစ်အသားမရှိဘူး ဘာမျှအသုံးမကျတာချည်းဘဲ၊ မဖြစ်အောင်လဲ မတတ်နိုင် မပျက်အောင်လဲ မတတ်နိုင်၍ အစိုးပိုင်တဲ့ ငါကောင် မဟုတ်တာချည်းဘဲ၊ သူသဘောအတိုင်း ဖြစ် ပျက်နေတဲ့ သဘောတရားမျှချည်းဘဲ" ဟူ၍လဲ သုံးသပ်ဆင်ခြင်မိ၏။ ဤ ဆင်ခြင်မှုမျှားကိုလဲ မှတ်ပြီးလျှင် မှတ်နေကျကိုသာ မပြတ် မှတ်သွားပါလေ။

မျက်မှောက် မှတ်သိရတဲ့ အာရုံတို့ကို "မမြဲ, ဆင်းရဲ, ငါကောင်မဟုတ်" ဟု သဘောကျပြီးသော အခါ၌ မျက်မှောက်မသိရသော တရား အလုံးစုံကိုလဲ "ဤတရားမျှားနှင့် အတူတူ ခုည်းဘဲ၊ မြင်ဆင်းရဲ ငါကောင် မဟုတ်တဲ့ သဘောတရားချည်းဘဲ" ဟု သုံးသပ်ဆင်ခြင်မိ၏။ ဤဆင်ခြင်မှုသည်ကား ပစ္စက္ခဉာဏ်မှ ဆက်၍ ဖြစ်သော အနုမာနဉာဏ်ပေတည်း။ ဤသို့သော ဆင်ခြင်မှုသည်လည်း ပင်ကိုယ်ဉာဏ်နဲ့သူ, သုတနဲ့သူ, ဆင်ခြင်မှု၌ အလေးမပြုဘဲ အာတင်းမှတ်နေသူ

တို့မှာ နဲ့နဲ့သာ ဖြစ်တတ်သည်။ ဆင်ခြင်မှု၌ အလေးပြုသူမှာ များများဖြစ်တတ်သည်။ အချို့မှာ မှတ်ချက်တိုင်း လိုလိုပင် ဆင်ခြင်မှုက လိုက်ပါနေတတ်၏။ ဆင်ခြင်မှုတွေ့ များများဖြစ်နေလျှင် ရှေ့သို့ မတိုးတက်နိုင်ဘဲ အချိန်ကြာနေတတ်သည်၊ ဤဥာဏ်အရာမှာ ဆင်ခြင်မှု များစွာ မဖြစ်ခဲ့သော်လဲ အထက် ဥာဏ်များသို့ ရောက်လျှင် ပိုင်နိုင်ရှင်းလင်းစွာ သိရမည်သာတည်း၊ သို့ဖြစ်၍ ဆင်ခြင်မှုကို အလေး မပြုလင့်၊ မှတ်မှုကိုသာ အလေးပြု၍ ဆင်ခြင်မိသမျှကိုလဲ မလစ်လပ် ရအောင် မှတ်ပါလေ။

အနိစ္စ ဒုက္ခ အနတ္တ သဘောများကို ဆင်ခြင်၍ အားရသောအခါ၌ ပေါ်လာသမျှကို မဆင်ခြင်တော့ဘဲ၊ မှတ်ရုံသာ မပြတ် မှတ်နေ၏။ ထိုအခါ၌ "စိတ်ကြည်လင်မှု သဒ္ဓါ, အားထုတ်မှု ဝီရိယ, အမှတ်ရမှု သတိ, စူးစိုက် တည်ကြည်မှု သမာဓိ, သဘောမှန်ကို ရှင်းလင်းစွာသိမှု ပညာ" ဟူသော ဤဥာဏ်ငါးပါးတို့ မယုတ်မလွန် ညီညွတ်ဆဲ ခဏမှာ၊ မှတ်တဲ့ စိတ်သည် ဆွဲမြှင့်၍ တင်ပေးလိုက်သလိုပင် အလွန် သွက်လက် လျင်မြန်စွာ ဖြစ်လာတတ်၏။ မှတ်စရာ ချပ် နှာမ်းများရုံမျှးကလဲ အလွန် လျင်မြန်စွာပင် ထင်ပေါ်ကုန်၏။ တကြိမ်တကြိမ် ဝင်သက်ရှူ၊ ခိုက်၌ ဖောင်းကြွ ရှေ့ရှားမှုပေါင်း အဆင့်ဆင့် များစွာဖြစ်လျက် ထင်ရှား၏၊ တကြိမ် တကြိမ် ထွက်သက်ရှိုက်ခိုက်၌လဲ ပိန်မှုပေါင်း အဆင့်ဆင့် များစွာ

ပြုစ်လျက် ထင်ရှား၏၊ ကွေးရာ ဆန့်ရာ လှုပ်ရှားရာတို့၌လဲ ရွေ့ရှားမှုပေါင်း အဆင့်ဆင့် များစွာဖြစ်လျက် ထင်ရှား၏၊ ကိုယ်ထဲ၌ ရိုးရိုးရှင်းရှင်း လှုပ်မှုကလေးများ တွေ့ထိမှုကလေးများလဲ တခုပြီးတခု အလှန် လျင်မြန်စွာ အနှံ့ အပြား ထင်ပေါ်ကုန်၏၊ အချို့ ပုဂ္ဂိုလ်မှာ တရံတခါ၌ အလွန်မကြီးကျယ်လှသော ယားမှုကလေးများ, မြို့းမြို့းမြက်မြက် နာကျင်မှုကလေးများလဲ တခုပြီးတခု လျင်မြန် ထင်ရှားစွာ တခဏလောက် ပေါ်လာတတ်၏။ များသောအားဖြင့်ကား ထိုသို့သောကာလ၌ မခံသာမှုကို မတွေ့ရသည်ကသာ များပေ၏။ ဤသို့ အလွန် လျင်မြန်စွာ ထင်ပေါ်နေခိုက်၌ အာရုံအသီးအသီးကို အမည်တပ်၍ မှတ်ဖို့နှင်လျှင် မမှီနိုင်တော့ပြီ သတိဉာဏ်ဖြင့် သိရုံမျှ သိရုံမျှ လိုက်နေမှသာလျှင် မှီနိုင်ပေသည်။ သို့ဖြစ်၍ ဤသို့ အလွန် မြန်စွာ အာရုံ ထင်ပေါ်နေခိုက်၌ အမည်မတပ်ဘဲ သိရုံမျှ သိရုံမျှသာ လိုက်မှတ်ရာ၏။ အမည်တပ်၍ မှတ်လျှင်လဲ အလုံးစုံ စေ့ငှအောင်ကား ကြောင့်ကြ မစိုက်လင့်၊ တကြိမ် တကြိမ် အမည်တပ်၍ မှတ်ရာ၌ လေး ငါး ဆယ် အာရုံကို ပိုင်းခြား၍ သိသိ သွား၊ သော်လဲ ကိစ္စ ပြီးသည်သာတည်း၊ အပြစ် မရှိပေ။ စေ့ငှအောင် အမည်တပ်၍ မှတ်ရန် ကြောင့်ကြ စိုက်နေလျှင်ကား မကြာမီပင် မောပန်း သွားတတ်သည်။ သို့ဖြစ်၍ အမည်ဖြင့် မှတ်လိုလျှင်လဲ မှန်မှန်သာ လိုက်၍ မှတ်ပါ၊ တကြိမ်တကြိမ် မှတ်

ထုဌ် လေး ငါး ဆယ်ခုကို သိချင်လဲ သိသွားပါစေ၊ ပိုင်းပိုင်း ခြားခြား သိမှုကသာ လိုရင်းဖြစ်ပါသည်။ ဤသို့သော ကာလဌ် မှတ်နေကျ အစဉ်ကို လွှတ်ထားပြီးလျှင် ဒွါဒ၌ ဓ—ပါးဌ် ပေါ်ရာ ပေါ်ရာကို အစဉ်အတိုင်း လိုက်၍ မှတ်ပါလေ၊ ထိုနည်းဖြင့် မှတ်၍ မကောင်းပြန်လျှင်ကား မှတ်နေကျ အစဉ်အတိုင်းသာ ပြန်၍ မှတ်ပါလေ။

ရုပ် နာမ်တို့သည် မျက်စိ တမှိတ်ခန့် လျှပ် တပြက်ခန့် ကာလထက် အဆများစွာ လျင်မြန်ကုန်၏၊ ထိုမျှ လျင်မြန်သော ရုပ် နာမ်တို့ကို သိရုံမျှ သိရုံမျှဖြင့် လိုက်၍ မှတ်နေလျှင် ထိုမျှလောက် ဉာဏ်ရင့်သော ကာလဌ်၊ ဖြစ်စဉ် အတိုင်း အကြောင်း မရှိ သိနိုင်ပေ၏။ ထိုအခါဌ် အမှတ်ရုမှု သတိသည် အလွန် ထက်သန်၏၊ ရုပ် နာမ် အာရုံ တခုခု ဖြစ်ပေါ်လျှင် သတိက ထိုအာရုံထဲသို့ ပြေးဝင် သွားသလိုပင် မှတ်မိလျက် ရှိ၏၊ ထိုအာရုံကလဲ သတိပေါ်မှာ လာ၍ ကျသလိုပင် ထင်ပေါ်လျက် ရှိ၏၊ အသိဉာဏ်ကလဲ ပေါ်လာသမျှကို တခု၌ တခုစီ မရောယှက်ဘဲ ကွဲကွဲ ပြားပြား ပြတ်သား ရှင်းလင်း စွာ သိလျက်ရှိ၏။ ထို့ကြောင့် ယောဂီသည် ဤသို့ အောက် မေ့တတ်၏ "ဤရုပ်နာမ်တွေဟာ ရိပ်ရိပ် ရိပ်ရိပ်နဲ့ အလွန် လျင်မြန်စွာ ဖြစ်ပျက်နေကြတာဘဲ၊ တက်တက် တက်တက်နဲ့ စက်ခုတ်နေသလိုပင် အလွန် မြန်နေကြတာဘဲ၊ ဒါလောက် မြန်တာတွေကိုလဲ အစဉ်အတိုင်း အကုန်လုံး သိနိုင်တာဘဲ၊

ဒါထက် ပိုပြီး သိစရာတော့ ရှိမည်မထင်ပါဘူး၊ သိစရာတော့ ဖြင့် ကုန်ပါပြီ”ဟု အောက်မေ့မိ ထင်မိတတ်၏။ အိပ်မက်တွင် မမြင်မက်ဘူးသော သတိ ဉာဏ် အထူးများကို မျက်မှောက်တွေ့ရ၍ ထင်မြင်ခြင်းပေတည်း။

ထို့ပြင် ဝိပဿနာ အဟုန်ကြောင့် နဲနဲဖြစ်စေ များများဖြစ်စေ အလင်းရောင်လဲ ထင်ရှားစွာ ဖြစ်ပေါ် တတ်၏။ မှတ်ရတဲ့ ဆာရုံနှင့် မှတ်မှုဌ္ဌ အာရုံ နှစ်သိမ့်မှု–ပီတိလဲ လွန်ကဲစွာ ဖြစ်တတ်၏၊ထိုပီတိ၏ အစွမ်းကြောင့် ကြက်သီးထခြင်း မျက်ရည် ယိုခြင်း ကိုယ်တုန်လှုပ်ခြင်းများလဲ ဖြစ်တတ်၏၊ ကိုယ်ထဲ၌ ဖြိုးဖြိုး ဖျဉ်းဖျဉ်း စိမ့်စိမ့် စိမ့်စိမ့် သိမ့်သိမ့် သိမ့်သိမ့်လဲ ဖြစ်နေတတ်၏၊ လေပုခက်ထဲမှာ စီးနေရသလိုပင်၊ ကိုယ်ရော စိတ်ပါ ငြိမ့်ငြိမ့် ငြိမ့်ငြိမ့်လဲ ဖြစ်နေတတ်၏။ တချို့ကတွေ့ခါစ၌၊ ဤငြိမ့်မှုကိုပင် “မူးသည် ယိမ်းသည်” ဟူ၍လဲ ထင်တတ်၏၊ ကြောင့်ကြ ပူပန်မှု ကင်းလျက် ကိုယ်စိတ်၏ ငြိမ်းအေးမှု–ပဿဒ္ဓိလဲ ထင်ရှားဖြစ်ပေါ် တတ်၏၊ ဤပဿဒ္ဓိ၏ အဲ့စွမ်းကြောင့်၊ ထိုင်နေစဉ် ဖြစ်စေ, အိပ်နေစဉ် ဖြစ်စေ, သွားနေစဉ် ရပ်နေစဉ် ဖြစ်စေ နေထုတကာမှာ ငြိမ်းချမ်းသက်သာလျက် အလွန် နေထိုင်ကောင်းတတ်၏။ ထို့ပြင် ထက်သန်စွာ ဖြစ်သော လဟုတာ စသည်တို့၏ အစွမ်းကြောင့် ကိုယ် စိတ် နှစ်ပါးလုံး အလွန် လျင်မြန် ပေါ့ပါးလျက် ရှိ၏၊ အလွန် နူးညံ့ သိမ်ဖျော့ပျော့ပျောင်း၏၊ ကြာရှည်

စွာ ထိုင်လျက် အိပ်လျက် မှတ်နေသော်လဲ အမှတ် မပျက်ဘဲ ကောင်းမြဲပင် ကောင်းနေ၏၊ ညောင်းခြင်း ပူခြင်း. နာကျင်ခြင်း ကင်းနေတတ်၏၊ မှတ်စိတ်နှင့် အာရုံတဲ့လျက် အချိုး အစားကျ၏၊ စိတ်သဘောထား ဖြောင့်မတ်၍ မကောင်းမှု ဟူသမျှမှ ကြဉ်ရှောင်လို၏။ ထက်သန်သော သဒ္ဓါ၏ အစွမ်း ကြောင့် စိတ်သည် အထူး ကြည်လင်နေ၏၊ တခါ တရံ၌ မှတ်စရာ အာရုံ မရှိဘဲ အလွန် ကြည်သော စိတ်တခု တည်းသာ ကြာရှည်စွာလဲ ဖြစ်နေတတ်၏။ " မြတ်စွာဘုရား အလုံးစုံကို သိတော်မူတာ ဟုတ်ပါပေသည်၊ ရုပ် နာမ် ၂—ပါးမျှ အနိစ္စ ဒုက္ခ အနတ္တံ တရားမျှ ရှိတယ်ဆိုတာ မှန်ပါဖေသည် " ဤသို့ စသည်ဖြင့် ကြည်ညိုမှု ယုံကြည် ဆုံး ဖြတ်မှုလဲ မြဲမြံစွာ ဖြစ်တတ်၏။ မှတ်နေစဉ်မှာ ဆင်ခြင်လျက် ရုပ်နာမ် အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောတို့ကို ကွက်ကွက် ကွင်းကွင်း ရှင်းလင်းစွာ သဘောကျကျ သွားတတ်၏၊ သူတပါးအား တရား ဟောလို တိုက်တွန်းလိုသော စိတ်လဲ များစွာဖြစ်တတ်၏။ အလွန်လဲ ကြောင့်ကြ မစိုက် ရဘဲ ပျင်းရိ လျော့ပေါ့မှု ကင်း၍ ညီမျှစွာ အားထုတ်သော ဝီရိယလဲ ထင်ရှား၏။ သူ့အလိုလိုပင် သိ သိ သွားသကဲ့သို့ သော ဝိပဿနာပေကွာလဲ ထင်ရှား၏။ ဝမ်းသာမှုသည်လည်း ဘယ်တော့ကမျှ မဖြစ်ဘူးသော စံချိန်ဖြင့် လွန်ကဲစွာ ဖြစ် တတ်၏။ ထို့ကြောင့် မိမိ၏ ဖြစ်ပုံကို သူတပါးအား အလွန်

ပြောချင်တတ်၏။ အလင်းရောင် သတိ ဉာဏ် ပီတိ စသော အထူး မျဉ်းကို သာယာ နှစ်သက် သဘောကျမှု– နိကန္တိလဲ ဖြစ်ပေါ်တတ်၏၊ ထို နိကန္တိကြောင့် "ရှုမှတ်မှု ဘာဝနာ ဆုလုပ်၌ အထူး ပျော်မွေ့လာသည်"ဟု ထင်ရ၏။

အထူးဖြစ်ပေါ်လာသော ဤ အလင်းရောင် စသည်တို့ကို ဉာဏ်စား မနေလင့်။ ၎င်းတို့ကိုလဲ ပေါ်လာတိုင်း "လင်းတယ်၊ ကောင်းတယ်၊ သိတယ်၊ ဆင်ခြင်တယ်၊ ကြည်ညိုတယ်၊ ဝမ်းသာတယ်၊ နှစ်သက်တယ်၊ သဘောကျတယ်" စသည်ဖြင့် မှတ်ရုံသာ မှတ်သွားပါလေ၊ လင်းသည်ဟု ထင်လျှင် "လင်းတယ် လင်းတယ်" ဟု မပျောက် မချင်းမှတ်၊ မြင်သည်ဟု ထင်လျှင်လဲ "မြင်တယ် မြင်တယ်"ဟု မှတ်ပါ။ သို့သော်လဲ အလင်းရောင် စသော အာရုံ အထူးမျိုးကို တွေ့ခါစ၌၊ မမှတ်နိုင်ဘဲ ဝမ်းသာလျက် သဘောကျလျက်သာ နေမိတတ်၏။ မှတ်ပါသော်လဲ ဝမ်းသာ နှစ်သက်မှု နှင့် ထောနှော နေသောကြောင့်၊ ရုတ်တရက် မပျောက်ဘဲ ရှိနေတတ်၏။ ကြုံတွေ့ဘန်မျိုးမှသာလျှင် နိုင်နင်းစွာ မှတ်နိုင်၍ ပျောက်လွယ်တတ်ပေသည်။ အလင်း အားကြီးသော ပုဂ္ဂိုလ်မှာ ကြာမြင့်စွာ မှတ်သော်လဲ မပျောက်ဘဲ ရှိနေတတ်၏။ သို့ဖြစ်လျှင်ကား အလင်းရောင်ကို နှုံးမဲ့ မသွင်း ဂရုမစိုက်ဘဲ လစ်လျူရှုပြု၍ ကိုယ်ထဲ စိတ်ထဲက ထင်ရှားတဲ့ အမူအရာမျိုး ကိုသာလျှင် ဆွဲစိုက်၍ မှတ်သွားပါလေ။ လင်းသေးသလား ဟူ၍လဲ

မစဉ်းစားနဲ့၊ စဉ်းစားလျှင် လင်းမြဲပင် လင်းနေတတ်သည်။ ထိုသို့သော စဉ်းစား ဆင်ခြင်မှုကို မိမိ ရရ သိအောင် မှတ် လိုက်ပါ။ အလင်းရောင်မျှသာ မဟုတ်သေး၊ ထိုသို့ သမာဓိ အားကောင်းနေစဉ်၌ စိတ်ညှတ်မိလျှင် ထူးထူး ထွေထွေ အာရုံမျှားလဲ ထင်ပေါ်လာတတ်၏။ ဤသို့သော စိတ်ညှတ်မှု ကိုကား မပြုအပ်၊ ညှတ်မိလျှင်လဲ လျင်မြန်စွာ မှတ်၍ ပယ် ဖျောက်လိုက်ပါ။ အချို့ပုဂ္ဂိုလ်မှာ အထူး စိတ်မညှတ်ပါဘဲ မပီမသလှသော အရိပ် အဆောင် ပုံသဏ္ဌာန် အာရုံအမျိုးမျိုး သည် ရထားတဲ့မျှား ခုတ်သွား နေသလို တခုပြီး တခု ရိပ်ရိပ် ရိပ်ရိပ်နဲ့ ထင်ပေါ် နေတတ်၏၊ "မြင်တယ် မြင်တယ်" ဟု မှတ်နေလျှင် တချက်မှာ တချက်မှတ်ဖြင့် တအာရုံ တအာရုံ ပျောက်ပျောက် သွား၏။ ဥာဏ် အား လျော့ လာလျှင် ပီပီ သသလဲ ထင်ပေါ်လာတတ်၏၊ "မြင်တယ် မြင်တယ်" ဟု မှတ်လျှင် တချက် တချက် မှတ်ဖြင့် တအာရုံ တအာရုံသည် ပေါ်လာတဲ့ ထို နေရာမှာပင် ပျောက် ပျောက် သွား၏။ နောက်ဆုံး၌ မပေါ်လာတော့ဘဲ ကင်းငြိမ်းသွား၏။

အလင်းရောင် စသည်ကို နှလုံးသွင်းနေတာက လမ်း မှားဘဲ၊ သိရုံမျှ မပြတ် မှတ်နေတာကမှ ဝိပဿနာ လမ်းမှန်ဘဲ ဟု ဆုံးဖြတ်၍ ကိုယ်ထဲ စိတ်ထဲ၌ တကယ် ဖြစ်ပေါ်နေသော ရူပနာမ်တို့ကို မပြတ် မှတ်နေလျှင် သိမှုသည် သာ၍ ရှင်းရှင်း လာ၏။ ရူပနာမ်တို့၏ ဖျတ်ကနဲ ဖျတ်ကနဲ ပေါ်မှု ပျောက်မှု

မျှားကို ရှင်းလင်းစွာ သိ၏၊ မှတ်တိုင်း မှတ်တိုင်း "ထိုနေရာ မှာပင် ပေါ်လာ၍၊ ထိုနေရာမှာပင် ပျောက်သွားသည်" ဟု သိ၏။ "ရှေးရှေး အမှုအရာသည် နောက်နောက် အမှု အရာ နှင့် မရောဘဲ အပိုင်း အပိုင်း ပြတ်လျက် ကုန်ဆုံး သွားသည်" ဟု ရှင်းလင်းစွာ သိရ၏။ ထို့ကြောင့် မှတ်ချက်တိုင်း၌ "မမြဲဟု ဖြစ်စေ,ဆင်းရဲဟု—မကောင်းဟု ဖြစ်စေ,ငါကောင် မဟုတ်ဟု ဖြစ်စေ" သိလျက် သဘောကျလျက် ရှိလေ၏။ ထိုအခါမှာ အတန်ကြာအောင် အားထုတ်ပြီးလျှင် "ဒါလောက် ကောင်း မှာပါဘဲ၊ မထူးတော့ပါဘူး" ဟု အားရ ကျေနပ်၍ ခဏ ခဏ ရပ်နားနေမိတတ်သည်။ နားချင်တိုင်း ခဏ ခဏ နား မနေနဲ့၊ အချိန်နှာရီ တိုး၍တိုး၍ တဆက်တည်း ကြာကြာ အားထုတ်ပါလေ။

ဘာဝနာဉာဏ် တဆင့်တက်၍ ရင့်သန်ပြန်လျှင် မှတ် ရသော အာရုံများ၏ အစ ဖြစ်ပေါ် မှုကို ထင်ရှား မတွေ့ရ တော့ဘဲ အဆုံး အဆုံးကိုသာ တွေ့ရ၏၊အကုန် အပျောက်မြန် မြန်နေသည် ဟု ထင်ရ၏။ မှတ်တဲ့ စိတ်များကိုလဲ ကုန်းဆုံး ကုန်ဆုံး သွားသည် ဟု သိ၏။ ပုံကား.... ဖောင်းတယ် ဟု မှတ်ခိုက်၌ ဖောင်းကြွ ရွ့.ရှားမှုကလေး ရိပ်ကနဲ ကုန်ဆုံး သွားသည် ဟု သိရ၏၊ ထိုသိတဲ့ စိတ်လဲ လျင်မြန်စွာ ကုန်ဆုံး သွားသည် ဟု သိပြန်၏၊ ဖောင်းမှုနှင့် မှတ်သိမှု ဤနှစ်ခုတို့ကို "ရွ့.ဆင့် နောက်ဆင့် ကုန်ဆုံး သွားကြသည်"ဟု သိရ၏။

ပိန်တယ် ထိုင်တယ် ကွေးတယ် ဆန့်တယ် ညောင်းတယ် စသည်ဖြင့် မှတ်ခိုက်တို့ဦးလဲ ပဌမအာရုံနှင့် ဒုတိယ မှတ်စိတ်တို့ကို "နှည်းတူပင် ရှေ့ဆင့် နောက်ဆင့် ကုန်ဆုံး ကုန်ဆုံး သွားသည်"ဟု သိရ၏။ အချို့ပုဂ္ဂိုလ်သည်ကား ပဌမ အာရုံ, ဒုတိယ မှတ်စိတ်, တတိယ တဖန် သိတဲ့ စိတ်—ဟူသော ဤ ၃—မျိုး ၃—မျိုးစီ ရှေ့နောက် ဆင့်လျက် ကုန်ဆုံးသွားကြသည်ကိုလဲ ကဲ့ပြားစွာ သိသေး၏။ သို့သော်လဲ အာရုံ နှင့် မှတ်စိတ် ဟူသော ဤ ၂—မျိုး ၂—မျိုးကို ရှေ့နောက် ဆင့်လျက် အတွဲလိုက် ကုန်ဆုံး ကုန်ဆုံး သွားသည်ဟု ထင်ရှား, သိလျှင်ပင် ပြည့်စုံ လုံလောက်တော့သည်သာတည်း။

အာရုံနှင့် မှတ်စိတ်တို့ အတွဲလိုက် အတွဲလိုက် ကုန် ပျက်နေသည်ကိုသာ မပြတ် သိနိုင်အောင် အမှတ် စင်ကြယ်သော အခါ၌၊ ကိုယ် ခေါင်း လက် ခြေ စသော သန်ဒါရုပ်မိတ် ဃနပညတ်—အထည် ဒြပ် ပုံသဏ္ဌာန် မထင်ပေါ်ပြီ၊ ရိပ်ရိပ် ရိပ်ရိပ်နှင့် တပျက်ထဲ ပျက်ပျက်သွားသော သဘောမျှ၌သာ မှတ်သိမှုသည် တည်လေတော့၏။ ထို့ကြောင့် ဤဉာဏ် ဖြစ်ပေါ်ခါစ၌၊ အချို့ပုဂ္ဂိုလ်သည် မှတ်ရတာ ပေါ့ဟာဟာ ဖြစ်နေသည် ဟူ၍ရင်း, ကဲ့တဲ့တဲ ဖြစ်နေသည် ဟူ၍ရင်း, မကောင်းဘူး ဟူ၍ရင်း ထင်တတ်၏။ ထိုသို့ကား မထင်မှတ် ဆုပ်ပေ၊ စိတ်သည် ကျက်စားနေကျ ဖြစ်သော သန်ဒါရုပ်မိတ် ဃနပညတ် အထည် ဒြပ် အာရုံ၌ ပျော်မွေ့၏၊ ထိုပညတ်

အာရုံကို ရှေးကလို မရသည့် အတွက် အားမရဘဲ ရှိလေသည်၊ဥာဏ်အားပြည့်လျက် တိုးတက်၍ ကောင်းလာခြင်းသာ ဖြစ်ပေသည်။ဘာဝနာ နုစဉ်က၊မြင်လျှင် ကြားလျှင် တွေ့ထိလျှင် ပုံသဏ္ဌာန်စသော ပညတ်ကို ရှေးဦးစွာ ထင်ရှားသိ၏။ ဤမျှ ဉာဏ် ရင့်သော အခါ၌ကား ရိပ်ကနဲ ရိပ်ကနဲ ကုန်ပျက်သော အမှုအရာ သဘောက ရှေးဦးစွာ ထင်ရှား၏၊ ကုန်သွားသည် ပျောက် သွားသည် မျက် သွားသည် ဟု သိသော ဉာဏ်က ရှေးဦးစွာ ဖြစ်ပေါ်၏၊အဖန်ဖန် စဉ်းစား မှသာ ပုံသဏ္ဌာန်စသော ပညတ်ကို သိနိုင်သည်၊မစဉ်းစားဘဲ မှတ်ရုံသာ မပြုတ်မှတ်နေလျှင်ကား ပညတ်အာရုံသို့ အလျင်း မရောက်တော့ဘဲ ကုန်ပျက်သော ပရမတ်သဘောမျှ၌သာ တည်လေတော့၏။ သို့ဖြစ်၍ "ပညတ်ပေါ်လျှင် ပရမတ်ငုပ်သည်၊ ပရမတ်ပေါ်လျှင် ပညတ်ငုပ်သည်"ဟု ဆိုသောပညာရှိတို့၏ စကား မှန်ကန်ပုံကို ကိုယ်တိုင် တွေ့ရ၏။

မှတ်မှု အထူး စင်ကြယ်သော အခါ၌ ရှေးအမှတ် နှင့် နောက်အမှတ် ခပ်ကျဲကျဲ ခပ်ဝေးဝေး ဖြစ်နေသည်ဖို့ဟူ၍လဲ ထင်ရတတ်၏၊ အသိဉာဏ် လျင်မြန် သန့်ရှင်းသောကြောင့်၊ ရှေးနောက် ဝီထိတို့၏ အကြားဦဖြစ်သော ဘဝင်စိတ် အခိုက် အတန့်ကိုပါ သိခြင်းပေတည်း။ ကွေးမည် ဆန့်မည်ဟု ကြံတဲ့ စိတ်ကို မှတ်သိလိုက်တဲ့ အတွက် ထိုစိတ် အရှိန်ပျက်သွားသောကြောင့်၊ ရုတ်တရက် မကွေးနိုင် မဆန့်နိုင်ဘဲ ကြာမြင့်

၍လဲ နေတတ်၏၊ အသိဉာဏ် ထက်သန် အားကောင်းခြင်း ကြောင့်ပင်တည်း။ ဤသို့သော ကာလ၌ မှတ်နေကျ အစဉ် အတိုင်းသာ မမှတ်မူ၍ ဒုဂရ ၆-ပါး၌ ထင်ရှား ဖြစ်ပေါ် သော ရုပ်နာမ် အမူအရာတို့ကိုလဲ ဖြန့်၍ မှတ်ပါလေ။

ဖြန့်၍မှတ်ပုံ....ဖောင်းတယ် ပိန်တယ် ထိုင်တယ် စသည် ဖြင့် မှတ်နေကျအတိုင်း မှတ်လျက် အရှိန်ကောင်းလာလျှင်၊ တကိုယ်လုံး၌ ထင်ရှားသော ထိသိမှု မျှားစ့ာတို့ကိုဆင်း ကြားမှု မြင်မှု စသည်တို့ကိုဆင်း ဖြစ်ပေါ်စဉ်အတိုင်း လိုက်၍ ထိတယ် မှတ်တယ် စသည်ဖြင့် မပြတ်မှတ်သွားပါလေ၊ ဤသို့ မှတ်နေရာတွင် အသိကဲ့သွားလျှင်ဖြစ်စေ, ပုံ့.လွှင့်မှု မျှားလာ လျှင် ဖြစ်စေ, ပင်ပန်းလျှင် ဖြစ်စေ ဖောင်းမှု ပိန်မှု ထိုင်မှု စသော မှတ်နေကျကိုသာ ပြန်၍မှတ်ခဲလေ။ အတန်ကြာ၍ အရှိန် ရလာပြန်လျှင် တဖန်ပေါ်ရာ ပေါ်ရာကိုလိုက်၍ နှံ့ညီး တူပင် ဖြန့် မှတ်ပါလေ။ ဤနည်းဖြင့် ရံခါရံခါ၌ ဖြန့်၍ မှတ်ရမည်။

မှတ်စဉ် မထားဘဲ ဖြန့်၍ ဖြန့်၍ ကောင်းစ့ာ မှတ်နိုင် သော အခါ၌၊ အထူး ကြောင့်ကြစိုက်၍ မမှတ်သော်လဲ ကြားကြားသမျှကို ရှေးနောက်မစပ်ဘဲ အပိုင်း အပိုင်းပြတ် လျက် ကုန်ကုန် သွားသည် ဟု သိရ၏၊ မြင်မြင် သမျှကိုလဲ ရိပ်ရိပ် ရိပ်ရိပ်နှင့် ပျက်နေသည် ဟု သိရ၏၊ မှန်ကန်စ့ာ သိမှုတို့ပေတည်း။ အချို့မှာ စူးစူးစိုက်စိုက်ကြည့်လိုက်လျှင် ပီပီ

သသ မမြင်ရဘဲ ရိပ်ရိပ်ရိပ်ရိပ် ဖြစ်နေသည်ကိုသာ တွေ့ရသော ကြောင့် ကြည့်၍ မကောင်းဘူး၊ မျက်စိမှေးနေသည် မှုံနေသည် မှေးမှေး မိုက်မိုက် ဖြစ်နေသည် ဟု ထင်တတ်၏၊ မျက်စိမှေခြင်း မှုံခြင်း မှေးခြင်းကား မဟုတ်ပါ၊ တရားသဘောအတိုင်း ရှေး ဆမြင်နှင့် နောက်အမြင်တို့ကို ပိုင်းခြားသော အသိဉာဏ်က အလိုလို ပါနေသောကြောင့်၊ ပညတ်အာရုံ မပီသဘဲ ရှိခြင်းမျှ သာတည်း။ ထိုသို့သော ကာလ၌ မမှတ်ဘဲ နေဦးမည် ဟု ရပ်နားနေသော်လဲ ရုပ်နာမ် သခ်ၤါရတို့က ထင်ရှဲ ထင်ပေါ် လျက် ရှိတတ်ကုန်၏၊ မှတ်သိမှုကလဲ ထိုသခ်ၤါရတို့ကို အလိုလို ပင် သိမြဲသိလျက် ရှိတတ်၏၊ ထို့ကြောင့် အိပ်ပါသော်လဲ အိပ်မပျော်ဘဲ နေ့ရောညဉ့်ပါ ကြည်လင်လျက်သာ ရှိတတ်၏။ အိပ်မပျော်သည့်အတွက် မစိုးရိမ်လင့်၊ နေထိုင်မကောင်းခြင်း မကျန်းမာခြင်းကား မဖြစ်နိုင်ပါ၊ ကြိုးစား၍သာ မှတ်ပါ'လေ။ ဤ ဉာဏ်အားပြည့်သော အခါ၌၊ မှတ်စိတ်က အာရုံထဲသို့ စူးဝင် စူးဝင် သွားသလိုလဲ ထင်ရတတ်၏။

အာရုံနှင့် မှတ်စိတ်တို့ မပြတ်မစဲ တပျက်ထဲ ပျက်နေသည် ကို ကောင်းစွာ သိရသောအခါ၌ ဤသို့ ဆင်ခြင်မိတတ်၏၊ "မျက်စိတမှိတ်ခန့် လျင်တပြက်ခန့်မျှတောင် မတည်တံ့၍ မမြဲ တာချည်းပါတကား၊ မသိခဲ့လို့တာဘဲ၊ ရှေးကလဲ ယခုလိုပင် ကုန်ပျက်နေခဲ့မှာဘဲ နောင်လဲ ယခုလိုပင် ကုန်ပျက်နေမှာဘဲ" ဟူ၍ ဆင်ခြင်မိတတ်၏၊ ထို ဆင်ခြင်မှုကိုလဲ မှတ်လိုက်ပါ။

ထို့ပြင် မှတ်မှုတို့၏ အကြား အကြား၌ ကြောက်စရာ ကောင်းပုံကိုလဲ ဆင်ခြင်မိဘတ်၏။ ပုံကား...မသိသို့သာပျော် ရှင်စွာ နေနိုင်ကြသည်၊ တပျော်ထဲ ပျက်ခနတာကို အမှန် အတိုင်း သိရခတာ့ ကြောက်စရာချည်းပါတကား၊ သူတို့ ပျက်ဘိုင်း ပျက်တိုင်း သေနိုင်တဲ့ အချိန်ချည်းပါဘကား၊ ဤဘဝ၌ စ၍ ဖြစ်ပေါ်ခဲ့တာလဲ ကြောက်စရာဘဲ၊ မပြတ်မစဲ မကုန်ဆုံးနိုင်ခအောင် အဆက်ထပ် ဖြစ်ပေါ်ခနတာလဲ ကြောက်စရာဘဲ၊ အခကောင်အဆည်ဖြစ် မရှိပါဘဲနဲ့ အကောင်အထည် ဖြစ် ရှိသလိုပင် ထင်ပေါ်နေတာလဲ ကြောက်စရာဘဲ၊ချမ်းသာ ကောင်းစားအောင် (သည်လို တပျော်ထဲ ပျက်နေတဲ့ တရား တွေ အရှည် တည်တံ့နေအောင်) အားထုတ် ပြုလုပ်နေတာလဲ ကြောက်စရာဘဲ။ ဘဝအသစ် ဖြစ်ရမှာလဲ (သည်လို တပျော်ထဲ ပျက်နေတဲ့ တရားတွေ ထပ်ဖြစ်ဦးမှာလဲ) ကြောက်စရာဘဲ။ အိုရ နာရ သေရ စိုးရိမ် ပူဆွေး ငိုကြွေးရ အပြင်းအထန် စိတ် ပူပန်ရတာတွေလဲ ကြောက်စရာတွေချည်းဘဲ ဟု ဆင်ခြင် မိ၏။ ဤဆင်ခြင်မှုကိုလဲ မလွတ်စေနဲ့၊ မှတ်လိုက်ပါ။ ထိုအခါ၌ ယောဂီ၏ စိတ်သည် အားကိုးရာ မဲ့၍ အားငယ် ညှိုးနွမ်း နေသကဲ့သို့လဲ ရှိဘတ်၏၊ လျင်စွာ ကုန် ပျက် နေသော ရုပ် နာမ်တွေကို ကြောက်ရုံ့နေသကဲ့သို့လဲ ဖြစ်တတ်၏၊ ဝမ်းနည်း သလိုလိုလဲ ဖြစ်တတ်၏၊ ရှင်ပျ တက်ကြွခြင်းကား မရှိပြီ။ စိတ်မပျက်နဲ့၊ တရားသဘောအဘိုင်း ဉာဏ်တိုးတက်လာခြင်း

ပင်ဘည်း၊ ကြောက်စရာ ကောင်းသည်ကို သိရ၍ ဥပေက္ခာ စိတ်ဖြင့် မရှင် မည်ဦး ဖြစ်ရုံမျှ သာဘည်း။ ထို ဆင်ခြင်မှုမျှား ကိုလဲ မှတ်၍ ပေါ်ရာ ပေါ်ရာကို မပြတ် မှတ်နေလျှင် မကြာမီ လွန်မြောက် သွားပါလိမ့်မည်။ သို့သော်လဲ မမှာ်မူ၍ ကြာ မြင့်စွာ ဆင်ခြင်နေလျှင်ကား ဒေါမနဿ ဖြစ်လျက် မနေသာ အောင် တကယ်ကြောက်မှုလဲ ဖြစ်တတ်သေး၏။ ဤမနေသာ အောင် ကြောက်ခြင်းသည်ကား ဝိပဿနာဉာဏ် မဟုတ်ပြီ၊ သို့ ဖြစ်၍ ဒေါမနဿ အကြောက်မျိုး မဖြစ်စေရန် ဆင်ခြင်မှု များကို မလွတ်အောင်မှတ်ပါလေ။

ထိုပြင် မှာ်မူတို့၏ အကြားဌ် အပြစ်တင်လျက်လဲ ဆင် ခြင်မိတတ်၏၊ ပုံကား....သည်ရုပ်နာမ်တွေဟာ တပျက်ထဲ ပျက် နေ၍ မမြဲတဲ့ အတွက်လဲ မကောင်းဘူး၊ ယခု ဘဝဌ် စ၍ ဖြစ်ခဲ့ တာလဲ မကောင်းဘူး၊ မကုန်ဆုံးနိုင်အောင် မပြတ် ဖြစ်နေတာလဲ မကောင်းဘူး၊ အကောင်အထည်ဒြဗ် မရှိပါ ဘဲနဲ့ အဒကောင်အထည်ဒြဗ် ရှိသလိုပင် ထင်ပေါ် နေဘာလဲ မကောင်းဘူး၊ ချမ်းသာကောင်းစားအောင် အားထုတ်ပြုလုပ် နေတာလဲ မကောင်းဘူး၊ ဘဝအသစ်ဖြစ်ရတာလဲ မကောင်း ဘူး၊ အိုရ နာရ သေရ စိုးရိမ် ပူဆွေးရ ငိုကြွေးရ အပြင်း အထန် စိတ် ပူပန်ရတာတွေလဲ မကောင်းဘူး၊ဆင်းရဲချည်းဘဲ မငြိမ်းအေးတာချည်းဘဲဟူ၍ ဆင်ခြင်မိဘတ်၏၊ ဤဆင်ခြင် မှုများကိုလဲ မှတ်မိပါစေ၊ ထိုအခါဌ် မှတ်ရတဲ့ နာမ်ရုပ်နှင့်

မှတ်စိတ်ဟူသမျှကို အလွန် ရှုနှုန်းကြမ်းတန်းသည် ဟူ၍လဲ ထင်မြင်တတ်၏၊ အလွန်ယုတ်ညံ့ ဆိုးဝါးသည် ဟူ၍လဲ ထင်မြင်တတ်၏၊ ဘာမျှ အသုံးမကျ အဘိုးမတန်ဘူး ဟူ၍လဲ ထင်မြင်တတ်၏၊ ပေါ်လိုက် ပျောက်လိုက်နှင့် ရှဳမုန်းစဆုတွေ့ ချည်း တွေ့နေရသည် ဟူ၍လဲ ထင်မြင်တတ်၏၊ ကိုယ်ကောင်ကြီးတခုလုံး ပုပ်ရိ ဆွေးမြည့် နေသလိုလဲ ထင်မြင်တတ်၏၊ အလွန် ပျက်လွယ်သကဲ့သို့လဲ ထင်မြင်တတ်၏။

ထိုအခါ၌ ရုပ်နာမ်တို့ကို ဖြစ်ပေါ်စဉ်အတိုင်း မှတ်သိလျက် ရှိခဲသော်လဲ ယောဂီ၏ စိတ်သည် ထို ရုပ်နာမ်တို့၌ ပျော်မွေ့ခြင်း မရှိပြီ၊ မှတ်ချက်တိုင်း၌ ရုပ်နာမ်တို့၏ ကုန်ပျက်မှုကို ပိုင်းပိုင်းခြားခြား တွေ့လျက် မှတ်သိမှု ကောင်းခြားသော်လဲ ရှေးကလို အားရ တက်ကြွခြင်း မရှိပြီ၊ မပျော်မမွေ့ ငြီးငွေ့သော အခြင်းအရာနှင့် တကွသာလျှင် ဖြစ်၏၊ ထို့ကြောင့် မမှတ်ချင်သလိုလို မှတ်ရမှာ ပျင်းသလိုလိုလဲ ဖြစ်တတ်၏၊ သို့သော် မမှတ်ဘဲလဲ မနေနိုင်၊ မှတ်လျက် မှတ်လျက်သာရှိ၏၊ဥပမာ....မစင်ရှံ့ညှန် လူးပေသော လင်းပေါ်၌ မလဲသာ၍ သွားရလျှင် နင်းတိုင်း နင်းတိုင်း ရှဲ့ရှာ ငြီးငွေ့သကဲ့သို့ ငြီးငွေ့၊ မသွားဘဲလဲ မနေနိုင်၊ သွားလဲ သွားရသကဲ့သို့ ဖြစ်ပေ၏။ ထိုအခါ၌ လူ့ဘုံကို စဉ်းစား ကြည့်မိလျှင် တပျက်ထဲ ပျက်နေတဲ့ ရုပ်နာမ်တို့မှ မကင်းနိုင်ဟု သဘောကျသောကြောင့် ဘယ်လို လူ့အဖြစ်မျိုး ဘယ်လို ယောကျ်ား

မိန်းမ အဖြစ်မျိုး ဘယ်လို မင်းအဖြစ် သူဌေး အဖြစ်မျိုး တွင်မျှ ပျော်မွေ့ဘွယ်ကို မမြင်ပြီ၊ ငြီးငွေ့ဘွယ်ဟူ၍သာ ထင်မြင်၏၊ နတ်ဘုံ ဗြဟ္မာဘုံတို့ကို ဧည်းစားကြည့်မိလျှင်လဲ နည်းတူပင် သဘောကျသောကြောင့် ငြီးငွေ့ဘွယ် ဟူ၍သာ ထင်မြင်၏။

ငြီးငွေ့သောကြောင့် မှတ်တိုင်း မှတ်တိုင်းသောစိတ်သည် မှတ်သိရသော ရုပ်နာမ်သင်္ခါရတို့မှ အတင်းရုန်းကန် ဖဲ့ထွက်နေသကဲ့သို့လဲ ထင်ရဘတ်၏၊ မြင်မှု ကြားမှု ထိမှု ကြုံမှု ထိုင်မှု ထမှု ကွေးမှု ဆန့်မှု ရှုမှတ်မှုစသော သည်ဟာတွေ အလုံးစုံ မရှိတာက ကောင်းတော့တာဘဲ၊ သည်ဟာတွေကို လွတ်ရာ တခြားသို့ စွန့်ပစ်သိုက်ရလျှင် ကောင်းမှာဘဲ၊ သူတို့ မရှိရာသို့ ရောက်ချင်ပါဘိတော့တယ် ဟု ဤသို့ စသည်ဖြင့် သင်္ခါရတို့မှ လွတ်မြောက်ရန်လိုလားလျက် ကြုံစည်မိတတ်၏။ ထိုကြုံစည်မှုကိုလဲ မလွတ်စေနဲ့၊မှတ်လိုက်ပါ။ သည်ရုပ်နာမ်တွေကင်းအောင် ဘယ်လိုလုပ်ရပ၊မည်လ၊မှတ်မြဲအတိုင်း မှတ်နေလျှင် မကောင်းတာတွေကို လှုန်လှောပြီး ကြည့်နေသလိုဖြစ်နေတာဘဲ၊ မကောင်းတာတွေကုံချည်း တွေ့နေတော့တာဘဲ၊ သူတို့ကို နှလုံးမသွင်းဘဲ နေမှတာက ကောင်းမှာထင်ပါရဲ့. ဟူ၍လဲ စဉ်းစားမိတတ်၏။ ထို စဉ်းစားမှုကိုလဲ မှတ်သိကဲပါ။

တချို့မှာ ထိုသို့စဉ်းစားမိတဲ့အတိုင်းပင် မမှတ်တော့ဘဲ ရပ်နားနေမိတတ်၏၊ ရပ်နားနေသော်လဲ မြင်မှုကြားမှု သိမှုဖေါင်းမှု ပိန်မှု ထိုင်မှု ကွေးမှု ဆန့်မှု ကြုံမှုစသော နာမ်ရုပ်များက မဖြစ်ဘဲလဲမနေချေ၊ ဖြစ်မြဲပင် ဖြစ်ပေါ်လျက်သာရှိ၏၊ ရှုမှတ်ခဲ့သော ဝိပဿနာအာဟုန်ကြောင့် ရုပ်နာမ်များက မထင်ဘဲလဲမနေချေ၊ ထင်မြဲပင် ထင်ပေါ်လျက်သာရှိ၏၊ ထင်ရှားသောထိုရုပ်နာမ်တို့ကိုသိမှုကလဲအလိုလိုပင်မပြတ်သိလျက်ရှိ၏၊ ထို့ကြောင့် ဤသို့ဆင်ခြင်လျက် သဘောကျတတ်၏၊ "မမှတ်ဘဲ နေသော်လဲ ရုပ်နာမ်တွေက ဖြစ်လဲဖြစ်ပေါ်နေတာဘဲ၊ ထင်လဲ ထင်ပေါ်နေတာဘဲ၊ သိမှုကလဲ သူတို့ကို မပြတ်သိနေတာဘဲ၊ သို့ဖြစ်၍ မမှတ်ဘဲနေရုံမျှဖြင့် သည်ရုပ်နာမ်တွေ့မှ မလွတ်နိုင်သေးဘူး၊ သူတို့ကို မစွန့်နိုင်သေးဘူး။ အစဉ်အတိုင်းမှတ်၍ အနိစ္စ ဒုက္ခ အနတ္တ အဖြစ်ကို ကောင်းကောင်းသိမြင်ပြီးမှ သူတို့ကို ဂရု စိုက်ဘဲ လျစ်လျူရှုနိုင်မည်၊ သူတို့ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကိုလဲ သိမြင်ရမည်၊ ထိုအခါကျမှ ကောင်းကောင်း ငြိမ်းအေးသွားမည်" ဟူ၍ သဘောကျပြီးလျှင် မှတ်မြဲပင် တဖန်ပြန်၍ မှတ်၏။ ကိုယ်တိုင်မဆင်ခြင်တတ်ဓသာ သူသည်လည်း ဆရာက ဟောပြတဲ့အတိုင်း သဘောကျ၍ တဖန်မှတ်မြဲ မှတ်ပြန်၏။

ဤသို့ မှတ်မြဲတိုင်းတဖန်မှတ်၍ အရှိန်ကောင်းလာသော အခါ၌၊ အချို့ပုဂ္ဂိုလ်မှာ မခံသာသော ဝေဒနာများကိုလဲ

တွေ့ရတတ်သေး၏။ စိတ်မပျက်လင့်၊ ဒုက္ခတော ထောက်တော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော စသည် တို့နှင့် အညီ ဆင်းရဲအစုထောက်ဒါအစုကဲ့သို့ ထင်ပေါ်စေလျက်၊ ဒုက္ခ လက္ခဏာ အထူး ထင်ရှားခြင်းပေတည်း၊ လွန်မြောက် သွားအောင် မှတ်ပါလေ။ ဤသို့လွန်ကဲသော ဒုက္ခဝေဒနာကို မတွေ့ရသော်လဲအနိစ္စ ဒုက္ခ အနတ္တအခြင်းအထူ(၄၀)တို့တွင် တပါးပါးသည် ထိုက်သည်အားလျော်စွာ မှတ်ချက်တိုင်း၌ ထင်ရှား၏။ ဤသို့ထင်ရှား၍ ပယ်လွှင့်ခြင်းမရှိဘဲ အမှတ် ကောင်းနသော်လဲ၊ ယောဂီသည်ကား မှတ်သိမှုကိုမခကွာင်း ဘူး ဟူ၍သာ ထင်တတ်၏၊ အာရုံနှင့်မှတ်စိတ်တို့ ကောင်း ကောင်းမကပ်ဘဲ ဝေးနေသည်ဟူ၍လဲ ထင်တတ်၏၊ ရုပ်နာမ် တို့၏ အနိစ္စ ဒုက္ခ အနတ္တ သဘောကို ပိုင်ပိုင် နိုင်နိုင်ကြီး သိလိုတဲ့အတွက် အားမရနိုင်ခြင်းပင်တည်း။ ဤသို့အား မရသောကြောင့် အမျိုးမျိုးပြောင်းလဲ ပြုပြင်မိတတ်၏၊ ထိုင်လျက် မှတ်နေရာမှ မကောင်းဘူးဟု ထင်၍ စင်္ကြံသွား လိုတတ်၏၊ သွားလျက် မှတ်နေရာမှ မကောင်းဘူးဟု ထင် ပြန်၍ ထိုင်လိုတတ်၏၊ တဖန် မးကောင်းဘူးဟု ထင်ပြန်၍ လက်ခြေတို့ကို ပြောင်းရွှေ့ပြုပြင်လိုတတ်၏၊ တခြားနေရာသို့ ရွှေ့ပြောင်း လိုတတ်၏၊ လဲလျောင်း လိုတတ်၏။ ဤသို့ ဆမျိုးမျိုး ပြောင်းရွှေ့ပြုပြင်၍ မှတ်သော်လဲ ဘယ်နေရာ ဘယ်အနေမျိုးတွင်မျှ ကြာရှည်စွာ တည်မနေနိုင်၊ ခဏခဏ

ပြောင်းလဲရတတ်သည်။ စိတ်မပျက်လင့်။ ရုပ် နာမ် သင်္ခါရ တို့ကို သာယာဘွယ် မရှိသည့်အတိုင်း မှန်ကန်စွာ သိရခြင်း ကြောင့်ရင်း၊ သင်္ခါရပေကွာဉာဏ်ကဲ့သို့ လစ်လျူ။ မရှုနိုင်သေး သောကြောင့်ရင်း၊ မှတ်သိမှုက ကောင်းနေပါလျက်မကောင်း ဘူးဟု ထင်ခြင်း အားမရခြင်းမျှသာတည်း။ အပြောင်း အရွှ. မများ စေဘဲ တခုထည်းသော ဣရိယာပုထိုဖြင့် ကြာမြင့်စွာ မှတ်နိုင်အောင် ကြိုးစားပါ။ မကြာမီပင် အေး ချမ်းစွာ အမှတ် ကောင်းသွားပါလိမ့်မည်။ မလျှော့သော လုံ့လဖြင့် မှတ်နေလျှင် စိတ်သည် တစတစနှင့် ကြည်၍ ကြည်၍ လာလိမ့်မည်။ နောက်ဆုံး၌ ထင်သမျှ သိသမျှနှင့် အားမရခြင်း ပြုပြင်လိုခြင်းမှာ လုံး၀ ကင်းငြိမ်းသွား လိမ့်မည်။

သင်္ခါရတို့ကို ကြောင့်ကြမစိုက်ဘဲ လျစ်လျူ။ ရှုနိုင်အောင် ဉာဏ်အား ပြည့်လာသော အခါ၌ မှတ်စိတ်သည် အလွန် ကြည်လင်၏၊ အလွန်နူးညံ့သိမ်မွေ့၏၊ သူ့အရှိန်နှင့်သူ အလို လိုပင် သိလျက် သိလျက် ဖြစ်နေသည်ဟု ထင်ရ၏၊ အလွန် သိမ်မွေ့သော ရုပ် နာမ် အမှုအရာ ကလေ များကိုးသင်္ခ အထူး ကြောင့်ကြ မစိုက်ရဘဲ သိလျက် သိလျက် ရှိ၏၊ အနိစ္စ ဒုက္ခ အနတ္တ ဒဿခြင်းအရာ အမျိုးမျိုးကိုလဲ အထူးမဆင်ခြင် ရဘဲ ထင်ရှား သိလျက် သိလျက် ရှိ၏၊ တကိုယ်လုံး၌ တွေ့ထိမှု ကလေး များကိုသာ တခုပြီး တခု ကွက်ကနဲ ကွက်ကနဲ

သိလျက် ရှိနေတတ်၏၊ ဝါဂွမ်းနှင့် တို့ထိ ဘိသကဲ့သို့ သိမှုကာလေး များသည် အလွန် သိမ်မွေ့စွာ ဖြစ်တင်၏။ တရုံတခါဌ် ကိုယ်ထဲမှ တွေ့ထိမှု များစွာ ထင်ပေါ်၍ ချာချာလဲည့်နေအောင် မှတ်သိမှု လျင်မြန်စွာ ဖြစ်၏၊ ကိုယ်ရော စိတ်ပါ အထက်သို့ ရုန်းကြွနေသလိုလဲ ဖြစ်တတ်၏၊ တရုံတခါဌ်ကား မှတ်နေက္ခ အာရုံ အနည်းငယ်သာ ထင်ပေါ်လျက် အေး ဆေး ငြိမ်သက်စွာ မှတ်သိရ၏၊ တရုံတခါဌ် ဖေါင်းမှု ပိန်မှု ထိမှု ကြားမှုတို့နှင့် တကွ တကိုယ်လုံး ပျောက်၍၊ စိတ်ကလေး တခုတည်းသာ ဖြင်ပျက်လျက် ရှိသည်ကို မှတ်သိရ၏၊ကိုယ်ထဲဌ် သိမ်မွေ့ဆသာ ရေမှုံရေမွှား ကလေးများဖြင့် ဆွတ်ဖျန်းပေးသကဲ့သို့ ပီတိ ဖြစ်သည်ကုံလဲ တွေ့ရဘတ်၏၊ ငြိမ်းအေးမှု–ပဿဒ္ဓိ ဖြစ်သည်ကိုလဲ တွေ့ရတတ်၏၊ မိုးကောင်းကင်ကဲ့သို့ ကြည်လင်နေသော အလင်းကိုလဲ တွေ့ရတတ်၏၊ ဤအာရုတ္တုထူး အသိထူးများကြောင့် ရွှေးကလို အလွန်အကဲ ဝမ်းသာခြင်းကား ၊ဖြစ်ဘတ်ပေ၊ သို့သော်လဲ နှစ်သက် သာယာမှုကား ဖြင်တတ်၏၊ ထို နှစ်သက်မှုကိုလဲ မှတ်လိုက်ပါ၊ ပီတိ ပဿဒ္ဓိ အလင်းတို့ကိုလဲ မှတ်ပါ၊ မှတ်၍မှ မပျောက်လျင်ကား ၎င်းတို့ကို လျစ်လျူရှု၍၊ ပေါ်ရာ ပေါ်ရာကိုသာ မှတ်သွားပါလေ။

ဤဉာဏ်အရာဌ် အာရုံဟူသမျှနှင့် မှတ်သိမှုဟူသမျှကို "ငါကောင်လဲ မဟုတ်၊ ငါကောင်၏ ဥစ္စာလဲ မဟုတ်၊

သူတပါး ကောင်လဲ မဟုတ်၊ သူတပါး၏ ဥစ္စာလဲ မဟုဘ်၊ သခ်ၤါရသဘောမျှသာ ဟုတ်သည်၊ သခ်ၤါရသဘောမျှားက သခ်ၤါရသဘောမျှားကို မှတ်သိနေသည် ” ဟု ဤသို့ သိမြင်သဘောကျမှုသည် ရှင်းလင်းစွာ ဖြစ်၏။ မှတ်ရတာ အလွန်အရသာ ရှိသလိုပင် ကောင်းနေသည် ဟူ၍သာ ထင်ရ၏၊ မည်မျှ ကြာစေကာမူ မှတ်၍ အားမရနိုင်ဘဲ ရှိဘတ်၏၊ ညောင်းခြင်း ထုန်ကျဉ်ခြင်း နာခြင်း ယားခြင်း စသော ဒုက္ခဝေဒနာမျိုးများ လုံးဝ ကင်းငြိမ်းလျက်ရှိ၏၊ထို့ကြောင့် ဤရိယာပုထ်များလဲ အထူးခိုင်ခံ့၏၊ ထိုင်လျက် ဖြစ်စေ, လျောင်းလျက် ဖြစ်စေ ဤရိယာပုထ် တမျိုးတည်းဖြင့် မှတ်နေလျှင် ၂-နာရီ ၃-နာရီ ကြာသော်လဲ ညောင်းညာပင်ပန်းခြင်း မရှိဘဲ အချိန်ကုန်မှန်း မသိ ကုန်သွားတတ်၏၊ တခဏလောက် မှတ်မည်ဟု ကြံ၍ မှတ်နေသော်လဲ ၂-နာရီ ၃-နာရီခန့် ကြာသွားတတ်၏၊ ထိုအခါ၌လဲ မူလအတိုင်းပင် ကိုယ် ခေါင်း လက် ခြေ တည်နေပုံမှာ အမူအရာမယွင်း မပျက်ဘဲ ရှိ၏။

တခါတရံ၌ ခပ်သွက်သွက် ဖြစ်လျက် မှတ်သိမှု အထူး ကောင်းလာတတ်၏၊ ထိုအခါ၌ “ဘယ်လိုများ ဖြစ်သွားမလဲ” ဟု စိုးရိမ်မှု ဖြစ်တတ်၏၊ စိုးရိမ်တယ်ဟု မှတ်လိုက်ပါ။ “တထုး ကောင်းလာသည်” ဟူ၍လဲ ဆင်ခြင်မိတတ်၏၊ဆင်ခြင်တယ်ဟု မှတ်လိုက်ပါ “ဥာဏ်တက်တော့မည်” ဟူ၍လဲ မြော်မိထတ်၏၊

မြေဘယ်ဟု မှတ်လိုက်ပါ။ ပြီးလျှင် မှတ်မြဲအတိုင်း မှန်မှန်သာ မှတ်သွားပါလေ။ တိုးရှိလဲ ကြောင့်ကြမစိုက်လင့်၊ လျှော့ရှိလဲ မပေးလင့်။ အချို့မှာ ဤသို့သော စိုးရိမ်မှု, ဝမ်းသာမှု, နှစ်သက်မှု, မြေလင့်မှု, ကြောင့်ကြစိုက်မှု ဟူသော ပုံလွှဲတဲ့ စိတ်များက ဝိပဿနာကို ခြားနား ဝေးကွာစေသောကြောင့် အားမလျှော့သွားခြင်း ပေတည်။ သို့ဖြစ်၍ မှတ်သိမှု သွက်လက် လျင်မြန်ကာ အထူးကောင်း လာလျှင်၊ မလျှော့ မတိုးဘဲ မှတ်မြဲအတိုင်း မှန်မှန်သာ မှတ်သွားပါလေ။ ဤသို့ မှတ်သွားလျှင်၊ သခ္ခါရငြိမ်းသော နိဗ္ဗာန်သို့ ရောက်အောင် တဟုန်တည်း တက်သွားပါလိမ့်မည်၊ သို့သော်လဲ အချို့ပုဂ္ဂိုလ်မှာ ဤဉာဏ် အဆင့်၌ တက်လိုက် ကျလိုက်နှင့် ဖြစ်ပုံကို အကြိမ်များစွာ တွေ့ရတတ်ပေသည်။ စိတ်မပျက်ဘဲ ဇွဲ ကောင်းပါစေ။ ဤဉာဏ်အင်အား ပြည့်စေရန် "ဒုါရ ၆-ပါး၌ ဖြစ်ပေါ်နေသည်အတိုင်း လိုက်၍ တကိုယ်လုံး၌ ဖြန့်၍ ဖြန့်၍ မှတ်ခြင်းကိုလဲ" အလေးပြုပါလေ။ ဖြန့်၍ မှတ်ရမည်ဟု ဆိုသော်လဲ ငြိမ်သက် သိမ်မွေ့

စ္စာ အမှတ်ကောင်းနေစဉ်ဌကား ဖြန့်ချိပင် မရနိုင်တော့ပြီး သို့ဖြစ်၍ ငြိမ်သက် သိမ်မွေ့သော မှတ်သိမှုသို့ မရောက်သေးမီ ရှေးအဖို့က မှတ်သိမှု အရှိန်ကောင်းလာသည်မှ စ၍ ဖြန့်ချိ ဖြန့်၍ မှတ်ပါလေ။

တက်လိုက် ကျလိုက် ဖြစ်ပုံ....ပေါင်းမှု ပိန်မှု ထိုင်မှုတို့က စ၍ဖြစ်စေ, တပါးသော ကိုယ် စိတ် အမူအရာများက စ၍ ဖြစ်စေ ရှုမှတ်သွားလျှင်၊ မကြာမီပင် ရှုမှတ်မှုသည် အရှိန်ကောင်းသွား၏။ အထူးကြောင့်ကြ မစိုက်ရဘဲ သူအလိုလို ပင် ငြိမ်သက်သိမ်မွေ့စွာ မှတ်သိ မှတ်သိ နေသကဲ့သို့ ဖြစ်၏။ တရိပ်ရိပ်နဲ့ ပျက်နေသော သင်္ခါရတို့ကို အေးအေးသာသာနှင့် စောင့်ပြီး ကြည့်နေရသလိုပင် အစဉ်အတိုင်း ရှင်းလင်းစွာ သိလျက် သိလျက် ရှိ၏။ ထိုသို့သော ကာလ၌ စိတ်သည် ကိလေသာ ဖြစ်ဘွယ် အာရုံကို အလျဉ်းပင် နှလုံး မသွင်းမိ တော့ပြီ၊ မည်မျှလောက် သာယာဘွယ်ကောင်းတဲ့ အာရုံနှင့် တွေ့ရသော်လဲ၊ သာယာဘွယ်ဟု နှလုံးမသွင်းမိပြီ၊ မည်မျှ လောက် မုန်းဘွယ်ကောင်းတဲ့ အာရုံနှင့် တွေ့ရသော်လဲ မုန်း ဘွယ်ဟု နှလုံးမသွင်းမိပြီ၊ မြင်ရုံမျှ ကြားရုံမျှ နံရုံမျှ စားသိရုံမျှ ထိရုံမျှ ကြုံသိရုံမျှ၌သာ တည်လေတော့၏။ အခက်း (၄)၌ ပြခဲ့သော ဆဋ္ဌဂုံပေကွာသည် မှတ်ချက်တိုင်း၌ ထင်းရှား ဖြစ်ပေါ်လျက်ရှိ၏။ ထို့ပြင် အယုတ်ဆုံးအားဖြင့် "ယခုငါ ထိုင်နေတာဘဲ၊ ထိုင်နေတာ ဘယ်လောက်ကြာသွားပြီ၊ ဘယ်

အချိန် ရှိသွားပြီ" ဟု ဤသို့သော ဆင်ခြင်မှုသော်လဲ မဖြစ်ပေါ်ဘဲ ကင်းငြိမ်းလျက်ရှိ၏။ ထိုထက် လွန်ကဲသော ဆင်ခြင်မှုမျိုး မဖြစ်သည်မှာ ဆိုဘွယ်ပင် မရှိပြီ။ သို့သော်လဲ မဂ်သို့ ရောက်စေနိုင်လောက်အောင် ဉာဏ်အား မပြည့်သေးလျှင်၊ ၁-နာရီ ၂-နာရီ ၃-နာရီ စသည် ကြာသောအခါ၌ စူးစိုက်မှု လျော့ပေါ့၍ ငဉ်းစား ဆင်ခြင်မှု ဖြစ်ပေါ်လာတတ်၏။ ထိုအခါ၌ ရှုမှတ်မှုသည် ခပ်ကျဲကျဲ ခပ်လျော့လျော့ ဖြစ်သွားတတ်၏။ သို့မဟုတ် အမှတ်အထူး သွက်လက်၍ ကောင်းလာစဉ်မှာ ဉာဏ် တက်တော့မည်ဟု မြော်မိတတ်၏၊ ဝမ်းသာမိတတ်၏။ ထို့ကြောင့်လဲ လျော့ကျသွားတတ်၏။ ဤဆင်ခြင်မှု မြော်မှု ဝမ်းသာမှုတို့ကိုလဲ မလွတ်စေနဲ့၊ မှတ်လိုက်ပ'။ တဖန် ဂရုစိုက်၍ မှတ်ပြန်လျှင် ရှေးနည်းတူပင် ကောင်းသွားပြန်၏။ ဉာဏ်အား မပြည့်သေးလျှင်၊ ကြာမြင့်သော အခါ၌ တဖန် ခပ်ကျဲကျဲ ခပ်လျော့လျော့ ဖြစ်သွားပြန်၏။ ဤသို့သော နည်းဖြင့် အချို့ပုဂ္ဂိုလ်မှာ တက်လိုက် ကျလိုက်နဲ့ အကြိမ်များစွာလဲ ဖြစ်တတ်၏။ ဉာဏ်စဉ် ဖြစ်ပုံကို ကြားနာဘူး သိဘူးသူများမှာ ဤကဲ့သို့ သာ၍ ဖြစ်တတ်သည်။ သို့ဖြစ်၍ ဆရာနှင့်တကွ အားထုတ်မည့်သူ ဖြစ်လျှင် ဉာဏ်စဉ် ဖြစ်ပုံကို စောစောက မှတ်သားမထားခြင်းသည် သာ၍ ကောင်းပေ၏။ ဤသို့တက်လိုက် ကျလိုက်နဲ့ ဖြစ်ပုံကို အကြိမ်များစွာ တွေ့ရသော်လဲ စိတ်မပျက်လင့်၊ မဂ်ဖိုလ်နှင့်

ဖောလွန် နီးကပ်နေပြီ။ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ အညီ အမျှ ရင့်သန်သွားလျှင်၊ တခဏကလေး အတွင်းမှာပင် မဂ် ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်တွေ့ရတော့မည်။

နိဗ္ဗာန် အာရုံသို့ ကူးသွားပုံ

ဤသို့ တက်လိုက် ကျလိုက်နဲ့ ဖြစ်နေသော ဝိပဿနာ ဉာဏ်သည် ပင်လယ်ကူး သဘော်မှ လွှတ်လိုက်သော ငှက်နှင့် တူ၏။ တူပုံကား.... ရှေးခေတ် ကာလက ပင်လယ် ခရီးသည် တို့သည် ကမ်းစကျန်း နီးဆု အရပ်ကို မမှန်းဆနိုင်သော အခါ၌ အသင့်ယူဆောင်ခဲ့သော ကျီးငှက်ကို လွှတ်လိုက်၍ စူးစမ်းကြသတဲ့။ ထိုငှက်သည် သဘော်မှ ပျံသွား၍ အရပ် လေးမျက်နှာ၌ ကမ်းစကို ရှာသတဲ့။ ကမ်းကို မတွေ့ရသေး လျှင် သဘော်သို့သာ ပြန်၍ ပြန်၍ နားရသတဲ့။ နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် မဂ်ဉာဏ် ဖြစ်နိုင်လောက်အောင် ဉာဏ် အားမပြည့်သေး၍ တဖန်ကွဲကျဲ သွားခြင်းသည် ကမ်းစကို မတွေ့ရသော ထိုငှက်၏ သဘော်သို့ ပြန်ပြန် ကပ်နားခြင်း နှင့် တူ၏။ ကမ်းအရပ်ကို မြင်လျှင်ကား ထို ငှက်သည် သဘော်ဆီသို့ မပြန်လာတော့ဘဲ ထို ကမ်းဆီသို့သာလျှင် တဟုန်တည်း ပျံသွားသတဲ့။ ဤအတူပင် ဤမှတ်သိမှု-ဝိပဿနာဉာဏ် ထည်လည်း ကွဲခြင်းပါး ရင့်သန်သော ဆဏ၌ အမှတ် အထူး ကောင်းနေစဉ် အတွင်းမှာပင်

တကြိမ်ဆက် တကြိမ် သာ၍ သွက်လက် ရှင်းလင်းစွာ အနည်းဆုံး သုံး လေးခါမျှ သိမြင်ပြီးလျှင် ထိမှု သိမှု ကြားမှု မြင်မှု စားမှု နံမှုဟူသော ဤသခ်ါရ·ဓ·မျိုးတို့တွင် (တွေ့ကြုံလွယ်ထုကို ရှေးထား၍ ဝဉ်သည်) ထိုခဏ၌ ထင်ရှားဖြစ်ပျက်သော သခ်ါရတမျိုးမျိုးကို မှတ်သိပြီးသည်နှင့် တပြိုင်နက် မှတ်ရတဲ့အာရုံနှင့် မှတ်သိမှု ဟူသော သခ်ါရ အလုံးစုံ ကင်းပြတ် ချုပ်ငြိမ်းသော နိဗ္ဗာန်ကို မျက်မှောက် တွေ့မြင်လျက် မဂ် ဖိုလ် အဖြစ်သို့သာလျှင် ဆိုက်ရောက်သွားလေတော့၏။

ဤသို့ ဆိုက်ရောက် သွားသော သူအား ဆိုက်ရောက် ခါနီ တွင် ရှေးအဖို့က တကြိမ်ထက် တကြိမ် သွက်လက် ကောင်းမွန်သော မှတ်ချက်မျှားလဲ ကောင်းစွာ ထင်ရှား ပေ၏၊ နောက်ဆုံး မှတ်ချက်၏ အခြားမဲ့၌ သခ်ါရ အာရုံ အလုံးစုံကို စွန့်လွှတ်ပြီးလျှင် သခ်ါရ ကင်းပြတ် ချုပ်ငြိမ်း သော နိဗ္ဗာန်အာရုံသို့ ကူးပြောင်းသွားပုံလဲ ကောင်းစွာ ထင်ရှား၏။ ထို့ကြောင့် ပင်လျှင် ထိုသို့ ရောက်ပြီးသော သူတို့သည် ဤသို့ ပြောပြတတ်ကုန်၏။ "အာရုံနဲ့ အမှတ်တွေ့ အာကုန်လုံး တိကနဲပြတ်ပြီး ရပ်စဲသွားသည်" ဟူ၍၎င်း၊ "နှယ် တန်းကြီးကို ခနဲ့ဖြတ်ချလိုက်သလိုပင် အာရုံနဲ့ အမှတ်တွေ့ တိကနဲ ပြတ်သွားသည်" ဟူ၍၎င်း၊ "လေးလံတဲ့ ဝန်ထုပ် ကြီးကို တွန်းချလိုက်ရသလိုပင် အာရုံနဲ့အမှတ်တွေ့ အာကုန်လုံး ပြုတ်ကျသွားသည်" ဟူ၍၎င်း၊ ဆွဲကိုင်ထားရာမှ လွတ်ကျ

သွားသလိုပင် အာရုံနဲ့ အမှတ်တွေမှ လွတ်သွားသည်" ဟူ၍ဂင်း၊ "အကျဉ်းအကြပ် အနှောင်အဖွဲထဲမှ ရုတ်တရက် လွတ်သွားသလိုပင် အာရုံတွေ အမှတ်တွေမှ ကျွတ်လွတ် သွားသည်"ဟူ၍ဂင်း၊ "အာရုံနဲ့အမှတ်တွေ ချုပ်ပြတ်သွား ပုံက မီးတောက်ကလေး ငြိမ်းသွားသလိုပင် သိပ်လျှင်မြန်တာဘဲ" ဟူ၍ဂင်း၊ "အမှောင်ထဲမှ အလင်းထဲသို့ ရုတ်တရက် ရောက်သွားသလိုပင် အာရုံနဲ့အမှတ်တွေမှ လွတ်သွားသည်" ဟူ၍ဂင်း၊ "အရှုပ်ထဲမှ အရှင်းထဲသို့ ဖြုတ်ကနဲ ရောက်သွား သလိုပင် အာရုံနဲ့ အမှတ်တွေမှ လွတ်ထွက်သွားသည်" ဟူ၍ဂင်း၊ "ရေထဲမှာ မြုပ်သွားသလိုပင် အာရုံရော မှတ် စိတ်ရောမြုပ်သွားသည်" ဟူ၍ဂင်း၊ ပြေးလာသော သူကို ဆီး၍ တွန်းလိုက်သလိုပင် အာရုံနှင့် အမှတ်ရပ်တန့်သွား သည်"ဟူ၍ဂင်း၊ "အာရုံရော မှတ်စိတ်ရော ပျောက်သွား သည်"ဟူ၍ဂင်း၊ ဤသို့ စသည်ဖြင့် ပြောပြတတ်ကြပေသည်။

သခ်ၤါရ ချုပ်ငြိမ်းတဲ့ သဘောကို မျက်မှောက်တွေ့ရသော ထို အချိန်ကာလသည်ကား မကြာမြင့်လှချေ၊ တကြိမ်တည်း သော မှတ်သိမှု၏ ကာလကဲ့သို့ တခဏကလေးမျှသာတည်း။ ထို့နောင် ထိုသို့ ဖြစ်ပုံကို ပြန်၍ဆင်ခြင်မိ၏။ အာရုံနဲ့ အမှတ် တွေ ချုပ်ကင်းလျက် ငြိမ်းသွားတာဟာ တထူးထူးဘဲ ဟူ၍ ဖြစ်စေ၊ မဂ်ဖိုလ် နိဗ္ဗာန်ဘဲ ဟူ၍ဖြစ်စေ ဆင်ခြင်မိ၏။ အချို့ သော သုတရှိသူသည်ကား သခ်ၤါရ ချုပ်ကင်း လျက်

ငြိမ်းဝဲ့သဘောက နိဗ္ဗာန်ဘဲ၊ ငြိမ်းထူသို့ ဆိုက်ရောက်လျက် မျက်မှောက် သိတာက မဂ် ဖိုလ်ဘဲ၊ ငါသည်နိဗ္ဗာန်ကို မျက်မှောက် တွေ့ရပြီ၊ ဒေသတာပတ္တိ မဂ် ဖိုလ် ရပြီ ဟု ဆင်ခြင်မိ၏။ ဤသို့သော ဆင်ခြင်မှုမှာ သန်ဲ့ရချုပ်ငြိမ်းမှုသို့ ဆိုက်ရောက်ပုံကို နာကြား မှတ်သားဘူးသော သူအား, ကျန်ပြည့်စုံစွာ ဖြစ်တတ်၏။ ထို့ပြင် ပယ်ပြီး ကင်းပြီးသော ကိလေသာ, မပယ်ရသေး မကင်းသေးသော ကိလေသာတို့ကိုလဲ အချို့ပုဂ္ဂိုလ်တို့သည် ဆင်ခြင်တတ်သေး၏။ ဆင်ခြင်ပြီးလျှင် ဖြစ်ဆဲ ကိုယ် စိတ် အမှုအရာ မျှားကို မှတ်မြဲပင် မှတ်ပြန်၏၊ ထိုအခါ၌ ချုပ် နာမ် အဖြစ် အပျက် မျှားသည် ခပ်ကြမ်းကြမ်း ဖြစ်လျက် ထင်ပေါ်၏။ အစနှင့် အဆုံး— အဖြစ်နှင့် အပျက် နှစ်ပါးလုံးပင် ပီပီ သသ ထင်ရှား၏။ ထို့ကြောင့် "အမှတ်ကဲ့သွားသည် လျော့ကျသွားသည်" ဟု ထင်ရ၏၊ အမှန်အားဖြင့်လဲ ဥဒယဗ္ဗယဉာဏ်သို့ ပြန်ရောက်နေသည်ဖြစ်၍၊ လျော့ကျသည် မှန်ပေ၏။ ထိုဉာဏ်သည် ဥဒယဗ္ဗယဉာဏ်ဖြစ်သောကြောင့်၊အလင်းရောင်နှင့် ပုံသဏ္ဌာန် အာရုံမျှားကိုလဲ တွေ့ရတတ်၏။ အချို့မှာ ရုတ်တရက်ပြန်၍ မှတ်ခါစ၌၊ အာရုံနှင့် အမှတ်မတဲ့ဘဲ ချော်လွဲနေသည်ကိုလဲ တွေ့ရတတ်၏၊ အချို့မှာ ဒုက္ခဝေဒနာကလေးမျှားကိုလဲ တခဏမျှ တွေ့ရတတ်၏။ အမျှားအားဖြင့်ကား အလွန်ကြည်လင်သော စိတ်မျှား အဆက်ဆက် ဖြစ်ပေါ်လျက် ရှိတတ်၏၊

ထိုအခါမှာ ဟင်းလင်းပြင်၌ စိတ် တကိုယ်တည်း တည်နေရ သလိုပင် ဟာတာ ရှင်းတင်းကြီး ဖြစ်လျက် အလွန်ချမ်းသာ၏၊ အလွန်နေကောင်း၏၊ ထိုစိတ်များကိုလဲ မမှတ်နိုင်၊ မှတ်သော်လဲ ပိုင်းပိုင်း ခြားခြားကား မသိနိုင်၊ တခြားကိုလဲ စိတ်မကူးလို၊ စိတ်ကူး၍လဲ မဖြစ်နိုင်ဘဲ ကြည်လင် ချမ်းသာလျက်သာ ရှိတတ်၏။ ကြည်လင်သော ထိုစိတ်များ အားနဲသွားသော အခါ၌ ဆက်၍ မှတ်လျင် အဖြစ် အပျက်ကို ရှင်းလင်းစွာ သိ၏။ အတန် ကြာလျင် အသိမ်မွေ့ဆုံး အကောင်းဆုံး မှတ်သိမှုသို့ တဖန် ပြန်၍ ရောက်တတ်၏။ ထိုအခါမှာ ဉာဏ်အားကောင်းလျင် သခ်ါရငြိမ်းတဲ့သဘော သို့ ရှေးကလိုပင် ဆိုက်ရောက်သွားတတ်၏။ သမာဓိဉာဏ် ထက်သန်လျင် ဤနည်းဖြင့် ခဏခဏလဲ ဆိုက်ရောက်တတ်၏။ ယခု ကာလ ပုဂ္ဂိုလ်များမှာ ပဌမ မဂ် ဖိုလ်ကို ရရန်သာ အဓိက ရည်ရွယ်ချက် ရှိသောကြောင့်၊ ရောက်ပြီးသော ပဌမ ဖိုလ်သို့သာလျင် ထပ်ကာ ထပ်ကာ ရောက်ခြင်း ပေတည်း။ ဤသည်ကား သောတာပတ္တိဖိုလ်သို့ ရောက်ပြီးသည် တိုင် အောင် အားထုတ်ပုံ မှတ်စဉ်နှင့် ဉာဏ်ဖြင့် တွေ့မြင်ပုံ ပေတည်း။

မဂ်ဖိုလ်သို့ ရောက်ပြီးသော သူ၏ စိတ်နေ စိတ်ထားသည် ရှေးကနှင့် မတူဘဲ ထူးခြား၏။ ဘဝအသစ် ပြောင်းလဲသလိုလဲ ထင်ရတတ်၏။ ယုံကြည်မှု ကြည်ညိုမှု ကြည်လင်မှု

သဒ္ဒါသည် အလွန်ဆက်သန့်စင် ဖြစ်တတ်၏။ ထို သဒ္ဒါ၏ အဟုန်ကြောင့် ပိတိပဿဒ္ဓိဘို့လဲ လွန်ကဲစွာ ဖြစ်တတ်ကုန်၏။ ဝမ်းသာမှု သုခသည်လည်း အလိုလိုပင် ဖြစ်ပေါ်လာတတ်၏။ ဤသဒ္ဒါ ပိတိ ပဿဒ္ဓိ သုခတို့က လှိုက်လှိုက်လှဲလှဲ ပြင်းပြင်းထန်ထန် ဖြစ်နေကြသောကြောင့်၊ မင်္ဂဖိုလ်သို့ ရောက်ပြီးခါစ ဌာန် ရှုမှတ်ပါသော်လဲ၊ ပိုင်းပိုင်း ခြားခြား မသိနိုင်သည်လည်း ရှိတတ်သေး၏။ သို့သော်လဲ နာရီပိုင်းဖြစ်စေ ရက်ပိုင်းဖြစ်စေ ကြာလွန်သော အခါ၌ ထိုသဒ္ဒါစသည်တို့ အားနည်းသွား လိမ့်မည်။ ထိုအခါ၌ ပိုင်းပိုင်း ခြားခြား သိနိုင်၍ အမှတ် ကောင်းသွားပါလိမ့်မည်။ အချို့ ပုဂ္ဂိုလ်မှာ မင်္ဂ ဖိုလ်သို့ ရောက်ပြီးခါစ၌ ဝန်ပေါ့သွားသလို မမှတ်ချင်သလို အားရသွားသလို စိတ်ဖြစ်တတ်၏။ မူလက ထို မင်္ဂ ဖိုလ် လောက်ကိုသာ ရည်သန်ခဲ့သောကြောင့် ထိုသို့သော ရောင့်ရဲမှု ဖြစ်ဆည်ဟု ယူဆရာ၏။

ဖိုလ် ဝင်စားပုံ....ရပြီးသော ဖိုလ်စိတ်မျိုးကို တဖန်ဖြစ်စေလိုလျှင် (ဖြစ်ဘူးသော ဖိုလ်စိတ်အစဉ်ဖြင့် နိဗ္ဗာန်ချမ်းသာကို မျက်မှောက် တွေ့သိလျက် ခံစားလိုလျှင်)ဖိုလ်သို့ ရောက်ရန် ရည်သန်၍၊ ဖြစ်ဆဲ ကိုယ် စိတ် အမှုအရာတို့ကို မှတ်မြဲပင် မှတ်အပ်၏။ ဝိပဿနာရှုလျှင် မုဒုဇဉ်မှာ နာမရူပပရိစ္ဆေဒ ဉာဏ်မှ စ၍ ဖြစ်ပေါ်ခြင်း, အရိယာမှာ ဉဒယဗ္ဗယဉာဏ်မှ စ၍ ဖြစ်ပေါ်ခြင်းသည် ဓမ္မတာပင်တည်း။ ထို့ကြောင့်

မှတ်စဉ်၊ အဖြစ် အပျက် နှစ်ပါးလုံးကို သိလျက် ဥဒယဗ္ဗယ ဥာဏ် ဖြစ်ပေါ်ပြီးလျှင်၊ ဥာဏ်စဉ်အဘိုင်း တိုးဘက်၌ မကြာ မီပင် အသိမ်မွေ့ဆုံး အကောင်းဆုံး မှတ်သိမှု ဖြစ်သော သန်ဒါရုပကွဉာဥာဏ်သို့ ရောက်သွားလိမ့်မည်၊ ဆိုဥာဏ်အား ပြည့်သော အခါ၌ သန်ဒါရ ငြိမ်းသော နိဗ္ဗာန် အာရုံသို့ ရွေးကလိုပင် ကူးပြောင်းလျက် ဖိုလ်စိတ် အစဉ် ဖြစ်ပေါ်လိမ့် မည်။ ဤဖိုလ်စိတ်သည် "ရွေးအဖို့က အချိန်ကို မပိုင်းခြားဘဲ ဝင်စားသော သူ အချို့မှာ" တရုံတခါ၌ဘခဏသာဖြစ်တာ်၏၊ ဘရုံတခါ၌ ၅-မိနစ်ခန့် ၁၀-မိနစ်ခန့်၊ ၁၅-မိနစ်၊နာရီဝက်ခန့် တနာရီခန့် စသည်ဖြင့် ကြာမြင့်စွာလဲ ဖြစ်တတ်၏၊ အဋ္ဌကထာတို့၌ "တနေ့လုံး တည်လုံး သော်လဲ ဖြစ်တတ်သည်၊ ပိုင်းခြား မိဋ္ဌာန်ထားသော ကာလပတ်လုံးလဲ ဖြစ်တာ်၊ သည်"ဟု မိန့်ဆို၏။ ထိုနှင့် ညီစွာပင်၊ ယခုကာလ၌လဲ သမာဓိ ဝိပဿနာ ထက်သန်သော သူမျှားမှာ ၁-နာရီ၊ ၂-နာရီ၊ ၃-နာရီ စသည်ဖြင့် ပိုင်းခြား ထားသည့်အတိုင်း ကြာမြင့်စွာ ဖိုလ်၌တည်တံ့နေသည်ကို တွေ့ကြရ၏၊ ဖျက်လိုမှာဘဲ ပျက်ပါ စေဟု ရွေးအဖို့က ပိုင်းခြားထားလျှင် အလိုမရှိသော အခါကျမှပင် ဓကောင်းစွာ ထ၏။ သို့သော် တနာရီ၊ နှစ်နာရီ စသည် ကြာလျှင်ကား အကြားအကြား၌ ဆင်ခြင်တဲ့ စိတ်မျှား ဖြစ်တတ်သေး၏။ ထိုစိတ်မျှားကို ၄-ချက် ၅-ချက်လောက် မှတ်လိုက်လျှင်၊ဖိုလိသို့တဖန် ရောက်သွားပြန်၏။ ဤနည်းဖြင့်

အားရသည် တိုင်အောင် နာရီပေါင်းများစွာ တည်တံ့နေသည်ကိုလဲ တွေ့ကြရ၏။ ဤ ဖိုလ်စိတ်များ ဖြစ်နေစဉ်၌ သခ်ါရအာရုံလုံး ချုပ်ငြိမ်းသော နိဗ္ဗာန် အာရုံမှာ သာလျှင် စိတ်သည် တည်တံ့လျက်ရှိ၏။ ထိုမှတပါး ဘယ်အာရုံကိုမျှ မသိ။ နိဗ္ဗာန် ဟူသည်မှာလဲ ဤလောက တပါးသော လောကတို့နှင့် ဆိုင်သော ရုပ်နာမ် သခ်ါရတရား, ပညတ်တရားတို့မှ အလွတ် သီးခြား သဘောတရား ဖေတည်း။ သို့ဖြစ်၍ ဖိုလ်စင်စားခိုက်၌ မိမိ ခန္ဓာကိုယ် စသော ဤလောက, တပါးသော လောကတို့၏ အကြောင်းကို ဘာမျှ သတိမရပြီ၊ မသိပြီ၊ ကြံစည်စဉ်းစားမှု အလုံးစုံကင်း၏။ မြင်စရာ တွေ့ထိစရာ ကြားစရာ နံစရာ အာရုံများ ထင်ရှား ရှိနေသော်လဲ ဘာကိုမျှ မသိပြီ။ အပ္ပနာဇဝန် လူရိယာပထမဇ္ဈိသန္နာ-မေတိ-ဟူသည်နှင့်အညီ လူရိယာပုထ်လဲ ခိုင်ခံ့၏။ ထိုင်လျက် ဝင်စားနေလျှင်၊ ထိုင်မှု ကိုယ်အမူအရာသည် မူလကအတိုင်းပင် တည်တံ့လျက် ရှိ၏။ ယိမ်းယိုင်ခြင်း ညွတ်ကျခြင်း ယွင်းပျက်ခြင်းမရှိပြီ။ ဖိုလ်စိတ် အစဉ် ပြတ်သွားသော အခါ၌ သခ်ါရငြိမ်းတဲ့သဘော, ထိုငြိမ်းရာသို့ ရောက်နေတဲ့ သဘောမျှားကို ဆင်ခြင်မှုဖြစ်စေ၊ ပုံသဏ္ဌာန်စသော အာရုံတမျိုးမျိုးကို စေတ်မြင်မှု ဖြစ်စေ၊ စဉ်းစားမှု ဖြစ်စေ ရှေးဦးစွာ ထင်ရှား ဖြစ်တတ်၏။ထို့နောင် မှတ်မြဲ မှတ်ခြင်း ကြည်လင်ခြင်း ဆင်ခြင်ခြင်း စသော စိတ်တို့သည် ထိုက်သည်အားလျော်စွာ ဖြစ်

ကုန်၏။ မှတ်မြဲမှတ်သော်လဲ အစဉ် ပီသ ကြမ်းတန်းသော အဖြစ် အပျက်ကို သိလျက် ခပ်ကျဲကျဲသာ ဖြစ်တတ်၏။ ဝိပဿနာ အထူး အားကောင်းလျှင်ကား ဖိုလ်မှ ထခါစ ဌာလဲ့ အမှတ်မကျဘဲ ကောင်းမြဲပင် သိမ်သိမ်မွေ့မွေ့ ကောင်း နေသည်လည်း ရှိသေး၏။ အထူးကား.... ဖိုလ်သို့ မြန်မြန် ရောက်ရန်, ဖိုလ်၌ ကြာကြာ တည်ရန် ဆောက်တည်မှုကို ရှေးအဖို့ကသာ ပြုဆပ်၏၊ မှတ်နေစဉ်၌ကား ထိုဆောက် တည်မှုအတွက် ကြောင့်ကြမှု တောင့်တ မှုကို မပြုအပ်။ ဝိပဿနာ အားမပြည့်သေးလျှင်၊ အမှတ် အထူး ကောင်း နေစဉ်မှာ ကြက်သီးထခြင်း သန်းခြင်း တုန်လှုပ်ခြင်း ရှိုက် ခြင်းများ ဖြစ်ပြီးလျှင်၊ အမှတ်ကျဿသည်လည်း ရှိသေး၏။ အထူးကောင်းလာစဉ်၌ ရောက်တော့မှာဘဲဟု ဆင်ခြင်မိတဲ့ အတွက် အမှတ်ကျဿသည်လည်း ရှိသေး၏။ မဆင်ခြင်မိ စေနဲ့၊ ဆင်ခြင်မိလျှင်လဲ ထိုဆင်ခြင်မှုကို မိမိရရ မှတ်ပါလေ။ ဤသို့ ကဲ့ကျဿသည်ကို အကြိမ်များစွာ တွေ့ရပြီးမှ ဖိုလ်သို့ ရောက်သူလဲ ရှိ၏။ သမာဓိ ဉာဏ်အားနဲလျှင် ဖိုလ်သို့ မြန်မြန် မရောက်တတ်။ ရောက်လျှင်လဲ ကြာကြာ မတည်တတ်ပေ။ ဤသည်ကား....ဖိုလ်ဝင်စားပုံ ပေတည်း။

ဉာဏ်စဉ်ကို ရှင်းနည်း အခါ၌ ပုဂ္ဂိုလ်မှာ ဘယ အာဒီနဝ နိဗ္ဗိဒါ မုဉ္စိတုကမျတာ ဉာဏ်တို့ကို ကြာမြင့်စွာ မတွေ့ခဲ့ရသောကြောင့်၊ ထိုဉာဏ်တို့၌ မရှင်းဘဲ

ရှိတတ်၏။ သို့ဖြစ်၍ ရှင်းလင်းစွာ သိလိုလျှင် ဥာဏ်အသိ အသိုးကို အချိန်ဖြင့် ပိုင်းခြား၍ ရှုမှတ်ပါလေ။ ပုံကား— ဤ နာရီဝက် အတွင်း တနာရီ အတွင်း၌ အဖြစ် အပျက် ၂-ပါးလုံးကို ရှုမည်၊ ဥဒယဗ္ဗယဉာဏ်ကိုသာ ဖြစ်စေမည်ဟု ပိုင်းခြား၍ မှတ်နေလျှင် ထိုအချိန် နာရီအတွင်း၌ အထက် ဥာဏ်သို့ မတက်ဘဲ၊ဥဒယဗ္ဗယဉာဏ်သာလျှင် ဖြစ်၍နေလတံ့၊ အချိန်စေ့သော အခါ၌ အပျက်ကိုသာ တွေ့မြင်လျက် သူ့အလိုလို ဘင်္ဂဉာဏ်ဖြစ်ပေါ်လာလတံ့။ အကယ်၍ သူ့အလိုလို မဖြစ်သေးပါမူ “အပျက်ကိုသာ ရှုမည်၊ ဘင်္ဂဉာဏ်ကိုသာ ဖြစ်စေမည်” ဟု အချိန်နာရီဖြင့် ပိုင်းခြား၍ မှတ်နေလျှင် အပျက်ကိုသာ သိလျက် ဘင်္ဂဉာဏ် ဖြစ်ပေါ်နေလတံ့။ အချိန်စေ့သော အခါ နောက်ဥာဏ်သို့ သူ့အလိုလို ဓာက်၏၊ နောက်၌လည်း နှံ့ညီးတူပင်တည်း။ သူ့အလိုလို မတက်ပါမူ ထိုဉာဏ်၌ ဆားရသော အခါမှာ “ကြောက်ဖွယ် ဘေးကို မြင်လျက် ဘယဉာဏ် ဖြစ်ပါစေ” ဟု စိတ်ညွှတ်လိုက်လျှင် ကြောက်ဖွယ် ထင်လျက် ဘယဉာဏ် ဖြစ်ပေါ်လတံ့။ ထို ဉာဏ်၌ ဆားရပြန်လျှင် “အပြစ်ကို မြင်လျက် အာဒီနဝဉာဏ် ဖြစ်ပါစေဟု” ဟု စိတ်ကိုညွှတ်လိုက်ပါ။ မှတ်တိုင်း မှတ်တိုင်း အပြစ်မြင်လျက် ဆာဒီနဝဉာဏ် ဖြစ်ပါလိမ့်မည်။ ထိုဉာဏ်၌ ဆားရပြန်လျှင် “ငြီးငွေ့လျက် ရှုမြင်သော နိဗ္ဗိဒါဉာဏ် ဖြစ်ပါစေ” ဟု စိတ်ညွှတ် လိုက်ပါ။ မှတ်တိုင်း မှတ်တိုင်း

ပျင်းရိငြီးငွေ့လျက် နိုင့ဝါဒဿာက် ဖြစ်ပါလိမ့်မည်။ ထိုဥဿာက်၌ အားရပြန်လျှင်"သခ်ါရဘို့မှ လွတ်လိုသော မူဥဝါတုကမျတာဥဿာက် ဖြစ်ပါစေ"ဟု စိတ်ညွှတ်လိုက်ပါ။ သခ့်ါရဘို့မှ လွတ်မြောက်လိုလျက်, သခ်ါရတို့ကို စွန့်လွှတ်လိုလျက် မူဥဝါတုကမျတာဥဿာက်သည် မှတ်ချက်ဘိုင်း၌ ဖြစ်ပေါ် ပါလိမ့်မည်။ အားရခသောအခါမှာ·အထက်ဥဿာက်သို့တက်ရန် စိတ်ညွှတ်လိုက်ပါ။ မခံသာသော ဝေဒနာ ထင်ရှားခြင်း, ဥရိယာပုထ် ပြင်လိုခြင်း, အားမရနိုးခြင်းတို့နှင့် တကွ ပဋိသခ်ါဉာက် ဖြစ်ပေါ် ပါလိမ့်မည်။ ထိုဥဿာက်၌ အားရပြန်လျှင် အကောင်းဆုံး သိမှုသခ်ါရပေကွာ ဥဿာက်သို့တက်ရန် စိတ်ညွှတ်လိုက်ပါ။ သူ့အချိန်နှင့်သူ အလိုလိုပင် သိလျက် သိလျက် အလွန် သိမ်ခမ့်စွာ သခ်ါရပေကွာဥဿာက် ဖြစ်ပေါ် ပါလိမ့်မည်။ ဤ နည်းဖြင့် ပိုင်းခြား၍ ပိုင်းခြား၍ မှတ်နေလျှင် ပိုင်းခြား ထားခသော ထိုကာလ အတွင်း၌ ဖြစ်စေလိုသော ဥဿာသာလျှင်ဖြစ်ပေါ် နေသည်ကိုၾင်း၊ ထိုထို ဥဿာ်၌ အားရ၍ အထက်ဥဿာက်ကို ဖြစ်စေလိုတဲ့အခါ အချိန်ခစ့်သော အခါကျမှ မှတ်သိမှုသည် အထက်ဥဿာက် အဖြစ်သို့ ဒီဂရီ အိမ်မြောင်ကဲ့သို့ ကူးပြောင်း ကူးပြောင်း သွားသည်ကိုၾင်း ရှင်းလင်းစွာ တွေ့ရပါလတံ့။ တကြိမ်မျှဖြင့် မရှင်းသေးလျှင် အကြိမ်ကြိမ် အားထုတ်ကြည့်ပါလေ။ ဤသို့ မပိုင်းခြားဘဲ ရှုမှတ်နေလျှင်ကား ထက်သန်သော ပဂ္ဂိုလ်မှာ မကြာမီ တခဏ အတွင်း လေး

ငါးဆယ်မှတ် အတွင်းမှာ ဖေသင်္ကလဲ....သခင်ရှုပေကွာဉာဏ်သို့ သာလျှင် ရောက်သွားတတ်သည်၊ ဖိုလ်သို့လဲ ခဏ ခဏ ရောက် ရောက်သွားတတ်ပေသည်။ နိုင်နင်းသော သူမှာ သွားနေရင်း စားသောက် နေရင်း သော်လဲ ဖိုလ်သို့ ရောက်သွားတတ် သေး၏။

အထက်မဂ်ဖိုလ်များအတွက် အားထုတ်နည်း

ရပြီးဖိုလ်ကို အမြန်ရောက်ရန် ကြာမြင့်စွာ တည်တံ့စေရန် အကြိမ်များစွာ လေ့လာဝင် စား၍ **အား**ရသောအခါ၌ အထက် မဂ် ဖိုလ် **တရား**ထူးကို သိမြင်ရန် ရည်သန်နှလုံးသွင်း၍ ရှုမှတ်**အား**ထုတ်ရာ၏။ပုံကား **အား**ထုတ်လိုသလောက် ရက်ကို ကန့်သတ် ပိုင်းခြား၍ "ဤ မျှသော ရက်အတွင်း၌ ရပြီးဖို တရားကို မဝင်စားလိုပါ၊ **ရပြီး** ဖိုလ်သို့ **မ**ရောက်ပါစေလင့်၊မရသေးသော အထက်မဂ် ဖိုလ် **တရား**ထူးကိုသာ သိမြင်ရပါစေ၊ ရောက်ပါ**စေ**" ဟု နှလုံးသွင်း ဆောက်တည်ပြီးလျှင် ဖြစ်ပေါ်ဆဲ ကိုယ် စိတ် **အ**မှုအရာများကို မှတ်မြဲအတိုင်းသာ မှတ်အပ်၏။ ရက် ကန့် သတ်ခြင်း၏ အကျိုးကား.... အထက် မဂ် ဖိုလ်သို့ **မ**ရောက် **စေ**းလျှင် ထိုရက်များ လွန်ပြီးသော အခါ၌၊ ရပြီး ဖိုလ်ကို ဝင်စားလိုပါက လွယ်ကူစွာ ဝင်းစားနိုင်၏၊ သို့မဟုတ်ဘဲ ဤ နေ့မှစ၍၊ အထက် မဂ် ဖိုလ် အတွက်သာ **အား**ထုတ်တော့ မည်ဟု ပိုင်းဖြတ်၍ **အား**ထုတ်လျှင်၊ ရပြီးဖိုလ်ကို ပြန်၍ မဝင်

စားနိုင်ဘဲ ရှိတတ်၏။ ထိုအခါမှာ အထက် မင် ဖိုလ် သို့လဲ မရောက်နိုင်သူအာ၊ ရပြီးဖိုလ်သို့လဲ ပြန်မရောက်နိုင်သဖြင့် အာဃးမရ မကြေနပ်ခြင်း ဖြစ်တတ်သည်။ရပြီးဖိုလ်ကို မဝင်စား လိုပါဟု ကောင်းစွာ အာလယ ဖြတ်ခြင်း၏ အကျိုးကား.... ထိုရက်ပိုင်း အတွင်း၌ ရပြီးဖိုလ်သို့ ပြန်မရောက်ရခြင်း အကျိုးရှိ၏၊ ဉာဏ် အားပြည့်ပါမူ အထက် မင် ဖိုလ်သို့ သာလျှင် ရောက်ရခြင်း အကျိုးလဲရှိ၏။ အာလယ ကောင်း ကောင်း မပြတ်လျှင် ရပြီးဖိုလ်သို့ ပြန်ရောက် တတ်သည်။ ထို့ကြောင့် လိုသလောက် ရက်ကို ကန့်သတ်လျက်၊ ထို ရက်များအတွင်းမှာ၊ ရပြီးဖိုလ်၌ ကောင်းကောင်း အာလယ ဖြတ်၍ ရှုမှတ်ရပေသည်။ မှတ်သော အခါမှာ ဥဒယဗ္ဗယဉာဏ် မှစ၍ ဝိပဿနာဉာဏ်များသည် ရှေးကလိုပင် အစဉ်အတိုင်း ဖြစ်ပေါ်လိမ့်မည်။ ဉာဏ် ဖြစ်ပုံမှာ ဖိုလ်အတွက် ဝိပဿနာနှင့် မတူဘဲ မင်အတွက် အားထုတ်စဉ်ကဖြစ်ခဲ့သော ဝိပဿနာနှင့် တူစွာ ဖြစ်၏။ ဥဒယဗ္ဗယဉာဏ် နုစဉ်၌ အလင်းရောင်များ အဆင်းသဏ္ဌာန်များကိုလဲ တွေ့ရတတ်၏၊ ဒုက္ခဝေဒနာများ ကိုလဲ တွေ့ရတတ်၏၊ ရုပ် နာမ် အဖြစ် အပျက်များလဲ ကြမ်း တန်း ပီသစွာ ထင်ပေါ်၏။ ဖိုလ်အတွက် ရှုမှတ်စဉ်က တခဏ အတွင်းမှာ သခ်ါရပေကွာဉာဏ် ဖိုလ်ဉာဏ်များသို့ ရောက် နေကျ ဖြစ်ခဲ့သော်လဲ၊ ယခုမူကား အားမပြည့်သေးလျှင်၊ အောက်ဉာဏ်များ၌သာ ကြာမြင့်စွာ တည်နေ တတ်၏။

သို့သော်လဲ အားထုတ်ခါစကလို ကြာမြင့်ခြင်း၊ ခက်ခဲခြင်း၊ ကာမမရှိပေ၊ တနေ့ အတွင်းမှာသော်လဲ ဉာဏ် အဆင့်ဆင့် ရင့်ကျက်၍ သင်္ခါရုပေကွာဉာဏ်သို့ ရောက်နိုင်ပေ၏။ သိမှုသည်လည်း ရှေးကထက်၌ အထူးကောင်း၏။ အသိစိုင်၏၊ အမြင်ကျယ်၏၊ အသိအမြင် အထူးစင်ကြယ်၏၊ ရှင်းလင်း၏။ လောကီအားရုံ သံသရာဝဋ်ဆင်းရဲဘို့မှ ကြောက်ခြင်း အပြစ်မြင်ခြင်း ငြီးငွေ့ခြင်း လုတ်လုံခြင်း တုန့်ဆုတ်ခြင်းများသည် ရှေးကထက် လွန်ကဲစွာ ဖြစ်၏။ ယခင်က တနာရီအတွင်းမှာ လေး ငါးကြိမ် ဖိုလ်သို့ ရောက်နေကာ ဖြစ်သော်လဲ၊ ယခုမူကား အာဏက်မဂ်အတွက် ဉာဏ်အားမပြည့်သေးလျှင်၊ သင်္ခါရုပေကွာဉာဏ်သာလျှင် ဖြစ်ပေါ်လျက် နေတတ်၏၊ ၁-ရက် ၂-ရက် ၃-ရက် စသည်ဖြင့် ရက်လ နှစ် များစွာလဲ ကြာတတ်၏။ ဉာဏ်အားပြည့်သော အခါဉာဏ်အထူး သွက်လက် ထင်ရှားလော နှုတ်သိမ့်များ ဖြစ်ပေါ်ပြီးလျှင် သင်္ခါရ ချုပ်ငြိမ်းသော နိဗ္ဗာန် အာရုံသို့ ရှေးကလိုပင် ကူးပြောင်းလျက် ဒုတိယ မဂ် ဖိုလ်ဉာဏ်များ ဖြစ်ပေါ်လိမ့်မည်။ ထို့နောင် မဂ် ဖိုလ် နိဗ္ဗာန်ကို ဆင်ခြင်မှု ကိလေသာကို ဆင်ခြင်မှုများသည် ထိုက်သည်အားလျော်စွာ ဖြစ်လိမ့်မည်။ ထို့နောင် မှတ်မြဲမှတ်လျက် အဖြစ် အပျက်ကို သိသော ဉဒယဗ္ဗယဉာဏ်နှင့် ဇလွန်ကြည်လင်သော ဧိတ်ဇစ် စသည်တို့သည် ထိုက်သည်

အားလျော်စွာ ဖြစ်ကုန်လတံ့။ ဤသည်ကား သကဒါဂါမိ မဂ်ဖိုလ်သို့ ရောက်ပြီးသည်တိုင်အောင် အားထုတ်ပုံ မှတ်စဉ်နှင့် ညာဏ်ဖြင့် တွေ့မြင်ပုံပေတည်း။

တတိယ မဂ် ဖိုလ်ကို ရလိုပြန်လျှင် ရက်ကန်သတ် ပိုင်းခြားလျက် ပြီး ဖိုလ်ကို ဝင်စားမှု၌ အာလယ ဖြတ်၍ "မသိရသေးသော အထက် မဂ်ဖိုလ် တရားအထူးသာ ဖြစ်ပါစေ၊ အထက် မဂ် ဖိုလ် တရားအထူးကိုသာ သိမြင်ရပါစေ၊ ရောက်ပါစေ" ဟု နှလုံးသွင်းဆောက်တည်၍ ဖြစ်ပေါ်ဆဲ ကိုယ် စိတ် အမှုအရာများကို မှတ်မြဲတိုင်းသာ မှတ်အပ်၏။ ဥဒယဗ္ဗယ ညာဏ်မှ စ၍ ညာဏ် အဆင့်ဆင့် ရင့်လျက် တိုးတက်ပြီးလျှင် မကြာမီပင် သန်္ခါရုပေက္ခာညာဏ်သို့ ရောက်လတံ့၊ အားမပြည့်သေးလျှင် ထိုညာဏ်၌သာ ရပ်တန့်၍ နေလတံ့၊ ထိုညာဏ် အားပြည့်သော အခါ၌ သန့်ရှင်းကြည်လင်သော နိဗ္ဗာန် အာရုံသို့ ရွေးကလိုင်၊ ကူးပြောင်းလျက် တတိယ မဂ် ဖိုလ် ညာဏ်များ ဖြစ်ပေါ်ကြလတံ့။ ဆင်ခြင်မှု မှတ်မှု ကြည်မှုတို့လဲ နည်းတူပင် ဖြစ်ကြလတံ့၊ ဤသည်ကား အနာဂါမိ မဂ်ဖိုလ်သို့ ရောက်ပြီးသည် တိုင်အောင် အားထုတ်မှု၊ မှတ်စဉ်နှင့် ညာဏ်ဖြင့် တွေ့မြင်ပုံပေတည်း။

စတုတ္ထ မဂ် ဖိုလ်ကို ရလိုပြန်လျှင်လဲ နည်းဘူပင်၊ ရက်ကန်သတ်ခြင်း အာလယ ဖြတ်ခြင်း နှလုံးသွင်းဆောက်တည်ခြင်းများကို ပြု၍ ဖြစ်ပေါ်ဆဲ ကိုယ် စိတ် အမှုအရာများကို

မှတ်မြဲတိုင်းသာ မှတ်အပ်၏။ တမျိုးတမည် ပြုပြင်၍ အား ထုတ်ဖွယ် မရှိပြီ။ ထို့ကြောင့်ပင် သတိပဋ္ဌာနသုတ်၌ ဤ ရှုမှတ်မှု သတိကို " ဧကာယနော - တခုတည်းသော ခရီး တကြောင်းတည်းသော ခရီး " ဟု ဟောတော်မူပေသည်။ ဥဒယဗ္ဗယဉာဏ်မှစ၍ ဉာဏ်အဆင့်ဆင့်ဖဲ့ ရင့်ကျက် တိုးတက် ပြီးလျှင်၊ မကြာမီပင် သင်္ခါရပေက္ခာဉာဏ်သို့ ရောက်လတံ့။ အားမပြည့်သေးလျှင်၊ ထိုဉာဏ်၌သာ ရပ်တန့်၍ နေလတံ့။ ထိုဉာဏ် အားပြည့်သော အခါ၌ သင်္ခါရ၊ ချုပ်ငြိမ်းသော နိဗ္ဗာန်အာရုံသို့ ရှေးကလိုပင် ကူးပြောင်းလျက် စတုတ္ထ မဂ် ဖိုလ် ဉာဏ်များ ဖြစ်ပေါ်ကြလတံ့။

ဤစကားရပ်တို့တွင် ထိုထို မဂ်ဖိုလ်ဉာဏ်များ ဖြစ်မည်ဟု ဆိုသော စကားမှာ ဖြစ်ထိုက်အောင် ပါရမီရင့်သောပုဂ္ဂိုလ် တို့ကို ရည်၍ ဆိုအပ်သော စကားပေတည်း။ ပါရမီဉာဏ် မရင့်သန်သေးသော ပုဂ္ဂိုလ်သည်ကား သင်္ခါရပေက္ခာဉာဏ်၌ သာလျှင် ရပ်တန့်လျက် တည်၏။ အထူးအားဖြင့်ကား ပဌမ မဂ် ဖိုလ်ကို ရပြီးသော ပုဂ္ဂိုလ်သည် ဒုတိယ မဂ် ဖိုလ်သို့ မကြာမီပင် လှုပ်ကူစွာ ရောက်တတ်ငြားသော်လဲ၊ တတိယ မဂ် ဖိုလ်ကိုကား လျင်မြန်စွာ မရောက်နိုင်ဘဲ ကြာမြင့်၍လဲ နေတတ်၏။ ဤနေရာ၌ အကြောင်းကိုရှာလျှင် ဤသို့ တွေ့ ရ၏။ သောတာပန် သကဒါဂါမ် ၂- ဦးလုံးပင် သီလသု ပရိပူရကာရီ- သီလသိက္ခာ၌ အပြည့်အစုံပြုကျင့်သောပုဂ္ဂိုလ်

ချည်းသာ ဖြစ်၏။ ထို့ကြောင့် သီလသိက္ခာ ပြည့်စုံသော အဆင့်ချင်းတူသော ဒုတိယ မဂ် ဖိုလ်သို့ လျင်မြန်လှယ်ကူစွာ ရောက်နိုင်ပေသည်။ ဒုနာဂါမ်သည်ကား၊ သမာဓိသို့ ပရိပူရ ကာရီ-သမာဓိသိက္ခာဌ်- အပြည့်အစုံ ပြုကျင့်သော ပုဂ္ဂိုလ်ပေတည်း။ ထို့ကြောင့် သီလ အဆင့်ဖြစ်သော ဒုတိယဖိုလ်မှ သမာဓိအဆင့် တတိယ မဂ် ဖိုလ်သို့ လျင်မြန်စွာ မရောက်နိုင်ဘဲ ရှိသည် ဖြစ်ရာ၏။ သို့စသော်လဲ မည်သည့် မဂ်ဖိုလ်သို့ ရောက်နိုင်အောင် ပါရမီ ရင့်မရင့်ကို ပြည့်စုံစွာ အားမထုတ်ဘဲ မသိနိုင်ချေ။ ထို့ပြင် ရက် လဲ နှစ် များစွာ အားထုတ်ပါမှ မဂ် ဖိုလ်သို့ ရောက်မည့်ပုဂ္ဂိုလ်လဲ ရှိသောကြောင့်၊ ရက် လ အနည်းငယ် အားထုတ်ရုံမျှဖြင့် မဂ် ဖိုလ်သို့ မရောက်သေးသော်လဲ " ပါရမီဉာဏ် မရင့်သန် " ဟု မဆုံးဖြတ်နိုင်သေး။ ထို့ပြင် ယခုအားထုတ်မှုသည်လည်း မရင့်သေးသော ပါရမီဉာဏ်ကို ရင့်သန် အားပြည့်စေနိုင်သည်သာတည်း။ သို့ဖြစ်၍ ပါရမီ ရင့်,မရင့်ကိုကား မချင့်ချိန် မစဉ်းစားသင့်ပြီ။

"အားမထုတ်ဘဲ နေလျှင် ပါရမီမျှပင် မဖြစ်နိုင်၊ ပါရမီ ရင့်ပြီး ဖြစ်သော်လဲ မဂ် ဖိုလ်ကို ယခု ဘဝ၌ မရနိုင်။ အားထုတ်လျှင်ကား....ပါရမီ ရင့်ပြီး ဖြစ်ပါက လိုအပ်သော မဂ် ဖိုလ်သို့ လွယ်ကူ လျင်မြန်စွာ ရောက်နိုင်၏။ ပါရမီဉာဏ် အတော် အတန် ရင့်ပြီး ဖြစ်ပါက ယခု အားထုတ်မှုဖြင့် ရင့်သန် ပြည့်စုံ၍ လိုအပ်သော မဂ်

ဖိုလ်သို့ ယခုဘဝမှာပင် ရောက်နိုင်၏။ အယုတ်ဆုံး အား ဖြင့် နောက်ဘဝတို့၌ မင်္ဂ ဖိုလ်ကို လွယ်ကူစွာ ရနိုင်ရန် ထက်သန်သော ပါရမီမျိုးစေ့ကား ဧကန်ပင် ဖြစ်ပေ၏"

ဟူသော....

ဤ မချုတ်ယွင်းသော အချက်ကိုသာ လေးနက်စွာ နှလုံးသွင်းချ၍ ကြိုးစားမယုတ် အားထုတ်အပ်တော့သည်သာ တည်း။

အရဟာတ္တဖိုလ် ဆုံးသွားလျှင် သိမြင်ရပြီးသော မင်္ဂ ဖိုလ် နိဗ္ဗာန်တို့ကို ပြန်၍ ဆင်ခြင်မိ၏။ ကိုးလသာ အလုံစုံ ကင်း ငြိမ်းသွားပေပြီ၊ ဘယ်အခါမှာမျှ ကိလေသာ မဖြစ်ထိုက် တော့ပြီ၊ ကျင့်ဘွယ်ကိစ္စ ပြီးဆုံးသွားပေပြီ ဟူ၍လဲ ဆင်ခြင် ဆုံးဖြတ်၏။ ဤသည်ကား ရဟန္တာ ဖြစ်ပြီးသည်တိုင်အောင် အားထုတ်ပုံ မှတ်စဉ်နှင့် ညာဏ်ဖြင့် တွေ့မြင်ပုံပေတည်း။

ဥဒယျာဇဉ်

ဘာဝေတဗ္ဗာ သတာ စေဝံ၊ သတိပဋ္ဌာနဘာဝနာ။
ဝိပဿနာရသဿာဝံ၊ ပတ္ထဉ္ဆန္တိနိဓ သာသနေ။

စ၊ တိုက်တွန်း စကား ပြောကြားဦးအံ့။ ဤဓ သာသနေ၊ ဂေါတမဟု နာမထင်ရှား မြတ်ဘုရား၏ ညွှန်ကြား ပြသ အဆုံးမတည်ရာ ဤသာသနာခေတ် အတွင်း၌။ ဝိပဿနာ ရသဿာဝံ၊ ဝိပဿနာ ညာဏ်ပညာ၏ သာယာဘွယ် အစစ်

အာမှန်ဖြစ်သော ဆီနှစ် အရာသာ ချမ်းသာသုံးတန် မဂ် ဖိုလ် နိဗ္ဗာန်ကို။ပတ္ထဉ္ဇန်၊ တောင့်တ, လိုလား ဆန္ဒများသော။ သတာ—သန္တေန၊ သူတော်ကောင်းဖြစ်သော အမျိုးသား အမျိုးသမီးသည်။ သတိပဋ္ဌာနဘာဝနာ၊သတိပဋ္ဌာန်ဘာဝနာကို။ ဝါ၊ ကာယ ဝေဒနာ စိတ္တ ဓမ္မ ဟူသော အာရုံတို့၌ ပြေးဝင် ပြေးဝင် သွားသကဲ့သို့ ထင်သော အာမှတ်ရမှု ဖြစ်၍ သတိပဋ္ဌာန်မည်သော မုချ ပွားစေဆိုက်သော တရားကို။ ဝေဒံ၊ (ဤအခက်း၌ ပြဆိုခဲ့သော)ဤ ရှုမှတ်နည်း အစဉ်ဖြင့်။ ဘာဒေတဗ္ဗာ၊ ပွားစေအပ်၏၊ပွားစေရမည်၊ ပွားစေပါလော့။

အထူးမှာထားချက်

ဤကျမ်း၌ ပြအပ်သော ဝိပဿနာ ရှုမှတ်နည်း အစဉ်သည် အာသီဥာဏ် အသင့် အဘင့် ရှိသူများ အတွက် ကောင်းစွာ လုံလောက်၏။ ထိုသို့သော ပုဂ္ဂိုလ်များသည် ဤကျမ်းကို ကြည့်ကာမျှဖြင့် ထက်သန်သော သဒ္ဓါ ဆန္ဒ ဝီရိယတို့ကို မဆုတ် မနစ်စေဘဲ ကျကျ နန ရိုရို သေသေ အာဒုးထုတ်သွားလျှင် ပြခဲ့သည့် အတိုင်းပင် ဝိပဿနာဥာဏ် မဂ် ဖိုလ် ဥာဏ်များသို့ ကေန်ပင် ဆိုက်ရောက် နိုင်ဆ၏။ သို့သော်လဲ အာဒုးထုတ်သူတို့အာဒုး ဖြစ်ပါတတ်ပုံ နှင့် ဥာဏ်ဖြင့် တွေ့မြင်ပုံ အထူးများကို ဤကျမ်း၌ စုံလင်စွာ မဖော်ပြ

နိုင်ပေ။ မျှားစွဲပင် ကြွင်းကျန်သေး၏။ ဤကျမ်းဌ် ပြထား သော စတွဲမြင်ပုံ အလုံးစုံကိုလဲ အားထုတ်သူ တဦးထဲက စတွေ့ရမည် မဟုတ်ပေ၊ အားထုတ်သူ၏ ပါရမီအားလျော်စွာ အသိဉာဏ် အစိပ် အကဲ နှင့် ရှင်း မရှင်းလဲ ထူးခြား သေး၏။ ထို့ပြင် အားထုတ်သူ၏ သဒ္ဓါ ဆန္ဒ ဝီရိယသည် လည်း အစဉ်သမှ် ခိုင်မြဲထက်သန်နေသည်ချည်း မဟုတ် ချေ၊ ဆရာ မရှိဘဲ စာတွေ့မျှဖြင့် အားထုတ်လျှင် "မသွား ဘူးဆော ခရီးကို တယောက်တည်း သွားရသော သူကဲ့သို့" ယုံမှား မကင်းသောကြောင့်၊ ခပ်ဆဆ ဖြစ်၍လဲ နေတတ်၏၊ ထိုကြောင့် သာမန် ပုဂ္ဂိုလ်သည် ကူညီ အားပေးမည့် ဆရာ မရှိဘဲ အားထုတ်လျှင်၊ဝိပဿနာ ဉာဏ်ထူး မဂ်ဖိုလ်တရားထူး မျှားသို့ ချေမောစွာ ထောက်ရန် မလွယ်ကူလှသေးပေ။ သို့ဖြစ်၍ မဂ် ဖိုလ် ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက် သိရသည် တိုင်အောင် တကယ်စာမ်း အားထုတ်လိုသော သူတော် ကောင်းတို့သည် "ယထာဘူတံ ဉာဏာယ သတ္ထာ့ ဟရိယေသ် ဓာပ္ပေဘ-မူန်ကန်စွာ သိရန် ဆရာကို ရှာရမည်"ဟူသော နိဒါန် ဝဂ္ဂ သံယုတ်ပါဠိ နှင့် အညီ "ကျကျ နန အားထုတ်ဘူး၍ ဝိပဿနာဉာဏ်စဉ် မဂ် ဖိုလ် ပစ္စဝေက္ခဏာ ဉာဏ်တို့နှင့်တကွ ဖိုလ်ဝင်စားပုံ အထိ ကျမ်းဂန်နှင့် ညီစွာ ညွှန်ပြနိုင်သော" အလျောက်မိတ္တဆရာသမား ထံ၌ နှဲ့ည်းခံ၍ အားထုတ်ကြပါလေ၊ "ငါဟာပုဂ္ဂိုလ်ထူးဘဲ သူတပါးထံမှာ နည်းခံဘို့ မလိုပါဘူး"

ဟု တက်ကြွလျက် ရှိသော မာနတံခွန်ကြီးကိုလဲ အရှင်ဗေပါဋ္ဌလ မထေရ်၏ ကျင့်ထုံးကို နှလုံးသွင်းကာ ချိုးနှိမ်နိုင်ပါစေကုန်သတည်း၊ အားထုတ်သောအခါမှာလဲ အောက်ပါ ဘုရားအဆုံးအမ မိန့်ခွန်းတော်ကို လေးနက်စွာ နှလုံးသွင်း၍ တင်းတင်း ရင်းရင်း ပြည့်ပြည့်ဝဝ အားထုတ်နိုင်ကြပါစေကုန်သတည်း။

နယိဒံ သိထိလမာရဇ္ဘ၊ နယိဒံ ဗေပ္ပန ထာမသာ။
နိဗ္ဗာနံ ဒဇ်ဈာနန္တိဗ္ဗံ၊ သဗ္ဗဒုက္ခပ္ပမောစနံ။
(နိဒါနဝဂ္ဂသံယုတ်-၄၆၆)

ဘိက္ခဝေ၊ရဟန်းတို့။ သဗ္ဗဒုက္ခပ္ပမောစနံ၊ဆင်းရဲ အလုံးစုံမှ ကျွတ်လွတ်ရာ ဖြစ်သော။ ဤဒံ နိဗ္ဗာနံ၊ ဤနိဗ္ဗာန်ကို။ သိထိလံ ဆာဇရဇ္ဘ၊ လျော့လျည်းစွာ အားထုတ်၍။ နှ ဇာဓိဇ်ဈန္တိဗ္ဗံ၊မသိနိုင်မထောက်နိုင်ပေ။ဤဒံ နိဗ္ဗာနံ၊ ဤနိဗ္ဗာန်ကို။အပ္ပေန ထာမသာ၊ ဆနည်းငယ်သော အားစွမ်းဖြင့်။ နှ ဇာဓိဇ်ဈန္တိဗ္ဗံ၊ မသိနိုင်မထောက်နိုင်ပေ။

(ကြီးကျယ်သော အားစွမ်းဖြင့် တင်းတင်းကြီး အား၊ ထုတ်မှ သိနိုင် ထောက်နိုင်သည်ဟု ဆိုလိုခြင်း။)

ဆောက်း (၅)ပြီးခြင်း။

(၇) ယထာစာယံ ဂတော သိဒ္ဓိံ၊
နန္ဒာထုယေန ကေဝလီ။
တထာ ကလျာဏသက်ပွါ၊
သိဂ္ဂါန်ံ သဗ္ဗဇန္တုနံ။

၈၊ မြောလင့်တောင့်တ အာသီသကား။ အယံ၊ဝိပဿနာ ရှုနည်း သိပ်သည်း လမ်းမှန် ဤကျမ်းဂန်သည်။ ကေဝလီ၊ ဆိုဘွယ်ဥသုံအလုံးစုံပြည့်ဝစေ့စုံလင်သည်ဖြစ်၍၊(ကေဝလံ အနဝသေသံ ဝတ္ထာဗ္ဗံ တေဿတ္ထိတိ ကေဝလီ) အနန္တထာယေန၊ အန္တထာယ်မရှိဘဲ။ သိဒ္ဓိံ၊ပြီးစီးခြင်းသို့။ ဂစ္ဆောယထာ၊ ရောက်သကဲ့သို့။ တထာ၊ထိုအတူ။ သဗ္ဗဇန္တုနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ကလျာဏသက်ပွါ၊မိမိ သူတပါး မည်သူအား၊မျှ ထိပါးမခတ် ချမ်းသာစေတတ်သည့် ကောင်းမြတ်သော အကြံအစည်တို့သည်။ကေဝလီ၊ကြံတိုင်းဥဿုံ အလုံးစုံပြည့်ဝ စေ့စုံလင်ကုန်သည်ဖြစ်၍။အနန္တထာယေန၊အန္တထာယ်မရှိဘဲ။ သိဒ္ဓိံ-သိဒ္ဓန္တု၊ ပြီးစီးပါစေကုန်သတည်း။

(၈) ယာဝေကောပျတ္ထိ လောကသ္မိံ၊
ပညာနံ ဓိဂမာရဟော။
တာဝဝိယံ ဒဿယိံ သူဇုံ၊
နယံ လောကဿ တိဋ္ဌတန္တိ။

လောကသို့၊ လောကဌ်။ ပညာနံ၊ ဝိပဿနာပညာ မဂ် ဖိုလ်ပညာတို့ကို။ အဓိဂမာရဟော၊ ရထိုက်သော။ ဧကောပိ၊ ပုဂ္ဂိုလ်တဦး တယောက်မျှသော်လည်း။ ယာဝ၊ အကြင်မျှ လောက်ကာလပတ်လုံး။ အတ္ထိ၊ရှိသေး၏။ တာဝ၊ ထိုမျှလောက် ကာလပတ်လုံး။ အယံ ဂန္ဆော၊ ဝိပဿနာရှုနည်း သိပ်သည်း ပြည့်ကြွယ် ဤကျမ်းငယ်သည်။ လောကဿ၊ လူအပေါင်း အား။ သုဇံ၊ မမှား မယွင်း အလွန်ဖြောင့်စင်းသော။ နယံ၊ ဝိပဿနာရှုနည်းကို၊ ဒဿယံ-ဒဿယန္တော၊ နေ လ အလာ၊ ဆင်ရှာ၊ ဖော်ပြလျက်။ တိဋ္ဌတံ-တိဋ္ဌတု၊မကွယ်ပဘဲ တည်မြဲ တည်တံ့ပါစေသတည်း။ ဣတိ၊ ဤတွင် ပြီး၏။

ဝိပဿနာရှုနည်း အကျဉ်းချုပ် နောက်ဆက်တွဲ
သတိပဋ္ဌာန် ဆရာတော်၏
သတိပဋ္ဌာန် ဝိပဿနာရှုမှတ်နည်း သံပေါက်

ကာယ ဝေဒနာ၊ စိတ် ဓမ္မာ၊ ပေါ်ရာ ရှုမှတ်ပါ။
ပြောင်းလဲ ပြုပြင်၊ သတိထင်၊ သိလျှင် ရှုမှတ်ပါ။
ထိုင်တာ ထတာ၊ သွားရပ်တာ၊ ပြစ်လာ နာမ်ရုပ်သာ။
ထိုင်ဆဲ ထဆဲ၊ သွားရင်ဆဲ၊ အမြဲရှုမှတ်ပါ။
အိပ်တာ စောင်းတာ၊ ပြောင်းလှဲ့တာ၊ ဖြစ်လာ နှင်
ရုပ်သာ။
အိပ်ဆဲ စောင်းဆဲ၊ ပြောင်းလှဲ့ဆဲ၊ အမြဲရှုမှတ်ပါ။
ကြွတာ လှမ်းတာ၊ ချနင်းတာ၊ ဖြစ်လာ နာမ်ရုပ်သာ။
ကြွဆဲ လှမ်းဆဲ၊ ချနင်းဆဲ၊ အမြဲရှုမှတ်ပါ။
ဝေဒနာ ပေါ်က၊ ရှုမှတ်ကြ၊ အတ္တအစဲကွာ။
စိတ်ဖြစ်သမျှ၊ ရှုမှတ်က၊ အတ္တအစဲကွာ။
သဘောတရား၊ ပေါ်ထင်ရှား၊ ပိုင်းခြားရှုမှတ်ပါ။
အာရုံ ဒွါရ၊ ဝိညာဏ၊ ဖြစ်က ရှုမှတ်ပါ။
မြင်ဆဲဘဲပင်၊ ရှုမှတ်လျှင်၊ သိမြင်ရုပ်နာမ်သာ။
ကြားဆဲဘဲပင်၊ ရှုမှတ်လျှင်၊ သိမြင်ရုပ်နာမ်သာ။
နံဆဲဘဲပင်၊ ရှုမှတ်လျှင်၊ သိမြင်ရုပ်နာမ်သာ။
စားဆဲဘဲပင်၊ ရှုမှတ်လျှင်၊ သိမြင်ရုပ်နာမ်သာ။

ထီဆဲ၌ပင်၊ ရှုမှတ်လျှင်၊ သိမြင်ရုပ်နာမ်ဘာ။
ကြုံဆဲ၌ပင်၊ ရှုမှတ်လျှင်၊ သိမြင်ရုပ်နာမ်သာ။
သိဆဲ၌ပင်၊ ရှုမှတ်လျှင်၊ သိမြင်ရုပ်နမ်သာ။
နာမ်ရုပ်နှစ်တန်၊ ပစ္စုပ္ပန်၊ အမှန်ရှုမှတ်ပါ။
ရှုမှတ်တိုင်းပင်၊ နာမ်ရုပ်မြင်၊ အစဉ်ကိလေကွာ။
ကိလေကွာမှ၊ မဂ်လမ်းစ၊ မုချရမည်သာ။
နာမ်ရုပ်ကိုသိ၊ လူကဝိ၊ အတိဒုလ္လဘာ။
ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ခုခါကြုံဆဲမှာ။
ဆတီပဋ္ဌာန်၊ အကျင့်မှန်၊ ထောက်ရန် နီဗ္ဗုတာ။
သုတ, စိန္တာ, ဘာဝနာ, ပညာ ဉာဏ် ၄-ဖြာ။
အမျိုးကောင်းသား၊ သမီးမျှား၊ ကြိုးစားအားထုတ်ပါ။
လွန်ကျူး,ဆူပွက်,မျိုးမပျက်,သုံးချက် ကိလေသာ။
ဆီလ သမာ၊ ဝီပညာ၊ ကျင့်ပါ သုံးသိက္ခာ။
အနာဒှင့်ဆေး၊ ကိုက်အောင်ပေး၊ ပျောက်စေရုံး မခက်ပါ၊
ဓိရိယ သတိ၊ ခိုင်မြဲဘို့၊ သမာဓိ ပညာ ဖြစ်ပေါ်လာ။

●ဟာစည် ဆရာစံထွန်၏
ရုပ်နာမ်ဒုက္ခသစ္စာခဲ့ ဆောင်ပုဒ်များ

၁။ မျက်စိ, မြင်ရ၊ ရုပ်ဒုက္ခ၊ မြင်က နာမ်ဒုက္ခာ။
(မြင်ဆဲ၌ မျက်စိရုပ်နှင့် မြင်ရတဲ့ အာဆင်းရုပ် ဤ ၂-ပါးက ရုပ်ဒုက္ခသစ္စာ၊ မြင်သိတာက နာမ်ဒုက္ခ

သစ္စာ-ဟု ဆိုလို၏။ ကြားဘဲစသည်နှင့် ဆိုင်သော နောက်အာပိုဒ်တို့၌လည်း နည်းတူပင် မှတ်ပါ၊လေ။)

၂။ နားနှင့် ကြားရ၊ ရုပ်ဒုက္ခ၊ ကြားက နာမ်ဒုက္ခာ။
၃။ နှာခေါင်း,နံရ၊ ရုပ်ဒုက္ခ၊ နံက နာမ်ဒုက္ခာ။
၄။ လျှာနှင့် စားရ၊ ရုပ်ဒုက္ခ၊ စားက နာမ်ဒုက္ခာ။
(အရသာ သိတာကို စားဟု ဆိုသည်)

၅။ ကိုယ်နှင့် ထိရ၊ ရုပ်ဒုက္ခ၊ ထိက နာမ်ဒုက္ခာ။
၆။ နှစ်လုံး, သိရ၊ ရုပ်နာမ်မျှ၊ သိက နာမ်ဒုက္ခာ။
(ဤ ၆-ပုံဒ်ဖြင့် ဝိပဿနာရှုရသော တရားကိုပြ၏၊ ပရိညေယျ ဒုက္ခသစ္စာကိုပြ၏။)

၇။ သိဆဲမှာပင်၊ မမှတ်လျှင်၊ ပေါ်လွင် ပညတ်သာ။
၈။ ပညတ်ပေါ်က၊ ကိလေကျ၊ ဘဝ ရုပ်နာမ်လာ၊
(သိဆဲဟူသည်မှာ မြင်ဆဲစသည်ကို ဆိုသည်၊ ထို မြင်ဆဲစသည်၌ ပညတ်ပေါ်လျှင် ကိလေသာ သာကျ၍ ကမ္မဘဝ ဥပပတ္တိဘဝ ရုပ် နာမ် ဆင်းရဲဖြစ်ပေါ်လာ၏၊)

၉။ သိဆဲမှာပင်၊ ရှုမှတ်လျှင်၊ သိမြင် ရုပ်နာမ်သာ။
၁၀။ ခုပင်ဖြစ်လျက်၊ ခုပင်ပျက်၊ ဆက်ဆက် သိနိုင်ပါ။
၁၀။ သိလျှင် သိလျှင်၊ မသိစင်၊ သိမြင် နိဗ္ဗုတာ။

ရုပ်ပြစ်ရှစ်ပါး နှင့် နဝမဓာတ

ဘုရားပွင့်ခါ၊ (၁) ငရဲရွာနှင့်၊ (၂) ပြိတ္တာ၊ (၃) တိရိစ်၊ (၄) အဟိတ်တဖြာ၊ (၅) မိစ္ဆာ၊ (၆) ပစ္စန်၊ (၇)ရုပ်နာမ်မည်သော၊ (၈)မဟာဘုတ်ရုပ်၊ တိဟိတ်သားဟူ၊ ရှစ်ပါးရုပ်ပြစ်၊ လွန်ကာဖြစ်ဆဉ့်၊ခုခေတ်ကြုံရ၊ကံကောင်းလှသည်၊ ဓာတ ၉-ခု မြောက်ပေတည်း။

၁။ ဘုရားပွင့်ဆဲ ဘုရား သာသနာတော် ထွန်းကားဆဲ၌ ငရဲသို့ ရောက်နေခြင်း။ ထိုအတူပင် ဘုရားပွင့်ခါ ဟူသောပုဒ်ကို နံပါတ်၂-တိုင်အောင် စပ်၍ယူရမည်။

၂။ ဘုရား ပွင့်ဆဲ သာသနာထွန်းကားဆဲ၌ ပြိတ္တာဖြစ်နေခြင်း။

၃။ ထိုအတူပင် တိရစ္ဆာန် ဖြစ်နေခြင်း။

၄။ လူ့ဘုံ ဝိနိပါတိက နတ်ဘုံတို့၌ အဟိတ်ပုဂ္ဂိုလ် ဖြစ်နေခြင်း။

၅။ နိယတမိစ္ဆာဒိဋ္ဌိ ဆိုးယူရှိခြင်း။

၆။ ပစ္စန္တရစ်-သာသနာမထွန်းကားရာ အရပ်၌ လူဖြစ်နေခြင်း။

၇။ ရုပ်သက်သက်သာရှိသော အသည်းသတ်ဘုံ၊ နာမ်သက်သက်သာရှိသော အရူပဘုံ တို့၌ ဖြစ်နေခြင်း။

၈။ မြတ်စွာဘုရား တရား မဟာမိတ်(သံဃာ) တိဟိတ်ပုဂ္ဂိုလ်။

ဘင်္ဂပုဂ္ဂိုလ်၏ အာဂံ ၆-ပါး

၁။ ကံ, ဒိဋ္ဌိကင်း၊ ဆန္ဒတင်း၊ ယုံခြင်း တိဟိတ်ဉာဏ်။
၂။ အာဂံငါခြောက်ဝ၊ ပြည့်စုံက၊ ဘင်္ဂပုဂ္ဂိုလ်မှန်။

(၁) ပဋ္ဌာနန္တရိယကံ ကင်းခြင်း။ (၂) နိယတမိစ္ဆာဒိဋ္ဌိ ကင်းခြင်း။ (၃) ကံ· ဂံ၏အကျိုး၊ ရတနာသုံးပါး၏ဂုဏ်နှင့် တထုးလုပ်ငန်းကို ယုံကြည်ခြင်း။ (၄) အားထုတ်ရန် လိုလားခြင်း။ (၅)တိဟိတ်ပုဂ္ဂိုလ်ဖြစ်ခြင်း။ (၆)ဥဒယဗ္ဗယဉာဏ် နှင့် ပြည့်စုံခြင်း။ ဤအာဂံ ၆-ပါးနှင့် ပြည့်စုံလျှင် ကျတ်ထိုက်သော ဘင်္ဂပုဂ္ဂိုလ်မည်၏။ ဤ အာဂံ ၆ ပါးတို့တွင်လည်း ရှေးအာဂံ ၄-ပါးနှင့်ပြည့်စုံလျှင်ပင် ဘင်္ဂပုဂ္ဂိုလ်ဟု ယုံကြည်အပ်၏။

နိဗ္ဗာန်နှင့် ဝေးပုံ

(၁) အဆင်းကို မြင်ပြီးလျှင် ချစ်ဘွယ်ဟု ထင်သူမှာ-အမှတ်တမဲ့ဖြစ်၍၊သတိမေ့သွားသည်၊ မေ့လျှင် တပ်စဲ့လျက် ခံစားသည်၊မြင်ရတာကိုလဲ စိတ်ထဲမှာ သိမ်းပိုက်ထားသည်။

(၂) သိမ်းပိုက်ထားသူမှာ၊ အဆင်း ဆိုင်ရာ ခံစားမှုများစွာလဲ တိုးပွားလေတော့သည်၊ရလိုမှု ညှဉ်းဆဲလိုမှုများလဲ တိုးပွားလေတော့သည်။ ထိုသူ၏ စိတ်သည် ရလိုမှု ညှဉ်းဆဲမှုများဖြင့် ပင်ပန်းရှာလေတော့သည်။ မြင်တိုင်း မြင်တိုင်း အမှတ်တမဲ့နေကာ ဖြစ်ထိုက်တဲ့ ကိုလေသာနှင့် စွဲဆင်းရဲဆင်းရဲပေါင်းကို ဒီလို လက်ခံစုဆောင်း နေသူမှာ ဆင်းရဲငြိမ်းမှု နိဗ္ဗာန် ဝေးလံသည် ဟု ဆိုအပ်ပေသတည်း။

၁။ အာဆင်းမြင်လျှင်၊ ချစ်ဘွယ်ထင်၊ ထိုတွင်ဧမ့ဓလသည်။
၂။ သာယာတပ်စွဲ၊ ခံစားမြဲ၊ စိတ်ထဲ သိမ်းလျက်တာည်။
၃။ အာဆင်းဆိုင်ရာ၊ ဝေဒနာ၊ မျှားစွာ ပွားတေ့သည်။
၄။ လောဘ စည်ကား၊ ဒေါသပွား၊ ဗျာမျှား စိတ်ပန်းသည်။
၅။ ဤနည်းဖြင့်ဘဲ၊ မပြောင်းလဲ၊ ဆင်းရဲရှာသူမည်။
၆။ ဆင်းရဲကိုသာ၊ ရှာသူမှာ၊ ဝေးစွာ နိဗ္ဗာန်ပြည်။

(အသံကို ကြားရာ စသည်၌လည်း နည်းတူပင် သိအပ်၏၊)

(နိဗ္ဗာန်နှင့် နီးပုံ)

(၁) အဆင်းကို မြင်ပြီးလျှင်(မြင်တယ်ဟု)ပြန်၍ မှတ်မိသူမှာ အဆင်းမျှားခြင်း မဘင်စွဲခြင်းတေ့ပြီ၊ မသာယာဘဲ ခံစားသည်၊ မြင်ရတာကို စိတ်ထဲမှာ သိမ်းပိုက်မထားပြီ။

(၂) မှတ်သိမှုပါတဲ့ နည်းဖြင့် လေ့ကျင့် နေသူမှာ အဆင်းကိုမြင်ကာ ခံစားနေသော်လဲ ထို အမြင်နှင့် စပ်၍ ဖြစ်ဆိုက်တဲ့ ကိလေသာ ဝဋ်ဆင်းရဲဟာ ကုန်သာ ကုန်ခန်းသည်၊ လက်ခံစုဆောင်းခြင်းကား မဖြစ်ပေ။ ယောဂီသည် မှတ်သိမှုပါတဲ့ ဤနည်းဖြင့်သာလျှင် (မြင်တိုင်း မြင်တိုင်း) အမှတ်ရလျက် လေ့ကျင့်နေသည်၊ မြင်မှုနှင့်စပ်၍ ဖြစ်ထိုက်တဲ့ ကိလေသာနှင့်ဝဋ်ဆင်းရဲကို (မြင်တိုင်း မြင်တိုင်း) အမှတ်ရလျက် လေ့ကျင့်နေသည်။ မြင်မှုနှင့်စပ်၍ ဖြစ်ထိုက်တဲ့

စ၂၄ ဖိပဆာနာရွန်းအာကျင်းချုပ်

ကိလေသာနှင့် ဝဋ်ဆင်းရဲကို (မြင်တိုင်း မြင်တိုင်း မှတ်ပြီး) ဒီလိုဖျက်ဆီး သူမှာ ဆင်းရဲငြိမ်းမှု နိဗ္ဗာန် ကောန် နီးပြီဟု ဆိုအပ်ပေသတည်း။

၁။ အဆင်းမြင့်က၊ အမှတ်ရ၊ ထူဂကင်းတော့သည်။
၂။ မတပ်မက်ဘဲ ခံစားမြဲ၊ စိတ်ထဲ မသိမ်းပြီ။
၃။ မှတ်သိလျက်ပင်၊ မြင်လဲမြင်၊ ထို့ပြင် ခံစားသည်။
၄။ သို့ပါသော်လဲ၊ ဝဋ်ဆင်းရဲ၊ ကုန်မြဲ ကုန်ခန်းသည်။
၅။ ကျိန်းပြင့်သာ၊ ယောဂီမှာ၊ မှတ်ခါ ကျင့်ရသည်။
၆။ မြင်တိုင်း ရှုမှတ်၊ဆင်းရဲသတ်၊ နီးကပ်နိဗ္ဗာန်ပြည်။

(အဆံကို ကြားရာ စသည်၌လည်း နည်းတူပင် သိအပ်၏။)

ဝိသုဒ္ဓိ နှင့် ဥာဏ်စဉ် အာကျဉ်းချုပ်။

ငါးပါး သီလ၊ အဇီဝဋ္ဌမက သီလ၊ အင်္ဂဂုဏ်ဥပေါသထ သီလ၊ ဆယ်ပါး သီလတို့တွင် တမျိုးမျိုးကို ဆောက်တည်၍ လုံခြုံစွာ စောင့်ထိန်းခြင်းသည် လူတို့၏ သီလဝိသုဒ္ဓိမည်၏။

ပါတိမောက္ခသံဝရ၊ ဣန္ဒြိယသံဝရ၊ အာဇီဝပါရိသုဒ္ဓိ၊ ပစ္စယသန္နိဿိတ ဟူသော ဤသီလလေးပါးတို့ကို လုံခြုံစွာ စောင့်ထိန်းခြင်းသည် ရဟန်းတော်တို့၏ သီလဝိသုဒ္ဓိမည်၏။ ထိုတွင် ပါတိမောက္ခ သံဝရ သီလသည် လိုင်း ပဓာန ပေစာည်း။

ဝိပဿနာယာနိက လမ်းဖြင့်၊ နိဗ္ဗာန်သို့ သွားလိုသော ပုဂ္ဂိုလ်သည်၊ အထက်ပါသီလဝိသုဒ္ဓိနှင့် ပြည့်စုံသော အချိန်ကာလမှစ၍၊ ဝိပဿနာ၏ အခြေခံဖြစ်သော နာမရူပပရိဂ္ဂဟ မိမိသန္တာန်၌ ထင်ရှားဖြစ်ပေါ်သော နာမ်ရုပ်ကို သူ့ပင်ကိုရင်း သဘောမှန်အတိုင်း သိမ်းဆည်း—ရူမှတ်မှု ဝိပဿနာ အလုပ်ကို အားထုတ်အပ်၏၊ အားထုတ်ကောင်း၏၊ အားထုတ်ပါ၍လဲ။

အားထုတ်ခါစ၌ စိတ္တဝိသုဒ္ဓိမဖြစ်သေးမီမှာ၊ ကာမအာရုံစသည်ကို ကြံစည်လျက် ပုံလွှင့်ပြေးသွားသော စိတ်များသည် မှတ်မှုတို့၏ အကြား အကြား၌ များစွာပင်ဖြစ်တတ်၏၊ ထို စိတ်များကို လုံးဝ မသိနိုင်သည်လည်း ရှိ၏။ အတန်ကြာမှ ပြန်၍ သိသည်လည်း ရှိ၏။ ခဏိကသမာဓိက အားမရှိသေးသောကြောင့်၊ နိဝရဏ ကိလေသာများက မှတ်သိမှု ဘာဝနာကို ပိတ်ဆို့တားမြစ်နေခြင်းပေတည်း။

ခဏိကသမာဓိ အားရှိလာသော အခါဌိကာ၊ မှတ်သိမှုသည် ဖောင်းမှု ပိန်မှု ထိုင်မှု ကွဲးမှု ဆန့်မှု မြင်မှု ကြားမှု စသော မှတ်စရာ အာရုံမျိုးအပေါင်း ကျွတ်ကျွတ် သွားဘိသကဲ့သို့၎င်း၊ ကပ်၍ ကပ်၍ နေဘိသကဲ့သို့၎င်း စူးစူးစိုက်စိုက် ဖြစ်လျက် အမှတ်ကောင်းလာ၏၊ ထိုအခါဌိ တခြားတပါးသို့ ပြေးသွား ပုံလွှင့်သော စိတ်သည် များသောအားဖြင့် မဖြစ်တော့ပြီ၊ တရံတခါ ဖြစ်သော်လဲ ထိုစိတ်ကို ချက်ခြင်းပင် မှတ်သိနိုင်၍၊ ဖြစ်ပေါ်သော နိဝရဏသည် ချက်ခြင်းပင် ကင်းငြိမ်း ပြတ်စဲသွား၏၊ မှတ်သိမှုကို မတားမြစ်မနှောင့်ယှက်နိုင်ပြီ။ ထိုအခါမှာ မှတ်မိတိုင်းသော အာရုံဌိ မှတ်ခိုက် မှတ်ခိုက် ခဏမျှ ကောင်းကောင်း စူးစိုက် တည်တံ့လျက်၊ တမှတ်ပြီး တမှတ် တစပ်ထည်းဖြစ်သော ခဏိက သမာဓိသည် စိတ္တဝိသုဒ္ဓိမည်၏။ ဤ ခဏိကသမာဓိသည် သမထကမ္မဋ္ဌာန်း အရာဌိ ပြအပ်သော ဥပစာရသမာဓိနှင့် အစွမ်းသတ္တိ အင်အား တူညီ၏။

ဤ စိတ္တဝိသုဒ္ဓိ ဖြစ်လျှင်၊ ဖောင်းမှုက တခြား၊ ပိန်မှုက တခြား၊ ထိုင်မှုက တခြား၊ ဤသို့ စသည်ဖြင့် မှတ်မိသော ရုပ်အာရုံများကိုလည်း အသီး အသီး ပိုင်းခြား၍ သိ၏။ ဖောင်းတာကို မှတ်သိသော စိတ်က တခြား၊ ပိန်တာကို မှတ်သိသော စိတ်က တခြား၊ ဤသို့ စသည်ဖြင့် မှတ်သိမှု စိတ်နာမ်များကိုလည်း၊ အသီး အသီး ပိုင်းခြား၍ သိ၏။ ဖောင်းတာက တခြား၊ မှတ်သိတာက တခြား၊ ဤသို့ စသည်ဖြင့် ရုပ်အာရုံနှင့် သိမှု နာမ်တို့ကိုလည်း တခြားစီ

တခြားစီ ပိုင်းခြားချ သိ၏။ (ငါတယောက်ထည်းကပင် ဖောင်းလဲ ဖောင်းသည်၊ ပိန်လဲပိန်သည်၊ ထိုင်လဲ ထိုင်သည်၊ ငါ တယောက်ထည်းကပင် မှတ်လဲ အထပ်ထပ် မှတ်နေသည် ဟု ပကတိ အထင်မှား ပျောက်သွားသည် ဟု ဆိုလို၏။) ထို အခါ၌ မှတ်တိုင်း မှတ်တိုင်း မှတ်သိမှု နာမ်တရား၊ ကြံသိမှု နာမ်တရားများကို 'အာရုံဆီသို့ ပြေးသွားနေသော သဘော၊ အာရုံဆီသို့ ညွတ်ကိုင်းနေသော သဘော၊ အာရုံကို သိသိ နေသော သဘော' ဟု ကိုယ်ပိုင်ဥာဏ်ဖြင့်ပင် ပိုင်းခြားချသိ၏။ ဖေါင်းမှု ပိန်မှု ထိုင်မှု စသော ကကိုယ်လုံးရှိ ရုပ်များကိုကား 'အာရုံဆီသို့ မသွားတတ် မညွတ်တတ်သော သဘော၊ အာရုံကို မသိတတ်သော သဘော' ဟု ပိုင်းခြားချသိ၏၊ ကြံသို့ မှတ်တိုင်း မှတ်တိုင်း မှတ်သိရသော အာရုံရုပ်နှင့်၊ မှတ်သိမှု နာမ်တို့ကို သူ့အဘော မှန်းသာတိုင်း ပိုင်းခြားချသိမှုသည် နာမရူပ ပရိစ္ဆေဒ ဉာဏ် မည်၏။

ကြံ နာမရူပ-ပရိစ္ဆေဒဉာဏ် ရင့်သန် မြည့်စုံသော အခါ၌၊ ဖေါင်းဘာနှင့်မှတ်တာ၊ ပိန်တာနှင့်မှတ်တာ-ကြံသို့ စသည်ဖြင့် အာရုံ ရုပ်နှင့် သိမှု နာမ် ကြံ ၂-မျိုးမျှ သာရှိသည်၊ ကြံ ၂-မျိုး ကိုပင် ပုဂ္ဂိုလ် သတ္တဝါ၊ ငါ သူတပါး၊ ယောကျ်ား-မိန်းမဟု ခေါ်နေကြသည်။ ကြံ ၂မျိုးမှ တပါးသော ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ဟူ၍ အသီးအခြားမရှိတော့ ပြီဟု ရှုမှတ်နေဆဲမှာပင် အလိုလိုသိမြင်သဘောကျခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

မကွေးမိ မဆန့်မိကပင် ကွေးချင် ဆန့်ချင်သော စိတ်ဦး ကလေးမျိုးကို ရှင်းလင်းစွာ မှတ်သိနိုင်သောအခါ၌ "ကွေး ချင်တဲ့ စိတ်ကြောင့် ကွေးမှုဖြစ်ပေါ်သည်၊ ဆန့်ချင်တဲ့ စိတ် ကြောင့် ဆန့်မှုဖြစ်ပေါ်သည်" ဤသို့စသည်ဖြင့်ရင်း၊ 'ပဋ္ဌမ ဦးစွာဖြစ်သော စိတ်ဦးကလေးမျိုးကို မသိခြင်းကြောင့် တ ခြားသို့ စိတ်ထွက်သွားသည်၊ ထိုစိတ်ဦးကို မှတ်မိလျှင် တ ခြားသို့ စိတ်မသွားနိုင်" ဤသို့စသည်ဖြင့်ရင်း။ "မှတ်စရာ သိစရာ အာရုံရှိပါမှ မှတ်သိကြံစည်သော စိတ်ဖြစ်ပေါ် နိုင် သည်" ဤသို့စသည်ဖြင့်ရင်း၊ အကြောင်းနှင့်တကွ ဖြစ်ပေါ် လာသော ရုပ်နာမ်တို့ကို မတွေးမဆရတော့ဘဲ၊ မှတ်ဆဲမှာပင် အလိုလိုပိုင်းခြား၍ သိသောဉာဏ်သည် ပစ္စယ ပရိဂ္ဂဟဉာဏ် မည်၏။

ဤဉာဏ် ရင့်သန် ပြည့်စုံသော အခါ၌ "သူ့ဆိုင်ရာ အကြောင်း များကြောင့် ဖြစ်ပေါ်သော သူ့ဆိုင်ရာ အကျိုး တရား နာမ်ရုပ် ၂-ပါးမျှသာရှိသည်၊ ထိုမှတပါးသော ပြုလုပ် တတ် ခံစားတတ်သော ပုဂ္ဂိုလ် သတ္တဝါဟူ၍ မရှိတော့ပြီ" ဟု သိခြင်းသည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။

မှတ်ဖွယ်သော အာရုံ၏ အစ, အလယ်, အဆုံးတို့ကို ပိုင်းပိုင်းခြားခြား သိနိုင်သောအခါ၌ အမြဲတမ်း မှတ်နေကျ အာရုံများတွင် ဖေါင်းမှု ဆုံးပြီးမှ ပိန်မှုပေါ်လာသည်ကိုလည်း၊ ပိန်မှု ဆုံးပြီးမှ ထိုင်မှုပေါ်လာသည်ကိုလည်း၊ ကြွမှု ပြီးဆုံးမှ လှုပ်မှုပေါ်လာသည်ကိုလည်း၊ ဤသို့ စသည်ဖြင့် ရှေးရှေး အာရုံပြီးဆုံးမှ နောက်နောက်အာရုံ ဖြစ်ပေါ် လာသည်ကို

ရှင်းလင်းစွာ သိ၏။ နာကျင်မှု ယားမှု စသော ဝေဒနာ တမျိုးမျိုး ဆုံးသွားပြီးမှ၊ အခြားတနေရာရာ၌ ဝေဒနာ အသစ် တမျိုးမျိုး စ၍ ဖြစ်ပေါ်လာသည်ကိုလည်း၊ ၂-ချက် ၃-ချက် စသည်ဖြင့် မှတ်နေလျှင်၊ ထိုဝေဒနာသည် တဖြည်းဖြည်းသေးငယ်၍ သေးငယ်၍ နောက်ဆုံး၌ ပျောက် ပျောက် သွားသည်ကိုလည်း၊ ထင်ပေါ်လာသော ပုံသဏ္ဌာန် နိမိတ် အာရုံတို့တွင်လည်း၊ တမျိုး တမျိုး လုံး၀ ပျောက်သွားပြီးမှ၊ အသစ်အာရုံ တမျိုးတမျိုး ထင်ပေါ်လာသည်ကိုလည်း၊ ၂-ချက် ၃-ချက် စသည်ဖြင့် စူးစူးစိုက်စိုက် မှတ်နေလျှင် ထိုပုံသဏ္ဌာန် အာရုံသည် ရှေ့၍ ရှေ့၍ ဖြစ်စေ၊ သေး၍ သေး၍ ဖြစ်စေ၊ မှုန်မှုန် မှုန်မှုန်၍ ဖြစ်ခဲစေ နောက်ဆုံး၌ ပျောက် ပျောက် သွားသည်ကိုလည်း ရှင်းလင်းစွာ သိရ၏။ မကုန်ဆုံး မပျောက်ပျက်ဘဲ ခိုင်မြဲတည်တံ့နေသော တရား ကိုကား မတွေ့ရ။ ထို့ကြောင့် မှတ်ဆဲ မှတ်ဆဲမှာပင် ကုန်ဆုံး ကုန်ဆုံး သွားသော ထိုအာရုံကို၊ ကုန်ဆုံးသွားသောကြောင့် မမြဲ ဟူ၍လဲ သဘောကျလျက် ဆင်ခြင်မိတတ်၏။ ပေါ်ပေါ် ပြီးလျှင် ပျောက်ပျောက် သွားခဲသောကြောင့် ဆင်းရဲဟူ၍လဲ သဘောကျလျက် ဆင်ခြင်မိတတ်၏။ (မကောင်းဘူး ဟူ၍ ဆင်ခြင်မှုသည်လည်း ဆင်းရဲဟု သဘောကျခြင်းနှင့် အတူတူ ပင်တည်း၊) အခံရခက်လှစွာသော ဒုက္ခဝေဒနာတို့ကို တမျိုးပြီး တမျိုး၊ များစွာတွေ့ရသဖြင့်လည်း " ဆင်းရဲ အစုအဝေးကြီးဘဲ " ဟူ၍ သဘောကျလျက် ဆင်ခြင်မိတတ်၏။ အလိုအတိုင်း မဖြစ်မှု၍၊ သူ့သဘောအတိုင်းသာ ဖြစ်တတ် ပျက်စီတတ်သော ကြောင့် အစိုး မရဘူး၊ ငါကောင်မဟုတ်ဘူး၊ သဘောတရား

မျှသာ ဟူ၍လဲ သဘောကျလျက် ဆင်ခြင်မိတတ်၏။ ဤသို့ မှတ်နေဆဲမှာပင် မှတ်မိသော အာရုံကို မတွေးမဆရဘဲ "မမြဲ၊ ဆင်းရဲ၊ အစိုးမရ" ဟု သဘောကျ၍ ဆင်ခြင် ဆုံးဖြတ်ခြင်းသည် ပစ္စက္ခ ဿမဿနဉာဏ် မည်၏။

ဤသို့ ပစ္စက္ခဿာဝေးဖြင့် မှတ်သိရပြီးသော အာရုံနှင့် နှိုင်းဆ၍ အတိတ် အနာဂတ် ပစ္စုပ္ပန် တလောကလုံး၌ ရှိသော ရုပ်နာမ် ဟူသမျှကိုလဲ "နည်းတူပင် မမြဲတာတွေ ချည်းဘဲ၊ ဆင်းရဲတွေ မဒုက္ခတွေချည်းဘဲ၊ အစိုးမရ ငါကောင် မဟုတ်တာတွေချည်းဘဲ" ဟူ၍ သဘောကျလျက် ဆင်ခြင် ဆုံးဖြတ်မိတတ်၏။ဤဆင်ခြင် ဆုံးဖြတ်မှုသည်ကား အနုမာန ဿမဿနာဉာဏ် မည်၏။

ကောင်းကောင်း ပစ္စုပ္ပန်ကျစေအောင် မှတ်နိုင်သော အခါ၌၊ အမှတ်ရမှု သတိနှင့် အသိဉာဏ်တို့သည် အလွန်သွက်လက် လျင်မြန်စွာ ဖြစ်ပေါ်ကုန်၏။ အားထုတ်မှု ဝီရိယသည်လည်း မယုတ်မလွန် မလျော့မတင်း ညီမျှစွာဖြစ်၏။အထူးကြောင့်ကြ မစိုက်ရဘဲ မှတ်သိလျက် မှတ် သိလျက် ဖြစ်နေအောင်ညီမျှစေသော ဥပေက္ခာလဲ ထင်ရှားဖြစ်၏။စိတ်သည် အထူးကြည်လင်၏။ထူးခြားစွာ ဖြစ်ပေါ်လာသော အလင်းရောင်ကိုလဲ တွေ့ရတတ်၏။ ကိုယ်ထဲ၌ စိမ့်စိမ့် စိမ့်စိမ့် ဖိုမ်းဖိမ်း ဖိုမ်းဖိမ်း နှင့် ဆာလွန် နေထိုင်ကောင်းသော ပီတိလဲ ထင်ရှား ဖြစ်ပေါ်၏။ ကြောင့်ကြပူပန်မှုကင်းၗ သက်သာဆေးချမ်းသော ပဿဒ္ဓိလဲ

ထင်ရှားဖြစ်ပေါ်၏။ ဝမ်းသာ ဝမ်းမြောက်မှုလဲ အလွန်အကဲဖြစ်တတ်၏။ ရှုမှတ်မှုဘာဝနာဌ်ပျော်မွေ့မှုလဲဖြင့်၏။ ထိုအခါ၌ အလွန် လျင်မြန်စွာ ထင်ပေါ်သော ရုပ်နာမ် အမှုအရာ တို့ကို ဖြစ်စဉ်အတိုင်း အကြွင်းမရှိ အကုန်ပင် မှတ်သိနိုင်သည် ဟု ထင်ရ၏။ ဤသို့ အလင်းဆောင် ပီတိ သုခတို့နှင့် တကွ သက်သက်သာသာနှင့် လျင်မြန်စွာ အမှတ်အသိ ကောင်းနေသောကြောင့်၊ ထိုသို့ ဖြစ်ပုံကို သာယာ သဘောကျလျက် "တရားလမ်းဆုံးပြီ၊ မင် ဖိုလ် နိဗ္ဗာန်သို့ ရောက်ပြီ"ဟု ထင်မှတ်တတ်၏။ မင်မှားကို စွဲလမ်းသော ဥပက္ကိလေသပေတည်း။ ဤ ဥပက္ကိလေသနှင့် ရောပြွမ်းလျက် လျင်မြန်စွာ မှတ်သိနိုင်သော အသိဉာဏ်သည် ဖြစ်ပေါ်ခါစ နုသောဥဒယဗ္ဗယဉာဏ်မည်၏။ ဤ နုသော ဥဒယဗ္ဗယဉာဏ် ဖြစ်ခိုက်၌ မှတ်သိရသော ရုပ်နာမ်တို့၏ အစ အဆုံး အဖြစ် အပျက် မျှားကို ကောင်းကောင်း ရှင်းလင်းစွာ မသိနိုင်သေးပေ။

ထိုသို့ မှတ်နေစဉ်မှာပင်၊ အလင်းဆောင်စသည်က တရားထူးမဟုတ်သေး၊ အလင်းဆောင် စသည်ကို စဉ်းစား ဆင်ခြင်ကာ သာယာနေစဉ်ကာလ (ဝိပဿနာ) ရှုမှတ်မှု၏ အနှောက်ယှက်ဘဲ၊ မပြတ် မှတ်နေတာကမှ လမ်းမှန်ဘဲ၊ လမ်းမဆုံးသေးဘူး၊ မှတ်ရဦးမှာဘဲ၊ မှတ်မှသာပြီးကောင်းသွားမည်ဟူ၍ တဆင့်ကြားရရှိဖြစ်စေ၊ မိမိအလိုလိုဖြစ်စေ ဆုံးဖြတ်၏။ ဤ ဆုံးဖြတ်မှုသည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်၏။

ထိုသို့ ဆုံးဖြတ်ပြီးလျှင် မှတ်မြဲပင် ဆက်၍ မှတ်သောကြောင့်၊ အလင်းထွောင် ပိတိ ပဿဒ္ဓိ ဝမ်းသာမှု သာယာမှုတို့ကို လွန်မြောက် သွားသောအခါ၌၊ မှတ်တိုင်း မှတ်တိုင်း မှတ်မိသော အာရုံများသည် ပေါ်ပေါ်ပြီးလျှင် ချက်ချင်းပင် ပျောက်ပျောက်သွားကြဆည်ကို တွေ့ရ၏။ ထိုပျောက်သွားပုံမှာလည်း၊ တခြား နေထူသို့ ရွှေ့ပြောင်း သွားခြင်း မရှိဘဲ၊ သူပေါ်လာရင်း နေထူမှာပင် တိကန် တိကန် လုံးဝ ကွယ်ပျောက်သွားသည့် အနေအားဖြင့် ထင်ရှား၏။ ထို့ကြောင့် ရုပ်နာမ်တို့သည် မျက်စိတမှိတ် လျှပ်တပြက်ခန့်မျှ မတည်တံ့ဘဲ၊ ခဏမစဲ ဖြစ်ပျက်နေကြသည်ဟု မျက်မှောက်သိရ၏။ ဤသို့ပေါ်လိုက် ပျောက်လိုက်နှင့် ခဏမစဲဖြစ်ပျက်နေသော ရုပ်နာမ်တို့ကို၊ မှတ်တိုင်း မှတ်ဘိုင်း ကွက်ခနဲ ကွက်ခနဲ ရှင်းလင်းစွာ သိသောဉာဏ်သည် ဥပက္ကိလေသမှ လွတ်ပြီးသော ရင့်သန်သော ဥဒယဗ္ဗယဉာဏ် မည်၏။ ဤဉာဏ်သည် ပဋိဗဒါဉာဏ ဒဿနဝိသုဒ္ဓိ၏ အစပေတည်း။

ပေါ်လိုက် မှတ်လိုက် ပျောက်လိုက်နှင့်၊ ကွက်ခနဲ ကွက်ခနဲ အမှတ်အသိ ကောင်းနေထူမှ၊ မှတ်ရသော အာရုံများသည် ပျောက်ပျောက်နေနှင့် သက့ဲသို့ဉင်း၊ ဘာမျှမရှိဘဲ ပြစ်နေသကဲ့သို့ဉင်း ထင်ရ၏၊ မှတ်စိတ်သည် မှတ်ရသော အာရုံနှင့် စေးစေးကပ်ကပ် မရှိဘဲ ဟာကျဲကျဲပြစ်နေသကဲ့သို့လဲ ထင်ရတတ်၏၊ ဖောင်း ပိန်သော ဗိုက်ပုံသဏ္ဌာန်, စကွးဆန့် လှုပ်ရှား

နေသော လက် ခြေ ပုံသဏ္ဌာန် စသော ဃနနိမိတ် ပညတ်
များ ကွယ်ပျောက်၍ ပရမတ်သဘောမျှကိုသာ တွေ့ရသော
ကြောင့် ထိုကဲ့သို့ ထင်ပေသည်၊ ထိုဉာဏ် အားပြည့်ရင့်သန်
လာသောအခါ၌ ဖောင်းမှု ပိန်မှုစသော မှတ်စရာ အာရုံနှင့်
မှတ်သိသော စိတ်တို့ကို၊ ရှေ့ဆင့် နောက်ဆင့် ကုန်ဆုံး ကုန်ဆုံး
နေသည်ကိုသာသျှင် မှတ်ဘိုင်း မှတ်ဘိုင်း ရှင်းလင်းစွာ
သိရ၏။ ထိုကုန်ဆုံးမှု ထင်ပုံမှာလည်း မှတ်ရသော အာရုံ၏
အစပေါ်လာမှု နှင့် အဆည်ဒြပ်ကို မမြင်ရပါဘဲ၊ မှတ်ရန်
အားထုတ်စဉ် အားထုတ်စဉ်မှာပင် ကုန်ကုန်သွား နှင့် သကဲ့
သို့ဝင်း၊ ပျောက်ပျောက်သွားနှင့် သကဲ့သို့ဝင်း ထင်ခြင်း
ပေအံ့သည်း။ ဤသို့ ရှင်းလင်းစွာ ထင်ပေါ်၍ အာရုံရော မှတ်
စိတ်ရော အတွဲလိုက်အတွဲ လိုက်အားဖြင့် ရှေ့ဆင့်နောက်ဆင့်
တိကန် တိကန် လျင်မြန်စွာ ကုန်ပျက် ကုန်ပျက်သွားသည်ကို
သိခြင်သောဉာဏ်သည် ဘင်္ဂဉာဏ် မည်၏။

အာရုံရော မှတ်စိတ်ရော အတွဲလိုက် အတွဲလိုက်အားဖြင့်
တကုန်တည်းကုန်၊ တပျက်ထည်း ပျက်နေသည်ကိုသာ တွေ့ရ၍
မှတ်နေရင်းပင် ကြောက်စရာ ကောင်းသည်ဟု ထင်မြင်လာ
တတ်၏၊ ဘယဉာဏ်ပေတည်း။ ထိုအခါ၌ မှတ်တိုင်း မှတ်တိုင်း
ကြောက်နေ သလိုလိုလဲ ဖြစ်တတ်၏၊ ဝမ်းနည်း သလိုလိုလဲ
ဖြစ်တတ်၏၊ မှတ်စရာ အာရုံတွေ ပေါ်ပေါ် လာမည်ကိုလဲ
ကြောက်နေတတ်၏။

မှတ်တိုင်း မှတ်တိုင်း အာရုံနှင့် မှတ်စိတ်တို့ကို မကောင်း ဘူးဟု အပြစ်မြင်သော အသိဉာဏ်သည် အာဒီနဝဉာဏ် မည်၏။ ထိုအခါ၌ မကောင်းတာဒေတ္တ နှင့် မပြတ်စဉ်တွေးနေရ သည် ဟု ထင်ရ၏၊ ဘယ်လိုပင် အမှတ်အသိ ကောင်းနေ သော်လဲ မှတ်ရတာ အရသာ မရှိသကဲ့သို့ ထင်ရ၏။

မှတ်တိုင်း မှတ်တိုင်း ခြောက်သွေ့.သွေ့.ဖြစ်လျက်၊ ပျင်းရိ ငြီးငွေ့.ဘွယ်ဟု ထင်မြင်သောဉာဏ်သည် နိဗ္ဗိဒါဉာဏ်မည်၏။ ထိုအခါ၌ ပျင်းရိသလိုလို၊ အားလျော့သလိုလို ဖြစ်နေတတ်၏။ သို့သော် မမှတ်ဘဲလဲ မနေနိုင်၊ တကယ် ပျင်းရိသည်ကား မဟုတ်ပေ။

မှတ်ခိုက်မှာရော၊ ဆင်ခြင်ခိုက်မှာရော ဒုက္ခ လက္ခဏာ များစွာ ထင်လျက် ငြီးငွေ့.ဘွယ်ကိုသာ တွေ့ရသောကြောင့်၊ မှတ်ရသော အာရုံသင်္ခါရနှင့် မှတ်မှုဝိပဿနာ သင်္ခါရတို့ကို စွန့်လွှတ်လိုသော စိတ်ဖြစ်ပေါ်၏။ ထို သင်္ခါရတို့မှ လွှတ် မြောက်သာ လွှတ်မြောက်လိုတော့၏။ မှတ်ခိုက် မှတ်ခိုက် မှာပင် အလိုလို ဖြစ်ပေါ်လာသော ဤစွန့်လိုမှု လွှတ်မြောက် လိုမှုသည် မဒုံတုကမ္မဏာဉာဏ်မည်၏။ ထိုအခါ၌ တပျက် တည်း ပျက်နေသော အာရုံစိတ်နှင့် မှတ်သိမှုတွေ့ လုံးဝ မရှိမှု ကောင်းမည် ဟူ၍လဲ ဆင်ခြင်မိတတ်၏၊ သင်္ခါရငြိမ်းရာနိဗ္ဗာန် ဆီသို့ ညွှတ်ကိုင်းခြင်း ပေတည်း။

သခ်ၤါရတို့မှ လွတ်ခမြစက်လိုခသောကြောင့် မြန်မြန်ကြီး လွတ်မြောက်စေရန် အင်တိုက်အားတိုက် ကြိုးစား၍၊ မှတ်ပြုပင် တဖန် မှတ်ပြန်သော အခါ၌ တကိုယ်လုံးရှိ ရုပ် နာမ် အလုံးစုံကို ဒုအလွန် မခံသာဖသော ဇောဂါ အစုအဝေးကြီး ကဲ့သို့ဝင်း၊ဒုက္ခတုံး ဒုက္ခခဲကြီးကဲ့သို့ဝင်း၊ ထင်ရတတ်၏။ ကိုယ်လက် ခြေ လှရီယာပုထိ များကိုလဲ ကြာရှည်စွာ ငြိမ်ငြိမ် မထားနိုင်ဘဲ ခဏ ခဏ ပြုပြင်လိုတတ်၏။ အမှတ်အသိမှာ တချက်မှတ် တခါပျောက်အားဖြင့် ကောင်းနေငြားသော်လဲ မကောင်းသေးဘူးဟူ၍ ထင်လျက် အားမရနိုင်ဘဲ ရှိတတ်၏၊ နောက်ပိုင်း၌ကား အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ကို အထူး ထင်ရှားစွာ တွေ့ရလျက်၊ သွက်လက် လျင်မြန်စွာ အမှတ် ကောင်းနေတတ်၏။ ဤသို့ တဖန် ရှုမှတ်၍ အထူး သိမြင်သော ဥာဏ်သည် ပဋိသခ်ၤါဥာဏ်မည်၏။

ထင်ပေါ်သမျှ ရုပ်နာမ်တို့ကို၊ အထူး ကြောင့်ကြ မစိုက် ရတော့ဘဲ၊ သူ့အလိုလိုပင် မှတ်သိပြီး ဖြစ်လျက် အာရုံနှင့် မှတ်စိတ်တို့၏ အပျက်ကို လွယ်ကူ သိမ်မွေ့စွာ တဆက်တည်း တစဉ်တည်း အရှိန်မပျက် သိနေသော ဥာဏ်သည် သခ်ၤါရုပေက္ခာဥာဏ် မည်၏။ ထိုအခါ၌ အာရုံ ထင်ပေါ်စေရန်လဲ ကြောင့်ကြ မစိုက်ရပြီ၊ မှတ်မိစေရန်လဲ ကြောင့်ကြမစိုက်ရပြီ၊ အမှတ် တမှတ် ဆုံးသွားလျင် တဖန် မှတ်စရာ အာရုံသည် အလိုလိုပင် ထင်ပေါ်လျက်ရှိ၏။ ထို အာရုံကို အလိုလိုပင်

မှတ်သိမိလျက်ရှိ၏။ ကုန်ပျက်မှုကိုတွေ့နေရသော်လဲ၊ ရွေးကောက်ခြင်း အပြစ်မြင်ခြင်း ငြီးငွေ့ခြင်း လွှတ်လိုခြင်း အားမရခြင်းမျိုး မဖြစ်လာပြီ၊ မခံသာမှု ဒုက္ခဝေဒနာကို တွေ့ရသော်လဲ၊ စိတ်မချမ်းသာခြင်း မဖြစ်ပြီ၊ မျိုးစေ့အား ဖြင့်ကား ထိုအခါ၌ ဒုက္ခဝေဒနာမျိုး လုံးဝကင်းငြိမ်းလျက် သာရှိတတ်ပေသည်၊ အာရုံကောင်းမျိုးကို တွေ့ရသော်လဲ၊ ရွေးကောက် အလွန်အကဲ ဝမ်းသာခြင်း မဖြစ်ပြီ။ အမှတ်အသိမှာ အလွန်ငြိမ်သက် သိမ်မွေ့စွာ ကောင်းနေသော်လဲ၊ ထိုအတွက် ရွေးကောက် အလွန်အကဲ ဝမ်းသာခြင်း အားတက်ခြင်းမျိုး မဖြစ်လာပြီ။ အာရုံနှင့် မှတ်သိမှုမျိုး အပေါင်း မချစ် မမုန်း ညီမျှစွာ ဖြစ်လျက်၊ အမှတ်မှာ သူ့အရှိန်နှင့်သူ သွားလျက် ရှိ၏။ မပြုပြင်ဘဲ မှတ်နေမည် ဆိုလျှင်၊ ၂-နာရီ၊ ၃-နာရီ ကြာသော်လဲ အခြေမပျက် ကောင်းမြဲပင် ကောင်းနေ၏၊ တနေ့လုံး တညလုံးသော်လဲ မှတ်နေနိုင်မည်ဟု ထင်ရဲတင်၏။ စိတ်ကိုတခြားသို့ပို့သော်လဲ ကြာရှည်စွာမသွား၊ မှတ်မှုသို့သာ လျှင် ပြန်ပြန်ရောက်လာ၏။ ဒုဂရ ၆-ပါးသို့ ဖြန့်၍ အာရုံမျိုး စွဲကို မှတ်ရန်အားထုတ်သော်လဲ ဖြန့်၍မရဘဲ၊ သူ့မှတ်နေကျ အာရုံမျိုးတွင်သာလျှင် မှတ်သိလျက်ဖြစ်နေတတ်၏။

(အာရုံထင်စေရန် ရှုမှတ်မှုဖြစ်စေရန် ကြောင့်ကြ မစိုက်ရခြင်း- ၁။ ဘယ- ကြောက်မှု၊ နန္ဒိ- နှစ်သက်ပျော်မွေ့မှု ကင်းခြင်း- ၂။ ညီမျှစွာဖြစ်ခြင်း- ၃။ သူ့အရှိန်နှင့်သူ ကြာရှည်စွာ

ဖြစ်လျက် တည်ခြင်း-၄။ ဒုက္ခဝေဒနာကို သည်းခံနိုင်ခြင်း-၅။ တခြား အာရုံသို့ မပြန့်ခြင်း-၆။ ဤဂုဏ်အင်္ဂါများသည် ပါဠိဋီ အဋ္ဌကထာ ဋီကာတို့၌ တိုက်ရိုက်ပြထားသော သင်္ခါရုပေက္ခာ၏ ဂုဏ်အင်္ဂါတို့ပေတည်း။)

သင်္ခါရုပေက္ခာဉာဏ် အားပြည့်လျင် အချို့ပုဂ္ဂိုလ်မှာ မှတ်အပ်သော အာရုံနှင့် မှတ်သိမှုတို့၏ လျင်မြန်စွာ ကုန်ဆုံးသွားသော သဘောအားဖြင့်၊ အနိစ္စလက္ခဏာ အထူး သန့်ရှင်းစွာ ထင်လျက်၊ မှတ်သိမှုသည် အဟုန်ဖြင့် ဖြေးလာသကဲ့သို့ တကြိမ်ထက် တကြိမ် အထူး လျင်မြန်စွာ ဖြစ်ပေါ်၏၊ အချို့ပုဂ္ဂိုလ်မှာ မခံသာသော သဘော-မကောင်းသော သဘောအားဖြင့်၊ ဒုက္ခလက္ခဏာ အထူး သန့်ရှင်းစွာ ထင်လျက် ထူးခြားသော မှတ်သိမှုများ ဖြစ်ပေါ်၏။ အချို့ပုဂ္ဂိုလ်မှာ ချစ်ဖွယ် မုန်းဖွယ် ကင်းမဲ့သည့် သဘောတရား အနေအားဖြင့် အနတ္တလက္ခဏာ အထူး သန့်ရှင်းစွာ ထင်လျက် ထူးခြားသော မှတ်သိမှုများ ဖြစ်ပေါ်၏။ ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အစ ခေါင်ထိပ်သို့ ရောက်သော သင်္ခါရုပေက္ခာပေတည်း။

ဤ ထူးခြားသော အမှတ်အသိများ ၂-ကြိမ် ၃-ကြိမ် စသည် ဖြစ်ပေါ်ပြီးလျင်၊ နောက်ဆုံး မှတ်သိမှု ပြီးဆုံးသွားသည်နှင့် တပြိုင်နက်၊ အာရုံနှင့် မှတ်သိမှု အလုံးစုံ တိကန်ပြတ်သွား သကဲ့သို့ပင်။ အကုန်လုံး မြုပ်ကွယ်သွား သကဲ့

သို့ဌင်း သစ်ါရ ချုပ်ငြိမ်းရာ နိဗ္ဗာန် အာရုံသို့ ဆိုက်ရောက်ပြီးဝင်သွား၏။

ဤသို့ဖြစ်ရာတွင် ထူးခြားဓသာ နောက်ဆုံးအမှတ်အသိသည်(ဥဒယဗ္ဗယဉာဏ်စသော ရှုးဉာဏ်များနှင့်ဒင်း၊နောက်အဘိုဖြစ်သော မဂ်ဆိုင်ရာ တရားများနှင့်ဌင်း လျော်စွာ ဖြစ်သေခြောင့်)အနုလောမဉာဏ်မည်၏။ဥပက္ကိလေသကင်းပြီးသော ဥဒယဗ္ဗယဉာဏ်မှစ၍ ဤအနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ၉-ပါးသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။

အာရုံနှင့် မှတ်သိမှုဟူသော သစ်ါရ အလုံးစုံ ကင်းပြတ်ချုပ်ငြိမ်းရာသို့ ရှေးဦးစွာ ကျရောက်သော အသိဉာဏ်သည် ဂေါတြဘူဉာဏ်မည်၏။

ထိုချုပ်ငြိမ်းမှထဲ၌ ဝင်ရောက်နေရဘိသကဲ့သို့ မျက်မှောက်တွေ့လျက်၊တခဏမျှ တည်တံ့နေသောအလယ်ပိုင်းအသိဉာဏ်သည် မဂ်ဉာဏ်မည်၏။ဉာဏဒဿနဝိသုဒ္ဓိလဲမှည်၏။

ထိုချုပ်ငြိမ်းမှု၌ ဆက်လက်၍ တည်သော နောက်ဆုံးပိုင်းအသိဉာဏ်သည် ဖိုလ်ဉာဏ်မည်၏။

ဖိုလ်ဉာဏ် ပြီးဆုံးသွားလျှင်၊ အိပ်ပျော်ရာမှ ဘုဉးကန့်နိုးလာသကဲ့သို့ဌင်း၊ရေထဲ၌ ငုပ်နေရာမှ ဘုဉးကန့် ရုတ်တရက် ပေါ်လွှာသကဲ့သို့ဌင်း၊ ရှုမှတ်ခဲ့ပုံနှင့် ချုပ်ငြိမ်းရာသို့ ရောက်သွားပုံများကို ပြန်လှည့်၍ ဆင်ခြင်မိ၏။ ဤ ဆင်ခြင်မှုသည် ပစ္စဝေက္ခဏာဉာဏ်ပေတည်း။

ထိုနောင် မှတ်မြဲတိုင်း ဆက်၍ မှတ်ပြန်လျှင်၊ မှတ်သိ ရသော အာရုံများသည် ယခင် အမှတ်ကောင်းခါစကလိုပင် အထည်ဖြစ်နှင့်တက္ခဏ မီပီ သသ ဖြစ်လျက် ထင်ပေါ် နေတတ် ကြ၏။ ဖြစ်မှုပျက်မှုများကို ယခင် အမှတ်ကောင်းခါစကလိုပင် ထင်ရှား ပီသစွာ သိရ၏။ ဥဒယဗ္ဗယဉာဏ် တပတ်ပြန်၍ ဖြစ်ပေါ် လာခြင်းပေတည်း။ ဤအရာ၌ ဖြစ်တတ်ပုံ အထူး များနှင့် နိုင်နင်းခအောင် တိုးတက်အောင် အားထုတ်ပုံများကို အားထုတ်ပုံအခက်းနံပါတ် ၉၅-စသည်၌ ပြဆိုထားအပ်ပြီ။ သို့ဖြစ်၍ ဤမျှဖြင့် ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်ကို မှတ်သားနိုင်-နား လည်နိုင်လောက်ပေပြီ။ သို့ဆိုတွင်....

မည်မျှအရသာ ကောင်းသော စားဘွယ် ဖြစ်စေကာမူ စားကြည့်မှ ကောင်းကောင်း သိနိုင်သကဲ့သို့ ဤ၌ ပြထား သော ဉာဏ်ဖြစ်ပုံ အလုံးစုံကိုပဲ ကိုယ်တိုင်မျက်မှောက် ဆိုက် ရောက်ပြီးမှ ကောင်းကောင်း နားလည်၍ ကောင်းကောင်း သဘောကျဘာ်ကြပေမည်။ ယုံမှားမရှိ သဘောကျနိုင်သော အဆင့်အတန်းသို့ တက်လှမ်း ဆိုက်ရောက်နိုင်ကြပါစေ။

ဝိသုဒ္ဓိနှင့် - ဥဒ္ဓယ်စဉ် အကျဉ်းချုပ် ပြီး၏

ကိုယ်တွေန့် တိုက်ဆိုင်၍ ကိုယ့်ဥဂၢ်အဆင့်ကို
ကိုယ်တိုင်ပင် ဆုံးဖြတ်နိုင်ရန်အလို့ငှာ
အပြည့်အစုံ အားထုတ်ပြီးသော ယောဂီတို့အား
မဟာစည်ဆရာတော် ဟောပြောလေ့ရှိသော
ဝိသုဒ္ဓိနှင့် ဥဂၢ်စဉ်တရားတော်မှ

ဆောင်ပုဒ်များ။

ဓမ္မာဒါသသုတ်လာ သောတာပန်၏ ဂုဏ်အင်္ဂါ ၄-ပါး

၁။ ဘုဓဲစ့မ်းရည်၊တွေ့မြင်ပြီ၊ယုံကြည် မြဲလှစ့ာ။ မှန် ၁-ခု။
၂။ ဓမ္မစ့မ်းရည်၊ တွေ့မြင်ပြီ၊ယုံကြည် မြဲလှစ့ာ။ မှန် ၁-ခု။
၃။ သံဃစ့မ်းရည်၊တွေ့မြင်ပြီ၊ယုံကြည် မြဲလှစ့ာ။ မှန် ၁-ခု။
၄။ အရိယာကန္တ၊ငါးသီလ၊လုံးဝ ပြည့်စုံရာ။ မှန် ၁-ခု။
၅။ မြတ်သောတာပန်၊တရားမှန်၊လေးတန် စုံလင်ရာ။
၆။ ကိုယ့်ဥဂၢ် အဆင့်၊ကိုယ်တိုင်ချင့်၊အသင့် ဆုံးဖြတ်ရာ။

မျက်မှောက် သိအပ်သော နိဗ္ဗာန်၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်

ရုပ်နာမ် ဖြစ်ပျက်–ပြတ်လျက်ငြိမ်းသည်၊ (သန္တိလက္ခဏာ နိဗ္ဗာန်)
ရွှေ့လျော သေခြင်း–ကင်းရှင်း ပေသည်၊ (အစ္စုတိရသံ)
သဏ္ဌာန်နိမိတ်–ကင်းဆိတ်ထင်သည် (အနိမိတ္တာပစ္စုပဋ္ဌာန်)
နိဗ္ဗာန–ဆောက်က သိမြင်သည်။

သစ္စာ ၄-ပါး သရုပ်

၁။ ဖြစ်ပျက်သမျှ၊သခ်ၤါရ၊ဒုက္ခသစ္စာတည်း။ (ဒုက္ခ)

၂။ သခ်ၤါရတွင်၊ အကောင်းထင်၊ ခင်မင် သမုတည်း။
(သမုဒယ)

၃။ ရုပ်နာမ်အာဝံလုံး၊ ဖြစ်ပျက်သုဉ်း၊ချုပ်ဆုံးနိဗ္ဗာန်တည်း။
(နိရောဓ)

၄။ ချုပ်ဆုံးမှုတွင်၊ ဥာဏ်သက်ဝင်၊ သိမြင် မဂ်ပေတည်း။
(မဂ္ဂ)

သစ္စာ ၄ပါး ကို တပြိုင်နက် သိပုံ

၁။ သစ္စာ ၄-ချက်၊ တပြိုင်နက်၊ သိချက်ဘယ်သို့နည်း။

၂။ နိဗ္ဗာန် မြင်ကာ၊ ကြွင်းသစ္စာ၊ မှန်စွာသိမှုပြီး။
(တီသု ကိစ္စတော ပဋိဝေဓော၊
နိရောဓေ အာရမ္မဏပဋိဝေဓော)

ဝိသုဒ္ဓိ နှင့် ဥာဏ်စဉ်

(က) * ဆောက်တည် စောင့်ထိန်း ထားတဲ့ (လူ ရှင် ရဟန်း တို့၏) သီလ၊ မပျက်မပြယ်၊ စင်ကြယ် တာက၊ သီလဝိသုဒ္ဓိ။ (ခရေပွင့်နှင့် အကွာရာဖြင့် ဝိသုဒ္ဓိကို ပြသည်)

(ခ) * အာရုံတခြားသို့ မလွှင့်ပါးဘဲ၊ ရှုမှတ်ရာ၌သာ ကပ်လျက်တည်ကာ၊ မှတ်စိတ်ချည်း စင်ကြယ် တာက၊ စိတ္တဝိသုဒ္ဓိ။

၁။ ရှုမှတ်ဆဲတွင်၊ နာမ် ရုပ် ၂-ပါးကို ပိုင်းခြား၍ သိတာဘဲ၊ နာမရူပပရိစ္ဆေဒဉာဏ်။ (ဂဏန်းဖြင့် ဥာဏ်စဉ်ကို ပြသည်။)

(၀)* မှတ်ချက်ထဲမှာ၊ ရုပ်တခြား + အသိတခြား ကဲ့ပြား၍၊ "ရုပ်နာမ်မျှသာ ရှိသည်၊ အသက်ကောင် သတ္တဝါကောင်ကား မရှိ" ဟု၊ အသိအမြင် စင်ကြယ်တာဘဲ၊ ဒီဋ္ဌိဝိသုဒ္ဓိ။

၂။ ရှုမှတ်ဆဲတွင်၊ အကြောင်း အကျိုး ၂-ပါးကို ပိုင်းခြား၍ သိတာဘဲ၊ ပစ္စယပရိဂ္ဂဟဉာဏ်။

(ဃ)* ရှုမှတ်ဆဲတွင်၊ အကြောင်း အကျိုးကိုသာ တွေ့ရ၍၊ "ရှေးကလဲ ဒီလို အကြောင်းအကျိုးမျှသာ ရှိခဲ့သည်၊ နောင်လဲ ဒီလို အကြောင်းအကျိုးမျှသာ ရှိမည်" ဟု၊ သဘောကျကာ ယုံမှားကင်းလောက်အောင် အသိရှင်းတာဘဲ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ။

၃။ ရှုမှတ်ဆဲတွင်၊ ပေါ်လာပြီး နောက် ပျောက်ပျောက်သွားတာကို တွေ့ရ၍၊ "မမြဲ ဆင်းရဲငါကောင် မဟုတ်" ဟု၊ သဘောကျကာ သုံးသပ် ဆင်ခြင်မိဘာဘဲ၊ သမ္မသနဉာဏ်။

၄-က။ မဆင်ခြင်တော့ဘဲ၊မှတ်ရုံမျှသာ မှတ်နေရာတွင်၊ အလင်းရောင် ပီတိ ပဿဒ္ဓိ သုခ သဒ္ဓါ စသော အရသာထူး များကိုလဲ တွေ့လျက်၊ ပေါ်မှု+ပျောက်မှု—ဖြစ်မှု+ပျက်မှုကို၊လွယ်ကူစွာ မှတ်သိနေတာက၊ နုသော ဉဒယဗ္ဗယဉာဏ်။

(ဂ)* "အလင်းရောင်စသော အထူးအထွေများကို၊ စဉ်းစားအားရ သဘောကျနေတာက လမ်းမှားဘဲ၊ မှတ်ရုံမျှသာ မပြတ် မှတ်နေတာကမှ လမ်းမှန်ဘဲ၊ မပြတ်မှတ်နေမှ ဉာဏ်တက်မည်" ဟု၊ လုံးမှန် လမ်းမှားကို ပိုင်းခြား ဝေဘန်ကာ၊ ဉာဏ်အမြင် စင်ကြယ်စာဒက၊ ဇဂါမဂဂ-ဉာဏဒဿနဝိသုဒ္ဓိ။

၄-ခ။ အလင်းရောင်စသော အထူး အထွေများကို မစဉ်းစားတော့ဘဲ၊ မှတ်ရုံမျှသာ မပြတ်မှတ်နေသော အခါ၌၊ ပေါ်မှု+ပျောက်မှု—ဖြစ်မှု+ပျက်မှုကို၊ မှတ်ချက်တိုင်း၌၊ ပိုင်းပိုင်း ခြားခြား ပြတ်သားစွာ သိတာက၊ ရင့်သော ဉဒယဗ္ဗယဉာဏ်။

(စ)* ရင့်သော ဉဒယဗ္ဗယဉာဏ်မှစ၍၊ အနုလောမဉာဏ်တိုင်အောင်၊ အကျင့်လမ်းစဉ် အသိအမြင် စင်ကြယ်တာက၊ ဗဠိပဒါဉာဏဒဿနဝိသုဒ္ဓိ။

၅။ မှတ်တိုင်း မှတ်တိုင်း၊ အာရုံရော + မှတ်စိတ်ပါ၊
ပျောက်ပျောက်သွားတာကိုသိတာက၊ အဂ်ဉာဏ်။

၆။ မှတ်တိုင်း မှတ်တိုင်း၊ အပျက်ကိုသာ တွေ့ရုံ၍
ကြောက်ဖွယ်ထင်တာက၊ ဘယဉာဏ်။

၇။ မှတ်တိုင်း မှတ်တိုင်း၊ အပျက်ကိုသာ တွေ့ရ၍
မကောင်းဘူး ထင်တာက၊ အာဒီနဝဉာဏ်။

၈။ မှတ်တိုင်း မှတ်တိုင်း၊ အပျက်ကိုသာ တွေ့ရ၍
ပျင်းရိခြောက်သွေ့ ငြီးငွေ့တာက၊ နိဗ္ဗိဒါဉာဏ်။

၉။ အပျက်နှင့် ဆင်းရဲကို၊ မှတ်ဆဲမှာ တွေ့ရ၍ လွတ်
မြောက်ချင်တာက မုဉ္စိတုကမျတာဉာဏ်။

၁၀။ လွတ်မြောက်စေရန် အထူး ကြောင့်ကြ ပြု၍
တဖန်ရှုတာက၊ ပဋိသင်္ခါဉာဏ်။

၁၁။ အထူး ကြောင့်ကြမှု မပြုရတော့ဘဲ၊ အလိုလို
ထင်ပေါ်သော သင်္ခါရတို့ကို အညီအမျ ရှုတာက၊
သင်္ခါရုပေက္ခာဉာဏ်။

သခ်ၤါရုပေကွာ၏ ဂုဏ် ၆-ပါး။

(ဇ) ကြောက်-နှစ်သက်ခြင်း ကင်းရှင်း ပေသည်၊
(ဘယဉ္စ နန္ဒိဉ္စ ဝိပွဟာယ သဗ္ဗသင်္ခါ-
ရေသု ဥဒါသီနော။)
ချမ်းသာ-ဆင်းရဲ ရှုမြဲတူညီ၊ (နေဝ သုမနော
ဟောတိ နာ ဒုမ္မနော၊ ဥပေက္ခကော
ဝိဟာရတိ သတော သမ္ပဇာနော။)
ကြောင့်ကြ မပြု မှတ်ရှုလွယ်သည်၊ (သခ်ၤါရ-
ဝိဝိနနေ မဇ္ဈတ္တံ ဟုတ္တာ။ သင်္ခါရေသု
ဝိယ တေသံ ဝိဝိနနေပိ ဥဒါသီနံ
ဟုတ္တာ။)
သခ်ၤါရ ညီမှု ဂုဏ်သုံးမည်။

(ဈ) ကျာရှည်စွာလဲ စာည်မြဲ သူတည်၊
(သန္တိဋ္ဌနာ ပညာ။ ဥာဏဿ သန္တာန-
ဝသေန ပဝတ္တိမာဟာ၊)
ကြာလေ သာ၍ သိမ်မွေ့လေသည်၊
(သုပ္ပဂ္ဂေ ပိဋ္ဌံ ဝဋ္ဋိယမာနံ ဝိယ)
ဆာရုံတခြား ပြန့်သွားကင်းသည်၊ (ပတိလိယတိ
ပတိကုဋ္ဋတိ နာ သမ္ပသာရိယတိ။)
သခ်ၤါရ ထူးမှု ဂုဏ်သုံးမည်။

၁၂။ သူ့အရှိန်နှင့်သူ အမှတ်ကောင်း နေဆုမှ၊ သွက်
လက် ထင်ရှား ထူးခြားစွာဖြစ်သော မှတ်သိမှုက

ဝုဋ္ဌာန ဂါမိနီ ဝိပဿနာ ဉာဏ်။ (မဂ်ဆီသို့ တရှိန်တည်း တက်သွားသော မှတ်သိမှုဉာဏ်။)

၁၃။ ဤ အသိထူးတို့တွင်၊ နောက်ဆုံးအသိက၊ အနုလောမဉာဏ်။

၁၄။ နောက်ဆုံး အသိ ပြတ်သည် နှင့် တပြိုင်နက်၊ မှတ်စိတ်နှင့်တကွ သန်ါရ ခပ်သိမ်း၏ ချုပ်ငြိမ်းရာသို့ ကျရောက်သွားတာက၊ ဂေါတြဘုဉာဏ် (ပုထုဇဉ်အနွယ်ကို ဖြတ်သောဉာဏ်။)

၁၅။ သန်ါရ ခပ်သိမ်း၏ ချုပ်ငြိမ်းရာ သဘောတွင်၊ သက်ဝင်၍ တည်နေဘာက၊ မဂ်-ဖိုလ်ဉာဏ်။

(ဆ)* ဤဉာဏ် နှစ်ပါးတို့တွင်၊ မဂ်ဉာဏ်က၊ ဉာဏဒဿနဝိသုဒ္ဓိ။ (သစ္စာလေးပါးကို စင်ကြယ်စွာ ပိုင်ပိုင်နိုင်နိုင် သိမြင်မှု)

၁၆။ ချုပ်ငြိမ်းရာသို့ ရောက်သွားပုံ ချုပ်ငြိမ်းပုံမျှားကို၊ ပြန်လှည့်၍ ဆင်ခြင်မိတာက၊ ပစ္စဝေက္ခဏာဉာဏ်။

၁၇။ အမှတ်ကောင်းမြဲ ကောင်းပြန်လျှင်၊ ချုပ်ငြိမ်းရာသို့၊ ထပ်ကာ ထပ်ကာ၊ ပြန်ရောက် နေတာက၊ ဖလသမာပတ် - ဖိုလ်ဉာဏ်။

သောဏာပန်ပယ်သော သံယောဇဉ် ၅-ပါး

၁။ ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှု မရှိပါ။
(ဒိဋ္ဌိကင်းသည်)

၂။ ဘုရား ဓာတု၊ သံဃာအား၊ ယုံမှား မရှိပါ။
(ဝိစိကိစ္ဆာကင်းသည်)

၃။ သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာ မြဲမည်၊ မယုံကြည်၊ ကုန်ပြီ သီလဗွတာ။
(သီလဗွတပရာမာသကင်းသည်)

၄။ ဣဿာ ခေါ်ဆို၊ မနာလို၊ ဖြစ်ကို မဖြစ်လာ။
(ဣဿာကင်းသည်)

၅။ သူမျှားကိုယ်လို၊ ကောင်းမည်ကို၊ ဝန်တို မရှိပါ။
(မစ္ဆရိယကင်းသည်)

၆။ ဒိ-ဝိ-သိ-ဣ၊ မစ္ဆရိ၊ မရှိ မြတ်သောတာ။
(ငါးပါးလုံးကင်းသည်၊ အဋ္ဌကထာ)

၇။ ဒိ-ဝိ-သိမ္မ၊ ကင်းကြောင်းပြ၊ ဗုဒ္ဓပါဋိမှာ။
(တိကံ သံယောဇနာနီ ပဟီယန္တီ-ပါဋိ)

ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်ဆောင်ပုဒ်များပြီး၏။

.....

အနုပဿနာ ၃–ပါးဆောင်ပုဒ်
(မဟာစည်ဆရာတော်)

(က) ၁။ ဖြစ်ပျက်သမျှ ရုပ်နာမ်ခန္ဓာက အနိစ္စတရား။

၂။ ဖြစ်ပေါ် ပြီးနောက် ကွယ်ပျောက် သွားတာက အနိစ္စလက္ခဏာ။

၃။ ရှုမှတ်ဆဲမှာ ကွယ်ပျောက် သွားတာကို တွေ့ရ၍ မမြဲဟု သိတာက အနိစ္စာနုပဿနာဉာဏ်။

(ခ) ၁။ ဖြစ်ပျက် နှစ်ရပ် နှိပ်စက်အပ်တဲ့ ရုပ်နာမ် ခန္ဓာက ဒုက္ခတရား။

၂။ ဖြစ်ပျက်နှစ်ရပ် မပြတ်နှိပ်စက်တာက ဒုက္ခလက္ခဏာ။

၃။ ရှုမှတ်ဆဲမှာ ဖြစ်ပျက်နေတာကို တွေ့ရ၍ ဆင်းရဲဟု သိတာက ဒုက္ခာနုပဿနာဉာဏ်။

(ဂ) ၁။ သူသဘောအတိုင်း ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာက အနတ္တတရား။

၂။ အလိုအတိုင်း မဖြစ်ထာက အနတ္တလက္ခဏာ။

၃။ ရှုမှတ်ဆဲမှာ အလိုအတိုင်း မဖြစ်ထာကို တွေ့ရ၍ အစိုးမရ, ငါကောင် မဟုတ်ဟု သိတာက အနတ္တာနုပဿနာဉာဏ်။

အနတ္တာနုပဿနာ တရားတော် ဆောင်ပုဒ်များ

(က) ၁။ ကိုယ်ထဲမှာ အလိုအတိုင်း အစိုးရတဲ့ ငါကောင် ရှိသည်ဟု ထင်တာက သာမီအတ္တစွဲ၊

၂။ ကိုယ်ထဲမှာ အမြဲတမ်း တည်နေတဲ့ ငါကောင် ရှိသည်ဟု ထင်တာက နိဝါသီအာတ္တစ္ဆဲ။

၃။ ကိုယ်, နှုတ်, စိတ်အမူအရာ ဟူသမျှကို ငါကောင်ကပင် ပြုလုပ်သည်ဟု ထင်တာက ကာရကအတ္တစ္ဆဲ။

၄။ အကောင်းအဆိုး ဟူသမျှကို ငါကောင်ကပင် ခံစားသည်ဟု ထင်တာက ဝေဒကအတ္တစ္ဆဲ။

(ခ)၁။ ရှေးနောက်တရား၊ ခဏပြောင်းလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် သန္ဋတိဃနတည်း။

၂။ ရုပ်နာမ် အများ၊ သဘောပြောင်းလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် သမူဟဃနတည်း။

၃။ ရုပ်နာမ်အာများ၊ ကိစ္စပြောင်းလျက်၊ ပိုင်းခြား မပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် ကိစ္စဃန တည်း။

၄။ နာမ်သဘောများ၊ အာရုံပြောင်းလျက်၊ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် အာရမ္မဏဃနတည်း။

၅။ ဖြစ်ခိုက်တရား၊မပိုင်းခြား၍၊လေးပါးဃန၊ ထင်ပေါ်က၊ အတ္တစ္ဆဲလမ်းသည်။

၆။ ဖြစ်ခိုက်တရား၊ ရှုပိုင်းခြား၍၊ လေးပါးဃန၊ ကြပျက်မှ၊ အနတ္တဉာဏ်ဖြစ်သည်။

၇။ ဉာဏ်မှန်အနတ္တ၊ ပြည့်စုံမှ၊ အရိယမဂ် ဉာဏ်ဆိုက်ထောက်သည်။

၈။ ပညတ်အာနိစ္စ၊ သိရုံမျှ၊ အနတ္တဉာဏ်မပိုင်။

၉။ ပညတ်ဒုက္ခ၊ သိရုံမျှ၊ အနတ္တဉာဏ်မပိုင်။
၁၀။ ပရမတ်အနိစ္စ၊ သိမြင်မှ၊ အနတ္တဉာဏ်ပိုင်သည်။
၁၁။ ပရမတ်ဒုက္ခ၊ သိမြင်မှ၊ အနတ္တဉာဏ်ပိုင်သည်။
၁၂။ လက္ခဏာစစ်တွင်၊ တခုမြင်၊ အကုန်ပင်သိတော့သည်။

မဂ်ဝီထိ စိတ်ဖြစ်စဉ် တရားတော် ဆောင်ပုဒ်များ
(ဝိသုဒ္ဓိမဂ် ၂-၃၀၈။ မဟာစည်)

၁။ ဝိပဿနာ ရှုဆဲဓယာဂီအား အရိယမဂ်ဉာဏ် ဖြစ်လို လတ်သော် ထိုအခိုက်၌ ထင်ရှားသော အာရုံ တခုခု ကို နှလုံးသွင်းလျက် မနောဒ္ဒါရုပဇ္ဇန်းစိတ် ရှေး ဦးစွာ ဖြစ်ပေါ်လာသည်။

၂။ ထိုနောင် ထိုအာရုံကိုပင် မမြဲဟူ၍သော်၎င်း, ဆင်းရဲ ဟူ၍သော်၎င်း, သဘောတရားမျှ ဟူ၍သော်၎င်း, သိလျက် ပရိကံ, ဥပစာ, အနုလုံဟူ ခေါ်သော ဇောစိတ် သုံးကြိမ် အစဉ်အတိုင်းဖြစ်ပေါ်ကြသည်။

၃။ ထိုနောင် ဖြစ်ပျက်မှု သဘင်္ခါရအားလုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ကျရောက် သွားသော ဂေါတြဘူဇော စိတ်ဖြစ်ပေါ်သည်။

၄။ထိုနောင် ထိုချုပ်ငြိမ်းရာ နိဗ္ဗာန်၌ပင် သက်ဝင် တည် နေလျက် မဂ်ဇော တကြိမ်, ဖိုလ်ဇောနှစ်ကြိမ် အစဉ် အတိုင်း ဖြစ်ပေါ်ကြသည်။

၅။ ထိုနောင် ပဋိသန္ဓေက ရခဲ့သည့် အာရုံ၌ ဖြစ်နေကျ ဖြစ်သော ဘဝင်စိတ်များ ဖြစ်ပေါ်သွားကြသည်၊

၆။ ထိုနောင် တွေသိပြီးခါစ ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ပြန်လှည့်၍ ဆင်ခြင်လျက် မနောဒ္ဒါရုပဇ္ဇောန်း တကြိမ်, ပစ္စဝေက္ခဏာ ဇော ၇ ကြိမ် ဖြစ်ပေါ် ပြီးလျှင် ဘဝင် စိတ်များ ဖြစ်ပေါ်သွားသည်။

ဤသည်ကား အရိယာမဂ် ဝိထိစိတ် အစဉ်ဖြစ်ပုံပေတည်း။

မဂ်ဝင်ပုံဥပမာ

၁။ မြောင်း ခုန်လိုငြား ယောကျ်ားဇာနဲ့ည်။
ရှစ်လှမ်း ပြေးသွား ဟုန်အားယူပြီ။
နှယ်ကြိုးကိုင်ဆဲ ခုန်လွဲလေသည်။
ဟိုဘက်ကျ လွတ်ချ ကြံ့.ကြံ့.တည်း

မဂ်ဝင်ပုံဥပမာယျ

၂။ ဘဝ ဟိုကမ်း ဓမ္မာ်တမ်း ယောဂီ။
ဖြစ်ပျက်ဥာဏ်မှ ပြေးစ ပြုသည်။
ရုပ်နာမ် ကိုင်ဆဲ သူလဲ ခုန်သည်။
နိဗ္ဗာန်တွေ့ လွတ်၍ ပြေးဝင်သည်။

ဘဝတန်ဘိုး တရားတော် ဆောင်ပုံဒီ

ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါဘဲ၊ တရားအာသက်၊ ရှည်သည်ထက်လည်း၊ ဖြစ်ပျက်နှစ်တန်၊ရုပ်နှင့်နာမ်ကို၊ အမှန်မြင်လျက်

ဥာဏ်စဉ်တက်၍၊ တရက်တာမျှ၊ သက်ရှင်ရဖဘော်၊ လောက လူ့ရွာ၊ ကောင်းမြတ်သာဆည်၊ မြတ်စွာဗုဒ္ဓ မိန့်ခွန်းတည်း။
(မဟာစည်)

သံယုတ်ပါဠိတော်
(၁၊ ၃၀၊ အာဆာရာသုတ်)

၁။ လမ်းဖြောင့်မည်တွင်၊ ထို မဂ်ပင်၊ ရပ်ခွင် ဘေးမဲ့ နိဗ္ဗာန်ပါ။
၂။ လုံ့လနှစ်လီ၊ ဘီးတပ်သည်၊ မမြည်ရထားထိုမဂ်ပါ။
၃။ ရွက်ကြောက် နှစ်တန်၊ နောက်မှီခံ၊ ကာရုံ အာမှတ် သတိပါ။
၄။ ဝိဇ္ဇာ ရွှေသွား၊ မဂ်ဥာဏ်ကဒး၊ ရထားမောင်းသူ ဆိုရပါ။
၅။ ဣန္ဒြေ ရထား၊ ရှိသူမျှား၊ ယောကျ်ား မိန်မ လူတိုင်းမှာ။
၆။ မဂ္ဂင်ယာဉ်ကြီး၊ ငြိမ့်ငြိမ့်စီး၊ အပြီး နိဗ္ဗာန် ဆိုက်ရောက်ပါ။ (မဟာစည်)

ဓမ္မပဒ (၃၅၈) ဂါထာ (မဟာစည်)

၁။ ရွေး, နောက်, အလယ်၊ သုံးပါးငယ်၊ ငြိတွယ် စွန့် လွှတ်လိုက်ရမည်။
၂။ ဘဝနက်ဝှမ်း၊ တဘက်ကမ်း၊ တက်လှမ်းဆိုက်ရောက် ပါလိမ့်မည်။

၃။ အလုံးစုံမှာ၊ စိတ်လွတ်ခါ၊ ချမ်းသာ ငြိမ်းအေး ပါလိမ့်မည်။

၄။ တဖန်ဖြစ်ခြင်း၊ အိုသေခြင်း၊ ဆလျင်းမရောက် ကင်း လိမ့်မည်။

(က) ရှေးမှာလဲ လွတ်ရမည်၊ နောက်မှာလဲ လွတ်ရမည်၊ အလယ်မှာလဲ လွတ်ရမည်။

(ခ) သို့လွတ်လျှင် အဝတဘက်ကမ်းသို့ ရောက်မည်၊ နေရာ တိုင်းမှာလဲ စိတ်လွတ်လပ်မည်၊ ဖြစ်ခြင်း, အိုခြင်း, သေခြင်းသို့လဲ မရောက်ဘဲ ကင်းမည်။

သံယုတ်နှင့် သုတ္တနိပါတ်မှ အာဝဋ္ဋကသုတ်

၀။ ကောင်းမြတ်လှစွာ၊ လူ့ဥစ္စာ၊ ဘယ်အရာ ပေနည်း။
ကောင်းမြတ်လှစွာ၊ လူ့ဥစ္စာ၊ သဒ္ဓါတရားတည်း။

၂။ ကောင်းကောင်းလေ့လာ၊ ဘယ်အရာ၊ ချမ်းသာ ဆောင်ပေးပါသနည်း။
ကောင်းကောင်းလေ့လာ၊ တရားဟာ၊ ချမ်းသာ ဆောင်ပေးပါသတည်း၊

၃။ အရသာထဲမှာ၊ ကောင်းလှစွာ၊ ဘယ်အရာ ပေနည်း။
အရသာထဲမှာ၊ ကောင်းလှစွာ၊ သစ္စာစကားတည်း။

၄။ သက်ရှင်ထဲမှာ၊ ဘယ်လိုဟာ၊ လွန်စွာ ကောင်း သနည်း။

ပညာဖြင့်ဆာ၊ သက်ရှင်တာ၊ လွန်စ္စာ ကောင်း သတည်း။

၅။ သြဃ ရေအယဉ်ကို အဘယ်ဖြင့် ကူးမြောက် ပါသနည်း။

သဒ္ဓါတရားဖြင့် ကူးမြောက်သည်။

၆။ ရေပြင်ကျယ်ကို အဘယ်ဖြင့် ကူးမြောက်ပါသနည်း။

မမေ့မူဖြင့် ကူးမြောက်သည်။

၇။ ဆင်းရဲကို အဘယ်ဖြင့် ကျော်လွန်ပါသနည်း။

စီရိယဖြင့် ကျော်လွန်သည်။

၈။ အဘယ်ဖြင့် လုံးဝစင်ကြယ်ပါသနည်း။

ပညာဖြင့် လုံးဝ စင်ကြယ်သည်။

၉။ ဘယ်သို့ပညာ၊ ရနိုင်ပါ၊ ဥစ္စာဘယ်သို့ ရသနည်း။

မမေ့၊ မြော်မြင်၊ ယုံကြည်လျင်၊ နာချင် ပညာ ရပေသည်။

သင့်တာပြုက၊ ဇွဲလုံ့လ၊ ထကြဥစ္စာရပေသည်။

၁၀။ ဘယ်သို့ပြုပေ၊ ကျော်စောလေ၊ မိတ်ဆွေ ဘယ်သို့ ရသနည်း။

သစ္စာဖြင့်ပင်၊ ဂုဏ်ပေါ်ထင်၊ ပေးလျှင် မိတ်ဆွေ ပေါများသည်။

၁၀။ ဤလောကမှာ၊ ပြောင်းသွားရာ၊ ဏင်းပ စိုးရိမ် ဘယ်သို့နည်း။

လုံ့လ, သစ္စာ၊ပေးလှူတာ၊ ပညာ–ဤငါးလေးမည်၊
ပြည့်စုံပါလျှင်၊ သဒ္ဓါရှင်၊ နောင်တွင်စိုးရိမ် ကင်းဝေး
သည်။ (မဟာစည်)

ဟတ္ထက အာဠဝက မင်းသား၏ ဂုဏ်ရှစ်ပါး
(အံ–၃၊ ၂၃။)

၁၂။ သဒ္ဓါ, သီလ, ပြည့်ဝ ဟိရီ၊
သြတ္တပ်, သုတ, စာဂ စုံသည်။
ပညာဉာဏ်ကြီး, လိုနည်းပေသည်၊
ဟတ္ထက, ပြည့်ဝ ဂုဏ်ရှစ်မည်။

သင်္ဂဟဝတ္ထု၊ လေးပါး

၁၃။ ပေးကမ်းရက်ရော, အပြောချိုသာ၊
သူ့ကျိုးဆောင်ရွက်, မပျက်စေထူး။
တန်းတူကိုယ်နှင့်, အသင့်ထားပါ၊
စည်းလုံးမှု, လေးခုသင်္ဂဟာ။ (မဟာစည်)

မူလပဏ္ဏာသ ပါဠိတော် ရထဝိနီတသုတ်

၀။ လိုနည်း, ထောင့်ရဲ၊ ဖော်ဆိတ်စဲ၊ 'မစ္ဆဲ, အားထုတ်
ကျင့်ပါလေ။
၂။ သီလ, သမာ၊ ဉာဏ်ပညာ၊ နှစ်ပြာဝိမုတ်စုံပါစေ။
၃။ ကထာဝတ္ထု၊ ဂုဏ် ၁၀· ခု၊ဝရှားရှကိုယ်မှာထင်ပါစေ။

၁။ သူ့လက်ရှိကို ကိုယ့်လက်ရှိထက် ကောင်းတယ် ထင်တာက အတြိဆွာ။

၂။ မရှိတဲ့ ဂုဏ်နဲ့ ထင်ပေါ် ကျော်စော ချင်တာက ပါပိဆွာ။

၃။ ရှိတဲ့ ဂုဏ်ကို ဖော်ပြချင်တာ, အတိုင်းထက်အလွန် လိုချင်တာက မဟိဆွာ။

ဤအလို သုံးပါးကင်းလျှင် အလိုနည်းသော အပ္ပိဆွာ ပုဂ္ဂိုလ်ခေါ်သည်။

၁။ ရဏ, နိုင်ရာ၊ သင့်တော်ရာ၊ သုံးဖြာ ဆောင့်ရဲသည်။

၂။ အဝတ်,အစာ၊ ဆေး,နေရာ၊ ပွဲးပါသုံးခုစီ။

၃။ ဆောင့်ရဲတရား၊ ဆဲ့နှစ်ပါး၊ မှတ်သား ကျင့်လဲကျင့် ရမည်။

၁။ တကိုယ်တည်း နေလျှင် ကာယဝိဝေက ပြည့်စုံသည်။

၂။ ဃမာပတ် ရှစ်ပါးဖြင့် နေလျှင် စိတ္တ ဝိဝေက ပြည့်စုံသည်။

၃။ အရိယမဂ်ဖိုလ်ဖြင့်နိဗ္ဗာန်ကိုတွေ့မြင်လျှင် ဥပဓိဝိဝေက ပြည့်စုံသည်။ (မဟာစည်း)

ဝိဇ္ဇာသုံးပါး-ဝိဇ္ဇာရှစ်ပါး

၁။ သုံးပါး ဝိဇ္ဇာ၊ ပု, ဒိ, အာ၊ ပညာဉာဏ်မျက်စိ။

၂။ ရှစ်ပါးဆိုက၊ ထည့်သွင်းရ၊ ဝိ,မ,စေ,လ္ဟ,ဒိ။

ဖော်ပြချက်။ ပု-ပုဗ္ဗေ နိဝါသဉာဏ်။ ဒိ-ဒိဗ္ဗစက္ခုဉာဏ်။
အာ-အာသဝက္ခယဉာဏ်။ ဝိ-ဝိပဿနာဉာဏ်။
မ- မနောမယိဒ္ဓိဉာဏ်။ ဧစ- ဧစတောပရိယဉာဏ်။
ဣ-ဣဒ္ဓိဝိဓဉာဏ်။ ဒိ-ဒိဗ္ဗသောတဉာဏ်။
(မဟာစည်)

ဒီဃနိကာယ် မဟာဝဂ္ဂ စက္ကစတ္တိသုတ်
(မဟာစည်ဆရာတော်)

၁။ ရှစ်သောင်းအာယု၊ အစပြု၍၊ ပါ,မု,ပိ,ကာ,၊ ဖ,ဘိဇ် ဗျာနှင့်၊ မီဆွာ, သုံး, ငါး၊ အ- ကုပ်ဘး၍၊ လျော့ပါး ထက်ဝက်၊ ၉—ဆင့် ပျက်သည်၊ အဆက် ဆုတမ်း ရောက်သတည်း။

၂။ ဆယ်နှစ်တမ်းမှ၊ တဖန်စ၍၊ ကမ္မပထာ၊ ကုဆယ် ဖြာနှင့်၊ သုံးဖြာ, ငါးမျိုး၊ ကုသိုလ်တိုး၍၊ ထပိုး ပြန်လျက်၊ဆဲ့နှစ်ဆင့်တက်သည်၊ အသက်ရှစ်သောင်း ရောက်လိမ့်စာည်း။

၃။ ဤကုသိုလ်သုံးပါး ဟူဆည်မှာ (၁) အဓမ္မဆုဂ၊လူ့ အကျင့်မဟုတ်သောတပ်မက်မှု။ (၂)ဝိသမလောဘ၊ မမျှတသောအလို။ (၃)မိစ္ဆာဓမ္မ၊မှုမမှန်သော ဆုဂ တို့ပင်ဖြစ်သည်။

၄။ အကုံသိုလ်ငါးပါး ဟူသည်မှာ (၁) အမိအပေါ်၌ ကျင့်ဝတ်ပျက်ခြင်း။ (၂) အဘအပေါ်၌ ကျင့်ဝတ် ပျက်ခြင်း။ (၃) ရဟန်းမျိုးအပေါ်၌ ကျင့်ဝတ် ပျက်ခြင်း။ (၄) သူတော်ကောင်းမျိုး အပေါ်၌ ကျင့်ဝယ်ပျက်ခြင်း။ (၅) ကြီးသူတို့အား မရိုသေ ခြင်းတို့ပင် ဖြစ်သည်။

၅။ ကုသိုလ်သုံးဖြာဟူသည်မှာ အဓမ္မရာဂစသည်ကို ပယ် ခြင်းပင်ဖြစ်သည်။

၆။ ကုသိုလ်ငါးမျိုး ဟူသည်မှာ အမိ, အဘ, ရဟန်း, သူတော်ကောင်းတို့အပေါ်၌ ကျင့်ဝတ်ကြေခြင်းနှင့် ကြီးသူတို့အား ရိုသေခြင်းတို့ပင်ဖြစ်သည်။

နိဝရဏငါးစပါး တရားတော်

(ဒီ-၁၊ ၆၈၊ မဟာစည်)

၁။ နှစ်သက်လိုချင်၊ ကြွေးမြီတင်၊ အလျင်ပယ်ဖျောက်လေ။

၂။ စိတ်ပျက် စိတ်ဆိုး၊ ထောဂါမျိုး၊ နှိမ်ချိုးပယ်ဖျောက်လေ။

၃။ ထိုင်းမှိုင်း ပျင်းရိ၊ ချုပ်ငုံနှောင်မိ၊ မှုတ်သိပယ်ဖျောက်လေ။

၄။ ပို့လွှင့်,ပူပန်၊ သူ့.ကျွန်ခံ၊ ဆာပြန်ပယ်ဖျောက်လေ။

၅။ ယုံမှားဒိဋ္ဌိဟာလမ်းနှစ်ခွ၊ တွေးတွ ပယ်ဖျောက်လေ။

၁၆၀ ဝိပဿနာဉာဏ်အကျဉ်းချုပ်

သံယောဇဉ် ၁၀) တရားတော်
(မဟာစည်)

၁။ အာရုံငါးဝ၊ တပ်စွဲက၊ ကာမသံယောဇဉ်။

၂။ သုံးပါးဘဝ၊ တပ်စွဲက၊ ဘဝသံယောဇဉ်။

၃။ အမျက်ဒေါသ၊ စိတ်ဆိုးက၊ ပဋိဃသံယောဇဉ်။

၄။ ကိုယ်သာ တော်လှ၊ ထင်မှတ်က၊ မာနသံယောဇဉ်။

၅။ ရုပ်နာမ်ကိုဘဲ၊ ငါကောင်စွဲ၊ ယူလွဲဒိဋ္ဌိပင်။

၆။ တရားမှန်တွင်၊ မယုံချင်၍၊ ဆင်ချင်နှိုင်းညှိ၊ ဝေဘန်ကြည့်၊ ဝိစိကိစ္ဆာပင်။

၇။ နွား, ခွေးတူစွာ၊ ကျင့်တာကောင်းမြတ်၊ ယူစွဲမှတ်သိလဗ္ဗတပင်။

ပူဇော် ပသ၊ လေ့ကျင့် မျှဖြင့်၊ ဘဝ ဓနာင်ခါ၊ မြဲအမြဲသာ၊ ယူတာလွဲဘဲ ၎င်းပင်။

၈။ ကိုယ်ထက် သူမျှား၊ ကောင်းစားသည်ကို၊ မနာလို၊ ခေါ်ဆို ကျသာပင်။

၉။ ကိုယ်လို သူမျှား၊ ကောင်းစား မည်မှု၊ ဓနံတိုက မစ္ဆရိယပင်။

၁၀။ သစ္စာလေးတန်၊ ပြောင်းပြန် ထင်ကာ၊ မသိဏာ၊ အဝိဇ္ဇာသံယောဇဉ်။

၁၁။ ဝဋ်ဆင်းရဲမှု၊ မလွတ်ရအောင်၊ ချည်နှောင်တတ်စွာ၊ ဤဆယ်ဖြာ၊ အဘိုမမှာသံယောဇဉ်။

အနုပသာနာ ၃-ပါးဆောင်ပုဒ်

ဒါနကထာ စသာနာ
(ဒီ.၌ ၂၊ ၆၂၊ မဟာစည်)

ချမ်းသာအပေါင်း, ရကြောင်း မှန်စွာ၊
စည်းစိမ် - ဘောဂ, မြစ်မ - တည်ရာ။
အောက်တန်းမကျ, ကယ်မသူမှာ၊
မြတ်ဒါန, စိတ်ချကိုးကွယ်ရာ။
ဤဒံ ဒါနံ နာမ သုခါနံ နိဒါနံ၊ သမ္ပတ္တိနံ မူလံ၊
ဘောဂါနံ ပတိဋ္ဌာ၊ ဝိသမဂတာသ တာဏံ။

သီလကထာ စသာနာ (၎င်း)

သီလရှိနှံ., မြေးပုံ.ကြိုင်စွာ၊
သီလ ဆင့်သိုင်း, ရှုတိုင်းလှပါ။
သီလစောင့်ငြား, မလားပါယ်ရွာ၊
မြတ်သီလ, စိတ်ချကိုးကွယ်ရာ။

မဆုတ်ယုတ်ကြောင်းတရား (၆) ပါး
(အံ ၂၊ ၂၇၄၊ မဟာစည်)

ကိစ္စမများ, စကားနည်းစေ၊
အိပ်နေမှုနည်း, ကိုယ်တည်း ပျော်လေ၊
ဆိုးမလွယ်ကြောင်း, မိတ်ကောင်းရှိစေ၊
မဆုတ်ရေး, အားပေး ဂုဏ်ခြောက်ထွေ။

ဝိပဿနာရှုနည်းအကျဉ်းချုပ်

အဓိသကောင်းစေး တရား (၆) ပါး

(အုံ ၂၊ ၂၆၀၊ မဟာစည်)

ကိုစွမမျှား စကားနည်းစစ၊
အိပ်နေမှုနည်း ကိုယ်တည်း ပျော်လေ၊
ထောနှောမပြု ခွဲမှုရှောင်သွေ၊
အဓိသကောင်းဘို့ အကြောင်းဂုဏ် ၆-ထွေ။

သတိပဋ္ဌာန်ဆရာတော်၏ မေတ္တာသံပေါက်

အရဟံ–အရဟံ–ကိုလေသာ အရပ်ရပ်၊ ညစ်နွမ်းသော စာတ်ကို၊ အမြစ်အရင်း ပြတ်အောင်၊ ဝိပဿနာဉာဏ်-အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ဖြင့်၊ ပယ်သတ်တော်မူနိုင်ပါပေသော မြတ်စွာဘုရား။ ပယ်သတ်တော်မူနိုင်ပါပေသော မြတ်စွာဘုရား။

၁။ ယခုရောက်လာ၊ တို့သူငါ၊ချမ်းသာကိုယ်စိတ် မြဲပါစေ။
၂။ ယောဂီများစွာ၊ တို့သူငါ၊ချမ်းသာကိုယ်စိတ်မြဲပါစေ။
၃။ ဂုဏ်တော်နှင့်၊ မြတ်ဆရာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။
၄။ မိဘနှစ်ဖြာ၊ဂုဏ်နှင့်၊ချမ်းသာကိုယ်စိတ်မြဲပါစေ။

၅။ တို့ကျောင်းတွင်းမှာ၊ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၆။ တို့မြို့တွင်းမှာ၊ များသတ္တာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၇။ တို့နယ်တွင်းမှာ၊ များသတ္တာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၈။ ရဟန်း သံဃာ၊ အကုန်သာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၉။ ပစ္စည်းလေးဖြာ၊ ဒါယကာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၁၀။ မင်းစိုးရာဇာ၊ နယ်တကာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၁၁။ ခိုးသူ—တိုက်သူ၊ လိမ်ကောက်သူ၊ ထို့တူ ကိုယ်စိတ် ချမ်းသာစေ။

၁၂။ တို့စကြဝဠာ၊ များသတ္တာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၁၃။ လေးကျွန်းစကြာ၊ များသတ္တာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၁၄။ ဆန္ဒစကြာ၊ များသတ္တာ၊ ချမ်းသာ ကိုယ် စိတ် မြဲပါစေ။

၁၅။ ခေတ်သုံးပါးမှာ၊ များသတ္ထာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၁၆။ လူ နတ် ဗြဟ္မာ၊ အာကုန်သာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၁၇။ ပါယ်ခလေးရွာမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၁၈။ သုံးဆယ့်တဘုံ၊ အလုံးစုံ၊ အကုန်ချမ်းသာစေ။

၁၉။ သက်ရှည် နာကင်း၊ ချမ်းသာခြင်း၊ ထင်လင်းထောက် ပါစေ။

၂၀။ ကိုးဆယ့်ခြောက်ဖြာ၊ ဇဝဒနာ၊ ငေးကွာ လွတ် ကင်းစေ။

၂၁။ ဘေးရန်ဟူ၍၊ မြူမငွေ့၊ ချမ်းမြေ့ကြည်လင်စေ။

၂၂။ တရားမွေ့လျော်၊ များသူခတော်၊ ရာကျော် အသက် ရှည်ပါစေ။

၂၃။ ရှေ့- ငွေ့- စိန်ကျောက်၊ ထိန်ထိန်တောက်၊ ဖြိုးမောက် ကြွယ်ပါစေ။

၂၄။ ရတနာသုံးရပ်၊ မြဲမပြတ်၊ ဆည်းကပ်နိုင်ပါစေ။

၂၅။ ဒါနကုသိုလ်၊ များထိုထို၊ ပိုမိုပြုနိုင်စေ။

၂၆။ သီလစတ်ပန်း၊ ကိုယ်မှာလွှမ်း၊ ဆင်မြန်းနိုင်ပါစေ။

၂၇။ သမထ လေးဆယ်၊ ကျင့်ကြံဘွယ်၊ လွယ်လွယ် ပေါက် ပါစေ။

၂၈။ ကာယ, ဝေဒနာ၊ စိတ်, ဓမ္မာ၊ ခါခါပွားနိုင်စေ။

၂၉။ သိက္ခာသုံးရပ်၊ မြဲမပြတ်၊ ထပ်ဆပ်ကျင့်နိုင်စေ။

၃၀။ ဝီပဿနာ၊ ဉာဏ်ဆယ်ဖြာ၊ မကြာပေါက်ပါစေ။

၃၁။ မောဟ တဏှာ၊ ကိုးထွေသာ၊ ဝေးကွာလွတ်ကင်းစေ။

၃၂။ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြင်သန့်၊ နိဗ္ဗာန် ဆောက်လှယ်စေ။

၃၃။ တထောင့်ငါးရာ၊ ကိုးလေးသာ၊ ကင်းကွာ ချုပ်ငြိမ်းစေ။

၃၄။ အမျိုးခကာင်းသား၊ သမီးများ၊ ကြိုးစား ပွားများလေ။

မေတ္တာအကျိုး ။ ချမ်းသာသုံးမျိုး၊ အိပ်နိုး အိပ်မက်ချစ်လျက်လူနတ်၊ စောင့်လတ်နတ်များ၊ မီးကား မလောင်၊ ဆိပ်ရောင်မသင့်၊ လက်နက်ဖြင့်မ၊ မစူးရှဘည့်၊ လွှင့်ပစ်တည်၊ မျက်နှာကြည်ပေ၊ တွေ့ဝမရှိ၊ သရဘီဆို၊ မဂ်ဖိုလ်မရ၊ ရှိပြန်ကသော်၊ လားရပြဟွာပြည်၊ ဆယ့်တလီ၊ များသည် မေတ္တာအကျိုးတည်း။

မေတ္တာသံပေါက်ပြီးစီး

ဒီပဲရင်းဆရာဒတ် ဘုရားကြီး၏
မနောဒိဋ္ဌ ဝန်နှာ-ဘုရားရှိခိုး
(ထေရမန္တာ ၁၁-ပါး)

၁။ သြကာသ သြကာသ အစိန္တေယျ အစိန္တေယျ အပ္ပမေယျ အပ္ပမေယျ အပရိမာဏ အနန္တ မကြုံစည်အပ် မနှိုင်းယှဉ်အပ် အဘိုင်းမသိ အဆုံးမရှိသော ပါရမီတော် ဘုန်းတော် တန်ခိုးတော် ဉာဏ်တော် ဂုဏ်ကျေးဇူးတော်တို့၏ စုဝေးရာ တည်ရာဖြစ်တော်မူပါပေသော မြတ်စွာဘုရား။

၂။ လေ ရေ အစု မြေအထုနှင့် ယှဉ်တွဲနှိုင်းပြိုင် မမှီနိုင်သော သီလတော် သမာဓိတော် ပညာတော်တို့နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။

၃။ အံ့သြချီးမွမ်း၍ မကုန် အလုံးစုံသော လူနတ်တို့၏ ကြည်ညိုဘွယ် နှစ်သက်ဘွယ် မြတ်နိုးဘွယ် အသွယ်သွယ်သော ရူပကာယဂုဏ်ကျေးဇူးတော် နာမကာယဂုဏ် ကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။

၄။ ပကတိသာဝက မဟာသာဝက အဂ္ဂသာဝက ပစ္စေက ဗုဒ္ဓါတို့နှင့် မထိုက်မဘန် တစုံတခုယောက်သော သူနှင့် မဆက်ဆံသော ကွန္ဒိုယ ပဆောပရိယတ္တိဉာဏ်တော် အာသယာနုသယ ဉာဏ်တော် ယမကပါဋိဟာရိယဉာဏ်တော် မဟာကရုဏာ သမာပတ္တိဉာဏ်တော် သဗ္ဗညုတဉာဏ်တော် အနာဝရဏ

ဥာဏ်တော်တည်းဟူသော အသာခေရကဥာဏ်တော်ခြောက်ပါး အားတော် ဆယ်ပါးနှင့် ပြည့်စုံတော် မူပါပေသော မြတ်စွာဘုရား။

၅။ မန္ဒိုင်းယှဉ်ဘွယ် ကြီးကျယ် ထူးမြတ်တော်မူလှသော ဝိပဿနာဥာဏ် မနောမယိဒ္ဓိဥာဏ် ဣဒ္ဓိဝိဓဥာဏ် ဒိဗ္ဗသောတဥာဏ် စေတောပရိယဥာဏ် ပုဗ္ဗေနိဝါသဥာဏ် ဒိဗ္ဗစက္ခုဥာဏ် အာသဝက္ခယဥာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး တို့နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။

၆။ ဘေးဘျမ်း ကင်းလတ် မရောက်ဘူးသော နိဗ္ဗာန်ဟူသော အောင်မြေရပ်သို့ ကူးခတ်ရောက်းပါက်နိုင် ခြင်း၏ အကြောင်းဖြစ်သော သီလသံဝရ ဣန္ဒြေယသုံ ဂုတ္တဒ္ဝါရတာ ဘောဇနေ မတ္တညုတာ ဇာဂရိယာနုယောဂ သဒ္ဓါ သတိ ဟိရီ ဩတ္တပ္ပ စိရိယ ဗာဟုဿစ္စ ပညာ ပဋိမစ္ဆာန် ဒုတိယ စ္ဈာန် တတိယစ္ဈာန် စတုတ္ထစ္ဈာန် တည်းဟူသော စရဏ ဓာဆဲ့ငါးပါးတို့ နှင့် ပြည့်စုံတော် မူပါပေသော မြတ်စွာဘုရား။

၇။ ပဒေစကဗုဒ္ဓါ သာဝကတို့နှင့် မတူ လွန်ကဲထူးမြတ် တော်မူလှသော အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိ ပဋိသမ္ဘိဒါ ပဋိဘာနပဋိသမ္ဘိဒါ တည်းဟူသော ပဋိသမ္ဘိဒါ လေးပါး အဘိညာဏ် ခြောက်ပါး သမာပတ် ရှစ်ပါးတို့နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။

၈။ ရှေးရှေးသော ဘဝအထူးတို့က ဖြည့်ဆည်းပူးတော်မူ အပ်သော ကံသမ္ဘာအကြောင်း ပါရမီပေါင်းစုံ ကုသိုလ်တော် ဆယ်ဟုန်တို့ကြောင့် ဖြစ်သော အမျိုးအားဖြင့် လွန်ကဲကြီးမြတ် ခြင်း, တန်ခိုးဣဒ္ဓိ ဂုဏ်သတ္တိအားဖြင့် လွန်ကဲ ကြီးမြတ်ခြင်း, ဘုန်းတော် ပါရမီတော်အားဖြင့် လွန်ကဲကြီးမြတ်ခြင်းဟူသော မဟတ္တဂုဏ်တော် သုံးပါး ဓေသာရဇ္ဇဉာဏ်တော် လေးပါး မျက်စိတော်ငါးပါး ဘုန်းတော် ခြောက်ပါး တန်ခိုးတော် ရှစ်ပါး အံ့ဘွယ်တော်ဆဲ့ရှစ်ပါး ၇၇ ပါးသော ဉာဏ်တော် အထူး ဂုဏ်ကျေးဇူးတော်တို့နှင့် ပြည့်စုံတော် မူပါပေသော မြတ်စွာဘုရား။

၉။ ဇာတိခေတ်, အာကာခေတ်, ဂိသယခေတ်ဟု ဆိုအပ် သော သုံးပါးသောခေတ်တွင် အနှစ်တုံး အမြတ်ဆုံး ဖြစ်၍ လောကဇလုံးကို သိမ်းရုံးအုပ်စိုး လွှမ်းမိုး လွန်ကဲတော်မူနိုင် ပါပေသော မြတ်စွာဘုရား။

၁၀။ ဤသို့သောဂုဏ် ဇလုံးစုံတို့ကြောင့် အနန္တလောက ဓာတ်တွင် ကာမအကုန် ငြဟ္မာ့ဘုံတိုင်အောင် ဇာသူ ပြိုင်သူ ရှိတော်မမူပါပေသော မြတ်စွာဘုရား။

၁၁။ ဤသို့အံ့ရှဉ်မဆုံး ပါရမီရှင်ဘုန်းတော်အရှင်ဖြစ်တော် မူ၍ မြတ်သူယုတ်သူ သတ္တဝါဟူသမျှတို့၏ ချမ်းသာဘို့ကိုသာ အမြဲ ကြံဆောင်ကြိုးကုတ် အားထုတ်တော်မူနိုင်ပါပေသော မြတ်စွာဘုရား။ ။ဤကား ဆောမနာ(၁၁)ပါး။

၁။ ကိုယ်ခံတော်မြတ်ဘုရား၏ ကိုယ်တော်စား ရွှေပဉ္စား ဆင်းတုတော် ဓာတ်တော် ဓမ္မတော် ဗောဓိဘဝ် ရှစ်သောင်း ဒလေးထောင်ခန သာ ဓမ္မကွန္ဒ ပိဋကတ်ဘဝ်ဟု ဆိုအပ်သော ဥဒ္ဒေသစေတီ ဓာတုစေတီ ပရိဘောဂစေဘီ ဓမ္မစေတီတော် မြတ် အရပ်ရပ်တို့ကို မချုတ်မလွဲ အမြဲသရဏတံ့ဖြစ်ပါသော အကျန်ုပ်သည် ဇောစိတ်ကြည်ရွှင် လက်ဆယ်အင်္ဂါကို မြှောက် တင်ခြိမိုး ဦးနှိမ်ကျိုးရှ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။ ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှီဝဲဆည်းကပ်ပါ၏ အရှင် ဘုရား။ (ဤကား ဝန္ဒနာ)

၁။ ဤသို့ နှစ်သက်မြတ်နိုး ရှိခိုးကြည်ညို ရိုသေလေး မြတ် ဆည်းကပ်ကိုးကွယ်ပါရသော ဧကောင်းမှုကံ စေတနာ တို့ကြောင့်-သတ္တဝါတို့ကို ပူပန်စေတတ် နှိပ်စက်ဖျက်ဆီးတတ် အပါယ်လေးပါးသို့ ကျစေဆုက်စေတတ်သော ကိလေသာ ၁၀-ပါး သံယောဇဉ် ၁၀-ပါး နီဝရဏ ၆-ပါး ရန် ၅-ပါး ဥပါဒါန် ၄-ပါး ဩဃ ၄-ပါး ဓမ္မာဂ ၄-ပါးတို့မှ ကင်း လွတ်သည်သာ ဖြစ်၍ ပူပန်ခပ်သိမ်း ကြောင့်ကြ ခပ်သိမ်း ဆင်းရဲခပ်သိမ်းတို့၏ ကုန်ငြိမ်းရာ အဲလှန်တရာ အေးမြလှစွာ သော နိဗ္ဗာန် ချမ်းသာမြတ်ကို ရပါလို၏ အရှင်ဘုရား။ (ဤကားဆုဆောင်း)

"သြ-လေ-အုံ-ပ-မ-ဘေး-ပစ်-ရှေး-ဇာ-ဤ-ဤ ကိုယ်" (ဤကား ခေါင်းစဉ်)

ထောမနာ(၁၁)ပါးနှင့်-ဝန္ဒနာ (၁)ပါး

ဆုတောင်း (၁) ပါးရှိ ဘုရားရှိခိုး စာပုဒ်ပြီး၏။

.....

ဒီပဲရင်း ဆရာတော်ဘုရားကြီး၏ ဘုရားရှိခိုး မြတ်စွာဘုရားကို ထောမနာ (၂၀)နှင့် ပဏာမပြုရွှန်

၁။ လူအာပေါင်း နတ်အာပေါင်း ဗြဟ္မာ အာပေါင်းတို့၏ ဦးခေါင်း ညွတ်လျှိုး ရှိခိုးခြင်း၏ တည်ရာ မြတ်နိုးခြင်း၏ ဘည်ရာ ပူဇော်ခြင်း၏တည်ရာ အရှိအသေ ပြုခြင်း၏တည်ရာ ဖြစ်တော်မူပါပေသော မြတ်စွာဘုရား။

၂။ ဗြဟ္မာလူနတ် လောကဓာတ်အားလုံး ပျားပိတုန်းသို့ ချွန်းရွန်းဝန်းအုံ ခြေတော်စုံကို ခိုလှုံဝတ်တွား ဆည်းကပ် ခစားရာ ကိုးကွယ်လည်းလျောင်း မှီခိုပုန်းအောင်းရာ ဖြစ် တော်မူပါပေသော မြတ်စွာဘုရား။

၃။ ဣဿရိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တ တည်းဟူ သော ဘုန်းတော်ခြောက်ပါး ဂုဏ်တော် ကိုးပါးတို့၏ အဝှင် သခင် ဘုရင်ဦးစီး ဆတ္တဝါအာပေါင်း တို့၏ အမှူး အကြီး ဖြစ်တော်မူပါပေသော မြတ်စွာဘုရား။

၄။ လေးပါး ယောနိ ငါးပါးသော ဂတိ ကိုးပါးသော ဘဝ ရှိသမျှအရပ်ရပ် အာနန္တရလောကဓာတ်တွင် မနှိုင်းအပ် မယှဉ်အပ် ပုဂ္ဂိုလ်မြတ် ပုဂ္ဂိုလ်ထူး လောက၏ အညွှန့် အဖူး ဖြစ်တော်မူပါပေသော မြတ်စွာဘုရား။

၅။ ကာမ ၁၁—ဘုံ၊ ရူပ ၁၆—ဘုံ၊ အရူပ ၄—ဘုံ ဟု ဆိုအပ်သော ၃၁—ဘုံ အလုံးစုံကို အုပ်ခြုံသိမ်းရုံး လောကဓာတ် အားလုံးတွင် အလွန်ဆုံး ဖြစ်တော် မူပါပေသော မြတ်စွာဘုရား။

၆။ ပရမတ် ပညတ် အရပ်ရပ်ရှိသမျှ အဋ္ဌတ္တဗဟိဒ္ဓမကျန် ရုပ်နှင့်နာမ်ကို ဝိညာဏ် ၆-ပါး ဒွါရ ၆-ပါး အာရုံ ၆-ပါး၊ ခန္ဓာ ၅-ပါး အာယတန ၁၂-ပါး ဓာတ် ၁၈-ပါး ပဋိစ္စသမုပ္ပါဒ် ၁၂ ပါး ပစ္စည်း ပစ္စယုပ္ပန်တရား တို့ဖြင့် ပိုင်းခြား ကြိတ်ချေ ဧနှာက်မေ့ကုန်စင် သိမြင်တော် မူနိုင်ပါပေသော မြတ်စွာဘုရား။

၇။ အတိတ်အနာဂတ် ပစ္စုပ္ပန် ဓဝးလံရှည်လျား ကာလ သုံးပါး၌ ဆီးတားဆို့ပိတ် တွန့်လိပ်ခြင်းမရှိ မြင်သိဟင်းလင်း ထိုးထွင်းကြိတ်ချေ နောက်မေ့ကုန်စင် သိမြင်တော်မူနိုင်ပါပေသော မြတ်စွာဘုရား။

၈။ ငါ့ကိုယ်ငါ့ဟာ မိစ္ဆာဘောက်ပြန် ဒိဋ္ဌိဉာဏ်ကိုတွန်လှန်ပယ်ဖျောက်တော်မူ၍ ဟုတ်တိုင်းအလျောက် မဘောက်မပြန်အမှန်ကိုသာ သိတော်မူတတ်ပါပေသော မြတ်စွာဘုရား၊

"သြ-လေ-အံ့-ပ-မ-ဘေး-ပစ်-ရှိး-ဇာ-ဤ-ဤ
ကိုယ်" (ဤကား ခေါင်းစဉ်)
ထောမနာ(၁၁)ပါးနှင့်-ဝန္ဒနာ (၁)ပါး
ဆုတောင်း (၁) ပါးရှိ ဘုရားရှိခိုး စာပုဒ်ပြီး၏။

ဒီပဲရင်း ဆရာစတော်ဘုရားကြီး၏ ဘုရားရှိခိုး
မြတ်စွာဘုရားကို ထောမနာ (၂၀)နှင့်
ပဏာမပြုရန်

၁။ လူအာပေါင်း နတ်အပေါင်း ဗြဟ္မာ အပေါင်းတို့၏ ဦးခေါင်း ညွတ်လျှိုး ရှိခိုးခြင်း၏ တည်ရာ မြတ်နိုးခြင်း၏ တည်ရာ ပူဇော်ခြင်း၏တည်ရာ အရိုအသေ ပြုခြင်း၏တည်ရာ ဖြစ်တော်မူပါပေသော မြတ်စွာဘုရား။

၂။ ဗြဟ္မာလူနတ် လောကခေတ်အားလုံး ပျားပိတုန်းသို့ ချန်းရွန်းဝန်းအုံ ခြေတော်စုံကို ခိုလှုံဝတ်တွား ဆည်းကပ် ခစားရာ ကိုးကွယ်လည်းလျောင်း မှီခိုပုန်းအောင်းရာ ဖြစ် တော်မူပါပေသော မြတ်စွာဘုရား။

၃။ ဣဿရိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တ တည်းဟူ သော ဘုန်းတော်ခြောက်ပါး ဂုဏ်တော် ကိုးပါးတို့၏ အရှင် သခင် ဘုရင်ဦးစီး ဆတ္တဝါအပေါင်း တို့၏ အမှူး အကြီး ဖြစ်တော်မူပါပေသော မြတ်စွာဘုရား။

၄။ လေးပါး ယောနိ ငါးပါးသော ဂတိ ကိုးပါးသော ဘဝ ရှိသမျှအရပ်ရပ် အနန္တဓလောကဓာတ်တွင် မနှိုင်းအပ် မယှဉ်အပ် ပုဂ္ဂိုလ်မြတ် ပုဂ္ဂိုလ်ထူး လောက၏ အညွှန့် အဖူး ဖြစ်တော်မူပါပေသော မြတ်စွာဘုရား။

၅။ ကာမ ၁၁–ဘုံ၊ ရူပ ၁၆–ဘုံ၊ အရူပ ၄–ဘုံ ဟု ဆိုအပ်သော ၃၁–ဘုံ အလုံးစုံကို အုပ်ခြုံသိမ်းရုံး လောကဓာတ် အားလုံးတွင် အလွန်ဆုံး ဖြစ်တော် မူပါပေသော မြတ်စွာဘုရား။

၆။ ပရမတ် ပညတ် အရပ်ရပ်ရှိသမျှ အစ္ဆရိယဟိဒ္ဓမကျန် ရှုပ်နှင့်နာမ်ကို ဝိညာဏ် ၆-ပါး ဒွါရ ၆-ပါး အာရုံ ၆-ပါး ခန္ဓာ ၅-ပါး အာယတန ၁၂-ပါး ဓာတ် ၁၈-ပါး ပဋိစ္စသမုပ္ပါဒ် ၁၂-ပါး ပစ္စည်း ပစ္စယုပ္ပန်တရားတို့ဖြင့် ပိုင်းခြား ကြိတ်ချေ ဓနှာက်မွေ့ကုန်စင် သိမြင်တော် မူနိုင်ပါပေသော မြတ်စွာဘုရား။

၇။ အတိတ်အနာဂတ် ပစ္စုပ္ပန် ဓဝံးလံရှည်လျား ကာလ သုံးပါး၌ ဆီးတားဆို့ပိတ် တွန့်လိပ်ခြင်းမရှိ မြင်သိဟင်းလင်း ထိုးထွင်းကြိတ်ချေ နှောက်မွေ့ကုန်စင် သိမြင်တော်မူနိုင်ပါပေသော မြတ်စွာဘုရား။

၈။ ငါ့ကိုယ်ငါ့ဟာ မိစ္ဆာဘောက်ပြန် ဒိဋ္ဌိဉာဏ်ကိုတွန်လှန်ပယ်ဖျောက်တော်မူ၍ ဟုတ်တိုင်းအလျောက် မဘောက်မပြန်အမှန်ကိုသာ သိတော်မူတတ်ပါပေသော မြတ်စွာဘုရား၊

၉။ အမှန်အဟုတ်ကို ဖုံးအုပ်ကွယ်ထား၍ သတ္တဝါအမျိုးကို မှောက်မှားထင်လဲ့ ဆင်းရဲဖင်ပန်း စေတတ်သော အဝိဇ္ဇာတဏှာ မိုက်မျောင်လွှာကို ဖျောက်ခွါပယ်ရှင်းထုတ်ကိုသာ ဖြစ်စေတော်မူဘုတ်ပါပေသော မြတ်စွာဘုရား။

၁၀။ မဘောက် မပြုန် လမ်းအမှန်ကို ကောန် ဆတ်ဆတ် ကိုယ်တော်မြတ် သိစေတော်မူပြီး၍ ဝေနေယျကိုလည်း လှလှကောန် လမ်းမှန်သို့ချ အမှန်ကိုသာ ပြုစေတော်မူတတ်ပါပေသော မြတ်စွာဘုရား။

၁၁။ ကမ္ဘာစဉ်ဆက် အောက်ထက်ဝန်းကျင် တုင်းပြင်မလပ် စုံကပ်လိမ်းကျံ ညှိုနှံညစ်ထေး ကိလေသာ အညစ်အကြေးမှလည်း ကင်းဝေးဖြူစင်တော်မူပါပေသော မြတ်စွာဘုရား။

၁၂။ ကမ္ဘာ အသခြေ့ လွန်လကုန်လည်း တွေ့ခဲ ကြုံခဲလှစွာ ရတနာ မြတ်အစစ် ဇာမြတ်ဆုံးအနှစ် ဖြစ်တော် မူပါပေသော မြတ်စွာဘုရား။

၁၃။ ကောင်းကျိုးချမ်းသာ မင်္ဂလာတရားတို့၏ ပွားစီးရာလယ်တောမြေကောင်းကြီးနှင့် တူတော်မူပါပေသော မြတ်စွာဘုရား။

၁၅။ လက်အုပ်တကြိမ် ဦးနှိမ်တခု စာပုဒ်မျှပန်း မြေမှုန့် ဆွမ်းဖြင့် ကြီးကျယ်ဖွံ့ဖြိုး ဓာတ်တိုင်း အကျိုးကို ပေးစွမ်းစေ အာမဏိုင်ပါပေသော မြတ်စွာဘုရား။

၁၆။ လောဘ ဒေါသ မောဟ ဟူသည် အမှုခက်ထန် သတ္တဝါတို့၏ ကိုယ်တွင်း ရန်ကို ဓဒသနာဉာဏ်တော် လက်နက်ဖြင့် ပယ်ဖျက် ခုတ်ဖြတ် သတ်အောင်မှုတတ်ပါပေသော မြတ်စွာဘုရား။

၁၇။ ငရဲ ပြိတ္တာ တိရစ္ဆာန် အသုရကာယ် အပါယ် ဘေးကြီးတို့မှ တားဆီးစောင့်ရှောက်တော်မူထတ်ပါပေသော် မြတ်စွာဘုရား။

၁၈။ မယဉ်ကျေးသူ နတ်နှင့် လူကို ကြည်ဖြူ ဖြေးဖြေး အတုမရှိ ယဉ်ကျေးအောင် ဆုံးမတော် မူတတ်ပါပေသော မြတ်စွာဘုရား။

၁၉။ အပန်ပန်အို အပန်ပန်နာ အပန်ပန်သေ အထွေထွေ သော ဆင်းရဲဖြင့် အမြဲလောင်ပူ ဆင်းရဲကြသူ သတ္တဝါ အပေါင်းတို့၏ အပူဒုက္ခကို ပယ်ချငြိမ်းအေးစေတော်မူတတ် ပါပေသော မြတ်စွာဘုရား။

၂၀။ ကိုယ်တော်မြတ်ဘုရားလည် ချမ်းသာစွာနေထောင်မမူ ဧည့်ခံဉာ ပင်ပန်းတော် မူသည်ကိုလည်း ပမာ မထား သတ္တဝါအများကို မခြားရင်နှစ် သားတော်စစ်ကဲ့သို့ လွန်ချစ် ကြည်ဖြူ အနားဆော်မှုလှဆောကြောင့် ထိုထိုပြည်ရွာ ဒေသ

စာကို လှည့်ကာဖြန့်ကြ နေ့ညမရွေး တရားတော် ရေဓားကို တိုက်ကျွေး ဟောကြားတော် မူတတ်ပါပေသော မြတ်စွာဘုရား။ (ဤကား ထောမနာ ၂၀)

၁။ အရှင်ဘုရားကြီးကို မချွတ်မလွဲ မမြဲသေရလတံ့ ဖြစ်ပါသော အကျွန်ုပ်သည် ကျွေးဇူးကုန်ကို အာရုံစွဲကပ် မြတ်မြတ်နိုးနိုး လက်စုံမိုး၍ ရှိခိုး ပူဇော်ပါ၏ ဘုရား။

(ဤကား ဝန္ဒနာ)

၁။ ဤသို့ရှိခိုး ပူဇော်ပါရသော ကောင်းမှုကံ စေတနာတို့ကြောင့် အရိယာသာဝင် သူတော်စင်တို့သည် သိမြင်အပ်သော ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာတည်းဟူသော သစ္စာလေးပါး တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်ရသဖြင့် အိုခြင်းမပြီး နာခြင်းမပြီး သေခြင်းမပြီး ၁၁-သီးသော မီးတို့၏ လောင်ရာဌာန သံသရာဘုံဘဝ ဝဋ်မှ ကင်းလွတ်ရပါလို၏ အရှင်ဘုရား။

(ဤကား ဆုတောင်း)

"လူ-ဖြ-ဣသ်-လေး-ကာ-ပ-အ-ငါ-မှန်-မ-ကာ-က-ကောင်း-လက်-လော-ဂ-မ-ဖန်-ကိုယ်-ရှင်"

(ဤကား ခေါင်းစဉ်)

ထောမနာ ၂၀-ဝန္ဒနာ ၁-ပါး ဆုတောင်း ၁-ပါးရှိ ဘုရားရှိခိုး တပုဒ်ပြီး၏။

သြကာသ မူမှန် ကန်တော့ခန်း
(မဟာစည်မူ)

သြကာသ၊ သြကာသ၊ သြကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော၊ အပြစ်ခပ်သိမ်း၊ ပပျောက်ငြိမ်းရှိ၊ အသက်ရှည်စွာ၊ အနာ မဲ့ရေး၊ ရန်ဘေး ကင်းခြောင်း၊ ကောင်းမှုမက်လာ၊ ဖြစ်ပါစေခြင်းအာကျိုးငှာ၊ ဘုရားရဘန၁၊ တရားရတန၁၊ သံဃာရတန၁တည်းဟူ၍သာ၊ ရတနာမြတ်သုံး ပါး၊ (ဆရာသမား) တို့ကို၊ အရိုအသေ၊ လက်အုပ်မိုးရှိ၊ ဦးခိုး ပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏ (အရှင်ဘုရား)၊

(ဆုပေးမည်ပုဂ္ဂိုလ်ရှိလျှင် ဤတွင်ရပါ၏)

ဆုပေးမည့် ပုဂ္ဂိုလ် မရှိလျှင်

အောက်ပါ ဆုတောင်းကို ဆက်တောင်းပါ

ကန်တော့ရသော ဤကောင်းမှုကံ စေတနာတို့ဖြင့်၊ အပါယ်(၄)ပါး၊ ကပ်(၃)ပါး၊ ရပ်ပြစ်(၈)ပါး၊ ရန်သူမျိုး (၅)ပါး၊ ဝိပတ္တိတရား(၄)ပါး၊ ဗျသနတရား(၅)ပါး၊ အနာ မျိုး(၉၆) ပါး၊ မိစ္ဆာဒိဋ္ဌိ (၆၂)ပါးဘို့မှ၊ အခါ ခပ်သိမ်း၊ ဘင်းလွတ်ငြိမ်းသည်သာဖြစ်၍၊ မင်္ဂလာရား၊ ဖိုလ်တရား၊ နိဗ္ဗာန် တရားတော်မြတ်ကို၊ လျင်မြန်စွာ၊ ရပါလို၏ (အရှင်ဘုရား)၊

ဂုဏ်တော် ၉-ပါး ဘုရားရှိခိုး

(မဟာစည်ဆရာတော်)

အစိန္ဒေယျော၊ အစိန္တေယျော၊ အပ္ပမေယျော၊ အပ္ပမေယျော၊ မကြုံဆ ဓနိုင်းယှဉ်နိုင် ကောင်းသော ဂုဏ်တော်အပေါင်း အာနုန္တနှင့် လုံးဝညီသို့ ပြည့်စုံဒတ်မှုပေဓသော မြတ်စွာဘုရား။

၁။ (က) **အရဟံ** - လွန်ကဲ ထူးမြတ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိ ဉာဏ ဒဿနဂုဏ်တို့နှင့် ပြည့်စုံတော် မူသော ကြောင့် လူနတ်ဗြဟ္မာ သတ္တဝါ အာဓပါင်းတို့ ၏ ပူဇော်အထူးကို ခံတော်မူထိုက်ပေဓသော မြတ်စွာဘုရား။

၂။ (ခ) **အရဟံ**-ဝါသနာနှင့်တကွ တထောင့်ငါးထု ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူပေဓသော မြတ်စွာဘုရား။

၃။ (ဂ) **အရဟံ**-လောဘ ဒေါသ မောဟ အစရှိ ဓသော ကိလေသာ ရန်သူတို့ကို ပယ်သတ် တော်မူပြီးသော မြတ်စွာဘုရား။

၄။ (ဃ) **အရဟံ**-သံသရာစက်၏ ထောက်အကန့်တို့ ကို ချိုးဖျက်တော်မူပြီးသော မြတ်စွာဘုရား။

၁။ (ဂ) **အ-ရဟံ**-မျက်မှောက် မျက်ကွယ် **အချင်း** ခပ်သိမ်း စင်ကြယ်၍ ဆိတ်ကွယ်ရာ မရှိတော် မူသော မြတ်စွာဘုရား။

၂။ **သမ္မာ သမ္မုဒ္ဓါ**– သစ္စာလေးပါး ခပ်သိမ်း သော တရားတို့ကို သူတပါးအထံ နည်းမခဲ ဘဲ ကိုယ်တိုင်ဉာဏ်အဟုန်အစွမ်းဖြင့် စူးစမ်း ရှာဖွေကာ မှန်ကန်စွာ သိတော် မူပေသော မြတ်စွာဘုရား။

၃။ **ဝိဇ္ဇာစရဏ သမ္ပန္နော** – ဝိဇ္ဇာ မည်သော ဉာဏ်ထူး ၃-ပါး, ဉာဏ်ထူး ၈-ပါး၊ စရဏမည် သော အခြေခံအကျင့်တရား ၁၅ ပါး တို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၄။ (က) **သုဂတော**– သတ္တဝါတို့အား အကျိုးများ ကြွယ်း ဟုတ်မှန်သော စကားကောင်းကို သာ မြွက်ဆိုတော်မူတတ်ပေသော မြတ်စွာ ဘုရား။

၄။ (ခ) **သုဂတော**–မင်္ဂလာရှစ်ပြာတင့်တယ်သော အမူ အရာဖြင့် စကားစွဲသွားခြင်းကောင်းစွာ ဖြစ်ခြင်း ရှိတော်မူပေသော မြတ်စွာ ဘုရား။

၅။ လောကဝိဒူ– လောက၏ အကြောင်း အထူ
အလုံးစုံကို အကုန်အစင် သိမြင်စောင့်မူပေ
သော မြတ်စွာဘုရား။

၆။ (က) အနုတ္တရော– အမြင့် အမြတ်ဆုံး ဖြစ်သော
သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ်
ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတင်မူ
သောကြောင့် လောကဓာတ်အလုံးဌ အမြင့်
အမြတ်ဆုံးဖြစ်တော်မူသော မြတ်စွာဘုရား။

၆။ (ခ) ပုရိသ ဒမ္မ သာရထိ– ယဉ်ကျေး လိမ္မာ
ပညာအသိ မရှိကြဖသး မပြည့်ဝသေးၟ
ဆုံးမ ပေးထိုက်သော ပုဂ္ဂိုလ် တို့အား
ယဉ်ကျေး လိမ္မာ ပညာပြည့်ဝ အချိုးကျ
အောင် ဆုံးမ သွန်သင်တော် မူတတ် ပေ
သော မြတ်စွာဘုရား။

၆။ (ဂ) အနုတ္တရော ပုရိသ ဒမ္မ သာရထိ – ဆုံးမ
ထိုက်သော ပုဂ္ဂိုလ်တို့အား ညှန်ကြား သွန်
သင် ပဲ့ပြင်ဆုံးမမှု၌ အတုမရှိ အမြတ်ဆုံး
ဖြစ်တော်မူပေသော မြတ်စွာဘုရား။

၇။ သတ္ထာ ဒေဝမနုဿာနံ— ချမ်းသာ ရ
ကြောင်း လွှမ်းကောင်း ညွှန်ပြ ဆုံးမတော်

ဂုဏ်တော် ၉-ပါး ဘုရားရှိခိုး ၁၃၉

မူတတ်၍ လူနတ် တို့၏ ဆရာမြတ် အစစ် ဖြစ်တော်မူပေသော မြတ်စွာဘုရား။

၈။ ဗုဒ္ဓါ- တရားအလုံးစုံကို အကုန်သိတော် မူပေသော မြတ်စွာဘုရား။

၉။ ဘဂဝါ- ဘုန်းတော်အနန္တ ကုံတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော် အနန္တနှင့် လုံးဝဥဿုံ ပြည့်စုံတော်မူပေသော မြတ်စွာ ဘုရား။

အရဟံ - အစ ရှိသော ကိုး ပါး သော ဂုဏ်တော် ဆယ်ပါးသော ဂုဏ်တော် အနန္တ ဂုဏ်တော် ကျေးဇူးတော် အပေါင်းတို့နှင့် ပြည့်စုံတော် မူသော သင်္ကေတ် ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ဘုရား တပည့်တော် သည် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုး ပူဇော် ပူးမြော်မာန်လျှော့ ကန်တော့ပါ၏ မြတ်စွာဘုရား။

ဂုဏ်တော် ၆-ပါး တရားရှိခိုး

(မဟာစည် ဆရာတော်)

ဘဂဝတော၊ မြတ်စွာဘုရားသည်။ အကွာ-တော၊ ဟောကြားအပ်သော။ ဓမ္မော၊ တရား တော်သည်။

၁။ သွာက္ခာတော– ကိလေသာ ငြိမ်းခြင်း ကောင်းမွန် မှန်ကန်စွာ ဟောအပ်သော တရားတော်မြတ်ပါပေတကား။

၂။ သန္ဒိဋ္ဌိကော – ကျင့်ကြံ အား ထုတ် လျှင် မျက်မှောက် ကိုယ်တိုင် တွေ့မြင် နိုင်သော တရားတော်မြတ် ပါပေတကား။

၃။ အကာလိကော – အချိန်အခွင့် မဆိုင်းလင့် ဘဲ အသင့်လက်ငင်း ချက်ခြင်း အကျိုးပေး တတ်သောတရားတော်မြတ်ပါပေတကား။

၄။ ဧဟိပဿိကော– "လာပါ, ကြည့်လှည့်ပါ" ဟု ကျင့်ကြံအားထုတ်ရန် ဘိတ်မန်တိုက်တွန်း ထိုက်သော တရားတော်မြတ်ပါပေတကား။

၅။ ဩပနေယျိကော – မိမိ သန္တာန်၌ တည် အောင် ကျင့်ဆောင် ထိုက်သော တရား တော်မြတ် ပါပေတကား။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ– တရားမြင်သိ သည့် ပညာရှိရှစ်ပါး အရိယာမျှားသာလျှင် ကိုယ့်တရားနှင့်ကိုယ် အသီးသီး သိမြင်ခံစား ရသော တရားတော်မြတ်ပါပေတကား။

သွာက္ခာတ အစရှိသော ဤ ဂုဏ်တော် ၆-ပါးနှင့် ပြည့်စုံတော်မူသော မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်, ပရိယတ် အားဖြင့် ဆယ်ပါးသော တရားတော်မြတ်ကို ဘုရား တပည့်တော်သည် ရိုသေမြတ်နိုး လက်အုပ် မိုးချီ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏ ဘုရား။

ဂုဏ်ဆော် ၉-ပါး သံဃာတော်ရှိခိုး

(မဟာစည်ဆရာတော်)

ဘဂဝတော၊မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား အပေါင်း သံဃာတော်သည်။

၁။ သုပ္ပဋိပန္နော — လောက ဒေါသ မောဟ ကင်းခြောင်း (သီလ သမာဓိ ပညာအကျင့်ကောင်းကို) ကောင်းစွာ ကျင့်တော်မူသော သံဃာတော်မြတ် ပါပေတကား။

၂။ ဥဇုပဋိပန္နော — ကိုယ် နှုတ် စိတ်ထား အကောက် သုံးပါးကင်းရန် ဖြောင့်မှန်စွာ ကျင့်တော်မူသော သံဃာတော်မြတ် ပါပေတကား။

၃။ ဥာဃပ္ပဋိပန္နော - ဆင်းရဲဒြိမ်းရန် နိဗ္ဗာန်အလို့ငှာ သင့်လျော်စွာ ကျင့်တော်မူသော သံဃာတော် မြတ်ပါပေတကား။

၄။ သာမိစိပ္ပဋိပန္နော — သူမျှားက ပြုသည့် ရိုသေမှုနှင့် သင့်တင့်ထိုက်တန်အောင် ကျင့်ကြံတော်မူသော သံဃာတော်မြတ် ပါပေတကား။

၅။ အာဟုနေယျော — အရပ်ဝေးမှ သော်လည်း ဆောင်လာ၍ ပေးလှူ ပူဇော်ထိုက်, ပေးလှူ သည်ကို ခံယူတော် မူထိုက်သော သံဃာအာဝ်မြတ်ပါပေတကား။

၆။ ပါဟုနေယျော— ချစ်မြတ်နိုးအပ်သည့် ညွှေ့သည်မျှားအတွက် အထူး ပြုပြင် ထားခြင်း ဝေးကောင်း သောက်ဖွယ် ကိုသော်လည်း ပေးလှူပူဇော်ထိုက်, ခံယူခြင်း မူထိုက်သော သံဃာတော်မြတ်ပါပေတကား။

၇။ ဒက္ခိဏေယျော — ဓနာင်တမလွန် လောကဥ် ကောင်းကျိုး ရမည်ဟု ယုံကြည်၍ ပေးလှူသည်ကို ခံယူတော်မူထိုက်သော သံဃာတော် မြတ်ပါပေတကား။

၈။ **အဠလီ ကရဏီယော – ကောင်းကျိုး ချမ်းသာ မှန်စွာရမည်ဟု ယုံကြည်မြော်ကိုးလျက် လက်အုပ်မိုး၍ ရှိခိုးထိုက်သော သံဃာတော် မြတ်ပါပေတကား။**

၉။ **အနုတ္တရံ ပုညက္ခေတ္တံ လောကဿ – ကောင်းမှုမျိုးကို စိုက်ပျိုးရန်အလို့ငှာ သတ္တဝါအပေါင်း၏ အကောင်းဆုံး လယ်ယာမြေ ဖြစ်တော်မူသော သံဃာတော်မြတ်ပါပေတကား။**

သုပပ္ပဋိပန္နော အစရှိသော ဤ ၉-ပါး သော ဂုဏ်တော်တို့နှင့် ပြည့်စုံတော် မူသော မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးပါး, ဖလဋ္ဌာန် ပုဂ္ဂိုလ်လေးပါး အားဖြင့် ရှစ်ပါးသော အရိယာ ပုဂ္ဂိုလ်အပေါင်း သံဃာတော်မြတ်ကို ဘုရား တပည့်တော်သည် ရိုသေမြတ်နိုး လက်အုပ် မိုး၍ ရှိခိုး ပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ဥဒ္ဓစ္စ ၁၆ ပါး ဘုရားရှိခိုး

(မဟာစည်ဆရာတော်)

၁။ နာမရူပပရိစ္ဆေဒံ၊ တပ္ပစ္စယပရိဂ္ဂဟံ။
တံသမ္မသနံ ဥဒယ-ဗ္ဗယဉာဏဉ္စ ဘင်္ဂံ။

၂။ ဘယဉာဏံ အာဒီနဝ-ဉာဏဉ္စ နိဗ္ဗိဒံ အထ၊
မုဉ္စိတုကမျတံပဋိ-သင်္ခါရုပေက္ခကံ။

၃။ အနုလောမဉ္စ ဂေါတြဘုံ၊ မဂ္ဂဉာဏံ ဖလံ တထာ။
ပစ္စဝေက္ခဏဉာဏဉ္စ၊ တိလောကမ္ပိပိ ကေနစိ။

၄။ အဓေသိယေ သာသနိကော၊ဉာဏိမေ သောဋ္ဌသုတ္တာဒရော။
ဒေသေတာရံ ပဝတ္တာရံ၊ ဗုဒ္ဓံ တိဟာဒရံ နမေ။

(၁) နာမရူပပရိစ္ဆေဒံ၊ နာမ်ရုပ်တရားတို့ကို ပိုင်းခြား၍ သိသော နာမရူပ ပရိစ္ဆေဒဉာဏ်ဝင်း။

(၂) တပ္ပစ္စယပရိဂ္ဂဟံ၊ ထိုနာမ်ရုပ်တို့၏ အကြောင်းတရားကို ပိုင်းခြား၍ သိသော ပစ္စယပရိဂ္ဂဟဉာဏ်ဝင်း။

(၃) တံသမ္မသနံ၊ ထိုနာမ်ရုပ်တို့ကို အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် သုံးသပ်ဆင်ခြင်၍ သိမြင်သော သမ္မသနဉာဏ်ဝင်း။

(၄) ဥဒယဗ္ဗယဉာဏဉ္စ၊ နာမ်ရုပ်တို့၏ အသစ်အသစ်ပြစ်ပေါ်လာခြင်း ပြစ်ပေါ်ပြီးလျှင် တခဏချင်း ပျက်စီးသွားခြင်းကို ရှုမှတ်ထင်ထင်သိမြင်သော ဥဒယဗ္ဗယဉာဏ်ဝင်း။

(၅) ဘင်္ဂံ၊ နာမ်ရုပ်တို့၏ ပျက်စီးခြင်းကိုသာ ရှုမှတ်ထင်ထင် သိမြင်သော ဘင်္ဂဉာဏ်ကိုဆိုလို၏။

(၆) ဘယဉာဏ်သည်၊ နာမ်ရုပ်တို့၏ ပျက်စီးခြင်းကို သိမြင်ရသဖြင့် ကြောက်လန့်ဘွယ် ဘေးကြီး အဖြစ်ဖြင့် ထင်မြင်သော ဘယဉာဏ်ဆိုလို၏။

(၇) အာဒီနဝဉာဏ်သည်၊ နာမ်ရုပ်သင်္ခါရတို့၌ ကိုးကွယ်ဆွဲမထင် အပြစ်မြင်သော အာဒီနဝဉာဏ်ဆိုလို၏။

(၈) နိဗ္ဗိဒါ၊ နာမ်ရုပ်သင်္ခါရတို့၌ မပျော်မမွေ့ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်ဆိုလို၏။

အထူး အနုက်သဘောဟူသော ချဉ်ဉာဏ်သုံးခုမှ ထူးပါး အနုက်သဘောတူသော နောက်ဉာဏ် သုံးခုကား။

(၉) မုဉ္စိတုကမျတာ၊ နာမ်ရုပ် သင်္ခါရတို့မှ အလွန်အမင်း လွတ်ကင်း ထွက်မြောက်လိုမှုသာ မုဉ္စိတုကမျတာဉာဏ်ဆိုလို၏။

(၁၀) ပဋိသင်္ခါ၊ အလွန်အမင်း လွတ်ကင်း ထွက်မြောက်လိုသဖြင့် ထိုနာမ်ရုပ် နှစ်ပါးကိုပင် အနိစ္စ အစ ရှိသော လေးဆယ်သော အခြင်း အရာတို့ဖြင့် တွင်တွင် အားထုတ်၍ အနိစ္စ ဒုက္ခ အနတ္တ အနေအားဖြင့် ကောင်းကောင်းကြီး ထင်မြင်သော ပဋိသင်္ခါဉာဏ်ဆိုလို၏။

(၁၁) သင်္ခါရုပေက္ခာကံ၊ အနိစ္စ ဒုက္ခ အနတ္တ အနေအား ဖြင့်ကောင်းကောင်းထင်မြင်၍ လွတ်မြောက်ရာ လွတ်မြောက်

ကြောင်းကို ရသဖြင့် အလွန်ပြင်းထန်သော လုံ့လကိုလည်း မပြု၊ ထိုနာမ်ရုပ် သန်ဒါရတို့၌ ကြောက်လန့်ခြင်း နှစ်သက်ခြင်း နှစ်ပါးကိုထည်း ပယ်စွန့်၍ သိရုံ သိရုံသာ အညီအမျှရှုသော သန်ဒါရုပေက္ခာဉာဏ်ထင်း။

(၁၂) အနုံလောမဉ္စ၊ အနိစ္စ ဒုက္ခ အနတ္တ တို့တွင် တပါး ပါးကို အာရုံပြု၍ ဥဒယဗ္ဗယစသော ရှုးဉာဏ်ရှစ်ပါးနောက် မဂ္ဂသစ္စာ အားလျော်သော ဂေါတြဘူ၏ ရှေးအခြားမဲ့.ဥ် နှစ်ကြိမ် သုံးကြိမ်ဖြစ်သော အနုလောမဉာဏ်ထင်း။

(၁၃) ဂေါတြဘုံ၊ ပုထုဇဉ် အနွယ်ကို ဖြတ်၍ အရိယာ အနွယ်ဇာတ်သို့ ရောက်စေလျက် နိဗ္ဗာန်ကို အာရုံပြု၍ မင်၏ ရှေးအဖို.၌ တကြိမ်မျှသာ ဖြစ်သော ဂေါ တြဘူဉာဏ်ထင်း။

(၁၄) မဂ္ဂဉာဏ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် သစ္စာ လေးပါးကို တပြိုင်နက်သိသော မဂ်ဉာဏ်ထင်း။

(၁၅) ဖလံ၊ မဂ်ဉာဏ်ကဲ့သို့ပင် နိဗ္ဗာန်ကို အာရုံပြုလျက် ဖြစ်သော ဖိုလ်ဉာဏ်ထင်း။

(၁၆) တထာ၊ ထိုမှတပါး။ ပစ္စဝေက္ခဏဉာဏ်၊ မဂ် ဖိုလ် နိဗ္ဗာန် နှင့် ပယ်ပြီးသော ကိလေသာ, မပယ်ရသေးသော ကိလေသာ အားဖြင့် ဤ ငါးပါးသော တရားအစု တို့ကို ပြန်လှည့်၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ထင်း။

ဤတို့၊ ဤသို့။ တိလောကမှီ၊ ကာမရူပ အရူပဟု လောက သုံးဖြာ စကြာဝဠာ ရှိသမျှအနန္တမုဆုံး လောကကြီးတခုလုံး၌၊

ကေနစိပိ၊ နှတ်လူပြဟွာ သတ္တဝါ တဦး တယောက်မျှသော် လည်း။ အဒေသိယေ၊ မကြွားမနာ ကြံစည်ကာဖြင့် ယထာ ဘူတ အမှန်အကန်သိရ၍ လှစ်ဟထုတ်ဖော်ပြောကြားတော် မူတတ်ပေထသော။ ပဝတ္တာရံ၊ မိမိကိုယ်တော်တိုင် ပိုင်ပိုင် လှလှ အမှန်အကန်သိရ၍ လှစ်ဟထုတ်ဖော်ပြောကြားတော် မူတတ်ပေထသော။ ပဝတ္တာရံ၊ မိမိကိုယ်တော်တိုင်ပိုင်နိုင်ပြီးစီး ဖြစ်စေပြီးမှ ခိုမှီးကပ်လာ ပြဟွာ နှတ်လူ ကျွတ်ထိုက်သူ မှန် သမျှ ကလျာဏ ပုထုဇဉ် အရိယာသာဝကတို့၏ ကြည်လင်သော စိတ်သန္တာန်ဝယ် အဖန်ဖန်အားဖြင့် ဖြစ်ပွားစေတော် မူတတ် ပေထသော။ ဗုဒ္ဓံ၊ သဗ္ဗညုဟု ဥာဏ်တော်ရှင် မြတ်စွာဘုရား သခင်ကို။ အဟံ၊ ဘုရားတပည့်တော်သည်။ တီဟိ၊ ကာယ ညှတ်ချိ ဝစီမန သုံးဒွါရတို့ဖြင့်၊ အာဒရံ၊ ရိုသေစွာ။ နမေ— နမဝါမိ၊ ကြည်ညိုမြတ်နိုး လက်အုပ်မိုးလျှ ရှိခိုးပါ၏ မြတ်စွာ ဘုရား။။

ပဋိပတ္တိပူဇာနှင့်ကာရ ဘုရားရှိခိုး

(မဟာစည်ဆရာတော်)

၁။ ဗုဒ္ဓါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေဓေသိ။ သော ဘဂဝါ၊ ကျွန်ုပ်တို့အမျိုးအိမ် အားထားကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ထို မြတ်စွာ ဘုရားသည်။ ဗုဒ္ဓါ၊ သစ္စာလေးပါးအမှန်တရားကို ပိုင်းခြားတင်ထင် သိမြင်တော်မူပြီးသည်ဖြစ်၍။ ဗောဓာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အား လည်း အလားတူပင် သိမြင်ကြပါစေခြင်းအကျိုးငှာ။ ဓမ္မံ၊ သစ္စာလေးစာနှံ့ တရားမှန်ကို။ ဒေသေတိ၊ ကရုဏာဖြင့်သွေး ပညာအားဖြင့် ဟောကြားခဲတော်မူခဲ့ပါပေ၏။ (တံ ဘဂဝန္တံ၊ သက်တော်ထင်ရှား တိုမြတ်စွာဘုရားသခင်ကို။ နမဟံ၊ အကျွန်ုပ်သည်။ ဝန္ဒဲ့ဝမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုးချီ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား)။

၂။ ဗန္ဓော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေဓေသိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အမျိုး၏ အားထားကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ ဗန္ဓော၊ မြင့်, ကြွားတွေရာ ကြံသိရာမှ ကိုလေသာအညစ်အကြေး ကင်းစင် ဝေးလျက် ယဉ်ကျေးတော် မူပြီးသည်ဖြစ်၍။ ဒမထာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကိုလသာ အညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးကြပါ

စေခြင်း အာကျိုးငှာ။ ဓမ္မံ၊ ယဉ်ကျေးစေရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာဝေရှ့.သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ (တံ ဘဂဝန္တံ၊ ဘက်ခတော်ဆင်ရှား ထိုမြတ်စွာဘုရားကို။ အဟံ၊ အာကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိသေမြတ်နိုး လက်အုပ်မိုးချီ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား)။

၃။ သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အမျိုး၏ အားထားကိုးကွယ်ရာ အစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ သန္တော၊ ရာဂ စသား အလုပ်အရှားကင်းလျက် ငြိမ်သက် ငြိမ်းခဲ့အားတော် မူပြီးသည်ဖြစ်၍။ သမထာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အား လည်း အသားတူစွာ ငြိမ်သက် ငြိမ်းခဲ့အား ကြပါစေခြင်း အာကျိုးငှာ။ ဓမ္မံ၊ ငြိမ်သက်စေရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာရှေ့.သွား ပညာအဲ့ားဖြင့် ဟောကြားတော် မူခဲ့ပါပေ၏။ (တံ ဘဂဝန္တံ၊ သက်တော်ထင်ရှား ထိုမြတ်စွာဘုရားကို။ အဟံ၊ အာကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိသေမြတ်နိုး လက်အုပ်မိုးချီ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား)

၄။ တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အမျိုး၏ အားထား ကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ထို မြတ်စွာဘုရားသည်။ တိဏ္ဏော၊

သြဃံလေးဖြာ သံသရာ၏ ဟိုမှာ ကမ်းရောက် နိဗ္ဗာန်ပေါက် အောင် ကူးမြောက်တော်မူပြီးသည်ဖြစ်၍။ တရားဟာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကူးမြောက်ကြပါစေခြင်းအကျိုးငှာ။ ဓမ္မံ၊ ကူးမြောက်စေရန်တရားမှန်ကို။ ဒေသေတိ၊ ကရုဏာဂုဏ်သွေး ပညာအာဒေးဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ (တံ ဘဂဝန္တံ၊ သက်တော် ထင်ရှား ထိုမြတ်စွာဘုရားကို၊ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လှုပ်အုပ်မိုးမျှ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား)

၅။ ပရိနိဗ္ဗုတော သော ဘဂဝါ ဖရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အများ၏ အာဒေးထား ကိုးကွယ်ရာ အစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတော၊ ကိလေသာ ခပ်သိမ်း အလုံးစုံ ငြိမ်းပြီးသည်ဖြစ်၍။ဖရိနိဗ္ဗာနာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလား တူစွာကိလေသာ ခပ်သိမ်းငြိမ်းကြပါစေခြင်းအကျိုးငှာ။ ဓမ္မံ၊ ကိလေသာ ငြိမ်းရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာဂုဏ်သွေး ပညာ အာဒေးဖြင့်ဟောကြားတော် မူခဲ့ပါပေ၏။ (တံ ဘဂဝန္တံ၊ သက် တော်ထင်ရှား ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုးမျှ ရှိခိုးပူဇော်ပါ၏ အရှင် ဘုရား)။


မဇ္ဈိမ ပဏ္ဏာသ ရဋ္ဌပါလ သုတ်လာ

ဓမ္မဒ္ဒေသ (၄) ပါး ဆောင်ပုဒ်

(မဟာစည်ဆရာတော်)

အို နာ သေ သို့၊ မောင်းနှင်ပို့၊ လူတို့ မမြဲ ပါတကား။
စောင့်ရှောက်သူမဲ့၊ ကိုးရာမဲ့၊ အားနဲ့လှဲချေတကား။
ကိုယ်ပိုင်ဥစ္စာ၊ မရှိပါ၊ စွန့်ကာ သွားရမည် တကား။
လိုမပြည့်စ၊ အားမရ၊ တဏှာကျွန်ချည်း ပါတကား။
ဓမ္မဒ္ဒေသ၊ ဤလေး၀၊ ဗုဒ္ဓဟောကြား သတိထား။

၁။ ဥပနိယျတိ လောကော အဒ္ဓုဝေါ။
၂။ အတာဏော လောကော အနဘိဿရော။
၃။ အဿကော လောကော သဗ္ဗံ ပဟာယ ဂမနီယံ။
၄။ ဥူနော လောကော အတိတ္တော တဏှာဒါသော။



အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး

အသံလွှင့် ဟောကြားတော်မူအပ်သော

ဓမ္မစကြာအနုတ္တလက္ခဏသုတ်



ပဋိပတ္တိသာသနာပြု မဟာစည်ရုံပုံငွေ

ဗုဒ္ဓသာသနာနှုဂ္ဂဟ အဖွဲ့ချုပ်

သာသနာ့ရိပ်သာ

ဟာမစ်တိတ်လမ်း၊ ကုက္ကိုင်း-ရန်ကုန်မြို့။

သာသနာ ၂၅၁၄ ခေါင်စဉ် ၁၃၇၂ သြဂုတ်လ ၁၉၇၀

ပဌမအကြိမ် ရိုက်နှိပ်ခြင်း .... ၁၉၅၇ .... အုပ်ရေ ၂၀၀၀။
ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း.... ၁၉၅၉ .... အုပ်ရေ ၅၀၀၀။
တတိယအကြိမ် ရိုက်နှိပ်ခြင်း.... ၁၉၆၃ .... အုပ်ရေ ၆၀၀၀။
စတုတ္ထအကြိမ် ရိုက်နှိပ်ခြင်း.... ၁၉၆၇ .... အုပ်ရေ ၄၀၀၀။
ပဉ္စမအကြိမ် ရိုက်နှိပ်ခြင်း .... ၁၉၇၀ .... အုပ်ရေ ၁၀၀၀၀။

ထုတ်ဝေသူ။ ။မင်္ဂလာဦးအောင်မြင့် မှတ်ပုံတင်အမှတ် (ဝ၁၁၆၇)
အကျိုးတော်ဆောင် (ပဋိပတ္တိသာသနာပြု မဟာစည်
ရုံပုံငေ့) ဗုဒ္ဓသာသနာနှင့်ဂဟအဖွဲ့ချုပ်၊ အမှတ် ၁၆၊
သာသနာ့ရိပ်သာ ဟာမစ်တိတ်လမ်း ကုက္ကိုင်း၊ ဧရိယာတိုင်
စာတိုက်၊ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၃၄၁၇)

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်)
ဦးလှမောင် M.A.,M.S.,B.L. (မှတ်ပုံတင်အမှတ် ဝ၀၇၉)က ပုံနှိပ်သည်။

ဤစာအုပ်နိဒါန်း

ဘဝတူ သဗ္ဗမင်္ဂလံ။

ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ သီတင်းသုံးတော်မူသော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၁၁-ခုနှစ် နတ်တော်လပြည့်နေ့မှစ၍ ပဋိပတ္တိ သာသနာတော်ပြန့်ပွားရန်အလို့ငှါ ရဟန်းရှင်လူ သူတော်စင် အပေါင်းတို့အား ဝိပဿနာ လုပ်ငန်းဆိုင်ရာ ကမ္မဋ္ဌာန်း တရားတို့ကို (၁)ဟောလည်း ဟောကြားတော်မူခဲ့ပါသည်၊ (၂)ပြလည်း ပြသတော်မူခဲ့ပါသည်။

၁။ ဤသို့ ဝိပဿနာလုပ်ငန်းဆိုင်ရာ ကမ္မဋ္ဌာန်း တရားတို့ကို ပြသတော်မူခဲ့သောကြောင့် ရန်ကုန်မြို့နှင့်တကွမြန်မာပြည် အရပ်ရပ်တွင်၎င်း, သီဟိုဠ် ယိုးဒယားစသော နိုင်ငံများတွင်၎င်း ကမ္မဋ္ဌာန်းဌာနများ, ကမ္မဋ္ဌာန်းတရားပွါးများ ရှုမှတ်ကြသည့်ပုဂ္ဂိုလ်များ အမြောက်အမြား ပေါ်ပေါက်ခဲ့ပါသည်။

ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းဌာနတခုတည်း၌ ပင် ၁၃၁၁-ခုနှစ်မှစ၍ ၁၃၂၇-ခုနှစ်အထိ ကမ္မဋ္ဌာန်းတရားပွါးများ ရှုမှတ်ပြီးသူ ရဟန်း ရှင်လူ သူတော်စင်အပေါင်း (၁၅၄၁၁)ယောက်ရှိခဲ့ပါသည်။

၂။ ဝိပဿနာ လုပ်ငန်းဆိုင်ရာ ကမ္မဋ္ဌာန်း တရားတို့ကို လည်း ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ၌ ဥပုသ်

ဤစာအုပ်နိဒါန်း

နေ့တိုင်း ဆရာတော်ဘုရားကြီးကိုယ်တော်တိုင်ငင်း, ဆရာတော်ဘုရားကြီးသည် နယ်သို့ ကွတော်မူပါက တပည့် ကမ္မဋ္ဌာန်းဆရာတပါးကငင်း ဟောကြားတော်မူလေ့ ရှိပါသည်။

ထို့ပြင် အခါအားလျော်စွာ အမြို့မြို့ အရွာရွာသို့ ကွရောက်တော်မူ၍ ဟောကြားတော်မူလေ့ ရှိသည့်အပြင် တခါတရံ၌ သက်ဆိုင်ရာတို့က လျှောက်ထားသောအခါ မြန်မာ့အသံလွှင့် ဌာနမှလည်း ဟောကြားတော်မူလေ့ ရှိပါသည်။

ဤသို့ ဟောကြားတော်မူခဲ့သည့် တရားတော်များတွင် အချို့သော တရားတော်များကို အသံဖမ်းယူ၍ အသံမှစာအဖြစ်သို့ကူးယူကာ စာအုပ်အဖြစ် ပုံနှိပ်၍ဖြန့်ချိခဲ့ပါသည်။

ဤစာအုပ်သည် အကြိမ်ကြိမ် စက်တင်ပုံနှိပ်၍ ဖြန့်ချိခဲ့ပြီးသော အသံလွှင့်ဌာနမှ ဟောကြားတော်မူခဲ့သည့်—

(၁) ဓမ္မစကြာ တရားတော်ကြီး

(၂) အနတ္တလက္ခဏသုတ်တရားတော်ကြီး

(၃) မဟာသတိပဋ္ဌာန်တရားတော်ကြီး

တို့ကို တအုပ်တည်း စုပေါင်း၍ ပုံနှိပ်ထားသော စာအုပ်ဖြစ်ပါသည်၊ တရားတော်ကို လိုလားသော အမျိုးသားသူတော်စင် ရဟန်းရှင်လူ အပေါင်းတို့ ကောင်းစွာ ဖတ်ရှု၍ ဘာဝနာတရား ပွါးများနိုင်ကြပါစေသော်။

မဂ်လာအောင်မြင့်(သာသနာ့ရိပ်သာ)

၁၃၂၇-ခု၊ ဝါခေါင်လပြည့်နေ့။

ဓမ္မစက္ကဝတ္တရားတော်ကြီး

မာတိကာ

အကြောင်းအရာ			စာမျက်နှာ
ဓမ္မစက္ကဝတ္တရားတော်ကြီး	....	....	၁-၂၁
နိဒါန်း	....	....	၁-၂
ဒုက္ကရစရိယာအကျင့်	....	....	၂-၄
တရားဦးဟောရန် ကြံခိုတော်မူခြင်း	....	....	၄-၅
တရားနာရန် ညွှန်ကြားတော်မူခြင်း	....	....	၅-၆
၁-အယုတ်တရား နှစ်ပါး	....	....	၇
၂-မတ္ထိမပဋိပဒါအလယ်လမ်း	အကျင့်တရား	....	၇-၈
၃-ဒုက္ခသစ္စာ	....	....	၁၂
၄-သမုဒယသစ္စာ	....	....	၁၂-၁၃
၅-နိရောဓသစ္စာ	....	....	၁၃
၆-မဂ္ဂသစ္စာ	....	....	၁၃
၇-ဒုက္ခသစ္စာ၌ သစ္စာဉာဏ်	....	....	၁၄
၈-ဒုက္ခသစ္စာ၌ ကိစ္စာဉာဏ်	....	....	၁၄
၉-ဒုက္ခသစ္စာ၌ ကတာဉာဏ်	....	....	၁၅
၁၀-သမုဒယသစ္စာ၌ သစ္စာဉာဏ်	....	....	၁၅
၁၁-သမုဒယသစ္စာ၌ ကိစ္စာဉာဏ်	....	....	၁၅
၁၂-သမုဒယသစ္စာ၌ ကတာဉာဏ်	....	....	၁၆
၁၃-နိရောဓသစ္စာ၌ သစ္စာဉာဏ်	....	....	၁၆
၁၄-နိရောဓသစ္စာ၌ ကိစ္စာဉာဏ်	....	....	၁၆

ဓမ္မစကြာတရားတော်ကြီး

အကြောင်းအရာ စာမျက်နှာ

၁၅-နိရောဓသစ္စာ၌ ကတ္တာဏ် ၁၇

၁၆-မဂ္ဂသစ္စာ၌ သစ္စာဏ် ၁၇

၁၇-မဂ္ဂသစ္စာ၌ ကိစ္စာဏ် ၁၇

၁၈-မဂ္ဂသစ္စာ၌ ကတ္တာဏ် ၁၈

၁၉-ရှေးက ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ ၁၈

၂၀-ယခုဘုရားဖြစ်ကြောင်း ဝန်ခံပုံ ၁၈

အနုသန္ဓေစကား ၁၉

၂၁-ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိပုံ.... .... ၁၉

အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ ၁၉

မြတ်စွာဘုရား ဥဒါန်းကျူးပုံ ၂၀

ဧဟိဘိက္ခု ရဟန်းအဖြစ်ရပုံ.... .... ၂၀

အနတ္တလက္ခဏသုတ်တရားတော်ကြီး ၂၃-၅၂

နိဒါန်း ၂၃-၂၆

နာရုံနှင့်မပြီး၍ အာဒီးထုတ်ကြရသည် ၂၇

နေယျပုဂ္ဂိုလ်တော့ ၂၇-၂၈

အချိုးကျကျ အာဒီးထုတ်ပုံ ၂၉-၃၀

ဒိဋ္ဌိမာနကို ပယ်ရန် ၃၁-၃၃

၁-ရူပက္ခန္ဓာ အနတ္တဖြစ်ပုံ ၃၃

မှတ်ဖွယ်ဆောင်ပုဒ်များ ၃၃

၂-ဝေဒနာက္ခန္ဓာ အနတ္တဖြစ်ပုံ ၃၄-၃၅

၃-သညာက္ခန္ဓာ အနတ္တဖြစ်ပုံ ၃၅

၄-သင်္ခါရက္ခန္ဓာ အနတ္တဖြစ်ပုံ ၃၅-၃၆

၅-ဝိညာဏက္ခန္ဓာ အနတ္တဖြစ်ပုံ ၃၆

မှတ်ဖွယ် ဆောင်ပုဒ်များ ၃၇

အကြောင်းအရာ စာမျက်နှာ

အနုပဿနာ ၃-ပါး ဆောင်ပုဒ်များ ၃၇-၃၈

အနတ္တလက္ခဏာကို ဃနဖုံးသည် ၃၈-၃၉

၆-ချုပကွန္ဒာဥ် လက္ခဏာရေး ၃-ပါး စီစစ်ချက် ၃၉

၇-ဝေဒနာကွန္ဒာဥ် လက္ခဏာရေး ၃-ပါး စီစစ်ချက် ၄၀

၈-သညာကွန္ဒာဥ် လက္ခဏာရေး ၃-ပါး စီစစ်ချက် ၄၀

၉-သင်္ခါရကွန္ဒာဥ် လက္ခဏာရေး ၃-ပါး စီစစ်ချက် ၄၁

၁၀-ဝိညာဏကွန္ဒာဥ် လက္ခဏာရေး ၃-ပါး စီစစ်ချက် ၄၁-၄၂

၁၁-ရုပ်တရားဥ် ၁၁-ဌာနဖြင့်ရှုရန် ညွှန်ပြချက် ၄၂

၁၂-ဝေဒနာဥ် ၁၁-ဌာနဖြင့်ရှုရန် ညွှန်ပြချက် ၄၂

၁၃-သညာဥ် ၁၁-ဌာနဖြင့်ရှုရန် ညွှန်ပြချက် ၄၃

၁၄-သင်္ခါရတို့ဥ် ၁၁-ဌာနဖြင့်ရှုရန် ညွှန်ပြချက် ၄၃

၁၅-ဝိညာဏ်ဥ် ၁၁-ဌာနဖြင့်ရှုရန် ညွှန်ပြချက် ၄၃

ရုပ်ကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ ၄၄-၄၅

ဝေဒနာကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံဆောင်ပုဒ် ၄၅-၄၆

သညာကို ၁၁-ဌာနဖြင့်ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ ၄၇-၄၈

သင်္ခါရတို့ကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံ
ဆောင်ပုဒ်များ ၄၈-၄၉

ဝိညာဏ်ကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံ
ဆောင်ပုဒ်များ ၄၉-၅၀

၁၆-နိဗ္ဗိန္ဒာဉာဏ်နှင့်တကွ မဂ်,ဖိုလ်ဉာဏ်များဖြစ်ပုံ ၅၁

၁၇-ပဥ္စဝဂ္ဂိရဟန်းတော်များ ရဟန္တာဖြစ်ပုံ ၅၁-၅၂

မဟာသတိပဋ္ဌာန်တရားတော်ကြီး.... .... ၅၃-၆၄

ပဌမပိုင်း ၅၃-၆၂

သတိပဋ္ဌာန်လေးပါးသရုပ် ၆၀-၆၁

အကြောင်းအရာ			စာမျက်နှာ
ဒုတိယပိုင်း	....	....	၆၃-၇၂
တရားမဆုံးမီ ထသွားသောပေဿပုဂ္ဂိုလ်		....	၆၅
တတိယပိုင်း	....	....	၇၃-၈၃
စဲ့လမ်းမှုကင်းအောင် ဝိပဿနာရှုရပုံ		....	၇၄
အသိဉာဏ် ၄-မျိုး သရုပ်အဓိပ္ပါယ်		....	၇၄-၇၆
မဂ်,ဖိုလ်မရနိုင်သောခေတ် မရှိပုံ....		....	၇၇-၇၈
ခိပ္ပါဘိညရဟန္တာဖြစ်ခြင်းအကြောင်း		....	၇၉
စတုတ္ထပိုင်း	....	....	၈၅-၉၄
ဝိပဿနာအခြေခံရှုနည်း ၂-မျိုး		....	၈၅
အစဲ့အလမ်းကင်းအောင် ဝိပဿနာရှုပုံ		....	၈၆-၈၇
ထင်ရှားသိလွယ်တဲ့ ရုပ်ကစြိုး ဝိပဿနာရှုရပုံ....			၈၇-၈၈
၁-အစဉ်းပယ် အလယ်သဘး		....	၉၅
၂-မဂ္ဂင်ရှစ်တန် လမ်းမှန်၏ သရုပ်		....	၉၅
၃-အနု,အလတ်,အရင့် မဂ္ဂင် ၃-မျိုး		....	၉၆
၄-သစ္စာလေးတန် အမှန်လေးပါး		....	၉၆
၅-ဒုက္ခသစ္စာ	....	....	၉၆
၆-ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာ		....	၉၇
၇-သမုဒယသစ္စာ	....	....	၉၇
၈-နိရောဓနှင့် မဂ္ဂသစ္စာ	....	....	၉၇
၉-ဉာဏ် ၃-ပါးနှင့် ၎င်းတို့၏ ဖြစ်ရာကာလ		....	၉၇
၁၀-သစ္စာဉာဏ်၏ ကိစ္စ ၄-ပါး		....	၉၈
ကန်တော့ခန်း		....	၉၉
ဂုဏ်တော် ၉-ပါး ဘုရားရှိခိုး		....	၁၀၀-၁၀၂

ဓမ္မစကြာ တရားတော်ကြီး

(၁၃၁၉-ခုနှစ် ဝါဆိုလပြည့်နေ့ ညတွင် ဟောတော်မူသည်)

ဂုဏ်တော် ၉-ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်အား ရိုနိုးပါ၏။

နိဒါန်း

ဒီကနေ့ဟာ (ဓမ္မစကြာ တရားတော်ကြီးကို စတင်ပြီး ဟောခဲ့တဲ့ နေ့ကစ၍ ရေတွက်လျှင် ၂၅၄၆-နှစ်မြောက်) **ဓမ္မစကြာအခါတော်နေ့ကြီး** ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ ဓမ္မစကြာ အခါတော် အထိမ်းအမှတ်အဖြစ်ဖြင့် ဓမ္မစကြာ တရားတော်ကြီးကို ဟောကြားမယ်။ ဒီတရားတော်ကြီးကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၄၆-နှစ်က ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော် တိုင် စတင်ပြီး ဟောကြားတော်မူခဲ့ပါတယ်၊ ဒီတရားတော် ကြီးကို ပါဠိဘာသာဖြင့် "**ဓမ္မစက္ကပဝတ္တန**"လို့ ခေါ်ပါတယ်၊ "**တရားစက်ဘီးကို စတင်ပြီးလည်စေတဲ့တရားတော်**"လို့ ဆိုလို ပါတယ်။ စတင်လည်စေပုံကို ထင်ရှားသိပြီး ကြည်ညိုရအောင် ရှေးဦးစွာ ဒီတရားတော်ရဲ့ နိဒါန်း အကြောင်း အတ္ထုပ္ပတ္တိကို အကျဉ်းချုပ် ဖော်ပြပါဦးမယ်။

ဗုဒ္ဓမြတ်စွာဘုရားရဲ့ အလောင်းတော်ဟာ ကမ္ဘာပေါင်း လေးအသင်္ချေနှင့် တသိန်း ကာလပတ်လုံး ဗုဒ္ဓဘုရားဖြစ်ရန် အတွက် ပါရမီတွေကို ဖြည့်ကျင့် ဆည်းပူးခဲ့ပါတယ်။ ဒီလို

ပါရမီဖြည့်လို ပြည့်စုံတဲ့အခါ နောက်ဆုံးဘဝမှာ လွန်ခဲ့တဲ့ ၂၅၁၁-နှစ်က ကပိလဝတ်ပြည့်ရှင် ခမည်းတော်ဘုရင် သုဒ္ဓါ-ဒန မင်းကြီးနှင့် မယ်တော် မာယာဒေဝီတို့ရဲ့ သားတော် "သိဒ္ဓတ္ထ"မည်တဲ့ မင်းသား ဖြစ်ခဲ့ပါတယ်။ ထိုစဉ်ကာလက ကပိလဝတ်ခေါ်တဲ့ တိုင်းပြည်ရဲ့ တည်နေရာ ဒေသကတော့ ယခုခေတ်အခါမှာ အိန္ဒိယပြည်၏ မြောက်ဘက် နယ်စပ် နီပေါ်ပြည်နယ်ထဲမှာ တည်ရှိနေပါတယ်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသားကလေး ၁၆-နှစ် အရွယ်ရောက်သောအခါမှာ မယ်တော် ခမည်းတော်များက ယသော်ဓရာ ခေါ်တဲ့ မင်းသမီးကလေးနှင့် လက်ထပ် ထိမ်းမြားပြီး အင်မတန် ကြီးကျယ်တဲ့ ထီးနန်းစည်းစိမ်ကို ခံစားစေခဲ့ပါတယ်။ အသက်တော် ၂၉-နှစ် အရွယ်သို့ ရောက်တဲ့အခါမှာ သူအို, သူနာ, သူသေ, ရဟန်း ဆိုတဲ့ နိမိတ်ကြီး ၄-ပါးကို တွေ့မြင်ရတဲ့အတွက် အိုတတ်, နာတတ်, သေတတ်တဲ့ လောကကြီးကို အရှုံကြီး ရှုံမှုန်း စက်ဆုပ်ပြီး အလွန်ပင် သံဝေဂတရားရတော်မူခဲ့ပါတယ်။ ဒါကြောင့် လူ့ဘောင်မှ ထွက်ခွါပြီး ရဟန်းပြုကာ အိုခြင်း, နာခြင်း, သေခြင်း ကင်းတဲ့ နိဗ္ဗာန်တရားကို ရှာမှီးတော်မူခဲ့ပါတယ်၊ ဥရုဝေလ တောအရပ်မှာ "ဒုက္ကရ-စရိယာ"ခေါ်တဲ့ အကျင့်များကိုလဲ ကျင့်သုံးနေခဲ့ပါတယ်။

ဒုက္ကရစရိယာအကျင့်

ကျင့်သုံးပုံကတော့– ထွက်သက်, ဝင်သက်များကို လုံးဝ မထွက်ရ မဝင်ရအောင် အောင့်ချုပ်ပြီးတော့လဲ ကျင့်ခဲ့ပါတယ်။ သို့ပေမဲ့ ဒီလိုကျင့်တဲ့အတွက် ဘယ်လို အကျိုးထူးကိုမျှ

မရခဲ့ပါဘူး၊ ကိုယ်ပင်ပန်း ဆင်းရဲရုံမျှသာ ရှိခဲ့ပါတယ်။ ပြီးတော့ အစာကိုလဲ ဖြတ်တောက်ပြီးတော့ ခြိုးခြံစွာ ကျင့်ခဲ့ပါတယ်၊ တနေ့လျှင် ပဲပြုတ်ရေလက်တဆုံမ်းမျှကိုသာ သုံးဆောင်ပြီးတော့လဲ နေခဲ့ပါတယ်။ ဒီလိုအစာကို ဖြတ်တောက်ပြီး ကျင့်တဲ့အတွက်လဲ ဘာအကျိုးထူးကိုမျှ မရခဲ့ပါဘူး၊ ကိုယ်ပင်ပန်း ဆင်းရဲရုံမျှသာရှိခဲ့ပါတယ်။ ဒီလိုကိုယ်ပင်ပန်းအောင်ကျင့်ရတဲ့ အကျင့်မျိုးတွေကတော့ ထိုစဉ်ကာလက အိန္ဒိယနိုင်ငံ တဝှမ်းလုံးမှာ အကျင့်ကောင်းအနေနှင့်ခေတ်စားနေတဲ့ “**အတ္တကိလမထာနုယောဂ**” အကျင့်တွေပါဘဲ၊ ယခုလဲ ဒီအကျင့်မျိုးတွေဟာ အခြိုဘာသာဝင်တွေထဲမှာ ခေတ်စားနေတုန်းပါဘဲ။

ဘုရားအလောင်းတော်မှာ ဒီလို ၆-နှစ်တိုင်တိုင် ကျင့်လို့ ဘာမျှ အကျိုးထူး မပေါ်တဲ့အခါမှာ ဒုက္ကရစရိယာ အကျင့်တွေကို စွန့်လွှတ်လိုက်ပါတယ်။ အာနာပါနစျာန်ကို ပွါးနိုင်စေရန်အတွက် ကာယဗလအင်အား ပြည့်စေရန် အစာ အာဟာရကို ပြန်လည် သုံးဆောင်ခဲ့ပါတယ်။

ထိုစဉ်အခါက **ပဉ္စဝဂ္ဂီ**ခေါ်တဲ့ ပဉ္စဝဂ္ဂါလ်ငါးဦးဟာ ဘုရားအလောင်း ဘုရားဖြစ်တဲ့အခါ တရားဦးနာရန် ရည်ရွယ်ပြီး ဘုရားအလောင်းထံမှာ ဝတ်ကြီးဝတ်ငယ် ပြုစုနေကြပါတယ်။ ဘုရားအလောင်း အစာအာဟာရ ပြန်လည်သုံးဆောင်တာကိုမြင်ရတော့ “**ပဓာန**” အလုပ်က ထွက်တယ်၊ ဘုရား မဖြစ်နိုင်တော့ဘူးလို့ အထင်မှားပြီးတော့ သူတို့က ဘုရားအလောင်းအပေါ်မှာ မြော်လင့်ချက် မရှိဘဲ ဖြစ်သွားကြပါတယ်။ ဒါကြောင့် အဲဒီ ပဉ္စဝဂ္ဂီ ငါးဦးဟာ ဘုရားအလောင်းကို

စွန့်ပစ်ထားခဲ့ပြီး ဗာရာဏသီပြည် မိဂဒါဝုန်တောမှာ သွားရောက်နေထိုင်ကြပါတယ်။

ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူခြင်း

ဘုရားအလောင်းတော်လဲ အစာအာဟာရသုံးဆောင်လို့ ကာယဗလ အားရှိတဲ့အခါမှာ 'အာနာပါနစျာန်' မျှားကို ဖြစ်ပွါးစေပါတယ်။ ထို့နောက် ယခု **ဗုဒ္ဓဂယာခေါ်**တဲ့ နေရာတွင် "**ဗောဓိညောင်ပင်ကြီး**"အောက်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူကာ အကြွေး အဆက်ဆက် ပဋ္ဌိစ္စသမုပ္ပါဒ် တရားမျှားကို ဆင်ခြင်ပြီးတော့ ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ အဖြစ်အပျက်ကို ဝိပဿနာရှုသဖြင့် သစ္စာလေးပါး တရားအလုံးစုံကို အကုန်သိမြင်တော်မူတဲ့**ဗုဒ္ဓဘုရားအဖြစ်သို့**ရောက်တော်မူခဲ့ပါတယ်။ဒီလိုဘုရားဖြစ်တော်မူပြီးတဲ့နောက် **ဝိမုတ္တိသုခ** ခေါ်တဲ့ ဖလသမာပတ်ချမ်းသာကို ခံစားတော်မူကာ ၇-ပါးသော ဌာနတို့၌ ၇-ရက်စီ အားလုံးပေါင်း ၄၉-ရက် သီတင်းသုံး နေတော်မူခဲ့ပါတယ်။

တရားဦးဟောရန် ကြံချီတော်မူခြင်း

ဒီလို နေတော်မူပြီးတဲ့အခါမှာ တရားဦးဟောရန်အတွက် ပဥ္စဝဂ္ဂိတို့၏နေရာ မိဂဒါဝုန်တောသို့ ကြံချီတော်မူခဲ့ပါတယ်။ ဗုဒ္ဓဂယာမှ မိဂဒါဝုန်တောအထိ **၁၈-ယူဇနာ** ဝေးကွာတယ်လို့ အဋ္ဌကထာမျှားမှာ ပြဆိုထားပါတယ်၊ ယခုခေတ် ရထားလမ်းမိုင်အားဖြင့်ဆိုလျှင် ၁၄၂-မိုင် ရှိတယ်လို့ ဆိုထားပါတယ်။ ပဥ္စဝဂ္ဂိတို့၏နေရာသို့ ရောက်တဲ့အခါ အသင့်ခင်းထားတဲ့နေရာမှာ ထိုင်နေတော်မူပါတယ်။ ဒီလိုထိုင်နေတဲ့အခါမှာ ပဥ္စဝဂ္ဂိတို့

က ဘုရားဖြစ်လာမှန်းမသိကြသေးတဲ့အတွက် "ငါ့ရှင်ဂေါတမ ငါ့ရှင်ဂေါတမ" လို့ ရှေးကလိုပင် ပြောနေကျအတိုင်း မရှိမသေ သူငယ်ချင်းပြော ပြောဆိုနေကြပါတယ်။

တရားနာရန် ညွှန်ကြားခြင်း

ဒါကြောင့် မြတ်စွာဘုရားက မိမိဟာ ဘုရားအစစ် ဖြစ်လာတဲ့ အကြောင်းကို ထုတ်ဖော်ပြီး ဒဲ့ဒိုးဘဲ မိန့်ကြားတော်မူရပါတယ်။ မိန့်ကြားပုံကတော့—ပဉ္စဝဂ္ဂီ ရဟန်းတို့ ရှေးဘုရားတို့နှင့် အလားတူဖြစ်တဲ့ ငါဘုရားကို ငါ့ရှင်ဟူ၍ မခေါ်ကြနဲ့၊ ဂေါတမဟူ၍လဲ အမည်ထုတ်ပြီး မခေါ်ကြနဲ့။ ရဟန်းတို့—ငါသည် ပူဇော်အထူးကို ခံတော်မူထိုက်တဲ့ တရားအလုံးစုံကိုကိုယ်ပိုင်ဉာဏ်ဖြင့်မှန်ကန်စွာသိတဲ့ရှေးဘုရားတို့နှင့်အလားတူဖြစ်တဲ့ ဘုရားစင်စစ် ဖြစ်လာပြီ။ နားစိုက်ကြလော့ "သေခြင်းကင်းတဲ့ အမြိုက်နိဗ္ဗာန်"ကို ငါသိလာပြီ၊ သင်တို့အား ငါ သွန်သင်ညွှန်ပြပေးမည်၊ တရားတော်ကို ငါဟောမည်၊ သွန်သင်ညွှန်ပြတဲ့အတိုင်း လိုက်နာ၍ ကျင့်သုံးကြမယ်ဆိုလျှင် သင်တို့ဟာ ရဟန်းပြုခြင်း၏ ရည်မှန်းချက် အကျိုးလဲ ဖြစ်, အကျင့်မြတ်၏ အဆုံးပန်းတိုင်လဲဖြစ်တဲ့ အမြင့်ဆုံးတရားကို ယခုဘဝ မကြာခင် အတွင်းမှာဘဲ သင်တို့ ကိုယ်တိုင်ပင် မျက်မှောက်တွေ့ပြီး နေကြရပါလိမ့်မယ်လို့ ဒီလို ရဲရဲကြီး ဝန်ခံချက် ပေးပြီး မိန့်ကြားတော်မူပါတယ်။

ဒီလိုမြတ်စွာဘုရားက တဲ့တဲ့ကြီး ပြောပြပေမယ်လို့ ပဉ္စဝဂ္ဂီငါးဦးတို့က မရိပ်မိကြသေးဘူး။ ဒါကြောင့် သူတို့က ဒီလို ပြန်လှန်ပြီး ကန့်ကွက်ပြောဆိုကြပြန်တယ်။

“ငါ့ရှင်ဂေါတမ—သင်ဟာ ဟိုတုန်းက အစာကိုဖြတ်ပြီး ဒုက္ကရစရိယာအကျင့်ကို ကျင့်နေတာတောင်မှ ပကတိလူ့သာမန်တရားထက် သာလွန် ထူးမြတ်တဲ့ အရိယာဉာဏ်အမြင်တရားထူးကို မရခဲ့ဘူး မဟုတ်လား၊ ဒီတော့ ယခုလို ပဓာနလုပ်ငန်းက ထွက်ပြီး ပစ္စည်း များအောင် အားထုတ်နေတဲ့ အခါမှာ အရိယာအမြင် တရားထူးကို ဘယ်မှာ ရနိုင်ပါ့မလဲ”လို့ ဒီလို ကန့်ကွက် ပြောဆိုကြပြန်တယ်။

ဒီတော့ မြတ်စွာဘုရားက မိမိဟာ ဘုရားအစစ်ဖြစ်လာတဲ့ အကြောင်းကို သုံးကြိမ်တိုင်တိုင် ထပ်မံပြီး မဟာကရုဏာတော်ဖြင့် မိန့်ကြားတော်မူပါတယ်၊ ပဉ္စဝဂ္ဂီတို့ကလဲ သုံးကြိမ်စလုံးဘဲ ကန့်ကွက်နေကြပြန်ပါတယ်။ ဒီတော့ မြတ်စွာဘုရားက သတိပေးတဲ့အနေနဲ့ “ပဉ္စဝဂ္ဂီတို့ စဉ်းစားကြလော့၊ ရှေးအခါက ငါ ဒီလိုပြောဘူးတာကို သင်တို့ ကြားဘူးပါသလား” လို့ မေးတော်မူလိုက်တယ်။ ဒီတော့မှ ပဉ္စဝဂ္ဂီတို့က သတိရသွားကြပါတယ်။

“ဟို ဒုက္ကရစရိယာ အကျင့်ကို ကျင့်နေတုန်းကတော့ ဘုရားမဖြစ်သေးလို့ ဘာမျှ မပြောခဲ့ပေဘူး၊ ယခု ပြောတာကတော့ တကယ့်ကို ဘုရားဖြစ်လာလို့ ပြောတာ ဟုတ်ပေလိမ့်မယ်”လို့ သဘောပေါက်ပြီးတော့ “ဟိုတုန်းက ဒီလို မပြောခဲ့ဘူးကြောင်း” ပြန်ကြား လျှောက်ထားကြပါတယ်၊ ဆက်လက်ပြီးမိန့်ကြားမဲ့ တရားကိုနာကြားရန်လဲ ရိုရိုသေသေ နားစိုက် နေကြပါတယ်။ ထိုအခါမှာ မြတ်စွာဘုရားက **ဓမ္မစကြာတရားတော်ကြီး**ကို ဒီလိုစတင်ပြီး ဟောကြားတော်မူပါတယ်။

၁-အယုတ်တရား နှစ်ပါး

ရဟန်းတို့—ရှင်ရဟန်းဖြစ်တဲ့ သူဟာ ဤအဘို့နှစ်ပါး လမ်းမှားနှစ်သွယ်ကို မမှီဝဲအပ်ဘူး။ ဘယ်ဟာ နှစ်ပါးကိုလဲ ဆိုလျှင် ဝတ္ထုအာရုံကာမဂုဏ်တို့၌ **ကိုလေသာကာမချမ်းသာ** ကို ခံစားနေတာလဲ ပဌမလမ်းမှား အဘို့တပါး ဖြစ်ပေသည်၊ ဒီကာမချမ်းသာကို သာယာခံစားမှုဟာ ယုတ်ညံ့ပါသည်၊ ရွာသူ့, ရွာသားတို့ရဲ့အလေ့အလာဖြစ်ပါသည်၊အရိယာသူမြတ်တို့ရဲ့ အကျင့်မဟုတ်ပါ၊ သေခြင်းကင်းရန်အတွက် အကျိုးစီးပွါး အစစ်အမှန်ဖြစ်တဲ့ သီလ, သမာဓိ, ပညာတို့နှင့်လဲ ဘာမျှမသက်ဆိုင်ပါ၊ ထို့ပြင် သပ္ပါယဖြစ်တဲ့ အစားအစာ, အဝတ်အရုံ, ဥတု, ဣရိယာပုထ်များကိုတောင်မှ မမှီဝဲတော့ဘဲ **ကိုယ်ပင်ပန်းအောင် အားထုတ်တဲ့အကျင့်** ကလဲ ဒုတိယလမ်းမှား အဘို့တပါး ဖြစ်ပေသည်၊ ဒီကိုယ်ပင်ပန်းအောင်ကျင့်မှုဟာလဲ ပင်ပန်းဆင်းရဲရုံမျှသာ ရှိပါသည်၊အရိယာသူမြတ်တို့၏ အကျင့်ကောင်းကား မဟုတ်ပါ၊ အကျိုးစီးပွါး အစစ်အမှန်ဖြစ်တဲ့ သီလ, သမာဓိ, ပညာတို့နှင့်လဲ ဘာမျှမသက်ဆိုင်ပါ။

၂-မင်္ဂလမပဋိပဒါ အလယ်လမ်း အကျင့်တရား

ရဟန်းတို့—ငါဘုရားသည် အဲဒီ အဘို့နှစ်ပါး လမ်းမှား နှစ်သွယ်ကို မချဉ်းမကပ်ဘဲ ရှောင်ကြဉ်ပြီးလျှင် **အလယ်လမ်း** အကျင့်ကို သိမြင်လာပြီ၊ ငါသိလာတဲ့ ဒီအလယ်လမ်းအကျင့်ဟာ ပညာမျက်စိကိုလဲ ပွင့်လင်းစေပါသည်၊ အသိဉာဏ်ကိုလဲ ဖြစ်ထွန်းစေပါသည်၊ ကိုလေသာငြိမ်းဘို့ အထူးသိဘို့ ထိုးထွင်းသိဘို့ နိဗ္ဗာန်ကို မျက်မှောက်ပြုဘို့လဲ ဖြစ်ပါပေသည်။

ရဟန်းတို့—ငါသိလာပြီဆိုတဲ့ ထိုအလယ်လမ်းအကျင့်က ဘယ်ဟာလဲဆိုလျှင် **အင်္ဂါရှစ်ပါးရှိတဲ့ ဤအရိယာမဂ်လမ်းပင်** ဖြစ်ပေသည်။ အင်္ဂါရှစ်ပါးဟူသည်မှာ—

(၁) သမ္မာဒိဋ္ဌိ၊ မှန်စွာသိမြင်ခြင်း,

(၂) သမ္မာသင်္ကပ္ပ၊ မှန်စွာကြံခြင်း,

(၃) သမ္မာဝါစာ၊ မှန်စွာပြောဆိုခြင်း,

(၄) သမ္မာကမ္မန္တ၊ မှန်စွာပြုလုပ်ခြင်း,

(၅) သမ္မာအာဇီဝ၊ မှန်စွာအသက်မွေးခြင်း,

(၆) သမ္မာဝါယာမ၊ မှန်စွာအားထုတ်ခြင်း,

(၇) သမ္မာသတိ၊ မှန်စွာအမှတ်ရခြင်း,

(၈) သမ္မာသမာဓိ၊မှန်စွာစူးစိုက် တည်ကြည်ခြင်းဆိုတဲ့ ဤရှစ်ပါးပင် ဖြစ်ပေသည်။ ရဟန်းတို့—ငါဘုရား သိလာတဲ့ "ဤမဂ္ဂင်ရှစ်ရပ် အလယ်လမ်း အကျင့်မြတ်"သည် ပညာမျက်စိကိုလဲ ပွင့်လင်းစေပါသည်၊ အသိဉာဏ်ကိုလဲ ဖြစ်ထွန်းစေပါသည်၊ ကိလေသာငြိမ်းဘို့ အထူးသိဘို့ ထိုးထွင်းသိဘို့ နိဗ္ဗာန်ကို မျက်မှောက်ပြုဘို့လဲ ဖြစ်ပါပေသည်။

အဓိပ္ပါယ် ဖော်ပြချက်

ဟော—ဒီနေရာမှာတော့ မြတ်စွာဘုရားရဲ့ အလိုတော်ကို အနည်းငယ် ဖွင့်ပြီး ပြောရလိမ့်မယ်။ မြတ်စွာဘုရားဟာ အလောင်းတော် ဘဝက အသက်တော် ၂၉-နှစ်တိုင်အောင်

ကာမ သုခလွှိကလမ်းကို လိုက်ခဲ့တယ်၊ ဒုက္ကရစရိယာ ကျင့်နေတဲ့ အခါမှာ **အတ္တကိလမထလမ်း**ကို လိုက်ခဲ့တယ်၊ နောက် ကာလမှာ ထိုလမ်းမှား နှစ်ခုလုံးကို ပယ်စွန့်ပြီး **မဇ္ဈိမပဋိပဒါ** ခေါ်တဲ့ **အလယ်လမ်း**မှန်အတိုင်း ကျင့်ပြီး **သမ္မာသမ္ဗုဒ္ဓ** ဘုရား အဖြစ်သို့ ရောက်တော်မူခဲ့တယ်။ ဒါကို ရည်ပြီးတော့ "ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ" = "ငါဘုရားသည် အဲဒီအဘို့ နှစ်ပါး လမ်းမှားနှစ်သွယ်ကို မချဉ်းမကပ်ဘဲ ရှောင်ကြဉ်ပြီး လျှင် **အလယ်လမ်း** အကျင့်ကို သိမြင်လာပြီ ရဟန်းတို့" ဟု ဟောတော်မူခဲ့ပါတယ်။

မြတ်စွာဘုရား သိလာတဲ့ မဇ္ဈိမပဋိပဒါ **အလယ်လမ်း** အကျင့်ဆိုတာဟာ မဂ္ဂင်ရှစ်ပါးပင် ဖြစ်ပါတယ်။ မဂ္ဂင်ရှစ်ပါး ထဲက "**သမ္မာဒိဋ္ဌိ**" တခုကို ပြောလိုက်လျှင် သူရဲ့နောက်ပါ အခြံအရံဖြစ်တဲ့ အင်္ဂါ ၇-ပါးကိုလဲ ပြောပြီးသား ဖြစ်သွား ပါတယ်၊ ဒါကြောင့် သမ္မာဒိဋ္ဌိ တခုကိုဘဲ အနည်းငယ် ထုတ် ဖော်ပြီးပြောပြမယ်။ အဋ္ဌကထာများမှာ သမ္မာဒိဋ္ဌိ ၉-မျိုး ဝေဘန်ပြထားပါတယ်။ (၁)ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ (၂) စျာနသမ္မာဒိဋ္ဌိ၊ (၃) ဝိပဿနာ သမ္မာဒိဋ္ဌိ၊ (၄) မဂ္ဂသမ္မာ-ဒိဋ္ဌိ၊(၅) ဖလသမ္မာဒိဋ္ဌိ၊ (၆) ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ ဆိုတဲ့ ဒီခြောက်ပါးပင် ဖြစ်ပါတယ်။ ဒီအထဲမှာ ဖလသမ္မာဒိဋ္ဌိနှင့် ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ ဆိုတာတွေကတော့ အရိယာမဂ်ရဲ့ အကျိုးတရားများ ဖြစ်နေတဲ့အတွက် ဒီ မဇ္ဈိမပဋိပဒါ အကျင့် ထဲမှာ ထည့်သွင်းပြောဘို့ မလိုပါဘူး၊ ကျန်တဲ့ ၄-ပါးကိုသာ ပြောဘို့ လိုပါတယ်။

အဲဒီ ၄-ပါးထဲမှာ “**ကမ္မဿကတာသမ္မာဒိဋ္ဌိ**”ဆိုတာ မိမိကိုယ်တိုင်ပြုထားတဲ့ ကောင်းမှုကံ, မကောင်းမှုကံအားလျော်စွာ ကောင်းကျိုး ဆိုးကျိုးကို ခံစားရတယ်လို့ ယုံကြည်သိမြင်တာကိုဘဲ ဆိုလိုပါတယ်၊ ဒီ ကံ, ကံ၏အကျိုးကို ယုံကြည်သိမြင်တဲ့ သမ္မာဒိဋ္ဌိဟာ အရေးကြီးပါတယ်။ ဒီသမ္မာဒိဋ္ဌိအယူရှိပါမှ ဒါန, သီလစသော ကောင်းမှုတွေ့ ကောင်းကောင်းဖြစ်ပွါးနိုင်ပါတယ်၊ ဘဝနာကို အားထုတ်ပြီး မဂ်ဖိုလ်ကိုလဲ ရနိုင်ပါတယ်။ ဒါကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်မှန်းပြီး ဒါန, သီလစသော ကုသိုလ်ကို ပြုတိုင်း ပြုတိုင်း ဒီ **ကမ္မဿကတာသမ္မာဒိဋ္ဌိ**ဟာ သမ္မာသက်ပွစသော သူ့အခြံအရံ မဂ္ဂင်များနှင့်တကွ ဖြစ်ပွါးနေပါတယ်။ ဒီမဂ္ဂင်တရားများရဲ့ အစွမ်းကြောင့် အဲဒီ ဒါန, သီလ ကုသိုလ်များက ယခုဘဝလို့ မဂ်ဖိုလ်ရနိုင်တဲ့ ဘဝကောင်းကိုပေးနိုင်ပါတယ်။ဒါကြောင့် ဒီ“**ကမ္မဿကတာသမ္မာဒိဋ္ဌိ**ကိုလဲ နိဗ္ဗာန်ရောက်ကြောင်း တရား”လို့ မှတ်ယူရပါတယ်။

ရူပစျာန်, အရူပစျာန်များမှာပါတဲ့ ဉာဏ်ပညာကို **စျာန်သမ္မာဒိဋ္ဌိ**လို့ ခေါ်ပါတယ်၊ ဒီစျာနသမ္မာဒိဋ္ဌိဟာလဲ ဝိပဿနာရဲ့ အခြေခံဖြစ်လျှင် နိဗ္ဗာန်ရောက်ကြောင်း တရား ဖြစ်ပါတယ်။ ယခုပြောခဲ့တဲ့အတိုင်း ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့် စျာန်သမ္မာဒိဋ္ဌိဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရဘို့ အခြေခံ တရားများ ဖြစ်နေတဲ့အတွက် ဒီ သမ္မာဒိဋ္ဌိနှစ်ပါးကို “**မူလမဂ္ဂင်**”လို့ မှတ်ရပါတယ်။

ဝိပဿနာ သမ္မာဒိဋ္ဌိ ဆိုတာကတော့ ဝိပဿနာဉာဏ်ပါဘဲ။ ဒီဝိပဿနာက ပြည့်စုံတဲ့ အခါမှာ **မဂ္ဂသမ္မာဒိဋ္ဌိ** ခေါ်တဲ့

အရိယာမဂ်ဉာဏ် ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့် ဝိပဿနာသမ္မာဒိဋ္ဌိကို ပဋိဘာဂမဂ္ဂင် လို့လဲ ခေါ်ရပါတယ်၊ အရိယာမဂ်ရဲ့ ရှေ့ဆွးမဂ္ဂင်မို့ ရှေ့ပိုင်းမဂ္ဂင်လို့ ဆိုလိုပါတယ်။

ဝိပဿနာဆိုတာ ဒုဝါရ ၆-ပါးမှာ ထင်ပေါ်လာသမျှ ရုပ်နာမ်တွေကို ရှုမှတ်ပြီးတော့ အနိစ္စ, ဒုက္ခ, အနတ္တသဘောကို အမှန်အတိုင်း သိတဲ့ ဉာဏ်ပင် ဖြစ်ပါတယ်။ ဒါကြောင့် ဝိပဿနာဉာဏ်နဲ့ ဒီလို သဘောမှန်ကို သိနေလျှင် သာယာဘွယ် အာရုံနှင့် တွေ့ရသော်လဲ သာယာမှု ရာဂမဖြစ်တော့ဘဲ ငြိမ်းနေပါတယ်၊ ဒီလိုသာယာမှုငြိမ်းနေတဲ့အတွက် သုံးဆောင်သင့်တဲ့ ဆွမ်း, သင်္ကန်း စသည်တို့ကို သုံးဆောင်သော်လဲ ကာမချမ်းသာကို သာယာခံစားတဲ့ **ကာမသုခလ္လိကာနုယောဂ** လဲ မဖြစ်ဘူး၊ လုံးလုံး မသုံးဆောင်ဘဲ နေတာ မဟုတ်လို့ ကိုယ်ပင်ပန်းအောင် ကျင့်တဲ့ **အတ္တကိလမထာနုယောဂ**လဲ မဖြစ်ဘူး။

ဒါကြောင့် ကိုယ်မပင်ပန်းရအောင် သုံးဆောင်သင့်တဲ့ ဆွမ်း သင်္ကန်း စသည်ကိုလဲ သုံးဆောင်ရမယ်၊ သုံးဆောင်တဲ့ အခါမှာလဲ ကိလေသာ မဖြစ်ရအောင် ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့ ရှုရှုပြီး သုံးဆောင်ရမယ်ဆိုတဲ့ ဒီအကျင့်လမ်းဟာ အတ္တကိလမထလမ်းလို တင်းလွန်းတာလဲ မဟုတ်ဘူး၊ ကာမသုခလ္လိကလမ်းလို လျော့လွန်းတာလဲ မဟုတ်ဘူး၊ ဒီလို မလျော့လွန်း မတင်းလွန်း အလယ်အလတ် ဖြစ်နေတဲ့ အတွက် **မဇ္ဈိမပဋိပဒါ**လမ်းလို့ ခေါ်ရပါတယ်။ ဒီ **မဇ္ဈိမပဋိပဒါ** နည်းလမ်းအရ ဒုဝါရ ၆-ပါးမှာ ပေါ်လာသမျှ အာရုံတွေကို ရှုရှုနေလျှင် ရှုတိုင်း ရှုတိုင်း **သမ္မာဒိဋ္ဌိ**မဂ္ဂင်ဟာ သူ့အခြံအရံ မဂ္ဂင်များနှင့်တကွ

ဖြစ်ပွါးနေပါတယ်၊ ဒီလိုဖြစ်ပွါးလို့ ဝိပဿနာမဂ္ဂင်က ပြည့်စုံတဲ့အခါမှာ အရိယာမဂ္ဂင်များး ဖြစ်ပေါ်ပြီး သေခြင်းကင်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်တွေ့ကာ သစ္စာ ၄-ပါးကို သိမြင်ရပါတယ်။ဒါကြောင့် ဒီမဂ္ဂိမပဋိပဒါ အကျင့်ဖြင့် **ကိုယ်တော်တိုင် သိမြင်လာခဲ့တဲ့ သစ္စာ ၄-ပါးကို ဒီလိုထုတ်ဖော်ပြီး ဟောတော်မူပါတယ်။**

၃-ဒုက္ခသစ္စာ

ရဟန်းတို့–ဤသည်ကား အရိယာတို့ သိအပ်တဲ့ ဆင်းရဲအမှန် ဖြစ်ပေသည်။ ဘဝသစ်ဖြစ်ခြင်းလဲ ဆင်းရဲပင်၊ အိုခြင်းလဲ ဆင်းရဲပင်၊ နာခြင်းလဲ ဆင်းရဲပင်၊ သေခြင်းလဲ ဆင်းရဲပင်၊ မချစ်မနှစ်သက်အပ်တဲ့ အာရုံဝတ္ထုများ,ပုဂ္ဂိုလ်များနှင့်တွေ့ဆုံရခြင်းလဲ ဆင်းရဲပင်၊ ချစ်ခင်နှစ်သက်အပ်တဲ့ အာရုံဝတ္ထုများ ပုဂ္ဂိုလ်များနှင့် ကွဲကွာရခြင်းလဲ ဆင်းရဲပင်၊ အလိုရှိတာကို မရခြင်း၊ မရနိုင်တာကို လိုချင်ခြင်းသည်လည်း ဆင်းရဲပင်၊ အကျဉ်းချုပ်အားဖြင့်ဆိုလျှင် ငါ့,ငါ့ဥစ္စာဟု ထင်မှတ်စဲလမ်းနိုင်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်များသည် ဆင်းရဲချည်းပင် ဖြစ်သည်။

၄-သမုဒယသစ္စာ

ရဟန်းတို့–ဤသည်ကား အရိယာတို့ သိအပ်တဲ့ ဆင်းရဲဖြစ်ပွါးကြောင်း အမှန် ဖြစ်ပေသည်။ အကြင် တဏှာသည် တဖန်ဘဝသစ်ကို ဖြစ်ပေါ်စေတတ်၏၊ နှစ်သက်တပ်စဲခြင်းသဘောရှိ၏၊ ထိုထိုရရာအာရုံ ရရာဘဝတို့၌ နှစ်သက်ပျော်မွေ့လျက် ရှိ၏၊ ထိုတဏှာမှာ သရုပ်အားဖြင့် ကာမဂုဏ်၌

တပ်မက်သောတဏှာ၊ ဘဝ၌ တပ်မက်သော တဏှာ၊ သူ့အလိုလို ဘဝပြတ်ခြင်း၌ တပ်မက်သောတဏှာ ဟူ၍ ၃-ပါး အပြားရှိ၏။ ဤတဏှာသည် ဆင်းရဲဖြစ်ပွါးကြောင်း အမှန် ဖြစ်ပေသည်။

၅-နိရောဓသစ္စာ

ရဟန်းတို့–ဤသည်ကား အရိယာတို့ သိအပ်တဲ့ **ဆင်းရဲချုပ်ငြိမ်းရာ** အမှန် ဖြစ်ပေသည်။ ၎င်းမှာ သရုပ်အားဖြင့် ယင်းတဏှာ ၃-ပါး၏ အကြွင်းမဲ့ ပျက်ပြယ် ချုပ်ငြိမ်းသွားခြင်း၊ ယင်းတဏှာကို စွန့်ခြင်း၊ လွှတ်လွှတ်စွန့်ခြင်း၊ ယင်းတဏှာမှ လွတ်မြောက်ခြင်း၊ ယင်းတဏှာဖြင့် မငြိမတွယ်ခြင်းပင် ဖြစ်ပေသည်။

၆-မဂ္ဂသစ္စာ

ရဟန်းတို့–ဤသည်ကား အရိယာတို့ သိအပ်တဲ့ ဆင်းရဲချုပ်ငြိမ်းရာသို့ ဆိုက်ရောက်သွားတဲ့ အကျင့် လမ်းမှန် အစစ် ဖြစ်ပေသည်။ ၎င်းမှာ အင်္ဂါရှစ်ပါးရှိတဲ့ ဤအရိယာမဂ်ပင် ဖြစ်ပေသည်။ အင်္ဂါရှစ်ပါးမှာ (၁) မှန်စွာသိမြင်ခြင်း၊ (၂) မှန်စွာကြံခြင်း၊ (၃) မှန်စွာပြောဆိုခြင်း၊ (၄) မှန်စွာပြုလုပ်ခြင်း၊ (၅) မှန်စွာအသက်မွေးခြင်း၊ (၆) မှန်စွာအားထုတ်ခြင်း၊ (၇) မှန်စွာအမှတ်ရခြင်း၊ (၈) မှန်စွာစူးစိုက် တည်ကြည်ခြင်းတို့ပင် ဖြစ်သည်။

မြင်ရာဒွန်စွဲလမ်းပုံ

ထိုအတူ မြင်ရာ ကြားရာ စသည်မှာလဲ အကုန်လုံး ဒီနည်း ချည်းပါဘဲ။ မြင်တဲ့အခါမှာ မြင်မှု၏ တည်ရာဌာန မျက်စိ ဆိုတာလဲ ထင်ရှားတယ်၊ မြင်ရတဲ့ အဆင်းဆိုတာလဲ ထင်ရှား တယ်။ သူတို့ နှစ်မျိုးက ရုပ်တရားဘဲ၊ သူတို့ကတော့ ဘာမှ မသိတတ်ဘူး။ ဒါပေမယ့် မြင်ခိုက်မှာ မရှုမိယင် သူတို့ကိုလဲ စွဲလမ်းသွားတာဘဲ။ မျက်စိနှင့်တကွ တကိုယ်လုံးကို မြဲတဲ့ အနေ ချမ်းသာတဲ့အနေ ပုဂ္ဂိုလ် သတ္တဝါအဲ့နေနဲ့ ထင်မှတ် စွဲလမ်းသွားတယ်၊ မြင်ရတဲ့ အဆင်းနှင့် တကွ အထည်ဝတ္ထု ကြီး တခုလုံးကိုလဲ မြဲတဲ့အနေ လှပတင့်တယ်တဲ့အနေ ကောင်း တဲ့ ချမ်းသာတဲ့အနေ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ ထင်မြင် စွဲလမ်း သွားတယ်။ ဒါကြောင့် အဲဒီ မျက်စိရုပ်နှင့် အဆင်းရုပ်ကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်။

ပြီးတော့ အဲဒီ မြင်တဲ့အခါမှာ "မြင်တယ်" ဆိုတာကလဲ ထင်ရှားတယ်၊အဲဒါကတော့ နာမ်ခန္ဓာ ၄-ပါး အပေါင်းဘဲ။ မြင်သိရုံမျှစိတ်ကလေးက ဝိညာဏက္ခန္ဓာ ခေါ်တယ်။ မြင်လို့ ကောင်းတာ, မကောင်းတာက ဝေဒနာက္ခန္ဓာ ခေါ်တယ်၊ မြင်ရတဲ့အာရုံကို မှတ်သားလိုက်တာက သညာက္ခန္ဓာခေါ်တယ်။ မြင်အောင်လို့ စူးစိုက်နှလုံးသွင်းတာက သင်္ခါရက္ခန္ဓာခေါ်တယ်။ အဲဒါဟာနာမ်ခန္ဓာ ၄-ပါးဘဲ။ မြင်ခိုက်မှာမရှုမိယင် အဲဒီမြင်တာ ကို "အယင်ကလဲ ရှိနေတယ်၊ ယခုလဲ ရှိနေတယ်" လို့ မြဲတဲ့အနေနဲ့ ထင်မှတ်သွားတယ်။ ကောင်းကောင်းကလေးတွေ့ကို မြင်ရတဲ့ အခါမှာ "မြင်ရတာ ကောင်းတယ်လို့" ဒီလိုလဲ ထင်မှတ်သွား

တယ်၊ဒီလို ထင်တဲ့အတွက် အမြင်ကောင်းတွေကိုမြင်ရအောင်လို့ ထူးထူးဆန်းဆန်းတွေ အကောင်းတွေကို လိုက်ပြီး ကြည့်ရှုနေကြတာ။ပဲ့တွေရုပ်ရှင်တွေကို စရိတ်စက အကုန်ခံ အိုပ်ရေးအပျက်ခံ ကိုယ်အပင်ပန်း ခံပြီးတော့ သွားကြည့် နေကြတာဟာ ကောင်းတယ်ထင်လို့ လုပ်နေကြတာပါဘဲ၊ ကောင်းတယ် မထင်ယင်တော့ ဒီလို စရိတ်ကုန် လုံ့ပန်းခံပြီးဘယ်သူမှ သွားပြီးကြည့်ကြမှာ မဟုတ်ဖါဘူး။ ဒါကြောင့် မြင်နေရတာ ခံစားနေရတာကို "ငါဘဲ၊ငါကောင်းနေတာဘဲ" လို့ထင်မှတ်နေတာဟာတဏှာဒိဋ္ဌိနဲ့စဲလမ်းနေတာတဲ့။ဒီလို စဲလမ်းနိုင်လို့ မြင်ခိုက်မှာ ထင်ရှားတဲ့ရုပ် နာမ်တွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်ရတယ်။

အဲဒီ မြင်ရာမှာ စဲလမ်း သလိုဘဲ ကြားရာ, နံရာ, စားရာ, တွေ့ ထိရာ, ကြံဆိုရာတွေမှာ အကုန်လုံး နည်းတူဘဲ စဲလမ်းနေတယ်၊ စိတ်ကူး စဉ်းစား ကြံစည်နေတဲ့ စိတ်ကလေးကိုတော့ ငါကောင် သတ္တဝါကောင်အနေနဲ့ သာပြီးတော့တောင် စဲလမ်းတတ်သေးတယ်။ ဒါကြောင့် "စဲလမ်းနိုင်ရာ ငါးခန္ဓာ" ဆိုတဲ့ ဆောင်ပုဒ်အရ "စဲလမ်းနိုင်တဲ့ ခန္ဓာငါးပါး၊ ဥပါဒါနက္ခန္ဓာငါးပါး" ဆိုတာဟာ တခြားက မဟုတ်ဘူး၊ ကိုယ့်ကိုယ်ထဲက မြင်တိုင်းကြားတိုင်း ပွတ်တိုင်း သိတိုင်း ဒုါရ ၆-ပါးမှာထင်ရှားနေတဲ့ သဘောတရားတွေဘဲ၊ အဲဒီ ထင်ရှားနေတာတွေဟာ ဥပါဒါနက္ခန္ဓာတွေဘဲ၊ အဲဒီဥပါဒါနက္ခန္ဓာတွေကို အမှန်အတိုင်း သိအောင် ရှုရမယ်။**အမှန်အတိုင်း ရှုလို့အမှန်အတိုင်း သိတာဟာ ဝိပဿနာဉာဏ်**ပါဘဲ။ ဒါကြောင့် ဆောင်ပုဒ်မှာ....

"ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ ဖြစ်သနည်း။ စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ ဖြစ်သတည်း"။ လို ဆိုထားတာ။

ကဲဒီဆောင်ပုဒ်ကုလေးတွေကို တခေါက်စီ ဆိုကြဦး။

ဝိပဿနာ'ဉာဏ်ဆိုတာ၊ဘယ်ဟာ ရှု၍ ဖြစ်သနည်း။(ဆို)
စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှု၍ ဖြစ်သတည်း။(ဆို)

စာဆိုတာ မူရှိမှ ရေးရတယ်

"ဝိပဿနာ ဆိုတာ ဘယ်တရားကို ရှုရသလဲ၊ စွဲလမ်းနိုင်တဲ့ ဥပါဒါနက္ခန္ဓာငါးပါးကို ရှုရတယ်" ဆိုတဲ့ ဒီဆောင်ပုဒ်တွေဟာ ကိုယ်စိတ်ကူးနဲ့ကိုယ် ရေးချင်ရာကို ရေးထားတာ မဟုတ်ဘူး၊ ပါဠိဋ္ဌ အဋ္ဌကထာတွေအရ အတိုချုံးပြီး ရေးထားတာ။ **စာဆိုတာ မူရာမူ အသေအချာရှိမှ ရေးရတယ်**၊မြတ်စွာဘုရား ဟောထားတဲ့ ပါဠိဋ္ဌ ဖြစ်စေ၊ ရဟန္တာမထေရ်မြတ်ကြီးတွေ ဟောထားတဲ့ ပါဠိဋ္ဌ ဖြစ်စေ၊ အဋ္ဌကထာဖြစ်စေ၊ ဒီလိုခိုင်လုံတဲ့ ကျမ်းဂန်သာဓက ရှိရတယ်၊ အဲဒီလို သာဓကတွေကို မှီငြမ်းပြုပြီး ရေးရတယ်၊ တရားဟောယင်လဲ ဒီလိုကျမ်းဂန်တွေကို အမှီပြုပြီး ဟောရတယ်၊ တရား ကျင့်ကြံ အားထုတ်ယင်လဲ ဒီလို ကျမ်းဂန်တွေကို အမှီပြုပြီး ကျင့်ရတယ်။

တရားစည်းမျဉ်း နှင့် ညီစေရတယ်

မြတ်စွာဘုရား ဟောထားတဲ့ ဒေသနာတရားတော်တွေကို လက်သွေးဆရာတို့၏"သုတ္တ" ခေါ်မျဉ်းကြီး နှင့် တူလို့ သုတ္တ လို့ ခေါ်ပါတယ် တဲ့။ တူပုံကတော့.... လက်သွေး ဆရာများဟာ

သစ်လုံးမျှားကို ရွေတော့မယ် ခွဲတော့မယ် စိတ်တော့မယ် ဆို ယင် ရှေးဦးစွာ မျဉ်း ချရတယ်၊ မျဉ်း မချဘဲ မျက်မှန်းရမ်းပြီး တော့ ခုတ်လိုက် ခွဲလိုက် စိတ်လိုက်ယင် မလိုရာလဲ ရောက်သွား တတ်တယ်၊ လိုတဲ့ အစိတ်အပိုင်း သစ်သားတွေလဲ ပျက်စီးသွား တတ်တယ်၊ ဖြောင့်ဖြောင့်မတ်မတ် မသွားနိုင်ဘူး၊ ဒါကြောင့် မျဉ်းကလေး ချပြီးတော့မှ အဲဒီ မျဉ်းကြောင်းကလေးအတိုင်း ခုတ်ရ ခွဲစိတ်ရတယ်၊ ပြုပြင်ရတယ်။ အဲဒါလိုပါဘဲ တဲ့၊ မြတ်စွာ ဘုရား သာသနာတော်မှာလဲ "သီလ သမာဓိ ပညာ" ဆိုတဲ့ သိက္ခာ ၃-ပါး အကျင့်တရားတွေကို ကျင့်ချင်တဲ့ သူတော် ကောင်းတွေ, မြတ်စွာဘုရား၏ တပည့်သားတွေဟာ မြတ်စွာ ဘုရားဟောထားတဲ့ တရားတော်ကို မျဉ်းကြောင်းကလေးလို သဘောထားပြီးတော့ ကျင့်ရတယ်။

မြတ်စွာဘုရားက တရားမျဉ်းကြောင်း တရားစည်းကမ်းတွေ ကို ချထားပါတယ်၊ "သီလကို ဘယ်လို ကျင့်ရမယ်၊ သမာဓိကို ဘယ်လို ပွားစေရမယ်၊ ပညာကို ဘယ်လို ဖြစ်စေရမယ်" လို့ မြတ်စွာဘုရားက ဟောကြား ထားပါတယ်၊ အဲဒါတွေဟာ တရားစည်းမျဉ်းတွေပါဘဲ။အဲဒီ တရားမျဉ်းကြောင်း စည်းကမ်း နည်းလမ်းကလေးမျှားအတိုင်း ကျင့်ရတယ်။ စာတွေ ကျမ်းတွေ ရေးယင်လဲ အဲဒီ စည်းမျဉ်းအတိုင်း ရေးရတယ်၊ တရားဟော ယင်လဲ အဲဒီစည်းမျဉ်းအတိုင်း ဟောရတယ်။ကိုယ့်စိတ်ကူးရှိတိုင်း ထင်ရာတွေကို လျှောက်ပြီးရေးရတာ မဟုတ်ဘူး။ တချို့ကတော့ တရားကျမ်းဂန်ရယ်လို့ မရှိပေမယ့် သူ ထင်တဲ့အတိုင်း သူတွေ့တဲ့ အတိုင်း လျှောက်ပြီး ရေးသား ဟောကြားတော့တာပါဘဲ။ အဲဒါမျိုးကိုတော့ စာကြည့်ပုဂ္ဂိုလ် တရားနာ ပုဂ္ဂိုလ်တွေက

စဉ်းစား ဆင်ခြင်တတ်ဘို့ လိုပါတယ်။ တရားဆိုတာ စည်းကမ်း ရှိရတယ်၊ ဘုရားဟောဒေသနာမှ မလွှတ်စေရဘူး၊ ခေတ်လူတွေ နားလည်အောင် ခေတ်ကာလသုံး ဝေါဟာရ လောက်သာ ပြောင်းလဲပြီးဟောရတယ်၊ အနက်အဓိပ္ပါယ်ကိုတော့ မပြောင်း လဲရဘူး၊ ဘုရားဟော ဒေသနာတော်အတိုင်းဘဲ ဖြစ်စေရတယ်။ ဒါကြောင့် ယခု ပေးထားတဲ့ ဆွောင်ပုဒ်အရ "စဲလမ်းနိုင်တဲ့ ဥပါဒါနက္ခန္ဓာငါးပါးကို ရှုရတယ်" ဆိုတဲ့ အနက်အဓိပ္ပါယ်ဟာ ဘယ်ကရသလဲလို့ဆိုယင်၊ မြတ်စွာဘုရား ဟောထားတဲ့ ခန္ဓာ ငါးပါးဆိုင်ရာ ဒေသနာတော်တွေက ရပါတယ်။ တသုတ် နှစ်သုတ်လောက်ကို အကျဉ်းချုပ် ထုတ်ပြဦးမယ်။

ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် (သံ ၂--၁၉)

ရူပံ ဘိက္ခဝေ အနိစ္စံ-ရဟန်းတို့ ရုပ်သည်မမြဲ။ ယဒနိစ္စံ၊ တံ ဒုက္ခံ-မမြဲသောတရားသည် ဆင်းရဲပေတည်း။ ယံ ဒုက္ခံ၊ တဒနတ္တာ- ဆင်းရဲတရားသည် အတ္တကောင် မဟုတ်ပေ။

ယဒနတ္တာ၊ တံ "နေတံ မမ၊ နေသောဟမသ္မိ၊န မေသော အတ္တာ" တိ ဇဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ယံ၊ အကြင်တရားသည်။ အနတ္တာ၊ အတ္တကောင်မဟုတ်။ တံ၊ ထို အတ္တကောင်မဟုတ်သော သဘောကို။ နံ ဇတံ မမ၊ ဤသည်ကား ငါ့ဥစ္စာ မဟုတ်၊ ငါ့ဥစ္စာအနေအားဖြင့် သာယာ သိမ်းပိုက်ထိုက်သော တရားမဟုတ်။ နံ ဇသော အဟံ အသ္မိ၊ ဤသည်ကား ငါ မဟုတ်၊ ငါဟု မာန်မာနထောင်လွှားထိုက်

သော တရားမဟုတ်။ နှ မေ ဧသော အတ္တာ၊ ဤသည်ကား ငါ၏ အတ္တ မဟုတ်၊ အတ္တကောင် ငါကောင် အနေအားဖြင့် ထင်မှားထိုက်သော တရားမဟုတ်။ ဣတိ၊ ဤသို့။ ဧတံ၊ ဤ မမြဲ, ဆင်းရဲ, အတ္တကောင်မဟုတ်သော ရူပသဘောကို။ သမ္မပ္ပညာယ၊ မှန်ကန်စွာသိသော ဝိပဿနာပညာ, မင်္ဂလာဖြင့်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ဒဋ္ဌဗ္ဗံ၊ ရှုမြင်အပ်၏။

အဲဒီ အနိစ္စ ဒုက္ခ အနတ္တ•မည်တဲ့ ရိုပ်တရားကို မမြဲတဲ့ အနေအားဖြင့် သိအောင်, ကြောက်ဖွယ်ကောင်းတဲ့ ဆင်းရဲအနေအားဖြင့် သိအောင်, အတ္တကောင် ငါကောင် မဟုတ်တဲ့ သဘောတရားမျှ အနေအားဖြင့် သိအောင် ရှုရမယ် တဲ့။ ယခု ထုတ်ပြခဲ့တဲ့ပါဠိကတော့ ရုပ်ကိုရှုဘို့ ညွှန်ပြတဲ့ ဒေသနာပါဠိ တစိတ်ပဲ။ ထိုအတူ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ရှုဘို့အတွက်လဲ ဝေဒနာ အနိစ္စာ၊ သညာ အနိစ္စာ စသည်ဖြင့် နည်းတူဘဲ ညွှန်ပြထားပါတယ်။

ဒီ ရုပ် ဝေဒနာသညာသင်္ခါရ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါးကို ယခု ညွှန်ပြခဲ့တဲ့အတိုင်း အနိစ္စ ဒုက္ခ အနတ္တ သဘောမျှဘဲလို့ သိမြင်ယင် ဘယ်လို အကျိုးရှိပါသလဲ လို့ ဆိုတော့....

"ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ"၊ စသည်ဖြင့် ဟောတော်မူပါတယ်။

ခန္ဓာငါးပါးကို အဲဒီလို ဒုနိစ္စ ဒုက္ခ အနတ္တဘဲလို့ သိမြင်တဲ့ ပုဂ္ဂိုလ်ဟာ ရုပ်အပေါ်မှာလဲ ငြီးငွေ့သွားတော့တာဘဲ၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တွေ အပေါ်မှာလဲ ငြီးငွေ့သွားတော့တာဘဲ တဲ့။

နိဗ္ဗိန္ဒ် ဝိရဇ္ဇတိ-ငြိုးငဉ့်ငတဉ့် ထိုခန္ဓာတွေအပေါ်မှာ တပ်မက် ကင်းသွားတယ်၊ တပ်မက်တွယ်တာမှုကင်းတဲ့ အရိယမဂ်ကို ရောက်သွားတယ်လို့ ဆိုလိုပါတယ်။

ဝိရာဂါ ဝိမုစ္စတိ- တပ်မက်မှုကင်းတဲ့ အရိယမဂ် ကိုရောက်သွားလျှင် ကိလေသာမှ လွတ်မြောက်တဲ့ နိဗ္ဗာန-ပါးကိုလဲ ရောက်သွားတော့တာဘဲ တဲ့။

"ဝိမုတ္တာသ်ံ ဝိမုတ္တမိတိ ညာဏံ ဟောတိ"။

ဝိမုတ္တာသ်ံ၊ လွတ်မြောက်သွားသည် ရှိသော်။ ဝိမုတ္တံ ဣတိ၊ ငါ၏ စိတ် လွတ်မြောက်သွားပြီဟု။ ညာဏံ၊ ပြန်လှည့်၍ ဆင်ခြင်သော ပစ္စဝေက္ခဏာညာဏ်သည်။ ဟောတိ၊ ဖြစ်ပေါ်လာ၏။

လွတ်မြောက်သွားယင် လွတ်မြောက်သွားမှန်း အလိုလိုဘဲ ဆင်ခြင်ပြီး သိသွားပါတယ် တဲ့၊ အထူးအားဖြင့် ဆိုယင်တော့၊ ရဟန္တာ ဖြစ်ပြီး ကိလေသာငြိမ်းသွားယင် ကိလေသာငြိမ်းသွားတာကို ကိုယ်တိုင်ဘဲ သိသွားပါတယ် တဲ့။

ယခု ပြောခဲ့တာတွေဟာ မြတ်စွာဘုရား ဟောထားတဲ့ ယဒနိစ္စသုတ် ဒေသနာတော်က တရားတွေဘဲ၊ ဒီလိုသုတ်တွေဟာ အများကြီးဘဲရှိပါတယ်၊ ခန္ဓဝဂ္ဂသံယုတ် တကျမ်းလုံးမှာ ဒီသုတ် များတွေချည်းဘဲ ဟောထားပါတယ်။

သီလဝန္တသုတ် (သံ ၂-၁၃၆)

အဲဒီသုတ်တွေထဲက ဒီနေရာမှာ အထူး မှတ်ဖွယ်ကောင်းဘဲ့ သီလဝန္တသုတ်နှင့် သုတဝန္တသုတ်ဆိုတာတွေရှိတယ်။အဲဒီသုတ် ၂-ခုဟာ အရှင်မဟာကောဋ္ဌိက- က မေးလို့ အရှင်သာရိပုတြာ

မထေရ်မြတ်-က ဖြေရှင်း ဟောကြားထားတဲ့ သုတ်တွေ တဲ့။ တိုတိုကလေးနဲ့ အလွန်ရှင်း အလွန်ကောင်းတဲ့ သုတ်တွေပါဘဲ။ အဲဒီမှာ အရှင်မဟာကောဋ္ဌိကမထေရ်က ဒီလို စပြီး မေးတယ်။

သီလဝတာ ဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိကာတဗ္ဗာ တဲ့။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတြာ။ သီလဝတာ၊ သီလနှင့်ပြည့်စုံသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ကတမေ ဓမ္မာ၊ အဘယ်တရားတို့ကို။ ယောနိသော၊ နည်းမှန်လမ်းမှန်အားဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ် ရှုအပ်ပါကုန်သနည်းတဲ့။

သီလကို ဆောက်တည်ကျင့်သုံးလို့ သီလပြည့်စုံ စင်ကြယ်နေပြီ ဆိုယင် အဲဒီလို သီလပြည့်စုံ စင်ကြယ်နေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တရားကို ရှုရပါသလဲ တဲ့။ အဲဒီ အမေးထဲမှာ "**သီလဝတာ၊ သီလပြည့်စုံလျှင်**" ဆိုတဲ့ ဂုဏ်ပုဒ်ကလေးပါတာကို သတိပြုရမယ်၊ မဂ်ဖိုလ် နိဗ္ဗာန်ရောက်အောင် တရားအားထုတ်မယ် ဆိုယင် "အောက်ထစ်ဆုံးဖြစ်တဲ့ သီလကိုတော့ စင်ကြယ်အောင် သုခ်သင်ရတယ်၊ သီလလောက်မှ မပြည့်စုံယင် သမာဓိ ပညာ ဆိုတဲ့ အထက်တရားထူးတွေကို မရနိုင်ဘူး။ ဒါကြောင့် "သီလနှင့် ပြည့်စုံနေတဲ့သူဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်အောင် ဘယ်တရားကို ရှုရပါသလဲ"လို့ အရှင်မဟာကောဋ္ဌိကမထေရ်က မေးပါတယ်။ ဒီတော့ အရှင်သာရိပုတြာ မထေရ်မြတ်က ဒီလို ဖြေထားတယ်။

သီလဝတာ ဝုသော ကောဋ္ဌိက ဘိက္ခုနာ ပဋ္ဌပါဒါ နကွန္ဒာ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော

သလ္လတော အဃတော အာဗာဓတော ပရတော ပလော
ကတော သုညတော အနတ္တတော ယောနိသော မနသိ
ကာတဗ္ဗာ တဲ့။

အာဝုဇသော ကောဋ္ဌိက၊ ငါရှင် ကောဋ္ဌိက။ သီလဝတာ၊
သီလနှင့် ပြည့်စုံသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ပဋ္ဌ
ဉပါဒါနက္ခန္ဓာ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို။ ဝါ။
တဏှာဒိဋ္ဌိဖြင့် စွဲလမ်းနိုင်သော ခန္ဓာငါးပါးတို့ကို။ ယော
နိသော၊ နည်းမှန် လမ်းမှန်အား ဖြင့်။ မနသိကာတဗ္ဗာ၊
နှလုံးသွင်းအပ် ရှုအပ်ကုန်၏ တဲ့။

သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ချင်တဲ့ ပုဂ္ဂိုလ်, မဂ်ဖိုလ်
နိဗ္ဗာန်ကို ရချင်တဲ့ပုဂ္ဂိုလ်ဟာ သီလနှင့်ပြည့်စုံလို့ရှိယင် တဏှာ
ဒိဋ္ဌိဖြင့် စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါး, ဥပါဒါနက္ခန္ဓာငါးပါးကို
ရှုရမယ် တဲ့။ ဒါကြောင့် ဒီမထေရ်မြတ်နှစ်ပါးတို့၏ အမေး
အဖြေကို ယူပြီးတော့....

"ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာ ရှု၍ ဖြစ်သနည်း။
စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှု၍ ဖြစ်သတည်း။"
လို့ဆောင်ပုဒ်က ဆိုထားတာ။ဒီဆောင်ပုဒ်ထဲမှာ "စွဲလမ်းနိုင်ရာ
ငါးခန္ဓာ"လို့ ဆိုတာဟာ ဥပါဒါနက္ခန္ဓာ ငါးပါးပါဘဲ။
ဒီဥပါဒါနက္ခန္ဓာငါးပါးကို ရှုတဲ့အခါမှာ ဘယ်လိုရှုရမှာလဲ
ဆိုယင်....

အနိစ္စတော၊ မမြဲဟု။ ဒုက္ခတော၊ ဆင်းရဲဟု။ အနတ္တ
တော၊ အတ္တကောင်မဟုတ် ဟု။ ယောနိသော၊ နည်းမှန်
လမ်းမှန်အားဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်းအပ် ရှုအပ်
ကုန်၏ တဲ့။

အနိစ္စ-မမြဲဘူးလို့လဲ ရှုရမယ်၊ ဒုက္ခ-ဆင်းရဲလို့လဲ ရှုရမယ်၊ အနတ္တ-အတ္တကောင်မဟုတ်တဲ့ သဘောတရားမျှဘဲလို့လဲ ရှုရမယ် တဲ့။ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ ဒီ ၃-ပုဒ်နှင့် ဝေါဟာရ မျှသာ ကွဲပြီး အနက်တူတဲ့ ပရိယာယ်ပုဒ်တွေကလဲ ဒီသုတ် ပါဠိမှာ အခြံအရံအဖြစ်နဲ့ဟောထားတာ ရှစ်ပုဒ်တောင် ရှိသေး တယ်။ ဘယ်လိုလဲ ဆိုတော့ ...

ရောဂ-အနာရောဂါနှင့် တူတယ်လို့လဲ ရှုရမယ် တဲ့၊ ကိုယ်ထဲမှာ အမြဲမပြတ်စဲကပ်ပြီး တရှောင်ရှောင်နဲ့ ဘိစီး နှိပ်စက်နေတဲ့ နာတာရှည်ရောဂါမျိုးလိုဘဲ အမြဲမပြတ် နှိပ်စက်နေတယ်လို့ ထင်မြင်အောင် ရှုဘို့ပါဘဲ။ ခဏမစဲ မပြတ်ဖြစ်ပျက်နေတဲ့ရုပ်နာမ်တွေကိုရှုနေရတဲ့ယောဂီမှာ အဲဒီ နာတာရှည်ရောဂါလိုဘဲ အမြဲနှိပ်စက်နေတယ်လို့ ရုပ်နာမ် တရားတွေကို အပြစ်မြင်ပြီး ရှုမှတ်ပါတယ်၊ အဲဒီလို ရှုမြင် ပုံမျိုးကို ဆိုလိုပါတယ်။ ပြီးတော့ ဂဏ္ဍ-အိုင်းအမာ အဖုး အလုံး အနာစိမ်းကြီးမျှားနှင့် တူတယ်လို့လဲ ရှုရမယ်၊ သလ္လ-ငြောင့်စူးနေတာနဲ့ တူတယ်လို့လဲ ရှုရမယ်၊ အဃ-အကျိုးမဲ့ ကို ဖြစ်စေတတ်တဲ့ မကောင်းမှုနဲ့ တူတယ်လို့လဲ ရှုရမယ်၊ အာဗာဓ- တရုတ်ခါဖြစ်လာတဲ့ အဖျားရောဂါနဲ့ တူတယ် လို့လဲ ရှုရမယ်၊ ပရ-ကိုယ်စိမ်တဲ့အတိုင်း မဖြစ်လို့ သူတစိမ်း နဲ့ တူတယ်လို့လဲ ရှုရမယ်၊ ဝျသ- မူလက ထင်မြင်တဲ့အတိုင်း မဟုတ်ပဲ အသက်ကောင် သတ္တဝါကောင်အနေမှ ဆိတ် သုဉ်းနေတယ်လို့လဲ ရှုရမယ်၊ ပလောက-ခဏမစဲ အလွန် ပျက်စီးလွယ်တယ်လို့လဲ ရှုရမယ် တဲ့။

ဒီ ရှစ်ပုဒ်ကတော့ အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ မူလ ၃-ပုဒ် ထဲမှာ ပါဝင်နေပါတယ်။ ဘယ်လိုလဲ ဆိုယင်- ပလောက-ခဏမစဲ အလွန်ပျက်လွယ်တယ် ဆိုတာဟာ မမြဲတဲ့သဘောပါဘဲ၊ ဒါကြောင့် အနိစ္စလက္ခဏာ ထဲမှာ ပါဝင်နေပါတယ်။ ပရ-သူတစိမ်းနဲ့ တူတယ်၊ သုည-အသက်ကောင် ငါကောင်မှ ဆိတ်သုဉ်းနေတယ် ဆိုတာတွေဟာ အစိုးမပိုင်တဲ့ ငါကောင်မဟုတ်တဲ့ သဘောပါဘဲ။ ဒါကြောင့် အဲဒီ ၂-ပုဒ်က **အနတ္တလက္ခဏာ** ထဲမှာ ပါဝင်နေပါတယ်။ ကျန်တဲ့ (ရောဂ၊ ဂဏ္ဍ၊ သလ္လ၊အဃ၊ အာဗာဓ ဆိုတဲ့) ငါးပုဒ်ကတော့ ကြောက်စရာကောင်းတဲ့ ဆင်းရဲသဘောတွေချည်းပါဘဲ။ ဒါကြောင့် အဲဒီ ငါးပုဒ်က **ဒုက္ခလက္ခဏာ** ထဲမှာ ပါဝင်နေပါတယ်။ ဒါကြောင့် လိုရင်း အတိုချုပ် ရှုစရာကတော့ အနိစ္စ ဒုက္ခ အနတ္တ ဒီ ၃-ပုဒ်ပါဘဲ။ ဒီ ၃-ပုဒ်အရ **လက္ခဏာ ၃-ပါး** ကို ပိုင်ပိုင်နိုင်နိုင် သိလျှင် ဝိပဿနာက်စ္စ ပြီးစီးပြည့်စုံပါတယ်။ အခြား ဝိပဿနာဆိုင်ရာ သုတ်ဒေသနာတော်တွေမှာလဲ အများအားဖြင့် အနိစ္စ ဒုက္ခ အနတ္တ ဒီ ၃-ပုဒ်ကိုသာ ဟောတော်မူပါတယ်။ ဒါကြောင့် ဥပါဒါနက္ခန္ဓာ ငါးပါး တရားတွေကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုမြင်ရတယ်လို့ အတိုချုပ် မှတ်တားကြရမယ်။

ရှုလျှင် ဓသဘာပန် ဖြစ်မည်

ဒဲ့ဒီလို ရှုတော့ ဘာအကျိုးရှိသလဲလို့ မေးစရာ ရှိတယ်၊ ဒါကြောင့် အခွင့်သာရိုပုတြာ မထေရ်မြတ်က ဆက်လက်ပြီး ဒီလို ဖေါ်ပြသွားတယ်။

ဌာနံ ခေါ် ပနေတံ အာဝုသော ဝိဇ္ဇတိ ယံ သီလဝါ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော။ပ။ အနတ္တတော ယောနိသော မနသိကရောန္တော သောတာပတ္တိဖလံ သစ္ဆိကရေယျ။

အာဝုသော ကောဋ္ဌိက၊ ငါ့ရှင်ကောဋ္ဌိက။ သီလဝါ၊ သီလနှင့် ပြည့်စုံသော။ ဘိက္ခု၊ ရဟန်းသည်။ ဣမေ ဓမ္မုပါဒါနက္ခန္ဓေ၊ ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲဟု။ ဒုက္ခတော၊ ဆင်းရဲဟု။ အနတ္တတော၊ အတ္တကောင်မဟုတ်ဟု။ ယောနိသော၊ နည်းမှန်လမ်းမှန် အားဖြင့်။ မနသိကရောန္တော၊ နှလုံးသွင်းသည် ရှုသည် ရှိသော်။ ဝါ၊ နှလုံးသွင်းနေသော ရှုနေသော။ ဘိက္ခု၊ ရဟန်းသည်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်ကို။ ဝါ၊ သောတာပန်အဖြစ်ကို။ ယံ သစ္ဆိကရေယျ၊ အကြင် မျက်မှောက်ပြုရာ၏။ တေံ ဌာနံ၊ ဤသို့ မျက်မှောက်ပြုနိုင်သော အကြောင်း အခွင့်အရေးသည်။ ခေါ၊ စင်စစ်ကောန် အမှန်အားဖြင့်။ ဝိဇ္ဇတိ၊ ရှိပါပေ၏ တဲ့၊

အဲဒီလို ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို အနိစ္စ ဒုက္ခ အနတ္တ ထင်အောင် ရှုနေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ အဲဒီလို ရှုနေ ယင်းပင် ပုထုဇဉ်အဖြစ်က စသောတာပန် ဖြစ်သွားနိုင်တယ်၊ ဒီလို ဖြစ်နိုင်တဲ့ အကြောင်း အခွင့်အရေး ရှိပါတယ် တဲ့။ "သောတာပတ္တိမဂ်ဖိုလ်ဉာဏ်ကို ရောက်နိုင်လောက်အောင် ပြည့် ပြည့်စုံစုံ ရှိသွားယင် သောတာပန် ဖြစ်သွားမယ်" လို့ ဆိုလိုပါ တယ်။ ဒီတော့ သောတာပန် ဖြစ်ပြီး အပါယ် ၄-ပါးက

အစဉ်ထာဝရ လုတ်မြောက်ချင်ယင် ဥပါဒါနက္ခန္ဓာ ငါးပါး တရားတွေကို အနိစ္စ ဒုက္ခ အနတ္တ ထင်မြင်အောင် ရှုကြရုံဘဲ၊ အပြည့်အစုံ ရှယင် အရှင်သာရိပုတြာ မထေရ်မြတ် မိန့်တော် မူတဲ့အတိုင်း ဧသာတာပန် ဖြစ်သွားမှာကတော့ သေချာနေ တာဘာ။

ရဟန္တာအထိ ဖြစ်နိုင်တယ်

ဒါလောက်တွင်လဲ မကသေးပါဘူး၊ အလိုရှိယင် ရဟန္တာ အထိလဲဖြစ်နိုင်ပါသေးတယ်။ ဒါကြောင့်ဘရှင်မဟာကောဋ္ဌိက-က ဆက်ပြီးတော့ မေးပြန်တယ်။

"အရှင်သာရိပုတြာ တဲ့၊ သောတာပန် ဖြစ်ပြီးလျှင် အဲဒီ သောတာပန်ပုဂ္ဂိုလ်ကတော့ ဘယ်တရားကို ရှုရပါသလဲ" လို့ မေးပြန်ပါတယ်။ ဒီတော့ အရှင်သာရိပုတြာက ဒီလို ဖြေကြား တော်မူပြန်ပါတယ်။ သောတာပန်ပုဂ္ဂိုလ်လဲဘဲ ဒီဥပါဒါနက္ခန္ဓာ ငါးပါးကိုဘဲ အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် ရှုရပါတယ် တဲ့။ ဒီလို ရှုတော့ ဘာ ဖြစ်သွားတုံး ဆိုယင်၊ သောတာပန်အဖြစ် က **သကဒါဂါမ်** ဖြစ်သွားနိုင်ပါတယ် တဲ့။

အဲဒီ သကဒါဂါမ်ကကော ဘာကို ရှုရသလဲ လို့ ဆိုတော့- သကဒါဂါမ်ကလဲ ဒီဥပါဒါနက္ခန္ဓာ ငါးပါးကိုဘဲ အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ရှုရပါတယ် တဲ့။ ဒီလို ရှုယင် **အနာဂါမ်** ဖြစ်-သွားနိုင်ပါတယ် တဲ့။ အနာဂါမ်ကကော ဘာကို ရှုရပါသလဲ လို့ ဆိုတော့- အနာဂါမ်ကလဲ ဒီဥပါဒါနက္ခန္ဓာငါးပါးကိုဘဲ အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ရှုရပါတယ် တဲ့။ ဒီလို ရှုတော့ **ရဟန္တာ** ဖြစ်သွားနိုင်ပါတယ် တဲ့။

ရဟန္တာလဲ ရှုရတယ်

ရဟန္တာဖြစ်သွားတော့ ဘာကိုရှုရသေးသလဲ လို့ အရှင်မဟာကောဋ္ဌိက-က မေးပြန်တယ်။ ဒီတော့ အရှင်သာရိပုတြာမထေရ်မြတ်က "ရဟန္တာလဲ ဒီဥပါဒါနက္ခန္ဓာငါးပါးကိုဘဲ အနိစ္စ ဒုက္ခ အနတ္တအားဖြင့် မှန်စွာ ရှုရတယ်" လို့ ဖြေကြားပါတယ်။ ဒီဖြေကြားချက်ကို ထောက်ပြီးတော့ "ဥပါဒါနက္ခန္ဓာ တရားတွေဟာ ရဟန္တာ ဖြစ်ပြီးသည့်တိုင်အောင် ရှုရတဲ့ တရားကွဲဘဲ" လို့ သန္နိဋ္ဌာန်ကျ ခိုင်မြဲစွာ မှတ်ထားကြရမယ်။

ဒီလို ရှုတော့ ရဟန္တာပုဂ္ဂိုလ်မှာ ဘယ်လို အကျိုးကို ရပါသေးသလဲ၊ **ပစ္စေကဗုဒ္ဓါ** ဖြစ်သွားဦးမှာလား **သမ္မာသမ္ဗုဒ္ဓ** မြတ်စွာဘုရား ဖြစ်သွားဦးမှာလား လို့ ဒီလို တွေးစရာ မေးစရာတွေရှိပါတယ်။ အဲဒီလို ဘုရား, ပစ္စေကဗုဒ္ဓါတော့ မဖြစ်ပါဘူး၊ ရဟန္တာပုဂ္ဂိုလ်ဟာ ရဟန္တာအဖြစ်နဲ့ဘဲ သံသရာဘဝဇာတ် ချုပ်ငြိမ်းပြီးပရိနိဗ္ဗာန် ဝင်စံသွားရပါတယ်။

ဘာကြောင့်လဲ ဆိုယင် ရဟန္တာမှာ မပယ်ရသေးတဲ့ ကိလေသာ, မငြိမ်းသေးတဲ့ ကိလေသာရယ်လို့ မရှိတော့ဘူး၊ ကိလေသာတွေ အားလုံး ပယ်ပြီးသား ငြိမ်းပြီးသားချည်း ဖြစ်နေတယ်။ဒါကြောင့် မပယ်ရသေးတဲ့ ကိလေသာကို ပယ်နိုင်အောင်၊ မငြိမ်းသေးတဲ့ ကိလေသာ ကင်းငြိမ်းရအောင် ကျင့်စရာ မရှိတော့ပါဘူး။ ပြီးတော့ ရဟန္တာမှာ မပြည့်စုံသေးတဲ့ သီလ သမာဓိ ပညာရယ်လို့လဲ မရှိတော့၊ ပြည့်စုံသင့်တဲ့ သီလ သမာဓိ ပညာတွေဟာ အားလုံး ပြည့်စုံပြီးသားချည်း ဖြစ်နေတယ်။

ဒါကြောင့် မပြည့်စုံသေးတဲ့တရားကို ပြည့်စုံအောင် အားထုတ်ဘို့ ဆိုတာလဲ မလိုတော့ပါဘူး။ ပြီးတော့ ရပြီးဖြစ်တဲ့ တရားတွေ့ တိုးတက်အောင်လို့ ကျင့်စရာလဲ မလိုတော့ပါဘူး။ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်မှာ ဝိပဿနာရှုတဲ့အတွက် မပြည့်စုံသေးတဲ့ တရားအသစ် တိုးတက်ခြင်း အကျိုးလဲ မရှိပါဘူး၊ ပြည့်စုံပြီး တရားဟောင်း တိုးပွါးခြင်းလဲ မရှိပါဘူးတဲ့။

ရဟန္တာမှာ ရှုခြင်း၏ အကျိုး

ရဟန္တာပုဂ္ဂိုလ်မှာ ဥပါဒါနက္ခန္ဓာငါးပါးကို ရှုတဲ့အတွက် ရရှိတဲ့အကျိုးကတော့- "ဒိဋ္ဌဓမ္မသုခဝိဟာရ" ခေါ်တဲ့ မျက်မှောက်ဘဝမှာ ချမ်းသာစွာနေရခြင်း အကျိုးလဲ ရှိပါတယ်တဲ့။ ချမ်းသာစွာ နေရပုံကတော့- ရဟန္တာပုဂ္ဂိုလ်ပေမယ့်လို့ ဝိပဿနာမရှုဘဲ အလွတ်နေလို့ရှိယင် အာရုံ ၆-ပါးတွေ့က ဟိုကပေါ်လိုက် ဒီကပေါ်လိုက်နဲ့ မချမ်းမြေ့စရာ စိတ်မသက်သာစရာ ဖြစ်နေပါတယ်တဲ့၊ ဒီနေရာမှာ စိတ်မချမ်းမြေ့စရာဆိုပေမယ့်လို့ စိတ်နှလုံးမသာ ဖြစ်တာတော့ မဟုတ်ပါဘူး၊အလို့မရှိပါဘဲနဲ့ အာရုံအမျိုးမျိုးတွေ့ကို မပြတ်တွေ့နေရတဲ့အတွက် စိတ်သက်သာရာ. မရတာကိုသာ ဆိုလိုပါတယ်။ ရဟန္တာကို မပြောနဲ့တော့ တရားထဲမှာ စိတ်ဝင်စားနေတဲ့ ယခုကာလ ယောဂီပုဂ္ဂိုလ် အချို့တောင်မှ ဒီလို အာရုံအမျိုးမျိုးတွေ့ကို တွေ့နေရတာဟာ စိတ်မသက်သာဘဲ ဖြစ်နေတတ်သေးတယ်။ ဒါကြောင့် အချို့ယောဂီ ဒကာ ဒကာမတွေ့ဟာ ကမ္မဋ္ဌာန်းကျောင်းက အိမ်ပြန်သွားတဲ့ အခါမှာ အရပ်ထဲရောက်သွားတော့ ဟိုအာရုံ မြင်ရ၊ ဒီအာရုံ ကြားရ၊ အလုပ်အကိုင်အမျိုး

မျိုးနဲ့စပ်ပြီး ပြောဆို လုပ်ကိုင်နေတာတွေကို တွေ့ရနဲ့ စိတ်မအေးချမ်းဘဲ မနေတတ်ဘဲ ဖြစ်နေတတ်တယ်၊ ဒါကြောင့် တချို့က ကမ္မဋ္ဌာန်းကျောင်းကို ပြန်လာတတ်ကြတယ်။ တချို့ကတော့လဲ ဒီလို အိမ်မှာ မနေတတ် မထိုင်တတ် ဖြစ်တယ် ဆိုတာဟာ တယ်မကြာပါဘူး၊ လေး ငါး ဆယ်ရက်လောက်ပါဘဲ၊ တော်တော်ကြာတော့ အိမ်စိတ်ဝင်ပြီး ရှေးကလိုဘဲ ကိုယ့်အိမ် ကိုယ့်အလုပ်နဲ့ ပျော်ပြီး နေတတ်သွားတာပါဘဲ။ ရဟန္တာပုဂ္ဂိုလ်ကတော့ အဲဒီလို **မူလမ**ဖြစ်နိုင် တော့ဘူး၊ ဒါကြောင့် အာရုံအမျိုးမျိုးတွေကို ဝိပဿနာမရှုဘဲ တွေ့နေရယင် စိတ်မသက်သာဘဲ ဖြစ်နေတယ်၊ ပေါ်လာသမျှကို မပြတ်ရှုပြီး နေမှ **ဝိပဿနာသုခ**ကို ရပြီး ချမ်းသာနေပါတယ် တဲ့။ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်မှာ ဒီဥပါဒါနက္ခန္ဓာငါးပါးကို ရှုနေတဲ့အတွက် မျက်မှောက်ဘဝမှာ ချမ်းသာစွာနေရခြင်း ဆိုတဲ့အကျိုးကိုလဲ ရပါတယ် တဲ့။

ပြီးတော့ အမြဲမပြတ် နှလုံးသွင်း ရှုမှတ် လေ့လာနေတဲ့အတွက် အမှတ်ရတဲ့ **သတိ** နှင့် အနိစ္စ ဒုက္ခအနတ္တာသဘောတွေကို အမှန်အတိုင်း မျက်မှောက်သိတဲ့ **သမ္မဇညဉာဏ်** ဆိုတာတွေဟာ မပြတ်ဖြစ်ပွါးနေတယ်။ အဲဒီလို သတိသမ္မဇည် မပြတ်ဖြစ်ပွါးနေခြင်းအကျိုးလဲ ရှိပါတယ် တဲ့။ ဒီလို မပြတ်ရှုပြီး သတိသမ္မဇည် မပြတ်ပွါးနေတဲ့ ရဟန္တာပုဂ္ဂိုလ်ကို **သတတဝိဟာရီပုဂ္ဂိုလ်** လို့လဲ ခေါ်တယ်။ ဒီလိုပုဂ္ဂိုလ်မှာ ဖလသမာပတ်ကို အလိုရှိတဲ့အခါ အချိန်မရွေး ဝင်စားနိုင်တယ်၊ ကာလအပိုင်းအခြားအားဖြင့်လဲ အလိုရှိသလောက် တည်ဘဲ့စေနိုင်တယ်။ ယခုပြောခဲ့တဲ့ **ဒိဋ္ဌဓမ္မ**

သုခဝိဟာရ နှင့် သတိသမ္ပဇဉ် ဆိုတဲ့ ဒီ အကျိုး နှစ်ပါးအတွက် ရဟန္တာပုဂ္ဂိုလ်မှာ ဝိပဿနာ ရှုရပါတယ် တဲ့။

ယခုကြွေခဲ့တာတွေဟာ သီလဝန္တ သုတ်မှာအရှင်သာရိပုတြာ ဖြေကြားထားပုံတွေဖဲ့။ သုတဝန္တ သုတ် မှာလဲ ဒီနည်းအတိုင်း ဘဲ ဖြေထားပါတယ်။ ထူးတာကတော့ သီလဝန္တ-သီလ ပြည့်စုံတဲ့ ရဟန်းဆိုတာနဲ့ သုတဝန္တ-သုတ ပြည့်စုံတဲ့ ရဟန်းလို့ ဆိုတာလောက်ပဲ ထူးပါတယ်။ ကျန်တဲ့ စကားရပ်တွေကတော့ အကုန်လုံး တထပ်တည်း တူနေပါတယ်။ ဒါကြောင့် ဒီ သီလဝန္တ သုတ်, သုတဝန္တသုတ်များနှင့်တကွ ခန္ဓာငါးပါးဆိုင်ရာ အခြားဆုတ်များကိုပါ အမှီပြုပြီးတော့-

"ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာ ရှု၍ ဖြစ်သနည်း။ စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှု၍ ဖြစ်သတည်း" ဆိုတဲ့ ဒီဆောင်ပုဒ်ကလေးတွေကို ရေးထားတယ်၊ အဲဒါကို အထူးသတိပြုပြီးတော့ မှတ်ထားကြပါ။ ဆောင်ပုဒ်ထဲမှာ "စွဲလမ်းနိုင်ရာငါးခန္ဓာ"လို့ ဆိုတာဟာ ဥပါဒါနက္ခန္ဓာငါးပါးဘဲ ဆိုတာလဲ ခုနကပြောခဲ့ပြီ၊ မမြဲတာကို မြဲတဲ့အနေနဲ့ စွဲလမ်းတယ်၊ ဆင်းရဲကို ချမ်းသာအနေနဲ့ စွဲလမ်းတယ်၊ ပုဂ္ဂိုလ် သတ္တဝါ ငါကောင် မဟုတ်တာတွေကို ပုဂ္ဂိုလ် သတ္တဝါ ငါကောင် အနေနဲ့ စွဲလမ်းတယ်၊ ဒီလို စွဲလမ်းနိုင်တဲ့ ရုပ်နာမ်တွေကို "ဥပါဒါနက္ခန္ဓာ"ခေါ်တယ် ဆိုတဲ့ အကြောင်းလဲ အတော်အတန် ပြောခဲ့ပါပြီ။ ဒါပေမယ့် သာဓကပါဠိတွေ ထုတ်ပြနေတာနဲ့ အဆက်ပြတ်သွားသလို ဖြစ်သွားတယ်၊ ဒါကြောင့် ဒုါရ ၆-ပါးက စွဲလမ်းနေကြပုံကို ယခု ထပ်ပြီးတော့ ပြောဦးမယ်။

ဒုဂါရ ၆-ပါးက စွဲလမ်းပုံ

ယခု လူတွေဟာ မြင်ရာကလဲ ကိုယ့်ကိုယ်ရော, သူများကိုယ်ရော မြဲတဲ့အနေအားဖြင့်လဲ ထင်မြင်စွဲလမ်းနေကြတယ်၊ ရှေးကလဲ ရှိ, ယခုလဲ ရှိ, နောင်လဲ ရှိ, အမြဲတမ်းရှိနေတယ်လို့ ထင်နေကြတယ်၊ ချမ်းသာတယ်, ကောင်းတယ်, လှပတင့်တယ်တယ်လို့လဲ ထင်နေကြတယ်၊ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်သတ္တဝါကောင်တွေဘဲလို့လဲ ထင်နေကြတယ်။ အဲဒီ မြင်ရာကလိုဘဲ ကြားရာကလဲ ဒီနည်းအတိုင်းဘဲ ထင်မြင်စွဲလမ်းနေကြတယ်၊ အနံ့ကို နံရာကလဲ ဒီအတိုင်းဘဲ ထင်မြင်စွဲလမ်းနေကြတယ်။ အရသာကို စားသိရာကလဲ ဒီအတိုင်းဘဲ ထင်မြင်စွဲလမ်းနေကြတယ်။ တွေ့ထိရာကလဲ ဒီအတိုင်းဘဲ ထင်မြင်စွဲလမ်းနေကြတယ်၊ တွေ့ထိတာတွေ့ကဒေါ့ တကိုယ်လုံးမှာ အနှံ့အပြားအင်မတန် ကျယ်ပြန့်ပါတယ်၊ အသွေးအသား စိုနေတဲ့ နေရာတိုင်းက အတွေ့အထိ ဖြစ်ပေါ်နိုင်တယ်၊ ဖြစ်ပေါ်လာတဲ့ အတွေ့အထိတိုင်းက စွဲလမ်းမှု ဖြစ်နိုင်တယ်။ ခုနက ပြောခဲ့တဲ့လက် ခြေ ကွေးတာ ဆန့်တာ လှုပ်ရှားတာတွေလဲ အကုန်လုံး အတွေ့အထိတွေချည်းဘဲ။ **ဗိုက်ထဲက ဖောင်းလိုက် ဝန်လိုက်နဲ့ တောင့်တင်း လှုပ်ရှားနေတာတွေ** လဲ **အတွေ့အထိတွေ** ဘဲ။ တော်တော်ကြာမှ အဲဒါတွေကို အသေးစိတ် ရှင်းပြီး ပြောရဦးမယ်။

ပြီးတော့ စိတ်ကူး စဉ်းစား ကြံစည်နေရတာကိုလဲ "အယင်က ရှိနေတဲ့ငါကဘဲ ယခု ကြံစည်တယ်၊ ကြံပြီးတော့လဲ ရှိမြဲရှိနေတယ်" လို့ မြဲတဲ့အနေနဲ့လဲ ထင်မှတ်နေကြတယ်၊ ငါကောင်

အနေနဲ့လဲ ထင်မှတ်နေကြတယ်။ အဲဒီလို စိတ်ကူး စဉ်းစား ကြံစည် နေရတာကို ပျော်စရာကောင်းတယ်၊ သာယာစရာ ကောင်းတယ်လို့လဲ ထင်မှတ်နေကြတယ်၊ အဲဒါဟာ ချမ်းသာလို့ ထင်နေတာပါဘဲ။ ဒါကြောင့် ဒီလို စိတ်ကူး စဉ်းစား ကြံစည် နေရတာတွေ အကုန်လုံးပျောက်သွားမယ် ဆိုယင် လက်မခံနိုင် ကြဘူး၊ သဘောမကျနိုင်ကြဘူး၊အဲဒါဟာ သာယာစဲလမ်းနေ လို့ပေါ့။

ယခု ပြောခဲ့တဲ့အတိုင်း ဒုါရ ၆--ပါးက ထင်ပေါ်လာတဲ့ တရားတွေကို မြဲတဲ့အနေ၊ ချမ်းသာတဲ့အနေ၊ ငါကောင် သတ္တဝါကောင်အနေနဲ့ စဲလမ်းနေတယ်၊ တဏှာနဲ့လဲ သာယာပြီး စဲလမ်းတယ်၊ ဒိဋ္ဌိနဲ့လဲ အထင်မှားပြီး စဲလမ်းတယ်။ အဲဒီလို စဲလမ်းနိုင်တဲ့ ခန္ဓာငါးပါး တရားတွေကို ရှုရတာပါဘဲ။

ရူနည်းမှန်မှ ဝိပဿနာ

ရှုတော့လဲ "ယောနိသော မနသိကာတဗ္ဗာ" လို့ ဆိုထား တဲ့အတိုင်း နည်းမှန်လမ်းမှန်အတိုင်း ရှုဘို့ လိုပါတယ်။ ရှုပုံက နည်းလမ်း မှန်ပါမှ ဝိပဿနာ ဖြစ်တယ်၊ မမှန်ယင်တော့ ဝိပဿနာ မဖြစ်ဘူး၊ ဟုတ်လား။ မြဲတဲ့အနေနဲ့ ရှုနေလျှင် ဘယ်မှာ ဝိပဿနာ ဖြစ်မှာလဲ။ ချမ်းသာတဲ့အနေ၊ လှုပ် တင့်တယ်တဲ့အနေ၊ အသက်ကောင် သတ္တဝါကောင်အနေနဲ့ ရှုနေလျှင် ဘယ်မှာ ဝိပဿနာ ဖြစ်မှာလဲ။ နည်းလမ်းမှန် အတိုင်း ရှုမှ ဝိပဿနာညာဏ်က ဖြစ်တာ။

ရုပ်နာမ်တရားတွေ ဆိုတာက မမြဲတဲ့တရားတွေဘဲ၊ အဲဒီ မမြဲတာတွေကို မမြဲတဲ့အနေနဲ့ အမှန်အတိုင်းသိအောင်လို့ ရှုရ

တယ်။ ပြီးတော့ အဲဒီ ရုပ်နာမ်တရားတွေက ဖြစ်လိုက် ပျက်လိုက်နဲ့ မပြတ်နှိပ်စက်နေလို့ ကြောက်စရာကောင်းတဲ့ ဆင်းရဲချည်းဘဲ၊ အဲဒီ ကြောက်စရာကောင်းတဲ့ ဆင်းရဲတွေကို ကြောက်စရာကောင်းတဲ့ ဆင်းရဲအနေနဲ့လဲ အမှန်အတိုင်း သိအောင်လို့ ရှုရတယ်။ ပြီးတော့ အဲဒီ တရားတွေက ပုဂ္ဂိုလ် သတ္တဝါကောင် ငါကောင် မဟုတ်တဲ့ သဘောတရားတွေချည်းဘဲ၊ အဲဒါတွေကို ပုဂ္ဂိုလ် သတ္တဝါကောင် ငါကောင် မဟုတ်တဲ့ သဘောတရားအနေနဲ့လဲ အမှန်အတိုင်း သိအောင်လို့ ရှုရတယ်။ ဒါကြောင့် "စဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စ္စာ ရှု၍ ဖြစ်သတည်း" လို့ ဆောင်ပုဒ်က ဆိုထားတာ။ "မှန်ကန်စ္စာ ရှုရမယ်၊ မှန်ကန်စ္စာ ရှုမှ ဝိပဿနာဉာဏ် ဖြစ်တယ်" လို့ ဆိုလိုပါတယ်။

ရှုပုံ အကျဉ်းချုပ်

ဒါကြောင့် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဒုဂ္ဂရ ၆-ပါးက ထင်ရှားပေါ်လာတဲ့ ရုပ်နာမ်တွေကို အမှန်အတိုင်း ရှုရတယ်။ မြင်ယင် မြင်တာဟာ မှန်နေတာဘဲ၊ အဲဒါကို "မြင်တယ်, မြင်တယ်" လို့ ရှုရတယ်။ ထိုအတူ ကြားယင်လဲ "ကြားတယ်" လို့ ရှုရတယ်၊ နံယင်လဲ "နံတယ်" လို့ ရှုရတယ်၊ အရသာကို စားသိယင်လဲ "သိတယ်" လို့ ရှုရတယ်၊ ကိုယ်ထဲက တွေ့ထိယင်လဲ "ထိတယ်" လို့ ရှုရတယ်၊ ညောင်းတာ ပူတာ နာကျင်ကိုက်ခဲတာ-ဒီလို အခံခက်တဲ့ ဒုက္ခဝေဒနာတွေလဲ တွေ့ထိရာက ဖြစ်ပေါ်လာတာတွေဘဲ၊ အဲဒါတွေလဲ "ညောင်းတယ်၊ ပူတယ်၊ နာတယ်" စသည်ဖြင့် ရှုရတယ်။ စိတ်ကူး စဉ်းစားတာတွေ ဖြစ်ပေါ်လာယင်လဲ "စိတ်ကူးတယ်၊ စဉ်းစား

တယ်၊ လိုချင်တယ်၊ နှစ်သက်တယ်၊ သာယာတယ်" စသည်ဖြင့် သူဖြစ်ပေါ်လာတဲ့အတိုင်းဘဲ ရှုရတယ်။ ဒါပေမယ်လို့ ပဌမ ရှုခါစ ပုဂ္ဂိုလ်ကတော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဒုါရ ၆-ပါးက ဖြစ်ပေါ်လာသမျှကို အကုန်လုံး စေ့ငုအောင် လိုက်ပြီး မရှုနိုင်သေးဘူး။ ဒါကြောင့် နည်းနည်းက စပြီးတော့ ရှုရတယ်။

အာဃးထုတ်ခါစရှုပုံရှုနည်း

ရှုပုံကတော့-အသက်ရှူတိုင်း နှိုက်တိုင်း ဝမ်းဗိုက်က ဖောင်း လိုက် ပိန်လိုက်နဲ့ လှုပ်ရှားနေတဲ့ရုပ်ဟာ အထူးသဖြင့် ထင်ရှား နေတယ်၊ အဲဒီ လှုပ်ရှားရုပ်ကလေးက စပြီး ရှုရတယ်၊ ဖောင်း တက်လာတဲ့ လှုပ်ရှားရုပ်ကလေးကို "ဖောင်းတယ်"လို့ ရှုရ တယ်၊ ပိန်ကျသွားတဲ့ လှုပ်ရှားရုပ်ကလေးကို "ပိန်တယ်"လို့ ရှုရတယ်။ ဒီ "ဖောင်းတယ်၊ ပိန်တယ်" ဆိုတဲ့ ရှုပုံကလေးက စာသံ ပေသံ မပါတဲ့အတွက် ဘာမှ မဟုတ်သလိုလဲ ထင်နေ တတ်ကြတယ်၊ ဝိပဿနာအကြောင်း ကောင်းကောင်း မသိ သေးတဲ့ ဒါရှုပုဂ္ဂိုလ်တွေက "ဖောင်းတာ ပိန်တာဟာ စာနဲ့ ပေနဲ့ မဆိုင်ပါဘူး၊ ဘာမှ မဟုတ်ပါဘူး" လို့လဲ ပစ်ပယ်ပြီး ပြောနေကြတယ်။ ဟုတ်တယ် သူ့ဥစ္စာ စာသံ ပေသံက မပါ တော့ "ဘာမှမဟုတ်ဘူး"လို့ ထင်မယ်ဆိုယင်လဲ ထင်စရာပါဘဲ။

ဒါပေမယ့် သဘောတရား အနေနဲ့ကတော့ တကယ်ကို ဟုတ်နေတာ၊ ဖောင်း တက်လာတာလဲ တကယ်ကို ဟုတ်နေ တာဘဲ၊ ပိန်ကျသွားတာလဲ တကယ်ကို ဟုတ်နေတာဘဲ၊ လှုပ် ရှားတဲ့ ဝါယောရုပ်သဘော တကယ်ကို ဟုတ်နေတာဘဲ။

"ဖောင်းတယ်၊ ပိန်တယ်" ဆိုတဲ့ အမည်ကတော့ ခေါ်လို့ ပြောလို့ လွယ်အောင် အရပ်သုံးစကားအတိုင်း ဘုန်းကြီးတို့က ညွှန်ကြားပြသနေတာဘဲ။ အမှန်ကတော့ ကျမ်းဂန်စကားနဲ့ ပြောရယင် ဖောင်းတာ ဝါယောဓာတ်ပဲ။ ဖောင်းတိုင်း ပိန်တိုင်း ဗိုက်ကို ဉာဏ်နဲ့ စိုက်ပြီး ကြည့်နေယင် ဘာထင်ရှားသလဲ လို့ ဆိုတော့-တောင့်တင်းတဲ့သဘောလဲ ထင်ရှားတယ်၊ လှုပ်ရှားတဲ့သဘောလဲထင်ရှားတယ်၊ တနေရာက တနေရာကို ရွှေ့ဆောင်နေတဲ့သဘောလဲ ထင်ရှားတယ်။

ဝါယောဓာတ်၏ လက္ခဏာစသည်

ဒီအထဲမှာ တောင့်တင်းတဲ့သဘောက ဝါယောဓာတ်ရဲ့ ဓာတ်မှန်လက္ခဏာဘဲ၊ လှုပ်ရှားတဲ့သဘောက ဝါယောဓာတ်ရဲ့ သမုဒီရဏရသ ဘဲ၊ တနေရာက တနေရာကို ရွှေ့ဆောင်နေသလို့ ထင်တာက ဝါယောဓာတ်ရဲ့ အာဘိနီဟာရပစ္စုပ္ပဋ္ဌာန်ဘဲ။ ဝါယောဓာတ်ကို အမှန်အတိုင်း သိယင် ဒီလက္ခဏာ, ရသ, ပစ္စုပ္ပဋ္ဌာန်တွေနဲ့ သိရတယ်၊ ဒါကြောင့် အဲဒီ လက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်နဲ့ အမှန်အတိုင်း သိရအောင်လို့ ရှုရတာဘဲ။ ဝိပဿနာ ဆိုတာ ရုပ်တရား နာမ်တရားတွေကို သဘောမှန်အတိုင်းသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်က စပြီး အာဒုတ်ရတယ်၊ ရုပ်နာမ် နှစ်ပါးထဲကလဲ (ဝိပဿနာသက်သက်က စပြီး ရှုတဲ့)ဝိပဿနာယာနိကပုဂ္ဂိုလ်မှာ ရုပ်တရားက စပြီး ရှုရတယ်။ ရှုတော့ ဘယ်လို ရှုရသလဲ ဆိုယင်....

"လက္ခဏရသာဒိဝသေန ပရိဂ္ဂဟေတဗ္ဗာ" လို့ (ဝိသုဒ္ဓိ၂-၂၂၂) ဝိသုဒ္ဓိမဂ်က မိန့်ဆိုထားပါတယ်။

လက္ခဏာရသာဒီဝသေန၊ သဘာဝလက္ခဏာ,ရသ စသည်တို့၏ အလိုအားဖြင့်။ ပရိဂ္ဂဟေတဗ္ဗာ၊ သိမ်းဆည်းအပ်ရှုအပ်ကုန်၏ တဲ့။

ရုပ်တရားဘဲ ဖြစ်ဖြစ်၊ နာမ်တရားဘဲ ဖြစ်ဖြစ် ဝိပဿနာစပြီးရှုလျှင် သဘောလက္ခဏာနဲ့ယင်လဲ ရှုရမယ်၊ ရသနဲ့ယင်လဲ ရှုရမ်ယ်၊ ပြီးတော့ "အာဒေ-စသည်" ဆိုတဲ့ စကားအရ ပစ္စုပဋ္ဌာန်နဲ့ယင်လဲ ရှုရမယ် တဲ့။ ဒီနေရာမှာ အဘိဓမ္မတ္ထသင်္ဂဟကျမ်းက ပြဆိုထားတာလဲ တိုတိုကလေးနဲ့ အင်မတန် ရှင်းပါတယ်။ ဘယ်လိုလဲ ဆိုတော့....

လက္ခဏာရသပစ္စုပဋ္ဌာနပဒဋ္ဌာနဝသေန နာမရူပပရိဂ္ဂဟော ဒဋ္ဌဝသုဒ္ဓိ နာမ တဲ့။

လက္ခဏာရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန၊ လက္ခဏာအလို ရသအလို ပစ္စုပဋ္ဌာန်အလို ပဒဋ္ဌာန်အလိုအားဖြင့်။ နာမရူပပရိဂ္ဂဟော၊ နာမ်ရုပ်တို့ကို သိမ်းဆည်းခြင်း ရှုခြင်းသည်။ ဒိဋ္ဌဝိသုဒ္ဓိ နာမ၊ ဒိဋ္ဌဝိသုဒ္ဓိ မည်ပါတယ် တဲ့။

ဆိုလိုတာကတော့ ဝိပဿနာဆိုတာ အခြေခံအဖြစ်ဖြင့် (နာမ်ရုပ်ကို သိမ်းဆည်းတဲ့) နာမရူပပရိစ္ဆေဒဉာဏ်က စရတယ်၊ ဝိသုဒ္ဓိ (၇)ပါးထဲမှာလဲ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ ပြည့်စုံပြီးတဲ့နောက် ဒိဋ္ဌဝိသုဒ္ဓိကဘဲ စရတယ်၊ အဲဒီ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌဝိသုဒ္ဓိ ပြည့်စုံအောင် နာမ်တရား ရုပ်တရားတွေကို လက္ခဏာအလိုအားဖြင့်လဲ သိမ်းဆည်း ရှုမှတ်ပြီး သိရတယ်၊ ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့အလိုအားဖြင့်လဲ သိရတယ်။ ဒီလို သိမ်းဆည်း ရှုမှတ်ပြီးတော့ နာမ်ရုပ်နှစ်ပါးကို ပိုင်းခြားပြီး,

သိတာဟာ "နာမရူပပရိစ္ဆေဒဉာဏ်" ခေါ်တယ်၊ အဲဒီဉာဏ် ရင့်ကျက်တဲ့အခါမှာ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်တယ်လို့ ဒီလို ဆိုလိုပါတယ်။

ဒီအထဲမှာ "လက္ခဏာအလိုအားဖြင့် သိတယ်" ဆိုတာဟာ ရူပ်နာမ်တို့၏ အထည်ကိုယ်ဖြစ်တဲ့ သဘောလက္ခဏာကို သိတာပါဘဲ၊ "ရသ, ပစ္စုပဋ္ဌာန်တို့အလိုအားဖြင့် သိတယ်" ဆိုတာလဲ ထိုရူပ်နာမ်တို့၏ ကိစ္စရသကို သိတာ, ထင်ပေါ်သော ပစ္စုပဋ္ဌာန်ကို သိတာတွေပါဘဲ။ ပဒဋ္ဌာန်ကိုသိဘို့ကတော့ ဝိပဿနာရှုခါစမှာ မလိုလှသေးပါဘူး။ ဒါကြောင့် ဒီမှာ လက္ခဏာရယ်, ရသရယ်, ပစ္စုပဋ္ဌာန်ရယ် ဒီ ၃-မျိုးနဲ့ သိပုံကိုသာ ရှင်းပြသွားမယ်။

ယခု ထုတ်ပြခဲ့တဲ့ ဝိသုဒ္ဓိမဂ်မှာရော အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာရော နာမ်ရူပ်တို့ကို အမည်နာမနှင့် ရှုရမယ်လို့လဲ မပြဘူး၊ အရေအတွက်ဂဏန်းသင်္ချာနှင့် ရှုရမယ်လို့လဲ မပြဘူး၊ အမှန်အမှန် အထည်ဒြပ်နှင့် ရှုရမယ်လို့လဲ မပြဘူး၊ ဖွဲးဖွဲး ဖွဲးဖွဲး ဖြစ်နေပုံနှင့် ရှုရမယ်လို့လဲ မပြဘူး၊ အမှန်ပြတာကတော့ လက္ခဏာ, ရသစသည်တို့နှင့်သာ ရှုရမယ်လို့ ပြထားတယ်။ အဲဒါကို အထူးသတိပြုကြရမယ်၊ အဲဒါကို သတိမပြုယင် ဖွဲးဖွဲး ဖွဲးဖွဲး ပညတ်၊ အမှန်အမှန်ပညတ်၊ အရေအတွက်ပညတ်၊ အမည်နာမပညတ်တွေ ရောကုန်တတ်တယ်။

နာမ်ဘား ရူပ်တားတွေကို လက္ခဏာ, ရသစသည်နဲ့ ရှုရမယ်လို့ အဋ္ဌကထာများက ပြဆိုထားတဲ့အတိုင်း၊ ဝါယောဓာတ်ရူပ်ကို ရှုလျှင် သူ့လက္ခဏာ၊ သူ့ရသ၊ သူ့ပစ္စုပဋ္ဌာန်

မျှားနဲ့ ရှုရလိမ့်မယ်။ အဲဒီတော့ "ဝါယောခေတ်ရဲ့ လက္ခဏာက ဘာလဲ"လို့ ဆိုယင်၊ "ဒိဏ္ဍနဲ့နလက္ခဏာ ဝါယောခေတု့" တဲ့။ ဝါယောခေတု့၊ ဝါယောခေတ်သည်။ ဝိတ္ထမ္ဘနလက္ခဏာ၊ ထောက်ကန် ဇံတောင့်တင်းခြင်း လက္ခဏာရှိပါတယ် တဲ့။ လက္ခဏာ ဆိုတာ အထည်ကိုယ်သဘောရင်းဘဲ။ ဒါကြောင့် ထောက်ကန်တာ တောင့်တာ တင်းတာဟာ့ ဝါယောခေတ်ရဲ့ အထည်ကိုယ်ဘဲ၊ အဲဒီ ထောက်ကန်တာ တောင့်တာ တင်းတာသည် ပင်လျှင် ဝါယောခေတ်ပဲလို့ မှတ်ရမယ်။

ဝါယောခေက်ရဲ့ ရသ-က ဘာလဲ ဆိုယင်၊ "သမုဒီရဏ ရသာ"လို့ မိန့်ဆိုထားတဲ့အတိုင်း လှုပ်ရှားခြင်းဟာ သူ့ရသ သူ့ကိစ္စပါဘဲ တဲ့။ ဝါယောခေတ်ရဲ့ ပစ္စုပဋ္ဌာန်က ဘာလဲ ဆိုယင်၊ "အာဘိနီဟာရပစ္စုပဋ္ဌာနာ"လို့ မိန့်ဆိုထားတဲ့အတိုင်း ရှေးရှုဆောင်ခြင်းဟာ သူ့ပစ္စုပဋ္ဌာန်ပါဘဲ၊ ပစ္စုပဋ္ဌာန် ဆိုတာ ရှုနေတဲ့ယောဂီရဲ့ ဉာဏ်ထဲမှာ ထင်ပေါ်လာတဲ့ အခြင်းအရာပါဘဲ၊ ဝါယောခေတ်ကို ရှုနေယင် "တနေရာမှ တနေရာကို ရွှေ့ဆောင်နေတယ်၊ တွန်းဆောင်နေတယ်၊ ဆွဲဆောင်နေတယ်" လို့ ယောဂီ၏ ဉာဏ်ထဲမှာ ထင်ပေါ်လာတတ်ပါတယ်၊ အဲဒါဟာ ဝါယောခေတ်ရဲ့ ပစ္စုပဋ္ဌာန်ပါဘဲ။

ဝမ်းပိုက်က ဖေါင်းတာ, ပိန်တာကို ရှုမှတ်နေယင်၊ ငိုက်ထဲက တောင့်တင်းတာ လှုပ်ရှားတာတွေ, တရွေ့တရွှေ့ချင်း ရွှေ့ဆောင်နေတာတွေ၊ ဒါတွေကို ထင်ရှားသိနေတာဘဲ၊ ဟုတ်လား။ အဲဒါတွေဟာ ဝါယောခေတ်ရဲ့ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်တွေဘဲ။ ဒီ ဝါယောခေတ်က အရေးကြီးတယ်၊ သတိ

ပဋ္ဌာန်းဒေသနာ ကာယာနုပဿနာ ဣရိယာပထပိုင်းနဲ့သမ္မဇညပိုင်းမှာ အဋ္ဌကထာဆရာက ဒီ ဝါယောဓာတ်ကိုချည်း ပခာနအားဖြင့် ဖွင့်ပြထားတယ်။ ဖွင့်ပုံကို ပါဠိတော်က စပြီး ထုတ်ပြမယ်။

ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊ ဒါက ဘုရားဟော ပါဠိတော်။

ဂစ္ဆန္တော ဝါ၊ သ့ဘးသည် ရှိသော်လည်း။ ဝါ၊ သ့ဘးလျှင်လည်း။ ဂစ္ဆာမီတိ၊ သ့ဘးသည်ဟူ၍။ ပဇာနာတိ၊ သိ၏တဲ့။ သ့ဘးတိုင်း သ့ဘးတိုင်း သ့ဘးတဲ့အမှုအရာရုပ်ကို "သ့ဘးတယ်၊ သ့ဘးတယ်" လို့ မပြတ်ရှုပြီး သိဘို့ညွှန်ကြားထားပါတယ်၊ အဲဒီလို ရှုတော့ ညာဏ်ဖြင့် ပိုင်းခြားပြီးသိပုံကို အဋ္ဌကထာမှာ ဒီလို ဖွင့်ပြထားတယ်။

ဂစ္ဆာမီတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ၊ ဝါယောဝိညတ္တိံ ဇနေတိ၊ စိတ္တကိရိယ- ဝါယောဓာတုဝိပ္ဖါရေန သကလကာယဿ ပုရတော အဘိနိဟာရော ဂမနန္တိ ဝုစ္စတိတဲ့။

ဂစ္ဆာမီတိ စိတ္တံ၊ သ့ဘးမည်ကြံသောစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ တံ၊ ထိုစိတ်သည်၊ ဝါယံ၊ တောင့်တင်းလှုပ်ရှား လေရုပ်ကို။ ဇနေတိ၊ ဖြစ်ပေါ်စေ၏။ ဝါယော၊ လေရုပ်သည်။ ဝိညတ္တိံ၊ တုန်းကန်မှုသတ္တိအထူး ဟူသော ဝိညတ်ရုပ်ကို။ ဇနေတိ၊ ဖြစ်ပေါ်စေ၏။ စိတ္တကိရိယဝါယောဓာတုဝိပ္ဖါရေန၊ စိတ်ကပြုအပ်သော (ဝါ၊ စိတ်ကြောင့် ဖြစ်သော) တောင့်ထင်း လှုပ်ရှားမှု၏ ပြန့်ခြင်း လှုပ်ရှခြင်းကြောင့်။ သကလ

ကာယဿ၊ တကိုယ်လုံး၏။ ပုရတော အဘိနီဟာရော၊ ရှေ့ဘက်သို့ ရှေးရှုဆောင်သွားခြင်းကို။ ဂမနန္တိ ဝုစ္စတိ၊ သွားခြင်းဟု ခေါ်ဆိုအပ်၏။ ဒီလိုသိပါသတဲ့။

ဆိုလိုတာကတော့- သွားတိုင်း သွားတိုင်း "သွားတယ်, သွားတယ်"လို့ မပြတ်ရှုနေတဲ့ ယောဂီက ဒီလို သိပါတယ် တဲ့၊ "သွားမယ်"ကြံတဲ့စိတ်ကလေးက ရှေးဦးစွာဖြစ်ပေါ်လာတယ်၊ အဲဒီ စိတ်ကြောင့် တောင့်တင်း လှုပ်ရှားမှုတွေ ကိုယ်ထဲမှာ အနှံ့အပြား ဖြစ်ပေါ်လာတယ်၊ အဲဒီ တောင့်တင်း လှုပ်ရှားမှုတွေ ကိုယ်ထဲမှာ အနှံ့အပြားဖြစ်ပေါ်ပြီး လှုပ်ရှားတွန်းကန်သောကြောင့်ရုပ်ကိုယ်ကြီးတရွေ့ချင်း ရွေ့ရွေ့သွားတာကို "ငါသွားတယ်၊သူ သွားတယ်"လို့ ခေါ်ရတာဘဲ။ အမှန်မှာတော့ သွားတတ်တဲ့ ငါကောင်, သူကောင်ရယ်လို့ ရှိတာမဟုတ်ဘူး၊ သွားချင်တဲ့စိတ်နဲ့ လှုပ်ရှားရုပ် ဒီနှစ်မျိုးဘဲ ရှိတယ်လို့ ဒီလို သိသွားပါသတဲ့။ အဲဒါဟာ အဋ္ဌကထာက ဖွင့်ပြထားပုံပါဘဲ။ ဒီ အဋ္ဌကထာစကားထဲမှာ တောင့်တင်း လှုပ်ရှားမှု ဝါယောဓာတ်သိပုံကို ပခာနပြုပြီး ပြထားပါတယ်။ ဒါကြောင့် ဒီဝါယောဓာတ်ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်နဲ့ ကျကျနန နားလည်ထားယင် မိမ်တို့ ရှုနေတာ သဘာဝ ကျ, မကျကို ဆုံးဖြတ်နိုင်ပါတယ်။ ဒါကြောင့် ဒီဝါယောခေါတ်ကို တိုတိုနဲ့ မှတ်ချအောင် ဆောင်ပုဒ်ကလေး ပေးဦးမယ်၊ ဒီဆောင်ပုဒ်ကလဲ အသစ်အဆန်းတော့ မဟုတ်ပါဘူး၊ မကြာ မကြာ ဟောနေကျ ဆောင်ပုဒ်အဟောင်းပါဘဲ။ အဲဒီဆောင်ပုဒ်က-

ထောက်ကန် တောင့်တင်း လျော့ခြင်း တမည်၊
ယိမ်း ယိုင် လှုပ်ရှား ရွေ့သွားတတ်သည်။

သူ လိုရာဘက် တွန်းလျက် ဆောင်သည်၊
ဝါယောဓာတ် သိမ့်တ် မြတ်ယောဂီ တဲ့၊ ဒါပါဘဲ။

ဒီ ဆောင်ပုဒ်ထဲမှာ "ထောက်ကန် တောင့်တင်း လျော့ခြင်း တမည်" ဆိုတဲ့ ပဌမအပိုဒ်က "ဝိဇ္ဇမ္ဘနလက္ခဏာ ဝါယော ဓာတု" ဆိုတဲ့ အဋ္ဌကထာအရ စီကုံးထားတာပါဘဲ။ အဲဒီမှာ ထောက်ကန်တယ် ဆိုတာက် စာပေါ်ကျမ်းဂန်ထဲမှာ သုံးစွဲ စာသုံးစကားဘဲ၊ အရပ်ထဲမှာတော့ သုံးလေ့မရှိဘူး။ ဘော့လုံး ထဲမှာ အတွင်းက လေတွေက ပြည့်ပြီး တောင့်ခံထားတော့ အဲဒီဘောလုံးဟာ ဘေးကိုကားပြီး တောင့်တင်း နေတယ်။ အဲဒါကို စာသုံးနဲ့ပြောရယင် ထောက်ကန်ထားတယ်လို့ ပြောရ တယ်၊ အရပ်သုံးစကားနဲ့ ဆိုယင်တော့ အဲဒါဟာ တောင့်တင်း နေတာပါဘဲ။ လက်ကို ဒီလို ဆန့်တမ်းထားလိုက်ယင်၊ လက် ထဲမှာ တောင့်တင်းတာတွေ့ ထင်ရှားနေတယ်၊ အဲဒါတွေ့ဟာ ဝါယောဓာတ်ရဲ့ ထောက်ကန်မှုတွေ့ပါဘဲ။ ထောက်ကန်ဝါ ယောတွေ့လို့လဲ ခေါ်ရပါတယ်။

ဥပမာ-လေခေါင်းအုံးပေါ်လေမွေ့ရာပေါ်မှာ လူက ခေါင်း နဲ့ ကိုယ်နဲ့ ဘီပြီးနေယင် အဲဒီ ခေါင်းတို့ ကိုယ်တို့ဟာ အောက် ကို ကျန်ကျမသွားဘဲ အပေါ်မှာ မြင့်ပြီး တည်နေတယ်၊ အဲဒါ ဟာ ခေါင်းအုံးထဲမွေ့ရာထဲက တောင့်တင်းမှု ဝါယောဓာတ် လေရုပ်တွေ့က တောင့်ခံပြီး ထမ်းထားလို့ဘဲ။ အုန်ခဲပုံကြီးတွေ့ မြင့်တက်နေတာလဲ အောက် အောက်အုံ့ခဲတွေ့ထဲမှာ ရှိတဲ့ တောင့်တင်းမှု ဝါယောဓာတ်တွေ့က တောင့်ခံပြီး ထမ်းထား လို့ပါဘဲ၊ အကယ်၍သာ အောက်အောက်အုံ့ခဲတွေ့က တောင့်

ခံမထားယင်တော့ အပေါ်ကအုံ့ခဲတဲ့ဟာ အောက်ကိုကျ ပြီး နိမ့်ကျသွားကုန်မှာဘဲ။ လူ့ကိုယ်ထဲမှာလဲ ဒီနည်းအတိုင်းဘဲ၊ ထောက်ကန် တောင့်တင်းတဲ့ ဝါယောဓာတ် ဆိုတာတွေက ရုပ်ကိုယ်ကြီးထဲမှာ အနှံ့အပြည့် ရှိနေလို့ ဒီကိုယ်ကြီးဟာ အတုံး အခဲကြီး အထည်ဒြပ်ကြီးအနေနဲ့ ထူထောင်နေနိုင်တာ။ အဲဒီ ထောက်ကန် ထောင့်တင်းတာဟာ ဝါယောဓာတ်ရဲ့ အထည် ကိုယ်ပါဘဲ။ ဒီနေရာမှာ "တောင့်တင်းတယ်" ဆိုတာကလဲ သူ့ လောက် မတောင့်တင်းတာကို ထောက်ဆပြီး ခေါ်ရတာဘဲ၊ သူ့ထက် တောင့်တင်းတာနဲ့ ထောက်ဆလိုက်ယင်တော့ သူ့ကို လျော့တယ်လို့ဘဲ ခေါ်ရပြန်တယ်၊ ထိုအတူ "လျော့တယ်" ဆိုတာကလဲ သူ့ထက် တင်းတာကို ထောက်ဆပြီး ခေါ်ရတာ ဘဲ၊ သူ့ထက် လျော့တာနဲ့ ထောက်ဆလိုက်ယင်တော့ သူ့ကို တောင့်တင်းတယ်လို့ ခေါ်ရပြန်တယ်။ ဒါကြောင့် လျော့တယ် ဆိုတာလဲ ဝါယောဓာတ်ပါဘဲ။ ဒါကြောင့် "ထောက်ကန် တောင့်တင်း လျော့ခြင်း တမည်"လို့ ဆောင်ပုဒ်ထဲမှာ အပြည့် အစုံ ဖေါ်ပြထားတယ်။ ကဲ အဲဒီ ဆောင်ပုဒ်ကို ဆိုရမယ်။

ထောက်ကန် တောင့်တင်း လျော့ခြင်း တမည်၊ (ဆို)
ယိမ်း ယိုင် လှုပ်ရှား ရွေ့သွားတတ်သည်၊ (ဆို)

ဒါကတော့ သမုဒီရဏရသာ လို့ မိန့်ဆိုထားတဲ့ အဋ္ဌ ကထာအရ ဝါယောဓာတ်ရဲ့ **ကိစ္စရသ**ကိုပြတဲ့ဆောင်ပုဒ်စာပိုဒ်ပဲ။ ရွေ့ရှားတာလှုပ်ရှားတာဟာ ဝါယောဓာတ်ရဲ့အလုပ်ပဲ၊ ဝါယော ဓာတ်ဟာသူ အားကောင်းယင် တနေရာမှ တနေရာကို ရွှေ့ရွှေ့ သွားတယ်။ကိုယ်ထဲမှာ ကွေးလိုက် ဆန့်လိုက် ထိုင်လိုက် ထလိုက် သွားလိုက် လာလိုက်နဲ့ လှုပ်ရှားနေတာတွေဟာ ဝါယောဓာတ်

ချည်းဘဲ၊ အဲဒါဟာ သူ့ကိစ္စ သူ့အလုပ်နဲ့ ထင်ရှားနေတာတွေ့ဘဲ့။ ဝိပဿနာကို ကောင်းကောင်းအားမထုတ်ဘူးတဲ့ အချို့ပုဂ္ဂိုလ်တွေက "ကွေးတယ်၊ ဆန့်တယ်လို့ မှတ်ယင် လက်ခြေပုံသဏ္ဌာန်ပညတ်တွေ့ ထင်နေမှာပေါ့၊ ညာလှမ်းတယ်၊ ဗယ်လှမ်းတယ်လို့ မှတ်ယင် ခြေကားယား သဏ္ဌာန်ပညတ် ထင်နေမှာပေါ့၊ ဖေါင်းတယ် ပိန်တယ်လို့ မှတ်ယင် ငိုက်ပုံသဏ္ဌာန်ပညတ်ကြီး ထင်နေမှာပေါ့" လို့ ဒီလို သူတို့ခဲ့ ထင်မြင်ချက်ကို ပြောကြတယ်။ အဲဒီလို ပြောတာဟာ ရူခါစ ပုဂ္ဂိုလ်အတွက်တော့ မှန်သင့်သလောက် မှန်မှာပါဘဲ့။ သို့ပေမယ့် သူတို့ ထင်တဲ့အတိုင်း ပညတ်ချည်း ထင်နေမယ် ဆိုတာကတော့ မမှန်ပါဘူး၊ ရူခါစမှာ ပညတ်လဲ ထင်ပါတယ်၊ ပရမတ် လှုပ်ရှားမှုလဲ ထင်ပါတယ်။ တချို့ကလဲ ပရမတ် လှုပ်ရှားမှု သဘောကိုသာ ရူရှုမယ်လို့ ညွှန်ပြကြတယ်၊ အဲဒါကလဲ အားထုတ်ခါစ ပုဂ္ဂိုလ်အတွက် မဖြစ်နိုင်တဲ့ အလုပ်ပါဘဲ့။ အားထုတ်ခါစမှာ ပညတ်ကို လုံးလုံးမေ့ပျောက်ထားဘို့ ဆိုတာဟာ လက်တွေ့မှာတော့ မဖြစ်နိုင်တဲ့ အလုပ်ပါဘဲ့။

ဖြစ်နိုင်တာကတော့ လောကဝေါဟာရအတိုင်း ပညတ်နဲ့တဲ့ပြီး ရူမှဘဲ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားကိုက "ဇန္ဆာမိတိ ပဇာနာတိ–သွားသည်ဟု သိ၏၊ ဌိတောမိတိ–ကွေးသည်ရှိသော်၊ ပဇာနာတိ–ဆန့်သည်ရှိသော်" ဤသို့ စသည်ဖြင့် ပညတ်ဝေါဟာရနဲ့ဘဲ ဟောထားပါတယ်၊ "ဒိဃံ အဿသတိ ပဇာနာတိ–တောင့်တင်းသည်ဟု သိ၏၊ ဿသိတိ ပဇာနာတိ– ရှေ့.ရှားသည်ဟု သိ၏" ဤသို့စသည် ပရမတ်ဝေါဟာရသက်သက်နဲ့ မဟောခဲ့ပါဘူး။ ဒီမှန်မှာတော့ မြတ်စွာဘုရား

ဟောတဲ့အာတိုင်း "သွားတယ်၊ကွေးတယ်၊ဆန့်တယ်" စသည်ဖြင့် ပညတ်ဝေါဟာရနဲ့ ရှုနေပေမယ်လို့ သတိ သမာဓိက ရင့်ကျက်လာတဲ့အခါမှာ ပုံသဏ္ဌာန်ပညတ်တွေ အကုန်ပျောက်ပြီးတော့ တောင့်တင်း လှုပ်ရှားတဲ့ သဘာဝသက်သက်သာ ထင်ပါတယ်။ ဘင်္ဂဉာဏ်အဆင့် ကျောက်တဲ့အခါမှာ "သွားတယ် သွားတယ်" လို့ ရှုနေပေမယ်လို့ ခြေထောက်တွေလဲ မထင်ဘူး၊ ကိုယ်ကြီးလဲ မကြင်ဘူး။ တရိပ်ရိပ်နဲ့ မျှော့ရှားမှုအာဆင့်ဆင့်သာ ထင်နေတယ်။ "ကွေးတယ် ကွေးတယ်"လို့ ရှုနေပေမယ်လို့ လက်ခြေပုံသဏ္ဌာန် မထင်တော့ဘူး၊ တရွေ့ရွေ့ လှုပ်ရှားနေတဲ့သဘောသာ ထင်တယ်။ "ဖေါင်းတယ်၊ ပိန်တယ်" လို့ ရှုမှတ်နေပေမယ်လို့ ဗိုက်ပုံသဏ္ဌာန်လဲ မထင်ဘူး၊ ကိုယ်ကြီးလဲ မထင်ဘူး၊ အပြင်ဘက် ဘက် ရွှေသွားလိုက်၊ အတွင်းဘက် ရွှေလာလိုက်နဲ့ တရိပ်ရိပ် ရွှရှားနေတဲ့သဘောသာ ထင်နေတယ်။ အဲဒါတွေဟာ ဝိပဿနာယောဂါဝစရဘာဝနာသမုဒိရဏရသပါဘဲ။ ပြီးတော့ ယိမ်းတယ် ယိုင် တယ် ဆိုတာတွေကလဲ လှုပ်ရှားတာတွေ ချည်းပါဘဲ။ ဒါကြောင့် "ယိမ်း ယိုင် လှုပ်ရှား ရွှေသွားတတ်သည်"လို့ ဆောင်ပုဒ်က ဆိုထားတယ်။

ပြီးတော့ "အဘိနီဟာရပစ္စုပဋ္ဌာနာ" လို့ မိန့်ဆိုထားတဲ့ အတိုင်း အလိုရှိရာဘက်ကို တွန်းပို့နေသလို ဆွဲဆောင်နေသလို ယောဂီရဲ့ ဉာဏ်ထဲ ထင်ပေါ်နေတာဟာ ဝါ ယောဂါဝစရဘာဝနာ ပစ္စုပဋ္ဌာန်ဘဲ။ လက်ကို ကွေးတဲ့ ဆန့်တဲ့အခါမှာ အတွင်းဘက်ကို ဆွဲဆွဲယူလာသလို၊ အပြင်ဘက်ကို တွန်းတွန်း ပို့နေသလို ထင်ရှားတယ်။လမ်းလျှောက်နေတဲ့အခါမှာ သာပြီး ထင်ရှားတတ်တယ်။ ညာလှမ်းတယ်၊ ဗယ်လှမ်းတယ်၊ ကြွတယ်၊

လှမ်းတယ်၊ ချတယ်လို့ ရှုမှတ်ပြီး လမ်းလျှောက်နေတဲ့ယောဂီ မှာ သမာဓိ ဉာဏ်က အားကောင်းလာတဲ့အခါကျတော့ နောက် ကနေပြီး တွန်းတွန်းပို့နေသလို တရွေ့ချင်း ရွေ့ရွေ့ပြီး သွား လို့ကတာကလေးတွေဟာ အင်မတန်ကို ထင်ရှားပါတယ်၊ ခြေ ထောက်တွေက သူ့အလိုလို တွန်းတွန်းပြီးတော့ ပို့နေသလို၊ ဆဲ့ဆဲ့ပြီးတော့ ယူသွားသလို ဖြစ်နေတယ်၊ ယောဂီက ဘာမျှ အားမထုတ်ရဘဲ သူ့သဘောအတိုင်း ရွေ့ရွေ့သွားနေတာကလေး တွေဟာ သိပ် ထင်ရှားတာဘဲ။ တချို့များ ဒီလို ရှုမှတ်ပြီး သွားနေရတာကကောင်းတာနဲ့အချိန်တွေတောင် လွန်သွားတတ်သေး တယ်။ ယခု ဒီမှာ တရားအားထုတ်နေတဲ့ ယောဂီတွေထဲမှာ ဒီလို တွေ့နေတဲ့ပုဂ္ဂိုလ်တွေ တော်တော်များများ ရှိနေပါတယ်၊ မတွေ့ရသေးတဲ့ပုဂ္ဂိုလ်တွေလဲ ဆက်လက် အားထုတ်သွားယင် ဒီလို တွေ့သွားကြမှာပါဘဲ။

ဒါကြောင့် "သူလိုရာဘက် တွန်းလျက်ဆောင်သည်" လို့ ဆောင်ပုဒ်က ဆိုထားတယ်။ စိတ်အလိုရှိရာဘက်ကို တွန်းပို့ ဆဲ့ဆောင်နေသလို ထင်ရတာဟာ ဝါယောဓာတ်ရဲ့ ပစ္စုပဋ္ဌာန် ဘဲ့လို့ ဆိုလိုတယ်။ ဥပဋ္ဌာနာကာရော၊ ယောဂီ၏ ဉာဏ်ထဲ၌ ထင်ပေါ်သော အခြင်း အရာသည်။ **ပစ္စုပဋ္ဌာနံ နာမ၊** ပစ္စုပဋ္ဌာန်မည်တယ် လို့ ဆိုထားတဲ့အတိုင်း လှုပ်ရှားမှုကို ရှုမှတ် တဲ့ ယောဂီမှာ တွန်းပို့နေသလို ဆဲ့ဆောင်နေသလို ဉာဏ်ထဲ ထင် ပေါ်လာတဲ့ အခြင်းအရာဟာ ဝါယောဓာတ်ရဲ့ ပစ္စုပဋ္ဌာန်ဘဲ့။ ကဲ ဆောင်ပုဒ်ကို ဆိုရမယ်။

သူ လိုရာဘက် တွန်းလျက်ဆောင်သည်၊ (ဆို)
ဝါယောဓာတ် သိမှတ် မြဲတ်ယောဂီ။ (ဆို)

ဒီ နောက်ဆုံး အပိုဒ်ကတော့ "ဝါယောဓာတ်ကို ရှုယင် ဒီ ဆောင်ပုဒ်ထဲမှာ ပါ၀ါတဲ့အတိုင်း ထောက်ကန် တောင့်တင်းတဲ့ လက္ခဏာနဲ့ယင်လဲ သိရမယ်၊ သို့မဟုတ် လှုပ်ရှား ရွေ့သွားတဲ့ ရသနဲ့ယင်လဲ သိရမယ်၊ သို့မဟုတ် လိုရာဘက်သို့ ရှေးရှုဆောင်တဲ့ ပစ္စုပဋ္ဌာန်နဲ့ယင်လဲ သိရမယ်။ ဒီ ၃-နည်းထဲက တနည်း နည်းနဲ့ သိရမယ်၊ ဒီလို သိမှ သဘာ၀ ကျတယ်၊ အသိ မှန်တယ်" လို့ ဆိုလိုပါတယ်။

ဒါဖြင့်၊ ဒီ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန် ဆိုတာတွေကို ရှေးဦးစွာ ကျက်မှတ်ပြီး ရှုမှ ဖြစ်မှာလား လို့ မေးစရာ ရှိပါ တယ်။ ဒီလို မဟုတ်ပါဘူး၊ ကျက်မှတ်နေဘို့တော့ မလိုပါဘူး။ ဖြစ်ခိုက်ရုပ်နာမ်ကို စူးစိုက်ပြီး ရှုမှတ်နေယင် အဲဒီ ရုပ်နာမ်၏ လက္ခဏာကိုလဲ သိနိုင်ပါတယ်၊ ရသကိုလဲ သိနိုင်ပါတယ်၊ ပစ္စုပဋ္ဌာန်ကိုလဲ သိနိုင်ပါတယ်။ ဖြစ်ခိုက်ရုပ်နာမ်ကို ရှုပြီး သိယင် လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်နဲ့ မသိဘဲ တခြားနည်းဖြင့် သိလို့ကို မဖြစ်နိုင်ပါဘူး။

ဥပမာ- မိုးယံးရွာနေတဲ့အခါ ကောင်းကင်မှာ လျှပ်စီး လက်တယ်၊ အဲဒီ လျှပ်စီးလက်နေတုန်း ကြည့်မိလို့ မြင်တဲ့သူ ဟာ ဝင်းကနဲ လက်သွားတာကို မြင်ရတယ်၊ အဲဒီ ဝင်း ကနဲ လက်သွားတာဟာ လျှပ်စီးရဲ့ လက္ခဏာဘဲ၊ လျှပ်ဆိုတာ ဝင်းလက် သွားတာချည်းဘဲ။ ပြီးတော့ လျှပ်လက်လိုက်တဲ့ အခါ အမှောင်တွေ ပျောက်သွားတယ်၊ အဲဒါကိုလဲ တွေ့ရတယ်။ လျှပ်စီးက အမှောင်ကို ပယ်ဖျောက်တယ် ဆိုတာ ဟာ လျှပ်စီးရဲ့ရသဘဲ၊ လျှပ်စီးရဲ့ ကိစ္စ လျှပ်စီးရဲ့ အလုပ်ပဲ၊

အလင်းရောင် ဆိုတာ အမှောင်ကို ပယ်ဖျောက်တာချည်းဘဲ။ ဒါကြောင့် လျှပ် လက်နေတုန်း ကြည့်မိတဲ့သူဟာ လျှပ်ရောင်က အမှောင်ကို ပယ်ဖျောက်တတ်တယ် ဆိုတဲ့ လျှပ်ရဲ့ ရသကိုလဲ သိသွားတာဘဲ။ ပြီးတော့ လျှပ် လက်ပုံအခြင်းအရာကိုလဲ အဲဒီ ကြည့်မိတဲ့သူက သိသွားပါတယ်။ လျှပ်စီးက ရှည်ရှည်ဘဲ၊ တိုတိုဘဲ၊ ကောက်ကောက်ပဲ၊ ဝိုင်းဝိုင်းဘဲ၊ ဖြောင့်ဖြောင့်ဘဲ၊ ပြန့်ကျယ်ကြီးဘဲ စသည်ဖြင့် လျှပ်လက်ပုံ အခြင်းအရာကိုလဲ သိသွားပါတယ်။ ဘယ်သူဘဲ ဖြစ်ဖြစ် လျှပ်စီး လက်နေတုန်း ကြည့်မိယင် အဲဒီလျှပ်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်တွေကို ဟွန်မြင်သွားတာချည်းဘဲ၊ ကျက်မှတ်နေဘို့ မလိုပါဘူး၊ သို့သော် ကျက်မှတ်ထားတာ မဟုတ်တဲ့အတွက် "ဝင်းလက်တာက လက္ခဏာ ခေါ်တယ်၊ အမှောင်ကို ဖျောက်တာက ရသ ခေါ်တယ်၊ ပုံသဏ္ဌာန်အခြင်းအရာက ပစ္စုပဋ္ဌာန် ခေါ်တယ် လို့ ဒီလိုတော့ ခွဲခြားပြီး မပြောတတ်ပေဘူး။ အဲဒါလောက်သာ လိုပါတယ်၊ သိမြင်ရာမှာတော့ ဘာမှ မလိုပါဘူး၊ အကုန်လုံးဘဲ သိမြင်သွားပါတယ်။

အဲဒါလိုပါဘဲ၊ ရူပ်တရား နာမ်တရားတွေကိုဖြစ်ခိုက် ဖြစ်ခိုက်မှာ ရှုနေလျှင် သူ့လက္ခဏာနဲ့ သူ့ရသနဲ့ သူ့ပစ္စုပဋ္ဌာန်နဲ့ အကုန်လုံးဘဲ သိသွားပါတယ်၊ ကျက်နေဘို့ မလိုပါဘူး။ ဒါပေမယ့် စာပေကျမ်းဂန် ဗဟုသုတရှိတဲ့ အချို့ပုဂ္ဂိုလ်တွေကတော့ "ဒီလက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်တွေကို ကျက်မှတ်ပြီး ရှုရမယ်" လို့ ထင်နေကြတယ်။ ဒီလို မဟုတ်ပါဘူး၊ ကျက်ထားလို့ မှတ်မိနေတာတွေက သညာ၏ အာရုံ အမည်ပညတ်တွေဘဲ၊ ကိုယ်ထဲက သဘောတရား အစစ်တွေကို မထောက်ပါဘူး။ ဖြစ်ခိုက်

ရုပ်နာမ်တွေကို ရှုနေတဲ့ ယောဂီမှာတော့ ကိုယ်ထဲက တကယ် ဖြစ်နေတဲ့ သဘောတရား အစစ်ဘွဲ့ကို လက်နဲ့ကိုင်ကြည့်သလို သေသေချာချာတွေ့ပြီး သိနေပါတယ်၊ ဒါကြောင့် ကျက်မှတ် နေဘို့ မလိုပါဘူး။ ဥပမာအားဖြင့် ဆင်ကောင်ကြီးကို တွေ့၊ နေယင် ဆင်ရုပ်ကို ကြည့်နေဘို့ မလိုတာလိုပါဘဲ။

ဒါကြောင့် ဝမ်းပိုက်ထဲက ဖေါင်းတာ, ပိန်တာကို ဖေါင်း ခိုက် ပိန်ခိုက်မှာ ရှုနေတဲ့ ယောဂီဟာ ဝမ်းပိုက်ထဲက တောင့် တင်းတာ လျော့တာကိုလဲ သိရတယ်၊ အဲဒါဟာ ဝါယော ဓာတ်၏ ဝိတ္ထမ္ဘနလက္ခဏာဘဲ။ ပြီးတော့ အပြင်ဘက်ကို ရွေ့ သွားလိုက်၊ အတွင်းဘက်ကို ရွှေ့လာလိုက်နဲ့ တရိပ်ရိပ် ရွေ့ ရှားနေတာကိုလဲ သိရတယ်၊ အဲဒါက သမုဒီရဏရသဘဲ။ ပြီးတော့ တနေရာက တနေရာကို တွန်းပို့နေသလို ဆဲ့ဆောင် နေသလို အခြင်းအရာကိုလဲ သိရတယ်၊ အဲဒါက အဘိန်ဟာရ ပစ္စုပဋ္ဌာန်ဘဲ။ ဒီလို ဖြစ်ခိုက်မှာ ရှုရုံနဲ့ လက္ခဏာစသည်ကို အမှန်အတိုင်း သိနေယင် ကျက်မှတ်ဘို့ လိုပါဦးမလား၊ ကိုယ် တိုင် ရှုဘို့အတွက်ဆိုယင်တော့ မလိုပါဘူး၊ သူတပါးကို ဟော ပြောဘို့ ဆိုယင်တော့ လိုပါလိမ့်မယ်။ ပြီးတော့ "ဘယ်လှမ်း တယ်, ညာလှမ်းတယ်"လို့ ရှုမှတ်နေယင်လဲ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းမှာ တောင့်တင်းတာကိုလဲ သိရတယ်၊ ဝိတ္ထမ္ဘန လက္ခဏာဘဲ။ ရွှေ့ရွှေ့သွားတာကိုလဲ သိရတယ်၊ သမုဒီရဏ ရသဘဲ။ တွန်းတွန်းပို့နေသလို အခြင်းအရာကိုလဲ သိရတယ်၊ အဘိန်ဟာရပစ္စုပဋ္ဌာန်ဘဲ။ ဒီလို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်နဲ့ သိနေတာဟာ သဘာဝ ကျတဲ့အသိ, မှန်ကန်တဲ့အသိဘဲ။

ဝေဒနာကိုလက်တွေ့ရှုမှတ်ကြည့်ရန်

ဒီနေရာမှာ "ဖြစ်ခိုက်ကို ရှုမှတ်ရုံနဲ့ လက္ခဏာ စသည်ကို သိနိုင်တယ်" ဆိုတာကို ကိုယ်တိုင်တွေ့ မှတ်သားနိုင်အောင် လက်တွေ့ ရှုမှတ်ကြည့်ပါ။ ယခုအနေမှာဆိုယောင် ကိုယ်ထဲက ပူတာ ဖြစ်စေ၊ နာတာ ဖြစ်စေ၊ ညောင်းတာ ဖြစ်စေ၊ ကျဉ်တာ ဖြစ်စေ တခုခုတော့ ထင်ရှားး တွေ့နေကြပါလိမ့်မယ်။ အဲဒါတွေဟာ အခံခက်တဲ့ ဒုက္ခဝေဒနာတွေဘဲ။ အဲဒီ အခံခက်နေတဲ့ သဘောကလေးကို ဉာဏ်နဲ့ စူးစိုက်ပြီးတော့ "ပူတယ် ပူတယ်၊ နာတယ် နာတယ်" စသည်ဖြင့် ရှုမှတ်ကြည့်ပါ။ မကောင်းတဲ့ အတွေ့တွေနဲ့ တွေ့ပြီးတော့ ဆင်းရဲခံနေရတာကို တွေ့ပါလိမ့်မယ်၊ အဲဒါဟာ "အနိဋ္ဌဖေါဋ္ဌဗ္ဗာနုဘဝနလက္ခဏံ ဒုက္ခံ" လို့ မိန့်ဆိုထားတဲ့အတိုင်း အတွေ့ဆိုးကို ခံစားနေရတဲ့ သဘာဝ လက္ခဏာဘဲ။ အဲဒါကို တိုတိုနဲ့ မှတ်သားနိုင်အောင်လို့ ဆောင် ပုဒ်ကလေး စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

အတွေ့ဆိုးများ ခံစားတတ်သည်။ (ဆို)

အတွေ့ဆိုးတွေကိုခံစားနေရတာဟာ ဒုက္ခဝေဒနာရဲ့လက္ခဏာဘဲ၊ အဲဒါကို ရှုနေရုံနဲ့ သိနိုင်ပါတယ်။ ပြီးတော့ ဒီအခံခက်တဲ့ ဒုက္ခဝေဒနာဟာ သူ ဖြစ်လာယင် စိတ်အား၊ကို လျော့သွားစေ တတ်တယ်၊ ဒုက္ခက နဲနဲ ဖြစ်ယင် စိတ်အားဟာလဲ နဲနဲလျော့ သွားတယ်၊ ဒုက္ခက အပြင်းအထန် အများကြီး ဖြစ်လာယင် တော့ စိတ်အားတွေဟာလဲ အများကြီး လျော့ဆင်းသွားတယ်။ ဘယ်လို စိတ်အားထက်သန်နေတဲ့ သူပေမယ်လို့ ကိုယ်ထဲမှာ နာကျင်ခံခက်တဲ့ ဒုက္ခဝေဒနာတွေက အပြင်းအထန် ဖြစ်လာ

ယင်·စိတ်ခေတ်ဟာ ကျဆင်းသွားတာဘဲ၊ အလွန်ပင်ပန်းလာတော့ လှုပ်တောင် မလှုပ်နိုင်တော့ဘူး။ အဲဒီလို စိတ်အားဟော်ကို လျော့စေတာဟာ "သမ္မယုတ္တာနံ မိလာပနရသံ"လို မိန့်ဆိုထားတဲ့ ဋီကာအရ ဒုက္ခဝေဒနာရဲ့ ရသ ပါဘဲ။ အဲဒါကိုလဲ "စိတ်အား ကုန်ခန်း ညှိုးနွမ်းစေသည်"လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

စိတ်အား ကုန်ခန်း ညှိုးနွမ်းစေသည်။ (ဆို)

ဒီဆောင်ပုဒ်မှာ စိတ်ကိုသာ ပဓာနပြုပြီး ပြထားပါတယ်၊ ဒါကြောင့် "စိတ်အားကုန်တယ်, ညှိုးနွမ်းတယ်"ဆိုမှတော့ သူ့ယှဉ်ဘော် ယှဉ်ဘက် စေတသိက်တွေလဲ အားကုန်တယ် ညှိုးနွမ်းတယ်လို့ ယူဘို့ပါဘဲ။ ပြီးတော့ ဒုက္ခဝေဒနာရဲ့ ပစ္စုပဋ္ဌာန်ကတော့ "ကာယိကာဗာဓပစ္စုပဋ္ဌာနံ" ကိုယ်ထဲက နှိပ်စက်နေတဲ့သဘော အခံခက်နေတဲ့သဘောအနေအားဖြင့် ယောဂီ၏ ဉာဏ်ထဲမှာ ရှေးရှုထင်ပါတယ် တဲ့။ "ပူတယ် ပူတယ်၊ နာတယ် နာတယ်"စသည်ဖြင့် ရှုမှတ်နေယင် အဲဒီ ဒုက္ခဝေဒနာကလေးဟာ ကိုယ်ထဲက မပြတ်နှိပ်စက်နေတယ်လို့လဲ ထင်ပါတယ်၊အခံခက်တဲ့သဘောဘဲလို့လဲ ထင်ပါတယ်။ အဲဒါကတော့ ထင်ရှားလွန်းအားကြီးလို့ ညည်းတောင်မှ ညည်းနေကြရသေးတယ်။ အဲဒါကိုလဲ "ကိုယ်ထဲ နှိပ်စက် ခံခက် ထင်သည်"လို့ ဆောင်ပုဒ် စီထားတယ်။ ဆိုကြရမယ်။

ကိုယ်ထဲ နှိပ်စက် ခံခက် ထင်သည်၊ (ဆို)
ကိုယ်ဆင်းရဲ သိမြဲ မြတ်ယောဂီ။ (ဆို)

ကိုယ်ထဲက အခံခက်နေတဲ့ ဒုက္ခဝေဒနာကို ဖြစ်ခိုက်မှာ ရှုမှတ်နေယင် အတွေ့ဆိုးတွေနဲ့ တွေ့ပြီး ဆင်းဆင်းရဲရဲ ခံစားနေရ

တယ် ဆိုတဲ့ သူ့လက္ခဏာကိုလဲ သိတယ်၊ စိတ်အားကို လျော့စေတယ်ဆိုတဲ့ သူ့ရသကိုလဲ သိတယ်၊ ကိုယ်ထဲက မစံသာအောင် နှိပ်စက်နေတဲ့ အခံရခက်တာကလေးဘဲလို့ သူ့ပစ္စုပဋ္ဌာန်ကိုလဲ သိတယ်။ အဲဒါဟာယောဂီတွေ သိမြဲ လမ်းမှန်ဘဲ၊ ဒီအတိုင်းဘဲ သိရမယ်လို့ ဆိုလိုပါတယ်။

စိတ်ကို ရှုမှတ်ရန်

စိတ်ကိုလဲ လက်တွေ့ ရှုမှတ်ကြည့်နိုင်ပါတယ်။ စိတ်ဆိုတာ အာရုံကို သိတတ်တယ်၊ ကြုံစည်တတ်တယ်။ဒါကြောင့် စိတ်ကူးစဉ်းစား ကြုံစည်နေတာတွေဟာ စိတ်ပဲ။ အဲဒီစိတ်ကို ဖြစ်တိုင်း ဖြစ်တိုင်း စိတ်ကူးတယ် စဉ်းစားတယ် ကြုံတယ် သိတယ် စသည် ဖြင့်ရှုမှတ်ကြည့်ပါ။ အာရုံဆီကို သွားတဲ့သဘော အာရုံကို သိတဲ့ သဘောဘဲလို့ တွေ့ရပါလိမ့်မယ်။ အဲဒါဟာ “**ဝိဇာနနလက္ခဏံ စိတ္တံ**”လို့ မိန့်ဆိုချက်အရ စိတ်ရဲ့ လက္ခဏာပါဘဲ။ စိတ်တိုင်း စိတ်တိုင်း အာရုံကို သိတတ်တာချည်းဘဲ။မြင်တဲ့စိတ်လဲ အာရုံကို သိတာဘဲ၊ ကြားတဲ့စိတ် နံတဲ့စိတ် စားသိတဲ့စိတ် ထိသိတဲ့ စိတ် ကြုံသိတဲ့စိတ် အဲဒါတွေလဲ အာရုံကို သိတာချည်းဘဲ။စိတ်ဆိုယင် အာရုံကို သိခြင်းသဘောရှိတာချည်းဘဲ။ ဒါကြောင့် “အာရုံသိသော သဘော ရှိသည်”လို့ ဆောင်ပုဒ် စီထားတယ်။ က ဆိုကြရမယ်၊

အာရုံသိသော သဘောရှိသည်။ (ဆို)
ခေါင်းဆောင်အလား ရှေ့ဆွးတတ်သည်။ (ဆို)

လူစုလူဝေးနဲ့ အလုပ် လုပ်ရာမှာ ခေါင်းဆောင် ပုဂ္ဂိုလ်က ရှေ့ဆောင်ပြီး လုပ်ရတယ်၊ စိတ်ကလဲ အဲဒီ ခေါင်းဆောင်လိုဘဲ

ဒွါရမှာ ထင်လာတဲ့အာရုံကို ရှေ့ဆောင်ပြီး သိသိသွားတယ်၊ မျက်စိမှာ အဆင်း ထင်လာယင် စိတ်က ရှေးဦးစွာ မြင်သိသွားတယ်၊ ပြီးတော့မှ နောက်လိုက်အနေနဲ့ ခံစားမှု မှတ်သားမှု တပ်မက်မှု နှစ်သက်မှု ပြစ်မှားမှု ကြည်ညိုမှု အစရှိတဲ့ သဘောတရား တွေကထိုက်သည်အားလျော်စွာ ထင်ရှားဖြစ်ပေါ်လာကြတယ်။ နားမှာ အသံထင်လို့ ကြားသိရာ စသည်မှာလဲ ဒီအတိုင်းပါဘဲ။ စိတ်က ရှေသွားအနေနဲ့ သိသိ သွားတာချည်းပါဘဲ၊ စိတ်ကူးကြံစည်ရာမှာ ဆိုယင် သာပြီး ထင်ရှားပါတယ်။ ယောဂီက "ဖေါင်းတယ်, ပိန်တယ်" စသည်ဖြင့် မပြတ် ရှုမှတ်နေစဉ်မှာ စိတ်ကူး ကြံစည်မှု ဖြစ်ပေါ်လာယင် အဲဒီစိတ်ကိုလဲ ရှုမှတ်ရတယ်။ ဖြစ် ဖြစ်ချင်း ရှုမိယင်, တကြိမ်တည်းနဲ့ အဲဒီစိတ်ကူးဟာ ပြတ်စဲသွားတယ်။ဖြစ် ဖြစ်ချင်း မရှုမိယင်တော့ နှစ်သက်မှု လိုချင်မှု အစရှိတဲ့ နောက်လိုက်သဘောတရားတွေ တော်တော်များများ ဆက်ပြီး ဖြစ်သွားတာကို တွေ့ရတယ်။ ဒါကြောင့် ယောဂီက "စိတ်ဟာ ခေါင်းဆောင်ရှေသွား လုပ်တတ်တယ်" လို့ သိရတယ်။အဲဒီလို သိတာဟာ စိတ်ကို ပုဗ္ဗင်္ဂမရသနဲ့ သိသွားတာပါဘဲ။ ဓမ္မပဒပါဠိတော်မှာလဲ စိတ်ကို-

"မနောပုဗ္ဗင်္ဂမာ ဓမ္မာ" လို့ ဟောထားပါတယ်။

ဓမ္မာ၊ အသိနာမ်တရားတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ စိတ်လျှင် ရှေသွားရှိကြပါတယ် တဲ့။ဒါကြောင့် စိတ်ကို ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ပြီး ရှုမှတ်နေယင် ဟိုအာရုံဆီ ဖြုတ်ကနဲ ရောက်သွား လိုက်၊ ဒီအာရုံဆီ ဖြုတ်ကနဲ ရောက်လာလိုက်နဲ့ စိတ်ကလေး ရှေ့ဆောင် ရှေသွားဖြစ်နေတာကို ထင်ရှား တွေ့ရပါတယ်။ ပြီးတော့ "သန္ဒဟနပစ္စုပ္ပဒ္ဒာနံ- အစဉ်မပြတ် ဆက်စပ်သည့်

အနေအားဖြင့် ထင်သောအခြင်းအရာ ရှိတယ်”လို့ မိန့်ဆိုတဲ့ အဋ္ဌကထာစကားအရ စိတ်ရဲ့ ပစ္စုပဋ္ဌာန်ကိုလဲ ထင်ရှား သိရတယ်။ သိပုံကတော့ “ဖေါင်းတယ်, ပိန်တယ်” စသည်ဖြင့် မပြတ် ရှုမှတ်နေယင်း တခါတရံ စိတ်က အပြင်ထွက်သွားတယ်၊ အဲဒီစိတ်ကို ရှုမှတ်လိုက်တော့ သူက ပျောက်သွားတယ်၊ ပြီးတော့လဲ အခြားစိတ်တခုက ဆက်ပြီး ပေါ်လာပြန်တယ်။ အဲဒီစိတ်ကိုလဲ မှတ်လိုက်တော့ ပျောက်သွားပြန်တယ်၊ ပြီးတော့လဲ နောက်စိတ်တခုက ပေါ်လာပြန်တယ်၊ ဒီလို စိတ်အဆင့်ဆင့် ဆက်ပြီး ဖြစ်နေတာတွေကို တခါတရံမှာ တော်တော်များများဘဲ ရှုမှတ်ရပါတယ်၊ ဒီတော့ ယောဂီက ဒီလို သဘောကျသွားတတ်ပါတယ်၊ “စိတ်ဆိုတာဟာ တခုချင်း ဆက်ခါ ဆက်ခါ မပြတ် ဖြစ်နေတဲ့ သဘောတရားဘဲ၊ ရှေးစိတ် တခုတခု ပျောက်သွားယင် နောက်စိတ် တခုတခု ချက်ခြင်း ဆက်စပ်ပြီး မပြတ် ဖြစ်နေတာဘဲ” လို့ ဒီလို သဘောကျသွားတတ်ပါတယ်၊ အဲဒါဟာ စိတ်ရဲ့ သန္ဋာန၀ပ္ပဗန္ဓာန်ကို ကိုယ်တိုင်တွေ့ သိတာပါဘဲ။ ဒီလို သိတဲ့ယောဂီဟာ စုတိ, ပဋိသန္ဓေ အကြောင်းကိုလဲ သဘောပေါက်သွားတယ်။ “ဓသတယ် ဆိုတာလဲ ဘာမှ မထူးဆန်းဘူး၊ ယခု မှတ်သိရတဲ့ စိတ်ကလေး တခုတခု ချုပ်ပျောက်သွားတာမျိုးဘဲ၊ ဘ၀အသစ် ဖြစ်တယ် ဆိုတာလဲ ယခု မှတ်သိရတဲ့ စိတ်ကလေး တခုတခု ရှေးစိတ်နဲ့ ဆက်စပ်ပြီး ဖြစ်ပေါ်လာတာမျိုးဘဲ”လို့ ဒီလို သဘောပေါက်သွားပါတယ်၊ အဲဒီ သန္ဋာန၀ပ္ပဗန္ဓာန်ကိုလဲ တိုတိုနဲ့ မှတ်ရအောင် “ရှေးစိတ်နဲ့ စပ် အထပ်ထပ်ဖြစ်သည်”လို့ ဆောင်ပုဒ်ကလေး စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

ရှေးစိတ်နှင့် စပ် အထပ်ထပ် ဖြစ်သည်၊ (ဆို)
စိတ်တရား မှတ်သား မြတ်ယောဂီ။ (ဆို)

"စိတ်ဆိုတာ လက္ခဏာ အားဖြင့် အာရုံကို သိတတ်တဲ့ သဘောဘဲ၊ ရသအားဖြင့် ခေါင်းဆောင် ရှေသွားတတ်တဲ့ သဘောဘဲ၊ ပစ္စုပဋ္ဌာန်အားဖြင့် ရှေးနောက်မပြတ် ဆက်စပ်ပြီး ဖြစ်နေတဲ့သဘောဘဲ" လို့ ဒီလို မှတ်သားထားရမယ်လို့ ဆိုလို ပါတယ်။

ဖြစ်ခိုက်ရပ်နာမ်ကို စူးစိုက်ပြီး ရှုနေလျှင် ကျက်မှတ်မထား သော်လဲ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်နဲ့ သဘောမှန်ကို သိနိုင် ကြောင်း ရုပ်တရားထဲက ဝါယောဓာတ်ကို ပုံစံထုတ်ပြီး ရှင်း ပြခဲ့ပြီ၊ နာမ်ထဲကလဲ ဒုက္ခဝေဒနာနဲ့ စိတ်ကို ပုံစံထုတ်ပြီး ရှင်းပြ ခဲ့ပြီ။ အဲဒီ ပုံစံထုတ်ပြခဲ့တဲ့ ဝါယောရုပ်, ဒုက္ခဝေဒနာနှင့် စိတ် လိုဘဲ ကျန်တဲ့ ရုပ်တရား နာမ်တရားတွေကိုလဲ ဖြစ်ခိုက်မှာ စူး စိုက်ပြီး ရှုယင် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်နဲ့ သဘောမှန်ကို သိနိုင်တာချည်းပါဘဲ။ ရှုခါစ အားထုတ်ခါစ ယောဂီကတော့ ဒီရုပ်နာမ် ဥပါဒါနက္ခန္ဓာတရားတွေကို ယခု ပြောခဲ့တဲ့ လက္ခ ဏာ, ရသ, ပစ္စုပဋ္ဌာန်နဲ့လောက်သာ ရှုနိုင် သိနိုင်သေးတယ်၊ ဝိပဿနာ၏ အခြေမူလ ဖြစ်တဲ့ နာမရူပပရိစ္ဆေဒ, ပစ္စယပရိဂ္ဂဟ ဉာဏ်အဆင့်မှာတော့ ဒါလောက်ပဲ သိဘို့ လိုပါတယ်။ အစဉ် အတိုင်း ရှုလို့ သမ္မသနဉာဏ် အစရှိတဲ့ ဝိပဿနာဉာဏ်အစဉ်တွေ ရောက်တဲ့အခါကျတော့ အနိစ္စ, ဒုက္ခ, အနတ္တသဘောတွေကိုလဲ အမှန်အတိုင်း သိရပါတယ်၊ သိဘို့လဲ လိုပါတယ်။ အဲဒီလို သူ့အဆင့်အတန်းအလိုက် ဒီ ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ် တရားတွေကို ရှုရမယ် ဆိုတာကို ရည်ရွယ်ပြီးတော့-

"စဲလမ်းနိုင်ရာ၊ငါးခန္ဓာ၊ မှန်စွာ ရှုရှု ဖြစ်သတည်း" လို့ ဆောင်ပုဒ်မှာ ဆိုထားတယ်။ ဒါကအရေးကြီးတယ်နော်၊ ပေါ့ပေါ့ကလေး မအောက်မေ့နဲ့။ "ဝိပဿနာဉာဏ် ဖြစ်အောင် ရှုယင် ဥပါဒါနက္ခန္ဓာငါးပါး ရှုရတယ်" ဆိုတာကို မြဲမြဲမှတ်ထား ကြ။ "ဥပါဒါနက္ခန္ဓာငါးပါး ရှုရတယ်" ဆိုတာကတော့ နား လည်လောက်ပါပြီ။ ဒီတော့ မေးစရာက ပေါ်လာပြန်တယ်၊ အဲဒီ ဥပါဒါန်ကွန္ဓာတွေကို ရှုရတာဟာ ဘယ်အကျိုး ရအောင် လို့ ရှုရတာလဲ၊ ပြီးတော့ ကာလအားဖြင့် အတိတ်ကို ရှုရတာ လား၊ အနာဂတ်ကို ရှုရတာလား၊ ပစ္စုပ္ပန်ကို ရှုရတာလား၊ ကာလ ၃-ပါးမှ အလွတ် ကာလဝိမုတ်ကို ရှုရတာလား၊ ဘယ် အခါ ရှုရတာလဲလို့ ဒီလို မေးစရာရှိပါတယ်။ ဒါကြောင့် ဒီ အချက်တွေကို သရုပ်ဖေါ်ရအောင်-

"ဘယ်အကျိုးငှါ၊ ထိုခန္ဓာ၊ ဘယ်ခါ ရှုရပါသနည်း" လို့ မေးခွန်း တခု ထုတ်ထားတယ်။ အဲဒါကို ဆိုကြရမယ်။

. ဘယ်အကျိုးငှါ၊ထိုခန္ဓာ၊ ဘယ်ခါ ရှုရပါသနည်း။(ဆို)

ဒီ ဆောင်ပုဒ်ထဲမှာ "ဘယ်အကျိုးငှါ ရှုရပါသလဲ၊ ဘယ် အခါမှာ ရှုရပါသလဲ" လို့ အမေး ၂-ချက် ပါဝင်နေတယ်။ ပဌမအမေးရဲ့ အလိုက- အဲဒီ ဥပါဒါနက္ခန္ဓာတွေကို ဝိပဿနာ ရှုတာဟာ လောက ကြီးပွါး ချမ်းသာရေး အတွက်လား၊ ရောဂါဝေဒနာ ပျောက်အောင်လို့ ရှုရတာလား၊ အကြားအမြင် ပေါက်အောင်လို့ ရှုရတာလား၊ကောင်းကင်ပျံ မြေလျှိုး တန်ခိုး ဣဒ္ဓိပါဒ်တွေနဲ့ ပြည့်စုံအောင်လို့ ရှုရတာလား၊ ဘယ်အကျိုး အတွက်လဲလို့ ဒီလို မေးလိုပါတယ်။ ဝိပဿနာရဲ့ မူလ ရည်ရွယ် ချက်ကတော့ ယခု ထုတ်ဖေါ်ပြီး မေးခဲ့တဲ့ အကျိုးတွေထဲမှာ

ဘယ်အကျိုးအတွက်မှ မရည်ရွယ်ပါဘူး။ ဒါပေမယ့် တချို့ပုဂ္ဂိုလ်တွေမှာ ဝိပဿနာရှုတာနဲ့ အကြီးအကျယ် ရောဂါဝေဒနာတွေ ပျောက်သွားတာလဲ ရှိပါတယ်၊ ဘုရားလက်ထက်တော် ကာလဆီကဆိုလျှင် ဝိပဿနာရှုတာနဲ့ မဂ်ဖိုလ်ရောက်သွားတဲ့အခါမှာ မဂဲဖြင့်ပြီးတဲ့ အဘိညာဉ်တွေနဲ့ ပြည့်စုံသွားကြတာတွေလဲ ရှိခဲ့ပါတယ်၊ အဲဒီ အဘိညာဉ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေမှာ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ အဘိညာဉ်အစွမ်းဖြင့် အကြားအမြင်လဲ ပေါက်နေပါတယ်၊ ဣဒ္ဓိဝိဓအဘိညာဉ် အစွမ်းဖြင့် ကောင်းကင်ပျံ မြေလျှိုး တန်ခိုး ဣဒ္ဓိပါဒ်တွေနဲ့လဲ ပြည့်စုံနေပါတယ်။ယခု ကာလမှာလဲ ပါရမီထူးသူတွေမှာ အဲဒီလို ပြည့်စုံဘွယ် အကြောင်းတော့ ရှိပါတယ်။ ဒါပေမယ့် ဝိပဿနာရဲ့ မူလရည်ရွယ်ချက်ကတော့ ယခုပြောခဲ့တဲ့ အကျိုးတွေကို မရည်ရွယ်ပါဘူး၊ လိုရင်း မူလရည်ရွယ်ချက်အကျိုးကတော့ အဖြေဆောင်ပုဒ်ကျတော့ ပေါ်လာပါလိမ့်မယ်။

ဒုတိယအမေးရဲ့ အလိုကတော့- ခုနက ပြောခဲ့တဲ့ အတိုင်းပါဘဲ၊ ဖြစ်ပြီး ချုပ်ပြီး အတိတ်တရားဟောင်းတွေကို ပြန်လည် စဉ်းစားပြီး ရှုရမှာလား၊ မဖြစ်သေးတဲ့ အနာဂတ်တရားတွေကိုမျှော်တွေးပြီး ရှုရမှာလား၊ ဖြစ်ဆဲပစ္စုပ္ပန်တရားကို ရှုရမှာလား၊တကယ် ဖြစ်ဘူးတာလဲ မဟုတ်၊ ဖြစ်ဆဲလဲ မဟုတ်၊ ဖြစ်လတ်လဲ မဟုတ်ပါဘဲ စာပေကျမ်းဂန်အရ မှတ်သားထားဘူးတဲ့ ရုပ်နာမ်သဘောတရားတွေကို မှန်းဆတွေးတောပြီး ရှုရမှာလား လို့ ဆိုလိုပါတယ်။ အဲဒီ အမေး ၂-ရပ်ကို-

"မစ္စဲဘို့ရာ၊ ဖြစ်ဆဲမှာ၊ မှန်စ္စာ ရှုရပါသတည်း" လို့ ဖြေထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

မစ္စဲဘို့ရာ၊ ဖြစ်ဆဲမှာ၊ မှန်စွာ ရှုရပါသတည်း။ (ဆို)

ဒီ အဖြေဆောင်ပုဒ်ထဲမှာလဲ ဖြေရှင်းချက် ၂-ခုပါနေတယ်။ အမေးဆောင်ပုဒ်က "ဘယ်အကျိုးငှါ ရှုရပါသလဲ" ဆိုတဲ့ ပဌမအမေးကို ဒီအဖြေဆောင်ပုဒ်မှာ "မစ္စဲဘို့ရာ ရှုရပါတယ်" လို့ ဖြေထားတယ်။ ဟုတ်တယ်၊ ဝိပဿနာ ကင်းနေတဲ့ပုဂ္ဂိုလ်တွေမှာ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ပေါ်လာသမျှ ရုပ်နာမ်တွေကို တဏှာနဲ့လဲ သာယာပြီးစွဲလမ်းနေကြတယ်၊ ဒိဋ္ဌိနဲ့လဲ အထင်မှားပြီး စွဲလမ်းနေကြတယ်၊ မြဲတဲ့အနေ ချမ်းသာတဲ့အနေ ငါကောင် သတ္တဝါကောင်အနေနဲ့ စွဲလမ်းနေကြတယ်၊ အဲဒီလို စွဲလမ်းမှုတွေ ဖြစ်ခွင့်မရဘဲ ကင်းငြိမ်း သွားအောင်လို့ ဝိပဿနာ ရှုရတာဘဲ။ ဒါဟာ ဝိပဿနာရဲ့ မူလရည်ရွယ်ချက်ပဲ။ မရှုမိယင် စွဲလမ်းပုံ, ရှုမိယင် အစွဲအလမ်း ကင်းသွားပုံတွေကိုတော့ နောက် ဆောင်ပုဒ်များ ကျမှ ရှင်းပြီးပြောမယ်။

ပြီးတော့ အမေးဆောင်ပုဒ်က "ဘယ်အခါ ရှုရပါသလဲ" ဆိုတဲ့ ဒုတိယအမေးကို ဒီ အဖြေဆောင်ပုဒ်မှာ "ဖြစ်ဆဲမှာရှုရပါတယ်"လို့ ဖြေထားတယ်။ ဒီအဖြေစကားဖြင့် "အတိတ်ကိုလဲ မရှုရဘူး၊ အနာဂတ်ကိုလဲ မရှုရဘူး၊ ကာလဝိမုတ်ကိုလဲ မရှုရဘူး၊ ဖြစ်ဆဲ ပစ္စုပ္ပန်တရားကိုသာ ရှုရတယ်" လို့ ဆိုလိုပါတယ်။ ဒါကလဲ ပစ္စက္ခဝိပဿနာကိုသာ ရည်ရွယ်ပါတယ်၊ အနုမာနဝိပဿနာအရာမှာတော့ အတိတ် အနာဂတ် ကာလဝိမုတ်တွေကိုလဲ ရှုရပါတယ်။

ပစ္စက္ခနှင့် အနုမာန

ယခု အဲဒါကို ရှင်းပြဦးမယ်။ ဝိပဿနာ ဆိုတာ **ပစ္စက္ခ** နှင့် **အနုမာန**အားဖြင့် ၂-မျိုး ရှိတယ်။ တကယ်ဖြစ်ပေါ်လာတဲ့ ရုပ်တရား နာမ်တရားကို သဘာဝလက္ခဏာ, အနိစ္စလက္ခဏာ စသည်ဖြင့် ရှုပြီး မျက်မှောက်တွေ့ သိဘဲ့ဉာဏ်ကို ပစ္စက္ခဝိပဿနာ ခေါ်တယ်။ အဲဒီလို မျက်မှောက်၄တ္ထ သိပြီးတဲ့အခါမှာ မျက်မှောက်မတွေ့ရတဲ့ အတိတ် အနာဂတ် အလုံးစုံသော တရားတွေလဲ ဒီလို အနိစ္စ ဒုက္ခ အနတ္တသဘောတွေချည်းဘဲလို့ နည်းမှီးပြီး မှန်းဆ ရှုတာကို အနုမာနဝိပဿနာ ခေါ်တယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ ''အာရမ္မဏအန္ဓယေန ဥစ္ဆေဒ ဧကဝဍ္ဎနာ'' ဆိုတဲ့ ပဋိသမ္ဘိဒါမဂ် ပါဠိကို ဒီလို ဖွင့်ပြထားပါတယ်။

ပစ္စက္ခတော ဒိဋ္ဌဿ အာရမ္မဏဿ၊ မျက်မှောက်မြင်အပ်ပြီးသော ပစ္စုပ္ပန်အာရုံသို့။ အန္ဓယေန အနုဂမနေန၊ အစဉ်လိုက်သဖြင့်။ ယထာ ဣဒံ၊ (မျက်မှောက်တွေ့ရသော) ဤသို့ရကဲ့သို့။ တထာ၊ ထိုအတူ။အတိတေပိ သို့ရဂတံ ဘိဒ္ဓတ္ထ၊ အတိတ်ကာလ၌လဲ သို့ရတရားအပေါင်းသည် ပျက်ခဲ့လေပြီ။ အနာဂတေပိ ဘိဒ္ဓိဿတီတိ၊ အနာဂတ်ကာလ၌လဲ ပျက်လတ့ံဟူ၍။ ဧဝံ၊ ဤသို့။ ဥဘိန္နံ၊ မျက်မှောက်တွေ့ရ, မတွေ့ရသော အာရုံ နှစ်မျိုးတို့ကို။ ကေဿဘာဝေနေဝ ဝဝတ္ထာပနံ၊ ပျက်ခြင်းသဘော တူသောအားဖြင့်သာလျှင် ပိုင်းခြားခြင်းဘဲလို့ ဖွင့်ပြထားပါတယ်။

ဒီ ဝိသုဒ္ဓိမဂ် စကားရပ်ထဲမှာ **ပစ္စက္ခ**တော ဒိဋ္ဌဿ-မျက်မှောက်မြင်တယ်လို့ ဆိုတဲ့အတွက် အဲဒီလို မျက်မှောက်မြင်တဲ့

ဉာဏ်ကို **ပစ္စက္ခဝိပဿနာ**လို့ ခေါ်ရတယ်။ ပြီးတော့ အဲဒီ မျက်မှောက်မြင်ပြီးသို့ အစဉ်လိုက်ပြီးတော့ အတိတ် အနာဂတ် သန်းရကို **နည်းဂျိုင်းခြားတယ်** ဆိုတာဟာ အနုမာနအားဖြင့် မှန်းဆပြီး ရှုတာဘဲ၊ ဒါကြောင့် အဲဒီလိုရှုတဲ့ ဝိပဿနာကို **အနုမာနဝိပဿနာ**လို့ ခေါ်ရတယ်။ ဒီနေရာမှာ အထူး သတိပြုစရာကတော့ ဒီ အနုမာနဝိပဿနာဆိုတာ ပစ္စက္ခအားဖြင့်မျက်မှောက်မြင်ပြီးမှ ဖြစ်နိုင်တယ်၊ မျက်မှောက်မမြင်သေးပါဘဲနဲ့ မှန်းဆရလို့တော့ မဖြစ်နိုင်ဘူး ဆိုတာကို အထူးသတိပြု ထားကြရမယ်။ ပစ္စက္ခအားဖြင့် မျက်မှောက်မြင်ပြီးမှ အနုမာန ဉာဏ်အစစ် ဖြစ်နိုင်တယ် ဆိုတာကို ကထာဝတ္ထုအင်္ဂကထာ စကားဖြင့်လဲ ထင်ရှား သိရပါတယ်။

ကသန်းရသာပိ၊ တခုသော သန်းရ၏သော်လည်း။ အနိစ္စတာယ၊ မမြဲသည်၏အဖြစ်ကို။ ဒိဋ္ဌာယ၊ မြင်အပ်ပြီးသည် ရှိသော်။ သဗ္ဗေ သန်းရာ အနိစ္စာတိ၊ အလုံးစုံသော သန်းရတို့ မမြဲကုန်ဟူ၍။ အဝသေသေသု၊ ကြွင်းသော-မမြင်ရသော သန်းရတို့၌။ နယတော မနသိကာရော၊ နည်းမှီးသောအားဖြင့် နှလုံးသွင်းခြင်း ရှိခြင်းသည်။ ဟောတိ၊ ဖြစ်ပါတယ် တဲ့။ ဒါက ကထာဝတ္ထုအင်္ဂကထာဘဲ (၂၅၁)။ ခုနကပြောခဲ့တဲ့ အနုမာန ဝိပဿနာနဲ့ ဒီက **နယမနသိကာရ** ဆိုတာဟာ သဘောအား ဖြင့်အတူတူဘဲ။

ပစ္စက္ခ, အနုမာန အကြောင်းကို ပြောရတာနဲ့ စကားက အဆက်ပြတ်သွားတယ်။ ကဲ ယခု အတိတ် အနာဂတ် ကာလ ဝိမုတ်ကို မရှုရဘူး ဆိုတဲ့ မူလစကားကို ပြန်ရှင်းကြဦးစို့။

အတိတ် အနာဂတ်ကို ဘာကြောင့် မရှုရသလဲ လို့ ဆိုတော့ အတိတ် အနာဂတ် တရားကို ရှုယင် သဘောမှန် အတိုင်းလဲ မသိနိုင်ဘူး၊ ရှုသော်လဲ ကိလေသာ ငြိမ်းမှု မရှိဘူး၊ အဲဒါကြောင့် မရှုရတာပါဘဲ။ ထပ်ပြီးတော့ ရှင်းပြဦးမယ်။

အတိတ်ကိုစ၍ မရှုရ

အတိတ်တရား ဆိုတာ ရှေးရှေးဘဝတွေက ဖြစ်ခဲ့ဘူးတာတွေကို ဆိုယင် လုံးလုံးကို မသိနိုင်တော့ပါဘူး၊ ယခုဘဝမှာလဲ ငယ်ရွယ်စဉ်က ဖြစ်ခဲ့တာတွေဆိုယင် မသိတာကဘဲ များပါတယ်။ အဲဒီတော့ အဲဒီလို အတိတ်တရားတွေကိုရှုလို့ သဘာဝလက္ခဏာအားဖြင့် အမှန်အတိုင်း ဘယ်လိုလုပ်ပြီး သိနိုင်ပါမည်လဲ၊ မသိနိုင်ပါဘူး။ မကြာမီက မြင်ခဲ့ ကြားခဲ့ သိခဲ့တာကလေးတွေကိုတော့ ပြန်ပြီးဆင်ခြင်လိုက်ယင် ပေါ်လာနိုင်ပါတယ်၊ ဒါပေမယ့် အဲဒီလိုဟာတွေကလဲ "ငါမြင်ခဲ့တယ်၊ ငါကြားခဲ့တယ်၊ ငါကြုံခဲ့တယ်၊ ဟိုတုန်းက မြင်ခဲ့တာလဲ ငါဘဲ၊ ယခုဆင်ခြင်နေတာလဲ ငါဘဲ" စသည်ဖြင့် ငါကောင်အနေအားဖြင့်လဲ စွဲလမ်းပြီး, မှတ်ပုံတင်ပြီး ဖြစ်နေကြပါတယ်။ မြဲတဲ့အနေ, ချမ်းသာတဲ့အနေအားဖြင့်လဲ စွဲလမ်းပြီး, မှတ်ပုံတင်ပြီး ဖြစ်နေကြပါတယ်။ ဒါကြောင့် အဲဒါတွေကို ယခုမှ ပြန် ရှုပေမယ်လို့ သဘောတရားအနေနဲ့ မထင်တော့ပါဘူး၊ စွဲလမ်းပြီး ဖြစ်နေတဲ့အတွက် အဲဒီအစွဲဟာလဲ မပျောက်နိုင်တော့ပါဘူး။ သုတမယ စိန္တာမယညာဏ်ဖြင့် ရုပ်နာမ်သဘောတရားမျှဘဲလို့ ရှုနေပေမယ်လို့ တဖက်က မူလစွဲလမ်းချက်အတိုင်း "ငါဘဲ ငါဘဲ" စသည်ဖြင့် ထင်မှတ်လျက်ပဲ ရှိနေတယ်၊ ဒီတော့ မမြဲဘူးလို့ ရှုလိုက်ယင်း,

တဖက်က မြဲတယ်လို့ ပေါ်လာယင်း၊ ဆင်းရဲလို့ ရှုလိုက်ယင်း, တဖက်က ချမ်းသာတယ်လို့ ပေါ်လာယင်း၊ အနတ္တလို့ ရှုလိုက်ယင်း, တဖက်က အတ္တပါလို့ ပေါ်လာယင်းနဲ့ ကိုယ့်တယောက်ထဲ အငြင်းအခုံတွေ ဖြစ်နေတတ်တယ်။ နောက်ဆုံးကျတော့ ရှုတာက အနိုင်မရဘဲ၊ မူလက စဲ့လမ်းပြီးသား အတိုင်းသာ အတည်ဖြစ်နေတတ်ပါတယ်။ ယခုပြောခဲ့တဲ့အတိုင်း စဲ့လမ်းပြီး အတိတ်တရားတွေကို ရှုခြင်းဖြင့် သဘောမှန်လဲ မသိနိုင်ဘူး၊ အစဲ့အလမ်း ကိလေသာကိုလဲ မငြိမ်းစေနိုင်ဘူး၊ ဒါကြောင့် အတိတ်တရားကို မရှုရဟာ တဲ့။

အနာဂတ်ကို စ၍ မရှုရ

အနာဂက်တရား ဆိုတာကတော့ မဖြစ်ပေါ်လာသေးလို့ "ဘယ်တော့ ဖြစ်မယ်" လို့လဲ အတိအကျ မသိနိုင်ဘူး၊ ဘယ်လို ဖြစ်မယ် ဆိုတာကိုလဲ အတိအကျ မသိနိုင်ဘူး၊ ပြီးတော့ နောင်အခါမှ ဖြစ်မည့်တရားတွေကို စောစောက ကြိုတင်ပြီး ရှုထားပေမယ်လို့ နောင် တကယ်ဖြစ်ပေါ်လာတဲ့ အခါကျတော့ မရှုမိယင် တဏှာဒိဋ္ဌိကိလေသာက စဲ့လမ်းဦးမှာဘဲ။ ဒါကြောင့် အနာဂတ်ကို သုတမယ စိန္တာမယဖြင့် မှန်းဆပြီး ရှုတာဟာ သဘောမှန်လဲ မသိနိုင်ဘူး၊ အစဲ့အလမ်း ကိလေသာကိုလဲ မငြိမ်းစေနိုင်ဘူး။ ဒီလို အမှန်လဲ မသိ၊ ကိလေသာကိုလဲ မငြိမ်းစေနိုင်တဲ့အတွက် အနာဂတ်တရားကိုလဲ မရှုရတာ ဘဲ့။

ကာလဝိမုတ်ကို မရှုရ

ကာလဝိမုတ် ဆိုတာကတော့ မိမိသန္တာန်, သူတပါးသန္တာန်မှာ ဖြစ်ခဲ့ပြီးလဲ မဟုတ်၊ ဖြစ်ဆဲလဲ မဟုတ်၊ တကယ် ဖြစ်လတ့်

လဲ မဟုတ်ပါဘဲ, သုတ စိန္တာမျှဖြင့် ဆင်ခြင်တွေးဆပြီး ရှုနေတဲ့ တရားတွေပါဘဲ။ အဲဒါကို သေသေချာချာ စဉ်းစားကြည့်ယင် စာသံ ပေသံပါ၍ ခဲ့ခဲ့ညားညား ရှိသော်လဲ **အမည်ပညတ်, အာကာရပညတ်, သဏ္ဌာနပညတ်** တွေမျှ ဖြစ်နေကြောင်း ထင် ရှားတွေ့ရပါတယ်။ ယံခုဘဲ စဉ်းစားကြည့်ပါ၊ လူတယောက်က "ရုပ် အနိစ္စ, ရုပ် အနိစ္စ" လို့ဘဲ ဖြစ်ဖြစ်၊ "ရုပ်တရားသည် ခဏမစဲတဖဲ့ဖဲ့ ဖြစ်ပျက်နေသည်၊ ခဏမစဲ တဖဲ့ဖဲ့ ဖြစ်ပျက်နေသောကြောင့် မမြဲ မမြဲ" လို့ဘဲ ဖြစ်ဖြစ် ဆင်ခြင်ပြီး ရှုနေတယ် ဆိုပါတော့၊ အဲဒီလို ရှုနေတဲ့ရုပ်ဟာ ဘယ်က ရုပ်လဲ၊ တကယ် ဖြစ်ဘူးတဲ့ ရုပ်လား၊ တကယ် ဖြစ်နေဆဲ ရုပ်လား၊ တကယ် ဖြစ်မည့် ရုပ်လား၊ မိမိသန္တာန်က ရုပ်လား၊ သူတပါးသန္တာန်က ရုပ်လား၊ မိမိသန္တာန်က ဆိုလျှင်, ခေါင်းထဲက ရုပ်လား၊ ကိုယ်ထဲက ရုပ်လား၊ လက်ထဲက ရုပ်လား၊ ခြေထဲက ရုပ်လား၊ စက္ခုဒွါရက ရုပ်လား၊ သောတဒွါရက ရုပ်လား စသည်ဖြင့် စစ်ဆေးကြည့်ပါ၊ ဘယ်က ရုပ်မျှ ,မဟုတ်ဘဲ၊ **အမည်ပညတ်** စသော စိတ်ကူးအာရုံမျှ ဖြစ်နေကြောင်း ထင်ရှားပါလိမ့်မည်။ ဒါကြောင့် ကာလဝိမုတ်ကိုလဲ မရှုရတာပါဘဲ။

ပစ္စုပ္ပန်ကို စ၍ ရှုရသည်

ပစ္စုပ္ပန်ကိုတော့ဘာကြောင့်ရှုရပါသလဲ လို့ ဆိုယင်၊ **ပစ္စုပ္ပန်တရား** ဆိုတာ ယခုမှ ဒွါရ ၆-ပါးမှာ ထင်ပေါ်လာတယ်၊ အဲဒါကို ဘယ်ကိလေသာနဲ့မှ မစွဲလမ်းရသေးဘူး၊ အဝတ်သစ်မျှားမှာ အညစ်အကြေး မတင်သေးတာလို့, စက္ကူအသစ်မျှားမှာ မှင်စာလုံး မထင်သေးတာလို အသစ်စက်စက် စင်ကြယ်

နေတယ်။ အဲဒါကို ဝိပဿနာက ဦးအောင်ရှုမိလို့ အမှန် အတိုင်း သိသွားယင် အဲဒီတရားအပေါ်မှာ ကိလေသာ အညစ် အကြေးတွေမကပ်ငြို့ မစဲလမ်းနိုင်တော့ဘူး၊ မရှုမိယင်တော့ အဲဒီ တရားကို ကိလေသာက စဲလမ်းသွားတယ်၊ စဲဇမ်းပြီးမှတော့ လဲ ခုနကပြောခဲ့တဲ့အတိုင်း ပြုပြင်လို့ မရတော့ဘူး။ ဒါကြောင့် ဒီသဘောကို နားလည်အောင်လို့ "ဖြစ်ခိုက် မရှု၊ ရုပ်နာမ်စု၊ စဲမှု ဝင်ရောက်သည်"လို့ ဧဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဖြစ်ခိုက် မရှု၊ ရုပ်နာမ်စု၊ စဲမှု ဝင်ရောက်သည်။ (ဆို)

ဖြစ်ခိုက်မှာ, ဖြစ်တုန်း ဖြစ်ဆဲမှာ မရှုမိလို့ရှိယင် အဲဒီ ရုပ်နာမ်အပေါ်မှာ စဲလမ်းမှု ဝင်ရောက်ပါတယ် တဲ့။ ကာမုပါဒါန် ခေါ်တဲ့ တဏှာနဲ့လဲ စဲလမ်းတယ်၊ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် ခေါ်တဲ့ ဒိဋ္ဌိနဲ့လဲ စဲလမ်းတယ်။ အဲဒီ စဲလမ်း ဆိုတာဟာ ဥပါဒါန်ဘဲ၊ ဥပါဒါန် ဖြစ်ယင် ဘာတွေ ဖြစ်သွားသလဲ ဆိုတော့-

"တဿုပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊ (မ ၁-၃၃၃၊ သံ ၂-၁၂)" ဆိုတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော် အတိုင်း ဆင်းရဲ တရားတွေ ချည်း ဖြစ်သွားတယ်။ ဒါကြောင့် "စဲလမ်းတယ်" ဆိုတာဟာ သေးသေးကွေးကွေး-တရားမဟုတ်ဘူး၊ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် ဆိုတဲ့ အင်မတန်

ကြီးကျယ်တဲ့ ဥပဒေါနိတရားကြီးဘဲ။ အဲဒီ စံလမ်းမှု ဥပဒေါန် ဖြစ်တော့ကမ္မဘဝ ခေါ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေ ဖြစ် မြောက်လာတယ်။ ဖြစ်ပုံကတော့– စံလမ်းမိတဲ့သူဟာ "ဘယ်လို လုပ်ယင် ကောင်းစားချမ်းသာလိမ့်မယ်လို့ ကိုယ့်ထင်မြင်စံလမ်း ချက်ရှိတဲ့အတိုင်း ကိုယ်အလိုရှိတာတွေ ပြီးစီးအောင် တခုခုကို သူလုပ်တော့တာဘဲ၊ သူထင်ရာ သူ လုပ်တာပါဘဲ။ ယခု လူတွေ လုပ်ကိုင်နေကြတာတွေဟာ ကောင်းတာလဲ ရှိတယ်၊ ဆိုးတာ လဲ ရှိတယ်၊ အဲဒါတွေဟာ သူ့အထင်နဲ့သူ ကောင်းတယ် ထင်ရာတွေကို လျောက် လုပ်နေကြတာပါဘဲ။ အဲဒီလို ကောင်း တယ်ထင်တာက ဘာလဲ ဆိုယင်? ဥပဒေါန်ဘဲ။ ဒီလို လုပ်လျှင် ကောင်းမယ်၊ ဟိုလို လုပ်လျှင် ကောင်းမယ်လို့ ထင်နေကြတာ တွေဟာ ဥပဒေါန် အစံအလမ်းတွေဘဲ၊ ကောင်းမယ်လို့ ထင် တဲ့ ဒီအစံတွေနဲ့ လုပ်နေကြတာပါဘဲ။ ဘေးက ပုဂ္ဂိုလ် အမြင်နဲ့ မကောင်းပေမယ့်၊ လုပ်တဲ့ပုဂ္ဂိုလ် အမြင်နဲ့ကတော့ သူ့ဟာသူ ကောင်းနေတာချည်းဘဲ။ ဘယ်အလုပ်ပဲ ဖြစ်ဖြစ်၊ လုပ်တဲ့ပုဂ္ဂိုလ် ကိုမေးယင် "ကောင်းတယ်" လို့ချည်းပြောမှာဘဲ။ ကောင်းတယ် ထင်လို့ လုပ်တာပေါ့၊ မကောင်ဘူး ထင်ယင် ဘယ် လုပ်မှာလဲ။

အသေကကျောက်စာ

သီရိဓမ္မာသောက မင်းတရားကြီးက သူ့ကျောက်စာထဲမှာ ရေးထားတဲ့ စာပိုဒ်တခု ရှိတယ်၊ သူ့ဟာ အင်မတန် မှတ်သား စရာကောင်းပါတယ်။ ဘယ်လို ရေးထားသလဲဆိုတော့–

ကယာနံမေဝ ဒေခတိ– လူတွေဟာ ကိုယ်လုပ်တဲ့ဟာ ဆိုယင် အကောင်းချည်း ထင်ကြတယ်။

နော မိန ပါပံ ဒေခတိ- ကိုယ်လုပ်တဲ့ ဥစ္စာကို မကောင်း ဘူးလို့တော့ နဲနဲကလေးမှ မထင်ကြဘူး တဲ့။ ဒီလို အသောကကျောက်စာက ဆိုထားတယ်။သူ့ဟာ တယ် ဟုတ်တာဘဲ၊ ဘာဘဲဖြစ်ဖြစ် လူတွေဟာ ကောင်းတယ် ထင်လို့ လုပ်နေကြတာဘဲ။သူခိုးက သူတပါး ဥစ္စာကို ခိုးတယ် အဲဒါ သူ့အနေနဲ့တော့ ကောင်းတယ် ထင်လို့ ခိုးတာဘဲ။ဒမြက လုယက်တိုက်ခိုက်တယ်၊ အဲဒါလဲ သူ ကောင်းတယ် ထင်လို့ လုပ်တာဘဲ။ သတ်တဲ့သူက မည္ဉာမတာ ရက်ရက်စက်စက် သတ် တယ်၊ အဲဒါလဲ သူ ကောင်းတယ်ထင်လို့ လုပ်တာဘဲ။ **အဇာတသတ်မင်း**က သူ့ဘခင် **မိဖွိသာရမင်း**ကို သတ်တယ်၊ သူ ကောင်းတယ် ထင်လို့ လုပ်တာဘဲ။ **ဒေဝဒတ်**က မြတ်စွာဘုရား ကို ကျောက်တုံးနဲ့ လှိမ့်ချပြီး သေကြောင်းကြံတယ်၊ အဲဒါလဲ သူကောင်းတယ် ထင်လို့ လုပ်တာဘဲ။ အဆိပ်သောက်ပြီး သေ တဲ့လူဟာလဲ သူကောင်းတယ် ထင်လို့ လုပ်တာဘဲ။ ညအခါ မီးထဲ ဝင်တိုးတဲ့ ပိုးကောင်ကလေးတွေလဲ ကောင်းတယ်ထင်လို့ တိုးကြတာဘဲ။ ဒီလိုချည်းပါဘဲ၊ သတ္တဝါတွေဟာ ဘာမဆို ကောင်းတယ် ထင်လို့ လုပ်နေကြတာတွေချည်းပါဘဲ။ "ဒီအာ မှုကို လုပ်ယင် ကောင်းစားချမ်းသာသွားမယ်၊ ဒီလို လုပ်မှဘဲ ကောင်းစား ချမ်းသာနိုင်မယ်" လို့ ထင်ကြတဲ့အတွက် လုပ် နေကြတာဘဲ။ ဒါကြောင့် အသောက မင်းတရားကြီးက "လူတွေဟာ ကိုယ်လုပ်တာဆိုယင် အကောင်းချည်း ထင်နေ ကြတာဘဲ၊ မကောင်းဘူးလို့တော့ နဲနဲကလေးမှ မထင်ကြဘူး" လို့ သူ့အမိန့်တော် ကျောက်စာထဲမှာ ရေးထားခဲ့ပေတာဘဲ။ တကယ့်ကို မှတ်သားလောက်တဲ့ စကားဘဲ။ ယခု လောကမှာ

လူတွေဟာ ကိုယ့်ဟာကိုယ် အကောင်းချည်း ထင်နေကြတဲ့ အတွက် မတော်တာတွေလဲ လျှောက် လုပ်နေကြတာဘဲ။ အင်မတန်ဘဲ ကြောက်စရာကောင်းပါတယ်။

"ဘယ်လို လုပ်ယင် ငါ ကောင်းစား ချမ်းသာမယ်၊ ငါနှင့် စပ်တဲ့သူတွေ ကောင်းစား ချမ်းသာမယ်"လို့ ထင်တာဟေ့ဟာ စဲလမ်းမှု ဥပါဒါန်ဘဲ။ တကယ် စဲလမ်းမိမှတော့ အဲဒီစဲလမ်းတဲ့အတိုင်း လုပ်တော့တာဘဲ။ လုပ်တော့ ဘာဖြစ်သလဲ၊ **ကမ္မဘဝ**လို့ ခေါ်တဲ့ ကုသိုလ်ကံ, အကုသိုလ်ကံ ဖြစ်တယ်။

မှန်ကန်သော စွဲလမ်းမှု

"သူတပါး ကိုယ် စိတ် ဆင်းရဲအောင် အကျိုးမဲ့ကို မပြု လုပ်ဘဲ ရှောင်ကြဉ်လျှင် ကုသိုလ် ဖြစ်တယ်၊ သူတဲ့ပါးအကျိုးကို ရွက်ဆောင်လျှင် ကုသိုလ် ဖြစ်တယ်၊ ပေးလှူလျှင် ကုသိုလ် ဖြစ်တယ်၊ ရိုသေထိုက်တဲ့သူတွေကို ရိုသေလျှင် ကုသိုလ် ဖြစ်တယ်၊ ကုသိုလ် ဖြစ်လျှင် ယခု ဘဝမှာလဲ ဘေးရန်အန္တရာယ် ကင်းခြင်း, အသက်ရှည်ခြင်း, အနာကင်းရှင်း ကျန်းမာခြင်း စသော ကောင်းကျိုးတွေကို ရနိုင်တယ်၊ နောင် သံသရာဘဝတွေမှာလဲ ကောင်းကျိုးချမ်းသာတွေကို ရသွားနိုင်တယ်"လို့ ဒီလို စဲလမ်းတာမျိုးကတော့ မှန်ကန်သော စဲလမ်းမှုဘဲ။ အဲဒီလို အမှန်အတိုင်း စဲလမ်းတဲ့ပုဂ္ဂိုလ်က လောကကြီးပွါး ချမ်းသာရေးတွေကို ရည်ရွယ်ပြီး ဒါန, သီလ အစရှိတဲ့ ကောင်းမှုတွေကို ပြုတယ်။ ပြုတော့ ကမ္မဘဝ ခေါ်တဲ့ ကုသိုလ်ကံတွေ ဖြစ်သွားတယ်။ အဲဒီတော့ ဘာ ဖြစ်သလဲ လို့ ဆိုယင်၊ "**ဘဝပစ္စယာ ဇာတိ**"လို့ ဆိုတဲ့အတိုင်း လက်ရှိဘဝက သေတဲ့အခါမှာ အဲဒီကုသိုလ်ကံကြောင့် ဘဝအသစ် ဖြစ်ရတယ်။ ဘယ်

မှာ ဖြစ်ရသလဲ ဆိုယင်၊ **လူ့လောက နတ်လောက** ဆိုတဲ့ သုဂတိဘဝ ကောင်းမြတ်တဲ့ ဘဝတွေမှာဘဲ ဖြစ်ရပါတယ်။ လူ့ပြည်မှာ ဖြစ်ယင် အသက်ရှည်းခြင်း, အဆင်းလှခြင်း, ကျန်းမာခြင်း အစရှိတဲ့ ကိုယ်တွင်းဂုဏ်အင်္ဂါတွေနဲ့လဲ ပြည့်စုံနေမယ်၊ အမျိုးမြတ်ခြင်း, အခြေအရံများခြင်း, ပစ္စည်းဥစ္စာပေါများခြင်း အစရှိတဲ့ အပြင်ပဂုဏ်အင်္ဂါတွေနဲ့လဲ ပြည့်စုံနေမယ်။လူချမ်းသာကြီး ဖြစ်နေတယ်လို့ ဆိုရမှာပေါ့။ နတ်ပြည်မှာဖြစ်ယင်လဲ နတ်သား နတ်သီး အခြေအရံ ပရိသတ်တွေ, ဘုံဗိမာန်ကြီးတွေနဲ့ တခမ်းတနားကြီး ဖြစ်နေမှာပေါ့။ ဒါကြောင့် အဲဒီပုဂ္ဂိုလ်ဟာ "ချမ်းသာကောင်းစားလိမ့်မယ်"လို့ စွဲလမ်းခဲ့တဲ့ မူလရည်ရွယ်ချက်အတိုင်း ကောင်းစားချမ်းသာနေတယ်လို့ဘဲ လောကအလိုအားဖြင့် ဆိုရပါတယ်။

ကုသိုလ်အကျိုးလဲ ဒုက္ခဘဲ

ဒါပေမယ့် မြတ်စွာဘုရား၏ ဒေသနာတော်အရ ဆိုယင်တော့ အဲဒီလူချမ်းသာကြီး, နတ်ချမ်းသာကြီး ဖြစ်နေရတာလဲ ဆင်းရဲ မကင်းသေးဘူး။ **ဇာတိပစ္စယာ ဇရာမရဏံ**-ဘဝအသစ်ဖြစ်တဲ့အတွက် အိုရခြင်း, သေရခြင်းလဲ ပေါ်လာပါတယ် တဲ့။ သူ့ခမျာ အဲဒီဘဝမှာ ဖြစ်မိတဲ့အတွက် လူချမ်းသာကြီး ဖြစ်နေပေမယ့်လို့ အဲဒီ လူချမ်းသာကြီးအဖြစ်နဲ့ဘဲ အိုရဦးမယ်။ ယခုလောကမှာရှိတဲ့ လူချမ်းသာကြီးတွေကို လျှောက်ကြည့်ပါ၊ အသက် (၇၀) ကျော် (၈၀) ဆိုယင် ဘာမှ နေရာမကျဘူး၊ ဆံပင်တွေက ဖြူ, သွားတွေက ကျိုး, မျက်စိက မှုန်, နားကထိုင်း, ခါးက ကိုင်း, အရေတွေက တွန့်,အားအင်တွေက ဆုတ်

ယုတ်ပြီး အသုံးမကျတဲ့အနေ ရောက်နေကြတာဘဲ မျှားပါ တယ်။ အဲဒီ အဘိုးအို အဖွါးအိုကြီးတွေဟာ ပစ္စည်းဥစ္စာ တွေက ဘယ်လိုဘဲ ပြည့်စုံနေပေမယ်လို့၊ ဂုဏ်သိရ်တွေက ဘယ် လိုဘဲ ကြီးနေပေမယ်လို့ ပျော်နိုင်ကြပါဦးမလား။ ပြီးတော့ အိုနာတမျိုးမျိုးကလဲ စွဲကပ်နေတတ်သေးတယ်၊ အဲဒါကြောင့် လဲ အဲဒီလို အဘိုးအို အဖွါးအို ကြီးတွေမှာ ကောင်း ကောင်းလဲ မအိပ်နိုင်ကြဘူး၊ ကောင်းကောင်းလဲ မစားနိုင်ကြ ဘူး၊အထိုင် အထ အသွား အလာမှာလဲ ပေါ့ပေါ့ပါးပါးမရှိကြ တော့ဘူး။ နောက်ဆုံးတန့ေကျတော့ အဲဒီ လူချမ်းသာကြီးလို့ ခေါ်ရတဲ့ အဘိုးအို အဖွါးအိုကြီးတွေဟာ သေရဦးမှာဘဲ၊ သူ့ဌေးဘဲ ဖြစ်ဖြစ်၊မင်းဘဲ ဖြစ်ဖြစ်၊ ဘယ်လောက် အထက်တန်း ကျတဲ့ ပုဂ္ဂိုလ်ကြီးဘဲ ဖြစ်ဖြစ် တန့ေကျတော့ သေရပြန်တာဘဲ။ အဲဒီလိုအခါမှာ ဘာမှ အားကိုးစရာ မရှိတော့ဘူး၊ ဆွေးမျိုး တွေ မိတ်ဆွေတွေ အခြေအရံတွေက အနီးအပါးမှာ ဝိုင်းပြီး ပြုစုနေကြမယ်၊ အဲဒီလို ပြုစုနေယင်းဘဲ မျက်စိကလေး မှိတ်ပြီး တော့ စုတိစိတ် ကျပြီး သေသွားရမှာဘဲ။ သေပြီးတော့လဲ ကံအားလျော်စွာ ဘဝတပါးကို တယောက်ထည်း ခဲ့ခဲ့ါသွားရ မယ်။ အဲဒီလိုအခါမှာ လက်ရှိ စည်းစိမ် အခြေအရံတွေကို စွန့်သွားဘို့လဲ တော်တော်ကို ခက်မှာပါဘဲ၊ ကုသိုလ်ကံ မပြည့် စုံတဲ့ သူတွေမှာဆိုယင် သွားရမည့် နောက်ဘဝ အတွက်လဲ တော်တော်ကို စိတ်ပူမှာပါဘဲ။

ထို့အတူ နတ်ချမ်းသာကြီးလဲ သေရမှာဘဲ။ နတ်လဲ မသက် သာပါဘူး။ နတ်မျှားမှာ စုတေခါနီး လူ့ပြည်က ဇာက်နဲ့ (၇) ရက်လောက်အတွင်းမှာ ပုဗ္ဗနိမိတ်ငါးပါး ထင်သတဲ့၊

ပန်ဆင်ထားတဲ့ နတ်ပန်းတွေက ဘယ်တော့မှ မညှိုးဘူးဘဲနဲ့ အဲဒီ အခါမှာ ညှိုးကုန်သတဲ့၊ နတ်ဝတ်တန်ဆာတွေကလဲ ဘယ် တော့မှ မညစ်နွမ်းဘူးဘဲနဲ့ ညစ်နွမ်းကုန်သတဲ့၊ လက်ကတီး ကြားကလဲ ချွေးတွေ မကျစဘူးဘဲ ကျလာသတဲ့၊ ကိုယ်မှာလဲ တသက်လုံး ပျိုပျိုရွယ်ရွယ်နဲ့ ရှိလာခဲ့ပါလျက် အဲဒီအခါကျမှ အိုရုပ်တွေပေါ်လာသတဲ့၊ နတ်တသက်လုံး ဘယ်တော့မှ မပျင်း ခဲ့ဘူးပါဘဲနဲ့ အဲဒီအခါမှာ နတ်ပြည်တွင် ဘယ်မှာမှ မပျော် တော့ဘဲ ပျင်းလာပါသတဲ့၊ အဲဒီလို ပုဗ္ဗနိမိတ်ငါးပါး ထင်လဲ့ တဲ့အခါ "မကြာခင် သေရတော့မယ်" ဆိုတာကို သိနေတော့ အဲဒီနတ်မှာ အကြီးအကျယ် စိုးရိမ်ပူပန်ရပါသတဲ့။ မြတ်စွာ ဘုရားလက်ထက်တော်ကာလက သိကြားမင်းကြီးမှာ အဲဒီလို ပုဗ္ဗနိမိတ်တွေ ထင်ပေါ်လာတော့ "သေရတော့မယ်" ဆိုတာ ကို သိရတဲ့အတွက် သောကပရိဒေဝမီးတွေ အကြီးအကျယ် တောက်လောင်ရှာသတဲ့။ "ငါ သေရတော့မယ်၊ လက်ရှိအခြေ အရံစည်းစိမ်တွေနဲ့ ခွဲရတော့မယ်၊ သိကြားစည်းစိမ် ဆုံးရှုံးရ တော့မယ်" လို့ တွေးတောပူပန်ပြီး ကြောက်ရွာလွန်းလို့ မြတ် စွာဘုရားထံ အမြန်လာပြီး တရားနာရတယ်။အဲဒီ အကြောင်း တွေကတော့ တနွေက အကျယ်ဟောပြီးပါပြီ။ အဲဒီလို မြတ် စွာဘုရားထံမှာ တရားနာတော့ တရားနာနေယင်းဘဲ သော တာပန်လဲ ဖြစ်သွားတယ်၊ ဘဝဟောင်း သိကြားအဖြစ်က စုတေပြီး သိကြားအသစ်လဲ ပြန် ဖြစ်သွားတယ်။သူ့မှာ လက်ရှိ စည်းစိမ်တွေ ဆုံးရှုံးမသွားသေးလို့ တော်ပါသေးရဲ့။ အဲဒီ တုန်းက မြတ်စွာဘုရားက ထင်ရှားရှိနေပေလို့ဘဲ၊ အကယ်၍ သာ မြတ်စွာဘုရားက မရှိဘူးဆိုယင် ဒီသိကြားမင်းဟာ ဘယ်

အထိ ဒုက္ခရောက်သွားမယ် ဆိုတာ မပြောနိုင်ဘူး။ ဒါကြောင့် နတ်ချမ်းသာကြီးဖြစ်ရတယ် ဆိုတာလဲ မသက်သာလှပါဘူး။

ပြီးတော့ လူချမ်းသာ နတ်ချမ်းသာဘဝမှာ အိုရ သေရ ရုံတွင်မကသေးဘူး၊ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာသမ္ဘဝနှီ-အကြောင်းအာဒေါလျော်စွာ စိုးရိမ်ပူဆွေးရတာတွေ့, ငိုကြွေးရတာတွေ့, ကိုယ်ဆင်းရဲအမျိုးမျိုးတွေ့, စိတ်ဆင်းရဲအမျိုးမျိုးတွေ့, စိတ်နှလုံးပြင်းစွာ ပူပန်ရတာတွေ့လဲ ဖြစ်ပေါ်လာကြပါသေးတယ် တဲ့။ ဒါတွေ့ဟာ အကုန်လုံး မလိုလားအပ်တဲ့ ဆင်းရဲတွေ့ချည်းဘဲ။ ဒါကြောင့် ဧပံ၊ ဤဆိုခဲ့သောနည်းဖြင့်။ ကေဝလဿ၊ ချမ်းသာနှင့် မရောမယှက် သက်သက်သော။ တေဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစုဂြိ။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်ပါတယ် တဲ့။ ဒီ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် အရအာဖြင့် စဲလမ်းမှု ညပါဒါန်ကြောင့် ကုသိုလ် ကမ္မဘဝ ဖြစ်ပေါ်လာတာလဲ ကြောက်စရာကောင်းတဲ့ ဆင်းရဲဘဲ၊ အဲဒီ ကမ္မဘဝကြောင့် လူချမ်းသာ, နတ်ချမ်းသာ ဖြစ်ရတယ် ဆိုတာလဲ ဖြစ်ရ အိုရ သေရ စိုးရိမ်ပူဆွေးရ ငိုကြွေးရ ကိုယ်စိတ်ဆင်းရဲရ အစရှိတဲ့ဒုက္ခတွေ့ကြောင့် ကြောက်စရာကောင်းတဲ့ ဆင်းရဲတွေ့ချည်းဘဲ၊ အကုန်လုံး ဆင်းရဲချည်းဘဲ လို့သာ ဆိုရတယ်။

အကုသိုလ်အကျိုးက သာဗြိုး ကြောက်စရာကောင်းတယ်

ကုသိုလ်၏ အကျိုးဖြစ်တဲ့ လူ့ဘဝ နတ်ဘဝတွေ့လဲ ဆင်းရဲဘဲ ဆိုယင်၊ အဲဒီ ကုသိုလ်ကို မပြုဘဲ နေတာက ကောင်းမယ်

မဟုတ်လားလို့ ဒီလို မေးစရာ ရှိပါတယ်။အဲဒီလိုလဲ မမှတ်ရဘူး၊ ကုသိုလ်ကိုမပြုယင် အကုသိုလ်တော့ချည်း ဖြစ်ပွါးနေမယ်၊ဒီတော့ အဲဒီ အကုသိုလ် ကံကြောင့် ငရဲကိုလဲ ကျရောက်သွားမယ်၊ တိရစ္ဆာန်ဘုံလဲ ရောက်သွားမယ်၊ပြိတ္တာဘုံလဲ ရောက်သွားမယ်၊ အသုရကာယ်ဘုံလဲ ရောက်သွားမယ်။အဲဒီ အပါယ် ၄-ဘုံရောက်သွားမှ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေနဲ့ မပြတ်တွေ့ပြီး မပြတ် ဒုက္ခရောက်သွားမှာ၊ အဲဒါကမှ သာပြီး ကြောက်စရာကောင်းတာ။ လူ့ဘဝ နတ်ဘဝကို ဆင်းရဲတယ်လို့ ဆိုရတာကတော့ နိဗ္ဗာန်လို အိုခြင်း သေခြင်း အစရှိတဲ့ ဆင်းရဲတွေ မကင်းသေးတဲ့အတွက် နိဗ္ဗာန်နဲ့ နှိုင်းစာပြီးတော့သာ ဆင်းရဲတယ်လို့ ဆိုရတာ။ အကုသိုလ်အကျိုး အပါယ်ဘဝတွေနဲ့ နှိုင်းစာကြည့်ယင်တော့ လူ့ဘဝ နတ်ဘဝတွေကို ချမ်းသာတယ်လို့ဘဲ ဆိုရပါတယ်။

မှားယွင်းသော စွဲလမ်းမှု

မှန်ကန်တဲ့ အစဲအလမ်းကြောင့် ကုသိုလ်ကမ္မဘဝ ဖြစ်ပုံ စသည်ကိုတော့ နားလည်လောက်ပါပြီ။ ယခု မှားယွင်းတဲ့ အစဲအလမ်းကြောင့် အကုသိုလ်ကမ္မဘဝ စသည် ဖြစ်ပြီး အတိုင်းထက်အလွန် ဆင်းရဲပုံကို ပြောမယ်။ တချို့က "ဒီလို လုပ်မှဘဲ ကောင်းစား ချမ်းသာမယ်"လို့ ထင်မှတ်စဲလမ်းပြီးတော့ သူတပါးကို ရက်ရက်စက်စက် သတ်တယ်၊ သူတပါး ဥစ္စာကို မညှာမတာ ခိုးတယ်၊ လုယက်တယ်၊ သူတပါး အကျိုးမဲ့ကို မတော်မတရား ပြုတယ်၊ အဲဒီလို ပြုတာဟာ အကုသိုလ် ကမ္မဘဝတွေဘဲ။ အဲဒီ အကုသိုလ်ကမ္မဘဝတွေကို ပြုထား

တဲ့သူမှာ တနေ့ကျတော့ အဲဒီ အကုသိုလ်ကံတွေက တန်ပြန်ပြီးတော့ မကောင်းကျိုးတွေကို ပေးတော့တာဘဲ၊ အဲဒီတော့ ကိုယ်ထင်တဲ့အဘိုင်းချမ်းသာမဟုတ်ဘဲ ဆင်းရဲတွေနဲ့သာ တွေ့နေရတော့တာဘဲ။ အထူးအားဖြင့် အကျိုးပေးပုံကတော့ လက်ရှိဘဝက သေသွားတဲ့အခါမှာ မိမိပြုထားတဲ့ အကုသိုလ်ကမ္မဘဝကြောင့် ဘဝအသစ် ဖြစ်ရတဲ့ယ်၊ ဖြစ်ရတော့လဲ ဘဝကောင်းတွေမှာ ဖြစ်ရတာ မဟုတ်ဘူး၊ ငရဲ တိရိစ္ဆာန် ပြိတ္တာ အသုရကာယ် ဆိုတဲ့ အပါယ် ၄-ဘုံမှာ ဖြစ်ရတယ်။ အဲဒီ အပါယ်ဘုံတွေမှာ ဖြစ်ရတယ်ဆိုတော့ ဖြစ်ကတည်းက ချက်ခြင်း ဆင်းရဲဒုက္ခနဲ့ တွေ့ရတော့တာဘဲ၊ ငရဲကို ကျရောက်သွားတယ် ဆိုယင်၊ မီးပုံကြီးထဲ ခုန်ချလိုက်ရသလို တခဲထဲ အကြီး အကျယ် ဒုက္ခရောက်တော့တာဘဲ။ လူ့ဘဝက ဆွေမျိုးတွေက မျက်ရည်စက်လက်နဲ့ ငိုကျွေးနေကြတုန်းမှာဘဲ စုတိစိတ်ကလေး ကျလိုက်တာနဲ့ တပြိုင်နက် ငရဲမီးထဲ ခုန်ချလိုက်ရ သလိုဘဲ ဖြုတ်ကနဲ ကျရောက်သွားတယ်၊ သိပ် ကြောက်စရာကောင်းတာဘဲ။ အဲဒီလို ငရဲကျရောက်သွားပြီ ဆိုမှတော့ လူမပြောနဲ့တော့ အင်မတန် တန်ခိုးကြီးတဲ့ မာရ်နတ်ကြီးတောင် ဘာမှ ထောက်တည်ရာ မရတော့ဘူး။

ဒုဿီမာနတ်ဝတ္ထု

ကကုသန်မြတ်စွာဘုရား လက်ထက်တုန်းက ဒုဿီဆိုတဲ့ မာရ်နတ်ကြီးဟာ အင်မတန် မာန်မာန ထောင်လွှားနေသတဲ့၊ သူက မြတ်စွာဘုရားကိုရော, ရဟန်းသံဃာတော်တွေကိုရော အကျိုးမဲ့ ဖြစ်အောင် အမျိုးမျိုး အနှောင့် အယှက်တွေ ပြုနေသတဲ့။

အဲဒီလိုအမျိုးမျိုး နှောင့်ယှက်ရုံနဲ့ အားမရတဲ့အတွက် နောက်ဆုံးကျတော့ သူက လူတယောက်ကို ပူးကပ်ပြီးတော့ မြတ်စွာဘုရား နောက်တော်က လိုက်ပါလာတဲ့ အဂ္ဂသာဝက ရဟန္တာ မထေရ် မြတ်ကို ခဲနဲ့ ပေါက် တယ်၊ ရဟန္တာမထေရ်မှာ သူပေါက်တဲ့ ခဲဒဏ်ကြောင့် ပရိနိဗ္ဗာန် စံသွားရရှာတယ်။ ဒီတော့ အဲဒီမာရ်နတ်ကြီးလဲ အလွန်ကြမ်းကြုတ်တဲ့ မကောင်းမှုကို ပြုမိတဲ့အတွက် ချက်ခြင်းဘဲ ကံကုန်ပြီး မာရ်နတ်အဖြစ်က စုတေသွားတယ်၊ စုတေပြီးတော့လဲ ချက်ခြင်းဘဲ အဝီစိငရဲ ကျရောက်သွားတယ်။ ငရဲထိန်းတွေ လက်အောက် တခါတည်း ရောက်သွားတော့တာဘဲ၊ အဲဒီလို ရောက်သွားတော့ သူ့ခမျာ ဘာမှ မလှုပ်နိုင်ရှာဘူး၊ မာရ်နတ်ဘဝတုန်းကတော့ နတ်ပြည် ၆-ထပ်မှာ သူက အင်မတန် စွာနေတယ်၊ အခြားနတ်တွေအပေါ်မှာ သူက မင်းမူနေတယ်၊ နတ်အများကသူ့ကို ကြောက်နေကြရတယ်။ ငရဲ ကျရောက်သွားတဲ့အခါကျတော့ ငရဲ ထိန်းတွေရဲ့ ခြေဖဝါးအောက်မှာ နင်းပြားဖြစ်လို့ ဘာမှ အစွမ်းသတ္တိ မရှိရှာတော့ဘူး၊ တခါထဲ ချက်ခြင်း ဒုက္ခရောက်သွားရှာတော့တာဘဲ။

ယခု လူ့လောကမှာ အနှိုင်ကျင့်ပြီး စွာနေတဲ့လူတွေလဲ တနေ့ကျတော့ အဲဒီ မာရ်နတ်ကြီးလို ငရဲထိန်းတွေရဲ့ ခြေဖဝါး အောက် ရောက်ပြီး အကြီးအကျယ် ဒုက္ခရောက်ကြရဦးမယ်။ အဲဒီငရဲက လွတ်ပြန်လျှင် ပြိတ္တာ ဖြစ်လိုက်, တိရစ္ဆာန် ဖြစ်လိုက်နဲ့ အများကြီး ဆင်းရဲဒုက္ခ ရောက်သွားကြဦးမယ်။ အဲဒါဘာကြောင့် ဖြစ်ရတာလဲလို့ အရှင်းကို စစ်ကြည့်ယင် စဲ့လမ်းမှုညပါဒါန်ကြောင့်ဘဲ။ "သူတပါးတွေကို ညှဉ်းပန်းနှိပ်စက်ရုံမှု

ကောင်းစား ချမ်းသာမယ်”လို့ စဲလမ်းတဲ့ ဥပါဒါန်ကြောင့် အကုသိုလ် ကမ္မဘဝတွေ ဖြစ်တယ်၊ အဲဒီဘဝကြောင့် ဇာတိ ခေါ်တဲ့ အပါယ်ဘဝတွေ ဖြစ်ပြီးတော့ အနှစ်သိန်းသန်း မရေမတွက်နိုင်အောင်အပါယ်ဆင်းရဲတွေကို ခံစားသွားရတယ်။ ဇရာမရဏ စသည်အတွက် ဒုက္ခရောက်ရတာကိုတော့ အထူး ပြောစရာ မလိုတော့ပါဘူး။

ဒါကြောင့် ဥပါဒါန်ဆိုတာ အင်မတန် ကြောက်စရာ ကောင်းပါတယ်၊ အင်မတန်လဲ အရေးကြီးပါတယ်။ ဝိပဿနာ ရှုရတယ် ဆိုတာ ဒီဥပါဒါန် မဖြစ်နိုင်အောင်, ဥပါဒါန် ငြိမ်း သွားအောင်လို့ ရှုရတာဘဲ၊ ဒါကြောင့် ဆောင်ပုဒ်ထဲမှာ “မစဲ့ ဘို့ရာ ရှုရပါတယ်”ဆိုတာကို ဖေါ်ပြထားတာဘဲ။ တဏှာနဲ့ သာယာပြီး မစဲ့လမ်းဘို့၊ ဒိဋ္ဌိနဲ့ အထင်မှားပြီး မစဲ့လမ်းဘို့၊ မြဲတဲ့အနေ ချမ်းသာ တဲ့အနေအားဖြင့် သာယာပြီး မစဲ့လမ်း ဘို့၊ အသက်ကောင် သတ္တဝါကောင် ငါကောင်အနေအားဖြင့် ထင်မှားပြီး မစဲ့လမ်းဘို့ ရှုရတာတဲ့။ ဒီလို မရှုနိုင်တဲ့သူတွေမှာ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း အဲဒီလိုဘဲ စဲ့လမ်း နေကြတယ်၊ စဲ့သလား မစဲ့ဘူးလား ဆိုတာ ကိုယ်တွေ့နဲ့ ကိုယ့်ဟာ ကိုယ်ဘဲ စဉ်းစားကြည့်ကြပေါ့လေ၊ သူ့ဟာသူ အဖြေထွက်လာပါလိမ့်မယ်။

ကိုယ်တွေ့နဲ့ စဉ်းစားကြည့်ရန်

မြင်ရုပ်က စပြီးတော့ စဉ်းစားကြည့်ပါ၊ လှုပ် တင့်တယ် ရှုချင်ဘွယ် အဆင်းကို မြင်ရတဲ့အခါမှာ ဘယ့်နှယ်အောက်မေ့ သလဲ၊ နှစ်သက်သာယာနေတယ်, သဘောကျနေတယ် မဟုတ်

လား၊ မကြည့်ချင်ပါဘူး, မမြင်ချင်ပါဘူး လို့တော့ ညည်းမှာ မဟုတ်ပါဘူး။ အမှန်ကတော့ အဲဒီ မြင်ရတာကလေးကို "လှုပ်တင့်တယ်လိုက်တာ, ချစ်စရာကလေးဘဲ" လို့ စိတ်ထဲမှာ စွဲနေတယ်၊ ပြုံးပြုံးပြုံးပြုံးနဲ့ အဲဒါကလေးကို သိပ် သဘောကျနေတယ်။ ပြီးတော့ မြဲတယ်လို့လဲ ထင်နေတယ်၊ မြင်ရတဲ့အာရုံဝတ္ထုဟာ လူပုဂ္ဂိုလ်ဘဲ ဖြစ်ဖြစ်၊အသုံးအဆောင် ဝတ္ထုပစ္စည်းဘဲ ဖြစ်ဖြစ်၊ အဲဒါကို "အယင်ကလဲ ရှိ၊ ယခုလဲ ရှိ၊ နောင်လဲ ရှိ၊ အမြဲတမ်း တံည်ရှိနေတယ်" လို့လဲ ထင်တယ်၊ ကိုယ်ပိုင်ဥစ္စာ မဟုတ်သေးပေမယ့် အဲဒါကလေးကို ကိုယ်ပိုင်အနေနဲ့ သိမ်းပိုက်ပြီးတော့လဲ သာယာနေတယ်၊ အဝတ်ဆိုယင်လဲ စိတ်ကူးနဲ့ ဝတ်ဆင်ကြည့်လို့၊ ဘိနပ်ဆိုယင်လဲ စိတ်ကူးနဲ့ စီးကြည့်လို့ ကိုယ်ပိုင်အနေနဲ့ နှစ်သက် သာယာနေတယ်၊ လူပုဂ္ဂိုလ်ဆိုယင်လဲ အဲဒီလိုပါဘဲ, စိတ်ကူးနဲ့ အသုံးချပြီး နှစ်သက် သာယာသွားတာပါဘဲ။

ထိုအတူ ကြားရာကလဲ ကြားရတဲ့ အသံ ကလေးကို အကြောင်းပြုပြီးတော့ အသံရှင်ကိုပါ သာယာ သွားတယ်၊ အနံ့ နံရာကလဲ ထိုအတူ သာယာသွားတယ်၊ အရသာကို စားသိရာကလဲ ချက်ပြုတ် ပြုပြင်ပေးတဲ့သူကိုပါ သာယာသွားတယ်။ တွေ့ထိရာကလဲ ကောင်းယင် နှစ်သက် သာယာတာဘဲ။ ကြုံသိရာကတော့ နှစ်သက်သာယာပုံက အလွန်ကျယ်ပြန့်ပါတယ်၊ ကိုယ်ပိုင် မဟုတ်တာတွေကိုလဲ စိတ်ကူးကြံစည်ပြီးတော့ နှစ်သက် သာယာနေတယ်၊ လိုချင် တောင့်တနေတယ်၊ စိတ်ကူးထဲမှာတော့ ကိုယ်ပိုင်လိုဘဲ သဘောထားပြီး

သာယာနေတယ်။ ကိုယ်ပိုင် ဥစ္စာ ကလေးတွေ အာတုက်တော့ အထူးပြောစရာ မလိုပါဘူး၊ တစိမ့်စိမ့်နဲ့ ကြုံစည်စဉ်းစားပြီး သာယာ သဘောကျနေတော့တာပါဘဲ။ အဲဒီလို သာယာပြီး စုံလမ်းမှုတွေ မဖြစ်ရအောင်လို့လဲ ရှုရတာ တဲ့။

ပြီးတော့ ဒိဋ္ဌိနဲ့လဲ အထင်မှားပြီး စုံလမ်းတာဘဲ။ သူက တော့ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ ထင်မှတ်ပြီး စုံလမ်းတယ်။ မြင်ရာက ဘယ်လို စုံလမ်းသလဲဆိုတော့ မြင်ရတဲ့ဟာကိုလဲပုဂ္ဂိုလ် သတ္တဝါဘဲ လို့ ထင်တယ်၊ မြင်သိတဲ့စိတ်ကိုလဲ ငါကောင်ဘဲ သတ္တဝါကောင်ဘဲ လို့ ထင်တယ်။ ဝိပဿနာဉာဏ်နဲ့ ပိုင်ပိုင် နိုင်နိုင် မသိသေးယင် မြင်ရာကနေပြီး ဒီအတိုင်းဘဲ စုံလမ်း နေကြပါတယ်။လူတိုင်း လူတိုင်း ကိုယ်ဟာကိုယ် စဉ်းစားကြည့် ယင် ဒီအတိုင်း စုံလမ်းမှု ရှိနေတယ် ဆိုတာကို ကိုယ့်ဟာကိုယ် ဘဲ ထင်ရှားသိနိုင်ပါတယ်။တသက်လုံး တဘဝလုံး အသက်ရှင် နေတဲ့ သတ္တဝါကောင်ကလေးအနေနဲ့ ကိုယ့်ကိုယ်ကိုလဲ ထင်နေ တယ်၊ သူမျှားတွေကိုလဲ ထင်နေတယ်။ အမှန်ကတော့ တသက် လုံး တဘဝလုံး အသက်ရှင်ပြီး တည်နေတဲ့ အသက်ကောင် သတ္တဝါကောင် ဆိုတာ ရှိတာကို မဟုတ်ဘူး၊ တခုပြီး တခု ဆက်ခါ ဆက်ခါ မပြတ်ဖြစ်နေတဲ့ စိတ်ကလေးတွေနဲ့ ရုပ်က လေးတွေ ဒီရုပ်နာမ် ၂-မျိုးသာရှိတာဘဲ။ ဒီရုပ်နာမ်တွေကိုဘဲ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ ထင်မှတ် စုံလမ်းနေကြတာဘဲ။မြင်ရာက စုံလမ်းသလိုဘဲ ထိုအတူ ကြားရာကလဲ စုံလမ်းတယ်၊ နံရာ, စားရာ, တွေ့ထိရာတွေ့ကလဲ စုံလမ်းတယ်၊ စိတ်ကူးစဉ်းစား ကြုံသိရာကတော့ ငါကောင် သတ္တဝါကောင်အနေနဲ့ အစုံ လမ်းဆုံးပါဘဲ။ ဒီလို ဒုဂ္ဂရ ၆-ပါးက ဒိဋ္ဌိနဲ့လဲ အထင်မှားပြီး

စဲလမ်းနေကြတယ်။ ဒါကြောင့် အဲဒီလို အထင်မှားပြီး စဲလမ်းမှုတွေ့ မဖြစ်ရအောင်လို့လဲ ရှုရတာတဲ့။

ဒါကြောင့် ဆောင်ပုဒ်က "မစဲဘို့ရာ ရှုရပါတယ်" လို့ ဆိုထားတယ်။ အဲဒီလို ရှုတော့လဲ ဖြစ်ဆဲ ဖြစ်ခိုက်မှာ ရှုပါမှ စဲလမ်းမှုက ကင်းငြိမ်းနိုင်တယ်။ ဒါကြောင့် ဖြစ်ဆဲမှာ ရှုရပါတယ်လို့လဲ ဆိုထားပြန်တယ်။ အဲဒီလို ဖြစ်ဆဲ ဖြစ်ခိုက်မှာ မရှုယင် ဘာ ဖြစ်သလဲ ဆိုတော့....စဲလမ်းမှုတွေ့ ဖြစ်တယ်။ ဒါကြောင့်-

"ဖြစ်ခိုက် မရှု၊ ရုပ်နာမ်စု၊ စဲမှုဝင်ရောက်သည်" လို့ ဆောင်ပုဒ်က ဆိုထားတာ။ "ဖြစ်ခိုက်" ဆိုတာ မြင်ခိုက်, ကြားခိုက်, နံခိုက်, စားသိခိုက်, တွေ့ထိခိုက်, ကွေးခိုက်, ဆန့်ခိုက်, လှုပ်ရှားခိုက်, ကြံသိခိုက် အဲဒါတွေပါဘဲ။အဲဒီ မြင်ခိုက် ကြားခိုက် စသည်မှာ မရှုမိလို့ရှိယင်၊ အဲဒီ ရုပ်နာမ်တရားတွေအပေါ်မှာ မြဲတဲ့အနေနဲ့ စဲလမ်းမှု၊ ချမ်းသာတဲ့အနေနဲ့ စဲလမ်းမှု၊ ပုဂ္ဂိုလ် သတ္တဝါကောင် အနေနဲ့ စဲလမ်းမှု-ဒီလို စဲလမ်းမှုတွေက ဝင်ရောက်လာတယ်။

အဲဒါ ဟုတ်, မဟုတ် သိရအောင် စဉ်းစားကြည့်ကြပေါ့။ "မြဲတယ်လို့ ငါတို့ထင်နေတာဟာ ဘယ်ကလာသလဲ" လို့စဉ်းစားကြည့်ပါ။ မြင်ရာကလဲ လာတယ်၊ ကြားရာကလဲ လာတယ်၊ နံရာကလဲ လာတယ်၊ စားသိရာကလဲ လာတယ်၊ တွေ့ထိရာကလဲ လာတယ်၊စိတ်ကူးစဉ်းစားကြံသိရာကလဲ လာတယ်၊ဒီ ၆-ဌာနက လာနေတာဘဲ၊ အဲဒီ ၆-ဌာနဟာ စဲလမ်းမှုတွေ့ ဝင်လာဘို့ တံခါးကြီး ၆-ပေါက်ပေါ့။ မမြင်ရတဲ့အာရုံကို စဲလမ်းလို့ ဖြစ်

ပါမည်လား၊ မဖြစ်နိုင်ဘူး။ မကြားရတဲ့အာရုံ မသိရတဲ့အာရုံ တွေကိုလဲ စွဲလမ်းလို့ ဖြစ်ပါမည်လား၊ မဖြစ်နိုင်ဘူး။ ဒီအနက် သဘောတွေကို နားလည်အောင်လို့ မြတ်စွာဘုရားကိုယ်တော် တိုင် ထုတ်ဟောတဲ့ မေးခွန်းတော်တွေ ရှိတယ်၊ အဲဒါတွေကို အကျဉ်းချုပ် ပြောဦးမယ်။

ဘုရားမေးခွန်းတော်များ

မာလုက္ကပုတ္တ၊မာလုက္က၏သားဖြစ်သောရဟန်း။တံ၊ ငါမေး မည့် ထိုစကားကို။ ကိ မညသိ၊ သင် ဘယ်လို ထင်ပါသနည်း၊ ဘယ်လိုသဘောကျပါသနည်း။စက္ခုဝိညေယျာ၊မျက်စိဖြင့် မြင် နိုင်ကုန်သော။ယေ ရူပါ၊အကြင် အဆင်းတို့ကို။တေ၊ သင်သည်။ အဒိဋ္ဌာ၊ မမြင်ဘူးသေး။ အဒိဋ္ဌပုဗ္ဗာ၊ ရှေးက မမြင်ဘူးသေး။ (ဘယ်တော့ကမျှ မမြင်ဘူးသေးဘူးလို့ ဆိုလိုတယ်)နု စ ပသဿိ၊ ယခုလဲ မြင်ဆဲမဟုတ်။ နု စ တေ ဟောတိ ပဿေယျန္တိ၊မြင်နိုင် သည်ဟု စိတ်ကူးလဲ သင်မှာ မဖြစ်သေး။တတ္ထ၊ ထို့ပို့ လုံးလုံး မမြင်ရ မသိရသော အဆင်းတို့၌။ တေ၊ သင်အား။ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါ၊ လိုချင်ခြင်း,တပ်မက်ခြင်း, ချစ်ခြင်း သည်။ အတ္ထိ၊ ဖြစ်နိုင်ပါသလော တဲ့။ ဒီလို မြတ်စွာဘုရားက မာလုက္ကပုတ္တရဟန်းကို မေးတော်မူပါတယ်။ (သံ ၂-၂၉၅)

ဆိုလိုတာကတော့- မျက်စိဖြင့် မြင်နိုင်တဲ့အဆင်းတွေ ရှိပါ တယ် တဲ့၊ အဲဒီ အဆင်းတွေကို ရှေးကလဲ မမြင်ဘူးဘူး၊ ယခုလဲ မြင်ဆဲမဟုတ်ဘူး၊ တနေ့ကျတော့ ဒီလိုအဆင်းတွေကို မြင် တွေ့ရလိမ့်မယ်လို့တောင် စိတ်ကူး စဉ်းစားမှု မဖြစ်သေးဘူးဆို တော့၊ အဲဒီလို အဆင်းမျိုးကို လိုချင်မှု တပ်မက်မှု ချင်မှ-

ဖြစ်နိုင်ပါမည်လား တဲ့။ဒီလို အဆင်းတွေက ဘယ်လိုဟာတွေလဲ ဆိုယင်၊ မိမိတို့ မရောက်ဘူးတဲ့ အခြားမြို့ရွာတွေ အခြားနိုင်ငံတွေမှာ ရှိနေကြတဲ့ မိန်းမ ယောကျ်ားတွေ သန္တာန်က အဆင်းမျိုးတွေပါဘဲ၊ တဲ့တဲ့ ပြောရယင် အဲဒီလို မိန်းမတွေ ယောကျ်ားတွေပါဘဲ။ အဲဒီလို မမြင်ဘူး မသိဘူးတဲ့မိန်းမတွေ ယောကျ်ားတွေကို အကြောင်းပြုပြီးတော့ ဘယ်သူက ချစ်နေမလဲ၊ "ချစ်စရာကောင်းတယ်"လို့ ဘယ်သူက စွဲလမ်းနေမလဲ။ မစွဲလမ်းနိုင်ပါဘူး၊ စွဲလမ်းလို့ကို မဖြစ်နိုင်ပါဘူး။ ဒီလို မိန်းမ ဒီလို ယောကျ်ား ရှိနေတယ်လို့တောင်မှ မသိပါဘဲနဲ့ စွဲလမ်းလို့ ဘယ် ဖြစ်နိုင်မှာလဲ။ ဒါကြောင့် မာလုက္ကပုတ္တရဟန်းက-

> နော ဟေတံ ဘန္တေ၊ အဲဒီလို အဆင်း အဲဒီလို ပုဂ္ဂိုလ်ကို လိုချင် တပ်မက် ချစ်ခင်ခြင်း မဖြစ်နိုင်ပါ အရှင်ဘုရားလို့ ဖြေဆို လျှောက်ထားပါတယ်။

ဒီမေးခွန်းဖြင့်သိစေလိုတာကတော့ "မမြင်ရတဲ့အာရုံမှာလိုချင် တပ်မက်ချစ်ခင်မှု အစရှိသောကိလေသာတွေစွဲလမ်းမှုတွေ မဖြစ်နိုင်ဘူး၊ဒါကြောင့် အဲဒီလို မမြင်ရတဲ့အာရုံတွေကိုတော့ ဆင်ခြင်ပြီး ရှုနေဘို့ မလိုတော့ဘူး။ မြင်ရယင်တော့ အဲဒီ မြင်ရတဲ့ အာရုံမှာ ကိလေသာဖြစ်နိုင်တယ်၊ ဒါကြောင့် မရှုယင် အဲဒီ မြင်ရတဲ့အာရုံကို အကြောင်းပြုပြီး ကိလေသာတွေ ဖြစ်လိမ့်မယ်၊ အဲဒီကိလေသာတွေ မဖြစ်နိုင်အောင် ရှုဘို့ လိုတယ်၊ အဲဒီမြင်ရတာတွေကို မမြင်ရတာတွေလိုဘဲ ချစ်ဘွယ်စသည် မထင်အောင် ရှုရမယ်"ဆိုတဲ့ ဒီအနက်သဘောတွေကို မြတ်စွာဘုရားကသိစေလိုပါတယ်။ဒါကြောင့် ဒီမေးခွန်းနဲ့စပ်ပြီးတော့လဲ ဆောင်ပုဒ်ကလေးတွေ စီထားတယ်။

မမြင်ရရာ၊ ကိုလေသာ၊ သူဟာ သူ ငြိမ်းသည်တဲ့။ မမြင်ရတဲ့အာရုံနဲ့ စပ်ပြီးတော့ ကိုလေသာ ငြိမ်းအောင် အားထုတ်စရာ မလိုဘူး၊ သူ့အလိုလိုဘဲ ကိုလေသာတွေ ငြိမ်းနေတယ်လို့ ဆိုလိုပါတယ်။ အဲဒါကို ဆိုကြရမယ်။

(၁) မမြင်ရရာ၊ ကိုလေသာ၊ သူ့ဟာ သူ ငြိမ်းသည်။ (ဆို)

"မကြားရရာ၊ ကိုလေသာ၊ သူ့ဟာ သူ ငြိမ်းသည်။ မနံရရာ၊ ကိုလေသာ၊ သူ့ဟာ သူ ငြိမ်းသည်။ မစားရရာ....မထိရရာ....မသိရရာ၊ ကိုလေသာ၊ သူ့ဟာ သူ ငြိမ်းသည်" လို့ အခြားဒွါရများအတွက် ဆောင်ပုဒ်များကိုလဲ မှတ်သားနိုင်ပါတယ်။ "မမြင်ရရာမှာ အလိုလို ငြိမ်းသည်" လို့ဆိုတော့၊ မြင်ရရာမှာတော့ မငြိမ်းဘူး၊ ကိန်းပြီး ဖြစ်နိုင်တယ် ဆိုတဲ့အနက်သဘောဟာ ပေါ်ထွက်လာပါတယ်။ ဒါကြောင့် "မြင်ရရာမှာ၊ ကိုလေသာ၊ ကိန်းကာ ဖြစ်နိုင်သည်" လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

(၂) မြင်ရရာမှာ၊ ကိုလေသာ၊ ကိန်းကာ ဖြစ်နိုင်သည်။ (ဆို)

မြင်ရတဲ့အာရုံကို မရှုမိလို့ အနိစ္စ ဒုက္ခ အနတ္တသဘောမှန်ကို မသိယင် အဲဒီအာရုံမှာ ပြန်လည်စဉ်းစားပြီး ကိုလေသာဖြစ်နိုင်တယ်။ အဲဒီလို ဖြစ်နိုင်တာ, ဖြစ်ခွင့်ရှိနေတာကို ကိုလေသာကိန်းနေတယ်လို့ ဆိုရတယ်၊ အာရုံအပေါ်မှာ ကိန်းတဲ့အတွက် အဲဒါကို "**အာရမ္မဏာနုသယ**" လို့ ခေါ်တယ်။ ယခုလူတွေက ဘယ်လိုဟာကို စွဲလမ်းနေကြသလဲ၊ ဘာကြောင့် စွဲလမ်းနေကြသလဲ ဆိုယင်၊ မြင်ဘူး တွေ့ဘူးတဲ့လူတွေကို မြင်ဘူး တွေ့ဘူး

လို့ဘဲ စဲ့လမ်းနေကြတယ်။ တွေ့ဘူးတဲ့လူတွေ့ကို "ချစ်စရာကောင်းတယ်" ထင်ယင် ချစ်စရာအနေနဲ့ စဲ့လမ်းတယ်၊ "မုန်းစရာကောင်းတယ်" ထင်ယင် မုန်းစရာအနေနဲ့ စဲ့လမ်းတယ်။ မြင်မိယင်တော့ မရှုလဲ မရှုမိယင် တနည်းနည်းနဲ့ စဲ့လမ်းတော့တာဘဲ။ ဒါကြောင့် "မြင်ရရာမှာ၊ ကိလေသာ၊ကိန်းကာ ဖြစ်နိုင်သည်" လို့ဆိုထားတာ။ ကြားရတဲ့အာရုံ စသည်တို့အတွက်လဲ "ကြားရရာမှာ၊ ကိလေသာ၊ ကိန်းကာ ဖြစ်နိုင်သည်" စသည်ဖြင့် ဆောင်ပုဒ်ကို မှတ်သားနိုင်ပါတယ်။

ဒီလို မြင်ရာစသည်မှာ စဲ့လမ်းမှု ကိလေသာတွေ့ ဖြစ်နိုင်တာကလဲ မရှုလို့ပါဘဲ၊ ရှုယင်တော့ မဖြစ်နိုင်ပါဘူး။ မြင်တိုင်း ကြားတိုင်း သိတိုင်း "မြင်တယ်၊ ကြားတယ်၊ သိတယ်" စသည်ဖြင့် ဖြစ်တိုင်း ဖြစ်တိုင်းကို ရှုနေယင် မြင်ပြီးပျောက်၊ ကြားပြီးပျောက်နဲ့ ချက်ခြင်းဘဲ ပျောက်ပျောက် သွားတာတွေ့ကို တွေ့ရတယ်၊ ဒီလိုတွေ့ပြီး အမှန်အတိုင်းသိယင် ချစ်စရာလဲ မရှိဘူး၊ မုန်းစရာလဲ မရှိဘူး၊ ဘာမှ စဲ့လမ်းစရာ မရှိတော့ဘူး၊ စဲ့လမ်းစရာ မရှိယင် စဲ့လမ်းမှု မဖြစ်နိုင်တော့ဘူးပေါ့။ဒါကြောင့် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ကိလေသာ ကိန်းမှု စဲ့လမ်းမှု မဖြစ်နိုင်အောင် ရှုဘို့ လိုပါတယ်။ အဲဒီအချက်ကိုလဲ တိုတိုနဲ့ မှတ်ရအောင် "မြင်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ ကိန်းမှု ပယ်သင့်သည်" လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

(၃) မြင်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ ကိန်းမှုပယ်သင့်သည်။ (ဆို)

ကြားမှုစသည်အတွက်လဲ "ကြားတိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ ကိန်းမှုပယ်သင့်သည်" စသည်ဖြင့် နည်းမြီးပြီး မှတ်ဘို့ပါဘဲ။ ယခု ပြောခဲ့တဲ့ ဆောင်ပုဒ် ၃-မျိုးအရ အနက်သဘောတွေ့ဟာ ဘယ်ကရသလဲ ဆိုယင်၊ မာလုက္ကပုတ္တရဟန်းအား မြတ်စွာဘုရား မေးတဲ့ မေးခွန်းတော်မှ ရပါတယ်။ ဒါကြောင့် "မေးခွန်းဖြင့်ပင်၊ လုပ်ငန်းစဉ်၊ ပေါ်လွင်စေခဲ့သည်" လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

(၄) မေးခွန်းဖြင့်ပင်၊ လုပ်ငန်းစဉ်၊ ပေါ်လွင်စေခဲ့သည်။ (ဆို)

"မမြင်ရတဲ့အာရုံမှာ ကိလေသာ မဖြစ်နိုင်ဘူး။ ဒါကြောင့် မမြင်ရတဲ့အာရုံကို ရှုဘို့မလိုဘူး" ဆိုတာကိုလဲ မေးခွန်းတော်ဖြင့်ပင် သိနားလည်စေပါတယ်။ "မြင်ရယင်တော့ ကိလေသာဖြစ်နိုင်တယ်၊ ဒါကြောင့် မြင်တိုင်း မြင်တိုင်း ရှုပြီး ကိလေသာကို ပယ်ရမယ်" ဆိုတာကိုလဲ မေးခွန်းဖြင့်ပင် သိစေပါတယ်။ ဒါကြောင့် ဝိပဿနာလုပ်ငန်းစဉ်ကို မေးခွန်းဖြင့်ပင် မြတ်စွာဘုရားက ဖေါ်ပြခဲ့တယ်လို့ ဆိုလိုပါတယ်။

မြင်ရတဲ့အဆင်းနှင့် စပ်ပြီး မေးတော်မူသလိုဘဲ၊ ကြားရတဲ့အသံ စသည်နှင့် စပ်ပြီးတော့လဲ နည်းတူဘဲ မေးတော်မူပါတယ်။အဲဒါတွေကိုတော့ ကျယ်သွားမှာစိုးလို့ ဒီမှာ မပြောတော့ပါဘူး။ နည်းမြီးပြီးတော့ ယူနိုင်ပါပြီ။ ယခု ပြောခဲ့တဲ့ အတိုင်း မြင်ရ ကြားရ သိရတဲ့အာရုံတွေကို ဖြစ်ပေါ်ခိုက်မှာ မရှုမိယင် စဲလမ်းမှု ကိလေသာတွေ ၆-ဌာန ၆-ဒွါရက ဝင်ရောက်လာတယ်။ ဒါကြောင့် "ဖြစ်ခိုက်မရှု၊ ရုပ်နာမ်စု၊ စဲမှု

ဝင်ရောက်သည်” လို့ ဆောင်ပုဒ်က ဆိုထားတာဘဲ။ “စဲမှု ဝင်ရောက်တယ်” ဆိုတာ ဘယ်လို စဲတာလဲ ဆိုတော့-

မြဲတယ်, ကောင်းတယ်၊ ငါကောင်နှယ်၊ တကယ် ထင်တတ်သည် တဲ့။

မြဲတယ်လို့ ထင်တာလဲ စဲလမ်းတာဘဲ၊ ကောင်းတယ်, ချမ်းသာတယ်လို့ ထင်တာလဲ စဲလမ်းတာဘဲ၊ ငါကောင်, သတ္တဝါကောင်လို့ ထင်တာလဲ စဲလမ်းတာဘဲ၊ “စဲလမ်း” ဆိုတာ ဒီလို ထင်တာတွေပါဘဲ။ ကဲဆိုကြရမယ်။

မြဲတယ်, ကောင်းတယ်၊ ငါကောင်နှယ်၊ တကယ် ထင်တတ်သည်။ (ဆို)

“သုခ”ဆိုတဲ့ပါဠိကို ချမ်းသာလို့ ပြန်ဆိုကြတယ်၊ အဲဒါ ကတော့ စာပေလောကမှာ သုံးတဲ့ စာသုံးစကားဘဲ၊ ရပ်ထဲရွာထဲမှာတော့ “ချမ်းသာတယ်”ဆိုတာကို ပြောခဲပါတယ်၊ အများအားဖြင့်တော့ “ကောင်းတယ်” လို့သာ ပြောနေကြပါတယ်၊ ဒါကြောင့် ဆောင်ပုဒ်ထဲမှာ “ချမ်းသာတယ်”လို့ ဆိုရမည့်အစား “ကောင်းတယ်”လို့ ဆိုထားတယ်။ တင့်တယ်တယ်, လှပတယ်လို့ ထင်တဲ့ သုဘသညာ ဟာလဲ “ချမ်းသာတယ်, ကောင်းတယ်”လို့ ထင်တဲ့ သုခသညာထဲမှာ အတွင်းဝင်နေတယ်။ ပြီးတော့ “ငါကောင်နှယ်”ဆိုတာက ငါကောင်မဟုတ်ပါဘဲနဲ့ ငါကောင် အနေအားဖြင့် ထင်တာကို ပြောတာဘဲ။

မြင်ရာက ဘယ်လို ထင်မြင်စဲလမ်းသလဲ ဆိုးတော့-အတွင်းဘက်က မြင်တဲ့သဘောကိုလဲ “အယင်ကလဲ ရှိ၊ ယခုလဲ ရှိ၊ မြဲတယ်” လို့လဲ ထင်တယ်၊ “ကောင်းတယ်” လို့လဲ ထင်တယ်၊

"တသက်လုံး တဘဝလုံး အသက်ရှင်နေတဲ့ ငါကောင်ဘဲ" လို့လဲ ထင်တယ်။ အပြင်ဘက်က အမြင်ခံရတဲ့သဘောကိုလဲ "အစဉ် ထာဝရ တည်ရှိနေတယ်၊ မြဲနေတယ်" လို့ဘဲ ထင်တယ်၊ ကိုယ့် အလိုနဲ့ ကိုက်လျှင် အဲဒီမြင်ရတာကို "ကောင်းတယ်၊လှတယ်" လို့လဲ ထင်တယ်၊ သက်ရှိဝတ္ထု ဖြစ်လျှင် "ပုဂ္ဂိုလ် သတ္တဝါ ကောင်ဘဲ" လို့လဲ ထင်တယ်။ ဒါက မြင်ရာကနေပြီးတော့ "မြဲတယ်, ကောင်းတယ်, ငါကောင်နှယ်" တကယ် ထင်မှတ် စွဲလမ်းနေပုံဘဲ။ ထိုအတူ ကြားရာကလဲ အတွင်း အပြင် နှစ်ဘက်လုံး ဒီလိုဘဲ ထင်မှတ် စွဲလမ်းနေတယ်။ နံရာ, စားရာ, တွေ့ထိရာ, ကြုံသိရာတွေကလဲ အကုန်လုံး ဒီလိုဘဲ ထင်မှတ် စွဲလမ်းနေတယ်။ အဲဒီလို ထင်မှတ်စွဲလမ်းတာကလဲ ဘာကြောင့် တုံး လို့ ဆိုယင်၊ ဖြစ်တိုင်း ဖြစ်တိုင်း ဖြစ်ပြီးလျှင် ပြီးချင်း မရှုမိလို့ပါဘဲ။ ဒါကြောင့် "ဖြစ်ခိုက် မရှု၊ ရုပ်နာမ်စု၊ စွဲမှု ဝင်ရောက်သည်" လို့ မူလဆောင်ပုဒ်က ဆိုထားတာ။ ဒီတော့ အဲဒီလို စွဲလမ်းမှု မဖြစ်စေချင်လျှင် ဖြစ်တိုင်း ဖြစ်တိုင်း ချက် ခြင်း ရှုရမယ်၊ ဒီလို ရှုသွားယင်တော့ စွဲလမ်းမှုတွေ ဖြစ်ခွင့် မရဘဲ ကင်းပျောက်သွားပါလိမ့်မယ်။ ဒါကြောင့် ဒီနေရာမှာ မှတ်ဘို့ဆောင်ပုဒ်က–

ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှု ကင်းပျောက် သည် တဲ့။

"ဖြစ်တိုင်း မှတ်ရှု" ဆိုတာ မြင်တိုင်း,ကြားတိုင်း, နံတိုင်း, စားသိတိုင်း, တွေ့ထိတိုင်း, ကြေးတိုင်း, ဆန့်တိုင်း, လှုပ်ရှား တိုင်း, စိတ်ကူး စဉ်းစား ကြုံစည်တိုင်း အဲဒါတွေကို ချက်ခြင်း ရှုရမယ်လို့ ဆိုလိုတယ်။

ဝိပဿနာက အကြွေးမရဘူး

ဒါကြောင့် မြင်တိုင်း မြင်တိုင်း ယခု မြင်ယောင် ယခု ရှု၊ ယခု မြင်ယင် ယခု ရှု၊ ဒီလို ချက်ခြင်း ချက်ခြင်း ရှုရှုသွားရတယ်၊ အကြွေး မထားရဘူး၊ ဝိပဿနာက အကြွေး မရဘူး။ စျေးဝယ်ရာမှာ အကြွေး ရသလို ဝိပဿနာ ရှုရာမှာတော့ "နောက်မှ ရှုမယ်"လို့ ဒီလို အကြွေးထားလို့ မရဘူး၊ ချက်ခြင်း လက်ငင်း ရှုရှုသွားမှ ရတယ်၊ ဒါမှ စွဲလမ်းမှုက မဝင်ရောက်နိုင်တာ။ ဒီလို လက်ငင်း မရှုနိုင်ဘဲ အကြွေး ကျန်သွားယင်တော့ အဲဒီအာရုံမှာ စွဲလမ်းမှုတွေက ဝင်ရောက်သွားတယ်။ အဲဒီလို စွဲလမ်းပြီးမှတော့ ပြန်ပြီးရှုပေမယ့်လို့ မူလအစွဲအလမ်းက မပျောက်တော့ဘူး၊ ဒီအနက်သဘောတွေကို ခုနက အတိတ် မရှုရကြောင်းထဲမှာလဲ ပြောခဲ့ပါပြီ။

ဝိဆိုစိတ်ဖြစ်စဉ်

ဒီနေရာမှာ "**ချက်ခြင်း ရှုရမယ်**" ဆိုတာက မြင်ပြီးလျှင်ပြီးချင်း လက်ငင်း ရှုဘို့ပါဘဲ။ ကျမ်းဂန်စကားဖြင့် ပြောရလျှင်စက္ခုဒ္ဒါရဝီထိ ဆုံးသွားလျှင် သွားချင်း တဒနုဝတ္တကမနောဒ္ဒါရဝီထိတွေ့ မဖြစ်သေးခင် ဦးအောင် ရှုရမယ်လို့ ဆိုလိုပါတယ်။ အဆင်းကို မြင်ရာမှာ **ဝိဆိစိတ်ဖြစ်ရှိုးဖြစ်စဉ်**က ဒီလို ရှိပါတယ်။ ပဌမ ထင်ပေါ်လာတဲ့ အဆင်းကို မြင်တယ်၊ အဲဒါကို **မြင်စိ**ထိလို့ မှတ်ထားပါ။ ပြီးတော့ အဲဒီမြင်ပြီးအဆင်းကို ပြန်လည်ဆင်ခြင်တယ်၊ အဲဒါကို **ဆင်ခြင်စိ**ထိလို့ မှတ်ထားပါ။ ပြီးတော့ မြင်ရတဲ့အဆင်းတွေကို ပေါင်းစပ်ပြီးတော့ ပုံသဏ္ဌာန်အထည်ဒြပ်အနေနဲ့ ထင်မြင်သွားတယ်၊ အဲဒါ

ကို ဒြမ်စီထိလို့ မှတ်ထားပါ။ ပြီးတော့မှ အမည်ပညတ်ကို သိသွားတယ်၊ အဲဒါကို အမည်စီထိလို့ မှတ်ထားပါ။ မတွေ့ဘူးလို့ အမည်မခေါ်တတ်တဲ့ ဝတ္ထုမျိုးဆိုယင်တော့ ဒီအမည်ဝီထိ မဖြစ်နိုင်တော့ပါဘူး။ အဲဒီ ၄-ဝီထိထဲမှာ ပဌမ မြင်စီထိ ဖြစ်စဉ်က ဖြစ်ဆဲပစ္စုပ္ပန်အဆင်း ပရမတ်ရုပ်ကို မြင်သိသွားတယ်၊ ဒုတိယ ဆင်ခြင်ဝီထိမှာ မြင်ပြီး အတိတ်အဆင်း ပရမတ်ရုပ်ကို ဘဲ့ ပြန်ဆင်ခြင်တယ်။ ဒီဝီထိ ၂-ခုလုံး အဆင်း ပရမတ်ရုပ်ကို ချည်း အာရုံပြုကြတယ်၊ ပညတ်ကို မရောက်သေးဘူး။ ထူးတာကတော့ ပစ္စုပ္ပန်နဲ့ အတိတ် ဒါလောက်ပဲ ထူးခြားတယ်၊ ပရမတ်အာရုံချင်းကတော့ အတူတူပါဘဲ့။ တတိယ ဒြဗ်ဝီထိကျတော့ ပုံသဏ္ဌာန် အထည်ဒြဗ်ပညတ်ကို ရောက်သွားပြီ၊ စတုတ္ထ အမည်ဝီထိကျတော့ အမည်ပညတ်ကိုတောင် ရောက်သွားပြီ။ ဒီကနောက် ဆက်ပြီး ဖြစ်တဲ့ဝီထိတွေကျတော့ အဲဒီ အထည်ဒြဗ် အမည်တွေနဲ့ စပ်ဆိုင်တဲ့ ပညတ်အမျိုးမျိုးတွေကို ရောက်သွားတယ်။ ဒီစိတ်အစဉ်တွေက ဝီပဿနာ မရှုတဲ့သူတွေမှာ ဖြစ်ရိုးဖြစ်စဉ်တွေဘဲ့။ အဲဒီ ဖြစ်စဉ်တွေကို တိုတိုနဲ့ မှတ်ဘို့ဆောင်ပုဒ်ကတော့-

ထင်ဆဲ ဆင်းဓာတ် မြင်လတ် စစ္ဓာ၊
မြင်ပြီးတရား၊ စဉ်းစားပြန်ရာ၊
သဏ္ဌာန်ဒြဗ် ပညတ် ပေါ်ကာ၊
မည်နာမ သိရ နောက်ဆုံးမှာ တဲ့။

အဲဒါကို တပိုဒ်ချင်း ဆိုကြရမယ်။
ထင်ဆဲ ဆင်းဓာက် မြင်လတ် စစ္ဓာ၊ (ဆို)

ထင်ဆဲပေါ်လာဆဲဖြစ်တဲ့ အဆင်း ရူပါရုံကို ရှုးဦးစွာ မြင်ပါတယ် တဲ့၊ အဲဒါကို မြင်ဝီထိလို့ ခုနက အမည်ပေးခဲ့တယ်။ အဲဒီ မြင်ဝီထိ စိတ်အစဉ်ထဲမှာ စိတ်အကြိမ်ပေါင်း ၁၄-ကြိမ် ပါဝင်တယ်။ အဲဒါတွေကိုလဲ တိုတိုနဲ့ မှတ်နိုင်အောင် လို့ ဆောင်ပုဒ်ကလေးတွေ ပေးထားတယ်၊ တချို့က နှုတ် တက်တောင်ရနေကြပါလိမ့်မယ်။

(၁) ဘဝင် ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထိုပြင် လက်ခံတုံ့။
(၂) စုံစမ်း ဆုံးဖြတ်၊ ဇောစိတ်သတ်၊ ၂-ရပ် တဒါရုံ။
(၃) အဆင်း မြင်လျှင်၊ ဖြစ်ရိုးပင်၊ စိတ်စဉ် မှတ်ပါကုန်။
(၄) ကြား, နံ, စား,ထိ၊ မြင် တူ၏၊ မှတ်ဘိ စိတ်ဖြစ်ပုံ တဲ့။

ပဌမဆောင်ပုဒ်ထဲက ဘဝင်ဆိုတာ ပဋိသန္ဓေစိတ်နှင့် အမျိုး တူပါဘဲ၊ မြင်တဲ့စိတ် ကြားတဲ့စိတ် ကြုံသိတဲ့စိတ် ဒီလိုအသိ စိတ်တွေ မရှိတဲ့အခိုက်မှာ ဒီ ဘဝင်စိတ်ချည်း မပြတ်ဖြစ်နေ တယ်၊ အိပ်မောကျနေတဲ့အခါမှာ ဒီ ဘဝင်စိတ်ချည်း သန့်သန့် ဖြစ်နေတယ်။ မြင်စရာစသည် ပေါ်လာတဲ့ အခါမှာ အဲဒီ ဘဝင်စိတ်အစဉ်က ရပ်တန့်သွားတယ်၊ မြင်သိတဲ့စိတ်စသည်က ဖြစ်ပေါ်လာတယ်။ ဒါကြောင့် ဘဝင်စိတ်အစဉ် ဖြစ်နေဆဲမှာ မျက်စိထဲ အဆင်းထင်ပေါ်လာယင်, အဲဒီဘဝင်စိတ်အစဉ်က ရပ်စဲပြီးတော့ မျက်စိထဲကျလာတဲ့အဆင်းကို နှလုံးသွင်းဆင် ခြင်တဲ့စိတ် ဖြစ်ပေါ်လာတယ်၊ အဲဒီစိတ် ချုပ်သွားတော့ မြင်တဲ့စိတ် ဖြစ်ပေါ်လာတယ်၊ အဲဒါပြီးတော့ မြင်ရတဲ့အာရုံ ကို လက်ခံနှလုံးသွင်းတဲ့စိတ် ဖြစ်ပေါ်လာတယ်၊ အဲဒါပြီးတော့ မြင်ရတဲ့အဆင်းကို စုံစမ်းတဲ့စိတ် ဖြစ်ပေါ်လာတယ်၊ အဲဒါ

ပြီးတော့ မြင်ရတာကလေးကို "ကောင်းတယ်,မကောင်းဘူး" စသည်ဖြင့် ပိုင်းခြားဆုံးဖြတ်တဲ့စိတ် ဖြစ်ပေါ်လာတယ်၊ အဲဒါ ပြီးတော့ အဲဒီဆုံးဖြတ်ချက်အားလျော်စွာ ကုသိုလ် အကုသိုလ် ဇောစိတ်တွေ ပြင်းထန်သောအဟုန်နဲ့ ခုနစ်ကြိမ်တိုင်တိုင် ထပ်ခါ ထပ်ခါ ဖြစ်ပေါ်ကြတယ်၊အဲဒါကို ဆောင်ပုဒ်မှာ "**ဇောစိတ် သတ်**"လို့ ဆိုထားတယ်၊ "**သတ်**"ဆိုတာ ပါဠိ သတ္တ-ပုဒ်မှ ဖြစ်လာတဲ့ ပါဠိပျက် မြန်မာစကားဘဲ၊ ခုနစ်ခု လို့ ဆိုလို ပါတယ်။ အဲဒီဇောစိတ်တွေ ဆုံးသွားတော့ သူတို့၏ အာရုံကိုဘဲ နောက်ယောင်လိုက်ပြီး အာရုံပြုတဲ့စိတ် နှစ်ကြိမ် ဖြစ်ပေါ်လာပြန်တယ်၊ အဲဒါကို တဒါရုံစိတ်လို့ ခေါ်တယ်။ အဲဒီ တဒါရုံစိတ် နှစ်ကြိမ် ပြီးသွားတဲ့အခါ အိပ်မောကျသလိုဘဲ ဘဝင်စိတ်တွေ ပြန်ပေါ်လာပြန်တယ်။ အဲဒီမှာ ဆင်ခြင်တဲ့ စိတ်က စပြီး တဒါရုံတိုင်အောင် စိတ် ၁၄-ကြိမ် ရှိတယ်။ဒါတွေ အားလုံးကို မြင်တဲ့စိတ် တခုတည်းအနေဖြင့်သာ ထင်ရှားဟွေ့နိုင်ပါတယ်။ အဲဒါဟာ မြင်ဝီထိ ဖြစ်ပုံပါဘဲ။ ဝိပဿနာ ရှုမှု အချိုးကျလာတဲ့အခါမှာ ဒီမြင်ဝီထိနောင် ဘဝင်စိတ်များ ဖြစ်ပြီးတဲ့နောက်မှာ "မြင်တယ်"လို့ ပြန်ပြီးရှုတဲ့ ဝိပဿနာ စိတ် ဖြစ်ပေါ်လာတယ်၊ အဲဒီလို ချက်ခြင်း ရှုနိုင်အောင် အား ထုတ်ရတယ်။ ဒီလိုရှုနိုင်ယင် မြင်တုန်း မြင်ဆဲ ဖြစ်ဆဲ ပျက်ဆဲမှာရှု မြင်ရသလိုဘဲ ယောဂီ၏ ဉာဏ်ထဲမှာ ထင်ရတယ်။ ဒါကြောင့် ဒီလို ရှုတာကိုပင် "**ပစ္စုပ္ပန်ကိုရှုတယ်**" လို့ သုတ္တန်ဒေသနာ တော်တွေမှာ ဟောထားပါတယ်။

ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊တတ္ထ တတ္ထ ဝိပဿတိ။(မ ၃-၂၂၇)
ဒါက ဥပရိပဏ္ဏာသပါဠိတော် ဘဒ္ဒေကရတ္တသုတ် တဲ့။

ယော၊ အကြင် ယောဂီရဟန်းသည်။ ပစ္စုပ္ပန္နဥ္စ ဓမ္မံ၊ ပစ္စုပ္ပန် တရားကိုလည်း။ တတ္ထ တတ္ထ၊ ထိုထို ဖြစ်ရာ ဌာန ဖြစ်ခိုက်ခဏ၌။ ဝိပဿတိ၊ အနိစ္စာနုပဿနာ စသည် တို့ဖြင့် ရှု၏ တဲ့။

ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဉဒယဗ္ဗယာနုပဿနေ ဉာဏံ။(ပဋိသံ ၁)ဒါက ပဋိသမ္ဘိဒါ မဂ်ပါဠိတော်ဘဲ။

ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရူပ်နာမ် တရားတို့၏။ ဝိပရိဏာမာနုပဿနေ ပညာ၊ ဖေါက်ပြန် ပျက်စီးခြင်းကို ရှုမြင်သော ပညာသည်။ ဉဒယဗ္ဗယာနုပဿနေ ဉာဏံ၊ ဉဒယဗ္ဗယဉာဏ်မည်၏ တဲ့။ ဒီသုတ္တန်ပါဠိတော်တော့ဟာ ပစ္စုပ္ပန်ကို ရှုရကြောင်း တိုက်ရိုက်ပြထားတဲ့ ဒေသနာတော်တော့ပါဘဲ။

ဒီလို ပစ္စုပ္ပန်ကျအောင် မရှုနိုင်ယင်တော့ ဘဝင်က ထပြီး **ဆင်ခြင်စိတ်** ဖြစ်ပေါ်လာတယ်၊ အဲဒီ ဝီထိစိတ်စဉ်ကတော့ ခုနက မြင်ခဲ့တာကို ပြန် ဆင်ခြင်တဲ့အနေနဲ့ ဖြစ်လာတယ်။ အဲဒီမှာ ပါဝင်တဲ့စိတ်တွေကတော့ ဆင်ခြင်တဲ့စိတ်က တကြိမ်၊ ဇောစိတ်က ခုနစ်ကြိမ်၊ တဒါရုံစိတ်က ၂-ကြိမ်၊ အာဝဇ္ဇန်းပေါင်း ၁၀-ကြိမ် ပါဝင်ပါတယ်။ အဲဒီ စိတ်စဉ်အတွက် ဆောင်ပုဒ်ကတော့-

ဆင်ခြင်ပြီးခါ၊ ဇော တဒါ၊ ကြံရာ စိတ် ဖြစ်ပုံ တဲ့။

မနောဒွါရက စိတ်ကူး စဉ်းစား ကြံစည်တိုင်း ရှုမှတ် ဆင်ခြင်တိုင်း ဒီစိတ် ၃-မျိုး, အကြိမ်အာဝဇ္ဇန်းဖြင့် ၁၀-ကြိမ်ဟာ ဖြစ်ရိုး ဖြစ်

စဉ်ဘဲ။ဒါပေမယ့် ယောဂီ၏ ဉာဏ်ထဲမှာတော့ စိတ်တကြိမ်တည်း အနေနဲ့သာ ထင်မြင်နိုင်ပါတယ်။ ဒီလို တဒီထိ တဒီထိလုံးကို စိတ် တကြိမ်တည်း တကြိမ်တည်း အနေနဲ့ ထင်မြင်တာ သိတာဟာ ဘင်္ဂဉာဏ် အချာမှာ ပြဆိုထားတဲ့ ပဋိသမ္ဘိဒါမင်္ဂ ဝိသုဒ္ဓိမဂ်တို့နှင့် ညီညွတ်ပါတယ်။ ယခု ပြောခဲ့တဲ့ ဆင်ခြင် ဝီထိ၏ အခြားမဲ့မှာ ရှုနိုင်ယင်လဲ ပညတ်ကို မရောက်ဘဲ ပရမတ် အဆင်း ရုပ်တွင် တည်ဘဲ့ နိုင်ပါသေးတယ်။ အားထုတ်ခါစ ပုဂ္ဂိုလ်မှာတော့ ဒီလို တည်တံ့ဘို့ရာဟာ မလွယ်လှသေးပါဘူး။

အဲဒီ ဆင်ခြင်ဝီထိကိုတောင် မရှုနိုင်ယင်တော့ ဒြင်ဝီထိ အမည် ဝီထိတွေကို ရောက်သွားပါရော။ အဲဒီအခါကျတော့ စဲလမ်းမှု တွေလဲ ဝင်ရောက်လာကြတော့တာဘဲ။ အဲဒီလို စဲလမ်းပြီးမှတော့ ရှုပေမယ်လို့ မူလအစဲအလမ်းက မပျောက်တော့ဘူး။ ဒါကြောင့် အဲဒီပညတ်ဝီထိ စဲလမ်းမှုတွေ မရောက်ခင် ရှုနိုင်အောင်လို့ "မြင်ပြီးလျှင် ပြီးချင်း လက်ငင်း ရှုရမယ်"လို့ ညွှန်ကြားရတာဘဲ။ ကဲ ဖြစ်စဉ်ဆောင်ပုဒ်ကို ဆိုကြရမယ်။

ထင်ဆဲ ဆင်းဓာတ် မြင်လတ် စစ္ဓာ၊ (ဆို)
ဒါက စက္ခုဒ္ဒါရဝီထိ မြင်ဝီထိ ဖြစ်ပုံဘဲ။
မြင်ပြီးတရား စဉ်းစားပြန်ရာ၊ (ဆို)
ဒါက တဒနုဝတ္တက မနောဒ္ဒါရဝီထိ ဆင်ခြင်ဝီထိ ဖြစ်ပုံဘဲ။
သဏ္ဌာန်ဒြင် ပညတ်ပေါ်ကာ၊ (ဆို)
မည်နာမ သိရ နောက်ဆုံးမှာ။ (ဆို)

ဒီ ၂-ပိုဒ်ကတော့ ဒြင်ဝီထိ အမည်ဝီထိ ၂-ခု ဖြစ်ပုံတွေပါဘဲ၊ ဒါတွေကိုလဲ တဒနုဝတ္တက မနောဒ္ဒါရဝီထိတွေလို့ဘဲ ခေါ်ရပါ

တယ်။ မြင်တဲ့ ဝီထိနောက်က အစဉ်လိုက်ပြီး ဖြစ်တဲ့ စိတ်အစဉ်ဇံတွေလို့ ဆိုလိုပါတယ်။

ကြားရာ နံရာ စားသိရာ ထိသိရာတွေမှာလဲ မြင်ရာမှာလိုဘဲ ဝီထိစိတ်စဉ်တွေ ဖြစ်သွားပါတယ်။ထူးခြားစာကတော့ "ဘဝင် ဆင်ခြင် မြင် ပြီးလျှင်" ဆိုရာမှာ "ဘဝင်ဆင်ခြင် ကြား ပြီးလျှင်" စသည်ဖြင့် သူ့ဒွါရ သူ့ဝိညာဏ်အားလျော်စွာ ပြင်ပြီးယူရမယ်၊ ပြီးတော့ "မြင် လတ် စစ္ဆာ"၊ "မြင် ပြီးတရား" လို့ ဆိုရာတွေမှာလဲ "ကြား လတ် စစ္ဆာ"၊ "ကြား ပြီးတရား" စသည်ဖြင့် ပြင်ပြီးယူရမယ်။ ပြီးတော့ စကားသံကို ကြားရာမှာ အမည်ပညတ်က အယင် ပေါ်တယ်။ အနက်ဒြဗ်က နောက်မှ ပေါ်တယ်။ ဒါကြောင့် အဲဒီစကားသံကို ကြားရာမှာ တတိယနဲ့ စတုတ္ထစာပိုဒ်များကို "အမည်ပညတ် ပေါ်လတ်ပြီးခါ"၊ "အနက်ဒြဗ် သိလတ် နောက်ဆုံးမှာ" လို့ ရှေနောက်ပြန်ပြီး ယူရမယ်။ ဒါလောက်ပဲ ထူးခြားပါတယ်။ ဒါကြောင့်-

ကြား နံ စား ထိ၊ မြင် တူ၏၊ မှတ်ဘိ စိတ် ဖြစ်ပုံ လို့-
ဆောင်ပုဒ်မှာ ညွှန်ပြထားခဲ့တယ်။ ဒါကြောင့် အဲဒီ ကြားရာ စသည်မှာလဲ ကြားပြီးလျှင် ပြီးချင်း၊ နံပြီးလျှင် ပြီးချင်း၊စားသိ ပြီးလျှင် ပြီးချင်း၊ ထိသိပြီးလျှင် ပြီးချင်း လက်ငင်းဘဲ ရှုရှုသွားရမယ်။

ပြီးတော့ မနောဒွါရဖြင့် စိတ်ကူး ကြံစည်မိရာမှာလဲ ချက်ခြင်း မရှုမိလျှင် အဲဒီ စိတ်ကူးနောက်ကို လိုက်ပြီး စဉ်းစားဆင်ခြင်တဲ့ အနုဝတ္တကဝီထိတွေ (နောက်လိုက် စိတ်အစဉ်တွေ) တသီတတန်းကြီး ဖြစ်ပေါ်လာမယ်။ ဒါကြောင့် အဲဒီ နောက်လိုက် ကြံစည်မှုတွေ မဖြစ်ရအောင် အဲဒီ ကြံသိရာမှာလဲ ချက်ခြင်းဘဲ

ရှုရှုသွားရမယ်။ အဲဒါကတော့ အင်မတန် ထင်ရှားပါတယ်။ တခါတရံမှာ "ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်"လို့ ဒီလို ရှုမှတ်နေယင်း ကြားထဲက စိတ်ကူးကလေး တခု ဖြစ်ပေါ်လာတယ်၊ အဲဒါကလေးကို ဖြစ်သည်နှင့် တပြိုင်နက် ချက်ခြင်း မှတ်လိုက်မိတယ်၊ ဒီလို မှတ်မိတာနဲ့ နောက်ထပ် စိတ်ကူး မဖြစ်တော့ဘဲ ပြတ်စဲသွားတယ်။ တခါတရံမှာတော့ အပြင် ထွက်ဘို့ မသေမချာ စိတ်ကလေး ဖြစ်လာတယ်။ အဲဒါကလေးကို မှတ်လိုက်တာနဲ့ အလွတ်စိတ်ကူး မဖြစ်နိုင်တော့ဘဲ ငြိမ်းသွားတာကိုလဲ တွေ့ရတယ်။ ဒီလို တွေ့ရတဲ့ယောဂီက "ကလေးသူငယ်များ ဆော့နေတာကို လူကြီးက 'ဟဲ့' လို့ မန်လိုက်တာနဲ့ ငြိမ်းသွားတာနဲ့ တူတယ်"လို့တောင် ဥပမာတင်ပြီး ပြောတတ်သေးတယ်။

ဒါကြောင့် မြင်ထိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ချက်ခြင်း လက်ငင်း ရှုရှုသွားယင် ဆင်ခြင် စဉ်းစားပြီး စဲလမ်းမည့် နောက်လိုက်စိတ်တွေ မဖြစ်ရတော့ဘူး။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ–မြင်သည်၌ မြင်ရုံမျှ ဖြစ်လတ့ံ။
သုတေ သုတမတ္တံ ဘဝိဿတိ – ကြားသည်၌ ကြားရုံမျှ ဖြစ်လတ့ံ။
မုတေ မုတမတ္တံ ဘဝိဿတိ – ရောက်သည်၌ ရောက်ရုံမျှ ဖြစ်လတ့ံ။

ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ–သိသည်၌ သိရုံမျှ ဖြစ်လတ့ံ လို့ ဒီလိုဟောတော်မူတဲ့ မာလုက္ကျပုတ္တာသုတ် ဒေသနာတော်နှင့် အညီ မြင်ရုံမျှ ကြားရုံမျှ တွေ့ရုံမျှ သိရုံမျှ သဘော မှန်တင်သာ တည် နေတော့တယ်။ပြန်ပြီး ဆင်ခြင် စဉ်းစား ကြည့်ယင်လဲ

မူလဲက သိခဲ့တဲ့အတိုင်း သဘောမှန်သာ ပြန်ပြီး ပေါ်နိုင်တယ်။ စဲ့လမ်းမှတွေ့ကတော့ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့်-

ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ စဲ့မှ ကင်းပျောက်သည် လို့-ဆောင်ပုဒ်က ဆိုထားတာဘဲ။ ဒီလို စဲ့မှ ကွင်းပျောက်တာဟာ ဘာကြောင့်လဲ ဆိုရင်-

မမြဲ, ဆင်းရဲ၊ သဘောဘဲ၊ ဉာဏ်ထဲ ရှင်းတော့သည် တဲ့။

"စဲ့လမ်းမှ ကင်းပျောက်သွားတယ်" ဆိုတာဟာ သဘောမှန် အတိုင်း သိသွားလို့ပါဘဲ တဲ့။ ဖြစ်တိုင်း ဖြစ်တိုင်း ဖြစ်ခိုက် ဖြစ်ခိုက်မှာ လိုက်ပြီး ချက်ခြင်း ချက်ခြင်း ရှုနေတဲ့ယောဂီမှာ မပြတ် ဖြစ်ပျက်နေတဲ့ တရားတွေကိုချည်း တွေ့နေတယ်၊ ဒါကြောင့် "မမြဲတဲ့တရားဘဲ၊ ဆင်းရဲဘဲ၊ သဘောတရားမျှဘဲ" ဆိုတာ ယောဂီ၏ ဉာဏ်ထဲမှာ မှတ်ယင်း မှတ်ယင်း သူ့အလိုလို ရှင်းသွားတယ်၊ အဲဒါဟာ ဆရာများက ဟောပေးလို့ ရှင်းသွားတာ မဟုတ်ဘူး၊ ရှုယင်း ရှုယင်း မျက်စိလည် ပြေသွားသလို သူ့ဟာသူဘဲ ရှင်းသွားတာ၊ ဒီလို ရှင်းပြီး သိမြင် သဘောကျသွားမှ ဉာဏ်အစစ်လို့ ဆိုရတာ။ ကဲ ဆိုကြရမယ်။

မမြဲ,ဆင်းရဲ၊သဘောဘဲ၊ ဉာဏ်ထဲ ရှင်းတော့သည်။(ဆို)

ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်နေရုံနဲ့ "မမြဲတဲ့တရားဘဲ၊ ဆင်းရဲဘဲ၊ အနတ္တ သဘောတရားဘဲ" လို့ ဒီလို ဉာဏ်ထဲမှာ အလိုလို ရှင်းပြီးသိလာတယ် ဆိုတာကလဲ သိလောက်အောင် အပြည့် အစုံ ရှုမှသိနိုင်တာ၊ တအောင့် တခဏလောက် တထိုင်လောက်နဲ့ကတော့ သိပါလိမ့်မယ်လို့ တာဝန် မခံနိုင်ဘူး။ လူပေါင်း ရာ ထောင် သိန်း သောင်းထဲမှာ တဦးတလေတော့လဲ ရှိချင် ရှိပေလိမ့်မယ်။ မြတ်

စွဘဉ်ရားဒၢက်ထက်တော် ကာလတုန်းကတော့ ဂါထာ တပုဒ် လောက် တရားနာရုံနဲ့ တထိုင် အတွင်း တခဏကလေး အတွင်း မှာဘဲ မဂ်ဖိုလ် ရသွားကြတဲ့သူတွေ အများကြီးဘဲ ရှိခဲ့ပါတယ်။ ဒါပေမယ့် အဲဒီခေတ်နဲ့ ယခုခေတ်ကို နှိုင်းစာလို့တော့ မဖြစ်ပေဘူး၊ ဘာကြောင့်လဲ ဆိုယင်-အဲဒီတုန်းက ဟောတဲ့ပုဂ္ဂိုလ်ကလဲ မြတ်စွဘဉ်ရား ဖြစ်နေတယ်၊ ပြီးတော့ တရားနာသူတွေ၏ အဇ္ဈာသယကိုလဲ သိပြီး ဟောတော်မူတယ်၊ နာတဲ့သူတွေကလဲ ပါရမီထူးရှိတဲ့သူတွေဘဲ။ ယခုနေအခါမှာတော့ ဟောတဲ့သူကလဲ မိမိတတ်သိသမျှ ဟောရတဲ့ တော်ရုံသင့်ရုံ ပုဂ္ဂိုလ်မျှ ဖြစ်နေတယ်၊ တရားနာသူတို့၏ အလိုအဇ္ဈာသယကိုလဲ သိကြတာမဟုတ်ဘူး၊ နာသူတွေကလဲ "ပါရမီထူးတယ်" လို့ ဆိုဘို့ ခက်ပါတယ်၊ပါရမီထူးယင် ဘုရားလက်ထက်ကတည်းက ပါသွားဘို့ ရှိနေပါတယ်။ ဒါကြောင့် ယခုခေတ်မှာတော့ "တခဏ အတွင်းမှာဘဲ ထူးထူးခြားခြား အသိဉာဏ်တွေ ဖြစ်လာပါလိမ့်မယ်" လို့တော့ ဝန်မခံနိုင်ဘူး။ ပြည့်ပြည့်စုံစုံ အားထုတ်ယင် ဖြစ်မယ်လို့ ဒါလောက်သာ ဝန်ခံနိုင်ပါတယ်။

ဘယ်လောက်ကြာအောင် အားထုတ်မှ ပြည့်စုံနိုင်မှာလဲ ဆိုယင်-အနိစ္စ ဒုက္ခ အနတ္တသဘောကို ရှင်းပြီးသိတာက သမ္မသနဉာဏ်က စပြီး ဖြစ်တယ်၊ ဒီဉာဏ်ကလဲ စစချင်း ဖြစ်တာမဟုတ် ဘူး၊ စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ ဆိုတဲ့ ဒိဝိသုဒ္ဓိ ၃-ပါးကို ကျော်လွန်ပြီးမှ ဖြစ်တယ်။ ဒါကြောင့် ယခု အများ ယောဂီတို့၏ စံချိန်အရဆိုယင် အလွန် ထူးခြားတဲ့သူမှာ ၂-ရက် ၃-ရက်အတွင်း ဒီသမ္မသနဉာဏ်ကို ရောက်တတ်ပါတယ်၊ အများ အားဖြင့်တော့ လေး ငါး ခြောက်ရက် ခုနစ်ရက်အတွင်း ရောက်

တတ်ပါတယ်။ ဒါကလဲ ပြည့်ပြည့်စုံစုံ တင်းတင်းရင်းရင်း အားထုတ်တဲ့သူတွေကို ပြောတာ၊ လျော့လျည်းလျည်း အားထုတ်နေတဲ့ သူတွေမှာတော့ ၁၅-ရက် အရက် ၂၀-တိုင်အောင် ဒီဉာဏ်ကို မရောက်တာလဲ ရှိတာပါဘဲ။ ဒါကြောင့် အားထုတ်ခါစမှာ တင်းတင်းရင်းရင်း အပြည့်အစုံ အားထုတ်ဖို့ကို ပြန် ပြောဦးမယ်။

အပြည့်အစုံ အားထုတ်ပုံ

ခုနက ဆောင်ပုဒ်ထဲမှာ "ဖြစ်တိုင်း မှတ်ရှု" လို့ ဆိုထားတဲ့ အတိုင်း ဝိပဿနာဆိုတာ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကြုံသိတိုင်း မလွတ်ရအောင် မပြတ်ရှုသွားရတယ်။ ဒါပေမယ့် အားထုတ်ခါစမှာတော့ အကုန်လုံးကို စေ့ငုအောင် လိုက်ပြီး မရှုနိုင်သေးလို့ နဲနဲက စပြီး ရှုရတယ်။ ဝမ်းဗိုက်က ဖောင်းလိုက် ပိန်လိုက်နဲ့ လှုပ်ရှားနေတဲ့ ရုပ်ဟာ အများအားဖြင့် ရှုလို့ လွယ်ကူတတ်ပါတယ်။ ဒါကြောင့် အဲဒီ ဖောင်းတာ ပိန်တာက စပြီး ရှုဘို့ ရွေးနားက ရှင်းပြီး ပြောခဲ့ပါပြီ။ အဲဒီလို ပြောခဲ့တဲ့အတိုင်း "ဖောင်းတယ်၊ ပိန်တယ်၊ ဖောင်းတယ် ပိန်တယ်" လို့ မပြတ်ရှုမှတ်နေရတယ်။ နောက် - သတိ, သမာဓိ အားကောင်းလာတဲ့အခါကျတော့ ထိုင်တာထိတာပါ ထည့်ပြီးတော့ "ဖောင်းတယ်, ပိန်တယ်, ထိုင်တယ်, ထိတယ်" လို့ မပြတ် မှတ်နေရတယ်။ ဒီလို မှတ်နေယင်းထဲက စိတ်ကူး ကြုံစည်မှုတွေ ပေါ်လာယင် အဲဒါတွေကိုလဲ ဖြစ်တိုင်း ဖြစ်တိုင်း "စိတ်ကူးတယ်၊ ကြုံစည်တယ်၊ သိတယ်" စသည်ဖြင့် အကုန်လုံး လိုက်ပြီး မှတ်ရတယ်။ အဲဒီစိတ်ကူးတွေဟာ အများအားဖြင့် **နီဝရဏတရား** တွေဘဲ။ ဒါကြောင့် အဲဒီလို စိတ်ကူးတွေ မကင်းစင်

သေးယင် စိတ္တဇသုဒ္ဓိ မဖြစ်သေးတဲ့အတွက် ရုပ်နာမ် တရားတွေကို ရှင်းရှင်းလင်းလင်း မသိနိုင်သေးဘူး။ အဲဒါတွေ ကင်းစင်သွားမှ စိတ္တဇသုဒ္ဓိ ဖြစ်ပြီး ရှင်းရှင်းလင်းလင်း သိနိုင်တယ်။ ဒါကြောင့် အဲဒီလို စိတ်ကူးတွေကို လက်မခံဘဲ ရှုမှတ် ရှုမှတ်ပြီး ပယ်ရတယ်။

ကိုယ်ထဲက ညောင်းတာ ပူတာ နာတာ ယားတာ–ဒီလို အခံခက်တဲ့ ဝေဒနာတွေ ပေါ်လာယင်လဲ အဲဒါကို စူးစိုက်ပြီးတော့ "ညောင်းတယ် ညောင်းတယ်၊ ပူတယ် ပူတယ်" စသည်ဖြင့် သူ ဖြစ်ပေါ်တဲ့အတိုင်းဘဲ လိုက် မှတ်ရတယ်။ ဒီအထဲက လက် ခြေကို ကွေးချင် ဆန့်ချင် ရွေ့ချင်တဲ့စိတ် ဖြစ်ပေါ်လာယင် အဲဒီစိတ်ကို "ကွေးချင်တယ်၊ ဆန့်ချင်တယ်" စသည်ဖြင့် ဖြစ်တိုင်း ဖြစ်တိုင်း မှတ်ရတယ်။ ကွေးပြန် ဆန့်ပြန် ရွေ့ပြန်တော့လဲ "ကွေးတယ် ကွေးတယ်၊ ဆန့်တယ် ဆန့်တယ်" စသည်ဖြင့် အစဉ်မပြတ် လိုက် မှတ်ရတယ်။ ဒီနည်းဖြင့် ထိုင်ရာက ထယင်လဲ မပြတ် လိုက် မှတ်ရတယ်၊ လမ်းလျှောက်ယင်လဲ ခြေလှမ်းတိုင်း မပြတ် မှတ်သွားရတယ်၊ သွားရာက ထိုင်ယင်လဲ မှတ်ရတာဘဲ၊ ထိုင်ရာက လှဲအိပ် လိုက်ယင်လဲ မပြတ် မှတ်သွားရတာဘဲ။

ကိုယ်အမူအရာ လှုပ်ရှား ပြုပြင်တိုင်း၊ စိတ်ကူး ဖြစ်တိုင်း၊ ဝေဒနာ ပေါ်လာတိုင်း အကုန်လုံး လိုက် မှတ်ရတယ်။ ဘာမျှ အထူးမှတ်စရာ မရှိတဲ့အခါ "ဖေါင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ်"လို့ မပြတ် ရှုမှတ်နေရတယ်။ စားသောက်ရာ ရေချိုးရာတွေမှာလဲ မှတ်ရတာဘဲ။ အထူး မြင်တာ ကြားတာတွေ ရှိယင်လဲ မှတ်ရတာဘဲ။အိပ်ပျော်နေတဲ့အချိန် လေး ငါး ခြောက် နာရီလောက်မှ တပါး၊တခြားအချိန်တွေမှာ ဆိုယင် ဒီလို မပြတ် မစဲ ရှုမှတ်နေရတယ်။ အနည်းဆုံး တစ်စက္ကန့်လောက်မှာ တကြိမ်

တကြိမ် ထက်မနည်း ရှုနိုင်အောင် မပြတ် လုံ့လပြုပြီး ရှုမှတ်နေရတယ်။

ဒီလို ရိုရိုသေသေ မပြတ် ရှုနေယင် ၂-ရက် ၃-ရက်လောက် ကြာတဲ့အခါမှာ သတိ သမာဓိ တော်တော်ကောင်းလာတာကို တွေ့ရတတ်ပါတယ်၊ ၂-ရက်၃-ရက်နဲ့မတွေ့သေးယင်လဲ လေးငါး ခြောက်ရက်အတွင်း တွေ့မှာဖေါ့။သတိ သမာဓိက အားကောင်း လာတော့ ပုံလွှင့်ပြေးသွားတဲ့ စိတ်တွေဟာ မရှိသလောက်ပဲ နည်းသွားတယ်၊ ဖြစ်ပေါ်လာပြန်ယင်လဲ အဲဒီစိတ်ကို ဖြစ်လျှင် ဖြစ်ချင်း ရှုမှတ်နိုင်တယ်၊ ရှုမှတ်လိုက်တော့လဲ တခါထဲ ပြတ်စဲသွားတယ်၊ ဖေါင်းမှု ပိန်မှု စသော မှတ်စရာအာရုံနဲ့ မှတ်စိတ်ဟာ ချိန်းထားသလို ကပ်ခနဲ ကပ်ခနဲ အံကျကိုက်ပြီး လွယ်လွယ်ကူကူနဲ့ ရှုမှတ်နိုင်နေတယ်၊ အဲဒီလို ထူးခြားတာတွေဟာ သတိ သမာဓိ အားကောင်းလာတဲ့ အထိမ်းအမှတ် တွေပါဘဲ။ အဲဒါဟာ **စိတ္တဝိသုဒ္ဓိ** ဖြစ်တဲ့သဘောပါဘဲ။

အဲဒီလိုအခါက စပြီး မှတ်တိုင်း မှတ်တိုင်း မှတ်ရတဲ့ရုပ်အာရုံနဲ့ မှတ်စိတ်ဟာ တခြားစီ ကဲ့လာတယ်၊ ဖေါင်းမှု ပိန်မှု စသော ရုပ်တရားက တခြား၊ မှတ်သိတဲ့ နာမ်တရားက တခြား ကဲ့ပြားပြီး သိလာတယ်။ ပကတိအနေက ဆိုယင် ကိုယ်ရုပ်နဲ့ သိဘဲ့စိတ်ကို မခွဲခြားနိုင်ဘူး၊ တပေါင်းတည်း တယောက်တည်း အနေနဲ့ ထင်နေခဲ့တယ်၊ စာသိအရက ကဲ့နေပေမယ်လို့ ကိုယ်တိုင် သိအနေကတော့ တလုံးထဲ ဖြစ်နေတယ်၊ ယခု လက်တွေ့ သိရအောင် လက်ညှိုးကလေးကို လှုပ်ကြည့်စမ်းပါ၊လှုပ်ချင်တဲ့စိတ်ကို ထင်ရှား တွေ့ရဲလား၊ အဲဒီစိတ်နဲ့ လှုပ်တာ ကဲ့ရဲလား၊ ရိုးရိုး ဖြေယင် မကဲ့ဘူးလို့ ဖြေရမှာဘဲ။ ခုနက ပြောခဲ့တဲ့အတိုင်း သတိ

သမာဓိ အားကောင်းနေတဲ့ ယောဂီမှာတော့ "ခဲနဲ့ ပေါက်လိုက်လို နံရံကို ထိမှန်သွားရာမှာ နံရံက တခြား, ခဲက တခြား ကွဲပြားနေသလို" အာရုံရှုပ်နဲ့ မှတ်သိစိတ်ဟာ တခြားစီ ကွဲနေတယ်။ ဒီနေရာမှာ မြတ်စွာဘုရားက ပတ္တမြားနဲ့ အဲဒီမှာ သီထားတဲ့ကြိုး ကွဲနေပုံနှင့် ဥပမာ ပြထားတယ်။ (ဒီ ၁-၇၂)

နာမ်ရုပ်ကွဲပုံ ဥပမာ

ဥပမာ ပြထားပုံကတော့ - ဝေဠုရိယ ခေါ်တဲ့ ကြောင်မျက်ရွဲ့ ပတ္တမြားထဲမှာ ကြိုးညို ကြိုးဝါ ကြိုးနီ စသည်ကို သီထားလျှင်၊ မျက်စိမြင်တဲ့သူက ကြည့်လိုက်တဲ့အခါ "ပတ္တမြားထဲမှာ ကြိုးကို သီထားတယ်၊ ဒီဟာက ပတ္တမြားဘဲ၊ ဒီဟာက ပတ္တမြားမှာ သီထားတဲ့ ကြိုးဘဲ" လို ခွဲခြားပြီး မြင်သိသွားသလိုဘဲ၊ ထိုအတူပင် ယောဂီရဟန်းကလဲ "ဒီဟာက ရုပ်ကိုယ်ဘဲ၊ ဒီရှုသိတဲ့ စိတ်ဝိညာဏ်က ဒီရုပ်ကိုယ်မှာဘဲ မှီနေတယ်၊ ဒီရုပ်ကိုယ်နှင့် စပ်နေတယ်" လို သိပါတယ် တဲ့။ ဒီနေရာမှာ အဋ္ဌကထာက **စိတ်ဝိညာဏ်** ဆိုတာ ရုပ်ကိုယ်ကို ရှုတဲ့ ဝိပဿနာစိတ် ဝိပဿနာဉာဏ် ဖြစ်ကြောင်း ဖွင့်ပြထားပါတယ်။

ဒီ ဥပမာထဲမှာ ပတ္တမြားနဲ့ ရုပ်ကိုယ် တူပါတယ်၊ ကြိုးနဲ့ ဝိပဿနာစိတ် ရှုတဲ့စိတ် တူပါတယ်။ ကြိုးက ပတ္တမြားထဲ ဝင်နေတာနဲ့ ရှုတဲ့ဝိပဿနာစိတ်က ရုပ်ကိုယ်ဆီ ရောက်ပြီး သိနေတာ တူပါတယ်။

တို့ယောဂီတွေမှာလဲ "ဖေါင်းတယ်လို့ မှတ်တဲ့အခါမှာ ဖေါင်းတာကလေးက တခု၊ သိတာကလေးက တခု၊ ဒါကလေး ၂-ခုဘဲ ရှိတယ်၊ ပိန်တယ်လို့ မှတ်တဲ့အခါမှာလဲ ပိန်တာကလေး

က တခု၊ သိတာကလေးက တခု၊ ဒါကလေး ၂-ခုဘဲရှိတယ်” စသည်ဖြင့် သူ့ဟာ သူဘဲ အသိ ရှင်းလာပါတယ်။ ဒါကြောင့် “ဝမ်းဗိုက်က ဖောင်းတက်လာတဲ့အခါ ဖောင်းတာနဲ့ မှတ်သိတာ၊ ဒါကလေး ၂-ခုဘဲ ရှိတယ်၊ ပိန်ကျသွားတဲ့ အခါမှာလဲ ပိန်တာနဲ့ မှတ်သိတာ၊ ဒါကလေး ၂-ခုဘဲ ရှိတယ်၊ သွားနေ ခိုက်မှာလဲ ကြွတဲ့အခါ ကြွတာနဲ့ မှတ်သိတာ၊ လှုပ်းတဲ့အခါ လှုပ်းတာနဲ့ မှတ်သိတာ၊ နင်းချတဲ့အခါ ချတာနဲ့ မှတ်သိတာ၊ ဒါဘဲ ရှိတယ်၊ ရုပ်နဲ့ အသိ, ရုပ်နဲ့ အသိ တစုံတစုံ ဒါကလေး ၂-ခုဘဲ ရှိတယ်၊ ဒီပြင် ဘာမှ မရှိဘူး ဆိုတာ တချို့ယောဂီက ရှင်းရှင်းလင်းလင်း ပြောတတ်ကြပါတယ်။

ဒါထက် သမာဓိ ဉာဏ် တိုးတက်လာတဲ့ အခါကျတော့ အဲဒီ မှတ်သိရတဲ့ ရုပ်နာမ်ကလေးတွေ သူ့အခိုက်အတန့်နှင့် သူ့ တပိုင်းစီ တပိုင်းစီ ပျောက်ပျောက်သွားတာကို သိလာတယ်။ ဖောင်းတယ်လို့ မှတ်ခိုက်မှာ ဖောင်းတာကလေးက တရိပ်ရိပ်နဲ့ ပေါ်ပြီးတော့ ပျောက်သွားတယ်၊ ပိန်တယ်လို့ မှတ်ခိုက်မှာ ပိန်တာကလေးကလဲ တရိပ်ရိပ်နဲ့ ပေါ်ပြီးတော့ ပျောက်သွားတယ်၊ ဖောင်းတယ်လို့ မှတ်ယင် ဖောင်းတာရော သိတာရော ပျောက်သွားတာကို တွေ့ရတယ်။ ပိန်တယ်လို့ မှတ်ယင်လဲ ပိန်တာရော သိတာရော ပျောက်သွားတာကို တွေ့ရတယ်။ မှတ်တိုင်း မှတ်တိုင်း ဒီလို ပေါ်ပေါ်ပြီး ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတယ်။

ကွေးတယ် ကွေးတယ်လို့ မှတ်တိုင်း တကွေးနဲ့ တကွေးဟာ မရှောဘူး၊ ကွေးလိုက်ယင်း ပျောက်သွားယင်း၊ ကွေးလိုက်ယင်း ပျောက်သွားယင်းနဲ့ ကွေးချင်တဲ့စိတ်ရော ကွေးတဲ့ရုပ်ရော

မှတ်သိတဲ့စိတ်ရော တပိုင်းစီ တပိုင်းစီ ပေါ်လိုက် ပျောက်လိုက်နဲ့ ရှင်းပြီးတော့ ထင်ရှားနေတယ်။ ညောင်းတာ ပူတာ နာတာ တွေကို မှတ်ယင်လဲ ညောင်းတာ ပူတာ နာတာတွေက မှတ်ယင်း မှတ်ယင်းဘဲ ပျောက်ပျောက်သွားတယ်။

ဒီတော့ ယောဂီရဲ့ဉာဏ်ထဲမှာ "ပေါ်လာပြီးတော့ ပျောက် ပျောက်သွားလို့ မမြဲတာကွေ့ချည်းဘဲ" လို့ ဒီလို ရှင်းပြီး သဘော ကျလာတယ်။

"ဟုတ္တာ အဘာဝတော အနိစ္စာ"။ ဟုတ္တာ၊ ဖြစ်ပေါ်ပြီး၍။ အဘာဝတော၊ မရှိသောကြောင့်။ အနိစ္စာ၊ မမြဲတာတွေဘဲ" လို့ အဋ္ဌကထာများမှာ မိန့်ဆိုထားတဲ့ အတိုင်း "ဖြစ်ပေါ်ပြီး ပျောက်သွားလို့ မမြဲဘူး" ဆိုတာကို ယောဂီက ကိုယ်တိုင် ဉာဏ်နဲ့ တွေ့ပြီး သိသွားတာဘဲ။ အဲဒါ ကျမ်းဂန်တွေအရ မှန်းဆပြီးယူ တာလဲ မဟုတ်ဘူး၊ ဆရာတွေက ပြောလို့ အားနာရိုသေပြီး ယုံကြည်ရတာလဲ မဟုတ်ဘူး၊ သူ့ဉာဏ်ထဲမှာ သူ့ဟာ သူ ရှင်း လာတာ။ ဒီလို ကိုယ့်ဟာကိုယ် တွေ့ပြီး သိမှ **ဉာဏ်အစစ်** ဖြစ် တာ။ သူများ ပြောတာကို ယုံကြည်တာက **သဒ္ဓါတရား** ဘဲ၊ ယုံကြည်လို့ မှတ်ထားတာက **သညာသိ**ဘဲ၊ ဉာဏ်ပညာသိ မဟုတ်သေးဘူး၊ ကိုယ်တိုင် သိမှ **ဉာဏ်သိ** ဖြစ်တယ်။ ဒါကြောင့် ကိုယ်တိုင် သိဘို့က အရေးကြီးတယ်၊ ဝိပဿနာ ဆိုတာဟာ ကိုယ်တိုင် သိအောင်လို့ ရှုရတာဘဲ။ ရှုနေယင်း ကိုယ်တိုင်တွေ့ပြီး သိလာမှ ဝိပဿနာဉာဏ်အစစ် ဖြစ်တာ။

ယောဂီဟာ "ဖေါင်းတယ် ပိန်တယ်" စသည်ဖြင့် ဖြစ်ခိုက် ရုပ်နာမ်ကို မှတ်ယင်းမှတ်ယင်းနဲ့ ဖေါင်းတာကလေးလဲ ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူး၊ ပိန်တာကလေးလဲဖြစ်ပြီး ပျောက်

သွားလို့ မမြဲဘူး၊ စိတ်ကူး စဉ်းစား ကြံစည်တာကလေးတွေလဲ ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူး၊ ညောင်းတာ ပူတာ နာတာ ကျဉ်တာ ကိုက်ခဲတာ ယားတာကလေးတွေလဲ ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူး၊ ကွေးချင်တာ ကွေးတာ, ဆန့်ချင်တာ ဆန့်တာကလေးတွေလဲ ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူး၊ ကြတာ လှုပ်ရှားတာ ကလေးတွေလဲ တရွေ့ချင်း ဖြစ် ဖြစ်ပြီး ပျောက်ပျောက်သွားလို့ မမြဲဘူး၊ မှတ်သိတဲ့ စိတ်ကလေး တွေလဲ သိသိပြီး ပျောက်ပျောက်သွားလို့ မမြဲဘူးလို့ ဒီလို သူ့ အခိုက်အတန့်နဲ့ သူ ဖြစ်ပေါ်ပြီး ပျောက်ပျောက်သွားလို့ မမြဲတဲ့ တရားတွေကို ကိုယ်တွေ့ သိရတယ်။ ဒီတော့ မမြဲတဲ့ တရားတွေ ချည်းဘဲ ဆိုတာ သူ့ဟာ သူ အသိရှင်းသွားတယ်။ ဒီလို အသိ ရှင်းမှ အနိစ္စာနုပဿနာဉာဏ်အစစ် ဖြစ်တယ်။ ဒီဉာဏ်အစစ်ဖြစ် အောင်လို့ အားထုတ်ရတာ တဲ့။

အနိစ္စာနုပဿနာဉာဏ်

ဒီ အနိစ္စာနုပဿနာ အရာမှာ အဋ္ဌကထာက ဒီလို ခွဲခြားပြထားတယ်။ (ဝိသုဒ္ဓိ ၁-၂၀၁)

အနိစ္စံ ဝေဒိတဗ္ဗံ- အနိစ္စကိုလဲ သိရမယ် တဲ့။

အနိစ္စတာ ဝေဒိတဗ္ဗာ- မမြဲသည့်အဖြစ် အနိစ္စလက္ခဏာကိုလဲ သိရမယ် တဲ့။

အနိစ္စာနုပဿနာ ဝေဒိတဗ္ဗာ-မမြဲဟု ရှုမြင်တဲ့ အနိစ္စာနုပဿနာကိုလဲ သိရမယ် တဲ့။

ဒီလို အကျဉ်းချုပ် ပြပြီးတော့ "အနိစ္စန္တိ ခန္ဓပဉ္စကံ-အနိစ္စဆိုတာ ခန္ဓာငါးပါးဘဲ" စသည်ဖြင့် အကျယ်လဲ ရှင်းပြသွား

ပါတယ်။ ဒါကြောင့် ခန္ဓာငါးပါးဟာ အနိစ္စ-မမြဲတဲ့တရားဘဲလို့ ဒါကို သိထားရမယ်၊ ကိုယ့်ဉာဏ်နဲ့ မထင်သေး မသိသေးပေမယ်လို့ ဒါလောက်တော့ သိထားရမယ်၊ သိထားဘို့လဲ လိုပါတယ်။ ဒါလောက်တွင်လဲ မကသေးဘူး၊ ဒုက္ခ-ဆင်းရဲ တရားချည်းဘဲ၊ အနတ္တ--အတ္တမဟုတ် ငါကောင်မဟုတ်တဲ့ သဘောတရားချည်းဘဲလို့ ဒီလိုလဲ သိထားဘို့ လိုပါသေးတယ်။ဒီလို အနိစ္စ ဒုက္ခ အနတ္တတရားချည်းဘဲလို့ ကြားနာဘူး သိဘူးယင် ဝိပဿနာအလုပ်ကို အားထုတ်နိုင်ပါပြီ။ ဒါကြောင့် **ဂိုဋ္ဌတဏှာသမ်ယသုတ်**မှာ သုတမယဉာဏ် ပြည့်စုံပုံနဲ့ ဝိပဿနာရှုပုံကို ဒီကျင်းချုပ် ဒီလို ဟောထားပါတယ်။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ သဗ္ဗေ ဓမ္မာ၊ အလုံးစုံသော တရားတို့သည်။ အဘိနိဝေသာယ၊ မြဲသည် ချမ်းသာသည် အတ္တကောင်ဟု တဏှာဒိဋ္ဌိဖြင့် စွဲလမ်းခြင်းငှါ။ န အလံ ဣတိ၊ မထိုက်တန်ကုန်ဟူ၍။ ဧဝံ၊ ဤသို့။ ဧတံ၊ ဤသဘောကို။ ဘိက္ခုနော၊ ရဟန်းသည်။ သုတံ၊ ကြားနာဘူးသည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။(ဧဝံ သတိ၊ ဤသို့ ဖြစ်လျှင်။)သော၊ ထိုသို့ကြားနာဘူးသော ရဟန်းသည်။ သဗ္ဗံ ဓမ္မံ၊ ဒဋ္ဌရှ ၆-ပါး၌ ထင်ရှားသော တရားအလုံးစုံကို။ အဘိဇာနာတို့၊ ရှေးရှုသိ၏ တဲ့။ (မ ၁-၃၁၈)

"**ရှေးရှုသိတယ်**"ဆိုတာ ရှုရမည့်ရုပ်နာမ်ဆီကိုဉာဏ်ဖြင့် မျက်နှာမူပြီး စူးစိုက်ပြီး ရှုတာ သိတာကို ဆိုလိုတယ်။ ပြီးတော့ ဒီအသိကလဲ **နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်** ဆိုတဲ့ ဒီအစဆုံး အခြေခံ ဝိပဿနာ အသိကို ဆိုလိုပါတယ်။ ဒီတော့

"ရုပ်နာမ်တရား အားလုံးဟာ အနိစ္စ ဒုက္ခ အနတ္တချည်းဘဲ" လို့ ဒါလောက် ကြားဘူးယင် နာမရူပပရိစ္ဆေဒဉာဏ်က စပြီး ရှုနိုင်တယ် ဆိုတာ ထင်ရှားသိရပါတယ်။ ပြီးတော့ ဒါတွင် မကသေးဘူး၊ ရှေးရှုသိတဲ့ ဒီဉာဏ် ၂-ပါးပြီးထော့ သမ္မသန အစရှိတဲ့ အထက်ဝိပဿနာဉာဏ်တွေ ဆက်ပြီး ဖြစ်သွားပုံကိုလဲ-

သော၊ ထိုရဟန်းသည်။ သင်္ခံ ဓမ္မံ၊ တရားအလုံးစုံကို။ အဘိဇာနိတ္ဝာ၊ ရှေးရှုသိပြီး၍။ သင်္ခံ ဓမ္မံ၊ တရားအလုံးစုံကို။ ပရိဇာနာတိ၊ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ဖြင့် ပိုင်းခြားသိ၏ စသည်ဖြင့် ဆက်ပြီး ဖေါ်ပြသွားပါတယ်။

ဒါကြောင့် ဝိပဿနာရှုရမည့်ပုဂ္ဂိုလ်ဟာ အောက်ထစ်ဆုံးအားဖြင့် "ရုပ်နာမ်တရားအားလုံး အနိစ္စ ဒုက္ခ အနတ္တချည်းဘဲ" ဆိုတာကိုတော့ ကြားနာဘူး မှတ်သားဘူးရမယ်။ ဒါလောက် ကြားနာဘူးယင်လဲ အကျဉ်းချုပ်အားဖြင့် သုတမယ ဉာဏ် ပြည့်စုံပြီလို့ ယူရပါတယ်။ ယခု ဗမာပြည်က ဗုဒ္ဓဘာသာဝင်တွေကတော့ ဒီလို သုတမျိုးနဲ့ ပြည့်စုံနေတာ ကြာလှပါပြီ၊ ကလေးဘဝကတည်းက ပြည့်စုံလာကြမှာချည်းပါဘဲ။

ပြီးတော့ "ဟုတ္ဝာ အဘာဝေါဝါ (အနိစ္စတာ)-ဖြစ်ပေါ်ပြီးမရှိဘဲ ဖြစ်သွားတာ ကွယ်ပျောက်သွားတာဟာ မမြဲသည့်အဖြစ် **အနိစ္စလက္ခဏာ**ပါဘဲတဲ့။ ရုပ်နာမ်တရားတွေဟာ အစဉ်ထာဝရ ရှိနေတာမဟုတ်ဘူး၊ အကြောင်း ညီညွတ်တဲ့အခါမှ အသစ်အသစ် ဖြစ်ပေါ်လာကြတာ၊ အဲဒါဟာ မူလကမရှိတဲ့အနေမှ အရှိသဘောကို ရောက်လာတာဘဲ၊ ဒါကြောင့် "ဟုတ္ဝာ-ဖြစ်ပြီး၍ ရှိလာပြီး၍" လို့ ဆိုထားပါတယ်။ အဲဒီလို ဖြစ်လာ

ရှိလာပြီးတော့လဲ အမြဲတည်နေတာ မဟုတ်ဘူး၊ တခဏချင်းဘဲ မရှိဘဲ ဖြစ်သွားပြန်တယ်၊ ကွယ်ပျောက်သွားပြန်တယ်။ ဒါကြောင့် "အဘာဝေါ-မရှိခြင်း ကွယ်ပျောက်သွားခြင်းဟာ **အနိစ္စတာ, အနိစ္စလက္ခဏာ**လို့ ဆိုထားပါတယ်။ အဲဒီလို ဖြစ်ပေါ်လာပြီး ကွယ်ပျောက် ကွယ်ပျောက်သွားလို့ဘဲ ရုပ်နာမ်တရားတွေကို "အနိစ္စ--မမြဲဘူး" လို့ အသိအမှတ်ပြုရတယ်။ ဒါကြောင့် ဖြစ်ပေါ်ပြီး ကွယ်ပျောက်သွားခြင်းဟာ အနိစ္စလက္ခဏာမည်ပါတယ် တဲ့။ အထူးအားဖြင့် ကွယ်ပျောက်သွားတာကို "**အနိစ္စလက္ခဏာ**" လို့ ဆိုလိုပါတယ်။ မမြဲဘူးလို့ ခေါ်ရခြင်း၏ အထိမ်းအမှတ်ပေါ့။

ပြီးတော့ "တဿာ အနိစ္စတာယ ဝသေန အနိစ္စန္တိ အနုပဿနာ- ထိုကွယ်ပျောက်သွားခြင်း အနိစ္စလက္ခဏာအလိုအားဖြင့် မမြဲဘူးလို့ ရှုမြင်တာ သိတာဟာ အနိစ္စာနုပဿနာမည်ပါတယ် တဲ့။ ပေါ်လာတဲ့ရုပ်နာမ်ကို ရှုနေယင်း ပေါ်လာပြီးတော့ ပျောက်သွားတာကို တွေ့ရတဲ့အတွက် မမြဲဘူးလို့ သဘောကျသွားတာ သိမြင်သွားတာဟာ အနိစ္စာနုပဿနာဉာဏ်ဘဲ လို့ ဆိုလိုပါတယ်။ ကဲ ဒါကလေးတွေကို ဆိုကြဦးစို့။

အနိစ္စကို သိရမည်၊ အနိစ္စလက္ခဏာကို သိရမည်၊ အနိစ္စာနုပဿနာကို သိရမည်။ (ဆို)

ဒါကတော့ ခုနက ပြောပြခဲ့တဲ့ အဋ္ဌကထာခဲ့ ဘာသာပြန်ဘဲ။ **အနိစ္စ** ဆိုတာက ဘယ်ဟာလဲ ဆိုယင် "မပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာက အနိစ္စတရား" ကဲ့။ **အနိစ္စ**-မမြဲတဲ့တရား ဆိုတာ မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာတွေဘဲ၊ မပြတ်ဖြစ်ပျက်နေတဲ့ သဘောတရားတွေဘဲ။ ဖြစ်ခိုက်ဖြစ်ခိုက်မှာ လိုက်ပြီးရှုနေတဲ့

ယောဂီမှာ မပြတ်ဖြစ်ပျက်နေတဲ့ တရားတွေကိုချည်း တွေ့နေရတယ်၊ မြင်ရာကလဲမြင်တိုင်း မြင်တိုင်းမြင်မြင်ပြီး ပျောက်ပျောက်သွားတယ်၊ ထိအာတူ ကြားရာ စသည်ကလဲ ကြားတိုင်း နံတိုင်း စားသိတိုင်း တွေထိတိုင်း ကြေးတိုင်း ဆန့်တိုင်း လှုပ်ရှားတိုင်း စိတ်ကူးကြံစည်တိုင်း သိသိပြီး ပျောက်ပျောက်သွားတယ်။ မိနစ် စက္ကန့်မလပ် ရှုမှတ်တိုင်း မပြတ်ဖြစ်ပျက်နေတာတွေချည်း တွေ့ရတယ်။ အိပ်ပျော်နေတဲ့အခါမှာလဲ ဒီရုပ်နာမ်ခန္ဓာတွေကတော့ မပြတ်ဖြစ်ပျက်နေတာဘဲ၊ မရှုနိုင်တဲ့အတွက် မသိရတာတမည် လောက်ပဲ ရှိတယ်၊ သူတို့ကတော့ မပြတ်ဖြစ်ပျက်နေတာဘဲ။

အနိစ္စ–မမြဲတဲ့တရား ဆိုတာ ဒီလို မပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာတွေပါဘဲ၊ "စဲလမ်းနိုင်ရာ ငါးခန္ဓာ" ဆိုတာလဲ **ဒီ**မပြတ်ဖြစ်ပျက်နေတဲ့ တရားတွေပါဘဲ။ "အနိစ္စကို သိရမည်" ဆိုတာလဲ ဒီတရားတွေကို ဆိုတာပါဘဲ၊ တရားအားမထုတ်မီကတော့ သုတမယညာဏ်ဖြင့် ကြားနာမှတ်သားပြီး သိထားဘို့ပါဘဲ၊ ရှုမှတ်အားထုတ်နေတဲ့အခါမှာတော့ ခဏမစဲ ဖြစ်ပျက်နေတာတွေကို ကိုယ်တိုင်ညာဏ်နဲ့ တွေ့ပြီး သိဘို့ပါဘဲ။ ကဲ ဆိုကြရမယ်။

မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာက အနိစ္စတရား။(ဆို)

အနိစ္စလက္ခဏာ

အနိစ္စလက္ခဏာ ဆိုတာကတော့ ရှုမှတ်ရတဲ့ ရုပ်နာမ်တရားတွေ ဖြစ်ပေါ်လာပြီးတော့ ပျောက်ပျောက်သွားတဲ့ အခြင်းအရာပါဘဲ။ ဒါကြောင့် "ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက အနိစ္စလက္ခဏာ" တဲ့။ အဲဒါကို ဆိုကြရမယ်။

ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက အနှစ်စွ
လက္ခဏာ။ (ဆို)

ရုပ်နာမ်တရားတွေကို "အနိစ္စ-မမြဲဘူး" လို့ ဆိုရတာဟာ ဘာကြောင့်လဲ ဆိုယင်၊ ဖြစ်ပေါ်လာပြီးတော့ မရှိတော့ဘဲ ပျောက်ပျောက် သွားလို့ပါဘဲ ၊ဒါကြောင့် အဲဒီ ကွယ်ပျောက်သွားတာဟာ မမြဲဘူးလို့ခေါ်ရခြင်း၏ **အထိမ်းအမှတ်လက္ခဏာ** ပါဘဲ။

ဥပမာ လူတွေမှာ လူတိုင်း လူတိုင်း ထူးခြားတဲ့ အထိမ်း အမှတ်လက္ခဏာ ဆိုတာ ရှိတယ်၊ အဲဒီ အထိမ်းအမှတ် လက္ခဏာကဘယ်မှာရှိတတ်သလဲဆိုယင်၊အမျှားအားဖြင့် မျက်နှာ မှာ ရှိတတ်ပါတယ်။ မျက်ခုံး မျက်လုံးနေပုံ နှာတန်နေပုံ ပါး စပ်နေပုံ နဖူးနေပုံ မဲ့စသည်နှင့် အသွေးအရောင် ဒီလို အထိမ်း အမှတ်တွေ ရှိတတ်ပါတယ်။ ဒါကြောင့် တွေ့ဘူးသိဘူးတဲ့ လူတ ဦးနဲ့ တဦး တွေ့ကြယင် အဲဒီ အထိမ်းအမှတ်ကလေးကွေကို ကြည့်ပြီးတော့ ဘယ်သူဘဲ ဆိုတာ သိကြရတယ်။

အဲဒါလိုပါဘဲ "အနိစ္စ-မမြဲဘူး"လို့ ဆိုရတဲ့ ဒီ ရုပ်နာမ်ခန္ဓာ တွေမှာလဲ "အနိစ္စ-မမြဲဘူး"လို့ မှတ်သားဘို့ရာ အထိမ်းအမှတ် လက္ခဏာ ရှိတယ်၊ အဲဒါက ဘာလဲ ဆိုယင်၊ ဖြစ်ပေါ်ပြီးတော့ ပျောက်သွားခြင်းသဘောပါဘဲ။ ဟုတ်တယ် ဖြစ်ပေါ်လာပြီး တော့ ကွယ်ပျောက်သွားတာကိုမှ "မမြဲဘူး"လို့ ဆိုရတယ်၊ အစကတည်းက လုံးလုံး ဖြစ်ပေါ်လာခြင်း မရှိတဲ့ တရားကို တော့ မရှိပေမယ့် "အနိစ္စ-မမြဲဘူး"လို့ မဆိုရဘူး၊ ဟုတ်လား။ အဲဒီလို လုံးလုံး မဖြစ်ပေါ်လာတဲ့တရားက ဘယ်လိုတရားလဲ ဆိုယင် ပညတ်တရားပေါ့။

ပညတ်ဆိုတာ ထင်ရှားမရှိဘူး

ပညတ်ဆိုတာ ဖြစ်လဲ မဖြစ်ပေါ်ဘူး၊ တကယ်လဲ ထင်ရှားမရှိဘူး၊ လူ့နာမည်မျိုးပေါ့။ လူ့နာမည်ဟာ အမည်မှည့်တဲ့အချိန်က စပြီး ထင်ရှားလာတယ်၊ ဒါကြောင့် အဲဒီအချိန်က စပြီး ဖြစ်ပေါ်လာသလိုလို ထင်ရတယ်။ ဒါပေမယ့် အဲဒီနာမည်ဟာ အမှတ်အသား ပြုရုံမျှ ခေါ်ဝေါ်ရုံမျှပါဘဲ၊ အဲဒီအချိန်က စပြီး ဖြစ်လာတာလဲ မဟုတ်ပါဘူး၊ တကယ်လဲ ထင်ရှားရှိတာ မဟုတ်ပါဘူး။ တကယ် ရှိတယ် ထင်ယင် ရှာကြည့်ပေါ့။

လောကမှာ သားကလေး သမီးကလေး တဦးတယောက် ရလာယင် မိဘများက အဲဒီ သားသမီးကို ခေါ်ဝေါ်ပြောဆိုလို့ ဖြစ်အောင် နာမည်ပေးထားကြတယ်။ ဒါကြောင့် မိဘဖြစ်သူတွေက မိမိတို့ ရလာတဲ့ သားကလေးကို ကင်ပွန်းတပ်မင်္ဂလာပြုပြီး "မောင်နို" လို့ အမည်ပေးလိုက်တယ် ဆိုပါတော့၊ အဲဒီ "မောင်နို" ဆိုတဲ့ နာမည်ဟာ အမည်မပေးခင်ကတော့ ဘယ်သူကမှ ခေါ်ရမှန်း မသိသေးဘူး၊ အမည်ပေးလိုက်တဲ့ အချိန်က စပြီး အဲဒီကလေးကို "မောင်နို" လို့ဘဲ လူတွေက အသိအမှတ်ပြုကြတယ်။ သို့ပေမယ့် "မောင်နို" ဆိုတဲ့ အဲဒီအမည်ဟာ အမည်ပေးတဲ့အချိန်က စပြီး ဖြစ်လာတယ်လို့တော့ မဆိုရဘူး၊ ဘာကြောင့်လဲ ဆိုယင် "မောင်နို" ဆိုတဲ့ အဲဒီအမည်ပညတ်ကိုက ထင်ရှားမရှိလို့ပါဘဲ။ တကယ် ထင်ရှားရှိ, မရှိ စဉ်းစားကြည့်ကြဦး။

"မောင်နို" ဆိုတဲ့ အဲဒီအမည်ဟာ မောင်နိုဲ့ ကိုယ်ထဲမှာ ရှိနေပါသလား၊ ခေါင်းပေါ်မှာ ရှိနေပါသလား၊ ဘေးနားမှာ

ရှိနေပါသလား၊ မျက်နှာမှာ ကပ်နေပါသလား။ ဘယ်မှာမျှ မရှိပါဘူး၊ ပတ်ဝန်းကျင် လူအများက အသိအမှတ်ပြုထားလို့ "မောင်ခို" ဆိုတာ ထင်ရှားသိရုံမျှသာ ရှိပါတယ်။အဲဒီမောင်ခို သေဆုံးသွားယင်ကော အဲဒီအမည်လဲ ပျောက်ပျက်သွားပါသလား၊ ပျောက်မသွားပါဘူး၊လူအများက မမေ့သေးသမျှ ကာလပတ်လုံး မောင်ခိုဆိုတဲ့ အဲဒီအမည်ပညတ်ကတော့ ထင်ရှားနေတာပါဘဲ။ ဒါကြောင့် "နာမရေါဇွံ နဇီရတိ" တဲ့၊ အမည်နှင့် အနှယ်ဟာ ဘယ်တော့မှ ဆွေးမြည့်အိုမင်းခြင်း ပျက်စီးခြင်း မရှိပါဘူး တဲ့။လူတွေအားလုံးက အဲဒီ မောင်ခိုဆိုတဲ့ အမည်ကို အသိအမှတ် မပြုကြဘဲ မေ့ပျောက်လိုက်တဲ့ အခါကျတော့ အဲဒီအမည်ဟာ မထင်ရှားတော့ဘူး၊ ဒါပေမယ့် ပျောက်ပျက် သွားတာတော့လဲ မဟုတ်ပါဘူး၊ ဘာကြောင့်လဲ ဆိုယင် နောင်အခါ အဲဒီအမည်ကို ထုတ်ဖော်နိုင်တဲ့သူက ထုတ်ဖော်လိုက်ယင် ပြန်ပြီးတော့ ပေါ်လာပြန်ပါတယ်။

ဇာတ်နိပါတ်တော်ထဲက ဘုရားအလောင်းတော်၏ အမည်တွေကို စဉ်းစားကြည့်ပါ၊ ဝေဿန္တရာ, မဟောသဓာ, မဟာဇနက, ဝိဓုရ, တေမိ, နေမိအစရှိတဲ့ အမည်တွေဟာ အဲဒီဇာတ်နိပါတ် ဖြစ်စဉ် ဘဝကာလတုန်းကတော့ ထင်ရှားနေခဲ့တယ်၊ အဲဒီကနောက် အနှစ် သိန်းသန်းများစွာ ကာလပတ်လုံး ကွယ်ပျောက်နေခဲ့တယ်။ ဒါပေမယ့်လို့ ငါတို့ မြတ်စွာဘုရားက ပြန်ပြီးထုတ်ဖော်လိုက်တော့ အဲဒီအမည်တွေဟာ ယခု ထင်ရှားပေါ်နေပြန်တယ်။

လေးအသခ်ျေန့ဉ် ကပ္ပါတသိန်းထက်က ဒီပင်္ကရ မြတ်စွာဘုရား ဆိုတဲ့အမည်၊ သုမေဓာရသေ့ ဆိုတဲ့အမည်တွေဟာ အဲဒီခေတ်ကာလကနောက် လေးအသခ်ျေန့ဉ် ကပ္ပါတသိန်းကာလပတ်လုံး မထင်ရှားဘဲ ရှိနေခဲ့တယ်၊ ဒါပေမယ့် ငါတို့ မြတ်စွာဘုရားက ပြန်ပြီး ထုတ်ဖေါ်လိုက်တဲ့ အတွက် အဲဒီအမည်တွေဟာ ယခု ပြန်ပြီး ထင်ရှား ပေါ်နေပြန်တယ်၊ဒါကလဲ ယခု ဗုဒ္ဓသာသနာတော် ထွန်းကားနေတုန်းလောက်ပါဘဲ၊ ဘုရားသာသနာခေတ် ကုန်သွားတဲ့အခါကျတော့ အဲဒီအမည်တွေကို ဘယ်သူမှ အသိအမှတ်ပြုကြမှာ မဟုတ်တော့ဘူး၊ ဒီတော့ ဒီပင်္ကရ ဆိုတဲ့ အမည် သုမေဓာဆိုတဲ့ အမည်တွေဟာ ကွယ်ပျောက်သွားကြဦးမှာဘဲ။ ဒါပေမယ့် နောက်ဘုရား တဆူက ထုတ်ဖေါ်ပြီး ဟောလိုက်ယင်တော့ ပြန်ပြီး ပေါ်လာဦးမှာဘဲ။ ဒါကြောင့် အမည်ပညတ်ဆိုတာဟာ လူ့အမျိုးက အသိအမှတ်ပြုထားလို့ သမုတ်ထားလို့ ထင်ရှား သိရုံမျှပါဘဲ၊ တကယ်အားဖြင့် ဘယ်မှာမျှ ထင်ရှားရှိတာလဲ မဟုတ်ဘူး၊ အစကလဲ မရှိဘူး၊ နောင်လဲ ရှိတာ မဟုတ်ဘူး၊ ဖြစ်ပေါ်လာတာလဲ မဟုတ်ဘူး၊ ဖြစ်ပေါ်လာတဲ့တရားမဟုတ်တဲ့အတွက် "ပျောက်ပျက်သွားတယ်" လို့လဲ မဆိုရဘူး၊ "မမြဲဘူး" လို့လဲ မဆိုရဲဘူး။ ပညတ်ဆိုယင် ဘာပညတ်ပဲ ဖြစ်ဖြစ် ဒါမျိုးချည်းပါဘဲ၊ ထင်ရှားရှိတာလဲ မဟုတ်ဘူး၊ ဖြစ်ပေါ်လာတာလဲ မဟုတ်ဘူး၊ ပျက်သွားတာလဲ မဟုတ်ဘူး၊ ဒါကြောင့် ပညတ်တရားကို "မမြဲဘူး" လို့လဲ မဆိုရဘူး။

နိဗ္ဗာန်တရား ဆိုတာလဲ သဘောအားဖြင့် ထင်ရှားရှိပေမယ့် ဖြစ်ခြင်း ပျက်ခြင်း မရှိတဲ့အတွက် "မမြဲဘူး" လို့

မဆိုရဘူး၊ အငြိမ်းမောတ်အနေအားဖြင့် အစဉ်ထာဝရ တည်ရှိနေတဲ့အတွက် နိဗ္ဗာန်ကို "နိစ္စတရား" လို့သာ မှတ်ရတယ်။

နိဗ္ဗာန်မှ တပါးသော ပရမတ်ရုပ်နာမ်တရားတွေကတော့ အစပဋ္ဌမက မရှိသေးပါဘဲနဲ့ အကြောင်းညီညွတ်တဲ့အခါမှာ အသစ်အသစ် ဖြစ်ပေါ်လာတယ်၊ ဖြစ်ပေါ် ပြီးတော့လဲ ပျောက်ပျောက်သွားတယ်။ ဒါကြောင့် အဲဒီပရမတ်ရုပ်နာမ်တွေကို "မမြဲဘူး" လို့ ဆိုရတယ်။ "မြင်တာ" ဆိုပါတော့--မမြင်ခင် အစပဋ္ဌမတုန်းကတော့ "မြင်တယ်" ဆိုတာဟာ မရှိသေးဘူး၊ မျက်စိကလဲ ကြည်တယ်၊ အဆင်းကလဲ ထင်တယ်၊အလင်းကလဲ ရှိတယ်၊ နှလုံးလဲ သွင်းမိတယ် ဆိုယင်တော့ အဲဒီအကြောင်း ၄-ပါး ညီညွတ်တဲ့အခါမှာ မြင်မှုက ပေါ်လာတယ်၊ ပေါ်ပြီးတော့လဲ ချက်ခြင်း ပျက်သွားတာဘဲ၊ မရှိတော့ဘူး၊ ဒါကြောင့် အဲဒီမြင်တာကို "မမြဲဘူး" လို့ ဆိုရတာ။ သာမန်ပုဂ္ဂိုလ်တွေအနေနဲ့တော့ မြင်တာကို "မမြဲဘူး" လို့ သိဘို့ရာ မလွယ်လှပါဘူး။ ကြားတာက ပိုပြီး သိလွယ်ပါတယ်။ ကြားတာလဲ မကြားခင်က မရှိသေးဘူး၊ နားကလဲ ကြည်တယ်၊ အသံကလဲ ထင်တယ်၊ အဝေါက်အကြားကလဲ ရှိတယ်၊ နှလုံးလဲ သွင်းမိတယ် ဆိုယင်တော့ အဲဒီအကြောင်း ၄-ပါး ညီညွတ်တဲ့အခါမှာ ကြားမှုက ပေါ်လာတယ်၊ပေါ်ပြီးတော့လဲ ချက်ခြင်း ပျောက်သွားတာဘဲ၊ မရှိတော့ဘူး။ ဒါကြောင့် အဲဒီကြားတာကို "မမြဲဘူး" လို့ ဆိုရတာ။ ဒါကတော့ လူတိုင်းဘဲ ထင်ရှား သိလွယ်ပါတယ်။ယခု ဘုန်းကြီးပြောတဲ့စကားသံကလေးတွေကို တလုံးပြီးတလုံးကြားနေတယ်၊ကြားပြီးလျှင် ပြီးချင်း ပျောက်ပျောက်လိုက်နေတာဘဲ။ နားထောင်၊

အ-သံ အ-သံ အ-သံ။ အ-လို့ ဘုန်းကြီးက ဆိုလိုက်တဲ့အခါ အဲဒါကို ကြားသံတယ်၊ ပြီးတော့ အဲဒီကြားတာကလေး ဟာ မရှိတော့ဘူး။ သံ-လို့ ဘုန်းကြီးက ဆိုလိုက်တဲ့အခါမှာလဲ အဲဒါကို ကြားသံတယ်၊ ပြီးတော့ အဲဒီကြားတာကလေး ဟာ ပျောက်သွားတယ် မဟုတ်လား။ အဲဒါဟာ ဖြစ်ပေါ်ပြီး ပျောက်သွားတာပေါ့။ ဒီပြင် ရုပ်နာမ်တွေလဲ ဒီလိုချည်းပါဘဲ၊ ဖြစ်ပြီးယင် ချက်ခြင်း ပျောက်သွားတာချည်းပါဘဲ။ ဒါကြောင့် မြင်တာ ကြားတာ နံတာ စားတာ ထိတာ စိတ်ကူးကြံစည်တာ ကွေးတာ ဆန့်တာ လှုပ်ရှားတာ-ဒီလိုရုပ်နာမ်တွေဟာ သမျှဟာ ဖြစ်ပေါ်ပြီး ပျောက်သွားတာချည်းဘဲ၊ အဲဒီလို ပျောက်ပျောက်သွားလို့ "မမြဲဘူး" ဆိုရတာ တဲ့။

ဒီအထဲမှာ စိတ်ကလေး ပျောက်သွားတာကလဲ အလွန် ထင်ရှားပါတယ်။ "ဖောင်းတယ် ပိန်တယ်"လို့ မှတ်နေတုန်း စိတ်က တခြားထွက်သွားယင် "သွားတယ်"လို့ မှတ်လိုက်ရတယ်၊ ဒီလို မှတ်လိုက်ယင် အဲဒီ ထွက်တဲ့စိတ်ကလေးဟာ မရှိတော့ဘူး၊ ပျောက်သွားပြီ၊ အဲဒီစိတ်ကလေးဟာ အစကလဲ မရှိသေးဘူး၊ အဲဒီအခိုက်မှာဲ ဖြစ်ပေါ်လာတယ်၊ မှတ်လိုက်တော့လဲ ချက်ခြင်းဘဲ ပျောက်သွားတယ်၊ ဒါကြောင့် "မမြဲဘူး"လို့ ဆိုရတာ။ ပြီးတော့ ဒုက္ခဝေဒနာကလေးတွေ ပျောက်သွားပုံလဲ ထင်ရှားပါတယ်။ "ဖောင်းတယ် ပိန်တယ်" လို့ မှတ်နေယင်း ကိုယ်ထဲမှာ တနေရာရာက ညောင်းတာ ပူတာ နာကျဉ်တာကလေးတွေ ပေါ်လာတယ်၊ အဲဒါကလေး တွေကို စူးစိုက်ပြီး "ညောင်းတယ် ညောင်းတယ်" စသည် ဖြင့် မှတ်လိုက်ယင် လုံးလုံး ပျောက်သွားတာလဲ ရှိတယ်၊

လုံးလုံး မပျောက်တောင် တချက်မှတ် တချက်မှတ်မှာ တခါ တခါလဲ ပျောက်ပျောက်သွားတတ်တယ်။ အဲဒါလဲ အစက မရှိသေးဘဲ အသစ် ဖြစ်ပေါ်လာပြီး ပျောက်သွားတာဘဲ။ ဒါကြောင့် "ဖြစ်ပေါ်ပြီး ပျောက်သွားလို့ မမြဲဘူး" လို့ ဆိုရတာ တဲ့။ ဒီတော့ ဖြစ်ပေါ်ပြီး ပျောက်သွားတာဟာ "မမြဲဘူး" လို့ ဆိုရခြင်းရဲ့ အထိမ်းအမှတ် အနိစ္စလက္ခဏာပေါ့။ အဲဒီ အဲထိမ်းအမှတ် အနိစ္စလက္ခဏာကို ယောဂီက ရှုယင်း ရှုယင်း ထင်ရှား တွေ့ရတယ်။

အနိစ္စာနုပဿနာဉာဏ်

အဲဒီလို ရှုမှတ်နေယင်း ပေါ်ပြီး ပျောက်သွားတဲ့ အနိစ္စ လက္ခဏာကို တွေ့ယင်၊ အဲဒီ ပျောက်သွားတဲ့ သဘောကို "မမြဲဘူး" လို့ နှစ်နှစ်ခြိုက်ခြိုက် သဘောကျသွားတယ်။အဲဒီလို့ သဘောကျ သိမြင်သွားတာကို **အနိစ္စာနုပဿနာ** ခေါ်တယ်။ ဒါကြောင့်, ဆောင်ပုဒ်က "ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွား တာကို တွေ့ရ၍ မမြဲဟု သိတာက အနိစ္စာနုပဿနာဉာဏ်" လို့ ဆိုထားတယ်။

"ဖေါင်းတယ်၊ ပိန်တယ်၊ ကြည့်ချင်တယ်၊ ကြည့်တယ်၊ မြင်တယ်၊ ကြားတယ်" စသည်ဖြင့် ရှုမှတ်နေဆဲမှာ အဲဒီ မှတ် သိရတဲ့ "ဖေါင်းမှု၊ ပိန်မှု၊ ကြည့်ချင်မှု၊ ကြည့်မှု၊ မြင်မှု၊ ကြားမှု" အစရှိတဲ့ ရုပ်နာမ်တွေ ပေါ်ပေါ်ပြီး ပျောက် ပျောက်သွားတာကို တွေ့ရတဲ့အတွက် ယောဂီက "မမြဲတဲ့ တရားတွေဘဲ" လို့ သိသိသွားတယ်။ အဲဒီလို သိသွားမှ **အနိစ္စာ နုပဿနာဉာဏ် အစစ်** ဖြစ်တာ။ ဒီလို ရှုမှတ်ပြီး ကိုယ်တိုင်

တွေ့မြင်ခြင်း မရှိပါဘဲနဲ့ "ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူး" လို့ အလွတ်သက်သက် ဆင်ခြင်နေရုံမျှနှင့်တော့ ဝိပဿနာဉာဏ် အစစ် မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲ ဆိုယင်၊ အဲဒီလို ဆင်ခြင်နေခိုက်မှာ ဘယ်ကဟာတွေ ဖြစ်တာမှန်းလဲ သူ မသိဘူး၊ ဘယ်ကဟာတွေ ပျက်တာမှန်းလဲ သူ မသဘူး၊ ကျမ်းဂန်ထဲက "ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူး" ဆိုတဲ့စကားအတိုင်း ကျက်မှတ်ပြီး အလွတ်ဆင်ခြင်နေရုံမျှဘဲ ဖြစ်နေတယ်၊ အဲဒါ မျိုးကတော့ ကုသိုလ်ဖြစ် ပါရမီဖြစ်လောက်ပါဘဲ။ ဝိပဿနာ ဉာဏ်အစစ်လို့တော့ မဆိုနိုင်ပါဘူး။

ဝိပဿနာဉာဏ်အစစ် ဆိုတာကတော့ တကယ်ဖြစ်ပေါ်လာတဲ့ တရားကလေးတွေကို ရှုယင်း မှတ်ယင်းနဲ့ အဲဒါကလေး တွေ့ ပျောက်ပျောက်သွားတာကို တွေ့ရလို့ "မမြဲဘူး" ဆိုတာကို ကိုယ့်ဟာ ကိုယ် အလိုလိုသဘောပေါက်ပြီး သိသိသွားတာဘဲ၊ "ဖေါင်းတယ်" မှတ်ယင် ဖေါင်းတာကလေး ပျောက်သွားတာကို တွေ့ရလို့ "မမြဲဘူး"လို့ သိသွားတယ်၊ "ပိန်တယ်" မှတ်ယင် ပိန်တာကလေး ပျောက်သွားတာကို တွေ့ရလို့ "မမြဲဘူး"လို့ သိသွားတယ်၊ ကွေးချင်တယ် ကွေးတယ်လို့ မှတ်ယင်း ကွေးချင်တာနဲ့ ကွေးတာ အဆင့်ဆင့် ပျောက် ပျောက် သွားတာကို တွေ့ရလို့ "မမြဲဘူး" လို့ သိသိသွားတယ်၊ ကြွတယ် လှုပ်းတယ် ချတယ်လို့ မှတ်ယင်း တနေရာက တနေရာကို မရောက်ဘဲ တရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားတာကို တွေ့ရလို့ "မမြဲဘူး"လို့ သိသိသွားတယ်၊ ညောင်းတာ ပူတာကလေးတွေကို မှတ်နေယင်း ညောင်းလိုက် ပျောက်လိုက်၊ ပူလိုက် ပျောက်လိုက်နဲ့ ပျောက်ပျောက်သွားတာကို တွေ့ရလို့

"မမြဲဘူး" လို့ သိသိသွားတယ်။ ဒီလို မှတ်ယင်း ပျောက်ယင်း မှတ်ယင်း ပျောက်ယင်းနဲ့ ပျောက်ပျောက်သွားတာကို ကိုယ်တိုင် တွေ့ပြီးတော့ "မမြဲတဲ့တရားဘဲ" လို့ ရှင်းရှင်းလင်းလင်း သိသိ သွားတာကိုမှ အနိစ္စာနုပဿနာဉာဏ် ခေါ်တယ်။ ဒါကြောင့် ဆောင်ပုဒ်က-

ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲ ဟု သိတာက အနိစ္စာနုပဿနာဉာဏ် တဲ့။ ကဲ ဒါကို ဆိုကြရမယ်။

ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲ ဟု သိတာက အနိစ္စာနုပဿနာဉာဏ်။ (ဆို)

ဖြစ်ခိုက် ဖြစ်ခိုက်မှာ ဖြစ်တိုင်း ဖြစ်တိုင်း မပြတ် လိုက် ရှုနေတဲ့ ယောဂီမှာ ယခု ပြောခဲ့တဲ့အတိုင်း ပေါ်လာပြီးတော့ ပျောက်ပျောက်သွားတာကို ရှုမှတ်နေယင်းဘဲ ထင်ရှားတွေ့ရပါတယ်။ ယခု တရားနာ ပရိသတ်ထဲမှာ ဒီလို တွေ့နေတဲ့ ယောဂီတွေလဲ အများကြီး ရှိနေပါတယ်။ ဘုန်းကြီးက မိမိတဦးတည်း ထင်မြင်သဘောကျတာတွေကို လျှောက်ဟောနေတာ မဟုတ်ပါဘူး၊ တပည့်ယောဂီ လေး ငါး ဆယ်ယောက်လောက် တွေ့မြင်ရုံနဲ့လဲ ဟောနေတာ မဟုတ်ပါဘူး၊ ယောဂီတွေ ရာပေါင်းများစွာ ဒီအာတိုင်း တွေ့မြင်နေပြီ၊ ယခုလဲ တချို့က တွေ့မြင်ဆဲ ဖြစ်နေကြတယ်။ ဒါကြောင့် ဟောနေတာပါ။ ဒါပေမယ့် ယခုမှ အားထုတ်ခါစ တချို့ယောဂီတွေကတော့ ယခု ဘုန်းကြီး ပြောတာလို ရှင်းရှင်းလင်းလင်း မတွေ့ကြသေးပေဘူး။ ယခုပြောနေတဲ့ တွေ့ပုံ သိပုံတွေက အားထုတ်ခါစမှာ လွယ်လွယ် ကလေးနဲ့ တွေ့နိုင် သိနိုင်တာတွေ

မဟုတ်ဘူး၊ ဒီလို သိဘို့ရာက သိပ်တော့လဲ မလွယ်လှဘူး။ ဒါပေမယ့် မဖြစ်နိုင်လောက်အောင် သိပ်ခက်တာလဲ မဟုတ်ပါဘူး၊ ဘုန်းကြီးတို့ ညွှန်ကြားတဲ့အတိုင်း တင်းတင်းရင်းရင်း အားထုတ်ယင် ဖြစ်လဲ ဖြစ်နိုင်ပါတယ်။ အားမထုတ်ယင်တော့ မဖြစ်ဘူးပေါ့၊ အားထုတ်မှ ဖြစ်မှာ။ အားမထုတ်ယင် ဘယ်ဟာမှ မဖြစ်ဘူး။ ယခု လောကမှာ ပညာသင်ကြားနေတဲ့သူတွေထဲက ထူးထူးခြန်ခြန် ပညာတွေ တတ်မြောက်ကြတယ်၊ ဘဲ့တံဆိပ်တွေ ဂုဏ်ထူးတွေ ရနေကြတယ် ဆိုတာဟာ သူတို့ဟာ သူတို့ ကြိုးစားအားထုတ်လို့ တတ်မြောက်ကြ, ရကြတာဘဲ၊ မကြိုးစားဘဲနဲ့ အလကားနေတဲ့သူတွေမှာ အဲဒီ ဂုဏ်ထူးတွေ ဘဲ့တံဆိပ်တွေ ရပါမလား၊ မရနိုင်ပါဘူး၊ ဘာပညာမှ မတတ်မြောက်နိုင်ဘူး။ တကယ် သင်ကြားလေ့လာမှဘဲ တတ်မြောက်ပြီး အဲဒီ ဘဲ့ထူး ဂုဏ်ထူးတွေကို ရနိုင်တယ်၊ မြတ်စွာဘုရား၏ ဝိပဿနာပညာကလဲ ဒီလိုပါဘဲ၊ တကယ်တမ်း အားထုတ်မှဘဲ ထူးထူးခြားခြား ဖြစ်နိုင်ပါတယ်။

ဖြစ်ခိုက်ရုပ်နာမ်တွေကို မပြတ်ရှုမှတ်သွားယင် သမာဓိညာဏ် အားကောင်းလာတဲ့ အခါကျတော့ လက် ခြေ တကွေး တဆန့် အတွင်းမှာဘဲ စိတ်ကလေးတွေ အကြိမ်ပေါင်း များစွာ ဖြစ်ပျက်သွားတာကို သိနိုင်ပါတယ်။ ကွေးခါနိုး ဆန့်ခါနိုးမှာ ကွေးမယ် ကွေးမယ်၊ ဆန့်မယ် ဆန့်မယ်လို့ ကြံတဲ့စိတ်ကလေးတွေ ဆင့်ခါ ဆင့်ခါ တော်တော်များများ ဖြစ်ပေါ်လာတာကို တွေ့ရတယ်၊ ခြေတလှမ်း တလှမ်းအတွင်းမှာလဲ ဒီလိုဘဲ တော်တော်များများ ဖြစ်ပေါ်လာတာကို တွေ့ရတယ်၊ များများ ဖြစ်ပေါ်လာတာကို တွေ့ရတယ်၊ များများ ဖြစ်ပေါ်လာတာကို တွေ့နိုင်ပါတယ်။

အဲဒီလို လျင်လျင်မြန်မြန် ဖြစ်နေတဲ့ စိတ်ကလေးတွေကို ဖြစ်တိုင်း ဖြစ်တိုင်း အစဉ်မပြတ် လိုက်ပြီးတော့ ရှုနေရတယ်။ အမည်အထူး မတပ်နိုင်ယင် သိတယ် သိတယ်လို့ဘဲ မှတ်ရတယ်၊ သိတယ်လို့ တကြိမ်မှတ်ခုံက်မှာ စိတ် လေး ငါး ဆယ်ကြိမ် အဆင့်ဆင့် ဖြစ်ပျက်သွားတာကိုလဲ တွေ့မြင်နိုင်ပါတယ်၊ တခါတရံ အလွန် လျင်မြန်စွာ သိနေတဲ့အခါကျတော့ သိတယ်ဆိုတဲ့ အမည်တောင် မလိုပါဘူး၊ ဉာဏ်နဲ့ သိရုံ သိရုံကလေးသာ အစဉ်လိုက်နေဘို့ လိုပါတယ်။

အဲဒီလိုအခါမှာ ဟိုက အလိုအလျောက် စိတ်တခုက ဖြစ်လိုက်၊ ဒီက ရှုမှတ်တဲ့စိတ်တခုက သိလိုက်၊ ဟိုက စိတ်တခုက ဖြစ်လိုက်၊ ဒီက သိလိုက်နဲ့ ထမင်းတလုပ် ဒုတ်တချက် ဆိုတာလိုဘဲ အလိုအလျောက် စိတ်တခုတခု ဖြစ်တိုင်း ရှုတဲ့စိတ်တခုတခု ကလဲ လိုက်ပြီး သိသိနေတယ်။ဒီလို အစဉ်မပြတ် လိုက်ပြီး သိနေတော့ ဖြစ်ပေါ်ပြီး ပျောက်သွားတာဟာ ထင်ရှားရောပေါ့။ ဖေါင်းတယ် ပိန်တယ်လို့ မှတ်နေယင်း အလွတ်စိတ်ကလေးတခု ဖြစ်လိုက်ယင် ဒီက ရှုမှတ်လိုက်တဲ့စိတ်နဲ့ မိနေတာဘဲ၊ ထောင်ထားတဲ့ ကျောက်ဂုင်းထဲ ဝင်တိုးမိသလိုပါဘဲ။ ခဲနဲ့ပစ်လိုက်တော့ ရည်ရွယ်တဲ့ဝတ္ထုကို ဖတ်ကနဲ ထိမှန်သွားတာလို အဲဒီစိတ်ကို သိသွားတယ်။ အဲဒီလို သိလိုက်တာနဲ့ ဟိုစိတ်ကလေးဟာ မရှိတော့ဘူး၊ ပျောက်သွားပြီ။ အဲဒါကို လက်နဲ့ကိုင်ကြည့်ရသလိုဘဲ ထင်ရှားတွေ့ရတယ်၊ စိတ် ဖြစ်တိုင်း ဖြစ်တိုင်း ဒီလိုချည်းဘဲ တွေ့သွားတယ်။

ညောင်းတာကလေး ပေါ်လာယင် "ညောင်းတယ်"လို့ မှတ်လိုက်တာနဲ့ ပျောက်သွားတယ်၊ ပြီးတော့ တခါညောင်း

ပြန်ယင်လဲ "ညောင်းတယ်"လို့ မှတ်လိုက်ပြန်ယင် ပျောက်သွားပြန်တာဘဲ။ ဒီလို ပျောက်ပျောက်သွားပုံကတော့ အထက်ပိုင်း ဝိပဿနာ ကျမှ ပိုပြီး ရှင်းတယ်။ ညောင်းလိုက် မှတ်လိုက် ပျောက်လိုက်၊ ညောင်းလိုက် မှတ်လိုက် ပျောက်လိုက်နဲ့ တညောင်းချင်း ပျောက်ပျောက် သွားတဲ့၊ တညောင်းနဲ့ တညောင်း ဘာမျှ မစပ်ဘူး၊ နာတာကလေးတွေလဲ အတူတူဘဲ၊ နာလိုက် မှတ်လိုက် ပျောက်လိုက်၊ နာလိုက် မှတ်လိုက် ပျောက်လိုက်နဲ့ တမှတ်တမှတ် တနာတနာ ပျောက်ပျောက်သွားတယ်၊ တနာနဲ့ တနာ ဘာမျှ မရောဘူး၊ တပိုင်းစီ တပိုင်းစီ ပြတ်ပြီး ထင်တယ်။

ပကတိပုဂ္ဂိုလ်တွေမှာတော့ ညောင်းတာ နာတာတွေဟာ အပြတ်အခြား မရှိဘူး၊ "တဆက်တည်း အကြာကြီး ညောင်းနေတယ်၊ အကြာကြီး နာနေတယ်"လို့ဘဲ ထင်ရတယ်။ အကြာကြီး ညောင်း,အကြာကြီး နာနေတာ မဟုတ်ပါဘူး၊တညောင်းချင်း တညောင်းချင်း၊ တနာချင်း တနာချင်း အပြတ် အပြတ် ကလေးတွေ အတို့ အတို့ ကလေးတွေပါဘဲ၊ အဲဒါကလေးတွေကို ယောဂီက မှတ်ယင်း မှတ်ယင်း ကိုယ်တိုင် တွေ့ရပါတယ်။

ဖောင်းတယ်လို့ မှတ်ခိုက်မှာလဲ ဖောင်းတက်လာတာကလေးဟာ ရိပ်ရိပ် ရိပ်ရိပ်နဲ့ ဖောင်းလိုက် ပျောက်လိုက်၊ ဖောင်းလိုက် ပျောက်လိုက် အဆင့်ဆင့်ပျောက်ပျောက်သွားတာကို ထင်ရှားတွေ့ရတယ်၊ ဗိန်တယ်လို့ မှတ်ခိုက်မှာလဲ ပိန်လိုက် ပျောက်လိုက်၊ ပိန်လိုက်ပျောက်လိုက်နဲ့ အဆင့်ဆင့် ပျောက်ပျောက်သွားတာကို ထင်ရှားတွေ့ရတယ်။ ဒီလို မသိနိုင်သေးတဲ့ ပကတိပုဂ္ဂိုလ်တွေကတော့ ဖောင်းတာ ပိန်တာကို ဗိုက်ပုံသဏ္ဌာန်ကြီးအလိုက်ပဲ

တွေ့နေကြတယ်၊ ဒါကြောင့် မိမိတို့ အတွေ့နဲ့ နှိုင်းပြီးတော့ "ရှုမှတ်နေတဲ့ယောဂီတွေလဲ ငိုက်ပုံသဏ္ဌာန်ကြီးကိုသာ တွေ့နေလိမ့်မယ်" လို့ ထင်နေကြတယ်၊ ထင်တဲ့အတိုင်းလဲ တချို့က စွပ်စွဲပြောဆိုနေကြတယ်။ အဲဒီလို ကိုယ့်အထင်နဲ့တော့ ပြောမနေကြပါနဲ့၊ ထိထိရောက်ရောက် တကယ် အားထုတ်ကြည့်ပါလို့သာ သတိပေးလိုပါတယ်။ တကယ်အားထုတ်ယင် ယခု ပြောခဲ့တဲ့အတိုင်း ကိုယ်တိုင်တွေ့မယ် ဆိုတာ ရဲရဲကြီးတာဝန်ခံပါတယ်။

ကွေးတယ် ကွေးတယ်လို့ မှတ်ခိုက်မှာလဲ တရွေ့ချင်း တရွေ့ချင်း ရွေ့လိုက် ပျောက်လိုက်၊ ရွေ့လိုက် ပျောက်လိုက်နဲ့ တပိုင်းစီ တပိုင်းစီ ပျောက်ပျောက်သွားတာကို ထင်ရှား တွေ့ရတယ်။ ပရမတ်ရုပ်နာမ်တရားတွေဟာ **တနေရာက တနေရာကို ရွှေ့ချင်း** မှီကူး ဆိုတဲ့ ကျမ်းဂန်အဆိုကို ကိုယ်ပိုင်ဉာဏ်နဲ့ဘဲ တွေ့ရပါတယ်။ ပကတိပုဂ္ဂိုလ်တွေမှာတော့ မကွေးခင်ကလဲ ဒိလက်ပါ၊ ကွေးနေတာလဲ ဒိလက်ပဲ၊ ကွေးပြီးတော့လဲ ဒိလက်ပဲ၊ ဟို အပြင်ဘက်က ဒီအတွင်းဘက် ရောက်လာတယ်, ဒိလက်ပဲ" လို့ တည်မြဲနေတဲ့ လက်ပုံသဏ္ဌာန်ကြီးအနေနဲ့ဘဲ ထင်နေကြတယ်။ အဲဒါဟာ ဘာကြောင့်လဲ ဆိုယင် ရှေးနောက် ဆက်စပ်ပြီး မပြတ်ဖြစ်နေတဲ့ **ရုပ်အစဉ် သန္တာတိ**ကို ကိုယ်ပိုင်ဉာဏ်နဲ့ဘဲ တွေ့ရပါဘဲ။ အနိစ္စကို သန္ဋတိက ဖုံးကွယ်ထားတယ် တဲ့၊ ဒီလို ဖုံးကွယ်နိုင်တာကလဲ ခဏမစဲ ဖြစ်ပျက်နေတာကို မရှုလို့ပါဘဲ။ ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ....

ဥဒယဗ္ဗယဉာနံ၊ ဖြစ်ခြင်းပျက်ခြင်းတို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်း မရှုခြင်းကြောင့်။ သန္ဋတိယာ

ပဋိစ္စသမုပ္ပါဒ၊ ရုပ်နာမ်အစဉ် သန္တတိက ဖုံးကွယ်အပ်သည်၏ အဖြစ်ကြောင့်။အနိစ္စလက္ခဏာ၊ဖြစ်ပေါ်ပြီးကွယ်ပျောက်ခြင်း အနိစ္စလက္ခဏာသည်။ နဉပဒ္ဒဝတိ၊ မထင်ပေါ်ဘဲ ရှိနေပါတယ် လို့ ဆိုထားပါတယ်။ (ဝိသုဒ္ဓိ ၂-၂၇၆)

ယောဂီမှာတော့ ဖြစ်တိုင်း ဖြစ်တိုင်း မပြတ် စောင့်ပြီး ရှုနေတဲ့အတွက် ရုပ်နာမ်ကလေးတွေဟာ တခုချင်း တခုချင်း တပိုင်းစီ ပြတ်ပြတ်ပြီး ထင်တယ်၊ တဆက်တည်း တခုတည်း အနေနဲ့ မထင်တော့ဘူး၊ဥပမာအားဖြင့်ခြေတန်းများဟာ အဝေးက ကြည့်ယင် တဆက်တည်း ထင်ရသော်လဲ အနီးမှာ ကပ်ပြီး ကြည့်တော့ တကောင်စီ တကောင်စီ ပြတ်ပြီး ထင်သလိုပါဘဲ။ အဲဒီလို အပြတ်အပြတ် တပိုင်းစီ ထင်နေတော့ သန္တတိက မဖုံးကွယ်နိုင်တော့ဘူး။ ဒါကြောင့် ယောဂီမှာ ဖြစ်ပေါ်ပြီး ကွယ်ပျောက်သွားတဲ့ အနိစ္စလက္ခဏာဟာ သူ့အလိုလိုဘဲ ထင်ပေါ်နေပါတယ်။ ခက်ခက်ခဲခဲ ကြံဆပြီး ရှုနေဘို့ မလိုတော့ဘူး။ ဒီလို အနိစ္စလက္ခဏာက ထင်နေတော့ ဖြစ်ပေါ်ပြီး ပျောက်သွားလို့ မမြဲဘူး ဆိုတာ ရှင်းပြီးတော့ သိလာပါတယ်၊ အဲဒါဟာ မျက်စိလည် ပြေသွားသလိုဘဲ"တို့ထင်နေတဲ့အတိုင်း မြဲနေတာ မဟုတ်ဘူး၊ မမြဲတာတွေချည်းဘဲ"လို့ ရှင်းရှင်းကြီး သဘောကျသွားပါတယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ....

ဥဒယဗ္ဗယံ၊ ဖြစ်ခြင်း ပျက်ခြင်းကို။ ပရိဂ္ဂဟေတ္ဝာ၊ သိမ်းဆည်း ရှုမှတ်၍။ သန္တတိယာ၊ ရုပ်နာမ်အစဉ်သန္တတိကို။ ဝိကောပိတာယ၊ ဖျက်အပ်ပြီးသည် ရှိသော်။ ဝါ၊ ဖျက်လိုက်လျှင်။ အနိစ္စလက္ခဏံ၊ ဖြစ်ပေါ်ပြီး ကွယ်ပျောက်ခြင်းဟူသော အနိစ္စလက္ခဏာသည်။ ယာထာဝသရသတော၊

ဟုတ်မှန်သော သဘောအားဖြင့်။ ဝါ၊ သဘောမှန်အတိုင်း။ ဥပဒ္ဒဝတိ၊ ထင်ပါတယ် လို့ ဆိုထားပါတယ်။ (ဝိသုဒ္ဓိ ၂-၂၇၆)

"ဖြစ်တိုင်း ပျက်တိုင်း ရှုယင် သန္ဓတိ ပျက်တယ်၊သန္ဓတိ ပျက်ယင် ဖြစ်ပေါ်ပြီး ကွယ်ပျောက်သွားခြင်း အနိစ္စလက္ခဏာ ထင်တယ်"လို့ ဆိုလိုပါတယ်။ ဒါကြောင့် ဆောင်ပုဒ်က "ရှုမှတ်ဆဲမှာ"လို့ ဆိုထားတာ၊ ရှုမှတ်နေဆဲမှာ ဖြစ်ပေါ်ပြီး ပျောက်သွားတာကို တွေ့ပြီးတော့ မမြဲဘူးလို့ သိမှ အနိစ္စာနုပဿနာဉာဏ် ဖြစ်တယ်၊ ရှုမှတ်ခြင်း မရှိပါဘဲ သက်သက် ဆင်ခြင်နေရုံနဲ့တော့ ဒီဉာဏ်က မဖြစ်ဘူး။ ရှုမှတ်နေယင်း အဲဒီ ရှုမှတ်ရတဲ့ ရုပ်နာမ်တရားကလေးတွေ တိုကနဲ ပြတ်ပြတ်သွားတာကို တွေ့မြင်ရမှ မမြဲဘူးလို့ ရှင်းရှင်းလင်းလင်း သိသိသွားတာ။ ဒါကြောင့်-

"ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲဟု သိတာက အနိစ္စာနုပဿနာဉာဏ်"လို့ ဆောင်ပုဒ်က ဆိုထားတာ။ ယခု ဖြစ်ပေါ်တိုင်း ရုပ်နာမ်တွေကို မပြတ်ရှုနေရတာဟာ ဒီအနိစ္စာနုပဿနာဉာဏ် ဖြစ်အောင်လို့ ရှုနေရတာ ဘဲ။ ဒီ အနိစ္စဉာဏ် ဖြစ်ယင် ဒုက္ခဉာဏ်, အနတ္တဉာဏ်တွေလဲ ဖြစ်နိုင်တော့တာဘဲ။ ဒါကြောင့်-

"အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ" လို့ ဟောထားပါတယ်။ (အံ ၃-၁၆၉)

မေဃိယ၊ မေဃိယရဟန်း။ အနိစ္စသညိနော၊ မမြဲဟု အမှတ်ရှိသော သူအား။ အနတ္တသညာ၊ အနတ္တဟူသော်

အမှတ် အတွေ့မဟုတ်ဟူသော အသိဉာဏ်သည်။ သဏ္ဌာတိ၊ သူ့အလိုလိုပင် တည်လေတော့, ထင်လေတော့၏ တဲ့။ "ဖြစ်ပေါ်ပြီး ကွယ်ပျောက်သွားလို့ မမြဲတဲ့တရားဘဲ" လို့ သိရတဲ့တရားကို အတွေ့ကောင် ငါကောင်ဘဲ သတ္တဝါကောင် ဘဲလို့ ဘယ်မှာ ထင်တော့မှာလဲ၊ ဖြစ်ပြီး ပျောက်သွားတဲ့ သဘောတရားမျှဘဲလို့သာ အသိဉာဏ်ထဲ ရှင်းပြီး ထင်နေ့ ပါတယ်။ ယခု လူတွေက အတွေ့ကောင်လို့ ထင်မှတ် စွဲလမ်းနေတာဟာ "တသက်လုံး တဘဝလုံး တယောက်တည်း တကြိမ်တည်း တည်နေတယ်" ထင်လို့ စွဲလမ်းနေကြတာဘဲ။ ခဏမစဲ ပျက်နေတဲ့ တရားချည်းဘဲလို့ ကိုယ်တွေ့နဲ့ ရှင်းပြီး သိနေယင် အဲဒီခဏမစဲ ပျက်နေတာတွေ့ကို အတွေ့ကောင်လို့ မစွဲလမ်းနိုင်တော့ပါဘူး၊ သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ သဘောတရားဘဲလို့ ပိုင်ပိုင်နိုင်နိုင်ကြီး သိသွားနိုင်ပါတယ်။ ဒါကြောင့် "အနတ္တာသညာ သဏ္ဌာတိ" လို့ ဟောတော်မူတာဘဲ။

တချို့က "ဒီသုတ်ဟာ မေဃိယ တဦးတည်းအတွက် ဟောထားတဲ့သုတ်ပဲ" လို့ ကတ်တီးကတ်တတ် ပြောကြသေးတယ်။ အဲဒါကတော့ မပြောကောင်းတဲ့ စကားပါဘဲ၊ ဘာကြောင့်လဲ ဆိုယင်၊ "မြတ်စွာဘုရား ဟောထားတဲ့ တရားတွေဟာ ဘုရားမျက်မှောက်မှာ နာယူတဲ့သူတွေနဲ့သာ ဆိုင်တယ်၊ ယခု လူတွေနဲ့ မဆိုင်ဘူး" လို့ ပြောမည့် နောက်ပညာရှိတဦး ပေါ်လာမှာ စိုးရိမ်ရလို့ပါဘဲ။ ပြီးတော့ ဒီလိုဟောတာက ဒီသုတ်မှာသာ မဟုတ်ပါဘူး၊ သမ္မောခိသုတ်မှာလဲ "အနိစ္စသညိနော ဘိက္ခဝေ အနတ္တာသညာ သဏ္ဌာတိ" လို့

(အံ ၃-၁၆၅) ရဟန်းအများအား ဘိက္ခဝေနဲ့ ဟောထား တာလဲ ရှိပါသေးတယ်။ ပြီးတော့ အနိစ္စလက္ခဏာ ထင်ယင် ဒုက္ခလက္ခဏာလဲ ထင်နိုင်ပါတယ်။ ဘာကြောင့်လဲ ဆိုယင် ခဏမစဲ ဖြစ်ပျက်နေတာကို တွေ့တဲ့ယောဂီဟာ "ဖြစ်ပျက် နှစ်ရပ်က မပြတ်နှိပ်စက်နေတယ်" ဆိုတဲ့ ဒုက္ခလက္ခဏာကို သိမြင်နိုင်လို့ပါဘဲ။ ဒါကြောင့် အဲဒီ သမ္မောခိသုတ်အဖွင့် အဋ္ဌကထာမှာ-

"အနိစ္စလက္ခဏော၊ အနိစ္စလက္ခဏာကို။ ဒိဋ္ဌေ၊ မြင်ပြီးလတ်သော်။ အနုတ္တလက္ခဏံ၊ အနုတ္တလက္ခဏာသည်။ ဒိဋ္ဌမေဝ မေဝဟောတိ၊ မြင်အပ်ပြီးသာလျှင် ဖြစ်လေတော့၏။ ဟိ၊ မှန်ပေ၏။ တေသု တီသု လက္ခဏေသု၊ ဤ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနုတ္တလက္ခဏာ ဟူသော လက္ခဏာ ၃-ပါး တို့တွင်။ ကေသို့ ဒိဋ္ဌေ၊ တပါးကို မြင်လတ်သော်။ ဣတရဒွယံ၊ ဤမှတပါးသော လက္ခဏာ ၂-ခုသည်။ ဒိဋ္ဌမေဝ ဟောတိ၊ မြင်အပ်ပြီးသာလျှင် ဖြစ်လေတော့၏" လို့ ဖွင့်ဆို ထားပါတယ်။

ဒါကြောင့် အနိစ္စလက္ခဏာ တခုကို ပိုင်ပိုင်နိုင်နိုင် သိဘို့ရာ အရေးကြီးပါတယ်။ အဲဒါကို ပိုင်ပိုင်နိုင်နိုင် သိရအောင်လို့ ဒုါရ ၆-ပါးက ဖြစ်တိုင်း ဖြစ်တိုင်း ရှုပ်နာမ်တွေကို လိုက်ပြီး ရှုနေရတာဘဲ။ ဒီလိုရှုလို့ အနိစ္စလက္ခဏာကို ပိုင်ပိုင်နိုင်နိုင် သိသွားယင်တော့ ဒုက္ခ အနုတ္တလက္ခဏာတွေကိုလဲ သိသွားမယ်၊ အဲဒီတော့ "မမြဲတာတွေချည်းဘဲ ဆင်းရဲတွေချည်းဘဲ အနတ္တ သဘောတရားတွေချည်းဘဲ" လို့ ဉာဏ်ထဲမှာ ရှင်းပြီးသိသွား

မယ်။ ဒီလိုသိတော့ အစဲ့အလမ်းတွေ ကင်းသွားမယ်။ ဒါကြောင့် ဆောင်ပုဒ်တွေက-

ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ စဲ့မှု ကင်းပျောက်သည်။
မမြဲ ဆင်းရဲ၊ သဘောဘဲ၊ ဉာဏ်ထဲ ရှင်းတော့သည်'' လို ဆိုထားတာ။

အဲဒီလိုအခါကျတော့ ယောဂီမှာ မှတ်တိုင်း မှတ်တိုင်း ဖြစ်ပြီးပျောက် ဖြစ်ပြီးပျောက်နဲ့ ပျောက်ပျောက်သွားတာကိုချည်း မပြတ်တွေ့နေရတယ်၊ ဒါကြောင့် မမြဲတဲ့တရားချည်းဘဲလို့ သိတဲ့ အနိစ္စာနုပဿနာဉာဏ်ဟာ သန့်သန့်ရှင်းရှင်းကြီး ဖြစ်လာတယ်။ ဘာမှ အကြောင်းယုတ္တိတွေ ရှာကြံ နေစရာလဲ မလိုဘူး၊ ဘာမှ ယုံမှားတွေးတောနေစရာလဲ မရှိဘူး၊ အသစ် အသစ် ပေါ်ပေါ်ပြီး တခဏချင်း ပျောက်ပျောက်သွားတာ ကလေးတွေ့ဟာ မမြဲတာတွေ့ချည်းဘဲလို့ ယောဂီရဲ့ ဉာဏ်ထဲမှာ သူ့အလိုလိုဘဲ ရှင်းနေပါတယ်။

ပစ္စုပ္ပန်ဝဏ္ဏ အကျဉ်းချုပ်

ဒီလို အသိရှင်းပုံနှင့် စပ်ပြီး ပစ္စုပ္ပန်ဝဏ္ဏတခုကို တနေ့က သီတင်းပတ်ကဘဲ ပြောရသေးတယ်။ ဘုန်းကြီးရဲ့ ဇာတိအရပ် ရွှေဘိုမြို့ ဆိပ်ခွန်ရွာက ယောဂီတယောက် အကြောင်းပါဘဲ။ အဲဒီပုဂ္ဂိုလ်ဟာ တခြားလူ မဟုတ်ပါဘူး၊ ဘုန်းကြီးရဲ့ ဝမ်းကွဲ အစ်ကိုလဲ တော်ပါတယ်၊ ဆိပ်ခွန်ရွာမှာ ပဌမဆုံး စပြီး တရား အားထုတ်တဲ့ ပုဂ္ဂိုလ် ၃-ယောက်ထဲက တယောက်အပါအဝင်လဲ ဖြစ်ပါတယ်။ သူတို့ ၃-ယောက်က တိုင်ပင်ပြီး ပဌမ တပတ်မှာ (၇)ရက် အားထုတ်ကြတယ်။ တော်တော်လဲ ပြင်း

ပြင်းထန်ထန် အားထုတ်ကြပါတယ်၊ တနေ့ကို ကွမ်းတရာနှင့် ဆေးတလိပ်သောက်ဘို့ ကမ္မဋ္ဌာန်းကျောင်းကို ယူလာခဲ့ကြတာ တွေ့ဟာ မစားဖြစ်မသောက်ဖြစ်တာနဲ့ကွမ်းရာ(၇)ခုနဲ့ ဆေးလိပ် (၇)လိပ်ဟာ၊ (၇)ရက်စေ့လို့ ကမ္မဋ္ဌာန်းကျောင်းက ပြန်လာတဲ့ အခါမှာ အထုပ်အတိုင်းဘဲ ပြန်ပါလာကြတယ်။ ဘယ် လောက် ပြင်းပြင်းထန်ထန် အားထုတ်တယ်ဆိုတာ အဲဒါကို ထောက်ဆကြည့်ယင် သိနိုင်လောက်ပါတယ်။

အဲဒီလို ပြင်းပြင်းထန်ထန် အားထုတ်ကြတဲ့အတွက် သူတို့ဟာ ၃-ရက်ကြာတဲ့အခါမှာ ရုပ်နာမ်အဖြစ်အပျက်ကို မြင်တဲ့ ဥဒယဗ္ဗယဉာဏ်ကို ရောက်ပြီးတော့ အရောင်အလင်းတွေ ပီတိ ပဿဒ္ဓိတွေကို တွေ့ရလို့ အလွန်အမင်း ဝမ်းသာနေကြတယ်၊ "ဒီအသက်ဒီအရွယ်ရောက်မှ ဒီတရားကို တွေ့ရတယ်" ဆိုပြီး ဝမ်းသာအားရနဲ့ သူတို့ တွေ့ပုံတွေကို ပြောကြတယ်။ သူတို့က ပဌမဆုံး အားထုတ်တဲ့လူတွေ ဖြစ်တဲ့အတွက် ဝမ်းသာနေ ချင်လဲ နေကြပေစေလို့ နှုတ်သိမ်းပြီးတော့ မှတ်မြဲဘဲ မှတ်နေ ကြဘို့ ဘုန်းကြီးက သွန်ကြားထားခဲ့တယ်၊ ဝမ်းသာတာတွေ မှတ်ဘို့တော့ မပြောခဲ့ဘူး။ ဒါကြောင့် သူတို့လဲ နောက် ၄-ရက်ဆက်ပြီး အားထုတ်ပေမယ့် ဝမ်းသာတဲ့စခန်းက မတက် ကြပါဘူး၊

ရက်အနည်းငယ် နားပြီးတော့ နောက်တပတ် ဝင်ပြီး အားထုတ်ဘဲ့အခါမှာ ခုနက ပြောခဲ့တဲ့ ဝမ်းကဲ့အစ်ကို ဖြစ်တဲ့ သူဟာ ဘင်္ဂဉာဏ်အဆင့်ကို ရောက်လာတယ်၊ အဲဒီတော့ သူ့မှာ "ဖေါင်းတယ် ပိန်တယ် ထိုင်တယ်"လို့သာ မှတ်နေရ တယ်၊ ဝမ်းဗိုက်ပုံသဏ္ဌာန်ကိုလဲ မတွေ့ရ၊ ကိုယ်ကြီးလဲပျောက်

နေလို့ ရှိမှ ရှိသေးရဲလားလို့ လက်နဲ့တောင် စမ်းကြည့်မိသေးသတဲ့။ ပြီးတော့ မြင်တိုင်း တွေ့တိုင်းလဲ တရှုရှုနဲ့ ပျက်နေတာကိုချည်း တွေ့နေတယ်၊ မြေကြီးကို ကြည့်လိုက်ယင်လဲ တရှုရှုနဲ့ ပျက်နေတာကိုသာ တွေ့ရတယ်၊ သစ်ပင်တွေ ကြည့်လိုက်ယင်လဲ တရှုရှုနဲ့ ပျက်နေတာကိုသာ တွေ့ရတယ်။ အဲဒီလို အကုန်လုံး တရှုရှုနဲ့ ပျက်နေတာချည်း တွေ့နေရတော့ သူ့မှာ မလက ထင်မှတ်ထားတာနဲ့ မကိုက်ဘဲ ဖြစ်နေလို့ သူက စဉ်းစားလာတယ်။

ဘယ်လိုလဲ ဆိုတော့- သူက မြေကြီး သစ်ပင် တုံး တိုင် အစရှိတဲ့ ဗဟိဒ္ဓ ဥတုဇရုပ်ကြမ်းတွေကို ဒီလို ခဏမစဲ ပျက်နေတယ်လို့ မထင်ခဲ့ဘူး၊ အင်မတန်ကြာမှသာ ပျက်တယ်၊ တော် တော်ကြာအောင် တည်တံ့နေတဲ့ အရာဝတ္ထုတွေဘဲလို့ သူက ဒီလို ယူဆထားသတဲ့။ ဒီလို အယူအဆရှိနေရာထဲက ဝိပဿနာရှုလို့ ဉာဏ်က လျင်မြန်ပြီး မှီလာတဲ့အခါကျတော့ ဖြစ်ပြီး ပျက်၊ ဖြစ်ပြီး ပျက်နဲ့ မပြတ်ဖြစ်ပျက်နေတာကလေးတွေကို သူ့မှာ အထူးမရှုရ မဆင်ခြင်ရဘဲနဲ့ အလိုလို ထင်ရှားနေတယ်၊ တရိပ်ရိပ်နဲ့ ပျက်နေတာကလေးတွေကို သူ့အလိုလို လိုက်ပြီး သိနေတယ်။ ဒီလို အလျင်အမြန် ပျက်ပြီး မမြဲတဲ့ သဘောတွေ ထင်လာတော့ သူ့စိတ်ထဲမှာ မူလက ယူဆထားတာနဲ့ ပြောင်းပြန် ဖြစ်နေတာပေါ့။ ဒါနဲ့ သူ့စိတ်ထဲမှာ "လောလောဆယ် ဝိပဿနာရှုနေယင်းထင်တာတွေက မှားနေလေသလား၊ သို့မဟုတ်၊ မျက်စိကဘဲ ဝိုးတိုးဝါးတား ဖြစ်နေလေသလား" လို့ သံသယ ဖြစ်လာတယ်။

ဒါကြောင့် အဲဒီယောဂီက ဘုန်းကြီးကို မေးမြန်း လျှောက်ထားတယ်။ ဒီတော့ ဘုန်းကြီက ဖြေရှင်းပြီး ပြောပြရတယ်၊ အဲဒီလို တွေ့တိုင်း မြင်တိုင်း တရှုရှု တရိပ်ရိပ်နဲ့ ထင်နေတာဟာ ဒုမ္မန်တွေချည်းပါဘဲ၊ အသိညာဏ်တွေက မြန်လာတဲ့အခါကျတော့ အထူးမရှုရဘဲနဲ့ တွေ့တိုင်း မြင်တိုင်းကို ဖြစ်လိုက် ပျောက်လိုက်၊ ဖြစ်လိုက် ပျောက်လိုက်နဲ့ ဒီလိုဘဲ ပိုင်းခြားပြီး သိလာတာပါဘဲ၊ ဒီလို ထင်တာ သိတာတွေဟာ အကုန်လုံး အမှန်တွေချည်းပါဘဲလို့ ပြောရတယ်။ အဲဒီပုဂ္ဂိုလ်ဟာ နောက်မကြာခင်ဘဲ ဝိပဿနာညာဏ်တွေ ပြည့်စုံတဲ့အခြေအနေကို သူတွေ့ပုံအတိုင်း ပြောပြပါတယ်။ ယခုတော့ သူ မရှိရှာပါဘူး၊ ကွယ်လွန်သွားပါပြီ။ "တကယ် အသိမြန်ပြီး ညာဏ်မှိုလာတဲ့အခါမှာ ခဏမစဲ ဖြစ်ပျက်နေတာတွေကို မတွေးမဆရဘဲနဲ့ ရှုမှတ်နေရုံမျှနဲ့ အလိုလို သိလာနိုင်တယ်" ဆိုတာ ဒီပစ္စုပ္ပန်ဝတ္ထုဖြင့် ထင်ရှားပါတယ်။ ညာဏ်က တကယ် ထက်သန်လာပြီ ဆိုတော့ မူလက ယူဆထားတဲ့ အထင်မှား အသိမှားတွေကို လွှမ်းမိုးပြီး အမှန်အတိုင်း သိသွားတာဘဲ။

ညာဏ်က ဒီလိုသာ သိနိုင်တဲ့ အစွမ်းသတ္တိ မရှိဘူး ဆိုယင် အနိစ္စ ဒုက္ခ အနတ္တ အမှန်တွေကို သိဘို့ရာ ယခု လူတွေမှာ အင်မတန်ဘဲ ခက်နေမှာပေါ့။ ဘာကြောင့်လဲ ဆိုယင်–ပကတိ လူတွေက မြင်တာကိုလဲ "တဆက်တည်း အမြဲ မြင်နေတယ်"လို့ ထင်နေကြတယ်၊ ကြားတာကိုလဲ "တဆက်တည်း အမြဲ ကြားနေတယ်"လို့ ထင်နေကြတယ်၊ သိတာကိုလဲ "အစဉ် ထာဝရသိနေတယ်"လို့ ထင်နေကြတယ်။ မြင်ရ ကြားရ သိရ

တာတွေကိုလဲ "အစဉ်ထာဝရ တကြံ့တည်း တည်နေတယ်" လို့ ထင်နေကြတယ်။

မြင်တိုင်း ကြားတိုင်း အသစ်ချည်း

အမှန်ကတော့ ဒီလို မဟုတ်ဘူး၊ မြင်တာတွေဟာ မြင်ပြီးယင် ပျောက်သွားတာချည်းဘဲ၊ နောက်ထပ် မြင်ယင်လဲ အသစ်ပဲ၊ နောက်ထပ် မြင်တိုင်း မြင်တိုင်း အသစ်ချည်းဘဲ၊ တစက္ကန့်လောက်တောင် တည်ဘံ့နေတာ မရှိဘူး၊ ချက်ခြင်း ပျောက်သွားတာချည်းဘဲ။ ကြားတာ သိတာတွေလဲ ကြားတိုင်း သိတိုင်း အသစ်အသစ်ချည်းဘဲ။ အဲဒါတွေကို ပကတိစိတ် ပကတိညာဏ်နဲ့ ဆင်ခြင်လို့တော့နှစ်နှစ်ခြိုက်ခြိုက် သဘောကျဘို့ ခက်ပါတယ်။

ဒါပေမယ့် ဖြစ်တိုင်း ဖြစ်တိုင်းကို ရှုမှတ်ပြီး သိတဲ့ ဝိပဿနာညာဏ်ကတော့ သတ္တိကောင်းပါတယ်၊ မူလက ရှိနေတဲ့ အာထင်မှား အသိမှားတွေကို သူ့အလိုလို ခြေဖျက်ပြီးတော့ အမှန်အတိုင်း သိလာပါတယ်။ခုနကပြောခဲ့တဲ့အတိုင်း မြင်တာတွေကို မရှုမှတ်ရဘဲနဲ့လဲ တရိပ်ရိပ်နဲ့ ပျက်နေတာကို သူ့အလိုလို သိလာတတ်တယ်၊ စိုက်ပြီး ရှုမှတ်နေယင်လဲ တမြင်ချင်း ပျက်ပျက်သွားတာကို သိနိုင်တယ်။ မြင်တာထက် ကြားတာက ပိုပြီး သိလွယ်တတ်တယ်၊ ကျိးတွေ ခွေးတွေ မြည်နေယင် ပကတိလူတွေမှာတော့ အသံရှည်ကြီးလို့ ထင်ရတယ်၊ အမှတ်အသိညာဏ် ရှင်းနေတဲ့ ယောဂီမှာတော့ တပိုင်းစီ တပိုင်းစီ ပြတ်ပြီးတော့ ထင်တယ်၊ တသံနဲ့တသံ, တကြားနဲ့ တကြား မရောဘူး၊ အပြတ် အပြတ် အတို အတိုကလေးတွေ ဖြစ်ပြီး ထင်တယ်။ သူတပါး စကားပြောတာတွေ သီချင်းသံတွေကို စူးစိုက်ပြီး

မှက်နေယင်၊ အဲဒီအသံတွေဟာ အပြတ် အပြတ်တွေ ဖြစ်ပြီးတော့ ထင်တယ်၊ ဒါကြောင့် ဘာမှ အနှက်အဓိပ္ပါယ် မရဘူး၊ သာယာစရာလဲ မထင်ဘူး၊ မုန်းစရာလဲ မထင်ဘူး၊ ကြားလိုက် ပျောက်လိုက်၊ ကြားလိုက် ပျောက်လိုက်နဲ့ ပျောက်ပျောက် သွားတဲ့သဘောချည်း ထင်နေတယ်။ ဒါကြောင့် မမြဲတဲ့ သဘောဘဲလို့ သူ့ဟာ သူ ရှင်းပြီး သိသိသွားပါတယ်။

ဒုက္ခထင်ပုံ

"မမြဲတာတွေချည်းဘဲ" လို့ ရှင်းပြီးသိမှတော့ ဖြစ်လိုက် ပျက်လိုက်နဲ့ မပြတ်နှိပ်စက်နေတယ်၊ နှစ်သက် သာယာဘွယ် မရှိဘူး၊ အားကိုးစရာ မရှိဘူး၊ ဘယ်အချိန်မဆို သေနိုင်ပျက် နိုင်လို့ ကြောက်စရာဘဲ၊ ဆင်းရဲတွေဘဲလို့လဲ သိမြင်သဘောကျ သွားပါတယ်။

"ဘယဋ္ဌေန ဒုက္ခံ"။ ဘယဋ္ဌေန၊ ကြောက်စရာကောင်းသော အနက်သဘောကြောင့်။ ဒုက္ခံ၊ ဆင်းရဲဘဲ တဲ့။ ခဏမစဲ ဖြစ်ပျက်နေလို့ ကြောက်စရာကောင်းပါတယ် တဲ့။

"ဒီကိုယ်ကြီးဟာ တော်တော်နဲ့ မသေနိုင် မပျက်နိုင်ဘူး၊ အကြာကြီး အသက်ရှင်ပြီး တည်နေတဲ့ အခိုင်အမာကြီးဘဲ" လို့ အယင်က ထင်ခဲ့တယ်၊ ဒါကြောင့် ဒီကိုယ်ကြီးကို အားကိုးစရာကြီးအနေနဲ့ ထင်ခဲ့တယ်။ ယခု ဝိပဿနာ ရှုယင်း ရှုယင်း တွေ့ရတာကတော့ ခဏမစဲ ဖြစ်ပျက်နေတာတွေချည်း ဖြစ်နေတယ်၊ ဒီတော့ "ပျက်ပျက်သွားတဲ့ ရုပ်နာမ်တွေအတွက် အသစ် အသစ် ထပ်ပြီး မဖြစ်လာယင် ဘယ်အချိန်မဆို သေနိုင်တယ်" ဆိုတာကို တွေ့ရတယ်၊ ဒါကြောင့် ဘယ်အချိန်မဆို သေနိုင်တဲ့

ဒီရုပ်နာမ်တွေကို ငါကောင်ကြီး အထည်ကိုယ်ကြီး လုပ်ပြီး အားကိုးနေရတာဟာ ဆွေးမြည့်နေတဲ့ တိုက်အို ကြီးထဲ ဝင်နေရတာလိုဘဲ သိပ်ကြောက်စရာကောင်းတာပေါ့။

ဒါကြောင့် ဘယဋ္ဌေန၊ ကြောက်စရာကောင်းသော အနက် သဘောကြောင့်။ ဒုက္ခံ၊ ဆင်းရဲဘဲလို့ ဒီလို အသိညာဏ်တွေလဲ ဖြစ်ပေါ်လာပါတယ် တဲ့။ "ခဏမစဲ ဖြစ်ပျက်နေတဲ့ တရားတွေ. ဟာ ဘာမှ နှစ်သက်စရာ သာယာစရာ အားကိုးစရာ မရှိဘူး၊ မကောင်းတဲ့တရားတွေ ဆင်းရဲတွေချည်းဘဲ" လို့ ဒီလို ထင်မြင် သဘောပေါက်လာတယ်လို့ ဆိုလိုပါတယ်။

အနတ္တ ထင်ပုံ

ပြီးတော့ ကိုယ့်အလိုအတိုင်း မဖြစ်ဘဲ သူ့သဘောအတိုင်း သူ ဖြစ်နေတာတွေကိုသာ တွေ့ရတယ်၊ အယင်တုန်းကတော့ ကိုယ်သွားချင်ယင် သွား၊ ကိုယ် ထိုင်ချင်ယင် ထိုင်၊ ကိုယ် ထချင်ယင်ထ၊ ကိုယ် မြင်ချင်ယင် မြင်၊ ကိုယ် ကြားချင်ယင် ကြား၊ ကိုယ် လုပ်ချင်ရာ လုပ်လို့ ကိုယ့်သဘောအတိုင်း ဖြစ်နေတယ်လို့ ထင်နေတယ်။ ယခု ရှုနေယင်း တွေ့ရတာက ဒီလိုမှ မဟုတ်ဘဲ၊ ရုပ်နှင့်နာမ် သူတို့နှစ်ခုဟာ အတွဲလိုက် အတွဲလိုက် သူ့ဟာ သူ ဖြစ်နေတာကိုလဲ တွေ့ရတယ်။ ပြီးတော့ ကွေးချင်တဲ့စိတ်ရှိမှ ကွေးရုပ် ဖြစ်လာတယ်၊ ဆန့်ချင်တဲ့စိတ်ရှိမှ ဆန့်ရုပ် ဖြစ်လာတယ်၊ ဒီလို သူ့အကြောင်းရှိမှ သူ ဖြစ်လာတာကိုလဲ တွေ့ရတယ်။ ပြီးတော့ မြင်စရာရှိမှ မြင်တယ်၊ မြင်စရာရှိယင်တော့ မမြင်ချင်လို့ကို မရဘူး၊ မြင်သွားတော့တာဘဲ၊ ကြားစရာရှိမှ ကြားတယ်၊ ဝမ်းသာစရာရှိယင် ဝမ်းသာ

တယ်၊ စိတ်ပူစရာရှိယင် စိတ်ပူတယ်၊ အဲဒါတွေလဲ သူတို့ဆိုင်ရာ အကြောင်းက ရှိနေယင် ဖြစ်သွားကြတော့တာဘဲ၊ မဖြစ်အောင် ဘာမျှ မတတ်နိုင်ဘူး၊ အဲဒါတွေကိုလဲ တွေ့ရတယ်။ ဒါကြောင့် "သူ့အကြောင်းနှင့် သူ ဖြစ်ပျက်နေတဲ့ သဘောတရားကလေး တွေ့ဘဲ၊ ကိုယ့်အလိုအတိုင်း ဖြစ်တာရယ်လို့ ဘာမျှ မရှိဘူး၊ ကိုယ့်အလိုအတိုင်း ဖြစ်ပြီး အစဉ်ထာဝရ အသက်ရှင်နေတဲ့ အသက်ကောင် အတ္တကောင် ငါကောင် ဆိုတာ ဘာမျှ မရှိဘူး၊ သူ့အခိုက်အတန့်နဲ့ သူ ဖြစ်ပျက်နေတဲ့ သဘောတရား ချည်းဘဲ" ဆိုတာကို ရှုယင်း ရှုယင်း အလိုလို သဘောကျလာတယ်။ ဒါကြောင့်....

"မမြဲ ဆင်းရဲ၊ သဘောဘဲ၊ ဉာဏ်ထဲ ရှင်းတော့သည်" လို့ ဆိုထားတာ။

ဒီလို အသိရှင်းအောင်လို့ဘဲ ရှုရတာ၊ ဝိပဿနာ ရှုရာမှာ ဒါတွေက လိုရင်းဘဲ၊ ဟုတ်လား။ ဒီပြင် ပီတိ ပဿဒ္ဓိတွေ အဆောင်အလင်းတွေ ဒီလို ဝမ်းသာစရာတွေကိုလဲ သူ့နေရာနဲ့သူ တော့ တွေ့သွားရမှာပါဘဲ။ ဒါပေမယ့် အဲဒါတွေကတော့ လိုရင်းမဟုတ်ပါဘူး။ ရှုတိုင်း ရှုတိုင်း ဖြစ်လို့က် ပျက်လို့က်နဲ့ မမြဲဘူးဆိုတာကို သိဘို့ရယ်၊ ဖြစ်ခြင်း ပျက်ခြင်းက မပြတ်နိုပ်စက်နေလို့ ဆင်းရဲချည်းဘဲ ဆိုတာကို သိဘို့ရယ်၊ သူ့သဘောအတိုင်း သူ ဖြစ်ပျက်နေလို့ အနတ္တဘဲ ဆိုတာကို သိဘို့ရယ် ဒါတွေက လိုရင်းတွေဘဲ။ အဲဒီ လိုရင်းဖြစ်တဲ့ အနိစ္စ ဒုက္ခ အနတ္တ အသိဉာဏ်တွေဟာ ရှုနေရုံနဲ့ဘဲ ရှင်းသွားတယ်လို့ ဆိုလိုပါတယ်။

ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ စုံမှု ကင်းပျောက်သည်။
မမြဲ ဆင်းရဲ၊ သဘောဘဲ၊ ဉာဏ်ထဲ ရှင်းတော့သည် တဲ့။

ဉာဏ်ထဲ ကိုယ့်ဟာ ကိုယ်ဘဲ ရှင်းသွားရမှာနော်၊ သူမျှား ပြောလို့ဟောလို့ သဘောကျရတာ ယုံကြည်တာကို ပြောတာ မဟုတ်ဘူး။ ယခု အားထုတ်ခါစ ပုဂ္ဂိုလ်တွေက ကိုယ့်မှာ ဒီလို မရှင်းသေးလို့ရှိယင် "ငါဟာ ဒီဉာဏ်အဆင့်ကို မရောက်သေးလို့ဘဲ"လို့သာ အောက်မေ့ပေတော့၊ ရှင်းအောင်လဲ အားထုတ်ပေါ့၊ သူမျှား ရှင်းယင် ကိုယ်လဲ ရှင်းရမှာပေါ့၊ အားငယ်စရာ မရှိပါဘူး။ တကယ် အားထုတ်လိုက်ယင် မကြာပါဘူး၊ ရှုနေယင်းဘဲ "ခဏမစဲ ဖြစ်ပျက်နေလို့ မမြဲဘူး၊ ဆင်းရဲဘဲ၊ သဘောတရားမျှဘဲ"လို့ ဒီလို ရှင်းလာပါလိမ့်မယ်။ ဒီလို မမြဲဘူး၊ ဆင်းရဲဘဲ၊ သဘောတရားမျှဘဲ" လို့ အသိဉာဏ်ရှင်းသွားတော့ ရှုမှတ်မိသမျှအာရုံတွေကို မြဲတယ်လို့လဲ မစဲလမ်းတော့ဘူး၊ ချမ်းသာတယ်၊ တင့်တယ် လှပတယ် ကောင်းတယ်လို့လဲ မစဲလမ်းတော့ဘူး၊ အဟုတ်ကောင် အသက်ကောင် ငါကောင်ဘဲလို့လဲ မစဲလမ်းတော့ဘူး၊ အစဲအလမ်းတွေ အကုန်ကင်းသွားတယ်။ ဒီလို အစဲအလမ်း ကင်းသွားတော့ ဘာ ဖြစ်သလဲ ဆိုယင်၊ အရိယမဂ်ဖြင့် ကိလေသာငြိမ်းပြီး နိဗ္ဗာန်ကို ဆိုက်ရောက်သွားတယ်။ ဒါကြောင့်....

အနုပါဒိယံ၊ မစဲလမ်းလျှင်။ နပရိတဿတိ၊ မဆာလောင်မတောင့်တ။ အပရိတဿံ၊ မဆာလောင်မဘောင့်တလျှင်။ ပစ္စတ္တညေဝ ပရိနိဗ္ဗာယတိ၊ အလိုလိုပင် ကိလေသာငြိမ်းသဖြင့် အေးငြိမ်းလေတော့၏ လို့- (မ ၁-၃၁၈) မြတ်စွာဘုရားက ဟောကြားထားပါတယ်။ ဒါကြောင့်....

စဲမှု ကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည် လို့- ဆောင်ပုဒ်က ဆိုထားတယ်။ ရှုတိုင်း ရှုတိုင်း ရှုမိတဲ့

အာရုံမှာ အနုသယ မကိန်းဘူး၊ ဒါကြောင့် စွဲလမ်းမှု ကင်းတယ်၊ မြင်ရာမှာလဲ စွဲလမ်းမှု မရှိဘူး၊ ကြားရာမှာလဲ စွဲလမ်းမှု မရှိဘူး၊ နံရာ စားရာ တွေ့ထိရာ ကြုံသိရာတွေမှာလဲ စွဲလမ်းမှု မရှိဘူး၊ သူ့အခိုက်အတန့်နှင့် သူ ဖြစ်ပေါ်ပြီး ပျောက်ပျောက် သွားလို့မမြဲဘူးလို့သာ ထင်တယ်၊ မြဲတယ်လို့ စွဲလမ်းစရာ မရှိဘူး။ ဖြစ်လိုက်ပျက်လိုက်နဲ့ ဖြစ်မှု ပျက်မှုက မပြတ်နိုပ်စက်နေလို့ ဆင်းရဲချည်းဘဲလို့သာ ထင်တယ်၊ ချမ်းသာတယ် ကောင်းတယ် လှပတယ် တင့်တယ်တယ်လို့ စွဲလမ်းစရာ မရှိဘူး။ "သူ့သဘော အတိုင်း သူ ဖြစ်ပျက်နေတဲ့ သဘောတရားချည်းဘဲ" လို့သာ ထင်တယ်၊ တသက်လုံး တဘဝလုံး အသက်ရှင်ပြီး တည်နေတဲ့ အတ္တကောင် အသက်ကောင် ငါကောင်ဘဲလို့ စွဲလမ်းစရာ မရှိဘူး၊ ဒီလို အသိဉာဏ်ထဲမှာ ရှင်းသွားတယ်။ ဒီလို အသိဉာဏ် ရှင်းတော့ စွဲလမ်းမှုတွေလဲ ကင်းသွားတယ်၊ စွဲလမ်းမှုကင်းတော့ အရိယာမဂ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတာပေါ့။ အဲဒါကို ပဋိစ္စသမုပ္ပါဒီဒေသနာ, ခန္ဓဒေသနာတွေနဲ့ အကျယ်ရှင်းပြဦးမယ်။

မဂ်လမ်းပေါက်ပုံ

တဿ နန္ဒိနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓော ဇာတိနိရောဓော၊ဇာတိနိရောဓာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။
(မ ၁-၃၇၇၊ သံ ၂-၁၃)

တဿ၊ မနှစ်သက်သော ထိုပုဂ္ဂိုလ်အား။ နန္ဒိနိုရောဓော၊ နှစ်သက်မှု ချုပ်ခြင်းကြောင့်။ ဥပါဒါန နိုရောဓော၊ စဲလမ်းမှု ဥပါဒါန်၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဥပါဒါနနိုရောဓော၊ စဲလမ်းမှု ဥပါဒါန် ချုပ်ခြင်းကြောင့်၊ စဲလမ်းမှု ဥပါဒါန် ချုပ်သွားလျှင်။ ဘဝနိုရောဓော၊ **ကမ္မဘဝ** ဖြစ်ကြောင်းကံ ချုပ်ပါတယ်၊ တဖန် ဘဝသစ် ဖြစ်ဘို့ ကံ မဖြစ်တော့ပါဘူးတဲ့။ ဘဝနိုရောဓော၊ ကမ္မဘာဝဖြစ်ကြောင်းကံချုပ်ခြင်းကြောင့်၊ တဖန် ဘဝသစ် ဖြစ်ဘို့ ကံ မရှိလျှင်။ ဇာတိနိုရောဓော၊ ဘဝသစ်ဖြစ်ခြင်း ချုပ်ပါတယ်၊ တဖန် ဘဝသစ် မဖြစ်တော့ပါဘူးတဲ့။ ဇာတိနိုရောဓော၊ ဘဝသစ်ဖြစ်မှု ချုပ်ခြင်းကြောင့်၊ တဖန်ဘဝသစ် မဖြစ်ရလျှင်။ ဇရာမရဏံ၊ အိုရခြင်း သေရခြင်းသည်ဎင်း။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ စိုးရိမ်ပူဆွေးရခြင်း ငိုကြွေးရခြင်း ကိုယ်ဆင်းရဲခြင်း စိတ်နှလုံး မသာခြင်း ပြင်းစွာစိတ်ပူပန်ခြင်းတို့သည်ဎင်း။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်ပါတယ် ကင်းကုန်ပါတယ် တဲ့။ ဧဝံ၊ ဤပြဆိုခဲ့သော နည်းဖြင့်။ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ၊ ဆင်းရဲအစုအပုံ သက်သက် ချုပ်သွားပါတယ် တဲ့။

ဒုါရ ၆-ပါးက ထင်ရှားတဲ့ ရုပ်နာမ်အာရုံတွေကို ရှုပြီး အနိစ္စ ဒုက္ခ အနတ္တ သဘောမှန်ကို သိတဲ့ပုဂ္ဂိုလ်မှာ အဲဒီအာရုံတွေကို နှစ်သက်ခြင်း စဲလမ်းခြင်းမရှိတော့ဘူး၊ မစဲလမ်းတဲ့အတွက် ကောင်းစားချမ်းသာအောင် အားမထုတ်ဘူး၊ အားမထုတ်တော့ ကမ္မဘဝခေါ်တဲ့ ကံ မဖြစ်ဘူး၊ ကံ မဖြစ်လျှင် ဘဝ

သစ် မဖြစ်ရဘူး၊ ဘဝသစ်မဖြစ်တော့ အိုရခြင်း သေရခြင်း စိုးရိမ်ပူဆွေးရခြင်း အစရှိတဲ့ ဆင်းရဲတွေ့ အကုန်လုံး ဖြစ်ခွင့်မရှိဘဲ ကင်းငြိမ်းကုန်တယ်။ အဲဒါက ဝိပဿနာမဂ်ဖြင့် မှတ်တိုင်း မှတ်တိုင်း ဆင်းရဲငြိမ်းတဲ့ တဒင်္ဂနိဗ္ဗာန်ကို ဆိုက်ရောက်နေပုံဘဲ။ အာရိယမဂ်နဲ့ ဆိုက်ရောက်ပုံကိုတော့ တော်တော်ကြာမှ စုပေါင်းပြီး ပြောရမယ်။ ဒါကြောင့်-

"စဲ့မှ ကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်ရောက် နိဗ္ဗာန် ပြည်"လို့-

ဆိုထားတာ။ ပြီးတော့ "အနိစ္စ ဒုက္ခ အနတ္တ သဘောမှန်ကို သိပြီးတော့ နိစ္စ သုခ အတ္တ အစဲ့အလမ်း ကင်းသွားယင် အရိယမဂ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်" ဆိုတာဟာ ခုနက ထုတ်ပြခဲ့တဲ့သီလဝန္တသုတ်အရအားဖြင့်လဲ ထင်ရှားပါတယ်။

အဲဒီ သီလဝန္တသုတ်မှာ "သီလပြည့်စုံတဲ့ရဟန်းက ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ရှုယင် သောတာပတ္တိဖိုလ် ရောက်ပြီး သောတာပန် ဖြစ်နိုင်တယ်၊ သောတာပန်က ရှုယင် သကဒါဂါမ် ဖြစ်နိုင်တယ်၊ သကဒါဂါမ်က ရှုယင် အနာဂါမ် ဖြစ်နိုင်တယ်၊ အနာဂါမ်က ရှုယင် ရဟန္တာ ဖြစ်နိုင်တယ်" လို့ အရှင်သာရိပုတြာက ဟောကြားထားပုံကို ခုနက ကြားပြီးကြပြီ မဟုတ်လား။ အဲဒီမှာ သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိဖိုလ် အရဟတ္တဖိုလ် ဆိုတဲ့ ဒီ **အာရိယနိုလ** ၄-ပါးကို မျက်မှောက်ပြုတယ် ဆိုတာဟာ **အာရိယမဂ်** ၄-ပါး ဖြင့် နိဗ္ဗာန်ကို ဆိုက်ရောက်ပြီးတော့ မျက်မှောက်ပြုသွားတာဘဲ။ ဒါကြောင့်-

"စဲ့မှ ကင်းပျောက်၊ မင်္ဂလာပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည်"လို့-

ဆိုထား တယ်။ အဲဒီ အာရိယာ မင်္ဂလာပေါက်ဘို့ရာဟာ ဝိပဿနာမင်္ဂလာက စပြီး ပေါက်ရတယ်၊ ဝိပဿနာမင်္ဂလာ ဆိုတာလဲ ရုပ်နာမ်တို့၏ ပင်ကိုရင်းသဘောမှန်ကို ပိုင်းခြားပြီး သိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်က စပြီး ပေါက်ရတယ်။ အဲဒီကနောက် အကြောင်းနှင့် အကျိုးကို သိမ်းဆည်းပြီး သိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ် စခန်းကို ရောက်လာတယ်။အဲဒီကနောက် ဆက်ပြီး ရှုပြန်တော့ ရှုတိုင်း ရှုတိုင်း ဖြစ်ပေါ်လာပြီး ပျောက်ပျောက်သွားတာတွေ့ကို တွေ့ရတဲ့အတွက် ရှုယင်း ရှုယင်းဘဲ "မမြဲဘူး၊ ဆင်းရဲဘဲ၊ အနတ္တသဘောတရားဘဲ"လို့ သုံးသပ် ဆင်ခြင်တဲ့ သမ္မသနဉာဏ် စခန်းကို ရောက်လာတယ်။အဲဒီ စခန်းမှာတော့ ဆင်ခြင်လို့ကလဲ ကောင်းကောင်းနဲ့ ဗဟုသုတအတော်အတန်ရှိတဲ့ အချို့ပုဂ္ဂိုလ်တွေက နည်းအမျိုးမျိုးနဲ့ သုံးသပ် ဆင်ခြင် ကြည့်နေတတ်တယ်၊ ဒါကြောင့် ဒီစခန်းမှာ အချိန် ကြာနေတတ်တယ်။ မသုံးသပ်မဆင်ခြင်ဘဲ ရှုမှတ်ရုံကလေး ရှုမှတ်သွားယင်တော့ အသိကလေးတွေက ပေါ့ပေါ့ပါးပါး လျင်လျင်မြန်မြန် ဖြစ်လာတယ်၊ မှတ်ရတဲ့ အာရုံကိုလဲ အစအဆုံးနဲ့ အဖြစ် အပျက်နဲ့ ပိုင်းခြားသိတဲ့ ဥဒယဗ္ဗယဉာဏ် စခန်းကို ရောက်လာတယ်။

တရားအရသာတွေ

ဒီစခန်းမှာတော့ ရှုမှတ်ရတာကလဲ လွယ်တယ်၊ အာရောင်အလင်းတို့ ပီတိ ပဿဒ္ဓိတို့ ဒီလို အထူးတွေကလဲ ဖြစ်ပေါ်

လာတယ်၊ ဘယ်တော့ကမှ မဖြစ်ဘူး မတွေ့ဘူးတာတွေ ဝမ်းသာစရာတွေ ဖြစ်ပေါ်လာတာပါဘဲ။ ဒီတော့ ယောဂီမှာ ဝမ်းသာတက်ကြွပြီး တရားအရသာတွေ သိပ်ပေါ်နေတာပေါ့။ ပဌမ အားထုတ်ခါစကတော့ စိတ် မပြေး မသွားအောင်ကို အင်မတန် ကြောင့်ကြစိုက်ရတယ်၊ ဒါပေမယ့် စိတ်က ဟိုပြေး လိုက် ဒီပြေးလိုက်နဲ့ မမှတ်နိုင်တာတွေကဘဲ များနေတတ်တယ်၊ အချိုးမကျတာတွေကဘဲ များနေတတ်တယ်။ တချို့ပုဂ္ဂိုလ်မှာ တော်တော်ဘဲ ပင်ပင်ပန်းပန်း အားထုတ်ရပါတယ်၊ မလွယ်လှပါဘူး။ ဒါပေမယ့် ဆရာသမားတွေကို ယုံကြည်တဲ့ သဒ္ဓါတရားနှင့် မိမိ၏ သမ္မာဆန္ဒကလဲ ကောင်းကောင်းနှင့် နောက်မဆုတ်ပဲ "မဖြစ် ဖြစ်အောင် အားထုတ်မယ်" ဆိုတဲ့ ဇွဲနှင့် အားထုတ်လာတဲ့ ပုဂ္ဂိုလ်တွေကတော့ အဲဒီ ခက်တယ် ဆိုတဲ့ အောက်ခြေစခန်းတွေကို ကျော်လွန်လာတာပါဘဲ။

အဲဒီလို ကျော်လွန်လာတော့ ဒီ ဥဒယဗ္ဗယဉာဏ် စခန်းကို ရောက်လာတယ်၊ဒီ ဉာဏ်စခန်းကတော့ တယ် နေရာကျတယ်၊ ရှုမှတ်ရတာလဲ တယ် သက်သာလွယ်ကူတယ်၊ မှတ်လို့က ကောင်းတဲ့ပြင် အရောင်အလင်းတွေကလဲပေါ်လာတတ်တယ်၊ ပီတိတွေကလဲ ကိုယ်ထဲမှာ ဖြိုးဖြိုးဖျဉ်းဖျဉ်းနဲ့ တစမ့်စိမ့် တညိမ့်ညိမ့်နဲ့ ဖြစ်နေတယ်၊ ကိုယ်ရော စိတ်ရော ပေါ့ပါးပြီး နေလို့ ထိုင်လို့ကလဲ သိပ် ကောင်းနေတယ်။ မှတ်စရာအာရုံကလဲ အမှတ်သတိပေါ်မှာ သူ့ဟာ သူ လာပြီး ကျကျနေသလို ထင်ပေါ်နေတယ်။ အမှတ်သတိကလဲ မှတ်စရာအာရုံပေါ်မှာ သူ့အလိုလို ကျနေသလိုဘဲ မှတ်လျက် မှတ်လျက် ဖြစ်နေတယ်။ ဒီအခါမှာ မမှတ်နိုင်တာ မေ့သွားတာရယ်လို့လဲ မရှိ

ဘူး။ အသိကလဲ မှတ်တိုင်း မှတ်တိုင်း ရှင်းနေတယ်၊ နှလုံးသွင်း ဆင်ခြင်လိုက်ယင်လဲ လွယ်လွယ်ကလေးနဲ့ ရှင်းရှင်းလင်းလင်း သိသိသွားတယ်၊ ရှေးက ကြားနာမှတ်သားဘူးတဲ့ အတိုင်း ရုပ် နာမ် အနိစ္စ ဒုက္ခ အနတ္တ ဆိုတာတွေကို လျှောက်ပြီး ဆင်ခြင်လိုက်ယင် အကုန်လုံး ရှင်းပြီးတော့ သဘောကျကျသွားတတ်တယ်။ ဒါကြောင့် တရားဟောချင်တဲ့စိတ်တွေလဲ ဖြစ်ပေါ်လာတတ်တယ်၊ သူ ဟောလိုက်ရယင် သိပ် ကောင်းမယ်လို့လဲ ထင်နေတတ်တယ်။ ဒါပေမယ့် မူလကတည်းက ဗဟုသုတမရှိတဲ့သူ ဆိုယင် တကယ်တော့လဲ သူ မဟောတတ်ပါဘူး၊ ဗဟုသုတ မရှိဘဲနဲ့ ဟောယင် အချိုးလဲ မကျတတ်ပါဘူး၊ သို့ပေမယ့် သူ့စိတ်ထဲမှာတော့ စဉ်းစားတိုင်း စဉ်းစားတိုင်း သိပ်ပြီးရှင်းနေတယ်။ ဒါကြောင့်အင်မတန် ဟောချင်ပြောချင်နဲ့ စိတ် တက်ကြွနေတယ်။ ဝမ်းသာတက်ကြွပြီး စကားတွေလဲ တော်တော်များများ ပြောနေတတ်တယ်။ အဲဒါဟာ ယောဂီပုဂ္ဂိုလ်တွေ့ ကြုံရတဲ့ အမြဲကိန်ဒဿန် တဲ့၊ အရိယာတွေ့ တွေ့ရတဲ့ နိဗ္ဗာန်အစစ်တော့ မဟုတ်သေးဘူး၊ နိဗ္ဗာန်အတုလို့ ဆိုရမှာပေါ့။

"အမတံ တံ ဝိဇာနတံ" တဲ့။ တံ၊ ထိုပီတိပါမုဇ္ဇသည်။ ဝိဇာနတံ၊ ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်အပျက်ကို သိမြင်သောယောဂီပုဂ္ဂိုလ်တို့၏။ အမတံ၊ အမြဲတမ်းနိဗ္ဗာန်ကြုံးပါပေတည်း တဲ့။

ဥဒယဗ္ဗယဉာဏ် ရောက်တဲ့ ယောဂီပုဂ္ဂိုလ်များ တွေ့ရတဲ့ အမြဲကိန်ဗ္ဗာန်ဘဲ တဲ့။ ဟုတ်တယ်၊ ဒီ ပီတိ ပါမုဇ္ဇ အတွေ့တွေ့က "အမြဲကိန်ဗ္ဗာန်"လို့ ခေါ်စရာ ကောင်းပါပေ

တယ်၊တယ် သက်သာတာဘဲ၊ အားထုတ်စက ပင်ပန်းလာခဲ့တာ တွေ့ဟာ ဒီနေရာ ကျတော့ အပန်းပြေပြီး သက်သာသွားတယ်။ တရား အားထုတ်ရတာက တောင်ပေါ် တက်ရတာနဲ့ တူတယ်၊ တောင်ပေါ်တက်တဲ့ လူဟာ တောင်ခြေက စပြီး မောကြီး ပန်းကြီးနဲ့ တက်လာခဲ့ရတယ်၊ တောင်ပေါ်က ဆင်းလာတဲ့ လူတွေကို မေးကြည့်ယင် ရောက်လုပါပြီလို့ချည်း အားပေး သွားကြတယ်၊ ဒါနဲ့ "ရောက်တော့မယ် ရောက်တော့မယ်"လို့ အားပေးပြီး ပင်ပင်ပန်းပန်းဘဲ တက်သွားရတယ်၊ ဒီလို တက်သွားယင်း လမ်းခုလတ်မှာ ဇရပ်ကလေး ထိုင်ခုံကလေး သစ်ပင်ရိပ်ကလေးမျှားနဲ့ နားစရာ စခန်းကို ရောက်သွား တယ်။ အဲဒီစခန်းကျတော့ အေးမြတဲ့အရိပ်မှာ လေညှင်း ကလေးခံပြီး နားနေရတဲ့အခါမှာ အစက မောပန်းလာခဲ့ တာတွေဟာ တခါတည်း ပြေငြိမ်းသွားတယ်၊ အရိပ်ထဲမှာ နေရလို့လဲ ချမ်းသာတယ်၊ လေအေးကလေးက တိုက်နေလို့လဲ အပူအအိုက် ပြေသွားတယ်၊ စိမ်းလန်းစိုပြေတဲ့ သစ်ပင် တောတောင်တွေ ကြည့်ရှုရလို့လဲ မျက်စိမှာ အေးချမ်းသွားတယ်။ ဒါကြောင့် တောင်ထိပ်အရောက် တက်ဘို့ရာ အင်အားတွေ ပြန် ပြည့်သွားတယ်။

ဝိပဿနာအလုပ် အားထုတ်ရတာကလဲ အဲဒါလိုပါဘဲ၊ ပဌမ အားထုတ်ခါစမှာ တော်တော်ပင်ပင်ပန်းပန်းနဲ့ အား ထုတ်ခဲ့ရပါတယ်၊ ကမ္မဋ္ဌာန်းဆရာတွေကရော ယောဂီဟောင်း တွေကရော အားပေးတာနဲ့ "ရောက်တော့မယ် ရောက်တော့ မယ်"လို့ အားတက်ပြီး ပြင်းပြင်းထန်ထန်ဘဲ အားထုတ် လာခဲ့ရပါတယ်။ အဲဒီလို အားထုတ်လာလို့ ဒီ ဥဒယဗ္ဗယဉာဏ်

ရောက်တဲ့အခါကျတော့ အရောင်အလင်းတွေ ပီတိ ပဿဒ္ဓိတွေ သုခ သဒ္ဓါတွေ အစရှိတဲ့ တရားအရသာထူးတွေကို တွေ့ရမှာဘဲ အယင်က ပင်ပန်းခဲ့တာတွေ ပြေငြိမ်းသွားတယ်။ ဒီတော့မှာဘဲ နေသာထိုင်သာရှိပြီး စိတ်လဲ ပျော်ရွှင်လာတယ်၊ ရှေ့ကို ဆက်ပြီးအားထုတ်ဘို့ရာလဲ စိတ်အားတွေ ပြန် ပြည့်လာတယ်၊ ဒီ စခန်းကလေးက တော်တော်ကို နေရာကျပါတယ်၊ ဒီ စခန်းသာ မရှိဘဲ တဆက်တည်း ပင်ပင်ပန်းပန်းချည်း အားထုတ်သွားရမယ် ဆိုယင်တော့ လမ်းဆုံးရောက်အောင် အားထုတ်သွားဘို့ အင်မတန်ဘဲ ခဲယဉ်းပါလိမ့်မယ်၊ ဒီစခန်းကလေးကြောင့်သာ ရှေ့ကို လှယ်လှယ်ကူကူနဲ့ အားထုတ်ပြီး နိဗ္ဗာန်အစစ်ကို ရောက်သွားနိုင်ကြတာဘဲ။ ဒါကြောင့် ဒီ ဝမ်းသာစရာအတွေ့ထူးတွေကို အမြိုက်နိဗ္ဗာန်လို့ ခေါ်သင့်ပါပေတယ်။

ဒီလို တရားအရသာတွေကို မတွေ့ရသေးတဲ့ ယောဂီမှာတော့ အားတက်စရာ မရှိလှသေးဘူးပေါ့၊ တချို့မှာ အားထုတ်တဲ့ရက်ကလဲ တော်တော် ကြာလာပြီ၊ ဒီလို တရားအရသာထူးကလဲ မတွေ့ရသေးဘူး ဆိုယင် စိတ်အားတွေ လျော့ကျသွားတတ်တယ်။ တချို့များ ကမ္မဋ္ဌာန်းက ထွက်သည်တိုင် အောင် ဘာမျှ တရားအရသာကို မတွေ့ရတာနဲ့ တရားအားထုတ်ရတာကို ဘာမှ မကောင်းဘူးလို့လဲ ထင်သွားတတ်တယ်၊ သဒ္ဓါတရားတွေ ပျက်ပြီး ကမ္မဋ္ဌာန်းကိုလဲ ကြောက်သွားတတ်တယ်။ အဲဒါဟာ ဒီ **ယောဂိနိဗ္ဗာန်**ကို တွေ့မသွားရှာလို့ပါဘဲ။

ဒါကြောင့် ဘုန်းကြီးတို့ ကမ္မဋ္ဌာန်းဆရာတွေက ကမ္မဋ္ဌာန်းကျောင်း ရောက်လာတဲ့ ယောဂီပုဂ္ဂိုလ်ကို အောက်ထစ်ဆုံးအားဖြင့် ဒီ တရားအရသာထူးကလေးလောက်တော့ တွေ့သွားပါ

စေလို့ မျှော်လင့်ပြီး အားပေးနေကြရတာဘဲ၊ ဒါကလေးကို မြန်မြန်တွေ့အောင်လို့လဲ တိုက်တွန်းနေကြရတယ်။ တိုက်တွန်းတဲ့ အတိုင်း ဒီနေ့ဆုကို မကြာ့ခင်ဘဲ ရောက်တတ်ကြပါတယ်၊ ဒီနေ့ရောက်လာတော့ ကမ္မဋ္ဌာန်းဆရာတွေမှာ တော်တော်သက် သာသွားပြီ၊ သိပ် အားမပေးရတော့ဘူး၊ တရားလမ်းဆုံးအထိ အားထုတ်သွားဘို့ရာ ယောဂီမှာ သဒ္ဓါ ဆန္ဒတွေ့ တိုးတက်ပြီး တော့ စိတ်အားတွေ့ ပြည့်သွားပြီ။ဒါကြောင့် ဒီတရားအရသာ ထူးတွေ့ကို ယောဂီရဲ့ အမြိုက်နိဗ္ဗာန်လို့ ဟောတော်မူတာ တဲ့။ ဒါ ဟာ နိဗ္ဗာန်အစစ် မဟုတ်သေးပေမယ်လို့ နိဗ္ဗာန်အစစ်ကို ရဘို့ ရာ အကြောင်း အထောက်အပံ့ ဖြစ်ပါတယ်လို့ အဋ္ဌကထာ မှာလဲ ပြဆိုထားပါတယ်။

ပြီးတော့ ဒီတရားအရသာထူးကို "အမာနုသီရတိ–လူတို့၏ ပျော်မွေ့မှုဟူသမျှထက် လွန်ကဲသော ပျော်မွေ့မှု"လို့လဲ ချီးမွမ်း ထားပါတယ်။ လူ့လောကမှာ ပျော်မှုတွေ့ အမျိုးမျိုး ရှိပါ တယ်၊ ပညာနဲ့ ပျော်ရတာတွေ့၊ စီးပွါးဥစ္စာနဲ့ ပျော်ရတာတွေ့၊ အိမ်ထောင်ရေးနဲ့ ပျော်ရတာတွေ့၊ သားရေး သမီးရေးနဲ့ ပျော်ရ တာတွေ့ ဒီလိုဟာတွေ့ အများကြီး ရှိပါတယ်။ အဲဒီ အပျော် တွေ့ထက် ပိုပြီး ပျော်စရာကောင်းတယ်လို့ ဆိုပါတယ်။ တခါ က ယောဂီတဦးက ပြောဘူးပါတယ်၊ သူဟာ လူ့လောက အပျော်တွေ့တော့ တော်တော်များများဘဲ တွေ့ဘူး ခံစားဘူးပါပြီ တဲ့၊ ဒီတရားအရသာမျိုးကိုတော့ ဘယ်ဟာမှ မမှီပါဘူး တဲ့၊ ဘယ်လို ကောင်းနည်း ကောင်းနေတယ်လို့ကို မပြောနိုင်အောင် ကောင်းနေတယ် ဆိုတဲ့အကြောင်း ပြောဘူးပါတယ်။

ဒီတော့ ဒီလို တရားအရသာကလေးကို မတွေ့ဘူးသေးတဲ့ သူတွေက တွေ့အောင် အားထုတ်ကြည့်ဘို့ ကောင်းပါတယ်။ တွေ့ပြီးယင် တော်လောက်ပြီလားလို့ မေးစရာရှိတယ်၊ အဲဒါကို တွေ့ရုံနဲ့လဲ မပြည့်စုံသေးပါဘူး၊ အဲဒီ အရသာကို ခတ္တတော့လဲ အဲဒါကို လွန်မြောက်သွားအောင် ရှုမြဲ ရှုသွားရပြန်တာပါဘဲ။ အဲဒီလို ဆက်ပြီး ရှုမှတ်လို့ ဒီအဆင့်က ရွှေကို တိုးတက်သွားတဲ့ အခါမှာ ပုံသဏ္ဍာန် အထည်ဖြစ်တွေ့ မထင်တော့ဘဲ ပျောက် ပျောက်သွားတာကိုချည်း တွေ့ရတယ်၊ ပေါ်လာတာကလေး တွေ့ဟာ မှတ်လိုက်ယင်း ပျောက်သွားယင်း၊ မှတ်လိုက်ယင်း ပျောက်သွားယင်းနဲ့ ပျောက်ပျောက်သွားတာကိုချည်း တွေ့နေ ရတယ်၊ မြင်တာကို မှတ်လိုက်ယင်လဲ ရိပ်ရိပ် ရိပ်ရိပ်နဲ့ ပျောက် သွားတာဘဲ၊ ကြားတာကို မှတ်လိုက်ယင်လဲ ပျောက်သွား တာဘဲ၊ ကွေးတာ ဆန့်တာကို မှတ်နေယင်လဲ တရိပ်ရိပ်နဲ့ ပျောက်သွားတာဘဲ။ ပေါ်လာတဲ့အာရုံတွင် မဟုတ်သေးဘူး၊ အာရုံရော မှတ်သိတဲ့စိတ်ရော အတဲ့လိုက် အတဲ့လိုက် ပျောက် ပျောက်သွားတာကိုသာ တွေ့ရတယ်။ အဲဒီလို သိနေတာက **ဘင်္ဂဉာဏ်** တဲ့။

အဲဒီလို မှတ်တိုင်း မှတ်တိုင်း တရိပ်ရိပ်နဲ့ ပျက်နေတာကိုချည်း တွေ့ဘန်မျှားလာတော့ အဲဒါတွေ့ကို ကြောက်စရာ အနေနဲ့ ထင်လာတယ်၊ **ဘယဉာဏ်** ပါဘဲ။ အဲဒီလို တပျက်ထဲ ပျက် နေတာ တွေ့ကို မကောင်းဘူးလို့လဲ အပြစ်မြင်လာတယ်၊ **အာဒီနဝဉာဏ်** ပါဘဲ။ အဲဒါတွေ့ကို ရှုနေယင်း ငြီးငွေ့လာ တယ်။ **နိဗ္ဗိန္ဒဉာဏ်** ပါဘဲ။ ဒါကြောင့်-

"ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပဿိမိံ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ" စသည်ဖြင့် ဟောထားပါတယ်။

ဘိက္ခဝေါ်၊ ရဟန်းတို့။ ဧဝံ ပဿံ၊ ဤဆိုခဲ့သည့်အတိုင်း ခန္ဓာငါးပါး၏ အနိစ္စ ဒုက္ခ အနတ္တ သဘောကို တွေ့မြင်သော အရိယသာဝကော၊ မြတ်စွာဘုရား၏ တပည့်ဖြစ်သော ယောဂီ ပုဂ္ဂိုလ်သည်။ ရူပသိမိံ၊ ရုပ်တရား အပေါင်းလည်း။ နိဗ္ဗိန္ဒတိ၊ မပျော်မမွေ့ ငြီးငွေ့လေတော့၏။

အယင်တုန်းကတော့ မိမိရုပ်ကိုယ်ဟာ ပျော်စရာကောင်းနေခဲ့ပါတယ်၊ ထိုင်ရ ထရ တာလဲ ကောင်း၊ သွားရ လာရ တာလဲ ကောင်း၊ ကွေးရ ဆန့်ရတာလဲ ကောင်း၊ ပြောဆို လုပ်ကိုင်နေရတာလဲ ကောင်း၊ အကုန်လုံး အကောင်းချည်းဘဲ ထင်နေခဲ့တယ်၊ ကိုယ့်ရုပ်နဲ့ ကိုယ်ဟာ အားကိုးစရာ ပျော်စရာ လို့ဘဲ ထင်နေခဲ့တယ်။ ယခု ဝိပဿနာရှုလို့ တရိပ်ရိပ်နဲ့ ပျက်နေတာကိုချည်း တွေ့ရတဲ့အခါကျတော့ ကိုယ့်ရုပ်ကိုယ်ကြီးမှာ ဘာမှ အားကိုးစရာ မမြင်ဘူး၊ ပျော်စရာမကောင်းတော့ဘူး၊ ခြောက်သွေ့ကြီး ငြီးငွေ့စရာကြီး ဖြစ်ပြီးတော့ ထင်နေပါတယ် တဲ့။

ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ ခံစားမှု ဝေဒနာ အပေါင်းလည်း ငြီးငွေ့လေတော့၏။

အယင်တုန်းကတော့ ကိုယ်ထဲက တွေ့ထိပြီး ကောင်းနေတဲ့ သုခဝေဒနာတွေ၊ စိတ်ထဲက ဝမ်းသာနေတဲ့ သောမနဿ ဝေဒနာတွေ၊ ဒီလို ဝေဒနာတွေကို သိပ်ပြီး နှစ်သက်သဘောကျခဲ့တယ်၊ အဲဒီလို ဝေဒနာတွေကိုဘဲ "ငါ ကောင်းစားနေတယ်၊ ငါ

ချမ်းသာနေတယ်''လို့ ထင်ပြီး သိပ် သဘောကျခဲ့တယ်။ ချစ်စရာ အာရုံကလေးတွေကို မြင်ရ ကြားရ တွေ့ရလို့ ဝမ်းသာနေရ တာကို ''အင်မတန် အရသာရှိတယ်''လို့ ထင်ခဲ့တယ်။ယခုတော့ အဲဒီ ဝေဒနာကလေးတွေလဲ သာယာစရာ မကောင်းတော့ပါ ဘူး တဲ့၊ အဲဒီ ဝေဒနာကလေးတွေဟာ ရှုလိုက် ပျောက်လိုက်နဲ့ ဘာမျှ နှစ်သက်ဖွယ်မရှိတဲ့ တရားတွေ ဖြစ်နေတယ်၊ ဘာမျှ အားမကိုးလောက်တဲ့ တရားတွေ, ဘာမှ ကြက်သရေမရှိတဲ့ တရားတွေ ဖြစ်နေတယ်။ ဒါကြောင့် ရှုယင်း မှတ်ယင်းဘဲ ဒီ ဝေဒနာကလေးတွေကိုလဲ ခြောက်သွေ့ကြီး ထင်ပြီး မပျော် မမွေ့ ငြီးငွေ့နေပါတယ် တဲ့။

သညာယဒိ နိဒ္ဒိန္ဒတိ၊ မှတ်သားမှု သညာအပေါ်၌လည်း ငြီးငွေ့လေတော့၏။

အယင်ဘုန်းကတော့ ဟိုဟာ မှတ်ထား ဒီဟာ မှတ်ထားနဲ့ မမွေ့ဘဲ မှတ်မိနေတာကလေးတွေက သာယာစရာဖြစ်နေတယ်၊ ''ငါ အမှတ်ကောင်းတယ်၊ မှတ်ဉာဏ် ကောင်းတယ်''လို့ ဒီလို ဂုဏ်တောင် ယူနေခဲ့သေးတယ်။ ယခုတော့ အဲဒီ မှတ်သားမှု ကလေးတွေကလဲ ရှုတိုင်း ရှုတိုင်း ပျက် ပျက် သွားတာချည်း တွေ့နေရလို့ သာယာစရာ မထင်တော့ဘူး၊ မှတ်ရ သားရနဲ့ အလုပ်များနေတာဟာ ပျင်းစရာ အလုပ်ပိုတွေအနေနဲ့သာ ထင်နေတယ်။ဒါကြောင့် မှတ်သားမှုသညာအပေါ်မှာလဲ ငြီးငွေ့ နေပါတယ် တဲ့။

သင်္ခါရေသုဒိ နိဒ္ဒိန္ဒတိ၊ ပြုပြင် အားထုတ်မှု သင်္ခါရတို့ အပေါ်၌လည်း ငြီးငွေ့လေတော့၏။

သခ်ၤါရ ဆိုတာ "ကေ့းမယ်၊ ဆန့်မယ်၊ ထိုင်မယ်၊ ထမယ်၊ ဘာလုပ်မယ်၊ ညာလုပ်မယ်" စသည်ဖြင့် ကြံစည် နေတာတွေပေါ့၊ အဲဒီ ကြံစည်အားထုတ်နေတာတွေဟာ သခ်ၤါရတွေဘဲ။ အမှုအရာဟူသမျှကို သူကဘဲ လုပ်နေတယ်၊ ကိုယ်အမှုအရာတွေ နှုတ်အမှုအရာတွေ စိတ်အမှုအရာတွေ အမျိုးမျိုးဟာ ဒီသခ်ၤါရတွေကြောင့် ဖြစ်နေတာဘဲ။ "ငါထိုင်တယ်, ငါထတယ်, ငါသွားတယ်, ငါက လုပ်တယ်" လို ဒီလို ထင်နေတာဟာ ဒီသခ်ၤါရတွေကို ထင်မှတ်စွဲလမ်းနေတာဘဲ။ အမှန်ကတော့ ငါ မဟုတ်ပါဘူး၊ ပြုလုပ်နေတာတွေဟာ သခ်ၤါရ ဆိုတဲ့ ပြုပြင်မှုတရားတွေချည်းပါဘဲ၊ တရားကိုယ်အားဖြင့်တော့ ဖဿစေတနာ မနသိကာရ အစရှိတဲ့တရားတွေ၊ လောဘ ဒေါသ မောဟ၊ အလောဘ အဒေါသ အမောဟ အစရှိတဲ့တရားတွေဟာ သခ်ၤါရတွေပါဘဲ၊ ဒီ တရားတွေ စုပေါင်းပြီး လုပ်နေတာကို "ငါ လုပ်တယ်" လို့ ထင်နေတာပါဘဲ။

အဲဒီ သခ်ၤါရတွေကိုလဲ အယင်တုန်းကတော့ ပျော်စရာတွေလို့ ထင်နေခဲ့တယ်၊ ကိုယ်ကြိုက်တာတွေကို ကြောင့်ကြဗျာပါရစိုက်ပြီး အားထုတ် လုပ်ကိုင်နေရတာကို ကောင်းတယ်လိုဘဲ ထင်နေတယ်၊ ပျော်စရာလို့ဘဲ ထင်နေတယ်၊ ဘာကိုဘဲ လုပ်ရ လုပ်ရ၊ အဲဒီအလုပ်ကို ကြံစည် အားထုတ်နေရတာဟာ "ကောင်းတယ်, ပျော်စရာဘဲ" လို့ ထင်နေခဲ့တယ်။ ယခုတော့ အားထုတ်တိုင်း အားထုတ်တိုင်း ဘာမျှ အနှစ်အသား မကျန်ဘဲ ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတဲ့အတွက် "ဘာမျှ မကောင်းဘူး၊ ခြောက်သွေ့သွေ့ကြီး ပျင်းရိငြီးငွေ့စရာကြီးဘဲ" လို့သာ ထင်နေပါတယ် တဲ့။

ဒီညာဏသို့မဟုတ် နိဗ္ဗိန္ဒတိ၊ စိတ်ဝိညာဏ်အပေါ်၌လည်း ငြီးငွေ့လေတော့၏။။

အယင်တုန်းကတော့ ဟိုဟာ ကြံရ, ဒီဟာ ကြံရ၊ ဟိုဟာ စဉ်းစားရ, ဒီဟာ စဉ်းစားရနဲ့ ဒီလို ကြံစည်..စဉ်းစားနေရတာဘဲ့ကို "အင်မတန် အရသာရှိတယ်"လို့ ထင်ခဲ့တယ်၊ "ပျော်စရာ ကောင်းတယ်" လို့ ထင်ခဲ့တယ်။ ကမ္မဋ္ဌာန်းကျောင်းရောက်ခါစ တချို့ ပုဂ္ဂိုလ်များ "စိတ်ကူး ကြံစည်မနေရဘူး၊ မပြတ် မှတ်နေရမယ်"လို့ ဆရာများက ပြောတော့ တယ်မကြိုက်ချင်ကြဘူး၊ "အဘိုးတန်တဲ့ အရသာရှိတဲ့ စိတ်ကူး ကြံစည်မှုတွေမှ ဆုံးရှုံးသွားတယ်"လို့ သူတို့က ထင်နေတယ်။ ပြီးတော့ ကြည့်ချင်တာတွေကို ကြည့်ပြီး မြင်ချင်တာတွေကို မြင်သိနေရတာတွေ၊ ကြားချင်တာတွေကို ကြားသိနေရတာတွေ၊ အဲဒီလို ဟာတွေလဲ "အင်မတန် အရသာရှိတယ်၊ ပျော်စရာကောင်းတယ်"လို့ ထင်ခဲ့တယ်။ ယခုတော့ မြင်တာ ကြားတာ စိတ်ကူး ကြံစည်တာ ကလေးတွေဟာ ဖြစ်ပြီးလျှင် ပြီးခြင်း ပျောက်ပျောက် သွားတာကိုချည်း တွေ့နေရတယ်၊ ဘာမျှလဲ အနှစ်အသား မကျန်ရစ်ဘူး၊ "မျက်လှည့်ပြသလို အိပ်မက် မက်သလိုဘဲ၊ ပြီးယင် ဘာမျှ မရှိတော့ဘူး" ဆိုတာကို ထင်ရှားသိရတဲ့အတွက် ခြောက်သွေ့ကြီးထင်ပြီး အဲဒီ စိတ်ကူးကြံသိမှုတွေ အပေါ်မှာလဲ ငြီးငွေ့နေပါတယ် တဲ့။ ဥပမာ.... နွေခေါင်ခေါင်ကြီးမှာ နေကလဲပူ၊ ခြောက်လဲ ခြောက်သွေ့နေတဲ့ကွင်းပြင်ကြီးကို လျှောက်ပြီး ကြည့်လိုက်ယင် မျက်စိထဲမှာ ခြောက်သွေ့သွေ့ကြီးဖြစ်ပြီး နေချင်စရာမကောင်းဘူး၊ ပျင်းစရာကြီးသာ ဖြစ်နေတယ်။ ယောဂီမှာလဲ အဲဒါလိုဘဲ စိတ်ကူး

ကြံသိမှုတွေနဲ့စပ်ပြီး ခြောက်သွေ့သွေ့ကြီး ပျင်းရိငြီးငွေ့စရာကြီး ထင်နေပါတယ် တဲ့။

ယခု ဖြေခဲ့တာကတော့ ခန္ဓဒေသနာတော်အရ ငြီးငွေ့ပုံဘဲ။ အာယတနဒေသနာတော်အရ ဆိုယင်တော့ ဒုါရ ၆-ပါးက သိရတာတွေ့ အပေါ်မှာ ခြောက်သွေ့သွေ့ကြီး ဖြစ်ပြီးတော့ ငြီးငွေ့နေပါတယ်။ အယင်ကတော့ မြင်ရတာ ကြားရတာတွေ့ ဟာ ပျော်စရာကောင်းခဲ့တယ်၊ ယခုတော့ မြင်တိုင်း ကြားတိုင်း ချက်ခြင်း ပျောက်ပျောက်သွားတာကိုချည်း တွေ့ရတဲ့အတွက် မြင်ရာမှာလဲ ပျော်စရာ မကောင်းတော့ဘူး၊ ကြားရာမှာလဲ ပျော်စရာမကောင်းတော့ဘူး၊ ဘယ်လို ထူးထူးဆန်းဆန်းတွေ့ ကိုမှ ကြည့်လို ကြားလိုတဲ့စိတ် မရှိဘူး၊ နံရာမှာလဲ ပျော်စရာ မကောင်းဘူး၊ စားရာမှာဆိုယင် "အရသာကောင်းကလေးတွေ့ ကို စားရတာဟာ အင်မတန် ကောင်းတယ် အရသာရှိတယ်" လို့ ထင်ခဲ့တယ်။ ယခု ဒီဉာဏ်ရောက်လာတဲ့အခါကျတော့ အဲဒီလို အစာကောင်းတွေ့ကို စားရပေမယ့် "ဘာမှ အရသာမရှိဘူး၊ ဘာမှ မကောင်းဘူး" လို့သာ ထင်ရတယ်။ "ရှုမှတ်ပြီး စားနေရတာ ဘာမှ အရသာမရှိဘူး၊ မမှတ်ဘဲနဲ့ လွတ်လွတ်လပ်လပ် စားလိုက်ရယင် သိပ်ကောင်းမှာဘဲ" လို့ ဒီလိုလဲ ထင်တတ်တယ်၊ အဲဒါ ဟုတ်ပေတယ်၊ မရှုမမှတ်ဘဲ အလွတ်စားနေတဲ့ လူတွေ့မှာ လျှာပေါ် ထင်ပေါ်ဆဲအရသာကို သိတဲ့ စားသိဝိထိ ဖြစ်ပြီးတဲ့ နောက် အဲဒီအရသာကို ပြန်လည်စဉ်းစားတဲ့ မနောဒွါရဝီထိလဲ ဖြစ်တယ်၊ "ချိုတယ် ချဉ်တယ် ကောင်းတယ်" စသည်ဖြင့် စဉ်းစားပြီး အရသာခံတဲ့ ဝီထိတွေ့လဲ ဆက်ပြီး ဖြစ်တယ်၊ အရသာ၏ အမည်ပညတ်တွေ့ကို ဆင်ခြင်တဲ့ ဝီထိတွေ့လဲ ဖြစ်

တယ်၊ ဒါကြောင့် စားရတာဟာ မြိန်ရှက်ပြီး အရသာ ပေါ်နေတယ်။ အဲဒီ ဝိဆိစိတ်စဉ် ဆောင်ပုဒ်ကတော့-

ထင်ဆဲ ရသ သိရ စစ္စာ၊ (စားသိဝိထိ)
သိပြီးတရား စဉ်းစားပြန်ရာ၊ (ဆင်ခြင်ဝိထိ)
သဏ္ဌာန်ဒြပ် ပညတ် ပေါ်ကာ၊ (ဒြပ်ဝိထိ)
မည်နာမ သိရ နောက်ဆုံးမှာ တဲ့။ (အမည်ဝိထိ)

ရှုမှတ်ပြီး စားနေတဲ့ ယောဂီမှာ တော့ ဒီ ဉာဏ်စခန်း ရောက်လာတဲ့အခါမှာ ပဌမ စားသိဝိထိ ဆုံးသွားတဲ့နောက် ရှုမှတ်တဲ့ဝိထိက ဖြစ်ပေါ်လာပြီးတော့၊ စားသိရတဲ့အရသာ ရော စားသိတဲ့စိတ်ရော ပျောက်သွားတာကို သိသွားတယ်၊ ဒါကြောင့် ဆင်ခြင်စဉ်းစားပြီး အရသာခံတဲ့ ဝိထိစိတ်တွေက ဖြစ်ခွင့်မရတော့ဘူး။ ဒီလို အရသာခံဘဲ့ ဝိထိစိတ်တွေ ဖြစ်ခွင့် မရတဲ့အတွက် အရသာမပေါ်ဘဲ့ မမြိန်ရှက်ဘဲ့ ဖြစ်နေတာ တဲ့။ ဒါကြောင့် ယောဂီမှာ မလဲ့သာလို့သာ စားနေရတယ်၊ သာယာ စရာကတော့ ဘာမျှ မပေါ်ဘဲ့ ဖြစ်နေတယ်။ အဲဒါဟာ ငြီးငွေ့ဘွယ် ထင်နေတာပါဘဲ့၊ တချို့များ စားယင်း စားယင်း ဒုက္ခတွေ့ ထင်လာလို့ အလိုလို မစားချင်တဲ့စိတ် ဖြစ်လာတာနဲ့ စားနေကျအတိုင်း အပြည့်အစုံ မစားတော့ဘဲ့ အပြီးသတ် လိုက်တာတွေတောင် ရှိပါသေးတယ်။

ပြီးတော့ တွေ့ထိရာမှာလဲ ပျော်စရာ မကောင်းတော့ဘူး၊ စိတ်ကူး ကြံစည်ရာမှာလဲ ခုနက ပြောခဲ့တဲ့အတိုင်း ပျော်စရာ မကောင်းတော့ဘူး၊ အားလုံး ဒုါရ ၆-ပါးက ပေါ်လာသမျှ တွေဟာ ပျင်းစရာ ငြီးငွေ့စရာတွေချည်း ဖြစ်ပြီးထင်နေတယ်။

ယခု ပြောခဲ့တာတွေဟာ နိဗ္ဗိန္ဒြာဏ်မှာ ဖြစ်တတ်တဲ့ သဘောတွေပါဘဲ။ ဒီ ငြိုးငွေ့ပုံတွေက အချို့ပုဂ္ဂိုလ်မှာ လွန်လွန် ကဲကဲတော် တော် များး များး ဖြစ် နေ တတ် တယ်၊ အချို့မှာတော့ အတော်အသင့်လောက်ပဲ ဖြစ်တတ်ပါတယ်။

အဲဒီလို ငြိုးငွေ့နေရောက လွတ်မြောက်ချင်တဲ့ စိတ်တွေလဲ ပေါ်လာတတ်တယ်၊ ငြိုးငွေ့မှတော့ လွတ်ချင်တော့တာပေါ့။ "ခဏမစဲ ဖြစ်ပျက်နေတာတွေချည်းဘဲ၊ ဘာမှ မကောင်းဘူး၊ ဒါတွေ အကုန်လုံး ချုပ်ငြိမ်းသွားမှ ကောင်းမယ်"လို့ ဒီလိုလဲ သဘောကျလာတတ်တယ်၊ အဲဒါဟာ **မုဒ္ဓိတုကမျတာဉာဏ်** ပါဘဲ။ အဲဒီမှာ "အကုန်လုံး ချုပ်ငြိမ်းတယ်" ဆိုတာဟာ နိဗ္ဗာန်တရားဘဲ၊ ဒါကြောင့် အဲဒီလို သဘောကျပြီး လွတ်မြောက်ချင်တာဟာ နိဗ္ဗာန် အစစ်ကို တကယ် ရောက်ချင်တဲ့ သဘောပါဘဲ။ နိဗ္ဗာန်ကို ရောက်ချင်တော့ ဘယ်လို လုပ်ရပြန်သလဲဆိုယင်၊ ရောက်အောင်လို့ အထူးအားထုတ်ပြီး တဖန် ရှုရပြန်တာပါဘဲ။ အဲဒါကို **ပဋိသန်ဓိဉာဏ်** ခေါ်တယ်။ အဲဒီလို အထူးအားထုတ်ပြီး ရှုကဲ့အခါမှာ အနိစ္စ ဒုက္ခ အနတ္တ သဘောတွေက ပိုပြီး ထင်ရှားလာတယ်။ အထူးအားဖြင့် ဒုက္ခသဘောတွေက ပိုပြီး ထင်ရှားတတ်တယ်။

ဒီ ပဋိသန်ဓိဉာဏ်ကို လွန်သွားယင်တော့ **သန်ဓိရူပေကွာဉာဏ်**ကို ရောက်သွားတယ်၊ ဒီဉာဏ်ရောက်တော့ ယောဂီမှာ အင်မတန် သက်သာပါတယ်၊ အထူး ကြောင့်ကြ မစိုက်ရဘဲနဲ့ အမှတ်အသိ ကလေးတွေက သိမ်သိမ်မွေ့မွေ့ ဖြစ်ပြီး အထူး ကောင်းနေတယ်။ ကောင်းနေပုံကတော့-ထိုင်ပြီး မှတ်နေတယ် ဆိုယင် အစပိုင်း နည်းနည်းလောက်ပဲ ကြောင့်ကြ စိုက်ပေးလိုက်

ရတယ်၊အဲဒီက နောက်တော့ သူ့အရှိန်နဲ့ သူ သိသိပြီး သွားနေတယ်၊ နာရီစက်ကလေးများ သေ့ပေးထားလိုက်တော့ သူ့ဟာ သူ သွားနေတာလိုပါဘဲ။တနာရီလောက် အတွင်းမှာတော့ အနေအထိုင်လဲ မပြင်ရဘူး၊ အမှတ်လဲ ပျက်မသွားဘူး၊ ကောင်းမြဲ ကောင်းနေတယ်။

ဒီဉာဏ်မရောက်ခင် ရှေးရှေးဉာဏ်တွေတုန်းကတော့ ကောင်းနေရာထဲကပေမယ့် အနှောင့်အယှက်တမျိုးမျိုးကြောင့် တယ်မကြာခင် အခြေ ပျက်ပျက် သွားတတ်တယ်၊ အသံကြားရာဆီ စိတ်က ရောက်ပြီးတော့လဲ အခြေ ပျက်သွားတတ်တယ်၊ သက် သက် စိတ်ကူးတွေ အပြင် ထွက်ပြီးတော့လဲ အခြေ ပျက်သွားတတ်တယ်၊ ညောင်းတာ ပူတာ နာတာ ယားတာ ချောင်းဆိုးတာ ဒီလို ဒုက္ခဝေဒနာတွေ ပေါ်လာလို့လဲ အခြေ ပျက်သွားတတ်တယ်၊ အဲဒီလို အခြေ ပျက်ပျက်သွားလို့ ပြန်ပြန်ပြီး အခြေတည် မှတ်ရတာတွေကဘဲ များခဲ့ပါတယ်။ ယခု ဒီဉာဏ်ကျတော့ သိပ်နေရာကျတာဘဲ၊ အဲဒီလို အပျက်တွေ မရှိတော့ဘူး၊ အသံကြားယင်လဲ အဲဒီ အသံကို ဂရုမစိုက်ဘူး၊မှတ်ရုံကလေးဘဲ မှတ်သွားတယ်၊ ပြီးတော့လဲ ပေါ်ရာပေါ်ရာကို အခြေမပျက် မှတ်မြဲမှတ်သွားပြန်တာဘဲ။ ပြီးတော့ အပြင်ထွက်တဲ့ အလွတ်စိတ်ကူးဆိုတာလဲ လုံးလုံး မရှိဘူး၊ကောင်းတဲ့ အာရုံတွေကို တွေ့ရလို့လဲ နှစ်သက်ခြင်း ဝမ်းမြောက် ဝမ်းသာခြင်း မရှိဘူး၊ မကောင်းတဲ့ အာရုံတွေကိုတွေ့ရလို့လဲ စိတ်ပျက်ခြင်း နှလုံးမသာခြင်း ကြောက်ခြင်း မရှိဘူး၊ ညောင်းတာ ပူတာနာတာ ဒီလို ဒုက္ခဝေဒနာတွေကတော့ ပေါ်လာတယ်လို့ မရှိပါဘူး၊ ပေါ်လာပြန်ယင်လဲ မနေသာအောင် မဆိုးဘူး၊ မှတ်လို့ နိုင်ပါတယ်။ ယားနာတို့

ချောင်းဆိုးတို့ ဒီလို ရောဂါ ဝေဒနာတွေကတော့ မူလက ရှိနေ တောင်မှ ဒီသင်္ခါရုပေကွာ အမှတ် ကောင်းနေတဲ့ အခါမှာ ပျောက်နေတယ်၊ တချို့မှာ တော်တော်ကြီးကျယ်တဲ့ ရောဂါ တွေတောင်၊ ဒီဉာဏ်ရောက်တော့ ပျောက်သွားတတ်ပါသေး တယ်၊ လုံးလုံး မပျောက်တောင် အဲဒီလို အမှတ်ကောင်းနေခိုက် မှာတော့ သက်သာခွင့် ရနေပါတယ်။ ဒါကြောင့် အမှတ်ကလေး တွေက တနာရီလောက်တော့ အခြေမပျက်ဘဲ သူ့အရှိန်နဲ့ သူ သိ သိပြီး သွားနေပါတယ်၊တချို့ ပုဂ္ဂိုလ်မှာ နှစ်နာရီ သုံးနာရီလဲ တသမတ်တည်း အရှိန်မပျက် သွားနေတတ်ပါတယ်။ ဒဲဒီလို နှစ်နာရီ သုံးနာရီ ကြာတော့လဲ ကိုယ်မှာ ပင်ပန်းခြင်းလဲ မရှိဘူး၊ အချိန်ဟာလဲ ကုန်မှန်း မသိ ကုန်သွားတတ်တယ်။ "တယ်မကြာ သေးဘူး" လို့ တောင် ထင်တတ်ပါသေးတယ်။

ယခုလို နေ့ဥတု ပူအိုက်တဲ့အခါ ဆိုယင် ဒီဉာဏ်နဲ့ ဒီအမှတ် ရောက်နေယင် ဘိပ်ကောင်းတာပေါ့၊သူများတွေက "ပူတယ် အိုက်တယ်"လို့ ညည်းညူနေကြပေမယ့်၊ ဒီဉာဏ်နဲ့ ဒီလို အမှတ် ကောင်းနေတဲ့ ပုဂ္ဂိုလ်မှာတော့ ပူမှန်း အိုက်မှန်း မသိရဘဲ ရှိနေ တတ်တယ်၊ တနေ့လုံး အချိန်ဟာလဲ မကြာခင် ကုန်သွားသလို ထင်ရတတ်တယ်။ ဒီဉာဏ်က အင်မတန်ကောင်းတဲ့ ဝိပဿနာ ဉာဏ်ပါဘဲ။ ဒါပေမယ့် ဒီဉာဏ် အဆင့်မှာလဲ ကြောင့်ကြမှု တောင့်တမှု လွန်နေတာ၊ နှစ်သက်သာယာနေတာ အစရှိတဲ့ အန္တရာယ် ကလေးတွေကတော့ ရှိသေးတာပါဘဲ၊ အဲဒါကလေး တွေကို မပယ်နိုင်ယင် ရွှေကို မတိုးတက်နိုင်ဘဲ ရှိနေတတ်ပါ တယ်။ အဲဒါကလေးတွေကို ပယ်ရှားပြီး ရှုမှတ်သွားယင်တော့ အရိယမဂ်ဉာဏ် ရောက်သွားဘို့ဘဲ ရှိပါတော့တယ်။ဒါကြောင့်-

စဲ့မှကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည်လို့-

ဆောင်ပုဒ်က ဆိုထားတာ။ နာမရူပ ပရိစ္ဆေဒဉာဏ်က စပြီး သန်းရှေပက္ခာဉာဏ်အထိ ယခုပြောလာခဲ့တာတွေဟာ စဲ့လမ်းမှကင်းပျောက်ပြီး အဲဒီ မဂ်လမ်း ပေါက်ပုံတွေပါဘဲ။ ဘယ်လိုလဲဆိုတော့-

"ဖေါင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ မြင်တယ်၊ ကြားတယ်၊ ကွေးတယ်၊ ဆန့်တယ်" စသည်ဖြင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရှုမှတ်မိအောင် ကြောင့်ကြ စိုက်ပေးနေတဲ့ အားထုတ်မှု ဆိုတာပါတယ်၊ အဲဒါဟာ မဂ္ဂင်ရှစ်ပါးထဲမှာ **သမ္မာဝါယာမ** ခေါ်တဲ့ မဂ္ဂင်တရားဘဲ။ပြီးတော့ အမှတ်ရတဲ့ သတိလဲ ပါတယ်၊ အဲဒါက **သမ္မာသတိ** မဂ္ဂင်ဘဲ။ ပြီးတော့ ရှုမှတ်မိတဲ့ အာရုံထဲ ဝင်ဝင်သွားသလို အာရုံမှာ ကပ်ကပ်ပြီး တည်တည် နေတဲ့ သမာဓိလဲ ပါတယ်၊ အဲဒါက **သမ္မာသမာဓိ** မဂ္ဂင်ဘဲ။ အဲဒီ သုံးပါးကို **သမာဓိမဂ္ဂင်** သုံးပါး လို့ခေါ်တယ်။ ပြီးတော့ အဲဒီ သမာဓိနဲ့ ကပ်ကပ်ပြီး စူးစိုက်မိရာ အာရုံကို "တောင့်တင်း လှုပ်ရှားတဲ့ သဘောမျှဘဲ၊ မြင်သိတဲ့ သဘောမျှဘဲ၊ ဖြစ်ပြီး ပျက်သွားတဲ့ သဘောမျှဘဲ၊မမြဲတဲ့သဘောဘဲ" စသည်ဖြင့် ကြံစည်မိတဲ့ဝိတက်ဆိုတာလဲ ပါတယ်၊ အဲဒါက **သမ္မာသင်္ကပ္ပ** မဂ္ဂင်ဘဲ။ ဒီနေရာမှာ "ကြံစည်မိတယ်" ဆိုပေမယ့်လို့ တစိမ့်စိမ့်နဲ့ အကြာကြီး တွေးတော နေရတာတော့ မဟုတ်ပါဘူး၊ ရှုမှတ်လိုက်သည်နှင့် တပြိုင်နက် အဲဒီ ရှုမှတ်မိတဲ့ အာရုံပေါ် လှုမ်းတက် သွားသလိုစိတ်ဦးကလေး တက်တက်သွားတဲ့ သဘောပါဘဲ၊ သူ့ကို အကြောင်း ပြုပြီးတော့ သူနဲ့ယှဉ်ဘက် နာမ်တရားတွေ

ကလဲ့အဲဒီ အာရုံကို တက်ရောက်ပြီး အာရုံပြုရတဲ့အတွက် သူ့ကို "အဘိနိဇရာပနလက္ခဏာ-ယှဉ်ဘက် တရားတွေကို အာရုံပေါ်တင်ပေးခြင်း သဘောရှိတယ်"လို့ အဋ္ဌကထာမှာ မိန့်ဆိုထားပါတယ်။ ပြီးတော့ ဒဲ့အဲဒီ တက်ရောက်မိတဲ့ အာရုံကို တောင့်တင်းလှုပ်ရှားတဲ့ သဘောမျှဘဲ၊ အာရုံကို မသိတတ်တဲ့ သဘောမျှဘဲ၊ မြင်သိတဲ့သဘောမျှဘဲ၊ အာရုံကို သိတတ်တဲ့ သဘောမျှဘဲ၊ ဖြစ်ပြီး ပျက်သွားတဲ့ သဘောမျှဘဲ၊ မမြဲတဲ့ သဘောဘဲ" စသည်ဖြင့် အမှန်အတိုင်း သိမြင်သဘောကျသွားတဲ့ အသိဉာဏ်လဲ ပါတယ်၊ အဲဒါက သမ္မာဒိဋ္ဌိ မဂ္ဂင်ဘဲ။ ဒီ သမ္မာသင်္ကပ္ပနှင့် သမ္မာဒိဋ္ဌိကို ပညာမဂ္ဂင် လို့ ခေါ်တယ်။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင် သုံးပါးကတော့ ဝိပဿနာမရှုမီ ရှေးအဘို့သီလဆောက်တည်ကတည်းက ပြည့်စုံခဲ့တယ်။ တနည်းအားဖြင့် ရှုမိတဲ့ အာရုံနှင့် စပ်ပြီး မ်စ္ဆာဝါစာလဲ့ မဖြစ်နိုင်ဘူး၊ မိစ္ဆာကမ္မန္တလဲ့ မဖြစ်နိုင်ဘူး၊ မိစ္ဆာအာဇီဝလဲ့ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ရှုတိုင်း ရှုတိုင်း သီလမဂ္ဂင် ကိစ္စတွေ့လဲ့ ပြီးနေပါတယ်။

ယခု ပြောခဲ့တဲ့အတိုင်း မဂ္ဂင် ရှစ်ပါး တရားတွေဟာ ရှုမှတ်တဲ့ စိတ်တိုင်းမှာ ပါဝင်နေတယ်၊ အဲဒီ မဂ္ဂင်တရားတွေဟာ စွဲမှုကင်းပျောက်ပြီး ပေါ်ပေါက်လာတဲ့ ဝိပဿနာမဂ်လမ်း ပါဘဲ။ ဒီဝိပဿနာ မဂ်လမ်းက ခုနက ပြောခဲ့တဲ့အတိုင်း သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် အစဉ်အတိုင်း တည်ဖေါက်လာရတယ်။ဒီလို တည်ဖေါက်လာလို့ သင်္ခါရုပေက္ခာဉာဏ်က ရင့်ကျက်လာတဲ့အခါမှာ သူ့ဖြစ်ရိုး ဖြစ်စဉ်အတိုင်း အရိယမဂ်ကို ဆိုက်ရောက်သွားတော့ တာပါဘဲ။ ဆိုက်ရောက်သွားပုံကတော့-ဒီ သင်္ခါရုပေက္ခာဉာဏ်က ရင့်ကျက်ပြီး အားပြည့်လာတဲ့အခါမှာ

အမှတ်အသိတွေက ထူးခြားပြီး လျင်မြန်လာတယ်၊ အဲဒီလို လျင်လျင် မြန်မြန် သိယင်း သိယင်းနဲ့ အငြိမ်းဓာတ် နိဗ္ဗာန်ထဲကို ဖြုတ်ကနဲ ကျရောက်သွားတယ်။ ဒီလို ကျရောက်သွားပုံကလဲ အဆန်းသားဘဲ၊ မရောက်ခင် စောစောက ကြိုတင်ပြီး သိထားတာလဲ မဟုတ်ဘူး၊ ရောက်နေတုန်းလဲ ဆင်ခြင်နိုင်တာမဟုတ်ဘူး၊ ရောက်ပြီးမှ ပြန်ဆင်ခြင်နိုင်တယ်၊ ထူးထူးခြားခြား တွေ့ရတော့ ပြန်ဆင်ခြင်မိတာပေါ့၊ အဲဒါကို **ပစ္ဆဝေက္ခဏာဉာဏ်**လို့ ခေါ်တယ်။အဲဒီလို ပြန်ဆင်ခြင်တဲ့ အခါကျမှ အမှတ်အသိကလေးတွေ မြန်လာရာက ငြိမ်းရာကို ရောက်သွားပုံရော ငြိမ်းနေပုံရော အဲဒါတွေကို ထင်ရှားတွေ့ရတယ်။ ဒီအထဲမှာ ငြိမ်းနေပုံက နိဗ္ဗာန်ဘဲ၊ ငြိမ်းရာ ရောက်သွားတာက အရိယမဂ်ပဲ။ အဲဒါတွေဟာ မဂ်လမ်းပေါက်ပြီး နိဗ္ဗာန်ဆိုက်ရောက်သွားပုံတွေပါဘဲ။ ဒါကြောင့်-

စဲ့မှု ကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည်လို့-

ဆောင်ပုဒ်က ဆိုထားတယ်။ အဲဒါကို ဆိုကြရမယ်။

စဲ့မှု ကင်းပျောက်၊ မဂ်လမ်း ပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည်။ (ဆို)

ဒီတော့ နိဗ္ဗာန် ရောက်ချင်ယင် အရေးတကြီး လိုတာက ဘာလဲ ဆိုယင်၊ စဲ့လမ်းမှု ကင်းပျောက်အောင် အားထုတ်ဘို့ပါဘဲ။ပကတိလူတွေမှာ နေရာတကာက စဲ့လမ်းမှုတွေ ရှိနေတယ်၊ မြင်ရာကလဲ စဲ့လမ်းနေတယ်၊ ကြားရာ တွေ့ရာ သိရာတွေကလဲ စဲ့လမ်းနေတယ်၊ မြဲတယ်လို့လဲ စဲ့လမ်းနေတယ်၊ ချမ်းသာတယ် ကောင်းတယ်လို့လဲ စဲ့လမ်းနေတယ်၊ အသက်ကောင် ငါကောင် သတ္တဝါကောင်ဘဲလို့လဲ စဲ့လမ်းနေတယ်၊ အဲဒီ အစဲ့ အလမ်းတွေ

လုံးလုံး ကင်းသွားအောင် အားထုတ်ဘို့ပါဘဲ။ အဲဒီလို အားထုတ်တယ် ဆိုတာလဲ ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်နေရတာပါဘဲ၊ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မပြတ် ရှုမှတ်နေရတာပါဘဲ၊ အဲဒီလို ရှုမှတ်နေယင် စဲလမ်းမှုတွေ အကုန်လုံး ကင်းပျောက်သွားမယ်၊ အဲဒီလို စဲလမ်းမှုကင်းတော့ အရိယမဂ် ဖြစ်ပေါ်ပြီး နိဗ္ဗာန် ရောက်သွားမယ်။ ဒါဟာ ဖြစ်ရိုး ဖြစ်စဉ်ပါဘဲ။ ဒါကြောင့်-

> ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ စဲမှု ကင်းပျောက်သည်။
> စဲမှု ကင်းပျောက်၊ မဂ်လမ်း ပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည် လို့-

ဆောင်ပုဒ်က ဆိုထားတယ်၊ ယခု ဟောခဲ့တဲ့ ဆောင်ပုဒ်တွေဟာ အရင်းခံကတော့ ၉-ပုဒ်ပဲ ရှိပါတယ်။

(၁) ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာ ရှုရှု ဖြစ်သနည်း။
(၂) စဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာ ရှုရှု ဖြစ်သတည်း။
(၃) ဘယ်အကျိုးငှါ၊ ထိုခန္ဓာ၊ ဘယ်ခါ ရှုရပါသနည်း။
(၄) မစဲဘို့ရာ၊ ဖြစ်ဆဲမှာ၊ မှန်စွာရှုရပါသတည်း။
(၅) ဖြစ်ခိုက် မရှု၊ ရုပ်နာမ်စု၊ စဲမှု ဝင်ရောက်သည်။
(၆) မြဲတယ် ကောင်းတယ်၊ ငါကောင်နှယ်၊ တကယ် ထင်တတ်သည်။
(၇) ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ စဲမှု ကင်းပျောက်သည်။
(၈) မမြဲ ဆင်းရဲ၊ သဘောဘဲ၊ ဉာဏ်ထဲ ရှင်းတော့သည်။
(၉) စဲမှု ကင်းပျောက်၊ မဂ်လမ်း ပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည် တဲ့။

ဒီ ဆောင်ပုဒ် ၉-ပုဒ်ဟာ ဝိပဿနာအခြေခံတရား မှာ မူရင်းတွေပါဘဲ။ ဒီ မူရင်း ညွှန်ကြားချက်တွေဟာ ဝိပဿနာ ၏ **မူသေစည်းတွေ** ဘဲ၊ ဝိပဿနာ ဆိုယင် ဒီ မူသေ စည်းနှင့် ညီညွတ်ရမယ်၊ ဒီ မူသေစည်းနှင့် မညီယင် ဝိပဿနာအစစ် မဖြစ် နိုင်ဘူး။ ဒါကြောင့် ဒီ ညွှန်ကြားချက်တွေကို "**ဝိပဿနာ ရှုနည်းမူသေစည်း**"လို့ အမည် ပေးထားတယ်။ အဲဒါကို မှတ် သား သိမ်းဆည်းထားရမယ်လို့ နိဂုံးချုပ် အနေနဲ့ နောက်ဆုံး ဆောင်ပုဒ် တခုလဲ ပေးထားပါတယ်။

(၁၀) ဝိပဿနာရှုနည်း၊ မူသေစည်း၊ သိမ်းဆည်းထားရ မည် တဲ့။

ဒါကတော့ အမှာစကားကလေးပါဘဲ။ ကဲ အဲဒီမှာတမ်းက လေး ဆိုကြရမယ်။

ဝိပဿနာရှုနည်း၊ မူသေစည်း၊ သိမ်းစည်းထားရမည်။ (ဆို)။

ဝိပဿနာ အခြေခံတရားကတော့ စုံသွားပါပြီ။အားပေး စကားလောက်ပဲ လို့ပါတော့တယ်။

တရားက တယ်ရလွယ်တယ်

မြတ်စွာဘုရား တရားဟောတော်မူတဲ့အခါ တရားနာပရိတ် သတ်တွေဟာ တရားနာယင်းဘဲ နှလုံးသွင်းရုံမှတ်ပြီး တရား ထူးတွေကို ရရပြီးသွားကြတယ်၊ အဲဒီလို တရားရသွားတာ တွေဟာ တရားတပုံတပုံမှာကို အင်မတန်များပါတယ်။ဂါထာ ကလေး တပုဒ်လောက် ဟောတဲ့အခါမှာလဲ ဂါထာအဆုံးမှာ

တရားထူးရသွားတဲ့ဦးရေဟာ မနည်းဘူး၊ အဲဒါကို အဋ္ဌက ထာက-

> ဒေသနာ ပရိယောသာနေ၊ဒေသနာတော်၏ အဆုံး၌။ စတုရာသီဘိယာ ပါဏသဟဿာနံ၊ ရှစ်သောင်းလေး ထောင်သော သတ္တဝါတို့အား။ ဓမ္မာဘိသမယော၊တရားထူးကို ရခြင်းသိခြင်းသည်။ အဟောသိ၊ ဖြစ်လေပြီလို့-

ဒီလို ဖေါ်ပြထားတတ်ပါတယ်။ အဲဒါကို တွေ့ရတော့ တချို့က ပြောကြတယ်.... "တရားထူးက တယ်ရလွယ်ပါကလား။ ဒီအတိုင်းဆိုရင် တယ်လွယ်တာဘဲ၊ ယခုတော့ အင်မတန် အားထုတ်နေတာတောင် မရှုနိုင်ဘူး၊ ဘာကြောင့် ဒါလောက် ကွာခြားနေရသလဲ" စသည်ဖြင့် သံသယမကင်းတဲ့အနေနဲ့ ပြောတတ်ကြတယ်။

ဒီနေရာမှာ သတိပြုစရာကတော့၊အဲဒီလို ပြတဲ့အဋ္ဌကထာဟာ ဝတ္ထုကြောင်းလောက်သာ ပဓာနပြုပြီး ပြနေတဲ့အရာဌာန ဖြစ်နေတယ်ဆိုတာရယ်၊ဝတ္ထုကြောင်းသက်သက် ပြနေရာမှာ တရားထူး ရသူတွေ၏ အခြေခံ အကြောင်းရင်းတွေ ဖေါ်ပြရန် မဖြစ်နိုင်ဘူး ဆိုတာရယ်၊ ဟောတဲ့ဘုရားရော နာတဲ့သူတွေရော ပုဂ္ဂိုလ်ထူးတွေဖြစ်ကြတယ် ဆိုတာရယ်- အဲဒါတွေကို သတိပြုဘို့လိုပါတယ်။

ဓမ္မပဒအဋ္ဌကထာလို ဝတ္ထုကြောင်းလောက်ကိုသာ ပဓာနပြုပြီးတော့ ပြဆိုနေတဲ့အခင်းမှာ တရားအားထုတ်ပုံတွေကို ထည့်သွင်းပြဆိုနေယင် ကျယ်လဲ အလွန်ကျယ်သွားမယ်၊ ကြည့်ရှု

သူတို့မှာလဲ တာဝန်လေးသွားမယ်။ ဒါကြောင့် အဲဒီ ဂါထာ စသည်မှ ထုတ်နှုတ်ပြီး တရားနာသူတို့ နှလုံးသွင်းပုံကို မပြတော့ဘဲ ထိုဒေသနာနှင့် သင့်လျော်တဲ့ ပုဂ္ဂိုလ်တွေမှာ အကျိုးရသွားပုံကိုသာ ပြသွားတယ်လို့လဲ မှတ်သင့်ပါတယ်။ အမှန်ကတော့ အဲဒီလို တရားနာယင်း တရားထူး ရသွားကြတဲ့ပုဂ္ဂိုလ်တွေဟာ တချို့က ရှေးဘဝတွေက ပါရမီထူးပါလာတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်၊ အဲဒီလိုပုဂ္ဂိုလ်တွေဟာ လူချည်းသက်သက်လဲ မဟုတ်ဘူး၊နတ်တွေ ဗြဟ္မာတွေလဲ ပါတယ်။ တချို့ကတော့ ယခုဘဝတင် ရှေးအဖို့ကတည်းက တရားနာဘူးပြီး တရားအားထုတ်နေကြတဲ့သူတွေ ဖြစ်တယ်။ အဲဒါဟာ ရက်ကန်းသည် မကလေးဝတ္ထုကို ထောက်ဆပြီး သိနိုင်ပါတယ်။

ရက်ကန်းသည်မ ဝတ္ထု

တချိန်တုန်းက မြတ်စွာဘုရားသခင်ဟာ ယခု "အလာဟဗတ်" ခေါ်တဲ့ အာဋဋိယဝိပြည်ကို ကွရောက်တော်မူပြီး မရဏာသတိကမ္မဋ္ဌာန်းတရား ဟောကြားတော်မူပါသတဲ့။ ဟောကြားပုံကတော့....

အဒ္ဓုံ မေ ဇီဝိတံ-ငါ၏ အသက်သည် မခိုင်မြဲပါတကား။

ဓုဝံ မေ မရဏံ-ငါ၏ သေခြင်းကား ခိုင်မြဲလှချေ၏။

အဝဿံ မယာ မရိတဗ္ဗမေဝ-ငါသည် မချွတ်သေရမှာပါတကား။

မရဏပရိယောသာနံ မေ ဇီဝိတံ-ငါ၏ အသက်သည် သေခြင်းလျင် အဆုံးရှိချေသည်။

ဇီဝိတမေဝ အနိယတံ-အသက်သာလျှင် မည်၍မည်မျှ ရှည်မည်ဟု ကိန်းမသေဘဲရှိခဖြသည်။
မရဏံ နိယတံ-သေရခြင်းမှာမူ ကိန်းသေပါတကား-ဟူ၍....

မရဏာသတိကို ပွါးများကြရန် ဟောကြားတော်မူခဲ့ပြီးလျှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူခဲ့ပါသတဲ့။ထိုစဉ်အခါက အာဋဌိပြည်တရားနာပရိသတ်ထဲမှာ ၁၆-နှစ် အယ့ယ် ရက်ကန်းသည်သမီး ကလေးမတယောက် ပါရှိပါသတဲ့။ အဲဒီသူငယ်မကလေးဟာ ထိုကာလမှစ၍ မရဏာသတိကမ္မဋ္ဌာန်းကို ၃-နှစ်ပတ်လုံး ပွါးများ အားထုတ်နေပါတယ် တဲ့။ ၃-နှစ်ကြာတဲ့အခါကျတော့ မြတ်စွာဘုရားက အာဋဌိပြည်ကို တခါကြွလာတော်မူပြန်တယ်။

ဒဲ့ဒီအခါမှာ မရဏာသတိကို ပွါးများနေတဲ့ အဲဒီ အမျိုးသမီးကလေးကလဲ "ငါ့ဘခင် ရက္ကန်းအလုပ်ဌာနကို ရက်ဖေါက်သွားပို့မယ်၊အပြန်မှ မြတ်စွာဘုရားထံ သွားရောက်ပြီး တရားနာမယ်"လို့ ဒီလို ရည်ရွယ်ပြီး အိမ်က ထွက်လာခဲ့တယ်၊ မြတ်စွာဘုရားထံမှာ တရားနာကြဘို့ အသင့်စုဝေးနေတဲ့ ပရိသတ်အစုန်က သူ့ဘခင်ထံ ဖြတ်သွားတဲ့အခါမှာ မြတ်စွာဘုရားဆီကို အဝေးက မျှော်ပြီး ကြည့်မိတယ်၊ မြတ်စွာဘုရားကလဲ တရားကို ရှေးဦးစွာ လာရောက်ပြီး နာစေလိုတဲ့အတွက် မျှော်ပြီး ကြည့်တော်မူလိုက်တယ်၊ အဲဒါလို မြင်ရတော့ "မြတ်စွာဘုရားက လာစေလိုတယ်" ဆိုတာကို ရိပ်မိတာနဲ့ တရားနာပရိသတ်ထဲ ဝင်သွားတယ်၊ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီး သင့်လျော်တဲ့အရပ်မှာ တည်နေပါတယ် တဲ့။

ဒီအခါမှာ မြတ်စွာဘုရားက "ကလေးမကလေး သင် ဘယ်က လာသလဲ"လို့ မေးတော်မူပါတယ်၊ မသိပါ ဘုရားလို့ ဖြေပါတယ်။ ဘယ် သွားမလဲ လို့လဲ မေးတော်မူပါတယ်၊ မသိပါ ဘုရားလို့ဘဲ ဖြေပါတယ်။ မသိဘူးလား လို့ မေးတော်မူပြန်ပါတယ်၊ သိပါတယ် ဘုရားလို့ ဖြေပါတယ်။ သိသလားလို့ မေးပြန်ပါတယ်၊ မသိပါ ဘုရားလို့ ဖြေပါတယ်။ ဒီတော့ လူထုပရိသတ်က ကလေးမကလေးအပေါ်မှာ အထင်လွဲကုန်တယ်။ "ဒီကောင်မကလေးဟာ မြတ်စွာဘုရား မေးတာကို ပြောင်ချောင်ချွေလှုပ်ပြီး ဖြေတယ်၊ ဘယ်က လာသလဲလို့ မေးတာကို အိမ်ကလာတယ်လို့ ဖြေရောပေါ့၊ ဘယ် သွားမလို့လဲ မေးတာကိုလဲ ရက်ကန်းအလုပ်ရုံ သွားမယ်လို့ ဖြေရောပေါ့၊ အဲဒါတွေ သူသိပါလျက်နဲ့ မသိဘူးချည်း ဖြေတယ်။ ပြီးတော့ မသိဘူးလား ဆိုတော့လဲ သိပါတယ်လို့ ဖြေပြန်တယ်၊ သိသလားလို့ မေးပြန်တော့လဲ မသိဘူးလို့ ဖြေပြန်တယ်။ ဒီကောင်မကလေးဟာ ထင်ရာတွေ လျှောက်ပြောနေတယ်"လို့ အထင်လွဲပြီး ကဲ့ရဲ့စကား ပြောကြသတဲ့။

ဒီတော့ မြတ်စွာဘုရားက ကလေးမကလေးကိုဘဲ ထပ်ပြီး မေးတော်မူပြန်တယ်။ ကလေးမကလေး သင် ဘယ်က လာသလဲလို့ ငါမေးတာကို မသိပါဘုရားလို့ သင်က ဘာကြောင့်ဖြေရသလဲ စသည်ဖြင့် ထပ်ပြီးမေးတော်မူပါတယ်။ ဒီတော့ ရက်ကန်းသည်မကလေးက ဖြေကြား လျှောက်ထားပါတယ်။ လျှောက်ပုံကတော့....

"မြတ်စွာဘုရား၊ တပည့်တော်မ အိမ်က လာတယ် ဆိုတာကတော့ အမျှားသိနေပါတယ်၊ အကျိုးရှိစကားကိုသာ ဆိုလို့

ရှိတဲ့ မြတ်စွာဘုရားက မေးသင့်တဲ့အရာဟု မထင်ပါ၊ ဒါ ကြောင့် "ဘယ်ကလာသလဲ"လို့ မေးတာဟာ ဘယ်ဘဝက လာခဲ့သလဲလို့ မေးလိုရင်း ထင်ပါသည်။ ဘယ်ဘဝက လာခဲ့ တယ် ဆိုတ်ာကို တပည့်တော်မက မသိနိုင်ပါ။ ဒါကြောင့် မသိ ပါဘုရားဟု ဖြေရပါသည်။ ထိုပြင် ရက်ကန်းအလုပ်ရုံ ဘခင်ထံ သွားမယ် ဆိုတာကလဲ အမျှား သိနေပါတယ်၊ အဲဒါကိုလဲ မေးမည် မထင်ပါ၊ ဒါကြောင့် "ဘယ်သွားမလဲ"ဆိုတာဟာ ဘယ်ဘဝကို သွားရမလဲလို့ မေးလိုရင်း ထင်ပါသည်။ ဘယ် ဘဝ သွားရမည်ကို တပည့်တော်မက မသိနိုင်ပါ၊ ဒါကြောင့် မသိပါ ဘုရားလို့ ဖြေရပါသည်။ ထိုပြင် မသိဘူးလားလို့ မေး တာကတော့ သေရမည်ကို မသိဘူးလားလို့ မေးလိုရင်း ထင်ပါ သည်၊ တနေ့နေ့ တချိန်ချိန်မှာ ကောန်သေရမည် ဆိုတာ တပည့် တော်မက သိမြင်နေပါသည်။ ဒါကြောင့် "မသိဘူးလား" ဆိုတဲ့ အမေးကို သိပါသည် ဘုရားလို့ ဖြေပါသည်။ ထိုပြင် သိသလား ဆိုတဲ့ အမေးကတော့ မည်သည့်အချိန်မှာ သေရ မည်ကို အတိအကျ သိသလားလို့ မေးလိုရင်း ထင်ပါသည်၊ အဲဒါကို တပည့်တော်မက အတိအကျ မသိနိုင်ပါ။ ဒါကြောင့် အဲဒီ နောက်ဆုံးအမေးကို မသိပါဘုရားလို့ဘဲ ဖြေရပါသည်ဟု အသီးအသီး ဖြေရှင်းပြီး လျှောက်ပါတယ်။ ဒီတော့ မြတ်စွာ ဘုရားက အဖြေ ၄-ခုလုံးကို အသီးအသီး သာဓုခေါ်တော် မူပါတယ်။ လူထုပရိသတ်ကလဲ မိမိတို့ အထင်မှားကြောင်း သိ သွားကြပါတယ်။

အဲဒီ မေးခွန်း ၄-ခုထဲမှာ တတိယမေးခွန်းအရ တနေ့ကျ သေမှာကတော့ အလွန်သေချာနေပါတယ်၊ စတုတ္ထမေးခွန်း

အရ ဘယ်အချိန်သေရမယ် ဆိုတာလဲ ဘယ်သူမှ အတပ်မသိ နိုင်ဘူး၊ တော်တော်နဲ့ မသေသေးဘူးလို့ ထင်နေယင်းဘဲ ရုတ်တရက် မမျှော်လင့်ဘဲ သေသွားကြရပါတယ်။ ဒီတော့ "သေပြီးယင် ဘယ် သွားမလဲ" ဆိုတဲ့ ဒုတိယမေးခွန်းနဲ့ ကိုယ့်ကိုယ်ကို လူတိုင်းလူတိုင်း ရှင်တိုင်း ရဟန်းတိုင်း မေးကြည့်ဘို့ ကောင်းပါတယ်။ယခုဘဲ စိတ်နဲ့ ကိုယ့်ကိုယ်ကို မေးကြည့်စမ်းပါ၊ ဆရာကြီး ဘယ်သွားမလဲ၊ ဘကြီး ဘယ်သွားမလဲ၊ အဒေါ်ကြီး ဘယ်သွားမလဲ၊ အင်း.... အဖြေရခက်တယ်နော်။ အရှင်ဘုရား ဘယ်သွားမလဲ၊ အင်း....ဒါကလဲ အဖြေရ ခက်တာဘဲ။ အဖြေရ မခက်အောင် လုပ်စရာ နည်းတွေကတော့ ရှိပါတယ်၊ မိမိရဲ့ ကာယကံ-ကိုယ်အမှုတွေကို စဉ်းစားကြည့်ပါ၊ ဝစီကံ-နှုတ်အမှုတွေကို စဉ်းစားကြည့်ပါ၊ မနောကံ-စိတ်ကူးကြံစည်မှုတွေကို စဉ်းစားကြည့်ပါ။ ကောင်းတာက မျှားသလား၊ မကောင်းတာက မျှားသလား၊ "ကောင်း"ဆိုပေမယ့် ကိုယ့်ဟာကိုယ် ကောင်းနေရုံနဲ့ မပြီးသေးဘူး၊ သူတပါးအကျိုးကို မထိခိုက်တဲ့အမှုကိုမှ "ကောင်းတယ်"လို့ ဆိုရတယ်။ ကောင်းတာက မျှားယင် ကောင်းတဲ့ဘဝ ရောက်မှာဘဲ၊မကောင်းတာက မျှားယင်တော့ မကောင်းတဲ့ဘဝတွေ ရောက်သွားမှာဘဲ။ ဒါကြောင့် ကောင်းတဲ့ ဖြူစင်တဲ့ စေတနာနဲ့ ကောင်းတဲ့အလုပ် ကောင်းတဲ့အပြော ကောင်းတဲ့အကြံမျှားကိုသာ ပြုလုပ် ပြောဆို ကြံစည်မိအောင် အားထုတ်ဘို့ လိုပါတယ်။ သေသေချာချာ ကောင်းတာကတော့ အပါယ်လေးပါးမှ လုံးဝ လွတ်မြောက်တဲ့ တရားအဆင့်ကို ရောက်အောင် ဝိပဿနာဘာဝနာအလုပ်ကို

အပြည့်အစုံ အားထုတ်တာဟာ အကောင်းဆုံး အသေချာဆုံးပါဘဲ။ဒါကြောင့် ဘုန်းကြီးက ဒီလိုဩဝါဒပေး နေပါတယ်။

အပါယ်ဘေး ငြိမ်းခွင့်၊ဥာဏ်အဆင့်၊အသင့် ရောက်ပါစေ တော့။

အပါယ်ဘေးငြိမ်းတဲ့ ဥာဏ်အဆင့် ဆိုတာ သောတာပတ္တိမဂ်ဖိုလ်ဥာဏ် အဆင့်ပါဘဲ၊အဲဒီ ဥာဏ်လောက်ဆိုယင် တော်လောက်ပြီလားလို့လဲ မေးစရာ ရှိပါတယ်။ဘုန်းကြီး အနေနဲ့တော့ အဲဒီလောက်ဆိုယင် ဝမ်းမြောက်လှပါပြီ၊ ဒါပေမယ့် မြတ်စွာဘုရားကတော့ အရဟတ္တဖိုလ် မရောက်မချင်း၊ ရဟန္တာမဖြစ်သေး မချင်း စိတ်ချပြီး အားရ မနေပါနဲ့ဦးတဲ့၊ ဆင်းရဲဒုက္ခ လုံးဝငြိမ်းတဲ့ အရဟတ္တဖိုလ်ရောက်အောင် အားထုတ်ပါတဲ့။ ဒါကြောင့်-

ထိုဥာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲ ငြိမ်းပါစေ လို့-မြတ်စွာဘုရားအလိုတော်အရ ဒုတိယ ဩဝါဒလဲ ပေးပါတယ်။ ဒါပေမယ့် ပါရမီဥာဏ်က မရင့်သေးယင်တော့ အားဆုတ်သော်လဲ အပြည့်အစုံ ဖြစ်မှာ မဟုတ်ဘူး။ဒီတော့ ဒီလို မဖြစ်နိုင်ယင် ကြမ်းတန်းတဲ့ လောဘ ဒေါသ အစရှိတဲ့ ကိလေသာတွေ ဖြစ်လာတဲ့အခါမှာ အဲဒါတွေကို မြန်မြန်ငြိမ်းသွားအောင် ရှုမှတ်ပြီး ပယ်ပါလို့ နောက်ဆုံး ဩဝါဒကိုလဲ ပေးနေပါတယ်။

ဖြစ်ပေါ်လာငြား၊စိတ်ကြမ်းများ၊ပယ်ရှားနိုင်ပါစေတဲ့။

အဲဒီ ဩဝါဒတွေအတိုင်း ရိုရိုသေသေ လိုက်နာကျင့်သုံးနေမယ် ဆိုယင်တော့ "ဘယ် သွားမလဲ"ဆိုတဲ့ မေးခွန်းကို "ကောင်းရာ သွားမယ်"လို့ ရဲရဲရင့်ရင့် ဖြေနိုင်ပါတယ်။

ခုနက ရက္ကန်းသည်မကလေး အကြောင်း ပြန်ဆက်ကြဦးစို့။ မြတ်စ္စဘုရားက ကလေးမကလေးရဲ့ အဖြေမျှားကို သာခုခေါ် တော်မူပြီးတော့ လူထုပရိသတ်ကို "သင်တို့ဟာ ဒီကလေးမ ကလေးပြောတဲ့ ဒီအနက်အဓိပ္ပါယ်လောက်တောင် မသိကြ နားမလည်ကြဘူး၊ ကဲ့ရဲ့ရုံသာ ကဲ့ရဲ့တတ်ကြတယ်။ ပညာမျက်စိ မရှိတဲ့သူတွေဟာ အကန်းတွေမည်တယ်၊ပညာမျက်စိရှိမှ မျက်စိ မြင်သူမည်တယ်"လို့ မိန့်တော်မူပြီး ဂါထာတပုဒ် တရားကို ဟော်ကြားတော် မူပါတယ်။

အန္ဓဘူတော အယံ လောကော၊ တနုကေတ္ထ ဝိပဿတိ။
သကုဏော ဇာလမုတ္တော၀၊အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ တဲ့။

အယံ လောကော၊ ဤလူအပေါင်းသည်။ အန္ဓဘူတော၊ ပညာမျက်စိမရှိသဖြင့် အကန်းသဖွယ်ဖြစ်ချေ၏။ ဧတ္ထ၊ ဤလူ အမျှားထဲ၌။ တနုကော၊ ဦးရေမမျှားလှ မပြောပဘူယ် အနည်း ငယ်သောသူသည်သာလျှင်။ ဝိပဿတိ၊ အနိစ္စစသည်ဖြင့် ရှုမြင် နိုင်ပေ၏။ ဇာလမုတ္တော၊ ငှက်မုဆိုး၏ ပိုက်အောတွင်းမှ လွတ် မြောက်သွားသော။ သကုဏော၊ ငှက်သည်။ အပ္ပေါ ဣ၀၊ နည်းပါးဘိသကဲ့သို့။ အပ္ပေါ၊ အနည်းငယ်သော သူသည် သာလျှင်။သဂ္ဂါယ၊ လူ့ပြည် နတ်ပြည် နိဗ္ဗာန်ဆီသို့။ ဂစ္ဆတိ၊ သွားရောက်နိုင်ပေ၏ တဲ့။

ဒီနေရာမှာ အဋ္ဌကထာက "ဒေသနာ၀သာနေ၊ ဒေသနာ တော်၏ အဆုံး၌။ ကုမာရိကာ၊ ရက္ကန်းသည်မအမျိုးသမီးကလေး သည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်လေပြီ-သောတာပန် ဖြစ်သွားပါတယ်"တဲ့။ ဒီရက္ကန်း

သည်မကလေး တရားနာယင်း တရားထူး ရသွားတာဟာ ရှေးအာဘို ၃-နှစ်လောက်ကတည်းက မရဏာသတိဘာဝနာကို ပွါးများလာခဲ့လို့ဘဲ ဆိုတာ ဆင်ချွေးပါတယ်။ ဒီအကြောင်းအဋ္ဌုပ္ပတ္တိကို ထောက်ပြီးတော့ အလားတူ ပုဂ္ဂိုလ်တွေလဲ များစွာပင် ရှိတယ်လို့လဲ ခန့်မှန်းနိုင်ပါတယ်။

အခြား အကြောင်းတခုကတော့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူတဲ့ အခါမှာ နွေစဉ် နွေတိုင်း တရားပဲ့ ရှိနေတယ်။ ဒါကြောင့် ညနေပိုင်းကျယင် သာဝတ္ထိမြို့က လူတွေဟာ သန့်ရှင်းစင်ကြယ်တဲ့ အဝတ်တွေကို ဝတ်ဆင်ပြီးတော့ ပူဇော်စရာ ပန်းနဲ့သာတွေကိုလဲ ယူဆောင်ပြီးတော့ ဇေတဝန်ကျောင်းတော်သို့ လာရောက်ပြီးတော့ တရားနာကြသတဲ့။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော် စသည်မှာ သီတင်းသုံးတော်မူတဲ့ အခါတွေမှာလဲ ဒီနည်းအတိုင်း နေမှာပါဘဲ။ ဒီတော့ ရှေးရှေး နွေတွေ ရှေးရှေး လတွေ နှစ်တွေက တရားနာထားတဲ့သူတွေဟာ မိမိ နာယူထားတဲ့ တရားအဆုံးအမတော်များအတိုင်း သီလကို ကျင့်နေကြသလို သမထဝိပဿနာအလုပ်တွေလဲ ထိုက်သည်အားလျော်စွာ အားထုတ်နေကြမယ်ဆိုတာ သိနိုင်ပါတယ်။ ဘာကြောင့်လဲ ဆိုယင် ယခုနေအခါမှာကမ္မဋ္ဌာန်းဆရာတဦးဦးက ဟောကြားနေတာကိုတောင်မှ နာကြားရတဲ့သူတွေက လိုက်နာပြီး အားထုတ်ကြသေးတာဘဲ၊ဟိုတုန်းက မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတဲ့တရားကို နာရတဲ့သူတွေဟာ ဘယ်မှာ အားမထုတ်ဘဲ ရှိပါမလဲ၊ အားထုတ်ကြမှာပါဘဲ။ ဒီတော့ ရှေးရှေး နွေရက်တွေ လတွေ နှစ်တွေက တရား

နာပြီး အားထုတ်လာခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ နောက်နောက် တရားပွဲတွေမှာ တရားနာယင်း မဂ်ဖိုလ်တရားထူးကို ရဘို့ ပါရမီ အထောက်အပံ့တွေ ပြည့်စုံနေတယ်လို့ ဆိုနိုင်ပါတယ်။

ပြီးတော့ ဇေတဝန်ကျောင်းတော် စသည်မှာ တရား ဟောတော်မူတဲ့ အခါ တရားနာပရိသတ်တွေက ရဟန်းပရိ သတ်လဲ ရှိတယ်၊ ရဟန်းမိန်းမပရိသတ်လဲ ရှိတယ်၊ လူဥပါသ ကာယောကျ်ားလဲရှိတယ်၊ဥပါသိကာမိန်းမလဲ ရှိတယ်၊ပရိသတ် ၄-ပါးလုံး အစုံဘဲ ရှိနေပါတယ်။ အဲဒီလို ဘုရားကိုယ်တော် တိုင် ဟောတဲ့တရားကို မျက်မှောက်ထင်ရှား ဖူးမျှော်ပြီး နာကြားရတဲ့ ပုဂ္ဂိုလ်တွေဟာလဲ ဆုတောင်းပါရမီထူး ရှိတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်စရာအကြောင်း ရှိပါတယ်။မြတ်စွာဘုရားက တရားဟောတဲ့ အခါမှာလဲ အဲဒီတရားနာပုဂ္ဂိုလ်တွေရဲ့ အလို အကြိုက် အစွမ်းသတ္တိကို ကြည့်ရှုပြီး သင့်လျော်တဲ့တရားကို ဟောတော်မူတယ်။

"အလိုအစွမ်းသတ္တိနှင့် ကိုက်အောင် ဟောတယ်" ဆိုတာက အင်မတန်အရေးပါအရောက်ပါတယ်။ မြတ်စွာဘုရားလက်ထက် တော်ကာလတုန်းက အရှင်စူဠပန္ထက ဆိုတာ ရှိတယ်၊အကျွှန် ုပ်-လုံးသာရှိတဲ့ ဂါထာကလေးတပုဒ်ကို လေးလပတ်လုံး သင် လို့တောင် မရနိုင်ဘူးတဲ့။ ဒါကြောင့် သူ့ အစ်ကိုယ်ဖြစ်သူ မဟာပန္ထကမထေရ်က နှုတ်ထုတ်လိုက်တယ်၊မြတ်စွာဘုရားက မိမိ ထံ ခေါ်ယူလာပြီးတော့ သင့်လျော်တဲ့ကမ္မဋ္ဌာန်းကို ပေးတယ်။ အဝတ်ပိုင်းကလေးတခုကို ရဇောဟရဏံ-မြှုအညစ်အကြေးကို ဆောင်တတ်သည်၊ ရဇောဟရဏံ-မြှုအညစ်အကြေးကို ဆောင်

တတ်သည်လို့ ရွတ်ဆိုပြီး လက်နဲ့ ဆုပ်နယ်နေရုန် ညှန်ကြား တော်မူတယ်၊ အဲဒီ ညှန်ကြားချက်အတိုင်း "ရဇောဟရဏံ ရဇောဟရဏံ" လို့ ဆိုပြီး အဝတ်ပိုင်းကို ဆုပ်နယ်နေယင်း မိမိသန္တာန်က ရုပ်နာမ်တွေရဲ့သဘောကို သိမြင်ပြီး ရဟန္တာ ဖြစ်သွားတယ်၊ အဲဒါဟာ ဘာမျှမကြာဘူး၊ အလွန်ဆုံး ၂-နာရီ ၃-နာရီလောက် ရှိမှာပေါ့။ဒီလို လွယ်လွယ်နဲ့ တရားရသွားတာဟာ အဇ္ဈာသယနှင့် ကိုက်အောင် ဟောကြားညှန်ပြပေးလို့ပါဘဲ။

အရှင်သာရိပုတြာ၏ တပည့်ရဟန်းတပါးဟာလဲ အရှင်သာရိပုတြာပေးတဲ့ အသုဘကမ္မဋ္ဌာန်းကို ၄-လပတ်လုံး အားထုတ်သော်လဲ ဘာမျှ ခရီးမရောက်ဘဲ ရှိနေသတဲ့။ ဒါနဲ့ အရှင်သာရိပုတြာက အဲဒီရဟန်းကို မြတ်စွာဘုရားထံ အပ်တယ်၊ မြတ်စွာဘုရားက ရှေပဒုမ္မာကြာပန်းကို ဖန်ဆင်းပြီး ပေးတယ်။ အဲဒီရဟန်းက ဘဝပေါင်းငါးရာတိုင်တိုင် တဆက်တည်း ရှေပန်းထိမ်ဆရာချည်း ဖြစ်လာခဲ့သတဲ့၊ ဒါကြောင့် သူက အသန့်အပြန့်ကြိုက်နေတဲ့အတွက် အသုဘကမ္မဋ္ဌာန်းမှာ စိတ်မဝင်စားဘဲ ရှေကြာပန်းကျတော့ မြင်လျှင် မြင်ချင်း စိတ်ကြည်လင်ပြီး အဲဒီကြာပန်းကို ကြည့်ရှုနေယင်း စျာန်ကိုလဲ ရတယ်၊ အဲဒီကြာပန်းကို မြတ်စွာဘုရားက သုံးအောင် ဖန်ဆင်းလိုက်တော့ ရှေကြာပန်းသုံးတာကို မြင်ရာမှ စပြီး အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို သိမြင်သွားသတဲ့၊ အဲဒီအခါမှာ မြတ်စွာဘုရားက သင့်လျော်တဲ့ ဂါထာကလေးတပုဒ်ကို ဟောကြားတော်မူတယ်၊ ထိုဂါထာကို ကြားနာရသည့်အဆုံးမှာ အဲဒီရဟန်းဟာ ရဟန္တာ ဖြစ်သွားပါတယ် တဲ့။

အရှင်ဆန္ဒမထေရ်ဟာ တရားအားထုတ်ယင်း အချိုးမကျ နိုင်ဘဲ ဖြစ်နေတဲ့အတွက် အရှင်အာနန္ဒာထံမှာ သြဝါဒခံယူ တယ်။ ဒီတော့ အရှင်အာနန္ဒာက အရှင်ဆန္ဒကို "အရှင်ဟာ တရားကို သိထိုက်တဲ့ ဘဗ္ဘပုဂ္ဂိုလ် ဖြစ်ပါတယ်"လို့ အားပေး စကား ပြောကြားတယ်။ အဲဒီ အားပေးစကားကို ကြားရ တာနဲ့ အရှင်ဆန္ဒမှာ အားတက်ပြီး ပီတိပါမုဇ္ဇတွေ့ ဖြစ်သွား တယ်၊ အရှင်အာနန္ဒာဟောတဲ့ တရားကိုလဲ နာကြားပြီး တရားထူးကို ရသွားသတဲ့။ ဒါတွေ့ဟာ သင့်လျော်တဲ့ညွှန်ကြား ချက် တရားစကားကို ကြားနာရလို့ တရားထူးရသွားကြပုံတွေ့ ပါဘဲ။ ဒါကြောင့် အဋ္ဌာသယနှင့် ကိုက်ညီတဲ့တရားကို ဟော တာဟာ အလွန်ဘဲ အရေးပါအရာရောက်ပါတယ်။

ယခု ကာလမှာလဲ အချို့ကမ္မဋ္ဌာန်းဆရာတွေ့က ယောဂီ တွေ့ရဲ့ အလိုအကြိုက်ကျအောင် မဟောတတ် မပြောတတ်ဘူး၊ မသင့်တော်တဲ့စကားတွေ့ကို ပြောတတ်တယ်။ ဒါကြောင့် တချို့ယောဂီတွေ့က စိတ်ပျက်ပြီး ပြန်သွားတတ်ကြတယ်။ အချို့ ကမ္မဋ္ဌာန်းဆရာတွေ့ကတော့ ယောဂီတွေ့ရဲ့ အလို့ အကြိုက်ကို လိုက်လျောညီအောင် ပြောတတ်တယ်။ ဒါကြောင့် တချို့ယောဂီတွေ့ဟာ ရက်အနည်းငယ်လောက် မှန်းပြီးလာ ရာက တရားပြည့်စုံသည်အထိ အားတက်ပြီး အားထုတ်သွား နိုင်ကြတယ်။ အဋ္ဌာသယနှင့် လျော်အောင် ဟောနိုင်တာဟာ အင်မတန် ကျေးဇူးများပါတယ်။

မြတ်စွာဘုရားမှာတော့ သတ္တဝါတို့၏ အဋ္ဌာသယကို အကြွင်းမဲ့ သိမြင်တော်မူတဲ့အတွက် တရားဟောတော်မူယင်းပင်

တရားနာသူတို့၏ အဇ္ဈာသယကို ကြည့်ကြည့်ပြီး သင့်လျော်တဲ့တရားတွေကို ဟောကြားတော်မူပါတယ်။ ဒီတော့ "အနာနဲ့ဆေး၊ကိုက်အောင်ပေး၊ ပျောက်ရေး မခက်ပါ"ဆိုဘဲ့ မြန်မာပရိဘာသာနှင့်အညီ မိမိတို့၏ အဇ္ဈာသယနှင့် လျော်တဲ့တရားကို နာကြရတဲ့အတွက်လဲ တရားနာယင်း တရားထူးကို ရရှသွားကြပါတယ်။

ဒီလို အမျိုးမျိုးသော အကြောင်းတွေကြောင့် တရားနာယင်း တရားထူး ရသွားကြတာတွေကို စုပေါင်းပြီးတော့ အဋ္ဌကထာမှာ "ဒေသနာစောင်၏အဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတွေ တရားထူးကို ရသွားကြတယ်"စသည်ဖြင့် ဖေါ်ပြထားတယ်လို့ မှတ်ရမယ်။

ယခုပြောခဲ့တဲ့ အတိုင်း တရားနာယင်း တရားထူးရသွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက အများကြီးဘဲ ရှိပါတယ်၊တရားအားထုတ်ယင်း တရားရသွားကြတာတွေလဲ အများကြီးဘဲ ရှိပါတယ်။ အဲဒီလို တရားထူးရသွားကြတာတွေဟာ လူဝတ်ကြောင်ပုဂ္ဂိုလ်တွေလဲ အများကြီးပါဘဲ၊သောတာပန်ဖြစ်သွားကြတဲ့ဥပါသကာ ဥပါသိကာမတွေလဲ အများကြီးပါဘဲ၊ သကဒါဂါမ် ဖြစ်သူတွေလဲ မနည်းလှပါဘူး။ အနာဂါမ် ဖြစ်တဲ့သူတွေလဲ ရှိတာဘဲ။ ရဟန္တာဖြစ်ပြီး လူဝတ်နှင့် ပရိနိဗ္ဗာန်ပြုသွားတဲ့ ပုဂ္ဂိုလ်တွေတောင် ရှိပါသေးတယ်။ အနာဂါမ်ပုဂ္ဂိုလ်တွေကတော့ သုဒ္ဓါဝါသဗြဟ္မာဘုံမှာ ဖြစ်ကြတယ်။ သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်တွေကတော့ တချို့က စတုမဟာရာဇ်နတ်ပြည်မှာ ဖြစ်နေ

ကြတယ်၊ တချို့က တာဝတိံသာနတ်ပြည်မှာ ဖြစ်နေကြတယ်။ တချို့က ယာမာနတ်ပြည်မှာ တချို့က တုသိတာနတ်ပြည်မှာ တချို့က နိမ္မာနရတီနတ်ပြည်မှာ တချို့က ပရနိမ္မိတဝသဝတ္တီနတ်ပြည်မှာ ဖြစ်နေကြတယ်။ နတ်ပြည် ၈-ထပ်မှာ ဘုရားလက်ထက်တော် ကာလက အရိယာ၊ ဒကာ, ဒကာမတွေ အများကြီး ရှိနေကြပါတယ်။

ယခု တရားနာနေကြတဲ့ ပရိသတ်ထဲမှာလဲ ဘုရား၊ ကိ် ထက်ကပုဂ္ဂိုလ်တွေလို ပါရမီထူးသူ တဦးတလေတော့ ပါချင်လဲ ပါမယ်၊ ရှေးရှေး ရက်တွေ လတွေက အားထုတ်လာလို့ ဤဇွန်ရှင့်ကျက်နေတဲ့ သူလဲ တဦးတလေတော့ ပါနိုင်ပါတယ်၊ အဲဒီလို တဦးတလေကတော့ ယခု တရားနာနေယင်းလဲ တရားထူး ရနိုင်စရာအကြောင်း ရှိပါတယ်။ ဒီလို မရတောင်မှ အားထုတ်ဆဲပုဂ္ဂိုလ်တွေမှာ အားတက်ပြီး ကြိုးစားအားထုတ်တာနဲ့ မကြာခင်ဘဲ တရားထူးကို ရသွားနိုင်ပါတယ်။ အားမထုတ်ဘူးသေးတဲ့ သူတွေမှာလဲ တရားအားထုတ်ဘို့ နည်းမှန်လမ်းမှန်ကို ရတဲ့အတွက် အခွင့်သင့်တဲ့အခါမှာ အားထုတ်ပြီး တရားထူးကို ရသွားနိုင်ပါတယ်။ အဲဒီလို တရားထူးကို ရသွားတဲ့ သူတွေဘဲ ဖြစ်ဖြစ်၊ ယခုလို တရားနာပြီး ကုသိုလ်ကောင်းမှုတွေကိုပြုနေတဲ့သူတွေဘဲ ဖြစ်ဖြစ်၊ ဒီလိုပုဂ္ဂိုလ်တွေ အားလုံးဟာ ယခုဘဝက စုတိပြတ်ကြွေ သေကြရတဲ့အခါ နတ်ပြည် ၆-တပ်မှာ အလိုရှိရာ ရောက်သွားကြမယ်၊ အဲဒီနတ်ပြည်ရောက်သွားဟဲ့အခါမှာ ဘုရားလက်ထက်က ရောက်နေနှင့်ကြတဲ့ အရိယာနတ်တွေနဲ့ တွေ့ကြမှာပေါ့။ အနာထပိဏ်, ဝိသာခါ အစရှိတဲ့ နတ်သား နတ်သီးတွေနဲ့ တွေ့ကြမယ်၊ တွေ့တဲ့အခါ

ကျတော့ မြတ်စွာဘုရားထံမှ သူတို့ နာကြား အားထုတ်လာခဲ့တဲ့ တရားတွေကို မေးမြန်း ဆွေးနွေးနိုင်ကြပါလိမ့်မယ်၊ အဲဒီလို နတ်ပြည်လောကမှာ သူတော်ကောင်းတွေ အချင်းချင်း တရားဆွေးနွေးရတာဟာ အင်မတန်ကို ကြည်နူးစရာကောင်းမှာဘာ။

ဒါပေမယ့် ယခုတရားနာပရိသတ်ထဲက "နတ်ပြည်တော့ မရောက်ချင်ပါဘူး၊ ကိုယ့်လူ့ပြည်လောကမှာဘဲ ဖြစ်ချင်ပါတယ်" ဆိုယင်၊ မိမိတို့အလိုရှိတဲ့အတိုင်း လူ့ပြည်မှာဘဲ ဖြစ်နိုင်ပါတယ်။ ဒီလို ပြောရတာကလဲ တခြားကြောင့် မဟုတ်ဘူး၊ တချို့က ကိုယ့်ရပ်ရွာ ကိုယ့်ဒေသမှာဘဲ ဖြစ်ချင်တတ်ကြတဲ့ အတွက် ပြောရတာဘဲ။

တရုပ်ဒကာကြီးတဦး၀တ္ထု

တချိန်တုန်းက (တချိန်ဆိုတာ လွန်ခဲ့တဲ့ ၂၅-နှစ် အနှစ် ၃၀-လောက်ကပါဘဲ၊ အဲဒီတုန်းက) မော်လမြိုင်မှာ တရုပ်ဒကာကြီး တဦးက သူ့အိမ်ကို ပင့်ပြီး သံဃာတော်တွေကို ဆွမ်းကျွေးလှူဒါန်းတယ်၊ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါမှာ နာယကဆရာတော်ကြီးက ဆွမ်းအနုမောဒနာတရား ဟောတယ်၊ ဆွမ်းအလှူဒါနကုသိုလ်ကြောင့် လူ့ပြည်မှာဘဲ ဖြစ်ဖြစ်, နတ်ပြည်မှာဘဲ ဖြစ်ဖြစ် အသက်ရှည်ခြင်း, အဆင်းလှခြင်း, ခွန်အားကြီးခြင်း, ချမ်းသာများခြင်း, ပညာကြီးခြင်း, အခြေအရံများခြင်း အစရှိတဲ့ ကောင်းကျိုးချမ်းသာတွေကို ရသွားမည် ဖြစ်ကြောင်း၊ စတုမဟာရာဇ် နတ်ပြည်လဲ ရောက်နိုင်တယ်၊ တာ၀တိံသာနတ်ပြည်လဲ ရောက်နိုင်တယ်၊ နတ်ပြည်ဆိုတာ

ကိုယ်ရောင်ကိုယ်ဝါတွေနဲ့ တောက်ပပြီး ဘုံငိုမာန်တွေနဲ့ ဥယျာဉ်ရေကန်တွေနဲ့ အင်မတန်ပျော်စရာကောင်းကြောင်း စသည်ဖြင့် ဟောကြားတယ်။ ဒီလိုဟောပြီးတော့ ဆရာတော်ကြီးက ဆွမ်းဒကာ တရုပ်ကြီးကို "ဘယ့်နှယ်လဲ ဒကာကြီး နတ်ပြည်မျှား မရောက်ချင်ဘူးလား" လို့ မေးတယ်။

ဒီတော့ ဆွမ်းဒကာ တရုပ် ကြီးက ပြန်လျှောက်တယ် "တပည့်တော်က နတ်ပြည်ကို မရောက်ချင်ဘူး ဘုရား" တဲ့။ ဒီတော့ ဆရာတော်ကြီးက အံ့အားသင့်ပြီး "ဟင်....ဒကာကြီးက နတ်ပြည်ကို မရောက်ချင်ယင် ဘယ်မျှား ရောက်ချင်တုံး" လို့ ထပ်ပြီး မေးမြန်းပြန်တယ်။ "တပည့်တော်က ဘယ်မှ မရောက်ချင်ပါဘူး၊ ကိုယ့်အိမ်နဲ့ ကိုယ့်ဝင်း ကိုယ့်ခြံနဲ့ ဒီမှာဘဲ ဖြစ်ချင်ပါတယ်" လို့ တရုပ် ဒကာကြီးက ပြန်လျှောက်တယ်။ ဒီတော့ ဆရာတော်ကြီးက "အင်း.... ဒီလိုဆိုယင် ဒကာကြီးအလို ရှိတဲ့ အတိုင်း ဒီဝင်း ဒီခြံထဲ ဖြစ်မှာပါဘဲ" လို့ နှုံးချုပ်လိုက်ပါတယ်၊ အဲဒါဟာ သူ့အစ္ဆာသယလိုက်ပြီး အနုမောနာ ပြုလိုက်တာပါဘဲ။ ဒါပေမယ့် အဲဒီလို ဟောတာဟာ မှန်လဲ မှန်ပါတယ်၊ ကုသိုလ်ရှိတဲ့သူဟာ ကိုယ်ဖြစ်ချင်ရာမှာ ဖြစ်နိုင်ပါတယ်။ ဆွမ်းဒကာက သူ့ခြံထဲမှာ ဖြစ်ချင်ယင် သူ့ကုသိုလ်က သူ့ခြံထဲမှာဘဲ ပစ်ချပေးမှာပေါ့။

"ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ" တဲ့(အံ ၃-၇၁)

ဘိက္ခဝေ၊ ရဟန်းတို့။ သီလဝတော၊ သီလရှိသော သူ၏။ စေတောပဏိဓိ၊ စိတ်ကို ဆောက်တည်ထားခြင်း တောင့်တ

ခြင်းသည်။ ဣဋ္ဌတိ၊ တောင့်တသည့်အတိုင်းပင် ပြည့်စုံတတ်ပါတယ် တဲ့။

ကိုယ်က ဒီလို ဖြစ်ချင်ယင် ဒီလို ဖြစ်မယ်၊ ဟိုလို ဖြစ်ချင်ယင်လဲ ဟိုလိုဘဲ ဖြစ်မယ်၊ ကိုယ်အလိုရှိတဲ့အတိုင်း ပြီးစီးပြည့်စုံနိုင်ပါတယ် တဲ့။ ဘာကြောင့်လဲ ဆိုယင်၊ **ဓနုဒ္ဓာ၊ သီလဓနကြယ်လို့ပါဘဲ** တဲ့။ သီလစင်ကြယ်ဘို့ကလဲ လိုပါသေးတယ်၊ သီလ မစင်ကြယ်ယင်တော့ ကိုယ်အလိုရှိတဲ့အတိုင်းချည်း ဖြစ်လိမ့်မယ်လို့ စိတ်မချရသေးဘူး၊ သီလကလဲ စင်ကြယ်နေယင်တော့ စိတ်ချရပါတယ်။

ဒါကြောင့် ယခု တရားနာပရိတ်သတ်တွေမှာ သီလကလဲ အထူးစင်ကြယ်နေတယ်၊ ဒီလို သင်းကြန်တွင်း ကာလကြီးဆိုတာ ဗမာပြည်မှာ ဗမာ့ထုံးစံ အတိုင်း အင်မတန်ပျော်နေနေကြတဲ့ ကာလကြီးဘဲ၊ အထူးအားဖြင့် ဆိုတော့ ဒီ ရန်ကုန်မြို့ကြီးမှာ လူငယ် သူငယ်တွေဟာ အပျော်ကြဆုံးပါဘဲ။ ဒီလို သူများတွေက အပျော်ကြီး ပျော်နေကြတဲ့ အခါကာလထဲမှာ ဘဲဒီအပျော်တွေကို စိတ်မဝင်စားဘဲ စွန့်လွှတ်ပြီးတော့ ကုသိုလ်ကောင်းမှုတွေ သူတော်ကောင်း တရားတွေမှာသာ စိတ်ဝင်စားလို့ တချို့က ရှင်ရဟန်းပြုပြီး တရားအားထုတ်နေကြတယ်၊ ဘချို့ကလဲ ဥပုသ်သီတင်းသီလ ဆောက်တည်ပြီး တရားအားထုတ်နေကြတယ်၊ ဒါကြောင့် ယခု တရားနာနေကြတဲ့ ပုဂ္ဂိုလ်တွေမှာသီလက အထူးစင်ကြယ်နေပါတယ်။ ဒီလို သီလက အထူး စင်ကြယ်နေတဲ့ အတွက် ဒီပုဂ္ဂိုလ်တွေဟာ နတ်ပြည်မှာ ဖြစ်ချင်ယင် မိမိတို့ အလိုရှိတဲ့အတိုင်း နတ်ပြည်မှာ ဖြစ်ကြ

မယ်၊ လူ့ပြည်တွင်ဘဲ ဖြစ်ချင်လို့ရှိရင်လဲ လူ့ပြည်တွင်ဘဲ ဖြစ်ကြမယ်။ဗမာပြည်တွင်ဘဲ ဖြစ်ချင်ယင် ဗမာပြည်တွင်ဘဲ ဖြစ်ကြမယ်။ ဒီနေရာမှာ ကုသိုလ် အကျိုးပေးပုံနှင့် စပ်ပြီး ဘုန်းကြီးက စိုးရိမ်တာ တခုရှိတယ်။

ဗမာတွေနိုင်ငံခြားဖြစ်မှာ စိုးရိမ်တယ်

အဲဒါက ဘာလဲဆိုယင်-ယခုနေ အခါမှာ ဟို ဥရောပ, အမေရိက အစရှိတဲ့ အခြားနိုင်ငံတွေက တိုးတက်ထွန်းကားနေတယ်၊ ဗမာနိုင်ငံက ကောင်းမှုရှင်တွေက အဲဒီ အခြားနိုင်ငံတွေ စိတ်ညှတ်ပြီး အဲဒီနိုင်ငံတွေ သွား ဖြစ်ကုန်မှာ ဘုန်းကြီးက စိုးရိမ်မိတယ်၊ အဲဒီလို ဖြစ်နေကြတယ်လို့လဲ ဘုန်းကြီးက ယူဆထားတယ်။ တချို့က မေးကြတယ် "ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေဟာ ကုသိုလ်ကောင်းမှုတွေကို ပြုနေကြပါလျက်နဲ့ ဗုဒ္ဓဘာသာနိုင်ငံဟာ ဘာကြောင့် မတိုးတက်မကြီးပွါးရသလဲ" လို့ မေးကြတယ်။ သူတို့က "ဗမာပြည်က သေယင် ဗမာပြည်မှာဘဲ ဖြစ်တယ်" လို့ ဒီလို ထင်နေကြပုံရပါတယ်။ အမှန်ကတော့ အဲဒီလိုမှ မဟုတ်ဘဲ၊ ကုသိုလ်ကံနှင့် ပြည့်စုံနေတဲ့ သူဟာ သူ အလိုရှိယင် ဘယ်မှာ မဆို ဖြစ်နိုင်တာချည်းဘဲ။ဗမာပြည်ကကုသိုလ်ကံရှိနေတဲ့ ပုဂ္ဂိုလ်တွေဟာ တိုးတက် ကြီးပွါးနေတဲ့ ဟိုနိုင်ငံတွေမှာ ဖြစ်ချင်ယင် အဲဒီနိုင်ငံတွေမှာ သွားပြီး ဖြစ်နိုင်ပါတယ်။

ဒါကြောင့် အခြားနိုင်ငံတွေက ယခုနေအခါမှာ ကြီးကျယ်ခမ်းနားနေတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ ဒီဗမာပြည်က ဗုဒ္ဓဘာသာဝင် ကောင်းမှုရှင်တွေလဲ ဖြစ်နိုင်တာဘဲ။ ဗမာပြည်က ယခုနေအခါမှာ သန့်ရှင်း စင်ကြယ်တဲ့ ကောင်းမှု အကြီး အကျယ်တွေ

ကို ပြုလုပ်နေတဲ့ ပုဂ္ဂိုလ်တွေ အလွန်ဘဲ များပါတယ်၊ အဲဒီပုဂ္ဂိုလ် တွေမှာ သူတို့ပြုထားတဲ့ ကုသိုလ်အားလျော်စွာ အကြီးအကျယ် အကျိုးပေးခွင့်ရအောင် သူတို့ရဲ့ မိဘဖြစ်မည့် သူတွေဟာလဲ အင်မတန် ပေါမှားပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ရလိမ့်မယ်။ ဗမာ ပြည်မှာတော့ ဒီလို ပေါများပြည့်စုံတဲ့ ပုဂ္ဂိုလ်ဦးရေက တယ်များ များ မရှိဘူး၊ အခြားနိုင်ငံတွေမှာမှ ဒီလိုပုဂ္ဂိုလ်တွေက များ တယ်။ ဒီတော့ ဗမာပြည်က မိဘလောင်းတွေ မလုံလောက် တာကြောင့်လဲဘဲ ဗမာပြည်က ကောင်းမှုရှင်တွေဟာ တခြား နိုင်ငံ ရောက်သွားဘို့ရာ အကြောင်း ရှိနေပါတယ်။ အဲဒီလို တနည်းနည်းဖြင့် နိုင်ငံခြား ဘာသာခြားတွေထဲမှာ သွားဖြစ် တယ်ဆိုယင် ယခုဘဝက ဗုဒ္ဓဘာသာဝင် သူတော်စင်ကြီး ဖြစ်နေ ပေမယ်လို့၊ ဘုရားဒါယကာ ကျောင်းဒါယကာကြီး ဖြစ်နေပေ မယ်လို့ အဲဒီဘာသာခြားတွေထဲ သွားဖြစ်တဲ့သူက ပုထုဇဉ် ဘဝနဲ့ဆိုယင် အဲဒီက မိဘအသစ်တွေရဲ့ ဘာသာအသစ်ကို လက်ခံယုံကြည်သွားမှာဘဲ၊ လက်မခံဘဲနဲ့ ဖြစ်နိုင်ပါမည်လား။ အဲဒါဟာ အလွန်ဘဲ အရေးကြီးပါတယ်။

သဒ္ဓါတရားခိုင်မြဘို့လိုတယ်

ဒါကြောင့် အဲဒီလို ဘာသာတရားတွေ ပျက်မသွားရ အောင် ဗုဒ္ဓဘာသာတရားတွေကို နက်နက်နဲနဲသိနေတဲ့ ယခု နေအခါကတည်းက သဒ္ဓါတရားခိုင်မြဲအောင်အားထုတ်ထားဘို့ လိုပါတယ်၊ ဘုရား၌ ယုံကြည်တဲ့သဒ္ဓါတရား, တရား၌ ယုံကြည် တဲ့သဒ္ဓါတရား, သံဃာ၌ ယုံကြည်တဲ့သဒ္ဓါတရား- ဒီရတနာ ၃-ပါးမှာ ယုံကြည်တဲ့သဒ္ဓါတရားတွေ မပျက်နိုင်အောင်,မပျက်

နိုင်တဲ့အဆင့်အတန်း ရောက်အောင် အားထုတ်ဘို့ အလွန်ဘဲ အရေးကြီးပါတယ်။ အဲဒီ မပျက်နိုင်တဲ့အဆင့်အတန်း ဆိုတာ၊ ကလဲ သောတာပန်ဖြစ်မှ ပြည့်စုံတယ်၊ ယခုဘဝက တရား အားထုတ်လို့ မင် ဖိုလ် နိဗ္ဗာန် တရားကို သိမြင်ပြီး သောတာပန် ဖြစ်သွားယင်တော့ ရတနာ ၃-ပါးကို ယုံကြည်တဲ့ သဒ္ဓါတရားက မပျက်တော့ဘူး၊ အဲဒီလို ဆိုယင်တော့ ဘယ် နိုင်ငံ ရောက်ရောက်, ဘယ်လူမျိုးထဲမှာ ဖြစ်ဖြစ် ကိစ္စမရှိဘူး၊ စိတ်ချရပါပြီ။ ယခု ပြောနေတဲ့ သတိပေးစကားတွေကတော့ ကုသိုလ်ရှိတဲ့ပုဂ္ဂိုလ်တွေမှာ ဖြစ်ချင်ရာ ဖြစ်နိုင်တဲ့အတွက် တို့ ဒကာ ဒကာမတွေ တခြား ရောက်သွားယင် အင်မတန် ရခဲတဲ့ ဗုဒ္ဓဘာသာဝင်အဖြစ်မှ ဆုံးရှုံးသွားမှာကို စိုးရိမ်လို့ အထူး သတိပေးနေတာတွေပါဘဲ။

ယခုနေအခါ လူ့ပြည်မှာ ထပ်ဖြစ်ဘို့ရာတော့ တယ် မကောင်းလှပါဘူး။ အသက်ကလဲ တိုတယ်၊ အနာရောဂါ တွေကလဲ များတယ်၊ ဝါဒတွေကလဲ ရှုပ်ထွေးတယ်၊ ဘေးရန် အန္တရာယ်တွေကလဲ များတယ်၊ဒါကြောင့် "လူ့ပြည်မှာတော့ မဖြစ်ချင်ပါဘူး၊ နတ်ပြည်မှာဘဲ ဖြစ်ချင်ပါတယ်" လို့ဆိုယင်တော့ တို့ဒကာ ဒကာမတွေဟာ နတ်ပြည်မှာ ဖြစ်ကြမှာပါဘဲ။ စတုမဟာရာဇ်မှာလဲ ဖြစ်နိုင်တယ်၊ တာဝတိံသာ ယာမာ စသည်မှာလဲ ဖြစ်နိုင်တယ်၊ ဟုတ်လား။ အဲဒါဟာ မင်္ဂလာ မရသေးပေမယ့် မိမိတို့ ပြုထားတဲ့ ဒါန သီလကုသိုလ်တွေရဲ့ အစွမ်းကြောင့် မိမိတို့အလိုရှိရာ ဖြစ်နိုင်ပါတယ်၊ မင်္ဂလာ ရတဲ့ ပုဂ္ဂိုလ်အတွက်တော့ အထူးပြောစရာ မလိုပါဘူး။

"နတ်ပြည်" ဆိုတာ သိပ်ပြီးတော့ ထူးဆန်းလှတာလဲ မဟုတ်ပါဘူး၊ ရောက်နိုင်ကြပါတယ်။ ရာဇဂြိုဟ်မြို့က ဇာန္ဒုက ဆိုတဲ့ လူတယောက်ဟာ ဆွမ်းတဇွန်းမျှ လောင်းတာ လှူတာနဲ့တောင် ဟာဝတီသာနတ်ပြည် ရောက်သေးတာဘဲ၊ ယခု ဗမာပြည်က တို့ဒကာ ဒကာမတွေမှာ ကုသိုလ်ကောင်းမှုတွေက အများကြီး ရှိနေကြတာဘဲ၊ ဆွမ်းတဇွန်း ဘယ်ကမလဲ၊ ပေးလှူလိုက်ကြတဲ့ ဒါနကုသိုလ်တွေ မနဲဘူး၊ မနဲဘူး၊ အများကြီး ရှိနေကြတာဘဲ။ သီလဘက်က ဆိုလျှင် တချို့မှာ ခဏတဖြုတ် လောက် ဆောက်တည်တာနဲ့တောင် နတ်ပြည် ရောက်ကြသေးတာဘဲ၊ နေ့ဝက်လောက် ဥပုသ်စောင့်တာနဲ့တောင်မှ နတ်ပြည်လောက ဖြစ်သေးတာဘဲ၊ ယခု တို့ဒကာ ဒကာမတွေမှာ ဥပုသ်သီတင်းသီလတွေ ဆိုယင်လဲ အများကြီးဘဲ စောင့်သုံးနေကြတယ်၊ ဝိပဿနာ ဘာဝနာတရားကိုလဲ အများကြီးဘဲ ပွါးများနေကြတယ်၊ ဒီတော့ နတ်ပြည်ရောက်ချင်ယင် လွယ်လွယ်ကလေးနဲ့ ရောက်မှာပေါ့၊ ဘာ့ကြောင့် မရောက်ဘဲ ရှိရမလဲ။ ဒါကြောင့် တို့ဒကာ ဒကာမတွေဟာ နတ်ပြည်ရောက်ချင်ယင် ရောက်ဘို့ကတော့ သေချာနေပါပြီ။ အဲဒီကို ရောက်သွားတဲ့အခါမှာ နတ်ပြည်မှာ ရောက်နေနှင့်တဲ့ အရိယာနတ်တွေကို "မြတ်စွာဘုရားဟောတဲ့ တရားကို ဘယ်လို နာခဲ့ရသလဲ၊ ဘယ်လို တရားတွေကို အားထုတ်လာခဲ့သလဲ" ဆိုတာ မေးမြန်းစုံစမ်းကြည့်ကြပေါ့။ အဲဒီလို မေးမြန်းပြီးတော့ မိမိတို့ သိလာတဲ့တရားနဲ့ နှိုးနှောဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးကြည့်ဘို့ရာ ယခုကကတည်းက မှာကြားထားလိုက်ပါတယ်။

ဥပေါသထာနတ်သမီးဝတ္ထု

မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက သာကေတ မြို့မှာ ဥပေါသထာ ဆိုတဲ့ အမျိုးသမီး တယောက် ရှိတယ်။ သာကေတမြို့ ဆိုတာ ဣန္ဒိယပြည်အလယ်ပိုင်း ကောသလ တိုင်းထဲမှာ ရှိတယ်။ ဟိုတုန်းက ဇေတဝန်ကျောင်းတော်၏ တည်ရာ သာဝတ္ထိမြို့တော်ကြီး၏ လက်တက်မြို့ တခုပေါ့။ သာဝတ္ထိနဲ့ ၆-ယူဇနာ ဝေးကွာတယ်လို့ ဆိုတယ်၊ တယူဇနာမှာ ရှစ်မိုင်လောက် ရှိတယ်လို့ ယခုခေတ် သုတေသနပညာရှိတွေက ခန့်မှန်းထားကြတယ်၊ အဲဒီလို ခန့်မှန်းကြတာကလဲ အဋ္ဌကထာများမှာ ပြထားတဲ့ ရွေးဝေါဟာရ ယူဇနာတွေကို ယခုလက်တွေ့ တိုင်းထွာပြီး ကြည့်တဲ့အခါမှာ ရှစ်မိုင်လောက်ပဲ ရှိတာကို အများအားဖြင့် တွေ့ရလို့ ခန့်မှန်းထားကြတာပါ ဘဲ။ ဒါကြောင့် ရှစ်မိုင် ၆-လီဆိုတော့ လေးဆယ့်ရှစ်မိုင် လောက် ရှိမှာပေါ့။ အဲဒီ သာကေတမြို့ကို အယုဇ္ဈ(အယောဓျ) လို့လဲ ခေါ်တယ်၊ အဲဒီမြို့ဟာ ဝိသာခါ၏ ဘခင် မနုဿ သူဌေးကြီး၏ နေရာမြို့လဲ ဖြစ်တယ်။

အဲဒီ သာကေတမြို့မှာ ဥပေါသထာ ခေါ်တဲ့ အမျိုးသမီး ဟာ မြတ်စွာဘုရားဟောတော်မူတဲ့ တရားတော်တွေကို ကျင့် သုံးပြီးတော့ သောတာပန် ဖြစ်သွားတယ်၊ ယခု တရား အားထုတ်ကြတဲ့ ဒကာ ဒကာမတွေလိုဘဲ ဖြစ်မှာပေါ့၊ဟိုတုန်း ကလဲ တရားက ဒီလို အားထုတ်ရတာပါဘဲ။ သူ့ကျင့်စဉ်တွေ ကိုတော့ သူ့ဟာသူဘဲ ဖေါ်ပြထားပါတယ်၊ နောက်ပိုင်းကျ တော့ ကြားရပါလိမ့်မယ်။ အဲဒီ အမျိုးသမီးဟာ အသက်တမ်း အတိုင်းနေပြီး စုတေသွားတဲ့အခါ တာဝတိံသာနတ်ပြည်ကို

ရောက်သွားပါတယ် တဲ့။ အဲဒီမှာ ကြီးကျယ်ခမ်းနားတဲ့ နတ်ဗိမာန်ကြီးနဲ့တင့်တင့်တယ်တယ်ကြီး ဖြစ်နေပါတယ် တဲ့။ တနေ့သောအခါမှာ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်က တဝတိံသာနတ်ပြည် ခရီးဒေသစာရီ ကြွချီတော်မူယင်း အဲဒီနတ်သမီးကို တွေ့လာခဲ့တယ်။ ဟိုတုန်းက မထေရ်မြတ်တွေ့မှာ အဘိညာဉ်တန်းခိုးတွေနဲ့ ပြည့်စုံတော့ တယ် နေရာကျတယ်၊ နတ်ပြည်ကို ကိုယ်တိုင် သွားရောက်ပြီးတော့လဲ ကြည့်ရှုနိုင်တယ်၊ ကိုယ်တိုင်မသွားဘဲ ဒိဗ္ဗစက္ခု၊ အဘိညာဉ်နဲ့ လူ့ပြည်ကနေပြီး ကြည့်ယင်လဲ နတ်တွေကို မြင်နိုင်တယ်၊ ဒိဗ္ဗသောတ အဘိညာဉ်နဲ့ နတ်တို့၏ အသံကိုလဲ ကြားနိုင်တယ်၊ တယ် နေရာကျတာဘဲ။

ယခုနေ အခါမှာတော့ ဒီလို အဘိညာဉ်ရပုဂ္ဂိုလ်ရယ်လို့ ထင်ထင်ရှားရှား မရှိတဲ့ အတွက် နတ်ပြည်လောကကို သွားလဲ မသွားနိုင်ကြဘူး၊ တနည်းနည်းနဲ့ သွားနိုင်လို့ ရောက်သွားတောင် ဟိုက နတ်တွေကို မြင်နိုင်ကြမှာလဲ မဟုတ်ဘူး။ ဟို အထက်နတ်ပြည်က နတ်တွေကို မပြောနဲ့ဦး တော့ လူ့ပြည်တွင်ဘဲရှိတဲ့ ရုက္ခဇိုးတွေ ဥစ္စာစောင့်တွေကို တောင် မမြင်နိုင်ဘဲ ရှိနေကြတာဘဲ။ ဟိုတုန်းက အဘိညာဉ်ရပုဂ္ဂိုလ်တွေကတော့ ဘယ်ကနေ ကြည့်ကြည့် နတ်တွေကို အဘိညာဉ်မျက်စိနဲ့ မြင်နိုင်တယ်၊ နတ်တွေပြောဆိုနေကြတဲ့ စကားသံကိုလဲ အဘိညာဉ်နဲ့ ကြားနိုင်တယ်၊ ယခုကာလလို ရေဒီယိုတွေ တယ်လီဖုံးတွေ ဝါယာလက်တွေ ဘာမှ မလိုဘူး၊ ကိုယ်တိုင် သွားကြည့်ချင်ယင်လဲ စိတ်ညွတ်လိုက်တာနဲ့ တခဏကလေးအတွင်းမှာဘဲ လိုရာကို ရောက်သွားတယ်။ ယာဉ်

ရထားတွေ လေယာဉ်ပျံတွေ ဒုံးပျံတွေ ဘာမှ မလိုဘူး၊ တယ် လွယ်ကူတာဘဲ။

ဒါကြောင့် အရှင်မဟာမောဂ္ဂလာန်ဟာ အဘိညာဉ်တန်ခိုးနဲ့ နတ်ပြည်ကို မကြာမကြာ ကူသွားလေ့ရှိပါတယ်၊ ဒီလို ကူ သွားတာကလဲ တခြားကြောင့် မဟုတ်ပါဘူး၊ သူကိုယ်တိုင် မျက် မြင်ကြည့်ရှုပြီးတော့ မည်သည့်နတ်သား နတ်သမီးဟာ ဘယ်လို ကုသိုလ်တွေကို ပြုခဲ့လို့ နတ်ပြည်ရောက်ပြီး ဘယ်လိုစည်းစိမ် ချမ်းသာတွေကို ခံစားနေရတယ် ဆိုတာကို သက်သေခံအဖြစ် လိုချင်လို့ သွားတာပါဘဲ။ ဒီလို မသွားဘဲ လူ့ပြည်ကနေပြီး ဆင်ခြင်ရုံနဲ့လဲ သိတော့ သိနိုင်ပါတယ်၊ ဒါပေမယ့် ကိုယ့်ဟာ ကိုယ် သိရုံနဲ့ ပြောတာကတော့ တယ်ပြီး မခိုင်မာလှဘူး၊ ဟိုက နတ်တွေကိုယ်တိုင်က ပြောလိုက်ပါတယ် ဆိုတဲ့ သက်သေခံနဲ့ ပြောတာကမှ ပိုပြီး ခိုင်လဲ့ ခိုင်မာတယ်၊ လူအများမှာလဲ သဒ္ဓါတရား တိုးပွါးတက်ကြစေနိုင်တယ်။

ဒါကြောင့် မိမိပြောတဲ့စကားကို လူမတွက လေးလေး စားစား ယုံကြည်ပြီး သဒ္ဓါတရား တိုးပွါးသွားအောင်လို့ အရှင်မဟာမောဂ္ဂလာန်က နတ်ပြည်လောကကို ဒေသစာရီ ကြွချီတော်မူပါတယ် တဲ့။ အဲဒီလို ကြွချီတော်မူတဲ့အခါမှာ ခုနက ပြောခဲ့တဲ့ ဥပေါသထာ နတ်သမီးကလေး၏ ဘုံဗိမာန် အနီးကို ရောက်သွားတော့ အဲဒီနတ်သမီးလေးက ဘုံဗိမာန် ပေါ်က ဆင်းပြီးတော့ အရှင်မဟာမောဂ္ဂလာန်ကို ရိုသေစွာ ရှိခိုးပြီး ရပ်တည်နေပါတယ် တဲ့၊ အဲဒီတော့ အရှင်မဟာ မောဂ္ဂလာန် မထေရ်က ဒီလို မေးတော်မူပါတယ်။

နတ်သမီးကလေး၊ သင့်ကိုယ်က အရောင်အဝါတွေဟာ သောကြာကြယ်က အရောင်တွေလိုဘဲ အလွန် တောက်ပ တင့်တယ်ပါပေတယ်၊ ဒီလို အဆင်းအရောင်တွေနဲ့ ဒီလို နတ်စည်းစိမ်တွေကို ရတာဟာ ဘယ်လို ကုသိုလ်ကောင်းမှုကြောင့်ပါလဲ လို့ မေးတော်မူပါတယ်။ ဒီတော့ နတ်သမီးကလေးက ဖြေကြား လျှောက်ထားပါတယ်။

တပည့်တော်မဟာ ရှေးဘဝတုန်းက လူ့ပြည်လောကမှာ ကောသလတိုင်းထဲက **သာဂေတ** ခေါ်တဲ့မြို့မှာ အမျိုးသမီးတဦး ဖြစ်ခဲ့ပါတယ်၊ အမည်ကတော့ **ဥပေါသထာ**လို့ ခေါ်ပါတယ်၊ တပည့်တော်မဟာ တရားတော်တွေကို ကြားနာပြီးတော့ မြတ်စွာဘုရား၏ သာသနာတော်မှာ ယုံကြည်တဲ့ကြည်ညိုတဲ့ သဒ္ဓါတရားနဲ့လဲ ပြည့်စုံခဲ့ပါတယ်၊ ဘုရားတရား သံဃာ ရတနာမြတ် ၃-ပါးကို ကိုးကွယ် ဆည်းကပ်ပြီး **သရဏဂုံ**တည်တဲ့ **ဥပါသိကာမ** ဖြစ်ခဲ့ပါတယ် တဲ့။

> သဒ္ဓါ၊ ယုံကြည်မှု ကြည်ညိုမှု သဒ္ဓါတရားနှင့် ပြည့်စုံသော။ ဥပါသိကာ၊ ရတနာ ၃-ရပ်ကို ဆည်းကပ် ကိုးကွယ်သော ဥပါသိကာမသည်။ အာသီ၊ ဖြစ်ခဲ့ပါသည် အရှင်ဘုရား တဲ့။

သရဏဂုံဆောက်တည်ပုံ

ဘုရား တရား သံဃာ ရတနာမြတ် ၃-ပါးကို ဆည်းကပ် ကိုးကွယ်တာကို **သရဏဂုံ** လို့ ခေါ်တယ်။ ယခု "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" လို့ ဆိုရတာတွေဟာ သရဏဂုံတွေပါဘဲ။ အဲဒီ ၃-ပုဒ်ထဲက "ဗုဒ္ဓံ

သရဏံ ဂစ္ဆာမိ-မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါတယ်''လို့ ဆိုဘဲ့စကားရဲ့ အဓိပ္ပါယ်ကတော့-''မြတ်စွာဘုရားဟာ တရားအလုံးစုံကို အကုန် သိတော်မူတယ်၊ အိုခြင်းနာခြင်း သေခြင်းအစရှိသော ဆင်းရဲခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်တရားကို ကိုယ်တိုင်တွေ့ပြီးတော့ အဲဒီ နိဗ္ဗာန်ချမ်းသာကို သတ္တဝါအများ ရရှိခံစားနိုင်အောင်လို့ တရားတော်တွေကို ဟောကြားတော်မူတယ်၊ မြတ်စွာဘုရား ဟောတဲ့ အတိုင်း လိုက်နာပြီး ကျင့်ယင် အပါယ် ၄-ပါးမှ လွတ်မြောက်သွားမယ်၊ ဆင်းရဲခပ်သိမ်းမှလဲ လွတ်မြောက်သွားမယ်''လို့ ဒီလို ယုံကြည်ပြီးတော့ မြတ်စွာဘုရားကို အားကိုးပါတယ်လို့ ဆိုလိုပါတယ်။

ယခုကာလမှာ နေမကောင်း မကျန်းမမာ ဖြစ်တဲ့အခါ ဆေးဆရာများ အားကိုးရသလိုပါဘဲ။ ''ဒီ ဒေါက်တာ ဆရာဝန်ကြီးဟာ, ဆေးဆရာကြီးဟာ ဆေးပညာမှာ ကောင်းကောင်းတတ်ကျွမ်းတယ်၊ ဒီ ဆရာကြီးကို ပင့်ဆောင်ပြီး အပ်နှံရ ကိုးကွယ်ရယင် မိမိတို့ခရောဂါဟာ ပျောက်ကင်းသွားမယ်'' လို့ ဒီလို ယုံကြည်ပြီးတော့ အားကိုးအားထားပြုရပါတယ်။ အဲဒါလိုပါဘဲ ''ငါတို့မှာ အပါယ်ဆင်းရဲတွေကလဲ ကြောက်စရာကောင်းတယ်၊ အိုခြင်း နာခြင်း သေခြင်း အစရှိသော သံသရာဝဋ်ဆင်းရဲတွေကလဲ ကြောက်စရာကောင်းတယ်၊ မြတ်စွာဘုရား ဟောကြားညွှန်ပြတော်မူသည့်အတိုင်း လိုက်နာပြီး ကျင့်ယင် အပါယ်ဆင်းရဲကလဲ လွတ်မြောက်သွားမယ်၊ သံသရာဝဋ်ဆင်းရဲတွေကလဲ လွတ်မြောက်သွားမယ်''လို့ ဒီလို ယုံကြည်ပြီးတော့ ''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-မြတ်စွာဘုရားကို ကိုးကွယ်

ရာဟူ၍ ဆည်းကပ်ပါ၏''လို့ ဒီလို လျှောက်ထားပြီး ဆောက်တည်ရတယ်။

ယခုကာလမှာတော့ တချို့က ဒီအနက်အဓိပ္ပါယ်တွေကို သိပုံလဲ မရပါဘူး၊ မဟာဆရာတွေက ခိုင်းလို့ ဆိုနေတဲ့အနေမျိုးလောက် ဖြစ်နေကြပါတယ်။ ပြီးတော့ သိရသလောက် အနက်အဓိပ္ပါယ်လဲ ဘာမှ နှလုံးသွင်းကြပုံမရပါဘူး၊ အပြေးအလွှားအမြန်ချည်း ရွတ်ဆိုနေကြတာဘဲ၊ ဆရာက ''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ မမှံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ'' လို့ ခပ်မြန်မြန် ရွက ချပေးတော့ တပည့်တွေကလဲ ခပ်မြန်မြန် အပြေးအလွှားဘဲ လိုက် ဆိုနေကြတယ်၊ ဘာမှတော့ နှလုံးသွင်းနိုင်ကြဟန် မတူပါဘူး၊ ဒီနည်းစနစ်ကတော့ တယ်မကောင်းလှဘူး၊ ဖြေးဖြေးချင်း အာရုံပြုပြီး ဆိုနိုင်ယင်တော့ သာပြီးကောင်းပါတယ်။ တချို့ကတော့ မပီ တပီနဲ့ ဗလုံးပထွေးတောင် ဆိုသွားလိုက်သေးတယ်၊ အဲဒါကတော့ သာပြီး နေရာမကျတာဘဲ။ အမှန်ကတော့ သိသမျှ အနက်အဓိပ္ပါယ်ကို အာရုံပြုပြီးတော့ ''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'' လို့ ဖြေးဖြေး မှန်မှန် ဆိုဘို့ရာဘဲ၊ အခါခပ်သိမ်း မဟုတ်တောင် အနည်းဆုံး တကြိမ်တခါလောက်ကတော့ အဲဒီလို လေးလေးနက်နက် အာရုံပြုပြီး ဆောက်တည်ထားဘို့ လိုပါတယ်။ ဒါက **ဗုဒ္ဓသရဏံ** ကို နှင့် စပ်ပြီး သတိပြုစရာအချက်ပဲ။ ထိုအတူ **ဓမ္မသရဏံ**ကို **သံဃသရဏံ**ကို တွေကို ဆောက် တည် တဲ့ အခါမှာလဲ သိသမျှ အနက်အဓိပ္ပါယ်ကို လေးလေးနက်နက် အာရုံပြုပြီး ဆောက်တည်ဘို့ပါဘဲ။

အဲဒီမှာ ''ဓမ္မံ သရဏံ ဂစ္ဆာမိ-တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါတယ်'' လို့ ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်

ကတော့ မြတ်စွာဘုရား ဟောကြားထားတဲ့ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား ဒေသနာတရား ဆိုတဲ့ ဒီတရားတွေကို အားကိုးအားထားပြုပါတယ်လို့ ဆောက်တည်တာပါဘဲ၊ အဲဒီတရားတော်တွေနဲ့ ပြည့်စုံအောင်, အဲဒီ တရားတော်တွေအရ လိုက်နာ ကျင့်သုံးသွားယင် အပါယ် ဆင်းရဲမှုလဲ လွတ်မယ်၊ သံသရာဝဋ်ဆင်းရဲမှုလဲ လွတ်မြောက်မယ်လို့ ယုံကြည် အားကိုးတဲ့အကြောင်း လျှောက်ထား ပြောဆိုတာပါဘဲ။

"သံဃံ သရဏံ ဂစ္ဆာမိ– သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါတယ်" လို့ ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်ကတော့– မြတ်စွာဘုရား၏ သာသနာတော်မှာ တရားကျင့်သုံးပြီး မဂ်ဖိုလ် ရောက်ဆဲ ရောက်ပြီး ဖြစ်တဲ့ အရိယာ သံဃာတော်တွေကို အပါယ်ဆင်းရဲ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ရန်အတွက် အားကိုးအားထား ပြုပါတယ် လို့ ဆောက်တည်တာပါဘဲ၊ သံဃာတော်ကို အရိုအသေပြုခြင်း, သံဃာတော်၏အဆုံးအမကို လိုက်နာ ကျင့်သုံးခြင်းဖြင့် အပါယ်ဆင်းရဲ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်မယ်လို့ ယုံကြည်အားကိုးတဲ့အကြောင်း လျှောက်ထား ပြောဆိုတာပါဘဲ။

ယခု ပြောခဲ့တဲ့အတိုင်း ဘုရား တရား သံဃာ ရတနာမြတ် ၃-ပါးကို လေးလေးစားစား အားကိုး အားထား ပြုပြီး ဆည်းကပ်ကိုးကွယ်တာကို **သရဏံ** လို့ ခေါ်တယ်။ ဒီသရဏံကို ၃-ပါးနှင့် ပြည့်စုံပြီး ရတနာ သုံးပါးကို ဆည်းကပ် ကိုးကွယ်နေတဲ့သူကို ပါဠိလို့ "**ဥပါသက**"၊ ဗမာလို့ကတော့ "**ဥပါသကာ**" လို့ ခေါ်တယ်၊ အမျိုးသမီးကိုတော့ "**ဥပါသိကာ**" လို့ ခေါ်

တယ်၊ တချို့ ရှေးမြန်မာစာတွေမှာတော့ "ဥပါသကိ" လို့လဲ ရေးထားတာကို တွေ့ရတယ်၊ အဲဒါက ပါဠိနည်းတော့ မကျဘူး၊ မြန်မာအသုံးလို့ ဆိုရမှာပေါ့။ ဒါကြောင့် ဥပေါသထာနတဿမိုးက သူဟာ ရှေးဘဝက ဘုရား တရား သံဃာရတနာ သုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသိကာမ ဖြစ်ခဲ့ပါတယ်" လို့ လျှောက်ထားတယ်။ ဒီလို သရဏဂုံတည် ဥပါသိကာ ဖြစ်တာဟာလဲ နတ်ပြည်ရောက်ကြောင်း ကောင်းမှုဘဲ။

ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

(ဒီ ၂- ၂၀၄၊ သံ ၁- ၂၅)

ယေ ကေစိ၊ အမှတ်မရှိသော အကြင်သူတို့သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတာ ဧသေ၊ ဆည်းကပ်ကုန်၏။ တေ၊ ဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်သော ထိုသူတို့သည်။ အပါယဘူမိံ၊ အပါယ်ဘုံသို့။ န ဂမိဿန္တိ၊ မလားမရောက်ကြကုန်လတံ့။ မာနုသံ ဒေဟံ၊ လူ့ဘဝခန္ဓာကိုယ်ကို။ ပဟာယ၊ စွန့်ပြီး၍။ ဝါ၊ စွန့်ရကုန်လတ်သော်။ ဒေဝကာယံ၊ နတ်မျိုးအပေါင်းကို။ ပရိပူရေဿန္တိ၊ ပြည့်စေကြကုန်လတံ့။ ဝါ၊ ပြည့်စေလျက်နတ်လောကၭ ဖြစ်ကြကုန်လတံ့ တဲ့။

ဒီ ဒေသနာတော်အရ သရဏဂုံတည်ရုံနဲ့ နတ်ပြည် ရောက်နိုင်ကြောင်း ထင်ရှားပါတယ်။ ဥပေါသထာ နတ်သမီးမှာဇတော့ ဒါလောက် မကသေးဘူး၊ နတ်ပြည်ရောက်ကြောင်း အခြား

ကုသိုလ်တွေလဲ မျှားစ့ဉ်ဘဲ ရှိပါသေးတယ်။ ဒါကြောင့် အဲဒါကွေကိုလဲ ဆက်လက်ပြီး လျှောက်ပြန်ပါတယ်။

တပည့်တော်မဟာ "သီလေန သမ့ဉန္နာ၊ သီလန့ဉ်လဲ ပြည့်စုံခဲ့ပါတယ်"တဲ့။ ဒါလဲ နတ်ပြည်ရောက်ကြောင်းကုသိုလ်ဘဲ။ ပြီးတော့ "အဝတ်သက်န်းတို့ ဆွမ်းတို့ ကျောင်းအိပ်ရာနေရာတို့ ဆီမီးတို့ ဒီလို ဒါနဝတ္ထုတွေကိုလဲ ကြည့်ညိုတဲ့စိတ်နဲ့ ပေးလှူခဲ့ပါတယ်" တဲ့၊ ဒါတွေလဲ နတ်ပြည်ရောက်ကြောင်းကုသိုလ်တွေဘဲ။ပြီးတော့ လဆန်း လဆုတ် ၁၄-ရက်နေ့, ၁၅-ရက်နေ့, ၈-ရက်နေ့ ဒီဥပုသ်နေ့မျှားမှာ ရှစ်ပါးသီလ ဥပုသ်မျှားလဲ စောင့်သုံးခဲ့ပါတယ်။ ဥပုသ်နေ့ရဲ့ ရှေးတရက်, နောက်တရက် နေ့မျှားမှာ စောင့်ရတဲ့ "ပါဠိဟာရိယ" ခေါ်တဲ့ ဥပုသ်မျှားလဲ စောင့်ခဲ့ပါတယ်" တဲ့။ ဒါတွေလဲ နတ်ပြည်ရောက်ကြောင်းတွေဘဲ။

ဗုဒ္ဓဘာသာတရားကို နာခံမလည်တဲ့သူတွေက "ဥပုသ်စောင့်ယင် ထမင်းဆာတာဘဲ အကျိုးရတယ်"လို့ မရိုမသေ ပြောတတ်ကြတယ်။ သူတို့က ကုသိုလ် အကုသိုလ်ဆိုတာတွေကို ဘာမှ မသိကြဘူး၊ ထမင်းစားလိုတဲ့ လောဘစိတ်တွေကို ပယ်ရှားပြီး ကုသိုလ်တွေ ဖြစ်ပွါးနေတာကို သူတို့က မသိကြဘူး။ သူတို့သိတာကတော့ "အဖျားရောဂါရှိတဲ့သူမျှားမှာ ထမင်းမကျွေးဘဲ ထားယင် ရောဂါ ပျောက်တတ်တယ်" ဆိုတာမျိုး ကျတော့ သူတို့က သိကြတယ်၊ အဲဒီမှာလဲ စားချင်လျက်နဲ့ မစားရတော့ ထမင်းဆာတာပါဘဲ၊ ဒါပေမဲ့ အဲဒီလို ဆာတာကတော့ ရောဂါပျောက်ခြင်းအကျိုး ရှိတယ် ဆိုတာကို ယုံကြည်ပြီးတော့ မကဲ့ရဲ့ကြဘူး၊ ချီးမွမ်းတောင် ချီးမွမ်းကြသေးတယ်။ သူတို့က

မျက်မှောက်ရုပ်ခန္ဓာဖြစ်ပုံလောက် နား လည် ကြ တာ ကိုး၊ နောင်တမလွန်နဲ့ နာမ်ခန္ဓာအကြောင်းတော့ လုံးလုံး နားမလည် ရှာကြဘဲဟာကိုး၊ ဒီတော့ ဒီလို ပြောကြပေမှာဘဲ။ အမှန်ကတော့ ဥပုသ်စောင့်တယ် ဆိုတာဟာ ဖြစ်ပေါ်လာမည့် အကုသိုလ်တွေကို ပယ်စွန့်ပြီး ရှောင်ကြဉ်ခြင်း, သည်းခံခြင်း အစရှိတဲ့ ကုသိုလ်တရားတွေကို နေ့ရော ညဉ့်ပါ မပြတ်ပွါးနေတာဘဲ၊ "ရဟန္တာသခင် အရှင်မြတ်တွေဟာ 'သတ်ခြင်း ခိုးခြင်း မေထုန်မှိုဝဲခြင်း လိမ်ခြင်း သေရည်အရက်သောက်ခြင်း နေလဲ့ညစာ စားခြင်း, အစရှိတဲ့ အကုသိုလ် တရားတွေကို တသက်ပတ်လုံး ပယ်ရှားပြီး သီတင်းသုံးတော်မူကြပါပေတယ်၊ ငါ့မှာ ဒီကနေ့ တရက်မျှ ဒီ သူတော်ကောင်း တရားတွေကို ကျင့်သုံးနေရပေတယ်၊ ဒီအကျင့် တစိတ်တဒေသဖြင့် ရဟန္တာ အရှင်မြတ်တို့အား အတုလိုက်၍ ပူဇော်ရပါပေတယ်"လို့ ဒီလို နှလုံးသွင်းပြီး အရိယာ သူတော်ကောင်းတွေက ဥပုသ် စောင့်သုံးကြတာဘဲ၊ ဒီလို စောင့်နေတဲ့အခါ ထမင်းဆာတာကို သည်းခံပြီး စားချင်တဲ့ ကိလေသာတွေကို ပယ်နေရုတာဟာ အင်မတန် မွန်မြတ်ပါတယ်။ ဒီလို မွန်မြတ်တဲ့တရားတွေ မိမိ စိတ်သန္တာန်မှာ ဖြစ်ပေါ်သွားတော့ စိတ်သန္တာန်ဟာ စင်ကြယ် သွားတယ်၊ ဖျားနေတဲ့လူမှာအစာဖြတ်လိုက်တာနဲ့ အစာအိမ် စင်ကြယ်ပြီး ရောဂါပျောက်သွားသလိုပါဘဲ။ အဲဒီလို စိတ် သန္တာန် စိတ်အစဉ်က စင်ကြယ်သွားတဲ့အတွက် ဒီဘဝက သေတဲ့ အခါမှာ စင်ကြယ်ကောင်းမြတ်တဲ့ လူနတ်တို့၏ စိတ်အစဉ် ဆက်ပြီး ဖြစ်သွားတယ်။ အဲဒါကို "လူ ဖြစ်သွားတယ်၊ နတ် ဖြစ်သွားတယ်"လို့ ပြောကြရတာဘဲ။

ဥပေါသထဝန်တ်သို့မဟုတ်ကား ဆက်ပြီး လျှောက်ပြန်ပါတယ်။ "သံယမာ စ၊ ကိုယ်နှုတ်နှလုံးကို စောင့်သုံးခြင်းကြောင့်ဝင်း။ သံဝိဘာဂါ စ၊ ဝေဘန်ပေးကမ်း လှူဒါန်းခြင်းကြောင့်ဝင်း။ အဟံ၊ တပည့်တော်မသည်။ ဝိမာနံ၊ နတ်ဗိမာန်ကို။ အာဝသာမိ၊ အပိုင်ရလျက် နေရပါတယ်" လို့လဲ လျှောက်ပါတယ်။ အဲဒီမှာ "**ကိုယ် နှုတ် နှလုံး စောင့်သုံးခြင်း**" ဆိုတာ အလွန် အရေးကြီးပါတယ်။ ယခုလောကမှာတောင်မှ စောင့်စည်းခြင်းမရှိဘဲ စိတ်ထင်တိုင်း သုံးဖြုန်းပစ်ယင် မကြာခင်ဘဲ မဲ့သွားနိုင်ပါတယ်၊ ဒါတွင်မကသေးဘူး၊ မတော်တာတွေကို ကျူးကျူးလွန်လွန် လျှောက်လုပ်ယင် ရောဂါဝေဒနာတွေလဲ စုံကပ်ပြီး ဒုက္ခရောက်တတ်တယ်၊ ရာဇဝတ်မှု ပြစ်ဒဏ်တွေလဲ သင့်တတ်တယ်။ နောင်တမလွန်အတွက်ကျတော့ စောင့်စည်းမှုက ခုနက ပြောခဲ့တဲ့ အတိုင်း စိတ်သန္တာန်ကို စင်ကြယ်စေနိုင်တဲ့အတွက် ပိုပြီး အရေးကြီးပါတယ်။ လှူဒါန်းပေးကမ်းမှုကြောင့် နတ်ပြည် ရောက်တယ် ဆိုတာကတော့ ဗုဒ္ဓဘာသာဝင်တွေမှာ အလွန် ထင်ရှားနေပါပြီ။ ပြီးတော့ တဖန်ဆက်ပြီး လျှောက်တာကတော့-

အရိယသစ္စာန ကောဝိဒါ- အရိယသစ္စာတွေမှာလဲ သူဟာ ကျွမ်းကျင် လိမ္မာခဲ့ပါတယ် တဲ့။ "**အရိယသစ္စာ**" ဆိုတာ အရိယာတို့ သိအပ် သိထိုက်တဲ့ အမှန်တရားတွေ၊ အရိယာတို့ သိထားတဲ့ အမှန်တရားတွေဘဲ၊ အဲဒီ အမှန်တရားတွေကို ကိုယ်ပိုင်ဉာဏ်နဲ့တွေ့ပြီး သိယင် အရိယာပုဂ္ဂိုလ် ဖြစ်တော့တာဘဲ။ အဲဒါတွေက ဘာတွေလဲ ဆိုယင်၊ (၁) ဒုက္ခသစ္စာ- ဆင်းရဲအစစ်အမှန်တရား၊ (၂) သမုဒယသစ္စာ- ဆင်းရဲဖြစ်ပွါးကြောင်း အစစ်အမှန်တရား။ (၃) နိရောဓသစ္စာ- ဆင်းရဲ

ချုပ်ငြိမ်းရာ အစစ်အမှန်တရား။ (၄) မဂ္ဂသစ္စာ- ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်လမ်းကောင်း လမ်းမှန်တရား၊ ဒီ ၄-ပါးပါဘဲ။ ဒီသစ္စာ ၄-ပါးကိုလဲ သူသိမြင်နားလည်ခဲ့ပါတယ် တဲ့။ ဒါကတော့ အရေးအကြီးဆုံး အချက်ပါဘဲ။ ဒါကြောင့် ဒီအချက်ကို ရှင်းလင်း ပြောကြားရလိမ့်မယ်။

"အရိယသစ္စာတွေမှာ ကျမ်းကျင် သိနားလည်တယ်" ဆိုတာ ကြား နာ ကျက်မှတ်ပြီး တတ်သိတာကို ဆိုလိုတာမဟုတ်ဘူး၊ ကိုယ်တိုင်တွေ့ပြီးတော့ သိသင့်တဲ့အတိုင်း သိပြီး နားလည်တာကိုသာ ဆိုလိုတယ်။ အဲဒါက ဘယ်လို တွေ့ပြီး သိရမှာလဲ ဆိုယင် .... ပရိညာပဟာနသစ္ဆိကိရိယာဘာဝနာဘိသမယ ဝသေန၊ (၁) ပိုင်းခြားရှု သိသဖြင့် သိခြင်း၊ (၂) ပယ်သောအားဖြင့် သိခြင်း၊ (၃) မျက်မှောက်တွေ့သဖြင့် သိခြင်း၊ (၄) မိမိသန္တာန်၌ ဖြစ်ပွားစေသဖြင့် သိခြင်းတို့ အလိုအားဖြင့်။ ဒုက္ခသမုဒယ နိရောဓ မဂ္ဂသံ၄်တေသု စတူသု အရိယသစ္စေသု၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ ဟု ဆိုအပ်သော အရိယသစ္စာ ၄-ပါးတို့၌။ ကုသလာ နိပုဏာ၊ ကျမ်းကျင် လိမ္မာပါသည်။ "ပဋိဝိဒ္ဓစတုသစ္စာ၊ သိအပ်ပြီးသော သစ္စာရှိပါသည်၊ သစ္စာကို သိပြီး ဖြစ်ပါသည်" လို့ ဆိုလိုပါသတဲ့။ အဲဒါက သူ့အဋ္ဌကထာမှာ ပုဒ်ပြထားပုံပါဘဲ။

ယခုဟောခဲ့ဘဲ့ ဝိပဿနာ အခြေခံတရားထဲမှာ "စဲ့လမ်းနိုင်တဲ့ ခန္ဓာငါးပါး- ဥပါဒါနက္ခန္ဓာငါးပါး" ဆိုတာတွေဟာ ဒုက္ခသစ္စာတရားတွေဘဲ။ ဒါကြောင့် အဲဒီ ခန္ဓာတရားတွေကို ရှုပြီးတော့ သိနေတာဟာ ဒုက္ခသစ္စာကို သိနေတာပါဘဲ။ ယခု ရှုမှတ်

နေတဲ့ယောဂီတွေဟာ ရှုတိုင်းရှုတိုင်း, ဖြစ်လိုက် ပျက်လိုက်နဲ့ ဆင်းရဲတွေဘဲလို့ ပိုင်းခြားပြီး သိသိနေတာဟာ ပရိညာဘိသမယ အလိုအားဖြင့် သိသွားတာပါဘဲ၊ ဒါကဝိပဿနာ အဓိုက်မှာသိပုံတဲ့။ အရိယမဂ် ရောက်တဲ့ အခါကျတော့ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကိုတွေ့လိုက်ကာနဲ့ "ဖြစ်ချည်ပျက်ချည်နဲ့ မချုပ်ငြိမ်းတဲ့ သင်္ခေါတွေဟာ ဆင်းရဲချည်းဘဲ" လို့ ပြန်ပြီး ဆင်ခြင်တဲ့အခါမှာ သိနိုင်ပါတယ်။ အဲဒါကတော့ မဂ်ခဏမှာ ဒုက္ခကို ပိုင်းခြားပြီး သိပုံဘဲ၊ ဒီသိပုံကတော့ အာရုံပြုပြီးသိတာ မဟုတ်ဘူး၊ သိခြင်းကိစ္စပြီးသွားရုံပါဘဲ။ ဒါကြောင့် အဋ္ဌကထာများမှာ ဒီလိုသိပုံကို **အာရမ္မဏတော** – အာရုံပြုသိတယ်လို့ မဆိုဘူး၊ **ကိစ္စတော**-သိခြင်းကိစ္စ ပြီးသောအားဖြင့် သိတယ်လို့သာ ဆိုထားတာဘဲ။ သမုဒယသစ္စာ, မဂ္ဂသစ္စာတို့ကို သိရာမှာလဲ ဒီနည်းအတိုင်းဘဲ။ အာရုံပြုပြီးသိတာ မဟုတ်ဘူး၊ ကိစ္စအားဖြင့် သိတာချည်းဘဲ။

ရှုတိုင်း ရှုတိုင်း, ရှုမိတဲ့အာရုံမှာ တပ်မက်သာယာမှု တဏှာ မဖြစ်နိုင်ဘူး၊ အဲဒါကို **ပဟာနာဘိသမယ** လို့ ခေါ်တယ်၊ ပယ်**တာ**ကိုဘဲ သိတယ်လို့ ဆိုလို**တ**ယ်။ ပြန်လည် ဆင်ခြင်ကြည့်မယ်ဆိုယင်,ရှုမိလို့ အနိစ္စ ဒုက္ခ အနတ္တမျှဘဲလို့ သိရတဲ့ အဲဒီအာရုံတွေမှာ တဏှာ မဖြစ်နိုင်ဘူး ငြိမ်းနေတယ် ဆိုတာကို သိနိုင်ပါတယ်၊ ဒါကြောင့် သိခြင်း ကိစ္စပြီးနေလို့ သိတယ်လို့ဘဲ ဆိုရပါတယ်။ ဒါက ဝိပဿနာနဲ့ သိပုံဘဲ။ အရိယမဂ်နဲ့ နိဗ္ဗာန်ကို သိတဲ့သူမှာ ဖြစ်ပေါ်တဲ့ မဂ်နဲ့ဆိုင်ရာ တဏှာဟာ မဖြစ်နိုင်တော့ဘူး၊ **သော**တာပတ္တိမဂ် ဆိုယင် အပါယ် ကျလောက်အောင် ကြမ်းတန်းတဲ့တဏှာ ငြိမ်းတယ်၊ အနာဂါမိမဂ် ဆိုယင် ကာမရာဂတဏှာ အကုန် ငြိမ်းတယ်၊ အရဟတ္တမဂ် ဆိုယင် တဏှာဟူသမျှ

အကုန်လုံး ငြိမ်းတယ်၊ အဲဒီလို သူ့မင်္ဂလာနဲ့ သူ တဏှာငြိမ်းသွားတာဟာ **ပဟာနာဘိသမယပါဘဲ**။ ပြန်ပြီး ဆင်ခြင်ကြည့်ယင် မိမိမှာ ဘယ်လို တဏှာတွေ့ ငြိမ်းသွားတယ် ဆိုတာ သိနိုင်ပါတယ်။ အဲဒါ ပဟာနာဘိသမယပါဘဲ။

ရှုတိုင်း ရှုတိုင်း,ရှုမိတဲ့ အာရုံနဲ့စပ်ပြီး ကိလေသာတွေ့ ကံတွေ့ ဘဝဆင်းရဲတွေ့ မဖြစ်နိုင်ဟော့ဘူး၊ ငြိမ်းသွားကြတယ်၊ ဒီလို ဆင်းရဲ ငြိမ်းခြင်းဟာ ရှုတိုင်း ရှုတိုင်း မိမိကိုယ်တွေ့အားဖြင့် ပြီးစီးနေတယ်၊ဒါဟာ ဝိပဿနာနဲ့ **သန္တိကိရိယာဘိသမယ**ပြီးစီးပုံပါဘဲ။ အရိယမဂ်ခဏမှာတော့ နိဗ္ဗာန်ကို အာရုံပြုပြီး မျက်မှောက် သိသွားပါတယ်။ အဲဒါကတော့ ထင်ရှားနေပါပြီ။

ရှုဘိုင် ရှုတိုင်း, ရုပ်နာမ်၏ သဘောမှန်ကို သိမြင်တဲ့ **သမ္မာဒိဋ္ဌိ** ဖြစ်တယ်၊အနိစ္စစသည်ဖြင့်သိမြင်တဲ့ သမ္မာဒိဋ္ဌိဖြစ်တယ်၊သမ္မာဒိဋ္ဌိဖြစ်ယင် သူ့ယုဉ်ဘော်ယှဉ်ဘက် သမ္မာသင်္ကပ္ပစသည်လဲဖြစ်တော့တာဘဲ။ အဲဒီဖြစ်ပုံတွေ့ကတော့ "**မဂ်လမ်းပေါက်ပုံ**" အခေါ်းမှာ အကျယ်ပြောခဲ့ပြီ။အဲဒီမဂ္ဂင်ရှစ်ပါး တရားတွေ့ ရှုတိုင်းရှုတိုင်း မိမိသန္တာန်ဖြစ်ပွါးနေတာဟာ **ဘာဝနာကိစ္စ**ပြီးစီးနေတာဘဲ၊အဲဒါဟာ**ဘာဝနာဘိသမယ** ပါဘဲ။ဒါက ဝိပဿနာ အခိုက်မှာ သိပုံဘဲ။ အရိယမဂ် ခဏမှာတော့ အရိယမဂ္ဂင်ရှစ်ပါး ဖြစ်ပေါ်ပြီး နိဗ္ဗာန်ကို သိမြင်သွားပါတယ်၊အဲဒါဟာလဲ **ဘာဝနာဘိသမယ** ပါဘဲ။ မဂ်ဖိုလ်ရောက်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ ပြန်ပြီးဆင်ခြင်ကြည့်ယင် အဲဒီအရိယမဂ် ဖြစ်သွားပုံကို သိနိုင်ပါတယ်။ ဒါကြောင့် မဂ်ခဏမှာ သိတယ်လို့ဘဲ ဆိုရပါတယ်။ဖြောင့်ဖြောင့် ပြောရမယ် ဆိုယင် သိခြင်းကိစ္စ ပြီးသွားရုံပါဘဲ။ ဒါကြောင့် ဒီလိုသိတာကိုလဲ **ကိစ္စဓာတ်**လို့သာ ပြဆိုထားပေတာဘဲ။

ယခုပြောခဲ့တဲ့ အတိုင်း ဒုက္ခသစ္စာ ထိုက်တဲ့ ရုပ်နာမ်တရားတွေကို ဆင်းရဲအနေအားဖြင့် ပိုင်းခြားသိလျှင်၊ သမုဒယ သစ္စာ ထိုက်တဲ့ တဏှာကို ပယ်လျှင်၊ နိရောဓသစ္စာကိုမျက်မှောက်ပြုလျှင်၊ မဂ္ဂသစ္စာထိုက်တဲ့ မဂ္ဂင်ရှစ်ပါးကို မိမိသန္တာန်မှာ ဖြစ်ပွါးစေလျှင် သစ္စာ ၄-ပါးကို သိတယ် ကျွမ်းကျင်တယ်လို့ ဆိုရပါတယ်။ ဒါကြောင့် ဥပေါသထာ နတ်သမီးက "အရိယသစ္စာ ၄-ပါးမှာ သူ ကျွမ်းကျင်ပါတယ်"လို့ ဆိုတာဟာ ဝိပဿနာမင်္ဂ အရိယမင်္ဂနဲ့ သူကိုယ်တိုင်တွေ့ပြီး သစ္စာ ၄-ပါးကို သိခဲ့ပါတယ်၊ အဲဒီလို သိပြီး သောတာပန် ဖြစ်ခဲ့ပါတယ်လို့ ဆိုလိုပါတယ်။

သစ္စာ ၄-ပါးကို သိယင် အရိယဓမ္မ--အရိယာ ဖြစ်ကြောင်း တရားတွေလဲ သိတော့တာဘဲ။ အဲဒီ အရိယဓမ္မတွေကို ဒီဝိမာန ဝတ္ထုမှာ ဖေါ်ပြမထားပေမယ်လို့ သိသင့် သိထိုက်တဲ့အတွက် တခြားသုတ်တွေက ဆောင်ပြီး ဖေါ်ပြဦးမယ်။

အရိယာတို့၏တရား

အရိယာတို့၏ တရား, အရိယာဖြစ်ကြောင်း တရား ဆိုတာ "သုတဝါ အရိယသာဝကော အရိယာနံ ဒဿာဝီ အရိယဓမ္မဿ ကောဝိဒေါ" ဆိုတဲ့ ဒေသနာမျှားမှာ ဟောထားပါတယ်။

သုတဝါ၊ အကြား အမြင်နှင့် ပြည့်စုံသော။ အရိယသာဝကော၊ မြတ်စွာဘုရား၏ တပည့်တော်သည်။ အရိယာနံ ဒဿာဝီ၊ အရိယာတို့ကို ဉာဏ်မျက်စိဖြင့် သိမြင်သည် ဖြစ်၍။ မိမိက အရိယာ မဟုတ်သေးယင် "အရိယာ" ဆိုတာ "ဘယ်လို ပုဂ္ဂိုလ်ဘဲ" လို့ ဉာဏ်နဲ့ မသိနိုင်သေးဘူး၊ မိမိက အရိယာ ဖြစ်နေယင်

တော့ "အရိယာ"ဆိုတာ"ငါလို ပုဂ္ဂိုလ်ဘဲ"လို့ သိနိုင်ပါတယ်။ အဲဒီလို သိတာကို ဉာဏ်မျက်စိဖြင့် သိမြင်တယ်လို့ ဆိုပါတယ်။ ဥပမာ....ရှင်ရဟန်း မပြုဘူးသေးတဲ့ သူတွေက"ရှင်ရဟန်း" ဆို တာ ဘယ်လိုကျင့်, ဘယ်လို နေထိုင် ရတယ် ဆိုတာကို ကိုယ် တိုင်တွေ့အားဖြင့် မသိရသေးဘူး၊ ရှင်ရဟန်း ပြုဘူးတဲ့သူကတော့ "ဒီလိုကိုး"ဆိုတာ တိတိကျကျ သိရတယ်။ တနည်းအားဖြင့် ယောဂီအဖြစ်နဲ့ တရားအားမထုတ်ဘူးတဲ့ သူတွေက "ယောဂီ" ဆိုတာ "ဘယ်လိုကျင့်, ဘယ်လို နေထိုင်ရတယ်"ဆိုတာ ကိုယ် တိုင်တွေ့အားဖြင့် မသိရသေးဘူး၊ ယောဂီအဖြစ်နဲ့ အားထုတ် ဘူးတဲ့သူကတော့ အဲဒါကို သေသေချာချာ သိရတယ်။ ဒါလို ပါဘဲ အရိယာ ဖြစ်သွားတော့ "အရိယာ"ဆိုတာ "ဒီလိုစိတ် အနေအထားရှိတဲ့ ပုဂ္ဂိုလ်ဘဲ"လို့ ကိုယ်တိုင် တွေ့အားဖြင့် သိသွားတယ်၊ ဒါကြောင့်-

အရိယာနံ ဒဿာဝီ၊ အရိယာတို့ကို ဉာဏ်မျက်စိဖြင့် သိမြင် သည် ဖြစ်၍။ အရိယဓမ္မဿ ကောဝိဒေါ၊ အရိယာတို့၏ တရား၌ ကျွမ်းကျင် လိမ္မာသည် ဖြစ်၍။ (အတ္တတော နု သမနုပဿတိ၊ အတ္တဟု မရှုမထင်မှတ် တဲ့) အရိယာတို့၏ တရား ဆိုတာ "**သတိပဋ္ဌာနာဒိဘေဒေ အရိယဓမ္မေ**"လို့ ဖွင့်ပြထားတဲ့ အဋ္ဌ ကထာအရ သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ဣန္ဒြေငါးပါး၊ ဗိုလ် ငါးပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါး ဆိုတဲ့ ဒီဗေဒမိပက္ခိယ တရားတွေပါဘဲ။ အမျိုး အစား အားဖြင့် ၇-မျိုးရှိပါတယ်။ဒီ၇-မျိုးထဲက တမျိုးမျိုးကို ကောင်း ကောင်းနားလည်ယင် ကျန် ၆-မျိုးကိုလဲ အကုန်လုံး နားလည် တော့တာပါဘဲ၊ ဒါကြောင့် သစ္စာ ၄-ပါးကို သိယင် အရိယဓမ္မ

ကိုလဲ သိတယ်လို့ ပြောခဲ့တာ။ဘာကြောင့်လဲဆိုယင် သစ္စာ၄-ပါး ထဲမှာ မဂ္ဂင် ရှစ်ပါး ဆိုတဲ့ အရိယာမဂ္ဂင်က ပါဝင်နေလို့ပါဘဲ။

နားလည်ကျမ်းကျင်ပုံကတော့- သတိပဋ္ဌာန် အစရှိတဲ့ အဲဒီတရား ၇-မျိုးကို မိမိသန္တာန်မှာ ဖြစ်ပွါးအောင် အားထုတ်လို့ ဖြစ်နေယင် အဲဒါကို ကိုယ်တိုင်တွေ့အားဖြင့် နားလည် ကျမ်းကျင်တော့တာပါဘဲ၊ ဒီလို နားလည်တာကို ဆိုလိုပါတယ်၊ ကျက်မှတ်လေ့လာပြီး သဘောကျရုံမျှကိုတော့ ဆိုလိုတာ မဟုတ်ပါဘူး၊ ကိုယ်တွေ့ နားလည်တာကိုသာ ဆိုလိုပါတယ်။

အရိယာဖြစ်မည့်ယောဂိဟာ "ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ" ဆိုတဲ့ ဒေသနာတော်အရ သွားတဲ့အခါမှာ "သွားတယ်၊ သွားတယ်" လို့ဘဲ ဖြစ်ဖြစ်၊ "ကြွတယ်၊ လှမ်းတယ်၊ ချတယ်" လို့ဘဲ ဖြစ်ဖြစ်၊ ဒီလို မပြတ်ရှုမှတ်ပြီး သွားရတယ်။ ဒီလို ရှုမှတ်ပြီး သွားတော့ ရှုတိုင်း ရှုတိုင်း အမှတ်ရတဲ့ **သတိ** ဖြစ်တယ်၊ အဲဒီ ရှုမိတဲ့အာရုံကို **သိ**တဲ့ **ဉာဏ်**လဲ ဖြစ်တယ်၊ သွားချင်တဲ့စိတ်နဲ့ သွားရပ်ကလေးတွေရော ရှုမှတ်တဲ့စိတ်ရော ဖြစ်လို့က် ပျောက်လို့က်နဲ့ ဖြစ်ပျက်နေတာကို သိသိသွားတဲ့**ဉာဏ်**ပါဘဲ။ အဲဒီလို ရှုတိုင်း ရှုတိုင်း ဖြစ်ပေါ်နေတဲ့ အမှတ်သတိနဲ့ အသိဉာဏ်ဟာ **ကာယာနုပဿနာသတိပဋ္ဌာန်** ဘဲ။

ပြီးတော့ "ဒုက္ခံ ဝေဒနံ ဝေဒယာမိတိ ပဇာနာတိ" ဆိုတဲ့ ဒေသနာတော်အရ ပူမှု နာမှု စသည် ဖြစ်တိုင်း ဖြစ်တိုင်း "ပူတယ်၊ ပူတယ်" "နာတယ်၊ နာတယ်" စသည်ဖြင့် ရှုမှတ်ပြန်တော့လဲ အဲဒီဝေဒနာကလေးတွေ ဖြစ်လို့က် ပျောက်လို့က်နဲ့ ဖြစ်ပျက်နေတာကို ဒုမှတ်ရပြီး သိသိသွားတယ်။ အဲဒါက **ဝေဒနာနုပဿနာသတိပဋ္ဌာန်** ဘဲ။

ပြီးတော့ "သရုဂံ ဝါ စိတ္တံ သရုဂံ စိတ္တန္တိ ပဇာနာတိ" အစရှိတဲ့ ဒေသနာတော်အရ စိတ်ကူး ကြံသိမှုကလေးတွေ ဖြစ်တိုင်း "တပ်မက်တယ်၊ နှစ်သက်တယ်" စသည်ဖြင့် ရှုမှတ်ပြန်တော့လဲ စိတ်ကလေးတွေ ဖြစ်လိုက် ပျောက်လိုက်နဲ့ ဖြစ်ပျက်နေတာကို အမှတ်ရပြီး သိသိသွားတယ်။ အဲဒါက စိတ္တာနုပဿနာသတိပဋ္ဌာန် ဘဲ။

ပြီးတော့ "သန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ" အစရှိတဲ့ ဒေသနာတော်အရ "လိုချင်တယ်၊ နှစ်သက်တယ်" စသည်ဖြင့် ရှုမှတ်ပြန်တော့လဲ ကာမစ္ဆန္ဒ အစရှိတဲ့ သဘောတရားတွေ ဖြစ်လိုက် ပျောက်လိုက်နဲ့ ဖြစ်ပျက်နေတာကို အမှတ်ရပြီး သိသိသွားတယ်။ အဲဒါက ဓမ္မာနုပဿနာသတိပဋ္ဌာန် ဘဲ။

ယခု ဒီသာသနာ့ရိပ်သာမှာ တရားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ယခုပြောခဲ့တဲ့အတိုင်း အကုန်လုံးဘဲ ရှုမှတ်ပြီး ကိုယ်တိုင်တွေ့ သိနေကြတယ် မဟုတ်လား၊ ဒီလို သိနေတာဟာ အရိယဓမ္မသဲ ကောဝိဒေါ- သတိပဋ္ဌာန် ၄-ပါးဆိုတဲ့ အရိယာတို့၏ တရားမှာ ကျမ်းကျင် နားလည်နေတာပါဘဲ၊ ရှုတိုင်း မှတ်တိုင်း အရိယဓမ္မကို နားလည်နေတယ်၊ အင်မတန် အဘိုးတန်တဲ့ အလုပ်ပဲ။ သတိပဋ္ဌာန် ၄-ပါး ဖြစ်ပွါးနေလျှင် သမ္မပ္ပဓာန် ၄-ပါးလဲ ဖြစ်ပွါးနေတော့တာပါဘဲ။

ဖြစ်ပုံကတော့-ရှုတိုင်း ရှုတိုင်း ရှေးက ဖြစ်ဘူးတဲ့ အကုသိုလ်တွေကို ပယ်နိုင်အောင် အားထုတ်နေတာလဲ ဟုတ်တယ်၊ မဖြစ်ဘူးသေးတဲ့ အကုသိုလ်တွေ ဖြစ်ခွင့်မရအောင် မဖြင်နိုင်

အောင် အားထုတ်နေတာလဲ ဟုတ်တယ်၊ မဖြစ်ဘူးသေးတဲ့ ဝိပဿနာကုသိုလ် မဂ်ကုသိုလ်တွေ ဖြစ်အောင် အားထုတ်နေတာလဲ ဟုတ်တယ်၊ ဖြစ်ပြီး ဝိပဿနာဉာဏ်တွေ တိုးတက်ပြည့်စုံသွားအောင် အားထုတ်နေတာလဲ ဟုတ်တယ်။ ဒါကြောင့် ရှုတိုင်း မှတ်တိုင်း သမ္မပ္ပဓာန် ၄-ပါးလဲ အလိုလို ပါဝင်ပြည့်စုံနေပါတတ်။

ပြီးတော့ ဣဒ္ဓိပါဒ် ၄-ပါး ဆိုတာလဲ ထိုက်သည့်အားလျော်စွာ ပါဝင်ပြည့်စုံနေပါတယ်။ တရားအားထုတ်တယ် ဆိုယင် လိုလားတဲ့ဆန္ဒကို အားကိုးပြီး ထက်သန်တဲ့ဆန္ဒနဲ့ အားထုတ်တာယင်လဲ ဖြစ်ရမယ်၊ လုံ့လဝီရိယကို အားကိုးပြီး ထက်သန်တဲ့ ဝီရိယနဲ့ အားထုတ်တာယင်လဲ ဖြစ်ရမယ်၊ စိတ်ဓာတ်ကို အားကိုးပြီး ထက်သန်တဲ့စိတ်နဲ့ အားထုတ်တာယင်လဲ ဖြစ်ရမယ်၊ အသိဉာဏ်ကို အားကိုးပြီး ထက်မြက်တဲ့ အသိဉာဏ်နဲ့ အားထုတ်တာယင်လဲ ဖြစ်ရမယ်။ မဂ်ရောက် ဖိုလ်ရောက် တကယ်တမ်း အားထုတ်ယင် ဒီဆန္ဒ, ဝီရိယ, စိတ်, ဝီမံသ ဆိုတဲ့ ၄-မျိုးထဲက တမျိုးမျိုးကတော့ ထက်သန်ရမယ်၊ ထက်သန်မှလဲ ပြည့်စုံနိုင်တယ်။ ဒါကြောင့် ရှုတိုင်း မှတ်တိုင်း ဣဒ္ဓိပါဒ် ၄-ပါးထဲက တပါးပါးတော့ ပါဝင်နေပါတယ်။

ပြီးတော့ ရှုတိုင်း မှတ်တိုင်း "သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ" ဆိုတဲ့ ဒီငါးန္ဒြေငါးပါးကလဲ ပါဝင်နေတာဘဲ။ တရားအားထုတ်တယ် ဆိုတာဟာ "ဒီလိုရှုယင် ဝိပဿနာဉာဏ် ဖြစ်တယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်တယ်" လို့ ယုံကြည်လို့ အားထုတ်တာဘဲ၊ မယုံကြည်ယင် ဘယ်မှာ

အားထုတ်မလဲ၊ ဒါကြောင့် ရှုတိုင်း မှတ်တိုင်း ယုံကြည်မှု သဒ္ဓါတရား ပါဝင်နေတယ်။ အထူးအားဖြင့် ဥဒယဗ္ဗယဉာဏ်, သခ်ါရုပေက္ခာဉာဏ် စခန်းများမှာ စိတ်ကလေးဟာ တခါတရံ ဘာကြည်တာနဲ့မှ မတူဘဲ အထူးသဖြင့် ကြည်လင်နေတာကို ယောဂီအများဘဲ တွေ့ကြရပါတယ်။ အဲဒါဟာ ထက်သန်တဲ့ သဒ္ဓါတရားပေါ့။ အားထုတ်မှု ဝီရိယ၊ အမှတ်ရမှု သတိ၊ စူးစိုက်တည်ကြည်မှု သမာဓိနဲ့ အသိဉာဏ် ပညာတွေ ပါဝင်နေတာကတော့ ထင်ရှားနေပါပြီ။

ပြီးတော့ ဣန္ဒြေငါးပါး ပါဝင်ယင် ဗိုလ်ငါးပါးလဲ ပါဝင်တော့တာဘဲ၊ **ဒုဇ္ဇြေ** နဲ့ **ဗိုလ်** ဆိုတာဟာ အမည်လောက်သာ ကွဲပါတယ်၊ တရားကိုယ်ကတော့ အတူတူပါဘဲ။

ပြီးတော့ ဗောဇ္ဈင် ၇-ပါး ဆိုတာလဲ ထိုက်သည်အားလျော်စွာ ပါဝင်နေပါတယ်။ ရှုတိုင်း ရှုတိုင်း အမှတ်ရတဲ့ သတိက **သတိသမ္ဗောဇ္ဈင်** ဘဲ၊ သိတဲ့ဉာဏ်ပညာက **ဓမ္မဝိစယသမ္ဗောဇ္ဈင်** ဘဲ၊ အားထုတ်တာက **ဝီရိယသမ္ဗောဇ္ဈင်** ဘဲ၊ တခါတရံမှာ ဖြစ်ပေါ်လာတဲ့ နှစ်သိမ့်အားရမှုက **ပီတိသမ္ဗောဇ္ဈင်** ဘဲ၊ တခါတရံ ကြောင့်ကြဗျာပါရ အေးငြိမ်းပြီး သက်သာနေတာက **ပဿဒ္ဓိသမ္ဗောဇ္ဈင်** ဘဲ၊ စူးစိုက်တည်ကြည်တာက **သမာဓိသမ္ဗောဇ္ဈင်** ဘဲ၊ မယုတ်မလွန် အညီအမျှဖြစ်နေတဲ့သဘောက **ဥပေက္ခာသမ္ဗောဇ္ဈင်** ဘဲ၊ အဲဒီလိုအခါမှာ အထူးကြောင့်ကြ မစိုက်ရဘဲနဲ့ မှတ်သိမှုက သူ့အလိုလို သွားနေသလိုဘဲ ဖြစ်နေတတ်ပါတယ်။ ဒါကြောင့် ဒီဗောဇ္ဈင် ၇-ပါးလဲ ထိုက်သည်အားလျော်စွာ ပါဝင်နေပါတယ်။ မဂ္ဂင်၈စ်ပါး ပါဝင်တဲ့

အကြောင်းကတော့ ဒီနေရာမှာ ထပ်ပြောဘို့ မလိုပါဘူး။ ဒါကြောင့် အရိယာပုဂ္ဂိုလ်၏ ဂုဏ်ကိုပြတဲ့ ဒေသနာတော်မှာ-

"**အရိယဓမ္မသာ ကောဝိဒါ**- အရိယာတို့၏ တရားမှာ ကျွမ်းကျင်လိမ္မာတယ်"လို့ ချီးကျူးထားပါတယ်။အဲဒီဂုဏ်ပုဒ်နဲ့ ညပေါသထာနတ်သို့းက ပြောတဲ့ **အရိယသစ္စကောဝိဒ** ဆိုတဲ့ ဂုဏ်ပုဒ်ဟာ အနက်အဓိပ္ပါယ်အရအားဖြင့် တူညီနေပါတယ်။ ဒါကြောင့် ဗဟုသုတအဖြစ် မှတ်သား နားလည် ရအောင်လို့ အဲဒီ **အရိယဓမ္မကောဝိဒ** ဆိုတဲ့ ဂုဏ်ပုဒ်ကို ဒီမှာ ယူပြီး ဖေါ်ပြလိုက်တာ တဲ့။ ကဲ ညပေါသထာနတ်သို့းအကြောင်း ပြန်ဆက်ကြဦးစို့။

ဘဒ္ဒေ၊ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ပဥ္စသိက္ခာပဒေရတာ၊ငါးပါးသီလ သိက္ခာပုဒ်ကို စောင့်ရှောက်မှုဌ မေ့ လျော့သော။ အရိယသစ္စာန ကောဝိဒါ၊ အရိယာသစ္စာ ၄-ပါးတို့ဌ ကျွမ်းကျင်လိမ္မာသော။ညပါသိကာ၊ ဆည်းကပ်သော ညပါသိကာမသည်။ အာသိ၊ ဖြစ်ခဲ့ပါသည် အရှင်ဘုရား။ဘယ်ဘုရား၏ တပည့် ညပါသိကာမလဲလို့ ဆိုတော့-စက္ခုမတော၊ မျက်စိငါးမျိုးနှင့် ပြည့်စုံတော်မူသော။ ယသဿိ နော၊ များသော အခြံအရံ အကျော်အစော ရှိတော်မူသော။ ဂေါတမဿ၊ ဂေါတမအနွယ်တော်ဘွား ရှင်တော်မြတ်ဘုရား၏။ ညပါသိကာ၊ ဆည်းကပ်ကိုးကွယ်သူ တပည့်မသည်။အာသိ၊ ဖြစ်ခဲ့ပါသည် အရှင်ဘုရား တဲ့။

တေန၊ယခု လျှောက်ထားခဲ့သော ထိုကောင်းမှုအပေါင်းကြောင့်။ မေ၊တပည့်တော်မအား။တောဒိသော ဝဏ္ဏော၊ထို့ကဲ့

သို့ တဆဲနှစ်ယူဇနာတိုင်တိုင် တောက်ပသောကိုယ်ရောင်ကိုယ်ဝါ တင့်တယ်စွာသော အဆင်းသည်။ဖာတော၊ဖြစ်ပေါ်နေပါသည် အရှင်ဘုရား။ တေန၊ယခု လျှောက်ထားခဲ့သော ထိုကောင်းမှု အပေါင်းကြောင့်။ဣဓ၊ ဤနတ်ပြည်လောကဌ်။မေ၊တပည့်တော် မအား။ ဣဇ္ဈတိ၊ ကောင်းကျိုးအဖုံဖုံ ပြည့်စုံပြီးစီးနေပါသည် အရှင်ဘုရား။မနဿော ပိယာ၊စိတ်ဖြင့်ချစ်အပ် လိုလားအပ်ကုန် သော။ယေ ကေစိ ဘောဂါ စ၊အလုံးစုံသော အသုံးအဆောင် နတ်စည်းစိမ်တို့သည်လည်း။ဥပပဇ္ဇန္တိ၊အပြည့်အစုံ ဖြစ်ပေါ်လျက် ရှိပါကုန်သည် အရှင်ဘုရား လို့ ဒီလို လျှောက်ထားပါတယ်။ အဲဒီလို လျှောက်ထားပြီးတော့ သူ့စိတ်ထဲမှာ အားမရ မကျေ မနပ်ဖြစ်ပြီး စိတ်ပူပန်နေပုံကလေးကိုလဲ ဆက်ပြီးတော့ လျှောက် ပြန်ပါတယ်။

အဘိက္ကဏံ နန္ဒနံ သုတ္တာ၊ဆန္ဒော ဧမေ ဥဒပဇ္ဇထ။
တတ္ထ စိတ္တံ ပဏီဓာယ၊ဥပပန္နာမို့ နန္ဒနံ တဲ့။

နန္ဒနံ၊တာဝတိံသာ နတ်ပြည်က နန္ဒဝန်ဥယျာဉ်အကြောင်း ကို့။အဘိက္ခဏံ သုတ္တာ၊မကြာခဏ ကြားနာရသောကြောင့်။မေ၊ တပည့်တော်မအား။ ဆန္ဒော၊တာဝတိံသာနတ်ပြည်၌ ဖြစ်လို သော ဆန္ဒသည်။ ဥဒပဇ္ဇထ၊ ဖြစ်ပေါ်ခဲ့ပါသည်။ တတ္ထ၊ထို တာဝတိံသာနတ်ပြည်၌။စိတ္တံ ပဏီဓာယ၊စိတ်ညွတ်မိ တောင့်တ မိသောကြောင့်။ နန္ဒနံ၊ နန္ဒဝန်ဥယျာဉ်ရှိရာ တာဝတိံသာနတ် ပြည်၌။ဥပပန္နာ အမှီ၊ဖြစ်နေရပါသည် အရှင်ဘုရား တဲ့။

နန္ဒဝန်ဥယျာဉ်အကြောင်း တာဝတိံသာနတ်ပြည်အကြောင်း ကို့ ခဏခဏ ကြားရပါတယ် တဲ့။ဟိုတုန်းက မြတ်စွာဘုရားကလဲ

နတ်ပြည်လောကအကြောင်းဘဲကို ကိုယ်တော်တိုင်တွေ့မြင်ပြီး ဟောနေတယ်၊အရှင်မဟာမောဂ္ဂလာန် အစရှိတဲ့ မထေရ်မြတ် တွေကလဲ နတ်ပြည်လောကကို ကိုယ်တိုင်သွားရောက်ပြီး တွေ့ခဲ့ တဲ့အကြောင်းအရာတွေကို ပြောဟောနေတယ်။ဒီတော့ တာ ဝတိံသာအကြောင်း နန္ဒဝန်ဥယျာဉ်အကြောင်းတွေကတော့ အဲဒီတုန်းက အင်မတန် ထင်ရှားနေမှာပါ၊ယခုနေအခါမှာ ဥရောပအကြောင်း အမေရိကအကြောင်းတွေကို လူအများက ထင်ရှား သိနေကြရသလိုနေမှာပါဘဲ။ ဒီလို နတ်စည်းစိမ်တွေ ကောင်းကြောင်း ချမ်းသာကြောင်းတွေကို ခဏခဏ ကြားနေ ရတော့ အဲဒီတာဝတိံသာနတ်ပြည်မှာ ဖြစ်ချင်တဲ့စိတ်တွေ သူ့ မှာ ဖြစ်လာပါတယ် တဲ့၊ဒါကြောင့် သူဟာ သောတာပန် အဖြစ်လောက်နဲ့ အားရကျေနပ်ပြီး, တာဝတိံသာမှာ ဖြစ်ချင် တဲ့စိတ်ရှိတဲ့အတွက် အထက်မဂ်ဖိုလ်တွေရဖို့အောင် အားမထုတ် ဘဲ နေခဲ့လို့ အဲဒီ လူ့ဘဝက စုတေတဲ့အခါ တာဝတိံသာ မှာဘဲ ဖြစ်နေရပါတယ် တဲ့။

အဲဒါကို ယခု လူတွေ အမြင်နဲ့ ကြည့်ယင် "အဲဒီ နတ် ပြည်မှာ ဖြစ်တာ အကောင်းသားဘဲ၊ဒါကတော့ မကျေနပ်စရာ မရှိပါဘူး" လို့ ထင်စရာရှိပါတယ်။ ကိုယ့်မျှော်လင့်ချက်နဲ့ မကိုက် ယင် မကျေနပ်စရာရှိတာပါဘဲ။နတ်ပြည် မရောက်ခင်တုန်းက တော့ "နတ်ပြည်ဆိုတာ သိပ်ကောင်းတယ်"လို့ သူ ထင်ထား ဟန် တူပါတယ်၊တကယ် ရောက်တဲ့အခါကျတော့ သူ ထင် သလောက်က မကောင်းတော့ သူ့ စိတ်မှာ မကျေမနပ် ဖြစ်နေ ဟန် တူပါတယ်။ဟုတ်တယ်၊ယခု လူ့ပြည်မှာလဲ ကိုယ်မရောက် ဘူးတဲ့မြို့ရွာတွေ နိုင်ငံခြားတွေများ သွား ကြည့်လိုက်ရယင်

သိပ်ကောင်းလိမ့်မယ်လို့ ထင်ထားတတ်ကြတယ်၊တကယ် သွားကြည့်တဲ့အခါကျတော့ ဘာမှ မထူးလှပါဘူး၊လူတွေဟာ စားဝတ်နေရေးတွေနဲ့ အမြဲမပြတ် ကြောင့်ကြစိုက် လုပ်ကိုင်နေကြတာကိုတွေ့ရတာပါဘဲ၊ထင်သလောက် မထူးလှပါဘူး။

လူတွေက "နတ်ပြည်ရောက်ယင် ကြောင့်ကြမှု တောင့်တမှုတွေ့ မရှိတော့ဘဲ အင်မတန် ချမ်းသာလိမ့်မယ်"လို့ မျှော်လင့်နေတတ်ကြတယ်။နတ်ပြည် ဆိုတာ လူ့ပြည်နဲ့ စာကြည့်ယင်တော့ "အမျှားကြီးဘဲ ချမ်းသာတယ်၊ကောင်းတယ်"ဲ့ို့ ဆိုရမှာပါဘဲ၊ဒါပေမယ့် မကောင်းတာကလေးတွေကလဲ ရှိသေးတာဘဲ။ဘယ်လိုဟာတွေလဲ ဆိုယင်၊ တဏှာအလိုအတိုင်း မပြည့်နိုင်တာရယ်၊အမြဲမတည်တာရယ် ဒီလိုဟာ တွေပါဘဲ။နတ်ပြည်မှာ "မိမိကံအားလျော်စွာ ပြည့်စုံနေတယ်"လို့ ဆိုရမှာပါဘဲ၊သို့ပေမယ့် ကာမဂုဏ်ဆိုတာ သုံးဆောင်ခံစားလို့ အားရရောင့်ရဲတယ်လို့လဲ မရှိဘူး၊ သူတပါးနဲ့လဲ စပ်ဆိုင်နေလို့ ကိုယ့်အလိုအတိုင်း ဘယ်တော့မှ မပြည့်စုံနိုင်ဘူး၊ ရောက်ရာနတ်ပြည်မှာ ကိုယ့်ထက် ကံကြီးမားပြီး အဆင့်အတန်းမြင့်နေတာတွေ့ကလဲ ရှိနေဦးမယ်၊သူမျှားလို အဆင့်အတန်းမြင့်ချင် ပြည့်စုံချင်တာတွေ့ကလဲ ရှိဦးမယ်။ဥပမာအားဖြင့် တောရွာက လူတယောက် ဒီရန်ကုန်မြို့မှာ လာနေတယ် ဆိုယင်၊မူလရွာမှာနေရတာထက်တော့ ကောင်းတယ်လို့ ဆိုရမှာပါဘဲ၊ဒါပေမယ့် ကိုယ့်ထက်မြင့်တဲ့လူတွေကို ကြည့်ပြီး ကိုယ့်အခြေအနေကို အားမရစရာ ဖြစ်နိုင်ပါတယ်။နတ်ပြည်မှာလဲ အဲဒါလို ဖြစ်နိုင်ပါတယ်။သိကြားမင်းကြီးတောင်မှ သူ့ထက်သာတဲ့ နတ်သားကြီးတွေက ရှိနေလို့ စိတ်ဆင်းရဲရသေးတယ် ဆိုဘဲ။ပြီးတော့ တရားဘက်က နေ

ကြည့်လိုက်ယင် အဲဒီနတ်စည်းစိမ်က အမြဲတည်ဲနေတာလဲ မဟုတ်ဘူး၊ တနေ့ကျတော့ နတ်ဘဝက စုတေပြီး မိမိလက်ရှိစည်းစိမ်တွေကို စွန့်သွားရဦးမယ်။ ပြီးတော့ နတ်ကာမဂုဏ်တွေက ဘယ်လိုဘဲ ပြည့်စုံတယ် ကောင်းတယ် ဆိုပေမယ့်လို့ ခံစားပြီးယင် ဘာမှ အနှစ်သာရ ကျန်ရစ်တာမဟုတ်ဘူး၊ အိပ်မက်သဖွယ် ဖြစ်နေပါတယ်၊ မျက်လှည့်ပြတာနဲ့လဲ တူနေပါတယ်။ ဒါကြောင့် ဥပေါသထာနတ်သမီးက တရားသဘောနဲ့ ဆင်ခြင်ပြီး မကျေနပ်တာလဲ ဖြစ်နိုင်ပါတယ်။ဒါကြောင့် သူ မကျေနပ်ပုံကို ဆက်ပြီး လျှောက်ထားပြန်ပါတယ်။

နာကာသိ သတ္ထု ဝစနံ၊ ဗုဒ္ဓဿ ဒိစ္စ ဗန္ဓုနော။
ဟိနေ စိတ္တံ ပဏိဓာယ၊ သာမို့ ပစ္ဆာနုတာပိနီ တဲ့။

ဘန္တေ၊ အရှင်မဟာမောဂ္ဂလာန်ဘုရား။ အဟံ၊ တပည့်တော်မသည်။ အာဒိစ္စ ဗန္ဓုနော၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ သတ္ထု ဗုဒ္ဓဿ၊ ဆရာသခင် ဘုရားရှင်၏။ ဝစနံ၊ အဆုံးအမ စကားတော်ကို။ နာ အကာသိ၊ အပြည့် အစုံလိုက်နာ၍ မကျင့်မိခဲ့ပါ။ ဟိနေ၊ ယုတ်ညံ့သော နတ်ပြည်လောကဌ်။ စိတ္တံ ပဏိဓာယ၊ စိတ်ညွတ်မိ တောင့်တမိသောကြောင့်။ သာ၊ ထို တပည့်တော်မသည်။ ပစ္ဆာနုတာပိနီ၊ နောင်တ တဖန် ပူပန်ရသည်။ အမို့၊ ဖြစ်နေပါသည် အရှင်ဘုရား တဲ့။

မြတ်စွာဘုရားကတော့ “ဘဝ ဆိုယင် ဘယ်ဘဝမှ မကောင်းဘူး၊ ဘဝ ရှိယင် အိုရမယ်၊ နာရမယ်၊ သေရမယ်၊ စိုးရိမ်ပူဆွေးရမယ်၊ ငိုကြွေးရမယ်၊ ကိုယ်ပင်ပန်း ဆင်းရဲရမယ်၊ စိတ်နှလုံး

မသာ ဆင်းရဲ ပင်ပန်းရမယ်။ ဒါကြောင့် ဘဝ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို အရဟာတ္တဖိုလ်ဖြင့် ရောက်အောင် အားထုတ်ရမယ်” လို့ချည်း ဆုံးမညွှန်ကြားနေပါတယ်၊ သို့သော်လဲ ဥပေါသထာကတော့ နတ်ဘဝ ဆိုယင် သက်သာရာရပြီး ချမ်းသာပါပြီ လို့ နှလုံး သွင်းပြီးတော့ တာဝတိံသာ နတ်ပြည်လောက်သာ စိတ်ညွှတ် လာခဲ့တယ်၊အရဟာတ္တ မဂ်ဖိုလ်ရောက်အောင် အားမထုတ်ခဲ့မိဘူး တဲ့။ မူလကတော့ နတ်ပြည် ဆိုယင် မြင့်မြတ်လှပြီလို့ထင်ပြီး တောင့်တခဲ့သော်လဲ ယခု နတ်ပြည်ရောက်တဲ့ အခါကျတော့ တရားနဲ့ဆင်ခြင်ကြည့်လိုက်တဲ့ အခါမှာ မူလက ထင်သလောက် မမြင့်မြတ်ဘဲ ဖြစ်နေလို့“ဟီနနယုတ်ညံ့တဲ့ နတ်ပြည် လောက” လို့ရှုတ်ချပြီး လျှောက်ထားပါတယ်။ အဘိုးတန်ပစ္စည်း ထင်ပြီး ဝယ်ယူလာခဲ့ရာမှာ အိမ်ရောက်လို့ ဖြေဖြန့်ကြည့်တော့မှ အဘိုးတန်မဟုတ်တာကို သိရလို့ စိတ်ပျက်ရတာနဲ့ တူနေပါတယ်” ဒီတော့ ဘုရားသာသနာမှာ စျေးဝယ်မမှားဘို့လဲ အရေးကြီးပါတယ်၊ အဝယ် မှားသွားယင် ဟိုနတ်ပြည် ရောက်တော့မှ ဥပေါသထာ နတ်သို့မီးလို့ နောင်တပူပန် နေကြရဦးမယ်။ အဲဒါကိုလဲ သတိပြုကြပေါ့။

ဒီနေရာမှာ “ဒီနတ်သို့မီးကလဲ ဘာကြောင့် ဒါလောက် ကြီးကြီးကျယ်ကျယ် ခွဲပြီး ပြောနေရတာလဲ၊ လူ့ဘဝတုန်းက အားမထုတ်ခဲ့မိယင် နတ်ဘဝမှာ အားထုတ်လို့ရောပေါ့”လို့ ဒီလိုလဲ စဉ်းစားစရာ ပြောစရာ ရှိပါတယ်။ အဲဒါကတော့ လူ့ပြည် အခြေ အနေ မျိုးနဲ့ စဉ်းစားတာဘဲ၊ နည်ပြည်မှာ အားထုတ်ဘို့က မလွယ်ပါဘူး၊ နတ်ပြည်မှာ နတ်တွေ အများက တီးလို့က် မှုတ်လို့က် ကလို့က် ခုန်လို့က် သီချင်းဆိုလို့က်

နဲ့ တအုံးအုံး တရုံးရုံးနဲ့ ဘာမှအလုပ်မရှိဘဲ တပျော်တည်း ပျော်နေကြပါတယ်၊ အဲဒီလို ဆူဆူညံညံတွေထဲမှာ ကိုယ့်တယောက်ထည်း တရားအားထုတ်လို့ကတော့ မဖြစ်နိုင်ပါဘူး၊ လူ့ပြည်မှာလို ဆိတ်ငြိမ်တဲ့ အရပ်ရယ်လို့လဲ မရှိဘူး၊ ကိုယ်က ဆိတ်ဆိတ်ငြိမ်ငြိမ် နေချင်ပေမယ်လို့ ကိုယ့်အခြေအရုံ အပေါင်း အဖေါ်မိတ်ဆွေ နတ်သား နတ်သမီးတွေက လာကြဦးမယ်။ ယခုလူ့ပြည်မှာတောင်မှ တချို့ယောဂီတွေဟာ ကမ္မဋ္ဌာန်းကျောင်းက အိမ်ပြန်ရောက်တဲ့အခါ ဘာမှ ကောင်းကောင်း အားမထုတ်နိုင်ကြဘူး၊ အဲဒါကိုသာ ကြည့်ပေတော့။ ဒါကြောင့် ဥပေါသထဝက "လူ့ဘဝတုန်းက မြတ်စွာဘုရား အဆုံးအမ အတိုင်းအပြည့်အစုံ လိုက်နာပြီး အားမထုတ်ခဲ့ရလို့ သူ စိတ်ပူပန်တယ်" ဆိုတာကို လျှောက်ထားတာဘဲ။ တို့ဒကာ ဒကာမတွေလဲ အဲဒီဥပေါသထဝလို နောင်တ တဖန် မပူပန်ရအောင် ယခုလို အခွင့်ကောင်း ရနေတုန်းက ကြိုးစားအားထုတ်ကြရမယ်။

အဲဒီလို ဥပေါသထဝက လျှောက်တော့ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်က ဒီလို အားပေးတရား ဟောကြားခဲ့ပါတယ်။

မာ တုံ ဥပေါသထေ ဘာယိ၊ သမ္ဗုဒ္ဓေနာသိဗျာကတာ။
သောတာပန္နော ဝိသေသယိ၊ ပဟီနာ တဝ ဒုဂ္ဂတိ တုံ။

ဥပေါသထေ၊ ဥပေါသထဝမည်သော နတ်သမီးကလေး။ တုံ၊သင်သည်။ မာ ဘာယိ၊ မစိုးရိမ်ပါနဲ့တော့။ ပူစရာမရှိတော့ပါဘူးလို့ ဆိုလိုပါတယ်။ ဘာကြောင့်လဲ ဆိုယင်-

သမ္မုဒ္ဓေန၊ မြတ်စွာဘုရား ကိုယ်တော်တိုင်ကပင်လျှင်။ ဗျာကတာ၊ ဗျာဒိတ်စကား ပြောကြားအပ်ပြီးသည်။ အသိ၊ဖြစ်နေ

ပါပြီ တဲ့။ မြတ်စွာဘုရားကိုက သင့်ကို ဗျာဒိတ်စကား ပြော ကြားပြီး ဖြစ်နေပါပြီ တဲ့။ ဟိုတုန်းကတော့ မြတ်စွာဘုရားက စုတေသွားတဲ့ ပဋိဂ္ဂါလ်တွေ့ရဲ့ အကြောင်းကို မေးမြန်းလျှောက် ထားလို့ ပြောကြားတော်မူတာလဲ ရှိတယ်၊ အကြောင်းအား လျော်စွာ အမေးအမြန်းမရှိဘဲ ပြောကြားတော်မူတာလဲ ရှိ တယ်။ ယခုညပေါသထာရဲ့အကြောင်းကိုပြောကြားတာကတော့ မေးလို့လား၊ မမေးဘဲနဲ့လား ဆိုတာ မထင်ရှားဘူး။ "ပြော ကြားတယ်" ဆိုတာလောက်ပဲ ဒီ ဝိမာနဝတ္ထု ဒေသနာအရ ထင်ရှားပါတယ်။ ဘယ်လိုပြောကြားတော်မူသလဲဆိုတော့-

ညပေါသထာ၊ ညပေါသထာ အမည်ရှိတဲ့ အမျိုးသမီးသည်။ ဝိသေသယို၊ ထူးသော မင်္ဂိုလ်တရားကို ရောက်သည် ရသည် ဖြစ်၍။ သောတာပန္နာ၊ သောတာပန် ညပါသိကာမ ပေတည်း။ ဣတိ၊ ဤသို့။ သမ္မုဒ္ဓေန၊ မြတ်ဘုရားက။ ဗျာကတာ၊ ပြော ကြားအပ်ပြီးသည်။ အာသိ၊ ဖြစ်ပါပေ၏။ တသ္မာ၊ ထို့သို့မြတ်စွာ ဘုရားက သောတာပန်ဟု ပြောကြားထားသောကြောင့်။ တဝ၊ သင်မှာ။ ဒုဂ္ဂတိ၊ အပါယ်သို့ လားရခြင်းကို။ ပဟီနာ၊ ပယ်အပ် ပြီးဖြစ်ပါလေပြီ။ တသ္မာ၊ ထို့ကြောင့်။ မာ ဘာယိ၊ မစိုးရိမ်ပါနဲ့ တော့ လို့ အရှင်မဟာမောဂ္ဂလာန်က အားပေးတရား ဟော ကြားတော်မူခဲ့ပါတယ်။

ဆိုလိုတာကတော့-သင့်မှာ လူ့ဘဝက အရဟာတ္တမင်္ဂိုလ် ရောက်အောင် အားမထုတ်ခဲ့ရပေမယ်လို့ စိုးရိမ်စရာကတော့ မရှိပါဘူး၊ သောတာပန် ဖြစ်နေပြီလို့ မြတ်စွာဘုရားက ပြော ကြားထားတဲ့အတွက် သောတာပန် ဖြစ်တာကတော့ သေချာ

နေပါပြီ၊ သောတာပန် ဆိုတော့ အပါယ် ၄-ပါးကို မကျနိုင်တော့ပါဘူး၊ မိမိ အလိုရှိရာ နတ်ပြည်မှာဘဲ ဖြစ်ဖြစ်၊ လူ့ပြည်မှာဘဲ ဖြစ်ဖြစ် အလိုအတိုင်း ဖြစ်သွားဘို့ဘဲ ရှိပါတော့တယ်၊ အဲဒီလို သုဂတိမှာချည်း ဖြစ်ပြီး နိဗ္ဗာန်ဝင်ရုံဘဲ ရှိပါတော့တယ်။ ဒါကြောင့် ကြောက်ရှံစိုးရိမ်စရာ မရှိတော့ပါဘူး လို့ ဆိုလိုပါတယ်။

အဲဒီ နတ်သမီးဟာ တာဝတိံသာ နတ်ပြည်မှာ ယခုလဲ ရှိနေပါတယ်။ တာဝတိံသာနတ်ပြည်က ရက်-လ-နှစ်အရေအတွက်နဲ့ ဆိုယင် အဲဒီနတ်သမီးကလေး နတ်ပြည်ရောက်တာဟာ ဘာမှ မကြာသေးဘူး၊ လူ့ပြည်က နှစ်ပေါင်းတရာမှ တာဝတိံသာမှာ တရက်သာ ရှိတယ်။ မြတ်စွာဘုရား လက်ထက်က ယခုအထိ နှစ်ပေါင်းက ၂၅၀၀-ကျော်ဘဲ ရှိသေးတော့ အဲဒီနတ်သမီးရဲ့ အသက်ဟာ တာဝတိံသာရက်နဲ့ ၂၅-ရက်ကျော်ကျော်လောက်ပဲ ရှိသေးတယ်၊ တလသမီးတောင် မရှိသေးဘူး။ ယခု ဒီက တို့ဒကာ ဒကာမတွေဟာ တရားအားထုတ်ပြီး တရားထူးကို ရသွားမယ် ဆိုယင် နောက် နှစ်ပေါင်း လေး ငါး ခြောက်ဆယ်အတွင်း အဲဒီနတ်ပြည်ရောက်ပြီးတော့ အဲဒီ နတ်သမီးနဲ့ တွေ့တဲ့ အခါမှာ တရားအဆင့်အတန်းတူ အနေနဲ့ တရားဆွေးနွေး ကြရမှာပေါ့။

ယခု အားထုတ်လို့ တရားထူး မရသေးလဲ အားတော့ငယ်စရာ မရှိပါဘူး၊ အဲဒီနတ်ပြည်ကတော့ ရောက်ကြမှာပါဘဲ၊ ရောက်တဲ့အခါကျတော့ အဲဒီက အရိယာနတ်တွေထံမှာ စုံစမ်းမေးမြန်းပြီးတော့ ဖြစ်စေ၊ အရိယာနတ်တွေဟောတဲ့ တရားကို ကြားနာပြီးတော့ ဖြစ်စေ တရားနှလုံးသွင်းလိုက်

ယင် မဂ်ဖိုလ်တရားကို ရဘို့ရာအကြောင်း ရှိပါတယ်။ နတ် ဆိုတာ ရုပ်တွေကလဲ သန့်ရှင်းစင်ကြယ်တယ်၊ အဲဒီစင်ကြယ် တဲ့ရုပ်ကို အမှီပြုပြီး ဖြစ်ရတဲ့ အသိဉာဏ်ကလဲ ထက်မြက်လျင် မြန်တယ်။ ဒါကြောင့် လူ့ဘဝက အားထုတ်ခဲ့တဲ့တရားကို ပြန်ပြီး သတိရလိုက်ယင် တခဏချင်းဘဲ ရုပ်နာမ် အဖြစ်အပျက် တွေကို မြင်ပြီး အရိယမဂ်ဖိုလ်ကို ရောက်သွားတတ်ပါ တယ် တဲ့။

> တဿ တတ္ထ သုခိနော ဓမ္မပဒါ ပ္လဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ။ အထ ခေါ သတ္ထော ခိပ္ပံယေဝ ဝိသေသဂါမီ ဟောတိ။ (ဒုံ ၁-၅၀၅)

တဿ၊ ထိုရှေးဘဝက တရားတော်ကို ကြားနာမှတ် သား အားထုတ်ဘူးသော ပုဂ္ဂိုလ်အား။ တတ္ထ၊ ထိုနတ် ပြည်၌။ သုခိနော၊ ချမ်းသာနှင့်ပြည့်စုံသည် ဖြစ်၍။ ဓမ္မ ပဒါ၊ ရှေးဘဝက လေ့လာခဲ့သော တရားအစုတို့သည်။ ပ္လဝန္တိ၊ ထင်ရှားပေါ်လာကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သတုပ္ပါဒေါ၊ ဤသို့သော တရားကို ရှေးဘဝက လေ့လာ အားထုတ်ခဲ့ဘူးသည်ဟု သတိ ဖြစ်ခြင်း, သတိရခြင်း သည်။ ဒန္ဓော၊ နှေးသော် နှေးရာသေး၏။ အထ၊ ထို့သို့ သတိရသော အခါ၌မူကား။ သော သတ္ထော၊ ထိုသတ္တဝါ ထိုပုဂ္ဂိုလ်သည်။ ခိပ္ပံယေဝ၊ သတိရလျှင်ရခြင်း လျင်မြန်စွာ သာလျှင်။ ဝိသေသဂါမီ၊ မဂ်ဖိုလ်နိဗ္ဗာန်တရားထူးသို့ ရောက် သည်။ ဟောတိ၊ ဖြစ်ပေ၏ တဲ့။

ဒီလို နတ်ပြည်ရောက်တော့ လွယ်လွယ်နဲ့ တရားထူး ရတတ် တဲ့အကြောင်းကတော့ ဇဂါဒိကာဝဏ္ဏဖြင့် ထင်ရှားပါတယ်။

ကပိလဝတ်ပြည်က ဂေါဒကာဆိုတဲ့ သာကီဝင် အမျိုးသမီး တဦးဟာ ရတနာ ၃-ပါးကို ကိုးကွယ်ဆည်းကပ်ပြီး တရား ကျင့်သုံးလို့ သောတာပန်ဖြစ်ပြီးတော့ စုတိပြတ်ကြွေ, သေသွား တဲ့အခါ ကာလမှာ တာဝတိံသာနတ်ပြည် သိကြားမင်း၏ သားဧတာ်အဖြစ် ရောက်သွားတယ်။ နတ်သားဖြစ်သွားတော့ သူ့ကို ဂေါပကလို့ ခေါ်ကြတယ်။ အဲဒီအခါမှာ သိကြား မင်းထံ လာရောက်ပြီး ကပြကြတဲ့ ဂန္ဓဗ္ဗနတ်တွေထဲက ထူး ခြားတဲ့ နတ်သား ၃-ယောက်ကို တွေ့မြင်ရတဲ့အတွက် ဂေါ ပက နတ်သားက ဆင်ခြင်ကြည့်လိုက်တယ်။ ဒီတော့ အဲဒီနတ် သား ၃-ယောက်ဟာ သူ ရှေးဘဝတုန်းက ကိုးကွယ်ခဲ့တဲ့ ရဟန်းတွေ ဖြစ်နေကြောင်း သိရတယ်။ ဒါကြောင့် ဂေါပက နတ်သားက အဲဒီ ဂန္ဓဗ္ဗနတ်သား ၃-ယောက်ကို သတိပေး စကား ပြေားကြားတယ်။ ဒီတော့ အဲဒီ နတ်သား ၃-ယောက်ထဲက ၂-ယောက်က သတိရပြီး ရှေးဘဝက လေ့လာ ခဲ့တဲ့ တရားတွေကို ပြန်ပြီး နှလုံးသွင်းလိုက်တဲ့အခါ ရှေးက ရဘူးတဲ့စျာန်တွေကိုလဲ ချက်ခြင်းဘဲ ပြန်ရတယ်၊ အနာဂါမိ မဂ်ဖိုလ် ရောက်ပြီး အနာဂါမ်လဲ ဖြစ်သွားကြတယ်၊ တာဝတိံ သာနတ်တွေရဲ့ မျက်မှောက်မှာဘဲ ဒြဟ္မပုရောဟိတာဒြဟ္မာလဲ ဖြစ်ပြီး ဗြဟ္မဉ့ပြည်ကို ပုံတက်သွားကြပါတယ် တဲ့။ အဲဒါဟာ ရှေးဘဝက လေ့လာခဲ့တဲ့ တရားကို သတိရယင် နတ်ပြည်မှာ ချက်ခြင်းဘဲ တရားထူး ရတတ်တယ် ဆိုရာမှာ သက်သေ သာဓကပါဘဲ။

ပဌမက ပြောလာခဲ့တဲ့ ဥပေါသထာနတ်သမီးလိုဘဲ ဘုရား လက်ထက်က တရားကျင့်သုံး အားထုတ်ပြီး နတ်ပြည်ရောက်

နေတဲ့ နတ်သား နတ်သမီးတွေဟာ အမျှားကြီးဘဲ ရှိနေပါ
တယ်၊ ပြီးတော့ ယခု ပြောတဲ့ ဂေါပကနတ်သားလို မိန်းမ
အဖြစ်က နတ်သားအဖြစ် ရောက်နေတဲ့ပုဂ္ဂိုလ်တွေလဲ ရှိနေကြ
ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေလဲ ယခု ဒကာ ဒကာမတွေလို
ကျင့်သုံး အားထုတ်သွားကြတာတွေဘဲ။ ဒါကြောင့် အဲဒီ
ပုဂ္ဂိုလ်တွေရဲ့ ကျင့်ပုံ ဖြစ်ပုံတွေကို ဆင်ခြင်ကြည့်လိုက်ယင်
ယခု တရားအားထုတ်နေကြတဲ့ ယောဂီတွေဟာ အမျှားကြီး
ဘဲ အားတက်စရာ ဝမ်းမြောက်ဝမ်းသာစရာ ကောင်းပါ
တယ်။ ဒီလို တရားအားထုတ်နေရတာဟာ ရှေးရှေးသူတော်
ကောင်းတွေ သွားထားတဲ့လမ်းဘဲ၊ မြတ်စွာဘုရား အဆုံးအမ
ကို လိုက်နာပြီး ကျင့်သုံးကြတဲ့ အရိယာပုဂ္ဂိုလ်တွေ သွားထား
တဲ့လမ်းဘဲ။ ဒီ လမ်းကောင်း လမ်းမကြီးကို ငါတို့တတွေ လိုက်
နေကြရတာဘဲလို့ အောက်မေ့ကြရမယ်။ ရှုမှတ်တိုင်း ရှုမှတ်တိုင်း
ဒီလမ်းကို သွားနေကြတာပေါ့၊ ခရီးသွားတဲ့လူဟာ ခြေလှမ်း
တိုင်း ခြေလှမ်းတိုင်း ရောက်လိုတဲ့ဌာနဘက် နီးနီးသွားသလို
ဘဲ ရှုမှတ်တိုင်း ရှုမှတ်တိုင်း နိဗ္ဗာန်ဆီကို တထောက် တထောက်
နီးနီးသွားတယ်၊ သိပ် အားတက်ဘို့ ကောင်းတာဘဲ။

ဥပမာ–"ဒီလမ်းက ရှေတည့်တည့်သွားယင် အင်မတန်
သာယာတဲ့ ဥယျာဉ်ကြီးထဲ ရောက်သွားမယ်၊ သို့မဟုတ် ဘေး
ရန်အန္တရာယ်ကင်းတဲ့ အင်မတန် ပျော်စရာကောင်းတဲ့ မြို့ကြီး
ထဲ ရောက်သွားမယ်"လို့ ဆိုယင်၊ အဲဒီလမ်းကို သွားနေရတဲ့
သူဟာ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ချမ်းသာနဲ့ နီးနီးသွား
တယ်။ ဒါကြောင့် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ဝမ်းမြောက်
ဝမ်းသာစရာချည်းဘဲ။ အဲဒါလိုပါဘဲ ယခု ရှုမှတ်နေရတာက

ကောင်းစားချမ်းသာမည့်နေရာဆီကို သွားနေရသလိုဘဲ ရှုမှတ်ကိုင်း ရှုမှတ်တိုင်း ဘေးရန်ကင်းတဲ့ အင်မတန် ချမ်းသာတဲ့ နိဗ္ဗာန်ဆီကို ချဉ်းကပ်နေတာဘဲ၊ အင်မတန်ကို ဝမ်းမြောက်ဝမ်းသာစရာ ကောင်းပါတယ်။

သွားတယ် သွားတယ်လို့ မှတ်တိုင်း **ကာယာနုပဿနာသတိပဋ္ဌာန်**ဖြစ်ပွါးနေတယ်၊ထိုအတူ "ဖေါင်းတယ်ပိန်တယ်"လို့ မှတ်တိုင်း မှတ်တိုင်းလဲ **ကာယာနုပဿနာသတိပဋ္ဌာန်**ဖြစ်နေတာဘဲ၊ ညောင်းတယ် ပူတယ် စသည်ဖြင့် မှတ်တိုင်း မှတ်တိုင်းလဲ **ဝေဒနာနုပဿနာသတိပဋ္ဌာန်** ဖြစ်နေတယ်။ စိတ်ကူးတယ် ကြံစည်တယ် စသည်ဖြင့် မှတ်တိုင်း မှတ်တိုင်းလဲ **စိတ္တာနုပဿနာသတိပဋ္ဌာန်** ဖြစ်နေတယ်။ နှစ်သက်တယ် စိတ်ပျက်တယ် စသည်ဖြင့် မှတ်တိုင်း မှတ်တိုင်းလဲ **ဓမ္မာနုပဿနာသတိပဋ္ဌာန်** ဖြစ်နေတယ်။ အဲဒီသတိပဋ္ဌာန် ၄-ပါး ဖြစ်တိုင်းဖြစ်တိုင်း သမ္မပ္ပဓာန် ၄-ပါးလဲ ဖြစ်နေတယ်။ ဇာတိပါဒ်, ဇာန်ဖြူ, ပိုလ်, ဗောဇ္ဈင်, မဂ္ဂင် ဆိုတဲ့ အရိယဓမ္မတွေလဲ ဖြစ်နေတယ်။ အဲဒါတွေဟာ အရိယာအဖြစ်ကို ရောက်စေနိုင်တဲ့ တရားတွေဘဲ။ ဒါကြောင့် ဒီလို့ရှုမှတ်ရတဲ့လမ်းဟာ အရိယာတွေ သွားထားတဲ့ လမ်းဘဲ၊ တမှတ် မှတ်လိုက်ယင်း, အရိယာစခန်းမှာ တလှမ်း တိုးသွားယင်း၊ တမှတ် မှတ်လိုက်ယင်း, တလှမ်းတိုးသွားယင်းနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ဆီကို နီးကပ် နီးကပ် သွားတယ်၊ အမှတ်ပေါင်းတသောင်းနဲ့ မဂ်ဖိုလ်ကို ရောက်မယ်ဆိုယင်၊အမှတ်ကလဲ တထောင်လောက်သာ ရသေးယင် ကိုးထောင်လောက် လိုသေးတယ်လို့ ဆိုရမှာပေါ့၊ အမှတ်ပေါင်း ကိုးထောင်လောက် ရနေယင်တော့ နောက်ထပ် တထောင်သာ လိုတော့

တယ် ဆိုရမှာပေါ့။ အမှတ်ပေါင်း ၉၉၉၉-ရှိနေယင်တော့ နောက်တမှတ်မှာ မင်္ဂဇိ ရောက်သွားတော့မှာဘဲ။ ဒါကြောင့် မှတ်တိုင်း မှတ်တိုင်း နိုးနိုးသွားပြီလို့ နှုလုံးသွင်းပြီး ကြိုးစား အားထုတ်ကြဘို့ဘဲ။

ဒီလို အားထုတ်ရခြင်း၏ အကြောင်းကို အခြေခံအဖြစ်နဲ့ မှတ်သားထားကြဘို့၊ ဝိပဿနာရှုနည်း မူသေစည်း အဖြစ်နဲ့ မှတ်သားထားကြဘို့ ဒီကနေ့ ဒီဝိပဿနာအခြေခံတရားကို ဟောလာခဲ့တာဟာ ၂-နာရီက ယခု ငါးနာရီ ဆိုတော့ ၃-နာရီ ကြာသွားပြီ၊ စုံလဲ တော်တော်စုံသွားပါပြီ၊ တရားသိမ်းဘို့ အချိန်တန်ပါပြီ။ ကဲ ကဲ ဝိပဿနာအခြေခံတရားတော်ရဲ့ မူလရင်း ဆောင်ပုဒ်ကလေးတွေကို အစက စပြီး ဆိုကြဦးစို့။

မူလရင်း ဆောင်ပုဒ်များ

(၁) ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ဘယ်ဟာ ရှု၍ ဖြစ်သနည်း။ (ဆို)

(၂) စဲ့လမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စ့ာ ရှု၍ ဖြစ်သတည်း။ (ဆို)

(၃) ဘယ်အကျိုးငှါ၊ ထိုခန္ဓာ၊ ဘယ်ခါ ရှုရပါသနည်း။ (ဆို)

(၄) မစဲ့ဘို့ရာ၊ဖြစ်ဆဲမှာ၊ မှန်စ့ာ ရှုရပါသတည်း။(ဆို)

(၅) ဖြစ်ခိုက် မရှု၊ ရုပ်နာမ်စု၊စဲ့မှု ဝင်ရောက်သည်။(ဆို)

(၆) မြဲတယ်, ကောင်းတယ်၊ ငါ၊ကောင်နှယ်၊တကယ် ထင်တတ်သည်။ (ဆို)

(၇) ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊စဲ့မှု ကင်းပျောက်သည်။ (ဆို)

(၈) မမြဲ, ဆင်းရဲ၊ သဘောဘဲ၊ ဉာဏ်ထဲ ရှင်းတော့သည်။ (ဆို)

(၉) စဲမှု ကင်းပျောက်၊ မင်္ဂလာ ပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည်။ (ဆို)

(၁၀) ဝိပဿနာရှုနည်း၊ မူသေစည်း၊ သိမ်းဆည်းထား ရမည်။ (ဆို)

နိဂုံးဆုတောင်း

ဝိပဿနာရှုနည်း မူသေစည်း မည်တဲ့ ဒီ ဝိပဿနာအခြေခံတရားတော်ကို ရိုသေစွာ နာယူမှတ်သားကြရတဲ့ ဓမ္မသဝန ကုသိုလ်စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ဘေးရန်ကင်းကွာလျက် ကိုယ်စိတ်နှစ်ဖြာချမ်းသာကြ၍ ဒုဂ္ဂရ ၄-ပါးဥ ထင်ရှား ပေါ်လာသော ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် တည်းဟူသော ဥပါဒါနက္ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့ကို ဖြစ်တိုင်း ဖြစ်တိုင်း ရှုနိုင် မှတ်နိုင်ကြ၍ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာအား ဖြင့် မှန်ကန်စွာ သိမြင်နိုင်ကြ၍ ဝိပဿနာဉာဏ်စဉ်အတိုင်း တိုးတက်ကြပြီး လျှင် ရုပ်နာမ်သင်္ခါရ ဆင်းရဲဟူသမျှတို့၏ ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် လျှင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု....

ဝိပဿနာအခြေခံတရားတော် ပြီးပြီ။

မဟာစည်ဆရာတော်ဘုရား၏
ဓမ္မဒေသနာ ဆောင်ပုဒ်များ

ဓာတုမနသိကာရ ဆောင်ပုဒ်များ

၁။ ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ။
အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို။
နှလုံး၊ အသည်း၊အမြှေး၊ အပြင်၊ အဆုပ်၊
အူမ၊ အူသိမ်၊ အစာသစ်၊အစာဟောင်း၊ ဦးနှောက်။
(ပထဝီဓာတ် ၂၀)

၂။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွဲ၊အဆီခဲ။
မျက်ရည်၊ ဆီကြည်၊ တံထွေး၊နှပ်၊ အစေး၊ ကျင်ငယ်။
(အာပေါဓာတ် ၁၂)

၃။ သန္တာပနေ၊ ဇီရဏ၊ ဒါဟ, ပါစကာ၊
ပူလောင်, ရင့်စေ၊ လောင်ကျွမ်းမေ၊ စာကြ မီး
လေးဖြာ။

၄။ ဆန့်, စုန့်, ဝမ်း, အူ၊ လှုပ်ပြုမူ၊ သက်ရှူ လေ
ခြောက်ဖြာ။

၅။ ကြမ်းတန်း မာခက် ချောညက် တမည်၊ (လက္ခဏာ)
တည်ရာကိစ္စ သူက ပြုသည်၊ (ရသ)
ခံလင့် ဆောင်ရေး ပေါ်လေး ထင်သည်၊(ပစ္စုပဋ္ဌာန်)
ပထဝီဓာတ် သိမှတ် မြတ်ယောဂီ။

၆။ အရည် တနည်း ယိုစီး တမည်၊
စိုထိုင်း ဖုံထူး တိုးပွါးစေသည်၊
စေးကပ် ပူးတွဲ လုံးခဲ ထင်သည်၊
အာပေါဓာတ် သိမှတ် မြတ်ယောဂီ။

၇။ အပူ အနွေး အအေး တမည်၊
ပူငွေ့ ပေးလျက် ရင့်ကျက်စေသည်၊
နူးညံ့ ပြောပျောင်း ဆင့်လောင်းပေးသည်၊
တေဇောဓာတ် သိမှတ် မြတ်ယောဂီ။

၈။ (ဝါယောဓာတ် ဆောင်ပုဒ်ကို စာမျက်နှာ ၄၀-မှာ ပြန်ကြည့်ပါ။)

ခန္ဓဓမ္မာနုပဿနာ ဆောင်ပုဒ်များ

၁။ ပထဝီ, အာပေါ, တေဇော, ဝါယော- မဟာဘုတ် ၄-ပါး။
၂။ မျက်စိ, နား, နှာ, လျှာ, ကိုယ်-အကြည်ရုပ် ၅-ပါး။
၃။ အဆင်း, အသံ, အနံ့, အရသာ, အတွေ့-အာရုံရုပ် ၅-ပါး။
အတွေ့ ဆိုတာ၊ ပ, တေ, ဝါ၊ မဟာဘုတ်ပင်တည်း။
၄။ မိန်းမဖြစ်ကြောင်း, ယောကျ်ားဖြစ်ကြောင်း-ဘာဝ ရုပ် ၂-ပါး။
၅။ အသက်, နှလုံး, အာဟာရ-သီးခြားရုပ် ၃-ပါး။
၆။ ဘုတ် လေး, ကြည် ငါး၊ အာရုံ ငါး၊ နှစ်ပါး ဘာဝမည်။
၇။ သီးခြား သုံး ပါ၊ ဆဲရှစ်ဖြာ၊ သဘာဝ ရုပ်မည်။

၈။ သဘာဝ ရုပ်ခေတ်၊ ပရမတ်၊ ဝိပဿ ဂ္ဂရသည်။
၉။ ကြွင်းရုပ် ဆယ်ဖြာ၊ ပညတ်သာ၊ ဂ္ဂစရာ မလိုပြီ။
၁၀။ အာကာသခေတ်၊ နှစ်ဝိညတ်၊ ပေါ့လတ် နူ,ခွံသည်။
၁၁။ ဖြစ်,ပွါး, ရင့်လတ်၊ သေပျက် မှတ်၊ ပညတ် ရုပ်ဆယ် မည်။

ကလာပ်နွဲ့ပုံ

၁။ ဆင်း, နံ့, ရသာ၊ ဘုတ် လေးဖြာ၊ သြဇာ အဋ္ဌ ကလာပ်။
၂။ အသက်နှင့် တကွ၊ ထို အဋ္ဌ၊ နဝ ရုပ်ကလာပ်။
၃။ အကြည့်,ဘာဝ၊ ဟဒယ၊ ဒသ ရုပ်ကလာပ်။
၄။ အသံနှင့် တကွ၊ ကို အဋ္ဌ၊ နဝ ရုပ်ကလာပ်။

ကလာပ်နှင့်ရုပ် အရေအတွက်

၁။ နှုပ်, တံထွေး, ခွေး, မျက်ရည်, စိတ် ဥတုကြောင့် ဖြစ်သည်၊ အဋ္ဌကလာပ်ရုပ် ၂-ခုစီ၊ ရုပ်ပေါင်း ၆၄-ရသည်။ (၆၄)
၂။ အစာသစ်, အစာဟောင်း, ကျင်ငယ်, ပြည့်, ဥတု ကြောင့် ဖြစ်သည်၊အဋ္ဌကလာပ်ရုပ် ၁-ခုစီ၊ရုပ်ပေါင်း ၃၂-ရသည်။ (၆၄+၃၂=၉၆)
၃။ ကြွင်းသော ပထဝီ, အာပေါ အဗ္ဘံအစု ၂၄-မည်၊ ကံ, စိတ်, ဥ, ဟာ,ကြောင့် ဖြစ်သည်၊ ကာယနှင့် ဘာဝ ဒသကကလာပ် ၂-ခုစီ၊ ကံကြောင့် ဖြစ်သည်။ အဋ္ဌကလာပ် ၃-ခုစီ၊စိတ်, ဥ,ဟာ, ကြောင့် ဖြစ်သည်။ ရုပ်ပေါင်း ၁၀၅၆-ရသည်။ (၉၆+၁၀၅၆=၁၁၅၂)

၄။ သုံးဆယ့်နှစ်ကောဋ္ဌာ၊ ကလာပ်မှာ၊ တရာ သုံး ဆယ့်နှစ်။ (၁၃၂)

၅။ ရုပ်ပေါင်း သခ်္ခ်ာ၊ ထောင့် တရာ၊ စွန်းသာ ငါး ဆယ့်နှစ်။ (၁၁၅၂)

၆။ ပါစကတေဇော ကံကြောင့် ဖြစ်သည်၊ ဇီဝိတနဝက ကလာပ်သာ ရသည်။ (၉)

၇။ ထွက်သက်ဝင်သက် လေ စိတ်ကြောင့် ဖြစ်သည်၊ သဒ္ဒနဝက ကလာပ်သာ ရသည်။ (၉)

၈။ ကြွင်းသော တေဇော ဝါယော အဖို့အစု ရှစ်မည် ကံ, စိတ်, ဥ,ဟာ,ကြောင့် ဖြစ်သည်။ ဇီဝိတနဝကနှင့် အဋ္ဌကလာပ် ၃-ခုစီ၊ ရုပ်ပေါင်း ၂၆၄- ရသည်။(၉+၉+၂၆၄=၂၀၂)

၉။ မီး, လေ, ဆယ်ရပ်၊ ရုပ်ကလာပ်၊ သိအပ် သုံးဆယ့် လေး။ (၁၄)

၁၀။ နှစ်ရာ့ ရှစ်ဆယ်၊ နှစ်ခု ကယ်၊ မှတ်ဖွယ် ရုပ်သခ်ျေး။ (၉+၉+၂၆၄=၂၀၂)

၁၁။ ဒွါရ ၆-ဝယ်၊ ရုပ် ၆၀၊ ၆-သွယ် ကလာပ်ပေါင်း။ (ကလာပ် ၆၊ ရုပ် ၆၀)

၁၂။ တရာ့ ခုနစ်ဆယ်၊ နှစ်ခု ကယ်၊ ကိုယ်ဝယ် ကလာပ် ပေါင်း။ (၁၃၂+၃၄+၆=၁၇၂)

၁၃။ ကိုးဆယ့်လေး စွန်းသာ၊ ထောင့် လေးရာ၊ ကိုယ်မှာ ရုပ်အပေါင်း။ (၁၁၅၂+၂၀၂+၆၀=၁၄၉၄)

၁၄။ ဝိညာဒ္ဓိမဂ်၊ ထုတ်ဖော် မြွက်၊ ရေတွက် သိစကောင်း။

၁၅။ သံခိပ် တလီ၊ မဟာဋီ၊ ပြင်ပြီ ရှေးနည်းဟောင်း။

(သစ္စသံခိပ်နှင့် မဟာဋီကာ ပ-၎၆၆-၌ ထိုနည်း ဟောင်းကို အောက်ပါအဖိုင်း ပြင်သည် ဟူလို)

၁၆။ ကိုယ်ဒ္ဌါရ ထုက်၊ မတိုးတက်၊ ဝင်ထုက် သံ မပေါင်း။
(ဒ္ဌါရ ၆-ဝယ်၊ ရပ် ၆ဝ-ဆိုရာ၌ ကာယဒ္ဌါဂုအတွက် ထပ်၍ မတိုးဘဲ ရပ် ၅ဝ-သာ ယူသည်၊ ဝင်သက် ထွက်သက်၌ အသံမပါဘဲ အင်္ဂကလာပ် ရပ် ၅၅-ခုသာ ယူသည်။ ထိုကြောင့် ရပ် ၁၁ ခု လျော့ သွားသည် ဟူလို)

၁၇။ သဒ္ဒနဝက၊ စိတ် ဥဇ၊ နှစ်ဝ တိုးဆင့်လောင်း။
(စိတ္တဇ ဥတုဇ သဒ္ဒါနဝက ကလာပ် ၂-ခု။ ရပ် ၁၈-ခု တိုးလာသည် ဟူလို)

၁၈။ တရာ့ ခုနစ်ဆယ်၊ သုံးခု ကယ်၊ ကိုယ်ဝယ် ကလာပ် ပေါင်း။ (၁၇၃)

၁၉။ တခု စွန်းသာ၊ ထောင့် ငါးရာ၊ ကိုယ်မှာ ရုပ် အပေါင်း။ (၁၅၀၁)

၂၀။ သံခိပ်မိန့်မှာ၊ ဋီ မဟာ၊ သေချာလှပေတောင်း။

ဝိညာဏကွန်ရာဆောင်ပုဒ်များ

၁။ ဘဝင်, ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထိုပြင် လက်ခံတုံ။
(ဘဝင်အစဉ် ပြတ်၍ ဆင်ခြင်သောအာဝဇ္ဇန်းစိတ် ဖြစ်သည်၊ ထိုနောင် မြင်သော စက္ခုဝိညာဏ်စိတ်၊ ထိုနောင် လက်ခံသောသမ္ပဋိစ္ဆိန်းစိတ် ဖြစ်သည် ဟု ဆိုလိုသည်)

၂။ စုံစမ်း, ဆုံးဖြတ်၊ ဇောစိတ် သတ်၊ ၂-ရပ် တဒါရုံ။
(ထိုနောင် စုံစမ်းသော သန္တီရဏစိတ်၊ ထိုနောင် ဆုံးဖြတ်သော ဝုဋ္ဌောစိတ်၊ ထိုနောင် ဇောစိတ်

ခုနစ်ကြိမ်၊ ထိုနောင် ထိုဇော၏ အာရုံကိုပင် ဆက်လက်အာရုံပြုသော တဒါရုံစိတ် ၂-ကြိမ် ဖြစ်ပြီးနောက် အိပ်ပျော်သွားသကဲ့သို့ ဘဝင်စိတ်စဉ် ပြန် ဖြစ်သွားသည် ဟု ဆိုလိုသည်)

၃။ အဆင်းမြင်လျှင်၊ ဖြစ်ရိုးပင်၊ စိတ်စဉ် မှတ်ပါကုန်။
(မြင်လျှင် ဤစိတ်အစဉ်အတိုင်း ဖြစ်သည်)

၄။ ကြာ,နုံ, စာ, ထိ၊ မြင် တူ၏၊ မှတ်ဘိ စိတ်ဖြစ်ပုံ။
(ကြာလျှင်၊ နုံလျှင်၊ စာသိလျှင်၊ ထိသိလျှင် မြင်ခိုက် စိတ်အစဉ်နှင့် တူသည်၊ မြင်ပြီးလျှင်ဟူသော နေရာ၌ ကြာပြီးလျှင်၊နုံပြီးလျှင်၊စားပြီးလျှင်၊ထိပြီးလျှင်ဟု ပြင်ဆိုရုံ ယူရုံမျှသာ ထူးသည် ဟု ဆိုလိုသည်)

၅။ ဆင်ခြင်ပြီးခါ၊ ဇော တဒါ၊ ကြံရာ စိတ် ဖြစ်ပုံ။
(ဘဝင်အစဉ် ပြတ်၍ ဆင်ခြင်သောအာဝဇ္ဇန်းစိတ်၊ ထိုနောင် ဇောခုနစ်ကြိမ်၊ ထိုနောင် တဒါရုံ ၂ ကြိမ် ဤစိတ်အစဉ်အတိုင်း ကြိသိ ရှုမှတ်သောအခါ ဖြစ်သည် ဟု ဆိုလိုသည်)

စိတ်၏ သရုပ်

၁။ အကု ဆဲ့နှစ်၊ ကုသိုလ်ရှစ်၊ အပြစ် ကောင်းကျိုး ပေး။
၂။ ရဟန္တာမှာ၊ ကိရိယာ၊ ကိုးဖြာ ကျိုး မပေး။
၃။ ကာမဇောမျိုး၊ နှစ်ဆဲ့ကိုး၊ ဖြစ်ရိုး ကျယ်လှသေး။

အကုသိုလ်စိတ် ၁၂-ပါး

၁။ လောရှစ်၊ ဒေါနှစ်၊ မောလည်း နှစ်၊ ဆဲ့နှစ် အကုမည်။
၂။ ဝမ်းသာ, မသာ၊ ဒိဋ္ဌိနှင့် ယှဉ်, မယှဉ်, တိုက်တွန်းမှု ရှိ, မရှိ၊ ခဲ့လေဘိ၊ ဖြစ်၏ လော ရှစ်မည်။

၃။ တိုက်တွန်း ရှိတာ၊ မရှိတာ၊ နှစ်ဖြာ ဒေါစိတ်မည်။
၄။ ပို့လွှင့်,ယုံမှား၊ စိတ် ၂-ပါး၊ မှတ်သားမောစိတ်မည်။

သဟိတ် ကာမကုသိုလ် ၀ိပါက်ကြိယာ ၂၄-ပါး

၄။ ဝမ်းသာ, မသာ၊ ဉာဏ်ယှဉ်, မယှဉ်၊ တိုက်တွန်းမှု ရှိ, မရှိ၊ ခဲ့လေဘိ၊ ဖြစ်၏ကု ရှစ်မည်။
၂။ ဝိပါက်, ကြိယာ၊ နည်းတူသာ၊ မှတ်ပါ ရှစ်ခုစီ။

အဟိတ်စိတ် ၁၈-ပါး

၁။ စုံစမ်း, လက်ခံ၊ ငါး ဝိညာဏ်၊ နှစ်တန် ဝိပါက်စိတ်။ (ကုသလ ဝိပါက်, အကုသလ ဝိပါက် ၂-ခုစီ)။
၂။ ဆင်ခြင် နှစ်ဖြာ၊ ရဟန္တာ၊ ပြုံးတာ ကြိယာစိတ်။
၃။ ဤ ဆဲ့ရှစ်မှာ၊ ဟိတ်မပါ၊ မှတ်ပါ အဟိတ်စိတ်။
၁။ စုံစမ်း ၃-ချက်၊ ရှစ်ဝိပါက်၊ ရေတွက် တဒါစိတ်။ (တဒါရုံ ၁၁)။
၁။ စျာန်ကုသိုလ် ၉၊ ဝိပါက် ၉၊ ကြိယာ ၉၊ ပေါင်း မဟဂ္ဂုတ်စိတ် ၂၇-ပါး။
၂။ မဂ်စိတ် ၄၊ ဖိုလ်စိတ် ၄၊ ပေါင်း လောကုတ္တရာစိတ် (၈) ပါး။
၃။ ကာမစိတ် ၅၄၊ မဟဂ္ဂုတ် စိတ် ၂၇၊လောကုတ္တရာစိတ် ၈၊ ပေါင်း စိတ် ၈၉-ပါး။

စေတသိက်ခန္ဓာ ဆောင်ပုဒ်များ

စိတ်နှင့် တပေါင်းတည်း ဖြစ်သော နာမ်တရားများကို စေတသိက် ဟုခေါ်သည်။

၁။ အာရုံကို တွေ့တာက ဖဿ။
၂။ အကောင်း အဆိုးကို ခံစားတာက ဝေဒနာ။
၃။ အာရုံကို မှတ်သားတာက သညာ။
၄။ စေ့ဆော် တိုက်တွန်းတာက စေတနာ။
၅။ စူးစိုက် တည်ကြည်တာက ဧကဂ္ဂတာ။
၆။ အသက်ရှင်နေတာက ဇီဝိတိန္ဒြေ။
၇။ နှလုံးသွင်းတာက မနသိကာရ။
ဤ ၇-ပါးမှာ စိတ်တိုင်းနှင့် ယှဉ်သည်။)
၁။ ကြံစည်တာက ဝိတက်။ (စိတ် ၅၅ နှင့် ယှဉ်သည်)
၂။ ဆင်ခြင်တာက ဝိစာရ။ (စိတ် ၆၆ နှင့်)
၃။ နှစ်သိမ့် ဝမ်းမြောက်တာက ဒိဋိ။ (စိတ် ၅၁ နှင့်)
၄။ အားထုတ်တာက ဝီရိယ။ (စိတ် ၇၃နှင့်)
၅။ လိုလားတာက ဆန္ဒ။ (အဟိတ် မောဟ မူတို့နှင့် မယှဉ်)
၆။ ဆုံးဖြတ်တာက အဓိမောက္ခ။ (ပဥ္စဝိညာဏ် ဝိစိကိစ္ဆာ တို့နှင့် မယှဉ်)
ဤ ၆-ပါးမှာ စိတ်အမျိုးမျိုးနှင့် ဖြိုးမြဲ၊ ယှဉ်သည်။
၁။ အမှန်ကို မသိတာက မောဟ။
၂။ မကောင်းမှုမှ မရှက်တာက အဟိရိက ။
၃။ မကောင်းမှုမှ မကြောက်တာက အနောတ္တပ္ပ။
၄။ ပို့လွှင့်တာက ဥဒ္ဓစ္စ။
ဤ ၄-ပါးမှာ အကုသိလစိတ်တိုင်း နှင့် ယှဉ်သည်။
၁။ တပ်မက် လိုချင်တာက လောဘ။ (စိတ် ၈-ပါးနှင့် ယှဉ်သည်)

၂။ အယူမှားတာက ဒိဋ္ဌိ။ (ဒိဋ္ဌိသမ္ပယုတ် ၄-ပါးနှင့်)
၃။ အထင်ကြီးတာက မာန။ (ဒိဋ္ဌိဝိပ္ပယုတ် ၄-ပါးနှင့်)
ဤ ၃-ပါးမှာ လောဘစိတ်တို့ နှင့် ယှဉ်သည်။
၁။ စိတ်ဆိုး ပြစ်မှားတာက ဒေါသ။
၂။ မနာလိုတာက ဣဿာ။
၃။ ဝန်တိုတာက မစ္ဆရိယ။
၄။ နောင်တ ပူပန်တာက ကုက္ကုစ္စ။
ဤ ၄-ပါးမှာ ဒေါသစိတ်တို့နှင့် ယှဉ်သည်။
၁၊၂။ ထိုင်း-မိုင်း ပျင်းရိတာက ထိန-မိဒ္ဓ။
ဤ ၂-ပါးမှာ လျှံလျှည်း၊ သော လောဘစိတ်,
ဒေါသစိတ်တို့နှင့် ယှဉ်သည်။
၁။ ယုံမှားတာက ဝိစိကိစ္ဆာ။
ဝိစိကိစ္ဆာစိတ်နှင့်သာယှဉ်သည်၊
၁။ ယုံကြည်ဘာ ကြည်ညိုတာက သဒ္ဓါ။
၂။ အာမှတ်ရတာက သတိ။
၃။ မကောင်းမှုမှ ရှက်တာက ဟိရီ။
၄။ မကောင်းမှုမှ ကြောက်တာက ဩတ္တပ္ပ။
၅။ မတပ်မက် မလိုချင်တာက အလောဘ။
၆။ စိတ်မဆိုး မပြစ်မှားတာက အဒေါသ။
၇။ အညီအမျှ ဖြစ်နေတာက တတြမဇ္ဈတ္တတာ။
၈၊၉။ ငြိမ်းအေးတာက ပဿဒ္ဓိ။
၁၀၊၁၁။ ပေါ့ပါးတာက လဟုတာ။
၁၂၊၁၃။ နူးညံ့တာက မုဒုတာ။
၁၄၊၁၅။ ပြုရန်ခဲတာက ကမ္မညတာ။

၁၆၊၁၇။ သန်စွမ်းတာက ပါဂုညတာ။
၁၈၊၁၉။ ဖြောင့်မတ်တာက ဥဇုကတာ။
ဤ ၁၉-ပါးမှာ တင့်တယ်သော စိတ်ဇောနှင့် ယှဉ်သည်။
+အကုသိုလ်စိတ်, အဟိတ်စိတ်တို့ကို မတင့်တယ်သော စိတ်ဟု ခေါ်သည်။
+ကုသိုလ်စိတ်, ဟိတ်ရှိသော ဝိပါက်, ကြိယာစိတ်တို့ကို တင့်တယ်သောစိတ်ဟု ခေါ်သည်။
၂၀။ အမှုန်ကို သိတာက အမောဟ၊ ဉာဏ် ပညာဟူ၍ လည်း ခေါ်သည်။ တင့်တယ်သော စိတ်တို့နှင့် ယှဉ်သည်။
၁။ သနားတာက ကရုဏာ။
၂။ သူတပါး ကောင်းစားသည်ကို ကြည်ဖြူ ဝမ်းမြောက်တာက မုဒိတာ။
ဤ ၂-ပါးကို အပ္ပမညာ ဟု ခေါ်သည်၊ သနားခိုက် ဝမ်းမြောက်ခိုက် ၌ ဖြစ်သည်။
၁။ မကောင်းသောစကားကို ကြဉ်ရှောင်တာက သမ္မာဝါစာ။
၂။ မကောင်းသော အမှုကို ကြဉ်ရှောင်တာက သမ္မာကမ္မန္တ။
၃။ မတရားး စီးပွါး ရှာမှုကို ကြဉ်ရှောင်တာက သမ္မာအာဇီဝ။
ဤ ၃-ပါးကို ဝိရတီ ဟု ခေါ်သည်၊ ရှောင်လိုသော စိတ်၊ မင်္ဂုလ်စိတ်တို့နှင့်သာ ယှဉ်သည်။

ဤ စေတသိက် ၅၂-ပါးတို့ တွင် ဝေဒနာက ဧဝဒနာကွန္ဓာ၊ သညာက သညာက္ခန္ဓာ၊ ကျန် ငါးဆယ်က သင်္ခါရက္ခန္ဓာ။

(ပဿဒ္ဓိ စသည်တို့၌ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ ဤသို့ စသည်ဖြင့် ၂-ပါးစီ ခွဲ၍ ယူလေ။)

သြဃတရဏသုတ်တရားတော်

က။ သြဃရေယျဉ်၊ ဘယ်သို့လျှင်၊ အရှင် ကူးမြောက်ပါသနည်း။

ခ။ မရပ်တည်ဘဲ၊ အားမခဲ၊ ဤနဲ့ ဖြင့်ပင် ကူးမြောက်သည်။

ကူးမြောက်ပုံ (၇)နည်း

၁။ တဏှာအလိုဖြင့်၊ ရပ်တည်နေလျှင် နစ်မြုပ်မည်။ ဒိဋ္ဌိအလိုဖြင့် အားထုတ်လျှင် မျောသွားမည်။ ထိုနှစ်မျိုးကို ပယ်၍ ကူးမြောက်သည်။

၂။ ကိလေသာအလိုဖြင့် ရပ်တည်နေလျှင် နစ်မြုပ်မည်။ အဘိသင်္ခါရအလိုဖြင့် အားထုတ်လျှင် မျောသွားမည်။ ထိုနှစ်မျိုးကို ပယ်၍ ကူးမြောက်သည်။

၃။ တဏှာ, ဒိဋ္ဌိတို့အလိုဖြင့် ရပ်တည်နေလျှင် နစ်မြုပ်မည်။ အခြား ကိလေသာ, အဘိသင်္ခါရတို့အလိုဖြင့် အားထုတ်လျှင် မျောသွားမည်။ ထိုနှစ်မျိုးကို ပယ်၍....

၄။ သဿတဒိဋ္ဌိအလိုဖြင့် ရပ်တည်နေလျှင် နစ်မြုပ်မည်။ ဥစ္ဆေဒဒိဋ္ဌိအလိုဖြင့် အားထုတ်လျှင် မျောသွားမည်။ ထိုနှစ်မျိုးကို ပယ်၍....

၅။ တွန့်ဆုတ်သည့်အလိုဖြင့် ရပ်တည်နေလျှင် နှစ်မြုပ်မည်။

ပုံ့လွှင့်သည့်အလိုဖြင့် အားထုတ်လျှင် မျောသွားမည်။ ထိုနှစ်မျိုးကို ပယ်၍....

၆။ ကာမသုခလွှိကအလိုဖြင့် ရပ်တည်နေလျှင် နှစ်မြုပ်မည်။

အတ္တကိလမထအလိုဖြင့် အားထုတ်လျှင် မျောသွားမည်။ ထို နှစ်မျိုးကိုပယ်၍....

၇။ အကုသိုလ်အလိုဖြင့် ရပ်တည်နေလျှင် နှစ်မြုပ်မည်။ ဝဋ္ဋနိဿိတ ကုသိုလ်အလိုဖြင့် အားထုတ်လျှင် မျောသွားမည်။

ထိုနှစ်မျိုးကို ပယ်၍ ကူးမြောက်သည်။

(၂၂-ခု တပို့တဲ့ လပြည့်နေ့ ဟောသည်)

မဂ်ဖိုလ်နိဗ္ဗာန်သို့ အမြန် ရောက်စေနိုင်ခဲသော

မဟာသတိပဋ္ဌာန်

ဝိပဿနာရှုနိုင်ပုံး

အကျဉ်းချုပ်၊

အဂ္ဂမဟာပဏ္ဍိတ

မဟာစည်ဆရာဒုတိယဘုရား

ရေးသားစီရင်တော်မူသည်။

ပုံနှိပ်သူ –

ဦးစံနှုတ်ဝင်

(ပ/ဝဂဂ၄)

သုခဝတီစာပုံနှိပ်တိုက်

၈၄·၃၁·လမ်း၊ မန္တလေးမြို့၊ ရိုက်နှိပ်၍

ထုတ်ဝေသူ –

ဦးစိန်တင်

(ထ/မြ–ဝ၆၄၂)

သုဓဝတီစာပေတိုက်

၈၄·၃၁·လမ်း၊ မန္တလေးမှ ထုတ်ဝေသည်။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၂၃၂၆)

၁၃၃၀–ခု၊ ဝါဆိုလ အုပ်ရေ–၁၀,၀၀၀၊

ဒါနကထာ စဒသနာ
(ဒီ· ၌ ၂၂၊ ၆၂၊ မဟာစည်)

ချမ်းသာအပေါင်း, ရကြောင်း မှန်စွာ၊
စည်းစိမ် - ဘောဂ, မြစ်မ - တည်ရာ။
အောက်တန်းမကျ, ကယ်မသူမှာ၊
မြတ်ဒါန, စိတ်ချကိုးကွယ်ရာ။
ဤဒံ ဒါနံ နာမ သုခါနံ နိဒါနံ၊ သမ္ပတ္တိနံ မူလံ၊
ဘောဂါနံ ပတိဋ္ဌာ၊ ဝိသမဂတသ တာဏံ။

သီလကထာ ဇဒသနာ (၎င်း)
သီလရုန်, မေ့ဖျောက်ကြိုင်စွာ၊
သီလ ဆင့်သိုင်း, ရှုတိုင်းလှပါ။
သီလစောင့်ငြား, မလားပါယ်ရွာ၊
မြတ်သီလ, စိတ်ချကိုးကွယ်ရာ။

မဆုတ်ယုတ်ကြောင်းတရား (၆) ပါး
(အံ ၂၊ ၂၇၄၊ မဟာစည်)

ကိစ္စမများ, စကားနည်းစေ၊
အိပ်နေမှုနည်း, ကိုယ်တည်း ပျော်လေး
ဆုံးမလွယ်ကြောင်း, မိတ်ကောင်းရှိစေ၊
မဆုတ်ရေး, အားပေး ဂုဏ်ခြောက်ထွေ။

ဝိပဿနာဉာဏ်နည်းအကျဉ်းချုပ်

အစသကောင်းစေး တရား (၆) ပါး

(အုံ ၂၊ ၂၆၀၊ မဟာစည်)

ကိုစွမများ စကားနည်းစေ၊
အိပ်နေမှုနည်း ကိုယ်တည်း ပျော်ဖေလ၊
ထောနှာမပြု ခဲ့မှုရှောင်သွေ၊
အသေကောင်းဘို့ အကြောင်းဂုဏ် ၆-ထွေ။

သတိပဋ္ဌာန်ဆရာတော်၏ မေတ္တာသံပေါက်

အရဟံ–အရဟံ–ကိုလေသာ အရပ်ရပ်၊ ညစ်နွမ်းသော စာတ်ကို၊ အမြစ်အရင်း ပြတ်အောင်၊ ဝိပဿနာဉာဏ်-အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ဖြင့်၊ ပယ်သတ်တော်မူနိုင်ပါပေသော မြတ်စွာဘုရား။ ပယ်သတ်တော်မူနိုင်ပါပေသော မြတ်စွာဘုရား။

စ။ ယခုရောက်လှာ၊ တို့သူငါ၊ချမ်းသာကိုယ်စိတ် မြဲပါစေ။
၂။ ယောဂီများစွာ၊ တို့သူငါ၊ချမ်းသာကိုယ်စိတ်မြဲပါစေ။
၃။ ဂုဏ်တော်နှင့်၊ မြတ်ဆရာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။
၄။ မိဘနှစ်ဖြာ၊ဂုဏ်နှင့်၊ချမ်းသာကိုယ်စိတ်မြဲပါစေ။

၅။ တို့ကျောင်းတွင်းမှာ၊ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၆။ တို့မြို့တွင်းမှာ၊ များသတ္တာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၇။ တို့နယ်တွင်းမှာ၊ များသတ္တာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၈။ ရဟန်း သံဃာ၊ အာကုန်သာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၉။ ပစ္စည်းလေးဖြာ၊ ဒါယကာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါခစ။

၁၀။ မင်းစိုးရာဇာ၊ နယ်တကာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၁၁။ ခိုးသူ—တိုက်သူ၊ လိမ်ကောက်သူ၊ ထို့တူ ကိုယ်စိတ် ချမ်းသာစေ။

၁၂။ တို့စကြဝဠာ၊ များသတ္တာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၁၃။ လေးကျွန်းစကြာ၊ များသတ္တာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၁၄။ အာနန္တစကြာ၊ များသတ္တာ၊ ချမ်းသာ ကိုယ် စိတ် မြဲပါစေ။

၁၅။ ခေတ်သုံးပါးမှာ၊ များသတ္ထာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၁၆၄ ဝိပဿနာရှုနည်းအကျဉ်းချုပ်

၁၆။ လူ နတ် ဗြဟ္မာ၊ အာကုန်သာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၁၇။ ပါယ်ခေးရှာမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၁၈။ သုံးဆယ့်တဘုံ၊ အလုံးစုံ၊ အကုန်ချမ်းသာစေ။

၁၉။ သက်ရှည် နာကင်း၊ ချမ်းသာခြင်း၊ ထင်လင်းထောက် ပါစေ။

၂၀။ ကိုးဆယ့်ခြောက်ဖြာ၊ ဓဝဒနာ၊ ငေးကွာ လွတ် ကင်းစေ။

၂၁။ ဘေးရန်ဟူ၍၊ မြူမငွေ့၊ ချမ်းမြေ့ကြည်လင်စေ။

၂၂။ တထူးမေ့လျော်၊ များသူးတော်၊ ထာကျော် အသက် ရှည်ပါစေ။

၂၃။ ရွှေ့ငွေ့စိန်ကျောက်၊ ထိန်ထိန်တောက်၊ ဖြိုးမောက် ကြွယ်ပါစေ။

၂၄။ ရတနာသုံးရပ်၊ မြဲမပြတ်၊ ဆည်းကပ်နိုင်ပါစေ၊

၂၅။ ဒါနကုသိုလ်၊ များထိုထို၊ ပိုမိုပြုနိုင်စေ။

၂၆။ သီလစတ်ပန်း၊ ကိုယ်မှာလှမ်း၊ ဆင်မြန်းနိုင်ပါစေ။

၂၇။ သမထ လေးဆယ်၊ ကျင့်ကြံဘွယ်၊ လွယ်လွယ် ပေါက် ပါစေ။

၂၈။ ကာယ, ဝေဒနာ၊ စိတ်, ဓမ္မာ၊ ခါခါပွားနိုင်စေ။

၂၉။ သိက္ခာသုံးရပ်၊ မြဲမပြတ်၊ ထပ်ဆပ်ကျင့်နိုင်စေ။

၃၀။ ဝီပဿနာ၊ ဉာဏ်ဆယ်ဖြာ၊ မကြာခဲပါက်ပါစေ။

၃၁။ မောဟ တက္ခာ၊ ကိုးထသာ၊ ဝေးကွာလွတ်ကင်းစေ။

၃၂။ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြင်သန်၊ နိဗ္ဗာန် ဆောက်လှယ်စေ။

၃၃။ တထောင့်ငါးရာ၊ ကိုးလသာ၊ ကင်းကွာ ချုပ်ငြိမ်းစေ။

၃၄။ အမျိုးခကာင်းသား၊ သမီးများ၊ ကြိုးစား ပွားများလေ။

မေတ္တာအကျိုး ။ ချမ်းသာသုံးမျိုး၊ အိပ်နိုး အိပ်မက်ချစ်လျက်လူနတ်၊ စောင့်လတ်နတ်များ၊ မီးကား မလောင်၊ ဆိပ်ခွျောင်မသင့်၊လက်နက်ဖြင့်မ၊မစူးရှဘည့်၊ လွှင့်ပစ်တည်၊ မျက်နှာကြည်ပေ၊ တွေ့ဝမရှိ၊ သေရဘိဆို၊ မဂ်ဖိုလ်မခ၊ ရှိပြန်ကသော်၊ လားရပြဟ္မာပြည်၊ ဆယ့်တလီ၊ များသည် မေတ္တာအကျိုးတည်း။

မေတ္တာသံပေါက်ပြီး၏။

ဒီပဲရင်းဆရာဒဘင် ဘုရားကြီး၏
မဇနာဒိဋ္ဌ ဝန်ခံနာ·ဘုရားရှိခိုး
(ထေရမန္တာ ၁၁-ပါး)

၁။ သြကာသ သြကာသ အာစိဉ်္ဇယျ အာစိဉ်္ဇယျ အပွမေယျ အပွမေယျ အပရိမာဏ အာနဉ်္ဇ မကြုံစည်အပ် မနှိုင်းယှဉ်အပ် အာဘိုင်းမသိ အဆုံးမရှိဘသာ ပါရမီတော် ဘုန်းတော် တန်ခိုးတော် ဉာဏ်တော် ဂုဏ်ကျေးဇူးတော်တို့၏ စုဝေးရာ တည်ရာဖြစ်တော်မူပါပေသော မြတ်စွာဘုရား။

၂။ လေ ရေ အစု မြေအထုနှင့် ယှဉ်တွဲနှိုင်းပြိုင် မမှီနိုင်ဆော သိလတော် သမာဓိတော် ပညာတော်တို့နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။

၃။ ခုနစ်ကြိမ်တိုင်တိုင် ကိုယ်ကိုယ်တိုင် ဆင်ခြင်ဉာဏ်ဖြင့် ကြည်ညိုဘွယ် နှစ်သက်ဘွယ် မြတ်နိုးဘွယ် အသွယ်သွယ်သော ရူပကာယဂုဏ်ကျေးဇူးတော် နာမကာယဂုဏ်ကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။

၄။ ပကတသာဝက မဟာသာဝက အဂ္ဂသာဝက ပစ္စေက ဗုဒ္ဓါတို့နှင့် မထိုက်မဘန် တစုံတယောက်သော သူနှင့် မဆက်ဆံဆော ကုန်လွန်ပြီးသော ပရောပရိယတို့ဉာဏ်တော် အာသယာနုသယဉာဏ်တော် ယမကပါဋိဟာရိယဉာဏ်တော် မဟာကရုဏာသမာပတ်တို့ဉာဏ်တော် သဗ္ဗညုတဉာဏ်တော် အနာဝရဏ

ဥာဏ်တော်တည်းဟူသော အသာခေရဏဥာဏ်တော်ခြောက်ပါး အားတော် ဆယ်ပါးနှင့် ပြည့်စုံတော် မူပါပေသော မြတ်စွာဘုရား။

၅။ မန္ဒိုင်းယှဉ်ဘွယ် ကြီးကျယ် ထူးမြတ်တော်မူလှသော ဝိပဿနာဥာဏ် မနောမယိဒ္ဓိဥာဏ် ဣဒ္ဓိဝိဓဥာဏ် ဒိဗ္ဗသောတဥာဏ် စေတောပရိယဥာဏ် ပုဗ္ဗေနိဝါသဥာဏ် ဒိဗ္ဗစက္ခုဥာဏ် အာသဝက္ခယဥာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး တို့နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။

၆။ ဘေးဘျမ်း ကင်းလတ် မရောက်ဘူးသော နိဗ္ဗာန် ဟူသော အောင်မြေရပ်သို့ ကူးခတ်ရောက်၊ ပေါက်နိုင်ခြင်း၏ အကြောင်းဖြစ်သော သီလသံဝရ ဣန္ဒြေယသုံ ဂုတ္တဒ္ဝါရတာ ဘောဇနေ မတ္တညုတာ ဇာဂရိယာနုယောဂ သဒ္ဓါ သတိ ဟိရီ ဩတ္တပ္ပ ဗီရိယ ဗာဟုဿစ္စ ပညာ ပဋိသမ္ဘိဒ်စ ပညာ ပဋိသမ္ဘိဒ်စ ဒုတိယ ဈာန် တတိယဈာန် စတုတ္ထဈာန် တည်းဟူသော စရဏ တရဆဲ့ငါးပါးတို့ နှင့် ပြည့်စုံတော် မူပါပေသော မြတ်စွာဘုရား။

၇။ ပဒစ္စကဗုဒ္ဓါ သာဝကတို့နှင့် မတူ လွန်ကဲထူးမြတ် တော်မူလှသော အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိ ပဋိသမ္ဘိဒါ ပဋိဘာနပဋိသမ္ဘိဒါ တည်းဟူသော ပဋိသမ္ဘိဒါ လေးပါး အဘိညာဏ် ခြောက်ပါး သမာပတ် ရှစ်ပါးတို့နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။

၈။ ရှေးရှေးသော ဘဝအထူးတို့က ဖြည့်ဆည်းပူးတော်မူ အပ်သော ကံသမ္ဘာအကြောင်း ပါရမီပေါင်းစုံကုသိုလ်တော် ဆယ်ဟုန်တို့ကြောင့် ဖြစ်သော အမျိုးအာဒါန ဖြင့် လွန်ကဲကြီးမြတ် ခြင်း, တန်ခိုးဣဒ္ဓိ ဂုဏ်သတ္တိအာဒါန ဖြင့် လွန်ကဲ ကြီးမြတ်ခြင်း, ဘုန်းတော် ပါရမီတော်အာဒါန ဖြင့် လွန်ကဲကြီးမြတ်ခြင်းဟူသော မဟတ္တဂုဏ်တော် သုံးပါး ဇေယျာဂုဏ်တော် လေးပါး မျက်စိတော်ငါးပါး ဘုန်းတော် ခြောက်ပါး တန်ခိုးတော် ရှစ်ပါး အံ့ဘွယ်တော်ဆဲ့ရှစ်ပါး ၂၂-ပါးသော ဉာဏ်တော် အထူး ဂုဏ်ကျေးဇူးတော်တို့နှင့် ပြည့်စုံတော် မူပါပေသော မြတ်စွာဘုရား။

၉။ ဇာတိခေတ်, အာကာသခေတ်, ဝိသယခေတ်ဟု ဆိုအပ် သော သုံးပါးသောခေတ်တွင် ဇနှစ်တုံး ဆေးမြတ်ဆုံး ဖြစ်၍ လောကဇလုံးကို သိမ်းရုံးအုပ်စိုး လွှမ်းမိုး လွန်ကဲတော်မူနိုင် ပါပေသော မြတ်စွာဘုရား။

၁၀။ ဤသို့သောဂုဏ် ဆလုံးစုံတို့ကြောင့် အနန္တလောက ဓာတ်တွင် ကာမအကုန် ဗြဟ္မာ့တုံတိုင်အောင် တူသူ ပြိုင်သူ ရှိတော်မမူပါပေသော မြတ်စွာဘုရား။

၁၁။ ဤသို့အံ့၍မဆုံး ပါရမီရှင်ဘုန်းတော်အရှင်ဖြစ်တော် မူ၍ မြတ်သူယုတ်သူ သတ္တဝါဟူသမျှတို့၏ ချမ်းသာဘို့ကိုသာ အမြဲ ကြံဆောင်ကြိုးကုတ် အားထုတ်တော်မူနိုင်ပါပေသော မြတ်စွာဘုရား။ ။ဤကား ဆောမနာ(၁၁)ပါး။

၁။ ကိုယ်ခတော်မြတ်ဘုရား၏ ကိုယ်တော်စား ရွှေပ်ပွား ဆင်းတုတော် ဓာတ်တော် ဓမ္မခတော် ဗောဓိဒဘော် ရှစ်သောင်း ဒလေးထောင်ခဲသာ ဓမ္မကွန္ဒာ ပိဋကတ်းတော်ဟု ဆိုအပ်သော ဥဒ္ဒေသစတီ ဓာတုစေတီ ပရိဘောဂစေတီ ဓမ္မစေတီတော် မြတ် အရပ်ရပ်တို့ကို မချွတ်မလွဲ အမြဲသရဏတံ့ဖြစ်ပါသော အကျွန်ုပ်သည် ဇောစိတ်ကြည်ရွှင် လက်ဆယ်အင်္ဂါကို မြှောက် တင်ချီမိုး ဦးနှိမ်ကျိုးချ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။ ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှီဝဲဆည်းကပ်ပါ၏ အရှင် ဘုရား။ (ဤကား ဝန္ဒနာ)

၁။ ဤသို့ နှစ်သက်မြတ်နိုး ရှိခိုးကြည်ညို ရိုဒသလေး မြတ် ဆည်းကပ်ကိုးကွယ်ပါရသော ဧကောင်းမှုကံ စေတနာ တို့ကြောင့်-သတ္တဝါတို့ကို ပူပန်စေတတ် နှိပ်စက်ဖျက်ဆီးတတ် အပါယ်လေးပါးသို့ ကျစေထုတ်ခဲ့စဖူးသော ကိုးလသာ ၁၀-ပါး သံယောဇဉ် ၁၀-ပါး နီဝရဏ ၆-ပါး ရန် ၅-ပါး ဥပါဒါန် ၄-ပါး ဩဃ ၄-ပါး ယောဂ ၄-ပါးတို့မှ ကင်း လွတ်သည်သာ ဖြစ်၍ ပူပန်ခပ်သိမ်း ကြောင့်ကြ ခပ်သိမ်း ဆင်းရဲခပ်သိမ်းတို့၏ ကုန်ငြိမ်းရာ အလွန်တရာ အေးမြလှစွာ သော နိဗ္ဗာန် ချမ်းသာမြတ်ကို ရပါလို၏ အရှင်ဘုရား။ (ဤကားဆုဆောင်း)

"သြ-လေ-အံ့-ပ-မ-ဘေး-ပစ်-ရှေး-ဇာ-ဤ-ဤ ကိုယ်" (ဤကား ခေါင်းစဉ်)

ထောမနာ(၁၁)ပါး နှင့်-ဝန္ဒနာ (၁)ပါး

ဆုတောင်း (၁) ပါးရှိ ဘုရားရှိခိုး စာပုဒ်ပြီး၏။

.....

ဒီပဲရင်း ဆရာစတဲ့ဘုရားကြီး၏ ဘုရားရှိခိုး မြတ်စွာဘုရားကို ထောမနာ (၂၀)နှင့် ပဏာမပြုရန်

၁။ လူဓာပေါင်း နတ်ဓာပေါင်း ဗြဟ္မာ ဓာပေါင်းတို့၏ ဦးခေါင်း ညွတ်လျှိုး ရှိခိုးခြင်း၏ တည်ရာ မြတ်နှိုးခြင်း၏ တည်ရာ ပူဇော်ခြင်း၏တည်ရာ အရိုအသေ ပြုခြင်း၏တည်ရာ ဖြစ်တော်မူပါပေသော မြတ်စွာဘုရား။

၂။ ဗြဟ္မာလူနတ် လောကဓာတ်အားလုံး ပျားပိတုန်းသို့ ချန်းရွန်းဝန်းအုံ ခြေတော်စုံကို ခိုလှုံဝတ်တွား ဆည်းကပ် ခစားရာ ကိုးကွယ်လည်းလျောင်း မှီခိုပုန်းအောင်းရာ ဖြစ် တော်မူပါပေသော မြတ်စွာဘုရား။

၃။ လူသားတို့ ဓမ္မ ယသ သီရိ ကာမ ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါး ဂုဏ်တော် ကိုးပါးတို့၏ အရှင် သခင် ဘုရင်ဦးစီး ဆတ္တဝါဓာပေါင်း တို့၏ အမှူး အကြီး ဖြစ်တော်မူပါပေသော မြတ်စွာဘုရား။

၄။ လေးပါး ယောနိ ငါးပါးသော ဂတိ ကိုးပါးသော ဘဝ ရှိသမျှအရပ်ရပ် အနန္တစလောကခေတ်တွင် မနှိုင်းအပ် မယှဉ်အပ် ပုဂ္ဂိုလ်မြတ် ပုဂ္ဂိုလ်ထူး လောက၏ အညွှန့် အဖူး ဖြစ်တော်မူပါပေသော မြတ်စွာဘုရား။

၅။ ကာမ ၁၁—ဘုံ၊ ရူပ ၁၆—ဘုံ၊ အရူပ ၄—ဘုံ ဟု ဆိုအပ်သော ၃၁—ဘုံ အလုံးစုံကို အုပ်ခြုံသိမ်းရုံး လောကခေတ် အားလုံးတွင် အလွန်ဆုံး ဖြစ်တော် မူပါပေသော မြတ်စွာဘုရား။

၆။ ပရမတ် ပညတ် အရပ်ရပ်ရှိသမျှ အင္ဂါတွေဗဟိဒ္ဓမကျန် ရှုပ်နှင့်နာမ်ကို ဝိညာဏ် ၆-ပါး ဒွါရ ၆-ပါး အာရုံ ၆-ပါး၊ ခန္ဓာ ၅-ပါး အာယတန ၁၂-ပါး ဓာတ် ၁၈-ပါး ပဋ္ဌိစ္စသမုပ္ပါဒ် ၁၂-ပါး ပစ္စည်း ပစ္စယုပ္ပန်တရားတို့ဖြင့် ပိုင်းခြား ကြိတ်ချေ ဓနှာက်မွေ့ကုန်စင် သိမြင်တော် မူနိုင်ပါပေသော မြတ်စွာဘုရား။

၇။ အတိတ်အနာဂတ် ပစ္စုပ္ပန် ဓဝးလံရှည်လျား ကာလ သုံးပါး၌ ဆီးတားဆို့ပိတ် တွန့်လိပ်ခြင်းမရှိ မြင်သိဟင်းလင်း၊ ထိုးထွင်းကြိတ်ချေ နှောက်မွေ့ကုန်စင် သိမြင်တော်မူနိုင်ပါပေသော မြတ်စွာဘုရား။

၈။ ငါ့ကိုယ်ငါ့ဟာ မိစ္ဆာဘောက်ပြန် ဒိဋ္ဌိဉာဏ်ကိုတွန်လှန်ပယ်ဖျောက်တော်မူ၍ ဟုတ်တိုင်းအလျောက် မဘောက်မပြန်အမှန်ကိုသာ သိတော်မူတတ်ပါပေသော မြတ်စွာဘုရား၊

၉။ အမှန်အဟုတ်ကို ဖုံးအုပ်ကွယ်ထား၍ သတ္တဝါအများကို မှောက်မှားထင်လဲ့ဆင်းရဲပင်ပန်း စေတတ်သော အဝိဇ္ဇာတဏှာ မိုက်မှောင်လွှာကို ဖျောက်ခွါပယ်ရှင်းအထင်းကိုသာ ဖြစ်စေတော်မူဘုရားတို့ပါပေသော မြတ်စွာဘုရား။

၁၀။ မဘောက် မပြုန် လမ်းအမှန်ကို ကောန် ဆတ်ဆတ် ကိုယ်တော်မြတ် သိတော်မူပြီး၍ ဝေနေယျကိုလည်း လှလှကောန် လမ်းမှန်သို့ချ အမှန်ကိုသာ ပြတော်မူတတ်ပါပေသော မြတ်စွာဘုရား။

၀၁။ ကမ္ဘာစဉ်ဆက် အောက်ထက်ဝန်းကျင် တုင်းပြင် မလပ် စွဲကပ်လိမ်းကျံ ညှိနှံညစ်ထေး ကိလေသာ အညစ် အကြေးမှလည်း ကင်းဝေးဖြူစင်တော်မူပါပေသော မြတ်စွာဘုရား။

၁၂။ ကမ္ဘာဖျက်မီး မကြီးဆောင် သတ္တဝါကို လောင်တတ်သော ထုဂ ဒေါသ မောဟ အစရှိသော ၁၁-ဖါးသော မီးတို့ကို ငြိမ်းအေးစေတော်မူတတ်ပါပေသောမြတ်စွာဘုရား။

၁၃။ ကမ္ဘာ အသင်္ချေ လွန်လေကုန်လည်း တွေ့ခဲ့ကြုံခဲ့ လှစွာ ရတနာ မြတ်အာစစ် ဇာမြတ်ဆုံးအနှစ် ဖြစ်တော် မူပါပေသော မြတ်စွာဘုရား။

၁၄။ ကောင်းကျိုးချမ်းသာ မင်္ဂလာတထူးတို့၏ ပွားစီးထာလယ်တာမြဲဆောင်းကြီးနှင့် တူတော်မူပါပေသော မြတ်စွာဘုရား။

၁၅။ လက်အုပ်တကြိမ် ဦးနှိမ်တခု စာပုဒ်မျှပန်း မြေမှုန့် ဆွမ်းဖြင့် ကြီးကျယ်ဖွံ့ဖြိုး စတောင့်တတိုင်း အာကျိုးကို ပေး စွမ်းဆောင်မှုနိုင်ပါပေသော မြတ်စွာဘုရား။

၁၆။ လောဘ ဒေါသ မောဟ ဟူသည် အမှုခက်ထန် သတ္တဝါတို့၏ ကိုယ်တွင်း ရန်ကို ဒဿနာဉာဏ်တော် လက် နက်ဖြင့် ပယ်ဖျက် ခုတ်ဖြတ် သတ်ဖောက်မှုတတ်ပါပေသော မြတ်စွာဘုရား။

၁၇။ ငရဲ ပြိတ္တာ တိရစ္ဆာန် အသုရကာယ် အပါယ် ဘေးကြီးတို့မှ တားဆီး စောင့်ရှောက်တော်မူတတ်ပါပေသော် မြတ်စွာဘုရား။

၁၈။ မယဉ်ကျေးသူ နတ်နှင့် လူကို ကြည်ဖြူ အေးအေး ဆေးမှီ ယဉ်ကျေးအောင် ဆုံးမတော် မူတတ်ပါပေသော မြတ်စွာဘုရား။

၁၉။ အဖန်ဖန်အို အဖန်ဖန်နာ အဖန်ဖန်သေ အထွေထွေ သော ဆင်းရဲဖြင့် အမြဲလောင်ပူ ဆင်းရဲကြသူ သတ္တဝါ အပေါင်းတို့၏ အပူဒုက္ခကို ပယ်ချငြိမ်းအေးစေတော်မူတတ် ပါပေသော မြတ်စွာဘုရား။

၂၀။ ကိုယ်တော်မြတ်ဘုရားလည် ချမ်းသာစွာနေထော်မမူ ချောင်းညာ ပင်ပန်းတော် မူသည်ကိုလည်း ပမာ မထား သတ္တဝါအများကို မခြားရင်နှစ် သားတော်စစ်ကဲ့သို့ လွန်ချစ် ကြည်ဖြူ သနားတော်မူလှသောကြောင့် ထိုထိုပြည်ရွာ ဒေသ

စာကို လှည့်ကာဖြန့်ကြ နေညမရွေး တရားတော် ရေစာကို တိုက်ကျွေး ဟောကြားတော် မူတတ်ပါပေသော မြတ်စွာဘုရား။ (ဤကား ထောမနာ ၂၀)

၁။ အရှင်ဘုရားကြီးကို မချွတ်မလွဲ မမြဲသေရလတံ့ ဖြစ်ပါသော အကျွန်ုပ်သည် ကျွေးဇူးကုန်ကို အာ့ရုံစွဲကပ် မြတ်မြတ်နိုးနိုး လက်စုံမိုး၍ ရှိခိုး ပူဇော်ပါ၏ အရှင်ဘုရား။

(ဤကား ဝန္ဒနာ)

၁။ ဤသို့ရှိခိုး ပူဇော်ပါရသော ကောင်းမှုကံ စေတနာ တို့ကြောင့် အရိယာသာဓုဇန သူတော်စင်တို့သည် သိမြင်အပ်သော ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ တည်းဟူသော ဆစ္စာလေးပါး တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်ရသဖြင့် အိုရှိမပြီး နာရှိမပြီး သေရှိမပြီး ၁၁-သီးသော မီးတို့၏ လောင်ရာဌာန သံသရာဘုံဘဝ ဝဋ်မှ ကင်းလွတ်ရပါလို၏ အရှင်ဘုရား။

(ဤကား ဆုတောင်း)

"လူ - ဖြ - ဣသ် - လေး - ကာ - ပ - အာ - ဂါ - မွန် - မ - ကာ - က - ကောင်း - လက် - လော - ဂ - မ - ဖန် - ကိုယ် - ရှင်"

(ဤကား ခေါင်းစဉ်)

ထောမနာ ၂၀-ဝန္ဒနာ ၁-ပါး ဆုတောင်း ၁- ပါးရှိ ဘုရားရှိခိုး တပုဒ်ပြီး၏။

သြကာသ မူမှန် ကန်တော့ခန်း

(မဟာစည်မူ)

သြကာသ၊ သြကာသ၊ သြကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော၊ အပြစ်ခပ်သိမ်း၊ ပပျောက်ငြိမ်းရှိ၊ အသက်ရှည်စွာ၊ အနာ မဲ့ရေား၊ ရန်ဘေး ကင်းခြောင်း၊ ကောင်းမှုမက်လာ၊ ဖြစ်ပါစေခြင်းအကျိုးငှာ၊ ဘုရားရဘန၁၊ တရားရတန၁၊ သံဃာရတန၁တည်းဟူ၍သာ၊ ရတနာမြတ်သုံး ပါး၊ (ဆရာသမား) တို့ကို၊ အရိုအသေ၊ လက်အုပ်မိုးရှိ၊ ဦးခိုး ပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏ (အရှင်ဘုရား)၊

(ဆုပေးမည့်ပုဂ္ဂိုလ်ရှိလျှင် ဤတွင်ရပ်ပါ)

ဆုပေးမည့် ပုဂ္ဂိုလ် မရှိလျှင်

အောက်ပါ ဆုတောင်းကို ဆက်တောင်းပါ

ကန်တော့ရသော ဤကောင်းမှုကံ စေတနာတို့ခြောင့်၊ အပါယ်(၄)ပါး၊ ကပ်(၃)ပါး၊ ရပ်ပြစ်(၈)ပါး၊ ရန်သူမျိုး(၅)ပါး၊ ဝိပတ္တိတရား(၄)ပါး၊ ဗျသနတရား(၅)ပါး၊ အနာမျိုး(၉၆) ပါး၊ မိစ္ဆာဒိဋ္ဌိ (၆၂)ပါးဘို့မှ၊ အခါ ခပ်သိမ်း၊ ဘင်းလွတ်ငြိမ်းသည်သာဖြစ်၍၊ မင်္ဂလာရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို၊ လျင်မြန်စွာ၊ ရပါလို၏ (အရှင်ဘုရား)၊

ဂုဏ်တော် ၉-ပါး ဘုရားရှိခိုး

(မဟာစည်ဆရာတော်)

အစိန္ဒေယျံ၊ အစိန္တေယျံ၊ အပ္ပမေယျံ၊ အပ္ပမေယျံ၊ မကြုံဆ မန္ဒိုင်းယျဉ်နိုင် ကောင်းသော ဂုဏ်တော်အပေါင်း အာနုန္တနှင့် လုံးဝဉာဏ် ပြည့်စုံဒတ်မူပေသော မြတ်စွာဘုရား။

၁။ (က) အရဟံ - လွန်ကဲ ထူးမြတ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိ ဉာဏ ဒဿနဂုဏ်တို့နှင့် ပြည့်စုံတော် မူသော ကြောင့် လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့ ၏ ပူဇော်အထူးကို ခံတော်မူထိုက်ပေသော မြတ်စွာဘုရား။

၂။ (ခ) အရဟံ-ဝါသနာနှင့်တကွ တထောင့်ငါးထု ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်စွာ မူပေသော မြတ်စွာဘုရား။

၃။ (ဂ) အရ-ဟံ—လောဘ ဒေါသ မောဟ အစရှိ သော ကိလေသာ ရန်သူတို့ကို ပယ်သတ် တော်မူပြီးသော မြတ်စွာဘုရား။

၄။ (ဃ) အရ-ဟံ—သံသရာစက်၏ ထောက်အကန့်တို့ ကို ချိုးဖျက်တော်မူပြီးသော မြတ်စွာဘုရား။

၅။ **လောကဝိဒူ**– လောက၏ အကြောင်း အထူ အလုံးစုံကို အကုန်အစင် သိမြင်စောင့်မူပေ သော မြတ်စွာဘုရား။

၆။ (က) **အနုတ္တရော**– အမြင့် အမြတ်ဆုံး ဖြစ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံခြင်းတော်မူ သောကြောင့် လောကဓာတ်အလုံးဌ အမြင့် အမြတ်ဆုံးဖြစ်တော်မူသော မြတ်စွာဘုရား။

၆။ (ခ) **ပုရိသ ဒမ္မ သာရထိ**– ယဉ်ကျေး လိမ္မာ ပညာအသိ မရှိကြစသား မပြည့်ဝသေးချို ဆုံးမ ပေးထိုက်သော ပုဂ္ဂိုလ် တို့အား ယဉ်ကျေး လိမ္မာ ပညာ ပြည့်ဝ အချို့းကျ အောင် ဆုံးမ သွန်သင်တော် မူတတ် ပေ သော မြတ်စွာဘုရား။

၆။ (ဂ) **အနုတ္တရော ပုရိသ ဒမ္မ သာရထိ**– ဆုံးမ ထိုက်သော ပုဂ္ဂိုလ်တို့အား ညှန်ကြား သွန် သင် ပဲ့ပြင်ဆုံးမမှု၌ အတုမရှိ အမြတ်ဆုံး ဖြစ်တော်မူပေသော မြတ်စွာဘုရား။

၇။ **သတ္ထာ ဒေဝမနုဿာနံ**– ချမ်းသာ ရ ကြောင်း လွှမ်းကောင်း ညွှန်ပြ ဆုံးမတော်

မူတတ်၍ လူနတ် တို့၏ ဆရာမြတ် အာစစ်
ဖြစ်တော်မူပေသော မြတ်စွာဘုရား။

၈။ ဗုဒ္ဓါ– တရားအလုံးစုံကို အကုန်သိတော် မူ
ပေသော မြတ်စွာဘုရား။

၉။ ဘဂဝါ– ဘုန်းတော်အနန္တ ကုံတော်အနန္တ
ဥာဏ်တော်အနန္တ တန်ခိုးတော် အနန္တတို့နှင့်
လုံးဝဥဿုံ ပြည့်စုံတော်မူပေသော မြတ်စွာ
ဘုရား။

အရဟံ – အစ ရှိသော ကိုးပါး သော ဂုဏ်တော် ဆယ်ပါးသော ဂုဏ်တော် အနန္တ ဂုဏ်တော် ကျေးဇူးတော် အပေါင်းတို့နှင့် ပြည့်စုံတော် မူသော သင်္ဘော သင်္ကေတ် ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ဘုရားတပည့်တော် သည် ရိုသေမြတ်နိုး လင်္ကာအုပ်မိုး၍ ရှိခိုး ပူဇော် ဖူးမြော်မာန်လျှာ့ ကန်တော့ပါ၏ မြတ်စွာဘုရား။

ဂုဏ်တော် ၆-ပါး တရားရှိခိုး

(မဟာစည် ဆရာတော်)

ဘဂဝတော၊ မြတ်စွာဘုရားသည်။ အာက္ခာ-
တော၊ ဟောကြားအပ်သော။ ဓမ္မော၊ တရား
တော်သည်။

၁။ သွာက္ခာတော— ကိလေသာ ငြိမ်းခြင်း ကောင်းမွန် မှန်ကန်စွာ ဟောအပ်သော တရားတော်မြတ်ပါပေတကား။

၂။ သန္ဒိဋ္ဌိကော — ကျင့်ကြံ အား ထုတ် လျှင် မျက်မှောက် ကိုယ်တိုင် တွေ့မြင် နိုင်သော တရားတော်မြတ် ပါပေတကား။

၃။ အကာလိကော — အချိန်အခွင့် မဆိုင်းလင့် ဘဲ အသင့်လက်ငင်း ချက်ခြင်း အကျိုးပေး တတ်သောတရားတော်မြတ်ပါပေတကား။

၄။ ဧဟိပဿိကော— "လာပါ, ကြည့်လှည့်ပါ" ဟု ကျင့်ကြံအားထုတ်ရန် ဘိတ်မန်တိုက်တွန်း ထိုက်သော တရားတော်မြတ်ပါပေတကား။

၅။ ဩပနေယျိကော — မိမိ သန္တာန်၌ တည် အောင် ကျင့်ဆောင် ထိုက်သော တရား တော်မြတ် ပါပေတကား။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ— တရားမြင်သိ သည့် ပညာရှိ ရှစ်ပါး အရိယာမျှားသာလျှင် ကိုယ့်တရားနှင့်ကိုယ် အသီးသီး သိမြင်ခံစား ရသော တရားတော်မြတ်ပါပေတကား။

သွာက္ခာတ အစရှိသော ဤ ဂုဏ်တော် ၆-ပါးနှင့် ပြည့်စုံတော်မူသော မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်, ပရိယတ် အားဖြင့် ဆယ်ပါးသော တရားတော်မြတ်ကို ဘုရား တပည့်တော်သည် ရိုသေမြတ်နိုး လက်အုပ် မိုးချီ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏ ဘုရား။

ဂုဏ်တော် ၉-ပါး သံဃာတော်ရှိခိုး

(မဟာစည်ဆရာတော်)

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက သံဃော၊ တပည့်သား အပေါင်း သံဃာတော်သည်။

၁။ **သုပ္ပဋိပန္နော** — လောဘ ဒေါသ မောဟ ကင်းခြောင်း (သီလ သမာဓိ ပညာအကျင့် ကောင်းကို) ကောင်းစွာ ကျင့်တော်မူသော သံဃာတော်မြတ် ပါပေတကား။

၂။ **ဥဇုပဋိပန္နော** — ကိုယ် နှုတ် စိတ်ထား အကောက် သုံးပါးကင်းရန် ဖြောင့်မှန်စွာ ကျင့်တော်မူသော သံဃာတော်မြတ် ပါပေတကား။

၃။ ဥာဃပ္ပဋိပဒေါ - ဆင်းရဲဒြိမ်းရန် နိဗ္ဗာန်အာလို့ငှာ သင့်လျော်စွာ ကျင့်တော်မူသော သံဃာတော် မြတ်ပါပေတကား။

၄။ သာမီစိပ္ပဋိပန္နော - သူများက ပြုသည့် ရိုသေမှုနှင့် သင့်တင့်ထိုက်တန်အောင် ကျင့်ကြံတော်မူသော သံဃာတော်မြတ် ပါပေတကား။

၅။ အာဟုနေယျော - အရပ်ဝေးမှ သော်လည်း ဆောင်လာ၍ ပေးလှူ ပူဇော်ထိုက်, ပေးလှူသည်ကို ခံယူတော် မူထိုက်သော သံဃာတော်မြတ်ပါပေတကား။

၆။ ပါဟုနေယျော- ချစ်မြတ်နိုးအပ်သည့် ညွှန်းသည်များအတွက် အထူး ပြုပြင်ထားသော စားကောင်း သောက်ဖွယ် ကိုသော်လည်း ပေးလှူပူဇော်ထိုက်, ခံယူတော် မူထိုက်သော သံဃာတော်မြတ်ပါပေတကား။

၇။ အဉ္ဇလိကရဏီယော — လူနတ်တမလွန် လောကဌ် ကောင်းကျိုး ရမည်ဟု ယုံကြည်၍ ပေးလှူသည်ကို ခံယူတော်မူထိုက်သော သံဃာတော် မြတ်ပါပေတကား။

၈။ **အနုလီ ကရဏီယော — ကောင်းကျိုး ချမ်း**
သာ **မှန်စွာရမည်ဟု ယုံကြည်မြော်ကိုးလျက်**
လက်အုပ်မိုး၍ ရှိခိုးထိုက်သော သံဃာတော်
မြတ်ပါပေတကား။

၉။ **အနုတ္တရံ ပုညက္ခေတ္တံ လောကဿ —**
ကောင်းမှုမျိုးကို စိုက်ပျိုးရန်အလို့ငှာ သတ္တ
ဝါ အပေါင်း၏ အကောင်းဆုံး လယ်ယာ
မြေ ဖြစ်တော်မူသော သံဃာတော်မြတ်ပါ
ပေတကား။

သုပပ္ပဋိပန္နော အစရှိသော ဤ ၉-ပါး
သော ဂုဏ်တော်တို့နှင့် ပြည့်စုံတော် မူသော
မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးပါး, ဖလဋ္ဌာန် ပုဂ္ဂိုလိ
လေးပါး အားဖြင့် ရှစ်ပါးသော အရိယာ
ပုဂ္ဂိုလ်အပေါင်း သံဃာတော်မြတ်ကို ဘုရား
တပည့်တော်သည် ရိုသေမြတ်နိုး လက်အုပ်
မိုး၍ ရှိခိုး ပူဇော် ဖူးမြော် မာန်လျှော့
ကန်တော့ပါ၏ အရှင်ဘုရား။

ဥဿာဇာတ်စဉ် ၁၆ ပါး ဘုရားရှိခိုး

(မဟာဇနကဇာတော်)

၁။ နှံ့ဝမရှုပပရိစ္ဆေဒံ၊ တပ္ပစ္စယပရိဂ္ဂဟံ။
တံသမ္မသနံ ဥဒယ-ဗ္ဗယဉာဏဥ္စ ဘဂ်ံဂံ။

၂။ ဘယဉာဏံ အာဒီနဝ - ဉာဏဥ္စ နိဗ္ဗိဒံ အထာ။
မုဉ္စိတုကမျတံပဋိ - သင်္ခ သင်္ခါရုပေက္ခကံ။

၃။ အနုလောမဉ္စ ဂေါတြဘုံ၊ မဂ္ဂဉာဏံ ဖလံ တထာ။
ပစ္စဝေက္ခဏဉာဏန္ဒ်ီ၊ တိလောကမ္ပိဖိ ကေနစိ။

၄။ အဒေသိယေ သာသနိကော၊ဉာဏိမေ သောဠသုတ္တဒရ။
ဒေသေတာရံ ပဝတ္တာရံ၊ ဗုဒ္ဓ တီဟာဒရံ ၊နမေ။

(၁) နာမရူပပရိစ္ဆေဒဉာဏ်၊ နာမ်ရုပ်တရားတို့ကို ပိုင်းခြား၍ သိသော နာမရူပ ပရိစ္ဆေဒဉာဏ်ငင်း။

(၂) တပ္ပစ္စယပရိဂ္ဂဟဉာဏ်၊ ထိုနာမ်ရုပ်တို့၏ အကြောင်းတရားကို ပိုင်းခြား၍ သိသော ပစ္စယပရိဂ္ဂဟဉာဏ်ငင်း။

(၃) တံသမ္မသနဉာဏ်၊ ထိုနာမ်ရုပ်တို့ကို အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် သုံးသပ်ဆင်ခြင်၍ သိမြင်သော သမ္မသနဉာဏ်ငင်း။

(၄) ဥဒယဗ္ဗယဉာဏ်၊ နာမ်ရုပ်တို့၏ အသစ်အသစ်ဖြစ်ပေါ်လာခြင်း ဖြစ်ပေါ်ပြီးလျှင် တခဏချင်း ပျက်စီးသွားခြင်းကို ရှုမှတ်ထင်ထင်သိမြင်သော ဥဒယဗ္ဗယဉာဏ်ငင်း။

(၅) ဘင်္ဂံ၊ နာမ်ရုပ်တို့၏ ပျက်စီးခြင်းကိုသာ ရှုမှတ်ထင်ထင် သိမြင်သော ဘင်္ဂဉာဏ်ဟောင်း။

(၆) ဘယဉာဏ်ဟူ၊ နာမ်ရုပ်တို့၏ ပျက်စီးခြင်းကို သိမြင်ရသဖြင့် ကြောက်လန့်ဘွယ် ဘေးကြီး အဖြစ်ဖြင့် ထင်မြင်သော ဘယဉာဏ်ဟောင်း။

(၇) အာဒီနဝဉာဏ်ဟူ၊ နာမ်ရုပ်သင်္ခါရတို့၌ ကိုးကွယ်ဆွဲမထင် အပြစ်မြင်သော အာဒီနဝဉာဏ်ဟောင်း။

(၈) နိဗ္ဗိဒါ၊ နာမ်ရုပ်သင်္ခါရတို့၌ မပျော်မမွေ့ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်ဟောင်း။

အထူး အနုက်သဘောဟူသော ဒုက္ခဉာဏ်သုံးခုမှ ထပါး အနုက်သဘောတူသော နောက်ဉာဏ် သုံးခုကား။

(၉) မုဉ္စိတုကမျတာ၊ နာမ်ရုပ် သင်္ခါရတို့မှ အလွန်အမင်း လွတ်ကင်း ထွက်မြောက်လိုမှုသာ မုဉ္စိတုကမျတာဉာဏ်ဟောင်း။

(၁၀) ပဋိသင်္ခါ၊ အလွန်အမင်း လွတ်ကင်း ထွက်မြောက်လိုသ့ဖြင့် ထိုနာမ်ရုပ် နှစ်ပါးကိုပင် အနိစ္စ အစ ရှိသော လေးဆယ်သော အခြင်း အရာတို့ဖြင့် တွင်တွင် အားထုတ်၍ အနိစ္စ ဒုက္ခ အနတ္တ အနေအားဖြင့် ကောင်းကောင်းကြီး ထင်မြင်သော ပဋိသင်္ခါဉာဏ်ဟောင်း။

(၁၁) သင်္ခါရုပေက္ခာကံ၊ အနိစ္စ ဒုက္ခ အနတ္တ အနေအား ဖြင့်ကောင်းကောင်းထင်မြင်၍ လွတ်မြောက်ရာ လွတ်မြောက်

ကြောင်းကို ရသဖြင့် အာလွန်ပြင်းထန်သော လုံ့လကိုလည်း မပြု၊ ထိုနာမ်ရုပ် သင်္ခါရတို့၌ ကြောက်လန့်ခြင်း နှစ်သက်ခြင်း နှစ်ပါးကိုထည်း ပယ်စွန့်၍ သိရုံ သိရုံသာ အညီအမျှရှုသော သင်္ခါရုပေက္ခာဉာဏ်ထင်း။

(၁၂) ဆန္ဒလောဓဉ္စ၊ အနိစ္စ ဒုက္ခ အနတ္တ တို့တွင် တပါး ပါးကို အာရုံပြု၍ ဥဒယဗ္ဗယစသော ရှုးဉာဏ်ရှစ်ပါးနောက် မဂ္ဂသစ္စာ အားလျော်သော ဂေါတြဘူ၏ ရှုးအခြားမဲ့၌ နှစ်ကြိမ် သုံးကြိမ်ဖြစ်သော အနုလောမဉာဏ်ထင်း။

(၁၃) ဂေါတြဘုံ၊ ပုထုဇဉ် အနွယ်ကို ဖြတ်၍ အရိယာ အနွယ်ဇာတ်သို့ ရောက်စေလျက် နိဗ္ဗာန်ကို အာရုံပြု၍ မင်္ဂ၏ ရှေးအဖို့၌ တကြိမ်မျှသာ ဖြစ်သော ဇ ဂြဘူဉာဏ်ထင်း။

(၁၄) မဂ္ဂဉာဏ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် သစ္စာ လေးပါးကို တပြိုင်နက်သိသော မဂ်ဉာဏ်ထင်း။

(၁၅) ဖလံ၊ မဂ်ဉာဏ်ကဲ့သို့ပင် နိဗ္ဗာန်ကို အာရုံပြုလျက် ဖြစ်သော ဖိုလ်ဉာဏ်ထင်း။

(၁၆) တထာ၊ ထိုမှတပါး။ ပစ္စဝေက္ခဏဉာဏ်၊ မဂ် ဖိုလ် နိဗ္ဗာန် နှင့် ပယ်ပြီးသော ကိလေသာ, မပယ်ရသေးသော ကိလေသာ အားဖြင့် ဤ ငါးပါးသော တရားအစု တို့ကို ပြန်လှည့်၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ထင်း။

ဤတိ၊ ဤသို့။ တိလေးကမ္ဘီ၊ ကာမရူပ အရူပဟု လောက သုံးဖြာ စကြာဝဠာ ရှိသမျှအနန္တမုဆုံး လောကကြီးတခုလုံး၌၊

ကေနစိပိ၊ နှတ်လူပြုဟွာ သတ္တဝါ တဦး တယောက်မျှသော် လည်း။ အဒေသိယေ၊ မကြွားမနာ ကြံစည်ကာဖြင့် ယထာ ဘူထ အမှန်အကန်ကိုကျအောင် ဟောပြခြင်းငှာ မစုမ်းနိုင်ရာ ကောင်းကုန်သော။ သာသနိကော၊ ဗုဒ္ဓမြတ်စွာ သာသနာတော် ကြီး အတွင်း၌သာလျှင် ပေါ်လင်း ဖြစ်ထွန်း နိုင်ကောင်းကုန် သော။ ဥတ္တရော၊ လောကီပညာ အရပ်ရပ်တို့ထက် ထူးကဲ မြင့်မြတ်ကုန်သော။ ဤမေ ဿာဒိသ ဉာဏော၊ ဤ(၁၆)ပါး သော ဉာဏ်တို့ကို။ ဒေသေတာရံ၊ မိမိကိုယ်တော်တိုင် ပိုင်ပိုင် လှလှ အမှန်အကန်သိရှု၍ လှစ်ဟထုတ်ဖော်ဟောကြားတော် မူတတ်ပေထသော။ ပဝတ္တာရံ၊ မိမိကိုယ်တော်တိုင်ပိုင်နိုင်ပြီးစီး ဖြစ်စေပြီးမှ ခိုမှီးကပ်လာ ငြဟ်မာ နှတ်လူ ကျွတ်ထိုက်သူ မှန် သမျှ ကလျာဏ ပုထုဇဉ် အရိယာသခင်တို့၏ ကြည်လင်သော စိတ်သန္တာန်ဝယ် အဖန်ဖန်အားဖြင့် ဖြစ်ပွားစေတော် မူတတ် ပေထသော။ ဗုဒ္ဓံ၊ သဗ္ဗညုဟု ဉာဏ်တော်ရှင် မြတ်စွာဘုရား သခင်ကို။ အဟံ၊ ဘုရားတပည့်တော်သည်။ တီဟိ၊ ကာယ ညှတ်ချိ ဝစီမန သုံးဒွါရတို့ဖြင့်။ အာဒရံ၊ ရိုသေစွာ။ နမေ— နမာမိ၊ ကြည်ညိုမြတ်နိုး လက်အုပ်မိုးမှ ရှိခိုးပါ၏ မြတ်စွာ ဘုရား။။

ပဋိပတ္တိပူဇာနဒကာရ ဘုရားရှိခိုး

(မဟာစည်ဆရာတော်)

၁။ ဗုဒ္ဓါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေဓေသိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အမျှားအား အားထားကိုးကွယ်ထူ အစစ် ဖြင့်တော်မူသော ထို မြတ်စွာ ဘုရားသည်။ ဗုဒ္ဓါ၊ သစ္စာလေးပါးအမှန်တရားကို ပိုင်းခြားတင်ထင် သိမြင်တော် မူပြီးသည်ဖြစ်၍။ ဗောဓာယ၊ သတ္တဝါအမျှား ကျွန်ုပ်တို့အား လည်း အလားတူပင် သိမြင်ကြပါစေခြင်းအကျိုးငှာ။ ဓမ္မံ၊ သစ္စာလေးစာနှ် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာဂုဏ်သင့်သား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ (တံ ဘဂဝန္တံ၊ သက်တော်ထင်ရှား ထို မြတ်စွာဘုရားသခင်ကို။ အဟံ၊ အကျွန်ုပ် သည်။ ဝန္ဒဲ့ဝမိ၊ ရှိသေမြတ်နိုး လက်အုပ်မိုးချီ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား)။

၂။ ဗဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေဓေသိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အမျှားအား အားထားကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ထို မြတ်စွာဘုရားသည်။ ဒမန္တော၊ မြင့်, ကြွားဝေါရာ ကြုံသိရာမှ ကိုလေသာအညစ်အကြေး ကင်းစင် ဝေးလျက် ယဉ်ကျေးတော် မူပြီးသည်ဖြစ်၍။ ဒမထာယ၊ သတ္တဝါအမျှား ကျွန်ုပ်တို့အားလည်း အလားတူစွာ ကိုလေ သာ အညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးကြပါ

စေခြင်း အာကျိုးငှာ။ ဓမ္မံ၊ ယဉ်ကျေးစေရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာဝေ့သား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ (တံ ဘဂဝန္တံ၊ အာက်ဆင်ရှား ထိုမြတ်စွာဘုရားကို။ အဟံ၊ အာကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုးမျှ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား)။

၃။ သဓန္တော စသော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အမျိုး၏ အားထားကိုးကွယ်ရာ အစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ သဓန္တော၊ ရာဂ စသား အလုပ်အရှားကင်းလျက် ငြိမ်သက် ငြိမ်းအေးတော်မူပြီးဆည်ဖြစ်၍။ သမထာယ၊ သတ္တဝါအမျိုး ကျွန်ုပ်တို့အား လည်း အသားတူစွာ ငြိမ်သက် ငြိမ်းအေး ကြပါစေခြင်း အာကျိုးငှာ။ ဓမ္မံ၊ ငြိမ်သက်စေရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာဝေ့သား ပညာအဲ့ားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ (တံ ဘဂဝန္တံ၊ သက်ဆင်ရှား ထိုမြတ်စွာဘုရားကို။ အဟံ၊ အာကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား)

၄။ တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အမျိုး၏ အားထား ကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ထို မြတ်စွာဘုရားသည်။ တိဏ္ဏော၊

သြဃလေးဖြာ သံသရာ၏ ဟိုမှာ ကမ်းရောက် နိဗ္ဗာန်ပေါက် အောင် ကူးဖြတ်တော်မူပြီးသည်ဖြစ်၍။ တရားဟာယ၊ သတ္တဝါအများ ကျွန်ုပ်တို့ဆရာလည်း အလားတူစွာ ကူးမြောက်ကြပါစေခြင်းအကျိုးငှာ။ ဓမ္မံ၊ ကူးမြောက်စေရန်တရားမှန်ကို။ ဒေသေတိ၊ ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြား တော်မူခဲ့ပါပေ၏။ (တံ ဘဂဝန္တံ၊ သက်တော် ထင်ရှား ထိုမြတ်စွာဘုရားကို၊ အဟံ၊ အကျွန်ုပ်သည်၊ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လှက်အုပ်မိုးချီ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား)

၅။ ပရိနိဗ္ဗုတော သော ဘဂဝါ ဖရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အမျိုး၏ အားထား ကိုးကွယ်ရာ အစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတော၊ ကိလေသာ ခပ်သိမ်းအလုံးစုံ ငြိမ်းပြီးသည်ဖြစ်၍။ဖရိနိဗ္ဗာနာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလား တူစွာကိလေသာ ခပ်သိမ်းငြိမ်းကြပါစေခြင်းအကျိုးငှာ။ ဓမ္မံ၊ ကိလေသာ ငြိမ်းရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာရှေ့သွား ပညာအားဖြင့်ဟောကြားတော် မူခဲ့ပါပေ၏။ (တံ ဘဂဝန္တံ၊ သက်တော်ထင်ရှား ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုးချီ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား)။


မင်္ဂလ ပဏ္ဏာသ ရုဋ္ဌပါလ သုတ်လာ

ဓမ္မဒ္ဒေသ (၄) ပါး ဆောင်ပုဒ်

(မဟာစည်ဆရာတော်)

အို နာ သေ သို့၊ မောင်းနှင်ပို့၊ လူတို့ မမြဲ ပါတကား။
စောင့်ရှောက်သူမဲ့၊ ကိုးရာမဲ့၊ အားနဲ့လှချေတကား။
ကိုယ်ပိုင်ဥစ္စာ၊ မရှိပါ၊ စွန့်ကာ သွားရမည် တကား။
လိုမပြည့်စ၊ အားမရ၊ တဏှာကျွန်ချည်း ပါတကား။
ဓမ္မဒ္ဒေသ၊ ကျိုးလေးဝ၊ ဗုဒ္ဓဟောကြား သတိထား။

၁။ ဥပနိယျတိ လောကော အဒ္ဓုဝေါ။
၂။ အတာဏော လောကော အနဘိဿရော။
၃။ အဿကော လောကော သဗ္ဗံ ပဟာယ ဂမနီယံ။
၄။ ဦနော လောကော အတိတ္တော တဏှာဒါသော။



အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး

အသံလွှင့် ဟောကြားတော်မူအပ်သော

ဗုဒ္ဓစကြာအနုဗ္ဗာလင်္ကာသုတ်



ပဋိပတ္တိသာသနာပြု မဟာစည်ရုံပုံငွေ

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်

သာသနာ့ရိပ်သာ

ဟာမစ်တိတ်လမ်း၊ ကုက္ကိုင်း-ရန်ကုန်မြို့။

သာသနာ ၂၅၁၄ ခေဘာ ၁၃၁၂ ဩဂုတ်လ ၁၉၇၀

ပဌမအကြိမ် ရိုက်နှိပ်ခြင်း .... ၁၉၅၇ .... အုပ်ရေ ၂၀၀၀။
ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း.... ၁၉၅၉ .... အုပ်ရေ ၅၀၀၀။
တတိယအကြိမ် ရိုက်နှိပ်ခြင်း.... ၁၉၆၁ .... အုပ်ရေ ၆၀၀၀။
စတုတ္ထအကြိမ် ရိုက်နှိပ်ခြင်း.... ၁၉၆၇ .... အုပ်ရေ ၄၀၀၀။
ပဉ္စမအကြိမ် ရိုက်နှိပ်ခြင်း .... ၁၉၇၀ .... အုပ်ရေ ၁၀၀၀၀။

ထုတ်ဝေသူ။ ။မင်္ဂလာဦးအောင်မြင့် မှတ်ပုံတင်အမှတ် (ဝ၁၁၆၇)
အကျိုးတော်ဆောင် (ပဋိပတ္တိသာသနာပြု မဟာစည်
ရုံပုံငဲ့) ဗုဒ္ဓသာသနာနှုဂ္ဂဟအဖွဲ့ချုပ်၊ အမှတ် ၁၆၊
သာသနာ့ရိပ်သာ ဟာမစ်တိတ်လမ်း ကုက္ကိုင်း၊ ရှင်္ခံတိုင်
စာတိုက်၊ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၃၄၁၇)

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်)
ဦးလှမောင် M.A.,M.S.,B.L. (မှတ်ပုံတင်အမှတ် ဝဂ၂၉)က ပုံနှိပ်သည်။

ဤစာအုပ်နိဒါန်း

ဘဝတာ သဗ္ဗမင်္ဂလံ။

ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ သီတင်းသုံးတော်မူသော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၃၁၁-ခုနှစ် နတ်တော်လပြည့်နေ့မှစ၍ ပဋိပတ္တိ သာသနာတော် ပြန့်ပွားရန်အလို့ငှါ ရဟန်းရှင်လူ သူတော်စင် အပေါင်းတို့အား ဝိပဿနာ လုပ်ငန်းဆိုင်ရာ ကမ္မဋ္ဌာန်း တရားတို့ကို (၁)ဟောလည်း ဟောကြားတော်မူခဲ့ပါသည်၊ (၂)ပြလည်း ပြသတော်မူခဲ့ပါသည်။

၁။ ဤသို့ ဝိပဿနာလုပ်ငန်းဆိုင်ရာ ကမ္မဋ္ဌာန်း တရားတို့ကို ပြသတော်မူခဲ့သောကြောင့် ရန်ကုန်မြို့နှင့်တကွမြန်မာပြည် အရပ်ရပ်တွင်၎င်း, သီဟိုဠ် ယိုးဒယားစသော နိုင်ငံများတွင်၎င်း ကမ္မဋ္ဌာန်းဌာနများ, ကမ္မဋ္ဌာန်းတရားပွါးများ ရှုမှတ်ကြသည့်ပုဂ္ဂိုလ်မျာ အမြောက်အမြား ပေါ်ပေါက်ခဲ့ပါသည်။

ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းဌာနတခုတည်း၌ပင် ၁၃၁၁-ခုနှစ်မှစ၍ ၁၃၂၇-ခုနှစ်အထိ ကမ္မဋ္ဌာန်းတရားပွါးများ ရှုမှတ်ပြီးသူ ရဟန်း ရှင်လူ သူတော်စင်အပေါင်း (၁၅၄၁၁)ယောက်ရှိခဲ့ပါသည်။

၂။ ဝိပဿနာ လုပ်ငန်းဆိုင်ရာ ကမ္မဋ္ဌာန်း တရားတို့ကိုလည်း ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ၌ ဥပုသ်

ဤစာအုပ်နိဒါန်း

နေ့တိုင်း ဆရာတော်ဘုရားကြီးကိုယ်တော်တိုင်ငင်း, ဆရာတော်ဘုရားကြီးသည် နယ်သို့ ကွတော်မူပါက တပည့်တို့ကမ္မဋ္ဌာန်းဆရာတပါးကငင်း ဟောကြားတော်မူလေ့ ရှိပါသည်။

ထို့ပြင် အခါအားလျော်စွာ အမြဲမြို့ အရှာရှာသို့ ကွရောက်တော်မူ၍ ဟောကြားတော်မူလေ့ ရှိသည့်အပြင် တခါတရံ၌ သက်ဆိုင်ရာတို့က လျှောက်ထားသောအခါ မြန်မာ့အသံလွှင့် ဌာနမှလည်း ဟောကြားတော်မူလေ့ ရှိပါသည်။

ဤသို့ ဟောကြားတော်မူခဲ့သည့် တရားတော်များတွင် အချို့သော တရားတော်များကို အသံဖမ်းယူ၍ အသံမှစာအဖြစ်သို့ကူးယူကာ စာအုပ်အဖြစ် ပုံနှိပ်၍ဖြန့်ချိခဲ့ပါသည်။

ဤစာအုပ်သည် အကြိမ်ကြိမ် စက်တင်ပုံနှိပ်၍ ဖြန့်ချိခဲ့ပြီးသော အသံလွှင့်ဌာနမှ ဟောကြားတော်မူခဲ့သည့်—

(၁) ဓမ္မစကြာ တရားတော်ကြီး

(၂) အနတ္တလက္ခဏသုတ်တရားတော်ကြီး

(၃) မဟာသတိပဋ္ဌာန်တရားတော်ကြီး

တို့ကို တအုပ်တည်း စုပေါင်း၍ ပုံနှိပ်ထားသော စာအုပ်ဖြစ်ပါသည်၊ တရားတော်ကို လိုလားသော အမျိုးသားသူတော်စင် ရဟန်းရှင်လူ အပေါင်းတို့ ကောင်းစွာ ဖတ်ရှု၍ ဘာဝနာတရား ပွါးများနိုင်ကြပါစေသော်။

မဂ်လာအောင်မြင့်(သာသနာ့ရိပ်သာ)

၁၃၂၅-ခု၊ ဝါခေါင်လပြည့်နေ့။

ဓမ္မစကြာတရားတော်ကြီး

မာတိကာ

အကြောင်းအရာ			စာမျက်နှာ
ဓမ္မစကြာတရားတော်ကြီး	....	....	၁-၂၁
နိဒါန်း	....	....	၁-၂
ဒုက္ကရစရိယာအကျင့်	....	....	၂-၄
တရားဦးဟောရန် ကြံချီတော်မူခြင်း	....	....	၄-၅
တရားနာရန် ညွှန်ကြားတော်မူခြင်း	....	....	၅-၆
၁-အယုတ်တရား နှစ်ပါး	....	....	၇
၂-မဇ္ဈိမပဋိပဒါအလယ်လမ်း အာကျင့်တရား	....		၇-၁
၃-ဒုက္ခသစ္စာ	....	....	၁၂
၄-သမုဒယသစ္စာ	....	....	၁၂-၁၃
၅-နိရောဓသစ္စာ	....	....	၁၃
၆-မဂ္ဂသစ္စာ	....	....	၁၃
၇-ဒုက္ခသစ္စာ၌ သစ္စာဉာဏ်	....	....	၁၄
၈-ဒုက္ခသစ္စာ၌ ကိစ္စာဉာဏ်	....	....	၁၄
၉-ဒုက္ခသစ္စာ၌ ကတညာဉာဏ်	....	....	၁၅
၁၀-သမုဒယသစ္စာ၌ သစ္စာဉာဏ်	....	....	၁၅
၁၁-သမုဒယသစ္စာ၌ ကိစ္စာဉာဏ်	....	....	၁၅
၁၂-သမုဒယသစ္စာ၌ ကတညာဉာဏ်	....	....	၁၆
၁၃-နိရောဓသစ္စာ၌ သစ္စာဉာဏ်	....	....	၁၆
၁၄-နိရောဓသစ္စာ၌ ကိစ္စာဉာဏ်	....	....	၁၆

အကြောင်းအရာ			စာမျက်နှာ
၁၅-နိရောဓသစ္စာ၌ ကတညာဏ်	....	....	၁၇
၁၆-မဂ္ဂသစ္စာ၌ သစ္စညာဏ်	....	....	၁၇
၁၇-မဂ္ဂသစ္စာ၌ ကိစ္စညာဏ်	....	....	၁၇
၁၈-မဂ္ဂသစ္စာ၌ ကတညာဏ်	....	....	၁၈
၁၉-ရှေးက ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ		....	၁၈
၂၀-ယခုဘုရားဖြစ်ကြောင်း ဝန်ခံပုံ		....	၁၈
အနုသန္ဓေစကား		....	၁၉
၂၁-ပစ္စဝေက္ခဏာညာဏ်ဖြင့် သိပုံ....		....	၁၉
အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ		....	၁၉
မြတ်စွာဘုရား ဥဒါန်းကျူးပုံ		....	၂၀
ဟေဘိက္ခု ရဟန်းအဖြစ်ရပုံ....		....	၂၀
အနတ္တလက္ခဏသုတ်တရားတော်ကြီး		....	၂၃-၅၂
နိဒါန်း	....	....	၂၃-၂၄
နာရုံနှင့်မပြီး၍ အာဒီတ်ကြရသည်		....	၂၂
နေယျပုဂ္ဂိုလ်တော့	....	....	၂၂-၂၀
အချိုးကျကျ အာဒီတ်ပုံ	....	....	၂၉-၃၀
ဒိဋ္ဌိမာနကို ပယ်ရန်	....	....	၃၁-၃၃
၁-ရူပက္ခန္ဓာ အနတ္တဖြစ်ပုံ	....	....	၃၃
မှတ်ဖွယ်ဆောင်ပုဒ်များ	....	....	၃၃
၂-ဝေဒနာက္ခန္ဓာ အနတ္တဖြစ်ပုံ	....	....	၃၄-၃၅
၃-သညာက္ခန္ဓာ အနတ္တဖြစ်ပုံ	....	....	၃၅
၄-သင်္ခါရက္ခန္ဓာ အနတ္တဖြစ်ပုံ	....	....	၃၅-၃၆
၅-ဝိညာဏက္ခန္ဓာ အနတ္တဖြစ်ပုံ	....	....	၃၆
မှတ်ဖွယ် ဆောင်ပုဒ်များ	....	....	၃၇

အကြောင်းအရာ စာမျက်နှာ

အနုပဿနာ ၃-ပါး ဆောင်ပုဒ်များ ၃၇-၃၈

အနတ္တလက္ခဏာကို ဃနဖုံးသည် ၃၈-၃၉

၆-ချုပကွန္ဒဉ်၌ လက္ခဏာရေး ၃-ပါး စိစစ်ချက် ၃၉

၇-ဝေဒနာကွန္ဒဉ်၌ လက္ခဏာရေး ၃-ပါး စိစစ်ချက် ၄၀

၈-သညာကွန္ဒဉ်၌ လက္ခဏာရေး ၃-ပါး စိစစ်ချက် ၄၀

၉-သင်္ခါရကွန္ဒဉ်၌ လက္ခဏာရေး ၃-ပါး စိစစ်ချက် ၄၁

၁၀-ဝိညာဏကွန္ဒဉ်၌ လက္ခဏာရေး ၃-ပါး စိစစ်ချက် ၄၁-၄၂

၁၁-ရုပ်တရားဥ၌ ၁၁-ဌာနဖြင့်ရှုရန် ညွှန်ပြချက် ၄၂

၁၂-ဝေဒနာ၌ ၁၁-ဌာနဖြင့်ရှုရန် ညွှန်ပြချက် ၄၂

၁၃-သညာ၌ ၁၁-ဌာနဖြင့်ရှုရန် ညွှန်ပြချက် ၄၃

၁၄-သင်္ခါရတို့၌ ၁၁-ဌာနဖြင့်ရှုရန် ညွှန်ပြချက် ၄၃

၁၅-ဝိညာဏ်၌ ၁၁-ဌာနဖြင့်ရှုရန် ညွှန်ပြချက် ၄၃

ရုပ်ကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ ၄၄-၄၅

ဝေဒနာကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံဆောင်ပုဒ် ၄၅-၄၆

သညာကို ၁၁-ဌာနဖြင့်ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ ၄၆-၄၈

သင်္ခါရတို့ကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံ

ဆောင်ပုဒ်များ ၄၈-၄၉

ဝိညာဏ်ကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံ

ဆောင်ပုဒ်များ ၄၉-၅၀

၁၆-နိဗ္ဗိန္ဒဉာဏ်နှင့်တကွ မဂ်,ဖိုလ်ဉာဏ်များဖြစ်ပုံ ၅၁

၁၇-ပဉ္စဝဂ္ဂိရဟန်းတော်များ ရဟန္တာဖြစ်ပုံ ၅၁-၅၂

မဟာသတိပဋ္ဌာန်တရားတော်ကြီး.... .... ၅၃-၆၄

ပဌမပိုင်း ၅၃-၆၂

သတိပဋ္ဌာန်လေးပါးသရုပ် ၆၀-၆၁

အကြောင်းအရာ			စာမျက်နှာ
ဒုတိယပိုင်း	....	....	၆၃-၇၂
တရားမဆုံးမီ ထသွားသောပေဿပုဂ္ဂိုလ်		....	၆၅
တတိယပိုင်း	....	....	၇၃-၈၃
စွဲလမ်းမှုကင်းအောင် ဝိပဿနာရှုရပုံ		....	၇၄
အသိဉာဏ် ၄-မျိုး သရုပ်အဓိပ္ပါယ်		....	၇၄-၇၆
မဂ်,ဖိုလ်မရနိုင်သောခေတ် မရှိပုံ....		....	၇၇-၇၈
ခိပ္ပါဘိညရဟန္တာဖြစ်ခြင်းအကြောင်း		....	၇၉
စတုတ္ထပိုင်း	....	....	၈၅-၉၄
ဝိပဿနာအခြေခံရှုနည်း ၂-မျိုး		....	၈၅
အစွဲအလမ်းကင်းအောင် ဝိပဿနာရှုပုံ		....	၈၆-၈၇
ထင်ရှားသိလွယ်တဲ့ ရုပ်ကစြိုး ဝိပဿနာရှုရပုံ....			၈၇-၈၈
၁-အစွန်းပယ် အလယ်သွား		....	၉၅
၂-မဂ္ဂင်ရှစ်တန် လမ်းမှန်၏ သရုပ်		....	၉၅
၃-အနှုအလတ်,အရင့် မဂ္ဂင် ၃-မျိုး		....	၉၆
၄-သစ္စာလေးတန် အမှန်လေးပါး		....	၉၆
၅-ဒုက္ခသစ္စာ		....	၉၆
၆-ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာ		....	၉၇
၇-သမုဒယသစ္စာ		....	၉၇
၈-နိရောဓနှင့် မဂ္ဂသစ္စာ		....	၉၇
၉-ဉာဏ် ၃-ပါးနှင့် ၎င်းတို့၏ ဖြစ်ရာကာလ			၉၇
၁၀-သစ္စာဉာဏ်၏ ကိစ္စ ၄-ပါး		....	၉၈
ကန်တော့ခန်း		....	၉၉
ဂုဏ်တော် ၉-ပါး ဘုရားရှိခိုး		....	၁၀၀-၁၀၂

စမ္ဘစကြာ တရားတော်ကြီး

(၁၃၁၉-ခုနှစ် ဝါဆိုလပြည့်နေ့ ညတွင် ဟောတော်မူသည်)

ဂုဏ်တော် ၉-ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်အား ရိုသိုးပါ၏။

နိဒါန်း

ဒီကနေ့ဟာ (ဓမ္မစကြာ တရားတော်ကြီးကို စတင်ပြီး ဟောခဲ့တဲ့ နေ့ကစ၍ ရေတွက်လျှင် ၂၅၄၃-နှစ်မြောက်) **ဓမ္မစကြာအခါတော်နေ့ကြီး** ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ ဓမ္မစကြာ အခါတော် အထိမ်းအမှတ်အဖြစ်ဖြင့် ဓမ္မစကြာ တရားတော်ကြီးကို ဟောကြားမယ်။ ဒီတရားတော်ကြီးကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၄၃-နှစ်က ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော် တိုင် စတင်ပြီး ဟောကြားတော်မူခဲ့ပါတယ်၊ ဒီတရားတော်ကြီးကို ပါဠိဘာသာဖြင့် **"ဓမ္မစက္ကပဝတ္တန"** လို့ ခေါ်ပါတယ်၊ **"တရားစက်ဘီးကို စတင်ပြီးလည်စေတဲ့တရားတော်"** လို့ ဆိုလို ပါတယ်။ စတင်လည်စေပုံကို ထင်ရှားသိပြီး ကြည်ညိုရအောင် ရှေးဦးစွာ ဒီတရားတော်ရဲ့ နိဒါန်း အကြောင်း အတ္ထုပ္ပတ္တိကို အကျဉ်းချုပ် ဖော်ပြပါဦးမယ်။

ဗုဒ္ဓမြတ်စွာဘုရားရဲ့ အလောင်းတော်ဟာ ကမ္ဘာပေါင်း လေးအသင်္ချနှင့် တသိန်း ကာလပတ်လုံး ဗုဒ္ဓဘုရားဖြစ်ရန် အတွက် ပါရမီတွေကို ဖြည့်ကျင့် ဆည်းပူးခဲ့ပါတယ်။ ဒီလို

ပါရမီဖြည့်လို ပြည့်စုံတဲ့အခါ နောက်ဆုံးဘဝမှာ လွန်ခဲ့တဲ့ ၂၅၁၁-နှစ်က ကပိလဝတ်ပြည့်ရှင် ခမည်းတော်ဘုရင် **သုဒ္ဓေါ**-ဒန မင်းကြီးနှင့် မယ်တော် **မာယာဒေဝီ**တို့ရဲ့ သားတော် "**သိဒ္ဓတ္ထ**"မည်တဲ့ မင်းသား ဖြစ်ခဲ့ပါတယ်။ ထိုစဉ်ကာလက ကပိလဝတ်ခေါ်တဲ့ တိုင်းပြည်ရဲ့ တည်နေရာ ဒေသကတော့ ယခုခေတ်အခါမှာ အိန္ဒိယပြည်၏ မြောက်ဘက် နယ်စပ် နီပေါ်ပြည်နယ်ထဲမှာ တည်ရှိနေပါတယ်။

ဘုရားအလောင်းတော် **သိဒ္ဓတ္ထ** မင်းသားကလေး ၁၆-နှစ် အရွယ်ရောက်သောအခါမှာ မယ်တော် ခမည်းတော်များက ယသော်ဓရာ ခေါ်တဲ့ မင်းသမီးကလေးနှင့် လက်ထပ် ထိမ်းမြားပြီး အင်မတန် ကြီးကျယ်တဲ့ ထီးနန်းစည်းစိမ်ကို ခံစားစေခဲ့ပါတယ်။ အသက်တော် ၂၉-နှစ် အရွယ်သို့ ရောက်တဲ့အခါမှာ သူ့အို, သူနာ, သူသေ, ရဟန်း ဆိုတဲ့ နိမိတ်ကြီး ၄-ပါးကို တွေ့မြင်ရတဲ့အတွက် အိုတတ်, နာတတ်, သေတတ်တဲ့ လောကကြီးကို အရှုံကြီး ရှုံမှုန်း စက်ဆုပ်ပြီး အလွန်ပင် သံဝေဂတရားရတော်မူခဲ့ပါတယ်။ ဒါကြောင့် လူ့ဘောင်မှ ထွက်ခွါပြီး ရဟန်းပြုကာ အိုခြင်း, နာခြင်း, သေခြင်း ကင်းတဲ့ နိဗ္ဗာန်တရားကို ရှာမှီးတော်မူခဲ့ပါတယ်၊ ဥရုဝေလ တောအရပ်မှာ "**ဒုက္ကရ-စရိယာ**"ခေါ်တဲ့ အကျင့်များကိုလဲ ကျင့်သုံးနေခဲ့ပါတယ်။

ဒုက္ကရစရိယာအကျင့်

ကျင့်သုံးပုံကတော့– ထွက်သက်, ဝင်သက်များကို လုံးဝ မထွက်ရ မဝင်ရအောင် အောင့်ချုပ်ပြီးတော့လဲ ကျင့်ခဲ့ပါတယ်။ သို့ပေမဲ့ ဒီလိုကျင့်တဲ့အတွက် ဘယ်လို အကျိုးထူးကိုမျှ

မရခဲ့ပါဘူး၊ ကိုယ်ပင်ပန်း ဆင်းရဲရုံမျှသာ ရှိခဲ့ပါတယ်။ ပြီးတော့ အစာကိုလဲ ဖြတ်တောက်ပြီးတော့ ခြိုးခြံစွာ ကျင့်ခဲ့ပါတယ်၊တနေ့လျှင် ပဲပြုတ်ရေလက်တဆုံမ်းမျှကိုသာ သုံးဆောင်ပြီးတော့လဲ နေခဲ့ပါတယ်။ ဒီလိုအစာကို ဖြတ်တောက်ပြီး ကျင့်တဲ့အတွက်လဲ ဘာအကျိုးထူးကိုမျှ မရခဲ့ပါဘူး၊ ကိုယ်ပင်ပန်း ဆင်းရဲရုံမျှသာရှိခဲ့ပါတယ်။ ဒီလိုကိုယ်ပင်ပန်းအောင်ကျင့်ရတဲ့ အကျင့်မျိုးတွေကတော့ ထိုစဉ်ကာလက အိန္ဒိယနိုင်ငံ တဝှမ်းလုံးမှာ အကျင့်ကောင်းအနေနှင့်ခေတ်စားနေတဲ့ “**အတ္တကိလမထာနုယောဂ**” အကျင့်တွေပါဘဲ၊ယခုလဲ ဒီအကျင့်မျိုးတွေဟာ အခြိုဘာသာဝင်တွေထဲမှာ ခေတ်စားနေတုန်းပါဘဲ။

ဘုရားအလောင်းတော်မှာ ဒီလို ၆-နှစ်တိုင်တိုင် ကျင့်လို့ဘာမျှ အကျိုးထူး မပေါ်တဲ့အခါမှာ ဒုက္ကရစရိယာ အကျင့်တွေကို စွန့်လွှတ်လိုက်ပါတယ်။ အာနာပါနစျာန်ကို ပွါးနိုင်စေရန်အတွက် ကာယဗလအင်အား ပြည့်စေရန် အစာ အာဟာရကို ပြန်လည် သုံးဆောင်ခဲ့ပါတယ်။

ထိုစဉ်အခါက ပဉ္စဝဂ္ဂီခေါ်တဲ့ ပုဂ္ဂိုလ်ငါးဦးဟာ ဘုရားအလောင်း ဘုရားဖြစ်တဲ့အခါ တရားဦးနာရန် ရည်ရွယ်ပြီး ဘုရားအလောင်းထံမှာ ဝတ်ကြီးဝတ်ငယ် ပြုစုနေကြပါတယ်။ ဘုရားအလောင်း အစာအာဟာရ ပြန်လည်သုံးဆောင်တာကိုမြင်ရတော့ “**ပဓာန**” အလုပ်က ထွက်တယ်၊ ဘုရား မဖြစ်နိုင်တော့ဘူးလို့ အထင်မှားပြီးတော့ သူတို့က ဘုရားအလောင်းအပေါ်မှာ မြော်လင့်ချက် မရှိဘဲ ဖြစ်သွားကြပါတယ်။ ဒါကြောင့် အဲဒီ ပဉ္စဝဂ္ဂီ ငါးဦးဟာ ဘုရားအလောင်းကို

စွန့်ပစ်ထားခဲ့ပြီး ဗာရာဏသီပြည် မိဂဒါဝုန်တောမှာ သွားရောက်နေထိုင်ကြပါတယ်။

ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူခြင်း

ဘုရားအလောင်းတော်လဲ အစာအာဟာရသုံးဆောင်လို့ ကာယဗလ အားရှိတဲ့အခါမှာ 'အာနာပါနစျာန်' မျိုးကို ဖြစ်ပွါးစေပါတယ်။ ထို့နောက် ယခု **ဗုဒ္ဓဂယာခေါ်**တဲ့ နေရာတွင် "**ဗောဓိညောင်ပင်ကြီး**" အောက်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူကာ အကြောင်း အကျိုး အဆက်ဆက် ပဋိစ္စသမုပ္ပါဒ် တရားမျိုးကို ဆင်ခြင်ပြီးတော့ ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ အဖြစ်အပျက်ကို ဝိပဿနာ ရှုသဖြင့် သစ္စာလေးပါး တရားအလုံးစုံကို အကုန်သိမြင်တော်မူတဲ့**ဗုဒ္ဓဘုရားအဖြစ်သို့**ရောက်တော်မူခဲ့ပါတယ်။ဒီလိုဘုရားဖြစ်တော်မူပြီးတဲ့နောက် **ဝိမုတ္တိသုခ** ခေါ်တဲ့ ဖလသမာပတ်ချမ်းသာကို ခံစားတော်မူကာ ၇-ပါးသော ဌာနတို့၌ ၇-ရက်စီ အားလုံးပေါင်း ၄၉-ရက် သီတင်းသုံး နေတော်မူခဲ့ပါတယ်။

တရားဦးဟောရန် ကြံချီတော်မူခြင်း

ဒီလို နေတော်မူပြီးတဲ့အခါမှာ တရားဦးဟောရန်အတွက် ပဉ္စဝဂ္ဂိတို့၏နေရာ မိဂဒါဝုန်တောသို့ ကြံချီတော်မူခဲ့ပါတယ်။ ဗုဒ္ဓဂယာမှ မိဂဒါဝုန်တောအထိ **၁၈-ယူဇနာ** ဝေးကွာတယ်လို့ အဋ္ဌကထာများမှာ ပြဆိုထားပါတယ်၊ ယခုခေတ် ရထားလမ်းမိုင်အားဖြင့်ဆိုလျှင် ၁၄၂-မိုင် ရှိတယ်လို့ ဆိုထားပါတယ်။ ပဉ္စဝဂ္ဂိတို့၏နေရာသို့ ရောက်တဲ့အခါ အသင့်ခင်းထားတဲ့နေရာမှာ ထိုင်နေတော်မူပါတယ်။ ဒီလိုထိုင်နေတဲ့အခါမှာ ပဉ္စဝဂ္ဂိတို့

ကဘုရားဖြစ်လာမှန်းမသိကြသေးတဲ့အတွက် "ငါ့ရှင်ဂေါတမ ငါ့ရှင်ဂေါတမ" လို့ ရှေးကလိုပင် ပြောနေကျအတိုင်း မရှိမသေ သူငယ်ချင်းပြော ပြောဆိုနေကြပါတယ်။

တရားနာရန် ညွှန်ကြားခြင်း

ဒါကြောင့် မြတ်စွာဘုရားက မိမိဟာ ဘုရားအစစ် ဖြစ်လာတဲ့ အကြောင်းကို ထုတ်ဖော်ပြီး ဒဲ့ဒိုးဘဲ မိန့်ကြားတော်မူရပါတယ်။ မိန့်ကြားပုံကတော့—ပဉ္စဝဂ္ဂီ ရဟန်းတို့ ရှေးဘုရားတို့နှင့် အလားတူဖြစ်တဲ့ ငါဘုရားကို ငါ့ရှင်ဟူ၍ မခေါ်ကြနဲ့၊ ဂေါတမဟူ၍လဲ အမည်ထုတ်ပြီး မခေါ်ကြနဲ့။ ရဟန်းတို့—ငါသည် ပုဇော်အထူးကို ခံတော်မူထိုက်တဲ့ တရားအလုံးစုံကိုကိုယ်ပိုင်ဉာဏ်ဖြင့်မှန်ကန်စွာသိတဲ့ရှေးဘုရားတို့နှင့်အလားတူဖြစ်တဲ့ ဘုရားစင်စစ် ဖြစ်လာပြီ။ နားစိုက်ကြလော့ "သေခြင်းကင်းတဲ့ အမြိုက်နိဗ္ဗာန်"ကို ငါသိလာပြီ၊ သင်တို့အား ငါ သွန်သင်ညွှန်ပြပေးမည်၊ တရားတော်ကို ငါဟောမည်၊ သွန်သင်ညွှန်ပြတဲ့အတိုင်း လိုက်နာ၍ ကျင့်သုံးကြမယ်ဆိုလျှင် သင်တို့ဟာ ရဟန်းပြုခြင်း၏ ရည်မှန်းချက် အကျိုးလဲ ဖြစ်, အကျင့်မြတ်၏ အဆုံးပန်းတိုင်လဲဖြစ်တဲ့ အမြင့်ဆုံးတရားကို ယခုဘဝ မကြာခင် အတွင်းမှာဘဲ သင်တို့ ကိုယ်တိုင်ပင် မျက်မှောက်တွေ့ပြီး နေကြရပါလိမ့်မယ်လို့ ဒီလို ရဲရဲကြီးဝန်ခံချက် ပေးပြီး မိန့်ကြားတော်မူပါတယ်။

ဒီလိုမြတ်စွာဘုရားက တဲ့တဲ့ကြီး ပြောပြပေမယ်လို့ ပဉ္စဝဂ္ဂီငါးဦးတို့က မရိပ်မိကြသေးဘူး။ ဒါကြောင့် သူတို့က ဒီလို ပြန်လှန်ပြီး ကန့်ကွက်ပြောဆိုကြပြန်တယ်။

“ငါ့ရှင်ဂေါတမ—သင်ဟာ ဟိုတုန်းက အစာကိုဖြတ်ပြီး ဒုက္ကရစရိယာအကျင့်ကို ကျင့်နေတာတောင်မှ ပကတိလူသာမန်တရားထက် သာလွန် ထူးမြတ်တဲ့ အရိယာဉာဏ်အမြင်တရားထူးကို မရခဲ့ဘူး မဟုတ်လား၊ ဒီတော့ ယခုလို ပဓာနလုပ်ငန်းက ထွက်ပြီး ပစ္စည်း များအောင် အားထုတ်နေတဲ့ အခါမှာ အရိယာအမြင် တရားထူးကို ဘယ်မှာ ရနိုင်ပါ့မလဲ”လို့ ဒီလို ကန့်ကွက် ပြောဆိုကြပြန်တယ်။

ဒီတော့ မြတ်စွာဘုရားက မိမိဟာ ဘုရားအစစ်ဖြစ်လာတဲ့ အကြောင်းကို သုံးကြိမ်တိုင်တိုင် ထပ်မံပြီး မဟာကရုဏာတော်ဖြင့် မိန့်ကြားတော်မူပါတယ်၊ ပဉ္စဝဂ္ဂိတို့ကလဲ သုံးကြိမ်စလုံးဘဲ ကန့်ကွက်နေကြပြန်ပါတယ်။ ဒီတော့ မြတ်စွာဘုရားက သတိပေးတဲ့အနေနဲ့ “ပဉ္စဝဂ္ဂိတို့ စဉ်းစားကြလော့၊ ဧရှုးအခါက ငါ ဒီလိုပြောဘူးတာကို သင်တို့ ကြားဘူးပါသလား” လို့ မေးတော်မူလိုက်တယ်။ ဒီတော့မှ ပဉ္စဝဂ္ဂိတို့က သတိရသွားကြပါတယ်။

“ဟို ဒုက္ကရစရိယာ အကျင့်ကို ကျင့်နေတုန်းကတော့ ဘုရားမဖြစ်သေးလို့ ဘာမျှ မပြောခဲ့ပေဘူး၊ ယခု ပြောတာကတော့ တကယ့်ကို ဘုရားဖြစ်လာလို့ ပြောတာ ဟုတ်ပေလိမ့်မယ်”လို့ သဘောပေါက်ပြီးတော့ “ဟိုတုန်းက ဒီလို မပြောခဲ့ဘူးကြောင်း” ပြန်ကြား လျှောက်ထားကြပါတယ်၊ ဆက်လက်ပြီးမိန့်ကြားမဲ့ တရားကိုနာကြားရန်လဲ ရိုရိုသေသေ နားစိုက် နေကြပါတယ်။ ထိုအခါမှာ မြတ်စွာဘုရားက **ဓမ္မစကြာတရားတော်ကြီး**ကို ဒီလိုစတင်ပြီး ဟောကြားတော်မူပါတယ်။

၁-အယုတ်တရား နှစ်ပါး

ရဟန်းတို့— ရှင်ရဟန်းဖြစ်တဲ့ သူဟာ ဤအဘို့နှစ်ပါး လမ်းမှားနှစ်သွယ်ကို မမှီဝဲအပ်ဘူး။ ဘယ်ဟာ နှစ်ပါးကိုလဲ ဆိုလျှင် ဝတ္ထုအာရုံကာမဂုဏတို့ဌ **ကလေသာကာမချမ်းသာကို ခံစားနေတာလဲ** ပဌမလမ်းမှား အဘို့တပါး ဖြစ်ပေသည်၊ ဒီကာမချမ်းသာကို သာယာခံစားမှုဟာ ယုတ်ညံ့ပါသည်၊ ရှာသူ, ရှာသားတို့ရဲ့အလေ့အလာဖြစ်ပါသည်၊အရိယာသူမြတ်တို့ရဲ့ အကျင့်မဟုတ်ပါ၊ သေခြင်းကင်းရန်အတွက် အကျိုးစီးပွါး အစစ်အမှန်ဖြစ်တဲ့ သီလ, သမာဓိ, ပညာတို့နှင့်လဲ ဘာမျှမသက်ဆိုင်ပါ၊ ထို့ပြင် သပ္ပါယဖြစ်တဲ့ အစားအစာ, အဝတ်အရှ, ဥတု, ကျရယာပုထဗျားကုတောင်မှ မမှီဝဲတဲ့ဘာ **ကိုယ်ပင်ပန်းအောင် အားထုတ်တဲ့အကျင့်** ကလဲ ဒုတိယလမ်းမှား အဘို့တပါး ဖြစ်ပေသည်၊ ဒီကိုယ်ပင်ပန်းအောင်ကျင့်မှုဟာလဲ ပင်ပန်းဆင်းရဲရုံမျှသာ ရှိပါသည်၊အရိယာသူမြတ်တို့၏ အကျင့်ကောင်းကား မဟုတ်ပါ၊ အကျိုးစီးပွါး အစစ်အမှန်ဖြစ်တဲ့ သီလ, သမာဓိ, ပညာတို့နှင့်လဲ ဘာမျှမသက်ဆိုင်ပါ။

၂-မဇ္ဈိမပဋိပဒါ အလယ်လမ်း အကျင့်တရား

ရဟန်းတို့— ငါဘုရားသည် အဲဒီ အဘို့နှစ်ပါး လမ်းမှားနှစ်သွယ်ကို မချဉ်းမကပ်ဘဲ ရှောင်ကြဉ်ပြီးလျှင် **အလယ်လမ်း** အကျင့်ကို သိမြင်လာပြီ၊ ငါသိလာတဲ့ ဒီအလယ်လမ်းအကျင့်ဟာ ပညာမျက်စိကိုလဲ ပွင့်လင်းစေပါသည်၊ အသိဉာဏ်ကိုလဲ ဖြစ်ထွန်းစေပါသည်၊ ကိလေသာငြိမ်းဘို့ အထူးသိဘို့ ထိုးထွင်းသိဘို့ နိဗ္ဗာန်ကို မျက်မှောက်ပြုဘို့လဲ ဖြစ်ပါပေသည်။

ရဟန်းတို့—ငါသိလာပြီဆိုတဲ့ ထိုအလယ်လမ်းအကျင့်က ဘယ်ဟာလဲဆိုလျှင် **အင်္ဂါရှစ်ပါးရှိတဲ့ ဤအရိယာမဂ်လမ်း**ပင် ဖြစ်ပေသည်။ အင်္ဂါရှစ်ပါးဟူသည်မှာ—

(၁) သမ္မာဒိဋ္ဌိ၊ မှန်စွာသိမြင်ခြင်း,

(၂) သမ္မာသင်္ကပ္ပ၊ မှန်စွာကြံခြင်း,

(၃) သမ္မာဝါစာ၊ မှန်စွာပြောဆိုခြင်း,

(၄) သမ္မာကမ္မန္တ၊ မှန်စွာပြုလုပ်ခြင်း,

(၅) သမ္မာအာဇီဝ၊ မှန်စွာအသက်မွေးခြင်း,

(၆) သမ္မာဝါယာမ၊ မှန်စွာအားထုတ်ခြင်း,

(၇) သမ္မာသတိ၊ မှန်စွာအမှတ်ရခြင်း,

(၈) သမ္မာသမာဓိ၊မှန်စွာစူးစိုက် တည်ကြည်ခြင်းဆိုတဲ့ ဤရှစ်ပါးပင် ဖြစ်ပေသည်။ ရဟန်းတို့—ငါဘုရား သိလာတဲ့ "ဤမဂ္ဂင်ရှစ်ရပ် အလယ်လမ်း အကျင့်မြတ်"သည် ပညာမျက်စိကိုလဲ ပွင့်လင်းစေပါသည်၊ အသိဉာဏ်ကိုလဲ ဖြစ်ထွန်းစေပါသည်၊ ကိလေသာငြိမ်းဘို့ အထူးသိဘို့ ထိုးထွင်းသိဘို့ နိဗ္ဗာန်ကို မျက်မှောက်ပြုဘို့လဲ ဖြစ်ပါပေသည်။

အဓိပ္ပါယ် ဖော်ပြချက်

ဟော—ဒီနေရာမှာတော့ မြတ်စွာဘုရားရဲ့ အလိုတော်ကို အနည်းငယ် ဖွင့်ပြီး ပြောရလိမ့်မယ်။ မြတ်စွာဘုရားဟာ အလောင်းတော် ဘဝက အသက်တော် ၂၉-နှစ်တိုင်အောင်

ကာမ သုခလ္လိကလမ်းကို လိုက်ခဲ့တယ်၊ ဒုက္ကရစရိယာ ကျင့်နေတဲ့ အခါမှာ **အတ္တကိလမထ**လမ်းကို လိုက်ခဲ့တယ်၊ နောက် ကာလမှာ ထိုလမ်းမှား နှစ်ခုလုံးကို ပယ်စွန့်ပြီး **မ**ဇ္ဈိမပဋိပဒါ ခေါ်တဲ့ **အ**လယ်လမ်းမှန်အတိုင်း ကျင့်ပြီး **သ**မ္မာသမ္ဗုဒ္ဓ ဘုရား အဖြစ်သို့ ရောက်တော်မူခဲ့တယ်။ ဒါကို ရည်ပြီးတော့ "ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ" = "ငါဘုရားသည် အဲဒီအဘို့ နှစ်ပါး လမ်းမှားနှစ်သွယ်ကို မချဉ်းမကပ်ဘဲ ရှောင်ကြဉ်ပြီး လျှင် အလယ်လမ်း အကျင့်ကို သိမြင်လာပြီ ရဟန်းတို့" ဟု ဟောတော်မူခဲ့ပါတယ်။

မြတ်စွာဘုရား သိလာတဲ့ မဇ္ဈိမပဋိပဒါ အလယ်လမ်း အကျင့်ဆိုတာဟာ မဂ္ဂင်ရှစ်ပါးပင် ဖြစ်ပါတယ်။ မဂ္ဂင်ရှစ်ပါး ထဲက "**သ**မ္မာဒိဋ္ဌိ" တခုကို ပြောလိုက်လျှင် သူ့ရဲ့နောက်ပါ အခြံအရံဖြစ်တဲ့ အင်္ဂါ ၇-ပါးကိုလဲ ပြောပြီးသား ဖြစ်သွား ပါတယ်၊ ဒါကြောင့် သမ္မာဒိဋ္ဌိ တခုကိုဘဲ အနည်းငယ် ထုတ် ဖော်ပြီးပြောပြမယ်။ အဋ္ဌကထာများမှာ သမ္မာဒိဋ္ဌိ ၉-မျိုး ဝေဘန်ပြထားပါတယ်။ (၁)ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ (၂) စျာနသမ္မာဒိဋ္ဌိ၊ (၃) ဝိပဿနာ သမ္မာဒိဋ္ဌိ၊ (၄) မဂ္ဂသမ္မာ-ဒိဋ္ဌိ၊(၅) ဖလသမ္မာဒိဋ္ဌိ၊ (၆) ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ ဆိုတဲ့ ဒီခြောက်ပါးပင် ဖြစ်ပါတယ်။ ဒီအထဲမှာ ဖလသမ္မာဒိဋ္ဌိနှင့် ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ ဆိုတာတွေကတော့ အရိယာမဂ်ရဲ့ အကျိုးတရားများ ဖြစ်နေတဲ့အတွက် ဒီ မဇ္ဈိမပဋိပဒါ အကျင့် ထဲမှာ ထည့်သွင်းပြောဘို့ မလိုပါဘူး၊ ကျန်တဲ့ ၄-ပါးကိုသာ ပြောဘို့ လိုပါတယ်။

အဲဒီ ၄-ပါးထဲမှာ "**ကမ္မဿကတာသမ္မာဒိဋ္ဌိ**"ဆိုတာ မိမိ ကိုယ်တိုင်ပြုထားတဲ့ ကောင်းမှုကံ, မကောင်းမှုကံအားလျော် စွာ ကောင်းကျိုး ဆိုးကျိုးကို ခံစားရတယ်လို့ ယုံကြည် သိမြင်တာကိုဘဲ ဆိုလိုပါတယ်၊ ဒီ ကံ, ကံ၏အကျိုးကို ယုံကြည် သိမြင်တဲ့ သမ္မာဒိဋ္ဌိဟာ အရေးကြီးပါတယ်။ ဒီသမ္မာဒိဋ္ဌိ အယူ ရှိပါမှ ဒါန, သီလစသော ကောင်းမှုတွေ့ ကောင်းကောင်း ဖြစ်ပွါးနိုင်ပါတယ်၊ ဘာဝနာကို အားထုတ်ပြီး မဂ်ဖိုလ်ကိုလဲ ရနိုင်ပါတယ်။ ဒါကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်မှန်းပြီး ဒါန, သီလစသော ကုသိုလ်ကို ပြုတိုင်း ပြုတိုင်း ဒီ **ကမ္မဿကတာ သမ္မာဒိဋ္ဌိ**ဟာ သမ္မာသင်္ကပ္ပစသော သူ့အခြံအရံ မဂင်မျှားနှင့် တကွ ဖြစ်ပွါးနေပါတယ်။ ဒီမဂင်တရားမျှားရဲ့ အစွမ်းကြောင့် အဲဒီ ဒါန, သီလ ကုသိုလ်မျှားက ယခုဘဝလို့ မဂ်ဖိုလ်ရနိုင်တဲ့ ဘဝကောင်းကိုပို့ပေးနိုင်ပါတယ်။ဒါကြောင့် ဒီ"**ကမ္မဿကတာ သမ္မာဒိဋ္ဌိကိုလဲ နိဗ္ဗာန်ရောက်ကြောင်း တရား**"လို့ မှတ်ယူရ ပါတယ်။

ရူပစျာန်, အရူပစျာန်မျှားမှာပါတဲ့ ဉာဏ်ပညာကို **စျာန်-သမ္မာဒိဋ္ဌိ**လို့ ခေါ်ပါတယ်၊ ဒီစျာနသမ္မာဒိဋ္ဌိဟာလဲ ဝိပဿနာရဲ့ အခြေခံဖြစ်လျှင် နိဗ္ဗာန်ရောက်ကြောင်း တရား ဖြစ်ပါတယ်။ ယခုပြောခဲ့တဲ့အတိုင်း ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့် စျာန်-သမ္မာဒိဋ္ဌိဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရဘို့ အခြေခံ တရားမျှား ဖြစ်နေတဲ့အတွက် ဒီ သမ္မာဒိဋ္ဌိနှစ်ပါးကို "**မူလမဂ်**"လို့ မှတ်ရပါတယ်။

ဝိပဿနာ သမ္မာဒိဋ္ဌိ ဆိုတာကတော့ ဝိပဿနာဉာဏ်ပါဘဲ။ ဒီဝိပဿနာက ပြည့်စုံတဲ့ အခါမှာ **မဂ္ဂသမ္မာဒိဋ္ဌိ** ခေါ်တဲ့

အရိယာမင်္ဂဉ်း ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့် ဝိပဿနာသမ္မာဒိဋ္ဌိကို **ပဋိဘာဂမဂ္ဂင်** လို့လဲ ခေါ်ရပါတယ်၊ အရိယာမင်္ဂရဲ့ ရှေ့ဆွးမဂ္ဂင်မို့ ရှေ့ပိုင်းမဂ္ဂင်လို့ ဆိုလိုပါတယ်။

ဝိပဿနာဆိုတာ ဒုဝိရ ၆-ပါးမှာ ထင်ပေါ်လာသမျှ ရုပ်နာမ်တွေကို ရှုမှတ်ပြီးတော့ အနိစ္စ, ဒုက္ခ, အနတ္တသဘောကို အမှန်အတိုင်း သိတဲ့ ဉာဏ်ပင် ဖြစ်ပါတယ်။ ဒါကြောင့် ဝိပဿနာဉာဏ်နဲ့ ဒီလို သဘောမှန်ကို သိနေလျှင် သာယာဘွယ် အာရုံနှင့် တွေ့ရသော်လဲ သာယာမှု ရာဂမဖြစ်တော့ဘဲ ငြိမ်းနေပါတယ်၊ ဒီလိုသာယာမှုငြိမ်းနေတဲ့အတွက် သုံးဆောင်သင့်တဲ့ ဆွမ်း, သက်နှံး စသည်တို့ကို သုံးဆောင်သော်လဲ **ကာမသုခလ္လိကာနုယောဂ**လဲ မဖြစ်ဘူး၊ လုံးလုံး မသုံးဆောင်ဘဲ နေတာ မဟုတ်လို့ ကိုယ်ပင်ပန်းအောင် ကျင့်တဲ့ **အတ္တကိလမထာနုယောဂ**လဲ မဖြစ်ဘူး။

ဒါကြောင့် ကိုယ်မပင်ပန်းရအောင် သုံးဆောင်သင့်တဲ့ ဆွမ်း သက်နှံး စသည်ကိုလဲ သုံးဆောင်ရမယ်၊ သုံးဆောင်တဲ့အခါမှာလဲ ကိလေသာ မဖြစ်ရအောင် ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့ ရှုရှုပြီး သုံးဆောင်ရမယ်ဆိုတဲ့ ဒီအကျင့်လမ်းဟာ အတ္တကိလမထလမ်းလို့ တင်းလွန်းတာလဲ မဟုတ်ဘူး၊ ကာမသုခလ္လိကလမ်းလို့ လျော့လွန်းတာလဲ မဟုတ်ဘူး၊ ဒီလို မလျော့လွန်းမတင်းလွန်း အလယ်အလတ် ဖြစ်နေတဲ့ အတွက် **မဇ္ဈိမပဋိပဒါ**လမ်းလို့ ခေါ်ရပါတယ်။ ဒီ မဇ္ဈိမပဋိပဒါ နည်းလမ်းအရ ဒုဝိရ ၆-ပါးမှာ ပေါ်လာသမျှ **အာရုံ**တွေကို ရှုရှုနေလျှင် ရှုတိုင်း ရှုတိုင်း **သမ္မာဒိဋ္ဌိ**မဂ္ဂင်ဟာ သူ့အခြံအရံ မဂ္ဂင်များနှင့်တကွ

ဖြစ်ပွါးနေပါတယ်၊ ဒီလိုဖြစ်ပွါးလို့ ဝိပဿနာမဂ်င်က ပြည့်စုံတဲ့အခါမှာ အရိယာမဂ်ငါးပြား ဖြစ်ပေါ်ပြီး သေခြင်းကင်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်တွေ့ကာ သစ္စာ ၄-ပါးကို သိမြင်ရပါတယ်။ဒါကြောင့် ဒီမင်္ဂလမပဋိပဒါ အကျင့်ဖြင့် **ကိုယ်တော်တိုင် သိမြင်လာခဲ့တဲ့ သစ္စာ ၄-ပါး**ကို ဒီလိုထုတ်ဖော်ပြီး ဟောတော်မူပါတယ်။

၃-ဒုက္ခသစ္စာ

ရဟန်းတို့–ဤသည်ကား အရိယာတို့ သိအပ်တဲ့ **ဆင်းရဲ**အမှန် ဖြစ်ပေသည်။ ဘဝသစ်ဖြစ်ခြင်းလဲ ဆင်းရဲပင်၊ အိုခြင်းလဲ ဆင်းရဲပင်၊ နာခြင်းလဲ ဆင်းရဲပင်၊ သေခြင်းလဲ ဆင်းရဲပင်၊ မချစ်မနှစ်သက်အပ်တဲ့ အာရုံဝတ္ထုများ,ပုဂ္ဂိုလ်များနှင့်တွေ့ဆုံရခြင်းလဲ ဆင်းရဲပင်၊ ချစ်ခင်နှစ်သက်အပ်တဲ့ အာရုံဝတ္ထုများ ပုဂ္ဂိုလ်များနှင့် ကွဲကွာရခြင်းလဲ ဆင်းရဲပင်၊ အလိုရှိတာကို မရခြင်း၊ မရနိုင်တာကို လိုချင်ခြင်းသည်လည်း ဆင်းရဲပင်၊ အကျဉ်းချုပ်အားဖြင့်ဆိုလျှင် ငါ,ငါ့စွာဟု ထင်မှတ်စဲလမ်းနိုင်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်များသည် ဆင်းရဲချည်းပင် ဖြစ်သည်။

၄-သမုဒယသစ္စာ

ရဟန်းတို့–ဤသည်ကား အရိယာတို့ သိအပ်တဲ့ **ဆင်းရဲဖြစ်ပွါးကြောင်း** အမှန် ဖြစ်ပေသည်။ အကြင် တဏှာသည် တဖန်ဘဝသစ်ကို ဖြစ်ပေါ်စေတတ်၏၊ နှစ်သက်တပ်စဲခြင်း သဘောရှိ၏၊ ထိုထိုရရာအာရုံ ရရာဘဝတို့၌ နှစ်သက်ပျော်မွေ့လျက် ရှိ၏၊ ထိုတဏှာမှာ သရုပ်အားဖြင့် ကာမဂုဏ်၌

တပ်မက်သောတဏှာ၊ ဘဝ၌ တပ်မက်သော တဏှာ၊ သူ့အလိုလို ဘဝပြတ်ခြင်း၌ တပ်မက်သောတဏှာ ဟူ၍ ၃-ပါး အပြားရှိ၏။ ဤတဏှာသည် ဆင်းရဲဖြစ်ပွါးကြောင်း အမှန် ဖြစ်ပေသည်။

၅-နိရောဓသစ္စာ

ရဟန်းတို့–ဤသည်ကား အရိယာတို့ သိအပ်တဲ့ **ဆင်းရဲချုပ်ငြိမ်းရာ** အမှန် ဖြစ်ပေသည်။ ၎င်းမှာ သရုပ်အားဖြင့် ယင်းတဏှာ ၃-ပါး၏ အကြွင်းမဲ့ ပျက်ပြယ် ချုပ်ငြိမ်းသွားခြင်း၊ ယင်းတဏှာကို စွန့်ခြင်း၊ လွှတ်လွှတ်စွန့်ခြင်း၊ ယင်းတဏှာမှ လွတ်မြောက်ခြင်း၊ ယင်းတဏှာဖြင့် မငြိမတ္ဆံ့ခြင်းပင် ဖြစ်ပေသည်။

၆-မဂ္ဂသစ္စာ

ရဟန်းတို့–ဤသည်ကား အရိယာတို့ သိအပ်တဲ့ ဆင်းရဲချုပ်ငြိမ်းရာသို့ ဆိုက်ရောက်သွားတဲ့ အကျင့် လမ်းမှန် အစစ် ဖြစ်ပေသည်။ ၎င်းမှာ အင်္ဂါရှစ်ပါးရှိတဲ့ ဤအရိယာမဂ်ပင် ဖြစ်ပေသည်။ အင်္ဂါရှစ်ပါးမှာ (၁) မှန်စွာသိမြင်ခြင်း၊ (၂) မှန်စွာကြံခြင်း၊ (၃) မှန်စွာပြောဆိုခြင်း၊ (၄) မှန်စွာပြုလုပ်ခြင်း၊ (၅) မှန်စွာအသက်မွေးခြင်း၊ (၆) မှန်စွာအားထုတ်ခြင်း၊ (၇) မှန်စွာအမှတ်ရခြင်း၊ (၈) မှန်စွာစူးစိုက် တည်ကြည်ခြင်းတို့ပင် ဖြစ်သည်။

အဓိပ္ပါယ် ဖော်ပြချက်

ယခုပြောပြခဲ့တဲ့ စကားရပ်များဖြင့် ကိုယ်တော်တိုင် သိမြင်လာတဲ့ သစ္စာ ၄-ပါးကို ဖော်ပြပါတယ်။ ဒီလို သိရှုမှာ သစ္စာ ၄-ပါးရဲ့ သဘောသဘာဝ အသီးသီးကို သိတဲ့ **သစ္စာဉာဏ်က ၄-ပါး၊** ပြုသင့်တဲ့ကိစ္စ ၄-ပါးကို သိတဲ့ **ကိစ္စဉာဏ်က ၄-ပါး၊** ကိစ္စ ၄-ပါးလုံး ပြီးစီးကြောင်းကို ပြန်လှည့်ဆင်ခြင်တဲ့ **ကတဉာဏ်က ၄-ပါး** အားဖြင့် **ဉာဏ် ၁၂-ပါး** ပါဝင်နေပါတယ်။ အဲဒီ ဉာဏ် ၁၂-ပါးလုံး ဖြစ်ပုံကို ဒီလို ဆက်လက်ပြီး ဟော သွားပြန်ပါတယ်။

၇-ဒုက္ခသစ္စာ၌ သစ္စဉာဏ်

"ဤသည်ကား အရိယာတို့ သိအပ်တဲ့ ဆင်းရဲမှုန် ဖြစ်သည်"ဟု ငါ့မှာ ရှေးက မကြားဘူးသေးတဲ့ တရားများ အပေါ်မှာ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ၊ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ အပြားအားဖြင့် သိတဲ့ပညာ ဖြစ်ပေါ်ခဲ့ပြီ၊ ထင်ရှားစွာသိတဲ့ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ ဉာဏ်အလင်းရောင် ဖြစ်ပေါ်ခဲ့ပေပြီ ရဟန်းတို့။

၈-ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

"ထိုအရိယာတို့ သိအပ်တဲ့ ဆင်းရဲမှုန်တရားကို ပိုင်းခြား၍ သိသင့်သည်"ဟု ငါ့မှာ ရှေးက မကြားဘူးသေးတဲ့ တရားများအပေါ်မှာ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ၊ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ အပြားအားဖြင့် သိတဲ့ပညာ ဖြစ်ပေါ်ခဲ့ပြီ၊ ထင်ရှားစွာသိတဲ့ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ ဉာဏ်အလင်းရောင် ဖြစ်ပေါ်ခဲ့ပေပြီ ရဟန်းတို့။

၉-ဒုက္ခသစ္စာဌ် ကတဉာဏ်

“ထိုအရိယာတို့ သိအပ်တဲ့ ဆင်းရဲမှုန်တရားကို ပိုင်းခြား၍ သိပြီးပြီ”ဟု ငါ့မှာ ရှေးက မကြားဘူးသေးတဲ့ တရားမျိုးအပေါ်မှာ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ၊ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ အပြားအားဖြင့် သိတဲ့ပညာ ဖြစ်ပေါ်ခဲ့ပြီ၊ ထင်ရှားစွာသိတဲ့ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ ဉာဏ်အလင်းရောင် ဖြစ်ပေါ်ခဲ့ပေပြီ ရဟန်းတို့။

၁၀-သမုဒယသစ္စာဌ် သစ္စဉာဏ်

“ဤသည်ကား အရိယာတို့ သိအပ်တဲ့ ဆင်းရဲ ဖြစ်ပွါးကြောင်း တရားမှုန်ဖြစ်သည်”ဟု ငါ့မှာ ရှေးက မကြားဘူးသေးတဲ့ တရားမျိုး အပေါ်မှာ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ၊ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ အပြားအားဖြင့် သိတဲ့ ပညာ ဖြစ်ပေါ်ခဲ့ပြီ၊ ထင်ရှားစွာသိတဲ့ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ ဉာဏ်အလင်းရောင် ဖြစ်ပေါ်ခဲ့ပေပြီ ရဟန်းတို့။

၁၁-သမုဒယသစ္စာဌ် ကိစ္စဉာဏ်

“ထို အရိယာတို့ သိအပ်တဲ့ ဆင်းရဲ ဖြစ်ပွါးကြောင်း တရားမှုန်ကို ပယ်သင့်သည်”ဟု ငါ့မှာ ရှေးက မကြားဘူးသေးတဲ့ တရားမျိုး အပေါ်မှာ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ၊ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ အပြားအားဖြင့် သိတဲ့ပညာ ဖြစ်ပေါ်ခဲ့ပြီ၊ ထင်ရှားစွာသိတဲ့ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ ဉာဏ်အလင်းရောင် ဖြစ်ပေါ်ခဲ့ပေပြီ ရဟန်းတို့။

၁၂-သမုဒယသစ္စာဌ် ကတည်ာဏ်

“ထို အရိယာတို့ သိအပ်တဲ့ ဆင်းရဲဖြစ်ပွါးကြောင်းတရား မှန်ကို ပယ်ပြီးပြီ”ဟု ငါ့မှာ ရှေးက မကြားဘူးသေးတဲ့ တရား များအပေါ် မှာ ပညာမျက်စိ ဖြစ်ပေါ် ခဲ့ပြီ၊ အသိညာဏ်ဖြစ်ပေါ် ခဲ့ပြီ၊ အပြားအားဖြင့် သိတဲ့ပညာ ဖြစ်ပေါ် ခဲ့ပြီ၊ ထင်ရှားစွာ သိတဲ့ ဝိဇ္ဇာညာဏ် ဖြစ်ပေါ် ခဲ့ပြီ၊ ညာဏ်အလင်းရောင် ဖြစ်ပေါ် ခဲ့ပေပြီ ရဟန်းတို့။

၁၃-နိရောဓသစ္စာဌ် သစ္စညာဏ်

“ဤသည်ကား အရိယာတို့ သိအပ်တဲ့ ဆင်းရဲချုပ်ငြိမ်းရာ တရားမှန် ဖြစ်သည်”ဟု ငါ့မှာ ရှေးက မကြားဘူးသေးတဲ့ တရားများ အပေါ် မှာ ပညာမျက်စိ ဖြစ်ပေါ် ခဲ့ပြီ၊ အသိညာဏ် ဖြစ်ပေါ် ခဲ့ပြီ၊ အပြားအားဖြင့် သိတဲ့ပညာ ဖြစ်ပေါ် ခဲ့ပြီ၊ ထင်ရှားစွာသိတဲ့ ဝိဇ္ဇာညာဏ် ဖြစ်ပေါ် ခဲ့ပြီ၊ ညာဏ်အလင်းရောင် ဖြစ်ပေါ် ခဲ့ပေပြီ ရဟန်းတို့။

၁၄-နိရောဓသစ္စာဌ် ကိစ္စညာဏ်

“ထို အရိယာတို့ သိအပ်တဲ့ ဆင်းရဲချုပ်ငြိမ်းရာ တရားမှန်ကို မျက်မှောက်ပြုသင့်သည်”ဟု ငါ့မှာ ရှေးက မကြားဘူးသေးတဲ့ တရားများ အပေါ် မှာ ပညာမျက်စိ ဖြစ်ပေါ် ခဲ့ပြီ၊ အသိညာဏ် ဖြစ်ပေါ် ခဲ့ပြီ၊ အပြားအားဖြင့် သိတဲ့ပညာ ဖြစ်ပေါ် ခဲ့ပြီ၊ ထင်ရှားစွာသိတဲ့ ဝိဇ္ဇာညာဏ် ဖြစ်ပေါ် ခဲ့ပြီ၊ ညာဏ်အလင်းရောင် ဖြစ်ပေါ် ခဲ့ပေပြီ ရဟန်းတို့။

၁၅-နိရောဓသစ္စာဌ် ကတညာဏ်

“ထို အရိယာတို့ သိအပ်တဲ့ ဆင်းရဲချုပ်ငြိမ်းရာ တရားမှန်ကို မျက်မှောက်ပြုပြီးပြီ”ဟု ငါ့မှာ ရှေးက မကြားဘူးသေးတဲ့ တရားမျိုး အပေါ်မှာ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ၊ အသိညာဏ်ဖြစ်ပေါ်ခဲ့ပြီ၊ အပြားအားဖြင့် သိတဲ့ပညာ ဖြစ်ပေါ်ခဲ့ပြီ၊ ထင်ရှားစွာသိတဲ့ ဝိဇ္ဇာညာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ ညာဏ်အလင်းရောင် ဖြစ်ပေါ်ခဲ့ပေပြီ ရဟန်းတို့။

၁၆-မဂ္ဂသစ္စာဌ် သစ္စညာဏ်

“ဤသည်ကား ဆင်းရဲချုပ်ငြိမ်းရာသို့ဆိုက်ရောက်သွားတဲ့ အရိယာတို့ သိဒဿပ်တဲ့ အကျင့်လမ်းမှန်ဖြစ်သည်”ဟု ငါ့မှာ ရှေးက မကြားဘူးသေးတဲ့ တရားမျိုး အပေါ်မှာ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ၊ အသိညာဏ်ဖြစ်ပေါ်ခဲ့ပြီ၊ အပြားအားဖြင့် သိတဲ့ပညာ ဖြစ်ပေါ်ခဲ့ပြီ၊ ထင်ရှားစွာသိတဲ့ ဝိဇ္ဇာညာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ ညာဏ်အလင်းရောင် ဖြစ်ပေါ်ခဲ့ပေပြီ ရဟန်းတို့။

၁၇-မဂ္ဂသစ္စာဌ် ကိစ္စညာဏ်

“ထိုဆင်းရဲ ချုပ်ငြိမ်းရာသို့ ဆိုက်ရောက်သွားတဲ့ အရိယာတို့ သိအပ်တဲ့ အကျင့်လမ်းမှန်ကို မိမိသန္တာန်၌ ဖြစ်ပွါးစေသင့်သည်”ဟု ငါ့မှာ ရှေးက မကြားဘူးသေးတဲ့ တရားမျိုး အပေါ်မှာ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ၊အသိညာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ အပြားအားဖြင့် သိတဲ့ပညာ ဖြစ်ပေါ်ခဲ့ပြီ၊ ထင်ရှားစွာသိတဲ့ ဝိဇ္ဇာညာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ ညာဏ်အလင်းရောင် ဖြစ်ပေါ်ခဲ့ပေပြီ ရဟန်းတို့။

၁၈-မဂ္ဂသစ္စာ၌ ကတညာဏ်

“ထိုဆင်းရဲ ချုပ်ငြိမ်းရာသို့ ဆိုက်ရောက်သွားတဲ့ အရိယာတို့ သိအပ်တဲ့ အကျင့်လမ်းမှန်ကို မိမိသန္တာန်၌ ပွါးစေပြီးပြီ” ဟု ငါမှာ ရှေးက မကြားဘူးသေးတဲ့ တရားမျှား အပေါ်မှာ ပညာမျက်စိ ဖြစ်ပေါ်ခဲ့ပြီ၊ အသိညာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ အပြားအားဖြင့်သိတဲ့ပညာဖြစ်ပေါ်ခဲ့ပြီ၊ထင်ရှားစွာသိတဲ့ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ ဉာဏ်အလင်းရောင် ဖြစ်ပေါ်ခဲ့ပေပြီ ရဟန်းတို့။

၁၉-ရှေးက ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ

ရဟန်းတို့–ဤ အရိယသစ္စာ ၄-ပါး၌ ယခု ပြောခဲ့ပြီးတဲ့ အတိုင်း အပြန် ၃-ပါး, အခြင်းအရာ ၁၂-ပါးရှိတဲ့ ယထာဘူတ ဉာဏ်အမြင် ငါ့မှာ ကောင်းကောင်း မစင်ကြယ်သေးသမျှ ကာလပတ်လုံး “အလွန်အကဲ မရှိ အမြတ်ဆုံး ဖြစ်တဲ့ **သမ္မာသမ္ဗောဓိဉာဏ်-ဘုရားဉာဏ်ကို** ငါရပြီ၊ငါဘုရားဖြစ်ပြီ” ဟု ဝန်မခံခဲ့သေးပါ ရဟန်းတို့။

၂၀-ယခုမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ

ရဟန်းတို့–ငါ့မှာ ဤ အရိယသစ္စာ ၄-ပါး၌ ယခုပြောခဲ့ပြီးတဲ့အတိုင်း အပြန် ၃-ပါး, အခြင်းအရာ ၁၂-ပါးရှိတဲ့ ယထာဘူတ ဉာဏ်အမြင် ကောင်းစွာ သန့်ရှင်းစင်ကြယ်ပြီးတဲ့ အခါကျမှသာလျှင် နတ်နှင့်တကွ မာရ်နတ်နှင့်တကွ ဗြဟ္မာနှင့်တကွ ဖြစ်သော လောကကြီးထဲ၌ ရဟန်း, ပုဏ္ဏားနှင့် တကွ နတ်လူတို့နှင့်တကွဖြစ်သော သတ္တဝါများထဲ၌ အလွန်အကဲ မရှိ အမြတ်ဆုံးဖြစ်တဲ့ **သမ္မာသမ္ဗောဓိဉာဏ်-ဘုရားဉာဏ်**ကို ငါရပြီ၊ ငါဘုရားဖြစ်ပြီဟု ဝန်ခံခဲ့ပါသည် ရဟန်းတို့။

အနုသန္ဓေ စကား

ဒီလို ဝန်ခံရာမှာလဲ ပစ္စဝေက္ခဏာဉာဏ်နဲ့ ဆင်ခြင်ပြီးတော့ အတိအကျ မှန်ကန်စွာသိပြီး ဖြစ်ကြောင်းကို ထပ်လောင်းပြီး နိဂုံးချုပ်အနေနဲ့ ဒီလို မိန့်ကြားတော်မူပြန်ပါတယ်။

၂၁-ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိပုံ

"ငါ၏ ကိလေသာမှ လွတ်မြောက်မှုဟာ တဒင်္ဂလွတ်ခြင်း၊ ဝိက္ခမ္ဘနလွတ်ခြင်း မဟုတ်ဘဲ သမုစ္ဆေဒလွတ်ခြင်း, ပဋိပဿဒ္ဓိ လွတ်ခြင်းဖြစ်၍ ဘယ်သောအခါမျှ မပျက်နိုင်တော့ပြီ၊ ယခုလက်ရှိဘဝဟာ အဆုံးစွန်သောဘဝ ဖြစ်ပေသည်၊ ယခုအခါ တဖန်ဖြစ်ပေါ်မည့် ဘဝသစ် ငါ့မှာ မရှိတော့ပြီ"ဟု ဆင်ခြင်ပြီး မှန်ကန်စွာ သိမြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်အမြင်လဲ ငါ့မှာ ဖြစ်ပေါ်ခဲ့ပြီ ရဟန်းတို့ဟု မိန့်တော်မူကာ ဓမ္မစကြာတရား ဒေသနာတော်ကြီးကို အပြီးသတ် နိဂုံးချုပ်တော်မူခဲ့ပါသည်။

အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ (အကျိုးပြစကား)

ထိုစဉ်အခါက ဒီဓမ္မစကြာ တရားတော်ကြီးကို ကြားနာရတဲ့အတွက် ဗြဟ္မာ ၁၈-ကုဋေနှင့် အတိုင်းမသိ မျိုးစွာသော နတ်မျိုး မင်္ဂိုလ်တရားထူးကို ရသွားကြပါတယ်၊ လူသားဖြစ်တဲ့ ပဉ္စဝဂ္ဂီ ရဟန်း ငါးဦးထဲကလဲ အရှင် ကောဏ္ဍညမှာ "ဖြစ်ပေါ်တဲ့ တရားဟူသမျှဟာ ချုပ်ဆုံးခြင်း သဘောရှိတာချည်းဘဲ"လို့ သိမြင်တဲ့ **တရားမျက်စိခေါ် "သောတာပတ္တိမဂ်ဉာဏ်"** ဖြစ်ပေါ်ပြီး **"သောတာပန်"** ဖြစ်သွားပါတယ်။

မြတ်စွာဘုရား ဥဒါန်းကျူးပုံ

ဒီလို အရှင်ကောဏ္ဍညမှာ တရားမျက်စိပွင့်ပြီး သောတာပန် ဖြစ်သွားတာကို မြင်တော်မူတဲ့အတွက် မြတ်စွာဘုရားက "အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော" = "ကောဏ္ဍည သိသွားပေပြီ အချင်းတို့၊ ကောဏ္ဍည သိသွားပေပြီ အချင်းတို့" ဟု ပီတိသောမနဿ အစွမ်းဖြင့် ဥဒါန်း ကျူးတော်မူခဲ့ပါတယ်။

ဟိဘိက္ခု ရဟန်းအဖြစ်ရပုံ

ထိုအခါမှာ အရှင်ကောဏ္ဍည က မြတ်စွာဘုရားထံမှာ ရဟန်းအဖြစ်ကို လျှောက်တောင်းပါတယ်။ မြတ်စွာဘုရားက "ဟေ ဘိက္ခု သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ" = "လာလော့ ရဟန်း၊ တရားတော်မှာ ကောင်းမွန် မှန်ကန်စွာ ဟောထားတဲ့ သွာက္ခာတ တရားတော် ဖြစ်သည်၊ အမှန်စင်စစ် ဆင်းရဲကုန်ဆုံးခြင်းကို ပြုနိုင်အောင် မြတ်သော အကျင့်ကို ကျင့်လှည့်ပါလော့" ဟု ခေါ်တော်မူကာ **ဟိဘိက္ခု** ရဟန်းအဖြစ်နဲ့ ရဟန်းပြုပေးတော်မူခဲ့ပါတယ်။

ကဲ- တရားတော်ကို အဆုံးသတ်တော့မယ်။ ဒီဓမ္မစကြာ တရား ဒေသနာတော်မှာ ဖော်ပြထားတဲ့ မဂ္ဂင် ရှစ်တန် မဇ္ဈိမ ပဋိပဒါ အကျင့်လမ်းမှန်ကို မှန်ကန်စွာကျင့်နိုင်ကြ၍ အရိယ-သစ္စာ လေးတန် တရားမှန်ကို အလျင်အမြန် သိမြင်ကြပါစေသတည်း။

ဓမ္မစကြာ တရားတော်ကြီး ပြီးပါပြီ။

မှာထားချက်။ ။(အသံလွှင့်ဌာနတွင် အချိန်နှင့်အံကျ ဟော ရပါသဖြင့် လိုရင်း ပဓာန သုတ်ကိုသာ ဟောကြား ခဲ့ရပါသည်။ ဤတရားတော်၌ ၁-မှ ၂၁-အထိ ဂဏန်းစဉ်နှင့်တကွ ပြထားသော ခေါင်းစဉ်အောက်ရှိ စာပိုဒ်များမှာ ဓမ္မစကြာ သုတ်ရင်း၏ မြန်မာပြန်များ ဖြစ်ပါသည်၊ ကြွင်းသော စာပိုဒ်များမှာ ဆရာတော်၏ အနက်အဓိပ္ပါယ် ဖော်ပြသော စာပိုဒ်များ ဖြစ်ပါသည်။ ထို့ပြင် ဤ ဓမ္မစကြာတရားတော်ကို နာရသည့် အတွက် ဗြဟ္မာ ၁၈-ကုဋေနှင့် အတိုင်းမသိ များစွာ သောနတ်များ တရားထူးကို ရကြသည်-ဟူသော စကားမှာ မိလိန္ဒပဉ္ဉာ စာမျက်နှာ ၃၃၁-၌ "အဋ္ဌာရသ ဗြဟ္မကောဋိယော, အပရိမာဏာ စ ဒေဝတာယော" ဟူသော စကားနှင့်အညီ ဖြစ်ပါသည်။)

အနန္တလက္ခဏသုတ် တရားတော်ကြီး

(၁၃၁၉-ခုနှစ် ဝါတွင်းဌ္ဌ ဟောတော်မူသည်)

အနန္တရဂ်ာတော်အပေါင်းနှင့် ပြည့်စုံတော်မူသော ဘုရားရှင်အား ရှိခိုးပါ၏။

နိဒါန်း

အနတ္တလက္ခဏသုတ် တရားတော်ကြီးကို ဟောမယ်ဆို လျှင် အဲဒီသုတ်ကို ဟောတော်မူခြင်း၏ အကြောင်းနိဒါန်း ကို ရှေးဦးစွာ ဖော်ပြဘို့ လိုပါတယ်။ ဒါကြောင့် ယခု အဲဒီ နိဒါန်းကို ဖော်ပြပါမည်။

ပဌမသံဂါယနာ တင်စဉ်တုန်းက **အရှင်မဟာကဿပ** မထေရ်ကြီးက အနတ္တလက္ခဏသုတ် တရားတော်ကို မြတ်စွာ ဘုရားသည်-— (၁) အဘယ်အရပ်ဌ သီတင်းသုံးစဉ်မှာ ဟော တော်မူပါသလဲ၊ (၂) အဘယ်အခါမှာ ဟောတော်မူပါသလဲ၊ (၃) အဘယ်ပုဂ္ဂိုလ်က ဟောတော်မူပါသလဲ၊ (၄) အဘယ် ပုဂ္ဂိုလ်အား ဟောတော်မူပါသလဲလို့ အကြောင်း နိဒါန်း လေးချက် မေးမြန်းတဲ့အတွက် **အရှင်အာနန္ဒာ** မထေရ်က "ဧဝံ မေ သုတံ" စသည်ဖြင့် ဖြေကြားတော်မူပါတယ်။အဲဒီလို ဖြေပုံကို သံဂါယနာတင် မထေရ်မြတ်တို့က—

"ဧဝံ မေ သုတံ—ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ။ အာမန္တေသိ ဘိက္ခဝေါတိ။ ဘဒန္တေတိ တေ ဘိက္ခူ။ ဘဂဝတော ပစ္စဿောသုံ၊ ဘဂဝါ ဧတဒဝေါစ"လို့—

ဒီလို သံဂါယနာ တင်ထားတော်မူခဲ့ကြပါတယ်။ အဲဒီ ပါဠိကို မြန်မာလိုဆိုလျှင်တော့—ကျွန်ုပ် ဒီလို ကြားဘူးပါသည်၊ အခါတပါးမှာ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဗာရာဏသီမြို့ ဣသိပတနမည်သော မိဂဒါဝုန်တောမှာ သီတင်းသုံး နေတော်မူပါသည်။ ထိုစဉ်အခါမှာ ဘုန်းတော်ကြီးသော မြတ်စွာဘုရားက ငါးပါးအစုရှိတဲ့ ပဉ္စဝဂ္ဂီရဟန်းတို့ကို "ရဟန်းတို့"ဟူ၍ ခေါ်တော်မူလိုက်ပါသည်။ ပဉ္စဝဂ္ဂီရဟန်းတို့က "အရှင်ဘုရား"ဟု ခွန်းတုံ့ပြန်ကြားကြပါသည်။ ထိုအခါမှာ ဘုန်းတော်ကြီးသော မြတ်စွာဘုရားက ဒီ "**အနတ္တလက္ခဏသုတ်**"ကို ဟောကြားတော်မူပါသည်လို့ ဆိုလိုပါတယ်။

ဒီ သံဂါယနာ နိဒါန်းထဲမှာ "အခါဝေါ"လို့ သာမည ဆိုထားတဲ့အတွက် ဘယ်ခုနှစ်, ဘယ်လ, ဘယ်ရက် ရယ်လို့ မထင်ရှားဘဲ ဖြစ်နေပါတယ်။ ဒီလို သာမည ဆိုထားရတာက လဲ နှုတ်တက် ဆောင် မှတ်ထားရန် လွယ်ကူအောင်လို့ဘဲ ဖြစ်ပါတယ်။ဒီလိုမဟုတ်ပါဘဲနဲ့ သုတ်တိုင်း သုတ်တိုင်းမှာ မည်သည့် ခုနှစ်, မည်သည့်လ, မည်သည့်ရက်, မည်သည့် နာရီအချိန်မှာလို့ ဒီလို တိတိကျကျ သံဂါယနာ တင်ထားမည်ဆိုလျှင် နှုတ်တက်ဆောင်ဘို့, မှတ်ထားဘို့ အများကြီး ခက်ပါလိမ့်မယ်၊ ယခုခေတ်လို စာအုပ်ခေတ် ဆိုလျှင်တော့လဲ မခက်ပါဘူး။

အဲဒီလို အပြည့်အစုံ တိတိကျကျ မှတ်ထားရလျှင် သိပ်ကောင်းမှာပါဘဲ။ ဒါပေမဲ့ ဟိုတုန်းက နှုတ်တက်ဆောင်ခေတ်အနေမှာတော့ အများကြီးခက်ပါတယ်။ ဒါကြောင့် အခြားသုတ်များမလိုဘဲ ဒီသတ်မှာလဲ "ဧကံ သမယံ – အခါတပါးမှာ" လို့ ဒီလို သာမညဘဲ သံဂါယနာတင်ထားပါတယ်။ ဒါပေမယ်လို့ ဒီသုတ်မှာတော့ အဋ္ဌကထာက သေသေချာချာ ဖွင့်ပြထားလို့ သိရပါတယ်။ ဘယ်လိုလဲဆိုတော့ကာ ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောပြီးတဲ့နောက် ပဉ္စဝဂ္ဂိရဟန်း ငါးပါးလုံး သောတာပန် ဖြစ်ပြီးတဲ့အခါ **ဝါဆိုလဆုတ်** ၅-ရက် နေ့မှာ ဒီသုတ်ကို ဟောတော်မူတယ်လို့ အဋ္ဌကထာက သေသေချာချာ ဖွင့်ပြထားပါတယ်။

ဒါပေမဲ့ ပဉ္စဝဂ္ဂိရဟန်း ငါးပါးလုံး သောတာပန်ဖြစ်ပြီးတဲ့ အခါလို့ ဆိုရာမှာ အဲဒီ ငါးပါးထဲမှာက အရှင်ကောဏ္ဍညတပါးသာ သောတာပန်ဖြစ်ပုံ ထင်ရှားသေးတယ်၊ အခြားလေးပါးမှာ ဘယ်ပုံဘယ်နည်းနဲ့ သောတာပန်ဖြစ်ကြပါသလဲ၊ သောတာပန် ပုဂ္ဂိုလ်တို့အား အနတ္တလက္ခဏာ တရားကို ဘာကြောင့်ဟောရပါသလဲဆိုတာကတော့ မထင်ရှားသေးဘဲ ရှိနေပါတယ်။ အဲဒါကို ထင်ရှားအောင် ယခု ထုတ်ဖော်ပြီး ပြရဦးမည်။

ဓမ္မစက္ကပဝတ္တနသုတ် တရားတော်ကြီးကို နာကြားစဉ်မှာ ပဉ္စဝဂ္ဂိ ငါးဦးထဲက အရှင်ကောဏ္ဍည တပါးသာလျှင် သစ္စာလေးပါးကို သိမြင်ပြီး သောတာပန် ဖြစ်ခဲ့ပါတယ်။ အရှင်ကောဏ္ဍည တပါးသာလျှင် "တိဏ္ဏံဝိဓိကိစ္ဆော၊ လဒ္ဓန်မြောက်ပြီးသော ယုံမှားမှုရှိတယ်၊ ယုံမှားကင်းသွားတယ်" လို့ ဆိုတဲ့

အတိုင်း ဘုရား, တရား, သံဃာ, အကျင့်သီလခွာနှင့် စပ်ပြီး တထစ်ချ ယုံကြည်ချက် ကျသွားပါတယ်။ဘယ်လိုလဲဆိုတော့ ကာ “ဓမ္မစက္ကပဝတ္တနသုတ် တရားတော်ကြီးကို ဟောတဲ့ ငါတို့ဆရာ ဘုရားဟာ သစ္စာလေးပါး တရားအလုံးစုံကို သိတဲ့ ဘုရားစစ်,ဘုရားမှန်ဘဲ၊ ဟောတော်မူတဲ့ တရားဟာလဲ တရားစစ်,တရားမှန်ဘဲ၊ ဒီတရားအတိုင်း ကျင့်ပြီး ဒီတရားကို ငါလို သိတဲ့ပုဂ္ဂိုလ်အပေါင်းဟာလဲ သံဃာစစ်,သံဃာမှန်ဘဲ၊ဒီတရားအတိုင်း ကျင့်ရတဲ့ မဂ္ဂင်ရှစ်ပါး သီလ, သမာဓိ, ပညာဆိုတဲ့ အကျင့်သိက္ခာတွေဟာလဲ အကျင့်လမ်းမှန်ဘဲ”လို့ တထစ်ချ ယုံကြည်ပြီး အဝေစုပသာဒလို့ခေါ်တဲ့ မလှုပ်ရှား မပျက်ပြား နိုင်တဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံသွားပါတယ်။ ဒါကြောင့် အရှင် ကောဏ္ဍညက တရားပဲ့ပြီးတဲ့နောက် မကြာခင်ဘဲ မြတ်စွာဘုရားထံမှာ ဥပသမ္ပဒခေါ်တဲ့ သီလ သိက္ခာနဲ့ ပြည့်စုံတဲ့ သာသနာတွင်း ရဟန်းအဖြစ်ကို လျှောက်တောင်းပါတယ်။

ဒီတော့ မြတ်စွာဘုရားက “ဧဟိ ဘိက္ခု သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ။ လာလော့ ရဟန်း၊ တရားတော်မှာ ကောင်းမွန် မှန်ကန်စွာ ဟောထားတဲ့ သွာက္ခာတ တရားတော်ဖြစ်သည်၊ အမှန်စင်စစ် ဆင်းရဲကုန်ဆုံးခြင်းကို ပြုနိုင်အောင် မြတ်သော အကျင့်ကို ကျင့်လှည့်ပါလော့”လို့ ခေါ်တော်မူပြီးတော့ ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူလိုက်ပါတယ်။ ဒီလို ရဟန်းပြုပေးတဲ့ စကားထဲမှာ “ဧဟိ ဘိက္ခု”လို့ ပါတဲ့အတွက် ဒီလို ရဟန်းမျိုးကို “ဧဟိဘိက္ခု”ရဟန်းလို့ ခေါ်ပါတယ်။

နာရုံဖြင့် မပြီး၍ အားထုတ်ကြရသည်

ကျန်တဲ့ ဝပ္ပ,ဘဒ္ဒိယ, မဟာနာမ်, အဿဇိဆိုတဲ့ လေးဦးကတော့ အဲဒီတုန်းက သစ္စာလေးပါးကို ကိုယ်တိုင် ဉာဏ်နဲ့ ထိုးထွင်းပြီး မသိမမြင်ကြသေးဘူး။ ဓမ္မစက္ကပဝတ္တနသုတ်တရားကို နာရလို့ အဲဒီထဲမှာ ပါတဲ့အတိုင်း သုတမယဉာဏ်လောက်နဲ့သာ သိပြီးတော့ သက်ဝင်ယုံကြည်တဲ့ **သဂၤဟပ္ပနသဒ္ဓါ** လောက်ကိုသာ ရကြသေးတယ်၊ မပျက်ပြယ် မလှုပ်ရှားနိုင်တဲ့ **အဝေစ္စပသာဒ-သဒ္ဓါတရား**ကိုတော့ မရကြသေးဘူး။ ဒါကြောင့် သူတို့ကတော့ အဲဒီတုန်းက မြတ်စွာဘုရားထံမှာ ချက်ချင်း ဝင်ရောက်ပြီး ရဟန်းမပြုကြသေးဘူး။ မြတ်စွာဘုရား ညွှန်ပြတော်မူတဲ့အတိုင်း ကမ္မဋ္ဌာန်း တရားကို မူလက ရသေ့ ရဟန်း အဖြစ်နဲ့ဘဲ **အားထုတ်** နေကြတယ်။ ဒီလို အားထုတ်လို့ **အရှင်ဝပ္ပ**က ဝါဆိုလပြည့်ကျော် တရက်နှစ်မှာ သောတာပန် ဖြစ်ပါတယ်။ **အရှင်ဘဒ္ဒိယ, အရှင်မဟာနာမ်, အရှင်အဿဇိ**တို့ကတော့ နှစ်ရက်နေ့, သုံးရက်နေ့, လေးရက်နေ့ မျှားမှာ အစဉ်အတိုင်း သောတာပန် ဖြစ်ကြပါတယ်။ ဒီလို သောတာပန် ဖြစ်ပြီးဘဲ့ အခါကျမှ မြတ်စွာဘုရားထံမှာ ရဟန်းအဖြစ်ကို အသီးသီး လျှောက်တောင်းကြ ပါတယ်။ မြတ်စွာဘုရားကလဲ သူတို့ကို အသီးအသီး "ဧဟိဘိက္ခု" ခေါ်ပြီး ရဟန်းပြုပေးတော်မူပါတယ်။

နေယျပုဂ္ဂိုလ်တေ့

ဒါကြောင့် ဥဃဋိတညူ, ဝိပဉ္စိတညူ, နေယျ, ပဒပရမဆိုတဲ့ ပုဂ္ဂိုလ် လေးမျိုးနဲ့ ခဲ့ကြည့်မယ်ဆိုလျှင် **အရှင်ကောဏ္ဍည**

တပါးသာ ဓမ္မစကြာသုတ် တရားကို အကျယ် ဟောနေတုန်း နာကြားနေရင်း တရားရသွားတဲ့အတွက် **ဝိပဿီတညဏ်**မည်ပါ တယ်။ တခြား ပုဂ္ဂိုလ်လေးပါးကတော့ တရားနာရုံနဲ့ တရား ထူးကို မသိမမြင်သေးဘဲ ဘာဝနာအလုပ်ကို တရက် နှစ်ရက် စသည် အားထုတ်ပြီးမှ သိမြင်ကြတာ ဖြစ်တဲ့အတွက် **နေယျ ပုဂ္ဂိုလ်** များလို့သာ ယူရပါတယ်။ ယခု ကာလမှာ တချို့က "သောတာပန်ဖြစ်ဘို့ဆိုတာ ကျင့်ကြံ အားထုတ်ဘို့ မလိုဘူး၊ တရားနာပြီး တရားသဘောကို သိနားလည်ရုံနဲ့ သောတာပန် ဖြစ်တယ်"လို့ ဒီလို ယူဆ ပြောဟောနေကြတာလဲ ရှိနေကြ တယ်။ အဲဒီလို ပြောဟောနေကြတဲ့ အချောင် သောတာပန် လမ်းဟာ ဟောဒီ အရှင် ဝပ္ပ စသော မထေရ်လေးပါးရဲ့ အားထုတ်ပုံ, သောတာပန် ဖြစ်ပုံနဲ့ နှိုးနှောကြည့်လျှင် ဘာမျှ အခြေအမြစ်မရှိတဲ့ မဟုတ်တမ်းတရား ဖြစ်ကြောင်း အလွန် ထင်ရှားပါတယ်။ စဉ်းစားကြည့်ပါ။ ယခုကာလမှာ လွယ်လွယ် နဲ့ နားလည်အောင် ဟောတတ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားထက် ပိုပြီး ဟောတတ်ပါမည်လား။ နာကြား ရုံနဲ့ နားလည်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကကော ဒီ ပဉ္စဝဂ္ဂီမထေရ် လေးပါးထက် ပိုပြီး နားလည်လွယ်ပါမည်လား။ ပြီးတော့ နားလည်အောင် ဟောလိုက်ရုံနဲ့ ဒီကိစ္စ ပြီးမယ် ဆိုလျှင် ဒီမထေရ် လေးပါးကို သက်သက် ပင်ပန်းအောင် မြတ်စွာ ဘုရားက အားထုတ်ခိုင်းနေပါဦးမည်လား။ အဲဒီ အချက်တွေ ကို အဖြေမှန်ရအောင် စဉ်းစားလိုက်လျှင် အချောင် သော-တာပန် လမ်းဟာ ဗုဒ္ဓေါသလို အလိုလို ပေါ်လာပါတယ်။

အချိုးကျကျ အားထုတ်ပုံ

ပြီးတော့ အဲဒီတုန်းက ပဉ္စဝဂ္ဂီ မထေရ်လေးပါးရဲ့ အားထုတ်ပုံဟာ အင်မတန် စိတ်ဝင်စားစရာ ကောင်းပါတယ်။ ပဉ္စဝဂ္ဂီငါးပါးထဲမှ နှစ်ပါးက ဆွမ်းခံတောင် မသွားတော့ဘဲ မပြတ် အားထုတ်နေကြတယ်၊ သုံးပါးက ဆွမ်းခံသွားကြတယ်၊ ဒီလို အားထုတ်နေကြရတဲ့ ရက်လဲ ရှိတယ်။ ပြီးတော့ သုံးပါးက မပြတ်အားထုတ်နေကြတယ်၊ နှစ်ပါးက ဆွမ်းခံသွားကြတယ်၊ ဒီလို အားထုတ်နေကြတဲ့ ရက်လဲရှိတယ်။ဆိုလို ရင်းကတော့ သောတာပန် မဖြစ်သေးတဲ့ ပုဂ္ဂိုလ်လေးပါးထဲက နှစ်ပါးဖြစ်စေ, သုံးပါးဖြစ်စေ တပြိုင်နက် မပြတ်မစဲ အားထုတ်နေကြတယ်၊ ကျန်တဲ့တပါး နှစ်ပါးနဲ့ အရှင်ကောဏ္ဍညက ဆွမ်းခံသွားတယ်၊ ရလာတဲ့ဆွမ်းကို မြတ်စွာဘုရားနှင့် တကွ ခြောက်ပါးဝေငှပြီး ဘုဉ်းပေးတော်မူကြတယ်တဲ့။ ဒီနေ ရာမှာ နှစ်ပါး အားထုတ်တဲ့အခါ သုံးပါး အားထုတ်တဲ့အခါ ဘယ်ပုဂ္ဂိုလ်များက အားထုတ်နေကြတယ်၊ ဘယ်ပုဂ္ဂိုလ်များက ဆွမ်းခံသွားကြတယ်လို့ ဒီလို တိတိကျကျ ဖော်ပြထားတာတော့ မရှိဘူး။ သို့ပေမဲ့ သောတာပန်အဖြစ် နောက်ကျတဲ့ ပုဂ္ဂိုလ်တွေဟာ စောစောပိုင်းက ဆွမ်းခံမှု ပလိဗောဓ ရှိခဲ့တယ်လို့ ယူဆလျှင် သင့်တော်လောက်စရာ ရှိပါတယ်။

အဲဒီတုန်းက မြတ်စွာဘုရားလဲ ဆွမ်းခံမကြွဘူး၊ တရား အားထုတ်နေတဲ့ ပဉ္စဝဂ္ဂီကိုမှာ ကမ္မဋ္ဌာန်းအညစ်အကြေး ဖြစ်ပေါ်လာလျှင် သုတ်သင် ဖြေရှင်း ပေးနိုင်ဘို့ မဂဒါဝုန် ကျောင်းတိုက် ဌာနမှာဘဲ အသင့်ရှိနေတော်မူတယ်။ ပဉ္စဝဂ္ဂီတို့က ကမ္မဋ္ဌာန်း အညစ်အကြေး အရှုပ်အထွေး ဖြစ်ပေါ်လာတဲ့

အခါမှာ မြတ်စွာဘုရားထံ သွားပြီး မေးမြန်း လျှောက်ထားကြတယ်။ တရံတခါမှာ မြတ်စွာဘုရားက သူတို့ထံ ကြွသွားပြီး ဖြေရှင်းပေးတော်မူတယ်။ ဒါဟာ ဗုဒ္ဓ သာသနာတော်တည်ထောင်ခါစက အချိုး အကျဆုံး အားထုတ်ပုံနဲ့ စောင့်ရှောက်ပုံပါဘဲ။ ယခုကာလမှာလဲ အချိုးကျကျ အားထုတ်ချင်လျှင် ဒီနည်းအတိုင်းဘဲ နေ့ရော ညဉ့်ပါ မပြတ်မစဲ အားထုတ်ရတယ်။ ဆရာကလဲ သူတပါးစိတ် မသိနိုင်တောင် မေးမြန်းပြီး ကမ္မဋ္ဌာန်းအညစ်အကြေးကို သုတ်သင် ဖြေရှင်းပေးရတယ်။ ဒါမှ အကျိုးရှိသင့်သလောက် အပြည့်အစုံ ဖြစ်သွားနိုင်တယ်။

အရှင်ဝပ္ပ, အရှင်ဘဒ္ဒိယ, အရှင်မဟာနာမ်, အရှင်အဿဇိ ဆိုတဲ့ ပဉ္စဝဂ္ဂီလေးဦးတို့မှာ ယခု ပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရား ကိုယ်တော်တိုင်က စောင့်ရှောက်လို့ အချိုးတကျ မပြတ်မစဲ အားထုတ် ကြတဲ့အတွက် ဝါဆိုလဆုတ် တရက်, နှစ်ရက်, သုံးရက်, လေးရက်နေ့မျှးမှာ အစဉ်အတိုင်း သောတာပန် ဖြစ်ပြီး **ဧဟိဘိက္ခု**ရဟန်း ဖြစ်ကြပါတ်တယ်။ ဒီလို ပဉ္စဝဂ္ဂီ ငါးဦးစလုံး သောတာပန်ဖြစ်ပြီး ဧဟိဘိက္ခုရဟန်း အဖြစ်ကို ရကြပြီးတဲ့နောက် ဝါဆိုလဆုတ် ငါးရက်နေ့မှာ အရဟတ္တမဂ်ဉာဏ်ကို ရစေရန်အတွက် ဒ အနတ္တလက္ခဏသုတ တရားတော်ကြီးကို မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။

ဒီနေရာမှာလဲ စဉ်းစားစရာကတော့ ရှိပါသေးတယ်။ ဘယ်လိုလဲဆိုတော့ကာ သောတာပန်ဆိုတာ အနတ္တလက္ခဏာကို သိပြီးမှ ဖြစ်တာမဟုတ်ပါလား၊ သက္ကာယဒိဋ္ဌိ ခေါ်တဲ့ အတ္တအစဲဟာ လုံဝ ကင်းနေပြီ မဟုတ်ပါလား။ ဒီလို အနတ္တ

လက္ခဏာကို သိပြီးတော့ အတ္တစဲ့ ကင်းနေတဲ့ သောတာပန်ပုဂ္ဂိုလ်တွေကို ဘာကြောင့် ဒီအနတ္တလက္ခဏာသုတ် တရားတော်ကြီးကို ဟောကြားရပါလိမ့်မလဲလို့ ဒီလို စဉ်းစားစရာ ရှိပါတယ်။

ဒိဋ္ဌိမာနကို ပယ်ရန်

အဖြေကတော့ သောတာပန်ဟာ အနတ္တလက္ခဏာကို သိပြီး ဖြစ်တယ် ဆိုတာလဲ ဟုတ်တယ်၊ အတ္တစဲ့ ကင်းနေပြီ ဆိုတာလဲ မှန်တယ်။ ဒါပေမဲ့ **ဒိဋ္ဌိ**နဲ့တူတဲ့ **မာန** ဆိုတာကတော့ သောတာပန်မှာ ရှိနေသေးတယ်။ ဒီမာနက အတ္တကောင့်, အသက်ကောင့်, ငါကောင် တကယ်ရှိတဲ့ အနေနဲ့တော့ စဲလမ်းတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ရုပ်နာမ်ခန္ဓာတွေကို အမှီပြုပြီးတော့ ငါဆိုတဲ့အနေနဲ့ တက်ကြွထောင်လွှားပြီးတော့ စဲလမ်းနေပါတယ်။ အဲဒါကို "**အသိမာန**"လို့ ခေါ်ပါတယ်။ ငါဘဲလို့ တက်ကြွထောင်လွှားတဲ့ သဘောပါဘဲ။ သူ့ကို "ဒိဋ္ဌိမာန"လို့လဲ ခေါ်ပါတယ်။ ဒိဋ္ဌိနှင့် ခပ်တူတူ ဖြစ်နေလို့ ဒိဋ္ဌိရဲ့ကိုယ်စားလှယ် သဘော ရှိတဲ့ "မာန"လို့ ဆိုလိုပါတယ်။ ဒီမာနကို သောတာပတ္တိမဂ်က မပယ်နိုင်ပါဘူး၊ အထက်မဂ် မျှားကမ္မ ပယ်နိုင်ပါတယ်၊ အထက် မဂ်ထဲမှာကောင် အရဟတ္တမဂ်ကမှ အကြွင်းမဲ့ ပယ်နိုင်တယ်။

ဒီအချက်ကို အဘိဓမ္မပိဋကက **ဓမ္မသင်္ဂဏီပါဠိတော်၏** အဖွင့် **အဋ္ဌသာလိနီ** ဆိုတဲ့ အဋ္ဌကထာမှာ ဒီလို ရှင်းလင်းပြထားပါတယ်။ ဧသောတာပတ္တိမဂ်မှာပါတဲ့ သမ္မာဒိဋ္ဌိမဂင်က **သက္ကာယဒိဋ္ဌိ**အရင်းခံရှိတဲ့ ဖြ-ပါးသော မိစ္ဆာဒိဋ္ဌိကို အကြွင်းမဲ့ ပယ်

တယ်။ ဒါပေမဲ့ သောတာပန်၏ သန္တာန်မှာ သကဒါဂါမိမဂ်နဲ့ပယ်ရမည့် မာနက ရှိနေသေးတယ်၊ အဲဒီ မာနက ဒိဋ္ဌိအရာမှာတည်နေတယ်၊ **ဒိဋ္ဌိအရာမှာ တည်တယ်**ဆိုတာ ဒိဋ္ဌိနဲ့ခပ်တူတူဖြစ်နေတာကိုဘဲ ဆိုလိုပါတယ်၊ သကဒါဂါမိမဂ်မှာပါတဲ့ သမ္မာဒိဋ္ဌိက အဲဒီ မာနကို ပယ်တယ်။ သကဒါဂါမ်မှာလဲ အနာဂါမိမဂ်နဲ့ ပယ်ရမည့်မာနက ရှိနေသေးတယ်။ အဲဒီမာနကို အနာဂါမိမဂ်မှာပါတဲ့ သမ္မာဒိဋ္ဌိက ပယ်တယ်။ အနာဂါမ်မှာလဲ အရဟတ္တမဂ်နဲ့ ပယ်ရမည့် မာနက ရှိနေသေးတယ်၊ အဲဒီ မာနကို အရဟတ္တမဂ်မှာပါတဲ့ သမ္မာဒိဋ္ဌိက **အကြွင်းမဲ့** ပယ်တယ်လို့ ဒီလို ရှင်းပြတော်းပါတယ်။

ဒါကြောင့် အထက်မဂ်များနှင့် ပယ်ရမည့် "အသို့မာန" လို့ ခေါ်ကဲ့ ဒိဋ္ဌရဂ်ိုယ်စားလှယ် **ငါစွဲဒိဋ္ဌိမာန** ကို ပယ်နိုင်ရန် အတွက် သောတာပန်ဖြစ်ပြီးသော ပဉ္စဝဂ္ဂီရဟန်းတော်များကို မြတ်စွာဘုရားက ဒီ အနတ္တလက္ခဏသုတ် တရားတော်ကြီးကို ဟောတော်မူရပါတယ်။ ဒီ အနတ္တလက္ခဏာဟာ အလွန်လဲ အရေးကြီးပါတယ်၊ ဒီအနတ္တလက္ခဏာကို မသိလျှင် မဂ်ဖိုလ်ကို မရနိုင်ပါဘူး။ ပြီးတော့ ဒီအနတ္တလက္ခဏာက သိဘို့လဲ ခဲယဉ်းပါတယ်၊ သာသနာပမှာဆိုလျှင် မသိနိုင်ပါဘူး၊ သာသနာတော်တွင်းမှာမှ သိနိုင်ပါတယ်။အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ ဆိုတာတွေကတော့ အတုနဲ့အစစ် နှစ်မျိုးစီရှိတဲ့အတွက် အနိစ္စတု, ဒုက္ခတု တွေကိုတော့ သာသနာပမှာလဲ သိနိုင်ကြပါတယ်။ အနတ္တလက္ခဏာကတော့ အဲဒီလို အတုရယ်လို့ မရှိတဲ့အတွက် သာသနာပမှာ မသိနိုင်ပါဘူး။ သာသနာတွင်းမှာတောင်မှ အနိစ္စ, ဒုက္ခလက္ခဏာအစစ်တွေကို သိမြင်ပါမှ အနတ္တလက္ခဏာ

ကို သိနိုင်ပါတယ်။ ဒါကြောင့် ဒီသုတ်မှာ ရှေးဦးစွာ ဒုက္ခ လက္ခဏာအစစ်ဖြင့် အနတ္တလက္ခဏာကို ဖော်ပြပြီး ဟောသွားပါတယ်။ အဲဒီ အနတ္တလက္ခဏာကို သေသေချာချာ နားလည် အောင် ရှိရှိသေသေ စူးစိုက်ပြီး နာယူကြ နှလုံးသွင်းကြစေလို ပါတယ်။ မြတ်စွာဘုရားက ဒီလိုစပြီး ဟောကြားတော်မူပါ တယ်။

သုတ်၏ ဘာသာပြန်

၁-ရူပက္ခန္ဓာ အနတ္တဖြစ်ပုံ

ရဟန်းတို့–ရုပ်သည် အစိုးရသော အတ္တငါးသား အတ္တ ကောင် မဟုတ်ပေ၊ အတ္တကောင် ဟုတ်ပါမူ ဤရုပ်သည် နှိပ်စက်ဘိုရာ မဖြစ်တန်လေရာ။ "ငါ၏ရုပ်သည် ဤလိုအကောင်း ချည်း ဖြစ်ပါစေ၊ ဤလို အဆိုးကား မဖြစ်ပါစေလင့်" ဟု ရုပ်၌ စိမံခန့်ခဲ့၍လဲ ရလေရာ၏။

အမှန်အားဖြင့်မူကား ရုပ်သည် အစိုးရသော အတ္တငါးသား အတ္တကောင်မဟုတ်ပေ၊ အတ္တကောင် မဟုတ်သောကြောင့်ပင် လျှင် ရုပ်သည် နှိပ်စက်ဘိုရာလဲ ဖြစ်လျက် ရှိခြေသည်။ "ငါ၏ ရုပ်သည် ဤလို အကောင်းချည်း ဖြစ်ပါစေ၊ ဤလို အဆိုးကား မဖြစ်ပါစေလင့်" ဟု ရုပ်၌ စိမံခန့်ခဲ့၍လဲ မရဘဲ ရှိခြေသည်။

မှတ်ဖွယ်ဆောင်ပုဒ်များ

ဤအရာ၌ ဗာလပုထုဇဉ်တို့ စွဲလမ်းသော အတ္တမှာ **ဇီဝအတ္တ**, **ပရမအတ္တ** ဟူ၍ နှစ်မျိုးရှိသည်။ ကမ္ဘာလောကနှင့်သတ္တဝါတို့ကို ဖန်ဆင်းသူဟု ထင်မှတ်စွဲလမ်းအပ်သော **ထာဝရဘုရား**၏

အတ္တကို **ပရမအတ္တ** ဟုခေါ်သည်။ ဖန်ဆင်းထားသည်ဟု ထင်မှတ် စွဲလမ်းအပ်သော **သတ္တဝါများ၏** အတ္တကို **ဇီဝအတ္တ** ဟုခေါ်သည်။ ထိုအတ္တကို သာမီ နိဝါသီ ကာရက ဝေဒက ဟု ထင်မှတ်စွဲလမ်းကြ၏။ ထို့တွင်—

(က) ကိုယ်ထဲမှာ အလိုရှိတိုင်း အစိုးရသော ငါကောင် ရှိသည်ဟု ထင်တာက **သာမီအတ္တစွဲ**။

(ခ) ကိုယ်ထဲမှာအမြဲတည်နေသော ငါကောင် ရှိသည်ဟု ထင်တာက **နိဝါသီအတ္တစွဲ**။

(ဂ) အမှုအရာဟူသမျှကို ငါကောင်ကပင် ပြုလုပ်သည်ဟု ထင်တာက **ကာရကအတ္တစွဲ**။

(ဃ) အကောင်းအဆိုး ဟူသမျှကို ငါကောင်ကပင် ခံစားသည်ဟု ထင်တာက **ဝေဒကအတ္တစွဲ**။

၂-ဝေဒနာကမ္မဋ္ဌာန အနတ္တဖြစ်ပုံ

ရဟန်းတို့— ခံစားမှုဝေဒနာသည် အဖိုးရသော အတွင်းသား အတ္တကောင် မဟုတ်ပေ။ အတ္တကောင် ဟုတ်ပါမူ ဤဝေဒနာသည် နှိပ်စက်ဘိုရာ မဖြစ်တန့်လေရာ။ "ငါ၏ဝေဒနာသည် ဤလို အကောင်းချည်း ဖြစ်ပါစေ၊ ဤလို အဆိုးကား မဖြစ်ပါစေလင့်" ဟု ဝေဒနာ၌ စီမံခန့်ခွဲ၍လဲ ရလေရာ၏။

အမှန်အားဖြင့်မူကား ခံစားမှု-ဝေဒနာသည် အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင် မဟုတ်သောကြောင့်ပင်လျှင် ဝေဒနာသည် နှိပ်စက်ဘိုရာလဲ

ဖြစ်လျက်ရှိခေျသည်။ “ငါ၏ဝေဒနာသည် ဤလို အကောင်း ချည်း ဖြစ်ပါစေ၊ ဤလို အဆိုးကား မဖြစ်ပါစေလင့်”ဟု ဝေဒနာ၌ စိမံခန့်ခဲ့၍လဲ မရဘဲ ရှိခေျသည်။

၃-သညာကွန္ဒာ အနတ္တဖြစ်ပုံ

ရဟန်းတို့–မှတ်သားမှု သညာသည် အစိုးရသော အတ္တငး် သား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင် ဟုတ်ပါမူ ဤသညာသည် နှိပ်စက်ဘိုရာ မဖြစ်တန်လေ။ “ငါ၏ သညာသည် ဤလို အကောင်းချည်း ဖြစ်ပါစေ၊ ဤလို အဆိုး ကား မဖြစ်ပါစေလင့်”ဟု သညာ၌ စိမံခန့်ခဲ့၍လဲ ရလေ ရာ၏။

အ မှန်အားဖြင့်မူကား မှတ်သားမှု-သညာသည် အစိုးရ သော အတ္တငး်သား အတ္တကောင် မဟုဝ်ပေ၊ အတ္တကောင် မဟုတ်သောကြောင့်ပင်လျင် သညာသည် နှိပ်စက်ဘိုရာလဲ ဖြစ်လျက်ရှိခေျသည်။ “ငါ၏ သညာသည် ဤလို အကောင်း ချည်း ဖြစ်ပါစေ၊ ဤလို အဆိုးကား မဖြစ်ပါစေလင့်”ဟု သညာ၌ စိမံခန့်ခဲ့၍လဲ မရဘဲ ရှိခေျသည်။

၄-သင်ါရကွန္ဒာ အနတ္တဖြစ်ပုံ

ရဟန်းတို့– ပြုပြင် အားထုတ်မှု သင်ါရတို့သည် အစိုးရ သော အတ္တငး်သား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင် ဟုတ်ပါမူ ဤသင်ါရတို့သည် နှိပ်စက်ဘိုရာ ပဖြစ်ကြတန်လေ ရာ။“ငါ၏ သင်ါရတို့သည် ဤလို အကောင်းချည်း ဖြစ်ကြ

ပါစေ၊ ဤလို အဆိုးကား မဖြစ်ကြပါစေလင့်”ဟု သင်္ခါရတို့၌ စိမ်ခန့်ခဲ့၍လဲ ရလေရာ၏။

အမှန်အားဖြင့်မူကား ပုဂ္ဂိုလ်အားထုတ်မှု သင်္ခါရတို့သည် အစိုးရသော အတ္တင်းသား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင် မဟုတ်သောကြောင့်ပင်လျှင် သင်္ခါရတို့သည် နှိပ်စက်ဘိုးရာလဲ ဖြစ်လျက် ရှိကြချေသည်။ “ငါ၏ သင်္ခါရတို့သည် ဤလို အကောင်းချည်း ဖြစ်ကြပါစေ၊ ဤလို အဆိုးကား မဖြစ်ကြပါစေလင့်”ဟု သင်္ခါရတို့၌ စိမ်ခန့်ခဲ့၍လဲ မရဘဲ ရှိချေသည်။

၅-စိညာဏက္ခန္ဓာ အနတ္တဖြစ်ပုံ

ရဟန်းတို့ – ကုံသိမှု စိတ်ဝိညာဉ်သည် အစိုးရသော အတ္တင်းသား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင် ဟုတ်ပါမူ ဤစိတ်ဝိညာဉ်သည် နှိပ်စက်ဘိုးရာ မဖြစ်တန်လေရာ။ “ငါ၏ စိတ်ဝိညာဉ်သည် ဤလို အကောင်းချည်း ဖြစ်ပါစေ၊ ဤလို အဆိုးကား မဖြစ်ပါစေလင့်”ဟု စိတ်ဝိညာဉ်၌ စိမ်ခန့်ခဲ့၍လဲ ရလေရာ၏။

အမှန်အားဖြင့်မူကား ကုံသိမှု စိတ်ဝိညာဉ်သည် အစိုးရသော အတ္တင်းသား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင် မဟုတ်သောကြောင့်ပင်လျှင် စိတ်ဝိညာဉ်သည် နှိပ်စက်ဘိုးရာလဲ ဖြစ်လျက် ရှိချေသည်။ “ငါ၏ စိတ်ဝိညာဉ်သည် ဤလို အကောင်းချည်း ဖြစ်ပါစေ၊ ဤလို အဆိုးကား မဖြစ်ပါစေလင့်”ဟု စိတ်ဝိညာဉ်၌ စိမ်ခန့်ခဲ့၍လဲ မရဘဲ ရှိချေသည်။

မှတ်ဖွယ်ဆောင်ပုဒ်များ

(က) ပညတ်အနိစ္စ၊ သိရုံမျှ၊ အနတ္တ မမြင်နိုင်။ (အိုးကွဲခြင်း, လူသေခြင်းမျိုး ပညတ်အနိစ္စ)။

(ခ) ပညတ်ဒုက္ခ၊ သိရုံမျှ၊ အနတ္တ မမြင်နိုင်။ (ဆူးစူးခြင်း စသည်ကြောင့် နာကျင် ခံခက်ခြင်းမျိုး ပညတ်ဒုက္ခ)။

(ဂ) ပရမတ်အနိစ္စ၊ သိမြင်မှ၊ အနတ္တ မြင်နိုင်သည်။

(ဃ) ပရမတ်ဒုက္ခ၊ သိမြင်မှ၊ အနတ္တ မြင်နိုင်သည်။

(င) လက္ခဏာစစ်တွင်၊ တခုမြင်၊ အကုန်ပင် သိတော့သည်။

အနုပဿနာ ၃ ပါး ဆောင်ပုဒ်များ

၁။ အနိစ္စကို သိရမည်၊ အနိစ္စလက္ခဏာကို သိရမည်၊ အနိစ္စာနုပဿနာကို သိရမည်။

(က) ဖြစ်ပျက်သမျှ ရုပ်နာမ် ခန္ဓာက **အနိစ္စတရား**။

(ခ) ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက **အနိစ္စလက္ခဏာ**။

(ဂ) ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲဟု သိတာက **အနိစ္စာနုပဿနာဉာဏ်**။

၂။ ဒုက္ခကို သိရမည်၊ ဒုက္ခလက္ခဏာကို သိရမည်၊ ဒုက္ခာနုပဿနာကို သိရမည်။

(က) ဖြစ်ပျက်နှစ်ရပ် နှိပ်စက်အပ်တဲ့ ရုပ် နာမ် ခန္ဓာက **ဒုက္ခတရား**။

(ခ) ဖြစ်ပျက်နှစ်ရပ်မပြတ်နှိပ်စက်တာက **ဒုက္ခလက္ခဏာ**။

(ဂ) ရှုမှတ်ဆဲမှာ ဖြစ်ပျက်နေတာကို တွေ့ရ၍ ဆင်းရဲဟု သိတာက **ဒုက္ခာနုပဿနာဉာဏ်**။

၃။ အနတ္တကို သိရမည်၊ အနတ္တ လက္ခဏာကို သိရမည်၊ အနတ္တာနုပဿနာကို သိရမည်။

(က) သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာက **အနတ္တတရား**။

(ခ) အလိုအတိုင်း မဖြစ်တာက **အနတ္တလက္ခဏာ**။

(ဂ) ရှုမှတ်ဆဲမှာ အလိုအတိုင်း မဖြစ်တာကို တွေ့ရ၍ အစိုးမရ ငါကောင် မဟုတ်ဟု သိတာက **အနတ္တာနုပဿနာဉာဏ်**။

အနတ္တလက္ခဏာကို ဃနဖုံးသည်

(က) ရှေ့နောက်တရား၊ ခဏပြားလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် **သန္ဋတိဃန** တည်း။

(ခ) ရုပ်နာမ်အများ၊ သဘောပြားလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ပေါ်လတ်**သမူဟဃန**တည်း။

(ဂ) ရုပ်နာမ်အမျှား၊ ကိစ္စပြားလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် **ကိစ္စဃန** တည်း။

(ဃ) နာမ်သဘောမျှား၊အာရုံပြားလျက်၊ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် **အာရမ္မဏဃနတ**ည်း။

(င) ဖြစ်ခိုက်တရား၊ မပိုင်းခြား၍၊ လေးပါးဃန၊ ထင်ပေါ်က၊ အတ္တ စွဲလမ်းသည်။

(စ) ဖြစ်ခိုက်တရား၊ ရှုပိုင်းခြား၍၊ လေးပါးဃန၊ ကြေပျက်မှ၊ အနတ္တဉာဏ် ပေါ်သည်။

(ဆ) ဉာဏ်မှန်အနတ္တ၊ ပြည့်စုံမှ၊ အရိယမဂ်ဉာဏ် ရောက်နိုင်သည်။

၆-ရူပကွန္ဓာဒဋ္ဌ လက္ခဏာရေး ၃-ပါး စိစစ်ချက်

ရဟန်းတို့–ဒါကို ဘယ်လို ထင်ကြသလဲ၊ ရုပ်ဟာ မြဲသလား၊ မမြဲသလား။

မမြဲပါဘုရား။

မမြဲတဲ့ တရားဟာ ကြောက်ဖွယ် ဆင်းရဲလား၊ နှစ်သက်ဖွယ် ချမ်းသာလား။

ကြောက်ဖွယ် ဆင်းရဲပါဘုရား။

မမြဲ, ဆင်းရဲ, ပြောင်းလဲ ဖောက်ပြန်တတ်သော တရားကို ငါဉစ္စာဟု, ငါဟု, ငါ၏အတ္တ အထည်ကိုယ်ဟု ထင်မှတ်ရန် သင့်ပါမည်လား။

မသင့်ပါဘုရား။

၇-ဝေဒနာကမ္မဋ္ဌာန် လက္ခဏာရေး ၃-ပါး စိစစ်ချက်

ခံစားမှု-ဝေဒနာဟာ မြဲသလား၊ မမြဲသလား။

မမြဲပါဘုရား။

မမြဲတဲ့ တရားဟာ ကြောက်ဖွယ်ဆင်းရဲလား၊ နှစ်သက်ဖွယ် ချမ်းသာလား။

ကြောက်ဖွယ် ဆင်းရဲပါဘုရား။

မမြဲ, ဆင်းရဲ, ပြောင်းလဲ ဖောက်ပြန်တတ်သော တရားကို ငါဉစ္စာဟု, ငါဟု, ငါ၏အတ္တ အဆည်ကိုယ်ဟု ထင်မှတ်ရန် သင့်ပါမည်လား။

မသင့်ပါဘုရား။

၈-သညာကမ္မဋ္ဌာန် လက္ခဏာရေး ၃-ပါး စိစစ်ချက်

မှတ်သားမှု-သညာဟာ မြဲသလား မမြဲသလား။

မမြဲပါဘုရား။

မမြဲတဲ့ တရားဟာ ကြောက်ဖွယ် ဆင်းရဲလား၊ နှစ်သက်ဖွယ် ချမ်းသာလား။

ကြောက်ဖွယ် ဆင်းရဲပါဘုရား။

မမြဲ, ဆင်းရဲ, ပြောင်းလဲ ဖောက်ပြန်တတ်သော တရားကို ငါဉစ္စာဟု, ငါဟု, ငါ၏အတ္တ အဆည်ကိုယ်ဟု ထင်မှတ်ရန် သင့်ပါမည်လား။

မသင့်ပါဘုရား။

၉-သင်္ဒါရက္ခန္ဓာဌ် လက္ခဏာရေး ၃-ပါး စိစစ်ချက်

ပြုပြင်အားထုတ်မှု-သင်္ဒါရတရားတွေဟာ မြဲသလား၊ မမြဲသလား။

မမြဲပါဘုရား။

မမြဲတဲ့ တရားဟာ ကြောက်ဖွယ်ဆင်းရဲလား၊ နှစ်သက်ဖွယ် ချမ်းသာလား။

ကြောက်ဖွယ် ဆင်းရဲပါဘုရား။

မမြဲ, ဆင်းရဲ, ပြောင်းလဲ ဖောက်ပြန်တတ်သော တရားကို ငါဉစ္စာဟု, ငါဟု, ငါ၏အတ္တ အထည်ကိုယ်ဟု ထင်မှတ်ရန် သင့်ပါမည်လား။

မသင့်ပါဘုရား။

၁၀-ဝိညာဏက္ခန္ဓာဌ် လက္ခဏာရေး ၃-ပါး စိစစ်ချက်

ကြံသိမှု စိတ်ဝိညာဉ်ဟာ မြဲသလား မမြဲသလား။

မမြဲပါဘုရား။

မမြဲတဲ့ တရားဟာ ကြောက်ဖွယ် ဆင်းရဲလား၊ နှစ်သက်ဖွယ် ချမ်းသာလား။

ကြောက်ဖွယ် ဆင်းရဲပါဘုရား။

မမြဲ, ဆင်းရဲ, ပြောင်းလဲ ဖောက်ပြန်တတ်သော တရားကို ငါဉစ္စာဟု, ငါဟု, ငါ၏အတ္တ အထည်ကိုယ်ဟု ထင်မှတ်ရန် သင့်ပါမည်လား။

မသင့်ပါဘုရား။

(ငါ့ဥစ္စာဟု သာယာသိမ်းပိုက်ရန်လည်း မသင့်၊ ငါဘဲဟု ဂုဏ်ယူပြီး အထင်ကြီးရန်လည်း မသင့်၊ ငါ၏အတ္တ အထည် ကိုယ်ဘဲဟု ထင်မှတ်စဲလမ်းရန်လည်း ဖသင့်ဟု ဆိုလိုသည်)။

၁၁-ရုပ်တရား၌ ၁၁-ဌာနဖြင့် ရှုရန်ညွှန်ပြချက်

ရဟန်းတို့-ထိုသို့ ငါ့ငါ့ဥစ္စာ, ငါ၏အတ္တဟု ထင်မှတ်ရန် မသင့်သောကြောင့် ရုပ်သည် လွန်ပြီး - အတိတ်ဖြစ်စေ၊ ဖြစ် လတ္တံ့-အနာဂတ် ဖြစ်စေ၊ ဖြစ်ဆဲ-ပစ္စုပ္ပန် ဖြစ်စေ၊ အတွင်းက ဖြစ်စေ၊ အပြင်က ဖြစ်စေ၊ အကြမ်းဖြစ်စေ၊ အနုဖြစ်စေ၊ အညံ့ဖြစ်စေ၊ အကောင်း ဖြစ်စေ၊ အဝေး ဖြစ်စေ၊ အနီး ဖြစ်စေ၊ ထိုရုပ်ဟူသမျှကို ငါ့ဥစ္စာမဟုတ်၊ ငါ မဟုတ်၊ ငါ၏ အတ္တမဟုတ်ဟု ဉာဏ်ဖြင့်တင်ထင် အမှန်အတိုင်း သိမြင်အောင် ရှုရမည်။

၁၂-ဝေဒနာ၌ ၁၁-ဌာနဖြင့် ရှုရန်ညွှန်ပြချက်

ရဟန်းတို့-ထိုသို့ ငါ, ငါ့ဥစ္စာ, ငါ၏အတ္တဟု ထင်မှတ်ရန် မသင့်သောကြောင့် ခံစားမှု-ဝေဒနာသည် လွန်ပြီး-အတိတ် ဖြစ်စေ၊ ဖြစ်လတ္တံ့- အနာဂတ် ဖြစ်စေ၊ ဖြစ်ဆဲ- ပစ္စုပ္ပန် ဖြစ်စေ၊ အတွင်းကဖြစ်စေ၊ အပြင်ကဖြစ်စေ၊ အကြမ်း ဖြစ်စေ၊ အနုဖြစ်စေ၊ အညံ့ဖြစ်စေ၊ အကောင်းဖြစ်စေ၊ အဝေးဖြစ်စေ၊ အနီးဖြစ်စေ၊ ထိုခံစားမှု - ဝေဒနာဟူသမျှကို ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ အတ္တမဟုတ်ဟု ဉာဏ်ဖြင့် ထင်ထင် အမှန် အတိုင်း သိမြင်အောင် ရှုရမည်။

၁၃-သညာဌ် ၁၁-ဌာနဖြင့် ရှုရန် ညွှန်ပြချက်

ရဟန်းတို့–ထို့သို့ ငါ, ငါ့ဉစ္စာ, ငါ၏အတ္တဟု ထင်မှတ်ရန် မသင့်သောကြောင့် မှတ်သားမှု သညာသည် လွန်ပြီး-အတိတ် ဖြစ်စေ၊ ဖြစ်လတ့ံ-အနာဂတ်ဖြစ်စေ၊ ဖြစ်ဆဲ- ပစ္စုပ္ပန် ဖြစ်စေ၊ အတွင်းကဖြစ်စေ၊ အပြင်ကဖြစ်စေ၊ အကြမ်းဖြစ်စေ၊ အနု ဖြစ်စေ၊ အညံ့ဖြစ်စေ၊ အကောင်းဖြစ်စေ၊ အဝေး ဖြစ်စေ၊ အနီးဖြစ်စေ၊ ထို့မှတ်သားမှုသညာဟူသမျှကို ငါ့ဉစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တမဟုတ်ဟု ဉာဏ်ဖြင့် ထင်ထင် အမှန် အတိုင်း သိမြင်အောင် ရှုရမည်။

၁၄-သင်္ခါရတို့ဌ် ၁၁-ဌာနဖြင့် ရှုရန် ညွှန်ပြချက်

ရဟန်းတို့–ထို့သို့ ငါ, ငါ့ဉစ္စာ, ငါ၏ အတ္တဟု ထင်မှတ်ရန် မသင့်သောကြောင့် ပြုပြင် အားထုတ်မှု-သင်္ခါရတို့သည် လွန်ပြီး-အတိတ် ဖြစ်စေ၊ ဖြစ်လတ့ံ- အနာဂတ် ဖြစ်စေ၊ ဖြစ်ဆဲ- ပစ္စုပ္ပန် ဖြစ်စေ၊ အဘွင်းက ဖြစ်စေ၊ အပြင်က ဖြစ်စေ၊ အကြမ်း ဖြစ်စေ၊ အနု ဖြစ်စေ၊ အညံ့ ဖြစ်ဖစေ၊ အကောင်း ဖြစ်စေ၊ အဝေး ဖြစ်စေ၊ အနီး ဖြစ်စေ၊ ထို့ပြုပြင်စီရင်မှု-သင်္ခါရ ဟူသမျှတို့ကို ငါ့ဉစ္စာမဟုတ်၊ ငါ မဟုတ်၊ ငါ၏ အတ္တမဟုတ် ဟု ဉာဏ်ဖြင့် ထင်ထင် အမှန်အတိုင်း သိမြင်အောင် ရှုရမည်။

၁၅-ဝိညာဏ်ဌ် ၁၁-ဌာနဖြင့် ရှုရန် ညွှန်ပြချက်

ရဟန်းတို့– ထို့သို့ ငါ, ငါ့ဉစ္စာ, ငါ၏အတ္တဟု ထင်မှတ် ရန် မသင့်သောကြောင့် ကုံသိမှု-စိတ်ဝိညာဉ်သည် လွန်ပြီး-အတိတ်ဖြစ်စေ၊ ဖြစ်လတ့ံ-အနာဂတ်ဖြစ်စေ၊ ဖြစ်ဆဲ-ပစ္စုပ္ပန်

ဖြစ်စေ၊ အတ္ဉင်းက ဖြစ်စေ၊ အပြင်က ဖြစ်စေ၊ အကြမ်း ဖြစ်စေ၊ အနု ဖြစ်စေ၊ အညံ့ ဖြစ်စေ၊ အကောင်း ဖြစ်စေ၊ အဝေး ဖြစ်စေ၊ အနီးဖြစ်စေ၊ ထိုကြံသိမှု-စိတ်ဝိညာဉ် ဟူသမျှ ကို ငါဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တမဟုတ်ဟု ဤအ ဖြင့် ထင်ထင် အမှန်အတိုင်း သိမြင်အောင် ဖူရမည်။

ရုပ်ကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ

(က) ရှေးဘဝက ရုပ်သည် ယခုဘဝသို့ မရောက်လာ၊ရှေး ဘဝမှာပင် ချုပ်ပျက် ကွယ်ပျောက်ခဲ့ပြီ၊ ယခုဘဝ ရုပ်သည်လည်း နောင်ဘဝသို့ ရောက်မည်မဟုတ်၊ ယခုဘဝမှာပင် ချုပ်ပျက် ကွယ်ပျောက် သွားမည်။ ထို့ကြောင့် ရုပ်သည် အနိစ္စ-မမြဲပါတကား၊ ဒုက္ခ-ဆင်းရဲပါတကား၊ အနတ္တ-အစိုးရသော အတ္ဉင်း သား အတ္တကောင် မဟုတ်၊ သဘောတရား မျှပါ တကား။

(ခ) ရှေးရှေးနှစ်, ရှေးရှေးလ, ရှေးရှေးရက်, ရှေးရှေး အချိန်ကာလများက ရုပ်သည် ယခုနှစ်,ယခုလ,ယခု ရက်,ယခုအချိန်ကာလသို့မရောက်လာ၊ယခုရုပ်သည် လည်း နောက်နောက်နှစ,နောက်နောက်လ,နောက် နောက်ရက်, နောက်နောက် အချိန် ကာလများသို့ ရောက်မည် မဟုတ်၊ ယခုပင် ချုပ်ပျက်သွားသော ကြောင့် ရုပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဂ) အတ္ဉင်းကရုပ်သည် အပြင်မရောက်၊ အပြင်ကရုပ်လဲ အတ္ဉင်းမရောက်လာ။ ထိုထို ခဏမှာပင် ချုပ်ပျက်

သွားသောကြောင့် ရုပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(ဃ) ရုပ်ကြမ်းက ရုပ်နုမဖြစ်၊ ရုပ်နုကလဲ ရုပ်ကြမ်းမဖြစ်။ ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် ရုပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(င) ရုပ်ညံ့က ရုပ်ကောင်းမဖြစ်၊ ရုပ်ကောင်းကလဲ ရုပ်ညံ့မဖြစ်။ထိုထိုခဏမှာပင်ချုပ်ပျက်သွားသောကြောင့် ရုပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(စ) အဝေးကရုပ်သည် အနီးမရောက်လာ၊အနီးက ရုပ်လဲ အဝေးမရောက်။ ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် ရုပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

ဝေဒနာကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ

(က) ရှေးဘဝ်ကဝေဒနာသည် ယခုဘဝသို့ မရောက်လာ၊ ရှေးဘဝမှာပင် ချုပ်ပျက် ကွယ်ပျောက်ခဲ့ပြီ၊ ယခုဘဝ ဝေဒနာသည်လည်း နောင်ဘဝသို့ ရောက်မည်မဟုတ်၊ ယခုဘဝမှာပင် ချုပ်ပျက် ကွယ်ပျောက်သွားမည်။ ထို့ကြောင့် ဝေဒနာသည်အနိစ္စ-မမြဲပါတကား၊ ဒုက္ခ-ဆင်းရဲပါတကား၊ အနတ္တ-အစိုးရသော အတ္တင်းသား အတ္တကောင် မဟုတ်၊ သဘောတရားမျှပါတကား။

(ခ) ဖရှုးရှုးနှစ်, ရှုးရှုးလ, ဖရှုးဖရှုးရက်, ဖရှုးရှုး အခါနှကာလမျှးက ဝေဒနာ သည် ယခုနှစ် ယခုလ, ယခုရက်, ယခုအခါနှကာလသို့ မရောက်လာ၊ ယခု ဝေဒနာသည်လည်း နောက်နောက်နှစ်, နောက်နောက်လ, နောက်နောက်ရက်, နောက်နောက် အခါနှကာလမျှး သို့ ရောက်မည် မဟုတ်။ ယခုပင် ချုပ်ပျက် သွးသောကြောင့် ဝေဒနာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဂ) အတ္တင်းက ဝေဒနာသည် အပြင်မရောက်၊ အပြင်က ဝေဒနာလဲ အတ္တင်း မရောက်လာ။ ထိုထိုခဏမှာပင် ချုပ်ပျက် သွးသောကြောင့် ဝေဒနာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဃ) ဝေဒနာကြမ်းက ဝေဒနာနုမဖြစ်၊ ဝေဒနာနုကလဲ ဝေဒနာကြမ်း မဖြစ်၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွးသောကြောင့် ဝေဒနာသည် အနိစ္စ၊ဒုက္ခ၊အနတ္တပါတကား။

(င) ဝေဒနာညှံက ဝေဒနာကောင်း မဖြစ်၊ ဝေဒနာကောင်းကလဲ ဝေဒနာညှံမဖြစ်။ထိုထိုခဏမှာပင် ချုပ်ပျက်သွးသောကြောင့် ဝေဒနာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(စ) အဝေးက ဝေဒနာသည် အနီး မရောက်လာ၊ အနီးက ဝေဒနာလဲ အဝေးမရောက်။ထိုထိုခဏမှာပင် ချုပ်ပျက်သွးသောကြောင့် ဝေဒနာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

သညာကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ

(က) ရှေးဘဝက သညာသည် ယခုဘဝသို့ မရောက်လာ၊ ရှေးဘဝမှာပင် ချုပ်ပျက် ကွယ်ပျောက်ခဲ့ပြီ၊ ယခုဘဝ သညာသည်လည်း နောင်ဘဝသို့ ရောက်မည် မဟုတ်၊ ယခုဘဝမှာပင် ချုပ်ပျက် ကွယ်ပျောက် သွားမည်။ ထို့ကြောင့် သညာသည် အနိစ္စ-မမြဲပါတကား၊ ဒုက္ခ-ဆင်းရဲပါတကား၊ အနတ္တ-အစိုးရသော အတ္တငါးသား အတ္တကောင်မဟုတ်၊ သဘောတရားမျှပါတကား။

(ခ) ရှေးရှေးနှစ်, ရှေးရှေးလ, ရှေးရှေးရက်, ရှေးရှေးအချိန် ကာလမျှားက သညာသည် ယခုနှစ်, ယခုလ, ယခုရက်, ယခုအခါနှင့်ကာလသို့ မရောက်လာ၊ ယခု သညာသည်လည်း နောင်နောက်နှစ်, နောက်နောက်လ, နောက်နောက်ရက်, နောက်နောက်အခါနှင့် ကာလမျှားသို့ ရောက်မည် မဟုတ်။ ယခုပင် ချုပ်ပျက် သွားသောကြောင့် သညာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဂ) အတ္တငါးက သညာသည် အပြင်မရောက်၊ အပြင်က သညာလဲ အတ္တငါး မရောက်လာ။ ထိုထို ခဏမှာပင် ချုပ်ပျက်သွားသောကြောင့် သညာသည် အနိစ္စ၊ဒုက္ခ၊ အနတ္တပါတကား။

(ဃ) သညာကြမ်းက သညာနုမဖြစ်၊ သညာနုကလဲ သညာကြမ်းမဖြစ်။ ထိုထိုခဏမှာပင် ချုပ်ပျက် သွားသောကြောင့် သညာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

၎) သညာညံ့က သညာကောင်းမဖြစ်၊ သညာကောင်းက လဲ သညာညံ့ မဖြစ်၊ ထိုထိုခဏမှာပင် ချုပ်ပျက် သွားသောကြောင့် သညာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(စ) အဝေးကသညာသည် အနီး မရောက်လာ၊ အနီးက သညာလဲ အဝေးမရောက်၊ ထိုထိုခဏမှာပင် ချုပ်ပျက် သွားသောကြောင့် သညာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

သင်္ခါရတို့ကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ

(က) ရှေးဘဝက သင်္ခါရတို့သည် ယခု ဘဝသို့ မရောက်လာ၊ ရှေးဘဝမှာပင် ချုပ်ပျက် ကွယ်ပျောက်ခဲ့ပြီ။ ယခုဘဝ သင်္ခါရတို့သည်လည်း နောင်ဘဝသို့ ရောက်မည် မဟုတ်၊ ယခုဘဝမှာပင် ချုပ်ပျက် ကွယ်ပျောက် သွားမည်။ ထို့ကြောင့် သင်္ခါရတို့သည် အနိစ္စ-မမြဲပါတကား၊ ဒုက္ခ-ဆင်းရဲပါတကား၊ အနတ္တ-အစိုးရသော အတ္တငါးသား အတ္တကောင် မဟုတ်၊ သဘောတရားမျှပါတကား။

(ခ) ရှေးရှေးနှစ်, ရှေးရှေးလ, ရှေးရှေးရက်, ရှေးရှေး အချိန်ကာလများက သင်္ခါရတို့သည် ယခုနှစ်, ယခုလ, ယခုရက်, ယခုအချိန်ကာလသို့ မရောက်လာ၊ ယခုသင်္ခါရတို့သည်လည်း နောက်နောက်နှစ်, နောက်နောက် လ, နောက်နောက် ရက်, နောက်နောက် အချိန်ကာလများသို့ ရောက်မည် မဟုတ်၊ ယခုပင်

ချုပ်ပျက် သွားသောကြောင့် သင်္ခါရတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(ဂ) အတ္တင်းက သင်္ခါရတို့သည် အပြင် မရောက်၊ အပြင်က သင်္ခါရတို့လဲ အတ္တင်း မရောက်လာ၊ ထိုထို ဧကမှာပင် ချုပ်ပျက် သွားသောကြောင့် သင်္ခါရတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(ဃ) သင်္ခါရကြမ်းတို့က သင်္ခါရနှုံ မဖြစ်၊ သင်္ခါရနှုံတို့ကလဲ သင်္ခါရကြမ်း မဖြစ်၊ ထိုထိုဧကမှာပင် ချုပ်ပျက်သွားသောကြောင့် သင်္ခါရတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(င) သင်္ခါရ ညှံတို့က သင်္ခါရကောင်း မဖြစ်၊ သင်္ခါရကောင်းတို့ကလဲ သင်္ခါရညှံ့ မဖြစ်၊ ထိုထို ဧကမှာပင် ချုပ်ပျက်သွားသောကြောင့် သင်္ခါရတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(စ) အဝေးက သင်္ခါရတို့သည် အနီးမရောက်လာ၊ အနီးက သင်္ခါရတို့လဲ အဝေးမရောက်၊ ထိုထိုဧကမှာပင် ချုပ်ပျက်သွားသောကြောင့် သင်္ခါရတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

ဝိညာဉ်ကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ

(က) ရှေးဘဝက ဝိညာဉ်သည် ယခု ဘဝသို့ မရောက်လာ၊ ရှေးဘဝမှာပင် ချုပ်ပျက်ကွယ်ပျောက်ခဲ့ပြီ၊ ယခုဘဝ ဝိညာဉ်သည်လည်း နောင်ဘဝသို့ ရောက်မည်မဟုတ်၊ ယခု ဘဝ၌ပင် ချုပ်ပျက် ကွယ်ပျောက်သွားမည်။

ထို့ကြောင့် ဝိညာဉ်သည် အနိစ္စ-မမြဲ ပါတကား၊ ဒုက္ခ-ဆင်းရဲ ပါတကား၊ အနတ္တ-အစိုးရသောအတ္တင်းသား အတ္တကောင် မဟုတ်၊ သဘောတရားမျှပါတကား။

(၁) ရှေးရှေးနှစ်, ရှေးရှေးလ, ရှေးရှေးရက်, ရှေးရှေး အချိန်ကာလမျှားက ဝိညာဉ်သည် ယခုနှစ်,ယခုလ, ယခုရက်, ယခု အချိန်ကာလသို့ မရောက်လာ၊ ယခု ဝိညာဉ်သည်လည်း နောက်နောက်နှစ်, နောက်နောက်လ, နောက်နောက်ရက်, နောက်နောက် အချိန်ကာလမျှားသို့ ရောက်မည် မဟုတ်၊ ယခုပင် ချုပ်ပျက်သွားသောကြောင့် ဝိညာဉ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(၂) အတ္တင်းက ဝိညာဉ်သည် အပြင် မရောက်၊ အပြင်က ဝိညာဉ်လဲ အတ္တင်းမရောက်လာ၊ ထိုထို ခဏမျှပင် ချုပ်ပျက်သွားသောကြောင့် ဝိညာဉ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

(၃) ဝိညာဉ်ကြမ်းက ဝိညာဉ်နု မဖြစ်၊ ဝိညာဉ်နုကလဲ ဝိညာဉ်ကြမ်း မဖြစ်၊ ထိုထို ခဏမျှပင် ချုပ်ပျက်သွားသောကြောင့် ဝိညာဉ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(၄) ဝိညာဉ်ညံ့က ဝိညာဉ်ကောင်း မဖြစ်၊ ဝိညာဉ်ကောင်းကလဲ ဝိညာဉ်ညံ့ မဖြစ်၊ ထိုထို ခဏမျှပင် ချုပ်ပျက်သွားသောကြောင့် ဝိညာဉ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(စ) အဝေးက ဝိညာဉ်သည် အနီးမရောက်လာ၊ အနီးက ဝိညာဉ်လဲ အဝေး မရောက်၊ ထိုထို ခဏမျှပင် ချုပ်ပျက်သွားသောကြောင့် ဝိညာဉ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

၁၆-နိဗ္ဗိန္ဒာဉာဏ်နှင့်တကွ မဂ်,ဖိုလ်ဉာဏ်များဖြစ်ပုံ

ရဟန်းတို့—အကြားအမြင်နှင့် ပြည့်စုံသော ဘုရားတပည့် အရိယာသာဝကသည် ဤဆိုခဲ့သည့်အတိုင်း သိမြင်လျှင် ရုပ်၌လည်း မပျော်မမွေ့ ငြီးငွေ့လေတော့သည်၊ ဝေဒနာ၌လည်း မပျော်မမွေ့ ငြီးငွေ့လေတော့သည်၊ သညာ၌လည်း မပျော်မမွေ့ ငြီးငွေ့လေတော့သည်၊ သင်္ခါရတို့၌လည်း မပျော်မမွေ့ ငြီးငွေ့လေတော့သည်၊ စိတ်ဝိညာဉ်၌လည်း မပျော်မမွေ့ ငြီးငွေ့လေတော့သည်။

ငြီးငွေ့လျှင် တပ်စွဲခြင်း ကင်းလေတော့သည်၊ တပ်စွဲခြင်း ကင်းသောကြောင့် လွတ်မြောက် လေတော့သည်၊ လွတ်မြောက်ပြီးလျှင် "ငါ့စိတ် လွတ်မြောက်သွားပြီ"ဟု ဆင်ခြင်လျက် အသိဉာဏ် ဖြစ်လာလေသည်၊ "ဘဝသစ်ဖြစ်မှု ကုန်ပေပြီ၊ အကျင့်မြတ်ကို ကျင့်သုံးမှု ပြည့်စုံပေပြီ၊ ပြုဘွယ်ကိစ္စကို ပြုမှု ပြီးဆုံးပေပြီ၊ ဤကိစ္စအတွက် နောက်ထပ် ပြုရန်မရှိတော့ပြီ"ဟု ဆင်ခြင်လျက် သိလေတော့၏။

၁၇-ပဉ္စဝဂ္ဂိရဟန်းတော်များ ရဟန္တာဖြစ်ပုံ

ဤ **အနတ္တလက္ခဏသုတ္တန်** တရားတော်ကြီးကို မြတ်စွာဘုရား ဟောကြားတော်မူသည်။ ပဉ္စဝဂ္ဂိ ရဟန်းတော်တို့သည်

မြတ်စွာဘုရား ဟောကြားသည့် တရားတော်ကို ဝမ်းမြောက်ကြလျက် နှစ်သက်သဘောကျလေကုန်ပြီ။ ဤတရားတော်ကို ဟောစဉ်မှာ ပဉ္စဝဂ္ဂီ ရဟန်းတော် ငါးပါးတို့၏ စိတ်နှလုံးတော်မျှားသည် တစုံတခုကိုမျှ မစွဲလမ်းဘဲ အာသဝေါတရားလေးပါးတို့မှ လွတ်မြောက်သွားကြပေသတည်း။

ကဲ–တရားတော် အဆုံးသတ်ဘော့မယ်၊ ဒီ အနတ္တလက္ခဏသုတ္တန်၌ ဟောကြားတော်မူအပ်သော အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာတို့နှင့်တကွ လိုရင်းပဓာနဖြစ်သော အနတ္တလက္ခဏာကို ပိုင်ပိုင်နိုင်နိုင် ရှုမှတ်ပွါးများ ပိုင်းခြားသိမြင်ကြ၍ အာသဝေါတရား ၄-ပါးတို့မှ လွတ်မြောက်ရာ ဖြစ်သော "အရဟတ္တဖိုလ် နိဗ္ဗာန်"ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

အနတ္တလက္ခဏသုတ် ပြီးပါပြီ။

မှာထားချက်။ ။သုတ်၏ ဘာသာပြန်နှင့် ဆောင်ပုဒ်အကျဉ်းချုပ်မျှသာ ဖြစ်သည်၊ ဟောစဉ် အဓိပ္ပါယ်မှာ အလွန်ကျယ်ဝန်းသောကြောင့် ဤစာအုပ်ငယ်၌ မဖော်ပြနိုင်ပါ၊ ဤတရားတော်၌ ၁-မှ ၁၇-အထိ ဂဏန်းစဉ်နှင့်တကွ ပြထားသော ခေါင်းစဉ်အောက်ရှိ စာပိုဒ်များမှာ သုတ်ရင်း၏ မြန်မာပြန်များ ဖြစ်ပါသည်၊ ကြွင်းသော စာပိုဒ်များမှာ ဆရာတော်၏ အဓိပ္ပါယ်ဖော်ပြချက်နှင့် ဆောင်ပုဒ်များ ဖြစ်ပါသည်။

၁၃၁၃-ခု၊ တန်ခူးလဆုတ် ၁၄-ရက် ဥပုသ်နေ့ညတွင်
အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား
အသံလွှင့် ဟောကြားသည့်

မဟာသတိပဋ္ဌာန် တရားတော်ကြီး

(ပဌမပိုင်း)

ယခု ဟောမည့် တရားတော်က **"မဟာသတိပဋ္ဌာန် တရားတော်ကြီး"** ဖြစ်ပါတယ်။ ဒီ တရားတော်ကြီးဟာ ဗုဒ္ဓသာသနာတော်မှာ အရေးပါ အရာအရောက်ဆုံး **လိုရင်းတရားတော်ကြီး**လို့ ဆိုယင် မလွဲပါဘူး၊ ဘာ့ကြောင့်လဲလို့ဆိုတော့ ဒီ **မဟာသတိပဋ္ဌာန်သုတ်** ထဲမှာ ပဋ္ဌာဝဂမင်္ဂ-လို့ ခေါ်တဲ့ ဝိပဿနာအလုပ် အားထုတ်ပုံ တွေ့ကိုလဲ အပြည့်အစုံ အတိုအကျ ဖော်ပြထားပါတယ်၊ ဉာဏ်အထူးများ ဖြစ်ပေါ်လာပုံကိုလဲ ထင်ရှားစွာ ပြထားပါတယ်၊ ပရိညေယျ, ပဟာတဗ္ဗ, သစ္ဆိကာတဗ္ဗ, ဘာဝေတဗ္ဗ ဆိုတဲ့ **အရိယသစ္စာလေးပါး** ကိုလဲ ပေါ်ပေါ်လွင်လွင် ပြည့်ပြည့်စုံစုံကြီး ပြထားပါတယ်၊ ရဲရင့်ခိုင်မာတဲ့ ဝန်ခံချက်ကိုလဲ နိဂုံးချုပ်အနေနဲ့ အားတက်လောက်အောင်ဘဲ ဖော်ပြထားပါတယ်။ ဘယ်လိုလဲလို့ ဆိုတော့— သတိပဋ္ဌာန် လေးပါးကို ပွါးများ အားထုတ်ယင် အလတ်စား နေယျထဲက ဉာဏ်အလေးဆုံး ပုဂ္ဂိုလ်တောင်မှ(၇)နှစ်နဲ့ အနာဂါမ်, ရဟန္တာ-ဖြစ်နိုင်ပါတယ်တဲ့၊ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်မှာတော့(၇)ရက်ထဲနဲ့ အနာဂါမ်,ရဟန္တာ ဖြစ်နိုင်ပါတယ်တဲ့။

ဒီတော့ ဒီ ခံဝန်တော် မူချက်ဖြင့်ပင် သောတာပန် သကဒါဂါမ်လောက် ဖြစ်ဘို့ရာကတော့ ဒါထက်တောင် မြန်နိုင်သေးတယ် ဆိုတာဟာ ထင်ရှား နေတော့တာဘဲ၊ အများကြီး အားတက်စရာ ကောင်းပါတယ်။ ပြီးတော့ အကျိုး အာနိသင် တွေကိုလဲ စကား ပလွင့်ခံပြီး တရား ကျေညာတော်မူလိုက်ကတဲ့ကိုက ဖော်ပြသွားတော့တာဘဲ။ ကဲ-ယခု အဲဒီ တရား ကျေညာတော်မူချက်ကို နာရတော့မယ်၊ ရိုရိုသေသေ အာရုံစူးစိုက်ကြ။

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောက ပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခ-ဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိ-ပဋ္ဌာနာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယဒိဒံ စတ္တာရော သတိပဋ္ဌာန၊ လေးပါးသော အကြင်သတိပဋ္ဌာန်တို့ ရှိကြပေ၏။ အယံ၊ ဤသတိပဋ္ဌာန် အကျင့်လမ်းသည်။ သတ္တာနံ ဝိသုဒ္ဓိယာ၊ သတ္တဝါတွေ စိတ်အညစ်အကြေး ကင်း၍ သန့်ရှင်း စင်ကြယ်ဘို့ရာ။ ဧကာယနော မဂ္ဂေါ၊ တခုတည်းသော လမ်း, တကြောင်းတည်းသော လမ်းပေတည်း။

ကိုလေသာ ကင်းပြီး ရဟန္တာဖြစ်သူးတာကို စင်ကြယ်တယ်လို့ ဆိုလိုတယ်။အဲဒီ ရဟန္တာဖြစ်ဘို့ အကျင့်ဟာ ဟောဒီ သတိပဋ္ဌာန် တလမ်းထဲသာ ရှိတယ်တဲ့။ ပြီးတော့—ဒီသတိ-ပဋ္ဌာန် အကျင့်ဟာ အဲဒီ ရဟန္တာ အဖြစ်တိုင်အောင် မုချကိန်းသေ ရောက်စေနိုင်တဲ့ မလွဲနိုင်သောလမ်း, တကြောင်းထဲလမ်း

ပါဘဲတဲ့။ ဒီတော့–**စိတ်အညစ်အကြေးကင်းပြီး ရဟန္တာဖြစ်ချင်ကြယင် ဒီသတိပဋ္ဌာန် အလုပ်ကိုဘဲ အားထုတ်ကြရမယ်။** ဒီနေရာမှာ တချို့က–"ရဟန္တာတိုင်အောင်တော့လဲ မဖြစ်ချင်သေးပါဘူး၊ အပါယ်ဘေးက လွတ်ရုံ သောတာပန်လောက်ပဲ ဖြစ်ချင်ပါတယ်၊ ဒီလိုကော ဖြစ်နိုင်ပါ့မလား"လို့ မေးချင်ကောင်း မေးချင်ကြပေလိမ့်မယ်။ ဒါကတော့ ကိုးရိမ်စရာမရှိပါဘူး။"ရဟန္တာ ဖြစ်တယ်"ဆိုတာက သောတာပန်,သကဒါဂါမ်, အနာဂါမ် အစဉ်အတိုင်း ဖြစ်ပြီးတော့ နောက်ဆုံးကျမှ ဖြစ်ထာဘဲ၊ ဒါကလဲ အားထုတ်မှု ပြည့်စုံမှု ဖြစ်ထာပါ။ သောတာပန်လောက်ပဲ ဖြစ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ အပြည့်အစုံ အားထုတ်ပါမှ သောတာပန်လောက်ပဲ ဖြစ်နိုင် ပါတယ်၊ ဒါထက် ပိုပြီးတော့ ဖြစ်ကို မဖြစ်နိုင်ပါဘူး၊ ဒါကြောင့်–သောတာပန်လောက် ဖြစ်ချင်ယင်လဲ ဒီ သတိပဋ္ဌာန်အလုပ်ကိုဘဲ အားထုတ်မယ် ဆိုတာကို မြဲမြဲကြီး မှတ်ထားကြရမယ်။

အယံ၊ ဤ သတိပဋ္ဌာန်အကျင့်လမ်းသည်။ သောကပရိဒေဝါနံ သမတိက္ကမာယ၊ စိုးရိမ်ပူဆွေးရခြင်း, ငိုကြွေးရခြင်းတို့ကို လွန်မြောက်သွားဘို့ရာလဲ။ ဇောယနော မဂ္ဂါ၊ တခုတည်းသောလမ်း, တကြောင်းတည်းသောလမ်းပေတည်း။

လောကမှာ–မိဘ လင်မယား သားသမီးတွေ သေကြပျက်စီးလို့, တကဲ့တပြားစီဖြစ်လို့, စီးပွါးတွေပျက်စီးလို့၊ ဒီလိုဘေးဆိုးတွေနဲ့ တွေ့တွေ့ပြီး စိုးရိမ် ပူဆွေး ငိုကြွေးနေကြရတာတွေဟာ အတော်ကို ဆိုးဝါးတာတွေဘဲ၊ အဲဒီ အဆိုးတွေကိုလဲ ဒီ သတိပဋ္ဌာန် အကျင့်ဖြင့် ကျော်လွန်သွားနိုင်ပါတယ် တဲ့။ ဒီတော့–ဘယ်ခါမှ မစိုးရိမ် မပူဆွေး မငိုကြွေးရဘဲ ပျော်

ပျော် ရွှင်ရွှင်နဲ့ချည်း နေသွားချင်ကြယင် ဒီ သတိပဋ္ဌာန် အလုပ်ကိုဘဲ ပြည့်စုံအောင် အားထုတ်ကြရမယ်။

အယံ၊ ဤသတိပဋ္ဌာန် အကျင့်လမ်းသည်။ ဒုက္ခ ဒေါမ-နဿာနံ အတ္ထင်္ဂမာယ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ချုပ်ငြိမ်း ကွယ်ပျောက်သွားဘို့ရာလဲ။ ဧကာယနော မဂ္ဂေါ၊ တခုတည်း သောလမ်း, တကြောင်းတည်းသောလမ်းပေတည်း။

ကိုယ်ထဲမှာ အနေဆိုး အခံခက်တဲ့ ကိုယ်ဆင်းရဲအမျိုးမျိုး စိတ်ထဲမှာ အနေဆိုး အခံခက်တဲ့ စိတ်ဆင်းရဲ အမျိုးမျိုး၊ ဟာဒီ ဆင်းရဲ ၂-မျိုးဟာ လောကမှာ ကြောက်စရာ အကောင်းဆုံးဘဲ။ အဲဒီ ဆင်းရဲဆိုးတွေကိုလဲ ဒီသတိပဋ္ဌာန် အကျင့်ဖြင့်ပင် လုံးဝငြိမ်းစေနိုင်ပါတယ်တဲ့။ ဒီတော့-ဆင်းရဲ ခပ်သိမ်း အကုန်ငြိမ်းပြီး အစဉ်ထာဝရ ချမ်းချမ်းသာသာနဲ့ ချည်း နေချင်ကြယင် ဒီ သတိပဋ္ဌာန် အလုပ်ကိုဘဲ ပြည့်စုံအောင် အားထုတ်ကြရမယ်။

အယံ၊ ဤသတိပဋ္ဌာန် အကျင့်လမ်းသည်။ ဉာယဿ အဓိ-ဂမာယ၊ အရိယာမဂ်ကို ရဘို့ရာလဲ။ ဧကာယနော မဂ္ဂေါ၊ တခုတည်းသော လမ်း, တကြောင်းတည်းသော လမ်းပေတည်း။ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဘို့ရာလဲ။ ဧကာယနော မဂ္ဂေါ၊ တခုတည်းသော လမ်း, တကြောင်းတည်းသော လမ်းပေတည်း။

မဂ် ဖိုလ် နိဗ္ဗာန် ဆိုတာ ဗုဒ္ဓ သာသနာတော်မှာ အထူတ် အမြတ်ဆုံး လိုရင်း တရားတွေဘဲ၊ အဲဒီ မဂ် ဖိုလ် နိဗ္ဗာန်ကို ရောက်ဘို့ လမ်းဟာလဲ ဟာဒီ သတိပဋ္ဌာန် အကျင့်တလမ်းထဲ

သာ ရှိပါတယ်တဲ့။ ပြီးတော့ ဒီ သတိပဋ္ဌာန်လမ်းဟာ မင်္ဂုံလ် နိဗ္ဗာန်ကို မလွဲတမ်း ကေန် အမှန် ရောက်စေနိုင်တဲ့ တရြောင်းတည်းသော ကိန်းသေ လမ်းပါတဲ့။ ဒီတော့— မင်္ဂလိ နိဗ္ဗာန်ကို ယခုဘဝတွင်ဘဲ တကယ်ရောက်ချင်ကြယင် မလွဲနိုင် မမှားနိုင်တဲ့ ဒီသတိပဋ္ဌာန် လမ်းကိုသာ သွားကြရုံ ရှိတော့တာဘဲ။ ဒါကြောင့် သွားချင်တဲ့သူတွေ သွားရအောင် လို့ ယခု ဆရာတော်က သဲလွန်စ ပေးတဲ့အနေနဲ့ ဒီသတိပဋ္ဌာန် တရားကို ဟောကြား ညွှန်ပြနေတာလို့ မှတ်ကြစေလိုပါတယ်။

"သတိပဋ္ဌာန်" ဆိုတာက ဘာလဲ **"သတိမပြတ်ဖြစ်မှု, စဲမြဲတဲ့ အမှတ် ရမှုပါဘဲ"** ဘာတွေကို အမှတ်ရ ရှု ပါဖလဲလို့ ဆိုတော့—လင်ရှား ဖြစ်ပေါ်လာတဲ့ **"ကိုယ်အမှုအရာ ရုပ်အပေါင်း"** ကိုလဲ ဖြစ်ခိုက် ဖြစ်ခိုက်မှာ မလွတ်တမ်း အမှတ်ရ ရမယ်။ ပြီးတော့—ထင်ရှား ဖြစ်ပေါ်လာတဲ့ **"ခံစားမှုဝေဒနာ"** တွေကိုလဲ ဖြစ်ခိုက် ဖြစ်ခိုက်မှာ မလွတ်တမ်း အမှတ်ရ ရမယ်။ ပြီးတော့— ထင်ရှား ပေါ်လာတဲ့ **"ကြံစည် စဉ်းစားမှု-စိတ်"** ဟူသမျှကိုလဲ ဖြစ်ခိုက် ဖြစ်ခိုက်မှာ မလွတ်တမ်း အမှတ်ရ ရမယ်။ ပြီးတော့—ထင်ရှား ဖြစ်ပေါ်လာတဲ့ **"သဘောတရား"** ဟူသမျှကိုလဲ ဖြစ်ခိုက် ဖြစ်ခိုက်မှာ မလွတ်တမ်း အမှတ်ရ ရမယ်။ ဒီလို မှတ်နိုင်အောင် မပြတ်လဲ ကြောင့်ကြ စိုက်ပေး နေရမယ်။

ဆိုလိုရင်းကတော့—ပေါ်လာတိုင်းသော ရုပ်နာမ်တွေကို မသိဘဲနဲ့ တချက်မှ လွတ်မသွားရအောင် မပြတ် ကြောင့်ကြ စိုက်ပြီး တမှတ်ထဲ ရှုမှတ်နေရမယ်လို့ ဆိုလိုပါတယ်။ ဒီလို ရှုမှတ်ပုံကို ကာယာနုပဿီ, ဝေဒနာနုပဿီ စသည်ဖြင့် ဟော

ထားပါတယ်။ ဥပမာ-သွားတဲ့ အခါမှာ ဆိုယင် ခြေထောက် ကြွလာစ-မှ စပြီးတော့ နှင်းချမှု ဆုံးသွားသည် တိုင်အောင် တရွေ့တရွေ့ချင်း တောင့်တင်း လှုပ်ရှားသွားတဲ့ ရုပ်အပေါင်း ကို စူးစိုက်ပြီး စေ့စေ့စပ်စပ် မပြတ်ရှုမှတ်သွားရမယ်၊ ခြေ လှမ်းတိုင်း ခြေလှမ်းတိုင်း ဒီလိုချည်း မပြတ်မှတ်သွားရမယ်၊ တချက်မှ လွတ်မသွားစေရဘူး၊ ဘာကိုမှလဲ မစဉ်းစားရဘူး၊ စဉ်းစားမိယင် အဲဒီ စဉ်းစားတဲ့ စိတ်ကိုလဲ မှတ်သိသွား ရမယ်။ ပြီးတော့—လက်ခြေမျှားကို ကွေးရာ ဆန့်ရာမှာလဲ ကွေးစ ဆန့်စကထဲက စပြီး အဆုံးတိုင်အောင် တရွေ့တရွေ့ ချင်း တောင့်တင်း ရွေ့ရှားသွားတဲ့ ရုပ်အပေါင်းကို စူးစိုက် ပြီး စေ့စေ့စပ်စပ် မပြတ်ရှုမှတ်ရမယ်။ ကိုယ်အပြို အမူအရာ တိုင်း ဒုနည်းချည်းဘဲ၊ တချက်ကလေး တက္ခကကလေးမှ မလွတ်စေရဘူး၊ အကုန်လုံး စေ့စေ့စပ်စပ် မပြတ် သိသိ သွားအောင် ကြောင့်ကြစိုက်ပြီး ရှုမှတ်ရမယ်။

ပြီးတော့—ညောင်းမှု- ပူမှု-နာကျင်မှု အစရှိတဲ့ ဒုက္ခ ဝေဒနာ ထင်ရှားလာပြန်ယင်လဲ အဲဒီ ဝေဒနာကိုဘဲ သေသေ ချာချာ စူးစိုက်ပြီး "ညောင်းတယ်-ညောင်းတယ်" စသည် ဖြင့် မပျောက်မချင်း မပြတ် ရှုမှတ်ရမယ်။ ပြီးတော့ ကြံစည် စဉ်းစားမှု စိတ်ကူးမျှား ဖြစ်ပေါ်လာပြန်ယင်လဲ အဲဒီစိတ်ကို ဘဲ စူးစိုက်ပြီး ကြံတယ်, စဉ်းစားတယ် စသည်ဖြင့် ရှုမှတ်ရ မယ်။ ပြီးတော့ နှစ်သက်မှု,စိတ်ပျက်မှု,မြင်မှု,ကြားမှု အစ ရှိတဲ့ သဘောတရားတွေ ထင်ရှား ဖြစ်ပေါ်လာပြန်ယင်လဲ အဲဒီ သဘောတရားကိုဘဲ စူးစိုက်ပြီး "နှစ်သက်တယ် နှစ်သက် တယ်" စသည်ဖြင့် ရှုမှတ်ရမယ်။

“ယခု ပြောခဲ့တဲ့အတိုင်း ထင်ရှား ပေါ်လာသမျှ ရုပ်နာမ်တွေကို မလွတ်အောင် ရှုမှတ်ရမယ်” ဆိုပေမယ့်လို့ အားထုတ်ခါစ ပုဂ္ဂိုလ်မှာတော့ မမှတ်နိုင်ဘဲ မေ့မေ့သွားတာတွေကသာ များနေတတ်ပါတယ်။ ဒါပေမဲ့ မလျှော့သော လုံ့လနဲ့ မပြတ် ကြောင့်ကြစိုက်ပြီး ရိုရိုသေသေ ရှုမှတ်နေယင် ငေးငါး ခြောက်ရက်လောက် ကြာတော့ သတိ သမာဓိ အားဟာ ထူးထူးခြားခြားကြီးဘဲ ဖြစ်လာပါတယ်၊ မမှတ်နိုင်တာ မသိတာ မေ့သွားတာရယ်လို့ကို မရှိသလောက်ပဲ ဖြစ်နေတတ်ပါတယ်။ အဲဒီလို အခါမှာ မှတ်တိုင်း မှတ်တိုင်း မှတ်စိတ်က မှတ်ရာအာရုံများမှာ ကပ်ခနဲ ကပ်ခနဲ ကျကျသွားသလို စူးစိုက်တည်ငြိမ်နေပါတယ်။ ဒီလို စူးစိုက် တည်ကြည်တာက **ဝိပဿနာဓာတ်က သမာဓိ**ဘာ။ ဒသမာဓိအားကောင်းလာတော့ မှတမှတ့ အာရုံကို ပိုင်းပိုင်းခြားခြား ပြတ်သား ရှင်းလင်းစွာ သိသိ သွားပါတယ်။

ဘယ်လိုလဲလို့ဆိုတော့ ရုပ်ကို မှတ်မိယင် အာရုံမပြုတတ် မသိတတ်တဲ့ သဘောတရားဘဲလို့ ထင်ရှား သိသိသွားပါတယ်၊ ဝေဒနာကို မှတ်မိယင် အကောင်းအဆိုးကို ခံစားတဲ့ သဘောတရားဘဲလို့ ထင်ရှား သိသိ သွားပါတယ်၊ စိတ်ကို မှတ်မိယင် အာရုံဆ ရောကရောကသွားတဲ့ သဘောတရားဘလို့ ထင်ရှား သိသိ သွားပါတယ်။ ။ပြီးတော့ ပေါ်လာတဲ့ အာရုံရော, မှတ်သိတဲ့ စိတ်ရော ပေါ်ပြီးရင်း ပျောက်သွားရင်း၊ ပေါ်ပြီးရင်း ပျောက်သွားရင်းနဲ့ ခဏမစဲ ပျောက်ပျောက်သွားတာကိုလဲ ထင်ရှား သိသိသွားတယ်။ ဒါကြောင့် မခြေဘူး, ဆင်းရဲချည်းဘဲ, သဘောတရားမျှဘဲလို့လဲ ရှင်းရှင်းလင်းလင်း သဘောကျ

ကျွန်ုပ်သွားပါတယ်။ ဒီလို သိနေတဲ့အတွက် မှတ်သိမှုတဲ့အာရုံတွေကို နှစ်သက်စရာလို့လဲ မထင်တော့ဘူး၊ မုန်းစရာလို့လဲ မထင်တော့ဘူး၊ ဒါကြောင့် အဘိဇ္ဈာဆိုတဲ့ နှစ်သက်မှုနဲ့ ဒေါမနဿဆိုတဲ့ နှလုံးမသာမှုဟာ ဖြစ်ခွင့်မရဘဲ ငြိမ်းနေပါတယ်။

ယခု ပြောခဲ့တဲ့အတိုင်း နှစ်သက်ဖွယ် မုန်းဖွယ် မထင်အောင်, သို့မဟုတ်....နှစ်သက်မှု,မုန်းမှု စသော ကိလေသာတွေ ဖြစ်ခွင့်မရအောင် ထင်ရှားပေါ်လာတဲ့ ရုပ်အမှုအရာ ဟူသမျှကို မပြတ်ရှုမှတ်ပြီး မမြဲ, ဆင်းရဲ,သဘောတရားမျှဘဲလို့ သိသိနေတာဟာ **ကာယာနုပဿနာသတိပဋ္ဌာန်**ဘဲ။ ပြီးတော့ ထင်ရှားပေါ်လာတဲ့ ဝေဒနာ, စိတ်, သဘောတရားတွေကို မပြတ်ရှုမှတ်ပြီး မမြဲ, ဆင်းရဲ, သဘော တရားမျှဘဲလို့ သိသိ နေတာတွေဟာလဲ **ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်**တွေဘဲ။ ဒါကြောင့် ယောဂီပုဂ္ဂိုလ်ဟာ ထင်ရှားပေါ်လာတဲ့ ရုပ်နာမ် ဟူသမျှကို ရှုမှတ်ပြီး ဒီသတိပဋ္ဌာန်လေးပါးကို ပွါးနေရင်းပင် မင်္ဂလာ ဖိုလ်ဉာဏ် ဖြစ်ပေါ်ပြီး နိဗ္ဗာန်ကို တွေ့မြင် သွားပါတယ်။ ဒီလို တွေ့မြင်သွားသည် တိုင်အောင် အားထုတ်ရမယ်လို့ ဆိုတာကို-

“ ဝ ဝ ဝ
ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဝေဒနာသု
ဝေဒနာနုပဿီ ဝိဟရတိ၊ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊
ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော
သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ”လို့

အကျဉ်းချုပ်အားဖြင့် ဟောတော်မူပါတယ်။ ဒီ ပါဠိကို သိလွယ်တဲ့ နည်းနဲ့ မြန်မာပြန်ပြီး ပြပါဦးမယ်။

ထင်ရှား ပေါ်လာတဲ့ ရုပ်အမှုအာရာ ဟူသမျှကို အမှန်အတိုင်း ရှုမြင်ရမည်၊ ရှုမြင်နိုင်အောင် မပြတ် ကြောင့်ကြ စိုက်ရမည်၊ မပြတ် မှတ်လျက် အမှန် အတိုင်း သိရမည်။ ဒီလို သိလျှင် သိတိုင်း သိတိုင်း ကိုလေသာ ငြိမ်းလေတော့သည်။ ရုပ်အမှုအာရာတိုင်း မှာ ကိုလေသာ ငြိမ်းအောင် ဒီလို မှတ်သိနေတာကို **ကာယာနုပဿနာ သတိပဋ္ဌာန်** ဟု ခေါ်သည်။

ထင်ရှားပေါ်လာတဲ့ ခံစား မှု ဟူသမျှကို အမှန် အတိုင်း ရှုမြင်ရမည်၊ ရှုမြင်နိုင်အောင် မပြတ် ကြောင့် ကြ စိုက်ရမည်၊ မပြတ်မှတ်လျက် အမှန်အတိုင်း သိရ မည်။ ဒီလို သိလျှင် သိတိုင်း သိတိုင်း ကိုလေသာ ငြိမ်း လေတော့သည်။ ခံစားမှုတိုင်းမှာ ကိုလေသာ ငြိမ်း အောင် ဒီလိုမှတ်သိနေတာကို **ဝေဒနာနုပဿနာသတိ ပဋ္ဌာန်** ဟု ခေါ်သည်။

ထင်ရှား ပေါ်လာတဲ့ စိတ် ဟူသမျှကို အမှန် အတိုင်း ရှုမြင်ရမည်၊ ရှုမြင်နိုင်အောင် မပြတ် ကြောင့် ကြစိုက်ရမည်၊ မပြတ် မှတ်လျက် အမှန်အတိုင်းသိရ မည်။ ဒီလို သိလျှင် သိတိုင်း သိတိုင်း ကိုလေသာငြိမ်း လေတော့သည်။ စိတ်အမှုအာရာတိုင်းမှာ ကိုလေသာ ငြိမ်းအောင် ဒီလို မှတ်သိနေတာကို **စိတ္တာနုပဿနာ သတိပဋ္ဌာန်** ဟု ခေါ်သည်။

ထင်ရှား ပေါ်လာတဲ့ သဘောတရား ဟူသမျှကို အမှန်အတိုင်း ရှုမြင်ရမည်၊ ရှုမြင်နိုင်အောင် မပြတ်

ကြောင့်ကြစိုက်ရမည်၊ မပြတ်မှတ်လျက် အမှန်အတိုင်း သိရမည်။ ဒီလို သိလျှင် သိတိုင်း သိတုံင်း ကိလေသာ ငြိမ်းလေတော့သည်။ သဘောတရားတိုင်းမှာ ကိလေသာ ငြိမ်းအောင် ဒီလို မှတ်သိနေတာကို **ဓမ္မာနုပဿနာသတိပဋ္ဌာန်** ဟု ခေါ်သည်။

အချိန်က ကျတော့မယ်၊ သို့ပေမယ့် အရေးကြီးတဲ့ စကားကလေးတပိုဒ်တော့ ပြောလိုက်ဦးမှဘဲ၊ **မြတ်စွာဘုရား၏ တရားတော်ဟာ ဝန်ခံချက်ပေးပြီး ဟောတဲ့ သန္ဒိဋ္ဌိကတရားတော်**ပါ။ စာဆိုလောက်, သူပြော လူပြောလောက်နဲ့ ကျေနပ်ရတဲ့ တရားမျိုး မဟုတ်ပါဘူး။ **တကယ်တမ်း ကျင့်ကြည့်ယင် ကိုယ်တိုင် တွေ့နိုင်တဲ့ လက်တွေ့ တရားတော်ပါ။** ဒီတော့-လက်တွေ့တရားကို စာတွေ့လောက်နဲ့တော့ ဝေဘန် မနေကြရန် အထူး သတိပေးခဲ့ပါတယ်။ ဟုတ်-မဟုတ် တကယ် သိချင်ယင်တော့ နည်းယူပြီး တကယ်တမ်း အားထုတ်ကြစေလိုပါတယ်၊ တကယ် အားထုတ်ကြယင်တော့ ယခု ပြောပြခဲ့တဲ့ အတိုင်း သမာဓိဉာဏ် အထူးတွေ့ ဖြစ်လာတာကို ကိုယ်တိုင်ဘဲ တွေ့ကြရုပါလိမ့်မယ်။

အချိန်က ကျနေပြီ၊ သတိပဋ္ဌာန်တရားတော် ပဌမပိုင်းကို ဒီမျှနဲ့ အဆုံးသတ်ပါတော့မယ်။ နောက် သီတင်းနေ့မှာ ဒုတိယပိုင်းကို ဆက်လက်၍ နာယူ မှတ်သားနိုင်ကြပါစေ....။

ပဌမပိုင်း ပြီး၏။

၁၃၁၃-ခု၊ ကဆုန်လဆန်း(၈)ရက်နေ့ညတွင်

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား

အသံလွှင့်ဟောကြားသည့်

မဟာသတိပဋ္ဌာန်တရားတော်ကြီး

(ဒုတိယပိုင်း)

ဒီနေ့ ဟောမယ့် တရားတော်ကတော့ အလျင်တပတ်က အဆက် သတိပဋ္ဌာန်တရားတော် ဒုတိယပိုင်းပါဘဲ၊ ဟိုတနေ့က ပဌမပိုင်းမှာ အကျဉ်းညဒ္ဒေသကို ဟောခဲ့တယ်၊ ဒီကနေ့တော့ အကျယ် နိဒ္ဒေသကို ဟောရမှာဘဲ၊ သို့ပေမဲ့ အကျယ်ဒေသနာတော်မှာ ၂၁-ပိုင်း ရှိနေတော့ အဲဒီ ၂၁-ပိုင်းထဲက ဣရိယာပထပိုင်း လောက်ပဲ ဒီနေ့ ဟောနိုင်မယ်။ ရှေးဦးစွာ သိထားစေချင်တာကတော့ "သတိပဋ္ဌာန် တရားတော်မှာ အဖွဲ့အနွဲ့ အသိုင်းအဝိုင်း ဆိုယင် ဘာမှ မပါဘူး"ဆိုတာကို သိထားကြစေလိုပါတယ်၊ ပြီးတော့ **မင်္ဂ ဖိုလ် နိဗ္ဗာန်ပေါက် လုပ်ငန်းစဉ်ကိုချည်း လွယ်လွယ် ကလေးနဲ့ တိုက်ရိုက် ဟော ထားတယ်** -ဆိုတာကိုလဲ သိထားကြ စေလိုပါတယ်၊ ဒီလို သိပြီးတော့ ဘုရားကိုယ်တော်တိုင် အကောင်းဆုံး ရှေးချယ်ပြီး ပေးထားတဲ့ နိဗ္ဗာန်ပေါက် ဘာဝနာလုပ်ငန်းတွေကို သိရှ တော့မယ်"လို့ စိတ်အား ထက်သန်စွာနဲ့ စူးစူးစိုက်စိုက် နာယူ ကြစေလိုပါတယ်။

ဗုဒ္ဓသာသနာတော်မှာ နိဗ္ဗာန်ပေါက် ဘာဝနာ အလုပ်ဟာ အရေးအကြီးဆုံးဘဲ၊ ဒီ ဘာဝနာ အလုပ်ကို ကျကျနန သိပါမှ အားထုတ်ပြီး နိဗ္ဗာန်ရောက်နိုင်တယ်၊ မသိယင်တော့ မဂဖုလနိဗ္ဗာနနဲ့ လွှဲသွားနိုင်တယ်။ ဒနေရာမှာ မဂဖုလနိဗ္ဗာနနဲ့ လွဲစေတတ်တဲ့အကြောင်း ၂-ပါးကိုလဲ သိထားကြစေလိုပါတယ်၊ ဘာမျှားလဲလို့ ဆိုတော့ အမှတ်(၁)က **ပါပမိတ္တတာ** တဲ့၊ အမှတ် (၂)က **ကိရိယာပရိဟာနိ** တဲ့။

အမှတ် (၁) **ပါပမိတ္တတာ** ဆိုတာက စိတ်သဘောထားညံ့ဖျင်းတဲ့ ဆရာကို ယုံကြည် **အား**ကိုးနေတာပါဘဲ၊ အရှင် ဒေဝဒတ်ရဲ့ စကားကို လိုက်နာမိလို့ အဇာတသတ်မင်း မင်္ဂဖိုလ်နဲ့ လွဲသွားရတာဟာ ဒီ ပါပမိတ္တတာကြောင့်ဘဲ တဲ့၊ ဒီတော့ **မဂ္ဂင်္ဂရာယ်ထိုက်အောင်** ချောက်တွန်းတဲ့ ပဂိုလ်ဘဲ ဖြစ်ဖြစ် **မင်္ဂဖိုလ်ပေါက် တရားအလုပ်ကို** တားမြစ်ကန့်ကွက်တဲ့ ပဂိုလ်ဘဲ ဖြစ်ဖြစ်၊ ဒီလို ပဂိုလ်တွေရဲ့ စကားကို နားယောင်နေယင် **မင်္ဂ,ဖိုလ်နဲ့ လွဲသွားနိုင်တယ်**-ဆိုတာကို ကြပ်ကြပ်ကြီး သတိထားကြရမယ်။

အမှတ်(၂) **ကိရိယာပရိဟာနိ**-ဆိုတာကတော့ ဟောမှု, နာမှု, ကျင့်မှု ဆိုတဲ့ ဒီအလုပ်တာဝန် ၃-မျိုး ချွတ်ယွင်းတာကိုဘဲ ဆိုလိုပါတယ်၊ ဒီ ၃-မျိုးထဲမှာ ဟောမှုကတော့ "တေတသ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခပနုဒနံ" လို့ ဆိုတဲ့ အတိုင်း ဆရာရဲ့ တာဝန် ဖြစ်ပါတယ်၊ နာမှုနဲ့ ကျင့်မှုကတော့ "ယံ သော ဓမ္မံ ဣဓညာယ" လို့ ဆိုတဲ့အတိုင်း တပည့်ရဲ့ တာဝန်ဖြစ်ပါတယ်၊ ဒီတော့ – ဆရာကလဲ နိဗ္ဗာန်ပေါက်တရားကို ကျနပြည့်စုံအောင် ဟောရမယ်၊မဟောယင် ဆရာ့တာဝန် ချွတ်ယွင်းတဲ့

အတွက် တပည့်မှာ မင်္ဂိုလ်နဲ့ လဲသွားနိုင်ပါတယ်။ ပြီးတော့ တပည့်ကလဲ ပြည့်စုံအောင် နှာယူရမယ်၊ ကျင့်လဲ ကျင့်ရမယ်၊ မနာဘူး-မကျင့်ဘူး ဆိုယင် "ဘုရားလက်ထက်တုံးက တရား မဆုံးမိ ထသွားတဲ့ **ပေဿ** ဆိုတဲ့ လူလိုဘဲ" တပည့်တာဝန် ချွတ်ယွင်းတဲ့ အတွက် မင်္ဂိုလ်နဲ့ လဲသွားနိုင်ပါတယ်၊ ဒါကြောင့်-ယခု ဒီ သတိပဋ္ဌာန် တရားတော်ကို ဟောနေတာဟာ ဆရာ့တာဝန် မချွတ်ယွင်းရအောင် ဟောနေတယ်လို့ မှတ်ကြစေလိုပါတယ်။ ပြီးတော့- နာယူတဲ့ ပုဂ္ဂိုလ်တွေကလဲ မိမိတို့တာဝန် မချွတ်ယွင်းရအောင် လေးစားစွာနဲ့ အပြည့်အစုံ နာယူကြစေလိုပါတယ်။ အပြည့်အစုံ အားလဲ ထုတ်ကြစေလိုပါတယ်။

ကဲ-ယခု မြတ်စွာဘုရား ကိုယ်တော်တိုင် ပေးထားတဲ့ ဣရိယာပထပိုင်း ဝိပဿနာ ကမ္မဋ္ဌာန်း တရားကို နာကြားရတော့မယ်၊ လေးလေးစားစား အာရုံ စူးစိုက်ကြ။

ဂစ္ဆန္တော၊ သွားလျှင်လဲ။ဂစ္ဆာမီတိ၊ သွားသည်ဟု။ ပဇာနာတိ၊သိ၏။ သွားပြီးလဲ သွားတယ်လို့ သိရမယ်တဲ့၊ ပြီးတော့ ဌိတော ဝါ၊ ရပ်လျှင်လဲ။ ဌိတောမှီတိ၊ရပ်သည်ဟု။ပဇာနာတိ၊ သိ၏။ ရပ်ယင်လဲ ရပ်တယ်လို့ သိရမယ်တဲ့။ နိသိန္နော ဝါ၊ထိုင်လျှင်လဲ။ နိသိန္နောမှီတိ၊ ထိုင်သည်ဟု။ ပဇာနာတိ၊ သိ၏။ ထိုင်ယင်လဲ ထိုင်တယ်လို့ သိရမယ်တဲ့၊ သယာနော ဝါ၊ လှဲလျောင်းလျှင်လဲ။ သယာနောမှီတိ၊ လှဲလျောင်းသည်ဟု။ ပဇာနာတိ၊ သိ၏။ လှဲအိပ်ယင်လဲ အိပ်တယ်လို့ သိရမယ်တဲ့။ ပြီးတော့- ဝါပန၊ တနည်းသော်ကား။ ယထာ ယထာ၊ အကြင် အကြင် အခြင်းအရာ အားဖြင့်။ ကာယော၊ ရုပ်ကိုယ်သည်။ ပဏိဟိ-

တော၊ တည်သည်။ ဟောတိ၊ ဖြစ်၏။ တထာ တထာ၊ ထိုထို အခြင်းအရာအားဖြင့်။ နံ၊ ထိုကိုယ်ကို။ ပဇာနာတိ၊ သိ၏။ ရူပ် ကိုယ်ဟာ ဘယ်လိုဘဲ့ တည်တည် အဲဒီ တည်နေတဲ့ အတိုင်းဘဲ့ ရူပကိုယ်ကို သရုပ်ယတဲ့။

ဒါဟာ ဘယ်ဆရာတော်ကြီးကမှ ပေးတဲ့ ကမ္မဋ္ဌာန်း မဟုတ်ပါဘူး၊ သမ္မာသမ္ဗုဒ္ဓ-ဘဲ့ တော်ရတဲ့**မြတ်စွာဘုရား ကိုယ် တော်တိုင် ပေးထားတဲ့ သာမုဏ်သိကဝိပဿနာ ကမ္မဋ္ဌာန်း အစစ်ပါဘဲ့**၊ သူ့းယင် သူ့းတယ်လို့ သိရမယ်- မှတ်ရမယ် ဆိုတာဟာ လွယ်ကြရဲ့ မဟုတ်လား၊ လွယ်မှာပေါ့၊ မြတ်စွာ ဘုရားကိုက အလွယ်ဆုံးနည်းနဲ့ ဟောထားတာဘဲ့၊ လူကြီး, လူငယ်မရွေး၊ မိန်းမ ယောကျ်ား မရွေး၊ စာတတ်,မတတ် မရွေး၊ သမ္မာဆန္ဒရှိသူတိုင်း အားထုတ်နိုင်အောင် အလွယ်ဆုံး နည်းနဲ့ ညွှန်ပြထားတာဘဲ့၊ ဒါကြောင့်လဲဘဲ့ **ဘုရားလက်ထက် က(၇)နှစ်သမီး(၇)နှစ်သားကလေးတွေ သောတာပန် ရဟန္တာ ဖြစ်ကြတာပေါ့၊** ပြီးတော့ သာဝတ္ထိပြည်မှာရှိတဲ့ လူဥိးရေ ၇- ပုံတွင် ၅-ပုံက အရိယာ ဖြစ်နေကြတယ် ဆိုတာလဲ အားထုတ်တဲ့ နည်းက လွယ်လို့ဘဲ့၊ နည်းကိုက အကြောကြီး သင်ယူနေရမယ် ဆိုယင် ဒီလို ဘယ်မှာ ဖြစ်နိုင်မလဲ၊ **ရူပ်စိတ် စေတသိက်တွေရဲ့ ခဲ့ခြမ်းဝေဘန်ပုံတွေ ကလာပ်စည်းဖွဲ့ပုံတွေ ဝိထိကျပုံတွေ ပစ္စည်းဆက်ပုံတွေ ဒီလို အဘိဓမ္မာနည်းတွေကို တတ်သိပြီးမှ အာ.ထုတ်ရမယ် ဆိုယင်တော့ စာတတ်သူ အလွန်နဲပါးတဲ့ ဟိုရှေးခေတ်တုန်းက လူတွေဟာ အားထုတ် နိုင်ဘို့ကို မရှိတော့ဘူး၊** အရှင် စူဠပန်လို့ ဉာဏ်လေးတဲ့ ပုဂ္ဂိုလ် ဆိုယင်တော့ သာပြီး ခက်တော့တာဘဲ့၊ ဒါတွေကို ထောက်ဆ

ကြည့်ယင် ဘုရားလက်ထက်က ကမ္မဋ္ဌာန်း နည်းတွေဟာ ဒီ သတိပဋ္ဌာန် နည်းအတိုင်း လွယ်လွယ်ချည်းဘဲလို့ ထင်ရှားသိရပါတယ်။

ဒီနေရာမှာ လွယ်တယ် ဆိုပေမဲ့ နည်းလောက်သာ လွယ်ပါတယ်၊ သမာဓိဉာဏ် ဖြစ်အောင် တကယ် ရှုရာ ကျတော့ မလွယ်ပါဘူး၊ အခက်ဆုံး အလုပ် ဖြစ်နေပါတယ်၊ မလျော့တမ်း အားထုတ်မယ် ဆိုတဲ့ သမ္မပ္ပမာန် လုံ့လနဲ့ သက်စွန့်ကြိုးပမ်း တကယ်တမ်း အားထုတ်မှ ဖြစ်ပါတယ်၊ ပေါ့ပေါ့ဆဆနဲ့တော့ ဘာမှ ထူးထူးခြားခြား မဖြစ်ပါဘူး။

ဒုနေရာမှာ သွားယင် သွားတယ်လို့ သတယ ဆိုတဲ့ မြတ်စွာဘုရား စကားတော်ကို ကိုယ်တွေ့ မဖြစ်သေးတဲ့ပဋိဝေဓတွေက အထင်သေးပြီး မေးစရာ ရှိပါတယ်၊ ဒါကြောင့် အဋ္ဌကထာ ဆရာက အဲဒီလို အထင်သေးမယ့် ပဋိဝေဓတွေရဲ့ဘက်က နေပြီး မေးခွန်းလဲ ထုတ်ပြတယ်၊ ပြီးတော့မှ အဲဒီ အမေးကို ဖြေရှင်းပြီး- ဘုရားစကားတော်ကို ထောက်ခံချက် ပေးထားပါတယ်၊ ဘယ်လိုလဲလို့ ဆိုတော့ - **သွားယင် သွားတယ်လို့ လူတိုင်းဘဲ သိနေကြတယ် မဟုတ်လား၊ လူတွင်မက သေးဘူး ခွေးတွေတောင် ဒီလို သိနေကြတယ် မဟုတ်လား၊ ဒီတော့ သွားယင် သွားတယ်လို့ မှတ်နေတဲ့ ယောဂီရဲ့ အသိဟာ ခွေးသိ, လူသာမန် အသိနဲ့ အတူတူဘဲ မဟုတ်လား**-လို့ မေးစရာရှိပါတယ်တဲ့၊ ဒါက အထင်အမြင်သေးမဲ့ ပဋိဝေဓတွေရဲ့ အမြင်နဲ့ မေးပုံဘဲ။ကဲ-အဋ္ဌကထာဆရာရဲ့ဖြေပုံကိုလဲနားထောင်ကြဦး၊ သာမန် လူတွေရော, ခွေးတွေရော "သွားယင် သွားတယ်"လို့ **သိတာကတော့ မှန်ပါတယ်၊ ဒါပေမယ့်-အသိချင်းက**

တော့ မတူပါဘူး၊ ပြောင်းပြန်ကို ထူးခြားနေပါတယ်တဲ့၊ ထူးခြားပုံက ခွေးတွေရော၊သာမန်လူတွေရော၊ ရုပ်နာမ်အမှုအရာတွေကို နိဗ္ဗာန်သုခအတွက်-အနေနဲ့ချည်း သိနေကြပါတယ်၊ သူ့တာကို သိတယ် ဆိုပေမယ့်-သူ့တိုင်း၊ လူမ်းတိုင်း၊ ရွှာတိုင်း စေ့စေ့စပ်စပ် သိကြတာလဲ မဟုတ်ပါဘူး၊ တခါတရံလောက်သာ သိကြပါတယ်၊ တကယ်ဆိုတော့-ကိုယ်သူ့နေတာကို မသိဘဲ တခြားကိုချည်း စဉ်းစားနေတာကသာ များပါတယ်၊ သိပြန်တော့လဲ သူ့ချင်တဲ့စိတ်နဲ့ သူ့တဲ့ရုပ်ကို ခဲခြားပြီး မသိကြပါဘူး၊ သူ့ချင်တာလဲ ငါဘဲ၊ သူ့တာလဲ ငါဘဲလို့ ငါတယောက်ထဲ အနေနဲ့သာ ထင်နေကြပါတယ်၊ ခဏမစဲ ဖြစ်ပျက်နေတာကိုတော့ လုံးလုံးကို မသိကြပါဘူး၊ တသက်လုံး, တဘဝလုံး၊ တယောက်ထဲ အမြဲ တည်ရှိနေတယ်လို့သာ ထင်နေကြပါတယ်၊ ဒီတော့-ဒီလို အသိဟာ ငါကောင် သတ္တဝါကောင်လို့ ထင်နေတဲ့ အယူမှားကို မပယ်ရှားနိုင်တဲ့အပြင် တိုးပြီး ခိုင်မြဲအောင်တောင် အားပေးပါသေးတယ်၊ ဒါကြောင့် ရှုမှတ်ခြင်း မရှိဘဲနဲ့ အလိုလို သိနေတဲ့ ဒီလို အလေ့ပေါက် အသိမျိုးဟာ ကမ္မဋ္ဌာန်းလဲ မဖြစ်ပါဘူး၊ သတိပဋ္ဌာန်ဘာဝနာလဲ မဖြစ်ပါဘူး၊ မြတ်စွာဘုရားကလဲ ဒီလို အလေ့ပေါက် အသိကို မရည်ရွယ်ပါဘူးတဲ့။

ဒါဖြင့် ဘယ်လို အသိကို ရည်ရွယ်ပါသလဲလို့ ဆိုတော့ သူ့ချင်တိုင်း လူမ်းတိုင်း သတိနဲ့ မပြတ် စူးစိုက်ပြီး စေ့စေ့စပ်စပ် မှတ်သိနေတဲ့ ယောဂီရဲ့ အသိကိုသာ ရည်ရွယ်ပါတယ် တဲ့၊ အဲဒီ ယောဂီရဲ့ အသိကတော့ သူ့ချင်တဲ့ စိတ်ကိုလဲ ရုပ်နဲ့ မရောဘဲ အသီးအခြား ထင်ရှား သိသိ သူ့တယ်၊

ဒါကြောင့် ကော ဂစ္ဆတိ-**ဘယ်သူသွားသလဲ-သွားတဲ့ အတွက်ကောင် ရှိသလား** ဆိုတဲ့ မေးခွန်းကို ပြေလည်အောင် အသိရှင်းနေပါတယ်။ သွားချင်တဲ့ စိတ်နဲ့ သွားမှု ရုပ် ဒီ-၂ မျိုး သာရှိတာဘဲ၊ ဒီပြင် **သွားတတ်တဲ့ ငါကောင်, သတ္တဝါကောင် ရယ်လို့ မရှိဘူး**-ဆိုတာ ရှင်းနေတော့တာဘဲ။ ပြီးတော့ ကဿ ဂမနံ-**ဘယ်သူ၏ သွားမှုလဲ၊ သွားမှုရဲ့ ပိုင်ရှင် အတွက်ကောင် ရှိသလား** ဆိုတဲ့ မေးခွန်းကိုလဲ ပြေလည်အောင် အသိ ရှင်းနေပါတယ်။ သွားချင်တာနဲ့ သွားတာမှတပါး သွားအောင်လုပ်နေတဲ့ ငါကောင်-သတ္တဝါကောင် မရှိဘူးလို့ ရှင်းရှင်းကြီး သိနေပါတယ်။ ပြီးတော့ ကိံ ကာရဏာ ဂစ္ဆတိ-**ဘယ်အကြောင်းကြောင့် သွားသလဲ** ဆိုတဲ့ မေးခွန်းကိုလဲ ပြေလည်အောင် အသိ ရှင်းနေပါတယ်။ သွားချင်တဲ့ စိတ်အဆင့်ဆင့်ကြောင့် တောင့်တင်း လှုပ်ရှားမှု ရုပ်အဆင့်ဆင့်မျှ၊ တရွေ့ချင်းဖြစ်သွားတာကိုပင် "ငါသွားတယ် သူသွားတယ်" ခေါ်နေရတာဘဲလို့ ရှင်းရှင်းကြီး သိနေပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း ကော ဂစ္ဆတိ၊ကဿ ဂမနံ၊ ကိံ ကာရဏာ ဂစ္ဆတိ-ဆိုတဲ့ **မေးခွန်းသုံးချက်ကို ပြေလည်အောင် အသိရှင်းတာကို** သမ္မာဇာနနဉာဏ်ဘဲလို့ အဋ္ဌကထာမှာ ဆိုထားပါတယ်။ ဒီလို သိတာဟာ **ပဇာနာတိအရ အပြားအားဖြင့် သိတာပါဘဲ တဲ့**။ ဒါဟာ အပြားအားဖြင့် သိပုံကို ကျယ်ပြည့်တင်းပြည့် အစုံအလင် ဖွင့်ပြထားတဲ့ အဋ္ဌကထာ အဆိုပါဘဲ၊ **ဒီ အဋ္ဌကထာထက် ပိုပြီးတော့ ပြားစရာ မလိုတော့ပါဘူး**။ ကဲ-သန္ဓိဋ္ဌာန်ကျ ဆုံးဖြတ်နိုင်အောင် အဋ္ဌကထာ အဆိုကို နားထောင်ကြဦး။

သေ၊ သွားလျှင် သွားသည်ဟု သိသည်-ဆိုသော ဘုရား စကားတော်နှင့်အညီ ရှုမှတ်နေတဲ့ ဤယောဂီသည်။ ဧဝံ ပဇာနာတိ၊ ဤသို့ အပြားအားဖြင့် သိ၏။ (အပြားအားဖြင့် သိပုံကို သေသေချာချာ နားစိုက်ကြပါ) ဂစ္ဆာမိတိ စိတ္တံ၊ သွားမယ်ကြံတဲ့ စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ရှေးဦးစွာ ဖြစ်ပေါ်လာ၏။ တံ၊ ထိုစိတ်က။ ဝါယံ ဇနေတိ၊ တောင့်တင်း လှုပ်ရှားမှုကို ဖြစ်ပေါ်စေ၏။ (**တောင့်တင်းတာက ဝါယောဓာတ်ရဲ့ ဝိကွမ္ဘန လက္ခဏာဘဲ၊ လှုပ်ရှားတာက သမုဒီရဏရသ-ဘဲ**) စိတ္တဇဝါယောဓာတု ဝိပ္ဖါရေန၊ စိတ်ကြောင့် ဖြစ်တဲ့ တောင့်တင်း လှုပ်ရှားမှု၏ ပြန့်နှံ့ခြင်းကြောင့်။ သကလ ကာယဿ၊တကိုယ်လုံး၏။ ပုရတော အဘိနိဟာရော၊ရှေ့ဘက်သို့ တဲ့တဲ့ဆောင်သွားခြင်းကို။ ဂမနန္တိ ဝုစ္စတိ၊ သွားတယ်ခေါ်ရတာဘဲဟု သိ၏။ (ယောဂီဟာ ဒီအတိုင်း သိရမယ်တဲ့၊ ဒီလို သိတာဟာ **ပဇာနာတိအရ-အပြားအားဖြင့် သိတဲ့ ဉာဏ်ပါဘဲတဲ့**။)

ဗမာလို ရှင်းရှင်းပြန်ရယင် - ယောဂီဟာ သွားမယ်ကြံတဲ့ စိတ် ဖြစ်လာတာကိုလဲ သိရမယ်။ ပြီးတော့ အဲဒီစိတ်ကြောင့် တောင့်တင်းလှုပ်ရှားမှုတွေ အနှံ့အပြား လှုပ်လှုပ်ရှားရှားဖြစ်လာတာကိုလဲ သိရမယ်။ ပြီးတော့ ဒီတောင့်တင်း လှုပ်ရှားမှုတွေအနှံ့အပြား တရွေ့ရွေ့ချင်းဖြစ်ပေါ်သွားလို့ရှေ့ဘက်ကိုတကိုယ်လုံး ရွေ့ရွေ့သွားတာကိုပင် "ငါသွားတယ်, သူသွားတယ်"လို့ ခေါ်ရတာဘဲ၊ သွားတတ်တဲ့ ငါကောင် သူကောင်ရယ်လို့တော့ မရှိဘူး ဆိုတာကိုလဲ သိရမယ်တဲ့။ ဒီလို သိတဲ့ အသမွှာဟာ သမ္မာဇဉ်ဉာဏ်ဟာ ကမ္မဋ္ဌာန်းလဲ ဖြစ်ပါတယ်။

အမှတ်ရပြီး သိတဲ့အတွက် သတိပဋ္ဌာန် ဘာဝနာလဲ ဖြစ်ပါ တယ်။ ဒါကြောင့် - ဒီလို အသိကိုသာ ရည်ရွယ်ပြီး မြတ်စွာ ဘုရားက "သွားယင်-သွားတယ်လို့ သိတယ်"ဆိုတဲ့ စကားကို ဟောတော်မူတာပါ တဲ့။

ဒီတော့ - ဒီနေရာမှာ ပါဠိတော်နှင့် အဋ္ဌကထာကို သေသေ ချာချာ စပ်ပြီး ကြည့်ယင် ပါဠိတော်က ဂေါစရ သမ္မဇဉ်အရ အားထုတ်ပုံကို တိုက်ရိုက် ပြထားတာလို့ ထင်ရှား နေပါတယ်။ အဋ္ဌကထာကတော့ - ပါဠိတော် နည်းအတိုင်း အားထုတ်နေတဲ့ယောဂီမှာ သမာဓိဉာဏ်ရင့်တော့ **အသမ္မော-ဟသမ္မဇဉ် ဖြစ်လာပုံကို** ပြပြီး ပါဠိတော်ကို ထောက်ခံထား တာလို့ ထင်ရှားနေပါတယ်။ ဒါကြောင့် - ဆရာတော်တို့ကလဲ အဲဒီ အဋ္ဌကထာကိုဘဲ အားကိုးပြုပြီး ပါဠိတော်နည်းအတိုင်း သွန်ပြနေပါတယ်။ သွန်ပြတဲ့ အတိုင်းလဲ အားထုတ်ကြလို့ ဒီလို အသမ္မောဟ သမ္မဇဉ် အသိမျိုးနဲ့ ကောင်းကောင်းကြီး ပြည့်စုံနေတဲ့ သူတွေဟာ ဆရာတော်ရဲ့ တပည့်ထဲက စာတတ် ပဂ္ဂိုလ်တွေရော, စာမတတ်တဲ့ ပဂ္ဂိုလ်တွေရော၊ ရဟန်း ရှင်-လူ ထောင်ပေါင်း များစွာ ရှိနေပါပြီ။ ဒီတော့ - သွားတယ် သွားတယ်လို့ မှတ်နေရုံနဲ့ ဒီလိုအသိမျိုး ဖြစ်နိုင်ပါ့မလားလို့ တော့ ယုံမှား တွေဝေ မနေကြပါနဲ့၊ ယုံမှား ကွဲဝေနေယင် **ဝမ်းတွင်း ကထဲက မျက်စိကန်းလာတဲ့ လူလို့** ဖြစ်နေ ပါလိမ့် မယ်၊ ဝမ်းတွင်း ကန်းဟာ သူကိုယ်တိုင်က မမြင်တာနဲ့ "သူများ မြင်တယ်" ဆိုတာကို မယုံသလိုပေါ့။ ပြီးတော့ ယခု ဒုလ္လဘတရားတွေနဲ့ ဝေဝေဆာဆာကြီး ရထားတဲ့ လူ့ဘဝဟာ အင်မတန်ကို ကံကောင်းလို့ ရထားတာပါ၊

ဒီ လူ့ဘဝကြီးဟာလဲ အချည်းနှီး ဆုံးရှုံး သွားပါလိမ့်မယ်။ ဒါကြောင့် **ကိုယ့်ကိုယ်ကို တကယ်ချစ်ပြီး ကိုယ့်အကျိုးစီးပွါးကို တကယ် လိုလားကြယင်၊ ဒီသတိပဋ္ဌာန်တရားကို အားထုတ်ဖြစ်အောင်သာ ကြိုးစားပြီး အားထုတ်ကြည့်ကြပါ၊** ဆရာတော်ရဲ့ ညွှန်ပြချက်အတိုင်း နေရော ညဉ့်ပါ မပြတ်မစဲ တကယ် အားထုတ်ကြယင်တော့ လေး ငါး ခြောက်ရက် အတွင်းမှာ ယခု ပြောခဲ့တဲ့ အသိဉာဏ်မျိုးကို ကိုယ်တိုင်တွေ့ကြမယ် ဆိုတာကို ရဲရဲကြီး ဝန်ခံချက်ပေးပြီး ဟောနေပါတယ်။

ယခု ပြောခဲ့တဲ့ အတိုင်း သွားခိုက်မှာ အသိဉာဏ်ရှင်းနေသလိုဘဲ၊ ရပ်ခိုက်, ထိုင်ခိုက်, လှဲအိပ်ခိုက် များမှာလဲ စိတ်နဲ့ရုပ် အဆင့်ဆင့်မျှ ဖြစ်ပျက်နေတာကို ရှင်းလင်းစွာ သိနေပါတယ်၊ ဒီလို ဣရိယာပုထ် လေးပါးလုံးမှာ စိတ်နဲ့ရုပ် အဆင့်ဆင့် ပေါ်လိုက်,ပျောက်လိုက်နဲ့ ဖြစ်ပျက်နေတာကို ရှင်းလင်းစွာ သိနေတာဟာ **သမုဒယဓမ္မာ နုပဿီ၊ဝယဓမ္မာ နုပဿီ**-အရ ဖြစ်ပေါ်လာတဲ့ **အသမ္မောဟ သမ္ပဇဉ်ဉာဏ်** ပါဘဲ။

မပြတ်မစဲ ဆက်လက်ပြီး ရှုမှတ်နေယင် ဒီဉာဏ်ဟာ တဆင့်ထက်တဆင့် ရင့်သန်ပြီး မဂ်ဖိုလ်ဉာဏ် ပေါ်ပေါက်ခါ နိဗ္ဗာန်ကို ရောက်စေနိုင်ပါတယ်။ ဒါကြောင့် တရားကျည့ာချက်ထဲမှာ မြတ်စွာဘုရားက **"ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ"** လို့ ဟောတော်မူတာဘဲ။

ကဲ အခြိန်က ကျနေပြီ၊ သတိပဋ္ဌာန်တရားတော် ဒုတိယပိုင်းကို ဒီမျှနဲ့ဘဲ အဆုံးသတ်တော့မယ်။ နောက်သီတင်းနှဲ့မှာ တတိယပိုင်းကို ဆက်လက်၍ နာယူ မှတ်နိုင်ကြပါစေ။

ဒုတိယပိုင်း ပြီး၏။

၁၃၁၃-ခု၊ ကဆုန်လပြည့် ဥပုသ်နေ့ညတွင်
အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား
အသံလွှင့် ဟောကြားသည့်

မဟာသတိပဋ္ဌာန်တရားတော်ကြီး

(တတိယပိုင်း)

ဒီနေ့ ဟောမယ့် တရားလဲ မဟာသတိပဋ္ဌာန်တရားတော်ပါဘဲ။ အလျှင် သီတင်းနေ့က ဒုတိယပိုင်း၊ ဒီကနေ့တော့ တတိယပိုင်းပေါ့။ ဒီကနေ့ အလှည့်ကျနေတဲ့ သမ္မဇညပိုင်းမှာ ဟောထားပုံကတော့—

> အဘိက္ကန္တေ၊ ရှေသို့သွားလျှင်။ ပဋိက္ကန္တေ၊ နောက်သို့ ပြန်လျှင်။ သမ္မဇာနကာရီ၊ အသိညာဏ်ဖြင့် ပြုသည်။ ဟောတိ၊ ဖြစ်၏-တဲ့။

ယောဂီဟာ **ရှေသွားယင်လဲ အသိနဲ့** ပြုရမယ်၊ **နောက်ပြန်ယင်လဲ အသိနဲ့** ပြုရမယ်၊ မသိဘဲနဲ့တော့ သွားခြင်း, ပြန်ခြင်းကို မပြုရဘူးတဲ့။ ဒါကြောင့် ထိုင်နေရင်းဘဲ ဖြစ်ဖြစ်၊ ရပ်နေရင်းဘဲ ဖြစ်ဖြစ်၊ ရှောက် နောက်ဘက်ကို ယိမ်းသွားတိုင်း "ယိမ်းတယ်, ယိမ်းတယ်" စသည်ဖြင့် စေ့စေ့ စပ်စပ် ရှုမှတ်ပြီး မပြတ်သိစေရမယ်။ ပြီးတော့ ဘယ်ဘက်ဘေး ညာဘက်ဘေးကို ယိမ်းသွားယင်လဲ နည်းတူဘဲ မှတ်သိစေရ

မယ်။ ဒီနေရာမှာ ဘေးဘက် ယိမ်းတာကတော့ သာမုဏ်သိက ဒေသနာထဲမှာ မပါဘူး မဟုတ်လား၊ ဒီတော့ အဲဒီလို တိုက်ရိုက်မဟောတဲ့ ကိုယ်အမှုအရာတွေကို မှတ်တာ သိတာ ဟာ ကာယာနုပဿနာ ဖြစ်နိုင်ပါ့မလားလို့ ဒီလို **ဝိစိကိစ္ဆာ** ပွါးပြီး ယုံမှားတော့ မနေကြပါနဲ့။ သာမုဏ်သိက ဒေသနာ တော်ဆိုတာ သိရုံလောက်ပဲ နည်းပြထားတာပါ၊ အကုန်လုံး စုံအောင် ဟောထားတာမဟုတ်ပါဘူး၊ အကုန်လုံး ဟော နေယင် အလွန်ကျယ်ဝန်းသွားမှာပေါ့၊ အထူးသတိပြုစရာက တော့ ရှေ့ယိမ်းတာဘဲဖြစ်ဖြစ်၊ နောက်ယိမ်းတာဘဲဖြစ်ဖြစ်၊ ဘေးဘက် ယိမ်းတာဘဲ ဖြစ်ဖြစ်၊ ယိမ်းမှုဆိုယင် ရုပ်တရား ချည်းဘဲ၊ **နိစ္စ, သုခ, အတ္တလို့ စွဲလမ်းနိုင်တာချည်းဘဲ၊ စွဲလမ်း နိုင်တဲ့ ရုပ် နာမ် ဆိုယင် အဲဒီ စွဲလမ်းမှု ကင်းအောင် ဝိပဿနာ ရှုရတာချည်းဘဲ၊** ဒါဟာ ဝိပဿနာရဲ့ မူဘေစည်းဘဲ။ ဒါကြောင့် နိစ္စ, သုခ, အတ္တ-လို့ စွဲလမ်းနိုင်တဲ့ ရုပ်တရား နာမ်တရားမှန်ယင် တိုက်ရိုက် ဟောမထားပေမယ့် ဒေသနာ မှာ နည်းပြထားတဲ့အတိုင်း ရှုသင့်တာချည်းဘဲ ဆိုတာကို မြဲမြဲကြီး မှတ်ထားကြရမယ်။

အသိဉာဏ်ဖြင့် ပြုတယ်ဆိုရာမှာ **သမ္မဇဉ်** ခေါ်တဲ့ အသိ ဉာဏ်က (၄)မျိုး ရှိပါတယ်။ ဘာများလဲ ဆိုတော့—

အမှတ်(၁) သာတ္ထကသမ္မဇဉ်၊ အမှတ် (၂) သပ္ပါယ သမ္မဇဉ်၊ အမှတ်(၃) ဂေါစရသမ္မဇဉ်၊ အမှတ်(၄) အသမ္မော-ဟသမ္မဇဉ်တဲ့။

ဒီ(၄)မျိုးထဲမှာ အမှတ်(၁) **သာတ္ထကသမ္မဇဉ်** ဆိုတာက တစုံ တခုကို ပြုတော့မယ်ဆိုယင် အကျိုးရှိမယ်, မရှိဘူး

ဆိုတာကို ရှေးဦးစွာ ဆင်ခြင်ကြည့်ရမယ်၊ ဒီလို ဆင်ခြင်ပြီးတော့ အကျိုးရှိမှ ပြုလုပ်ရမယ်၊ အကျိုးမရှိယင်တော့ မလုပ်ရဘူး။ ဒီအထဲမှာ-အကျိုးရှိ မရှိ ဆင်ခြင်တာကို **သာတ္ထက-သမ္ပဇဉ်**-လို့ ခေါ်တယ်။

အမှတ်(၂) **သပ္ပါယသမ္ပဇဉ်** ဆိုတာက အကျိုးရှိတဲ့ ကိစ္စပေမယ့် ကိုယ့်ဂုဏ် အဆင့်နဲ့ သင့်တော်မယ့်, မတော်ဘူး ဆိုတာကိုလဲ ဆင်ခြင်ကြည့်ရဦးမယ်၊ ဒီလို ဆင်ခြင်ပြီးတော့ သင့်တော်မှ ပြုလုပ်ရမယ်၊ မတော်ယင်တော့ မလုပ်ရဘူး။ ဒီအထဲမှာ တော်-မတော် ဆင်ခြင်တာကို **သပ္ပါယသမ္ပဇဉ်**လို့ ခေါ်တယ်။

သာတ္ထကနဲ့ သပ္ပါယ ဆိုတဲ့ ဒီ သမ္ပဇဉ် ၂-မျိုးကတော့ နေရာတကာမှာဘဲ အသုံးကျပါတယ်။ လောကရေးရာမှာလဲ ကျေးဇူးမျှားတာဘဲ၊ ဒီသမ္ပဇဉ် ၂-မျိုးနဲ့ ပြည့်စုံယင် လောကမှာလဲ ကြီးပွါးချမ်းသာနိုင်တာဘဲ။ ဘာဝနာ အရာမှာလဲ အခြေခံ အဖြစ်နဲ့ ကျေးဇူးမျှားတာဘဲ၊ ဒါကြောင့် သမထ-ဝိပဿနာရဲ့ အထောက်အပံ့ အခြံအရံ ဖြစ်တဲ့ ဒီသမ္ပဇဉ် ၂-မျိုးကိုတော့ **ပါရိဟာရိက ပညာ**လို့လဲ ခေါ်ထားပါတယ်၊ သို့ပေမယ့် ဘာဝနာဉာဏ်ကော့ မဟုတ်သေးပါဘူး။

အမှတ်(၃) **ဂေါစရသမ္ပဇဉ်** ဆိုတာကတော့ ယောဂီရဲ့ ကျက်စားရာ ဖြစ်တဲ့ ကမ္မဋ္ဌာန်း အာရုံမှာ သမာဓိဉာဏ် မပြတ် ဖြစ်နေတာကိုဘဲ ဆိုလိုပါတယ်၊ ဝိပဿနာ အရာမှာတော့ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မလို့ခေါ်တဲ့ ကိုယ်, နှုတ်, စိတ်ဒါမှမဟုတ် တိုင်းကို ရှုမှတ်ပြီး မပြတ်သိနေတာကိုဘဲ **ဂေါစရသမ္ပဇဉ်**လို့

ဆိုလိုပါတယ်။ ဒီ ဂေါစရသမ္မဇဉ်ဟာ ဝိပဿနာရဲ့ အလုပ်စခန်းပါဘဲ၊ အလွန်လဲ အရေးကြီးပါတယ်။ **ဒီဂေါစရသမ္မဇဉ်က ဖြည့်စုံပါမှ အသမ္မောဟ သမ္မဇဉ်ဆိုတာ ဖြစ်ပေါ်လာနိုင်တာဘဲ။** ဒါကြောင့် - သတိပဋ္ဌာန် ပါဠိတော်မှာ ဒီဂေါစရသမ္မဇဉ်ကိုဘဲ ပဓာနပြုပြီး ဟောထားပါတယ်၊ အဋ္ဌကထာမှာလဲ ပုဂ္ဂိုလ်၄-မျိုးနဲ့ ခွဲထားပါတယ်။ ဘယ်လိုလဲ ဆိုတော့—

ဆွမ်းခံ အသွားမှာ ကမ္မဋ္ဌာန်းပါပြီး၊ အပြန်ကျတော့ ကမ္မဋ္ဌာန်းမပါတဲ့ ပုဂ္ဂိုလ်က ၁-ပါးတဲ့၊ ဒီနေရာမှာ ဆွမ်းခံသွားတာ-ပြန်တာနဲ့ ပြထားတာကတော့ ရှည်ရှည်ဝေးဝေး သွားရလို့ သတိလွတ်တဲ့ အလုပ်ထဲမှာ ကမ္မဋ္ဌာန်းကို လေးစားမှုရှိ မရှိ သိနိုင်အောင် ပြထားတာပါဘဲ၊ သို့ပေမယ့် ယောဂီဆိုယင် ကိုယ့်နေမြဲ နေရာ ကျောင်းမှာလဲ မပြတ် မစဲဘဲ အာဇုတ်နေရပါတယ်။

ပြီးတော့-အရေးကြီးတဲ့ ကိစ္စတခုကြောင့် အသွားတုန်းက ကမ္မဋ္ဌာန်းမပါဘဲနဲ့၊ အပြန်ကျမှ ကမ္မဋ္ဌာန်းဖါတဲ့ ပုဂ္ဂိုလ် ၁-ပါးတဲ့။ ဒီဒုတိယ ပုဂ္ဂိုလ်မျိုးကတော့ ယာဂု သောက်ရင်း ဆွမ်းစားရင်းပင် မဂ်,ဖိုလ် ရောက်တတ်ပါသတဲ့။ ဟို-ရှေးခေတ်တုန်းက သီဟိုဠ်ကျွန်းတွင် ဆွမ်းစားဇရပ်တွေမှာ ဒီလို ယာဂု သောက်ရင်း ဆွမ်းစားရင်းနဲ့ မဂ်,ဖိုလ် ရောက်သွားတဲ့ ရဟန်းတော်တွေ အလွန်များသတဲ့၊ အရိယာ မဖြစ်ဘူးတဲ့ နေရာကို မရှိလောက်အောင် များတယ်ဆိုဘဲ။ ဒီတော့ ယခုနေ အခါမှာလဲ စားရင်း သောက်ရင်း မဂ်,ဖိုလ်ရောက်တဲ့သူတွေ ရှိတယ် ဆိုတာ ယုံကြည်သင့်ပါတယ်။

ပြီးတော့ အသွားရော အပြန်ရော နေ့ရော ညရော ဘယ် **အချိန်မှ ကမ္ဘာန်း မရှိတဲ့ ပုဂ္ဂိုလ်က ၁-ပါးတဲ့။** ဒီ တတိယ ပုဂ္ဂိုလ်ကိုတော့ **ပမာဒဝိဟာရီလို့** ခေါ်ပါတယ်။ "အချင်း ခပ်သိမ်း အမှတ်မရှိဘဲ မေ့မေ့လျော့လျော့နေတဲ့ ပုဂ္ဂိုလ်" လို့ ဆိုတာပေါ့။ ပြီးတော့- သူ့ကို **နိုက္ခိတ္တဓုရပုဂ္ဂိုလ်** လို့လဲ ခေါ်ထားပါတယ်။ "ငါတော့ ဒီဘဝ မင်္ဂလာမရနိုင်ပါဘူး၊ ရအောင်လဲ အားမထုတ်တော့ပါဘူး" လို့ ဝန်ချထားတဲ့ ပုဂ္ဂိုလ်တဲ့။ ဒီလို ပုဂ္ဂိုလ်ကတော့....ကမ္မဋ္ဌာန် နာမ အတ္ထိတိပိ သည် အကတ္တာ- လို့ဆိုတဲ့အတိုင်း "ကမ္မဋ္ဌာန်းဆိုတာ ရှိတယ်" လို့တောင် အသိ အမှတ်မပြုဘဲ ပေါက်လွတ်ပဲစားနေတဲ့ ပုဂ္ဂိုလ်တဲ့။ အတော် ညံ့တဲ့ ပုဂ္ဂိုလ်ပါဘဲ။ သို့ပေမယ့်- ဒါထက် ဆိုးတာကတော့ သူများအတွက်ပါ ဝန်ချထားတာဟာ အဆိုးဆုံးပါဘဲ။ ဘယ် လို့လဲ ဆိုတော့ ယခု ခေတ်မှာ မင်္ဂိုလ် မရနိုင်တော့ဘူးလို့ ကန့်ကွက်နေတာတွေ့ပေါ့။

ဒီနေရာမှာ လေးလေးနက်နက် စဉ်းစားစရာကတော့- **"ဆေးနည်း ရှိနေယ်ဆိုင် ဆေးဖော်ပြီးစားတဲ့ သူမှာ ရောဂါ ပျောက်နိုင်တာလို့၊ ဘုရားစကားတော်တွေ ရှိနေသမျှ ကာလ ပတ်လုံး ပါရမီရှိတဲ့ သူတွေဟာ အားထုတ်ပြီး မင်္ဂိုလ်ရောက် နိုင်တယ်"** ဆိုတာကိုတော့ မမေ့သင့်ပါဘူး။ ပြီးတော့- ကျမ်းဂန်အရ ဆိုယင်လဲ ယခုခေတ်မှာ မင်္ဂိုလ် မရနိုင်တော့ ဘူးလို့ ဘယ်ကျမ်းဂန်ကမှ မဆိုတဲ့ပြင် သုတ် အဋ္ဌကထာ ကြီးတွေမှာ **တေဝိဇ္ဇ ရဟန္တာအထိ** ဖြစ်နိုင်သေးတယ်လို့တောင် ဆိုကားပါသေးတယ်၊ **အောက်ထစ်ဆုံးပြထားတဲ့** ပိန့်ည်း အဋ္ဌ

ကထာမှာတော်မှ **အနာဂါမ် အထိ** ဖြစ်နိုင်သေးတယ်လို့ ဆိုထားပါတယ်။

အခိုင်အမာဆုံး သာဓကစကားကတော့-"ဣမေ စ သုဘဒ္ဒ ဘိက္ခူ။ **သမ္မာ ဝိဟရေယျုံ၊** အသုညော လောကော အရဟန္တေဟိ အာသ"လို့ ဆိုတဲ့ ဘုရားမိန့်ခွန်းတော်ပါဘဲ။ ဒီမိန့်ခွန်းတော်မှာ- "ဝိပဿနာ ယောဂီနဲ့ အရိယာတွေကသာ ကောင်းကောင်းနေသွားမယ်ဆိုယင် လောကမှာ ရဟန္တာတွေ မဆိတ်နိုင်ဘူး"လို့ ဆိုထားပါတယ်။ဒီစကားထဲက **သမ္မာ ဝိဟရေယျုံ** ဆိုတဲ့ ပုဒ်ရဲ့ အနက် အဓိပ္ပါယ်ကိုတော့ မှန်မှန်ကန်ကန် သိထားဘို့ လိုပါတယ်။ ယောဂီပုဂ္ဂိုလ်နဲ့ အရိယာပုဂ္ဂိုလ်တွေ ဟာ ဟောပြောတိုက်တွန်းမှု မရှိဘဲ ကုပ်ကုပ်ကလေး ကျင့်နေ ရုံနဲ့ အစဉ် အဆက် သာသနာ တည်သွား နိုင်ပါ့မလား၊ မတည်နိုင်ပါဘူး။ အဆင့်ဆင့် ဟောပြော တိုက်တွန်းပေးမှ အရှည် တည်တံ့သွားနိုင်ပါတယ်။ ဒါကြောင့်- **"သမ္မာ ဝိဟရေယျုံ-ကောင်းကောင်း နေတယ်"** ဆိုတာဟာ ကိုယ်သိ ထားတဲ့ တရားကို အားထုတ်နည်းနှင့်တကွ **တဆင့် ပြောပြ ပြီးတော့** သူတပါးကိုလဲ မိမိလို တရားရသွားအောင် **တိုက် တွန်း ပေးနိုင်ပါမှ၊ ကောင်းကောင်း နေတာ** မည်တယ်လို့ အဋ္ဌကထာမှာ ပြထားပါတယ်။ ဒီနည်းအတိုင်းဆိုယင်-တရား သိပြီး ပုဂ္ဂိုလ်တယောက်က ၂-ယောက်၊ ၃-ယောက်၊ ၁၀-ယောက်၊ တရာ-စသည် ပွါးပြီး အဆက်ဆက် သာသနာတော် တည်သွားနိုင်ပါတယ်။ ဒီကောင်းကောင်းနေပုံထဲမှာ အားထုတ်နည်းနှင့်တကွ ဟောပြော တိုက်တွန်းတာဟာ ပရိယတ်ဘဲ။ ဒါကြောင့်- ပရိယတ် မပါဘူးလို့လဲ မဆိုနိုင်ပါဘူး။

ဒီတော့-သမ္မာ ဝိဟာရေယျုံ-ဆိုတဲ့ အတိုင်း ဟောပြောတိုက် တွန်းမှုဆိုတဲ့ **ကောင်းကောင်းနေမှုဟာ** ယခုခေတ်မှာ ထင်ရှား ရှိနေတယ် မဟုတ်လား။ ရှိနေယင် "အသုညော လောကော အရဟန္တောဟ အသ လူ ဆုတ့ အတုိင်း **ရဟန္တာအထ မဂ် ရောက် ဖိုလ်ရောက် ပုဂ္ဂိုလ်တွေ့ မဆိတ်မသုဉ်းဘဲ ထင်ရှားရှိနေ တယ်**-ဆိုတာဟာ သေချာ နေတော့တာဘဲ။ ပြီးတော့-မလဲ နှိုင်တဲ့ အကျိုးနဲ့ စဉ်းစားမယ် ဆိုယင်လဲ နှည်းလမ်းမှန် အတိုင်း အားထုတ်ယင် မဂ်ဖိုလ် မရောက်တောင် သိလ,သမာ-ဓိ,ပညာ ဖြစ်ပြီး **ပါရမီရင့်သွားနိုင်တာကတော့** ကိန်းသေနေ တာဘဲ၊ ဒါကြောင့်-ကျမ်းဂန်နှင့်အညီ အားထုတ်တာကို တော့ ဗုဒ္ဓဘာသာဝင်မှန်ယင် ဘယ်နည်းနဲ့မှ မတားမြစ်ထိုက် ပါဘူး။ တားမြစ်ယင် "မဂ္ဂင်ရယ်ပြုရာလဲ ရောက်တယ်၊ ဗုဒ္ဓ သာသနာတော်ကို ပိတ်ပင် ဖျက်ဆီးရာလဲ ရောက်တယ်" ဆိုတာကို လေးလေးနက်နက်ကြီး စဉ်းစားကြစေလိုပါတယ်။

ပြီးတော့-ဆွမ်းခံအသွားရော၊အပြန်ရော၊ နေ့ရော၊ည‌ရော၊ နိုးနေခိုက်မှာဆိုယွင် ဘယ်အချိန်မှ ကမ္မဋ္ဌာန်းမလွတ်တဲ့ပုဂ္ဂိုလ် က ၁-ပါးတဲ့၊ ဒီစတုတ္ထပုဂ္ဂိုလ်ကတော့ အကောင်းဆုံး အမြတ် ဆုံးပါဘဲ၊ ဒီပုဂ္ဂိုလ်မျိုးကတော့ "ယခုဘဝတွင်ဘဲ အရဟတ္တ ဖိုလ် ရောက်နိုင်တယ်၊ စောစောက မရောက်တောင် သေခါနီး ကျတော့ ရောက်နိုင်တယ်၊ ဒီလို မရောက်သေးယင်လဲ နောက် ဘဝမှာ နတ်အဖြစ်နဲ့ရောက်နိုင်တယ်။ဒီလိုမှ မရောက်သေးယင် လဲ နောက်ဘုရားသာသနာကျတော့ ခိပ္ပါဘိည-စသော ဂုဏ် ထူးတွေနဲ့ ထင်ထင်ရှားရှား ရဟန္တာကြီး ဖြစ်နိုင်တယ်"လို့ အဋ္ဌ ကထာမှာ ဆိုထားပါတယ်။ ဒီတော့ တရားအားထုတ်တဲ့သူ

မှာ ဘာမှ အားငယ်စရာမရှိပါဘူး၊ မြေလင့်စရာတွေ့ အမျှားကြီးရှိနေတာဘဲ။ဒါကြောင့်-**ဆရာတော်တို့က ဒီစတုတ္ထပုဂ္ဂိုလ်ရဲ့ အချိုးအစားအတိုင်း မိနစ် စက္ကန့်မျှ မလစ်လပ်စေဘဲ မပြတ် ရှုမှတ်ရတဲ့ ဂေါစရသမ္မာဇဉ်လုပ်ငန်းကို** ညွှန်ပြနေတာဘဲ။

အမှတ်(၄) **အသမ္မောဟသမ္မာဇဉ်** ဆိုတာကတော့ ရုပ် နာမ် အဖြစ် အပျက် အနိစ္စ-ဒုက္ခ-အနတ္တ အချက်တွေကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းစွာ သိသွားတာကိုဘဲ ဆိုလိုပါတယ်၊ ဒီလို အသိဉာဏ်ဟာလဲ ဂေါစရသမ္မာဇဉ် ပြည့်စုံတဲ့အခါမှာ အလိုလိုပင် ဖြစ်ပေါ်လာပါတယ်၊ သူ့အတွက် တမင်သီးခြားအားမထုတ်ရတော့ပါဘူး။ ဖြစ်ပေါ်လာပုံ အစဉ်ကတော့ ယိမ်းသွားတိုင်း "ယိမ်းတယ်,ယိမ်းတယ်" စသည်ဖြင့် စူးစိုက်ပြီး ဂေါစရသမ္မာဇဉ်အရ မပြတ်မှတ်နေတဲ့ ယောဂီဟာ သမာဓိဉာဏ်ရင့်လာတော့ ယိမ်းချင် သွားချင်တဲ့ စိတ်ကိုလဲ ဖြစ်တိုင်း ဖြစ်တိုင်း သိ သိ သွားပါတယ်၊ တရွေ့ချင်း တောင့်တင်း လှုပ်ရှားတဲ့ ရုပ်တွေကိုလဲ တပိုင်းစီ တပိုင်းစီ ပိုင်းခြားပြီး သိ သိ သွားပါတယ်။ ဒီတော့-ယိမ်းတတ်, ယွားတတ်တဲ့ ငါ ကောင်ဆိုတာ မရှိဘူး၊ စိတ်အဆင့်ဆင့်နဲ့ တောင့်တင်း လှုပ်ရှားမှု ရုပ်အဆင့်ဆင့်မျှ ရှိတာဘဲ"လို့ ရှင်းရှင်းကြီး သိသွားပါတယ်၊ ဒီလို သိသွားတာဟာ **အသမ္မောဟသမ္မာဇဉ်ပါဘဲ**။ ဒါကြောင့် ကိုယ်အမှုအရာ ဟူသမျှကို စူးစိုက်ပြီး မပြတ်မှတ်သိရတဲ့ **ဂေါစရသမ္မာဇဉ်** ဆိုတာက **ယောဂီရဲ့ အလုပ်တာဝန်၊** ရုပ် နာမ် အဖြစ်အပျက် အနိစ္စ-ဒုက္ခ-အနတ္တ အချက်တွေကို ရှင်းရှင်းကြီး သိသွားတဲ့ **အသမ္မောဟ သမ္မာဇဉ်** ဆိုတာက သမာဓိဉာဏ် **တရားရဲ့ အလုပ်တာဝန်**လို့ ဒီလို ကိုယ့်တာဝန်,သူ့

တာဝန် ခဲ့ခြားပြီး မှတ်ထားကြရမယ်၊ ဒီလို မှတ်ထားပြီး အား ထုတ်တဲ့ အခါကျတော့လဲ ဂေါစရသမူဇာဉ်ဆိုတဲ့ ကိုယ့်အလုပ် တာဝန်ကိုသာ ကျေပွန်အောင် မှတ်ဌုံကလေးသာ မပြတ်မှတ် သိနေရမယ်၊ ဒီလို ကိုယ့်အလုပ် ကျေပွန်ယင် သမာဓိဉာဏ် တရားကလဲ သူ့တာဝန်ကို သူဆောင်ပြီး အသမွာဟာသမူဇာဉ် ဖြစ်လာပါလိမ့်မယ်။

အချိန်က နဲသွားပြီ၊ တိုတိုဘဲ ပြောရတော့မယ်။အာလော-ကိတေ ဝိလောကိတေ သမူဇာနကာရီ၊ ဒီဒေသနာအရ တဲ့တဲ့ ကြည့်တာလဲ မှတ်ရမယ်၊ စောင်းငဲ့ ကြည့်တာလဲ မှတ်ရမယ်၊ ဘယ်လိုဘဲ ကြည့်ကြည့် "ကြည့်ချင်တယ် ကြည့်တယ် မြင်တယ်"လို့ စေ့စေ့စပ်စပ် မှတ်ရမယ်။

သမိဉ္ဇိတေ ပသာရိတေ သမူဇာနကာရီ၊ ဒီဒေသနာတော် အရ လက်ခြေကို ကွေးတိုင်း, ဆန့်တိုင်း "ကွေးချင်တယ်၊ ကွေး တယ်၊ ဆန့်ချင်တယ် ဆန့်တယ်"လို့ စေ့စေ့စပ်စပ် မှတ်ရမယ်။ ဒါက အကြောင်းရှိလို့ ကွေးတဲ့ ဆန့်တဲ့ အခါမှာ မှတ်ဘို့ပြော ထာပါ၊ တမင် ကွေးကြည့် ဆန့်ကြည့်ပြီး မှတ်ဘို့ပြောတာ တော့ မဟုတ်ပါဘူး။

သဃ်ာဋိပတ္တာစီဝရဓာရဏေ သမူဇာနကာရီ၊ ဒီဒေသနာ တော်အရ သင်္ကန်း သပိတ် အဝတ် အုံးခဲ့က စသော အသုံး အဆောင်များကို ကိုင်တိုင်း ယူတိုင်း "ကိုင်ချင်တယ်, ကိုင် တယ်"စသည်ဖြင့် စေ့စေ့စပ်စပ် မှတ်ရမယ်။

အသိတေ ပီတေ ခါယိတေ သာယိတေ သမူဇာနကာရီ၊ ဒီဒေသနာတော်အရ စားတိုင်း သောက်တိုင်း စေ့စေ့စပ်စပ်

မှတ်ရမယ်၊ ဒီနေရာမှာတော့- မှတ်စရာတွေက အလွန်များတာဘဲ။

ဥစ္စာရ ပဿာဝကမွေ့ သမ္မဇာနကာရီ၊ ဒီဒေသနာတော်အရ ကျင်ကြီး ကျင်ငယ် စွန့်တဲ့အခါမှာလဲ ထင်ရှားတဲ့ ကိုယ်အမူအရာတွေကို စေ့စေ့စပ်စပ် မှတ်ရမယ်။

ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္မဇာနကာရီ၊ ဒီဒေသနာတော်အရ သွားလျှင် ရပ်လျှင် ထိုင်လျှင် အိပ်လျှင် နိုးလျှင် ပြောဆိုလျှင် ဆိတ် ဆိတ် နေလျှင် အဲဒီ ကိုယ်အမူအရာ တွေကိုလဲ အကုန်လုံး စေ့စေ့စပ်စပ် မှတ်ရမယ်။

အတိုချုပ်အားဖြင့် ဆိုယင် နှုတ်ခမ်းလှုပ်မှု, လျှာလှုပ်မှု, မျက်စိဖွင့်မှု, မှိတ်မှု, မျက်တောင်ခတ်မှု တိုင်အောင် ကိုယ်အမူအရာ ဟူသမျှကို သေးသေး ကြီးကြီး အကုန်လုံး စေ့စေ့စပ်စပ် စူးစိုက်ပြီး မှတ်သိနေရမယ်လို့ ဆိုလိုပါတယ်။

ဒီလို မပြတ် မှတ်နေယင် သမာဓိဉာဏ် ရင့်လာတော့ ပြုပြင်မယ်ကြံတဲ့ စိတ်ကလေးများကိုလဲ ထင်ရှား သိသိ လာပါတယ်၊ အဲဒီလို အခါမှာ စိတ်အဆင့်ဆင့်နဲ့ တောင့်တင်းလှုပ်ရှားမှု ရုပ်အဆင့်ဆင့်ချည်းသာ တခုပြီးတခု ပေါ်ပေါ်ပြီး ပျောက်ပျောက် သွားတာကို မပြတ် သိနေပါတယ်။ ဒီတော့-**"အမူအရာ တစုံတခုကို ပြုတတ်တဲ့ ငါကောင်ရယ်လို့ မရှိဘူး၊ ဒီစိတ်အဆင့်ဆင့်နဲ့ ရုပ်အဆင့်ဆင့် ရှိတာဘဲ"** လို့ အလိုလိုပင် အသိဉာဏ် ရှင်းသွားပါတယ်။ အဲဒါဟာ **အသမွောဟသမ္ပဇဉ်ပါဘဲ**။

မှတ်သိမှု- ဂေါစရသမ္ပဇဉ်နဲ့ ရှုင်းလင်း ဆုံးဖြတ်မှု-အာသမ္မောဟသမ္ပဇဉ် ဆိုတဲ့ ဒီဉာဏ် ၂-မျိုးဟာ တဆင့်ထက် တဆင့် ရင့်ပြီး နောက်ဆုံးကျတော့ ဒီလို မှတ်သိနေရင်းထဲက ပင် ရုပ်နာမ်-သင်္ခါရအားလုံး ဆိတ်သုဉ်းချုပ်ငြိမ်းရာ နိဗ္ဗာန် သို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ဆိုက်ရောက်သွားပါတယ်၊ ဒီလို ဆိုက်ရောက်သွားအောင် အားထုတ်ကြဘို့ ယခု တစ္ဆန်းတစ လောက်ကို ညွှန်းပြရတာဘဲ။

ကဲ-ဒီကနေ့ တရားကို ဒီတင်ဘဲ အဆုံးသတ်တော့မယ်။ နောက်သီတင်းနေ့မှာ ငိုပဿနာ ဉာဏ်စဉ်မျှားနှင့် တကွ အပြည့်အစုံ ဟောမည့် စတုတ္ထပိုင်း တရားတော်ကို ဆက်လက်၍ နာယူနိုင်ကြပါစေ။

တတိယပိုင်း ပြီး၏။

၁၃၁၃-ခု၊ ကဆုန်လပြည့်ကျော် ဂ-ရက်နေ့ညတွင်

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား

အသံလွှင့် ဟောကြားသည့်

မဟာသတိပဋ္ဌာန်တရားတော်ကြီး

(စတုတ္ထပိုင်း)

ဒီကနေ့တော့ မဟာသတိပဋ္ဌာန် တရားတော်ကို နိဂုံးချုပ်အနေနဲ့ ဟောရတော့မယ်။ အလျင် နေ့မျးက ၃-ပတ်ဆက်ပြီး ဟောလာခဲ့တာဟာ ကာယာနုပဿနာမှာတော့ တော်တော် စုံသွားပါပြီ၊ ဒီကနေ့ဘော့ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာမျးနှင့် တကွ ဝပဿနာဉာဏ် အဆင့်ဆင့် တက်သွားပုံကို တော်တော်စုံလင်အောင် နာကြရပါလိမ့်မယ်။ သို့ပေမယ့်....**သုတနဲ့ ကိုယ်တွေ့ မရှိယင်တော့** ခပ် ခက်ခက်ဖြစ်နေမှာဘဲ။

ဝိပဿနာ ရှုနည်းက သမထယာနိကနည်း, ဝိပဿနာယာနိကနည်းလို့ အခြေခံ အားဖြင့် ၂-မျိုးရှိတယ်။ **သမထယာနိကနည်း** ဆိုတာက ဥပစာရ, အပ္ပနာစျာန်မျးကို ရအောင် အားထုတ်ပြီးတော့ အဲဒီစျာန်ကစပြီး ဝိပဿနာရှုတဲ့ နည်းပါဘဲ။ **ဝိပဿနာ ယာနိကနည်း** ဆိုတာကတော့ ဥပစာရ သဖာဓိ,အပ္ပနာသမာဓိ ဆိုတဲ့ ဒီသမာဓိ ၂-ပါးလုံးကို မထူထောင်တော့ဘဲ ဝိပဿနာ သက်သက်ရှုတဲ့နည်းပါဘဲ။

ဒီနည်းမှာ “ဥပစာရ သမာဓိလဲ မပါဘူး၊ အပ္ပနာသမာဓိလဲ မပါဘူး”ဆိုတာ ထင်ရှားအောင်လို့ **သုဒ္ဓ** ဆိုတဲ့ ပုဒ်နဲ့တွဲပြီး **သုဒ္ဓဝိပဿနာယာနိကနည်း**လို့လဲ ခေါ်ပါတယ်။ ပြီးတော့— ဝုတ္တပ္ပကာရံ သမထံ အနုပ္ပါဒေတ္ဝာဝ လို့လဲ အဋ္ဌကထာမှာ ဆိုထားပါတယ်။ **သမာဓိ ၂-မျိုးကို မဖြစ်စေဘဲနဲ့** ရှုတယ်လို့ ဆိုလိုပါတယ်။ သို့ပေမယ့် ရုပ်နာမ်တွေကို စူးစိုက်ပြီး ရှုနေရင်းပင် ဝိပဿနာ ဓဏိကသမာဓိက ထက်သန်စွာ ဖြစ်လာပါတယ်။ သူကလဲ ဥပစာရသမာဓိလို့ဘဲ အင်အားရှိတဲ့အတွက် နီဝရဏတရားတွေကို ကောင်းကောင်းကြီး ငြိမ်းစေနိုင်ပါတယ်။ ဒါကြောင့် များစွာသော အဋ္ဌကထာတွေမှာ **ဒီဝိပဿနာဓဏိက သမာဓိကိုလဲ ဥပစာရသမာဓိထဲမှာ ထဲ့ပြီး** မိန့်ဆိုထားပါတယ်။ အခုလို ပြောနေရတာကတော့ “သမာဓိကို သီးခြား မထူထောင်ပေမယ့် **စိတ္တဝိသုဒ္ဓိ ဖြစ်နိုင်တယ်**” ဆိုတာကို နားလည်စေချင်လို့ပါဘဲ။

ဝိပဿနာဆိုတာ “**ပဋ္ဌပါဒါနက္ခန္ဓေ ဝိပဿတိ**”လို့ ဆိုတဲ့အတိုင်း“နိစ္စ သုခ အတ္တ”လို့ စွဲလမ်းနိုင်တဲ့ ရုပ်နာမ် ခန္ဓာတွေကို အဲဒီလို အစွဲအလမ်းတွေ ကင်းသွားအောင် ရှုရတာဘဲ။ ဒုရုပနာမခန္ဓာတွေ ဆိုတာကလဲ လူတို့ငါးလူတို့ငါးရဲ့ သန္တာန်မှာ ဒုံရိရခြောက်ပါးက အထင်အရှားဘဲ ဖြစ်ပေါ်နေပါတယ်။ ဘယ်လိုလဲဆိုတော့— မြင်ခိုက်မှာ မျက်စိနဲ့ **အဆင်း** ဆိုတဲ့ **ရုပ်ခန္ဓာ**လဲ ထင်ရှားပေါ်နေပါတယ်။ **မြင်မှု** ဆိုတဲ့ **နာမ်ခန္ဓာ**တွေလဲ ထင်ရှား ပေါ်နေပါတယ်။ ကြားခိုက် နံခိုက် စားခိုက် တွေ့ထိခိုက် ကွေးခိုက် ဆန့်ခိုက် လှုပ်ရှားခိုက် ကြံစည် စဉ်းစားခိုက်တွေမှာလဲ နည်းတူပင် ထင်ရှား ပေါ်နေပါတယ်။

သို့ပေမယ့် “သတိမမူ-ဂူမမြင်” ဆိုတာလိုဘဲ ရှုမှတ်ခြင်း မရှိတဲ့ သာမန် ပုဂ္ဂိုလ်တွေကတော့ ဒီလို ထင်ရှားပေါ်နေတဲ့ ရုပ်နာမ်တွေကို ရှေးနောက် ရုပ်နာမ်တွေနဲ့ တပေါင်းထဲ တခု ထဲ ထင်ပြီး မြဲနေတဲ့ ငါကောင် သတ္တဝါကောင်လို့လဲ စွဲလမ်း နေကြတာဘဲ၊ ချမ်းသာကောင်းစားနေတဲ့ ငါကောင်, သတ္တ ဝါကောင်လို့လဲ စွဲလမ်းနေကြတာဘဲ။

မြင်ခိုက် ကြားခိုက် စသည်မှာ စူးစိုက်ပြီး **“မြင်တယ် ကြားတယ်”** စသည်ဖြင့် မပြတ် ရှုမှတ်နေယင်တော့ ထင်ရှား ပေါ်လာတဲ့ အဲဒီ ရုပ်နာမ်ခန္ဓာတွေကို တကန့်စီ တကန့်စီ ပိုင်းဖြတ်ပြီး အနိစ္စ, ဒုက္ခ, အနတ္တဘဲလို့ အမှန်အတိုင်း သိသိ သားနိုင်ပါတယ်။ ဒါကြောင့် မြင်တိုင်း ကြားတိုင်း တွေ့ တိုင်း သိတိုင်း ဒုါရ ၆-ပါးက ထင်ရှားပေါ်လာတဲ့ ရုပ်နာမ် ခန္ဓာတွေကို **ပေါ်ခိုက် ပေါ်ခိုက်မှာဘဲ** စူးစိုက်ပြီး **ရှုမှတ်ရ ပါတယ်။** သို့ပေမယ့် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ပေါ်လာသမျှကို အကုန်လုံး ရှုမှတ်နိုင်တာကတော့ သမာဓိဉာဏ် ရင့်သန်တဲ့ အခါကျမှဘဲ ပြည့်စုံပါတယ်။ အားထုတ်ခါစမှာတော့ အကုန်လုံး လိုက်ပြီး မရှုနိုင်သေးပါ ဘူး။ အဲဒီလို အကုန်လုံး လိုက်ပြီး ရှုနေယင် အားထုတ်စ ပုဂ္ဂိုလ်မှာ သမာဓိဉာဏ် မဖြစ်နိုင်ပါဘူး။ ဒါကြောင့် **အဋ္ဌ ကထာမှာ “ထင်ရှားသိလွယ်တဲ့ရုပ်ကစပြီး ရှုရမယ်” လို့ ဆိုထား ပါတယ်။** ပြီးတော့- ရုပ် ၂၈-မျိုးထဲမှာလဲ အကြမ်းဆုံး ဖြစ်တဲ့ မဟာဘုတ်ရုပ်ကြီးတွေကစပြီး ရှုရမယ်လို့ ဆိုထားပါ ကယ်။ ဒီမဟာဘုတ် ၄-ပါးထဲက ပထဝီ, တေဇော, ဝါယော ဆိုတဲ့ ဓာတ် ၃-ပါးဟာ တွေ့ထိပြီး သိရတဲ့ ဖောဋ္ဌဗ္ဗရုပ်ချည်း

ဘဲ။ ဒီတော့ ကိုယ်ထဲမှာ ထင်ရှား ဖော်ထုတ်တာကို စူးစိုက်ပြီး "ထိတယ် ထိတယ်" စသည်ဖြင့် ရှုမှတ်နေယင် ခက်မာ ကြမ်းနုန့ ဆိုတဲ့ **ပထဝီဓာတ်** ကိုဘဲ ဖြစ်ဖြစ်၊ ပူနွေး အေးတဲ့ **တေဇော ဓာတ်**ကိုဘဲ ဖြစ်ဖြစ်၊ တောင့်တင်းလှုပ်ရှားတဲ့ **ဝါယောဓာတ်** ကိုဘဲ ဖြစ်ဖြစ်၊ ဟာဒီ ဓာတ် ၃-ပါးထဲက တပါးပါးကို သိတာကတော့ ကိန်းသေနေတာဘဲ။ **အာပေါဓာတ်** ဆိုတာကတော့ တွေ့ထိရတဲ့ ရုပ်မဟုတ်ပါဘူး၊ ဒါပေမယ့် တွေ့ထိရာမှာ စိုက်ပြီး မှတ်နေယင် ယိုစီးမှု, စိုထိုင်းမှု, ငှဲ့စေးမှု ဆိုတဲ့ အာပေါရဲ့ **လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်** တွေကိုလဲ ထင်ရှားသိနိုင်တာဘဲ။ ဒါကြောင့် ကိုယ်အမှုအရာ အတွေ့အထိမျှားကို စူးစိုက်ပြီး မှတ်တိုင်း မှတ်တိုင်း ဓာတ်လေးပါးထဲက တပါးပါးကို လက္ခဏာ ရသ စသည်နဲ့ မှန်ကန်စွာ သိသိ သွားတယ်ဆိုတာကို နားလည်ထားကြရမည်။

ဒီဓာတ်လေးပါးထဲက ဝါယောမာတ် သိပုံတခုကိုတော့ ပြလိုက်ရဦးမယ်။ "သွားတယ်, ရုပ်တယ်" ဂသည်ဖြင့် မှတ်တဲ့ အခါမှာ **ထောက်ကန် တောင့်တင်းမှု**ကို သိသိ သွားတာက ဝါယောဓာတ်ကို **ဝိတ္ထမ္ဘနလက္ခဏာ**နဲ့ သိတာဘဲ၊ တရွေ့ချင်း ရွေ့ရှားမှုကို သိသိ သွားတာက **သမုဒီရဏရသ**နဲ့ သိတာဘဲ။ ဆဲ့ဆောင် နေသလို, **တွန်းပို့** နေသလို သိသိ သွားတာက အဘိနီဟာရ ပစ္စုပဋ္ဌာန်နဲ့ သိတာဘဲ။ ပထဝီ, အာပေါ, တေဇော-တို့ကို သိရုံမှာလဲ ဒီနည်းအတိုင်း ပါဘဲ။ **အချုပ်** အားဖြင့် ဆိုတော့ ဘယ်တရားဘဲဖြစ်ဖြစ်၊ ထင်ရှားပေါ်လာ တုန်းသာ စူးစိုက်ပြီး မှတ်၊ ဒီလို မှတ်ယင်၊ အဲဒီတရားကို သူ့ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်နဲ့ သိသွားတာချည်းဘဲလို့ ကိန်းသေ

မှတ်ထားကြရမယ်။ ဒီလို သိတာဟာ "လက္ခဏာရသ စသည်နဲ့ သိမ်းဆည်းရမယ်"လို့ ဆိုထားတဲ့ **ဝိသုဒ္ဓိမဂ်**နဲ့လဲ ညီနေပါတယ်။ ဒီလို ညီနေတာကလဲ တခြားကြောင့် မဟုတ်ပါဘူး၊ ဝိသုဒ္ဓိမဂ်ကိုက ဒီ သတိပဋ္ဌာန် ပါဠိတော်နည်းကို ယူပြီး ရေးထားလို့ပါဘဲ။

ဒါကြောင့် သတိပဋ္ဌာန်ပါဠိတော်ထဲမှာ ဝိပဿနာ ရှုပုံတွေကို အပြည့်အစုံဘဲ ဟောထားတယ်လို့ တထစ်ချ ဆုံးဖြတ်ပြီး ဣရိယာပထပိုင်း, သမ္ပဇညပိုင်းမျှားမှာ ပြခဲ့တဲ့ အတိုင်း ဖြစ်ပေါ်ဆဲ ကိုယ်အမူအရာတွေကို ဖြစ်ခိုက် ဖြစ်ခိုက်မှာဘဲ မလစ်လပ်ရအောင် မပြတ် စူးစိုက်ပြီး ရှုမှတ်နေရမယ်။ ဒီလို မှတ်နေဆမှာ ညောင်းမှု, ပူမှု, နာကျင်မှု စသော ဒုက္ခဝေဒနာ တမျိုးမျိုး ပေါ်လာပြန်ယင် အဲဒီ ဝေဒနာကိုဘဲ စူးစိုက်ပြီး မှတ်ရဦးမယ်။ သုခဝေဒနာ, ဥပေက္ခာဝေဒနာ ထင်ရှားယင်လဲ နည်းတူဘဲ မှတ်ရမယ်။ ထင်ရှားပေါ်လာတဲ့ ဝေဒနာကို ဒီလို မှတ်သိနေတာက **ဝေဒနာနုပဿနာ**ဘဲ။ ဒီနေရာမှာလဲ ကလေးအသိ, သာမာန်လူကြီးအသိမျှားနဲ့ ယောဂီရဲ့ အသိထူးခြားပုံကို အဋ္ဌကထာမှာ ရှင်းပြပါသေးတယ်။ သို့ပေမယ့် အချိန်ကမလုံလောက်လို့ ဆရာတောကတော့ တုတ့် ရှင်းရတော့မှာဘဲ။ ယောဂီရဲ့အသိ ဘယ်လောက် ထူးခြားမြင့်မြတ်တယ် ဆိုတာကို သေသေချာချာ သိချင်ကြယင် ကျကျနနသာ အားထုတ်ကြည့်ကြပါ။ လေး ငါး ခြောက်ရက်လောက် အားထုတ်မိယင်ကို မမှေးနိုင်အောင် အသိ ရှင်းသွားပါလိမ့်မယ်။

ပြီးတော့ - ကိုယ်အမူအရာတွေကို မှတ်နေဆဲမှာ ဟိုရောက် ဒီရောက်နဲ့ စိတ်ကူးတွေ ဖြစ်လာတာကိုလဲ တွေ့ရလိမ့်မယ်။

အဲဒီစိတ်တွေကိုလဲ မလွတ်စေနဲ့၊ ပေါ်လာတိုင်း ပေါ်လာတိုင်း "သွားတယ်, ကြံတယ်, သိတယ်" စသည်ဖြင့် မှတ်လိုက်ရမယ်၊ အဲဒါက **စိတ္တာနုပဿနာ**ဘဲ။ ဒီ စိတ္တာနုပဿနာကို "သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ" စသည်ဖြင့် ဟောထားပါတယ်။ အဋ္ဌကထာမှာလဲ စိတ်တိုင်း စိတ်တိုင်းကို **ဖြစ်ခိုက် ဖြစ်ခိုက်မှာဘဲ မှတ်ရမယ်** လို့ သေသေချာချာဘဲ ပြဆိုထားပါတယ်။

ပြီးတော့ - **ကာမစ္ဆန္ဒ** ခေါ်တဲ့ လိုချင် နှစ်သက်မှု၊ **ဗျာပါဒ**ခေါ်တဲ့ စိတ်ပျက်မှု၊ထိနမိဒ္ဓခေါ်တဲ့ ထိုင်းမှိုင်း ပျင်းရိမှု **ဥဒ္ဓစ္စ** ခေါ်တဲ့ စိတ်ပုံလှွင့်မှု၊ **ကုက္ကုစ္စ** ခေါ်တဲ့ နောင်တ ပူပန်မှု၊ **ဝိစိကိစ္ဆာ**ခေါ်တဲ့ ယုံမှားဝေဘန်မှု၊ ဒီ **နီဝရဏတရား ဆိုးတွေ** ဖြစ်ပေါ်လာယင်လဲ လိုချင်တယ် နှစ်သက်တယ် စိတ်ပျက်တယ် စသည်ဖြင့် မပျောက်မချင်း မှတ်ရမယ်၊ အား ထုတ်ခါစတော့ အတန်ကြာအောင်လဲ မှတ်ရတတ်တယ်။ သို့ပေမယ့်- သတိ သမာဓိ ဉာဏ် ရင့်သန်လာတဲ့ အခါကျတော့ "လူကြီးက **ဟဲ့လို့မာန်လိုက်တာနဲ့ ငြိမ်သွားတဲ့ကလေးလို့ ဘဲ**" တချက်ထဲ မှတ်လိုက်ရုံနဲ့ နီဝရဏတွေ ပျောက်ပျောက် သွားတာကို တွေ့ရပါလိမ့်မယ်။ ဒီလို နီဝရဏ တရားတွေကို ပေါ်လာတိုင်း ပေါ်လာတိုင်း ရှုမှတ်ထာက **ဓမ္မာနုပဿနာရဲ့ တစိတ်တဒေသဘဲ**။

ဟော-အချိန်က နဲသွားပြီ၊ ခန္ဓာ အာယတန ဗောဇ္ဈင် သစ္စာတွေကိုတော့ ဟောချိန် မရှိတော့ဘူး။ ဉာဏ်ဖြစ်ပုံကိုလဲ အတိုချုပ် ဟောရတော့မှာဘဲ။ ယခုပြောခဲ့တဲ့အတိုင်း ရုပ်နာမ် အမှုအရာတွေကို မပြတ် မှတ်နေတဲ့ ယောဂီမှာ **ဓဏိကသမာဓိ**

အားရှိလာတော့ မှတ်စိတ်က မှတ်ရာအာရုံမှာချည်း တန်းကနဲ စိုက်ကနဲ ကျကျသွားနေတော့တာဘဲ။ ဒါကြောင့် ပုံလွှင့်မှု မရှိတော့ဘဲ မှတ်စိတ်ချည်း စင်ကြယ်နေတာကို တွေ့ရပါတယ်။ အဲဒါဟာ စိတ္တဝိသုဒ္ဓိပါဘဲ။

အဲဒီ အခါမှာ "တဒါရမ္မဏာ အရူပမှာ **သယမေဝ ပါကဋာ**"လို့ ဆိုတဲ့ အတိုင်းဘဲ မှတ်စိတ်ကလဲ သူ့အလိုလိုပင် ထင်ရှားနေတော့တာဘဲ။ ဒါကြောင့် - မှတ်ရတဲ့ ရုပ်နဲ့ မှတ်စိတ်-နာမ်ဆိုတဲ့ ဒီ ၂-ခု ၂-ခု ထဲသာ မှတ်တိုင်း မှတ်တိုင်း အတွဲလိုက် အတွဲလိုက် ဖြစ်နေတာကို ထင်ရှား တွေ့ရတယ်။ ဒီတော့ - "**ဒီ ရုပ်နာမ် ၂-ခု အပြင်၊ ငါကောင်, သတ္တဝါ ကောင်ရယ်လို့ မရှိဘူး**"ဆိုတာကို နှစ်နှစ်ခြိုက်ခြိုက်ပဲ သဘောကျသွားပါတယ်။အဲဒါဟာ **နာမရူပ ပရိစ္ဆေဒဉာဏ်**နဲ့ **ဒိဋ္ဌိဝိသုဒ္ဓိ** ပါဘဲ။

ပြီးတော့- ကွဲးချင်မှု စသော စိတ်အကြောင်း ရှိမှု ကွဲးမှု စသော ရုပ်အကျိုး ဖြစ်နိုင်တာကိုလဲ ထင်ရှားတွေ့ရတယ်၊ မြင်စရာ အဆင်းစသော အာရုံလဲ ရှိမှု မျက်စိ စသော တည်ရာလဲ ရှိမှု မြင်မှု စသော စိတ်နာမ် အကျိုး ဖြစ်နိုင်တာကိုလဲ ထင်ရှား တွေ့ရတယ်။ ဒါကြောင့် ယောဂီဟာ မှတ်သိနေရင်းပင် "**အကြောင်းနဲ့ အကျိုးမျှ ရှိတာဘဲ၊ ကွဲးအောင့်, ဆန့်အောင့်,မြင်အောင့်,ကြားအောင့် ဖြိုလုပ်ပေးတဲ့ ငါကောင် ရယ်လို့ မရှိဘူး**"ဆိုတာကို ရှင်းရှင်းလင်းလင်း သဘောကျသွားပါတယ်။ ဒါကတော့- **ပစ္စယပရိဂ္ဂဟဉာဏ်**နဲ့ **ကင်္ခါဝိတရဏဝိသုဒ္ဓိဘဲ**။ ဒီ ဝိသုဒ္ဓိ လောက်တော့ တကယ်အားထုတ်ယင် ၂-ရက်၊ ၃-ရက် လောက်နဲ့ ရောက်နိုင်ပါတယ်။

ပြီးတော့ - မှတ်တိုင်း မှတ်တိုင်း ပေါ်လာသမျှ အာရုံ ဟာ မကြာခင်ဘဲ ပျောက်ပျောက် သွားတာကို တွေ့ရ တယ်။ မခဏာတဲ့ ဝေဒနာတွေကလဲ များစွာ တွေ့ရတတ တယ်။ဒါကြောင့်-**“ပေါ်လာပြီး ပျောက်ပျောက်သွားလို့ မမြဲ တာချည်းဘဲ”**လို့လဲ ဆင်ခြင်မိတယ်၊ **“ပေါ်မှု ပျောက်မှုက နှိပ်စက်နေလို့ ဆင်းရဲချည်းဘဲ၊မခံသာလို့လဲ ဆင်းရဲချည်းဘဲ”** လို့လဲ ဆင်ခြင်မိတယ်၊ **“သူ့သဘောအတိုင်း ဖြစ်ပျက်နေလို့ အစိုးမရတဲ့သဘောချည်းဘဲ”**လို့လဲ ဆင်ခြင်မိတယ်။ဒါကတော့ **သမ္မသနဉာဏ်ဘဲ။**

ပြီးတော့- မှတ်တိုင်း မှတ်တိုင်း မှတ်ရတဲ့ အာရုံဟာ ပေါ် လာပြီးယင် ချက်ချင်းဘဲ ပျောက်ပျောက်သွားတာကို ထင် ရှား တွေ့ရတယ်။ ဒါကြောင့် **တနေရာက ရုပ်နာမ်ဟာ တခြား တနေရာသို့ မရောက်ဘဲ၊ သူ့နေရာမှာဘဲ ပျောက်သွားတာကို ရှင်းလင်းစွာ မျက်မှောက်တွေ့ရပါ့မယ်။** အဲဒါဟာ **ဥဒယဗ္ဗယ ဉာဏ်ပါဘဲ။** ဒီ ဉာဏ်ကိုလဲ တင်းတင်းရင်းရင်း အားထုတ်ယင် လေးငါးရက်လောက်နဲ့ ရောက်နိုင်တာဘဲ။

ဒီဉာဏ် ဖြစ်ခါစမှာ အလင်းရောင်တွေ့, ပီတိအရသာတွေ့ ပဿဒ္ဓိအရသာတွေ့, စတချမ်းသာတွေ့, ဒလုံအရသာထူးတွေ့ ကိုလဲ တွေ့ရပါတယ်။ ဒါကြောင့်-ဘယ်တော့ကမှ မတွေ့ ဘူးတဲ့ တရား အရသာထူးတွေကို ခံစားပြီး အလွန်လဲ ဝမ်း သာနေမိတတ်ပါတယ်။အဲဒါတွေကတော့ **ဥပက္ကိလေသ**တွေဘဲ၊ ဒါတွေကိုတော့ မှတ်မှတ်ပြီး ပယ်ရတယ်။ ဒီ ဥပက္ကိလေသ အရာမှာ ပြောပြစရာတွေကတော့ အလွန်များတာဘဲ။**ဝိပဿ နာရှုနည်းကျမ်း ဒုတိယတဲ့** မှာဘဲ ကြည့်ကြပါလေတော့။

ပြီးတော့-မှတ်တိုင်း မှတ်တိုင်း မှတ်ရတဲ့ အာရုံရော မှတ်စိတ်ရော ရိပ်ကနဲ ရိပ်ကနဲ ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရပါတယ်။ **ပုံသဏ္ဌာန် အထည်ဖြစ်မရှိဘဲ တရိပ်ရိပ်နဲ့ လျင်မြန်စွာ ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရပါတယ်၊** အဲဒါကတော့ **ဘင်္ဂဉာဏ်ဘဲ**။ တချို့က ပုံသဏ္ဌာန် အထည်ဖြစ်အာရုံဝတ္ထုကြီးတွေ ဖရိုဖရဲ ပြိုကွဲ ကြေမွပြီး ပျက်စီးသွားတာကို မြင်ယင် ဘင်္ဂဉာဏ်ဘဲလို့ ထင်မှတ် နေတတ်တယ်။ အဲဒီလို ပုံသဏ္ဌာန် အထည်ဖြစ်ပျက်ကို မြင်တာကတော့ သမ္မသန ဉာဏ်ပိုင်းမှာ တွေ့တာမျိုးဘဲ။ ဘင်္ဂဉာဏ်မှာတော့ **ပုံသဏ္ဌာန်အထည်ဖြစ်ကိုမထင်တော့ပါဘူး**။ ဒါကြောင့် အထည်ဖြစ် ပုံသဏ္ဌာန် မထင်ဘဲ အာရုံရော မှတ်စိတ်ရော၊ တစုံလုံး တစုံလုံး ရပ်ကန် ရပ်ကန် ပျောက်ပျောက်သွားတာကိုချည်း မပြတ် သိနေမှ ဘင်္ဂဉာဏ်လို့ သေသေချာချာ မှတ်ထားကြ။ ဝိပဿနာဟာ ဒီဘင်္ဂဉာဏ် အထိ အချိုးတက်ဖြစ်ဘို့ အရေးကြီးပါတယ်။ ဒီဉာဏ်အထိ အချိုးကျလာယင် ဘယ့်အာဒီနဝ နိဗ္ဗိန္ဒ, မုဉ္စိတုကမျတာ, ပဋိသင်္ခါ, သင်္ခါရုပေက္ခာ စသော အထက် ဝိပဿနာဉာဏ်တွေဟာ အစဉ်အတိုင်း ဖြစ်သွားနိုင်ပါတယ်။ ဒါကတော့ အချိန်နဲလို့ ခံုးပြီး အလွယ်တကူပြောတာပါ။ အမှန်မှာတော့-မဂ်ဉာဏ် မရောက်သေးမချင်း အရှုပ်အထွေးကလေးတွေကတော့ ရှိနေသေးတာဘဲ။ ဒါကြောင့် အားပေးပြုပြင်မည့် ဆရာ ရှိနေဘို့ဟာ လိုနေသေးတာပါဘဲ။

သို့ပေမယ့်-ရှုမှတ်မှု တခုထဲကိုသာ အားကိုးပြီးတော့-ထင်ပေါ်သမျှ ရုပ်နာမ်တွေကို မဆုတ်မနစ် တမှတ်ထဲ မှတ်သွားယင် ယခု ပြောခဲ့တဲ့ ဉာဏ်တွေဟာ အစဉ်အတိုင်း ဖြစ်ပြီးတော့ နောက်ဆုံးမှာ ထူးခြားတဲ့**စဉ္ဇာနုဂါမိနီဝိပဿနာ** ဉာဏ်နဲ့

အနုလောမ ဉာဏ်ဆိုတာ ဖြစ်ပေါ်လာပါတယ်။ ဒါတွေ့ကတော့ မင်္ဂဉာဏ်ဆီကို **တဟုန်တည်း ထိုးတက်သွားတဲ့** ဉာဏ်ထူးတွေပေါ့။ ဒီလို ထိုးတက်လာရာက **အနုလောမဉာဏ်လဲဆုံးသွားရော၊** ဂေါတြဘူဉာဏ်, မင်္ဂဉာဏ်များ ဖြစ်ပေါ်ပြီး-သခ်ၤါရဒုက္ခလုံးဝချုပ်ငြိမ်းရာ နိဗ္ဗာန်အာရုံထဲသို့လဲ **ဖြုတ်ကနဲဆို ပြေးဝင်သွားပါရော။** အဲဒီလို အငြိမ်းဓာတ်ထဲသို့ ကျရောက်ပြေးဝင်သွားတာဟာ "ဓမ္မစက္ခုံ ဥဒပါဒိ ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ" ဆိုတဲ့ ပါဠိတော်များ၊ "အပ္ပဝတ္တမနုပ္ပတ္တော နိဗ္ဗာနံ သစ္ဆိကရောတိတိ ဝုစ္စတိ" ဆိုတဲ့ မိလိန္ဒပဉ္ဟာတို့နဲ့အညီ နိဗ္ဗာန်ကို မျက်မှောက် ပြုသွားတာပါဘဲ။ ဒီလို နိဗ္ဗာန်ကို မျက်မှောက် ပြုသွားနိုင်ဘို့ရာ မြတ်စွာဘုရားက မဟာသတိပဋ္ဌာန် တရားတော်ကို ဟောတော်မူခဲ့ပါတယ်။ နိဗ္ဗာန် သွားချင်ယင် သွားရအောင်လို့ လမ်းစလောက်တော့ ညွှန်ပြပြီးပါပြီ။ အပြည့်အစုံ သိချင်ကြယင်တော့ **ဝိပဿနာရှုနည်းကျမ်း**ကိုဘဲ စေ့စေ့စပ်စပ် ကြည့်ကြပါလေ။ တရားတော်ကိုတော့ ဒီမျှနဲ့ဘဲ အဆုံးသတ်တော့မယ်။

မဟာသတိပဋ္ဌာန်ဒေသနာတော်ကို ၎င်းလေးလေးစားစား
အားထား ယုံကြည်နိုင်ကြပါစေ။
အားထား ယုံကြည်၍ သတိပဋ္ဌာန် ၄-ပါးကို ပွါးများ
အားထုတ်နိုင်ကြပါစေ။
ပြည့်ပြည့်စုံစုံ အားထုတ်နိုင်ကြ၍ မဂ်ဖိုလ် နိဗ္ဗာန်ကို
အမြန် ဆိုက်ရောက်ကြပါစေ။

မဟာသတိပဋ္ဌာန် တရားတော်ကြီး ပြီးပြီ။

မဟာစည်ဆရာတော်ဘုရား

ဟောကြားတော်မူသော

ဓမ္မစကြာတရားတော်ကြီး

ဆောင်ပုဒ်များ

၁-အစုန်းပယ်၊ အလယ်သုံး

၁။ ကာမချမ်းသာ၊ သုံးဆောင်တာ၊ ပယ်ခွါ ရှောင်ရမည်။

၂။ မသုံးဆောင်ဘဲ၊ ကိုယ်ညှဉ်းဆဲ၊ ဒါလဲ ရှောင်ရမည်။

၃။ အစုန်း ၂-သွယ်၊ လမ်းမှားပယ်၊ အလယ်လမ်း မှန်သည်။

၄။ လမ်းမှန်ကို လျှောက်၊ ဉာဏ်မြင် ပေါက်၊ ဆိုက်ရောက် နိဗ္ဗာန်ပြည်။

၂-မဂ္ဂင်ရှစ်တန် လမ်းမှန်၏သရုပ်

မှန်စွာ မြင်သိ, ကြံမိ မှန်ကန်၊ (ပညာကွန်ရာ ၂-ပါး)

မှန်စွာပြော-ပြု, ရှာမှီလမ်းမှန်၊ (သီလကွန်ရာ ၃-ပါး)

မှန်စွာကြောင့်ကြ, မှတ်ရမှန်ကန်၊
စူးစိုက်ကပ်၊ ရှစ်ရပ် မဂ်လမ်းမှန်။ } (သမာဓိကွန်ရာ ၃-ပါး)

၃–အနု, အလတ်, အရင့် မဂ္ဂင် ၃-မျိုး

၁။ မူလ, ပုဗ္ဗ၊ အရိယ၊ သုံးဝ မဂ္ဂင်မြတ်။
(မူလမဂ္ဂင်၊ ပုဗ္ဗဘာဂ ဝိပဿနာမဂ္ဂင်၊ အရိယမဂ္ဂင်)

၂။ ဖြစ်ပွါးစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင် နိဗ္ဗာန်ဓာတ်။

၄–သစ္စာလေးတန် အမှန်လေးပါး

၁။ ဒုက္ခသစ္စာ၊ ဆင်းရဲ အစစ်အမှန်။

၂။ သမုဒယသစ္စာ၊ ဆင်းရဲဖြစ်ကြောင်း အစစ်အမှန်။

၃။ နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ အစစ်အမှန်။

၄။ မဂ္ဂသစ္စာ၊ ဆင်းရဲငြိမ်းရာ ဆိုက်ရောက်ကြောင်း အကျင့်လမ်းကောင်း အစစ်အမှန်။

၅-ဒုက္ခသစ္စာ

၁။ ဖြစ် အို သေရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေး-ကိုယ်နာကျင်။

၂။ နှလုံးမသာ၊ စိတ်ပြင်းစွာ၊ ပူတာ ဆင်းရဲပင်။

၃။ မုန်းသူနှင့်တွဲ၊ ချစ်သူကွဲ၊ ဆင်းရဲအမှန်ပင်။

၄။ မရတာ လို၊ ဒုက္ခဆို၊ တိုတို ပြောရလျှင်။

၅။ စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာ ဒုက္ခပင်။

၆-ညပါဒါန်နှင့် ညပါဒါနကွန်ဒ

၁။ ထင်လဲ့,သာယာ၊ စဲလမ်းတာ၊ ၂-ဖြာ ညပါဒါန်။

၂။ ငါ့,ငါ့ဥစ္စာ၊ စဲနိုင်တာ၊ ညပါဒါနကွန်။

၃။ ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်။

၇-သမုဒယသစ္စာ

၁။ ကာမတဏှာ၊ ကောင်းနိုးရာ၊ သာယာ နှစ်သက်မှု။

၂။ ဘဝတဏှာ၊ တည်မြဲသာ၊ ထင်ကာ နှစ်သက်မှု။

၃။ ဝိဘဝမှာ၊ ပြတ်စဲသာ၊ ထင်ကာ နှစ်သက်မှု။

၄။ ဆင်းရဲပွါးရန်၊ အကြောင်းမှန်၊ သုံးတန်တဏှာစု။

၈-နိရောဓနှင့်မဂ္ဂသစ္စာ

၁။ တဏှာချုပ်က၊ နိရောဓ၊ ဒုက္ခအငြိမ်းမှန်။

၂။ ငြိမ်းရာကိုပင်၊ ဆိုက်ရောက်မြင်၊ မဂ္ဂင် အကျင့်မှန်။

၉-ဉာဏ် ၃-ပါးနှင့် ၎င်းတို့၏ဖြစ်ရာကာလ

၁။ ရှေးနောက်ကာလ၊ မဂ်ခဏမှာ၊ လေးသစ္စာ၊ သိတာ သစ္စဉာဏ်။

(သစ္စဉာဏ်သည် မဂ်၏ ရှေးကာလမှာရော နောက်ကာလမှာရော မဂ်ခဏမှာရော ကာလသုံးပါးလုံး၌ ဖြစ်သည်ဟု ဆိုလို၏။)

၂။ သိသင့်, ပယ်သင့်၊ ဆိုက်, ပျံးသင့်၊ သိနှင့် ကိစ္စာဏ်။
(ကိစ္စာဏ်သည် မင်္ဂ၏ ရှေးအဘိုကပင် သိနှင့်သည်
ဖြစ်နှင့်သည်ဟု ဆိုလို၏။)

၃။ ကိစ္စပြီးလျှင်၊ ပြီးကြောင်းမြင်၊ ခေါ်တွင် ကတညာဏ်။
(မင်္ဂကိစ္စ ပြီးသောအခါ၌ ပြီးကြောင်း ပြန်လှည့်၍
ဆင်ခြင်သော ပစ္စဝေက္ခဏာညာဏ်- ကတညာဏ် ဖြစ်
သည်ဟု ဆိုလို၏။)

၁-သစ္စာဏ်၏ ကိစ္စ ၄-ပါး

၁။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိရသည်၊ ဤသို့ သိတာကို
ပရိညာပဋိဝေဓ ခေါ်သည်။

၂။ သမုဒယ သစ္စာကို ပယ်ရသည်၊ ဤသို့ ပယ်တာကို
ပဓာနပဋိဝေဓ ခေါ်သည်။

၃။ နိရောဓသစ္စာကို မျက်မှောက် ပြုရသည်၊ ဤသို့
မျက်မှောက်ပြုတာကို သစ္ဆိကိရိယာပဋိဝေဓ ခေါ်
သည်။

၄။ မဂ္ဂသစ္စာကို မိမိသန္တာန်၌ ဖြစ်ပွါးစေရသည်။ ဤသို့
ဖြစ်ပွါးစေတာကိုပင် ဘာဝနာပဋိဝေဓ ခေါ်သည်။

၅။ လေးသစ္စာမှ၊ နိရောဓ၊ မဂ်က သိမြင်လျှင်။

၆။ ပဋိဝေဓ၊ လေးကိစ္စ၊ ပြီးကြ အားလုံးပင်။

ကန်တော့ခန်း

သြကာသ, သြကာသ, သြကာသ၊ ကာယကံ, ဝစီကံ, မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေး ကင်းကြောင်း ကောင်းမှု မင်္ဂလာ ဖြစ်ပါစေခြင်းအကျိုးငှါ ဘုရားရတနာ, တရားရတနာ, သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး(ဆရာသမား)တို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှံ့ ကန်တော့ပါ၏အရှင်ဘုရား။

[ဆုပေးမည့်ပုဂ္ဂိုလ်ရှိလျှင် ဤတွင်ရပ်ပါ]

ဆုပေးမည့်ပုဂ္ဂိုလ်မရှိလျှင်

အောက်ပါဆုတောင်းကိုဆက်တောင်းပါ

ကန်တော့ရသော ဤကောင်းမှုကံ စေတနာတို့ကြောင့် အပါယ်(၄)ပါး, ကပ်(၃)ပါး, ရပ်ပြစ်(၈)ပါး, ရန်သူမျိုး(၅)ပါး, ဝိပတ္တိတရား(၄)ပါး, ဗျသနတရား(၅)ပါး, အနာမျိုး(၉၆)ပါး, မိစ္ဆာဒိဋ္ဌိ(၆၂)ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်သာဖြစ်၍ မင်္ဂတရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာ ရပါလို၏။ (အရှင်ဘုရား)။

အစိန္တေယျ အစိန္တေယျ၊ အပ္ပမေယျ အပ္ပမေယျ၊ မင်္ကုဆ မန္ဒိုင်းယျဉ် နိုင်ကောင်းသော ဂုဏ်တော်ပေါင်း အနန္တနှင့် လုံးဝညီသို့ ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၁ (က) အရဟံ-လွန်ကဲ ထူးမြတ်သော သီလဂုဏ် သမာဓိ ဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိညာဏဒဿနဂုဏ် တို့နှင့် ပြည့်စုံတော်မူသောကြောင့် လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ပေသော မြတ်စွာဘုရား။

၁ (ခ) အရဟံ-ဝါသနာနှင့်တကွ တထောင့်ငါးရာ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူပေသော မြတ်စွာဘုရား။

၁ (ဂ) အ-ရဟံ၊ လောဘ ဒေါသ မောဟ အစရှိသော ကိလေသာ ရန်သူတို့ကို ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား။

၁ (ဃ) အရ-ဟံ သံသရာစက်၏ ထောက် အကန့် တို့ကို ချိုးဖျက်တော်မူပြီးသော မြတ်စွာဘုရား။

၁ (င) အ-ရဟံ မျက်မှောက် မျက်ကွယ် အချင်း ခပ်သိမ်း စင်ကြယ်၍ ဆိတ်ကွယ်ရာ မရှိတော်မူသော မြတ်စွာဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ- သစ္စာလေးပါး ခပ်သိမ်းသော တရား တို့ကို သူတပါးအထံ နည်းမခံဘဲ ကိုယ် တိုင်ညာဏ် အဟုန်အစွမ်းဖြင့် စူးစမ်း ရှာဖွေကာ မှန်ကန်စွာ သိတော်မူပေသော မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော- ဝိဇ္ဇာ မည်သော ဉာဏ်ထူး ၃-ပါး, ဉာဏ်ထူး ၈-ပါး၊ စရဏ မည်သော အခြေခံ အကျင့်တရား ၁၅-ပါးတို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၄။ (က) သုဂတော-သတ္တဝါတို့အား အကျိုးများကြောင်း ဟုတ်မှန်သော စကားကောင်းကိုသာ မြွက်ဆို တော်မူတတ်ပေသော မြတ်စွာဘုရား။

၄။ (ခ) သုဂတော-မဂ္ဂင်ရှစ်ဖြာ တင့်တယ်သော အမှုအရာ ဖြင့် ကောင်းစွာ သွားခြင်း, ကောင်းစွာ ဖြစ်ခြင်း ရှိတော်မူပေသော မြတ်စွာဘုရား။

၅။ လောကဝိဒူ- လောက၏ အကြောင်းအရာအလုံးစုံ ကို အကုန်အစင် သိမြင်တော်မူပေသော မြတ်စွာ ဘုရား။

၆။ (က) အနုတ္တရော-အမြင့်အမြတ်ဆုံး ဖြစ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏ ဒဿနဂုဏ်တို့နှင့် ပြည့်စုံတော် မူသောကြောင့် လောကဓာတ်အလုံးဌ အမြင့်အမြတ်ဆုံးဖြစ်တော် မူသော မြတ်စွာဘုရား။

၆။ (ခ) ပုရိသဒမ္မသာရထိ- ယဉ်ကျေး လိမ္မာ ပညာ အသိ မရှိကြသေး မပြည့်ဝသေးဘဲ ဆုံးမပေးထိုက်သော ပုဂ္ဂိုလ်တို့အား ယဉ်ကျေးလိမ္မာ ပညာ ပြည့်ဝ အချိုးကျအောင် ဆုံးမ သွန်သင်တော်မူတတ်ပေ သော မြတ်စွာဘုရား။


၆။ (၀) အနုတ္တရော ပုရိသဒမ္မသာရထိ- ဆုံးမ ထိုက်သော ပုဂ္ဂိုလ်တို့အား ညှဉ်ကြားသွန်သင် ပဲ့ပြင် ဆုံးမမှု၌ အတုမရှိ အမြတ်ဆုံး ဖြစ်တော်မူပေသော မြတ် စွာဘုရား။


၇။ သတ္ထာ ဒေဝမနုဿာနံ-ချမ်းသာရကြောင်း လမ်း ကောင်းညွှန်ပြ ဆုံးမတော် မူတတ်၍ လူနတ်တို့၏ ဆရာမြတ်အစစ် ဖြစ်တော်မူပေသော မြတ်စွာ ဘုရား။

၈။ ဗုဒ္ဓေါ-တရားအလုံးစုံကို အကုန် သိတော်မူပေ သော မြတ်စွာဘုရား။

၉။ ဘဂဝါ- ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ် တော်အနန္တ တန်ခိုးတော်အနန္တတို့ဖြင့် လုံးဝဉာဏ် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

အရဟံ-အစစ်ရှိသော ကိုးပါးသော ဂုဏ်တော် ဆယ်ပါး သော ဂုဏ်တော် အနန္တဂုဏ်တော် ကျေးဇူးတော် အပေါင်း တို့နှင့် ပြည့်စုံတော်မူသော သက်တော် ထင်ရှား သဗ္ဗညု မြတ်စွာဘုရားကို ဘုရား တပည့်တော်သည် ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ ပါ၏ မြတ်စွာဘုရား။





ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

ရန်ကုန်မြို့ သာသနာ့ရိပ်သာ

ကျေးဇူးတော်ရှင်

မဟာစည် ဆရာတော်ဘုရားကြီး

ရေးသားတော်မူအပ်သော

ကမ္မဋ္ဌာန်းတရား

အားထုတ်ရန်ခြင်းအကြောင်း

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ

ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်

သာသနာ ၂၅၁၄ ခေတာ ၁၃၁၂ ဖေဖော်ဝါရီလ ၁၉၇၁

ထုတ်ဝေသူ။ ။မင်္ဂလာဦးအောင်မြင့် မှတ်ပုံတင်အမှတ် (ဝ၁၁၆၇)
အကျိုးတော်ဆောင် (ပဋိပတ္တိသာသနာပြု မဟာစည်
ရုံပုံငဲ့) ဗုဒ္ဓသာသနာနှဂုဟာအဖွဲ့ချုပ်၊ အမှတ် ၁၆၊
သာသနာ့ရိပ်သာ ဟာမစ်တိတ်လမ်း ကုက္ကိုင်း၊ ရွှေဂုံတိုင်
စာတိုက်၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၄၇၀၄)

သတ္တမအကြိမ်ရိုက်နှိပ်ခြင်း—၁,၀၀,၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ
ဗုဒ္ဓသာသနာဘဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်)
ဦးလှမောင် M.A.,M.S.,B.L. (မှတ်ပုံတင်အမှတ် ဝဂ၇၉)က ပုံနှိပ်သည်။

ဤ စာအုပ်

ဤကမ္ဘာ့နေရာတွင် အားထုတ်ရခြင်းအကြောင်း စာအုပ်ဖြစ်ပေါ်လာခြင်း အကြောင်းရင်းမှာ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က ဂျပန်ပြည်တွင် ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းလင်းပြန့်ပွားရန် အလို့ငှါ စတင်ဆောင်ရွက်ရာတွင် ထေရဝါဒ ဗုဒ္ဓသာသနာ၏ အကြောင်းအရာဆိုင်ရာ ကျမ်းစာအုပ်များကိုလည်း အင်္ဂလိပ်ဘာသာ ဂျပန်ဘာသာဖြင့် ပုံနှိပ်ဖြန့်ချိရန် ရည်ရွယ်ခဲ့ပေသည်။

သို့ ရည်ရွယ်ခဲ့သည့်အလျောက် ပဌမဦးစွာ အနေအားဖြင့် **ထေရဝါဒ ဗုဒ္ဓသာသနာ စာအုပ်** တအုပ် ဖြစ်မြောက်ရေး အတွက် ရန်ကုန်မြို့ ယူနိဗာစီတီကျောင်းတိုက် အာဘိဓမ္မကထိက အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးသေဋ္ဌလင်္ကာရ ကျမ်းစာ၏ မာတိကာတို့ကို ပါဝင်ရေးသားတော်မူကြမည့် ဆရာတော်များထံသို့ ခဲ့ဝေဆက်ကပ်၍ ရေးသားချီးမြှင့်တော်မူကြပါမည့်အကြောင်း နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့က (၁၃-၁၁-၅၆)နေ့စွဲဖြင့် လျှောက်ထားခဲ့လေသည်။

လျှောက်ထားခြင်းခံရသော ဆရာတော်တို့အနက် တပါး အပါအဝင် ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားသည်လည်း လျှောက်ထားသည့် မာတိကာ စဉ် (၁၆-၁၇-နှင့် ၁၈) တို့အရ အကျယ်ရေးသား ချီးမြှင့်တော်မူခဲ့လေသည်။

ဤစာအုပ်

ဗုဒ်းတို့အနက် မာတိကာစဉ် (၁၆)တွင် အဘယ့်ကြောင့် ကမ္မဋ္ဌာန်းတရားကို အားထုတ်ရပါသနည်း ဟူသော အမေးနှင့် အဖြေကို ရဟန်းရှင်လူတို့ ဘတ်ရှုနိုင်ရန်အလို့ငှါ ဆရာတော်၏ ခွင့်ပြုချက်အရ ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်းအကြောင်းဟူသော အမည်တပ်ဆင်၍ ဤစာအုပ်ကို စက်တင်ပုံနှိပ်ပါသည်။

(ပုံ)မင်္ဂလာဦးအောင်မြင့်

အမှတ်(၅၆)စိန်မေတ္တာလမ်း

ဟာမစ်တိတ်၊ ကုက္ကိုင်း၊ ရန်ကုန်မြို့။

၁၃၂၀-ခု၊ နတ်တော်လ (၂၁-၁၂-၅၈)

ကမ္ဘဏ္ဍာန်းစာရှုံး

အာဒးထုတ်ရခြင်း အကြောင်း

အမေး။ အဘယ့်ကြောင့် ကမ္မဋ္ဌာန်းတရားကို အာဒးထုတ်ရပါသနည်း။

အဖြေ။ နိဗ္ဗာန်သို့ရောက်၍ အိုခြင်း သေခြင်း စသော ဆင်းရဲဟူသမျှမှ လွတ်မြောက်ရန် အတွက် အာဒးထုတ်ရပေသည်။

ထိုစကားကို ခဲ့၍ပြရလျှင် သတ္တဝါတို့သည် အိုခြင်း, နာခြင်း, သေခြင်းမရှိဘဲ ဆင်းရဲဒုက္ခကိုလည်း မတွေ့ရဘဲ အမြဲတမ်း ချမ်းသာလျက်သာ နေလိုကြပေသည်။ သို့သော် ထိုသို့အလိုရှိသည့်အတိုင်းကား မဖြစ်ကြရပေ။ အိုလည်း အိုကြရ၏၊ နာလည်း နာကြရ၏၊ ဘေးဒုက္ခ အမျိုးမျိုးနှင့်လည်း တွေ့၍ စိုးရိမ်ပူဆွေးကြရ၏၊ ငိုကြွေးကြရ၏၊ ကိုယ်ဆင်းရဲအမျိုးမျိုး, စိတ်ဆင်းရဲအမျိုးမျိုးတို့ကိုလည်း မကြာခဏ တွေ့ကြုံ ခံစားနေကြရ၏။ နောက်ဆုံးမှာ သေလောက်သော ဆင်းရဲတမျိုးမျိုးနှင့်တွေ့၍ မချိမဆန့်ဖြစ်ကာ သေဆုံးသွားရလေ၏။ ဤသို့သေရုံနှင့်လည်း အပြီးမသတ်သေး၊ ဘဝ၌ ခင်မင်တွယ်တာမှုမကင်းသေးသော ပုဂ္ဂိုလ်တွေ့မှာ တဖန် ဘဝသစ်၌ ဖြစ်ကြရပြန်သေး၏၊ ထိုဖြစ်ရာဘဝသစ်မှာလည်း အိုခြင်း, နာခြင်း, သေခြင်းစသော ဆင်းရဲတို့ကို နည်းတူပင် တွေ့ကြုံ ခံစားရ

ပြန်၏၊ ဤနည်းဖြင့် သတ္တဝါတို့သည် တဘဝပြီး တဘဝ အသစ်အသစ်ဖြစ်ကာ အလိုမရှိသော ဆင်းရဲဒုက္ခတို့ကို တွေ့ကြုံခံစားနေကြရလေသည်။

သို့ဖြစ်နေကြရာ၌ အကြောင်းရင်း ဇစ်မြစ်ကို စိစစ်ကြည့်လျှင် ဘဝအသစ်အသစ် ဖြစ်ပေါ်နေသောကြောင့်သာလျှင် အိုခြင်း, သေခြင်းစသော ဆင်းရဲများရှိနေချေသည်၊ သို့မဟုတ် လျှင်ကား ၎င်းဆင်းရဲများ မရှိနိုင်ဟု ထင်ရှား တွေ့ရ၏။ ထို့ကြောင့် အိုခြင်း, သေခြင်း စသော ဆင်းရဲဟူသမျှမှ လွတ်မြောက်လိုလျှင် **ဘဝအသစ် မဖြစ်ပေါ်နိုင်အောင်** အား ထုတ်ရပေမည်။

ဘဝသစ်ဟူသည်မှာလည်း လက်ရှိဘဝ၌ ခင်မင်တွယ်တာသော တဏှာ ရှိနေသောကြောင့်သာလျှင်(ဘဝဟောင်းမှ သေခါနီးတွင် စွဲလမ်းခဲ့သော အာရုံကိုပင် ငြိတွယ်လျက် စိတ်ဝိညာဏ်အသစ် ဖြစ်ပေါ်ကာ)ဖြစ်ပေါ်လာနိုင်ပေသည်၊ သို့မဟုတ်လျှင်ကား မဖြစ်ပေါ်နိုင်ပါ။ ထို့ကြောင့် ဘဝသစ် မဖြစ်ပေါ်စေလိုလျှင် **ထိုဘဝတဏှာ ဇုံးဝ ကင်းငြိမ်းသွားအောင်** အား ထုတ်ရပေမည်။

ထိုတဏှာမှာလည်း ဘဝဆိုင်ရာ ရုပ်, နာမ်တို့၏ အဖြစ်ကို မမြင်ခြင်း, ထိုဘဝ ရုပ် နာမ်တို့ထက် သာလွန် ကောင်းမြတ်လှစွာသော နိဗ္ဗာန်တရားကို မသိ မမြင်ခြင်းဟူသော ဤ အကြောင်း ၂-ပါးကြောင့်သာလျှင် ဖြစ်လျက်ရှိနေပေသည်။ ရုပ်နာမ်တို့၏ အဖြစ်ကိုမြင်ကာ နိဗ္ဗာန်ကို ထင်ရှား သိရလျှင် ကား ထိုဘဝတဏှာ မဖြစ်နိုင်တော့ပါ။ ဥပမာ အလွန် ခေါင်းပါး၍ ဘေးရန်များလှသော အရပ်၌ နေထိုင်ရသော ဆင်းရဲ

သားသည် မိမိနေရင်းအရပ်၏ အပြစ်ကို မမြင်သောကြောင့်ရင်း၊ သာယာဝပြော၍ ဘေးရန်ကင်းသော အရပ်၌ သွားရောက် နေထိုင်လျှင် ချမ်းသာမည်ကို မသိသောကြောင့်ရင်း မိမိ၏နေရပ်ကိုပင် အထင်ကြီးကာ တွယ်တာလျက် ရှိပေသည်။ မိမိနေရင်းအရပ်၏ အပြစ်ကိုရင်း၊ သာယာဝပြောသော ထို အခြားအရပ်၏ ဂုဏ်များကိုရင်း သိရပါမူ မိမိနေရင်း အရပ်၌ မတွယ်တာတော့ဘဲ သာယာဝပြောသော ထို အခြား အရပ်သို့သာ ပြောင်းရွှေ့သွားလေရာသကဲ့သို့ပင် ဤအချက်ကို သိအပ်ပေသည်။ ထို့ကြောင့် ဘဝ၌ ခင်မင် တွယ်တာသော တဏှာ လုံးဝ ကင်းငြိမ်းသွားစေလိုလျှင် ဘဝဆိုင်ရာ ရုပ်နာမ်တို့၏ အပြစ်ကို မြင်၍ နိဗ္ဗာန်ကို မျက်မှောက် သိမြင်ရန် လိုပေသည်။ ထို့သို့ သိမြင်ခြင်းမှာလည်း ကမ္မဋ္ဌာန်း တရားကို အားထုတ်မှသာလျှင် ပြည့်စုံနိုင်ပေသည်။

သို့ဖြစ်၍ နိဗ္ဗာန်သို့ရောက်ကာ အိုခြင်း, နာခြင်း, သေခြင်း စသော ဆင်းရဲဟူသမျှမှ လွတ်မြောက်လိုလျှင် ထိုနိဗ္ဗာန်ကို မျက်မှောက်သိမြင်ရန်အတွက် ကမ္မဋ္ဌာန်းတရားကို အားထုတ် အပ်ပေသည်။

ကမ္မဋ္ဌာန်း အပြား

ဤအရာ၌ ကမ္မဋ္ဌာန်းဟူသည်မှာ—

၁။ သမထကမ္မဋ္ဌာန်း၊

၂။ ဝိပဿနာကမ္မဋ္ဌာန်းဟူ၍ ၂-မျိုး ရှိ၏။

၄ ကမ္ဘဥာန်းတရား အားထုတ်ရခြင်း အကြောင်း

ထိုတွင်—

၁။ သမထကို အားထုတ်ခြင်းဖြင့် ရူပဈာန် ၄-ပါးနှင့် အရူပဈာန် ၄-ပါးဟူသော လောကီဈာန် သမာပတ် ၈-ပါး ကို ရနိုင်၏။ ထိုဈာန်တို့ကို လေ့လာ ပွါးများခြင်းဖြင့် **အဘိညာဉ်ခေါ်**သော အောက်ပါ လောကီဉာဏ်ထူးများကို လည်း ရနိုင်သေး၏။

၎င်းတို့မှာ—

၁။ တယောက်တည်း ဖြစ်ပါလျက် အများကဲ့သို့ ဖြစ်စေခြင်း, အများဖြစ်ပါလျက် တယောက်တည်းကဲ့သို့ ဖြစ်စေခြင်း, ကောင်းကင် ပျံခြင်း, မြေလျှိုးခြင်း စသည်ဖြင့် အထွဋ်ထွဋ် အမျိုးမျိုး တန်ခိုး ဖန်ဆင်း နိုင်သော **ဣဒ္ဓိဝိဓ အဘိညာဉ်**၊

၂။ အဝေး, အနီး, အကြီး, အသေး, အသံဟူသမျှကို ကြားသိနိုင်သော **ဒိဗ္ဗသောတ အဘိညာဉ်**၊

၃။ သူတပါး၏ စိတ်, အကြံ အစည်ကို သိနိုင်သော **စေတောပရိယ အဘိညာဉ်**၊

၄။ ရှေးက ဖြစ်ခဲ့ဘူးသော ဘဝဟောင်းများကို ပြန် လှန်၍ သိနိုင်သော **ပုဗ္ဗေနိဝါသ အဘိညာဉ်**၊

၅။ အဝေး, အနီး, အကြီး, အသေး ရုပ်အဆင်းသဏ္ဌာန် ဟူသမျှကို မြင်သိနိုင်သော **ဒိဗ္ဗစက္ခု အဘိညာဉ်**၊ ဤ ငါးပါးတို့ပေတည်း။

သို့ရာတွင် ထိုစျာန် အဘိညာဉ်တို့နှင့် ပြည့်စုံကာမျှဖြင့် အိုခြင်း, သေခြင်း စသော ဆင်းရဲဒုက္ခတို့မှကား မလွတ်မြောက်သေးပေ။ ထိုစျာန် မဆုတ်ယုတ် မပျက်စီးဘဲ သေသွားလျှင် ထိုစျာန်နှင့် ဆိုင်သော ဗြဟ္မာဘုံသို့ ရောက်ကာ တစ်ကမ္ဘာ, နှစ်ကမ္ဘာ, လေးကမ္ဘာ, ရှစ်ကမ္ဘာ စသည်ဖြင့် ထိုဘုံ၏ အသက်တမ်း ရှိသလောက် အသက်ရှည်စွာ နေရရုံမျှသာ ရှိပေသည်။ အသက်တမ်း ကုန်သော အခါမှာ ထိုဘုံမှ စုတေ၍ လူ့ဘုံ, နတ်ဘုံ၌ ဖြစ်ရပြန်သည်။ ထိုအခါမှာ အခြားလူမျှား, နတ်မျှားနှင့် တန်းတူပင် ဖြစ်၍ အိုခြင်း, သေခြင်း စသော ဆင်းရဲ ဒုက္ခတို့နှင့် တွေ့မြဲပင် တွေ့နေရ ပြန်သည်။ ကံမကောင်း အကြောင်းမညီညွတ်လျှင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ် ၄-ဘုံသို့ ကျရောက်၍ အပါယ်ဆင်းရဲမျှားနှင့်လည်း တွေ့မြဲပင် တွေ့နေရသေးသည်။သို့ဖြစ်၍ သမထသက်သက်ဖြင့် ဆင်းရဲဒုက္ခမျှားမှ မလွတ်မြောက်နိုင်ဟု သိအပ်ပေ၏။

၂။ ဝိပဿနာကို အားထုတ်မှသာလျှင် နိဗ္ဗာန်သို့ရောက်၍ အိုခြင်း, သေခြင်းစသော ဆင်းရဲဒုက္ခဟူသမျှမှ လုံးဝ လွတ်မြောက်နိုင်ပေသည်။

ထိုဝိပဿနာကို အားထုတ်ခြင်းမှာလည်း –

၁။ သမထကို အခြေခံပြု၍ အားထုတ်ခြင်း၊

၂။ သမထကို အခြေခံ မပြုဘဲ ဝိပဿနာ သက်သက် အားထုတ်ခြင်းဟူ၍ ၂-မျိုး ရှိပြန်၏။

ထိုတွင် သမထကို အခြေခံပြု၍ အားထုတ်သော ပုဂ္ဂိုလ်သည် **သမထယာနိက**မည်၏။ “သမထအခြေခံဖြင့် နိဗ္ဗာန်သို့သွားသူ”ဟု ဆိုလို၏။

သမထကို အခြေခံမပြုဘဲ ဝိပဿနာ သက်သက်အားထုတ်သော ပုဂ္ဂိုလ်သည် **သုဒ္ဓဝိပဿနာယာနိက** မည်၏။ “ဝိပဿနာသက်သက်ဖြင့် နိဗ္ဗာန်သို့ သွားသူ”ဟု ဆိုလို၏။

ထိုတွင် သမထယာနိကလမ်းဖြင့် အားထုတ်လိုလျှင် ရှေးဦးစွာ သမထကို အားထုတ်ရသည်။

ကမ္မဋ္ဌာန်း (၄၀)

ထိုသမထကမ္မဋ္ဌာန်းမှာ (၄၀) ရှိသည်။ ၎င်းတို့မှာ—

၁။ ကသိုဏ်း (၁၀)ပါး၊

၂။ အသုဘ (၁၀) ပါး၊

၃။ အနုဿတိ (၁၀) ပါး၊

၄။ ဗြဟ္မဝိဟာရ (၄) ပါး၊

၅။ အာရုပ္ပ (၄) ပါး၊

၆။ အာဟာရေ ပဋိကူလသညာ (၁) ပါး၊

၇။ စတုဓာတုဝဝတ္ထာန် (၁) ပါး၊

ဤ(၄၀)တို့ပေတည်း။ ။ထိုတွင်—

ကသိုဏ်း(၁၀)ပါး ဟူသည်မှာ—

၁။ ပထဝီ(မြေ)ကသိုဏ်း၊

၂။ အာပေါ (ရေ)ကသိုဏ်း၊

၃။ တေဇော (မီး) ကသိုဏ်း၊

၄။ ဝါယော (လေ)ကသိုဏ်း၊

၅။ နီလ(အညို) ကသိုဏ်း၊

၆။ ပီတ(အဝါ)ကသိုဏ်း၊

၇။ လောဟိတ(အနီ)ကသိုဏ်း၊

၈။ ဩဒါတ (အဖြူ)ကသိုဏ်း၊

၉။ အာလောက(အလင်း)ကသိုဏ်း၊

၁၀။ အာကာသ (ဟင်းလင်းပြင်) ကသိုဏ်း၊

ဤ (၁၀) ပါးတို့ပေတည်း။

အသုဘ(၁၀)ပါး ဟူသည်မှာ—

၁။ ဥဒ္ဓုမာတက=ဖူးဖူးရောင်နေသော သူသေကောင်၊

၂။ ဝိနီလက=ညိုမဲနေသော သူသေကောင်၊

၃။ ဝိပုဗ္ဗက=ပြည်တစိုစိုယိုထွက်နေသောသူသေကောင်၊

၄။ ဝိစ္ဆိဒ္ဒက=ခါးပြတ်နေသော သူသေကောင်၊

၅။ ဝိက္ခာယိတက=ခွေး, မြေခွေးတို့ ခဲစားထားသော သူသေကောင်၊

၈ ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်း အကြောင်း

၆။ ဝိက္ခိတ္တက=လက်, ခြေ, ခေါင်း, ကိုယ် တခြားစီ ပစ်လွှင့်ထားအပ်သော သူသေကောင်၊

၇။ ဟတဝိက္ခိတ္တက=သတ်ဖြတ်၍ တခြားစီ ပစ်လွှင့်ထားအပ်သော သူသေကောင်၊

၈။ လောဟိတက=သွေးသံရဲရဲ ယိုကျနေသော သူသေကောင်၊

၉။ ပဋ္ဌဝက=ပိုးလောက်ပြည့်နေသော သူသေကောင်၊

၁၀။ အဋ္ဌိက=အရိုးစု သူသေကောင်၊

ဤ(၁၀)ပါးတို့ပေတည်း။

အနုဿတိ (၁၀) ပါး ဟူသည်မှာ—

၁။ ဗုဒ္ဓါနုဿတိ=မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို အဖန်ဖန် ဆင်ခြင်အောက်မေ့ခြင်း၊

၂။ ဓမ္မာနုဿတိ=တရားတော်၏ ဂုဏ်ဧတော်တို့ကို အဖန်ဖန် ဆင်ခြင်အောက်မေ့ခြင်း၊

၃။ သံဃာနုဿတိ=သံဃာတော်၏ ဂုဏ်တော် တို့ကို အဖန်ဖန် ဆင်ခြင်အောက်မေ့ခြင်း၊

၄။ သီလာနုဿတိ=မိမိ၏သီလဂုဏ်ကို အဖန်ဖန် ဆင်ခြင်အောက်မေ့ခြင်း၊

၅။ စာဂါနုဿတိ=မိမိ၏ စွန့်ကြဲ ပေးလှူခြင်း ဂုဏ်ကို အဖန်ဖန် ဆင်ခြင်အောက်မေ့ခြင်း၊

၆။ ဒေဝတာနုဿတိ=နတ်တို့ကဲ့သို့ပင် မိမိမှာ ပြည့်စုံနေသော နတ်ပြည်ရောက်ကြောင်း သဒ္ဓါ, သီလ, သုတ, စာဂ, ပညာဂုဏ်တို့ကို အဖန်ဖန် ဆင်ခြင်အောက်မေ့ခြင်း၊

၇။ ဥပသမာနုဿတိ=နိဗ္ဗာန်၏ဂုဏ်ကို အဖန်ဖန် ဆင်ခြင်အောက်မေ့ခြင်း၊

၈။ မရဏာနုဿတိ=သေခြင်းတရားကို အဖန်ဖန်ဆင်ခြင်အောက်မေ့ခြင်း၊

၉။ ကာယဂတာသတိ=ဆံပင်, အမွေး, လက်သည်းခြေသည်း, သွား, အရေစသော စက်ဆုပ်ဖွယ်ကိုယ်စု ၃၂-မျိုးကို အဖန်ဖန် ဆင်ခြင်အောက်မေ့ခြင်း၊

၁၀။ အာနာပါနဿတိ=ဝင်သက်, ထွက်သက်ကို အဖန်ဖန် ဆင်ခြင်အောက်မေ့ခြင်း၊

ဤ(၁၀)ပါးတို့ပေတည်း။

ဖြဟ္မဝိဟာရ(၄)ပါး ဟူသည်မှာ—

၁။ မေတ္တာ=သတ္တဝါတို့အား "ချမ်းသာကြပါစေ" ဟု နှလုံးသွင်းနေခြင်း၊

၂။ ကရုဏာ=ဆင်းရဲဒုက္ခရောက်နေကြသော သတ္တဝါတို့အား "ဆင်းရဲမှ လွတ်မြောက်ကြပါစေ"ဟု သနားလျက် နှလုံးသွင်းနေခြင်း၊

၃။ မုဒိတာ=ပြည့်စုံ ကြွယ်ဝ ချမ်းသာ နေကြသော သတ္တဝါတို့အား "လက်ရှိချမ်းသာမှ မဆုတ်ယုတ်ကြ

ဘဲ ချမ်းသာမြဲပင် ချမ်းသာနေကြပါစေ”ဟု ဝမ်း မြောက်လျက် နှုတ်ဆွတ်နေခြင်း၊

၄။ ဥပေက္ခာ=သတ္တဝါတို့အား “မိမိတို့ကိုယ်တိုင် ပြုထား သည့် ကံတရားအတိုင်းပင်”ဟု ကြောင့်ကြမပြု လျစ် လျူ။ ရှုနေခြင်း၊

ဤ(၄)ပါးတို့ပေတည်း။

အာရုပ်(၄)ပါး ဟူသည်မှာ—

၁။ အာကာသာနဉ္စာယတန=အဆုံးမရှိသော ကောင်း ကင်ပညတ်ကို ရှုခြင်း၊

၀ ၀ ၀

၂။ ဝိညာဏဉ္စာယတန=အဆုံး မရှိသော ပဌမာရုပ် ဝိညာဏ်ကို ရှုခြင်း၊

၃။ အာကိဉ္စညာယတန=ပဌမာရုပ်ဝိညာဏ်၏ စိုးစဉ်းမျှ အကြွင်းမရှိသည်ကို ရှုခြင်း၊

၄။ နေဝသညာနာသညာယတန=သညာမရှိတရှိစျာန်၏ အာရုံဖြစ်သော တတိယာရုပ်ဝိညာဏ်ကို “ငြိမ်သက် သိမ်မွေ့ပါပေသည်”ဟု ရှုခြင်း၊

ဤ(၄)ပါးတို့ပေတည်း။

အာဟာရေ ပဋိကူလသညာ ဟူသည်မှာ—

စားသောက်အပ်သော အစာအာဟာရကို စက်ဆုပ် ဖွယ်ဟု နှုတ်ဆွတ်ဆင်ခြင်သော အမှတ်သညာ ပေတည်း။

စတုဓာတုဝဝတ္ထာန် ဟူသည်မှာ—

ရုပ်ကိုယ်ထဲ၌ ပထဝီ, အာပေါ, တေဇော, ဝါယော ဟူသော ဓာတ် ၄-ပါးအစုမျှ ရှိသည်ကို ပိုင်းခြား၍ ရှုခြင်းပေတည်း။

သမထ အားထုတ်ပုံ အကျဉ်း

ထို သမထ ကမ္မဋ္ဌာန်း (၄၀) တို့တွင် ပထဝီကသိုဏ်းကို အားထုတ်လိုသော သူသည် ပကတိငြမ်းပြင်ကိုဖြစ်စေ, ပြုလုပ်ထားသော မြေပုံသဏ္ဌာန်ကသိုဏ်းဝန်းကိုဖြစ်စေ မျက်စိဖြင့် ကြည့်ရှုလျက် "ပထဝီ ပထဝီ ပထဝီ၊ မြေ မြေ မြေ" ဟု အဖန်ဖန် နှလုံးသွင်းနေရ၏။ ဤသို့ နှလုံးသွင်းဖန် များသောအခါ ထိုကသိုဏ်းနိမိတ်သည် မျက်စိမှတ်ထားသော်လည်း မျက်စိဖွင့်လျက် ကြည့်နေစဉ်ကကဲ့သို့ပင် ထင်ရှားပေါ်နေလိမ့်မည်။ သို့ထင်ပေါ်နေသည်ကို **ဥဂ္ဂဟနိမိတ်** ဟု ခေါ်သည်။ ဤသို့ ဥဂ္ဂဟနိမိတ်ထင်နေလျှင် အလိုရှိရာအရပ်သို့ သွားရောက်လျက် ထိုင်ရင်းဖြစ်စေ, ရပ်ရင်းဖြစ်စေ, သွားရင်းဖြစ်စေ, လျောင်းရင်းဖြစ်စေ ထိုဥဂ္ဂဟနိမိတ် ကသိုဏ်းအာရုံကိုသာလျှင် "မြေ မြေ မြေ" ဟု စိတ်ဖြင့် အမြဲမပြတ် နှလုံးသွင်းနေရ၏။

ဤသို့နှလုံးသွင်းနေစဉ် စိတ်သည် ဝင်ခြား တပါးသို့လည်း ထွက်၍ သွားတတ်၏။ သွားပုံမှာ စိတ်ကြိုက် အာရုံတွေကိုလည်း ကြံစည်နေတတ်၏၊ ၎င်းကို **ကာမစ္ဆန္ဒနီဝရဏ**ဟု ခေါ်သည်။ စိတ်ပျက် စိတ်ဆိုးလျက်လည်း ကြံစည်နေတတ်၏၊ ၎င်းကို **ဗျာပါဒနီဝရဏ**ဟု ခေါ်သည်။ အားထုတ်ရသည်၌

လျှဉ့်လျဉ်းလျဉ်း ဖြစ်ကာ စိတ်ထိုင်းမှိုင်း ပျင်းရိ၍လည်း နေတတ်၏၊ ၎င်းတို့ကို **ထိနမိဒ္ဓနီဝရဏဟု** ခေါ်သည်။ စိတ်မတည်ငြိမ်ဘဲ ပျံ့လွင့်၍လည်း နေတတ်၏၊ ပြုမှားပြောမှားခဲ့ဘူးသည်ကို ပြန်လည်စဉ်းစားလျက် စိတ်ပူပန်၍လည်းနေတတ်၏၊ ၎င်းတို့ကို **ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏဟု** ခေါ်သည်။ အားထုတ်ဆဲတရားလုပ်ငန်း အပေါ်၌ "မှန်မှ မှန်ပါမည်လော၊ အကျိုးမှ ရှိပါမည်လော၊ တရားထူးကို ရမှရနိုင်ပါမည်လော" ဟု ဤသို့စသည်ဖြင့် စဉ်းစား ဝေဖန်၍လည်း နေတတ်၏၊ ၎င်းကို **ဝိစိကိစ္ဆာနီဝရဏ** ဟုခေါ်သည်။ ဤနီဝရဏစိတ်များ ဖြစ်ပေါ်လာလျှင် ထိုအာရုံများကို ဆက်လက်၍ စိတ်မကူးဘဲ ဖြတ်ခဲ့၍ စိတ်ကံ့ မူလကသိုဏ်း အာရုံ၌သာ စူးစိုက်ထားလျက် "မြေ-မြေ-မြေ" ဟု အမြဲမပြတ် နှလုံးသွင်း နေရ၏။ အကယ်၍ ကသိုဏ်းအာရုံ ပျောက်သွားလျှင် ပကတိ ကသိုဏ်းဝန်းရှိရာ ဌာနသို့သွား၍ မျက်စိဖြင့်ကြည့်ရှုလျက် တဖန်ထင်မြဲ ထင်ပေါ်လာအောင် နှလုံးသွင်းရ၏။ တဖန် ဥဂ္ဂဟနိမိတ် ထင်ပေါ်လာပြန်လျှင် အလိုရှိရာ အရပ်၌ နေထိုင်လျက် ရှေးနည်းတူပင် မပြတ် နှလုံးသွင်းနေရ၏။

ဤသို့ နှလုံးသွင်းဖန် များသောအခါ ထိုကသိုဏ်းဝန်းသည် မူလကနှင့် မတူဘဲ အရောင်အဆင်းနှင့်တကွ အလွန်သန့်ရှင်း ကြည်လင်စွာ ထင်ပေါ်လာ၏။ ၎င်းကို **ပဋိဘာဂနိမိတ်**ဟု ခေါ်သည်။ ထိုအခါ၌ စိတ်သည်လည်း ကာမစ္ဆန္ဒစသော နီဝရဏတို့မှ ကင်းစင်၏၊ ထိုပဋိဘာဂနိမိတ် အာရုံ၌သာလျှင် စူးစိုက်တည်ငြိမ်လျက် မပြတ်ဖြစ်နေ၏။ ထိုသို့ တည်ငြိမ်စွာဖြစ်နေသည်ကို **ဥပစာရသမာဓိ**ဟု ခေါ်သည်။

ဤ ဥပစာရ သမာဓိဖြင့် ပဋိဘာဂနိမိတ် အာရုံကို မပြတ် နှလုံးသွင်းနေသောသူအား စိတ်သည် ထိုကသိုဏ်း ပဋိဘာဂ နိမိတ် အာရုံထဲ၌ သက်ဝင်နေဘ်သကဲ့သို့ တကြိတ်တည်း တည် ငြိမ်လျက် ဖြစ်နေ၏။ ၎င်းကို **အပ္ပနာသမာဓိ**ဟု ခေါ်သည်။

ဤအပ္ပနာသည် ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်ဟူ၍ (၄)ပါး အပြားရှိ၏။ ထိုတွင် ရှေးဦးစွာ ရအပ်သော **ပဌမစျာန်**၌....

၁။ အာရုံကို ကြံစည်ခြင်း (ဝိတက်)

၂။ အာရုံကို သုံးသပ်ဆင်ခြင်ခြင်း (ဝိစာရ)

၃။ အာရုံ၌ နှစ်သိမ့်အားရခြင်း (ပီတိ)

၄။ စိတ်ရှင်လန်းချမ်းသာခြင်း (သုခ)

၅။ တခုတည်းသော အာရုံ၌သာ စူးစိုက်တည်ငြိမ် နေခြင်း (ဧကဂ္ဂတာ)

ဟူသော ဤစျာန်အင်္ဂါ ၎ါးပါးလုံး ထင်ရှား၏။

ပဌမစျာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် ထိုစျာန်၌ ပါဝင်သော ဝိတက်နှင့်ဝိစာရတို့ကို အပြစ်မြင်၍ လွန်မြောက်အောင် အားထုတ်သဖြင့် ဒုတိယစျာန်ကို ရ၏။ ထိုစျာန်၌ ပီတိ, သုခ, ဧကဂ္ဂတာဟူသော စျာန်အင်္ဂါ (၃)ပါး ထင်ရှား၏။

ထိုဖန် ပီတိကိုအပြစ်မြင်၍ လွန်မြောက်အောင် အားထုတ်သဖြင့် **တတိယစျာန်**ကို ရ၏။ ထိုစျာန်၌ သုခ, ဧကဂ္ဂတာဟူသော စျာန်အင်္ဂါ (၂)ပါး ထင်ရှား၏။

ဟာဖန် သုခကို အပြစ်မြင်၍ လွန်မြောက်အောင် အား
ထုတ်သဖြင့် စတုတ္ထဈာန်ကို ရ၏။ ထိုဈာန်၌ စိတ်မရှင်မည်း
အလယ်အလတ်သဘော ဥပက္ခာနှင့် ဧကဂ္ဂတာဟူသော
ဈာန်အင်္ဂါ(၂)ပါးပင် ထင်ရှား၏။

ဤသည်ကား ပထဝီကသိုဏ်း၌ အားထုတ်ပုံနှင့် ဈာန်
သမာဓိ (၄) ပါး ဖြစ်ပုံပေတည်း။ ကြွင်းသော ကသိုဏ်း
(၉)ပါးတို့၌လည်း နည်းတူပင် သိအပ်၏။

အသုဘကမ္မဋ္ဌာန်းကို ရှုလိုသောသူသည် ဖူးဖူးရောင်နေ
သော သူသေကောင်စသည်ကို မျက်စိဖြင့် ကြည့်ရှု၍ "ဖူးဖူး
ရောင်သော သူသေကောင်၊ဖူးဖူးရောင်သော သူသေကောင်"
ဟု ဤသို့ စသည်ဖြင့် အဖန်ဖန် နှလုံးသွင်းနေရ၏။ ပထဝီ
ရှုပုံနှင့် တူပြီ။ အထူးကား ဤအသုဘကမ္မဋ္ဌာန်း၌ ပဌမဈာန်
ကိုသာ ရနိုင်သည်။ ဤမျှသာ ထူး၏။

အနုဿတိ (၁၀) ပါးတို့တွင် ကာယဂတာသတိကမ္မဋ္ဌာန်း
၌လည်း ပဌမဈာန်ကိုသာ ရနိုင်သည်။ ဗုဒ္ဓါနုဿတိမှ မရဏာ-
နုဿတိတိုင်အောင် (၈)ပါးသော အနုဿတိတို့၌ဌာန်း၊ အာ-
ဟာရေ ပဋိကူလသညာနှင့် စတုဓာတုဝဝတ္ထာန်တို့၌ဌာန်း၊ ဤ
ကမ္မဋ္ဌာန်း (၁၀) ပါးတို့၌မူကား ဥပစာရသမာဓိမျှကိုသာ
ရနိုင်သည်။

မေတ္တာ, ကရုဏာ, မုဒိတာတို့၌ အောက်ဈာန်(၃) ပါးကို
သာ ရနိုင်သည်။ ၎င်းတို့၌ တတိယဈာန်ကို ရပြီးပုဂ္ဂိုလ်သည်
ဥပေက္ခာကို ပွါးစေလျှင် စတုတ္ထဈာန်ကို ရနိုင်၏။

ကသိုဏ်းတို့၌ စျာန် (၄) ပါးလုံးကို ရပြီးပုဂ္ဂိုလ်သည် အာရုပ္ပကမ္မဋ္ဌာန်း (၄)ပါးကို အစဉ်အတိုင်း အားထုတ်၍ အရူပစျာန်(၄)ပါးကို ရနိုင်၏။

အာနာပါနကို အားထုတ်ပုံ အကျဉ်း

အာနာပါနဿတိကမ္မဋ္ဌာန်းကို အားထုတ်လိုသောသူသည် ဆိတ်ငြိမ်ရာအရပ်၌ တင်ပလ္လင် ခွေလျက်ဖြစ်စေ, ကြာရှည်စွာ နေနိုင်မည့် အခြားနည်းဖြင့်ဖြစ်စေ ထိုင်လျက်, အထက်ပိုင်း ကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင် ရှေးဦးစွာ စိတ်ကို နှာသီးဝဲ၌ စူးစိုက်၍ ထားရ၏။ နှာသီးဖျား၌ဖြစ်စေ, အထက် နှုတ်ခမ်း၌ဖြစ်စေ ထိပါးကိုက်ခိုက်လျက် ဝင်ချည် ထွက်ချည် မပြတ်ဖြစ်နေသော ဝင်လေ ထွက်လေကို ထင်ရှားတွေ့လိမ့်မည်။ ထိုလေကို ထိခိုက်ရာဌာနမှစောင့်၍ "ဝင်သည် ထွက်သည်၊ ဝင်သည် ထွက်သည်"ဟု ဝင်တိုင်း ထွက်တိုင်း မပြတ်ရှုနေရ၏။ ဝမ်းထဲသို့ ဝင်သွားသော လေ၏ နောက်ကိုလည်း မလိုက်ရ၊ နှာသီးဝမှ အပြင်သို့ ထွက်သွားသော လေ၏နောက်ကိုလည်း မလိုက်ရ၊ နှာသီးဖျားနှင့် နှုတ်ခမ်းတို့၌ ထင်ရှားသော တိုက်ခိုက်ရာကသာ စောင့်၍ ရှုနေရ၏။

ဤသို့ ရှုနေစဉ် တခြားသို့ ထွက်ထွက်သွားသော နိဝရဏ-စိတ်များလည်း ရှိလိမ့်မည်။ ထိုသို့ ဖြစ်လာလျှင် ထိုအာရုံများကို ဆက်လက်မစဉ်းစားဘဲ ဝင်လေ, ထွက်လေမှသာ စိတ်ကို စူးစိုက်ထားလျက် "ဝင်သည် ထွက်သည်၊ ဝင်သည် ထွက်သည်"ဟု ရှုမြဲ မပြတ် ရှုနေရ၏။

ဤနည်းဖြင့် ဝင်လေ ထွက်လေကို ထိခိုက်ရာ ဌာနက စောင့်၍ မပြတ်ရှုနေလျှင်....

၁။ ရှည်စွာ ရှူရိုက်မိသော ဝင်လေ, ထွက်လေကိုလည်း ထင်ရှားသိရ၏။

၂။ တိုစွာ ရှူရိုက်မိသော ဝင်လေ, ထွက်လေကိုလည်း ထင်ရှားသိရ၏။

၃။ နှာသီးဖျား, နှုတ်ခမ်းတို့၌ ထိပါး တိုက်ခိုက်လျက် ဝင်စ ထွက်စ မျှင်မျှင်ကလေးမှစ၍ ဝင်ဆုံး ထွက်ဆုံး မျှင်မျှင်ကလေး အထိ ဝင်လေ ထွက်လေတို့၏ အစ အလယ် အဆုံး အကုန်လုံးကိုလည်း ထင်ရှားသိရ၏။

၄။ ပကတိ ကြမ်းတမ်းသော ဝင်လေ ထွက်လေတို့ တဖြည်းဖြည်း သိမ်မွေ့သိမ်မွေ့ သွားသည်ကိုလည်း ထင်ရှားသိရ၏။ ထိုသို့ သိမ်မွေ့သိမ်မွေ့ သွားသဖြင့် နောက်ဆုံးမှာ ဝင်သက် ထွက်သက် လုံးဝမရှိသကဲ့သို့ ဖြစ်နေသည်ကိုလည်း တွေ့ရ၏။

ထိုအခါ ရှုစရာ ဝင်လေ ထွက်လေကို မတွေ့ရသည့်အတွက် ဝင်လေ ထွက်လေကို ရှာ၍လည်း နေမိတတ်၏။ ဘယ်လိုဖြစ် သွားသလဲဟု စဉ်းစား၍လည်း နေမိတတ်၏။ မရှုတော့ဘဲ ရပ်နား၍လည်း နေတတ်၏။

ထိုသို့ ရပ်နား၍ကား မနေအပ်၊ ရှုနေကျဖြစ်သော နှာသီးဖျားနှင့် နှုတ်ခမ်းတို့၌သာလျှင် စိတ်ကိုစူးစိုက်ထားလျက် ရှုမြဲပင် ရှုနေရမည်။ ထိုသို့ ရှုနေလျှင် သိမ်မွေ့သော ဝင်လေ ထွက်လေမျှားသည်လည်း ထင်ရှားပေါ်လာပါလိမ့်မည်။ ထိုသို့

ထင်ရှားပေါ်လာသော ဝင်ငွေ ထွက်ငွေများကို ရှုမြဲမြဲတွေ့ရှုနေလျှင် ထို ဝင်ငွေ ထွက်ငွေများ ထူးခြားစွာ ဖြစ်လာသည်ကို တွေ့ရပါလိမ့်မည်။ အောက်ပါများမှာ ဝိသုဒ္ဓိမဂ်၌ ပြဆိုထားသော ထူးခြားစွာ ထင်ပုံများပေတည်း။

ထို ဝင်ငွေ ထွက်လေသည် အချို့မှာ တောက်ပလျက် ကြယ်တာရာကဲ့သို့ ရှင်း၊ ကျောက်နီ ပုတီးကုံးကဲ့သို့ ရှင်း၊ ပုလဲပုတီးကုံးကဲ့သို့ ရှင်း ထင်ပေါ်၏။ အချို့မှာမူ ကြမ်းသော အတွေ့ရှိလျက် ဝါပင်ရိုးကဲ့သို့ ရှင်း၊ သစ်သားနှစ်တံခါးကျည် (မင်းတုတ်) ကဲ့သို့ ရှင်း ထင်ပေါ်၏။ အချို့မှာမူ ရှည်သော ဆောက်လုံးကြိုး (လည်ဆွဲတန်ဆာ)ကဲ့သို့ ရှင်း၊ ပန်းကုံးကဲ့သို့ ရှင်း၊ မီးခိုးညှန့်ကဲ့သို့ ရှင်း ထင်ပေါ်၏။ အချို့မှာမူ ပြန့်ကျယ်သော ပင့်ကူမျှင်အိမ်ကဲ့သို့ ရှင်း၊ တိမ်လွှာကဲ့သို့ ရှင်း၊ ရထားဘီးကဲ့သို့ ရှင်း၊ လဝန်း နေဝန်းကဲ့သို့ ရှင်း ထင်ပေါ်၏။ ဤသို့ တဦးနှင့်တဦး မတူဘဲ အာရုံထင်ပုံ ကဲ့ပြားခြင်းမှာလည်း သညာချင်း မတူစေဘဲ ကဲ့ပြားကြသောကြောင့်ပင် ဖြစ်သည်ဟု ဝိသုဒ္ဓိမဂ်၌ ပြဆိုထား၏။

ဤသို့ ထူးခြားစွာ ထင်ပေါ်သော အာရုံကို ပဋိဘာဂနိမိတ်ဟု ခေါ်သည်။ ထိုပဋိဘာဂနိမိတ်ထင်သော ကာလမှစ၍ ဘာဝနာသမာဓိမှာလည်း ဥပစာရသမာဓိ မည်၏။ ဤ ဥပစာရသမာဓိဖြင့် ရှုမြဲ ဆက်လက်၍ ရှုနေလျှင် မကြာမီပင် ရှုးဒ္ဓ ပြခဲ့သည့်အတိုင်း အပ္ပနာဈာန် သမာဓိ(၄)ပါးသို့ ရောက်သွားနိုင်ပေ၏။

ဤသည်ကား သမထယာနိကလမ်းဖြင့် အားထုတ်လို သော ပုဂ္ဂိုလ်အား ရှေးဦးစွာ သမထကို အားထုတ်ပုံ အကျဉ်းပေတည်း။

သမထအားထုတ်ပုံ အကျဉ်း ပြီး၏။

ဝိပဿနာ အားထုတ်ပုံ အကျဉ်း

ဝိပဿနာကို အားထုတ်လိုသော သူသည် သတ္တဝါတို့၏ သန္တာန်၌ ရုပ်နှင့်နာမ် ဤတရား ၂-မျိုးသာရှိသည်ဟူ၍၎င်း၊ ထို ရုပ်နာမ်တရားတို့မှာလည်း ဆိုင်ရာ အကြောင်းတရားတို့ ကြောင့် ဖြစ်ပေါ်နေကြသည်ဟူ၍၎င်း၊ ခဏမစဲ ဖြစ်ပျက်နေ သောကြောင့် မမြဲသောတရား, ဆင်းရဲသောတရား, အတ္တ-အသက်ကောင် မဟုတ်သော သဘောတရားမျှ ဟူ၍၎င်း၊ အကျဉ်းအားဖြင့်ဖြစ်စေ၊ အကျယ်အားဖြင့်ဖြစ်စေ ကြားနာ မှတ်သားဘူးသော သုတနှင့်ပြည့်စုံပြီး ဖြစ်ရမည်။

ဤသို့ သုတနှင့်ပြည့်စုံသော သူသည် ဖြဆိုခဲ့သည့်အတိုင်း ရရှိထားသော သမာဓိစျာန်ကို ရှေးဦးစွာ ဝင်စား၍ (မိမိ သန္တာန်၌ ဖြစ်ပေါ်စေ၍) ထိုစျာန်ကိုပင် စ၍ရှုရ၏။ ထို့နောင် ဒွါရ ၆-ပါး၌ ထင်ရှားဖြစ်ပေါ်လာသော မြင်မှု, ကြားမှု, ထိမှု, သိမှု စသည်တို့ကို သူဖြစ်ပေါ်လာသည့်အတိုင်း မပြတ် ရှုနေရ၏။ ဤသို့ ရှုဖန်များ၍ ကိုယ်စိတ်ပင်ပန်းလာလျှင် နှိုင်နင်းနေ သော ထိုစျာန်ကိုပင် ပြန်၍ ဝင်စားရ၏။ ၁၅-မိနစ်၊ မိနစ် ၃၀ စသည်ဖြင့် အဓိဋ္ဌာန်ပိုင်းခြားထားသည့် အချိန်စေ့၍ စျာန်မှ ထသောအခါ၊ ထိုစျာန်ကိုပင်စ၍ ရှုပြီးလျှင် ဒွါရ ၆-ပါး၌

ပေါ်လာသမျှကို ရှေးနည်းအတိုင်းပင် မပြတ်ရှုသွားရသည်။ ကိုယ်, စိတ် ပင်ပန်းလာပြန်လျှင် စျာန်ကိုဝင်စားပြန်၍ စျာန်မှ ထသောအခါ ရှုမြဲပင် ရှုသွားရသည်။ ဝိပဿနာ သမာဓိ အားရှိလာသောအခါ၌မူကား ကိုယ်, စိတ် ပင်ပန်းခြင်း မရှိတော့ဘဲ နေ့ရော ညဉ့်ပါ မပြတ်မစဲ ရှုမြဲ ရှုသွားနိုင်ပေ၏။

ထိုအခါမှာ ရှုတိုင်းရှုတိုင်း ရုပ်နှင့်နာမ် ၂-ခုထဲ တဲ့လျက် တဲ့လျက် ဖြစ်နေသည်ကို အလိုလိုပင် ထင်ရှားသိလာလိမ့်မည်။ အကြောင်း အကျိုး ဆက်စပ်လျက် ဖြစ်နေသည်ကိုလည်း ထင်ရှားသိလာလိမ့်မည်။ ရှုချက်တိုင်း ရှုချက်တိုင်းမှာ ပေါ်လာသည့် အာရုံရော, ရှုသိနေသည့် စိတ်ရော ကုန်ဆုံးပျောက်ကွယ်သွားသည်ကိုချည်း တွေ့ရသောကြောင့် မမြဲ ဟူ၍လည်း သိမြင် သဘောကျလာလိမ့်မည်။ နှစ်သက် သာယာဘွယ်, အားကိုးဘွယ်မရှိသော ဆင်းရဲချည်း ဟူ၍လည်း သိမြင် သဘောကျလာလိမ့်မည်။ (အတ္တ မဟုတ်၊ အသက်ကောင် မဟုတ်၊ ဝိညာဏ်ကောင် မဟုတ်) သူ့သဘောအတိုင်း ဖြစ်ပျက်နေသော သဘောတရားမျှချည်း ဟူ၍လည်း သိမြင် သဘောကျလာလိမ့်မည်။

ဤ အနိစ္စ ဒုက္ခ အနတ္တဉာဏ် အသိအမြင်များ ကောင်းကောင်း ရင့်သန် ပြည့်စုံသောအခါမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်များဖြစ်ပေါ်၍ နိဗ္ဗာန်ကို မျက်မှောက်တင်ရှားတွေ့မြင်ရလေတော့သည်။

ဤသည်ကား သမထယာနိကလမ်းဖြင့် နိဗ္ဗာန်သို့ ရောက်အောင် အားထုတ်ပုံအကျဉ်းပေတည်း။

သုဒ္ဓဝိပဿနာယာနိကဏ် ရှုပုံ

ယခုအခါ သုဒ္ဓဝိပဿနာယာနိကလမ်းဖြင့် ဝိပဿနာရှုပုံကို ပြဆိုပေအံ့။

ရှေးဦး ပြုခဲ့သည့်အတိုင်း ရုပ် နာမ် အနိစ္စ, ဒုက္ခ, အနတ္တ သဘောတို့ကို ကြားနာ မှတ်သားဘူးသော်သူသည် သမထကို မထူထောင်တော့ဘဲ ဝိပဿနာသက်သက်ကိုသာ အားထုတ်လိုလျှင် ဆိတ်ငြိမ်သော အရပ်၌ တင်ပလ္လင်ခွေလျက်ဖြစ်စေ၊ ကြာရှည်စွာ ထိုင်နေနိုင်မည့် အခြားနည်းဖြင့်ဖြစ်စေ ထိုင်နေလျက် ကိုယ်ထဲ၌ ထင်ရှားဖြစ်ပေါ်နေသော ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ဖြစ်တိုင်း ဖြစ်တိုင်း မပြတ် ရှုနေရ၏။

ဥပါဒါနက္ခန္ဓာ ငါးပါး ဟူသည်မှာ မြင်ခိုက်, ကြားခိုက်, နံသိခိုက်, စားသိခိုက်, ထိသိခိုက်, ကြံသိခိုက် ဟူသော ဤခဏ ၆-ပါးတို့၌ ထင်ရှားတွေ့နေရသော တရားများပင် ဖြစ်သည်။

ထိုတွင် မြင်ခိုက်၌ မြင်ရသော အဆင်းရုပ်ကိုငင်း, မြင်ရာဌာန မျက်စိရုပ်ကိုငင်း ထင်ရှားတွေ့ရ၏၊ ၎င်းတို့မှာ ရုပ်ခန္ဓာတရားစု မျှသာ ဖြစ်သည်၊ နှစ်သက် သာယာဘွယ်လည်း မဟုတ်၊ အတ္တ-အသက်ကောင်, ငါကောင်လည်း မဟုတ်။ သို့သော် ၎င်းတို့ကို ဖြစ်တိုင်း ဖြစ်တိုင်း မရှုမိသော သူတို့မှာ "ချက်ချင်းပင် ပျောက်ပျောက်သွားသည်၊ မမြဲဘူး" ဟူ၍လည်း မသိကြ၊ "ခဏမစဲ ဖြစ်ပြီး ခဏမစဲ ပျောက်ပျက်နေသည်၊ ဆင်းရဲချည်း" ဟူ၍လည်း မသိကြ၊ "အတ္တ မဟုတ်၊

အသက်ကောင် မဟုတ်၊ သူ့သဘောအတိုင်း သူ ဖြစ်ပျက်နေသော အနတ္တသဘောတရားမျှသာ”ဟူ၍လည်း မသိကြ၊ ထို့ကြောင့် ထိုမြင်ရသောအဆင်းနှင့် မျက်စိတို့ကို နှစ်သက်သာယာလျက်လည်း စွဲလမ်းကြ၏။ အတ္တကောင်, အသက်ကောင်, ငါကောင်ဟု ထင်မှတ်လျက်လည်း စွဲလမ်းကြ၏။ ဤသို့ သာယာ ထင်မှတ်လျက် စွဲလမ်းအပ်သောကြောင့် ထို အဆင်းရုပ်နှင့် မျက်စိရုပ်တို့ကို “ရုပ်ဥပါဒါနက္ခန္ဓာ”ဟု ခေါ် ရပေသည်။

ထို့ပြင် ထိုအဆင်းအာရုံကို မြင်သိခြင်း (စက္ခုဝိညာဏ်) ခံစားခြင်း (ဝေဒနာ) မှတ်သားခြင်း (သညာ) မြင်ရအောင် အာဒီးထုတ်ခြင်း (သင်္ခါရ) ဟူသော အသိနာမ်တရားစုမျှားကိုလည်း (ထို့မြင်ခိုက်မှာပင်) ထင်ရှားဖော်ထုတ်ရ၏။ ၎င်းတို့မှာလည်း နာမ်ခန္ဓာ တရားစုမျှသာ ဖြစ်သည်၊ နှစ်သက်သာယာဘွယ်လည်း မဟုတ်၊ အတ္တ·အသက်ဖကောင်, ငါဖကောင်လည်း မဟုတ်။ သို့သော်၎င်းတို့ကို ဖြစ်တိုင်းဖြစ်တိုင်းမရှုမိသော သူတို့မှာ မမြဲဟူ၍ဖြင်း, ဆင်းရဲဟူ၍ဖြင်း, အနတ္တ ဟူ၍ဖြင်း မသိကြသောကြောင့် နှစ်သက်သာယာလျက်လည်း စွဲလမ်းကြ၏။ “ငါကပင် မြင်သည်၊ ငါကပင် ခံစားသည်၊ ငါကပင် မှတ်သားသည်၊ ငါကပင် စဉ်းစိုက်ကြည့်သည်”ဟု အတ္တကောင်, အသက်ကောင်, ငါကောင် ထင်မှတ်လျက်လည်း စွဲလမ်းကြ၏။ ဤသို့ သာယာ ထင်မှတ်လျက် စွဲလမ်းအပ်သောကြောင့် ထိုနာမ်တရားစုတို့ကိုလည်း “ဝိညာဏ် ဥပါဒါနက္ခန္ဓာ, ဝေဒနာ ဥပါဒါနက္ခန္ဓာ, သညာ ဥပါဒါနက္ခန္ဓာ, သင်္ခါရ ဥပါဒါနက္ခန္ဓာ”ဟု ခေါ်ရပေသည်။

ဤသည်ကား မျက်စိဖြင့် အဆင်းကို မြင်ခိုက်၌ ဥပါဒါနက္ခန္ဓာ ငါးပါး, ရုပ်နာမ်တရားတို့ ထင်ရှားပုံ ပေတည်း။ နားဖြင့် အသံကို ကြားခိုက်, နှာခေါင်းဖြင့် အနံ့ကို နံသိခိုက်, လျှာဖြင့် အရသာကို စားသိခိုက်, ကိုယ်ဖြင့် အတွေ့အထိကို ထိသိခိုက်, နှလုံးဖြင့် သဘောအာရုံကို ကြံသိခိုက် တို့၌လည်း ဥပါဒါနက္ခန္ဓာ ငါးပါး, ရုပ်နာမ် တရားတို့ ထင်ရှားပုံကို နည်းတူပင် သိအပ်၏။အထူးကား သဘောအာရုံမှာ ရုပ်နာမ် နှစ်မျိုးစလုံးနှင့် ဆိုင်၏။ ဤမျှသာ ထူးသည်။

ဤသို့ ခဏ ၆-ပါး, ဌာန ၆-ပါးလုံး၌ ရုပ်နာမ် တရားတို့ ထင်ရှားဖြစ်ပေါ် နေကြသော်လည်း အားထုတ်ခါစ ပဋိဂါလ်မှာ ထိုဖြစ်ပေါ်တိုင်းသော ရုပ်နာမ်တို့ကို ဖြစ်ပေါ်စဉ် အတိုင်း လိုက်၍ရှုရန် မစွမ်းနိုင်သေး။ ပ်ပဿနာ ဟူသည်မှာ လည်း အထူးထင်ရှားရာက စ၍ ရှုရ၏၊စာသင်ရာ၌ လွယ်လွယ် ကူကူကစ၍ သင်ရသကဲ့သို့ပင်တည်း။

သုဒ္ဓဝိပဿနာ အကျဉ်းချုပ်

ထို့ကြောင့် ရုပ်နှင့်နာမ် နှစ်မျိုးတို့တွင် သာ၍ထင်ရှား သောရုပ်ကို စ၍ရှုရ၏။ထိုရုပ်တို့တွင်လည်း မြင်ရ-ကြားရ-နံသိ ရ-စားသိရသော ဥပါဒါရုပ်တို့ထက် တွေ့ထိရသော ဘူတရုပ် တို့က သာ၍ ထင်ရှား၏။ထို့ကြောင့် ကိုယ်ထဲ၌ တွေ့ထိရသော ရုပ်ကို စ၍ ရှုရ၏။

သို့ဖြစ်၍ အထူးထင်ရှားသော ထိုတွေ့ထိရုပ်ကို ရှုရန် အတွက် ထိုင်နေသည့် တကိုယ်လုံးကို သတိနှင့် စိုက်၍ "ထိုင် သည်, ထိုင်သည်"ဟု မပြတ်ရှုနေရ၏။ ထိုသို့ရှုနေရင်း တင်ပါး

က ဖြစ်စေ၊ ခြေထောက်က ဖြစ်စေ၊ တနေရာရာမှ တွေ့ထိမှုကို လည်း ထင်ရှားတွေ့ရလိမ့်မည်။ ထိုအခါ ထိုတွေ့ထိမှုနှင့် တွဲ၍ "ထိုင်သည်,ထိသည်၊ ထိုင်သည်, ထိသည်"ဟု ထိုင်နေသော ကိုယ်ထဲမှာ တလှည့်, ထိနေသောနေရာမှာ တလှည့်အားဖြင့် တလှည့်စီ မပြတ် ရှုနေရသည်။

"ထိုင်သည်,ထိသည်"ဟု ဤနည်းဖြင့် ရှုရသည်ကို ခက်သည်ဟု ထင်လျှင် ဝင်လေ ထွက်လေ ထိခိုက်ရာဌာန စူးစိုက်၍ "ထိသည်, ထိသည်, ထိသည်"ဟု ဤသို့လည်း ရှုနိုင်၏။ သို့မဟုတ် အသက်ရှူတိုင်း ဝမ်းဗိုက်ထဲ၌ ဖောင်းချည် ပိန်ချည် တောင့်တင်း လှုပ်ရှားလျက် တွေ့ထိရသော ရုပ်ကိုလည်း ရှုနိုင်၏။

ရှုပုံမှာ.... ရှေးဦးစွာ စိတ်သတိကို ဝမ်းဗိုက်၌ စူးစိုက်ထားပါ။ ဖောင်းတက်လာလိုက် ပိန်ကျသွားလိုက်နှင့် တောင့်တင်း လှုပ်ရှားလျက် ဗိုက်ထဲမှာ တွေ့ထိမှုများ မပြတ်ဖြစ်နေသည်ကို တွေ့ရလိမ့်မည်။ စိတ်စိုက်ထားရုံမျှဖြင့် မထင်ရှားသေးလျှင် ဗိုက်မှာ လက်နှင့် ထိထား ပါ။ အသက်အောင့်ထားခြင်း, မြန်မြန် ရှူခြင်း, ပြင်းပြင်းရှူခြင်းများကိုကား မပြုရ။ ပကတိ ရှူနေကျ အတိုင်း မှန်မှန်သာ ရှူလျက် ရှိစေရမည်။ ဖောင်းတက်လာခိုက်မှာ ဖောင်းသည်ဟု ရှုပါ။ တစ်ဆက်ချင်း ဖောင်းတက်လာသည်ကို အစမှ အဆုံးတိုင်အောင် အစဉ်မပြတ် သိလျက် ရှိပါစေ။ ပိန်ကျခိုက်မှာလည်း ပိန်သည်ဟု ရှုပါ။ တစ်ဆက်ချင်း ပိန်ကျသွားသည်ကို အစဉ်မပြတ် သိလျက် ရှိပါစေ။ ဖောင်းတိုင်း ပိန်တိုင်း "ဖောင်းသည် ပိန်သည်၊ ဖောင်းသည် ပိန်သည်၊ ဖောင်းသည် ပိန်သည်"ဟု မပြတ်ရှုနေပါ။

အထူးသတိပြုရန်....ဖောင်းသည် ပိန်သည်စသော အမည် ကလေးမျိုးမှာ နှုတ်က ရွတ်ဆိုရန် မဟုတ်၊ စိတ်မျှဖြင့်သာ လျှင် အမည်တပ်၍ရှုနေရန် ဖြစ်သည်။ ထိုအမည်မှာလည်း လို-ရင်းမဟုတ်၊ကိုယ်ထဲ၌ တကယ်ဖြစ်ပေါ်လာသော တောင့်တင်း လှုပ်ရှားတွေ့ထိမှုစသည်ကို သိခြင်းကသာ လိုရင်းဖြစ်သည်။ သို့ သော် အမည်မပါဘဲ စိတ်သက်သက်ဖြင့် ရှုနေလျှင် အာရုံနှင့် စိတ် ကောင်းကောင်းမကပ်ခြင်း, အသိုးအသိုး ပိုင်းခြားမှု မသိခြင်း, ဝိုရိယ လျော့လျော့သွားခြင်းစသော အပြစ်များ ဖြစ်တတ်သည်။ ထို့ကြောင့် စိတ်ဖြင့် အမည်တပ်၍ ရှုရန် ညွှန်ကြားထားခြင်း ဖြစ်ပေသည်။

ဤသို့ "ဖောင်းသည် ပိန်သည်၊ ဖောင်းသည် ပိန်သည်" ဟု ရှုနေစဉ်မှာပင် တခြားတပါး အာရုံများဆီသို့ ထွက်ထွက် သွားသော စိတ်များလည်း ရှိလိမ့်မည်။ ထိုစိတ်များကိုလည်း သူဖြစ်သည့်အတိုင်းပင် ရှုရမည်။

ရှုပုံမှာ....တခြားသို့ ထွက်သွားသည်ဟု ထင်လျှင် ၎င်း စိတ်ကို ထွက်သည်ဟု ရှုလိုက်ပါ။ ကြံသည်ဟု ထင်လျှင် ကြံ သည်ဟု ရှုလိုက်ပါ။ စဉ်းစားသည်ဟု ထင်လျှင် စဉ်းစား သည်ဟု ရှုလိုက်ပါ။ လိုချင်လျှင် လိုချင်သည်ဟု, နှစ်သက်လျှင် နှစ်သက်သည်ဟု,စိတ်ဆိုးလျှင် စိတ်ဆိုးသည်ဟု,စိတ်ပျက်လျှင် စိတ်ပျက်သည်ဟု, ပျင်းလျှင် ပျင်းသည်ဟု, ပျော်လျှင် ပျော် သည်ဟု, ဤသို့စသည်ဖြင့် ထိုစိတ် ပျောက်သွားသည်တိုင် အောင် ဆင့်ကာဆင့်ကာ ရှုရမည်။ ထိုစိတ် ပျောက်သွား သောအခါ "ဖောင်းသည် ပိန်သည်၊ ဖောင်းသည် ပိန်သည်" ဟု မူလ ရှုနေကျအတိုင်းပင် ပြန်၍ မပြတ် ရှုနေရသည်။

ကိုယ်ထဲ၌ ညောင်းမှု ပူမှု နာကျင်ကိုက်ခဲမှု စသော မခံသာမှု (ဒုက္ခဝေဒနာ)များ ဖြစ်ပေါ်လာလျှင် ထိုမခံသာမှုကိုပင် စူးစိုက်၍ "ညောင်းသည် ညောင်းသည်၊ ပူသည် ပူသည်၊ နာသည် နာသည်" စသည်ဖြင့် ရှုနေရမည်၊ ထိုမခံသာမှု ပျောက်ငြိမ်းသွားသောအခါ ဖောင်းမှု ပိန်မှုကိုသာလျှင် ရှုမြဲမပြတ် ရှုနေရမည်။

သို့ရာတွင် ညောင်းမှု ပူမှုစသည် ပြင်းထန်လှသဖြင့် အလွန်မခံသာလှသောအခါမှာ လက်, ခြေ, ကိုယ်, အနေအထိုင်များကို ပြောင်းလဲပြုပြင် ပေးရ၏။ ထိုအခါ လှုပ်ရှားပြုပြင်သော ကိုယ်အမှုအရာများကို စူးစိုက်၍ "ကွေးသည် ကွေးသည်၊ ဆန့်သည် ဆန့်သည်၊ လှုပ်သည် လှုပ်သည်၊ ရွှေ့သည် ရွှေ့သည်၊ ကြွသည် ကြွသည်၊ ချသည် ချသည်" စသည်ဖြင့် သူဖြစ်ပေါ် သည့်အတိုင်း အစဉ်မပြတ်လိုက်၍ ရှုသွားရသည်။ ထိုအမှုအရာ ပြီးဆုံးသွားသောအခါ ဖောင်းမှု ပိန်မှုကိုသာ ပြန်၍ ရှုမြဲပင် ရှုနေရသည်။

တစုံတရာကို ကြည့်မိလျှင် "ကြည့်သည် မြင်သည်၊ ကြည့်သည် မြင်သည်"ဟု ရှုရသည်။ မကြည့်ဘဲ အလိုလို မြင်သွားလျှင် "မြင်သည် မြင်သည်"ဟု ရှုရသည်။ နားထောင်မိလျှင် "နားထောင်သည် ကြားသည်၊ နားထောင်သည် ကြားသည်" ဟု ရှုရသည်။ အလိုလို ကြားရလျှင် "ကြားသည် ကြားသည်" ဟု ရှုရသည်။ စဉ်းစားမိလျှင် "စဉ်းစားသည် စဉ်းစားသည်" ဟု ရှုရသည်။ ပြီးလျှင် ဖောင်းမှု ပိန်မှုကို ရှုမြဲပင် ပြန်ရှုနေရသည်။

ထိုင်ရာမှ ထသောအခါ၊ ရုပ်သောအခါ၊ လှဲအိပ်သော အခါ စသည်တို့၌လည်း ပြုတိုင်း ပြုတိုင်းသော ကိုယ်အမူအရာ များကို စေ့စေ့စပ်စပ် ရှုလျက်သာ ပြုပြင်ရသည်။ လမ်း လျှောက်သွားသောအခါ၌ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း လှုပ်ရှားမှုများကို အစမှအဆုံးတိုင် သေသေချာချာသိအောင် စူးစိုက်၍ "သွားသည် သွားသည်"ဟု ဖြစ်စေ, "လှမ်းသည် လှမ်းသည်"ဟု ဖြစ်စေ, "ကြွသည် လှမ်းသည် ချသည်"ဟု ဖြစ်စေ စေ့စေ့စပ်စပ်ရှုလျက် ရှုလျက်သာ သွားရသည်။

အကျဉ်းချုပ် အားဖြင့် ဆိုလျှင် ကွေးမှု ဆန့်မှု စသော ကိုယ့်လက် လှုပ်ရှားပြုပြင်မှု ဟူသမျှကို ဖြစ်ပေါ်လာတိုင်း သိအောင် ရှုရသည်။ ကိုယ်ထဲ စိတ်ထဲ၌ ဖြစ်ပေါ်လာသော ဝေဒနာဟူသမျှကိုလည်း ဖြစ်ပေါ်လာတိုင်း သိအောင်ရှုရ သည်။ စိတ်ကူး စဉ်းစားမှုဟူသမျှကိုလည်း ဖြစ်ပေါ်လာတိုင်း သိအောင်ရှုရသည်။ ဤလို အကြောင်းထူးများ မရှိဘဲ ငြိမ် လျက် ထိုင်နေသောအခါ, လဲလျောင်းနေသော အခါများမှာ ကိုယ်ထဲမှ ထင်ရှားသော အတွေ့အထိ တခုခုကို မပြတ်ရှုနေ ရသည်။ ဤ၌ကား အထူးထင်ရှား၍ ပြောပြရန် လွယ်ကူ သော ဖောင်းမှု ပိန်မှုကိုသာ ပင်တိုင်ထား၍ ရှုရန် ညွှန်ကြား ထားပေသည်။ သို့သော် အလိုရှိပါလျှင် ပဌမက ပြခဲ့သော ထိုင်မှု, ထိမှုတို့ကိုဂုဏ်း၊ ဝင်လေ, ထွက်လေ၏ထိမှုကိုဂုဏ်း ပင်တိုင် ထား၍လည်း ရှုနိုင်သေး၏။

ပေါ်ရာ ပေါ်ရာကို အလွယ်တကူ ရှုနိုင်သောအခါ၌ကား ဤကဲ့သို့ ပင်တိုင် ရှုစဉ် ထားရန်မလိုတော့ပြီ။ မြင်တိုင်း ကြား

တိုင်း နံသိတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း ပေါ်သမျှကို ဖြစ်ပေါ်လာစဉ် အတိုင်းပင် ရှုသွားရသည်။

ယောဂီသည် ဤနည်းဖြင့် မပြတ်ရှုနေလျှင် သမာဓိဉာဏ် အားရှိလာသောအခါမှာ တစက္ကန့်အတွင်းမှာပင် စိတ်အကြိမ်ပေါင်းများစွာ ဖြစ်ပျက်နေသည်ကို ကိုယ်တိုင်ပင် တွေ့သိရ၏။ သို့သော် ရှုခါစ ယောဂီမှာ တို့မျှလျင်မြန်စွာမသိနိုင်သေးပေ။ ဤအရာ၌ စာဖတ် သင်ခါစ ပုဂ္ဂိုလ်နှင့် ကောင်းကောင်း တတ်ပြီးပုဂ္ဂိုလ်တို့၏ စာဖတ်နှုန်းပုံ,မြန်ပုံများနှင့် နှိုင်းယှဉ်၍ သိနားလည်အပ်၏။ သို့သော် အားထုတ်ခါစပုဂ္ဂိုလ်သည်လည်း တစက္ကန့်တစက္ကန့်လျှင် ရှုသိမှု တကြိမ်တကြိမ်ကျထက် မနည်း ရှုသိနိုင်အောင် အမြဲမပြတ်အားထုတ်၍ ရှုနေရသည်။

ဝိပဿနာ အားထုတ်ပုံ အကျဉ်း ပြီး၏။

ဝိပဿနာ သမာဓိဉာဏ် မဂ်ဖိုလ်ဉာဏ် ဖြစ်ပုံ

ယခု ပြဆိုခဲ့ဆဲသည့်အတိုင်း တစက္ကန့် တစက္ကန့်မှာ တကြိမ် တကြိမ်ထက်မနည်း မပြတ်ရှုနိုင်ရန် အားထုတ်နေသော်လည်း အားထုတ်ခါစ ပုဂ္ဂိုလ်မှာ မရှုမိဘဲ မေ့သွားသော ကိုယ်အမူအရာ, စိတ်အမူအရာတို့လည်း များစွာပင် ရှိပေလိမ့်မည်။ သမထပိုင်းက ပြခဲ့သည့်အတိုင်း ကခြေးတပါးသို့ ရောက်နေသော နိဝရဏစိတ်များလည်း များစွာပင် ရှိပေလိမ့်မည်။ အထူးမှာ သမထလုပ်ငန်းစဉ်၌ ထိုမေ့သောစိတ်, တခြားသို့ ထွက်သောစိတ်များကို ရှုရန်မလိုပြီ၊ ရှုမြဲ သမထအာရုံကိုပြန်၍ ရှုရန်သာ လိုပေသည်။ ဤဝိပဿနာလုပ်ငန်းစဉ်၌ကား ထိုမေ့

သွားသည့် စိတ်များ, တခြားသို့ ထွက်သွားသည့် စိတ်များကို လည်း ရှုသိရ၏။ ထိုသို့ ရှုသံပြိုးမှ ဖောင်းမှု ပိန်မှုစသော ရှုမြဲကို ပြန်၍ ရှုသွားရပေသည်။ ဤကား သမထနှင့် ဝိပဿနာတို့၌ နိဝရဏကိုပယ်ခြင်းနှင့်စပ်၍ လုပ်ငန်းစဉ် ထူးခြားပုံ တရပ် ပေတည်း။

[သမထ ဘာဝနာမှာ တခုတည်းသော အာရုံ၌ စိတ်ဘည်တံ့နေအောင် သမထအာရုံကိုသာ မပြတ် ရှုနေရ၏။ သမထအာရုံမဟုတ်သော ရုပ်နာမ်အာရုံကိုကား ရှုရန် တာဝန်မရှိ။ ထို့ကြောင့် တရုံဘခါ၌ ကြုံစည်စဉ်းစားနေသော နိဝရဏစိတ်များ ဖြစ်ပေါ်လာသော်လည်း ၎င်းတို့ကိုကား ရှုရန်မလို၊ ပယ်ရန် သာလို၏။

ဝိပဿနာ ဘာဝနာမှာမူ ဒွါရ ၆-ပါးက ဖြစ်ပေါ်သမျှ ရုပ်နာမ်တို့ကို ရှုရသောကြောင့် တရုံတခါ၌ မရှုမိဘဲ မေ့လျက် တခြားကိုစဉ်းစားမိသော စိတ်များ, လိုချင် နှစ်သက်မှုစသော နိဝရဏစိတ်များ ဖြစ်ပေါ်လာလျှင် ထိုစိတ်များကိုလည်း ရှုအပ်သည်သာ၊ မရှုမိလျှင် ထိုစိတ်များ၌လည်း နိစ္စ, သုခ, အတ္တဟုစွဲလမ်းမှု ကျရောက်မည်ချည်းသာ။ သို့ဖြစ်၍ ထိုသို့သော စိတ်များ ဖြစ်ပေါ်လာလျှင် သမထ အလုပ်မှာကဲ့သို့ (အသတိ အမနသိကာရ) နှလုံးမသွင်းဘဲ ထားရုံမျှ ဖြင့် ကိစ္စ မပြီးသေး၊ ၎င်းတို့ကိုလည်း သဘာဝ-လက္ခဏာ, သာမည လက္ခဏာတို့ဖြင့် မှန်ကန်စွာ သိအောင် ရှုမှသာလျှင် စွဲလမ်းမှု ကင်းစေနိုင်၍

ဝိပဿနာကိစ္စပြီးပေသည်။ (ဤကား ထပ်၍ရှင်းချက် ဖြစ်သည်)]

ဤသို့ ရှုဖန်များသောအခါ တခြားသို့ ပျံလွှင့်သော စိတ်မှာ မရှိသလောက်ပင် ကင်းငြိမ်းနေလိမ့်မည်။ တခြားသို့ စိတ်ထွက်လျှင်လည်း ချက်ခြင်းပင် ရှုသိနိုင်၍ ချက်ခြင်းပင် ထိုစိတ် ပြတ်စဲသွားလိမ့်မည်။ တရံတခါမှာ တခြားသို့ထွက်ရန် စိတ်ဦးလှည့်လိုက်သည်ကိုပင် ရှုသိနိုင်၍ တခြားသို့ မထွက်တော့ဘဲ ရှုမြဲပင် တစဉ်တည်း အခြေမပျက် ရှုသိနေနိုင်သည်ကိုလည်း တွေ့ရလိမ့်မည်။ ထိုအခါမှာ ရှုရှုရှုရာဒုက္ခရုံ၌ ကပ်ခနဲ ကပ်ခနဲ အံကျကိုက်လျက် တည်တည်နေသော သမာဓိသည် **ဝိပဿနာ ခဏိကသမာဓိ** မည်၏၊ ကာမစ္ဆန္ဒ စသော နိဝရဏတို့မှ ကင်းနေသောကြောင့် သမထလမ်းက **ဥပစာရသမာဓိ**နှင့်လည်း ညီမျှ၏၊ ပျံလွှင့်ပြေးသွားသော ထိုနိဝရဏတို့နှင့် ရောနှောခြင်းမရှိဘဲ ရှုသိမှု ဘာဝနာစိတ်ချည်း ဖြစ်နေသောက် တစပ်တည်း စင်ကြယ်လျက်ရှိသောကြောင့် **စိတ္တဝိသုဒ္ဓိ**လည်း မည်၏။

ထိုအခါ ရှုတိုင်း ရှုတိုင်း ရှုမိသည့် ဖောင်းမှု ပိန်မှုစသော ရုပ်အပေါင်းကို အသိနာမ်နှင့်ဝင်း, အခြားရုပ်များနှင့်ဝင်း မရောယှက်စေဘဲ သီးသန့် ပိုင်းခြား၍ သိ၏။ ရှုမှု ကြံသိမှု မြင်မှု စသော နာမ်အပေါင်းကိုလည်း ရုပ်နှင့်ဝင်း, အခြားနာမ်များနှင့်ဝင်း မရောယှက်စေဘဲ သီးသန့်ပိုင်းခြား၍သိ၏၊ တကြိမ် တကြိမ် ရှုခိုက်မှာပင် ကိုယ်ရုပ်နှင့်အသိစိတ်ကို တခြားစီ ပိုင်းခြား၍ သိ၏။ ဤသို့ နာမ်နှင့် ရုပ်ကို ပိုင်းခြား၍ သိခြင်းသည် **နာမရူပပရိစ္ဆေဒဉာဏ်** မည်၏။

ထိုသို့ သိဖန်များသောအခါ "ဤကိုယ်ထဲ၌ ဖောင်းမှု ပိန်မှု လှုပ်ရှားမှုစသော (အာရုံကို မသိတတ်သည့်) ရုပ်တရား နှင့် ရှုသိမှု မြင်သိမှုစသော (အာရုံကို သိတတ်သည့်) နာမ် တရားဟူ၍ ဤရုပ်နာမ် ၂-မျိုးသာ ရှိသည်၊ ဤ ရုပ်နာမ်မှ တပါး ပုဂ္ဂိုလ် သတ္တဝါကောင်မည်သည် မရှိတော့ပြီ" ဟု သိမြင် သဘောကျ၏၊ ရှုနေရင်းပင် ဤသို့ သိမြင် သဘောကျသွား ခြင်းသည် **ဒိဋ္ဌိဝိသုဒ္ဓိ** မည်၏။

ထို့နောင် ဆက်လက်၍ အားထုတ်နေလျှင် ရှုတိုင်း ရှုတိုင်း အကြောင်းအကျိုးဆက်စပ်လျက် ထို ရုပ်နာမ်များ ဖြစ်ပေါ် နေကြသည်ကိုလည်း သိမြင် သဘောကျလာ၏၊ သိပုံကား– ကွေးချင် ဆန့်ချင် လှုပ်ရှား ပြုပြင်ချင်သော စိတ်ကြောင့် ကွေးရုပ် ဆန့်ရုပ် လှုပ်ရှား ပြုပြင်ရုပ်များ ဖြစ်ပေါ်လာကြ သည်ကိုၾကင်း၊ အပူ အအေးဓာတ်ကြောင့် ပူရုပ် အေးရုပ်များ ပြောင်းလဲ ဖြစ်ပေါ် လာကြသည်ကိုၾကင်း၊ အစာအာဟာရ ကြောင့် ရုပ်သစ်များ ဖြစ်ပေါ်လာကြသည်ကိုၾကင်း မျက် မှောက်တွေ့လျက် သိမြင်သဘောကျ၏။

ထို့ပြင် မျက်စိနှင့်အဆင်း, နားနှင့် အသံ စသည်ရှိ၍ မြင်မှု ကြားမှု စသည်တို့ ဖြစ်ပေါ်လာကြသည်ကိုၾကင်း၊ ဖောင်းမှု ပိန်မှုစသော ရှုစရာအာရုံရှိ၍ ရှုသိမှုဖြစ်ပေါ်လာသည်ကိုၾကင်း၊ နှလုံးသွင်းမှုရှိ၍ ထိုထိုအာရုံများဆီသို့ စိတ်က ရောက်ရောက် သွားသည်ကိုၾကင်း မျက်မှောက် တွေ့လျက် သိမြင် သဘော ကျ၏။

ထို့ပြင် "ကောင်းသည် ချမ်းသာသည်" ဟု ထင်ယောင် **အဝိဇ္ဇာ**, ကောင်းစား ချမ်းသာချင်သော **တဏှာ**တို့ကြောင့်

ကြံစည် အားထုတ် ပြုလုပ်နေကြသည်ကိုဎင်း၊ ထိုပြုလုပ်မိရာကိုပင် စွဲလမ်း၍ စိတ်ဝိညာဏ် အသစ်အသစ် ဖြစ်ပေါ် နေသည်ကိုဎင်း၊ သေခြင်း ဟူသည်မှာလည်း ရှုသိရသော ဤစိတ်ကလေးမျိုး နောက်ဆုံး ပျောက်ကွယ် သွားခြင်းပင်ဟူ၍ဎင်း၊ **ဘဝအသစ်** ဖြစ်ခြင်း ဟူသည်မှာလည်း မိုရာရုပ်နှင့် တကွ ဤစိတ်ကလေးမျိုး အသစ်ဖြစ်ပေါ် လာခြင်းပင် ဟူ၍ဎင်း ဤသို့စသည်ဖြင့်လည်း သိမြင်သဘောကျ၏။

ဤသို့ အကြောင်းတရားပါ သိမြင်ခြင်းသည် **ပစ္စယပရိဂ္ဂဟဉာဏ်** မည်၏။

ဤသို့ အကြောင်းနှင့် အကျိုးမျှသာ ဆက်စပ်လျက် ဖြစ်နေသည်ကို သဘော ကျသော အခါ "ရှေးကလည်း ဒီလို အကြောင်း အကျိုး ရုပ်နာမ်မျှသာ ရှိခဲ့သည်၊ နောင်လည်း ဒီလို အကြောင်းအကျိုး ရုပ်နာမ်မျှသာရှိမည်"ဟူ၍လည်း သိမြင်သဘောကျ၏။ ဤသို့ သိမြင်သဘောကျခြင်းသည် **ကင်္ခါဝိတရဏဝိသုဒ္ဓိ** မည်၏။

အကြောင်း အကျိုး ရုပ်နာမ်မျှသာ ရှိသည်ဟု မသိသေးမီက ထိုရုပ်နာမ်များဂို့ပင် အတ္တကောင် ငါကောင်ထင်မှတ်၍ "ရှေးကလည်း ငါရှိခဲ့လေသလော? ယခုမှဘဲ ရှိလာလေသလော? ဒီငါဟာ သေပြီးတဲ့နောက်မှာလည်း ရှိဦးမည်လေလော?"ဟု ဤသို့သော တွေးတော ယုံမှားမှုမျိုး ဖြစ်ပေါ်နိုင်၏။ ယခုမူကား ထိုယုံမှားမှုမျိုး မဖြစ်နိုင်တော့ပြီ။ ထိုယုံမှားမှုမျိုးကို လွန်မြောက်သွားပြီဟု ဆိုလို၏။

ဆက်လက်၍ အားထုတ်နေလျှင် ရှုတိုင်း ရှုတိုင်းသော ရုပ်နာမ်များသည် ဖြစ်ပေါ် လာပြီးလျှင် ပျောက်ပျောက်သွားကြ

သည်ကိုသာ တွေ့ရသောကြောင့် မမြဲဟူ၍လည်း သုံးသပ် ဆင်ခြင်မိ၏။ **အနိစ္စသမ္မသနဉာဏ်** ပင်တည်း။

ဖြစ်လိုက် ပျက်လိုက်နှင့် ဖြစ်မှု,ပျက်မှုက မပြတ်နိုပ်စက်နေ သည်ကိုသာ တွေ့ရသောကြောင့် "နှစ်သက်သာယာဘွယ် အားကိုးဘွယ်မရှိ၊ကြောက်ဘွယ်ကောင်းသော ဆင်းရဲချည်း" ဟူ၍လည်း သုံးသပ်ဆင်ခြင်မိ၏။ **ဒုက္ခသမ္မသနဉာဏ်**ပင်တည်း။

ကိုယ့်အလိုအတိုင်း မဖြစ်မူ၍ သူ့သဘောအတိုင်းသာ ဖြစ်ပျက်နေသည်ကို တွေ့ရသောကြောင့် "အစိုးရသော အတ္တ ကောင် ငါကောင် မဟုတ်, အနတ္တ သဘောတရားချည်း" ဟူ၍လည်း သုံးသပ်ဆင်ခြင်မိ၏။ **အနတ္တသမ္မသနဉာဏ်** ပင် တည်း။

ဤသို့ သုံးသပ်ဆင်ခြင်၍ အားရသောအခါ မသုံးသပ် မဆင်ခြင်တော့ဘဲ ရှုရုံသာရှုလျက်ရှိ၏။ထိုအခါ ရှုတိုင်းရှုတိုင်း ရှုမိသော အာရုံ၏ အစဖြစ်ပေါ်လာပုံကိုလည်း ရှင်းလင်း ပြတ်သားစွာ သိရ၏။ ထိုအာရုံ၏ တိကနဲ့ ပြတ်ဆုံးသွားပုံကို လည်း ရှင်းလင်းပြတ်သားစွာ သိရ၏။ အလင်းရောင်များ, နှစ်သိမ့်အားရမှုများ, စိတ်အေးချမ်းမှုများ, ဘုရား တရားနှင့် စပ်သော သဒ္ဓါကြည်ညိုမှုများ, ထက်သန်သော အားထုတ်လို မှုများ, ဝမ်းသာမှုများ, အလွန် လျင်မြန်သန့်ရှင်းသော သိမှု များ,ရှစရာ အာရုံတွေကို အလွတ်မရှိအောင် အမှတ်ရလျက် ရှုနိုင်မှုများ, အထူးကြောင့်ကြ မပြုရဘဲ ရှုသိနိုင်မှုများ, ရှုရ သည်၌ ပျော်လျက် နှစ်သက်သာယာမှုများဟူသော ဤထူး ခြားသော သဘောတရားတို့သည်လည်း ဖြစ်ပေါ်လာတတ် ကုန်၏။ ထို့ကြောင့် ယောဂီသည် မိမိ၏ ဖြစ်ပုံများကို မပြော

ရဘဲ မနေနိုင်လောက်အောင် ဝမ်းသာတက်ကြွလျက် ရှိတတ်၏။ တရားထူးကို ရပြီဟူ၍လည်း ထင်မှတ်တတ်၏။ နုသော ဉဒယဗ္ဗယဉာဏ်နှင့် မဂ်မှားပေတည်း။

ထိုအလင်းရောင်စသည်တို့ကို တရားထူး မဟုတ်သေးဟူ၍ငင်း၊ "ပေါ်လာသမျှကို ရှုရုံမျှ မပြတ်ရှုနေခြင်းသည်သာလျှင် တရားထူးကို ရရန် ဝိပဿနာလမ်းမှန်ဖြစ်သည်" ဟူ၍ငင်း၊ ကျမ်းဂန်ဗဟုသုတအရဖြစ်စေ, ဆရာသမားတို့၏ စကားအရဖြစ်စေ ယုံကြည်ဆုံးဖြတ်ရ၏။ ထိုသို့ ဆုံးဖြတ်လိုက်ခြင်းသည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။

ထိုသို့ ဆုံးဖြတ်ပြီးနောက် ဆက်လက်၍ ရှုနေလျှင် ထိုအလင်းရောင် နှစ်သိမ့်အားရမှုစသည်တို့သည် တဖြည်းဖြည်းနည်း၍ နည်း၍ သွား၏၊ ရှုသိမှုမှာလည်း သာ၍ ရှင်းလင်းလာ၏၊ လက်ခြေ တကွေးတဆန့်အတွင်း, ခြေတလှမ်းအတွင်းမှာပင် တနေရာမှ တနေရာသို့ မရောက်ဘဲ တခွေ့ချင်း တခွေ့ချင်း ဖြစ်ပျက်သွားသော လှုပ်ရှားရုပ်ပေါင်း များစွာတို့ကို တပိုင်းစီ တပိုင်းစီ ရှင်းလင်းပြတ်သားစွာ သိရ၏။ ဥပက္ကိလေသမှ လွတ်သော ရင့်သော ဉဒယဗ္ဗယဉာဏ်ပေတည်း။

ထိုဉာဏ် အားကောင်းလာသောအခါ အသိသည် တိုး၍လျင်မြန်လာ၏။ ထို့ကြောင့် အာရုံ၏ အစဖြစ်မှုထက် အဆုံးပျောက်မှုကို သာ၍ ထင်ရှားစွာ တွေ့ရ၏။ ရှုရသော အာရုံများမှာ ကုန်ဆုံး၍ ပျောက်ပျက်နေနှင့်သကဲ့သို့ ထင်ရတတ်၏၊ လက်, ခြေ, ခေါင်း, ကိုယ် စသော ပုံသဏ္ဌာန် အထည်ခြုံကို မတွေ့ရတော့ဘဲ တရိပ်ရိပ်နှင့် ပျောက်ပျောက်နေသည်ကိုသာ ရှုတိုင်း ရှုတိုင်း တွေ့ရ၏။ ရှုသိနေသော စိတ်ကလေးပါ သူ့

အာရုံနှင့်အတူ ရှေ့နောက် ဆင့်လျက် တပါတည်း ပျောက် ပျောက်သွားသည်ကို တွေ့ရ၏။ ဤသို့ ရှုတိုင်း ရှုတိုင်း အာရုံ ရော အသိစိတ်ပါ တစုံလုံး တစုံလုံး ပျောက်ပျောက်သွား သည်ကို သိခြင်းသည် **ဘင်္ဂဉာဏ်** မည်၏။

ရှုတိုင်း ရှုတိုင်း အာရုံရော အသိစိတ်ပါ တပျက်တည်း ပျက်နေသည်ကိုသာ တွေ့ရသောကြောင့် "ကြောက်စရာ ကောင်းသည်"ဟု ထင်မြင် သဘောကျလာ၏။ **ဘယဉာဏ်** ပေတည်း။

"မကောင်းဘူး"ဟု အပြစ်လည်း မြင်လာ၏။ **အာဒီနဝ ဉာဏ်** ပေတည်း။

"နှစ်သက် ပျော်မွေ့ဘွယ်မရှိ၊ ပျင်းရိငြီးငွေ့ဘွယ်" ဟူ၍ လည်း ထင်မြင်လာ၏။ **နိဗ္ဗိဒါဉာဏ်** ပေတည်း။

"ဒီလို ဖြစ်ပျက်နေသော ရုပ်နာမ်တွေ့မရှိမှ ကောင်းမည်" ဟု ရုပ်နာမ်ဆင်းရဲမျှားမှ လွတ်မြောက်ရန် မျှော်ကြည့်သော ဉာဏ်လည်း ဖြစ်လာ၏။ **မုဉ္စိတုကမျတာဉာဏ်** ပေတည်း။

ထိုအခါ လွတ်မြောက်စေရန် အထူး ကြောင့်ကြပြု၍ တဖန် ရှုသဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ သဘောတို့ကို ရှင်းလင်းစွာ သိမြင်၏။ အထူးအားဖြင့် ဒုက္ခသဘောမျှားကို အလွန် ထင် ရှားစွာ တွေ့ရတတ်၏။ **ပဋိသင်္ခါဉာဏ်** ပေတည်း။

ထို ပဋိသင်္ခါဉာဏ် အားပြည့်သော အခါ ရှုသိမှုသည် ကြောင့်ကြမစိုက်ရဘဲ သူအလိုလိုပင် သိလျက် သိလျက် နာရီ စက်မျှားကဲ့သို့ သွားနေ၏။ အကောင်းအဆိုး အာရုံ၏ သဘောနောက်သို့ မလိုက်ဘဲ သိရုံမျှ သိရုံမျှသာ လျစ်လျူ

ရှုလျက် ရှိနေ၏။ အလွန်ပင် ညှင်သာ သိမ်မွေ့လှပေ၏။ သူ့အရှိန်နှင့်သူ သိလျက် သိလျက် သွားနေသည်မှံ့ တနာရီ-နှစ်နာရီ-သုံးနာရီလည်း ကြာသွားတတ်၏။ ထိုမျှ ကြာသော်လည်း ညောင်းညာ ပင်ပန်းခြင်းကား မရှိပေ။ ဤသို့ အကောင်းအဆိုး အာရုံနောက်သို့လည်း မလိုက်, ကြောင့်ကြလည်း မစိုက်ရဘဲ သဘောမှန်ကို သိရုံ သိရုံမျှ ကြာရှည်စွာ သိသိသွားနေခြင်းသည် **သင်္ခါရုပေက္ခာဉာဏ်** မည်၏။

ဤသို့ သူ့အရှိန်နှင့်သူ သိလျက် သိလျက် အလိုလိုသွားနေရာထဲက အထူး သွက်လက်လျင်မြန်သော အသိကလေးမျှား ဖြစ်ပေါ်လာပြန်၏။ ထိုအသိကလေးမျှားမှာ **ဂုဋ္ဌာနမည်သော** မဂ်ဆီသို့ တဟုန်တိုး တက်သွားသော **ဝုဋ္ဌာန ဂါမိနီ ဝိပဿနာ** ဉာဏ် မည်၏။

ထို ထူးခြားသော အသိကလေးမျှားမှာလည်း ထိုခဏဌိဒ္ဓိရ ၆-ပါးတွင် ထင်ရှားပေါ်လာသော ရုပ်နာမ် အာရုံကိုပင် "မမြဲဟူ၍သော်၎င်း, ဆင်းရဲဟူ၍သော်၎င်း, အနတ္တဟူ၍သော်၎င်း" သိမြင်လျက် ဖြစ်ပေါ်ပေသည်။ ထိုတွင် နောက်ဆုံးအကြိမ် အသိမှာ ပရိကံ, ဥပစာ, အနုလုံခေါ် ဇောသုံးခုပါဝင်သော **အနုလောမဉာဏ်** ပေတည်း။ ရှေး ဝိပဿနာဉာဏ်နောက်မဂ်ဉာဏ်တို့နှင့် သင့်လျော်စွာ ဖြစ်သော ဉာဏ်ဟု ဆိုလို၏။

ရှေးရှင့်သော ဥဒယဗ္ဗယဉာဏ်မှစ၍ ဤ အနုလောမဉာဏ်တိုင်အောင် ဉာဏ် ၉-ပါး အပေါင်းသည် **ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ** မည်၏။

ထိုဉာဏ်၏ အခြားမဲ့၌ အသိစိတ်သည် ရုပ်နာမ် ဆင်းရဲ ချုပ်သော နိဗ္ဗာန်အာရုံသို့ ကျရောက်သွား၏၊ ဂေါတြဘူဉာဏ် ပေတည်း။ ပုထုဇဉ် အနွယ်ကို ဖြတ်ကာ အရိယာ အနွယ်သို့ ဝင်ရောက်သွားသော ဉာဏ်ဟု ဆိုလိုသည်။

ထိုနောင် ထိုနိဗ္ဗာန်ကိုပင် မျက်မှောက်တွေ့ သိမြင်လျက် သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်များ ဖြစ်ပေါ်လာကြ၏။ ထိုတွင် မဂ်ဉာဏ်ကို **ဉာဏဒဿနဝိသုဒ္ဓိ**ဟု ခေါ်သည်။

ထိုမဂ်ဖိုလ်ဖြစ်ခိုက် အချိန်မှာ တစက္ကန့်မျှပင် မကြာပေ၊ ထိုနောင် ထူးခြားစွာတွေ့သိရသော မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ပြန်လှည့်၍ ဆင်ခြင်မိ၏။ **ပစ္စဝေက္ခဏာဉာဏ်** ပေတည်း။

ဤအစဉ်အတိုင်း ပစ္စဝေက္ခဏာဉာဏ်တိုင်အောင် ပြည့်စုံစွာ တွေ့မြင်သောသူသည် **သောတာပန်** အဖြစ်သို့ရောက်နေသော သူပေတည်း။

သောတာပန်ပုဂ္ဂိုလ်မှာ—

၁။ **သက္ကာယဒိဋ္ဌိ** – ရုပ်နာမ်အပေါင်းကို အတ္တကောင်ဟု ထင်မှတ်ခြင်း၊

၂။ **ဝိစိကိစ္ဆာ** – ဘုရား, တရား, သံဃာ, အကျင့် သိက္ခာတို့ နှင့်စပ်၍ ယုံမှားခြင်း၊

၃။ **သီလဗ္ဗတပရာမာသ** – အရိယာမဂ်လမ်း အကျင့်မှ တပါးသော အလေ့ အကျင့်များကို နိဗ္ဗာန်ရောက် ကြောင်း အကျင့်ကောင်းဟု ယုံကြည်ယူမှားခြင်း

ဟူသော ဤသံယောဇဉ်သုံးပါး ကင်းငြိမ်း၏။ ထို့ပြင် ငါးမျိုး သီလလည်း ကျိုးခြင်းပျက်ခြင်းမရှိဘဲ သူသဘောဝအတိုင်းပင် လုံခြုံစင်ကြယ်လျက် ရှိ၏။

ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်သည် အပါယ် ၄-ပါးမှ လုံးဝလွတ်မြောက်၏။ လူ့ဘုံ, နတ်ဘုံတို့မှာလည်း အလွန်ဆုံး (၇)ဘဝမျှသာ ကျင်လည်၍ (၇)ဘဝမြောက်တွင် ရဟန္တာဖြစ်ကာ နိဗ္ဗာန်သို့ ဝင်စံရလေတော့သည်။

ထိုသောတာပန်ပုဂ္ဂိုလ်သည် မိမိရပြီးသော ဖိုလ်တရားသို့ ဝင်ရောက်ရန်ရည်သန်၍ ဝိပဿနာရှုလျှင် ထိုဖိုလ်သို့ ဝင်ရောက်လျက် ငါးမိနစ်,ဆယ်မိနစ်,နာရီဝက်,တနာရီ စသည်ဖြင့် ဖလသမာပတ်၌ တည်နေနိုင်၏၊ ဝသီဘော် နိုင်နင်းလျှင် အလျင်အမြန်လည်း ဝင်စားနိုင်၏၊ တနေ့လုံး တညလုံးသော်လည်း ကြာရှည်စွာ ထိုဖလသမာပတ်၌ တည်နေနိုင်၏။

မရဏသေးသော မဂ်ဖိုလ်မျှားသို့ရောက်ရန် ရည်သန်၍ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို နည်းတူပင် ရှုပါမူကား ဥဒယဗ္ဗယဉာဏ်စသော ဝိပဿနာဉာဏ်မျှားနည်းတူပင် အစဉ်အတိုင်းဖြစ်ပြီးလျှင် ဣန္ဒြေလည်း ရင့်ကျက်ပါမူ သကဒါဂါမိမဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်ကာ သကဒါဂါမ် အဖြစ်သို့ ရောက်သွားလေ၏။ သကဒါဂါမ်မှာ ကြမ်းတမ်းသော ကာမရာဂနှင့် ဗျာပါဒတို့လည်း ကင်းငြိမ်းသွားပြန်၏။ ထို့ကြောင့် သကဒါဂါမ်ပုဂ္ဂိုလ်သည် လူ့ဘုံ, နတ်ဘုံတို့၌ အလွန်ဆုံး နှစ်ဘဝမျှသာဖြစ်ပြီးလျှင် ရဟန္တာဖြစ်ကာ နိဗ္ဗာန်သို့ ဝင်စံရလေတော့သည်။

ထို သကဒါဂါမ် ပုဂ္ဂိုလ်သည်လည်း ဖိုလ်ဝင်စား လို၍ ဝိပဿနာရှုလျှင် ရပြီးသော ဖိုလ်သို့ ရောက်၏၊ အထက် မဂ်ဖိုလ်သို့ ရောက်ရန် ရည်သန်၍ ဝိပဿနာရှုလျှင်ကား နည်းတူပင် ဝိပဿနာဉာဏ်မျိုး အစဉ်အတိုင်းဖြစ်ပြီးလျှင် အနာဂါမိမဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်ကာ အနာဂါမ်အဖြစ်သို့ ရောက်သွားလေ၏။ အနာဂါမ်မှာကား ကာမရာဂနှင့် ဗျာပါဒတို့ လုံးဝ ကင်းငြိမ်း၏။ ထို့ကြောင့် အနာဂါမ်ပုဂ္ဂိုလ်သည် ကာမဘုံ၌ တဖန် မဖြစ်တော့ပြီ၊ ရူပ, အရူပဗြဟ္မာဘုံတို့၌သာဖြစ်၍ ထိုဘုံတို့၌ပင် ရဟန္တာဖြစ်ကာ နိဗ္ဗာန်သို့ ဝင်စံရလေတော့သည်။

ထို အနာဂါမ် ပုဂ္ဂိုလ် သည် လည်း ဖိုလ်ဝင်စား လို၍ ဝိပဿနာရှုလျှင် ရပြီးဖိုလ်သို့ ရောက်၏၊ အထက် မဂ်ဖိုလ်သို့ ရောက်ရန် ရည်သန်၍ ဝိပဿနာ ရှုလျှင်ကား နည်းတူပင် ဝိပဿနာဉာဏ်မျိုး အစဉ်အတိုင်း ဖြစ်ပြီးလျှင် အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုတွေ့မြင်ကာ **ရဟန္တာအဖြစ်**သို့ ရောက်သွားလေတော့၏။

ရဟန္တာပုဂ္ဂိုလ်မှာ ၁-ရူပရာဂ၊ ၂-အရူပရာဂ၊ ၃-မာန၊ ၄-ဥဒ္ဓစ္စ၊ ၅-အဝိဇ္ဇာ ဟူသော ဤအကြောင်း သံယောဇဉ်ငါးပါးနှင့်တကွ ကိလေသာ ဟူသမျှ အလုံးစုံ ကင်းငြိမ်း၏။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်မှာ နောင်တဖန် ဘဝအသစ် ဖြစ်ရခြင်း မရှိတော့ပြီ၊ ထိုဘဝမှာပင် အသက် အပိုင်းအခြား ကုန်ဆုံးသောအခါ ပရိနိဗ္ဗာန် ဝင်စံရလေတော့သည်။

ပရိနိဗ္ဗာန် ဝင်စံပြီးသောအချိန်မှစ၍ ဘဝအသစ် ဖြစ်ပေါ်ခြင်း မရှိသောကြောင့် အိုခြင်း, နာခြင်း, သေခြင်း စသော

ဆင်းရဲဟူသမျှမှ လုံးဝ လွတ်မြောက်လျက် ရှိလေတော့၏။ ဤသို့ လွတ်မြောက်သွားခြင်းအကျိုးကိုပင် ရည်ရွယ်၍ ဤကျမ်းငယ်၏အစဉ်–

အဘယ်ကြောင့် ကမ္မဋ္ဌာန်းတရားကို အားထုတ်ရပါသနည်း....

ဟူသော မေးခွန်းကို–

နိဗ္ဗာန်သို့ရောက်၍ အိုခြင်း, သေခြင်း စသော ဆင်းရဲဟူသမျှမှ လွတ်မြောက်ရန်အတွက် အားထုတ်ရပေသည်....

ဟု ဖြေဆိုခဲ့ပေသည်။

သို့ဖြစ်၍ နိဗ္ဗာန်သို့ ရောက်ကာ အိုခြင်း, သေခြင်းစသော ဆင်းရဲဟူသမျှမှ လွတ်မြောက်လိုသော ပုဂ္ဂိုလ်တို့သည် ဤဥဇ္ဇုန်ကြားထားသည့်အတိုင်း အားထုတ်နိုင်ကြ၍ ဆင်းရဲငြိမ်းသော နိဗ္ဗာန်သို့ လျင်မြန်စွာ ဆိုက်ရောက်ကြပါစေသတည်း။

ဝိပဿနာ သမာဓိဉာဏ် မဂ်ဖိုလ်ဉာဏ်ဖြစ်ပုံ ပြီး၏။

နောက်ဆက်တွဲ

ဝမ်းပိုက်မှ လှုပ်ရှားရုပ်ကို

ရှုအပ်ကြောင်း သာဓက

ဝမ်းပိုက်၏ ဖောင်းခိုက် ပိန်ခိုက်၌ ထင်ရှားသော တောင့်တင်း လှုပ်ရှားမှု မျှားသည် ဝါယောဓာတ် ဖောဋ္ဌဗ္ဗရုပ် ဖြစ်သောကြောင့် "ဖောင်းသည်, ပိန်သည်"ဟု ရှုလျက် ၎င်းတောင့်တင်း လှုပ်ရှားမှုတို့ကို မှန်ကန်စွာ သိခြင်းသည်

ရူပံ ဘိက္ခဝေ ယောနိသော မနသိ ကရောထ၊ ရူပါ-နိစ္စတ္တ ယထာဘူတံ သမနုပဿထ-ရဟန်းတို့၊ ရုပ်ကို သင့်လျော် မှန်ကန်စွာ နှလုံးသွင်းကြ ရှုကြကုန်လော့၊ ရုပ်၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုကြကုန်လော့။ (သံ ၂-၄၂)

အနိစ္စညော ဘိက္ခဝေ ဘိက္ခု ရူပံ အနိစ္စန္တိ ပဿတိ၊ သာဿ ဟောတိ သမ္မာဒိဋ္ဌိ-ရဟန်းတို့၊ ရဟန်းသည် မမြဲသည်သာလျှင် ဖြစ်သော ရုပ်ကို မမြဲဟု ရှုမြင်၏၊ ထိုရဟန်း၏ ထိုရှုမြင်ခြင်းသည် သမ္မာဒိဋ္ဌိ-အမြင်မှန် ပေတည်း။ (သံ ၂-၄၂)

ဤသို့အစရှိသော ခန္ဓသံယုတ် ဒေသနာ ပါဠိတော်တို့နှင့်လည်း ညီညွတ်၏၊ မဟာသတိပဋ္ဌာန သုတ်လာ ခန္ဓဓမ္မာ-နုပဿနာဌိလည်း အတွင်းဝင်၏။ ထို့ပြင်

ဖောဋ္ဌဗ္ဗေ ဘိက္ခဝေ ယောနိသော မနသိ ကရော့ထ၊ ဖောဋ္ဌဗ္ဗာနိစ္စတ္တ ယထာဘူတံ သမ္မပ္ပညာထ-ရဟန်း တို့၊ ဝေ့ထိရသော အာရုံတို့ကို သင့်လျော်မှန်ကန်စွာ နှလုံးသွင်းကြ ရှုကြကုန်လော့၊ တွေ့ထိရသော အာရုံ တို့၏ မမြဲခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ ရှုကြကုန် လော့။ (သံ ၂-၃၅၅)

အနိစ္စယော ဘိက္ခဝေ ဘိက္ခု ဖောဋ္ဌဗ္ဗေ အနိစ္စာတိ ပဿတိ၊ သာဿ ဟောတိ သမ္မာဒိဋ္ဌိ- ရဟန်းတို့၊ ရဟန်းသည် မမြဲသည်သာလျှင် ဖြစ်ကုန်သော တွေ့ထိ ရသော အာရုံတို့ကို မမြဲကုန်ဟု ရှုမြင်၏၊ ထိုရဟန်း၏ ထိုရှုမြင်ခြင်းသည် **သမ္မာဒိဋ္ဌိ-** အမြင်မှန်ပေတည်း။ (သံ ၂-၃၅၅)

ဖောဋ္ဌဗ္ဗေ ဒုက္ခတော ပရိဇာနံ ပရိဇာနံ ဝိရာဇယံ ပဇဟံ ဘဗ္ဗော ဒုက္ခက္ခယာယ-ရဟန်းတို့၊ တွေ့ထိရသော အာ-ရုံတို့ကို ရှေးရှုသိလျှင် ပိုင်းခြားသိလျှင် တပ်မက် ပြယ် စေလျှင် ပယ်စွန့်လျှင် ဆင်းရဲကုန်ခြင်းငှါ ဆင်းရဲ ကုန်ရာ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ငှါ ထိုက်ပေ၏။ (သံ ၂-၂၅၀)

ဖောဋ္ဌဗ္ဗေ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ-တွေ့ထိရသော အာ-ရုံတို့ကို မမြဲဟု သိမြင်သောသူအား အဝိဇ္ဇာကို ပယ် အပ်၏။ (အဝိဇ္ဇာ ပျောက်ကင်း၏)၊ ဝိဇ္ဇာဉာဏ် ဖြစ် ပေါ်၏။ (သံ ၂-၂၅၉)

ဤသို့ အစရှိသော သဋ္ဌာယတနသံယုတ်ဒေသနာ ပါဠိတော်တို့နှင့်လည်း ညီညွတ်၏၊ မဟာသတိပဋ္ဌာန သုတ်လာ အာယတန ဓမ္မာနုပဿနာဌ်လည်း အတွင်းဝင်၏။ ထို့ပြင်

ယာ ဧစဝ ခေါ ပန အဇ္ဈတ္တိကာ ဝါယောဓာတု ယာ စ ဗာဟိရာ ဝါယောဓာတု၊ ဝါယောဓာတုယေ-ဝေသာ၊တံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ" တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ- အကြင် ကိုယ်တွင်း ဝါယောဓာတ်သည်ရှင်း၊ အကြင် ကိုယ်ပ ဝါယောဓာတ်သည်ရှင်း ရှိ၏။ ၎င်း ၂-မျိုးလုံးသည် ဝါယော ဓာတ်ချည်းသာတည်း၊ ၎င်း ဝါယောဓာတ်ကို "ဤသည်ကား ငါ့ဉစ္စာ မဟုတ်၊ ဤသည်ကား ငါမဟုတ်၊ ဤသည်ကား ငါ၏ အတ္တမဟုတ်" ဟု ဤသို့ အမှန်သိသော ပညာဖြင့် ဟုတ်တိုင်းမှန်စွာ ရှုမြင်အပ်၏။ (မ ၂-၇၅၊ မ ၃-၂၇၅)

ဤသို့ အစရှိသော ဓာတုဒေသနာ ပါဠိတော်တို့နှင့်လည်း ညီညွတ်၏၊ မဟာသတိပဋ္ဌာနသုတ်လာ ဓာတု မနသိကာရ ကာယာနုပဿနာဌ်လည်း အတွင်းဝင်၏။ ထို့ပြင် ဝမ်းဗိုက်၏ တောင့်တင်း လှုပ်ရှားမှု ဝါယောရုပ်သည် ရုပ်ဥပါဒါနက္ခန္ဓာ ဒုက္ခသစ္စာတရား ဖြစ်သောကြောင့်

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ပဉ္စုပါဒါ-နက္ခန္ဓာ တိသ ဝစနီယံ-ရဟန်းတို့၊ ဒုက္ခအရိယသစ္စာ ဟူသည် အဘယ်နည်း၊ ဥပါဒါနက္ခန္ဓာ ငါးပါးပင် ဟူ၍ ဖြေဆိုအပ်၏။ (သံ ၃-၃၇၃)

ဝမ်းဗိုက်မှ လူပ်ရှားရုပ်ကို ရှုအပ်ကြောင်း သာဓက ၄၃

ဒုက္ခံ ဘိက္ခဝေ အရိယသစ္စံ ပရိညေယျ-ရဟန်းတို့ ဒုက္ခအရိယသစ္စာကို ပိုင်းခြားသိအပ်၏။
(သံ ၃·၃၈၂)

ဤသို့ အစရှိသော သစ္စဒေသနာ ပါဠိတော်တို့နှင့်လည်း ညီညွတ်၏၊ မဟာသတိပဋ္ဌာနသုတ်လာ အရိယသစ္စ ဓမ္မာနုပဿနာဥဒ္ဒေသလည်း အတွင်းဝင်၏။

အထက်ပါ သာဓက ပါဠိတို့ဖြင့် ဝမ်းဗိုက်၏ ဖောင်းမှုပိန်မှုဟု ခေါ်သော တောင့်တင်းလှုပ်ရှားမှုကို ရှုအပ်ကြောင်းလည်း ထင်ရှား၏။ ထို ဖောင်းမှုပိန်မှုကို ရှုခြင်းဖြင့် မှန်ကန်စွာသိမြင်သော **သမ္မာဒိဋ္ဌိ**, **ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်၍ မိစ္ဆာဒိဋ္ဌိ, အဝိဇ္ဇာ** တို့ကို ပယ်နိုင်ကြောင်း, မဂ်ဖိုလ်နိဗ္ဗာန်သို့လည်း ဆိုက်ရောက်နိုင်ကြောင်းလည်း ထင်ရှား၏။

ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ-ထိုရဟန်း၏ ရုပ်ကိုယ်သည် အကြင်အကြင် အခြင်းအရာအားဖြင့် တည်နေလျှင်, ထိုထို အခြင်းအရာအားဖြင့် ထို ရုပ်ကိုယ်ကို သိ၏။ (ဒီ ၂-၂၃၂၊ မ ၁-၇၁)

အထက်ပါ မဟာသတိပဋ္ဌာနသုတ် ပါဠိတော်၌ "ယထာယထာ-အကြင် အကြင် အခြင်းအရာ၊ တထာတထာ-ထိုထို အခြင်းအရာ" ဟူသော စကားတို့ဖြင့် ကိုယ်အမူအရာ အလုံးစုံကို တိုက်ရိုက်ပြလျက် ရှိ၏။ ထို ကိုယ်အမူအရာ အလုံးစုံသည်လည်း သက်ဆိုင်ရာ အခြားသုတ်, အခြားပါဠိတို့နှင့်အညီ ဝိပဿနာ ရှုအပ်သော ရုပ်တရားချည်းသာလျှင် ဖြစ်၏၊ ထို

ကိုယ်အမှုအရာ ရှုပ်တို့တွင် ဝိပဿနာ မရှုကောင်းသော ရှုပ်မည်သည် မရှိခဲ့ချေ။ သို့ဖြစ်၍ ဤ ပါဠိကိုလည်း ဤ အရာ၌ သာဓကတရပ် အဖြစ်ဖြင့် မှတ်အပ်ပေ၏။

ဣမေ ပနေကစ္စော ဝုတ္တပ္ပကာရံ သမထံ အနုပ္ပါ-
ဒေတ္ဝာဝ ပဋ္ဌုပါဒါနက္ခန္ဓေ အနိစ္စာဒီဟိ ဝိပဿတိ၊
အယံ ဝိပဿနာ။ (မ-ဋ္ဌ-၁၊ ၁၁၃)။

ဤ (သာသနာ) ၌ အချို့ ပုဂ္ဂိုလ်သည်ကား သမထ ပုဗ္ဗင်္ဂမနည်း၌ ပြဆိုခဲ့သော သမထကို မဖြစ်စေတော့ဘဲ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို မမြဲသော အခြင်းအရာ စသည်တို့ဖြင့် ရှု၏၊ ၎င်းသည် ဝိပဿနာ ပေတည်း။

အထက်ပါ အဋ္ဌကထာဖြင့် သမထကို အားမထုတ်ဘဲ ဝိပဿနာကပင် စ၍ အားထုတ်ကောင်းသည်ကိုလည်း ပြ၏။

သီလဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ ပဋ္ဌုပါဒါ-
နက္ခန္ဓာ အနိစ္စတော ဒုက္ခတော။ပ။ အနတ္တတော
ယောနိသော မနသိကာတဗ္ဗာ ။ပ။ ဌာနံ ခေါ ပနေတံ
အာဝုသော ဝိဇ္ဇတိ ယံ သီလဝါ ဘိက္ခု ဣမေ ပဋ္ဌု-
ပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော။ပ။ အနတ္တတော
ယောနိသော မနသိကရောန္တော သောတာပတ္တိဖလံ
သစ္ဆိကရေယျ။ (သံ ၂၊ ၁၃၆)။

ငါ့ရှင်ကောဋ္ဌိက၊ သီလနှင့် ပြည့်စုံသော ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ ဟု နည်းလမ်းမှန်ကန်စွာ နှလုံးသွင်းအပ် ရှုအပ်၏၊ သီလနှင့် ပြည့်စုံသော ရဟန်းသည် ဤ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို အနိစ္စဟု,

ဒုက္ခဟု, အနတ္တဟု နည်းလမ်း မှန်ကန်စွာ နှလုံးသွင်းလျှင် ရှုလျှင် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ရန်အကြောင်း ရှိပေ၏။

အထက်ပါ သီလဝန္တသုတ်ဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးကို မှန်စွာရှုလျှင် သောတာပန်စသည် ဖြစ်နိုင်ကြောင်း ထင်ရှားပြ၏၊ ဖောင်းမူ ပိန်မူသည် ရုပ်ဥပါဒါနက္ခန္ဓာ၌ ပါဝင်သော ဝါယောရုပ်ပေတည်း။

> တံ ကိ ံ မညသိ မာလုက္ယပုတ္တာ၊ ယေ တေ စက္ခု-ဝိညေယ္ယာ ရူပါ အဒိဋ္ဌာ အဒိဋ္ဌပုဗ္ဗာ၊ န စ ပဿသိ၊ န စ တေ ဟောတိ ပသေယျန္တိ၊ အတ္ထိ တေ တတ္ထ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါတိ။ နော ဟေတံ ဘန္တေ။ (သံ ၂-၂၉၅)

မာလုက္ယပုတ္တရဟန်း၊ ယခုမေးမည့် အချက်ကို ဘယ်လို ထင်သလဲ၊ မျက်စိဖြင့် မြင်နိုင်သည့် အကြင်အဆင်းရူပါရုံတို့ကို သင်မမြင်ဘူးသေး၊ ယခုလည်း မြင်ဆဲမဟုတ်၊ မြင်ရလိမ့်မည်ဟူ၍လည်း သင့်မှာ စိတ်ကူးမဖြစ်သေးဘူး ဆိုပါတော့၊ ထိုသို့သော အဆင်း ရူပါရုံတို့၌ သင့်မှာ နှစ်သက်ခြင်း, တပ်မက်ခြင်း, ချစ်ခင်ခြင်း ဖြစ်နိုင်ပါမည်လောဟု မြတ်စွာဘုရားက မေးတော်မူ၏။ မဖြစ်နိုင်ပါဟု မာလုက္ယပုတ္တ ရဟန်းက ဖြေ၏။ (အသံ, အနံ့, အရသာ, အတွေ့, သဘောအာရုံတို့၌လည်း နည်းတူပင် မေးသည် ဖြေသည်)။

> ဧတ္ထ စ တေ မာလုက္ယပုတ္တ ဒိဋ္ဌ သုတ မုတ ဝိညာ-တေသု ဓမ္မေသု ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ

သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊
ဝိညှာတေ ဝိညာတမတ္တံ ဘဝိဿတိ။ (သံ၊ ၂၊ ၂၉၅)

မာလုက္ကျပုတ္တရဟန်း၊ မြင်ရ, ကြားရ, တွေ့ရ, သိရသော ဤအာရုံတို့၌လည်း(ရှုနေလျှင်)သင့်မှာ မြင်ရသည်၌ မြင်ရုံမျှ ဖြစ်လိမ့်မည်၊ ကြားရသည်၌ ကြားရုံမျှ ဖြစ်လိမ့်မည်၊ တွေ့ရသည်၌ တွေ့ရုံမျှ ဖြစ်လိမ့်မည်၊ သိရသည်၌ သိရုံမျှ ဖြစ်လိမ့်မည်၊ (မြင်ရုံမျှ စသည်ထက်ပို၍ နှစ်သက်ခြင်းစသည်မဖြစ်နိုင်အောင် ရှုမှတ်နေရမည်ဟု ဆိုလို၏။ ။ဖောင်းမှု ပိန်မှုသည် တွေ့ရသော သဘောပေတည်း)။

နံ သော ရဇ္ဇတိ ရူပေသု၊
ရူပ ဒိသ္ဝာ ပဋိဿတော။

နံ သော ရဇ္ဇတိ သဒ္ဒေသု၊
သဒ္ဒံ သုတ္ဝာ ပဋိဿတော။

နံ သော ရဇ္ဇတိ ဂန္ဓေသု၊
ဂန္ဓံ ဃတ္ဝာ ပဋိဿတော။

နံ သော ရဇ္ဇတိ ရသေသု၊
ရသံ ဘောတ္ဝာ ပဋိဿတော။

နံ သော ရဇ္ဇတိ ဖဿေသု၊
ဖဿံ ဖုဿ ပဋိဿတော။

နံ သော ရဇ္ဇတိ ဓမ္မေသု၊
ဓမ္မံ ဉတ္ဝာ ပဋိဿတော။

(သံ ၂၊ ၂၉၇)

အဆင်းကို မြင်ပြီးလျှင် (၎င်းကို) တဖန် အမှတ်ရသော့ သူသည် မြင်ရသောအဆင်းတို့၌ မတပ်မက်ပြီ။

အသံကို ကြားပြီးလျှင် (၎င်းကို) တဖန် အမှတ်ရသော သူသည် ကြားရသောအသံတို့၌ မတပ်မက်ပြီ။

အနံ့ကို နံပြီးလျှင် (၎င်းကို) တဖန် အမှတ်ရသော သူသည် နံရသော အနံ့တို့၌ မတပ်မက်ပြီ။

အရသာကို စားသိပြီးလျှင် (၎င်းကို) အမှတ်ရသော သူသည် စားသိရသော အရသာတို့၌ မတပ်မက်ပြီ။

အတွေ့ကို ထိသိပြီးလျှင် (၎င်းကို) တဖန် အမှတ်ရသော သူသည် ထိသိရသော အတွေ့တို့၌ မတပ်မက်ပြီ။

သဘောအာရုံကို ကြံသိပြီးလျှင် (၎င်းကို) တဖန် အမှတ် ရသောသူသည် ကြံသိရသောသဘောအာရုံတို့၌ မတပ်မက်ပြီ။

အထက်ပါ မာလုက္ကပုတ္တ သုတ်ဖြင့် အာရုံ ၆-ပါးကို ဝိညာဏ် ၆-ပါးဖြင့် သိပြီးလျှင် ချက်ခြင်းပင် ရှုလျက် အမှတ် ရသောသူမှာ တပ်မက်ခြင်းစသော ကိလေသာ မဖြစ်နိုင် သည်ကို ပြ၏။ ထို့ကြောင့် ဝိပဿနာ ရှုသူသည် မိမိသန္တာန်၌ လောလောဆယ် ဖြစ်ပေါ်သွားသော မြင်မှု, ကြားမှု, နံမှု, စားသိမှု, ထိသိမှု, ကြံသိမှုတို့ကို ရှုအပ်ကြောင်း ထင်ရှား၏။ ထို့ဘွင် ဝမ်းပိုက်၏ တောင့်တင်းလှုပ်ရှားမှုသည် ထိသိမှု၌ အတွင်းဝင်လျက် ရှိ၏။ ထို့ကြောင့်ပင် ဖောင်းခိုက် ပိန်ခိုက်၌ "ဖောင်းသည် ပိန်သည်"ဟု ချက်ခြင်း ရှုရပေသည်။

သင့် ဘိက္ခဝေ အာဘိညေယ္ယံ၊ ကိဉ္စ ဘိက္ခဝေ သင့် အာဘိညေယ္ယံ၊ စက္ခုံ ဘိက္ခဝေ အာဘိညေယ္ယံ၊ ရူပါ

အဘိညေယျာ၊ စက္ခုဝိညာဏံ အဘိညေယျံ၊ စက္ခု-သမ္ဖဿော အဘိညေယျော၊ ယမ္ပိဒံ စက္ခုသမ္ဖဿ-ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမ-သုခံ ဝါ၊ တမ္ပိ အဘိညေယျံ။ သောတံ အဘိညေယျံ၊ သဒ္ဒါ အဘိညေယျာ။ပ။ ဃာနံ အဘိညေယျံ၊ ဂန္ဓာ အဘိညေယျာ။ပ။ ဇိဝှါ အဘိညေယျာ၊ ရသာ အဘိ-ညေယျာ။ပ။ ကာယော အဘိညေယျော၊ ဖောဋ္ဌဗ္ဗာ အဘိညေယျာ။ပ။ မနော အဘိညေယျော၊ ဓမ္မာ အဘိညေယျာ။ပ။ (သံ ၂၊ ၂၅၈)

ရဟန်းတို့၊ အလုံးစုံကို ရှေးရှုပြု၍ သိအပ်၏။ အဘယ် အလုံးစုံကို ရှေးရှုပြု၍ သိအပ်သနည်းဟူမူ ရဟန်းတို့၊မျက်စိကို ရှေးရှုပြု၍ သိအပ်၏၊ အဆင်းတို့ကို ရှေးရှုပြု၍ သိအပ်ကုန်၏၊ မြင်သည့်စိတ်ကို,မျက်စိအတွေ့ကို ရှေးရှုပြု၍ သိအပ်၏၊ မျက်စိ အတွေ့ကြောင့် ချမ်းသာသော ခံစားမှုဖြစ်စေ, ဆင်းရဲသော ခံစားမှုဖြစ်စေ, မဆင်းရဲ မချမ်းသာသော ခံစားမှုဖြစ်စေ ဖြစ်ပေါ်၏၊ ထိုခံစားမှုကိုလည်း ရှေးရှုပြု၍ သိအပ်၏။

နှားကို ရှေးရှုသိအပ်၏၊အသံတို့ကို ရှေးရှုသိအပ်ကုန်၏။ပ။ နှာခေါင်းကို, အနံ့တို့ကို ရှေးရှုသိအပ်ကုန်၏။ပ။လျှာကို, အရ သာတို့ကို ရှေးရှု သိအပ်ကုန်၏။ ပ။ ကိုယ်ကို, အတွေ့တို့ကို ရှေးရှုသိအပ်ကုန်၏။ပ။ နှလုံးကို,သဘောအာရုံတို့ကို ရှေးရှု သိအပ်ကုန်၏။ပ။

အထက်ပါ အဘိညေယျသုတ်ဖြင့် ဒွါရ ၆-ပါးဌ် ထင်ရှား ပေါ်လာသမျှ ရုပ်နာမ် အလုံးစုံကို ရှုမှတ်၍ သိအပ်ကြောင်း ထင်ရှားပြ၏။ ဝမ်းဗိုက်၏ ဖောင်းမှု ပိန်မှုသည် ကာယဒွါရဌ်

ထင်ရှားသော ဝါယော ဖောဋ္ဌဗ္ဗရုပ် ဖြစ်၍ ၎င်းကိုလည်း ရှုအပ်ကြောင်း ထင်ရှား၏။

သင်္ခံ ဘိက္ခဝေ ပရိညေယ္ယံ။ ကိဉ္စ ဘိက္ခဝေ သင်္ခံ ပရိညေယ္ယံ၊ စက္ခုံ ဘိက္ခဝေ ပရိညေယ္ယံ၊ ရူပါ ပရိညေယ္ယာ၊ စက္ခုဝိညာဏံ ပရိညေယ္ယံ။ပ။ ကာယော ပရိညေယ္ယော၊ ဖောဋ္ဌဗ္ဗာ ပရိညေယ္ယာ၊ ကာယဝိညာဏံ ပရိညေယ္ယံ ။ပ။ မနော ပရိညေယ္ယော၊ ဓမ္မာ ပရိညေယ္ယာ၊ မနောဝိညာဏံ ပရိညေယ္ယံ။ပ။ (သံ ၂-၂၅၈)

ရဟန်းတို့၊ အလုံးစုံကို ပိုင်းခြား၍ သိအပ်၏။ အဘယ် အလုံးစုံကို ပိုင်းခြား၍ သိအပ်သနည်း ဟူမူ ရဟန်းတို့၊ မျက်စိကို ပိုင်းခြား၍ သိအပ်၏၊ အဆင်းတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏၊ မြင်သိစိတ်ကို ပိုင်းခြား၍ သိအပ်၏။ပ။ကုံယ်ကို ပိုင်းခြား၍ သိအပ်၏၊ အတွေ့တို့ကို ပိုင်းခြား၍ သိအပ်ကုန်၏၊ ထိသိစိတ်ကို ပိုင်းခြား၍ သိအပ်၏။ပ။ နှလုံးကို၊ သဘောအာရုံတို့ကို၊ ကြံသိစိတ်ကို ပိုင်းခြား၍ သိအပ်၏။ပ။

အထက်ပါ ပရိညေယ္ယသုတ်ဖြင့်လည်း ဒွါရ ၆-ပါးနှင့် ထင်ရှားပေါ်လာသမျှ ရုပ်နာမ် အလုံးစုံကိုပင် အဖြစ်အပျက် အနိစ္စလက္ခဏာ စသည်တို့ဖြင့် ပိုင်းခြား၍ သိအပ်ကြောင်း ထင်ရှားပြ၏။ ဝမ်းပိုက်၏ ဖောင်းမှု ပိန်မှုသည် ကာယဒွါရ၌ ထင်ရှားသော ဝါယော-ဖောဋ္ဌဗ္ဗရုပ် ဖြစ်၍ ၎င်းကိုလည်း ရှုအပ်ကြောင်း ထင်ရှား၏။

ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်းအကြောင်း ပြီး၏။

မဟာစည်ဆရာတော် ဟောကြားသော

စဉ့ဒေသနာ ဆောင်ပုဒ်များ

ဥပရိပဏ္ဏာသပါဠိတော် သဠာယတနဝိဘင်္ဂသုတ်မှ ဆောင်ပုဒ်များ

တွင်းပြင်အာယတန၊ ဝိညာဏနှင့်၊ ဖဿခြောက်မည်၊ ကြံစည်စဉ်းစား၊ ဆဲရှစ်ပါးနှင့်၊ သတ္တဝါများခြေထောက်၊ သုံးဆဲခြောက်ကို၊ မျက်မှောက်ထင်စွာ၊ သိမြင်ကာဖြင့်၊ ဤမှာ မိုတ္ထယ်၊ ထိုဟာပယ်လော့၊ သုံးသုယ်လာရှိ၊ သတိပဋ္ဌာန်၊ မှီဝဲရန်ဟု၊ သုတ္တန်မြတ်စွာ၊ ညွှန်ပြပါသည်၊ သဠာယတနဝိဘင်းတည်း။

၁။ စိတ်စေမျှားစွာ၊အာဒုတ်ရာ၊ခွဲတာအာယတန။

၂။ ဆင်းရဲရှည်စွာ၊ ဖြစ်စေတာ၊ မှတ်ပါအာယတန။

၃။ စိတ်စေနေရာ၊ ထွက်ပေါ်ရာ၊ ဖြစ်ရာအာယတန။

၄။ အကြောင်း တဖြာ၊ ပေါင်းဆုံရာ၊ မှတ်ပါ အာယတန။

(၁) စက္ခာယတန-မျက်စိအကြောင်း၊သောတာယတန-နား အကြောင်း၊ ဃာနာယတန- နှာခေါင်း အကြောင်း၊ ဇိဝှါယတန- လျှာ အကြောင်း၊ ကာယာယတန - ကိုယ်

အကြောင်း၊ မနာယတန-စိတ်အကြောင်း၊ ဤအတွင်းဘက်အကြောင်း ၆-ပါးကို **အဇ္ဈတ္တိကအာယတန**ဟု ခေါ်သည်။

(၂) ရူပါယတန- အဆင်းအကြောင်း၊ သဒ္ဒါယတန-အသံအကြောင်း၊ဂန္ဓာယတန-အနံ့အကြောင်း၊ ရသာယတန-အရသာ အကြောင်း၊ ဖောဋ္ဌဗ္ဗာယတန- အတွေ့အကြောင်း၊ မမ္မာယတန- သဘော အကြောင်း၊ ဤပြင်ပအကြောင်း ၆-ပါးကို **ဗာဟိရအာယတန** ဟု ခေါ်သည်။

(၃) စက္ခုဝိညာဉ်- မြင်သိမှု၊ သောတဝိညာဉ်- ကြားသိမှု၊ ဃာနဝိညာဉ်- နံသိမှု၊ ဇိဝှါဝိညာဉ်- စားသိမှု၊ ကာယဝိညာဉ်- ထိသိမှု၊ မနောဝိညာဉ်- ကြံသိမှု၊ ဤသိမှု ၆-ပါးကို ဝိညာဉ်ဟု ခေါ်သည်။

(၄) စက္ခုသမ္ဖဿ- မြင်တွေ့မှု၊ သောတသမ္ဖဿ- ကြားတွေ့မှု၊ ဃာနသမ္ဖဿ- နံတွေ့မှု၊ ဇိဝှါသမ္ဖဿ- စားတွေ့မှု၊ ကာယသမ္ဖဿ-ထိတွေ့မှု၊ မနောသမ္ဖဿ- ကြံတွေ့မှု၊ ဤတွေ့မှု ၆-ပါးကို ဖဿ ဟု ခေါ်သည်။

ရုပ်နာမ်တို့၏ အမည်နှင့် အရေအတွက်ကို ဆင်ခြင်၍ သိလျှင် ပညတ်ကို သိသည်။အမှန်သဘောနှင့် တွေ့မြင်လျှင်လဲ ပညတ်ကို မြင်သည်။ ရုပ်နာမ်တို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်ကို သိပါမှ ပရမတ်အစစ်ကို သိသည်။

၁။ အဆင်းထင်ကြောင်း ကောင်းကောင်း ကြည်သည်၊ (လက္ခဏာ)
အဆင်းဆီသို့ ဆောင်ပို့ပေးသည်၊ (ရသ)

သူ့ကိုမိုပြု မြင်မှုဖြစ်သည်၊ (ပစ္စုပဋ္ဌာန်)
မျက်စိနှိုက် သိထိုက် ဤသုံးမည်။

၂။ မျက်စိထဲ၌ တိုက်ခိုက် ပေါ်သည်၊
မြင်သိခံရ ကိစ္စ ရှိသည်၊
မြင်မှု ရောက်သွား ကျက်စားရာမည်၊
အဆင်းနှိုက် သိထိုက် ဤသုံးမည်။

၃။ မျက်စိ မှီရင်း အဆင်းမြင်သည်၊
အဆင်းကိုမျှ သူက သိသည်၊
အဆင်းဆီရှေးရှု သူပြုနေသည်၊
မြင်သိနှိုက် သိထိုက် ဤသုံးမည်။

၄။ စိတ်နှင့်အဆင်း ထင်လင်း တွေ့သည်၊
စိတ်ကိုအဆင်း၌ ထိခိုက်စေသည်၊
မျက်စိ, အဆင်း, မြင်ခြင်းစုံညီ၊
မြင်တွေ့နှိုက် သိထိုက် ဤသုံးမည်။

၅။ မျက်စိဖြင့် အဆင်းကို မြင်ပြီးလျှင် ဝမ်းသာဘွယ် အဆင်းကို ဆင်ခြင် စဉ်းစားသည်၊ နှလုံးမသာဘွယ် အဆင်းကို ဆင်ခြင် စဉ်းစားသည်၊ သာမန်အဆင်းကို ဆင်ခြင် စဉ်းစားသည်။ ဤသို့ အားဖြင့် မြင်ရာ၌ ဆင်ခြင် စဉ်းစားမှု (၃) ပါး။

နားဖြင့် အသံကို ကြားပြီးလျှင် ဝမ်းသာဘွယ် အသံကို ဆင်ခြင် စဉ်းစားသည်၊ (နည်းတူပင်)။

နှာခေါင်းဖြင့် အနံ့ကို နံပြီးလျှင် (နည်းတူ)။
လျှာဖြင့် အရသာကို စားသိပြီးလျှင် (နည်းတူ)။
ကိုယ်ဖြင့် အတွေ့ကို ထိသိပြီးလျှင် (နည်းတူ)။

စိတ်ဖြင့် သဘောအာရုံကို ကြံသိပြီးလျှင် ဝမ်းသာဘုယ် အာရုံကို ဆင်ခြင်စဉ်းစားသည်၊ နှလုံးမသာယာဘုယ် အာရုံကို ဆင်ခြင်စဉ်းစားသည်၊ သာမန်အာရုံကို ဆင်ခြင်စဉ်းစားသည်၊ ဤသို့ အားဖြင့် ကြံသိရာ၌ ဆင်ခြင်စဉ်းစားမှု ၃-ပါး။ ဤ ၁၈-ပါးကို **မနောပဝိစာရဟု** ခေါ်သည်။

၆။ အာရုံ ၆-ပါး၌ ကာမဂုဏ်နှင့် စပ်သော ဝမ်းသာမှု ၆-ပါး၊ နှလုံးမသာမှု ၆-ပါး၊ ဥပေက္ခာ ၆-ပါး၊ ဤ ၁၈-ပါးမှာ **ဝဋ္ဋနိဿိတ သတ္တဝါ** တို့၏ **ခြေထောက်**များ ဖြစ်သည်။ ဤ ခြေထောက်တို့ဖြင့် သံသရာဝဋ်ထဲ၌ ကျင်လည်နေကြရသည်။

အာရုံ ၆-ပါး၌ ဝိပဿနာနှင့်စပ်သော ဝမ်းသာမှု ၆-ပါး၊ နှလုံးမသာမှု ၆-ပါး၊ ဥပေက္ခာ ၆-ပါး၊ ဤ ၁၈-ပါးမှာ **ဝိဝဋ္ဋနိဿိတ သတ္တဝါ** တို့၏ **ခြေထောက်**များ ဖြစ်သည်။ ဤ ခြေထောက်တို့ဖြင့် သံသရာဝဋ်မှ လွတ်မြောက်ကြရသည်။

အနုပဿနာ ၃-ပါး ဆောင်ပုဒ်

(က) ၁။ ဖြစ်ပျက်သမျှ ရုပ်နာမ်ခန္ဓာက **အနိစ္စတရား**။

၂။ ဖြစ်ပေါ် ပြီးနောက် ကွယ်ပျောက် သွားတာက **အနိစ္စလက္ခဏာ**၊

၃။ ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲဟု သိတာက **အနိစ္စာနုပဿနာဉာဏ်**။

(ခ)၁။ ဖြစ်ပျက်နှစ်ရပ် နှိပ်စက်အပ်တဲ့ ရုပ်နာမ်ခန္ဓာက ဒုက္ခတရား။

၂။ ဖြစ်ပျက်နှစ်ရပ် မပြတ်နှိပ်စက်တာက ဒုက္ခလက္ခဏာ။

၃။ ရှုမှတ်ဆဲမှာ ဖြစ်ပျက်နေတာကို တွေ့ရ၍ ဆင်းရဲဟု သိတာက ဒုက္ခာနုပဿနာဉာဏ်။

(ဂ)၁။ သူသဘောအတိုင်း ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာက အနတ္တတရား။

၂။ အလိုအတိုင်း မဖြစ်တာက အနတ္တလက္ခဏာ။

၃။ ရှုမှတ်ဆဲမှာ အလိုအတိုင်း မဖြစ်တာကို တွေ့ရ၍ အစိုးမရ, ငါ့ကောင်မဟုတ်ဟု သိတာက အနတ္တာ-နုပဿနာဉာဏ်။

အနတ္တာနုပဿနာတရားတော် ဆောင်ပုဒ်များ

(က)၁။ ကိုယ်ထဲမှာ အလိုအတိုင်း အစိုးရတဲ့ ငါ့ကောင် ရှိသည်ဟု ထင်တာက သာမိအတ္တစွဲ။

၂။ ကိုယ်ထဲမှာ အမြဲတမ်းတည်နေတဲ့ ငါ့ကောင်ရှိသည်ဟု ထင်တာက နိဝါသီအတ္တစွဲ။

၃။ ကိုယ်, နှုတ်, စိတ် အမှုအရာဟူသမျှကို ငါ့ကောင်ကပင် ပြုလုပ်သည်ဟု ထင်တာက ကာရကအတ္တစွဲ။

၄။ အကောင်းအဆိုးဟူသမျှကို ငါ့ကောင်ကပင် ခံစား သည်ဟု ထင်တာက ဝေဒကအတ္တစွဲ။

ခ)၁။ ရှေးနောက်တရား၊ ခဏပြားလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် သန္ဓတိဃန တည်း။

၂။ ရုပ်နာမ်အများ၊ သဘောပြားလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် သမူဟဃနတည်း။

၃။ ရုပ်နာမ်အများ၊ ကိစ္စပြားလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် ကိစ္စဃန တည်း။

၄။ နာမ်သဘောများ၊ အာရုံပြားလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် အာရမ္မဏဃန တည်း။

၅။ ဖြစ်ခိုက်တရား၊ မပိုင်းခြား၍၊ လေးပါးဃန၊ ထင်ပေါ်က၊ အတ္တစွဲလမ်းသည်။

၆။ ဖြစ်ခိုက်တရား၊ ရှုပိုင်းခြား၍၊ လေးပါးဃန၊ ကြေပျက်မှ၊ အနတ္တဉာဏ်ဖြစ်သည်။

၇။ ဉာဏ်မှန်အနတ္တ၊ ပြည့်စုံမှ၊ အရိယမဂ်ဉာဏ်ဆိုက်ရောက်သည်။

၈။ ပညတ်အနိစ္စ၊ သိရုံမျှ၊ အနတ္တဉာဏ်မပိုင်။

၉။ ပညတ်ဒုက္ခ၊ သိရုံမျှ၊ အနတ္တဉာဏ်မပိုင်။

၁၀။ ပရမတ်အနိစ္စ၊ သိမြင်မှ၊ အနတ္တဉာဏ်ပိုင်သည်။

၁၁။ ပရမတ်ဒုက္ခ၊ သိမြင်မှ၊ အနတ္တဉာဏ်ပိုင်သည်။

၁၂။ လက္ခဏာစစ်တွင်၊ တခုမြင်၊ အကုန်ပင်သိတော့သည်။

မင်္ဂဝိဏီ စိတ်ဖြစ်စဉ် တရားတော် ဆောင်ပုဒ်မျှား

(ဝိသုဒ္ဓိမဂ် ၂-၃၀၈)

၁။ ဝိပဿနာရှုဆဲယောဂီအား အရိယမဂ်ဉာဏ် ဖြစ်လို လတ်သော ထိုအခုကဋ္ဌထင်ရှားသောအာရုံတခုခုကို နှလုံးသွင်းလျက် မနောဒွါရာဝဇ္ဇန်းစိတ် ရှေးဦးစွာ ဖြစ်ပေါ်လာသည်။

၂။ ထို့နောင် ထိုအာရုံကိုပင် မမြဲဟူ၍သော်၎င်း, ဆင်းရဲဟူ၍သော်၎င်း, သဘောတရားမျှ ဟူ၍သော်၎င်း, သိလျက် ပရိကံ, ဥပစာ, အနုလုံဟု ခေါ်သော ဇောစိတ် သုံးကြိမ် အစဉ်အတိုင်း ဖြစ်ပေါ်ကြသည်။

၃။ ထို့နောင် ပဋိသန္ဓေကရခဲ့သည့် အာရုံ၌ ဖြစ်နေကျ ဖြစ်သော ဘဝင်စိတ်မျှား ဖြစ်ပေါ်သွားကြသည်။

၄။ ထို့နောင် တွေ့သိပြီးခါစ ဖြစ်သော မင်္ဂဝိုလ်နိဗ္ဗာန်တို့ကို ပြန်လှည့်၍ ဆင်ခြင်လျက် မနောဒွါရာဝဇ္ဇန်း တကြိမ် ပစ္စဝေက္ခဏာ ဇော ၇-ကြိမ် ဖြစ်ပေါ်ပြီးလျှင် ဘဝင် စိတ်မျှား ဖြစ်ပေါ်သွားသည်။

ဤသည်ကား အရိယမဂ် ဝိထိစိတ် အစဉ် ဖြစ်ပုံပေတည်း။

မင်္ဂဝင်္ပံ ဥပမာ

၁။ မြောင်း ခုန်လိုငြား ယောကျွးဇာနည်၊
ရှစ်လှမ်း ပြေးသွား ဟုန်အားယူပြီ။
နွယ်ကြိုးကိုင်ဆဲ ခုန်လွဲ လေသည်၊
ဟိုဘက်ကျ လွှတ်ချ ကြွံကြွံတည်။

မင်္ဂဝင်္ပံ ဥပမေယျ

၂။ ဘဝ ဟိုကမ်း မျှော်တမ်း ယောဂီ၊
ဖြစ်ပျက်ဉာဏ်မှ ပြေးစ ပြုသည်။
ရုပ်နာမ် ကိုင်ဆဲ သူလဲ ခုန်သည်၊
နိဗ္ဗာန်တွေ့ လွှတ်၍ ပြေးဝင်သည်။

ဘဝတန်ဘိုး တရားတော် ဆောင်ပုဒ်

ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါဘဲ၊ ဘရာအသက်၊ ရှည်သည် ထက်လည်း၊ ဖြစ်ပျက်နှစ်တန်၊ ရုပ်နှင့်နာမ်ကို၊ အမှန်မြင်လျက်၊ ဉာဏ်စဉ်တက်၍၊ တရက်တာမျှ၊ သက်ရှင်ရသော်၊ လောက လူ့ရွာ၊ ကောင်းမြတ်သာသည်၊ မြတ်စွာဗုဒ္ဓ မိန့်ခန်းတည်း။

သံယုတ်ပါဠိတော်

(၁၊၃၀၊ အစ္ဆရာသုတ်)

၁။ လမ်းဖြောင့် မည်တွင်၊ ထိုမက်ပင်၊ ရပ်ခွင် ဘေးမဲ့ နိဗ္ဗာန်ပါ။

၂။ သုံလန္ဒစ်လီ၊ ဘီးတပ်သည်၊ မမြည်ရထား ထိုမက်ပါ။

၃။ ရှက်ကြောက်နှစ်ဝန်၊ နောက်မှီခံ၊ ကာရံ အမှတ် သတိပါ။

၄။ ဝိပသ် ရှေးသွား၊ မဂ်ဉာဏ်ကား၊ ရထားမောင်းသူ ဆိုရပါ။

၅။ ဤလို ရထား၊ ရှိသူမျှား၊ ယောဂျဲား မိန်းမ လူတိုင်းမှာ။

၆။ မဂ္ဂင်ယာဉ်ကြီး၊ ငြိမ့်ငြိမ့်စီး၊ အပြီး နိဗ္ဗာန် ဆိုက် ရောက်ပါ။

ဓမ္မပဒ(၃၄၈)ဂါထာ

၁။ ရွှေး, နောက်, အလယ်၊ သုံးပါးဝယ်၊ ငြိတွယ် စွဲနှန် လွှတ်လိုက်ရမည်။

၂။ ဘဝနက်ဝှမ်း၊ တဘက်ကမ်း၊ တက်လှမ်းဆိုက်ရောက် ပါလိမ့်မည်။

၃။ အလုံးစုံမှာ၊ စိတ်လွတ်ခါ၊ ချမ်းသာ ငြိမ်းအေး ပါလိမ့်မည်။

၄။ တဖန်ဖြစ်ခြင်း၊ အိုသေခြင်း၊ အလျှင်းမရောက် ကင်း လိမ့်မည်။

(က) ရွှေးမှာလဲ လွှတ်ရမည်၊ နောက်မှာလဲ လွှတ်ရမည်၊ အလယ်မှာလဲ လွှတ်ရမည်။

(ခ) သို့လွှတ်လျှင် ဘဝတဘက်ကမ်းသို့ ရောက်မည်၊ နေရာတိုင်းမှာလဲ စိတ်လွတ်လပ်မည်၊ ဖြစ်ခြင်း, အိုခြင်း, သေခြင်းသို့လဲ မရောက်ဘဲ ကင်းမည်။

သံယုတ်နှင့် သုတ္တန်ပါတ်မှ အာဋဝကသုတ်

၁။ ကောင်းမြတ်လှစွာ၊ လူ့ဥစ္စာ၊ ဘယ်အံ့ရာပေနည်း။
ကောင်းမြတ်လှစွာ၊ လူ့ဥစ္စာ၊ သဒ္ဓါတရားတည်း။

၂။ ကောင်းကောင်းလေ့လာ၊ ဘယ်အရာ၊ ချမ်းသာ
ဆောင်ပေးပါသနည်း။
ကောင်းကောင်းလေ့လာ၊ တရားဟာ၊ ချမ်းသာ
ဆောင်ပေးပါသတည်း။

၃။ အရဿာထဲမှာ၊ ကောင်းလှစွာ၊ ဘယ်အရာပေနည်း။
အရဿာထဲမှာ၊ ကောင်းလှစွာ၊ သစ္စာစကားတည်း။

၄။ သက်ရှင်ထဲမှာ၊ ဘယ်လိုဟာ၊ လွန်စွာ ကောင်း
သနည်း။
ပညာဖြင့်သာ၊ သက်ရှင်တာ၊ လွန်စွာ ကောင်းသ
တည်း။

၅။ သြဃ ဓေရအယဉ်ကို အဘယ်ဖြင့် ကူးမြောက်ပါသ
နည်း။
သဒ္ဓါတရားဖြင့် ကူးမြောက်သည်။

၆။ ရေပြင်ကျယ်ကို အဘယ်ဖြင့် ကူးမြောက်ပါသနည်း။
မမေ့မျှဖြင့် ကူးမြောက်သည်။

၇။ ဆင်းရဲကို အဘယ်ဖြင့် ကျော်လွန်ပါသနည်း။
ဝီရိယဖြင့် ကျော်လွန်သည်။

၈။ အဘယ်ဖြင့် လုံးဝ စင်ကြယ်ပါသနည်း။
ပညာဖြင့် လုံးဝ စင်ကြယ်သည်။

၉။ ဘယ်သို့ပညာ၊ ရနိုင်ပါ၊ ဥစ္စာဘယ်သို့ ရသနည်း။
မမေ့,မြော်မြင်၊ ယုံကြည်လျှင်၊ နာချင် ပညာ ရပေသည်။
သင့်တာပြုက၊ ဇဲလုံလ၊ ထကြွဥစ္စာ ရပေသည်။

၁၀။ ဘယ်သို့ပြုပေ၊ ကျော်စောလေ၊ မိတ်ဆွဘယ်သို့ ရသနည်း။
သစ္စာဖြင့်ပင်၊ ဂုဏ်ပေါ်ထင်၊ ပေးလျှင်မိတ်ဆွ ပေါများသည်။

၁၁။ ဤလောကမှ၊ ပြောင်းသွားရ၊ ကင်းပစိုးရိမ် ဘယ်သို့နည်း။
လုံလ,သစ္စာ၊ ပေးလှူတာ၊ ပညာ-ဤလေးမည်။
ပြည့်စုံပါလျှင်၊ သဒ္ဓါရှင်၊ နောင်တွင် ဂိုးရိမ် ကင်းဝေးသည်။

ဟတ္ထက အာဠဝက မင်းသား၏ ဂုဏ်ရှစ်ပါး
(အံ ၃၊ ၅၃)

၁၂။ သဒ္ဓါ,သီလ, ပြည့်ဝ ဟ်ရီ၊
သြတ္တပ်,သုတ, စာဂ စုံသည်။
ပညာ ဉာဏ်ကြီး, လိုနည်းပေသည်၊
ဟတ္ထက, ပြည့်ဝ ဂုဏ်ရှစ်မည်။

သင်္ဂဟဝတ္ထု လေးပါး

၁၃။ ပေးကမ်းရက်ရော, အပြောချိုသာ၊
သူ့ကျိုးဆောင်ရွက်, မပျက်စေရာ။
တန်းတူ ကိုယ်နှင့်, အသင့်ထားပါ၊
စည်းလုံးမှု, လေးခု သင်္ဂဟာ။

မူလပဏ္ဏာသ ပါဠိတော် ရထဝိနီတသုတ်

၁။ လိုနည်း, ရောင့်ရဲ၊ ဖော်ဆိတ်စဲ၊ မစဲ, အားထုတ်ကျင့်ပါလေ။

၂။ သီလ, သမာ၊ ဉာဏ်ပညာ၊ နှစ်ဖြာဝိမုတ် စုံပါစေ။

၃။ ကထာဝတ္ထု၊ ဂုဏ် ၁၀-ခု၊ ရှေးရှုကိုယ်မှာ ထင်ပါစေ။

၁။ သူလက်ရှိကို ကိုယ့်လက်ရှိထက် ကောင်းတယ် ထင်တာက အတြိဿာ။

၂။ မရှိတဲ့ဂုဏ်နဲ့ ထင်ပေါ်ကျော်စောချင်တာက ပါပိဿာ။

၃။ ရှိတဲ့ဂုဏ်ကို ဖော်ပြချင်တာ, အတိုင်းထက် အလွန်လိုချင်တာဂ၊ာ မဟိဿာ။

ဤအလို သုံးပါးကင်းလျှင် အလိုနည်းသော အပိဿာ ပုဂ္ဂိုလ် ခေါ်သည်။

၁။ ရရာ, နိုင်ရာ၊ သင့်တော်ရာ၊ သုံးဖြာရောင့်ရဲသည်။

၂။ အဝတ်, အစာ၊ ဆေး, နေရာ၊ ပွါးပါ သုံးခုစီ။

၃။ ရောင့်ရဲတရား၊ ဆဲ့နှစ်ပါး၊ မှတ်သား ကျင့်လဲ ကျင့်ရမည်။

၁။ တကိုယ်တည်းနေလျှင် ကာယဝိဝေက ပြည့်စုံသည်။

၂။ သဗ္ဗာပတ် ရှစ်ပါးဖြင့် နေလျှင် စိတ္တ ဝိဝေက ပြည့်စုံသည်။

၃။ အရိယမဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်လျှင် ဥပဓိ ဝိဝေက ပြည့်စုံသည်။

ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး

၁။ သုံးပါးဝိဇ္ဇာ၊ ပု,ဒိ,အာ၊ ပညာ ဉာဏ်မျက်စိ။

၂။ ရှစ်ပါးဆိုက၊ ထည့်သွင်းရ၊ ဝိ,မ,စေ,ဣ,ဒိ။

ဖော်ပြချက်။ ပု-ပုဗ္ဗေ နိဝါသဉာဏ်။ ဒိ-ဒိဗ္ဗစက္ခုဉာဏ်။
အာ-အာသဝက္ခယဉာဏ်။ ဝိ-ဝိပဿနာဉာဏ်။
မ-မနောမယိဒ္ဓိဉာဏ်။ စေ-စေတောပရိယဉာဏ်။
ဣ-ဣဒ္ဓိဝိဓဉာဏ်။ ဒိ-ဒိဗ္ဗသောတဉာဏ်။

မဟာသမယပွဲတော်၌ မဂ်ဖိုလ်ရကြောင်းတရား အကျဉ်းဆောင်ပုဒ်

၁။ ရာဂစရိတအတွက် သမ္မာပရိဗ္ဗာဇနီယသုတ် (ခု ၁၊ ၃၃၂)
လောကီမဂ်လာ၊ တဏှာသုံးသွယ်၊ ချစ်မုန်းပယ်၍၊မှိုတွယ်
ကင်းစင်၊ သံယောဇဉ်၊ လွတ်လျှင် ထွက်နိုင်သည်။

၂။ ဒေါသစရိတအတွက် ကလဟဝိဝါဒသုတ် (ခု ၁၊ ၄၁၃)
နာမ်ရုပ်ရှိက၊ ဖဿပေါ်ကာ၊ သာယာစွဲယ်၊ မုန်းဘွယ်
ထင်ရှား၊ လိုလားပြန်လျက်၊ ချစ်ဖွယ်တွက်၊ ရန်ဖက်
ငြင်းခုံသည်။

၃။ မောဟစရိတအတွက် မဟာဗျူဟာသုတ် (ခု၊ ၁၊ ၄၁၈)
ရှေးအာသဝေ၊ ပယ်ချစ္ဆန်ပစ်၊ အသစ်မပြု၊ လိုမှုမလိုက်၊ သိမ်းပိုက်မစွဲ၊ မလူးလဲ၊ လွတ်မြဲမှန်ပေသည်။

၄။ ဝိတက္ကစရိတအတွက် စူဠဗျူဟာသုတ် (ခု ၁၊ ၄၁၅)
ကိုယ့်အယူသာ၊ ဂုဏ်တင်ပါက၊ညံ့ရာကျ၍၊ဒိဋ္ဌမြင်အောင်၊ အသိဆောင်၊ ရန်စောင်ကင်းတော့သည်။

၅။ သဒ္ဓါစရိတအတွက် တုဝဋ္ဋကသုတ် (ခု ၁၊ ၄၂၁)
သီလအရေး၊ ဖြူစင်ဖွေး၍၊ ငြိမ်းအေးနိဗ္ဗာန်၊ ရည်သန်ညွတ်လတ်၊ အမြဲမှတ်၊ ကျင့်တတ်စေရမည်။

၆။ ဗုဒ္ဓိစရိတအတွက် ပုရာဘေဒသုတ် (ခု ၁၊ ၄၁၃)
ရှုမှတ်အစဉ်၊ လစ်လျူဆုံး၍၊ သုံးဒုစ်မဝန်၊ ပယ်နိုင်မှ၊ သန္တာပုဂ္ဂိုလ်မည်။

(၁၃၁၂-ခု၊ နယုန်လပြည့်မှာ ဟောသည်)

ဒီဃနိကာယ် မဟာဝဂ် စကဝတ္တိသုတ်

၁။ ရှစ်သောင်းအဲ့ဩယူ၊ အစပြု၍၊ ပါ,မှ,ပိ,က,ာ,ဖ,ဘိဇ္ဇ-ဗျာနှင့်၊ မိစ္ဆာ,သုံး,ငါး၊ အ-ကု ပုံး၍၊ လျော့ပါးထက်ဝက်၊ ဓ-ဆင့်ပျက်သည်၊ အသက်ရာတမ်းရောက်သတည်း။

၂။ ဆယ်နှစ်တမ်းမှ၊ တဖန်စ၍၊ ကမ္မပထာ၊ ကုဆယ်ဖြာနှင့်၊ သုံးဖြာ, ငါးမျိုး၊ ကုသိုလ်တိုး၍၊ ထပိုးပြန်လျက်၊ ဆဲနှစ်ဆင့်တက်သည်၊အသက်ရှစ်သောင်းရောက်လိမ့်တည်း။

၃။ **အကုသိုလ်သုံးပါး** ဟူသည်မှာ (၁) အဓမ္မရာဂ-လူ့အကျင့်မဟုတ်သော တပ်မက်မှု။ (၂)ဝိသမလောဘ-မမျှတသောအလို။ (၃) မိစ္ဆာဓမ္မ·မူမမှန်သော ရာဂတို့ပင် ဖြစ်သည်။

၄။ **အကုသိုလ်ငါးပါး** ဟူသည်မှာ (၁) အမိအပေါ်၌ ကျင့်ဝတ်ပျက်ခြင်း။ (၂) အဘအပေါ်၌ ကျင့်ဝတ်ပျက်ခြင်း။ (၃) ရဟန်းများအပေါ်၌ ကျင့်ဝတ်ပျက်ခြင်း။ (၄)သူတော်ကောင်းများအပေါ်၌ ကျင့်ဝတ်ပျက်ခြင်း။ (၅) ကြီးသူတို့အား မရိုသေခြင်းတို့ပင် ဖြစ်သည်။

၅။ ကုသိုလ်သုံးဖြာ ဟူသည်မှာ အဓမ္မရာဂ စသည်ကို ပယ်ခြင်းပင် ဖြစ်သည်။

၆။ ကုသိုလ်ငါးမျိုး ဟူသည်မှာ အမိ, အဘ, ရဟန်း, သူတော်ကောင်းတို့ အပေါ်၌ ကျင့်ဝတ်ကြေခြင်းနှင့် ကြီးသူတို့အား ရိုသေခြင်းတို့ပင် ဖြစ်သည်။

နိဝရဏငါးပါး တရားတော်

(ဒီ ၁၊ ၆၈)

၁။ နှစ်သက်လိုချင်၊ ကြွေးမြိုတင်၊ အလျင်ပယ်ဖျောက်လေ။

၂။ စိတ်ပျက် စိတ်ဆိုး၊ ရောဂါမျိုး၊ နှိမ်ချိုးပယ်ဖျောက်လေ။

၃။ ထိုင်းမှိုင်း ပျင်းရိ၊ ချုပ်နှောင်မိ၊ မှုတ်သိပယ်ဖျောက်လေ။

၄။ ပို့လွှင့်, ပူပန်၊ သူ့ကျွန်ခံ၊ အမြန်ပယ်ဖျောက်လေ။
၅။ ယုံမှားဒိဋ္ဌိဟာ၊ လမ်းနှစ်ခွ၊ တွေ့က ပယ်ဖျောက်လေ။

သံယောဇဉ်(၁၀)ပါး တရားတော်

၁။ အာရုံငါးဝ၊ တပ်စွဲက၊ ကာမသံယောဇဉ်။
၂။ သုံးပါးဘဝ၊ တပ်စွဲက၊ ဘဝသံယောဇဉ်။
၃။ အမျက်ဒေါသ၊ စိတ်ဆိုးက၊ ပဋိဃသံယောဇဉ်။
၄။ ကိုယ်သာတော်လှ၊ ထင်မှတ်က၊ မာနသံယောဇဉ်။
၅။ ရုပ်နာမ်ကိုဘဲ၊ ငါကောင်စွဲ၊ ယူလွဲ ဒိဋ္ဌိပင်။
၆။ တရားမှန်တွင်၊ မယုံချင်၍၊ ဆင်ခြင်နိုင်းညှို၊ ဝေဘန်ကြည့်၊ ဝိစိကိစ္ဆာပင်။
၇။ နွား, ခွေးတူစွာ၊ ကျင့်တာကောင်းမြတ်၊ ယူစွဲမှတ်၊ သီလဗ္ဗတပင်။

ပူဇော် ပသ၊ လွှဲကျင့် မျှဖြင့်၊ ဘဝ နောင်ခါ၊ မြဲချမ်းသာ၊ ယူတာလွဲဘဲ ၎င်းပင်။

၈။ ကိုယ်ထက် သူမျှား၊ ကောင်းစားသည်ကို၊ မနာလို၊ ခေါ်ဆို ဣဿာပင်။
၉။ ကိုယ်လို သူမျှား၊ ကောင်းစား မည်မှ၊ ဝန်တိုက၊ မစ္ဆရိယပင်။
၁၀။ သစ္စာလေးတန်၊ ပြောင်းပြန် ထင်ကာ၊ မသိတာ၊ အဝိဇ္ဇာ သံယောဇဉ်။

၁၁။ ဝဋ္ဋဆင်းရဲမှု၊ မလွတ်ရအောင်၊ ချည်နှောင်တတ်စွာ
ဤဆယ်ဖြာ၊ အဘိဓမ္မာသံယောဇဉ်။

ဒါနကထာ ဒေသနာ

(ဒီ ဋ္ဌ ၂၊ ၆၂)

ချမ်းသာအပေါင်း, ရကြောင်း မှန်စွာ၊
စည်းစိမ်–ဘောဂ, မြစ်မ–တည်ရာ။
အောက်တန်း မကျ, ကယ်မသူမှာ၊
မြတ်ဒါန, စိတ်ချ ကိုးကွယ်ရာ။

ဣဒံ ဒါနံ နာမ သုခါနံ နိဒါနံ၊ သမ္ပတ္တီနံ မူလံ၊
ဘောဂါနံ ပတိဋ္ဌာ၊ ဝိသမဂတာဿ တာဏံ။

သီလကထာ ဒေသနာ (၎င်း)

သီလယနှံ, မွေးပုံကြိုင်စွာ၊
သီလ ဆင်သိုင်း, ရှုတိုင်း လှပါ။
သီလ စောင့်ငြား, မလား ပါယ်ချ၊
မြတ်သီလ, စိတ်ချ ကိုးကွယ်ရာ။

မဆုတ်ယုတ်ကြောင်းတရား(၆)ပါး

(အံ ၂၊ ၂၇၄)

ကိစ္စ မများ, စကား နည်းစေ၊
အိပ်နေမှုနည်း, ကိုယ်တည်း ပျော်လေ။
ဆုံးမလွယ်ကြောင်း, မိတ်ကောင်းရှိစေ၊
မဆုတ်ရေး, အားပေး ဂုဏ်ခြောက်ထွေ။

ဓမ္မဒေသနာ ဆောင်ပုဒ်များ

အသေကောင်းရေး တရား

(အံ ၂၊ ၂၆၀)

၀ ၄

ကစ္စ မမျှား, စကား နည်းစေ၊
အိပ်နေမှု နည်း, ကိုယ်တည်းပျော်လေ။
ရောနှော မပြု, ခွဲမှု ရှောင်သော့၊
အသေကောင်းဘို့, အကြောင်းဂုဏ်ခြောက်ထွေ။

သြကာသ မူမှန် ကန်တော့ခန်း

သြကာသ၊ သြကာသ၊ သြကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော၊ အပြစ်ခပ်သိမ်း၊ ပပျောက်ငြိမ်း၍၊ အသက်ရှည်စွာ၊ အနာ မဲ့ရေး၊ ရန်ဘေး ကင်းကြောင်း၊ ကောင်းမှုမက်လာ၊ ဖြစ်ပါစေခြင်း အကျိုးငှါ၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ် သုံးပါး၊ (ဆရာသမား) တို့ကို၊ အရိုအသေ၊ လက်အုပ်မိုး၍၊ ရှိခိုးပူဇော်၊ဖူးမြော်မာန်လျှော့၊ကန်တော့ပါ၏(အရှင်ဘုရား)။

(ဆုပေးမည့်ပုဂ္ဂိုလ်ရှိလျှင် ဤတွင်ရပ်ပါ)

ဆုပေးမည့်ပုဂ္ဂိုလ် မရှိလျှင်

အောက်ပါ ဆုတောင်းကို ဆက်တောင်းပါ

ကန်တော့ရသော ဤကောင်းမှုကံ စေတနာတို့ကြောင့်၊ အပါယ်(၄)ပါး၊ ကပ်(၃)ပါး၊ ရပ်ပြစ်(၈)ပါး၊ ရန်သူမျိုး(၅)ပါး၊ ဝိပတ္တိတရား(၄)ပါး၊ ဗျသနတရား(၅)ပါး၊ အနာမျိုး (၉၆)ပါး၊ မိစ္ဆာဒိဋ္ဌိ (၆၂) ပါးတို့မှ၊ အခါခပ်သိမ်း၊ ကင်းလွတ်ငြိမ်းသည်သာဖြစ်၍၊ မင်္ဂလာတရား၊ ဖိုလ်တရား၊နိဗ္ဗာန်တရားတော်မြတ်ကို၊ လျင်မြန်စွာ၊ ရပါလို၏ (အရှင်ဘုရား)။

ဂုဏ်တော် ၉-ပါး ဘုရားရှိခိုး

အစိန္ဒေယျ အစိန္ဒေယျ၊ အပ္ပမေယျ အပ္ပမေယျ၊ မကြုံဆ မနိုင်းယှဉ်နိုင်ကောင်းသော ဂုဏ်တော်ပေါင်းအနန္တနှင့် လုံးဝ ညီသို့ ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၁ (က) အရဟံ–လွန်ကဲထူးမြတ်သော သီလဂုဏ် သမာဓိ ဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိညာဏဒဿနဂုဏ် တို့နှင့် ပြည့်စုံတော်မူသောကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ပေသော မြတ်စွာဘုရား။

၁ (ခ) အရဟံ – ဝါသနာနှင့် တကွ တဆေးငင်းရာ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ် တော်မူပေသော မြတ်စွာဘုရား။

၁ (ဂ) အရ–ဟံ၊ လောဘ ဒေါသ မောဟ အစရှိသော ကိလေသာရန်သူတို့ကို ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား။

၁ (ဃ) အရ–ဟံ၊ သံသရာစက်၏ ထောက် အကန့်တို့ကို ချိုးဖျက်တော်မူပြီးသော မြတ်စွာဘုရား။

၁ (င) အ–ရဟံ၊ မျက်မှောက်မျက်ကွယ် အချင်းခပ်သိမ်း စင်ကြယ်၍ ဆိတ်ကွယ်ရာမရှိတော်မူသော မြတ်စွာဘုရား။

၂။ **သမ္မာသမ္မုဒ္ဓေါ**–သစ္စာ လေးပါး ခပ်သိမ်းသော တရားတို့ကို သူတပါးအထံ နည်းမခံဘဲ ကိုယ်တိုင် ဉာဏ် အဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူပေသော မြတ်စွာဘုရား။

၃။ **ဝိဇ္ဇာစရဏသမ္ပန္နော**–ဝိဇ္ဇာ မည်သော ဉာဏ်ထူး ၃-ပါး, ဉာဏ်ထူး ဂ-ပါး, စရဏမည်သော အခြေခံ အကျင့်တရား ၁၅-ပါးတို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၄ (က) **သုဂတော**–သတ္တဝါတို့အား အကျိုးမျှားကြောင်း ဟုတ်မှန်သော စကားကောင်းကိုသာ မြွက်ဆို တော်မူတတ်ပေသော မြတ်စွာဘုရား။

၄ (ခ) **သုဂတော**–မဂ္ဂင်ရှစ်ဖြာ တင့်တယ်သော အမူအရာ ဖြင့် ကောင်းစွာ သွားခြင်း ကောင်းစွာ ဖြစ်ခြင်း ရှိတော်မူပေသော မြတ်စွာဘုရား။

၅။ **လောကဝိဒူ**–လောက၏ အကြောင်းအရာအလုံးစုံ ကို အကုန်အစင် သိမြင်တော်မူပေသော မြတ်စွာ ဘုရား။

၆ (က) **အနုတ္တရော**–အမြင့်အမြတ်ဆုံးဖြစ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏ-ဒဿန ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ကြောင့် လောကဓာတ်အလုံး၌ အမြင့်အမြတ်ဆုံး ဖြစ်တော်-မူသော မြတ်စွာဘုရား။

၆ (ခ) **ပုရိသဒမ္မသာရထိ** – ယဉ်ကျေး လိမ္မာ ပညာ အသိ
မရှိကြသေး မပြည့်ဝသေးခြင်း ဆုံးမပေးထိုက်သော
ပုဂ္ဂိုလ်တို့အား ယဉ်ကျေးလိမ္မာ ပညာပြည့်ဝ အချိုး
ကျအောင် ဆုံးမ သွန်သင်တော်မူတတ်ပေသော
မြတ်စွာဘုရား။

၆ (ဂ) **အနုတ္တရော ပုရိသဒမ္မသာရထိ** – ဆုံးမ ထိုက်သော
ပုဂ္ဂိုလ်တို့အား ညှဉ်ကြားသွန်သင် ပဲ့ပြင်ဆုံးမမှု၌
အတုမရှိ အမြတ်ဆုံးဖြစ်တော်မူပေသော မြတ်စွာ
ဘုရား။

၇။ **သတ္ထာဒေဝမနုဿာနံ** – ချမ်းသာရကြောင်း လမ်း
ကောင်းညွှန်ပြ ဆုံးမတော်မူတတ်၍ နတ်လူတို့၏
ဆရာမြတ် အစစ် ဖြစ်တော်မူပေသော မြတ်စွာ
ဘုရား။

၈။ **ဗုဒ္ဓေါ** – တရားအလုံးစုံကို အကုန်သိတော်မူပေသော
မြတ်စွာဘုရား။

၉။ **ဘဂဝါ** – ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်
တော်အနန္တ တန်ခိုးတော်အနန္တတို့နှင့် လုံးဝညီသို့
ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

အရဟံ - အစရှိသော ကိုးပါးသော ဂုဏ်တော် ဆယ်ပါး
သောဂုဏ်တော် အနန္တဂုဏ်တော် ကျေးဇူးတော် အပေါင်း

တို့နှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား **သဗ္ဗညူ**-မြတ်စွာဘုရားကို ဘုရားတပည့်တော်သည် ရှိသေမြတ်နိုးလက်အုပ်မိုးချီ ရှိခိုးပူဇော် ဖူးမြော်မာန်လျှာ့ ကန်တော့ပါ၏ မြတ်စွာဘုရား။

ဤကဏ္ဍ ၁၆-ပါး ဘုရားနှိုးပုံ

၁။ နာမရူပပရိစ္ဆေဒ၊ တပ္ပစ္စယ ပရိဂ္ဂဟာ။
တံသမ္မသနံ ဥဒယ-ဗ္ဗယဉာဏဥ္စ ဘင်္ဂံ။

၂။ ဘယဉာဏံ အာဒီနဝ-ဉာဏဥ္စ နိဗ္ဗိဒံ အထ။
မုဉ္စိတုကမ္မတံ ပဋိ-သင်္ခံ သင်္ခါရုပေက္ခကံ။

၃။ အနုလောမဥ္စ ဂေါတြဘုံ၊ မဂ္ဂဉာဏံ ဖလံ တထာ။
ပစ္စဝေက္ခဏာ ဉာဏန္တိ၊ တိလောကမ္ပိပိ ကေနစိ။

၄။ အဒေသိယေ သာသနိကော၊ဉာဏီမေ သောဋ္ဌသုတ္တရော။
ဒေသေတာရံ ပဝတ္တာရံ၊ ဗုဒ္ဓံ တီဟာဒရံ နမေ။

(၁) နာမရူပပရိစ္ဆေဒံ၊ နာမ်ရုပ်တရားတို့ကို ပိုင်းခြား၍ သိသော **နာမရူပပရိစ္ဆေဒဉာဏ်**ပင်း။

(၂) တပ္ပစ္စယ ပရိဂ္ဂဟံ၊ ထို နာမ် ရုပ်တို့၏ အကြောင်း တရားကို ပိုင်းခြား၍သိသော **ပစ္စယပရိဂ္ဂဟဉာဏ်**ပင်း။

(၃) တံသမ္မသနံ၊ ထိုနာမ်ရုပ်တို့ကို အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် သုံးသပ်ဆင်ခြင်၍သိမြင်သော **သမ္မသနဉာဏ်**ပင်း။

(၄) ဥဒယဗ္ဗယဉာဏဥ္စ၊ နာမ် ရုပ်တို့၏ အသစ် အသစ် ဖြစ်ပေါ်လာခြင်း ဖြစ်ပေါ်ပြီးလျှင် တခဏချင်း ပျက်စီး သွားခြင်းကို ရှုမှတ်ထင်ထင်သိမြင်သော **ဥဒယဗ္ဗယဉာဏ်**ပင်း။

(၅) ဘင်္ဂံ၊ နာမ် ရုပ်တို့၏ ပျက်စီးခြင်းကိုသာ ရှုမှတ်ဆင်ထင် သိမြင်သော **ဘင်္ဂဉာဏ်**ဌင်း။

(၆) ဘယဉာဏ်ဆ၊ နာမ်ရုပ်တို့၏ပျက်စီးခြင်းကို သိမြင်ရသဖြင့် ကြောက်လန့်ဘွယ်ဘေးကြီးအဖြစ်ဖြင့် ထင်မြင်သော **ဘယဉာဏ်**ဌင်း။

(၇) အာဒီနဝဉာဏ်ဆ၊ နာမ်ရုပ်သင်္ခါရတို့၌ ကိုးကွယ်ရာမထင် အပြစ်မြင်သော **အာဒီနဝဉာဏ်**ဌင်း။

(၈) နိဗ္ဗိဒံ၊ နာမ်ရုပ် သင်္ခါရတို့၌ မပျော်မမွေ့ ငြီးငွေ့သော **နိဗ္ဗိဒါဉာဏ်**ဌင်း။

အထ၊ အနက်သဘောတူသော ရွေးဉာဏ်သုံးခုမှတပါး အနုလောမဘောတူသော နောကဉာဏ် သုံးခုကား။

(၉) မုဉ္စိတုကမျတံ၊ နာမ်ရုပ်သင်္ခါရတို့မှ အလွန်အမင်း လွတ်ကင်း ထွက်မြောက်လိုသော **မုဉ္စိတုကမျတာဉာဏ်**ဌင်း။

(၁၀) ပဋိသင်္ခံ၊အလွန်အမင်း လွတ်ကင်း ထွက်မြောက်လိုလှသဖြင့် ထိုနာမ်ရုပ် နှစ်ပါးကိုပင် အနိစ္စ အစရှိသော လေးဆယ်သော အခြင်းအရာတို့ဖြင့် တွင်တွင်အားထုတ်၍ အနိစ္စ ဒုက္ခ အနတ္တအနေအားဖြင့် ကောင်းကောင်းကြီး ထင်မြင်သော **ပဋိသင်္ခါဉာဏ်**ဌင်း။

(၁၁) သင်္ခါရုပေက္ခကံ၊ အနိစ္စ ဒုက္ခ အနတ္တ အနေအားဖြင့် ကောင်းကောင်းထင်မြင်၍ လွတ်မြောက်ရာလွတ်မြောက်ကြောင်းကို ရသဖြင့် အလွန်ပြင်းထန်သော လုံ့လကိုလည်း မပြု၊ ထိုနာမ်ရုပ် သင်္ခါရတို့၌ ကြောက်လန့်ခြင်း နှစ်သက်ခြင်း

နှစ်ပါးကိုလည်း ပယ်စွန့်၍ သိရုံသိရုံသာ အညီအမျှရှုသော သခ်ါရုပေက္ခာဉာဏ်ဌင်း။

(၁၂) အနုလောမဉ္စ၊ အနိစ္စ ဒုက္ခ အနတ္တတို့တွင် တပါး ပါးကို အာရုံပြု၍ ဥဒယဗ္ဗယစသော ရှေးဉာဏ်ချစ်ပါးနှင့် နောက် မဂ္ဂသစ္စာ အားလျော်သော(ဂေါတြဘူ၏ ရှေးအခြား မဲ့၌ နှစ်ကြိမ်သုံးကြိမ်ဖြစ်သော) **အနုလောမဉာဏ်**ဌင်း။

(၁၃) ဂေါတြဘုံ၊ ပုထုဇဉ်အဋ္ဌယ်ကို ဖြတ်၍ အရိယာ အဋ္ဌယ်ဇာတ်သို့ ရောက်စေလျက် နိဗ္ဗာန်ကို အာရုံပြု၍ မဂ်၏ ရှေးအဖို့၌ တကြိမ်မျှသာဖြစ်သော **ဂေါတြဘူ** ဉာဏ်ဌင်း။

(၁၄) မဂ္ဂဉာဏ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် သစ္စာ လေးပါးကို တပြိုင်နက် သိသော **မဂ်ဉာဏ်**ဌင်း။

(၁၅) ဖလံ၊ မဂ်ဉာဏ်ကဲ့သို့ပင် နိဗ္ဗာန်ကို အာရုံပြုလျက် ဖြစ်သော **ဖိုလ်ဉာဏ်**ဌင်း။

(၁၆) တထာ၊ ထိုမှတပါး။ ပစ္စဝေက္ခဏာဉာဏ်၊ မဂ်ဖိုလ် နိဗ္ဗာန်နှင့် ပယ်ပြီးသော ကိလေသာ, မပယ်ရသေးသော ကိလေသာ အစုအဖြင့် ကျင်းပါးသော တရားအစုဘို့ကို ပြန်လှည့်၍ ဆင်ခြင်သော **ပစ္စဝေက္ခဏာဉာဏ်**ဌင်း။

ဤတိ၊ ဤသို့။ တိလောကမှိ၊ ကာမ ရူပ အရူပဟု လောက သုံးဖြာ စကြဝဠာရှိသမျှ အနန္တမဆုံး လောက**ကြီး**တခုလုံး၌။ ကေနစိပိ၊ နှုတ်လူဖြဟ္မာ သတ္တဝါကဦးတယောက်မျှ ဇသင် လည်း။အဒေသိယေ၊မကြားမနာကံစည်ကာဖြင့် ယထာဘူတ အမှန်အကန်ကျအောင် ဟောပြခြင်းငှါ မစ္ဆမ်းနိုင်ရာကောင်း ကုန်သော။ သာသနိကေ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်**ကြီး**

အတ္ထင်းဒ္ဒါသာလျှင် ပေါ်လင်းဖြစ်ထွန်းနိုင်ကောင်းကုန်သော။ ဥတ်တွေရော၊ လောကီပညာ အရပ်ရပ်တို့ထက် ထူးကဲမြင့်မြတ်ကုန်သော။ ဣမေ သောဠသညာဏော၊ ဤ (၁၆) ပါးသော ဥာဏ်တို့ကို။ ဒေသေတာရုံ၊ မိမိကိုယ်တော်တိုင် ပိုင်ပိုင်လှလှ အမှန်အကန်သိရ၍ လှစ်ဟထုတ်ဖော် ဟောကြားတော် မူတတ်ပေထသော။ ပဝတ္တာရုံ၊ မိမိကိုယ်တော်တိုင် ပိုင်နိုင်ပြီးစီး ဖြစ်စေပြီးမှ ခိုမှီးကပ်လာ ဇြဟ္မာ နတ်လူ ကျွတ်ထိုက်သူမှန်သမျှ ကလျာဏ ပုထုဇဉ် အရိယာသခင်တို့၏ ကြည်လင်သော စိတ်သန္တာန်ဝယ် အဖန်ဖန်အားဖြင့် ဖြစ်ပွါးစေတော် မူတတ်ပေထသော။ဗုဒ္ဓံ၊သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားသခင်ကို။ အဟံ၊ ဘုရားတပည့်တော်သည်။ တိဟိ၊ ကာယဉ္ဇုတ်ချို ဝစီမန သုံးဒွါရတို့ဖြင့်။နမေ-နမာမိ၊ကြည်ညိုမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။